၂၇၅၂ ခုနှစ်၊ ကရင်အမျိုးသားနှစ်သစ်ကူးပွဲတော် အထိမ်းအမှတ်

## (၇၅) နှစ်မြောက် စိန်ရတု

# ကရင့်ကြေးမုံ



# ကရင်အမျိုးသားနှစ်သစ်ကူးနေ့ သဝဏ်လွှာ

ချစ်ကြည်လေးစားရပါသော ကရင်အမျိုးသားအပေါင်းတို့ခင်ဗျာ. . . . .

ယနေ့သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝှမ်း၊ တောင်ပေါ်မြေပြန့်နှင့်တကွ ကမ္ဘာ့ဒေသအသီးသီးတွင် ရောက်ရှိ နေထိုင်ကြသည့် ကရင်လူမျိုးတို့၏ ၂၇၅၁-ခုနှစ်၊ သလေးထိုင်ခုတ်ဖို ပြာသိုလဆန်း (၁) ရက်၊ ကရင်နှစ်သစ်ကူး နေ့မြတ်မင်္ဂလာ အချိန်အခါ ဖြစ်ပါသည်။

ကရင်လူမျိုးတို့၏ နှစ်သစ်မင်္ဂလာ နေ့မြတ်အချိန်အခါတွင် ကရင်လူမျိုးအားလုံးနှင့်တကွ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသည့် ပြည်ထောင်စုဖွား တိုင်းရင်းသား ညီအစ်ကိုမောင်နှမများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြ၍ ကျက်သရေမင်္ဂလာအဖြာဖြာနှင့် ပြည့်စုံကြပါစေကြောင်း နှစ်သစ်မင်္ဂလာဆုမွန်ကောင်းတောင်းလျက် နှုတ်ခွန်းဆက်သလိုက်ပါသည်။

နှစ်ဟောင်းကုန်လွန်၍ နှစ်သစ်ကူးပွဲတော်များကို ကမ္ဘာပေါ်ရှိ တိုင်းနိုင်ငံများတွင် မိမိတို့၏ တိုင်းပြည်နှင့်လူမျိုးအလိုက် ယဉ်ကျေးမှု စရိုက်လက္ခဏာများနှင့်အညီ ကျင်းပကြပါသည်။ ထို့နည်းတူ ပြည်ထောင်စုမြန်မာနိုင်ငံဖွား ကရင်တိုင်းရင်းသားများ၏ နှစ်သစ်ကူးပွဲတော်ကိုလည်း နှစ်စဉ်ပြာသိုလဆန်း (၁) ရက်နေ့တွင် ကရင်မိဘဘိုးဘွားများ၏ ဂုဏ်ကျေးဇူးကို အမှတ်ရသည့် ဆောင်းရာသီ၏ ကောက်သစ်စားပွဲတော် အထိမ်းအမှတ် နှစ်သစ်ကူးမင်္ဂလာနေ့မြတ်အဖြစ် ကျင်းပကြပါသည်။

ကရင်လူမျိုးတို့၏ မြတ်နိုးဖွယ်ရာ ဤရိုးရာအစဉ်အလာကို ကမ္ဘာတည်သရွေ့ သားစဉ်မြေးဆက်များ ဆက်လက်၍ မြတ်နိုးတန်ဖိုးထားပြီး ထိန်းသိမ်းစောင့်ရှောက်ကြစေရန်အတွက် မြန်မာနိုင်ငံတော်ကြီး တိုင်းတစ်ပါးလက်အောက် ကျရောက်နေသည့် အချိန်အခါကပင် "ကရင်နှစ်သစ်ကူးနေ့" အဖြစ် တရားဝင်နှစ်စဉ်ကျင်းပနိုင်ရန် ကရင်အမျိုးသား ခေါင်းဆောင်ကြီးများစုပေါင်း၍ အင်္ဂလိပ်အစိုးရထံတွင် တစ်ညီတစ်ညွတ်တည်း တင်ပြတောင်းဆိုခဲ့ကြပါသည်။ အဆိုပါ တောင်းဆိုချက်ကို ညီအစ်ကိုတိုင်းရင်းသား ခေါင်းဆောင်များကလည်း ဝိုင်းဝန်းကူညီပံ့ပိုးခဲ့ကြသဖြင့် "၁၉၃၇ ခုနှစ်၊ ကရင်နှစ်သစ်ကူးနေ့ အသိအမှတ်ပြုခြင်းဥပဒေ" "The Karen's New Year Day Recogniton Act " ပေါ်ပေါက်လာရခြင်း ဖြစ်ပါသည်။

ထိုအချိန်မှစ၍ ကရင်နှစ်သစ်ကူးနေ့ကို ပြည်ထောင်စုမြန်မာနိုင်ငံတော် တစ်ဝှမ်းလုံးတွင် ကရင်အမျိုးသားများ နှစ်စဉ်နှစ်တိုင်း တရားဝင်ကျင်းပလာခဲ့သည်မှာ ယနေ့ဆိုလျှင် စိန်ရတုအကြို နှစ်သစ်သို့ တိုင်ခဲ့ပြီဖြစ်ပါသည်။

## ကရင်အမျိုးသားအငယ်းတို့ခင်ဗျာ. . . .

ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ ကျွန်ုပ်တို့ကရင်အမျိုးသားများသည် ပြည်ထောင်စုတိုင်းရင်းသား ညီအစ်ကို မောင်နှမများနှင့် ပြည်ထောင်စုကြီး၏ အကျိုးကို ကျရာကဏ္ဍတွင် ကောင်းတူဆိုးဖက် အေးအတူပူအမျှ အတူတကွ လက်တွဲ၍ သယ်ပိုးဆောင်ရွက်ခဲ့ကြသည်မှာ မြန်မာ့သမိုင်းတစ်လျှောက် သက်သေအထောက်အထား သာဓကများစွာ ရှိခဲ့ပါသည်။ ယနေ့မျက်မှောက်ကာလတွင်လည်း ပြည်ထောင်စုသားအားလုံး ဒီမိုကရေစီခေတ်ဦးဆီသို့ ဦးတည် ပြောင်းလဲ၍ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကို ထူထောင်ရာတွင် ကရင်လူမျိုးများသည် မိမိတို့၏ ရှိရင်းစွဲ ပင်ကိုယ် စရိုက်များဖြစ်သည့် ရိုးသားဖြူစင်ခြင်း၊ ဖြောင့်မတ်တည်ကြည်ခြင်း၊ သစ္စာတရားကို ဦးထိပ်ထားခြင်း၊ သနားကြင်နာခြင်းနှင့် ကူညီစောင့်ရှောက်တတ်ခြင်း စသည့် ကောင်းမြတ်သည့် အရည်အချင်းများဖြင့် ပေါ်ထွန်းလာသည့် လူမျိုးဖြစ်သည့် အားလျော်စွာ ခေတ်စနစ်များ မည်သို့ပင်ပြောင်းလဲစေကာမူ ထိုအရည်အချင်းကောင်းများဖြင့် တိုင်းပြည်အကျိုး သယ်ပိုး ရွက်ဆောင်ကြသည့် လူမျိုးတစ်မျိုးအဖြစ် ခိုင်မာစွာ ရပ်တည်လျက် ရှိနေပါသည်။

ကရင်နှစ်သစ်ကူးနေ့ ကျင်းပရခြင်း အဓိက အနှစ်သာရမှာ - ၁၉၃၇ ခုနှစ်၊ ကရင်နှစ်သစ်ကူးနေ့ သတ်မှတ်ရေး ဥပဒေကြမ်း၏ အဓိပ္ပာယ်ဖွင့်ဆိုချက်တွင် ပါရှိသည့်အတိုင်း -

"ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်း ရှိကြသည့် ကရင်အမျိုးသားအားလုံး အမျိုး၊ ဇာတ်၊ ဘာသာအယူဝါဒ၊ ယုံကြည်ကိုးကွယ်မှုနှင့် မသက်ဆိုင်ဘဲ ကရင်မျိုးနွယ်အားလုံး ကရင်လူမျိုးတစ်ရပ်အနေဖြင့် စည်းလုံးညီညွတ်ကြရန်၊ ဤကရင်နှစ်သစ်ကူးနေ့သည် ကရင့်သမိုင်းဖြစ်ရပ်များတွင် အကြီးကျယ်ဆုံး၊ အမြင့်မြတ်ဆုံးနေ့ဖြစ်၍ အစဉ်လေးစား တန်ဖိုးထားကြရန်၊ လူမျိုးတစ်မျိုးအဖြစ် အရှည်သဖြင့် ရပ်တည်နိုင်ရေးအတွက် မိမိတို့၏ ဘာသာစကား၊ စာပေနှင့် ယဉ်ကျေးမှု ဓလေ့ထုံးစံများကို ထိန်းသိမ်းစောင့်ရှောက်ကြရန်နှင့် တိုင်းရင်းသားပေါင်းစုံ သွေးစည်းချစ်ကြည်၍

စည်းလုံးညီညွတ်သည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးကို အတူတကွလက်တွဲ၍ တည်ထောင်ကြရန်" ဟူ၍ ထိုဥပဒေတွင် အတိအလင်း ဖော်ပြပါရှိပါသည်။ သို့ဖြစ်၍ ယနေ့ကျရောက်သည့် ကရင်သက္ကရာဇ် ၂၇၅၁-ခုနှစ်၊ ကရင်နှစ်သစ်ကူးနေ့တွင်

(က) ကရင်တစ်မျိုးသားလုံး၏ စည်းလုံးညီညွတ်ရေးအတွက် မျိုးစေ့ချပေးခဲ့သည့် ဘိုးဘွားများ၏ သမိုင်းဝင် အမွေအနှစ်ဖြစ်သော ဤ ကရင်နှစ်သစ်ကူးနေ့ထူးနေ့မြတ်ကို ကမ္ဘာတည်သရွေ့ အရှည်တည်တံ့ခိုင်မြဲအောင်၊ သားစဉ် မြေးဆက် နှစ်စဉ်နှစ်တိုင်းမပျက်မကွက် စည်ကားသိုက်မြိုက်စွာ ကျင်းပကြပါသည်။

(ခ) ခေတ်အဆက်ဆက် ကရင်အမျိုးသားများ အမြတ်တနိုး တန်ဖိုးထားကြသည့် မိမိတို့၏ကောင်းမြတ်သော ပင်ကိုယ် စရိုက်လက္ခဏာများနှင့် မိမိတို့၏ဘာသာစကား၊ စာပေ၊ ဝတ်စားဆင်ယင်ထုံးဖွဲ့မှုနှင့် ရိုးရာယဉ်ကျေးမှုဓလေ့ထုံးတမ်း စဉ်လာများကို "မျိုးချစ်စိတ်ဓာတ်" ဖြင့် ထိန်းသိမ်းကာကွယ် စောင့်ရှောက်ကြပါ။

(ဂ) ကရင်အမျိုးသားများသည် ပြည်ထောင်စုတိုင်းရင်းသား ညီအစ်ကိုမောင်နှမများနှင့် တစ်စိတ်တစ်ဝမ်းတည်း လက်တွဲလျက် လွတ်လပ်ခြင်း၊ တရားမျှတခြင်း၊ တန်းတူရည်တူရှိခြင်း စသည့် လောကပါလတရားနှင့်အညီ အေးချမ်းသာယာ၍ ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်ကြီးကို လက်တွေ့ကျသော "စစ်မှန်သည့် ပြည်ထောင်စုစိတ်ဓာတ်" ဖြင့် လက်တွဲညီညီ အတူတကွ တည်ဆောက်ကြရန် အလေးအနက် တိုက်တွန်းအပ်ပါသည်။

ပါမောက္ခမန်းရွှေပြည်အေး

ဥက္ကဋ္ဌ

ရက်စွဲ ။ ။ ၂၀၁၁-ခုနှစ်၊ ဒီဇင်ဘာလ(၂၅)ရက်

၁၃၇၃-ခုနှစ်၊ ပြာသိုလဆန်း (၁)ရက်

၂၇၅၁-ခုနှစ်၊ သလေးထိုင်ခုတ်ဖို ပြာသိုလဆန်း (၁)ရက်



# နာယက ဦးယျောဇင်

ချစ်ကြည်လေးစားရပါသော ကရင်အမျိုးသားများနှင့် တိုင်းရင်းသားညီအစ်ကို အပေါင်းတို့ခင်ဗျာ ...

ယနေ့ မြန်မာနိုင်ငံတော်၏ "ဒီမိုကရေစီ ဖော်ဆောင်ရေး" တစ်နည်းအားဖြင့် ဒီမိုကရက်တိုင်ဇေးရှင်း (Democratization) လုပ်ငန်းစဉ်သည် မြန်မာနိုင်ငံ၏ အနာဂတ်ကောင်းကျိုးအတွက် တစ်သက်တွင်တစ်ခါ မကြုံစဘူး လုပ်ငန်းစဉ်ဖြစ်ပြီး တစ်ခြားနည်းလမ်းထက် ကောင်းမွန်သော လုပ်ငန်းစဉ်ဖြစ်သည်ဟု ယုံကြည်ပါသည်။

ဒီမိုကရက်တိုင်ဇေးရှင်း (Democratization) ၏ အခြေခံသည် "အာဏာပိုင်အုပ်ချုပ်ရေး" (Autocracy) မှ "လစ်ဘရယ်ဒီမိုကရေစီ" (Liberal democracy) တို့ အသွင်ကူးပြောင်းသည့် လုပ်ငန်းစဉ် ဖြစ်ပါသည်။ တနည်းအားဖြင့် စစ်အေးတိုက်ပွဲအတွက် အတိတ်ကာလက "နိုင်ငံရေးကို စစ်ဘောင်သွင်းခြင်း" (Militarization of Politics) မှ "စစ်အေးလွန် စစ်ဘက်နိုင်ငံရေးမှ ဆုတ်ခွာခြင်း (Demilitarization of Politics) သို့ ရွေ့လာသော ခေတ်ရေစီးအရွေ့ ဖြစ်ရန် ပန်းတိုင်နှင့်အခက်အခဲများကို အမှန်အတိုင်း သိရှိပြီး ကရင်အမျိုးသားများနှင့်တကွ တိုင်းရင်းသားအားလုံး ယခု ပြောင်းလဲမှုလုပ်ငန်းစဉ်အပေါ်

၁။ Isolate - ဘာသိဘာသာနေ

၂။ Bystandar - ရပ်ကြည့်နေ

၃။ Participant - ရေလိုက်ငါးလိုက် မနေဘဲ "အသိရှိရှိနှင့် တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်ကြရန်" (Consiously and activety Participation) လိုအပ်ပါသည်။

ထို့အပြင် ဂရိလူမျိုးစာရေးဆရာ "ဖလူတက်" (Plutarh) ဆိုခဲ့သည့် "စစ်ပွဲတွင် နှစ်ကြိမ်မှားခွင့် မပြုရ" (In War it is not permitted two mistakes) ဟု နောက်ကြောင်းပြန်လှည့်ရသည့် အမှားမျိုး မလုပ်မိရန် အားလုံးတွင် တာဝန်ရှိပါသည်။

ထို့ကြောင့် ယခု ကျင်းပမည့် ကရင်သက္ကရာဇ် ၂၇၅၂ ခုနှစ်၊ (၇၅) နှစ်မြောက် စိန်ရတု ကရင်အမျိုးသားနှစ်သစ်ကူးပွဲတော်ကို ဂုဏ်ပြုကြိုဆိုရင်း ကရင်နှစ်သစ်ကူးကျင်းပရေး ဗဟိုကော်မတီ (မဟာရန်ကုန်) က ဦးဆောင်ကျင်းပနေသော နှစ်သစ်ကူးပွဲတော် လုပ်ငန်းစဉ်အပေါ် ကရင်တစ်မျိုးသားလုံး ပါဝင်နိုင်အောင် ကြိုးပမ်းရင်း ကရင်အမျိုးသားနှစ်သစ်ကူး ပွဲတော်မှသည် ကရင်အမျိုးသားတို့၏ လူမှုဘဝ ဖွံ့ဖြိုးတိုးတက်စေရန် ကြိုးပမ်းနိုင်ပါစေဟု ဆုမွန်ကောင်း တောင်းလိုက်ပါသည်။

ပဒိုမန်းသိန်းဇွေ

နာယက

၁၂-၁-၂၀၁၃



# ဥက္ကဋ္ဌ အမှာစကား

သလေးထိုင်ခုတ်ဖို၊ ပြာသိုလဆန်း(၁)ရက်နေ့သည် ပြည်ထောင်စုမြန်မာနိုင်ငံတစ်ဝှမ်းလုံးရှိ၊ တောင်ပေါ်မြေပြန့် ကရင်တစ်မျိုးသားလုံး၏ နှစ်သစ်မင်္ဂလာနေ့ဖြစ်ပါသည်။ ဤနေ့တွင် ကမ္ဘာအရပ်ရပ်မှရှိနေကြသော ကရင်လူမျိုးများသည်လည်း ကရင်နှစ်သစ်ကူးပွဲတော်နေ့ကို ဆင်ယင်ကျင်းပလျက်ရှိကြပါသည်။

ယနေ့သည်ကရင့်ဘိုးဘေးတို့ထားရစ်ခဲ့သည့် တစ်ခုတည်းသော အမွေအနှစ်ဖြစ်ပြီး၊ ကရင်တစ်မျိုးသားအားလုံး၏ စည်းလုံးညီညွတ်ရေးကို တည်ဆောက်ပေးခဲ့သော သမိုင်းဝင်နေ့မြတ်လည်းဖြစ်သည်။ ဤနှစ်သစ်မင်္ဂလာနေ့မြတ်ကို ကရင်အမျိုး သားများသည် ခေတ်ကာလအမျိုးမျိုးကို ဖြတ်သန်း၍ အမြတ်တနိုးထိန်းသိမ်းခဲ့သည့် နည်းတူ ယနေ့ခေတ် ကာလမျက်မှောက်တွင် ၎င်း မျိုးဆက်သစ်များမှ နောင်ကာလတွင်လည်းကောင်း သမိုင်းပေးတာဝန်အဖြစ် ဆက်လက် ထိန်းသိမ်းကြရမည်မှာ၊ ကရင် အမျိုးသားများအားလုံး၏ တာဝန်တစ်ရပ်ဖြစ်သည်။

ယနေ့ကရင်အမျိုးသား နှစ်သစ်ကူးပွဲတော်ကျင်ပရေး ဗဟိုကော်မတီ (မဟာရန်ကုန်) မှ ကရင်သက္ကရာဇ် (၂၇၅၂) ခု၊ နှစ်သစ် အထိမ်းအမှတ်အဖြစ် ထုတ်ဝေသည့် ဤ "ကရင့်ကြေးမုံ" စာစောင်သည် ကရင်အမျိုးသားများ၏ စာပေယဉ်ကျေးမှု ရိုးရာဓလေ့များကို ထိန်းသိမ်းမြှင့်တင်ရေးတွင် အထောက်အကူ ဖြစ်စေလိမ့်မည်ဟု ယုံကြည်ပါသည်။

ထို့အပြင်၊ ၂၇၅၂ ခု၊ နှစ်သစ်ကူးပွဲတော်သည် "(၇၅) နှစ်မြောက် စိန်ရတုသဘင်" ဖြစ်သည့်အလျောက် အတိတ် ကာလက၊ ဘိုးဘေးတို့၏ အမျှော်အမြင်ရှိမှု၊ မှန်ကန်စွာ ဆုံးဖြတ်လုပ်ကိုင်ခဲ့မှုကြောင့် ယနေ့ပစ္စုပ္ပန်ကာလ၌ ကျွန်ုပ်တို့သည်
(၁) ကရင်နှစ်သစ်ကူးပွဲ တော်ကိုတရားဝင်ကျင်းပခြင်း
(၂) အမျိုးသားအလံတော်ကို ဂုဏ်သိက္ခာရှိစွာ လွှင့်တင်အလေးပြုနိုင်ခြင်း၊
(၃) အမျိုးသားသီချင်းကို လည်း သီဆိုခွင့်ရခဲ့ခြင်းများသည်

"ဘိုးဘေးတို့ ပျိုးထောင်စွမ်းဆောင်ခဲ့သော အသီးအပွင့်တွေပဲ မဟုတ်ပါလား၊" ထို့အတူ ကျွန်ုပ်တို့သည်လည်း၊ "အနာဂတ် မျိုးဆက်သစ် ကရင်အမျိုးသားများအတွက် မည်သည့်အသီးအပွင့်တွေကို ပေးထားခဲ့သင့်သလဲဆိုတာ၊" စဉ်းစား ဆုံးဖြတ်ရန်နှင့် စတင်လုပ် ဆောင်ကြရန် အလေးအနက်တိုက်တွန်းအပ်ပါသည်။

"ဤနှစ်သစ်မင်္ဂလာအခါသမယတွင် အားလုံးရွှင်လန်းချမ်းမြေ့ကြပါစေလို့ ဆုတောင်းလျက်" - - - - - -

ပါမောက္ခ မန်းရွှေပြည်အေး
ဥက္ကဋ္ဌ

၂၇၅၂ - ခုနှစ် သလေးထိုင်ခုတ်ဖို ပြာသိုလဆန်း (၁)ရက်

၂၇၅၁ ခုနှစ်၊ ကရင်အမျိုးသားနှစ်သစ်ကူးပွဲတော်ကျင်းပရေးဗဟိုကော်မတီ
(မဟာရန်ကုန်)



၂၇၅၁-ခုနှစ်၊ သလေးထိုင်ခုတ်ဖို ပြာသိုလဆန်း (၁) ရက် (၂၅-၁၂-၂၀၁၁)

ကရင်အမျိုးသားနှစ်သစ်ကူးပွဲတော် ဟောပြောပွဲအခမ်းအနား၌ သဘာပတိ ဗဟိုကော်မတီ ဥက္ကဋ္ဌ

# ပါမောက္ခမန်းရွှေပြည်အေး ပြောကြားခဲ့သောမိန့်ခွန်း

ချစ်ခင်လေးစားရပါသော -

ကရင်အမျိုးသားနှစ်သစ်ကူးပွဲတော် ကျင်းပရေးဗဟိုကော်မတီ နာယကကြီးများ၊ ကရင့်မိဘပြည်သူများနှင့်တကွ ကြွရောက် လာကြသော ဧည့်သည်တော်ကြီးများအားလုံးကို ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းကြပါစေလို့ ဦးစွာပဏာမ နှုတ်ခွန်းဆက်သ လိုက်ပါတယ်။

ယနေ့ဟာ ၂၇၅၁-ခုနှစ် သလေးထိုင်ခုတ်ဖို ပြာသိုလဆန်း (၁) ရက် ကရင်အမျိုးသားများ နှစ်သစ်ကူးနေ့ပဲ ဖြစ်ပါသည်။ ယခုလို မင်္ဂလာရှိသော ကရင်နှစ်သစ်ကူးပွဲတော်နေ့မှာ ဗဟိုကော်မတီကိုယ်စား စကားပြောခွင့်ရတဲ့အတွက် အထူးပင် ဝမ်းမြောက်မိပါကြောင်း ပြောကြားလိုပါတယ်။ ကရင်လူမျိုးများ ဖြစ်ကြသော ကျွန်ုပ်တို့၏ဘိုးဘေးများ မြန်မာနိုင်ငံသို့ရောက်ရှိခဲ့သည်မှာ ဘီစီ(၇၃၉) မှ စတင်တဲ့ ကရင့်သက္ကရာဇ်ကို ရေတွက်လျှင်နှစ်ပေါင်း (၂၇၅၁) ရှိခဲ့ပြီ။ ကရင်လူမျိုးများဟာ ယနေ့ထက်တိုင် ကမ္ဘာ့အလယ်တွင် လူမျိုးအဖြစ်ရပ်တည် နေနိုင်ရန်အတွက် ကရင့်ဘိုးဘေးတို့သည် မိမိတို့ပြောနေတဲ့ ဘာသာစကား၊ စာပေနဲ့ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းများကို ခေတ်အဆက်ဆက် မပျောက်ရအောင် အမြတ်တနိုး ထိန်းသိမ်းစောင့်ရှောက်ခဲ့ခြင်းကြောင့်ပဲ ဖြစ်ပါတယ်။

ထို့ပြင်မက ကရင်လူမျိုးများ သားစဉ်မြေးဆက် နှစ်စဉ်နှစ်တိုင်း အမှတ်ရစေမယ့် ကရင်အမျိုးသားများရဲ့ အမွေအနှစ်အဖြစ်၊ (၁၉၃၇)-ခုနှစ် ကရင်နှစ်သစ်ကူးနေ့ အထိမ်းအမှတ်ပြဋ္ဌာန်းပေးခဲ့တဲ့အတွက် ကရင်နှစ်သစ်ကူးနေ့ကို ယခုလို တရားဝင်ကျင်းပခဲ့တာ နှစ်ပေါင်း (၇၄) နှစ်ပင်တိုင်ခဲ့ပြီဖြစ်သလို နောက်လာမည့်နှစ်မှာ စိန်ရတုသဘင်ပွဲကို ကျင်းပရတော့မည် ဖြစ်ပါသည်။ ကရင်နှစ်သစ်ကူးနေ့ဖြစ်သော သလေးထိုင်ခုတ်ဖို၊ ပြာသိုလဆန်း (၁) ရက်နေ့သည် ၁၉၃၇-ခုနှစ် ကုန်လုနီးတွင် အစိုးရနှင့် လွှဲပြောင်းနိုင်သော ပထမအနီးကပ်ဆုံး ကျရောက်သည့် ကရင့်သက္ကရာဇ် ၂၆၇၇-ခုနှစ် နှစ်သစ်ကူးနေ့ရက်ဖြစ်သော (၁ • ၁ • ၁၉၃၈)တွင် ကရင်နှစ်သစ်ကူးကို အခမ်းအနားဖြင့် မကျင်းပနိုင်ခဲ့ပါ။ သို့သော် ၂၆၇၈-ခုနှစ်၊ သလေးထိုင်ခုတ်ဖို၊ ပြာသိုလဆန်း (၁)ရက်နေ့တွင် ပထမဦးဆုံး အခမ်းအနားဖြင့် စတင်ကျင်းပခဲ့ပါသည်။

## ကရင်အမျိုးသားအပေါင်းတို့ -

အမျှော်အမြင်ကြီးစွာဖြင့် ဘိုးဘေးတို့ စိုက်ထူခဲ့သော ဤနှစ်သစ်ကူး သမိုင်းဝင်မှတ်တိုင်ကြီးကို အန္တရာယ် အမျိုးမျိုးကြောင့် ယိုင်နဲ့ပြို လဲခြင်းမဖြစ်စေရန် အတိတ်ကာလက ကာကွယ်စောင့်ရှောက်ခဲ့သလို အနာဂတ်ကာလများ တွင်လည်း ဆက်လက်ထိန်းသိမ်း စောင့်ရှောက်ရမည်မှာ ကရင်တစ်မျိုးသားလုံးရဲ့ တာဝန်ဖြစ်ကြောင်း အလေးအနက် ပြောကြားလိုပါတယ်။

ဤမင်္ဂလာရှိသော နေ့ထူးနေ့မြတ်ကြီးမှာ ထပ်လောင်းတိုက်တွန်း ပြောကြားလိုတာကတော့ ကျွန်တော်တို့ကရင် အမျိုးသားများရဲ့ ညီညွတ်ရေးဖြစ်တယ်။ ဘာကြောင့်လဲဆိုရင် ကျွန်တော်တို့ကရင်လူမျိုးတွေမှာ အယူအဆ မတူညီသော အုပ်စုကွဲမှုလေးတွေ အသွင်မတူတဲ့ အလွှာအသီးသီးတွေ လူမှုဆက်ဆံရေးတွေကြောင့် ကျွန်တော်တို့ ကရင်အမျိုးသားများရဲ့စည်းလုံးညီညွတ်မှုကို အဟန့်အတားဖြစ်စေတဲ့ ကိစ္စရပ်ဖြစ်တယ်။ အထူးသဖြင့်ကရင်အမျိုးသားရေးသားရေးကို ခွဲခြားသိမြင်တတ်ရန် အထူးလိုအပ်ပါတယ်။

နောက်တစ်ချက် ပြောလိုတာကတော့ ယခုကျင်းပပြုလုပ်နေတဲ့ ကရင်နှစ်သစ်ကူးပွဲတော်ဟာ တောင်ပေါ်မြေပြန့် ကရင်တစ်မျိုးသားလုံးနဲ့ သက်ဆိုင်တဲ့ ယဉ်ကျေးမှုပွဲတော် ဖြစ်တယ်။ ဒီလိုနှစ်သစ်ကူးပွဲတော်မှာ စစ်မှန်တဲ့ ကရင့်ရိုးရာ ယဉ်ကျေးမှုအသွင် လက္ခဏာနှင့်အညီ တိမ်မြုပ်နေတဲ့ ယဉ်ကျေးမှု အမွေအနှစ်များကို လက်လှမ်းမီရာ အရပ်ကနေပြီး စုပေါင်းရှာဖွေ ဖော်ထုတ်လာခြင်းဖြင့် စစ်မှန်သော ကိုယ့်အမျိုးသား ယဉ်ကျေးမှုကို ရယူနိုင်ပြီး ဘိုးဘေးတို့ ထိန်းသိမ်း ပေးခဲ့တဲ့ အမွေအနှစ်များကို ဥမကွဲသိုက်မပျက် စည်းစည်းလုံးလုံးညီညီညွတ်ညွတ်နဲ့ ဆက်လက်ပြီး ကာကွယ်ထိန်းသိမ်းဖို့ သတိပေး ပြောကြားလိုပါတယ်။

ကရင့်ယဉ်ကျေးမှု အမွေအနှစ်နှင့် ပတ်သက်၍ ပြောကြားလိုတာကတော့ လူမျိုးတစ်ရပ်ရယ်လို့ သတ်မှတ်နိုင်ဖို့ အဲဒီလူမျိုးဟာ ကိုယ်ပိုင်စာပေနဲ့ယဉ်ကျေးမှု ရှိရပါမယ်။ကိုယ်ပိုင်စာပေနဲ့ယဉ်ကျေးမှု မရှိတဲ့လူမျိုးဟာ ကမ္ဘာပေါ်မှာလူမျိုး တစ်မျိုးအနေနဲ့ မရပ်တည်နိုင်ပါဘူး။ စာပေမရှိတဲ့လူမျိုးဟာ ဘယ်လိုနည်းနဲ့မှ ယဉ်ကျေးမှုကို ထိန်းသိမ်းနိုင်မှာ မဟုတ်ပါဘူး။ စာပေဟာ လူမျိုးရဲ့ရိုးရာ၊ ထုံးတမ်းစဉ်လာတွေကို သရုပ်ပြတဲ့ကြေးမုံပြင်နဲ့လည်းတူပါတယ်။ မိမိလူမျိုး ဘဝအခြေအနေ လူနေမှုအဆင့်အတန်းနဲ့ ဘာသာအယူဝါဒ မည်၍မည်မျှ တိုးတက်လာတယ်၊ ဆုတ်ယုတ်သွားတယ်ဆိုတာ ပြသတဲ့ ပြဒါးချိန်လည်း ဖြစ်ပါတယ်။ ဒါ့အပြင် စာပေနဲ့ယဉ်ကျေးမှုအားဖြင့် လူမျိုးတစ်မျိုးနဲ့တစ်မျိုး နိုင်ငံတစ်နိုင်ငံနှင့် တစ်နိုင်ငံတို့ရဲ့ အတွေးအခေါ် သဘောထားတွေကို ဖက်စပ်ဖလှယ်နိုင်တဲ့ ပေါင်းကူးတံတားနဲ့ သဏ္ဍာန်တူပါတယ်။

ဒါကြောင့် ကရင်အမျိုးသားတိုင်း မိမိတို့ရဲ့စာပေကို အရေးတယူ တလေးတစား လိုက်စားမှသာလျှင် မိမိ လူမျိုးကို ချစ်မြတ်နိုးခြင်းနှင့် မိမိရဲ့ယဉ်ကျေးမှုကို ဖော်ထုတ်ပြသခြင်းလည်း ဖြစ်ပါလိမ့်မယ်။ လူမျိုးတစ်မျိုး တည်တံ့မှုဟာ ဘာသာစကား စာပေယဉ်ကျေးမှု မပပျောက်ရေးမှာ အသက်သွေးကြောတမျှ အရေးကြီးပါတယ်။ အသက်သွေးကြော မရှိလျှင် အသက်သေသွားသလို စာပေယဉ်ကျေးမှု မထိန်းသိမ်းရင်လည်း လူမျိုးတစ်မျိုး ပျောက်ကွယ်သွားနိုင်ပါတယ်။

ဒါကြောင့် ဒီနှစ်သစ်မှာ အလေးထားပြောကြားလိုတာကတော့ စာပေယဉ်ကျေးမှုတွေကို ဖော်ထုတ်ထိန်းသိမ်းရေးဟာ ဒီကနေ့ ကရင်တစ်မျိုးသားလုံးရဲ့ အကြီးမားဆုံးသော တာဝန်တစ်ရပ်ဖြစ်တယ်ဆိုတာကို အလေးအနက် ပြောကြားလိုပါတယ်။

ကရင်အမျိုးသားအပေါင်းတို့ -

ကရင်လူမျိုးတို့သည် မိမိဘဝလေ့ ဇီဇအရ ရိုးသားဖြောင့်မတ်တယ်၊ စိတ်ထားဖြူစင်တယ်၊ ရောင့်ရဲလွယ်တယ်၊ အေးချမ်းစွာ နေထိုင်လိုကြတယ်။ ဒီမိရိုးဖလာယဉ်ကျေးမှုတွေဟာ ခေတ်ကာလနှင့် အံဝင်ဂွင်ကျ ရှိသကဲ့သို့ လွဲချော် တိမ်းစောင်းနေခြင်းများလည်း ရှိနေမှာ ဖြစ်တယ်။ ခေတ်နဲ့အံဝင်သော ရိုးရာယဉ်ကျေးမှု အမွေအနှစ်များကို ဆက်လက် သယ်ဆောင် ထိန်သိမ်းသွားရမှာဖြစ်ပြီး ခေတ်နဲ့ အံဝင်ဂွင်ကျမှု မရှိတော့တဲ့ ယဉ်ကျေးမှု အမွေအနှစ်များကို ဖျောက်ဖျက်ခြင်း မပြုဘဲ မူလအတိုင်း ထားရှိနေရာ ပေးရပေမယ်။ ဒါကြောင့် ကရင်ဇီဇလေ့နဲ့ ခေတ်အခြေအနေကို စပ်ဟပ်မှု ဆီလျော်မှု ရှိမရှိ ပြန်လည်ဆန်းစစ်ဖို့ လိုအပ်ပါတယ်။ ယနေ့ ကရင်လူငယ်များဟာ ခေတ်နဲ့လျော်ညီစွာ ခံယူကျင့်သုံးဖို့ လိုတယ်။ ပတ်ဝန်းကျင်နဲ့ မကင်းနိုင်တာမို့ လိုက်လျောညီထွေ နေထိုင်ကျင့်ကြံတတ်ဖို့ လိုအပ်ပါတယ်။

ပြောင်းလဲလာတဲ့ ၂၁ ရာစု ကမ္ဘာ့အခြေအနေမှာ ကရင်လူမျိုးများဟာ မိရိုးဖလာ ကရင်ဘဝနဲ့ နေထိုင်လို့ မရတော့ပါ။ ကရင်လူမျိုးများ တန်ဖိုးထားတဲ့၊ အေးချမ်းစွာနေထိုင်လိုတဲ့ ဘဝကို မိမိစွမ်းအား၊ မိမိကြိုးပမ်းချက်နဲ့ မရတော့ပါ။ အခြားတိုင်းရင်သားများနဲ့ ညှိနှိုင်းပြောဆို ဆောင်ရွက်ခြင်းဖြင့်သာ၊ ကရင်အမျိုးသားတို့ဟာ မိမိလိုလားတဲ့ အေးချမ်းသာယာတဲ့ ဘဝကို ဖန်တီးနိုင်မည့် အခြေအနေမျိုး ဖြစ်ပါတယ်။

ဒါ့အပြင် ယနေ့အချိန်အခါဟာ သိပ္ပံနည်းပညာများ အရှိန်အဟုန်နဲ့ တိုးတက်လာတဲ့အတွက် နိုင်ငံတိုင်း၊ လူမျိုးတိုင်း အပတ်တကုတ် ကြိုးစားယူနေတဲ့အချိန် ဖြစ်ပါတယ်။ တိုးတက်လာတဲ့ပညာ၊ နည်းပညာနဲ့အညီ ကရင်လူမျိုးများအနေနဲ့ နောက်ချန်ကျန်ရစ် မနေဘဲ ခေတ်ကာလအလိုက် ပြောင်းလဲတိုးတက်မှုရဲ့ စိန်ခေါ်မှုကို ရင်ဆိုင်ကျော်ဖြတ်ဖို့ ကြိုးပမ်း ဆောင်ရွက်ရမယ့်အချိန် ဖြစ်တယ်။

ကရင်အမျိုးသားအပေါင်းတို့ -

နောက်ဆုံးအနေနဲ့ ပြောချင်တာကတော့ "အတိတ်ကို ဆင်ခြင်ပါ၊ ပစ္စုပ္ပန်ကာလကို အကြောင်းပြုပြီး အနာဂတ် ကာလကိုလည်း မျှော်မှန်းစွာ လျှောက်လှမ်းနိုင်အောင် ကြိုးစားကြပါ။"

နှစ်သစ်မင်္ဂလာ အခါသမယမှာ -

အားလုံး ရွှင်လန်းချမ်းမြေ့ကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နိဂုံးချုပ်အပ်ပါတယ်။

ပါမောက္ခမန်းရွှေပြည်အေး

ဥက္ကဋ္ဌ

၂၇၅၁ ခုနှစ်၊ ကရင်အမျိုးသားနှစ်သစ်ကူးပွဲတော်ကျင်းပရေးဗဟိုကော်မတီ
(မဟာရန်ကုန်)



သလေးထိုင်ခုတ်ဖို့၊ ပြာသိုလဆန်း (၁) ရက် (၂၅-၁၂-၂၀၁၁) ကရင်အမျိုးသားနှစ်သစ်ကူးပွဲတော်
ဟောပြောပွဲအခမ်းအနား၌ ရန်ကုန်တိုင်းဒေသကြီး အစိုးရ

**ကရင်တိုင်းရင်းသားရေးရာဝန်ကြီး ပဒိုစောထွန်းအောင်မြင့် ပြောကြားသော**

# နှစ်သစ်ကူးနှုတ်ခွန်းဆက်အမှာစကား

## ကရင်ပြည်သူအပေါင်းတို့ ခင်ဗျာ

ငြိမ်းချမ်းမှုတို့ မြတ်နိုးပြီး အမှန်တရားကို တန်ဖိုးထားတတ်သော ကရင်လူမျိုးတို့၏ နှစ်စဉ်နှစ်တိုင်း ကျင်းပ လာခဲ့သည့် ၂၇၅၁ ခုနှစ် ယနေ့ သလေးထိုင်ခုတ်ဖို ပြာသိုလဆန်း (၁) ရက်၊ ကရင်အမျိုးသားနှစ်သစ်ကူး နေ့မြတ်ကြီးသည် ယနေ့ (၂၅·၁၂·၂၀၁၁)ရက် နေ့တွင်ရောက်ရှိလာခဲ့ပြီး ဖြစ်ပါသည်။

ဤနေ့တွင် ကမ္ဘာတစ်ဝှမ်းနှင့် မြန်မာနိုင်ငံအတွင်းရှိ ကရင်အမျိုးသားများသည် မျိုးချစ်စိတ်ဓာတ်ကို အခြေခံလျက် နှစ်သစ်ကူး နေ့ကိုပျော်ရွှင်စွာ ဆင်နွှဲနေကြမည် ဖြစ်ပါသည်။ သလေးထိုင်ခုတ်ဖို ပြာသိုလဆန်း (၁) ရက်၊ ကရင်အမျိုးသား နှစ်သစ်ကူးနေ့မြတ်မင်္ဂလာနေ့ကို ဆင်နွှဲလာကြရာတွင် တစ်ခါတစ်ရံ မှေးမှိန်သည့်ကာလ ရှိခဲ့သလို စည်ကားသိုက်မြိုက်ချိန်လည်း များစွာရှိခဲ့ပါသည်။ မည်သို့ပင်ဖြစ်စေ၊ နှစ်သစ်ကူးပွဲဆင်နွှဲရာမှ ရရှိအပ်သော နှစ်သစ်ကူး စိတ်ဓာတ်သည် အမျိုးသားစည်းလုံး ညီညွတ်မှုကို ပိုမိုတိုးတက်ခိုင်မြဲစေမည်ဟု ယုံကြည်ထိုက်ပေသည်။ ထို့ကြောင့် တစ်မျိုးသားလုံး ဖွံ့ဖြိုးတိုးတက်မှုကို ရှေးရှုလျက် နှစ်သစ်ကူးစိတ်ဓာတ်မှသည် အမျိုးသားစည်းလုံးညီညွတ်မှုကို ပြန်လည် ဖော်ဆောင်ရမည် ဖြစ်ပါသည်။

ကျွန်ုပ်တို့သည် ကရင်အမျိုးသားလုံး၏ စည်းလုံးညီညွတ်မှုကို တည်ဆောက်ရင်း ညီညွတ်သော မြန်မာနိုင်ငံ အဖြစ်သို့ ပါဝင်ဆောင်ရွက် ကြိုးပမ်းကြမည်။ ကျွန်ုပ်တို့ ကရင်အမျိုးသားတစ်ရပ်လုံး အနေဖြင့် ကိုယ်ကျိုးမဖက် တစ်စိုက်မတ်မတ်၊ လူမျိုးရေးနှင့် ဘာသာရေးအာဃာတ အလျှင်းကင်းစင်သော စိတ်ထားဖြင့် တိုင်းပြည်၊ နိုင်ငံတော် အကျိုးစီးပွားကို ဆောင်ရွက်ကြမည်။ ယခုလို အမြဲတိုးတက်ပြောင်းလဲနေသော အချိန်အခါတွင် ကျွန်ုပ်တို့အမျိုးသား အမွေအနှစ်များ၊ ရှေးဟောင်း ကဗျာလင်္ကာပုံပြင်များ၊ ရှေးလူကြီးသူမများ၏ လက်ဆင့်ကမ်း သယ်ဆောင်လာသော ဆုံးမ ဩဝါဒများကို ပြန်လည်ဖော်ထုတ်ပြီး လိုက်နာကျင့်သုံးရပါမည်။ မိမိတစ်ဦးတစ်ယောက်ချင်း ကောင်းအောင်ကြိုးစား၍ မိမိ တစ်မိသားစုလုံး ကောင်းအောင် ကြိုးစားကြရမည်။ တစ်အိမ်မှတစ်ရွာ၊ တစ်ရွာမှ တစ်မြို့ တစ်မြို့မှသည် တစ်နိုင်ငံလုံး နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ အကျင့်စာရိတ္တများ ကောင်းမွန်အောင် ကြိုးစားရမည်ဟု ယုံကြည်ပါသည်။

တိုင်းရင်းသားစည်းလုံးညီညွတ်ရေးရှိမှ တိုင်းပြည်အေးချမ်းမည် တိုင်းပြည်အေးချမ်းမှ တိုင်းပြည်စီးပွားရေး တိုးတက် ကောင်းမွန်မည်။ တိုင်းပြည်စီးပွားရေးကောင်းမှ တိုင်းပြည်သူပြည်သားများ စားဝတ်နေရေးပြေလည် အဆင့်အတန်း မြင့်တက်လာမည်ဟု ယုံကြည်ပါသည်။ ထို့ကြောင့် တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်မှုရရှိရေး၊ တစ်မျိုးသားလုံး ပြန်လည် ပေါင်းစည်းညီညွတ်ရေးကို၊ ဦးတည်ချက်ထားပြီး၊ မဆုတ်မနစ် တစ်စိုက်မတ်မတ် တိုင်းရင်းသားအားလုံး လိုက်နာဆောင်ရွက် ကြရမည် ဖြစ်ပေသည်။

ခေတ်စနစ်နှင့် ကိုက်ညီသော အတွေးအခေါ်များတွင် ကြံဆမှုများ အကျိုးဖြစ်ထွန်းမည့် လုပ်ငန်းများကို တီထွင် ဖော်ဆောင်ပြီး အခြားတိုင်းရင်းသားများနှင့် တစ်လုံးတစ်ဝ၊ တစ်စိတ်တစ်ဝမ်းတည်း လုပ်နိုင်သည့် ကမ္ဘာမှ ပါဝင် ဆောင် ရွက်၍ စည်းလုံးညီညွတ်သော တိုင်းရင်းသား လူမျိုးပေါင်းစုံ ပေါင်းစည်းထားသည့် စည်းကမ်းရှိသော ဒီမိုကရေစီ မြန်မာနိုင်ငံ သစ်အတွက် တာဝန်ယူကြရမည် ဖြစ်ပါသည်။

ထို့ကြောင့် ကျွန်ုပ်တို့ကရင်အမျိုးသားများသည်လည်း နိုင်ငံတော်တိုးတက်ရေး အကျိုးပြုလုပ်ငန်းများတွင် ဖော်ပြပါ ယုံကြည်ချက်များအတိုင်း ကိုယ်စွမ်းရှိသ၍ ဉာဏ်စွမ်းရှိသ၍ အားသွန်ခွန်စိုက် ဆောင်ရွက်ကြရန် ယနေ့ရက်မြတ် ကရင်နှစ်သစ်မင်္ဂလာ အချိန်အခါသမယမှာ အဓိဋ္ဌာန် ပြုကြပါစို့။

ကရင်အမျိုးသားများနှင့်တကွ ပြည်ထောင်စုသားအားလုံး နှစ်သစ်မှာ ရွှင်လန်းချမ်းမြေ့ပြီး လိုအင်ဆန္ဒများ ပြည့်ဝကြပါစေ။

( မၤနေအေၣ်ကဲ ပူၤဒူၣ်ပူဒါး ၊ အေၣ်ဆွ့ၣ်လၢးဆိုက် ကိုၢ်ဖါအေ ၊ အေၣ်ဆေၣ်အေၣ်ခလိုၣ် ကိုၢ်ဖါအေ )

ပဒိုစောထွန်းအောင်မြင့် (စီပံထူးချွန်-ပထမအဆင့်)

ကရင်တိုင်းရင်းသားရေးရာဝန်ကြီး

## ၂၇၅၁ ခုနှစ်၊ ကရင်အမျိုးသားနှစ်သစ်ကူးပွဲတော်ကျင်းပရေးဗဟိုကော်မတီ
(မဟာရန်ကုန်)



၂၇၅၁ ခုနှစ်၊ သလေးထိုင်ခုတ်ဖို ပြာသိုလဆန်း (၁) ရက်၊ (၂၅-၁၂-၂၀၁၁ ) နေ့

**ကရင်အမျိုးသားနှစ်သစ်ကူးပွဲတော်၊ ဟောပြောပွဲအခမ်းအနားၗ နာယကကြီးများကိုယ်စား**

## နာယကကြီး နော်ရှယ်ဒေး ပြောကြားသော မိန့်ခွန်း

ချစ်ခင်လေးစားရပါသော ကရင်မိတ်ပြည်သူများနှင့် တိုင်းရင်းသားညီအစ်ကိုမောင်နှမ အပေါင်းတို့ရှင်

ဒီနေ့ဟာ ကရင်တစ်မျိုးသားလုံးရဲ့ သမိုင်းဝင်နေ့ထူးနေ့မြတ်ဖြစ်တဲ့ ကရင်သက္ကရာဇ် ၂၇၅၁ ခုနှစ်၊ သလေးထိုင်ခုတ်ဖို ပြာသိုလဆန်း (၁)ရက် ကရင်အမျိုးသားနှစ်သစ်ကူးနေ့ ဖြစ်ပါတယ်။ (၇၅) နှစ်မြောက် စိန်ရတုသဘင် အကြိုနှစ်လည်း ဖြစ်ပါတယ်။ ယခုလို နှစ်သစ်ကူးပွဲတော် အခါသမယမှာ နာယကကြီးများကိုယ်စား စကားပြောခွင့်ရတဲ့အတွက် ဝမ်းမြောက်ဂုဏ်ယူမိသလို ပွဲတော်ကျင်းပရေးကော်မတီ (မဟာရန်ကုန်) ကိုလည်း အထူးကျေးဇူး တင်ရှိကြောင်း ဦးစွာပြောကြားလိုပါတယ်။

ကရင်နှစ်သစ်ကူးနေ့ တရားဝင်ရုံးပိတ်ရက် ရရှိခဲ့တဲ့ သမိုင်းကြောင်းကို ကြည့်မယ်ဆိုရင် ၁၈၈၁ ခုနှစ်မှာ စတင်ပြီး ကရင်အမျိုးသား ခေါင်းဆောင် ဒေါက်တာတီသံပြာ ဦးဆောင်ကာဖွဲ့စည်းခဲ့တဲ့ ဒေါကလူ (ခ) ကရင်အမျိုးသားအစည်းအရုံး (K.N.A) Karen National Association ရဲ့ အခန်းကဏ္ဍကို ထည့်သွင်းပြီး ပြောရမှာ ဖြစ်သလို ဦးဆောင်ခဲ့တဲ့ ကရင်အမျိုးသားခေါင်းဆောင်ကြီးများရဲ့ အရည်အချင်းကိုလည်း ဖော်ပြချင်ပါတယ်။ ဒေါကလူရဲ့ ကရင်ခေါင်းဆောင်ကြီးများဟာ နိုင်ငံခြားမှရရှိလာတဲ့ ဘွဲ့ရပညာတတ်များ ဖြစ်ကြပြီး၊ နိုင်ငံတကာမှ အတွေ့အကြုံ ဗဟုသုတများလည်းရှိကာ အနာဂတ်အမြင်ရှိသော ဦးဆောင်နိုင်မှု (Visionary Leadership) အရည်အချင်းနှင့် ပြည့်စုံသောကြောင့် ကရင်အမျိုးသားစာပေ သင်ကြားတတ်မြောက်ရေးအတွက် ၁၉၂၂ ခုနှစ်၊ ဗြိတိသျှကိုလိုနီ လက်ထက်မှာ ပိုးကရင်စာပေဖြင့် အလယ်တန်း၊ စကောကရင်စာပေဖြင့် အထက်တန်းအဆင့်ထိ သင်ကြားနိုင်အောင်ဆောင်ရွက်ခဲ့ပါတယ်။

၁၉၃၅ ခုနှစ်၊နယ်ခြဲကိုလိုနီခေတ် အိန္ဒိယမှ မြန်မာပြည် ခွဲထွက်ပြီး ၉၁ ဌာန၊ အုပ်ချုပ်ရေး စတင်ရာမှာ လူထုကိုယ်စားလှယ်အမတ် (၁၃၂) ဦး ရှိရာမှာ ကရင်အမျိုးသား အောက်လွှတ်တော်အမတ် (၁၂) ဦးပါဝင်ခဲ့ပြီး အထက်လွှတ်တော် ရွေးကောက်ပွဲမှာ ကရင်အမျိုးသား အထက်လွှတ်တော်အမတ် (၃) ဦးပါဝင်ခဲ့ပါတယ်။ ၎င်း လွှတ်တော်အမတ် (၁၂)ဦးနဲ့ အထက်လွှတ်တော်အမတ် (၃) ဦး တို့ရဲ့ ကြိုးပမ်းမှုကြောင့် တရားဝင်ရုံးပိတ်ရက် ကရင်အမျိုးသား နှစ်သစ်ကူးနေ့ကို တစ်စုတစ်စည်းတည်းဖြစ်အောင် ဆောင်ရွက်နိုင်ခဲ့ပြီး ကရင်အမျိုးသားအလံတော်၊ ကရင်အမျိုးသား သီချင်းတို့ကိုပါ ကမ္ဘာ့အလယ်မှာ ကရင်လူမျိုးတို့၏ ဂုဏ်သိက္ခာကို မြှင့်တင်ပေးနိုင်ခဲ့ပါတယ်။

ပထမဆုံးသော ကရင်အမျိုးသားနှစ်သစ်ကူးနေ့ အသံလွှင့်မိန့်ခွန်းအား ကရင်အမျိုးသားခေါင်းဆောင်ကြီးများ ပေးပို့ရာမှာ အလွန်မှတ်သားဖွယ်ရာ လိုက်နာဆောင်ရွက်ရန် နောင်လာနောက်သားများအတွက် လမ်းညွှန်ချက်အဖြစ် ခံယူရန် လိုအပ်ပါတယ်။ ဒီအသံလွှင့်မိန့်ခွန်းကို ကောက်နုတ် ဖော်ပြရမယ်ဆိုရင်····

(က) ကျွန်ုပ်တို့ကရင်အမျိုးသားများသည် တိုင်းရင်းသား အားလုံး၏အရေးအခင်းနှင့် နိုင်ငံတော်အရေးအခင်းတွင် ပါဝင်ဆောင်ရွက်ရန် နှင့် မြန်မာပြည်၏ ကံကြမ္မာကို ဖန်တီးရာတွင် အဓိက ကဏ္ဍမှပါဝင်ရန်။

(ခ) ကရင်အမျိုးသားများ၏ ရှည်လျားသော သမိုင်းတွင် မိမိတို့၏ပင်ကို အရည်အချင်းအားဖြင့်သာ မိမိတို့ ထိန်းသိမ်းလာနိုင်ခဲ့ကြပြီး ဆက်လက်ထိန်းသိမ်းရန်။ (ပဒေသရာဇ်ခေတ်၊ နယ်ချဲ့ကိုလိုနီအုပ်ချုပ်ရေးခေတ်၊ လွတ်လပ်ရေးရပြီးခေတ်၊ စသောခေတ် (၃) ခေတ်ကို အောင်မြင်စွာ ဖြတ်သန်းခဲ့ပြီဖြစ်သည်။)

(ဂ) အခြားသောတိုင်းရင်းသားလူမျိုးများနှင့် ဒိုးတူပေါင်ဖက် ဆက်သွယ်ပေါင်းသင်းသွားခြင်းဖြင့် မိမိတို့၏ အမျိုးသားဂုဏ်သိက္ခာအရည် အချင်းများကို ခိုင်မာအောင်ထိန်းသိမ်းမြှင့်တင်ရန်။

(ဃ) ခေတ်နှင့်လျော်ညီစွာ တွေးခေါ်စိတ်ကူးလျက် အကျိုးဖြစ်ထွန်းမည့်လုပ်ငန်းများကို ကြံဆ ချမှတ်ကာ ကြောက်ရွံ့မှုကင်းစွာနေထိုင်ခြင်း ပြုလျက်၊ အခြားတိုင်းရင်းသားများနှင့် တစ်စိတ်တစ်ဝမ်းတည်းဖြင့် ကျရာကဏ္ဍမှ စည်းလုံးညီညွတ်သောလူမျိုးများ ပေါင်းဆုံထားသည့် မြန်မာနိုင်ငံအဖြင့် တာဝန်ယူသွားရန်။

(င) ကျွန်ုပ်တို့တတွေသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး အကျိုးပြုလုပ်ငန်းများတွင်ဖော်ပြပါ ယုံကြည်ချက်အတိုင်း ကိုယ်စွမ်းရှိသရွေ့ အားသွန်ခွန်စိုက် ဆောင်ရွက်ကြရန် ယနေ့ရက်မြတ် ကရင်နှစ်သစ်မင်္ဂလာအချိန်တွင် အဓိဌာန်ပြုကြရန် ဆိုတဲ့ အချက်(၅)ချက်ကိုတွေ့ ရပါတယ်။

လွန်ခဲ့တဲ့ ၁၉၃၈ ခုနှစ်က ပေးပို့ခဲ့တဲ့ အသံလွှင့်မိန့်ခွန်းကို ပြန်ကြည့်မယ်ဆိုရင် ပြည်ထောင်စုစိတ်ဓာတ် ထားရှိလို့ တိုင်းရင်းသား စည်းလုံးညီညွတ်ရေး တည်ဆောက်ဖို့ အစရှိသည်တို့ ပါဝင်နေတာကိုတွေ့ရပါတယ်။ နယ်ချဲ့ကိုလိုနီလက်အောက်မှာ လွတ်လပ်ရေးလှုပ်ရှားမှုအတွက် အထောက်အကူဖြစ်စေရန် လမ်းညွှန်ပေးတာလည်းဖြစ်ပါတယ်။ လွတ်လပ်ရေးမရရှိသေးခင် လွန်ခဲ့သော (၁၀) နှစ်လောက်ကတည်းက တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနဲ့ ပြည်ထောင်စုစိတ်ဓာတ် ထားရှိဖို့ လိုအပ်ကြောင်း အမြော်အမြင်ကြီးမားစွာ လမ်းညွှန်ပေးခဲ့တဲ့ ကရင်အမျိုးသားခေါင်းဆောင်ကြီးများရဲ့ အသံလွှင့် မိန့်ခွန်းပဲဖြစ်ပါတယ်။

နောက်တစ်ချက်ဖြစ်တဲ့ မိမိတို့လူမျိုး မပပျောက်အောင်ထိန်းသိမ်းနိုင်ခဲ့ခြင်း အစဉ်အလာကို ဆက်လက်ထိန်းသိမ်းဖို့ ပြောတာဖြစ်ပါတယ်။ မျက်မှောက်ခေတ်ကမ္ဘာကြီးမှာ အားကောင်းတဲ့ ယဉ်ကျေးမှုက အားနည်းတဲ့ ယဉ်ကျေးမှုကို လွှမ်းမိုးပြီး အားနည်းသောလူမျိုးများရဲ့ စာပေ၊ စကားနှင့် ယဉ်ကျေးမှုများ တဖြည်းဖြည်း တိမ်ကောပပျောက်လာတာကိုတွေ့ရပါတယ်။ လူမျိုးတစ်မျိုး ပျောက်ကွယ်ရတဲ့အကြောင်းရင်းများစွာ ရှိသည့်အနက် အခြားသောပယောဂသာမကဘဲ မိမိကိုယ်တိုင်က မိမိလူမျိုး၏ စာပေ၊ စကား၊ ယဉ်ကျေးမှုတို့ကို ထိန်းသိမ်းလိုစိတ် နည်းပါးခြင်းသည်သာ

အဓိကအကျဆုံး ဖြစ်ပါတယ်။ လွန်ခဲ့တဲ့ နှစ်ပေါင်း ၅၀-၁၀၀ ပတ်ဝန်းကျင်က ပဲခူးရိုးမတောင်ခြေတစ်ဝိုက်မှာရှိတဲ့ ယဘိန်း ဆိုတဲ့လူမျိုးဟာ ယခုဆိုရင် ဘယ်သူမှမကြားဘူးသော လူမျိုးတစ်မျိုးအဖြစ် ပျောက်ကွယ်သွားတာကို တွေ့ရပါတယ်။

ဒါကြောင့် မိမိတို့လူမျိုးရဲ့ စာပေ၊ စကား၊ ယဉ်ကျေးမှုတို့ကို ထိန်းသိမ်းဖို့ အရေးကြီးသလို အကြောင်း အမျိုးမျိုးကြောင့် ကိုယ်ရဲ့အမျိုးသား စာပေ၊ စကား တို့ကိုမဖတ်တတ်၊ မပြောတတ်သူတို့ကိုလည်း မပစ်ပယ်ထားဘဲ လက်တွဲခေါ်ယူဖို့လိုအပ်ပါတယ်။ သာဓကအနေနဲ့ ကြည့်မယ်ဆိုရင် အစ္စရေးနိုင်ငံ စတင်ထူထောင်ခဲ့တဲ့ ခေါင်းဆောင် အများစုဟာ သူတို့ရဲ့ မိခင်ဘာသာ ဟီးဘရူး စာပေနဲ့ ဘာသာစကားကို မဖတ်တတ်၊ မပြောတတ်သူတွေပါ၊ သို့သော်လည်း သူတို့မှာစစ်မှန်တဲ့ မျိုးချစ်စိတ်ဓာတ် အပြည့်အဝ ရှိကြတာကို တွေ့ရပါတယ်။ စစ်မှန်တဲ့မျိုးချစ်စိတ်ဓာတ်ရှိဖို့ လိုအပ်သလို၊ အစွန်းရောက်မျိုးချစ်မျက်ကန်း မဖြစ်ဖို့လည်း သတိထားသင့်ပါတယ်။

လူမျိုးတိုင်းတွင်ရှိတဲ့ ယဉ်ကျေးမှု မျက်နှာစာမှာ (၂) ဖက်ရှိပါတယ်။ တစ်ဖက်က အကောင်းပိုင်းနှင့် အသွက်ပိုင်းဖြစ်ပြီး၊ ကျန်တစ်ဖက်က အဆိုးပိုင်းနှင့် အလေးပိုင်း ဖြစ်ပါတယ်။ အေးဆေးစွာနှင့် ဘာသိဘာသာနေလိုခြင်း၊ ပတ်ဝန်းကျင်အပေါ် ဂရုမပြုခြင်း၊ အများနှင့်အတူတကွ မဆောင်ရွက်လိုခြင်း ဆိုတာတွေဟာ အနုတ်လက္ခဏာဆောင်တဲ့ ယဉ်ကျေးမှုရဲ့ အဆိုးပိုင်းနှင့် အလေးပိုင်း ဖြစ်ပါတယ်။ တစ်ဦးနှင့်တစ်ဦး ယိုင်းပင်းကူညီခြင်း၊ အများနှင့်အတူ ပူးပေါင်းလုပ်ကိုင်ခြင်း၊ ပတ်ဝန်းကျင်အပေါ် စူးစမ်းလေ့လာခြင်းဆိုတာတွေဟာ အပေါင်းလက္ခဏာဆောင်တဲ့ အပိုင်းဖြစ်အောင် ကြိုးစားဘို့လိုအပ်ပါတယ်။ အဲဒါကြောင့် ပထမဆုံးသော အသံလွှင့်မိန့်ခွန်းမှာ "ခေတ်နှင့် လျော်ညီစွာ တွေးခေါ်စိတ်ကူးလျက် အကျိုးဖြစ်ထွန်းမည့် လုပ်ငန်းများကို ကြံဆချမှတ်ကာ ကြောက်ရွံ့မှုကင်းစွာ နေထိုင်ခြင်းပြုလျက် အခြားတိုင်းရင်းသားများနှင့် တစ်စိတ်တစ်ဝမ်းတည်း ကျရာကဏ္ဍမှ ပါဝင်ရန်" ဆိုတာကို လမ်းညွှန်ထားပါတယ်။

နိဂုံးချုပ်အနေနဲ့ ယခု ကရင်နှစ်သစ်ကူးပွဲတော် ကျင်းပရေးဗဟိုကော်မတီ (မဟာရန်ကုန်) ရဲ့ နှစ်သစ်ကူး ပွဲတော်ကျင်းပရေး အခြေခံမူ (၅) ချက်မှာ နောက်ဆုံးအချက်ဖြစ်တဲ့ "အနာဂတ် ကရင့်အဆက်အနွယ် လူငယ်များ၊ မိမိကရင့်ဘဝလေ့နှင့် ကိုက်ညီသော စစ်မှန်သည့်ကရင့်ယဉ်ကျေးမှုများကို မြတ်နိုးပြီး ဖော်ထုတ်၊ ထိန်းသိမ်း၊ မြှင့်တင်လိုသော အသိစိတ်ဓာတ်များ ကိန်းအောင်းရှင်သန်စေရန်" ဆိုတာပါရှိပြီး၊ ယခင်ဘိုးဘွားကရင် ခေါင်းဆောင်ကြီးများရဲ့ အနာဂတ်အမြင်ရှိသော ဦးဆောင်မှု အမွေကို မျိုးဆက်သစ်ကရင်မောင်မယ်များသို့ လက်ဆင့်ကမ်း အမွေအဖြစ် ပေးနိုင်ဖို့ လိုပါတယ်။ မျိုးဆက်ကွာဟမှု မဖြစ်အောင် လုပ်ဆောင်ဖို့ လိုပါတယ်။ မျိုးဆက် ကွာဟမှုဟာ အချိန်ယူ ပြန်လည်ကုစားလို့ရပေမယ့် ဒါထက်ပိုဆိုးတဲ့ မျိုးဆက်ပြတ်တောက်မှု မဖြစ်အောင် လက်ဆင့်ကမ်းအမွေကို ဆက်လက်သယ်ဆောင်ကြပါရန် နှစ်သစ်ကူးအဓိဋ္ဌာန်အဖြစ် တိုက်တွန်းရင်း ၂၇၅၁ ခုနှစ်၊ ကရင်အမျိုးသားနှစ်သစ်ကူးနေ့ စိန်ရတုသဘင် အကြိုနှင့်အတူ ယခုတက်ရောက်လာကသူ ကရင်မိဘပြည်သူများနှင့် တိုင်းရင်းသားညီအစ်ကို မောင်နှမအပေါင်းတို့အား နှစ်သစ်မှာ ရွှင်လန်းဝမ်းမြောက်ပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သရင်း နိဂုံးချုပ်အပ်ပါတယ်။

နော်ရှသ်အေး

နာယက

ရက်စွဲ၊ ၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာလ (၂၅)ရက်

သတင်းနှင့်ပြန်ကြားရေး

# ဥက္ကဋ္ဌ ၏ အမှာစာ



ကရင်အမျိုးသားတို့၊ ကရင်နှစ်သစ်ကူးနေ့ ရရှိခဲ့သည်မှာ ၇၅ နှစ် တိုင်ခဲ့ပြီ။ ၂၇၅၂ ခုနှစ် ကရင်နှစ်သစ်ကူးနေ့သည် စိန်ရတု အခါသမယ ဖြစ်သည်။ ကရင်နှစ်သစ်ကူးနေ့ထူးနေ့မြတ်သည် စိန်ကဲ့သို့ မာကျောပြီး အဖိုးထိုက်သည့် ရတနာတစ်ပါး ဖြစ်သည်ကိုတော့ အားလုံးမေ့ထား၍ မရစကောင်းပေ။ ကရင်တစ်မျိုးသားလုံး ဂုဏ်ယူမော်ကြွား သင့်လှပေသည်။ "ကရင်နှစ်သစ်ကူးနေ့ စိန်ကဲ့သို့ အဖိုးထိုက်သကဲ့သို့ ကရင်အမျိုးသားများသည်လည်း ခိုင်မာရင့်ကျက် တိုးတက်နေပြီလား။"

နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး ကဏ္ဍများတွင် အများနှင့် ရင်ပေါင်တန်းနိုင်အောင် အမျိုးသားရေးအသိစိတ်ဓာတ်ဖြင့် အစဉ်အမြဲ သတိရှိနေသင့်ပေသည်။ ပြောင်းလဲလာသော ဒီမိုကရေစီအရွေ့တွင် ကရင်လူမျိုးများ အဆင်သင့်ဖြစ်နေအောင် ပိုင်းဝန်းကြိုးပမ်း ဆောင်ရွက် ရမည့် အရေးကြီးသည့် အမျိုးသားရေး တာဝန်ကြီးတစ်ရပ်ပင် ဖြစ်ပါသည်။

ဆင်သွားလျှင် လမ်းဖြစ်သကဲ့သို့ မိမိတို့ကိုယ်တိုင် နိုင်ငံရေးအမြင်လေးနက်ကျယ်ပြန့်မှ ထက်မြက်သည့်ခေါင်းဆောင်ကောင်းဖြစ်အောင် ကြိုးစားရန်းကန်မှသာလျှင် ကိုယ့်အမျိုးသားရေး လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်နိုင်မည် ဖြစ်သည်။ ယနေ့ ပြောင်းလဲလာသော မြန်မာ့နိုင်ငံရေး အခြေအနေတွင် စိန်ခေါ်မှုများစွာနှင့် ရင်ဆိုင်ရတော့မည်။ ယှဉ်ပြိုင်မှု ကြီးမားသည့် အရေးအရာများတွင် မိမိက အသာစီးရှိနေဖို့ အပြင်းအထန် ကြိုးစားရုန်းကန် ကြရပေတော့မည်။

ခေါင်းဆောင်ကောင်းရှိဖို့ လိုအပ်သကဲ့သို့ နောက်လိုက်ကောင်း ရှိဖို့ကလည်း အရေးကြီးပါသည်။ ပန်းတိုင်နှင့် ခြေလှမ်းကိုလည်း ခွဲခြားသိမြင်ဖို့ လိုပါသည်။ လှမ်းလိုက်သောခြေလှမ်းကို ပန်းတိုင်ရောက်ပြီဟု မှတ်ယူလိုက်လျှင် နောက်တွင် အဝေးကြီး ကျန်ရစ်ခဲ့ပေမည်။

မိမိတို့ကိုယ်ပိုင် ရပိုင်ခွင့်ဟာ ဘာလဲ၊ ထိုရပိုင်ခွင့်ကို ဆုပ်ဆုပ်ပိုင်ပိုင် ရရှိအောင် ဘယ်လိုကြိုးစားမည်လဲ၊ ဖြောင့်မတ် မှန်ကန်သော စည်းလုံးညီညွတ်မှုဖြင့် မိမိတို့ အင်အားကို ထူထောင်ကြရမည်။ ကိုယ်ကျိုးစီးပွား မက်လုံးဖြင့် ငြိမ်းချမ်းရေးကို မထူထောင်နိုင်ပါ။ အားလုံး နိုးကြား သတိချပ်ရမည့်အရာက လူဦးရေ သန်းခေါင်စာရင်းကိစ္စ ဖြစ်သည်။ မိမိတို့ ကရင်အမျိုးသား ဦးရေ တိုးပွားမှု သို့မဟုတ် ဆုတ်ယုတ်မှုကို အစဉ်အမြဲ စောင့်ကြည့်ဖို့ လိုအပ်သည်။ လွှတ်တော် ကိုယ်စားလှယ်တစ်ဦး သို့မဟုတ် တိုင်းရင်းသားရေးရာ ဝန်ကြီးတစ်နေရာအတွက် လူဦးရေက အထောက်အကူ ပြုပါမည်။

ခေတ်မီနည်းပညာဖြင့် အသက်မွေးဝမ်းကျောင်းသော လူငယ်များလည်း အမျိုးသားရေး ကဏ္ဍတွင် ရှေ့ဆောင်ဦးရွက် ပြု၍ ပါဝင်ရန် နှိုးဆော်အပ်ပါသည်။ စိန်ခေါ်မှု၊ ယှဉ်ပြိုင်မှုတို့နှင့် ပြေးနေရသော ခေတ်တွင် ကရင်လူမျိုးများ နောက်ကျ ကျန်မနေရစ်ဘဲ သက်လုံကောင်းကောင်းဖြင့် ပန်းတိုင်ရောက်အောင် ချီတက်ကြရပေမည်။

ကရင်တစ်မျိုးသားလုံး စည်းလုံးညီညွတ်ရေး၊ ဘေးကင်းလုံခြုံရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့တွင် ပါဝင်ဆောင်ရွက်နေကြသော ဘာသာရေး ခေါင်းဆောင်များ၊ နိုင်ငံရေးနှင့် လူမှုအဖွဲ့အစည်းမှ ပုဂ္ဂိုလ်များ၊ အဖက်ဖက်မှ ကူညီအားပေးကြသော ကရင်မိဘပြည်သူများအား ဤစိန်ရတုနှစ်သစ် အခါသမယတွင် ဆထက်ထမ်းပိုး တိုး၍ ထမ်းဆောင်နိုင်ပါစေကြောင်း အောင်မြင်မှုပန်းတိုင် လှမ်းကိုင်နိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

မန်းဆင်းရဲထွေး
ဥက္ကဋ္ဌ
သတင်းနှင့် ပြန်ကြားရေး

# မာတိကာ


I သဝဏ်လွှာ

IV နာယက ဥယျောဇဉ်

V ဥက္ကဋ္ဌ အမှာစကား

VI ဥက္ကဋ္ဌမိန့်ခွန်း

IX ဝန်ကြီးအမှာစကား

XI နာယက အမှာစကား

XIV သတင်းနှင့် ပြန်ကြားရေးဆပ်ကော်မတီ ဥက္ကဋ္ဌ အမှာစာ

၇ ကရင်အမျိုးသားနှစ်သစ်ကူးနေ့ ရရှိရေးအတွက် လက်မှတ်ရေးထိုး တောင်းဆိုခဲ့သော ကရင်အမျိုးသား အမတ်များ

၉ ကရင်အမျိုးသားသီချင်း

၁၀ The Karen Today

၁၁ ပထမဦးဆုံး ကရင်အမျိုးသားနှစ်သစ်ကူးနေ့ အသံလွှင့်မိန့်ခွန်း

၁၂ ကရင်အမျိုးသားနှစ်သစ်ကူးနေ့ အသိအမှတ်ပြုခြင်း ဥပဒေကြမ်း (၁၉၃၇)

၁၄ Bill No.26 of 1937

၁၆ ၂၇၅၁ ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏ အစီရင်ခံစာ ကောက်နုတ်ချက်

၁၉ ၂၇၅၁ ကရင်သုံးဘာသာ နုတ်ခွန်းဆက်

၃၀ နာယကကြီးများ၏ ဩဝါဒမှ ကောက်နုတ်ချက်များ

၃၇ စိန်ရတု မီးရှူးတိုင်

၄၀ ကရင်မိဘပြည်သူများထံ စုပေါင်းအလှူခံထွက်ခြင်း

၄၃ ဗဟိုရွှေရတုဆီ ရည်မျှော်၍

၅၄ ကိုယ်သိပ်ချစ်ရတဲ့ကြေးမုံ စိုးမိုး (မြောင်းမြ)

Cover Story

၁၀၂ ကရင်နှင့် ဂျီအိုပေါ်လစ်တစ် မန်းမင်းရဲထွေး

## Poem


၅၅ ...... ထီဆောင်းမေ့ယှာမျိုးနွယ် / မန်းစံရွှေ

၅၆ ...... ပတ်စာခွာဖျာသိမ်း / စောထော့ဖျော် (ပတ္တော်-ရုံးဒေါင့်)

၅၇ ...... မျက်စိဖွင့်နားစွင့် / အဲချုပ်လောဆို

၅၈ ...... ဝက်ပါလမ်း / အိုင်ရာ

၅၉ ...... ဒဿနပညာရှင် / မောင်စင်ကြယ်

၆၀ ...... ယုန်သလင်း သို့မဟုတ် သမိုင်းကိုထမ်းပိုးထားတဲ့ရွာကလေး / စောချမ်းအိမ် (ခမောက်စု)

၆၁ ...... သံလွင်ရေစီးနေသရွေ့ / စောနွေထက် (မြိုင်ကလေး)


## Education


၆၂ ...... အနာဂတ် ပုံရိပ်ခြေလှမ်းများ / ဦးစိုးမြင့် (မြောင်းမြ)

၆၆ ...... စာပေသည်လူမျိုးတစ်မျိုးအတွက်အသက်သွေးကြော / စောဟားရေစီ


## Culture


၇၀ ...... ကရင်ရိုးရာ ဒုံးအကပြိုင်ပွဲ / စောမြင့်သူ(ဘားအံ)

၈၀ ...... ရှုဝေရိုးရာမင်္ဂလာဆောင် / Photo Essay


## Interview




၈၇ ...... ဖွံ့ကပင်နှလုံးသားများ / စထီမန်(တွံ့တေး)

၈၈ ...... နော်အယ်လေးဖော၏ ခွန်အားမျှဝေ / နန့်မြတ်နိုးသွယ်



## Opiniom


၉၂ ...... ၂၀၁၄ သန်းခေါင်စာရင်း / မန်းထိန်ဝင်းစိန်

၉၅ ...... အမည်သညာခေါ်စရာကား / မန်းထီခလိန်

၉၈ ...... တာဝန်သိလျှင် တာဝန်ရှိသည် / စခင်မောင်စိုး

၁၀၀ ...... ဒီမိုကရက်တိုက်ဖေးရှင်း / ဘိုးကရင်

## Biography


၁၀၉ ...... တစ်ခေတ်တစ်ခါက ကရင့်ရှေ့နေများ / စကျော်မျိုးအောင်

၁၁၄ ...... လူရွှင်တော်ကိုက်ယယ် / ကျော်ထက်နိုင်(ဖားစည်မြေ)


## Unity & Peace


၁၂၀ ...... တိုင်းရင်းသားစည်းလုံးညီညွတ်ရေး / စလှမောင်(ညောင်တုန်း)

၁၂၄ ...... မတူကွဲပြားခြင်းမှသည် စည်းလုံးညီညွှရေးဆီသို့ / မန်းအောင်ပြည်စိုး

၁၃၀ ...... များလူ့ခပ်သိမ်း ငြိမ်းချမ်းစေဖို့ / စောဆေးတံတို

၁၃၇ ...... တွေ့ဆုံဆွေးနွေး အပစ်အခတ်ရပ်စဲရေးနှင့် ငြိမ်းချမ်းရေး / စောယောင့်သာအဲဆန်

## Staire

၁၃၁ ...... ဇန်းတွေနဲ့ဝေ / မန်းဘမြင့်

## Region



၁၄၀ ...... မြိုင်ကြီးငူအလွမ်း / ဇင်လင်းထွန်း(နေမြို)

၁၅၁ ...... မြောင်းမြအကြောင်း တစေ့တစောင်း / မန်းမောင်မောင်အေး

၁၅၆ ...... ကယန်းအမျိုးသားနေ့ / စောစုးစမ်း

## Global Perceptive

၁၆၁ ...... ဘာသာစကားတို့ နေဝင်ချိန်/ စောမူး(ရေကြောင်းတက္ကသိုလ်)

၁၆၇ ...... ကရင်ယဉ်ကျေးမှု လူ့အဖွဲ့အစည်း / နောင်မင်း(ထီမန်)

## Memoir



၁၇၂ ...... ကျွန်တော်သိခဲ့တဲ့ မန်းအောင်ကြည် / မြင့်ဦးသစ်

၁၇၆ ...... နော်လွီဇာ (သို့မဟုတ်) ဘဝသံသရာခရီးသည် / စောမာဗယ်ခင်ထွန်း





## Talk

၁၈၉ ...... မောင်စံပြောနှင့် စကားစမြည်

၁၉၀ ...... ဆရာမ အယ်စတာနှင့် စကားဝိုင်း

၂၀၀ ...... ဆရာမ စူဆန်နာနှင့် ငြိမ်းချမ်းရေး

## Short Story

၂၁၂ ...... အိပ်မက်၏ အခြားတစ်ဖက်မှာ / သန္တာမြို

၂၂၂ ...... ရွာအပြန် / ကျော့တာပိုက်(ကော့မြတ်ကြီး)

၂၃၀ ...... မန်ကျည်းသီးနှင့်ဆား / အချစ်ချို

၂၃၄ ...... ကြည်နူးမိသော်လည်း / နန့်မေယမုံဆူး(ပန်းတနော်)



## News ...... ၂၄၁

## ကဗျာရှည်

၂၄၉ ......ကရင်အမျိုးသားလေ့သူကြီးတစ်ဦး၏ သန့်ပြန့်ခဲ့ထည် ရိုးတိုးရိုပ်တိုပ်ရုပ်ပုံလွှာ / ကော်သူးလေကျော်စန်းပွင့်

၂၄၂ | **စာဖတ်ခြင်း၌ မွေ့လျော်ပါ**
အက်(စ်)ဘရောင်း(သာယာဝတီ)

၂၄၄ | **ထိန်းသိမ်းကြလေ စကားစာပေ**
မန်းနဲ့အရှင်နန္ဒစာရ(တောကျောင်း)

၂၄၇ | **ကခဂဃင**
စပေါးမေ့(ကော့မှူး)

၂၄၉ | **အင်းတရော်သို့ အလည်သွားခြင်း**
စောအယ်ဘိုး(အင်းစိန်)

၂၅၀ | **သမိုင်းကပြောသည့် ကရင်စာနယ်ဇင်းများ**
စထွန်းမြင့်အေး(ပန်းတနော်)

၂၅၂ | **ဘယ်သူပြိုင်လို့နိုင်မည်နည်း**
ဇင်နောင်

၂၅၃ | **သက်သေမပြနိုင်၍**
သရစော(ဝါးခယ်မ)





၂၅၇ | **ကရင်တို့၏ ကဗျာလင်္ကာများ**
ဝါးနေမူးခိုဖော(ညောင်တုန်း)

၂၇၀ | **ကရင့်ရိုးရာ "ဓူ" ခေါ် ဖျတ်စောင်းတူရိယာ**
စောကျော်ညွန့်(ယဉ်ကျေးမှု)

၂၇၂ | **ကရင်ချည်ဖြူဖွဲ့ မင်္ဂလာ**
မန်းလုံထို (လှိုင်းဘွဲ)

၂၇၃ | **သွေးကြောထဲကမြစ်တစ်စင်း**
မန်းနဲ့ဝိ (အိမ်မဲ)

၂၇၃ | **နှလုံးသားအမှာရွတ်**
အိုင်စတော(ကကတိုက်)

၂၇၄ | **စပွန်ဆာ**
မြတ်နိုးသွယ်





၂၆၀ | **ကိုယ်ပိုင်တဲ့ ကိုယ့်နေရာ**
နော်သင်းသင်းအေး(ရန်ကုန်ပညာရေးတက္ကသိုလ်)

၂၆၃ | **တူတူလှမ်းစို့**
စောလွှမ်းဝေ (ပျာကမြင်)

၂၆၄ | **မည်သူ့တွင် တာဝန်ရှိသနည်း**
မော်ဘီစောမောင်တုတ်

၂၆၆ | **နိုင်ငံတော်သစ်ဆီ**
နေဘုန်းထက် (ရွှေပြည်သာ)

၂၆၇ | **ကရင်အမျိုးသားမျိုးချစ်ရဟန်းတော်တစ်ပါး**
စရှုခပေါ်(ယဉ်/ပြ ပန်းတနော်)

၂၆၈ | **ဦးဝိဇ္ဇာနှင့် တွေ့ဆုံခြင်း**
စမြသောင်း(ထုံးမြေ)

၂၈၁ | **လွတ်လပ်စွာကွဲလွဲခွင့်ရှိပါသည်**
စလှမောင် (ညောင်တုန်း)

၂၈၂ | **အနာဂတ်ရေးနှင့် ယနေ့ကရင်လူငယ်**
**ဆောင်းပါးနှင့် ပတ်သက်၍**
မန်းကျော်(မြစ်ဝကျွန်းပေါ်/ မန်းစိုးဟန်

၂၈၃ | **သွေး**
ပိုပိုဇော်(ပညာရေး)

၂၈၅ | **မရှိုးနိုင်**
ငါးရယ်ဦး(လှိုင်ကော်)

၂၈၆ | **တာဝန်ကိုယ်စီ ရှိကြသည်**
စောသောင်းကြီး

၂၈၇ | **လူငယ်၊ နိုင်ငံနှင့် အနာဂတ်**
စမောင်မောင်ကြည်(ကရင်ပြည်နယ်)

၂၈၉ | **ခြေရာမဲ့ရင်ခွင်**
ဆန်ဖာထိ (ကွင်းဘော)

၃၀၀ | **နှလုံးသားရဲ့အရှင်သခင်**
မီးမီးပိုး


Knowledge


၃၀၆၊ ၃၀၇ | **အဆိုအမိန့်များ**
မန်းစောဥက္ကာမင်း

၁၀၈ | နှစ်သစ်ပန်း
နန်းကိုကို (လှိုင်းဘွဲ့)

၁၀၉ | ၇၅ နှစ်ပြည့်နှစ်သစ်မင်္ဂလာပွဲတော်
နိုက်(စကားလွန်းအောက်ပိုင်း)

၁၁၄ | နယူးဇီလန်၏ ပထမဆုံးကရင်နှစ်သစ်ကူးပွဲ
မင်းမောင်(နယူးဇီလန်)

၁၁၆ | ဖိတ်ခေါ်ခြင်း
စောချိုသာ

၁၁၇ | ငြိမ့်ငြိမ့်သဲသဲ ကပိုင်ရှာနှစ်သစ်ကူးအောင်ပွဲ
စောဝင်းနိုင်(ဥပဒေ)

၁၂၀ | လူနေမြို့ကြား
မန်းအေးဆိုင်(ခဝဲခြံ)

၁၂၂ | နှစ်သစ်ကူးရဲ့ရောင်နီဦး
သရစော (ဝါးခယ်မ)

၁၂၃ | နှစ်သစ်အဓိဋ္ဌာန်
စပိုင်စိုး (အုတ်ဖို)

၁၂၃ | ဆုတောင်း
စမိုင်ရှောင်း (ပန်းတနော်)

၁၂၄ | နှစ်သစ်ဆုတောင်း
မင်းသခင် (ပန်းတနော်)

၁၂၅ | ဝိဇ္ဇာတွဲ(ကရင်ဘာသာ)ရရှိမှုကိုဂုဏ်ယူခြင်း
နော်ဝင်းဝင်းမေ (ဘီအေ၊ကရင်)

၁၂၆ | လက်ဆောင်
မန်းကြည်ဝင်း

၁၂၈ | ငြိမ်းချမ်းရေးပုံပြင်
ဆရာမောင်(ပန်းတနော်)

၁၃၀ | မည်သူမဆို ကာကွယ်ခုခံပိုင်ခွင့် ရှိပါတယ်
နေဘုန်းထက်

၁၃၄ | ပညာရည်ချွန်
ကြေးမုံ

၁၃၆ | ကရင့်ကြေးမုံစာတိုက်
မန်းကြေးမုံ




## ကရင့်ကြေးမုံ


| | | |
|---|---|---|
| အတိုင်ပင်ခံအယ်ဒီတာ | – | မန်းမင်းရဲထွေး |
| အယ်ဒီတာချုပ် | – | စောထော့ဖျော် (ပတ္တော်၊ ဖုံးခေါင်) |
| တာဝန်ခံအယ်ဒီတာ | – | နောင်မင်း (ထီမန်) |
| အယ်ဒီတာအဖွဲ့ | – | စောယောင့်သာအဲဆန်၊ |
| | | မန်းစောဥက္ကာမင်း၊ |
| | | မန်းမောင်မောင်အေး |
| | | နန့်မြတ်နီးသွယ် |
| ကာတွန်း | – | ရွှေလက်ရာ(ဘားအံ) |
| | | စောညွန့်(သံလွင်မြေ)၊ |
| | | မကာရ |
| သရုပ်ဖော် | – | မန်းမြင့်ဆွေလှိုင်၊ |
| | | မန်းအုန်းကျော်နှင့်အဖွဲ့ |
| ဓာတ်ပုံ | – | စိုးသန်းကြည်၊ စောမြင့်ဇော် |
| မျက်နှာဖုံးဒီဇိုင်းနှင့် | | |
| အတွင်းအပြင်အဆင် | – | ဘိုဘို နှင့် အဖွဲ့ |
| | – | |
| စာစီစာရိုက် | – | စောယှားဖောင်အွာ၊ |
| | | ဇူးဇူးထက်၊ နန့်မေသဲပိုင် |
| အုပ်ချုပ်ရေးမှူး | – | မန်းကျော်ငြိမ်း |
| ထုတ်ဝေသည့်အကြိမ် | – | ပထမအကြိမ် |
| ထုတ်ဝေသည့်ကာလ | – | ဒီဇင်ဘာလ ၂၀၁၂ |
| ဖလင် | – | နိုင်းမွန်း |
| ပုံနှိပ် | – | မျိုးသန့် ပုံနှိပ်တိုက် |
| | | (၁၀၁၁၂) |
| စာအုပ်ချုပ် | – | မျိုးသန့် စာအုပ်ချုပ်လုပ်ငန်း |
| ထုတ်ဝေသူ | – | စောလုထွန်း |
| | | (အထွေထွေအတွင်းရေးမှူး) |
| အုပ်ရေ | – | ၂၀၀၀ |
| တန်ဖိုး | – | ၂၀၀၀ ကျပ် |


KAYIN

## အစိုးရအသိအမှတ်ပြု ကရင်အမျိုးသားနှစ်သစ်ကူးနေ့ ရရှိရေးအတွက် လက်မှတ်ရေးထိုးတောင်းဆိုခဲ့သော

# ကရင်အမျိုးသားအောက်လွှတ်တော်အမတ်(၁၂)ဦး

| စဉ် | အမည် | မဲဆန္ဒနယ် | ကိုးကွယ်သည့်ဘာသာ | လူမျိုးနွယ် |
|---|---|---|---|---|
| ၁။ | စောဂျွန်ဆင်ဒီဖိုးမင်း | တောင်ငူ | မေတ္တာပြဟ္မစိုရ် | စကောကရင် |
| ၂။ | စောဆစ်ဒနီလူနီ | ပုသိမ်တောင်ပိုင်း | ခရစ်ယာန် | စကောကရင် |
| ၃။ | မန်းဘခိုင် | ပုသိမ်မြောက်ပိုင်း | ခရစ်ယာန် | ပိုးကရင် |
| ၄။ | စောဖေသာ | မြောင်းမြအနောက် | ခရစ်ယာန် | စကောကရင် |
| ၅။ | မန်းကံအေး | မြောင်းမြအရှေ့ | ဗုဒ္ဓဘာသာ | ပိုးကရင် |
| ၆။ | စောမြတ်သိန်း | ဟသ်ာတ | ဗုဒ္ဓဘာသာ | စကောကရင် |
| ၇။ | မန်းထွန်းခင် | မအူပင်မြောက် | ဗုဒ္ဓဘာသာ | ပိုးကရင် |
| ၈။ | မန်းရွှေညွန့် | မအူပင်တောင် | ဗုဒ္ဓဘာသာ | ပိုးကရင် |
| ၉။ | စောသာဒွေး | သထုံမြောက် | ဗုဒ္ဓဘာသာ | စကောကရင် |
| ၁၀။ | ဦးလှဖေ | သထုံတောင် | ဗုဒ္ဓဘာသာ | ပအိုဝ်း |
| ၁၁။ | ဦးဖိုးမျှင် | ကျိုက်ခမီအရှေ့ | ဗုဒ္ဓဘာသာ | ပအိုဝ်း |
| ၁၂။ | စောဖိုးချစ် | ကျိုက်ခမီအနောက် | ခရစ်ယာန် | စကောကရင် |

## ပူးပေါင်းကူညီဆောင်ရွက်ခဲ့ကြသော ကရင်အမျိုးသား အထက်လွှတ်တော်အမတ် (၃) ဦး

| စဉ် | အမည် | မဲဆန္ဒနယ် | ကိုးကွယ်သည့်ဘာသာ | လူမျိုးနွယ် |
|---|---|---|---|---|
| ၁။ | ဆာစံစီဖိုး | တောင်ငူ | ခရစ်ယာန် | စကောကရင် |
| ၂။ | မန်းရွှေဘ | တောင်ငူ | ခရစ်ယာန် | ပိုးကရင် |
| ၃။ | သရာစံဘော် | တောင်ငူ | ခရစ်ယာန် | စကောကရင် |

## ကရင်အမျိုးသားနှစ်သစ်ကူးနေ့ရရှိရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသော လွှတ်တော်အမတ်များ၏ မျိုးနွယ်နှင့် ကိုးကွယ်မှုဘာသာအရ ပါဝင်ဆောင်ရွက်မှု

| စဉ် | မျိုးနွယ် | မေတ္တာပြဟ္မစိုရ် | ဗုဒ္ဓဘာသာ | ခရစ်ယာန် | ပေါင်း |
|---|---|---|---|---|---|
| ၁။ | ပအိုဝ်း | - | ၂ | - | ၂ |
| ၂။ | ပိုးကရင် | - | ၃ | ၂ | ၅ |
| ၃။ | စကောကရင် | ၁ | ၂ | ၅ | ၈ |
| | | ၁ | ၇ | ၇ | ၁၅ |

# ကရင်အမျိုးသားသီချင်း

## Karen National Anthem




ကရင်အမျိုးသားသီချင်းအဓိပ္ပာယ်

အို ...

ကျွန်ုပ် ကရင်အမျိုးသားအပေါင်းတို့

အကောင်းဆုံးသူ အသင့်အား

ကျွန်ုပ် အလွန် ချစ်ခင်မြတ်နိုးပါ၏။

အသင်သည် ဖြောင့်မတ်ခြင်းကို

မြတ်နိုးတတ်၏။

ညော့ဝတ်ကျေပွန်တတ်သူလည်း ဖြစ်ပါ၏။

သင်၏ကောင်းခြင်းအဖြာဖြာကို

ကျွန်ုပ် ချစ်ခင်မြတ်နိုးလှပါပေသည်။



(၁၉၃၀–၄၀) ခုနှစ်များတွင် ကရင်နှစ်သစ်ကူးနေ့၊ ကရင်အမျိုးသားသီချင်း၊ ကရင်အမျိုးသားအလဲတော် ပေါ်ထွန်း ရေးအတွက် "ဒေါကလု" ၏ ဥက္ကဋ္ဌ ဖြစ်သူ ဆရာစံဘော်က အစီအစဉ်ပြုလုပ်၍ တောင်းဆို ရရှိခဲ့သည်။

ထိုသို့ တောင်းဆိုရရှိခဲ့သော အခွင့်အရေး (၃) ခုအနက် ကရင်အမျိုးသားတစ်ရပ်လုံးကို ကိုယ်စားပြုသော ကရင်အမျိုးသားသီချင်းသည်လည်း အရေးပါလှကြောင်း တွေ့ရှိရပါသည်။ ကရင်အမျိုးသား သီချင်းကို စောစံဘာနင့် စောသာဒွေးကြီးက ရေးသားတင်ပြခဲ့ရာ "ဒေါကလု" အသင်းကြီးမှ ကရင်အမျိုးသားခေါင်းဆောင်များက လက်ခံ အတည်ပြု လိုက်သဖြင့် ကရင်အမျိုးသားသီချင်း ဟူ၍ ပေါ်ပေါက်လာခဲ့သည်။

# ကရင်အမျိုးသားသီချင်းသံစဉ် ပြုစုခဲ့သူ

# စောသာအေးကြီး၏ ဘဝဖြစ်စဉ်မှတ်တမ်း



စောသာအေးကြီး

(၁၉၀၂) ခုနှစ်တွင် ပုသိမ်မြို့နယ်၊ မကြီးလဟာကျေးရွာတွင် မွေးဖွားခဲ့သည်။

(၁၉၂၂) ခုနှစ်တွင် ပုသိမ်မြို့ တိုင်တစ်ရာအထက်တန်းကျောင်းတွင် (၁၀) တန်း အောင်မြင်ခဲ့သည်။

(၁၉၂၄) မှ (၁၉၂၇) ခုနှစ်အထိ ရန်ကုန် ဂျပ်ဆင်ကောလိပ်တွင် I.Sc အောင်ပြီး B.Sc (ပ) နှစ်အထိ ပညာသင်ကြားခဲ့သည်။

(၁၉၂၈) မှ (၁၉၃၂) ခုနှစ်အထိ မန္တလေး စိုက်ပျိုးရေးကောလိပ်တွင် ဘွဲ့ရ ကျောင်းပြီးသည်အထိ ပညာသင်ကြားခဲ့သည်။

(၁၉၃၃) မှ (၁၉၄၀) ပြည့်နှစ်အထိ ပုသိမ်မြို့တွင် စိုက်ပျိုးရေးမြို့အုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

(၁၉၄၁) မှ (၁၉၄၆) ခုနှစ်အထိ ပုသိမ်ခရိုင် စိုက်ပျိုးရေးဝန်ထောက်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

(၁၉၄၇) မှ (၁၉၅၇) ခုနှစ်အထိ နိုင်ငံတော်ကောက်ပဲသီးနှံ ရောင်းဝယ်ရေး အဖွဲ့ (SAMB) တွင် အမှုဆောင် အရာရှိ (E.O) အဖြစ် တာဝန် ထမ်းဆောင်ခဲ့သည်။

(၁၉၅၉) ခုနှစ်၊ အသက် (၅၇) နှစ်တွင် မြောင်းမြမြို့နယ်၊ ရေတွင်းရေကန်ရွာတွင် ကွယ်လွန်သည်။ ကရင်အမျိုးသားသီချင်းသံစဉ်ကို စောစံဘနှင့်အတူ ပြုစုခဲ့သည်။

## THE VERY FIRST KAREN NEW YEAR DAY
## BROADCASTING SPEECH

# The Karen Today

*This is An Historic Day. It is our first of ficially recognized National Day. It is a day of opportunity. We are emerging from isolation into the Stream of national af fairs. Our conviction is that our two million Karens have a significant part to play in Burma's destiny.*

*We own our existence as a people not to organization or any political arrangements, but to certain distinctive qualities that have been given us. Our traits include simplicity, a love of music, honesty, steadiness and a sense of God. We believe that we can best keep and develop these characteristic in free association with other people.*

*We are a crisis. For us the choice lies between seeking protection through isolation or adventure active participation in the life of Burma. United ourselves, we could help to make, Burma a Nation. We are recognized that as leaders we must be full committed to our country free from fear personal ambition, racial and religious prejudice.*

*Today we recall our heritage, our ancient poet and prophets and our tradition of Ywa (God). We believe every individual, every home, every village has a place in the new advance. Progressive in thinking constructive in planning and courageous in living, we can share responsibility with other communities for the making of Burma a united people.*

*Are we ready to this Karen's New Year Day to put the best traditions of our people at the service of this whole country?*

*Sd/- San C. Po, Shwe Ba, Hla Pe,*
*Sydney Loo-Nee, Saw Pe Tha.*

*(21st December 1938)*
*1st, Thalay - Htaik Koppho - Pyatho 2678.*



ဒေါက်တာစံစီဖိုး

ပထမဦးဆုံး ကရင်အမျိုးသားနှစ်သစ်ကူးနေ့
အသံလွှင့်မိန့်ခွန်း

# ယနေ့ကရင်အမျိုးသားများ

ယနေ့သည် သမိုင်းဝင်နေ့ ဖြစ်ပါသည်။ အစိုးရက တရားဝင်အသိအမှတ်ပြုသော ကရင်အမျိုးသားနေ့လည်း ဖြစ်ပါသည်။ ဤနေ့ရက်သည် ကရင်တစ်မျိုးသားလုံး၏ မင်္ဂလာအခါနေ့လည်း ဖြစ်ပါသည်။ တသီးတခြား တကွဲတပြား နေထိုင်လာခဲ့ကြရာမှ ကျွန်ုပ်တို့သည် ယနေ့မှစ၍ တိုင်းရင်းသားအားလုံး၏ အရေးအခင်းနှင့် နိုင်ငံတော်အရေးအခင်းတွင် ပါဝင်ဆောင်ရွက်ရပါမည်။ လူဦးရေ နှစ်သန်းကျော်မျှရှိသော ကရင်အမျိုးသား များသည် မြန်မာပြည်၏ကံကြမ္မာကို ဖန်တီးရာ၌ အဓိကကဏ္ဍမှ ပါဝင်နိုင်မည်ဟု ယုံကြည်ပါသည်။

ကျွန်ုပ်တို့လူမျိုး ဆိတ်သုဉ်းမသွားဘဲ တည်ရှိနေခဲ့သည်မှာ မည်သည့်အဖွဲ့အစည်း၊ မည်သည့် အုပ်ချုပ်ရေးစနစ်၊ မည်သူတို့၏ ပယောဂကျေးဇူးကြောင့်မှမဟုတ်ဘဲ ကျွန်ုပ်တို့၏ ထူးခြားသော ပင်ကို အရည်အချင်းများကြောင့်သာ ဖြစ်ပေသည်။ ပရိယာယ်မရှိ ရိုးသားကြသည်။ စိတ်ထား ဖြောင့်မတ်ကြသည်။ ဂီတကို မြတ်နိုးသည်။ ဘုရားတရားကို လေးစားသည်။ အခြားသော တိုင်းရင်းသား လူမျိုးများနှင့် ဒိုးတူပေါင်ဖက် ဆက်ဆံပေါင်းသင်းသွားခြင်းဖြင့် ကျွန်ုပ်တို့၏ အမျိုးသားဂုဏ်သိက္ခာ၊ အရည်အချင်းများကို ခိုင်မာအောင် ထိန်းသိမ်းခြင်း၊ မြှင့်တင်ခြင်းများ ပြုနိုင်သည်ဟု ယုံကြည်ကြသည်။

ကျွန်ုပ်တို့တစ်တွေ ဆုံးဖြတ်ချက်များ ချမှတ်ရမည့်အချိန်ကျလာခဲ့ပြီ။ ကျွန်ုပ်တို့သည် ယခင်ကဲ့သို့ပင် တသီးတခြား ရပ်တည်ရေးအတွက် ရပ်တည်ကြမည်လော။ သို့တည်းမဟုတ် မြန်မာနိုင်ငံကြမ္မာကို ဖန်တီးရာ၌ တစ်တပ်တစ်အား လက်တွဲပါဝင် ဆောင်ရွက်မည်လော။

ကျွန်ုပ်တို့သည် ကရင်တစ်မျိုးသားလုံး၏ စည်းလုံးညီညွတ်မှုကို တည်ဆောက်ရင်း ညီညွတ်သော မြန်မာနိုင်ငံအဖြစ်သို့ ပါဝင်ဆောင်ရွက် ကြိုးပမ်းကြမည်။ ကျွန်ုပ်တို့ ကရင်အမျိုးသားခေါင်းဆောင်များအနေဖြင့် ကိုယ်ကျိုးမဖက် မကြောက်မရွံ့ဘဲ လူမျိုးရေးနှင့် ဘာသာရေးအာဃာတ အလျှင်းကင်းစင်သော စိတ်ထားဖြင့် တိုင်းပြည်၊ နိုင်ငံတော် အကျိုးစီးပွားကို ဆောင်ရွက်ကြမည်။

ယနေ့အချိန်အခါတွင် ကျွန်ုပ်တို့ အမျိုးသားအမွေအနှစ်များ၊ ရှေးဟောင်း ကဗျာ၊ လင်္ကာ၊ ပုံပြင်များ၊ ကရင်ပညာရှိများ နှင့် ရိုးရာ 'ယွာ' ဘုရားသခင်ကို သတိရအောက်မေ့လျက် ယင်းတို့၏ ဆုံးမသြဝါဒများကို ပြန်လည် ကျင့်သုံး နေကြပါမည်။ ပုဂ္ဂိုလ် တစ်ဦးချင်းအနေဖြင့်လည်းကောင်း၊ တစ်အိမ်တစ်မိသားစုအနေဖြင့် လည်းကောင်း ဘဝသစ်တစ်ရပ်ကို ပါဝင်ဖန်တီး ဆောင်ရွက်သွားနိုင်မည်ဟု ယုံကြည်ပါသည်။

ခေတ်နှင့်လျော်ညီစွာ တွေးခေါ်စိတ်ကူးလျက် အကျိုးဖြစ်ထွန်းမည့်လုပ်ငန်းများ ကြံဆချမှတ်က အခြားသော တိုင်းရင်းသားများနှင့် တစ်စိတ်တစ်ဝမ်းတည်း ကျရာကဏ္ဍမှ စည်းလုံးညီညွတ်သောလူမျိုးများ ပေါင်းဆုံထားသည့် မြန်မာ နိုင်ငံအဖြစ် တာဝန်ယူသွားကြမည်။

ထို့ကြောင့် ကျွန်ုပ်တို့တစ်တွေလည်း နိုင်ငံတော်ဖွံ့ ဖြိုးတိုးတက်ရေး အကျိုးပြုလုပ်ငန်းများတွင် ဖော်ပြပါ ယုံကြည်ချက်များအတိုင်း ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ အားသွန်ခွန်စိုက် ဆောင်ရွက်ကြရန် ယနေ့ ရက်မြတ် ကရင်နှစ်သစ်မင်္ဂလာအချိန်တွင် အဓိဋ္ဌာန်ပြုကြပါစို့။

ပုံ/ စံစီဖိုး၊ ရွှေဘ၊ လုဖေ၊ ဖေသာ၊ ဆစ်ဒနီလူနီ
(၁၉၃၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၁ ရက်) ၂၆၇၈ – သလေး၊ ထိုင်ခုတ်ဖိုး၊ ပြာသိုလဆန်း (၁) ရက်။

# ကရင်အမျိုးသားနှစ်သစ်ကူးနေ့ အသိအမှတ်ပြုခြင်း ဥပဒေကြမ်း – ၁၉၃၇

(ဥပဒေကြမ်းအမှတ် ၂၆၊ ၁၉၃၇)



စောဂျွန်ဆင်ဒီမိုးမင်း

**နိဒါန်း** ။ ။ ကရင်အမျိုးသားနှစ်သစ်ကူးနေ့ အသိအမှတ်ပြုခြင်းဥပဒေကြမ်းကို ထုတ်ပြန်ရန် လိုအပ်လျက်ရှိသည်။ ဤသို့သော အကြောင်းကြောင့် အောက်ပါအတိုင်း ပြဋ္ဌာန်းလိုက်သည်။

## ၁။ အမည်၊ အကျယ်အဝန်းနှင့် စတင်အာဏာတည်သည့်နေ့။

(၁) ဤဥပဒေကို ကရင်အမျိုးသားနှစ်သစ်ကူးနေ့ အသိအမှတ်ပြုခြင်းဥပဒေ (၁၉၃၇) ဟု ခေါ်တွင်စေရမည်။

(၂) ဤဥပဒေကို ဘုရင်ခံက ကြေညာချက်ထုတ်ပြန်သောနေ့မှအစပြု၍ အထူးသဖြင့် ယခုကြေညာသော အချိန်မှစ၍ ချက်ချင်း အာဏာတည်စေရမည်။

(၃) ဤဥပဒေသည် ဗြိတိသျှမြန်မာနိုင်ငံတစ်ဝှမ်းလုံးကို အာဏာသက်ရောက်စေရမည်။

## ၂။ ရှင်းလင်းချက်

(၁) ကရင်အမျိုးသားများ ဆိုသည်မှာ ၎င်းတို့၏ အမျိုးဇာတ်၊ ဘာသာအယူဝါဒ ယုံကြည်ကိုးကွယ်မှုတို့နှင့် မသက်ဆိုင်ဘဲ အားလုံးသော ကရင့်မျိုးနွယ်များ၊ မျိုးနွယ်စုများ၊ ပိသားစုဝင် အနွယ်တူလူမျိုးများ အားလုံးကို ဆိုလိုသည်။

(၂) ကရင်အမျိုးသားများ နှစ်သစ်ကူးနေ့သည် အခြားသောတိုင်းရင်းသားများ၊ ပြည်သူများ၊ အမျိုးသားများ၏ နှစ်သစ်ကူးနေ့ အထိမ်းအမှတ်များ၏ နှစ်သစ်ကူးနေ့အတိုင်းပင် အတိအကျ အဓိပ္ပာယ်ရပေသည်။ ကောင်းမြတ်သောနှစ်၏ ပထမနေ့ဖြစ်၏။ ကရင်အမျိုးသားများ နှစ်သစ်ကူးနေ့သည် မြန်မာပြက္ခဒိန်၊ ပြာသိုလဆန်း (၁) ရက်နေ့နှင့် ဆီလျော်သည့်အတိုင်း ကရင်ပြက္ခဒိန်နှစ်အရ 'သလေး' လဆန်း (၁) ရက် သို့မဟုတ် (၂) ရက်တွင် ကျရောက်ပေသည်။ နှစ်သစ်အလို့ငှာ ဤ 'သလေး' လ (ပြာသိုလဆန်း (၁) ရက်နေ့ ကျရောက်သောအခါ) ကရင်အမျိုးသားများသည် ဝါးအိမ်သစ်များကို တည်ဆောက်ကြသည်၊ ပစ္စည်းဟောင်းများကို အသစ်ပြုပြင်ကြ၏။ ထို့အပြင် တောင်ကုန်းထုထပ်သောနေရာသစ်တို့၌ တောင်ယာသစ်များကိုလည်း သတ်မှတ်ကြသည်။ ဤနေ့များကို အားလုံးသော ကရင်များက နေရာတိုင်းမှာ အသိအမှတပြုကြသည်။ ရုပ်တုကိုးကွယ်သူ ကရင်များက နတ်များကို ကိုးကွယ်ပသခြင်း စသည်ဖြင့်လည်းကောင်း၊ ဗုဒ္ဓဘာသာကရင်များက ဘုရားရှိခိုးကြခြင်း၊ ကျောင်းစေရပ်သွားခြင်း၊ သံဃာတော်များထံမှ တရားနာခြင်း စသည်ဖြင့်လည်းကောင်း၊ ခရစ်ယာန်များက ဆုတောင်းဘုရားရှိခိုးခြင်း စသည်တို့အပြင် သက်ဆိုင်ရာ ယုံကြည်ကိုးကွယ်မှုအလိုက် ကရင်မျိုးနွယ်အားလုံးသည် ကြီးစွာသောစည်းဝေးခြင်းများ ပြုလျက် စုရုံးကြသော ဘာသာရေးပွဲတော်များကို ပြုလုပ်ကြပေသည်။ သို့ဖြစ်၍ ကရင်အမျိုးသားတို့၏သမိုင်းတွင် ဤနေ့များသည် အကြီးကျယ်ဆုံးသော ပျော်ပွဲရွှင်ပွဲနေ့များ ဖြစ်ကြပေသည်။

## ကြေညာချက်၏ အကြောင်းအကျိုးများ

တိုင်းရင်းသားလူမျိုးစုများကိုယ်တိုင် ၎င်းတို့၏ ရှေးရိုးအစဉ်အလာ ထုံးတမ်းဓလေ့များကို စောင့်ထိန်းခြင်း၊ မြင့်မြတ်သော ဘာသာတရားနှင့် စပ်ဆိုင်သောနေ့များကို အသိအမှတ်ပြုခြင်းတို့သည် ဗြိတိသျှအစိုးရ၏ ထာဝရနိုင်ငံရေး မူဝါဒ ဖြစ်ပေသည်။ သို့ဖြစ်၍ မြန်မာပြည်လူမျိုးစုတို့၏ ဘာသာရေးနှင့် စပ်ဆိုင်သောနေ့များ၊ မြင့်မြတ်သောနေ့များကို ဗြိတိသျှအစိုးရက အသိအမှတ်ပြုသည်ကို ကျွန်ုပ်တို့ တွေ့မြင်ကြရသည်။ တိုင်းရင်းသားလူမျိုးများ မဟုတ်ကြသော တရုတ်၊ ဥရောပသားတို့သည် သူတို့နှင့်အတူ သူတို့၏ဘာသာရေးနှင့်ဆိုင်သော မြင့်မြတ်သောနေ့များကို ကျွန်ုပ်တို့၏ ဤမြေပေါ်သို့ ဆောင်ယူခဲ့ကြ၏။ ၎င်းကို ဗြိတိသျှအစိုးရအနေဖြင့် အစိုးရရုံးပိတ်ရက်၊ အားလပ်ရက်အဖြစ် အသိအမှတ် ပြုခဲ့ကြပေသည်။ မြန်မာနိုင်ငံ၏ ဒုတိယအရေးပါဆုံး၊ တိုင်းရင်းသား လူမျိုးများဖြစ်သည့် ကရင်အမျိုးသားများမှာမူ မည်သည့် မြင့်မြတ်သောနေ့နှင့် ဘာသာရေးနှင့်ဆိုင်သောနေ့မျှ အသိအမှတ်ပြုခြင်း မခံရသေးပေ။

အမှန်တကယ် လိုအပ်နေသည်ဖြစ်၍ ကြီးစွာသော သံဝေဂကြီးရလျက် ကရင်ခေါင်းဆောင်များနှင့် သက်ကြီးသူများတို့သည် အသိအမှတ်ပြုရန် အားထုတ်ကြိုးပမ်းခဲ့ကြပေသည်။ ဤကိစ္စကို အစိုးရထံ မေးမြန်းကြ၏။ ထင်ရှားပေါ်လွင်အောင် ဆောင်ရွက်ကြသည်။ သို့မဟုတ် အစိုးရက အသိအမှတ်ပြုသည်ကို အောင်မြင်စွာ ဆောင်ရွက်ခဲ့ကြသည်၊ ငြိမ်းချမ်း၍ ဥပဒေကို စောင့်သိသော၊ သစ္စာရှိသော၊ တစ်ခါက ဗြိတိသျှအစိုးရ၏ ချီးမြှင့်မြှောက်စားခြင်းကို ခံခဲ့ရသော ကရင်အမျိုးသားများသည် ယခုကဲ့သို့ သိသာစွာ ငြိမ်တိတ်နေသည်မှာ ဝမ်းနည်းဖွယ်ဖြစ်ပါသည်။

သည်ကနေ့ သည်အခြေအနေတွင် အမျိုးသားရေးအသိနိုးကြားလာခြင်းဖြင့် ကရင်အမျိုးသားတို့သည် နေရာတကာမှာ လူမသိ၊ သူမသိ ဖြစ်နေကြရသည်ကို မိမိတို့ဘာသာ မိမိတို့ တွေ့မြင်လာကြရသည်။ သူတို့၏ ပြင်းပြသော ဆန္ဒများ၊ အစဉ်မပြတ် အချိန်တိုင်းမှာ ရယူလိုမှုနှင့် တရားဥပဒေအရ ညီညွတ်လျက် ထိုက်သင့်သောတောင်းဆိုမှုများကြောင့် မသိကျိုးကျွန်လုစ်လျူပြုမှုများကို ပျက်ပြယ်စေခဲ့သည်။ ယနေ့ ကရင်အနွယ်ဝင်များအနေဖြင့် ကရင်ရိုးရာ ရှေးဟောင်းဓလေ့များကို ထိန်းသိမ်းစောင့်ရှောက်ရန် မြန်မာပြည်သစ်၏ ဖွဲ့စည်းပုံ ဥပဒေအသစ်အရ အခြားသော တိုင်းရင်းသားလူမျိုးများနှင့် ရင်းမြစ်တူညီစွာ အရေးပါသော လူမျိုးတစ်မျိုးဖြစ်သည့်အတိုင်း မိမိတို့၏ ရခွင့်ရလမ်းများကို အသိအမှတ်ပြုစေရန် အစိုးရထံမှောက် တင်ပြခဲ့ပေသည်။

ထို့ကြောင့် ကရင်အမျိုးသားတို့သည် မြန်မာနိုင်ငံ၌ ဒုတိယအရေးပါသော တိုင်းရင်းသားများဖြစ်ကြ၍ လည်းကောင်း၊ အတိတ်ပစ္စုပ္ပန် (၂) ဌာန၌ အစိုးရအပေါ် သစ္စာရှိသော တိုင်းရင်းသားလူမျိုးများ ဖြစ်ကြ၍လည်းကောင်း ကရင်အမျိုးသားများ နှစ်သစ်ကူးနေ့ကို မြန်မာပြာသိုလဆန်း (၁) ရက်နေ့ သို့မဟုတ် (၂) ရက်နေ့နှင့် ဆက်စပ်၍ **'သလေး'** လဆန်း (၁) ရက်နေ့ သို့မဟုတ် (၂) ရက်ကို သတ်မှတ်ပေးလိုက်သည်။ အမျိုးသားများ၏ ပွဲတော်များ၊ ရိုးရာဓလေ့များကို စောင့်ထိန်းခြင်းသည် မလိုအပ်ဘဲလျက် အခြားသောတိုင်းရင်းသားများနှင့် တသီးတခြား ကွဲလွဲအောင် ဆောင်ရွက်ကြရန် မဟုတ်ပေ။

အမျိုးသားရေးနှင့်စပ်ဆိုင်သောကွဲလွဲမှုများ၊ သီးခြားရှိမှုများသည် ပြဿနာမဟုတ်ပါ။ ဂုဏ်သိက္ခာ တက်စရာများသာ ဖြစ်ပါသည်။ မြန်မာနိုင်ငံရှိ ကရင်တိုင်းရင်းသားများသည် မြန်မာတိုင်းရင်းသားများသာ ဖြစ်ကြသည်။ အနွယ်တူများ အဖြစ်သာ သိရှိနေကြပါသည်။

ကရင်အမျိုးသားများအနေဖြင့် သူတို့၏ ရှေးဟောင်းထုံးဓလေ့စသည်များကို စောင့်ထိန်းရန်ကိုသာ အလိုရှိကြသည်။ အခြားသော တိုင်းရင်းသားများတို့၏ ထုံးဓလေ့များတို့ကို ၎င်းတို့က လေးစားလိုက်နာကြရသည့်နည်းတူ မိမိတို့၏ ထုံးဓလေ့များကိုလည်း လေးစားတတ်ရန်မျှသာ ဖြစ်ပါသည်။ ဤတစ်ခုတည်းသော ရည်ရွယ်ချက်ဖြင့်ပင် ဤဥပဒေကြမ်းကို တင်ပြမိတ်ဆက် လိုက်ခြင်းဖြစ်ပါသည်။ တစ်မြေထဲနေ၊ တစ်ရေထဲသောက်ကြသူ သားချင်းညီအစ်ကို မောင်နှမများ မြန်မာ့လွှတ်တော်အဖွဲ့ဝင်များ အနေဖြင့် စိတ်ရောကိုယ်ပါ ထောက်ခံကြလိမ့်မည်ဟု ရိုးသားစွာ မျှော်လင့်မိပါသည်။

**စောရွှန်ဆင်ဒီဖိုးမင်း၊**
**အောက်လွှတ်တော်အမတ်၊ တောင်ငူ (ကရင်)**
**(၁၉၃၇) ခုနှစ်၊ ဩဂုတ်လ (၂) ရက်။**

# BILL NO. 26 of 1937



**Preamble:** Where it is expedient to produce this for the recognition of the Karen' New Year Day; it is hereby enacted as follows:

1. Extent and Commencement

1. This act may be called "The Karen's New Year Day Recognition Act of 1937.

2. It shall come into force on such date as the Governor may be notification, specify in this behalf.

3. It shall be extent to the hole of British Burma.

## 2. Definition:

1. "Karens' means all races, clans or tribes forming part and parcel of the Karen people of Burma in spite of their castes, creeds and religions.

2. "The Karens' New Year Days" of other races, people or nations, which being the first days of another prosperous year. The Karen New Year Days falls on the first and second day of the moth of THALAY, according to Karen calendar year, corresponding to the first and second waxing days of the month of Pyatho of the Burmese Calendar month. It is in this month of THALAY (beginning from the first waxing moon of Pyatho) etc, (noticeable in the hilly districts) for the New Year. These days are recognized by all the Karens every where Many religious festivities, such as offering to Nat's, etc, by the heathen Karens, and thanksgiving prayer services, etc, according to their religious beliefs. In facts, the Days being the greatest gala days annals of Karen's history.

## Statement of objects and reasons.

It has always been the policy of the British Government to preserve the ancient customs of their subject-race and also recognize their Holy and sacred Days. We, therefore, also see that in Burma the British Government recognize the Holy and Sacred Days of the Race of Burma the Non-Indigenous races such Indians, the Chinese, the Europeans, etc., have brought with them to this land of our their Holy and Sacred Days with the British Government have accorded public recognition by giving public holidays. The Karens, though being the second most important indigenous race of Burma, have not been accorded any Holy and Sacred Days.

It is indeed a matter or great the though attempts have been made by Karen Leaders and elders representing the matter in question to the Government, it does not seem to carry conviction or successfully attract the  attention of Government. It is also deplorable to mention that the characteristic traits of the Karens as a quiet, peaceful law-abiding and very loyal subject races; Once a great asset to them and highly acclaimed by the British Government are now but matter of the past.

An at this stage of their national awakening, the Karens find themselves unpopular and unknown everywhere. Their aspirations, legitimate rights and calims have, from time to time, either being ignored or turned down. Now to preserve their traditional custom the Karens of their present generation, in New Burma under the new Constitution claim for an equal status with others as being also a very important race, by placing before the Government the recognition of their rights and privileges.

The recognition, therefore, of the Karen New Year Days being the first and second THALAY month, corresponding with the first and second day of Burmese Pyatho, will be but the recognition of the Karens as the second important Burmese race and also the recognition of their past and present services to the Government. By preserving the ancient customs and ceremonies of a race, it does not necessarily mean to distinguish or set apart one race from the another.

No question of racial discrimination therefore arises. The Karens in Burma is also a Burmese by race and is also known the same outside.

The Karens only want ancient customs, etc. to be respected in as much as they have respected others'. For this sole purpose, this Bill is introduced and sincerely hope an enthusiastic support from their Burmese member and on of the soil brothers of the same land.

Johson D. Po Min

Member of the House of Representatives.

Toungoo (Karen)

Toungoo, $2^{nd}$ August 1937

# ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏
# အစီရင်ခံစာ
## ကောက်နုတ်ချက်


စောနေမူး

(က) သဘောတရားမှသည် လက်တွေ့ရေးသို့

လူမျိုးတစ်မျိုး၌ မျိုးဆက်မပြတ်စေရန် အဓိက ထောက်ကူပေးသောအရာမှာ ထိုလူမျိုး၏ စကား၊ စာပေနှင့် ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းစဉ်လာများပင် ဖြစ်သည်။ လူမျိုးတစ်မျိုး၏ အသက်သွေးကြောဟုလည်း တင်စား သတ်မှတ်ထားကြပါသည်။

ယနေ့ခေတ်သည် နည်းပညာခေတ်ဖြစ်သည်။ ထိုနည်းပညာခေတ်နှင့် လျော်ညီစွာ တိုးတက်ထွန်းကားမှုသည် လျင်မြန်သော အဟုန်ဖြင့် ပြောင်းလဲနေပါသည်။ စက်မှုလုပ်ငန်းများ အလွန်ထွန်းကားလာနေသည်။ တဖက်တွင်လည်း သဘာဝရင်းမြစ်များ ပျက်စီးလာကြသည်။ စက်မှုလုပ်ငန်းများထွန်းကားခြင်းကို ကြိုဆိုရသလို၊ သဘာဝရင်းမြစ်တွေ မပျက်စီးအောင် ထိန်းသိမ်းကာကွယ် ရပါမည်။ ထိုနည်းတူ ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးလာသည်နှင့်အမျှ ရိုးရာ ယဉ်ကျေးမှုများကို ပိုမိုဂရုစိုက် ထိန်းသိမ်းဖို့ လိုအပ်ပါမည်။

မိမိတို့စကား၊ စာပေနှင့် ရိုးရာယဉ်ကျေးမှုဓလေ့ ထုံးတမ်းစဉ်များကို ကိုယ်ခံအားကောင်းကောင်းဖြင့် ထိန်းသိမ်းကာကွယ် စောင့်ရှောက်ကြရပါမည်။ ကရင်မျိုးချစ်ပုဂ္ဂိုလ်များက မိမိဘာသာစကားနှင့် စာပေကိုထိန်းသိမ်းကြဖို့ မျက်နှာစာ အသီးသီးမှ ဆော်သြနေကြပါသည်။ တိုက်တွန်းနှိုးဆော် နေကြပါသည်

အမှန်မှာ ကရင်စာပေနှင့်စကား ရေးသားပြောဆိုကြရန် တိုက်တွန်းပေးနေရုံဖြင့် မပြီးဘဲ၊ လက်တွေ့ အကောင်အထည်ဖော် ဆောင်ရွက်ကြဖို့ အလွန်အရေးကြီးနေသောအချိန် ဖြစ်သည်။ ကရင်စာပေနှင့် ယဉ်ကျေးမှု အဖွဲ့ အစည်းများကို ကရင်အမျိုးသားများ နေထိုင်ရာ ဒေသအသီးသီးမှာ ဖွဲ့စည်းဆောင်ရွက် လုပ်ကိုင်ကြရပါမည်။ ကရင် စာပေနှင့် စကား ရေးသားပြောဆိုကြရန် သက်ဆိုင်ရာ ဘာသာရေးအဖွဲ့အစည်းအသီးသီးက မိမိတို့ အစီအစဉ်ဖြင့် ဆောင်ရွက်နေကြခြင်းကို အရှိန်အဟုန် တိုးမြှင့်ဆောင်ရွက်ဖို့ လိုပါသည်။ ယခင်က ကရင်စာပေနှင့် စကားကို မြို့ပြ ဒေသထက် ကရင့်ကျေးလက်ဒေသများက ထိန်းသိမ်းနေကြခြင်းများ ရှိကြသော်လည်း၊ ယနေ့အချိန်တွင် ကရင့်

ကျေးလက်ဒေသများ၌ပင် အားပျော့လာနေကြောင်း တွေ့မြင်နေရပါသည်။ ဤသည်မှာ ကရင့်အနာဂတ်အတွက် စိုးရိမ်ဖွယ်ရာ အခြေအနေဟု ကောက်ချက်ဆွဲနိုင်ပါသည်။ အထူးသဖြင့် မြို့ပြဒေသတွေများတွင် "ကရင်စာသင်သော ပုဂ္ဂလိက ကိုယ်ပိုင်ကျောင်းများ" ထူထောင်ဖွင့်လှစ်ဖို့ လိုအပ်လာပါသည်။ ဦးစွာပထမ မူကြိုအဆင့်မှ မူလတန်းလွန် အထိ ဆောင်ရွက်ကြဖို့နှင့် အရှိန်အဟုန်ရလာသောအခါ အလယ်တန်း၊ အထက်တန်းအဆင့် အသီးသီးသို့ တက်လှမ်းကြ ရပါမည်။

အနှစ်ချုပ် တင်ပြရသော် တစ်ခေတ်တစ်ခါက ထွန်းကားစည်ပင်ခဲ့သည့် ကျွန်ုပ်တို့၏ စကား၊ စာပေကို မျက်မှောက်ခေတ် ကျွန်ုပ်တို့ ကရင်အမျိုးသားများကမှ ဦးဆောင်ဦးရွက် မဆောင်ကြဉ်းနိုင်လျှင် ကရင့်သမိုင်းမှာ စာတင်ခံစရာ မှတစ်ပါး၊ အခြားမရှိပြီ ဟူ၍သာ ဆိုရပေတော့မည်။

## (ခ) ကရင့်သမိုင်းနှင့် ယနေ့ကရင်လူငယ်

လူမျိုးတိုင်းမှာ သမိုင်းကိုယ်စီရှိကြပါသည်။ ထို့နည်းတူ ကရင်အမျိုးသားများမှာလည်း ကရင့်သမိုင်း ရှိပါသည်။ ကရင့်သမိုင်းကို ကရင်အမျိုးသားတိုင်း သိရှိထားရပါမည်။ လူမျိုးတစ်မျိုး၏ သမိုင်းကို လေ့လာရာတွင် သမိုင်းမတင်မီ ခေတ်နှင့် သမိုင်းတင်ပြီးခေတ်ဟူ၍ ခွဲခြားလေ့လာရပါမည်။ သမိုင်းမတင်မီခေတ်သည် ဒဏ္ဍာရီများ၊ ပုံပြင်များသဖွယ် တည်ရှိနေမည် ဖြစ်ပြီး၊ သမိုင်တင်ပြီးခေတ်ကိုမူ မှတ်တမ်းမှတ်ရာများဖြင့် စနစ်တကျ လေ့လာသိရှိနိုင်ပါသည်။ မျက်မှောက်ခေတ် ကရင်အမျိုးသားများသည် သမိုင်းတင်ပြီးခေတ် အခြေအနေကို အဓိကထား လေ့လာသင့်ပါသည်။ သမိုင်းတင်ပြီးခေတ် ကရင့်သမိုင်းကို မှတ်တမ်းမှတ်ရာများဖြင့် ဦးစွာလေ့လာရန် လိုအပ်ပါမည်။ ထို့ပြင် "နှုတ်ပြော သမိုင်း" ဖြစ်သည့် လက်လှမ်းမီရာ အတွေ့အကြုံရသော ရင့်ကျက်သော ကရင်လူကြီးသူမများထံမှလည်း ချဉ်းကပ်၍ ကရင့်သမိုင်းကို လေ့လာရပါမည်။ ဦးစွာ ကရင့်သမိုင်းကို လေ့လာရာတွင်- ဒဏ္ဍာရီဆန်သော ဖြစ်ရပ်များ၊ အထောက်အထား မရှိသော ဖြစ်ရပ်များကို ဖယ်ထုတ်ပစ်ရပါမည်။ မှတ်တမ်းအတည်ပြုချက်ရှိသော အရာတို့ကိုသာ သမိုင်းအဖြစ် အသိအမှတ်ပြု၍ လေ့လာရပါမည်။ သမိုင်းကို ပကတိ အရှိအတိုင်း ဓမ္မဓိဋ္ဌာန်ကျကျ လေ့လာရပါမည်။ ထို့ပြင် အာဃာတကင်းကင်း၊ အမုန်းတရားကင်းကင်းဖြင့် ကြည့်၍လေ့လာရပါမည်။ တရားမျှတစွာ အချက်အလက်တို့ ကို ဖော်ထုတ်ပေးရပါမည်။ ဘက်လိုက်မှုကင်းကင်းဖြင့် မိမိ သင့်သောအဖြေကို အကျိုးပြုမည့် အပိုင်းတို့ကို ဖော်ထုတ်၍ ကရင့်သမိုင်းကို လေ့လာသင့်ပါသည်။

အမှန်မှာ သမိုင်းဟူသည် လူမျိုးတစ်မျိုး၏အတိတ်ကာလက ဖြစ်ပျက်ခဲ့သော အကြောင်းချင်းရာများသာ ဖြစ်ပါသည်။ ယနေ့ ကျွန်ုပ်တို့ တွေ့ကြုံနေရသော ဖြစ်စဉ်ဖြစ်ရပ်များသည် အတိတ်ကာလကဖြစ်ခဲ့သော သမိုင်းအမွေကို ခံစားနေရခြင်းသာ ဖြစ်ပါသည်။ ပစ္စုပ္ပန်ကာလရှိ ဖြစ်စဉ်ဖြစ်ရပ်များကို ဖြေရှင်းရမည့်သူသည် မျက်မှောက်ခေတ်ရှိ ကျွန်ုပ်တို့သာလျှင် ဖြစ်ပါသည်။ အတိတ်ကြောင့် ပစ္စုပ္ပန်မှာ ဖြစ်စဉ်ဖြစ်ရပ်များ ဖြစ်ပေါ်နေခြင်းကို ဖြတ်တောက်ပစ်ရန်၊ အနာဂတ်ကို ရည်မျှော်၍ ဖြစ်စဉ်ဖြစ်ရပ်များကို ဖြေရှင်းခြင်းသည်သာ အနာဂတ် ကရင့်လူ့ဘောင် အဖွဲ့အစည်းအတွက် အကောင်းဆုံးဖြစ်မည် ယုံကြည်ပါသည်။

(ဂ) ကရင်လူငယ်မျိုးဆက်သစ်သို့

ကွယ်လွန်သူသမိုင်းပါမောက္ခ ဒေါက်တာသန်းထွန်း ပြောခဲ့သလို "သမိုင်းသင်တာ မအအောင်လို့" ဟု ညွှန်ပြခဲ့ဖူးပါသည်။ ထို့ကြောင့် ကရင်လူငယ်မျိုးဆက်သစ်တို့ "မအ မန" အောင် ကရင့်သမိုင်းကို လေ့လာကြဖို့ တိုက်တွန်း ရပါသည်။ ကရင့်သမိုင်းကို ထဲထဲဝင်ဝင် လေ့လာခြင်းဖြင့် အမျိုးဘာသာကို ထိန်းသိမ်းစောင့်ရှောက်ရာ ရောက်ပါသည်။ မျက်မှောက်ခေတ်ရှိ မိမိတို့သည် အနာဂတ် ကရင့်လူ့ဘောင် ဖွံ့ဖြိုးစည်ပင်လာစေရန်တည်း ဟူသော ရည်မှန်းချက်ကို မလွဲချော် မတိမ်းစောင်းရလေအောင် အသိတရားရှိရှိ၊ သတိတရား ရှိရှိဖြင့် ဆင်ခြင်သုံးသပ် ဆုံးဖြတ် ဆောင်ရွက် ကြရန် တိုက်တွန်းလိုက်ပါသည်။

၂၇၅၁ ခုနှစ် ကရင်အမျိုးသားနှစ်သစ်ကူးပွဲတော်ကို အောင်မြင်စွာကျင်းပနိုင်ရေးအတွက် အဖက်ဖက်မှ ဝိုင်းဝန်းကူညီ ပေးခဲ့ကြသောမြို့နယ်၊ ခရိုင်နှင့် တိုင်းဒေသကြီးအဆင့်မှ အာဏာပိုင်အဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများ၊ အကြံဉာဏ်များပေးကြသော ဗဟိုကော်မတီနာယကကြီး၊ အမျိုးသားရေးအသိ ပြည့်ဝစွာဖြင့် ကြိုးပမ်းဆောင်ရွက် ကြသော ပွဲတော်ကျင်းပရေးဗဟိုကော် မတီဝင်များအားလည်းကောင်း၊ အမျိုးသားရေးစိတ်ဓါတ်ပြည့်ဝစွာဖြင့် တက်ရောက် ပါဝင်ဆင်နွှဲကြသော ကရင်မိဘပြည်သူများနှင့် ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ပါဝင်ကူညီ တက်ရောက်အားပေးသော ညီအစ်ကို တိုင်းရင်းသားများအားလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးတင်ကြောင်း မှတ်တမ်းတင်ရင်း ဤအစီရင်ခံစာကို နိဂုံးချုပ် တင်ပြအပ်ပါသည်။

ဗဟိုအလုပ်အမှုဆောင်အဖွဲ့

၂၇၅၁ ခုနှစ်၊ သလေးထိုင်ခုတ်ဖို ပြာသိုလဆန်း (၁)ရက်
၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာလ (၂၅)ရက်။

## ၂၇၅၁ – ဏံင်း၊ ပိုဒ်လင်ဖျုံဏံင်းထင်းသင့်ဗဟိုကဝ်မတိ(မဟာချံလှုင်•)

## ဖျုံဏံင်းထင်းသင့်မူဏံစုံးအ်ဘောင်အိုဝ်ဏံ လိုဖျုံမူထင်းဘာသာဆို့ခွိင်ခင့် လင်ဟိုင့်လင်စးအင်းဟ့လင်ဆို့ခွိင်



နန်းဖြူဖြူသန်း

အဲချိုဝ်သာထိင်• ပါဍောဟ်ယုဂ်ယာန်းစး ဖျုံဆိုဒ်ဖေါဟ်မောဝ်ဖါဂမှိုင်• ဍေခါန်စိုင်ဖေါဟ်ဂမှိုင်•သီးကိုဝ်ဟ့ာဍေဆာ်၊ ဟ်ဖျုံဆိုဒ်ဖေါဟ်ထိုင်•ဆိုဒ်သာ့သီးဝေ့ နက်လင်မေင်စိင်• မူဍောဟ်ပြေယုံင် မွာဲဝေ့ဍး စေလိုဏံမူ• ၂၇၅၁–ဏံင်း၊ သ်လေံ လာထာင့်ခုက်ဖေါဟ် ယောတ်ထင်း(၁)သင့် ဖျုံဏံင်းထင်းသင့်မူဏံ စုံးအ်ဘောင်အ်ခွါမိုဝ်ဏာင်းယိုဝ် အ်ဝေ့ ဍး ခါန်စိုင်ကံင်းထို့ခါန်• ဍေကောဝ်ကြေင်ဂမှိုင်ဆိုဒ်ဖေါဟ်သီးကိုဝ်ဟ့ာဍေ ယှူးမုက်စ့်ယင့် ကျာ်သြိထင်းထဝ့်လာဆာ်ဏံ လိုယာ့ထုက် ဆူ့ဝ့ာင်ရာမနော• ဖေ့စးမွာဲစိုဝ်ဆောဝ်လို။

ဖျုံဆိုဒ်ဖေါဟ် ထိုင်•ဆိုဒ်သာ့အ်ဟ့ာင်• အ်လူ•ပဲ့ှိဍောဟ် အနဂ္ဂချုဂ်ပါင် ထုဂ်ယာ့တယ် နက်လင်မေင်စိင်ဖိုင် ဖျုံဏံင်းထင်းသင့်မူဏံ၊ ဖျုံဆိုဒ်ဖေါဟ်အ်လေင်• ဍေဖျုံဆိုဒ်ဖေါဟ်ထာခေါဟ်ဏံအိုဝ် လိုကောဝ်ကြေင်ဆိုဒ်ဖေါဟ်အ်ကှာဖိုင် စေမိုခိုင့်ဏံင်ယိက်သိုဝ် ကုက်မာဖေ့တယ် သာအဲလင်ဆိုဒ် ပိုဆိုဒ်ဖေါဟ်ခေါဟ်ဍောဟ်ဏာလာဲသီးမွာဲအ်ဟောဝ် အင်းတာင်သုဂ်ကျုံလင်ဖေ့ နက်လင်ဆုံပိုင်ကြိုင် ရုံကာဓါအ်ပွါမူဏံ ပိုင်ထို့အင်းခါန်ဆာသီးမွာဲအ်ဟောဝ် မေဝ်စိင်ဖေ့ လင့်အ်တာလိုဖး ဆိင့်ဖေ့ဝ့်ဟောဝ်အှာ ဖျုံင့်ဂုဏ်ဍာ ဏာဲစိုဝ်ရူးယောဝ်ဆိုင်လောတ်သာ ပိုဆိုဒ်ဖေါဟ် ဆိုဒ်စံင်သင့် ဍေပိုဒ်ဏံင်းထင်းသင့် ဗဟိုကဝ်မိုတိ(မဟာချံလှုင်•)သီးဏံအိုဝ် စာ်ဂုဏ်စာ်တာစးဍောဟ်ဍောဟ်လေံဏံ မိုလဝ်ဟိုင့် စးသာ မွာဲစိုဝ်ဆောဝ်လို။

အဲချိုဝ်သာထိင်• ပါဍောဟ်ယုဂ်ယာန်းစး ဖျုံဆိုဒ်ဖေါဟ်မောဝ်ဖါဂမှိုင်• ဍေခါန်စိုင်ဖေါဟ်ဂမှိုင်•သီးကိုဝ်ဟ့ာဍေဆာ်၊ ပိုသီးဝေ့ ဏံင်းထင်းသင့်မူဏံယိုဝ် အ်မိင်ဍောဟ်သ်ဖှာ မူလိုလင်နက်အေန်ပါယာ မွာဲဝေ့ဍး ဩဦးယုကိုဝ်လိုင်ဏံဒိ ခွါ့ဍးအိုဝ် ဍေခါန်စိုင်ဖေါဟ် ယှူးယှင်ဟ့ာင်ရှာ ဆုံကေ့စိုင်အ်ခေါဟ်ကျုံင် မွာဲကောဝ်အင်းစာသိုင့်စး ပိုဆိုဒ်ဖေါဟ်အ် စုဂ်အ်မှင်• အ်ဖဝ့်အ်သးလိုချုဏံလို။ စေပိုထို့ခါန်• ခါန်စိုင်ကံင်းမူဏံ ဍေဆုံဖံင်ဖေ့မူဏံသိုဝ်ဆောဝ်• ဖျုံဏံင်းထင်းသင့် မူဏံယိုဝ် ဟ်အေလဝ်ဍေမူဍောဟ်ပြေယုံင်သီး မိုမးကှးဏံမွာဲအေး ကောဝ်ခွိက်ဟ့ာင်ထို့ခါန်ဆုံဖံင်ဖေ့ခွါ့ဍးအိုဝ် ဖျုံဏံင်း ထင်းသင့်မူဏံယိုဝ် စေထို့ခါန်ခေါဟ်လေင်• ဟ့ယ့်ထင်းဖေ့ဟ့ာင်ဖေ့ရှာဍေအ်ဏာင့်ဆာသိုဝ် လိုခါန်ခေါဟ်ကြိုင်ဘမွာ အ်အိုဝ်သီး သင့်စိုင်ဖေ့စး ဆုံဖွိုင်အင်းဟ့ လိက်အင်းအုဂ်သယ်ဍုံဏံဆောဝ်လို။ "ဆုံဖံင်ဖေ့ဆိင်းပြင်၊ မင်စးဟ့ဝ်ယှီးဖါန် ဆုံသွ့ဝ့်ယှူးယှင်" ဟ်စာ်ဖေ့ကာပါလေမင်းသယ်လိုဖး ဟ့ယ့်မြောဟ်ယှာကျိုင့်ထင်း လိုခါန်ပွုံအ်ဍှယ်ဖိုင်ယိုဝ်ယုဂ်အ်ခေါဟ် ကျုံင် မွာဲဝေ့ဍး နက်လင်ဆုံပိုင်ကြိုင် ရုံကာဓါဆုံအ်ပွါမူဏံ ဟ်ကိုဝ်ဝေ့ "ဖျုံဏံင်းထင်းသင့်မူဏံ"ယိုဝ် ဍုဂ်ဏာဲသာသိ ဍးစးတယ်ကှာကှာင်းယုဂ်ဏံလို။

ပ်သီးဝေ့ ခါန်ႇပ်ုယင်ယိုဝ် ခါန်ႇအာယှမေႋထာခေါဟ်၊ ခါန်ႇအာယှမူႇထင်းမေႋထာခေါဟ် ဍေခါန်ႇအာယှမူႇထင်း ခဝ့်သယ်သီး အံ့စုံဆိုင်အံ့သာကှာ မွှဲလင်တွေင့်စွးတယ် မဟာဇျူဟာချုဂ်ပါင် အံ့ဝေ့ဍုး ထို့ခါန်ႇလ့ခါန်ႇဂဲ့လ့။ အံ့ဟှာင်ႇရှာ ဆဲင်းဆဲင်း မွှဲဟှယ့်ကဲထင်းအင်းလယ်သာ "ထိုဝ်စုဂ်သာဍေကောဝ်ကြင်ဆ့်ကဲထင်းအံ့ဖှံင်" (Globalization) အံ့ဋယ်ဖိုင် ပ်သီးဝေ့ထို့ခါန်ႇယိုဝ် လ့်ထီးယှင်ႇတံင်ဂံင်းဍုးခံင်ဓး ဍေ"ဆ့်ဓးဓောဝ်ႇသာဍောဟ်၊ အန္တရာယ်ဖါဍောဟ်" သီးဂဲ့လ့။ ခါန်ႇစိုင်ဖေါဟ်သီးကိုဝ်ဟှာဍေသီးပေှး ဟ်ဂင့်ဆာႇဆိုဒ်စံင်ဂုဂဲ၊ ဇတဲဂုဂဲခဝ့် ထင်းထဝ့်ဍောဟ်ယှာႇဟှင်၊ ဆ့်ယှို့လာခံင်ႇအယ်လ့ဖး ယောဝ်ခွါႇမှင်အံ့ဟှင်ႇ သာအဲဆိုဒ်ဆကှို့ထင်းအံ့ဟှင်ႇသီးဂဲ့ "ထံင်ကဝ်တူလ့်ဆင့် ခါန်ႇပ်ုယင်ဟှုင်ႇ နိုင့်ဟှင်ႇ"ဂဲ့ အံ့ကွာအံ့ဍောဟ်ဝေ့ ထ့်စုဂ်ဟ့်သာမိုင့်သီးဂဲ့ဆေဝ်ႇလ့။ ခါန်ႇစိုင်ဖေါဟ် ဆ့်ယှူပှင်သွဝ့်ယိုဝ် ပ်သီးဝေ့ ခါန်ႇပွုံအံ့ဟှင်ႇ မွှဲလ့်အံ့ခဝ့်လ့်သေ့ဓး ဆ့်ဖါဆ့်မာ "သို့ခေါဟ်မောတ်ခံင့် မိုင့်ဟှင်းခေါဟ်ယှံင်"ဂဲ့လ့။

အဲဍိုဝ်သာထိင်ႇ ပါဍောဟ်ယုဂ်ယာန်းဓး ဖှုံဆိုဒ်ဖေါဟ်မောဝ်ႇဖါႇဂမှိုင်ႇ ဍေခါန်ႇစိုင်ဖေါဟ်ဂမှိုင်ႇသီးကိုဝ်ဟှာဍေဆာ်၊ ထံင်ဖှာဆာ်မေႋလ့်ချုဂ် လင်တွေင့်အံ့လံင်းအံ့လာ ဍေဟှယ့်ကဲထင်းဟှာဟှံင်အင်းလယ်သာဖွဲ "ထိုဝ်စုဂ်သာယှိုင်ႇကောဝ်ကြင် ဆ့်ကဲထင်းအံ့ဖှံင်"(Globalization)အံ့ဋယ်ဖိုင်ဂဲ့ ပ်သီးဝေ့ ဆ့်အံ့သာယိုဝ် တံင်ဂံင်းဍုးခံင်ဓး ဍေဆ့်လ့်ထို့လ့်ဆာ ဓးဂဲ့ယုဂ်လ့။ လင်သာမဲဆ့်အင်းထာလ့်ဖးဂဲ့အိုဝ် လ့်ဆ့်မာနံ့မှာဂါ ဆင်းလင်စိုင်အံ့ကှာဂဲ့ ကးကးဟှယ်ဟှယ် မ့်ဓးတုင်ႇဆိုင့် ခင့်ဟှုထေံခွိုက်သီးဂဲ့လ့။ ဆ့်လင်ႇဍာကိုဝ်စံင်းဍေသီးဂဲ့ ဟှယ့်ဖှူဟှယ်ဍာင် မ့်ကှိုင့်ထင်းအံ့ဟှင်ႇ ဓေလ့်စီႇ သိုဝ် ဍေဆ့်ဆံင့်မံင်းတဝ်လံင် (Linear Thinking)ဂဲ့ ဓးစ့်ဆံင့်မံင်းမာ ဆ့်ဖါဆ့်မာလ့်ဖး ဓောဝ်ႇကဲဝေ့ ဂင်ႇမိုင် လိုင်အေး။ ဆ့်စ့်ဆံင့်မံင်းသယ်လ့်ဖး အေဂဲ့လုဂ်ဓးဟှဝ်ႇ ဍေခီထို့ကျံင်းမ မ့်ဓးထုင်ႇတွယ် "လ့်ဆ့်ဆံင့်မံင်းစ့်သာ" အံ့ကျုးဂဲ့ မ့်ဖံင်ဖေွခွိုက်ဝေ့လ့။ ပညာအံ့ခုံင်ႇဍောဟ်ယှာႇ/ထင်းထဝ့်ထေံဖါ ဆ့်သေ့ဓးအင်းပိုင်လင်ႇဍာ မူႇဆာ့လ့်ဂီယိုဝ် ဆ့်သေ့ဆ့်ဓးဗဟုသုတ လိုဝ့်ယှိုဟှံင် သုင်းသာပေှာဝ်အွှာ အံ့ယုဂ်ဓးယှို့လာ သုင်းချူသာပုင်ႇထ့်လုံ့စွးသ့်ကာ သာအဲဆိုဒ်တဝ်လံင် ဍေပ့်ဆိုဒ်ဖေါဟ် ဆိုဒ်စံင်သင့်မဝ့်မ့် ဖှုံဆိုဒ်ဖေါဟ်စူႇယှာ့ဂဲ့အိုဝ် ဖံင်ကိဂဲစူး မ့်ဓးအင်းတာင်သုဂ်ကှိုဖှေ့ဂဲ့ အံ့ကွာ အံ့ဝေ့ဍောဟ်မာႇလ့။

ဓးဂဲသာခေအံ့ဍုံင်စာ်ဇိုဝ် ပ်ဒ့်ဖှုံဂံင်းထင်းသင့် ဗဟိုကဝ်မတီယိုဝ် နုဂ်လင်မေင်စိင်ႇ ဖှုံဂံင်းထင်းသင့်မူႇ ဂီဂဲ့အိုဝ် မ့်ပှင်ဟှးသးယောဝ်ႇခွါႇဓးသာ ဆ့်ပ့်ယောဟ်အံ့ဝေ့အံ့ခေါဟ်ကျံင် ဍေ"ဖှုံဆိုဒ်ဖေါဟ် ဆိုဒ်စံင်သင့်"သယ်ဂဲ့ လုဂ်ခွါ နှိုဝ်လင်အံ့သင်းယှံင် သာစံင်အံ့ဟှုင်ႇနိုင့်ဂံင် မွှဲဝေ့ဍုး"ခင်ဆဝ်ဍုံမြိုင့်(ဝါ)အံ့ဖူ့အံ့ဍုံင်း" လ့်ချူဂဲ့လ့။ ထံင်ဂဲ့လ့်စွင် ထံင်ခင်ဆဝ်ဍုံမြိုင့်ဖိုင်အိုဝ်ဂဲ့ ဖှုံဆိုဒ်စံင်သင့်သီးဝေ့ ဖံင်းဖါမာဍိုင်ဆ့်မာ ဍေယှိုင်ႇကောဝ်ကြင်ခင်ဆဝ်ဍုံသယ်ဂဲ့ဟှံင် ဖှုံဆိုဒ်ဖေါဟ်အံ့လေင်ႇ ဓေအံ့ဟှုင်ႇနိုင့်ထို့ဆာမ့်ကဲသိုဝ် ပှင်ယောဝ်ႇခွါႇဓောဝ်ႇထာင်ကဲဂဲ့သီး လင်ဟ့်အင်းအုဂ်ဓးဍောဟ် မွှဲတ့်ယှာႇ မေင်စိင်ႇတဝ်လံင်ထို့ဆာဂဲ့လ့။

အဲဍိုဝ်သာထိင်ႋ ပါဍောဟ်ယုၢ်ယာန်းၜး ဖျံဆိုဒ်ဖေါဟ်မောဝ်ဖါဂမှိုင်ႋ ဍေခါန်ႋစိုင်ဖေါဟ်ဂမှိုင်ႋသီးကိုဝ်ဟှာဍေဆၥ်။ ခါန်ႋဍေဝ်ခံင်ဖေါဟ်သီးဓေ့ ဆိုဒ်ခံင်သင့်လုဲ်ဖး (Globalization) လုဲ်ဒီလွဝ်ဖင့်လၢၵ်ှ ဟ့်ၵၢင့်ဆာႋ ဆိုဒ်ဆအ့်လူႋပဲ့ို့လုဲ်ဖး လင်ဟ့်မာ လင်ဖိုဟ်လင်ဆင့်ဓေ့ၵၢင်ဆိုဝ်အေး။ ပုံဆိုဒ်ဖေါဟ် ဆိုဒ်ခံင်သင့်လုဲ်ဖးသီးဍုဝ် မေင်စိင်ႋအ့်တာ ဆိင်းဖှေ့ၥ်ွၵ်ဝယ် အဲဆိုဒ်ဆပ့်ယှာႋလုဲ်စီႋသီးဓေ့ ဍှောင့်အ့်အ့်တိုင်သိုဝ်(Globalization)ဒီလွဝ်လုဲ်ဖးၵၢ်ှအိုဝ် ထုၵ်ထင်းဍှင့်ဟှံင် ဖျံဆိုဒ်ဖေါဟ် အ့်လူႋပဲ့ို့လုဲ်ဖး ခေပ့်ထင်းထင့်သိုဝ် ပ့်ၜးကုၵ်မာဓေ့ဍုးၵၢ်ှလုဲ်။ ဖဝ်ႋမေင်စိင်ႋအ့်တာဆိင်းဖှေ့ၥ်ဍု် ဍေဝါဆိုဒ်ခံင်သင့်သယ်လုဲ်ဖး ထောဟ်ထင့်ဟှံင်ယှူ့ ပ့်ဟှယ့်တာင်လုဲ်ခါင့် ဆိုဒ်ခံင်သင့်လုဲ်ဖးၵၢ်ှအိုဝ် တ့်တွယ်စူးကိုဝ်ပျဝ်ခင့် ဖျံမေင်စိင်ႋၵၢ်ှ တၥ်ခေါဟ်လုဲ်ယှာ့ ပ့်ၜးလေဝ်ဟှိုင်ဖေ့်ခင့်  လင်ၜးဓေ့အ့်တာယုၢ်ၵၢ်ှလုဲ်။

ဖျံဆိုဒ်ဖေါဟ်ထိုင်ဆိုဒ်သာ့ဓေ့ တင့်လူႋတင့်ပဲ့ို့ အနုဍ္ဍထုၢ်ယှာ့စွးတယ် နုၵ်လင်မေင်စိင်ႋဆုံယှိ့လှာခံင်ႋအယ် မွှာဲဓေ့ဍုး ဖျံၵၢ်င်းထင်းသင့် မၢ်လှာစုံးပြေယှိုဝ် ခိဍှောဝ့်သယ်အင်းလယ်လှာႋၵၢင့် ထံင်အင်းလယ်သီး ထံင်ကဝ်တူ လုဲ်ဆင့် ပ့်ဟှုင်ႋခိုင့်တယ် ထိုခါန်ႋအ့်ဟှာင်ႋၵၢ်ှ ပုံသီးဓေ့ထံင်လုၵ်ရှါ မွှာဲမေင်စိင်ႋဖေ့်လင့်အ့်တာ ၜးကာင်သာဖဝ်ႋသုင်း သာလုဲ်ကာ အ့်ၵေ့်ပါဍောဟ်လူႋပဲ့ို့ဟှံင် အင်းလယ်ယှူ့ ယောဝ်ၵောဝ်ႋဆိုင်ကဲလှာႋၵၢ်ှ သာဆုံမူ့လှာႋဍောဟ် ရာႋခနာႋ ဖေ့်ၜး မွှာဲစိုဝ်ဆေဝ်ႋလုဲ်။ လောကပါလခ်ႋ အ့်လယ့်လိုင့်ပဲ့ို့ စိက္ဍာထင်းထင့်ဓေ့ ခါန်ႋပျုံယှိုဝ် ဍေခါန်ႋစိုင်ဖေါ ထိုင့်ဖူႋဝါဂမှိုင်ႋကိုဝ်ဟှာ အင်းတာင်ဆိုင်ဍှင့်ပေါဝ်အွာ ထံင်ကဝ်တူလုဲ်ဆင့် ခါန်ႋပုံယင်လုဲ်ခိင်း ဟှုင်ႋခိုင့်ၵၢံင်ကဲလှာႋဆၥ်ၵၢ်ှ အ့်ၵေ့်ဆုံတုင်ႋပါင်  ဆူးတံင်ႋဖေ့်ၜး မွှာဲစိုဝ်ဆေဝ်ႋလုဲ်ဆၥ်။

အ့်ဆံင်းလှာႋဆၥ်။

## ၂၇၅၁နံၣ် တၢ်မၤပှၤကညီနံၣ်ထီၣ်သီမူး လီၢ်ခၢၣ်သးကမံးတံာ် (တကူၣ်ဝ့ၢ်ဒိၣ်)

## တၢ်ကတိၤဒိၣ်လီၤတၢ် ဖဲကညီဒီကလုာ် နံၣ်ထီၣ်သီမူး ဘၣ်တၢ်ပာ်ဖျါအီၤ လၢကညီစှိၤကျိၥ်



စောသေးဂေးအား

ကညီဒီကလုာ်နံၣ်ထီၣ်သီ ၂၇၅၁နံၣ်, သလ့ၤလါထီၣ် (၁)သီ လၢကညီဖိဒီကလုာ်အဂီၢ်, စံၣ်စိၤနုာ် မ့ၢ်နံၤလီၤဆီ လုၢ်ဒိၣ်ပှၤဒိၣ် တနံၤအံၤ, လၢပကီၢ်စၢဖှိၣ်ပူၤဒီး သကုၤဆးဒးဟိၣ်ခိၣ်ဒၣ်လဲာ် မ်သူးသ့ၣ်လၤကပီၤတဖၣ် ကဘၣ်ပဝဲကိးဂၤနှၣ် မ့ၢ်တၢ်ထုကဖၣ်ဆၢဂ့ၤကတိၤဒိၣ်လီၤဘၣ်ယဲနှၣ်လီၤ. လၢကညီဒီကလုာ်အဂီၢ် မ့ၢ်နံၤလုၢ်ပှၤလီၤဘီလီၤမ့ၢ်ဝဲသတး **စံၣ်စိၤနုာ် ကညီနံၣ်ထီၣ်သီမ့ၢ်နံၤ, ဒီကလုာ် နီၣ်တယၢ် ဒီးဒီကလုာ်တၢ်သးဝံၣ်** ကအိၣ်ထိၣ်ထီလၢဟိၣ်ခိၣ်အံၤအဂီၢ် ပှၤလၢဂဲၤလိာ်တ့ၢ်ဝဲ ဒ်အမ့ၢ် ကညီခိၣ်နၢ်ဒိၣ် လၢအဲၣ်အပှၤကလုာ်တဖၣ်မ့ၢ်ဂ့ၤ, ပဒိၣ်လၢပာ်ပနီၣ်တၢ်ဘျၢ ဒ်ထံကီၢ်မ့ၢ်နံၤသဘျ့မ့ၢ်ဂ့ၤ, ကညီစၢၤသွဲၣ်သီတဖၣ် လၢဟ့ၣ်ထွဲဝံယိာ်တ့ၢ် ပှၤကလုာ် စံၣ်စိၤမူဒါတဖၣ် လၢတၢ်မၤနၢၤအပူၤတဖၣ်မ့ၢ်ဂ့ၤဒီး တၢ်မၤကညီဒီကလုာ်နံၣ်ထီၣ်သီမူး လီၢ်ခၢၣ်သးကမံးတံာ် (တကူၣ်ဝ့ၢ်ဒိၣ်) မ့ၢ်ဂ့ၤ စံးဘျုးစံးဖှိၣ်ဘၣ် အဝဲသ့ၣ်, ဟ့ၣ်ယူးယိၣ်ဒီး ကတိၤပာ်ဖျါဘၣ်ယဲနှၣ်လီၤ.

ကညီမိၢ်ဖိတဖၣ်ဒီး ကီၢ်စၢဖှိၣ်ပှၤကလုာ် လၢတၢ်အဲၣ်ယူးယိၣ်ဘၣ်သ့ၣ်သုဧၢ,

ဘီမုၢ်လၢဟိၣ်ခိၣ်ဒီဘ့ၣ်သ့ၣ်ညါအီၤ ဒ်မ့ၢ်တလီၤနုာ်, အဲးကလံး မၤလဲၢ်အိၣ်ကီၢ် ဒိၣ်စိဆၢကတီၢ်နှၣ် မ့ၢ်လၢကလုာ်ဒ့ၣ် တၢ်ယူတၢ်ဖိး အသဟိၣ်တၢ်ဒိးန့ၢ်အယိ ပဝဲကညီဒီကလုာ်နံၣ်ထီၣ်သီအံၤ ပဒိးန့ၢ်တ့ၢ်အီၤသတး မ့ၢ်ဝဲထံကီၢ်တၢ်မၤနၢၤ အသူအသၣ်တခါနှၣ်လီၤ. ကညီနံၣ်ထီၣ်သီမ့ၢ်နံၤအံၤ ပဘၣ်ပာ်လုၢ်ပာ်ပှၤအီၤ ထဲသိးဒီး ပကီၢ်စၢဖှိၣ်မ့ၢ်နံၤ ဒီးတၢ်သဘျ့ မ့ၢ်နံၤနှၣ်လီၤ. ဖဲတၢ်သဘျ့န့ၢ်ဖဲ ပကီၢ်စၢဖှိၣ်ပံၤဒီး ကီၢ်စၢဖှိၣ်ကိတိာ်ခိၣ်ကျၢၢ် ဟဲမၤလၤကပီၤ ကညီနံၣ်ထီၣ်သီမ့ၢ်နံၤ လၢအနီၢ်ကစၢ်ဒီး ဆျၢစ့ၢ်ကီးအလဲာ်ကွၢ်ယုၢ် ဆူနံၣ်ထီၣ်သီအပူး ဒၣ်လဲာ်နှၣ်လီၤ. **"တၢ်သဘျ့, တၢ်ထဲသိးတုၤသိး, လၢတၢ်ဘျၢဒီး တၢ်ခွဲးတၢ်ယာ်"**အံၤ ပာ်ဖျါထီၣ်ဝဲ ပကီၢ်စၢဖှိၣ်အိၣ်ဒီး ဟိၣ်ခိၣ်ဖိ ဂ့ၢ်ဝီခွဲးယာ် အလၢအပှဲၤလီၤနှၣ် မ့ၢ်ဝဲတၢ်အုၣ်သးဖဲ "ကညီနံၣ်ထီၣ်သီ" ဘမ့ၢ်နံၤအံၤ နှၣ်လီၤ.

ပမ့ၢ်ကွၢ်လၢ ဟီၣ်ခိၣ်ဂီ ထံရှၢ်ကီၢ်သဲးအတၢ်ထံၣ်ဒီး ပကီၢ်စၢဖိၣ်အိၣ်သူၣ်လီၤအသးလၢ ကီၢ်အ့ရှၣ်ဒိၣ် ကလံၤထံး, မ့ၢ်ထီၣ်တကပၤ ဖဲတၢ်လီၢ်တၢ်ကျဲ လၢအရှဒိၣ်ဝဲနူၣ်လီၤ. ဒ်ဟီၣ်ခိၣ်ဖျၢၣ်အတၢ်ထုးဖှိၣ် (Globalization) အကတီၢ်အသိး ပဝဲကီၢ်စၢဖိၣ်ဖိလံၤတဖၣ် ကွၢ်ဆၢၣ်မဲာ်ဘၣ် တၢ်တၤဒီး တၢ်ခွဲးတၢ်ယာ်တဖၣ် တဘျီယီနူၣ်လီၤ. ဖဲဟီၣ်ခိၣ်လၢ ပအိၣ်လၢအပူၤအံၤ အိၣ်ဂၢၢ်ကျၢၤအဖၢမုၢ် လၢပပှၤကလုာ်တၢ်လၤကပီၤ, ပလီၢ်ကဝီၤတၢ်လၤကပီၤ, တၢ်ပၢယာ်ပၢၤယာ် ပတၢ်ဆဲးတၢ်လၤဒီး တၢ်အဲၣ် ပှၤကလုာ်သးသ့ၣ်တဖၣ် ကမူဒါးဆူၣ်ထီၣ်အဂီၢ်နူၣ် မ့ၢ်ဝဲ တၢ်အရှဒိၣ်ထဲသိးတုၤသိးဒီးပသးသမူ လၢကီၢ်စၢဖိၣ်ကလုာ်ဒူၣ် ခဲလၢာ်အဂီၢ်နူၣ်လီၤ. ကလုာ်ဒူၣ်တဖၣ် တၢ်ထိၣ်ယူဖိးသးနူၣ် မ့ၢ်ဝဲပဝဲကိးဂၤ တၢ်သံတၢ်မူအနီၣ်ထိၣ်နူၣ်လီၤ.

ကညီမိၢ်ဖိတဖၣ်ဒီး ကီၢ်စၢဖိၣ်ပှၤကလုာ် လၢတၢ်အဲၣ်ယူးယီၣ်ဘၣ်သ့ၣ်သုဧၢ,

ဟီၣ်ခိၣ်ဖျၢၣ်တၢ်ပာ်ဖှိၣ်အံၤ ဆီတလဲတၢ်ချ့တုၤဒၣ်လဲာ် ပထံၣ်ချူးအီၤတသ့ခဲလၢာ်ဒီး တၢ်လီၤကမၢကမဉ်အံၤ ဟဲစိာ်ယုာ်နှ့ၢ်ပှၤ တၢ်တလီၤတံၢ်လီၤဆဲး လၢပပှၤကလုာ်တၢ်အိၣ်ဂၢၢ်ကျၢၤအဂီၢ် အါမးနူၣ်လီၤ. တၢ်ဆီၣ်သနံာ် တၤတၢ်တဖၣ် အပူၤဒၣ်လဲာ် ပဘၣ်ခီဖျိဒၣ်လၢ တၢ်ကီခဲယဲးစုၤနူၣ်လီၤ. လၢပတၢ်အိၣ်မူအဂီၢ် ပကဆိမိၣ်တၢ် ဒ်မ့ၢ်ဆ့ၣ်မုၢ်ဂီၤအသိးနူၣ် တနံၢ်လၢၤဘၣ်နူၣ်လီၤ. တၢ်သ့ဆိကမိၣ်ထံတၢ် ဒ်ခ့ခါဆၢကတီၢ်အသိး တခါဇိၤ ကဆှၢခီဖျိပှၤနူၣ်လီၤ. တၢ်သ့တၢ်ဘၣ်ဒီး တၢ်ကူၣ်သ့ ဒိၣ်စိခ့ခါခဲအံၤအယိ တၢ်သ့ၣ်ညါနၢ်ပၢၢ်ဒီး သးသဟီၣ်လၢအဆူၣ်တဖၣ် ကမ့ၢ်ဝဲတၢ်လၢ ပဘၣ်ဟ့ၣ်သါ ကညီစၢၤသွဲၣ်သိ လၢကသူၣ်ထီၣ်ပပှၤကလုာ် အခါဆူညါနူၣ်လီၤ. တၢ်မၤကညီဒိကလုာ် နံၣ်ထိၣ်သီလီၢ်ခၢၣ်သး ကမံးတံာ် (တကူၣ်ဝ့ၢ်ဒိၣ်) မ့ၢ်ဝဲဒိတဲာ်လၢ အပဉ်ဖျါထီၣ် ခိၣ်တယာ် လၢကညီစၢၤသွဲၣ်သိ ပှာ်ဘျုးစဲတခါ လၢအအိၣ်ဒီးတၢ်တိာ်ပာ် လၢကပၢပၢၤဒီသဒၢဒီး မၤပိာ်ထွဲ စံၣ်စိၤနုာ်ကညီနံၣ်ထိၣ်သီမုၢ်နံၤအဂီၢ်နူၣ်လီၤ. လၢနူၣ်အမဲာ်ညါ ပှာ်ဘျုးစဲဝဲအံၤ ဘျုးစဲဝဲတဆီဆူ ကညီစၢၤသွဲၣ်သိ ဟီၣ်ခိၣ်ဒိဘ့ၣ်တၢ်မၤသကိးအပှာ်ဘျုးစဲဝံၤ တၢ်ဒီသဒၢနှ့ၢ်တ့ၢ်စ့ၢ်ကီး ကညီဒိကလုာ်နိၣ် တယၢ်အံၤနူၣ် မ့ၢ်ဝဲစံၣ်စိၤနုာ် လၢအမၤထီၣ်ထီပပှၤကလုာ်အလၤကပီၤနူၣ်လီၤ.

**ကညီမိၢ်ဖိတဖၣ်ဒီး ကီၢ်စၢဖှိၣ်ပှၤကလုာ် လၢတၢ်အဲၣ်ယူးယီၣ်ဘၣ်သ့ၣ်သုဧၢ,**

ဒ်ကလုာ်ဒူၣ်စၢၤသွဲၣ်သိ လၢအိၣ်ဖျဲၣ်ထီၣ်ဖဲ ကီၢ်စၢဖှိၣ်ပူၤသိး, ဟီၣ်ခိၣ်ဖျၢၣ်အတၢ်ထုးဖှိၣ် လပီဒိၣ်အဖီလာ်, ပပှၤကလုာ် အတၢ်လုၢ်ဒိၣ်ပှၤဒိၣ်တဖၣ် တကြၢးလီၤဘံၣ်လီၤဘၢကွံာ်ဘၣ်နဲၣ်လီၤ. ဒ်စံၣ်စိၤနုာ် ပဖံပဖု လၢအအဲၣ်အပှၤကလုာ်သ့ၣ်တဖၣ် အိၣ်ဒီး တၢ်တူၢ်ခီၣ်ပာ်သး, တၢ်မၤလၢပှဲၤ မူဒါအသိး, ပဝဲစၢၤသွဲၣ်သီသ့ၣ်တဖၣ် ပကဒီးထီၣ် ဟီၣ်ခိၣ်ဖျၢၣ်အတၢ်ထုးဖှိၣ် လပီဒိၣ်သ့ၣ်တဖၣ် **ဒီးစိာ်ကဖီထီၣ် ကညီအတၢ်လုၢ်ဒိၣ်ပှၤဒိၣ်ခဲလၢာ်တက့ၢ်. ဒ်ပမၤပှဲၤပမူပဒါသ့ဒ်းအသိး, ပကသ့ထိၣ်ပသးဒီး** စၢၤသွဲၣ်လၢပမဲာ်ညါ ယုာ်ဒီးစၢၤသွဲၣ်သီသ့ၣ်တဖၣ် ဒီးဖိၣ်လိာ်ပစု လၢကညီတၢ်စံၣ်စိၤ ကလဲၤတၢ်ဆူညါ အဂီၢ်နဲ့ၣ် လိၣ်ဝဲလၢ **ဆၢကတီၢ်အံၤန့ၣ်လီၤ. ကညီဒီကလုာ်အဂီၢ် စံၣ်စိၤနုာ်တၢ်နုၢ်သါ လၢအမ့ၢ်ဝဲ တၢ်လုၢ်ဒိၣ်ပှၤဒိၣ် ကညီနံၣ်ထီၣ်သီအမူးအံၤ,** ခ့ခါဆၢကတီၢ် ကဆီတလဲဒၣ်ဝဲဘၣ်ဆၣ် ဖဲဟီၣ်ခိၣ်အံၤ အိၣ်ဂၢ်ဆိးကျၢၤဒံးအဖၢမုၢ်အံၤန့ၣ် ကညီနံၣ်ထီၣ်သီ ကအိၣ်ဂၢ်ကျၢၤ **အဂီၢ် မ့ၢ်စံၣ်စိၤဟ့ၣ်မူဟ့ၣ်ဒါ လၢပဂီၢ်အဃိ, မ်ပကပာ်လုၢ်ပာ်ပှၤအီၤ ဒ်ပသးသမူအသိးဒီး ဝံထီၣ်ယိာ်ထီၣ်ပဝဲ ကနုၢ်ကနၢၤအဂီၢ် မ့ၢ်တၢ်ထုကဖၣ် ဆၢဂ့ၤနဲ့ၣ်လီၤ.**

ဒ်ဟီၣ်ခိၣ်ခွဲးယာ်ဂ့ၢ်ဝီအလၢအပှဲၤ ဂုၤထိၣ်ပသီထိၣ်လၢကီၢ်စၢဖှိၣ်အသိး ဒီပုၢ်ဝဲၢ်ကလုာ်ဒူၣ်သ့ၣ်တဖၣ် ကဆီၣ်ပွဲ မၤစၢၤလိာ်သးဒီး အိၣ်ရှ့ၢ်အိၣ်ရိၤလိာ်သး သကိးသကိးအမဲာ်ညါ ဒ်ဟီၣ်ခိၣ်အိၣ်ဂၢ်ဆိးကျၢၤအသိး, ပကီၢ်စၢဖှိၣ်ကဘၣ် အိၣ်ဂၢ်ဆိးကျၢၤဝဲနဲ့ၣ် မ့ၢ်တၢ်တူၢ်ခိၣ်ပာ်လီၤပသးဒီး ထုကဖၣ်ဆၢဂ့ၤနဲ့ၣ်လီၤ.

ပှၤဖးဖျါထီၣ် - စီၤသ့ဂ့ၤအါ (စောသေးဂေးအါး)

---

ပှၤကွဲးကတဲာ်ကတီၤလံာ်
မါစီၤဘိးကၣ်မှ
၀၇. ၁၁. ၂၀၁၁

## ၂၇၅၁နံၣ်, ဆၢမၤလၤဖၣ် ဖျိၣ်နံၣ်ထူၣ်ဘၣ်ခရ့ၢ်မိရှါ (ဝံၤတခိၣ်)

## ဆၢချဲၣ်ဖျိၢ်ထူၣ်ဘၢဆဲၢ်ဖျိၣ်နံၣ်ထူၣ်ဘၣ်အဂဲး



စခဲလ်ဗင်အယ်

*လၢဆၢယူၢ်ယၢ်အဖၢၣ်, ပှဖျိၣ်မိဖါထၢၣ်ဖုဝဲဘံၢ် ဒဲခဲးပယၢ်ဖၢၣ် ခဲးဒီၢ်ထၢၣ်ဖုဝဲကိၢ်ဂၤဒ့ၢ်ဘံၢ်ဇ့,*

အဆိၢ်ထူ, ယမိချဲၣ်ဆိၢ်ဂ့ၤဆိၢ်ဘွၤ ဒဲချဲၣ်ဖျိၢ်ထူၣ်ဘၢဆဲၢ် ဆၢမၤလၤမၤဖၣ် ဖျိၣ်နံၣ်ထူၣ်ဘၣ် ၂၇၅၁နံၣ်, လၤဘလ့ၤထဲၢ်ခူဖိၢ်ထူၣ်(၁)ဘၣ် လၢအမွဲ ဖျိၣ်ထၢၣ်ဆါၤယါအမုနံၤလ့ၤဆၢ် ဒဲလူဒိၢ်ပွၤဒိၢ်လၢ အဘၢဆၢမၤလၤဖၣ်ဝ့ါလၢ ပခဲးပယၢ်ဖၢၣ်ထၢၣ်ဘံၣ်ယါ ဘဲါမုနံၤလၢပဘၢနုၣ်လန့ဘၢလနံၤယိၤနိၢ်လိၢ. ဆၢမၤလၤဖၣ် ဖျိၣ်နံၣ်ထူၣ်ဘၣ်ခရ့ၢ်မိရှါ(ဝံၤတခိၣ်)အဖုယိၤ အဲၢဒိၢ်ချဲၣ်လၤချဲၣ်ဖၣ်ဒဲ ချဲၣ်စံၢ်ခိးစံၢ်တၤဘၢ ကယဲပှဖျိၣ်ဂိၢ်နါဂံၢ်ကီးအလူ လၢအဂဲါထဲၣ်ဖိၢ်ဂုးထၢ် ဒဲဒၣ်ဒိၢ်ဆိၤစိၤဖျိၣ်နံၣ်ထူၣ်ဘၣ်ယိၤ လၢဆၢ်ဘၢလမၢ် ဘဲါအမွဲဖျိၣ်နံၣ်ထူၣ်ဘၣ်လၢဆၢဘၢနုၣ်လန့ဘၢ အမုနံၤ ဖျိၣ်အနိၢ်တၢၣ်ယါဒဲ ဖျိၣ်အဆၢဘံၢ်ပျဲၤ, ပုဆ့လၢ ပှဒိၢ်ပှမုဘံၢ်အီၢ်ကျၢဒိၢ်ဝ့ါ ဘဲါဆၢအီၢ်ထိလၢဆၢမၤလး (ရုံးပိတ်ရက်)အမုနံၤလနံၤအဝိၢ်ဆ့နိၢ်လိၢ.

*လၢဆၢယူၢ်ယၢ်အဖၢၣ် ပှဖျိၣ်မိဖါထၢၣ်ဖုဝဲဘံၢ်ဒဲ ခဲးပယၢ်ဖၢၣ် ခဲးဒီၢ်ထၢၣ်ဖုဝဲကိၢ်ဂၤဒ့ၢ်ဘံၢ်ဇ့,*

ပှဖျိၣ်အနံၣ်ထူၣ်ဘၣ်အမုနံၤယိၤ မွဲပှဖျိၣ်ဖိၢ်ကိၢ်ဂၤဒ့ၢ်, အဆၢဘၢလ့ၤပိၢ်ဒဲ ကျၢၢ်စံၢ်မၤပိၢ်လ့ၤ ဆၢအလံၣ်အလဲါ, အဘူအဘၢဂလံၣ်လိၢ. အ့ၢ်ပစံၢ်လၢမုနံၤလ့ၤဘၢ်ဘဲါခဲးပယၢ်အမုနံၤပျိၤဖျူ (လွတ် လပ်ရေး)အဝိၢ်နိၢ်ဘၢမၢဆ့အ့ၤ. လၢဆၢမၤလၤဖၣ် ခဲးပယၢ်နံၤပျိၤဖျူအထိ ခဲးခိၢ်ဒဲခဲးခိၢ်ဒိၢ်ဘံၢ် ပဲါယၢ် ဝ့ါဒဲဝိၢ်စိၤလံၤဆိၢ်ဂ့ၤဆိၢ်ဘွၤအဝိၢ်နိၢ် ပှဖျိၣ်နံၣ်ထူၣ်ဘၣ်အထိ ပန့ဘၢလံၤဆိၢ်ဂ့ၤဆိၢ်ဘွၤလၢ ခဲးခိၢ်ဒဲခဲးခိၢ်

ဒိၣ်ဝံၤအအိၣ်ဆ့လီၤ. ပှၤဖျိၢ်နံၣ်ထၢၣ်ဘၢယီၢ် မ့ၢ်တၢ်နဲၣ်လမံၢ်လၢ ခးပယှၢ်ခိၣ်နၢ်ဝံၤ ဒုးဖျါထၢၣ်တၢ်ဘၢလိၤပွၢ်ပီၢ် ဒ်တၢ်ပူၤတၢ်ပှၢ်လမံၢ်ဆ့လီၤ. ပှၤခးပယှၢ်ယီၢ် မ့ၢ်ခးလဘံၣ်လၢအဖျါထၢၣ်လၢ်ဆၢၣ်လၢ ခး(အ့ၢ်ရှၢ)မုထၢၣ်ဒ် လံၢ်ထံၣ်အနိၣ်ဖၢ်လီၤ. ပဘၢယိတၢ်ယၢတၢ်အခွၢ်အရှၢ် ဒ်တၢ်မၢ်ထံထနံၢ်မံၢ်လူ လၢဂၢ်ခိၣ်ချါထၢၣ် ဘံၣ်ယၢအဖၢ်ယီၢ်လီၤ. လၢတၢ်နိၤအကိၢ် ခးပယှၢ်ထၢၣ်ဘံၣ်ယၢအဖၢ် ခးဒိၣ်ဒ်တၢ်ကိၢ်တၢ်ဒ့ၣ် မိဘၢ ဖိၣ်ဂုၤထၤတၢ်အဲၣ်တၢ်ဆၤဒ် အတၢ်ဆၢးပံၢ်ဆၢးလၢ်, အတၢ်လှၢ်ထၢၣ်လှၢ်ထီၢ်ကိၢ်တၢ်ထိၣ်ဒ့ၣ်, ဝံၢ်ဂ့ၢ်, မၢၣ်ဂ့ၢ်, ခးဒိၣ်ဝံၤမိဘၢအိၤဒ် တၢ်ပူၤတၢ်ပှၢ်, လၢၥၢ်လဖျါပးအဖၢ်နိၤလီၤ.

*လၢတၢ်ယူၢ်ယၢ်အဖၢ် ပှၤဖျိၢ်မိဖါထၢၣ်ဖုဝဲဝံၤဒ် ခးပယှၢ်ဖၢ်ခးဒိၣ်ထၢၣ်ဖုဝဲကိၢ်ဂၢ်ဒ့ၣ်ဝံၤန့,*

ပှၤကိၢ်ဂၢ်ဒ့ၣ် ဘၢဒၢခိၢ်တၢ်ယၢ တၢ်အၢၣ်လဲၢ်ၥၢ်, တၢ်လှၢ်ၥၢ်မဲၤ, တၢ်လဂုၤလခၢၣ်ဘၢ အမံၢ်လၢအလးကိၢ်စိၣ်ဒ့ၣ်နိၤလီၤ. တၢ်ဝံၤလဖၢယီၢ် ကဲၤထၢၣ်တၢ်အၢၣ်ထၢ်ဖၢဒိၤလၢပဂး, လၢပှၤကိၢ်ဂၢ် ကိၢ်တၢ်ဒ့ၣ်ဘၢယိတၢ်ယၢအကိၢ် ပအိၤဒ်ဆိၣ်မိၣ်ဖံၢ်မၢ်တၢ်ဘဲၤထိလၢအဖိၢ်ခွံၤအဝိၢ် ၥ့ၤလၢ်အ့ၤ. ပဘၢလိၢ်ချူၢ်နူတၢ်ထိအတၢ်အၢၣ်လဲၢ်ၥၢ်ဝံၤလဖၢ ကိၢ်မံၢ်ဒ့ၣ်လီၤ. တၢ်ၥ့ၤတၢ်ဘၢ, အတၢ်လှၢ်ထၢၣ်လှၢ်ထီၤ အိၤလၢအနိၣ်ကိၢ်နိၣ်ဒ့ၣ်အကိၢ် ပဘၢထိးလှၢ်ပၥၢ်, အိၤဒ်တၢ်အၢၣ်ပၤအၢထၢၣ်တၢ်ၥ့ၤတၢ်ဘၢ, တၢ်အိၤကၢ့ ၥၢ်အတိၢ်ဒ် တၢ်အဲၤတၢ်အဲၤဆၤ အတၢ်လှၢ်ထၢၣ်လှၢ်ထီၤလၢယၢအဂးနိၤ မွဲပှၤကိၢ်ဂၢ်ဒ့ၣ် ဘၢကျူၢ်စၢၣ် ဆိၣ်ဆိၣ်လှၤနိၤလီၤ. တၢ်အဒိၢ်လမံၢ်မွဲဝ့ၤ ဘဲၤပှၤဖျိၢ်နံၣ်ထၢၣ်ဘၢခရံၣ်မိရှၤ (ဝံးတခိၢ်)ဖိၣ်ဂုၤထၤဒ်ဒ့ၢ်ဒိၢ်ဆိစိၢ် တၢ်မၢ်လၢ်မၢ်ဖ့ၢ် ပှၤဖျိၢ်နံၣ်ထၢၣ်ဘၢလၢ ခးပယှၢ်ထၢၣ်ဘံၣ်ယၢထိးတၢ်ဒ် အိၤကၢ့ဒိၤဝ့ၤအဝိၢ်နိၤ ပှၤဖျိၢ်ၥၢ်ဘၢ ခိၣ်နၢ်အၥၢဝံၤလဖၢ မိဘၢတဲၢ်ဝဲၢ်ၥၢ်ဒ် ၥ့ၤယၢဖိၣ်ဂုၤထၤ, မၢ်ပိၢ်လှၢ်တၢ်လၢတၢ်ဆၤ အတၢ်ဒိၤထၢၣ်ထိၤထၢၣ် လၢအနိၣ်ကိၢ်နိၣ်ဒ့ၣ် ပုဆ့လၢတၢ်မၢ်ပိၢ်လှၢ်တၢ်လၢ တၢ်ဂူၤဂၢ်လၢခးဒိၣ်ဖၢ်ယီၢ်နိၤလီၤ.

*လၢဆၢဃူၤဃၢ်အဖၢၤ, ပှၤဖျိၣ်မိၢ်ပၢ်ထၢၤဖှၣ်ဝဲသ့ၣ်ဒဲ ခးပယၢ်ဖၢၤ ခးဒီၣ်ထၢၤဖှၣ်ဝဲကီၢ်ဂၢ်ဒၣ်သ့ၣ်နှ,*

ထီးမၤလၤဘၢၤဒဲမၤလၤမါခွဲၤဘၢ ပှၤဖျိၣ်ထၢၤဆါၤယၢအလုၢ်အလၢ်, အဆၢသ့ၣ်ဆၢဘၢဒဲ အဆၢလှၤထၢလှၤထီၢလၢ ထီအၢလဲၤသၢ်ဖျဲလှ ဂၢခိၢ်ထၢၤဘၢၤယၢအဖၢၤယီၤလဂ့ၤ. ဘဲၢပှၤဖျိၣ်သၢ်ဘၢ ခိၢ်နါလၢထီအသၢလၢယၢအဝိၢ် ဖိၢ်ဂုးထၤမိဖါဖံၢဖူၤအဆၢဖှၢသၢလၢပန့ဘၢလဖၢယီၤ ဒဲကျၢ်စါၤမၤဂ ထၢဘၢထၢလၢယၢခီၢဆံၢ. လီၢဆ့လၢပမိဘၢမၤပီၢ်လၤဆၢလၢခိၢ်နါသံၢ လၢထီဘိၤနဲၢယီၤနိၢ်လီၢ. ဆၢၤထီဆၢအၢလဲၤသၢ်အ့ၢအိၢ်ထၢပွၤအံၤပွၤအိၤလၢပဂးလါနၢ ထီးဂၢခိၢ်အဆိၤထုၤနိၢ် ပှၤဖျိၣ်ဖိၢ်ကိၢ်ဂၤဒ့ၢ် မိဘၢအိၢ်က့ၢ်ဒိၢ်, ဖိၢ်ဂုးထၤ ဒဲဒၤဒိၢ်ဆိၤစိၤ ပှၤဖျိၣ်နံၢ်ထၢသၢလၢအလုၢ်ဒိၢ်ပွၤဒိၢ် အဆၢနူသၢယီၤ လၢပှၤဖျိၣ် ဖိၢ်လၢထီလၢယၢကိၢ်ထီဒ့ၢ်နိၢ်လီၢ. မ့ဲပှၤဖျိၣ်ဖိၢ်ကိၢ်ဂၤဒ့ၢ် ကကျၢ်စါၤဒဲအုၤလၤအိၢ်လၤသၢ်လၢ ကမၤပီၢ်လၤ ဆၢလၢသၢ်လဖျိပးအဖၢၤ လၢဆၢဒုၢ်လှၤထၢလှၤထီၢ, ပှၤဖျိၣ်ဆါၤဆၤ, ပုၤဆ့လၢခးဒီၣ်ဖၢၤ ဆါၤဂူၤဂၤ သံၢလၢဆၢဒုၢ်ဒိၢ်ထၢ ခးပယၢ်ထၢၤဘၢၤယၢထီးဂၢခိၢ်အဆိၤထုၤကကျၢ်နိၢ် မ့ဲယဆၢအၢက်ၤအၢယၢဒဲ ဆိၢ်ဂ့ၤဆိၢ်ဘွၤဘၢနသံၢ လၢဆၢခဲျၤလၢခဲၢ်ထုၤနိၢ်လီၢ. မ့ဲပှၤဖျိၣ်ဖိၢ်ကိၢ်ဂၤဒ့ၢ် နူဘၢဆၢမုၤဆၢရှူၢ စၢ်ထၢလၢ ပှၤဖျိၣ်နံၢ်ထၢသၢအမုလနံၤယီၤနိၢ်ဆံၢ.

## ကရင်အမျိုးသားနှစ်သစ်ကူးပွဲတော်၌

## ကရင်(၃)ဘာသာဖြင့် ပြောကြားသော နှုတ်ခွန်းဆက်စကား

**(မြန်မာဘာသာ)**

ချစ်ကြည်လေးစားအပ်ပါသော ကရင်မိတ်ပြည်သူများနှင့် ပြည်ထောင်စုဖွား တိုင်းရင်းသားပြည်သူအပေါင်းတို့ ခင်ဗျာ/ရှင်

**ကရင်အမျိုးသားထုတစ်ရပ်လုံးရဲ့ သမိုင်းဝင်နေ့ထူးနေ့မြတ်ကြီးဖြစ်တဲ့ ယနေ့လို ၂၇၅၁ ခုနှစ်၊ သလေးထိုင်ခုတ်ဖိုပြာသိုလဆန်း (၁) ရက်၊ ကရင်အမျိုးသားနှစ်သစ်ကူးနေ့ အခါသမယမှာ ပြည်ထောင်စုနိုင်ငံတော်တစ်ဝှမ်း၊ ကမ္ဘာနဲ့အဝှမ်းမှာ မင်္ဂလာကျက်သရေအပေါင်းနဲ့ ခညောင်းပါစေကြောင်း ရှေးဦးစွာ ဆုမွန်ကောင်းတောင်းပြီး နှုတ်ခွန်းဆက်သ အပ်ပါတယ်။ ကရင်တစ်မျိုးသားလုံးအတွက် တန်ဘိုးအနန္တ ထိုက်တန်လှတဲ့ သမိုင်းဝင်ကရင်နှစ်သစ်ကူးနေ့၊ အမျိုးသားအလံတော်နဲ့ အမျိုးသားသီချင်းကို ကမ္ဘာ့အလယ်မှာ ဝင့်ထည်စွာတည်ရှိအောင် စွမ်းဆောင်ပေးခဲ့ကြသော ကရင်မျိုးချစ်ခေါင်းဆောင်ကြီးများကို လည်းကောင်း၊ အစိုးရတရားဝင်ရုံးပိတ်ရက်အဖြစ် ပေးအပ်ပေးသော နိုင်ငံတော်အားလည်းကောင်း၊ သမိုင်းပေးတာဝန်များကို အောင်မြင်စွာလက်ဆင့်ကမ်း ထမ်းဆောင်လာခဲ့ကြတဲ့ ကရင်မျိုးဆက်သစ်အပေါင်းနဲ့ ကရင်နှစ်သစ်ကူးကျင်းပရေးဗဟိုကော်မတီ (မဟာရန်ကုန်) ကို ကျေးဇူးဥပကာရ အထူးတင်ရှိပါကြောင်း ဂါရဝပြု ပြောကြားလိုပါတယ်။**

ချစ်ကြည်လေးစားအပ်ပါသော ကရင်မိတ်ပြည်သူများနှင့် ပြည်ထောင်စုဖွား တိုင်းရင်းသားပြည်သူအပေါင်းတို့ ခင်ဗျာ/ရှင်

**ကျွန်တော်/မ တို့ရဲ့ ကရင်နှစ်သစ်ကူးနေ့ဟာ နေမဝင်အင်ပါယာလို့ ကမ္ဘာကျော်ခဲ့တဲ့ ဗြိတိသျှကိုလိုနီခေတ်အတွင်းမှာ တိုင်းရင်းသားစည်းလုံးညီညွတ်ခြင်းရဲ့ စွမ်းပကားနဲ့ ရယူနိုင်ခဲ့တဲ့ အမျိုးသားအောင်ပွဲ အသီးအပွင့်တစ်ခုဖြစ်ပါတယ်။ ကျွန်တော်/မ တို့နိုင်ငံရဲ့ ပြည်ထောင်စုနေ့နဲ့ လွတ်လပ်ရေးနေ့တွေလိုပဲ ကြီးမြတ်လှတဲ့ နေ့ထူးနေ့မြတ်ကြီးဆိုရင် မမှားပါဘူး။ လွတ်လပ်ရေးရပြီးကာလမှာ ကရင်နှစ်သစ်ကူးပွဲတော်ကို နိုင်ငံတော်ဝန်ကြီးချုပ်ကိုယ်တိုင်တက်ရောက်ချီးမြှင့်သလို နိုင်ငံတော်သမ္မတကြီးထံမှလည်း နှုတ်ခွန်းဆက်ဂုဏ်ပြုသဝဏ်လွှာ ပေးပို့ခြင်း ပြုခဲ့ကြပါတယ်။ "လွတ်လပ်ခြင်း၊ တရားမျှတခြင်း၊ ညီမျှခြင်း" ဆိုတဲ့ လောကပါလတရားဟာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အတွင်း ထွန်းကားနေပါတယ်ဆိုတာကို အစိုးရတရားဝင်ရုံးပိတ်ရက်အဖြစ် တည်ရှိနေတဲ့ "ကရင် အမျိုးသားနှစ်သစ်ကူးနေ့" က ထင်ရှားစွာ သက်သေပြနေပါတယ်။**

**ကျွန်တော်/မတို့ မြန်မာနိုင်ငံဟာ တောင်အာရှ၊ အရှေ့တောင်အာရှနဲ့ အရှေ့ဖျားအာရှတို့ရဲ့ ကြားမှာ အလွန်ထူးခြားစွာ မဟာဗျူဟာမြောက် တည်ရှိနေတဲ့ နိုင်ငံဖြစ်ပါတယ်။ အရှိန်အဟုန်ပြင်းထန်စွာ ပြောင်းလဲဖြစ်ပျက်နေတဲ့ "ကမ္ဘာ လုံးချီဆက်နွယ်မှုဖြစ်စဉ်" (Globalization) အတွင်း ကျွန်တော်/မတို့နိုင်ငံဟာ "မဟာအခွင့်အလမ်း" နဲ့ "မဟာအန္တရာယ်" တို့ကို တစ်ပြိုင်နက်တည်း ရင်ဆိုင်နေရပါတယ်။ မြန်မာတိုင်းရင်းသား လူမျိုးများအားလုံး မိမိတို့ရဲ့ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေး၊ ယဉ်ကျေးမှုအမွေအနှစ်များထိန်းသိမ်းစောင့်ရှောက်ရေး၊ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတို့ဟာ "ကမ္ဘာတည်သရွေ့ မြန်မာနိုင်ငံတည်ရှိရေး" အတွက် အသက်တမျှ အရေးကြီးလှပါတယ်။**

တိုင်းရင်းသား စည်းလုံးညီညွတ်ရေးဟာ ကျွန်တော်/မ တို့ပြည်ထောင်စုကြီးအတွက် "ရင်ရွှေထီး သေမြေကြီး" ကိစ္စလို မရှိမဖြစ် လိုအပ်ပါတယ်။

ချစ်ကြည်လေးစားအပ်ပါသော ကရင်မိတ်ပြည်သူများနှင့် ပြည်ထောင်စုဖွား တိုင်းရင်းသားပြည်သူအပေါင်းတို့ ခင်ဗျာ/ရှင်

မျက်မြေပြတ်လောက်တဲ့အလျင်၊ အံ့သြထိတ်လန့်ဖွယ်ထုထည်နဲ့ ပြောင်းလဲဖြစ်ပျက်နေတဲ့ ကမ္ဘာလုံးချိတ်ဆက်နွယ်မှုဖြစ်စဉ်ကြီး (Globalization) အတွင်း ကျွန်တော်/မ တို့ရဲ့ ဖြစ်တည်မှုများဟာ မသေချာမရေရာမှုများစွာနဲ့ ကြုံတွေ့နေရပါတယ်။ ခြိမ်းခြောက်စိန်ခေါ်မှုများစွာကို ဖိအားများကြားမှ ခက်ခဲကြပ်တည်းစွာ ရင်ဆိုင်တုံ့ပြန်ကျော်လွှားဖြတ်သန်း နေရပါတယ်။ အရာအားလုံးဟာ ဆက်လက်ရှင်သန်ရပ်တည်ဖို့အတွက် ယခင်တုန်းကလို သမားရိုးကျအဖြောင့်တွေး (Linear Thinking) နဲ့ ဆက်လက်တွေးခေါ် လုပ်ကိုင်သွားလို့ လုံးဝမရတော့ပါဘူး။ ခေတ်နှင့်လျော်ညီစွာ တွေးခေါ်စဉ်းစားနိုင်မှပဲ "စဉ်းပြီး စား" တာကို ခံရမယ့်ဘဝမှ လွတ်မြောက်နိုင်မှာပါ။ နည်းပညာတွေ ပေါက်ကွဲဖွံ့ဖြိုးပြီး ပညာကြီးစိုးတဲ့ ယခုလိုကာလကြီးမှာ ဗဟုသုတကြွယ်ဝပြီး လိမ္မာပါးနပ်ကာ စိတ်ဓာတ်တက်ကြွနိုးကြားထက်မြက်၍ မျိုးချစ်စိတ်ရင်းမှန်တဲ့ ကရင်မျိုးဆက်သစ်များဖြင့် ကရင့်အနာဂတ်ကို လက်ဆင့်ကမ်း တည်ဆောက်နိုင်ဖို့ လိုအပ်ပါတယ်။ သာဓကအနေနဲ့ဆိုရင် ကရင်နှစ်သစ်ကူးကျင်းပရေး ဗဟိုကော်မတီ (မဟာရန်ကုန်) ဟာ သမိုင်းဝင် ကရင်နှစ်သစ်ကူးနေ့ကို ကာကွယ်ထိန်းသိမ်း စောင့်ရှောက်ဖို့ဆိုတဲ့ "ကရင်မျိုးဆက်သစ်" များဖြင့် အမြဲတေပြုဖြစ်တည်ခဲ့တဲ့ "ကွန်ယက်အဖွဲ့အစည်း" တစ်ခု ဖြစ်ပါတယ်။ တဖန် ထိုကွန်ယက်အဖွဲ့အစည်းနဲ့ ကရင်မျိုးဆက်သစ်တို့ရဲ့ ကမ္ဘာလုံးချိကွန်ယက် ပူးပေါင်းကာ ကရင်အမျိုးသားအလံတော်ရဲ့ ဖြစ်တည်မှုကို ဆက်လက်ကာကွယ်ထိန်းသိမ်းနိုင်ခဲ့ခြင်းဟာလည်း စစ်မှန်သောသမိုင်းဝင် ဂုဏ်တက်ဖွယ် ဖြစ်ပါတယ်။


ချစ်ကြည်လေးစားအပ်ပါသော ကရင်မိတ်ပြည်သူများနှင့် ပြည်ထောင်စုဖွား တိုင်းရင်းသားပြည်သူအပေါင်းတို့ ခင်ဗျာ/ရှင်

ပြည်ထောင်စုဖွား တိုင်းရင်းသားတို့ရဲ့ မျိုးဆက်သစ်များအနေနဲ့ Globalization လှိုင်းလုံးများအောက်မှာ မိမိတို့ရဲ့ အမျိုးသားရေးတန်ဖိုးများကို မတိမ်မြုပ်စေသင့်ပါဘူး။ ကရင်မျိုးဆက်သစ်များအနေနဲ့ သမိုင်းပေးတာဝန် ကျေပွန်သွားခဲ့ကြတဲ့ ဘိုးဘေးကရင်မျိုးချစ်ကြီးများရဲ့ လမ်းစဉ်အတိုင်း Globalization လှိုင်းလုံးများကိုစီးပြီး ကရင့်တန်ဖိုးကို ဆထက်ထမ်းပိုး မြှင့်တင်နိုင်အောင် လုပ်ဆောင်သွားရမှာ ဖြစ်ပါတယ်။ သမိုင်းပေးတာဝန် ကျေပွန်နေဆဲ နှောင်တော်မျိုးဆက်များနဲ့ ရင်ပေါင်တန်းရပ်တည်ကာ နောက်မျိုးဆက်သစ်များကို လက်တွဲခေါ်ယူရင်း ကရင့်သမိုင်းကို ဦးဆောင်ချီတက်ဖို့ လိုအပ်ပါပြီ။ ကရင်တစ်မျိုးသားလုံးရဲ့ တန်ဖိုးအနဂ္ဃထိုက်တန်လှတဲ့ သမိုင်းဝင်ယဉ်ကျေးမှု အမွေအနှစ်ဖြစ်တဲ့ ကရင်နှစ်သစ်ကူး မင်္ဂလာပွဲတော်ကို ခေတ်တွေစနစ်တွေ ဘယ်လိုပဲပြောင်းပြောင်း ကမ္ဘာတည်သရွေ့ ဆက်လက်တည်တံ့နိုင်ရေးက ကျွန်တော်တို့အားလုံးရဲ့ သမိုင်းပေးတာဝန်ပဲမို့လို့ အသက်ထက်မြတ်နိုး တန်ဖိုးထားပြီး ပုခုံးပြောင်းသယ်ပိုးနိုင်ကြပါစေလို့ ဆန္ဒပြုဆုမွန်ကောင်း တောင်းလိုက်ပါတယ်။ လောကပါလတရား ပြည့်ဝစွာထွန်းကားတဲ့ ပြည်ထောင်စုကြီးကို ညီနောင်ရင်းချာ တိုင်းရင်းသားပြည်သူများနဲ့ ဒိုးတူပေါင်ဖက် ဝိုင်းဝန်းတည်ဆောက်ကြရင်း ကမ္ဘာတည်သရွေ့ မြန်မာနိုင်ငံတော် တည်တံ့နိုင်ပါစေကြောင်း အဓိဋ္ဌာန်ပြုဆုမွန်ကောင်း တောင်းအပ်ပါတယ် ခင်ဗျာ/ရှင် ။

နာယကကြီးများ၏ သြဝါဒခံယူပွဲမှ

# ကောက်နုတ်ချက်များ

၄-၁၂-၂၀၁၁



## ၁။ နာယကကြီးမန်းသာမြင့်

ကရင်လူမျိုးများဆင်းသက်လာပုံနှင့် ပတ်သက်၍ သမိုင်းမှတ်တမ်းများအရ တင်ပြလိုပါသည်။ မြန်မာ့စွယ်စုံကျမ်းတွင် "ကမ်းယံ" လူမျိုးမှ "ကရင်" လူမျိုးဟူ၍ ပြောင်းလဲလာကြောင်း။ တရုတ်လူမျိုးများက ၎င်းတို့၏ နွယ်တူလူမျိုးတစ်မျိုးကို "ယမ်း" ဟု ခေါ်ဆိုသဖြင့် တရုတ်ပြည် တိဘက်ဒေသမှ ဆင်းသက်လာသော "ကရင်" လူမျိုးသည် တရုတ်အနွယ် "ယမ်း" လူမျိုးစုဖြစ်ကြောင်း၊

ဆရာစောအောင်လှ၏ ကရင့်သမိုင်းစာအုပ်တွင် မွန်ဂိုအနွယ် ကရင်လူမျိုးများသည် တရုတ်ပြည်အလယ်ပိုင်းသို့ တဖုလို ဒေသမှတဆင့်ဝင်ရောက်လာပုံကို ဖော်ပြထားကြောင်း၊ ထိုမှတဆင့် သဲဝါများရှိသည့် တရုတ်ပြည် မြစ်ဝါမြစ်၊ ယန်စီမြစ်ဝှမ်းဒေသ တို့သည် ကရင်လူမျိုးတို့နေထိုင်ခဲ့သည့်ဇာတိမြေဟု ယူဆပုံများ။ ကရင်လူမျိုးများ၏ "ထား" ခေါ် ကဗျာလင်္ကာများတွင် ရေကြည်ရာ မြက်နုရာဒေသကိုလိုက်၍ တရုပ်ပြည်တောင်ပိုင်းဒေသ ယူနန်မှ တဆင့် မြန်မာပြည်သို့ ဝင်ရောက်လာသော ကရင်လူမျိုးများ၏ ရှေးလူကြီးသူမများနှင့် ၎င်းတို့ ဘုရားတရား ကိုင်းရှိုင်းပုံများကို သိရှိလေ့လာမှတ်သားရကြောင်း တင်ပြလိုပါသည်။



## ၂။ နာယကကြီး ဒေါက်တာအဲရစ်ပူးညို

ကရင်လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရန်အတွက် အခြေခံကျသော ကျန်းမာရေး စောင့်ရှောက်မှုပညာကို သိရှိနားလည်ပြီး လိုက်နာဆောင်ရွက်ကြရန် အရေးကြီးကြောင်းနှင့် ကျန်းမာမှ အလုပ်လုပ်နိုင်မှာဖြစ်လို့ မိမိတို့လူမျိုးတစ်ရပ်လုံး ကျန်းမာရေးကို လိုက်စားကြရန် တိုက်တွန်းမှာကြားလိုပါသည်။

## ၃။ နာယကကြီး နန့်မေရီစိန်



အသက်ကြီးရင့်နေပြီဖြစ်ကြသော နာယကကြီးများက ယနေ့ ကရင်လူငယ်မျိုးဆက်သစ်များကို မှာကြားလိုသည်မှာ-

ကရင်မိဘဘိုးဘွားများ၏ ကြိုးပမ်းဆောင်ရွက်ပေးခဲ့သော ဤကရင်နှစ်သစ်ကူးနေ့ အရှည်တည်တံ့နိုင်မြဲအောင် မိမိတို့က မျိုးချစ်စိတ်ဓာတ်ဖြင့် မိမိတို့၏လူမျိုးနှင့် တိုင်းပြည်အတွက် ညီအစ်ကိုတိုင်းရင်းသားများနှင့် စည်းလုံးညီညွတ်စွာနေထိုင်ကြပြီး ကရင်လူမျိုးတို့၏ လူမှုဘဝ အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်အောင် လူကြီးများ၏တာဝန်ကို ပုခုံးပြောင်းတာဝန်ယူသည့် လူငယ်များအဖြစ် တွေ့မြင်လိုပါသည်။

## ၄။ နာယကကြီး နော်ရှည်အေး



ကရင်အမျိုးသားအားလုံး စည်းလုံးညီညွတ်စွာဖြင့် မိမိတို့၏မွန်မြတ်သောရည်မှန်းချက် ပန်းတိုင်သို့ ရောက်ရှိရန်အတွက် ညီအစ်ကိုတိုင်းရင်းသားများနှင့် ချစ်ကြည်ရင်းနှီးစွာ နားလည်မှု ရရှိကြ၍ ခွင့်လွှတ်စိတ်များ ထားရှိကြပြီး တစ်ဦးနှင့်တစ်ဦး ချစ်ချစ်ခင်ခင်နှင့် လက်တွဲဆောင်ရွက်ကြပါရန် ပန်ကြားလိုပါသည်။

## ၅။ နာယကကြီး နော်ဂေးဒါဒွေးလ်



ယနေ့ လူငယ်များသည် ငယ်ရွယ်နုပျိုစဉ် စိတ်သွားတိုင်းကိုယ်ပါသည့် အချိန်၌ မိမိတို့၏ အကျိုးစီးပွားအတွက် ဆောင်ရွက်နိုင်သလို၊ မိမိတို့၏တိုင်းပြည်နှင့်လူမျိုး၏ အကျိုးစီးပွားကိုလည်း အချိန်ရသလောက် အတတ်နိုင်ဆုံးကြိုးစား၍ ဆောင်ရွက်နိုင်ကြပါစေကြောင်း ယနေ့ ကရင် လူငယ်များကို မေတ္တာရပ်ခံ ပန်ကြားလိုပါသည်။




## ၆။ နာယကကြီး စောဘော်ဒွင်ခိုင်ဦး

ယနေ့ကြွရောက်လာသည့် ကရင်အမျိုးသားများတွင် လူငယ်များကို တွေ့ရ၍ အားသစ်အင်သစ် ဖြစ်ပေါ် အားတက်မိပါသည်။

အခမ်းအနားတွင် ကရင်အမျိုးသားအလံတော်ကို အလေးပြုရာ၌ "ပဒိုး"၊ ကရင်အခေါ် "ကွယ်ကို မှုတ်၍ ဆက်သွယ်ကြရသည့် ရှေးကရင်လူမျိုးတို့၏ ဆက်သွယ်ရေးကိရိယာကို ယနေ့တိုင် အသုံးပြုနေကြပါသည်။

ယနေ့ခေတ်သည် ဆက်သွယ်ရေးနည်းပညာများ ထွန်းကားသည့်အတွက် ဘာသာစကား၊ စာပေ၊ တေးဂီတများကို ကွန်ပျူတာ၊ အင်တာနက်များဖြင့် ဆက်သွယ်လျက် ရှိနေကြပါပြီ။ ကရင်လူငယ်များသည်လည်း ခေတ်ပညာကိုလေ့လာလိုက်စားပြီး တစ်ဦးနှင့်တစ်ဦး အသိဉာဏ်များ ဖလှယ်၍ မိမိတို့၏ လူမျိုးတစ်ရပ်လုံး ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိဘဘိုးဘွားများ၏ ဆုံးမသြဝါဒများကို "ထား" ခေါ် ရှေးကရင်လူမျိုးတို့၏ ကဗျာလင်္ကာများမှ လေ့လာမှတ်သားပြီး စေတနာ၊ သတိ၊ ဝီရိယ (၃)မျိုးကို အရင်းတည်၍ ဆောင်ရွက်ခြင်းဖြင့် ကြံစည်လုပ်ဆောင်သမျှ အောင်မြင်မည်ဟု ရှေးလူကြီးများ၏ ဆုံးမစကားကို လိုက်နာမှတ်သားကြပါရန် ပန်ကြားလိုပါသည်။



## ၇။ နာယကကြီး မန်းစောမျိုးချစ်

ကရင်လူမျိုးများသည် မိမိတို့၏ ကရင်အမျိုးသားအရေးတွင် တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းလိုပါသည်။

မိမိတို့၏ ကရင်အမျိုးသားအလံကိုလည်း ဂုဏ်ယူစွာဖြင့် လွှင့်ထူကြစေချင်သည်။ ရှေးကရင်မိဘဘိုးဘွားများ၏ အပ်နှင်းပေးထားခဲ့သော အမျိုးသားအမွေအနှစ်ဖြစ်သည့် မိမိတို့၏ ဘာသာစကား၊ စာပေနှင့် ယဉ်ကျေးမှု ဓလေ့ထုံးတမ်းစဉ်လာများကို မြတ်နိုးစွာ ထိန်းသိမ်းစောင့်ရှောက်ကြပါ။ မိမိတို့ကရင်လူမျိုးများ၏အမည်ကို မှည့်ခေါ်ရာတွင်လည်း အမည်နာမရှေ့တွင် "စော၊ မန်း၊ နော်၊ နန့်" စသည်ဖြင့် ထည့်သွင်းမှည့်ခေါ်ကြပြီး စိတ်စေတနာ အပြည့်အဝအားဖြင့် အမျိုးသားစိတ်ဓာတ်ကို နိုးကြားတက်ကြွပြီး မိမိတို့၏ လူမျိုးတိုးတက်အောင် စည်းစည်းလုံးလုံး ညီညွတ်စွာဆောင်ရွက်ကြရန် မေတ္တာရပ်ခံ ပန်ကြားလိုပါသည်။

## ၇။ နာယကကြီး မန်းမောင်မောင်ဉာဏ် (လွှတ်တော်ကိုယ်စားလှယ်)



ကရင်လူမျိုးများ ကရင့်အမျိုးသားအရေးနှင့် အမျိုးသားရေးတန်ဖိုးကို သိစေချင်ပါသည်။

မိမိတို့ကရင် လူမျိုးများတွင် နိုင်ငံရေး ဝါသနာပါမှုနှင့် နိုင်ငံရေးလေ့လာလိုက်စားမှုအပြင် စီးပွားရေး စသည်ဖြင့် အဘက်ဘက်မှ လေ့လာလိုက်စားမှု အလွန်အားနည်းနေသေးကြောင်း တွေ့ရှိရပါသည်။

ကရင်လူမျိုးများ အဘက်ဘက်မှ တိုးတက်လာရန်အတွက် ကရင်လူကြီးများအားလုံး ကရင့်အမျိုးသားနိုင်ငံရေးကို လုပ်ကြရမည်။

မိမိတို့၏ ဖြတ်သန်းလာရသည့် သမိုင်းကြောင်းနှင့် နိုင်ငံရေးသမိုင်းကြောင်းများကို လေ့လာကြရမည်။ အမျိုးသားရေးအပေါ်တွင် အခြေခံ၍ စည်းလုံးညီညွတ်မှုကို တည်ဆောက်ကြရမည်။ တစ်ဦးနှင့်တစ်ဦး မတူညီမှုများ ရှိသော်လည်း အခြေခံအချက် ဘုံသဘောတူညီမှုအဖြစ် ကရင့်အမျိုးသားအရေးကို အခြေခံရန် အဓိကအရေးတကြီး လိုအပ်လျက်ရှိသည်။

ပြောင်းလဲနေသော ပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေမှုရှိရန်လည်း လိုအပ်လျက်ရှိသည်။ မြန်မာ့နိုင်ငံရေးနှင့် ကမ္ဘာ့နိုင်ငံရေး အခြေအနေများကိုလည်း မျက်ခြေမပြတ် လေ့လာနေရမည်။ ယနေ့ မြန်မာနိုင်ငံ၏ လွှတ်တော်တွင် တင်သွင်းသည့် ဥပဒေများနှင့်တကွ အင်အားကြီးနိုင်ငံများနှင့် ပုံမှန်ဆက်ဆံရေးကိုလည်း လေ့လာမှတ်သား၍ ပြန်လည်မျှဝေကြရမည်။

## ၉။ နာယက ပဒိုစောထွန်းအောင်မြင့် (ကရင်ရေးရာဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီး)



အဓိကပြောကြားလိုသည့်အချက်မှာ "စည်းလုံးညီညွတ်မှု" ရှိရန်ဖြစ်သည်။ အတွေ့အကြုံများစွာ ရှိကြသော်လည်း "မိကျောင်းမင်း၊ ရေကင်းပြခြင်း" မဟုတ်ဘဲ "ပညာရှိ သတိဖြစ်ခဲ့" သည်ကို သတိပေးခြင်း ဖြစ်ပါသည်။

ဘာသာစကား၊ တာဝေ၊ နေထိုင်ရာဒေသ မတူညီကွဲပြားသော်လည်း တစ်ခုတည်းသော တူညီသည့် စုစည်းမှုအဖြစ် "ကရင်နှစ်သစ်ကူးနေ့" သည် ကရင်တစ်မျိုးသားလုံးကို စုစည်းနိုင်သည့် တစ်ခုတည်းသော တရားဝင် "နှစ်သစ်ကူးနေ့" အဖြစ် ရရှိခဲ့ခြင်းက စည်းလုံးညီညွတ်မှုကို တည်ဆောက်ပေးခဲ့သည်။ ကရင်မိဘဘိုးဘွားတို့၏ ဂုဏ်ကျေးဇူးကို အမြဲအမှတ်ရနေကြရမည်။

စကောကရင်ဘိုးဘွားတို့၏ ဆုံးမစကားတွင် -

"မြေးမြစ်တို့ စည်းလုံးညီညွတ်ကြလော့၊ တိုင်းမကြီးများကို အတူတကွ မနိမကဝ် စုပေါင်းထူထောင်ကြလော့၊ ထူထောင်မှု ခိုင်မာလျှင် မိုးကောင်းကင် မြင့်သည့်တိုင် မလဲနိုင်ပါ။"

ပိုးကရင်ဘိုးဘွားတို့၏ ဆုံးမစကားမှာ -

"ညီညွတ်မှုရှိလျှင် ပင်လယ်ရေကိုပင် ကုန်ခမ်းအောင် ခပ်နိုင်မည်" ဟူ၍ ဆုံးမသြဝါဒ ပေးခဲ့ပါသည်။

၂၇၄၂ ကရင်နှစ်သစ်မဂ္ဂဇင်း



## ၁၀။ နာယကကြီး ပဒိုစောမာဗယ်

ကရင်နှစ်သစ်ကူးပွဲတော် ကျင်းပရာတွင်

(က) လုံခြုံရေးကိစ္စကို သတိပေး ပြောကြားလိုသည်။

လုံခြုံရေးနှင့်တကွ မူးယစ်သောက်စားမှုများ ရှောင်ကြရန်လည်း အထူးသတိပေးပါသည်။

(ခ) ကရင့်ကြေးမုံ ဆောင်းပါးများတွင် ကရင်လူမျိုးများ၏ ဘာသာစကား၊ စာပေများ ပျောက်ကွယ်မှာကို စိုးရိမ်ကြသည့် သတိပေးဆောင်းပါးများကို တွေ့ရသကဲ့သို့၊ စာပေသင်ကြားရာတွင် ဘာသာရေးအဖွဲ့အစည်းများကို ကရင်အမျိုးသားကိစ္စများတွင် သတိထားရှောင်ကြဉ်ကြရန် သတိပေးထားသည်ကို တွေ့ရပါသည်။

(ဂ) ကရင်စာပေသင်တန်းများတွင် ယခင်ကကဲ့သို့ ပြန်လည်ဖွင့်လှစ်သင်ကြားနိုင်ရန် အကြံပြုလိုပါသည်။ တစ်ချိန်တည်းတွင် မိမိတို့၏ သားသမီးများကိုလည်း ရှေးဟောင်းအတွေးခေါ်များနှင့် လွဲမှားသည့် အိမ်မက်ဆိုးများကို ဆက်လက်၍ လက်ဆင့်ကမ်း မပေးကြပါရန် မေတ္တာရပ်ခံ ပန်ကြားလိုပါသည်။



## ၁၁။ နာယကကြီး မန်းသက်စိုး

အကြံပေးအထောက်အကူပြု နာယကအနေဖြင့် အောက်ပါတို့ကို အကြံပေးလိုပါသည်။

လုံခြုံရေးကိစ္စကြောင့် အရက်သေစာ သောက်စားမှုများကို ရှောင်ကြဉ်ကြစေလိုပါသည်။

ဘဏ္ဍာငွေ အခြေအနေအရ ဝင်ငွေနှင့် အသုံးစရိတ်ကို ချိန်ဆ၍ ဆောင်ရွက်စေလိုပါသည်။

ပညာရည်ချွန်ဆုများကို ယခုထက်ပို၍ ချီးမြှင့်စေလိုပါသည်။

အဖွဲ့အစည်းအတွင်း လူမှန်နေရာမှန် ဖြစ်စေရန် အမှန်တကယ် လုပ်နိုင်သည့်သူများကို တာဝန်ပေးစေလိုပါသည်။

မိမိတို့ လူမျိုး၏အမည်ရှေ့တွင် " စော၊ မန်း၊ နော်၊ နန့်" ဟူ၍ ထည့်သွင်းမှည့်ခေါ်ကြပါရန်

ကောင်းကျိုးချမ်းသာရစေမည့် အချက် (၄)ချက်ဖြစ်သော

သမ္မဒါတရား (၄)ပါး အဖြစ် -

(၁) ကျွမ်းကျင်မှုရှိခြင်း

(၂) မိမိ၏ ဥစ္စာပစ္စည်းကို ထိန်းသိမ်းကာကွယ်နိုင်ခြင်း

(၃) မိတ်ကောင်းဆွေကောင်းရှိခြင်း

(၄) မိမိ၏ ဝင်ငွေနှင့်ထွက်ငွေကို ချိန်ဆနိုင်ခြင်း စသည့် အချက်(၄) ချက်ကိုလိုက်နာကြပါ။

နှစ်သစ်ကူးပွဲတော် ကျင်းပသည့် အခြေခံမှု (၅) ချက်ကို လိုက်နာ ဆောင်ရွက်ကြရန်ဟူ၍ အကြံပြုလိုပါသည်။



## ၁၂။ နာယကကြီး မန်းအောင်ကျော်လွင်

၁၉၆၄-ခုနှစ် မှစ၍ ကရင်နှစ်သစ်ကူးပွဲတော်ကျင်းပရေး ဗဟိုကော်မတီ၏ အခြေခံမူကို ချမှတ်ရာတွင် အဓိကအချက်မှာ

အမျိုးသားစည်းလုံးညီညွတ်ရေး (National Unity Drive) ပင် ဖြစ်သည်။ ထို့မှတဆင့် (Efficiency Drive) အမျိုးသားစွမ်းဆောင်ရည် မြင့်မားရေးကို တွန်းအားပေးခဲ့ပါသည်။ ထိုစဉ်အခါကပင်

"ညီလျှင် အောက်ကျမည်၊ အလျှင် နောက်ကျမည်" ဟူ၍ သတိပေးခဲ့ကြပါသည်။

ထို့ကြောင့် ကရင်အမျိုးသား အနာဂတ်အရေးကို စည်းလုံးညီညွတ်၍ စွမ်းဆောင်ရည်မြင့်မားသည့် အရည်အချင်းပြည့်ဝသော ကရင်လူငယ်များ၏လက်သို့ လွှဲပြောင်းပေးနိုင်ရန် ကြိုးပမ်းခဲ့ကြပါသည်။

ယနေ့ကရင်လူငယ်များသည် စီးပွားရေး ပညာရေး နိုင်ငံရေးမှအစ မျက်ခြေမပြတ် လေ့လာလိုက်စား၍ ရိုးသားမှု၊ ကြိုးစားမှုများဖြင့် မိမိတို့၏ စွမ်းရည်ကို မြှင့်တင်ကြရမည်။

တီထွင်ကြံဆမှုများနှင့်တကွ အဆင့်မြင့်ပညာရပ်များကို လေ့လာလိုက်စားသည့် စွမ်းဆောင်ရည်မြင့်မားသည့် ကရင်မျိုးချစ်လူငယ်များကို မပြတ်ပြုစုပျိုးထောင်ပေးရမည်။

ယခုလို နာယကကြီးများ၏ ဩဝါဒကို နာယူသကဲ့သို့ လူငယ်မျိုးဆက်သစ်များ၏ အမြင်နှင့် အကြံပြုချက်များကိုလည်း ထုတ်ဖော်နိုင်သည့် အခွင့်အလမ်းများကိုလည်း လမ်းဖွင့်ပေးခြင်းဖြင့် ကရင်လူမျိုးတို့၏ လူမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးကို တွန်းအားပေးဆောင်ရွက်စေလိုပါသည်။



## ၁၃။ နာယကကြီး စောကျော်အေး

မိမိ ယနေ့တက်ရောက်သော အခမ်းအနားတွင် ဝမ်းသာမှု (၂)မျိုး ခံစားရပါသည်။

(၁) လူငယ်မျိုးဆက်သစ်များကို တွေ့ရ၍ အားတက်ဝမ်းသာသလို -

(၂) မိမိတို့၏ ကရင်အမျိုးသားများ၏အကျိုးကို တရားဝင်ဆောင်ရွက်ပေးနိုင်သည့် ကရင်ရေးရာဝန်ကြီးဖြစ်သော ဝန်ကြီးပဒိုစောထွန်းအောင်မြင့်နှင့် လွှတ်တော်ကိုယ်စားလှယ် မန်းဇော်မောင်ဦးတို့ကို တွေ့မြင်ရ၍ ဖြစ်ပါသည်။

- တိုင်းပြည်နှင့်လူမျိုးကို ပထမတန်းစား ဖြစ်စေလိုလျှင် ပထမတန်းစား လူမျိုးများနှင့် တည်ဆောက်မှုရမည်။
- မျိုးဆက်သစ် ကရင်လူငယ်များ ပထမတန်းစား လူငယ် မျိုးဆက်သစ်များဖြစ်အောင် မိမိတို့ကိုယ် မိမိတို့ပြုစုပျိုးထောင်ကြပါ။
- ကျွန်ဖြစ်သည့်နိုင်ငံသည် လွတ်လပ်ရေးရရန် အလွန်ခဲယဉ်းသကဲ့သို့ လွတ်လပ်ရေး ရရှိပြီးသော နိုင်ငံသည်လည်း လွတ်လပ်ရေးကို အစဉ်တည်တံ့စေရန် ထိန်းသိမ်းဖို့ တာဝန်ကြီးလေးပါသည်။
- မိမိတို့၏ "ကရင်နှစ်သစ်ကူးနေ့" ကိုရရှိရန် ကြိုးပမ်းခဲ့သည့် ဘိုးဘွားတို့၏ ဂုဏ်ကျေးဇူးကိုအစဉ်သတိရလျက် ကရင်နှစ်သစ်ကူးနေ့ အစဉ်တည်တံ့နိုင်မြဲစေရန် နောင်မျိုးဆက်သစ်လူငယ်များ အစွမ်းကုန် ကြိုးပမ်းဆောင်ရွက်ကြရန် မေတ္တာရပ်ခံပန်ကြားလိုပါသည်။



## ၁၅။ နာယကကြီး မန်းသိန်းရွှေ

၁၉၃၁-ခုနှစ်၊ သန်းခေါင်းစာရင်းအရ မြန်မာပြည်လူဦးရေ(၁၅)သန်းအနက် ကရင်လူမျိုး(၁ .၄)သန်း၊ ၁၉၄၁-ခုနှစ်တွင်မြန်မာ

ပြည်လူဦးရေ (၁၇) သန်းတွင် ကရင်လူမျိုး(၁.၆) သန်းရှိခဲ့သည်။

ကရင်လူမျိုးများ နေထိုင်ပျံ့နှံ့ပုံကို လေ့လာလျှင်

ပြည်နယ် (၇) ခုအနက် -ရခိုင်၊ ချင်း ပြည်နယ်များမှလွဲ၍ ကျန်(၅) ပြည်နယ်တွင်နေထိုင်ကြပြီး တိုင်း (၇) တိုင်းတွင် မကွေး တိုင်းမှတပါး ကျန်(၆) တိုင်းတွင်နေထိုင်ကြသည်။

မဟာဗျူဟာလေ့လာရေး မှတ်တမ်းများအရ ကရင်လူဦးရေမှာ

တိုင်း(၆) တိုင်းတွင် (၂)သန်း နီးပါး

ကရင်ပြည်နယ်တွင် (၇) သိန်း ကျော်နှင့်

အခြားပြည်နယ်များတွင် (၃) သိန်းကျော်

နေထိုင်သဖြင့် မြန်မာပြည်တွင် ကရင်လူမျိုးလူဦးရေ (၃) သန်းကျော်ရှိပါသည်။

သမိုင်းမှတ်တမ်းများအရ မြန်မာပြည်တွင် ကရင်လူမျိုးများ မြစ်ဝကျွန်းပေါ်၊ တနင်္သာရီအထိ သရေခေတ္တရာ မပျက်မီ ကပင် ရောက်ရှိနေပြီး ဖြစ်သည်။ သမိုင်းမှတ်တမ်းတင်သည့် အချိန်မှစ၍ ပဒေသရာဇ်ခေတ်အထိ ကရင်လူမျိုးများ၏ ဘဝမှာ အလွန် ခေတ်နောက်ကျနေခဲ့ပါသည်။ ကိုလိုနီခေတ်တွင် ကရင်လူမျိုးများထဲတွင် ဒေါက်တာတီးသံပြာ၊ စောဆစ်ဒနီလူနီ၊ ဆာစံစီပိုးကဲ့ သို့ပုဂ္ဂိုလ်များ ခေတ်ပညာသင်ကြားလာသဖြင့် (၁၈၈၁)ခုနှစ်တွင် "ဒေါကလု" ကရင်အမျိုးသားအသင်းချုပ်ကို စတင်တည်ထောင်လာ နိုင်ခဲ့သည်။ ထို့ကြောင့် အမျိုးသားရေးအသိ နိုင်ငံရေးအသိကို နယ်ချဲ့လက်အောက် ကျရောက်ချိန်ကပင် စောစီးစွာ သိမြင်သည့် လူမျိုးတစ်မျိုးဖြစ်ပါသည်။


မည်သည့်ခေတ်တွင်မဆို စွမ်းဆောင်ရည်မြင့်မားသည့် ထက်မြက်သော ခေါင်းဆောင်ကောင်းများကို ပြုစုပျိုးထောင်နိုင်မှသာ လျှင် ညံ့ဖျင်းသူများ၏ အုပ်ချုပ်မှုကို ပြုပြင်ပြောင်းလဲနိုင်သည့် သာဓကများကို ကရင်လူမျိုးများ သင်ခန်းစာအဖြစ်သိမြင်ထားသင့်ပါသည်။



## ၁၄။နာယကကြီး မန်းသာရင်

ကရင်နှစ်သစ်ကူးနေ့ကို နှစ်စဉ် အောင်အောင်မြင်မြင် ကျင်းပနိုင်ရန်အတွက် ကရင်အမျိုးသားစိတ်ဓာတ်ဖြင့် အပင်ပန်းခံ၍ ဆောင်ရွက်လျက်ရှိကြသူများ အားလုံးကို ကျေးဇူးတင်ဂုဏ်ပြုသကဲ့သို့၊ နောင်နှစ်များမှာလည်း အောင်အောင်မြင်မြင် ကျင်းပနိုင်ရန် တက်ညီလက်ညီ ဝိုင်းဝန်းစုပေါင်း၍ ဆက်လက်ကြိုးစားဆောင်ရွက်ကြရန် မေတ္တာရပ်ခံ ပန်ကြားလိုပါသည်။

မန်းကျော်ညွန့် (တွဲဘက်အတွင်းရေးမှူး -၁)
(ကောက်နုတ်တင်ပြသူ)




# ကရင့်ကြေးမုံ ၏ စိန်ရတု မီးရှူးတိုင်

[ Life is no "brief candle" for me
It is a sort of splendid touch
which I have got a Brightly
as possible before handing it
on the future generation ]

George Beranrd shaw

"အနာဂတ်အရေးကို စည်းလုံးညီညွတ်၍
စွမ်းဆောင်ရည်မြင့်မားသည့် အရည်အချင်းပြည့်ဝသော
လူငယ်များ၏လက်သို့ လွှဲပြောင်းပေးအပ်နိုင်ရန် ကြိုးပမ်းခဲ့ကြပါသည်"

နာယကကြီး - မန်းအောင်ကျော်လွင်
(၄-၁၂-၂၀၁၁) နာယကဩဝါဒခံယူပွဲ

"ဘဝဟူသည်
တာထွက်ပန်းဝင် လျင်မြန်သောငွဲဖြင့် အားခဲယှဉ်ပြိုင်ရသော အလံကိုင်ပြေးပွဲမျိုး ဖြစ်သည်"

ကရင်လူမျိုး ကျွန်ုပ်တို့သည် ဘဝသဲစိုင် မီးရှူးတိုင်ကို အလံကိုင်ပြေးပွဲပမာ ခေတ်အဆက်ဆက် လက်ဆင့်ကမ်း သယ်ဆောင် ခဲ့ပါသည်။ ဆက်လက်၍လည်း သယ်ဆောင်ရပါဦးမည်။
ထိုသို့သယ်ဆောင်ရန်

- မည်သူတို့ကို လက်ဆင့်ကမ်းမည်နည်း။
- မည်သို့သော လမ်းကို ရွေးချယ်ဖြတ်သန်းမည်နည်း၊
  ဘဝဖြစ်အင် ခရီးစဉ်နှင့် လမ်းကြောင်းသွင်ပြင်ကို
  မျှော်မြင် တွက်ဆရပါ၏။

၁။ ယခုနှစ် ၂၇၅၂ သလေးထိုင်ခုတ်ဖို ပြာသိုလဆန်း (၁) ရက်သည် ကရင်အမျိုးသားနှစ်သစ်ကူးနေ့ ဖြစ်ပါသည်။

ဤနေ့သည် - မြန်မာသက္ကရာဇ် ၁၃၇၄ ခုနှစ်၊ ပြာသိုလဆန်း (၁) ရက်၊ ခရစ်နှစ်အားဖြင့် ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ (၁၂) ရက်နေ့ ဖြစ်ပါသည်။

ကျွန်ုပ်တို့၏ ကရင်ဘိုးဘွားများ မြန်မာနိုင်ငံအတွင်းသို့ နောက်ဆုံးအသုတ် ဝင်ရောက်အခြေချနေထိုင်သည့် BC ၇၃၉ မှ စတင်ရေတွက်ပါက ယခုဆိုလျှင် နှစ်ပေါင်း (၂၇၅၂) သက်တမ်းသို့ တက်လှမ်းရှိပြီးဖြစ်ပါသည်။

၂။ ထိုကာလအတွင်း ကရင်ဘိုးဘွားများသည် "ရေကြည်ရာ မြက်နုရာ" နှင့် "ဓားမဦးချ" ဒေသကိုရှာဖွေပြီး စိုက်ပျိုးမွေးမြူခြင်းဖြင့် ဘဝကို အစပျိုးခဲ့ပါသည်။

ထိုစဉ် "ထီဆေမေ့ရှာ" ကန္တာရ ခရီးကြမ်း၌ ဖြတ်သန်းရန်းကန်ခဲ့ရပုံများကို "ထား" လင်္ကာရှည်ဖွဲ့ဆိုပြီး နှုတ်တက် အာဂုံဆောင်ကာ ခံစားဆင့်ပွားခဲ့ပါသည်။ ထိုမှ တစ်ဆင့် အက္ခရာသင်ပုန်းကို တီထွင်ပြီး စာရေးနည်းအတတ်ပညာကို ဖန်တီးခဲ့ပါသည်။

၃။ လုံ့လပင်စည် အရင်းတည်ခဲ့သော ကရင်ဘိုးဘွားများသည် ခေတ်ပညာများ သင်ယူတတ်မြောက်လာသည်အထိ အောင်မြင်ထူးချွန်လာပြီး ကရင်လူမှုဘဝ တိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့ပါသည်။

(က) ၁၈၄၁ တွင် "ဆာတူဝေါ်" (The Morning Star မိုးသောက်ကြယ်) သတင်းစာကို စကောကရင်ဘာသာဖြင့် ထုတ်ဝေ၍ အသိပညာ ဖြန့်ဝေခဲ့ပါသည်။ စာနယ်ဇင်းတိုင်း ခေတ်သမိုင်းဆိုသည့်အတိုင်း ထိုသတင်းစာသည် မြန်မာနိုင်ငံတွင် ပထမဆုံး ပေါ်ပေါက်သော တိုင်းရင်းသတင်းစာဟု ဆိုစမှတ်ပြုကြပါသည်။ သမိုင်းမှတ်တမ်း တင်ခဲ့ပါသည်။

ကရင်နှစ်သစ်ကူး အသိအမှတ်ပြုခြင်းဥပဒေကြမ်း ၂၆/၁၉၃ ကို ၂-၈-၁၉၃၇ တွင် ထုတ်ပြန်ကြေညာပြီး ကရင်အမျိုးသားနှစ်သစ်ကူးနေ့ ပေါ်ပေါက်လာစေပါသည်။

(ခ) ၁၈၈၁ ခုနှစ်တွင် ကရင်အမျိုးသားခေါင်းဆောင် ဒေါက်တာတီသံပြာ ဦးဆောင်သော ဒေါကလူ(ခေါ်)ကရင်အမျိုးသား အစည်းအရုံး K.N.A (Karen National Association) ကို ဖွဲ့စည်းခဲ့ပါသည်။ ကရင်အမျိုးသားခေါင်းဆောင်များ ကြိုးပမ်းမှုကြောင့် ဗြိတိသျှကိုလိုနီ အစိုးရလက်ထက် ၁၉၂၂ တွင် ပိုးကရင်စာပေဖြင့် အလယ်တန်း၊ စကောရင်စာပေဖြင့် အလယ်တန်းအဆင့်ထိ သင်ကြားခွင့်ရရှိခဲ့ပါသည်။ ထို့ပြင် အင်္ဂလိပ်ကိုလိုနီခေတ် ၉၁ ဌာနအုပ်ချုပ်ရေးကာလတွင် ကရင် အထက်လွှတ်တော်အမတ် (၃) ဦး၊ ကရင်အောက်လွှတ်တော်အမတ် (၁၂) ဦးတို့၏ ကြိုးပမ်းမှုကြောင့် တရားဝင်ရုံးပိတ်ရက် ကရင်အမျိုးသားနှစ်သစ်ကူးနေ့ကို ၁၉၃၇ တွင် ရရှိခဲ့ပါသည်။

(ဂ) ကျွန်ုပ်တို့၏ဘိုးဘွား ကရင်အမျိုးသား ခေါင်းဆောင်ကြီးများသည် Our conviction is that our two million Karens have a significant part in Burma's destiny. လူဦးရေ (၂) သန်းကျော်မျှရှိသော ကရင်အမျိုးသားများသည် မြန်မာပြည်၏ ကံကြမ္မာကို ဖန်တီးရာ၌ အဓိက ကဏ္ဍမှ ပါဝင်နိုင်မည်ဟု ၁၉၃၈ ခုနှစ်၊ ဒီဇင်ဘာလ (၂၁) ရက်၊ ၂၆၇၈ သလေးထိုင်ခုတ်ဖို၊ ပြာသိုလဆန်း (၁) ရက်၊ ယနေ့ကရင်အမျိုးသားများ ဟူသော အသံနှင့်မိန့်ခွန်း THE VERY FIRST KAREN NEW YEAR DAY BROADCASTING SPEECH : THE KAREN TODY ဖြင့် မြွက်ကြား ကြေငြာခဲ့ပါသည်။ ယခုနှစ် ၂၇၅၂ တွင် ကရင်အမျိုးသားနှစ်သစ်ကူးနေ့သည် (၇၅) နှစ်မြောက် စိန်ရတုသို့ အောင်မြင်စွာ ရောက်ရှိခဲ့ပါသည်။

(ဃ) ဤသို့ဖြင့် ကျွန်ုပ်တို့၏ ကရင်ဘိုးဘွားများသည် ညီညွတ်စုဝေး နှလုံးသွေးဖြင့် သမိုင်းပေးတာဝန် ကျေပွန်ခဲ့ပါသည်။ ထို့ပြင် ကျွန်ုပ်တို့ မျိုးဆက်သစ်များကိုလည်း ထက်မြက်ရင်သန်သော ကောင်းမွေကိုလည်း အပ်နှင်းလျက်ရှိသည်။ တစ်နည်းအားဖြင့် နာယကကြီး မန်းအောင်ကျော်လွင် မိန့်ကြားသကဲ့သို့ စည်းလုံးညီညွတ်၍ စွမ်းဆောင်ရည် မြင့်မားပြီး အရည်အချင်း ပြည့်ဝသော လူငယ်များထံ အမွေကောင်း

များကို ပေးအပ်ကြရပါသည်။

ထိုအမွေသည် ဖယောင်းတိုင်တစ်တို၊ မီးစတစ်ညို မဟုတ်ပါ။

ဘိုးဘွားတို့ကိုယ်တိုင် စာရေးဆရာကြီး ဘားနဒ်ရှော ဆိုသကဲ့သို့ "ဘဝသည် ဖယောင်းတိုင်ကလေးမဟုတ်၊ ခံ့ညား သော မီးရှူးတိုင်ကြီးမျိုးဖြစ်သည်။ ယခု အခိုက်အတန့်၌ ကျွန်ုပ်၏ လက်ဝယ်ရှိနေသည်။ ယင်းမီးရှူးတိုင်ကြီးကို နောင်လာနောက်သားတို့အား လက်မကမ်းမီ အစွမ်းကုန် ထိန်ထိန်တောက်အောင် ကျွန်ုပ်ပြုလို " ကြပါသည်။

နှစ်သစ်စိန်ရတု မီးရှူးတိုင်သည် ကျွန်ုပ်တို့ ရှေ့ မှောက်တွင် ထိန်ထိန်ညီးလျက်ရှိပါသည်။ ကျွန်ုပ်တို့သည် ထိုမီးရှူးတိုင်ကို ပိုင်ပိုင်နိုင်နိုင်စွဲကိုင်၍ ပန်းတိုင်အရောက် လှမ်းတက်ရပါတော့မည်။ လမ်းတစ်ဝက်၌ မေးမှိန်၍မဖြစ် ဆက်လက် လင်းထိန်နေရပါမည်"

(c) ကရင်မျိုးဆက်သစ် ကျွန်ုပ်တို့သည် မီးရှူးတိုင်ကို သယ်ဆောင်ရန် မည်သည့်လမ်းကို ရွေးရပါမည်နည်း။

- မုလေးရှံ့ တောအစ

"ဒေါနလမ်း မြေညီညီလား"

- ရှင်ဘုရင် အရာကျရယ်က

မဆင်ချင် လာသမျှကိုတဲ့

ပော - အမိအရ ဖမ်းတာကြောင့်

တော အထိကရ ကြမ်းပါတဲ့

"ပေါရိသာရလမ်း"လား

တစ်နည်းအားဖြင့် လမ်းဆိုးလား လမ်းကောင်းလား လမ်းကောက်လား လမ်းဖြောင့်လား・・・

စူးစမ်းရွေးချယ်ရပါမည်။

ခရစ်ယာန် သမ္မာကျမ်းစာတွင် ရှောလုမုန်မင်းကြီးက ပညာသတိဖြင့် သွားရာလမ်းကို သိရသည်။

သွားရာလမ်းကို စူးစမ်း၍ တည်ကြည်ခြင်း ရှိရ မည်ဟု (သုတ္တံ Proverbs) ဖြင့် လမ်းညွှန်ထားပါသည်။

ထို့ပြင် ရွှေဟင်္သာဆရာတော်ဘုရားကြီးက

လောကအကျိုး ရွယ်သယ်ပိုးက

ခနိုးခနဲ့ ဆိုကဲ့ရဲ့လည်း

"မရွဲ့မစောင်း ကိုယ်လမ်းကြောင်း" ဖြင့်

စိတ်ကူးနှင့်ယှဉ်

ရှေးရှုနှင်လော့။

ဟု ဆုံးမသွန်သင်ထားပါသည်။

ထို့ကြောင့် ကျွန်ုပ်တို့ ကရင်မျိုးဆက်သစ်များသည် အမွေကောင်းအမွေမြတ်ဖြစ်သော စိန်ရတုမီးရှူးတိုင်ကို ကရင်ဗီဗီ လုံ့လ၊ သတိ၊ သတ္တိ၊ သစ္စာရှိရှိဖြင့် လမ်းကောင်း လမ်းဖြောင့်အတိုင်း ညီညွတ်ငြိမ်းချမ်း သာယာသော ပန်းတိုင်သို့ သယ်ဆောင်ချီတက်ကြပါစို့ဟု လေးနက်စွာ အဓိဋ္ဌာန်ပြု ပါ၏။

၂၇၅၂ ခုနှစ်၊ ကရင်အမျိုးသားနှစ်သစ်ကူးနေ့ စိန်ရတု အခါသမယတွင်

ကရင်မိဘပြည်သူအပေါင်း တိုင်းရင်းသားညီအစ်ကို မောင်နှမအပေါင်း ကမ္ဘာသူ ကမ္ဘာသားအပေါင်း ကျန်းမာချမ်းသာ ကောင်းချီးမင်္ဂလာ အဖြာဖြာဖြင့် ကျက်သရေအပေါင်း ခ ညောင်းပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သအပ်ပါ၏။

အယ်ဒီတာ

ကရင်နှစ် ၂၇၅၂ သလေးထိုင်ခုတ်ဖို၊ ပြာသိုလဆန်း (၁) ရက်
မြန်မာသက္ကရာဇ် ၁၃၇၄၊ ပြာသိုလဆန်း (၁) ရက်
ခရစ်နှစ် ၂၀၁၃၊ ဇန်နဝါရီလ (၁၂) ရက်



အောင်မြင်မှုအခွင့်အလမ်းကို
အားအင် (၃) ခု ဖြင့် ဖြည့်စွမ်းနေရပါသည်။
ထိုအားအင်အား (၃) ခုမှာ

| | | |
|---|---|---|
| ကာယအား | - | တစ်တပ်တစ်အား ကျရာနေရာမှ ပါဝင်မှု |
| ဉာဏအား | - | တွေးခေါ်မြော်မြင် ကြိုတင်စီစဉ်မှု |
| ဘဏ္ဍာအား | - | ကရင်မိဘပြည်သူများ၏ အားတက်သရော လှူဒါန်းမှု |

ထိုအားအင် အင်အား (၃) ခုကို အခြေပြု၍ အောင်မြင်မှုအခင်းအကျင်းဖြင့် နှစ်သစ်ပွဲတော်ကို နှစ်စဉ်ကျင်းပ နေနိုင်ခြင်း ဖြစ်ပါသည်။

# ကရင်မိဘပြည်သူများထံ စုပေါင်းအလှူခံထွက်ခြင်း

နှစ်သစ်စိတ်ဓာတ်သည် ကရင်မိဘပြည်သူများနှင့် နှစ်သစ်/ဗဟို၏ ဆုံမှတ်ဖြစ်သည်။

ကျွန်ုပ်တို့ နှစ်သစ်/ဗဟို ကော်မတီသည် ကရင်အမျိုးသား နှစ်သစ်ကူးပွဲတော်ကို အမျိုးသားရေးအသိ၊ ယဉ်ကျေးမှု အနှစ်သာရရှိရှိဖြင့် နှစ်စဉ် ကြိုးပမ်းကျင်းပလျက် ရှိပါသည်။ ဤပွဲတော်သို့ ကရင်မိဘပြည်သူတစ်ရပ်လုံး ပါဝင်ဆင်နွှဲနိုင်ရေးကို အမြတ်တနိုး တန်းဖိုးထားပါသည်။ ထို့ကြောင့် နှစ်စဉ် နှစ်သစ်ကြိုကာလ (အောက်တိုဘာလ) မှစ၍ ကရင်မိဘ ပြည်သူများထံ စုပေါင်းအလှူခံထွက်ခြင်း၊ နှစ်သစ်ဖိတ်စာ ပေးအပ်၍ နှုတ်ခွန်းဆက်သခြင်းများ အစဉ်အမြဲ ပြုလုပ်ပါသည်။ ထိုအခါ ကျွန်ုပ်တို့အပေါ် ကရင်မိဘပြည်သူများ၏ လှိုက်လှဲနွေးထွေးစွာ ခရီးဦးကြိုပြုခြင်းသည် ကျွန်ုပ်တို့ကို အားသစ်ဖြည့်လောင်းပေးသည့် နှစ်သစ်အရည်အသွေး ဖြစ်ပါသည်။

ကရင်မိဘပြည်သူများထံ နှစ်သစ်ဖိတ်စာ ပေးအပ်သည်နှင့် တစ်ပြိုင်နက် သဒ္ဓါတတ်အား နည်းများမဆို အလှူငွေ ထည့်ဝင်ကြပါသည်။

နာယကကြီးများနှင့် အဖွဲ့ဝင်များ ကျန်းမာပါရဲ့လား။ ဒီနှစ်မှာ ဒေါနတောင်ခြေက ကရင်ယဉ်ကျေးမှုအဖွဲ့ လာမယ်လို့ သတင်းကြားတယ်။ ကရင့်ရိုးရာ လက်ရည်ယှဉ်ပွဲကို အင်းစိန် မီးရထားအားကစားကွင်းမှာပဲ ကျင်းပမှာလား စသည်ဖြင့်...

ကရင်မိဘပြည်သူများ၏ အမေးကို ကျွန်တော်တို့အနေနှင့် လေးစားစွာ ဆွေးနွေးဖြေကြားပေးရသည်မှာ နှစ်အဆက်ဆက်ပါ။

**နှစ်သစ်ကူးပွဲတော်အတွက်…**

(၁) သိန်းချီ၍လှူသူလည်း အလှူရှင် ဖြစ်ပါသည်။ (အင်တိုက်အားတိုက် လှူဒါန်းကြပါသည်။)

(၂) နှစ်သစ်မုန့်ဦးဝဠ ကရင့်ရင်ထိုးအလံလေး အမှတ်တရ ထိုးပေးစဉ် တစ်ဆယ်၊ နှစ်ဆယ်ကျပ် လှူသူများလည်း အလှူရှင် ဖြစ်ပါသည်။ (ကြိတ်ကြိတ်တိုး လှူဒါန်းကြပါသည်။)

ဤသည်မှာ ကရင်မိဘ ပြည်သူများ၏ ကရင်အမျိုးသားနှစ်သစ်ကူးပွဲတော် အဓွန့်ရှည် အောင်မြင်ရေး အတွက် ထားရှိသည့် ထက်သန်သောစေတနာ သဒ္ဒါအားကို မီးမောင်း ထိုးပြလိုက်ခြင်း ဖြစ်ပါသည်။

ထို့ကြောင့် ကျွန်ုပ်တို့ နှစ်သစ်/ဗဟို အနေနှင့် ကရင်မိဘပြည်သူများကို အဓိက "အား" ပြုကာ နှစ်စဉ်နှစ်ဆက် ကရင်နှစ်သစ်ကူးပွဲတော် အဓွန့်ရှည်အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် အားသွန်ခွန်စိုက် ကြိုးပမ်းနေကြခြင်း ဖြစ်ပါသည်။

ကရင်အမျိုးသားနှစ်သစ်ကူးပွဲတော် ကျင်းပရေးဗဟိုကော်မတီ (မဟာရန်ကုန်) မှ ကြီးမှူးသော သလေးထိုင်ခုတ်ဖို ပြာသိုလဆန်း (၁) ရက်၊ ကရင်အမျိုးသားနှစ်သစ်ကူးနေ့သည် ထိုသို့ ကရင်မိဘပြည်သူများ၏ ထက်သန်သောမျိုးချစ်စိတ်၊ လေးနက်သော အဓိဋ္ဌာန်တို့ဖြင့် ဤသို့ကူညီပံ့ပိုးပေးမှုကြောင့် နှစ်စဉ် စည်ကားသိုက်မြိုက်နေရခြင်း ဖြစ်ပါသည်။

ကရင်မိဘပြည်သူများသည် မိုးမလင်း အရဏ်မကျင်းမီကပင် ကရင်အမျိုးသားအလံတော်တင် အခမ်းအနားကျင်းပမည့် စင်မြင့်ရှေ့သို့ နိုးကြားတက်ကြွစွာ စုရုံးရောက်ရှိလေ့ ရှိကြပါသည်။ ဤမြင်ကွင်းမှာ ကျွန်ုပ်တို့နှစ်သစ်/ ဗဟို၏ ဖိတ်ကြားလွှာနှင့် ကရင်မိဘပြည်သူတို့၏နှစ်သစ်စိတ်ဓာတ်ထင်ဟပ်မှု အမှတ်အသား ဖြစ်ပါသည်။

ထို့ကြောင့် ကျွန်ုပ်တို့အနေနှင့် ကရင်မိဘ ပြည်သူများထံ စုပေါင်းအလှူငွေ ကောက်ခံရာတွင် အလှူငွေရရှိရေး တစ်ခုထဲကိုသာ အဓိကမထား၊ မဟာရန်ကုန်နယ်နိမိတ်အတွင်းရှိ ကရင်အမျိုးသားအားလုံး၏ လှိုက်လှဲထက်သန်သောစေတနာဖြင့် တတ်အားသမျှ ထည့်ဝင်သော အလှူငွေကိုသာ အဓိက ထားပါသည်။

အဘယ်ကြောင့်မူ နှစ်သစ်ကူးပွဲတော်ကို ယခင်က ကျင်းပခဲ့ရာတွင် အချို့ဒေသများသည် အနှစ်သာရပြည့်ဝစွာ မကျင်းပနိုင်သောကြောင့် ဖြစ်ပါသည်။ အချို့မှာ ချမ်းသာကြွယ်ဝသော လက်တစ်ဆုပ်စာလူတစ်စုက ပုဂ္ဂိုလ်ရေးအမြတ်ထုတ် လိုမှုအတွက် ဦးဆောင်ကျင်းပခြင်း၊ နိုင်ငံရေးဝါဒဖြန့်ရာ စင်မြင့်အဖြစ် အသုံးချခဲ့သောကြောင့်…

(က) အမျိုးသားယဉ်ကျေးမှုပွဲတော်၏ အသွင်လက္ခဏာ မှေးမှိန်စေခြင်း

(ခ) အမျိုးသားထု၏ ဂုဏ်သိက္ခာကို ညှိုးနွမ်းစေခြင်း… စသော ယွင်းပျက်မှု အကျိုးဆက်များသာ သက်ရောက်ခဲ့ပါသည်။

ထို့ကြောင့် ဗဟိုကော်မတီသည် သမိုင်းဖြစ်စဉ်များကို သင်ခန်းစာယူ၍ နှစ်သစ်ကူးပွဲတော်ကို အမျိုးသားထုတစ်ရပ်လုံးက စုပေါင်းပါဝင်၊ စုပေါင်းဆင်နွှဲသည့် ရိုးရာပွဲတော်အဖြစ် ကျင်းပနိုင်ရန် နည်းလမ်းများ ရှာကြံခဲ့ပါသည်။ ပွဲတော် ကျင်းပရာတွင် အခြေခံထားရမည့် မူ (၅) ချက်ကို ချမှတ်ခြင်းနှင့်အတူ ကရင်မိဘပြည်သူများထံ စုပေါင်းအလှူငွေကောက်ခံခြင်းနှင့် ပတ်သက်၍ ရည်ရွယ်ချက်များထားရှိ ကျင့်သုံးရပါသည်။

**ရည်ရွယ်ချက်များမှာ ဗဟိုကော်မတီသည်**

(၁) မဟာရန်ကုန် နယ်နိမိတ်အတွင်းရှိ ပြန့်ကျဲနေသော ရပ်ကွက်ပေါင်းစုံနေ ကရင်မိဘပြည်သူများထံ ကိုယ်တိုင်ကိုယ်ကျ ရောက်ရှိပြီး တရင်းတနှီးနှုတ်ဆက်မှုဖြင့် နှစ်သစ်ဖိတ်စာဝေငှကာ နှစ်သစ်ပွဲတော် ဆင်နွှဲရန်နီးကပ်လာပြီဖြစ်ကြောင်း အသိပေး နှိုးဆော်ရန်

(၂) နှစ်သစ်ပွဲတော် အစီအစဉ်များကို ကရင်မိဘပြည်သူများ သိရှိပြီး နှစ်သစ်ပွဲဆင်နွှဲဖို့ကြိုတင်ပြင်ဆင်နိုင်ကြရန်

(၃) ၂၀၁၁ ခုနှစ်၊ နှစ်ပတ်လည်စုံညီ အစည်းအဝေးမှ တညီတညွတ်တည်း ရွေးချယ်တင်မြှောက်ဖွဲ့စည်းသော နာယကကြီးများ၊ ဗဟိုကော်မတီဝင်များ၊ ဆပ်ကော်မတီဝင်များ စာရင်းကို နှစ်သစ်ဖိတ်စာတွင်

ထည့်သွင်းဖော်ပြပြီး ဗဟိုကော်မတီသည် နှစ်သစ်ပွဲ အောင်မြင်ရေးအတွက် တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်နေကြောင်း ကရင်မိဘ ပြည်သူများထံ အသိပေးရန်

(၄) စုပေါင်းအလှူငွေ ကောက်ခံထွက်စဉ် ကရင်မိဘပြည်သူများထံမှ ဖွင့်ဆို ကြားသိရသော အကြံဉာဏ်ကောင်းများကို အလေးအနက်ပြု၍ နှစ်သစ်လုပ်ငန်းစဉ်များကို ပိုမိုပီပြင်စွာ ထပ်ဆင့် အကောင်အထည်ဖော်ရန် စသည်တို့ ဖြစ်ပါသည်။

ထို့ပြင်...

(က) ကရင်မိဘပြည်သူများ၏ အလှူငွေစာရင်းကို အပတ်စဉ် ဗဟိုကော်မတီ ပုံမှန် အစည်းအဝေးတွင် ဘဏ္ဍာရေးမှူးက အစီရင်ခံစာ တင်ပြပါသည်။

(ခ) ကရင်မိဘပြည်သူများထံမှ ကူညီလှူဒါန်းငွေများကို နှစ်သစ်ပွဲတော်အတွက် မယိုမဖိတ် အကျိုးရှိစွာ ထိန်းသိမ်းသုံးစွဲရန် ပြဋ္ဌာန်းချက်နှင့်အညီ ဆပ်ကော်မတီ အသီးသီးသည် မိမိတို့၏ ဘဏ္ဍာရေးရှင်းတမ်းကို ဗဟိုကော်မတီသို့ အချိန်မီ တင်သွင်း အစီရင် ခံရပါသည်။

(ဂ) နှစ်သစ်ပွဲတော်အတွက် မြို့နယ်အသီးသီးမှ ကရင်မိဘပြည်သူများနှင့် စေတနာရှင်များ၏ ကူညီလှူဒါန်းငွေ အစုစုစာရင်းကို ဘဏ္ဍာရေးရှင်းတမ်းတွင် ထည့်သွင်းဖော်ပြပြီး နှစ်ပတ်လည် စုံညီအစည်းအဝေးသို့ တင်ပြ အစီရင်ခံရပါသည်။

အလုံ၊ မြောက်ဥက္ကလာ၊ ခဝဲခြံ၊ လှိုင်၊ အင်းစိန်၊ လှိုင်သာယာ မြို့နယ်အသီးသီးမှ ကရင်မိဘပြည်သူများ၊ စေတနာရှင်များ၏ သဒ္ဓါဖွေးဖြူ ကူညီလှူဒါန်းမှုများသည် နှစ်သစ်အောင်မြင်ခြင်း၏ အဓိကအင်အား ဖြစ်ပါကြောင်း မှတ်တမ်း တင်အပ်ပါသည်။

ဗဟိုကော်မတီသည် ထိုအင်အားကို ဦးထိပ်ထား၍ ကရင်မိဘပြည်သူများ၊ ကူညီလမ်းပြသူများ၏ ကျေးဇူးတရားများကို လေးစားစွာဖြင့် နှစ်သစ်ပွဲကို နှစ်စဉ်နှစ်ဆက် အားအင်သစ်ဖြင့် ဆောင်ရွက်ကျင်းပလျက် ရှိပါသည်။

ထို့ကြောင့် နှစ်သစ်ကြိုအခါသမယ၌ ကရင်မိဘပြည်သူများထံ ရင်းနှီးခင်မင်စွာ ဂါရဝပြု နှုတ်ခွန်းဆက်သရန်

ကရင်မိဘပြည်သူများ၏ အဓိဋ္ဌာန်၊ ရင်ထဲက စကားသံ၊ အကြံဉာဏ်များကို ကြားသိဝေမျှခံစားရန်

အင်တိုက်အားတိုက် စုပေါင်းအလှူခံ ထွက်ကြပါစို့...

ကရင်မိဘပြည်သူအားလုံး...

တိုင်းရင်းသား ညီအစ်ကိုမောင်နှမ အားလုံး...

ကျန်းမာရွှင်လန်းစွာဖြင့် နှစ်သစ်ပွဲကို ဆင်နွှဲနိုင်ပါစေကြောင်း ဆုမွန်ကောင်းများ တောင်းလိုက်ပါသည်။ မိဘပြည်သူ အပေါင်းကို လေးစားမှုဖြင့် နှစ်သစ်မုခ်ဦးမှ နွေးထွေးလိုက်လှဲစွာ ကြိုဆိုပါ၏။

**စောဦးဦး**
**ဘဏ္ဍာရေးမှူး**
ကရင်အမျိုးသားနှစ်သစ်ကူးပွဲတော်ကျင်းပရေး
ဗဟိုကော်မတီ (မဟာရန်ကုန်)



# ဗဟိုရှေ့ရတုဆီ ရည်မျှော်၍

စောအဲသာလွင်

THE KAREN'S NEW YEAR DAY
Recognition Act of 1937
CBILL NO (26) OF 1937
2nd August 1937

ကရင်အမျိုးသားနှစ်သစ်ကူးနေ့ ဥပဒေကြမ်း ၁၉၃၇
ဥပဒေကြမ်းအမှတ် ၂၆/၁၉၃၇
၁၉၃၇၊ ဩဂုတ်လ၊ (၂)ရက်။

THE VERY FIRST KAREN NEW YEAR DAY
BROADCASTING SPEECH
THE KAREN TO DAY
21st December 1938
1st Thalay Htaik Koppo Pyatho 2678

ပထမဆုံးကရင်အမျိုးသားနှစ်သစ်ကူးနေ့အသံလွှင့်မိန့်ခွန်း
ယနေ့ကရင်အမျိုးသားများ
၁၉၃၈-ခုနှစ်၊ ဒီဇင်ဘာလ၊ (၂၁)ရက်။

## မီးရှူးသန့်စင်

ပြာသိုကို "ပျားရည်စုသောလ" လို့ သမိုင်းပါမောက္ခဆရာကြီး ဒေါက်တာသန်းထွန်းက မှတ်တမ်းပြုထားပါသည်။ ကျွန်တော်တို့ ကရင်လူမျိုးများအဖို့ "ဆန်းပြာသိုနဲ့ ပန်းခွာညို" ဟာ နှစ်သစ်ရဲ့ဖွားဖက်တော်များ ဖြစ်ပါတယ်။ သလေးထိုင်ခုတ်ဖို ပြာသိုလဆန်း (၁) ရက်နေ့ဟာ ကရင်အမျိုးသားနှစ်သစ်ကူးနေ့လို့ အထိမ်းအမှတ် ပြုကြပါတယ်။ ရှေးကရင်ဘိုးဘွားတို့ရဲ့ ကောက်သစ်စားပွဲမှ သန္ဓေတည်ခဲ့တဲ့ နှစ်သစ်ကူးဟာ အမျိုးသားအမွေအနှစ်အဖြစ် မီးရှူးသန့်စင် ဖွားမြင်ခဲ့ရတာပါ။

## ခေါင်းစီးပဝါ စိန်ရတု ရွှေရတု ခြုံသင်တိုင်း

ကျွန်တော်တို့ရဲ့ ဘိုးဘွားများဖြစ်ကြတဲ့ ကရင်အမျိုးသားခေါင်းဆောင်ကြီးများရဲ့ တောင်းဆိုကြိုးပမ်းမှုနဲ့ ရရှိလာတဲ့ ကရင်အမျိုးသားနေ့ ဥပဒေကြမ်း ၂၆/၁၉၃၇ ကို ထုတ်ပြန်ကြေညာတဲ့ရက်ဟာ (၂·၈·၁၉၃၇)နေ့ ဖြစ်ပါတယ်။

ကရင်တစ်မျိုးသား ခေါင်းဆောင်ကြီးများအနေနဲ့ ပထမဆုံး ကရင်အမျိုးသားနေ့ အမှတ်အသားအဖြစ် "ယနေ့ကရင်အမျိုးသားများ" အမည်တွင်တဲ့ ရေဒီယိုအသံလွှင့်မိန့်ခွန်းကို မြွက်ကြားခဲ့တဲ့ ရက်စွဲဟာ

ကရင်နှစ် ၂၆၇၈ သလေးထိုင်ခုတ်ဖို ပြာလိုလဆန်း (၁)ရက်
ခရစ်နှစ် ၁၉၃၈ ဒီဇင်ဘာလ ၂၁ ရက်နေ့ ဖြစ်ပါတယ်။

ယခု ကရင်နှစ် (၂၇၅၂)၊ ခရစ်နှစ် (၂၀၁၃) ဆိုရင် ကရင်နှစ်သစ်ကူးနေ့ ပေါ်ပေါက်ခဲ့တာ (၇၅) နှစ်မြောက် စိန်ရတု အခါကာလသို့ ရောက်ရှိလာခဲ့ပါပြီ။

ကျွန်တော်တို့ နှစ်သစ်ဗဟိုအပါအဝင် ကရင်ပြည်နယ်သူတို့ဟာ နှစ်သစ်စိန်ရတုကို တောင်ပေါ်မြေပြန့်အနှံ့ ကြည်နူးလိုက်လှဲစွာ ကျင်းပဆင်နွှဲကြမှာပါ။

ဒီလိုဆင်နွှဲနိုင်ဖို့ နှစ်သစ်ဗဟိုရဲ့ ရုန်းကန်ဖြတ်သန်းခဲ့ရတဲ့ ခရီးကြမ်းကို ပြန်ပြောင်းစောင့်ငဲ့ကြည့်တဲ့အခါ···



## သစ္စာခိုင် မခိုင်စမ်းသပ်ခြင်း သို့မဟုတ် ဗဟိုကော်မတီပေါ်ပေါက်လာပုံ

၁၉၆၄ ခုနှစ်ကာလက ကရင်အမျိုးသား နှစ်သစ်ကူးနေ့ကို သလေးထိုင်ခုတ်ဖို ပြာသိုလဆန်း (၁) ရက်နေ့ အစား တပို့တွဲလဆန်း (၁) ရက်နေ့သို့ ပြောင်းရွှေ့ သတ်မှတ်ဖို့ ကရင်ပုဂ္ဂိုလ်အချို့က စိုင်းပြင်းလာကြပါတယ်။ ပြာသိုလဆန်း (၁) ရက်နေ့၊ ကရင်အမျိုးသား နှစ်သစ်ကူးနေ့ ဖြစ်မြောက်အောင် နှစ်သစ်ကူးပွဲတော်ကျင်းပဖို့ (၁၆) ရက် အလို အ-ထ-က (၂) အလုံ (ယခင် ဘရေတန်ကျောင်း) မှ လူထု အစည်းအဝေးတစ်ရပ် ခေါ်ယူပြီး ၂၇၀၄ ခုနှစ်၊ ကရင် အမျိုးသား နှစ်သစ်ကူးပွဲတော် ကျင်းပရေး ဗဟို ကော်မတီကို ဖွဲ့စည်း ခဲ့ပါတယ်။

ထိုနှစ် ဗဟိုကော်မတီအနေနဲ့ နှစ်သစ်ကူးကျင်းပဖို့ လွှန်စွာနီးကပ်နေပြီး ဘဏ္ဍာရေးအခက်အခဲများ ရှိပေမယ့် မဟာရန်ကုန် နယ်နိမိတ်အတွင်း ကရင်အမျိုးသားတစ်ရပ်လုံးက ညီညွတ်စွာ အားပေးထောက်ခံမှုကြောင့် ၂၇၀၄ ခုနှစ်၊ မဟာရန်ကုန်အတွင်း စုစည်းညီညွတ်တဲ့ တစ်ခုတည်းသော ကရင်အမျိုးသား နှစ်သစ်ကူးပွဲတော်ကို မဟာဆေးဝင်္ကပါ၊ အာလိန်ငါးဆင့်ကျောင်းဝင်းအတွင်းမှာ စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ခဲ့ပါတယ်။

"အခက်အခဲ ဆိုတာ သစ္စာခိုင်မခိုင် စမ်းသပ်ခြင်း" တစ်မျိုးမို့ ဒီအခက်အခဲကို ရင်ဆိုင်ကျော်ဖြတ်နိုင်ခြင်းဟာ နှစ်သစ် ဗဟိုရဲ့ ပထမဆုံး အောင်မြင်မှုရလဒ် ဖြစ်ပါတယ်။

ကရင်အမျိုးသား ခေါင်းဆောင်ကြီးများဟာ ယဉ်ကျေးမှု မျိုးဆက်အမွေအဖြစ် စိန်ရတုခေါင်းစီးပဝါကို ပေးအပ်ခဲ့ပါပြီ။ မျိုးဆက်အမွေဟာ တင့်တယ်လှပပြီး ကောင်းချီးအဖြာဖြာနှင့် ကျက်သရေမင်္ဂလာ ရှိလှပါတယ်။

ကျက်သရေမင်္ဂလာနဲ့အတူ ကျွန်တော်တို့ နှစ်သစ်ဗဟိုအနေနဲ့ မဟာရန်ကုန်မှာ ကရင်နှစ် ၂၇၀၄ ခုနှစ်မှ စ၍ ကရင်အမျိုးသား နှစ်သစ်ကူးပွဲတော်ကို ကျင်းပလာခဲ့တာ ကရင်နှစ် ၂၇၅၂ ဆိုရင် (၄၈) ကြိမ်မြောက် တက်လှမ်းလာခဲ့ပါတယ်။ နှစ်အရေအတွက်အားဖြင့် (၄၈) နှစ်မြောက် ရောက်ရှိလာခဲ့ပါပြီ။ နှစ် (၅၀)ပြည့် ရွှေရတုရောက်ရှိဖို့ (၂) နှစ် မျှသာ လိုတော့တဲ့အတွက် နှစ်သစ်/ဗဟိုရဲ့ ရွှေရတု အကြို ကာလလို့ ဆိုရမှာပါ။ တစ်နည်းဆိုရလျှင် ရွှေရတု ခြံသင်တိုင်းအသစ်ကို ဆင်ယင်ဖို့ မျှော်မှန်းကြိုဆိုလျက် ရှိပါတယ်။ ဒါကြောင့် ကျွန်တော်တို့ နှစ်သစ်ဗဟိုအနေနဲ့ ကရင်နှစ်သစ် "စိန်ရတုခေါင်းစီးပဝါ" ကို ဦးထိပ်ထားပြီး "ရွှေရတုခြံသင်တိုင်း" ကို မျှော်မှန်းရင်း နှစ်သစ်ပွဲကို နှစ်စဉ် ကျင်းပဆင်နွှဲလျက် ရှိပါတယ်။

# ခိုင်မြဲတဲ့အခြေခံမူ ရှင်သန်တဲ့ခံယူချက်

နှစ်သစ်/ဗဟိုအနေနဲ့ ဒီအဆင့်သို့ရောက်ရှိလာနိုင်ခဲ့ခြင်းဟာ ကရင်ဘိုးဘွားတို့ ပြုဖြန်းခဲ့တဲ့ သွေးစည်း ညီညွတ်မှုထုံးကို နလုံးမူပြီး ခိုင်မြဲတဲ့အခြေခံမူ ရှင်သန်တဲ့ခံယူချက်နဲ့ ရန်းကန်ချီတက်ခဲ့လို့သာ ဒီလို ခရီးပေါက် ရောက်ရှိလာနိုင်ခြင်းဖြစ်ပါတယ်။ နှစ်သစ်/ဗဟိုရဲ့ ခြေလှမ်းတိုင်းဟာ အတိတ်ကိုသုံးသပ်၊ ပစ္စုပ္ပန်ကို အားသွင်း၊ အနာဂတ်ကို ရှုမျှော်ခြင်းနဲ့ ခင်းကျင်းလျက် ရှိပါတယ်။

(က) ကရင်အမျိုးသားနှစ်သစ်ကူးပွဲတော်ကျင်းပရေး အခြေခံမူများ

ဗဟိုကော်မတီအနေဖြင့် နှစ်သစ်ကူးပွဲတော် ကျင်းပရေးတွင် အဓိကအခြေခံကျသော အချက် (၅)ချက်ကို ပင်မလမ်းညွှန်အဖြစ် လက်ကိုင်ထား ကျင့်သုံးပါတယ်။

(၁) ကရင်တစ်မျိုးသားလုံး စည်းလုံးညီညွတ်ရေးနှင့် တိုင်းရင်းသားလူမျိုးစုံ စည်းလုံးညီညွတ်ရေးကို ရှေးရှု ကျင်းပရန်။

(၂) ဤနေ့ရက်သည် ကရင်တစ်မျိုးသားလုံးနှင့် သက်ဆိုင်သောကြောင့် ပုဂ္ဂိုလ်ရေးအရ အမြတ်ထုတ်ခြင်း၊ ဘာသာ ရေးအရ အမြတ်ထုတ်ခြင်း၊ စီးပွားရေးအရ အမြတ်ထုတ်ခြင်း၊ လူတန်းစားအရ အမြတ်ထုတ်ခြင်း၊ နိုင်ငံရေးအရ အမြတ်ထုတ်ခြင်း၊ အလျှင်းမပြုဘဲ ကရင်အမျိုးသား အသိစိတ်ဓာတ်ဖြင့် ရိုင်းပင်းကူညီ ကျင်းပရန်။

(၃) မဟာရန်ကုန်နယ် နိမိတ်အတွင်း စုစည်းညီညွတ်သည့် တစ်ခုတည်းသော ကရင်အမျိုးသားနှစ်သစ်ကူး ပွဲတော်ကို ကျင်းပကြရန်။

(၄) ကရင့်ဘာဝဓလေ့နှင့် ကိုက်ညီစစ်မှန်သည့် ကရင်ယဉ်ကျေးမှု အမွေအနှစ်များကို ဖော်ထုတ်ထိန်းသိမ်း မြှင့်တင်ရန်။

(၅) အနာဂတ် ကရင်မျိုးဆက်သစ်လူငယ်များ မိမိကရင်ဘာဝဓလေ့နှင့် ကိုက်ညီစစ်မှန်သည့် ကရင်ယဉ်ကျေးမှုကို မြတ်နိုးပြီး ဖော်ထုတ်ထိန်းသိမ်း မြှင့်တင်လိုသော အသိစိတ်ဓာတ်များ ကိန်းအောင်းရှင်သန်စေရန်တို့ ဖြစ်သည်။

(ခ) နှစ်သစ်ကူးအပေါ် ခံယူချက်

နှစ်သစ်/ဗဟိုကော်မတီအနေနဲ့ ၂၇၅၂ ခုနှစ်၊ ပြာသိုလဆန်း (၁) ရက်နေ့ဟာ ကရင်တစ်မျိုးသားလုံး စည်းလုံးညီညွတ်ရေး၊ ကရင်တစ်မျိုးသားလုံး၏ လူမှုဘဝ တိုးတက်ရေးနှင့် ကရင့်ယဉ်ကျေးမှု ဖော်ထုတ်ထိန်းသိမ်း မြှင့်တင်ရေးအတွက် ပိုမိုစုစည်း ညီညွတ်စေပြီး အင်အားပိုမိုခိုင်မာနိုင်တဲ့ တစ်ခုတည်းသော သမိုင်းဝင် မှတ်တိုင်ဖြစ်ပါတယ်။ ဒါကြောင့် ဘယ်နည်းနဲ့မှ လက်လွှတ်ဆုံးရှုံး မခံသင့်ဘဲ ပခုံးပြောင်းတာဝန် တစ်ရပ်အနေနဲ့ ဆက်လက်၍ လက်ဆင့်ကမ်း သယ်ဆောင်ထိန်းသိမ်းသွားမယ်လို့ အလေးအနက် ခံယူပါတယ်။

## ကရင်အမျိုးသားနှစ်သစ်ကူးပွဲတော် ကျင်းပခြင်း

ဗဟိုကော်မတီဟာ ၂၇၅၁ ခုနှစ်၊ ကရင်အမျိုးသားနှစ်သစ်ကူးပွဲတော် ကျင်းပနိုင်ရန်အတွက် အင်းစိန်မြို့နယ်၊ မဟာဆေးဝက်ပါ ကျောင်းဝင်းအတွင်း (၂၅ . ၉ . ၂၀၁၁) နေ့ရက်မှာ လူထုအစည်းအဝေးပွဲကြီးတစ်ရပ် ခေါ်ယူပြီး အမှုဆောင်နှင့် အဖွဲ့ဝင် (၂၁၇)ဦးပါဝင်တဲ့ ဗဟိုကော်မတီကို ဖွဲ့စည်းခဲ့ပါတယ်။

နှစ်သစ်/ဗဟိုကို ဖွဲ့စည်းရာတွင်

(က) နာယကအဖွဲ့တွင် အထောက်အကူပြု အကြံပေး နာယကများ ပါဝင်ပါသည်။

(ခ) ဗဟိုအလုပ်အမှုဆောင်အဖွဲ့၊ အလုပ်အမှုဆောင်အဖွဲ့၊ အရန်အလုပ်အမှုဆောင်အဖွဲ့အပြင် လုပ်ငန်းအကောင်အထည်ဖော်နိုင်ရန် ဆပ်ကော်မတီ (၁၀) ခုနှင့် ဗဟိုလုပ်ငန်း အထောက်အကူပြု အဖွဲ့ငယ် (၆) ဖွဲ့ကို ဖွဲ့စည်းပါသည်။

**ဆပ်ကော်မတီ (၁၀)ဖွဲ့**

(၁) ဘဏ္ဍာရေး
(၂) အခမ်းအနားပြင်ဆင်ရေး
(၃) ကျွေးမွေးရေး
(၄) ဧည့်ခံကြိုဆိုရေး
(၅) သတင်းနှင့် ပြန်ကြားရေး
(၆) ဖျော်ဖြေရေး
(၇) လုံခြုံရေးနှင့် သူနာပြု
(၈) သယ်ယူပို့ဆောင်ရေး
(၉) အားကစား
(၁၀) ယဉ်ကျေးမှု

**အကောက်အကူပြု လုပ်ငန်းအဖွဲ့ငယ် (၆) ဖွဲ့**

(၁) ၂၀၁၂ ပြက္ခဒိန် ထုတ်ဝေရေး
(၂) ပညာရည်ချွန်ဆု ချီးမြှင့်ရေး
(၃) ကရင့်ကြေးမုံစာစောင် ထုတ်ဝေရေး
(၄) ပွဲတော်ဆိုင်ခန်း ချထားရေး
(၅) ဗဟိုရုံပုံငွေအရောင်းဆိုင်
(၆) စာရင်းစစ်

အဖွဲ့အသီးသီး တာဝန်ခွဲဝေပြီး ဆွေးနွေးညှိနှိုင်း ဆောင်ရွက်ကြပါတယ်။

## ဗဟိုကော်မတီအစည်းအဝေး

လုပ်ငန်းအကောင်အထည်ဖော်ရေးအတွက် ၂၅-၉-၂၀၁၁ မှ ၇-၁၀-၂၀၁၂ အတွင်း အစည်းအဝေး (၁၂) ကြိမ် ကျင်းပခဲ့ကြပါတယ်။

ထို့အပြင် နှစ်သစ်ဗဟိုဥက္ကဋ္ဌမှ ဦးစီးပြီး ဒု-ဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ အဖွဲ့ဝင်များအနေနဲ့ တာဝန်ခွဲဝေသတ်မှတ်ရာ ဆပ်ကော်မတီအဖွဲ့အသီးသီးနဲ့ တိုက်ရိုက်ထိတွေ့ ညှိနှိုင်း ဆောင်ရွက်ကြပါတယ်။

## သက်ကြီးစကား သက်ငယ်ကြားဖို့ နာယကကြီးများထံမှ ဩဝါဒခံယူခြင်း

၄-၁၂-၂၀၁၁ ရက်နေ့တွင် မဟာဆေးဝက်ပါ ကျောင်းတိုက်ဆီကို နှစ်သစ်/ဗဟိုမှ အလုပ်အမှုဆောင် အဖွဲ့ဝင်များ စုံညီစွာတက်ရောက်ပြီး နာယကကြီးများထံမှ ဩဝါဒ ခံယူပါတယ်။ နာယကကြီး မန်းသာရင်၊ မန်းသာမြင့်၊ ပဒိုစောမာဘယ်၊ ပဒိုမန်းစောမျိုးချစ်၊ ဆရာမကြီး နော်ဂေးလ် ဒါဒွေး၊ မန်းမောင်မောင်ဉာဏ်၊ ဒေါက်တာ အဲရစ်ဖူးညို၊ နန့်မေရီစိန်၊ နော်ရှယ်အေး၊ စောဘော်ဒွင်ခိုင်ဦး၊ ပဒိုစောထွန်း အောင်မြင့်၊ ပဒိုမန်းသက်စိုး၊ ပဒိုမန်းအောင် ကျော်လွင်၊ စောကျော်အေး၊ ပဒိုမန်းသိန်းရွှေတို့ (၁၅) ဦး တက်ရောက်ပြီး နာယကကြီးများက နှစ်သစ်/ဗဟိုကော်မတီအနေနဲ့ မူ (၅) ချက်ကို အခြေခံပြီး ကရင်အမျိုးသားထုအတွက် လက်တွေ့ ကျကျ စံပြအဖြစ် ရှေ့ဆောင် အကောင်အထည်ဖော်ဖို့ ဩဝါဒ မြွက်ကြွေ မိန့်ကြားပါတယ်။

နာယကကြီးများထံမှ ဩဝါဒခံယူပွဲသို့ တက်ရောက် လာတဲ့ နာယကကြီး ပဒိုစောထွန်းအောင်မြင့် အနေနဲ့ နာယကကြီးတစ်ဦး အနေနှင့်သော်လည်းကောင်း၊ ရန်ကုန်တိုင်း ဒေသကြီး အစိုးရ၊ ကရင်တိုင်းရင်းသားရေးရာဝန်ကြီး အနေ နှင့်လည်း ဩဝါဒအမှာစကားများ ချီးမြှင့်ပေးခဲ့ပါတယ်။ ကျွန်တော်တို့ နှစ်သစ်ဗဟိုအနေနဲ့ ဒီလိုသက်ကြီးစကား သက်ငယ်ကြားပြီး စွမ်းအားဖြည့်တင်းခြင်းဟာ ရှေ့ခရီးအတွက် ထက်မြက်သော အရင်းအနှီးတစ်ရပ်လို့ မှတ်ယူမိပါတယ်။

## သဝဏ်ခွန်းဆင့် နှစ်သစ်ဆုမွန်

နှစ်သစ်မင်္ဂလာနှင့်အတူ ကရင်မိဘပြည်သူအပေါင်း၊ တိုင်းရင်းသားညီအစ်ကို မောင်နှမအပေါင်း၊ ကမ္ဘာသူ ကမ္ဘာ သား အပေါင်း ကျန်းမာရွှင်လန်းပါစေကြောင်း ဆုမွန်ကောင်း တောင်းရသည့် အစဉ်အလာဟာ နှစ်သစ်ဗဟိုရဲ့ သဝဏ် လွှာပါ။

ပြည်နယ်၊ တိုင်း၊ မြို့နယ်အသီးသီး ကျင်းပတဲ့ ကရင် အမျိုးသား နှစ်သစ်ကူးပွဲတော်သို့ နှစ်သစ်/ဗဟိုမှ နှစ်သစ် မင်္ဂလာ သဝဏ်လွှာကို နှစ်စဉ်ပေးပို့ခဲ့ပါတယ်။ နှစ်သစ်/ ဗဟိုထံ အကူအညီ တောင်းခံချက်အရ နှစ်သစ်/ဗဟို ကိုယ်

စားပြု နာယကကြီးများက ပြည်နယ်၊ တိုင်း၊ မြို့နယ် အသီးသီးသို့ ကြွရောက်ပြီး နှုတ်ခွန်းဆက်အမှာစကား ပြောကြားခဲ့ပါတယ်။

### စုပေါင်းအလှူခံထွက်ခြင်း သို့မဟုတ် ပြည်သူ့ထံမှ ပြည်သူ့အသံကို ကြားနာလေ့လာခြင်း

ကော်မတီရန်ပုံငွေရှာဖွေရေး လုပ်ငန်းစဉ်များအနက် စုပေါင်းအလှူခံထွက်ခြင်းဟာ အနှစ်သာရပြည့်ဝတဲ့ လုပ်ငန်းစဉ်တစ်ခု ဖြစ်ပါတယ်။ စုပေါင်းအလှူခံ ထွက်ခြင်းဟာ ရန်ပုံငွေရရှိရေး သက်သက်အတွက်မဟုတ်ဘဲ ပင်မ ရည်မှန်းချက်ဖြစ်တဲ့ ကရင်အမျိုးသား စုစည်းညီညွတ်စေရေး ကရင်လူမှုဘဝ လေ့လာရေး၊ ကရင်အမျိုးသားများ၏ အသံကို ကြားနာနိုင်ရေးဆိုတဲ့ လေးနက်တဲ့ ရည်မှန်းချက်များကို လက်တွေ့ အကောင်အထည်ဖော်ခြင်း ဖြစ်ပါတယ်။

စုပေါင်းအလှူခံထွက်ရင်း မျက်မှောက်ခေတ် ကရင်အမျိုးသားများ၏ ဘဝဖြစ်ရပ်မှန်များနဲ့ လူမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေး ဖြစ်စဉ်များကို လေ့လာသိရှိရပါတယ်။

ဗဟိုကော်မတီဟာ ကရင်အမျိုးသားထုတစ်ရပ်လုံးရဲ့ ကိုယ်ပွား အစိတ်အပိုင်းတစ်ရပ်မို့ အမျိုးသားဘဝဖြစ်ရပ်များ၊ ဖွံ့ဖြိုး တိုးတက်ရေး ရည်မှန်းချက်များ ကရင်အမျိုးသားတို့၏ အသံများကို တွေ့ထိကြားနာပြီး ကရင်အမျိုးသားများရဲ့ အခြေခံ လူမှုပြဿနာများကို လက်တွဲဖြေရှင်းနိုင်မည့် ထက်မြက်တဲ့ နည်းလမ်းများကို ရရှိလာနိုင်မှာ ဖြစ်ပါတယ်။

### ၂၇၅၁ ခုနှစ်၊ ကရင်အမျိုးသားနှစ်သစ်ကူးပွဲတော် အထိမ်းအမှတ် ယှဉ်ကျေးမှုနှင့် သတင်းနှင့်ပြန်ကြားရေးပြခန်း ဖွင့်လှစ်ပြသခြင်း

နှစ်သစ်/ဗဟို၏ နှစ်သစ်ကူးပွဲတော် ကျင်းပရေးအတွက် သက်ဆိုင်ရာ ရပ်ကွက်/ မြို့နယ်/ တိုင်း/ ဗဟိုမှ အဆင့်ဆင့်မှ (၂၄.၁၂.၂၀၁၁) မှ (၂၆.၁၂.၂၀၁၁) အထိ (၃) ရက် ကျင်းပခွင့် ပေးအပ်ခဲ့ပါတယ်။ ထို့ပြင် (၂၃.၁၂.၂၀၁၁) နံနက်မှာ စာကြည့်တိုက်၊ ပြတိုက်နှင့် ပြခန်းများ စိစစ်ကြီးကြပ်ရေးအဖွဲ့မှ ကြည့်ရှုစစ်ဆေးပြီး ခွင့်ပြုလွှာရရှိတာနဲ့ အများပြည်သူကြည့်ရှုဖို့ ပြခန်းများ ဖွင့်လှစ်ခဲ့ပါတယ်။

## သူရိယဖားစည်သံတော်ဆင့် ကရင်အမျိုးသားအလံတော်လွှင့်

- အလံတော်အလေးပြုခြင်းနှင့် ဟောပြောပွဲ၊ ချီးမြှင့်ပွဲ အခမ်းအနား

၂၇၅၁ ခုနှစ်၊ (၂၅.၁၂.၂၀၁၁) အရုဏ်ပျိုးချိန်မှာ ကရင်အမျိုးသား သူရိယဖားစည် သံတော်ဆင့် အလံတော် အလေးပြုနိုင်ဖို့ နံနက် (၄း၀၀) နာရီခန့်မှ စပြီး တဖွဲဖွဲရောက်ရှိလာကြတဲ့ ကရင်မိဘပြည်သူတို့ကို တွေ့မြင်ရတာ အလွန်အားတက်ဖွယ် မြင်ကွင်းတစ်ရပ်ပါ။ အလံတော်အလေးပြုခြင်း အခမ်းအနားကို အခမ်းအနားမှူးအဖြစ် ဗဟိုကော်မတီ တွဲဖက်အတွင်းရေးမှူး (၄) နန့်ခင်အေးဦးမှ ဆောင်ရွက်ပါတယ်။ ကရင်အမျိုးသား အလံတော်ကို ဗဟိုကော်မတီ ဥက္ကဋ္ဌ မန်းရွှေပြည်အေးက အလံတိုင်ထိပ်သို့ ဖားစည် ပဒိုးသံပြိုင်နဲ့ လွှင့်ထူပြီးနောက် နံနက် (၆း၀၀) နာရီတိတိ အချိန်မှာ မန်းဖိုးစောက အရှေ့ပိုးကရင် ဘာသာဖြင့် အမိန့်ပေးပါသည်။ အမိန့်သံ၏ ကြည်လင်ပြတ်သားမှုနှင့်အတူ တက်ရောက်လာကြသော ကရင်မိဘပြည်သူများက ကရင်အမျိုးသားအလံတော်ကို တညီတညွတ် အလေးပြုခဲ့ကြပါတယ်။



ကရင်အမျိုးသား အလံတော်တင်ခြင်းနှင့် အလေးပြုခြင်း အခမ်းအနားကို ကရင်အမျိုးသားသီချင်း သုံးဘာသာဖြင့် သီဆိုပြီး အောင်မြင်စွာ ရုပ်သိမ်းခဲ့ပါတယ်။

### ဟောပြောပွဲအခမ်းအနားနှင့် ပညာရည်ချွန်ဆုပေးပွဲ

ကရင်နှစ်သစ်ကူးနေ့ ဟောပြောပွဲအခမ်းအနားကို အစီအစဉ်အရ အခမ်းအနားမှူးအဖြစ် တွဲဖက်အတွင်းရေးမှူး (၃) နော်ကညောဖော၊ အခမ်းအနားသဘာပတိအဖြစ် ဥက္ကဋ္ဌ ပဒိုမန်းရွှေပြည်အေးက ဆောင်ရွက်ပါတယ်။

အခမ်းအနား မစတင်မီ ကြွရောက်လာသော နာယကကြီးများ စင်မြင့်ပေါ် နေရာယူပါတယ်။ ဗဟိုကော်မတီ တွဲဖက်အတွင်းရေးမှူး (၁) မန်းကျော်ညွန့်က ကြွက်ရောက်လာသော နာယကကြီးများကို ကရင်ပြည်သူလူထုနှင့် တစ်ဦးချင်း မိတ်ဆက်ပေးပါတယ်။ သဘာပတိ ပဒိုမန်းရွှေပြည်အေးက အဖွင့်မိန့်ခွန်း မြွက်ကြားပြီး နာယကကြီးများ ကိုယ်စား နာယက နော်ရည်အေးက အမှာစကား ပြောကြားပါတယ်။

ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏ အစီရင်ခံစာကို ဗဟိုကော်မတီဝင် စောနေမူးက ဖတ်ကြားတင်သွင်းပါတယ်။ ဆက်လက်ပြီး အရှေ့ပိုးကရင်ဘာသာဖြင့် နန်းဖြူဖြူသန်း၊ အနောက်ပိုးကရင်ဘာသာဖြင့် စခယ်လ်ဗင်အယ်၊ စကောကရင်ဘာသာဖြင့် စောသေးဂေးတို့က နှစ်သစ်ကူးပွဲတော်အကြောင်း နှုတ်ဆက်စကား အသီးသီး ပြောကြားပါတယ်။

(၂၀၁၀-၂၀၁၁) စာသင်နှစ် အခြေခံပညာ အထက်တန်း စာမေးပွဲမှာ ဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့ကြတဲ့ ကရင်ကျောင်းသား/သူ (၁၂၅) ဦးအား ဂုဏ်ပြုဆုများ ချီးမြှင့်ခဲ့ပါတယ်။

(၂၇၄၄) မှ (၂၇၅၁) ထိ ပညာထူးချွန်သော ကရင်မောင်မယ် (၇၆၄) ဦးကို နှစ်သစ်/ဗဟိုမှ ဂုဏ်ပြုချီးမြှင့်ခြင်းဖြင့် မျိုးဆက်သစ် ထူးချွန်ထက်မြက်တဲ့ ကရင်မောင်မယ်များကို ပြုစုပျိုးထောင်ပေးလျက် ရှိပါတယ်။

ပွဲတော်သို့ ကြွရောက်လာတဲ့ ကရင်မိဘပြည်သူများကို နှစ်သစ်/ဗဟို ကရင်လူငယ်မောင်မယ်များက မုခ်ဦးတွင် ကရင်အမျိုးသားအလံ စက္ကူရင်ထိုးများကို အမှတ်တရ ရင်တွင်ထိုးပေးပြီး လှိုက်လှဲစွာ ကြိုဆိုပါတယ်။ နှစ်သစ်/ဗဟို ရန်ပုံငွေအရောင်းဆိုင်ကို ဖွင့်လှစ်ပြီး အလံ၊ ပြက္ခဒိန်၊ ဖတ်စာနှင့် စာအုပ်စာတမ်းများ၊ တေးသီချင်းစီးရီးခွေ၊ တီရှပ်၊ ရင်ထိုး၊ ကရင့်ရေးရာ အထိမ်းအမှတ် ပစ္စည်းများကို ရောင်းချပေးခဲ့ပါသည်။

## နှစ်သစ်မြင်ကွင်းယဉ်ကျေးမှု သတင်းပဒေသာ ရောင်စုံဖြာ

### ပြပွဲ၊ ပြိုင်ပွဲနှင့် ဖြေဖျော်ရေး

နှစ်သစ်/ဗဟို၏ ယဉ်ကျေးမှုပြခန်းမှာတော့ ကရင့်ရိုးရာ အဝတ်အစားများ၊ အသုံးအဆောင်များ၊ တူရိယာပစ္စည်းများ၊ စာအုပ်စာတမ်းများကို ပြသထားပါတယ်။

သတင်းနှင့် ပြန်ကြားရေးပြခန်းမှာ ကရင်နှစ်သစ်ကူးနေ့ကို ရရှိအောင် ကြိုးပမ်းဆောင်ရွက်ခဲ့ကြတဲ့ ကရင်အမျိုးသားခေါင်းဆောင်ကြီးများ၊ ကရင့်ရှေ့ဆောင် ခေါင်းဆောင်ကြီးများရဲ့ ဓာတ်ပုံ၊ ကရင်နှစ်သစ်ကူးနေ့ ပထမဆုံးမိန့်ခွန်း၊ ကရင်နှစ်သစ်ကူးနေ့ စတင်ပေါ်ပေါက်စေသော အက်ဥပဒေ အပါအဝင် ကရင့်ရေးရာ ဆောင်းပါး၊ ကဗျာ၊ ဝတ္ထု၊ ထူးချွန်သော ကရင်အနုပညာရှင်တို့အကြောင်း ဓါတ်ပုံ၊ ပန်းချီလက်ရာများနဲ့ ဝေဝေဆာဆာ ဂုဏ်ပြုတင်ဆက် ပြသထားပါတယ်။

"နှစ်သစ်စိတ်ဓာတ် မွေးမြူကြ"၊ "ယဉ်ကျေးမှုအရ လက်တွဲကြ" ဆောင်ပုဒ်နှင့်အညီ ကရင်ပြည်နယ်နှင့် ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်းမှ ကရင့်ရိုးရာ ယဉ်ကျေးမှုအဖွဲ့များကို နှစ်စဉ်ဖိတ်ကြားပါတယ်။ ထိုအဖွဲ့များအနေနဲ့ နှစ်သစ်/ဗဟိုစင်မြင့်မှာ ဒုံးအက ယှဉ်ပြိုင်ခြင်း၊ ဝါးညှပ်၊ ဝါးထောက်၊ ကြိုးကျစ် အကများ ကပြခြင်း၊ တက္ကသိုလ် ကရင်မောင်မယ်များက ကရင်ရိုးရာ ဝတ်စားဆင်ယဉ်မှု သရုပ်ဖော်ပြသခြင်း၊ ကရင့်ရိုးရာ တေးသီချင်းများ သီဆိုတီးမှုတ်ခြင်းတို့ဖြင့် တင်ဆက်ဖြေဖျော်ခဲ့ပါတယ်။

## ကရင့်ရိုးရာလက်ရည်ယှဉ်ပွဲ

အင်းစိန် ဗီးရထားအားကစားကွင်းမှာ နှစ်သစ်/ဗဟိုမှ ကြီးမှူးပြီး ကရင့်ရိုးရာ လက်ရည်ယှဉ်ပွဲကို ကျင်းပခဲ့ပါတယ်။ ဆုကြေးကို ပဓာနမထားဘဲ အမျိုးသားစိတ်ဓာတ်ဖြင့် တက်ကြွစွာ ပါဝင်ယှဉ်ပြိုင်တဲ့ ကရင်လက်ဝှေ့ကျော်များ၊ တိုင်းရင်းသား ညီအစ်ကိုလက်ဝှေ့ကျော်များ။ ဖျတ်လတ်သော ယှဉ်ပြိုင်မှုကို ကွင်းပြည့်လျှံသည်အထိ မိဘပြည်သူများ လာရောက်ကြည့်ရှု အားပေးကြပါတယ်။ ဒီပွဲအတွက် နှစ်စဉ် တစ်ဖက်တစ်လမ်းမှ ကူညီပေးတဲ့ "ထက်လင်း ရင်လူးဆေး" ကုမ္ပဏီကိုလည်း ကျေးဇူးတင်မိပါတယ်။

## ဆွေးနွေးနှုတ်ဆက်ပွဲ

ကရင်နှစ်သစ်ကူးပွဲတော်ကို ဆင်နွှဲပြီး နောက်နေ့ နံနက်ခင်းမှာ ဒေသအသီးသီးသို့ ပြန်ကြမယ့် ကရင် ယဉ်ကျေးမှု အဖွဲ့အသီးသီးတို့က နှစ်သစ်/ဗဟိုနှင့်အတူ မဟာဆေးဝက်ပါ အာလိန်ငါးဆင့်ကျောင်းတိုက် ဆရာတော် ဦးအဂ္ဂ ဓမ္မထံ ဆုံးမဩဝါဒ ခံယူပါတယ်။ နှစ်သစ်/ဗဟိုနှင့် ယဉ်ကျေးမှု အဖွဲ့ဝင် အသီးသီးတို့ဟာ ကရင်စာပေနှင့် ယဉ်ကျေးမှုဆိုင်ရာ ဆက်သွယ်ပူးပေါင်း ဆောင်ရွက်ရေးကို အပြန်အလှန် ညှိနှိုင်းဆွေးနွေး နှုတ်ဆက်ကြပါတယ်။

## ဗဟိုကော်မတီ၏ စည်းရုံးရေးခရီး

ဗဟိုကော်မတီဟာ ကရင်ပြည်သူကြားမှ ပေါက်ဖွားလာရတဲ့အဖွဲ့မို့ ကရင်ပြည်သူတို့တာဝန်နှင့် ထာဝရ တွဲဖက်နေတာကြောင့် မဟာရန်ကုန်နယ်နိမိတ်အတွင်းရှိ မြို့နယ်များမှ ကရင် ပြည်သူများထံ မကြာခဏ ရောက်ရှိပါတယ်။

ကရင်မိဘပြည်သူများနဲ့ ရင်းနှီးချစ်ကြည်စွာ ဆုံတွေ့ရင်း ယခုနှစ်အခက်အခဲများ၊ ကရင်ရိုးရာဒုံးအကများ ဖော်ထုတ်နိုင်ရန် အထူးကြိုးပမ်းမှုများ၊ လေ့ကျင့်နေကြပုံများ အကြိုတွေ့ဆုံ အားပေးလျက် ရှိပါတယ်။

## တက္ကသိုလ်များ-ရန်ကုန် ကရင်မောင်မယ်သစ်လွင် ကြိုဆိုပွဲနှင့် နှုတ်ဆက်ပွဲ

၁၁-၂-၂၀၁၂ နေ့ ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ ယုဒသသန်ရိပ်သာမှာ ကျင်းပတဲ့ တက္ကသိုလ်များ-ရန်ကုန် ကရင်မောင်မယ်သစ်လွင် ကြိုဆိုပွဲနှင့် နောက်ဆုံးနှစ်ကျောင်းသား/သူများ နှုတ်ဆက်ပွဲ အခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၊ ကရင်တိုင်းရင်းသားရေးရာဝန်ကြီး ပဒိုစောထွန်းအောင်မြင့်၊ နှစ်သစ်ဗဟို ဥက္ကဋ္ဌ ပါမောက္ခမန်းရွှေပြည်အေးတို့ အမှာစကား အသီးသီး ပြောကြားခဲ့ကြပါတယ်။ နှစ်သစ်ဗဟိုမှ အထွေထွေအတွင်းရေးမှူး စောလှထွန်းနှင့် အမှုဆောင်အချို့လည်း တက်ရောက်အားပေးခဲ့ကြပါတယ်။ ကရင်ဗဟိုနဲ့ တက္ကသိုလ်ဟာ ယခင်အခါက အိမ်ဦးနဲ့ဧည့်ခန်းမို့ အပြန်အလှန် ကူညီကြလျက် ရှိပါတယ်။

## ပန်းတနော်မြို့နယ် ကရင်စာပေနှင့် ယဉ်ကျေးမှုဒုံးအကသင်တန်းဆင်းပွဲ

ပန်းတနော်မြို့နယ်၊ ကရင်စာပေနှင့် ယဉ်ကျေးမှု ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ရဲ့ ဖိတ်ကြားချက်အရ နှစ်သစ်ဗဟိုနာယကနှင့် ဥက္ကဋ္ဌအပါအဝင် အမှုဆောင် ၁၀ ဦးခန့်တို့ဟာ ၂၈-၄-၂၀၁၂ ည၊ ပန်းတနော်မြို့နယ်၊ တောကျောင်းကျေးရွာမှာ ကျင်းပပြုလုပ်သော ကရင်စာပေနှင့် ယဉ်ကျေးမှု သင်တန်းဆင်းပွဲသို့ တက်ရောက် အားပေးခဲ့ကြပါတယ်။

အခမ်းအနားမှာ ပန်းတနော်မြို့နယ် ကရင်စာပေနှင့် ယဉ်ကျေးမှု ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ ဥက္ကဋ္ဌ မန်းသိန်းလှ၊ သင်တန်းဖြစ်မြောက်ရေးကော်မတီ ဥက္ကဋ္ဌ ဒေါက်တာမန်းခင်မောင်စိုး၊ ဧရာဝတီတိုင်းဒေသကြီး အစိုးရ၊ ကရင်တိုင်းရင်းသားရေးရာဝန်ကြီး မန်းသန်းရွှေ၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရ ကရင်တိုင်းရင်းသားရေးရာဝန်ကြီး ပဒိုစောထွန်းအောင်မြင့်၊ ဗဟိုကော်မတီဥက္ကဋ္ဌ ပါမောက္ခ မန်းရွှေပြည်အေးနှင့် ပိုးကရင်ခရစ်ယာန် အမျိုးသားဌာနနှင့် ဗဟိုကော်မတီနာယက ပဒိုမန်းသိန်းရွှေတို့မှ သမိုင်းဝင် အမှာစကားများ အသီးသီးပြောကြားခဲ့ကြပါတယ်။

ပြီးတော့ ဒုံးအကပြိုင်ပွဲမှာ ဆုအသီးသီးရသော အဖွဲ့များနဲ့ သင်တန်းဖြစ်မြောက်ရေးအဖွဲ့များကို နှစ်သစ်ဗဟိုမှ အလှူငွေများ၊ နှစ်သစ်ကြေးမုံ စာအုပ်များအား အမှတ်တရလက်ဆောင်များ ပေးအပ်ချီးမြှင့်နိုင်ခဲ့ပါတယ်။

## အိမ်မဲမြို့နယ် ကရင်စာပေသင်တန်း ပြီးမြောက်ခြင်းအထိမ်းအမှတ်ပွဲ

ဗဟိုကော်မတီအနေနဲ့ ယခုနှစ်တွင် ၂-၅-၂၀၁၂ နေ့ ဧရာဝတီတိုင်းဒေသကြီး၊ အိမ်မဲမြို့နယ်၊ ဘုရားကုန်း-ကံကုန်း ကျေးရွာ၌ ကျင်းပပြုလုပ်သော ကရင်စာပေသင်တန်း ပြီးမြောက်ခြင်း အထိမ်းအမှတ် အခမ်းအနားသို့ အဆိုပါ အဖွဲ့၏ ဖိတ်ကြားချက်အရ ဗဟိုကော်မတီ ဒု-ဥက္ကဋ္ဌ မန်းစံမြတင်ဦးဆောင်သော နှစ်သစ်ဗဟိုအဖွဲ့ဝင် ၁၀ ဦးခန့် တက်ရောက် အားပေးခဲ့ကြပါတယ်။ အထွေထွေအတွင်းရေးမှူး စောလုထွန်းက ၂၀၁၄ လူဦးရေသန်းခေါင်စာရင်း ကောက်ယူရာတွင် ကရင်လူထုအနေနှင့် မိမိတို့ ကရင်လူမျိုး ဖြစ်ကြောင်း အမည်စာရင်းသွင်းရာတွင် စော၊ စ၊ မန်း၊ နော်၊ နန့်၊ နန်း၊ ဂ့် စသဖြင့် ကရင်အမှတ်အသားကို နာမည်ရှေ့အစတွင် တပ်ပေးရန် တင်ပြတောင်းဆိုရမည် ဖြစ်ကြောင်း အလေးအနက် သတိပေး အကြံပြုခဲ့ပါသည်။

အဆိုပါ အခမ်းအနားမှာ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၊ ကရင်တိုင်းရင်းသားရေးရာ ဝန်ကြီးနှင့် ဗဟိုကော်မတီ နာယက ပဒိုစောထွန်းအောင်မြင့်၊ ဗဟိုကော်မတီ ဒု-ဥက္ကဋ္ဌ မန်းစံမြတင်နှင့် အထွေထွေအတွင်းရေးမှူး စောလုထွန်းတို့က အမှာစကား အသီးသီးချီးမြှင့်ခဲ့ကြပါတယ်။

## ကရင့်ရိုးရာ ချည်ဖြူဖွဲ့မင်္ဂလာအခမ်းအနား

ရန်ကုန်မြို့ ခြောက်ထပ်ကြီး ဘုရားကျောင်း ဝင်းရှိ ကရင်ပြည်နယ် ကျက်သရေဆောင်ကျောင်းတိုက်၌ နှစ်စဉ် ကျင်းပပြုလုပ်သော ကရင်ရိုးရာ ဝါခေါင်လ ချည်ဖြူဖွဲ့မင်္ဂလာအခမ်းအနားသို့ နှစ်သစ်ဗဟိုမှ ဒု-ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာနော်မူမူအေး၊ ဒေါက်တာနော်ရီဘက်ခါထင်၊ အထွေထွေ အတွင်းရေးမှူး စောလုထွန်းတို့အပါအဝင် နှစ်သစ်ဗဟိုမှ အမှုဆောင်များ တက်ရောက်အားပေးခဲ့ကြပါသည်။

အစီအစဉ်အရ ကျင်းပရေးအဖွဲ့မှ သဘာပတိတစ်ဦး၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရ၊ ကရင်တိုင်းရင်းသားရေးရာ ဝန်ကြီးနှင့် ဗဟိုကော်မတီနာယက ပဒိုစောထွန်းအောင်မြင့်၊ နှစ်သစ်ဗဟိုမှ ဒု-ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာနော်မူမူအေး၊ ရန်ကန်တိုင်းဒေသကြီး ကရင်စာပေနှင့် ယဉ်ကျေးမှုကော်မတီ (ယာယီ) နှင့် နှစ်သစ်ဗဟိုမှ အထွေထွေအတွင်းရေးမှူး စောလုထွန်းတို့က အသီးသီး အမှာစကား ပြောကြားခဲ့ကြပါတယ်။ ရိုးရာချည်ဖြူဖွဲ့ မင်္ဂလာအကြောင်း၊ ကရင် (၃) ဘာသာဖြင့်လည်း ဖတ်ကြားတင်ပြ ခဲ့ကြပါတယ်။ ကြွရောက်လာကြသော ပရိသတ်များ ရိုးရာချည်ဖြူ ဖွဲ့ကြပါတယ်။ ကရင်ရိုးရာ မုန့်ဟင်းခါးနဲ့ မုန့်များဖြင့် ဧည့်ခံကျွေးမွေးမှုကို သုံးဆောင်ရသည်မှာ ကရင်ရိုးရာတေးသံနှင့် မြိန်ယှက်လှပါတယ်။

## အစီအစဉ်တိုးချဲ့ဆောင်ရွက်ခြင်း

ဗဟိုကော်မတီဟာ နှစ်သစ်ကူးပွဲတော်ကာလအတွင်း တစ်နှစ်ထက်တစ်နှစ် တိုးတက်များပြားစွာ လာရောက်ဆင်နွှဲ ကြသော ကရင်ပြည်သူများအတွက် အလံတင် အခမ်းအနား ကျင်းပပုံကို စင်မြင့်ရှေ့တွင် တက်ရောက်သာ ပရိသတ် များသာမက ပွဲတော်ဝင်းအတွင်း ပြည့်ကျပ်နေ၍ ဝင်းပြင်ပ တွင် ရောက်ရှိနေသော ပရိသတ် မိဘပြည်သူများ ကြည့်ရှု နိုင်ရန်အတွက် မုခ်ဦးရှေ့အနီးတွင် ပရိဂျက်တာ ထောင်၍ တိုက်ရိုက် ရိုက်ကူးတင်ဆက် ပြသနိုင်ခဲ့ပါတယ်။ နောင်နှစ်များမှာလည်း ထိုသို့သော အစီအစဉ်သစ်များကို ကရင်မိဘပြည်သူများထံ တင်ဆက်ပြရန် ရည်ရွယ်ထားပါတယ်။

## မှတ်တမ်းတင်ခြင်း

ဗဟိုကော်မတီအနေနဲ့ နှစ်စဉ် နှစ်သစ်ပြက္ခဒိန်ကို ထုတ်ဝေပြီး တောင်ပေါ်မြေပြန့်အနှံ့ ကရင်မိဘပြည်သူများထံ ဖြန့်ဝေခဲ့ပါတယ်။

ဒါကြောင့် ၂၇၅၁ ခုနှစ် ကရင်အမျိုးသား နှစ်သစ်ကူးပွဲတော် အထိမ်းအမှတ်ပြက္ခဒိန်အတွက် မေတ္တာနဲ့ ကူညီသရုပ်ဆောင်ပေးခဲ့ကြတဲ့ စောစံမင်းမင်း (ဘားအံ)၊ စချစ်ညီညီ (အိမ်မဲ)၊ စောသူရစိုး (လှိုင်းဘွဲ့)၊ စောဒယ်နီလင်း



(ရန်ကုန်)၊ စသန့်ဇင် (အိမ်မဲ)၊ စောကျော်ထိခလိန်း (ဘားအံ)၊ စခဲလ်ဗင်းအယ် (အိမ်မဲ)၊ စရဲလင်းထိုက် (ပန်းတနော်)၊ စဘာဘလု (ရန်ကုန်)၊ နန်းအဲဖော်ငအွာ (ဘားအံ)၊ နော်ယှီးလာထူး (ကော့ကရိတ်)၊ နမ့်မြတ်သက်မွန် (အိမ်မဲ)၊ နော်နှင်းသဇင်မြင့် (ဘီလင်း)၊ နော်ကေရီ (ဘီလူးကျွန်း)၊ နမ့်ဖြူသဇင် (မြောင်းမြ)၊ နန်းစင်သီခိုင်မင်း (မြိုင်ကြီးငူ)၊ နော်မြစမ်းမော် (တိုက်ကြီး)၊ နန်းခိုင်ခင်ဦး (လှိုင်းဘွဲ့)၊ နန်းငွေစန္ဒာလင်း (လှိုင်းဘွဲ့)၊ နမ့်ချောစုလှိုင် (ပန်းတနော်)၊ နော်ခူးခူးဖော (ရန်ကုန်) ပြက္ခဒိန်ထုတ်ဝေရေးအတွက် နှစ်စဉ်ကူညီပေးသော စီအမ်ဗီ ကုမ္ပဏီလီမိတက် အမှုဆောင် အရာရှိချုပ် စောပလာထူးနှင့် ပုံနှိပ်အဖွဲ့သားများအားနှင့် ဝယ်ယူအားပေးသူများအားလုံးကို အထူးကျေးဇူးတင် ဂုဏ်ပြုမှတ်တမ်းတင် အပ်ပါတယ်။

အမျိုးသားစည်းလုံးညီညွတ်ရေး

ဒီနေ့ကာလဟာ ပြန်လည်ထောင်စုမြန်မာနိုင်ငံ၌ နှစ်ပေါင်း (၅၀)ခန့် ဗဟိုဦးစီးစနစ် အလေးပေးသော ခေတ်စနစ်မှ ဒီမိုကရေစီခေတ်ဦးသို့ အသွင်ကူးပြောင်းစ အချိန်ဖြစ်ပါတယ်။ အိမ်နီးချင်းနိုင်ငံအနေနဲ့ တိုင်းပြည်များနှင့် နှိုင်းယှဉ်ရင် ခေတ်နောက်ကျကျန်ခဲ့နေပုံကို တွေ့မြင်ခဲ့ကြပါတယ်။ ဖွံ့ဖြိုးပြီး နိုင်ငံများနှင့် နှိုင်းယှဉ်လျှင်မူ အလွန်နောက်ကျတာဟာ အလွန် ဝမ်းနည်းစရာပါ။

ထို့ကြောင့် ယနေ့နိုင်ငံတော် အစိုးရသစ်သည် အိမ်နီးချင်း တိုင်းပြည်များနှင့် ဖွံ့ဖြိုးပြီးနိုင်ငံများနှင့် အမီလိုက်နိုင်ရန် တက်သုတ်ရိုက်ကာ ပြုပြင်ပြောင်းလဲမှုကို အရှိန်အဟုန်ပြင်းပြင်းဖြင့် ကျင့်သုံးအကောင်အထည်ဖော်နေကြောင်း သုံးသပ်မိပါသည်။ ဒါပေမဲ့ နိုင်ငံရေးနှင့် စီးပွားရေး ကဏ္ဍရေးများ၌ တစ်နိုင်ငံလုံး အတိုင်းအတာနှင့် ကြည့်မြင်ပါက ပြုပြင်ပြောင်းလဲမှုသည် သိသိသာသာ တိုးတက်မှု မရှိသေးသည်ကို တွေ့ကြရမည် ဖြစ်ပါသည်။

နိုင်ငံတစ်နိုင်ငံလုံး ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရ တစ်ဦးတည်းက ဆောင်ရွက်၍ မရနိုင်ပါ။ ပြည်သူလူထုတစ်ရပ်လုံးက ပါဝင်ပူးပေါင်းဆောင်ရွက်မှသာ လျှင် ကဏ္ဍစုံ ဖွံ့ဖြိုးတိုးတက်မည် ဖြစ်ပါသည်။ ပြည်သူကို ဗဟိုပြု၍ ဆောင်ရွက်ကြရမည်ကိုလည်း နိုင်ငံတော်က အသိအမှတ်ပြု ကျင့်သုံးနေပြီ ဖြစ်ပါသည်။

ဗဟိုကော်မတီသည် လူမှုရေး အဖွဲ့အစည်းတစ်ရပ် ဖြစ်ပေမယ့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ကြရာ၌ လူထုလူတန်းစား အဖွဲ့အစည်းများ ပါဝင်ပူးပေါင်း ဆောင်ရွက်မှုအားသည် အဓိကအင်အားစုအဖြစ် ရောက်ရှိနေပြီး၊ အခြားသော လူမှုအဖွဲ့အစည်းများနှင့် ကွန်ယက်သဖွယ် ဆက်သွယ်လုပ်ဆောင်နေရမည် ဖြစ်ပါသည်။

မြန်မာနိုင်ငံသည် တိုင်းရင်းသားမျိုးနွယ်စု တစ်ရာကျော်ဖြင့် မတူကွဲပြား ခြားနားမှုများ ရှိနေကြသော်လည်း အတူလက်တွဲ ဆောင်ရွက်ကြရမည်မှာ သမိုင်းပေးတာဝန် ဖြစ်ပါသည်။ အထူးသဖြင့် နည်းပညာများ လျှင်မြန်စွာ တိုးတက်ပြောင်းလဲနေချိန်၌ ကမ္ဘာကြီးသည် တဖြည်းဖြည်း ကျဉ်းမြောင်းလာနေသည်မှာလည်း မျက်မြင်ပင်ဖြစ်သည်။ တစ်ဦးတစ်ယောက်တည်း ရပ်တည်၍မရဘဲ မတူကွဲပြား ခြားနားမှုများအတွင်းမှ စုစည်းညီညွတ်မှုကို မလွဲမသွေ တည်ဆောက် ကြရပါမည်။

အဆိုပါ စုစည်းညီညွတ်မှုတွင် လူမျိုးစုအချင်းချင်း စုစည်းညီညွတ်မှုသည် လူမျိုးစုံ သွေးစည်းညီညွတ်ရေးကို ဦးတည်နိုင်မှသာလျှင် နိုင်ငံ၏အင်အားကို တည်ဆောက်နိုင်မည်ဖြစ်သည်။

လူမျိုးစုအချင်းချင်း စုစည်းညီညွတ်မှုကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ဦးစွာခံယူကြဖို့ လိုပါသည်။ ကျွန်ုပ်တို့ ကရင်အမျိုးသားများသည် ဤတာဝန်ကို လက်တွေ့ကျကျ ကျင့်သုံးခြင်းဖြင့် နိုင်ငံတာဝန်ကို ကျေပွန်ကြရမည်ဟု ခံယူပါသည်။ လူမျိုးတိုင်းသည် မတူကွဲပြားခြားနားခြင်းသည် သဘာဝပင်ဖြစ်သည်။ မတူညီမှုကို အပြစ်ဆိုနေခြင်းထက် အဆိုပါ မတူညီမှုများကို တူညီမှုရအောင် လက်တွေ့ကျကျ ကျင့်သုံးဖြေရှင်းနိုင်သော စွမ်းရည်သည်သာလျှင် ပြဿနာ၏ အဖြေကို ရှာဖွေခြင်းဖြစ်သည်။ ဤအရည်အချင်းကို ကျွန်ုပ်တို့ ကရင်အမျိုးသားများ ဖြည့်ဆည်းကျင့်သုံးခြင်းဖြင့် အမျိုးသားအရေး၊ နိုင်ငံ့အရေးကို အားဖြည့်တည်ဆောက်ခြင်းဖြစ်သည်ဟု ဗဟိုကော်မတီက လေးနက်စွာ ခံယူပါသည်။

## အမျိုးသားယဉ်ကျေးမှု အမွေအနှစ်များ ထိန်းသိမ်းရေး

အမျိုးသားယဉ်ကျေးမှု အမွေအနှစ်သည် ထိုလူမျိုး၏ အဓိကကျသော၊ တန်ဖိုးကြီးများသော ဂုဏ်သိက္ခာပင်ဖြစ်ပါသည်။ မိမိတို့၏ ယဉ်ကျေးမှုအမွေအနှစ်များကို မထိန်းသိမ်း၊ မစောင့်ရှောက်၊ မကာကွယ်လျှင် ကြီးစွာသော လူမျိုး၏ ဂုဏ်သိက္ခာကို ရောင်းစားသော၊ ပစ်ပယ်သော၊ လူညံ့လူဖျင်းများ အဖြစ်သို့ ကျရောက်သွားသည်နှင့် တူပေမည်။

ဗဟိုဦးစီးစနစ်ကို အလေးပေးသော ခေတ်ကာလများ၌ တိုင်းရင်းသားလူမျိုးစုများသည် မိမိတို့၏ ရိုးရာယဉ်ကျေးမှုစကား၊ စာပေဓလေ့ထုံတမ်းများကို ပွင့်ပွင့်လင်းလင်း မဆောင်ရွက်နိုင်ခဲ့ကြောင်းမှာ လက်တွေ့ပင် ဖြစ်ပါသည်။

မည်သို့ပင်ဆိုစေ ဥစ္စာရင်လို ဥစ္စာရင်ခဲဖြစ်ရာ မိမိတို့၏ ယဉ်ကျေးမှုအမွေအနှစ်များကို မည်သည့်ခေတ်စနစ်အတွင်းမှာဖြစ်စေ၊ ထိန်းသိမ်းဆောင်ရွက်နေကြရမည်သာ ဖြစ်သည်။ မိမိတစ်ဦးချင်းသော်လည်းကောင်း၊ အဖွဲ့အစည်းများနှင့် သော်လည်းကောင်း၊ စဉ်ဆက်မပြတ် ဆောင်ရွက်ခြင်းဖြင့် လူသားဖြစ်တည်မှု၊ လူသားတာဝန် ကျေပွန်ကြရပါမည်။

ယနေ့ကာလ၌ အဓိကထား ထိန်းသိမ်းရန် လိုအပ်ချက်သည် ဘာသာစကား ကျွမ်းကျင်စွာ တတ်မြောက်ရေးနှင့် မိမိတိုင်းရင်းသားစာပေ တတ်မြောက်ရေးပင်ဖြစ်သည်။ အဆိုပါစကား၊ စာပေ ထိန်းသိမ်းရေးကို နည်းလမ်းစုံကျင့်သုံး ဆောင်ရွက်ဖို့ လိုအပ်ပါသည်။ လက်တွေ့ဖြစ်နိုင်သော နည်းလမ်းများကို အခြေခံကျင့်သုံးခြင်းဖြင့် အမျိုးသားရေး တာဝန်ကျေပွန်နေရန် လိုပါမည်။

## အနာဂတ်ကရင်အမျိုးသားများ၏ ပုံရိပ်

အနာဂတ် ကရင်အမျိုးသားများ၏ပုံရိပ် ကောင်းမွန်ရေးသည် တစ်နည်းအားဖြင့် ပုံရိပ်ကောင်းသည့် ပစ္စုပ္ပန်ကရင်အမျိုးသားများ၏ ကျေပွန်သော သမိုင်းပေးတာဝန်တစ်ရပ်၏ ထင်ဟပ်ချက် ဖြစ်ပါသည်။

ထို့ကြောင့် ယနေ့ခေတ်ပြောင်းကာလ၏ စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေးသည် ကရင့်ဘဝနှင့် ကွဲကွာရေပါ ယှဉ်တွဲ၍ လွှန်ဆွဲလျက် ရှိပါသည်။

ဤအချင်းအရာကြောင့် ကျွန်ုပ်တို့သည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကို မျက်ခြေမပြတ်ရန် လေ့လာသုံးသပ်အကဲခတ်နေရပါမည်။

သို့မှသာ ကရင့်ဘဝ၏ အသက်သွေးဖြစ်သော ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးရေး၊ ယဉ်ကျေးမှုတို့ကို ကျယ်ပြန့်စွာ ဖြည့်တင်းနိုင်မည့် အခင်းအကျင်းကို ဖန်တီးနိုင်ပါမည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် ကရင့်အရေးကို ကရင်လိုတွေး၍ ကမ္ဘာ့အမြင်နှင့်လည်း ပေါင်းကူးဆန်းစစ်ကာ ရလဒ်ကောင်းများ ဆောင်ကြဉ်းနိုင်ဖို့ လိုအပ်ပါသည်။

ထိုသို့သော အခွင့်အလမ်းကောင်းများကို ဖြည့်လောင်းနိုင်ရန် ညီညွတ်ခြင်း၊ စည်းလုံးခြင်း၊ ချစ်ကြည်ရင်းနှီးခြင်း၊ အပြန်အလှန် အကြံပြုခြင်းများဖြင့် ဝိုင်းဝန်းကူညီရန် သံန္နိဋ္ဌာန်ချမှတ်ချိန် ရောက်ပြီဟု မှတ်ယူမိပါသည်။

ကရင်အမျိုးသား နှစ်သစ်ကူးပွဲတော်ကို တစ်နှစ်တစ်ကြိမ် အောင်မြင်စွာကျင်းပနိုင်ရုံမျှဖြင့် ကရင်အမျိုးသားရေးတာန်ကျေပြီဟု မယူဆနိုင်ပါ။ လူသားတစ်ဦးအတွက် လိုအပ်သော နိုင်ငံရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး စသော လူသားအရေးအရာများကို ဖွံ့ဖြိုးတိုးတက်အောင် ဘက်စုံ၊ ကဏ္ဍစုံက အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှသာလျှင် ပစ္စုပ္ပန်ကာလအတွက်ရော၊ အနာဂတ်အတွက်ပါ လုံခြုံစိတ်ချရမည် ဖြစ်ကြောင်း ခံယူကျင့်သုံး ကြရပါမည်။

အတိတ်က ကရင်အမျိုးသား မိဘဘိုးဘွားများရဲ့ ကိုယ်ကျိုးစွန့် အနစ်နာခံ ဆောင်ရွက်ခဲ့မှုကြောင့် ယနေ့ကရင်အမျိုးသားများအနေနှင့် ကမ္ဘာ့အလယ်မှာ ထည်ဝါစွာရပ်တည်နေနိုင်ခြင်းဖြစ်ရာ အနာဂတ် ကရင်အမျိုးသားဘဝ လုပတင့်တယ်စွာ နေထိုင်ရပ်တည်နိုင်ရေးမှာ ယနေ့မျက်မှောက်ကာလ ကရင်အမျိုးသားများ၏ ရှောင်လွှဲမရသော အမျိုးသားရေးတာဝန်ဖြစ်ကြောင်း မီးမောင်းထိုး တင်ပြလိုပါသည်။

ကရင့်သမိုင်းကို လေ့လာကြည့်လျှင် ကရင်အမျိုးသား သူရဲကောင်းများ၏ စွန့်လွှတ်စွန့်စား ဆောင်ရွက်ခဲ့မှုများ၊ ကရင်အမျိုးသား အသိပညာရှင်များ၊ အတတ်ပညာရှင်များ၏ သမိုင်းဝင် ဆောင်ရွက်ချက်များနှင့် ဇွဲ၊ သတ္တိ၊ ခန္တီပြည့်ဝသော ကရင်ပြည်သူများ၏ စွမ်းဆောင်မှုသမိုင်းမှတ်တမ်းကို အားကျအတုယူဖွယ် တွေ့မြင်ရပါမည်။

ဤသည်ပင်လျှင် အနာဂတ်ကရင်အမျိုးသားများ၏ ပုံရိပ်ကောင်းမွန်ရေးအတွက် ဆောင်ရွက်ရန် ကျွန်ုပ်တို့အတွက် ကြီးမားသော ခွန်အားတစ်ရပ်ဖြစ်ပါကြောင်း ထပ်လောင်း တိုက်တွန်းနှိုးဆော်အပ်ပေသည်။

နိဂုံး

နိဂုံးချုပ်အနေဖြင့် ကရင်အမျိုးသားနှစ်သစ်ကူးပွဲတော်ဖြစ်မြောက်အောင်မြင်ရေးအတွက် အဖက်ဖက်မှ ဝိုင်းဝန်းကူညီခဲ့ကြသော ရပ်ကွက်၊ မြို့နယ်၊ ခရိုင်နှင့် တိုင်းအဆင့်ဆင့် အာဏာပိုင်အဖွဲ့အစည်းများနှင့် ဌာနဆိုင်ရာများအားလည်းကောင်း၊ ပွဲတော်စည်ကားသိုက်မြိုက်စွာ အနှစ်သာရရှိရှိ ကျင်းပနိုင်ရေးအတွက် စည်းစနစ်ကျစွာ ပါဝင်ဆင်နွှဲကြသော ကရင်မိဘပြည်သူများနှင့် တိုင်းရင်းသားညီနောင်များအားလည်းကောင်း အထူးကျေးဇူးတင်ရှိကြောင်း မှတ်တမ်းတင်ဂုဏ်ပြုရင်း ဤအစီရင်ခံစာကို နိဂုံးချုပ်ပါသည်။

ဗဟိုအလုပ်အမှုဆောင်အဖွဲ့

၂၇၅၂ ခုနှစ်၊ ကရင်အမျိုးသားနှစ်သစ်ကူးပွဲတော် ကျင်းပရေး ဗဟိုကော်မတီ (မဟာရန်ကုန်)
ရက်စွဲ။ ။ ၂၀၁၂ ခုနှစ်၊ အောက်တိုဘာလ (၁၄)ရက်။



# ကိုယ်သိပ်ချစ်ရတဲ့ ကြေးမုံ

ကြေးမုံရေ...
မင်းလေးကို တိတ်တခိုးလေးကြည့်မိတုန်းက ကိုယ့်နှလုံးသားထဲမှာ ခံစားချက်နှတွေ့။
ဒါပေမဲ့ ကြင်နာယုယ၊ စွဲလန်းတမ်းတမှုနဲ့ မင်းရဲ့ပုံရိပ်ကို မြင်ယောင်စဉ်းစားတိုင်းကိုယ့်ဘဝကို လွှမ်းမိုးနေတဲ့သူလေး
ဖြစ်နေပြီလေ...။

စာအုပ်စာပေ လူ့မိတ်ဆွေ ဆိုသလို စာပေဟာကိုယ့်ဘဝ တိုးတက်အသိကြွယ်ဖို့ မောင်းနှင်အားဖြစ်တယ်ဆိုတာ
ကြေးမုံပဲ မီးမောင်းထိုးပြတယ်လေ။

ကြေးမုံရေ...
မင်းရေးချယ်သီကုံးခဲ့တဲ့ စာပန်းချီတွေ ရောက်ရှိလေရာမှာ ရှင်သန်နေပြီလို့ သတင်းကောင်း ပါးပါရစေ။

ကြေးမုံ...
ကိုယ့်ရဲ့ဘဝ အနာဂတ်ခရီး ဖြောင့်ဖြူးစေဖို့ စွမ်းဆောင်ပေးနေတဲ့ လမ်းပြကြယ် နတ်မိမယ်လေးလို့ တင်စားခေါ်ပါရစေနော်။
ကိုယ်တို့ရဲ့လူမျိုးနွယ်သမိုင်းကြောင်းပြန်ပြောင်းပြီး ဖွင့်လှစ်ပေးတဲ့အတွက် ရှေ့အနာဂတ်
မျိုးဆက်သစ်လူငယ်များအတွက် မီးရှူးတန်ဆောင် ဖြစ်နေတယ်မဟုတ်လား...။
မမောမပန်း၊ တောင်ပေါ်မြေပြန့် ခရီးကြမ်းကို လျှောက်လှမ်းခရီးဆန့်ရင်း လူမျိုးနွယ်ရဲ့ဘဝစာမျက်နှာများကို ကြေးမုံပဲ
ဖွင့်လှစ်ပေးခဲ့တယ်လေ။
အတိတ်၊ အနာဂတ် ပုံရိပ်လွှာတွေ၊ ဘာသာရေး လူမှုရေး စီးပွားရေး ပညာရေးအသိဉာဏ် ရောင်စဉ်တန်းလေးကို
ထွန်းလင်းပေးတဲ့ အလင်းပိုင်ရှင်လို့ ခေါ်တွင်ပါရစေ...။

ကြေးမုံပြောခဲ့တဲ့၊ "စာပေ၊ စကား၊ ယဉ်ကျေးမှု ကွယ်ပျောက်သွားရင် လူမျိုးပါကွယ်ပျောက်သွားမယ်" လို့
သတိပေးစကားသံလေးဟာ ကိုယ့်နှလုံးသားထဲမှာ ရိုက်ခတ်မြည်ဟည်းနေဆဲပါပဲ...။

ဖြူစင်တဲ့စေတနာ၊ တိုးတက်စေလိုတဲ့ ဆန္ဒ၊ လူမျိုးပျောက်ကွယ်မှာကို စိုးရိမ်တဲ့ ရင်တွင်းမှ စကားသံလေးတွေနဲ့အတူ
မင်းလေးရဲ့ လက်ကမ်းဖိတ်ခေါ်မှုကို နွေးထွေးပျူငှာ ကြိုဆိုလက်ခံပြီး ကြေးမုံလေးကို ရင်မှာပိုက်ထွေး ဘဝ
တိုးတိုးဖော်လေးအဖြစ် လက်တွဲကာ ဘဝ ရှေ့လမ်းခရီးကို ချီတက်ဖို့ ခိုင်မာစွာ ဆုံးဖြတ်ချက် ချလိုက်ပါပြီလို့
အသိပေးပါရစေ...... ကြေးမုံရယ်......။

စိုးမိုး (မြောင်းမြ)

# ထီးဆေမေယွာမျိုးနွယ်

မန်းစံရွှေ



● သူငယ်ချင်း
မပြယ်ယွင်းစွာ၊ မနောသားဖြူပြီး
သဘောထားကြီးမြတ်တဲ့၊ တို့ကရင်လူမျိုးတွေကို
'ကရင်အို ချောင်းကြိုမြောင်းကြား' တဲ့
သည့်စကားကို မထင်မှတ်ဘဲ ပြောတတ်ကြတာ။

● ပြောကြပါစေကွာ၊ မနောလှတဲ့ လူမျိုးတွေ
အဖိုးလေးလည်းတန်တယ်၊ အမျိုးလေးလည်း မှန်တယ်၊
အကျိုးပေးလည်းသန်တယ်၊
ဒါပေမဲ့ ကိုယ့်အားကိုယ်ကိုးတဲ့ လူတွေဆိုတာ
မူသေတရား မြဲမြဲမှတ်ထား။

● ချောင်းကြိုမြောင်းကြားနေတော့
ဘာဖြစ်လဲ –
ချောင်းနား မြောင်းနားနေတော့
ငါးတွေအလျှံပယ် စားရမယ်
ရေမရှားတော့ မနေမနား
အအားမနေ၊ သစ်ပင်စပါးပင် ဝါးပင်တွေ စိုက်ရင်း
ဟင်းရွက်သီးနှံ တစ်နည်းဝေလျှံအောင်
အပြီးမြေလှန် စိုက်ကြတာ
ဒါ – ကိုယ့်အားကိုယ်ကိုး အလုပ်လုပ်
အချောင်သမား မဟုတ်တာကို ပြတာ။

● သေချိန်တစ်ရက်နီးလည်း အသက်ကြီးတယ် မထင်ပေဘူး
နေရာဟာ လေကောင်းလေသန့်လည်းရ
ရေကြည်ရေသန့်လည်းရ
ကိုယ်ဆန့်လက်ဆန့်လမ်းလျှောက်
ပေါက်တူးလေးထမ်း၊ ရေမြေကို အချစ်စမ်းတဲ့လူမျိုးတွေ။

● ကဲ . . .
ဘယ်သူတွေ ဘာပြောချင်သေးလဲ
အစဉ်အမြဲ ရင်ထဲက အမြဲရှင်းသန့်နေတဲ့လူမျိုး
ဘိုးဘေးဘီဘင်မက ရှေးကတည်းက
တောတောင်တွေပတ်၊ ကုန်းမြင့်တွေဖြတ်
ရေစပ်ကမ်းနား စခန်းသွားကြတဲ့လူတွေ
ပူပင်သောကတွေ၊ မေ့ပြီးတကယ်လေ
ကြီးကျယ်တဲ့စကား ဆိုတယ်လို့၊ မယိုးစွပ်ပါနဲ့
တို့တစ်တွေဟာ –
ထီးဆေမေယွာ ဘဝစခန်းကို ဖြတ်သန်းခဲ့တဲ့
မှတ်တမ်းဝင်အမျိုးအနွယ်တွေပါ။

# ပတ်စာခွာ ဖျာသိမ်း

စောထော့ဖျော် (ပတွော်၊ ရုံးဒေါင့်)



မွှေလိုက်
သည်းခြေခိုက် အသပြာငွေ
သိန်းသန်းကုဋေ ဝေစုပုံပေမယ့်
ငြိမ်းချမ်းရေးဝတ်မှုံ ထုံမသင်းနိုင်ဘု
ရေဝေးကြာပန်းသို့
ခရုခုန် အိုင်ပျက်
ပတ်ကြားအက် နွေဒဏ်ရာ၊

ရာဇဝင် ပဋ္ဌလက်
ငါ့ပလ္လင် သူမစွက်စေဖို့
သမီးဆက် သမက်ချည်တိုင်နဲ့
မြို့ကျေးလက် အပိုင်စားပေးကာပ
ချွေးသိပ် မြူဆွယ်ကြသော်လည်း
စလယ်ဝင် မီးမစွဲမီ
သူတလူ ငါတစ်မင်း
ထီးနန်းလု ရန်စစ်ခင်း
ဖောက်ယွင်း သစ္စာ။

ရွာဝိုင်းပတ်
ကြခတ်ဆူးခြုံ ကာလို့
မလေ့ရိုးရာနဲ့
မျိုးရိက္ခာ ဝမ်းစာစု
စူးထိုး လုံ့လပြုသူကိုမှ
သဝန်တို မာန်အငြိုးနဲ့
ထိုးစစ်ဆင် အကြမ်းဖက်ရမ်းလေတော့
အရိုးကြေ အရေခန်းသည်ထိ
ကြံ့ ကြံ့ ခံ တွန်းလှန်သည့်
ပဲ့တင်သံ 'ပဒိုး–ကျွဲချို'
ကရင်အို့ တံခါးမှူး။

သင့်မြားဦး ငါ့ကိုစူး
ငါ့လုံ့သွား သင့်ကိုရှ
'ဖွတ်မရ ဓားမဆုံး'
ဖုံးမီးတောက် စစ်တလင်းမှာ
နင်းပြားမြက် မြေဇာပင်
ဘယ်သို့ အသက်ရှင်ရပါ့၊

အာဃာတမျက်စောင်း
ထုထောင်းလုပ်ကြံ
လည်စင်းခံရတဲ့
တိုင်းရင်းသားတွေရဲ့ ဒုက္ခ
ပြည်သူတွေရဲ့ သောက
ထွက်ပြေး ရှောင်ပုန်းရသူတွေရဲ့
ပဋိဒေဝ

သည်အနိဋ္ဌာရုံတွေ ပျောက်ကင်းလို့
ကာယ စိတ္တ နှစ်မှာ
သက်သာလန်းဆန်း
ကျန်းမာသန်စွမ်းစေဖို့
မေတ္တာနဲ့ ကုသ
ကရုဏာနဲ့ ပြုစု
မုဒိတာ ရင်ခွင်နွေး
ထွေးပွေ့ချိန် ရောက်ပြီမို့
ရင်ဆို့ ထုပ္ပုတ်နဲ့
တောင်ပံပြုတ် ဇာတ်ပို့ မနာမီ
ပတ်စာခွာ ဖျာသိမ်းပြီး
ငြိမ်းချမ်းရေး အရုဏ်ဦးကိုလ
ပေါင်းသိုက်မြုံ နိုင်ညီညွတ်
ခူးဆွတ်ကြည်နူး။ ။

# မျက်စိပွင့် နားပွင့်



► ပြတင်းတံခါးကို တွန်းဖွင့်
နှင်းမှုန်မွှားမွှား
ဝါးတားတား
သင်တိုင်းဝတ်စုံပုံရိပ်
ဘေးချိတ်ထားတဲ့ ပန်းချီ
ဆေးရောင်ပြယ်
ဆေးနံ့ပြယ်
ပုံရိပ်က မတင့်တယ်လေတော့
ကြည့်ရတာ အားမရဘူး။

► ပြတင်းတံခါးကို ပြန်ပိတ်
မျက်စိကို မှိတ်တော့
တိုးတိတ်တိတ် အသံ
ဟိုး . . . တောတောင်ဆီက
သောတာရုံကို လာချိတ်
ရေစီးသံ
မြူးဆွယ်သံ
ဖားစည်သံ မသဲကွဲတော့
ကြားရတာ အားမရဘူး။

► အပါးရဲ့ အပါး
အဖူးပြောသံ ကြားဖူး၏။

► သံလွင်နဒီ နှင့် ရောဝတီ
တောအလီလီ
တောင်အစီရီနှင့် ကာခြားလည်း
ပင်လယ်သမုဒ္ဒရာ
ထိုးဖောက်ကာ စီးဝင်ရောက်တော့
ရောပြွမ်းကာ ပေါင်းစည်း
အားကောင်းသန်မာတဲ့ အဖြစ်
အဖူး ပြောသလို
နို့ မြင်ကြည့်
အမြင်မှန်ဖို့ သင့်ပြီနော်။ ။

အဲချူပ်လဂဆို



# ဝက်ပါလမ်း

ငှတ်တိုင် တစ်ခုမှာ
ကြိုးတန်းလန်းနဲ့ လမ်းကလေးရေ

သဘာဝမဆန်တဲ့ သဘာဝတရားရဲ့
ထုဆစ်ချက် ကတော့
ခရုခွံတစ်ခုထဲ မြွေကြီးတစ်ကောင်
ခွေအိပ်နေသလား ထင်ရတယ်။

လမ်းကလေးရေ

မင်းရဲ့ ဦးကင်းထက်က
တလဟောသွန်ချနေတဲ့ ဆီးနှင်းမုန်တိုင်းတွေ
မင်းမျက်ဝန်းထဲ
Scorpions ရဲ့ "လေထဲကဖုန်"
မယ်လိုဒီ အသွားနဲ့
အစိမ်းရောင် ဝိဉာဏ်များရဲ့ ဆုတောင်းပွဲတွေ

မင်းရဲ့ မှော်ရုံတောက
သူယောင်မယ်တွေရဲ့ cat walk ရှိုးပွဲတွေ

မင်းရင်အုံပေါ်က
နာတာရှည်ဒုက္ခ လွင်တီးခေါင်
ဖုန်းဆိုး ယာခင်း ခြောက်သယောင်းကြီးတွေ

မင်းနားထဲက ပုစဉ်းရင်ကွဲသံကြီးလို
ပစ္စည်းမဲ့ -ယာမဲ့ -သားမဲ့ -နိုင်ငံမဲ့တွေရဲ့ အသံဗလံတွေ

ပြီးတော့
မင်းတူးဖော်ခဲ့တဲ့
(မင်းစိတ်ကြိုက်ဆိုပါတော့)
ဖယ်ဒရယ် ပရိုင်းမိတ်တစ်ခုရဲ့ အဝ်ပြန်ချုပ်ရိုးတစ်ချောင်း

ဒါတွေ ခဏမေ့ထား
ကိုယ်ပျောက် ဝိဇ္ဇာလို
မင်းခန္ဓာကို ဖော့ထား

မိုးတိမ်တွေရဲ့ တွဲလောင်းချ ခြေထောက်တွေကို
အမိအရ ဖမ်းဆုပ်လို့
လေကြုံဆက် ခရီးရှည်မှာ
စိတ်လွတ်ကိုယ်လွတ် လူလူအေးအေးပေါ့

လမ်းအဆုံးမှာတော့ (ကိုယ့်လူ)
မီးအိမ်ပြပြလေး မြင်ရဖို့ နေနေသာသာ
ကြောင်တစ်ကောင် ကြွက်တစ်မြီးမှ မတွေ့ရ

ရုတ်တရက် လန့်နိုးလာတဲ့မြွေ
ကိုယ်အမြီး ကိုယ်ပြန်ကိုက်မိ သလိုမျိုး
ကိုယ့်ချည်တိုင်ကိုယ် ကြေကွဲစွာပြန်တွေ့လိုက်ရ

ဒါတွေကိုဆက်ပြီး မတွေးချင်ရင်တော့ . . .

ကဲ . . . မိတ်ဆွေ
ခင်များ ပျင်းနေရင်တော့
ဘယ်သူမှ အာရုံမစားတော့တဲ့
ဖုန်လိမ်းလိမ်းထဲ
ဟောဒီ ခွေးတံဆိပ် ဓာတ်ပြားဟောင်းတစ်ချပ်
အလကား ယူသွားဗျာ။

အိုင်ရှာ

# ဒဿနပညာရှင်

အမေရိကားက
နိုင်ငံရေးသမား တစ်ယောက်၊ သူလျှောက်သည့်လမ်း
လွန်ဖြောင့်တန်း၏။

သူ့ရဲ့ ဒဿနမှာ
'မီဒီယာ' ဆိုတာ အစိုးရ မရှိပြား
စာနယ်ဇင်း တစ်စောင်ရှိ လုံလောက်သားတဲ့။

အမေရိကားရဲ့ ဖွဲ့စည်းပုံ
ကုံလုံပြည့်ဝ ရေးဆွဲကြတော့
'ဝါရှင်တန်' က သဘာပတိ
'ဂျွန်အဒမ်' နဲ့ သူလည်း ပါဝင်
လူချွန်လူမွန်တွေ အားလုံးပါကြ
သူပြောတာက ဖွဲ့စည်းပုံရေးဆွဲတဲ့ လူတွေဟာ
သစ္စာ ကတိနဲ့ ရိုးသားမှုတွေ ရှိရမယ်
နို့မဟုတ်ရင် ချွန်ချင်သလောက်ချွန်
မွန်ချင်သလောက် မွန် . . . ပျက်မှာပဲတဲ့။

အမေရိကားရဲ့ ဖွဲ့စည်းပုံ
ကုံလုံပြည့်ဝ ခုလို ရေးဆွဲနိုင်ကြတာက
လူတွေ တော်လို့ မဟုတ်ပါ၊
တန်ဖိုးရှင်တွေ ကူညီဝိုင်းမ လို့
ရေးဆွဲနိုင်ကြတာပါတဲ့။

ဒီလို ပုဂ္ဂိုလ်တစ်ယောက်က သူ သမ္မတ ဖြစ်လာတဲ့အခါ
အိမ်ဖြူတော်ကိုလာ
ကြက်တူရွေးက တစ်ကောင်
သမီးလေးနှစ်ယောက်တစ်တွဲ
ကျန်တာဆို ဘာမှ မပါဘဲ။

သူ ကွယ်လွန်တဲ့အခါ ကမ္ဘည်းမှာ ရေးထိုးထားတာက
'လွတ်လပ်ရေး ကြေညာစာတန်းရေးသူ'
'ဗာဂျီးနီးယား လွှတ်တော်မှာ ဘာသာရေး လွတ်လပ်ခွင့် တင်သွင်းသူ'
'ဗာဂျီးနီးယား တက္ကသိုလ်ရဲ့ဖခင်
သောမတ်(စ်) ဂျက်ဖာဆင်' တဲ့
တတိယမြောက် သမ္မတဆိုတာတော့ ကမ္ဘည်းမှာ ပါမလာ
နောင်လူတွေလည်း လာကြဦးမှာပါတဲ့။ ။



မောင်ဝင်းကြွယ်

# ယုန်သလင်း

(သို့မဟုတ်)

## သမိုင်းကို ထမ်းပိုးထားတဲ့ ရွာကလေး

စောချမ်းအိမ် (ခမောက်စု)

မဆန်းပြားဘူးဘဲ ဆိုဆို
မခမ်းနားဘူးဘဲ ပြောပြော
ကျေးလက်တော ဆိုပေမယ့်
မြင့်မြတ်တဲ့ သွေးသား
ဂုဏ်ဒြပ်တစ်ခုနဲ့ ထင်ရှားလာခဲ့တာ။

ကျုံတလင်းပဲ ခေါ်ခေါ်
ယုံတလင်းပဲ တွင်တွင်
ဘယ်သူမှ မငြင်းနိုင်တဲ့
မောကွန်းကမ္ပည်းတိုင် တစ်ခုကို
မြန်မာ့သမိုင်းမှာ နိုင်နိုင်ထုဆစ် ပေးခဲ့တယ်။

မန်းဘခိုင်တဲ့ . . .
နာမပိုင် ကရင်လူငယ်တစ်ယောက်က
ရဲရဲတောက်အတွေး
မကြောက်ဝံ့တဲ့ သတ္တိသွေးတွေနဲ့
၁၉၄၄ – ဂျပန် တော်လှန်ရေးမှာ
ဇာတိမြေကို ဌာနချုပ်လုပ်လို့
ရွပ်ရွပ်ချွံချွံ ဖက်ဆစ်ကို တိုက်ထုတ်ခဲ့ပေါ့။

အမျိုးချစ်တဲ့ ဇာတိမာန်
အသွေးသားက အရင်းခံမို့
ကိုလိုနီစနစ်ကို ဆက်တွန်းလှန်ရင်း
ကြမ္မာဆိုး မြားတစ်စင်း
ကံကွက်ကြား ပစ်ခွင်းရစ်လို့
၁၉၊ ဇူလိုင်လ ၄၇မှာ
ဗိုလ်ချုပ်တို့နဲ့ ကျဆုံးခဲ့ရ
အဲဒီအာဇာနည်ခေါင်းဆောင်ကြီးရဲ့ သန္ဓေစကို
ယုန်သလင်းရွာလေးက မွေးဖွားပေးခဲ့တယ်။



၁၉၄၀၊ ဇွန်လ ၁ ရက်
ဇလွန်အစည်းအဝေး ဟောပြောချက်နဲ့
ဖမ်းဝရမ်း ထုတ်ခံရတဲ့ ဗိုလ်ချုပ်
ရက်တရက် လျှိုးငုတ်ကွယ်ပျောက်
တစ်ဦးတစ်ယောက်တောင် မသိနိုင်ခဲ့
မန်းဘခိုင်ရဲ့ အိမ်မှာ သုံးရက်တာ ပုန်းခို
ယုန်သလင်းရဲ့ ရင်ခွင်ပျိုထဲမှာ။

ပကတိရိုးသား
မဝင့်ကြွားတတ်တဲ့
သမိုင်းကို ထမ်းပိုးထားတဲ့ အဲဒီရွာကလေး
အချိန်ကာလ မျက်နှာသာ မပေးလို့
(တချို့တွေအတွက်)
မေးမှိန်သလို ဖြစ်ခဲ့ရပေမယ့်
ရွှေထုပ်တဲ့ မြပဝါလို
ရင်နှစ်ချာ အမွေအနှစ်ကို
တန်ဖိုးစစ်စစ် သိမ်းဆည်းထားတာမို့
ရေခံမြေခံ၊ အစဉ်လာသဏ္ဌာန်ကောင်း
နှလုံးသား ကြီးမြတ်သူတစ်ဦးရဲ့
ကိန်းအောင်းရာမြေမှာ
အကြောင်းရယ်ဖန် ရေးကကံနဲ့
ရှင်သန်လာ လူလားမြောက်
ယုန်သလင်း ရွာသားတစ်ယောက် ဖြစ်ရတာ
(ကျုပ်လေ)
ဝမ်းမြောက်ဂုဏ်ယူမိတယ်ဗျာ။ ။

# သံ လွင် ရေ စီး နေ သ ရွေ့

ကြယ်ကြွေတဲ့ နေ့
တရွေ့ရွေ့နဲ့ ငါစဥ်းစား
သန္တရသ ဆောင်းညတွေ အေးခဲသွား၊
ဝိရောဓိ အမျှင်အတန်းတွေ ပရဇ္ဇ . . .
နေ့တွေဟာ ရွေ့လျား . . .
နိုင်မာကျစ်လစ် သံယောဇဉ် အသစ်တွေနဲ့
အမျိုးသားစာပေ ယဉ်ကျေးမှုကို
ပုခုံးထက် ထမ်းရွက်သူ 'မန်းငွေကြီး'
ဒို့ ဖထီး ဆုံးပြီ . . . တဲ့။

ဆရာကျော်စန်းပွင့်နဲ့ တွေ့တော့
သူ့သတင်းက ရီဝေစွာ
အတိတ်ဆီ တစ်နေရာ။
ရင်းနှီးမှုတွေ အရောင်လက်လို့
တွဲလက်တွေဟာ . . . အတိတ်ကို တမ်းတ မှန်းဆ
ပြန်မရတဲ့ . . . ပြန်လှည့်မရတဲ့ အရိပ်တွေ ဖြစ်သွားပေါ့။

နင်းလျှောက် . . . ဖြတ်လျှောက်
ဖြတ်သန်း . . . ခြေလှမ်းတွေဟာ
ကရင်အမျိုးသားအတွက်ဆိုတာ ငြင်းမရ
မျိုးဆက် . . . တိုးတက်ရေး။
'နယူးဂျင်နရေးရှင်း' သို့ လက်ဆင့်ကမ်း
အဲဒီလိုပုံဖမ်းပြီး သွားကြဖို့
သူတို့ . . . ဖထီးတို့ . . . ခရီးညွှန်ခဲ့။

ယဉ်ကျေးမှု တွန်းတိုက်ခံရတဲ့အခါ
ပွန်းပဲ့ မသွားရအောင်ပါ
ရှုံးထွက် ကစားပွဲမဟုတ်
အနှုတ်ထဲက အမြှတ်သင်ခန်းစာယူ
ကရင်ဟူက မာန်မချကြေး
လက်ငှေ့ရေးပြ နိုင်မတ်ကြစေ . . .။

တဝ်လုန့်သံနဲ့ ခြောက်ခြားသံစွက်
အနာဂတ် အိပ်မက်ကို လက်တွေ့ကျ
ဝေငှ . . . အသုံးချ . . . စိတ်ချ . . . လက်ချ . . .။

ကရင်ဟာ . . . အစဉ် ထာဝရ
ညီညာဖျဖျ
အယူသီးမှုတွေ ခဝါချ . . .။

ဟိုးရှေ့က ဝီသတဲ့ တီးလုံးတွေနဲ့ ကပြ
နှစ်သစ်အလှ ဝေဖြာ
အနောရေ . . . ဖထီးရေ . . . လာ . . .
ကဗျာ (လိုဝါ) တွေနဲ့ ဆို က . . .
ထား ကဗျာတွေနဲ့ ဆိုမှ . . .

အနာဂတ် အတိတ်တဘောင်
ဖလုံ၊ ရောင်တို့ သီဖွဲ့ . . . ချီတက်
ပြုံးကြည်လဲ့ . . . အမြင်
သံလွင်ရေ . . . စီးနေသရွေ့ ။ ။

လိုဝါ (လဝိုင်) – တေးကဗျာ၊ သီကုံးဖွဲ့နွဲ့မှု



ကရင်မြေ စောနွေထက် (မြိုင်ကလေး)

# အနာဂတ် ခြေလှမ်းများ

မန်းစိုးမြင့်

" ပညာသမာ အာဘာနတ္ထိ" (ပညာနှင့်တူသော အလင်းရောင်သည်မရှိ)၊ "ပညာသမံ နတ္ထိမိတ္ထံ" (ပညာနှင့်တူသော ခင်ပွန်းမရှိ) စသော ဆောင်ပုဒ်များ၊ အဆိုအမိန့်များ ရှိခဲ့သည်။

နယူးယောက်တက္ကသိုလ် ဒဿနိကပါမောက္ခ Sidney Hook က၊ ပညာသည် အဖိုးတန်သည်။ ပညာကို အစားထိုးနိုင်သော အရာမရှိ။ ပညာသင်ကြားပေးခြင်းဖြင့် အသိဉာဏ် စိတ်ဓာတ် ဖွံ့ဖြိုးမှုကို ပြုလုပ်ပေးနိုင်ပါသည်ဟု ဆိုသည်။

ပညာဆိုတာ အကြောင်းသိခြင်း ဖြစ်သည်။ အကြောင်းရင်းကိုသိတော့ တစ်စုံတစ်ခုသော အကျိုးတရားကိုရအောင်လည်း ဖန်တီးနိုင်သည်။ မလိုလားအပ်သော အကျိုးတရားကို ဖြစ်မလာအောင်လည်း အကြောင်းတရားကို ပိတ်ပင် တားဆီးနိုင်သည်။ ထို့ကြောင့် ပညာသင်ကြား ကြရသည်။ ပညာသင်သည်ဆိုသည်မှာ အတွေ့အကြုံကို လက်ဆင့်ကမ်းခြင်းပင် ဖြစ်သည်။ လူတွေမှာ ဘာသာစကား ပေါ်ပေါက်လာသည့်အတွက် ပညာသင်ကြားရာတွင် ခရီးတွင်ကျယ် လာခဲ့သည်။ လူ့လောကကြီး မြင့်မားတိုးတက်လာခဲ့သည်။

**ကိုယ်ကျင့်တရားကို လက်ကိုင်ထား၍ ခေတ်စနစ်နှင့်အညီ ပညာရေးကို အလေးပေးသင်ယူပြီး မပျင်းမရိဘဲ အလုပ်ကို စည်းကမ်းတကျ ပွံ့ဖြိုးတိုးတက်အောင် ကြိုးစား အားထုတ်ကြပါ။**

စာရေးဆရာ အောင်သင်းက ယခင့်ယခင်က ပညာရေးကို အရှုံးအမှုး မရှာခဲ့လျှင် ရှိစေတော့။ ယခုအခါတွင်မူကား ပညာကို အရှုံးအမှုး ခုံခုံမင်မင်ကြီး ရှာသင့်ကြပြီ ဖြစ်ကြောင်း၊ တစ်မျိုးသားလုံး နိုးနိုးကြားကြား ရှိသင့်ကြပြီဟု တင်ပြ ပြောဆိုခဲ့ပါသည်။

ပညာခေတ်မို့ပညာအပြိုင်အဆိုင် ဆည်းပူးကြသည်။ သည်နေ့ခေတ်သည် ပညာအခြေမခံဘဲ တကယ်အလုပ်လုပ်လျှင် ရှိသမျှ ကုန်သွားနိုင်သလို၊ ပညာကောင်းကောင်း အခြေခံနိုင်ပါလျှင်လည်း ရှုပါဘောစ့် ဖြစ်နိုင်ခွင့်ရှိသောခေတ် ဖြစ်သည်။ ပညာအခြေခံ မပါဘဲ အခါအခွင့်ကြောင့် ရှေ့ရောက်နေသူများကို ပညာအခြေခံရှိသူတို့က တဖြည်းဖြည်းကျော်ဖြတ်လာကြသည်။ ပညာရပ် ရှေ့တန်းရောက် နိုင်ငံများက သူတို့၏ ပညာကို ထုတ်ကုန်တစ်ခုအဖြစ်၊ ပို့ကုန်တစ်ခုအဖြစ် လုပ်ကိုင်ဆောင်ရွက်လာကြရာ ကြီးမားစွာ အောင်မြင်လျက်ရှိကြသည်။

တောင်ကိုရီးယား သမ္မတသစ် ပုပ္ပနွေးနွေး Lee Myung Bak ကလည်း သူ သမ္မတ ဖြစ်လာပြီး တိုင်းပြည်အတွက် ပေးသည့် ကတိစကားတစ်ခုမှာ သူ့တိုင်းပြည်၏ စီးပွားရေးကို ပြန်လည် သွေးသစ်လောင်းရမည် ဟူ၍ဖြစ်သည်။

"လူတော်များ၊ ပညာတတ်များကိုဦးဆောင် စေမည်" ဟူသော ကြွေးကြော်ချက်က၊ ပညာခေတ် ပညာတတ်များကို မီးမောင်းထိုးပြ ပေးလိုက်ခြင်း ဖြစ်သည်။ ခရစ်နှစ် (၂၀၀၈) သည် ကိုရီးယားနိုင်ငံ ရှေ့တန်းရောက်မှု၏ အစပျိုးရာနှစ်ဖြစ်ကြောင်း၊ ယခင် အတွေးခေါ်နှင့် အိုင်ဒီယာများကို စွန့်လွှတ်ပြီး ပညာအခြေခံ လက်တွေ့ကျကျ ဆောင်ရွက်မှုဆီသို့ ချီတက်ရမည် ဖြစ်ကြောင်း ပါဝင်သည်။

ကိုရီးယား၏ ပညာအခြေခံ စီးပွားရေး၊ ပညာတတ်များ ပေါ်ထွန်းရေးတို့မှ မဟာဗျူဟာကျကျ နိုင်ငံတည်ဆောက်ရေး၊ သူ့တိုင်းပြည်ကို အများထက် ရှေ့တန်းရောက်ရေးများသည် ကျွန်ုပ်တို့နိုင်ငံနှင့် လူမျိုးများအတွက် အားကျအတုယူဖွယ်ရာ ဖြစ်သည်။

'ပညာ' ဆိုတာ အကြောင်းတရားကို သိတော့ အကျိုး တရားကို ဖြစ်လာအောင် ဖန်တီးနိုင်စွမ်းရှိသည်။ အဆင့် မမြင့် တိရစ္ဆာန်များလည်း အကြောင်းအကျိုးကို ဆက်စပ် တွေးတောပြီး အသုံးချနိုင်ကြောင်း သိသာလှပါတယ်လို့ စာရေး ဆရာ အောင်သင်းက တင်ပြသွားပါတယ်။ ဆရာအောင်သင်းက 'ရီးဒါးဒိုင်ဂျက်' ထဲမှာ ဖတ်ခဲ့ရတာကို ဖော်ပြထားပါတယ်။ ဆောင်းရာသီရောက်လို့ ရေတွေခဲစ ပြုလာပြီ။ ဒါပေမယ့် အပေါ်လွှာပဲ ခဲနေတာပါ။ အောက်မှာတော့ ရေက မခဲသေးဘူး။ အဲဒီမှာ ရော်ဘင်ငှက်ကလေး တစ်ကောင်က ရေခဲပြင် တစ်နေရာမှာ ဝပ်ချလိုက်တယ်၊ ခဏပဲ၊ သိပ်မကြာပါဘူး၊ ထပြီး ပြန်သွားတယ်၊ နောက်တစ်ကောင်က အဲဒီ နေရာမှာပဲ ထပ်ပြီး ဝပ်လိုက်တယ်၊ ခဏပဲ၊ နောက်တစ်ကောင်က ရောက်လာပြီး ရှေးနည်းတူ လိုက်လုပ်တယ်။ နောက်ဆုံးကျတော့ ရေခဲလွှာကို နှုတ်သီးနဲ့ ပေါက်ခွဲလိုက်ပြီး ရေသောက်ကြတာကိုး။ ရေခဲပြင်လွှာကို ရင်ငွေ့အပူပေးပြီး ပါးလွှာသွားအောင် လုပ်ကြတာပေါ့။ ပါးသွားတော့မှ နှုတ်သီးနဲ့ ပေါက်ခွဲပြီး ရေသောက်ကြတာပေါ့။ ဒါဆိုရင် ငှက်ကလေးတွေ အကြောင်းနဲ့အကျိုးကို ဆက်စပ်သိနိုင်ကြောင်း ထင်ရှား

## ပညာနှင့်ပတ်သက်သောအဆိုအမိန့်များ

"ကျွန်တော်တို့ဟာ ကျောင်းမှာထက် ဘဝထဲမှာ သင်ရတာ ပညာ ပိုရပါတယ်"

ဆန်နက်ဆာ (Senecer)

"လောကမှာ အကောင်းဆုံး ပညာရေးဟာ ပညာတတ် သုခမိန်ကြီးတွေနဲ့ စကားဝိုင်းဖွဲ့ရာက အမှတ်မထင် ရတယ်လို့ ဆိုကြလေရဲ့"

ဘောလ်ဝါ (Bulwer)

"True wisdom is to know what is best worth knowing and to do what is best worth doing"
"အသိပညာရဲ့ အနှစ်သာရကား အသိသင့်ဆုံးသော အရာကို သိရန်နှင့် အလုပ်သင့်ဆုံးသော အရာကို လုပ်ရန် ဖြစ်တယ်"

"Wisdom in the mind is better than money in the hand"
"ဦးနှောက်ထဲက ဉာဏ်ပညာဟာ လက်ထဲက ငွေထက် သာ၍ ကောင်းတယ်"

"The foundation of every state is the education of youth"
"နိုင်ငံတိုင်းရဲ့ အခြေခံအုတ်မြစ်ဟာ လူငယ်၏ ပညာရေးပင် ဖြစ်တယ်"

"Education is the chief defence of nation"
"ပညာရေးဟူသည် လူမျိုးအတွက် အဓိကကျသော ကာကွယ်ရေး ဖြစ်တယ်"

နေပါတယ်။ တိရစ္ဆာန်တွေမှာလည်း 'ပညာ' ကျိုးကြောင်း ဆက်စပ်နားလည်စွမ်း၊ ထိုက်သင့်သလောက် ရှိကြောင်း သာဓက ဖြစ်ပါတယ်။

## ရင်တွင်းစကား အတွေ့ကြုံများ

နစ်သစ်/ဗဟို နာယက ဖြစ်သော မန်းနေမင်း၏ ၂၇၅၀ ခုနှစ် ဩဝါဒ ကောက်နုတ်ချက်ထဲမှ "ကရင်လူမျိုးများ အတွင်း ပညာရေးတွင် စာပေသင်ကြားပေးသည့် ကရင်လူမျိုး ဆရာ/ဆရာမများ အထူးလိုအပ်သကဲ့သို့ ဆရာ/ ဆရာမများ မွေးထုတ်ပေးရန် လိုအပ်လျက် ရှိပါသည်" ဟူသော ကောက် နုတ်ချက်သည် " ပညာမြင့်မှ လူမျိုးတင့်မည်" ဟူသော ဆောင် ပုဒ်ကို မီးမောင်းထိုးပြ ပေးနေပါသည်။

၂၇၄၇ ခုနှစ်၊ ကရင်အမျိုးသား နစ်သစ်ကူးမိန့်ခွန်း တွင် ပဒိုစောထွန်းအောင်မြင့်က "ကိုယ်ကျင့်တရားကို လက် ကိုင်ထား၍ ခေတ်စနစ်နှင့်အညီ ပညာရေးကို အလေးပေး သင်ယူ ပြီး မပျင်းမရိဘဲ အလုပ်ကို စည်းကမ်းတကျ ဖွံ့ဖြိုး တိုးတက်အောင် ကြိုးစားအားထုတ်ကြပါ" ဟု တိုက်တွန်း နိုးဆော် အားပေးချက်သည် "ပညာမြင့်မှ လူမျိုးတင့်မည်" ဟူသော ဆောင်ပုဒ်ကို ကရင်လူမျိုး တစ်မျိုးသားလုံး၏ နှလုံး သည်း ပွတ်ထဲသို့ ဝင်ရောက်ပျံ့နှံ့ စိမ့်ဝင်နေပေတော့သည်။

> ကျွန်မသည် ကျောင်းတက်ရန် အခွင့်အရေး မရရှိသည့်အတွက် ဝမ်းနည်းမိပါသည်။ အပ်ချုပ်ပညာ သင်ကြားခွင့်တော့ ရပါသည်။ သို့သော် ကျွန်မအနေနှင့် ကျောင်းတက်ရောက် စာသင်ရန် ဆန္ဒရှိပါသည်။
>
> အဘီနာ (အသက် ၁၃နှစ်၊ ဂါနာနိုင်ငံ)
>
> (၂၀၀၂-ခုနှစ်၊ ကလေးသူငယ်များအတွက် ကမ္ဘာ့ထိပ်သီး ညီလာခံ)

အနန်းကုန်း၊ အ.လ.က (အ.ထ.က - ခွဲကျောင်း) တာဝန်ထမ်းဆောင်သော ပညာရေး ကောလိပ်ဆင်း တပည့် ဆရာမ၏ ပြောပြချက်အရ၊ သူ့အတန်းတွင် ကရင်ကျောင်းသား လေးတစ်ဦး စာမေးပွဲအောင်တိုင်း မိဘများ၏ ရိုက်နှက်ခြင်း ခံရကြောင်း၊ မိမိတို့၏သားကို ကျောင်းဆက်ထားရန် ငွေကြေး

မတတ်နိုင်၍ ရိုက်နှက်ရကြောင်း၊ ကလေးက ကျောင်းတက်လိုသော ဆန္ဒရှိ၍ ရိုက်နှက်ခြင်းကို နှစ်တိုင်း ခံစားနေရကြောင်း ကြားသိရသောအခါ ကရင်လူမျိုးမိဘများ၏ ပညာရေး အတွေးအခေါ် အားနည်းကြောင်း ကြားသိရပြီး ဝမ်းနည်းမိပါသည်။ ထိုကဲ့သို့သော မိဘများ မည်မျှရှိမည်နည်းဟု တွေးတောရင်း ကရင်လူမျိုးများ၏ အနာဂတ်အတွက် ရင်လေးမိပါသည်။

> "There is only one good that is knowledge. There is only one evil that is ignorance"
>
> "ကောင်းမြတ်ပြီး အကျိုးဖြစ်ထွန်းစေသော အရာက တစ်ခုပဲ ရှိပါသည်။ အဲဒါက အသိဉာဏ်ရှိခြင်းပါပဲ။ ဆိုးရွားပြီး အကျိုးမဲ့စေတဲ့ အရာလည်း တစ်ခုပဲရှိတယ်။ အဲဒါက အသိဉာဏ် ကင်းမဲ့ခြင်း၊ မိုက်မဲခြင်းပါပဲ"
>
> ဆိုကရေးတီး

မှန်ပေသည်။ စာရေးသူကိုယ်တိုင် အ.ထ.က (၂) မြောင်းမြတွင် အထက်တန်းပြဆရာအဖြစ် တာဝန်ထမ်း ဆောင်စဉ် ကရင်လူမျိုး တပည့်ကျောင်းသူတစ်ဦး ဆယ်တန်းစာမေးပွဲကို နှစ်ခြင်း ပေါက်အောင်မြင်၏။ ပညာရေးကောလိပ် တက်ရောက်သင်ကြားရန် အမှတ်မီသည်။ ကရင်အမျိုးသား ဝန်ထမ်းများနှင့် ပင်စင်စားများက အကူအညီပေးလိုသဖြင့် ဖခင်နှင့် တိုင်ပင်ရန် အကြံပေး ပါသည်။ သူမ၏ဖခင်က "သမီး၊ သူများ အကူအညီကို ယူပြီးမှ ပညာရေးကောလိပ်ကို တက်မယ်ဆိုရင် အဖေ့ကို သတ်ပြီးမှ တက်ပါ၊ အဖေတစ်ယောက်အနေနဲ့ တာဝန်မကျေမထောက်ပံ့နိုင်ရင်၊ သိက္ခာကျမယ်" အတွေးအခေါ် လွဲမှားစွာ တွေးခေါ်မှုကြောင့်၊ ထိုသမီးလေးခမျာ ပညာရေးကို လက်လွှတ်ဆုံးရှုံး လိုက်ရပါတော့သည်။

## အနာဂတ်ပုံရိပ် ခြေလှမ်းများ

လူတစ်ဦးချင်း ဘဝမှာဖြစ်စေ၊ လူမျိုးတစ်ရပ် အနေနှင့် ဖြစ်စေ၊ နိုင်ငံတစ်ခုအနေနှင့် ဖြစ်စေ၊ ပညာမြင့်မှသာလျှင် အနေတင့်မည် ဖြစ်ပါသည်။ ယခုအခါတွင် "ပညာ သာလျှင် လူမျိုး သာမည်၊ ပညာ ချာလျှင် လူမျိုး ချာမည်" ကြွေးကြော်ရမည့်အချိန်သို့ ရောက်နေပါပြီ။

လူမှုရေးကဏ္ဍ၌ အဓိကအရေးပါမည့် ဖြစ်စဉ်မှာ ပညာရေးနှင့် ကျန်းမာရေး ဖြစ်သည်။ ဆိုလိုသည်မှာ ကရင်အမျိုးသား အနာဂတ်ပုံရိပ် ကောင်းမွန်ရေးအတွက်၊ ပညာရည် တိုးတက်မြင့်မားရေးနှင့် ကျန်းမာရေးအသိ မြင့်မားရေးအပေါ် အခြေခံပါမည်။

မျိုးချစ်ဘိုးဘွားများ မှာကြားသည့်အတိုင်း ခေတ်နှင့်အညီ တွေးခေါ်မြော်မြင်ဖို့၊ ခေတ်ကို မျက်ဝါးထင်ထင် ရှုကြည့်ရန် လိုအပ်နေပေသည်။ ယခုကာလ သမယသည် အမိအဖတို့ ပြောနေကြသော ဒုံးပျံခေတ်၊ ဂြိုလ်တုခေတ်မှတစ်ဆင့် ကွန်ပျူတာ (Computer) ခေတ်၊ အီးမေးလ် (Email) ခေတ်၊ အင်တာနက် (Internet) ခေတ် ဖြစ်နေပေပြီ။

ဂလိုဘယ်လိုက်ဇေးရှင်း (Globalization) ဟု ခေါ်သည့် ကမ္ဘာ့ရွာပိုင်းခေတ်မှာ ကရင်လူငယ်မောင်မယ်များ အဖိုးတန်သောလူနှင့် အဖိုးတန်သောဘဝကို ပိုင်ဆိုင်ဆိုင် ရရှိအောင် ကြိုးပမ်းဆောင်ရွက်ကြရပေမည်။

အနာဂတ်ဘဝ ပုံရိပ်ကောင်းမွန်ရေးအတွက် လူငယ်မောင်မယ်များ အနေဖြင့် မျက်မှောက်ခေတ်၏ တောင်းဆိုချက်အရ (ICE) လူသားများဖြစ်ရန် ကြိုးစားကြရပေမည်။

I - အင်တာနက် ( Internet)

C - ကွန်ပျူတာ (Computer)

E - အင်္ဂလိပ် (English) အစရှိသည်တို့ကို လူငယ်မောင်မယ်တိုင်း တက်မြောက်ကျွမ်းကျင်ရန်အတွက် အားသွန်ခွန်စိုက် ကြိုးပမ်းဖို့ရန် အချိန်တန်ပြီ ဖြစ်ကြောင်း တိုက်တွန်းခွန်အားပေးလိုက်ရပါသည်။

မန်းစိုးမြင့် (ငြိမ်း)
ပညာရေးကောလိပ်၊ မြောင်းမြမြို့

■



# စာပေသည် လူမျိုးတစ်မျိုးအတွက် အသက်သွေးကြော

စောဟားရေစီ

## ၁. စကားချီး

စာပေသည် လူမျိုးတစ်မျိုး၏ အသက်သွေးကြော ဖြစ်သည်။ စာပေမြင့်မှ လူမျိုးတင့်မည်။ စာပေယဉ်ကျေးမှုနှင့် အနုပညာရိုးရာ ယဉ်ကျေးမှု ရှင်သန်လျှင် ထိုလူမျိုးတစ်မျိုး၏တိုးတက်ကြီးပွားမှုကို ရရှိနိုင်မည်ဖြစ်သည်။ ယနေ့ကာလသည် တိုးတက်လျက် ရှိနေရာ စာပေသည် မရှိမဖြစ် လိုအပ်လျက် ရှိသည်။ ထို့ကြောင့် မိမိတို့စာပေ ရှင်သန်တိုးတက်ရေးအတွက် လူတိုင်း၊ နိုင်ငံတိုင်းက အရေးတယူ လုပ်ဆောင်နေကြခြင်း ဖြစ်သည်။ မိမိတို့ လူမျိုးနှင့် နိုင်ငံတော်တိုးတက်မှုကို ရှေးရှုလျက်ရှိကြောင်း အထင်အရှား တွေ့မြင်ကြရမည် ဖြစ်သည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သည် တိုင်းရင်းသားလူမျိုးများ စုပေါင်းနေထိုင်သော နိုင်ငံ ဖြစ်သည်။ တိုင်းရင်းသားလူမျိုးတို့တွင် စာပေ၊ ယဉ်ကျေးမှုနှင့် ထုံးတမ်းဓလေ့ ရှိကြသည်။ ကရင် တိုင်းရင်းသားတို့သည် မိမိတို့ ကိုယ်ပိုင်စာပေ၊ ယဉ်ကျေးမှုနှင့် ရိုးရာဓလေ့ထုံးတမ်းများ ရှိနေသဖြင့် တိုင်းရင်း သား လူမျိုးတစ်မျိုးအဖြစ် အသိအမှတ်ပြုခြင်းကို ခံခဲ့ရသည်။ ထို့အပြင် မိမိတို့ အမျိုးသားနှင့် စပ်လျဉ်း၍ အထိမ်းအမှတ်၊ အသုံးအဆောင်ပစ္စည်းများ၊ အသိအမှတ်ပြု နေ့ကြီးရက်ကြီးများ ရှိနေခြင်းမှာ လူမျိုးတစ်မျိုး ၏ လက္ခဏာကို ပိုမို ပေါ်လွင်စေပါသည်။

## ၂.စာပေရေစီးကြောင်း

ယနေ့ ကရင်စာပေသမိုင်းကို ပြန်လည်လေ့လာဆန်းစစ်၍ စဝ့ာ်ကရင်စာပေအကြောင်းကို ဖော်ပြလိုပါသည်။ ကရင်တို့၏ ရှေးဟောင်း ထားကဗျာများအရ၊ တစ်ချိန်ကရှိခဲ့သော စာပေသည် ပျောက်ဆုံးသွားကြောင်း အောက်ပါ ထားကဗျာ တွင် လေ့လာသုံးသပ် ရပေသည်။

လီလောမာတခလုတာခီ၊
ပွါကညောအလီတာအို၊
အိုဒါလဲလူလိုထားလို၊
လဲမွီးစီစိုးပွါတဲစိုး၊

အဓိပ္ပာယ်မှာ ကရင်စာပေသည် အကြောင်းကြောင်းကြောင့် ပျောက်ဆုံးသွားပြီး ထားကဗျာများသာ ကျန်ရှိခဲ့ကြောင်းကို ဖော်ပြထားသည်။ သို့သော် ကရင်လူကြီးများ၏ ထားကဗျာများအရ တစ်နေ့တွင် လူဖြူများထံမှ ကရင်စာပြန်လည်ရောက်ရှိလာမည် ဖြစ်ကြောင်းကိုလည်း လေ့လာတွေ့ရှိရသည်။

၁၈၃၁ ခုနှစ်ဇွန်လ ၁၅ ရက်နေ့တွင် သာသနာပြုဒေါက်တာဝိတ်သည် ဒံ့ယင်းဒေသသို့ ရောက်ရှိသောအခါ၊ ကရင်လူကြီးများက ကရင်စာပေကို တောင်းလေတော့သည်။ ဒေါက်တာဝိတ်က ရောမစာပေအက္ခရာကို အခြေခံ၍ ဆောင်ရွက်ပေးရန် စီစဉ်ခဲ့သော်လည်း ကရင်လူကြီးများက လက်မခံပေ။ မိမိတို့ စုဆောင်းထားသော စာပေများကို ပြသဖြင့် ဒေါက်တာဝိတ်လည်း မူလအစီအစဉ်ကို စွန့်လွှတ်၍ ကရင်လူကြီးများ ပြသသောစာပေကို ကရင်ဘာသာ ကျွမ်းကျင်သူ စောကျက်သေ၊ စောကော်တူတို့ အကူအညီဖြင့် ၁၈၃၂ ခုနှစ်တွင် အောင်မြင်စွာ ဖော်ထုတ်ပေးနိုင်ခဲ့သည်။

ပိုးကရင် စာပေကိုမူ ဒေါက်တာဘရေတန်က ဒေါက်တာဝိတ်၏ စာမူအပေါ် အခြေပြု၍ ၁၈၄၀ ပြည့်နှစ်တွင် အောင်မြင်စွာဖေါ်ထုတ်ပေးနိုင်ခဲ့သည်။

၁၉၂၂ ခုနှစ်တွင် ဘုရင်ခံ ဆာဟာကုတ်ဘတ္တလာ လက်ထက် ပညာဝန်မစ္စတာစနိုး (DPI ) ၏ဆောင်ရွက်ပေးမှုနှင့် ကရင်လူကြီးများ ဖြစ်ကြသောဆရာစီးဂရေ့စ်၊ ဆရာဂေးလမို၊ ဆရာဖိုးလင်းတေး၊ ပဒိုဖိုးဦး၊ ဆရာဖိုးငယ်တို့ကို ကရင်ဖတ်စာအုပ်များ ပြုစုစေခဲ့သည်။

၁၉၂၇ ခုနှစ်တွင် အင်္ဂလိပ်ဘုရင်ခံက ဒေါက်တာ ဆာစံစီဖိုး၊ စောဆစ်ဒနီလူနီ၊ ဒေါက်တာရောဘတ် ဖိုးခေ၊ ဆရာစံဘော်၊ ဆရာမန်းဘခင်၊ ဆရာလုကျော်၊ ဆရာဖိုးငယ် တို့ကို ဖိတ်ခေါ်ပြီး (၁၀) တန်းအထိကရင် စာပေသင်ကြားခွင့်နှင့် ကရင်ဘာသာစာပေဖြင့် စာမေးပွဲ ဖြေဆိုခွင့်ပြုခဲ့သည်။ ထိုကာလတွင် စဝ့ာ်ကရင်စာပေသည် (၁၀) တန်း အဆင့်အထိလည်းကောင်း၊ ပိုးကရင် စာပေသည် (၇) တန်း အထိ မြင့်ခဲ့ကြောင်း သိရှိရပါသည်။

မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိပြီးနောက် ၁၉၄၈ ခုနှစ်၊ ဖေဖော်ဝါရီလ (၂) ရက်နေ့တွင် ပြည်ထောင်စု မြန်မာနိုင်ငံ အစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်အရ၊ ကရင်ရေးရာ ဝန်ကြီးဌာနကို ၁၉၄၈ ခုနှစ် မတ်လ (၁) ရက်နေ့မှ စတင်ထူထောင်ပေးခဲ့သည်။ ကရင်ရေးရာဝန်ကြီးဌာန လက်အောက်တွင် ဌာနခွဲ (၂) ခု ဖွဲ့စည်းပေးခဲ့သည်။ ကရင်ရေးရာဌာနနှင့် ကရင်ပညာရေးဌာနတို့ ဖြစ်သည်။ ထိုအချိန်က ကရင်ပြည်နယ် ပေါ်ပေါက်လာခြင်း မရှိသေးပါ။

ကရင်ပညာရေးဌာနတွင် အောက်ပါအတိုင်းဖွဲ့စည်းပေးခဲ့သည်။

(၁) ကရင်ရေးရာအရာရှိချုပ် ၁ ဦး

(၂) ကရင်ဒေသဆိုင်ရာပညာအုပ် ၁၂ ဦး

(၃) ကရင်ဒေသဆိုင်ရာစာသင်ကျောင်း

- (က) အထက်တန်းကျောင်း ၂ ကျောင်း
- (ခ) အလယ်တန်းကျောင်း ၁၇ကျောင်း
- (ဂ) မူလတန်းကျောင်း ၅၆၈ကျောင်း
- (ဃ) မစ်ရှင်ကျောင်းနှင့်အလယ်တန်းကျောင်း ၁၂ကျောင်း

၁၉၆၈ ခုနှစ်တွင် (၃၃) ဦး ပြည်တွင်းညီညွတ်ရေး အကြံပေးအဖွဲ့ဝင် ဆရာသာထိုက ယင်း၏ အကြံပြုချက်များတွင်၊ စကောကရင်စာပေ၊ အရှေ့ပိုးကရင်စာပေနှင့် အနောက်ပိုးကရင်စာပေ စသည့် စာပေ (၃) မျိုးကို အတည်ပြုပေးရန်နှင့် ကရင်လူမျိုးတို့ ကြိုက်နှစ်သက်ရာ စာပေကို သင်ကြားခွင့်ပြုရန် တင်ပြခဲ့သည်။

၁၉၇၁ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၅) ရက်နေ့တွင် ပညာရေးဝန်ကြီးဌာနတွင် ပြုလုပ်သည့် ညှိနှိုင်းအစည်းအဝေးတွင်လည်း သဘောတူခဲ့ကြသည်။ ၁၉၇၁ ခုနှစ်၊ နိုဝင်ဘာလ ၇ ရက်နေ့တွင် ပညာရေးဌာနမှ ထုတ်ပြန်ချက်အရ ကျောင်းသား ၉၀ % ရှိသော ကရင်ဒေသဆိုင်ရာ ကျောင်းများတွင် သူငယ်တန်းအတွက် တစ်ပတ်လျှင် စာသင်ချိန် (၆) ချိန်၊ တစ်တန်းနှင့် နှစ်တန်းအတွက် တစ်ပတ်လျှင် စာသင်ချိန် (၅) ချိန်စီ ခွင့်ပြုကြောင်း တွေ့ရှိရပါသည်။

(၁၉၇၇ ခုနှစ်၊ ဇန်နဝါရီလ ၂၄ရက်နေ့မှ ၂၈ ရက်နေ့ အထိပြုလုပ်သော စာတမ်းဖတ်ကြားပွဲ စာတမ်းနှင့် သုတပဒေသာ စာတမ်းများ (ပထမတွဲ) ၁၉၈၀ ပြည့်နှစ် စာမျက်နှာ ၁၇၈ - ၁၈၀)

စာသင်ခွင့်နှင့် စာသင်ချိန်များကို ခွင့်ပြု ထားသော်လည်း ၁၉၆၂ မှ ၁၉၇၃ ခုနှစ်အတွင်း ဖွဲ့စည်းပုံအခြေခံဥပဒေ မရှိသည့်ကာလ ဖြစ်၍ ကရင်စာပေသင်ကြားခွင့် မည်မျှရှိသည်ကို မသိရှိနိုင်ပါ။

၁၉၇၄ ခုနှစ်တွင် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံ ဥပဒေအရ၊ တိုင်းရင်းစာပေကို လွတ်လပ်စွာသင်ကြားခွင့် ပြဌာန်းပေးခဲ့သည်။ ၁၉၇၆ ခုနှစ်တွင် ကရင်စာ (၃) မျိုးဖြင့် ကရင်သူငယ်တန်းဖတ်စာအုပ်များကို နိုင်ငံတော်မှ ပုံနှိပ်ပေးခဲ့သည်။ ပထမတန်းနှင့် ဒုတိယတန်း ဖတ်စာအုပ်များကို မြန်မာစာပါမောက္ခ ဒေါ်စီစီဝင်း ဦးဆောင်သော ကျောင်းသုံးဖတ်စာကော်မတီမှ အတည်ပြု ပြဌာန်းပေးခဲ့သည်။ သို့သော် ၁၉၈၈ ခုနှစ် ဒီမိုကရေစီ အုံကြွမှုကြီး ဖြစ်ပွားသဖြင့် ယနေ့တိုင် ပုံနှိပ်စာအုပ်များ ထွက်ပေါ်လာခြင်း မရှိပါ။

## ၃. ၂၀၀၈ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကာလ

၂၀၀၈ ခုနှစ်ဖွဲ့စည်းပုံ အခြေခံဥပဒေအရ တိုင်းရင်းသားစာပေကို လွတ်လပ်စွာ ဖေါ်ထုတ်ခွင့် ရှိကြောင်းနှင့် လိုအပ်ပါကနိုင်ငံတော်မှ ကူညီမည်ဟု ပြဌာန်းချက် ပါရှိကြောင်း ပုဒ်မ ၂၂၊၃၅၄၊၃၆၅ တို့တွင် တွေ့ရှိရပါသည်။ သို့သော် သင်ကြားရေးနှင့် ပတ်သက်၍ ပြဌာန်းချက်များ မတွေ့ရှိရပါ။

တိုင်းရင်းသားစာပေ သင်ကြားရေးနှင့်ပတ်သက်၍ ပါလီမန်တွင် ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၄) မှ ဦးစတီဘင်သာဘိကလည်းကောင်း၊ အမျိုးသားလွှတ်တော်တွင် မွန်ပြည်နယ်မဲဆန္ဒနယ်အမှတ် (၇) မှ ဒေါက်တာဗညားအောင်မှလည်းကောင်း၊ တင်ပြချက်များနှင့် ပတ်သက်၍ ပြည်ထောင်စုဝန်ကြီးက အစီအစဉ်မရှိကြောင်း ဖြေကြားခဲ့ပါသည်။

သို့သော် ၁၅.၆.၂၀၁၂ ရက်နေ့တွင် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးက တိုင်းရင်းသားဘာသာ သင်ကြားရေး အစည်းအဝေးတွင် ပြောကြားရာ၌ -

(က) တိုင်းရင်းဘာသာကို ကျောင်းချိန်ပြင်ပတွင်သာ သင်ကြားပေးရန် လျာထားပါကြောင်း ၊

(ခ) သင်ခန်းစာနှင့် ဆရာလက်စွဲများ၊ အခြေခံပညာသင်ရိုးညွှန်းတမ်း၊သင်ရိုးညွှန်းတမ်း မာတိကာနှင့် ကျောင်းသုံးကော်မတီက ဦးဆောင်၍ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်း (သို့မဟုတ်) တိုင်းရင်းစာပေ ပြန့်ပွားရေးအဖွဲ့တို့မှ တာဝန်ရှိသူများ ပူးပေါင်းရေးဆွဲ ပြုစုမည် ဖြစ်ကြောင်း၊ (၂) လအတွင်း အပြီးပြုစု၍ ပြန်လည်တင်ပြရမည် ဖြစ်ကြောင်း၊ တိုင်းရင်းသားဆရာဆရာမများ၊ တိုင်းရင်းသားဘာသာ ကျွမ်းကျင်သူများက ဝိုင်းဝန်းပြုစုရမည် ဖြစ်ကြောင်း၊

(ဂ) တိုင်းရင်းသားဘာသာပြ ဆရာဆရာမများ အဖြစ်လေ့ကျင့်ပျိုးထောင်ပေးမည် ဖြစ်ကြောင်း၊

(ဃ) တိုင်းရင်းသားဘာသာစာပေကို သူငယ်တန်း၊ ပထမတန်း၊ ဒုတိယတန်းများဖြစ်သော မူလတန်းအောက်ဆင့်များ၌ စတင်သင်ကြားပေးရန် လျာထားပါကြောင်း၊

(င) တိုင်းရင်းဘာသာ သင်ခန်းစာများ သင်ကြား ပေးနိုင်ခြင်းသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ တော် ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ တိုင်းရင်း ဘာသာစကား၊ စာပေ၊ အနုပညာနှင့် ယဉ်ကျေးမှုဓလေ့ ထုံးတမ်းများ ခိုင်မာရှင်သန်လာမည် ဖြစ်ကြောင်း

( ၁၆.၆.၂၀၁၂ မြန်မာ့အလင်း သတင်းစာမှ )

၂၀၁၂ ဇူလိုင်လ(၈)ရက်နေ့တွင် ပြုလုပ်သော ကရင်စာပေပညာရှင်များ ညှိနှိုင်း အစည်းအဝေးတွင် အကြေ အလည် ဆွေးနွေးကြပြီး အောက်ပါအတိုင်း ဆုံးဖြတ်ကြပါ သည်။

(၁) ၁၉၇၄ ခုနှစ် နိုင်ငံတော်က ပြဋ္ဌာန်းထားပြီးသား (စကောကရင်၊ အရှေ့ပိုးကရင်၊ အနောက်ပိုးကရင်) တိုင်းရင်းဘာသာ ပြဋ္ဌာန်းဖတ်စာအုပ်များကို ဆက် လက် အသုံးပြုခွင့်ပေးပါရန် ။

(၂) တိုင်းရင်းသား ဘာသာစာပေကို ကျောင်းတွင်း စာသင်ချိန်၌ ဘာသာရပ်တစ်ခုအနေဖြင့် သင်ကြား ခွင့်ပြုပါရန်။

(၃) ကျောင်းစာသင်ချိန် ပြင်ပ၌ တိုင်းရင်းသား စာပေများ သင်ကြားပါက ထိရောက်မှု မရှိနိုင်သော ကြောင့် နည်းလမ်းသစ်တစ်ခုအဖြစ် နွေရာသီ ကျောင်း ပိတ်ရက်၌ (၄၅) ရက် ခွင့်ပြုချက်ပေး၍ စာသင် ကျောင်း အဆောက်အဦး အသုံးပြုခွင့်နှင့် သင်ကြား ပေးနိုင်သော ဆရာ၊ဆရာမများ ပညာရေးဌာနမှ တရားဝင် ဆောက်ရွက်ပေးပါရန် ။

အချက် (၁) နှင့် (၂) သို့မဟုတ် (၁) နှင့် (၃) ကို တင်ပြရန် ဆုံးဖြတ်ကြပါသည်။

## ၄.နိဂုံး

ကရင်ပြည်နယ် ဖားအံကောလိပ်မှ ပါမောက္ခ ဆရာမ ကြီးများက ကရင်သူငယ်တန်း၊ ပထမတန်း၊ ဒုတိယတန်း စာအုပ်များကို အချိန်မှီ တင်ပြခဲ့ပြီး ဖြစ်ပါသည်။

စာသင်ကြားချိန်မူကား အုပ်ချုပ်ရေးပိုင်းနှင့် သက် ဆိုင်သဖြင့် ကရင်ရေးရာဝန်ကြီး (၅) ဦးနှင့် ကရင်ပြည်နယ် အာဏာပိုင်များကသာလျှင် ဆောင်ရွက်နိုင်မည် ဖြစ်သည်။ အကြံပြုချက်များကိုလည်း လက်ခံ၍ ဆက်လက်တင်ပြ ပေးမည် ဟူ၍လည်း ထင်မြင်ယူဆပါသည်။

မိမိတို့စာပေမြင့်၍ လူမျိုးတင့်စေရန်အတွက် စာပေ ဟူသော အသက်သွေးကြော ကောင်းမွန်ရေးအတွက် ဝိုင်းဝန်း ဆောင်ရွက်ကြပါစို့။

စောဟားရေစီ





# ကရင်ရိုးရာ ဒုံးအကပြိုင်ပွဲ

စောမြင့်သူ (ဘားအံ)

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားမျိုးနွယ်စုများအားလုံးသည် မိမိတို့၏ ကိုယ်ပိုင်ယဉ်ကျေးမှု အသီးသီး ရှိကြပါသည်။ ထို့အတူ ကရင်တိုင်းရင်းသားများတွင်လည်း ကိုယ်ပိုင်ယဉ်ကျေးမှု အနုသုခုမ အကများစွာ ရှိပါသည်။ ၎င်းတို့အနက် ကရင်ရိုးရာဒုံးအကသည် ထင်ရှားသော အကတစ်မျိုး ဖြစ်ပါသည်။

ကရင်ရိုးရာ ဒုံးအကကို နှစ်စဉ် နိုဝင်ဘာလ (၇) ရက်နေ့ တွင် ကျရောက်သော ကရင်ပြည်နယ်နေ့ အထိမ်းအမှတ်ပွဲတော်၊ ပြာသိုလဆန်း (၁) ရက်နေ့တွင် ကျရောက်သော ကရင်အမျိုးသား နှစ်သစ်ကူးနေ့ အထိမ်းအမှတ်ပွဲတော်နှင့် နွေရာသီ ကရင်စာပေနှင့် ယဉ်ကျေးမှု စုပေါင်းသင်တန်းဆင်းပွဲများတွင် ပြိုင်ပွဲပုံစံဖြင့် အနှစ်သာရရှိရှိ ကျင်းပဆင်နွှဲလေ့ ရှိကြပါသည်။

ထိုပြိုင်ပွဲများအနက် ကရင်ပြည်နယ်နေ့တွင် ကျင်းပသော ကရင်ရိုးရာ ဒုံးအကပြိုင်ပွဲကို အဆင့်အတန်းအမြင့်ဆုံးပြိုင်ပွဲ တစ်ရပ်အဖြစ် အသိအမှတ်ပြု လက်ခံလာကြသည်။ ပြည်နယ်နေ့တွင် ကပြသူဦးရေကို (၃၂) ဦး စံထား၍ ပြိုင်ပွဲဝင်ကြပြီး ထို (၃၂) ဦး၏ ကခွင်ခေါ် ကကွက်ဧရိယာမှာ ပေ (၄၀) ပတ်လည် စတုရန်းပုံ ရှိရပါမည်။ ၎င်းအကျယ်အဝန်းသည် ကခွင်၏ နောက်ဆုံးမျဉ်းမှ ဆိုင်းနှင့်နောက်ထိုင်အဖွဲ့တို့ ရပ်နေသောနေရာ မပါဝင်သေးပါ။ ကကွက်၏ ဧရိယာသက်သက်သာ ဖြစ်ပါသည်။

ပေးအပ်ချီးမြှင့်သော ဆုအမျိုးအစားမှာ (၃) မျိုး ရှိပါသည်။ (၁) ဘက်စုံဒုံးအက၊ (၂) ယာထည်ဗျားခေါ် ဆုတောင်းတေးသီချင်းဆု၊ (၃) ဒုံးသီချင်း ရေးစပ်မှုဆုတို့ ဖြစ်ပါသည်။ ပြိုင်ပွဲဝင်များ အနေဖြင့် အထက်ပါ ဆု (၃) မျိုး၏ အမှတ်ပေးဇယားပုံစံကို ကြိုတင်လေ့လာထားသင့်ပါသည်။ ၎င်းအကဲဖြတ် အမှတ်ပေးဇယား (၃) မျိုး အနက် ဘက်စုံဒုံးအကဆု အကဲဖြတ် အမှတ်ပေးဇယားပုံစံမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

# ၂၀၁၁ ခုနှစ်၊ (၅၆) ကြိမ်မြောက် ကရင်ပြည်နယ်နေ့ ကရင်ရိုးရာ ဒုံးအကပြိုင်ပွဲ

## အမှတ်ပေးဇယား

------------------ ဒုံးအဖွဲ့ (ဘက်စုံ)

---------------------ရက်စွဲ

| စဉ် | အကြောင်းအရာ | အခြေခံ အမှတ် | ပေးမှတ် | မှတ်ချက် |
|---|---|---|---|---|
| ၁။ | **ဒုံးအဖွဲ့ဝင်များ ဖွဲ့စည်းရေး** | | | |
| | (က) အရပ်အနိမ့်အမြင့် ညီညာခြင်း | ၅ | | |
| | (ခ) ဝတ်စားဆင်ယင်ထုံးဖွဲ့မှု သပ်ရပ်ခြင်း၊ ထက်အောက်လိုက်ဖက်ခြင်း | ၅ | | |
| | (ဂ) ဖွဲ့စည်းပုံမှန်ကန်ခြင်း၊ ကျား/မ တစ်ဝက်စီဖြစ်ခြင်း | ၅ | | |
| | (ဃ) ဒုံးအဖွဲ့ဝင်များ သွင်ပြင်ဟန်အမူအရာ ယဉ်ကျေးသိမ်မွေ့ခြင်း | ၅ | | |
| | ပေါင်း | ၂၀ | | |
| ၂။ | **ဒုံးအက** | | | |
| | (က) ကကြိုးကဟန်များ ညီညာခြင်း၊ မြူးကြွခြင်းနှင့် ကကြိုးစုံလင်ခြင်း | ၁၀ | | |
| | (ခ) ကကွက်များ စုံလင်ခြင်း၊ မထပ်ခြင်း | ၁၀ | | |
| | (ဂ) ကကြိုးများ သီချင်း၊ ဆိုင်းနှင့် လိုက်ဖက်ခြင်း | ၁၀ | | |
| | (ဃ) ကရင်ရိုးရာ ဒုံးအကပီပြင်မှု ရှိခြင်း | ၁၀ | | |
| | ပေါင်း | ၄၀ | | |
| ၃။ | **တေးသီချင်း** | | | |
| | (က) ညီညာခြင်း၊ ပီသခြင်း၊ နားဝင်ပီယံရှိခြင်း | ၁၀ | | |
| | (ခ) ရိုးရာသံစဉ်မပျက် သီဆိုနိုင်ခြင်း | ၁၀ | | |
| | ပေါင်း | ၂၀ | | |
| ၄။ | **ဆိုင်းနှင့်တီးမှုတ်ခြင်း** | | | |
| | (က) တူရိယာပစ္စည်း စုံလင်ခြင်း၊ တီးမှုတ်နိုင်ခြင်း | ၇ | | |
| | (ခ) ရိုးရာမပျက် တီးမှုတ်နိုင်ခြင်း | ၃ | | |
| | (ဂ) ကကြိုးကဟန်များ ဆိုင်းနှင့်လိုက်ဖက် ကျွမ်းဝင်ခြင်း | ၇ | | |
| | (ဃ) နောက်ဆိုင်းများ ဝင်/ထွက် ဂါရဝပြုခြင်း | ၃ | | |
| | ပေါင်း | ၂၀ | | |
| | ၁ + ၂ + ၃ + ၄ | ၁၀၀ | | |

အကဲဖြတ် ဒိုင်လက်မှတ် ----------------------

အမည် -------------------------------------

သို့ပါ၍ ယခုတင်ပြမည့် အကြောင်းအရာမှာ ဘက်စုံဒုံးအက ဆုအတွက် အကဲဖြတ် အမှတ်ပေးဇယားပုံစံကို မိမိလေ့လာ ထားမိသမျှ ရှင်းလင်းတင်ပြထားခြင်းသာ ဖြစ်ပါသည်။ ပြီးပြည့် စုံသည်ဟု မဆိုနိုင်ပါ။

## ၁။ ဒုံးအဖွဲ့ဝင်များ ဖွဲ့စည်းရေး

(က) အရပ်အနိမ့်အမြင့် ညီညာခြင်း

ပြိုင်ပွဲဝင်ဒုံးအဖွဲ့ အတော်များများသည် အရပ်အနိမ့် အမြင့် တစ်ပြေးတည်းဖြစ်ရန် မလွယ်ကူပါ။ အရပ်အနိမ့်အမြင့် မတူညီသော်လည်း ပြိုင်ပွဲဝင်လူဦးရေ ပြည့်မီရန် အလို့ငှာ အဓိကထား၍ ဖွဲ့စည်းကြရပါသည်။ သို့ပါသော်လည်း ထို မညီမညာ ဖြစ်နေသော အရပ်အမောင်းများကို တစ်ညီတစ်ညာ တည်း ရှိသည်ဟု ထင်ရလောက်အောင် ကကွက်အလိုက် စီတန်း ဖန်တီးတတ်ရန်မှာ လွန်စွာ အရေးကြီးလှပါသည်။ ဤနေရာတွင် နည်းပြဆရာများ၏ အတွေ့အကြုံနှင့် ဖန်တီးမှု အနုပညာ ပေါ်တွင် များစွာတည်မှီနေပါသည်ဟု ယူဆပါသည်။

ဆိုလိုသည်မှာ အမျိုးသားဖြစ်စေ၊ အမျိုးသမီး ဖြစ်စေ အရပ်အနိမ့်ဆုံးမှ အမြင့်ဆုံးအထိ (၁၆) ဦးကို အစဉ် အလိုက် ဆင့်ကဲဆင့်ကဲ စီတန်းထားခြင်း (သို့မဟုတ်) အရပ် အနိမ့်များကို (၈) ဦးတစ်ဖွဲ့နှင့် အရပ်မြင့်သူများကို (၈) ဦး တစ်ဖွဲ့၊ စုစုပေါင်း (၁၆) ဦးကို (၂) ဖွဲ့ ခွဲစီ၍ ကကွက် ကစား တတ်ခြင်း ဖြစ်ပါသည်။

သို့ပါ၍ အရပ်အနိမ့်အမြင့်ကို ညီညာသပ်ရပ်စွာ စီတန်းထားခြင်းသည် ပြိုင်ပွဲကို တစ်ဖက်တစ်လမ်းမှ အထောက်အကူ ပြုစေပါသည်။

(ခ) ဝတ်စားဆင်ယင်မှုသပ်ရပ်ခြင်း၊ ထက်အောက် လိုက်ဖက်ခြင်း

ကရင်ရိုးရာ ဒုံးအကပြိုင်ပွဲများတွင် အမျိုးသားဖြစ်စေ၊ အမျိုးသမီးဖြစ်စေ ခေါင်းပေါင်းမှစ၍ အထက်နှင့်အောက် အရောင်ဆင်တူကို ရွေးချယ်ကြသည်။ အချို့မှာ အထက်နှင့် အောက် အရောင်မတူသော်လည်း မျက်စိပသာဒကို စပ်ဟပ် လိုက်ဖက်သော အရောင်ကွဲများအား တွဲဖက်ဆင်မြန်းတတ် ကြသည်။ မည်သို့ပင်ဆိုစေ အမျိုးသားနှင့် အမျိုးသမီးတို့၏ ဝတ်စုံအရောင်မှာ သိသိသာသာ ကွဲပြားနေရပါမည်။ သို့မှသာ ကကြိုးကကွက် ပေါ်လွင်ထင်ရှားမှုကို အထောက်အကူ ပြု ပါလိမ့်မည်။

ဝတ်စုံ၏ အရောင်အဆင်းသည် ဇာတ်ရောင်အောက်တွင် ထင်းကနဲပေါ်လွင်သော၊ ဆွဲဆောင်မှုရှိသော၊ အမြင်မရိုင်းသော အရောင်မျိုး ဖြစ်သင့်ပါသည်။

ထို့အပြင် အမျိုးသားဖြစ်စေ၊ အမျိုးသမီးဖြစ်စေ မိတ်ကပ် လိမ်းခြယ်ရာတွင်လည်း ဝတ်ဆင်သည့် ဝတ်စုံ၏ အရောင်အသွေး၊ ပြိုင်ပွဲဝင်ရမည့် စင်မြင့်၏ ဇာတ်ရောင် (မီး အလင်းအား) တို့နှင့် စပ်ဟပ်သော ခြယ်သထားခြင်း ဖြစ် ရပါမည်။ လွန်ကဲစွာ လိမ်းခြယ်ထားခြင်းသည် မိမိကိုယ်ကို ဗိုး၍ အကျည်းတန်စေပါသည်။

ကရင်ရိုးရာ ဒုံးအက ပြိုင်ပွဲများတွင် အမျိုးသားဝတ်စုံ ဆင်မြန်းရာ၌ အမျိုးသားခေါင်းပေါင်းကို ညာဘက် အမြိတ်ချ ပေါင်းနည်းကို အသုံးပြုကြရသည်။ ထို့ပြင် ဆံပင်များကို ထိုးထိုး ထောင်ထောင်ဖြင့် အစ,ထွက် မနေသင့်ပါ။ ဆံပင် ရှည်လျှင် ခေါင်းပေါင်းကျွတ်လွယ်သည်ကို အထူးသတိပြု သင့်ပါသည်။

အင်္ကျီလက်ရှည်ဖြူကို ဝတ်ဆင်ရာ၌ လည်ပင်းမှ ကော်လံကြယ်သီးနှင့် လက်ရှည်အဖျားကြယ်သီးတို့ကို ခိုင်မြဲစွာ တပ်ဆင်ရသည်။ သင်တိုင်းအင်္ကျီ၏ လည်ပင်းပေါက်သည် ကော်လံဖြူ၏အောက်တွင် သေသပ်စွာ မြုပ်ဝင်နေရပါသည်။ သင်တိုင်းအင်္ကျီတွင် ပါဝင်သော လည်ပင်းပေါက်ပန်းဖွား၊ ဂျိုင်းပေါက်ပန်းဖွား၊ ခါးတည့်တည့်မှ ပန်းဖွားများသည် အထဲသို့ မြုပ်ဝင်ခြင်း မရှိရဘဲ အပြင်ဘက်သို့ ညီညာစွာ တွဲလျားကျ နေရပါသည်။

အမျိုးသားဝတ် သင်တိုင်းအင်္ကျီ များစွာရှိသည့်အနက် ရှေ့ရှင်ကွဲသင်တိုင်းတို၊ ရှေ့ရှင်ကွဲ သင်တိုင်းရှည်နှင့် ခေါင်းစွပ် သင်တိုင်းရှည်များကို ဒုံးအကပြိုင်ပွဲများတွင် အသုံးမပြုဘဲ " ခေါင်းစွပ်သင်တိုင်းတို" ကိုသာ အသုံးပြု ဝတ်ဆင်ပြိုင်ပွဲဝင်လေ့ ရှိကြပါသည်။

နိုင်ငံတော်တံဆိပ်၊ ပြည်နယ်အလံတံဆိပ်၊ ကရင် အမျိုးသား အလံတံဆိပ်တို့ကို ဘယ်ဘက်တွင် တပ်ဆင် ရသည်။ ရင်ထိုးတပ်ဆင်ရာတွင် ပုခုံးမှ $၆^{၁}/_{၂}$″ ခန့် ဆင်းလာပြီး လည်ပင်းပေါက်မှ $၂^{၁}/_{၂}$″ အကွာအဝေးတွင် တပ်ဆင် ရသည်။

အမျိုးသားပုဆိုးကို ခြေမျက်စိအထိရောက်အောင် ဝတ်ဆင်ရသည်။ ပုဆိုးတိုလွန်းလျှင် ပြိုင်ပွဲအတွက် အနှောင့် အယှက် ဖြစ်နိုင်ပါသည်။

ပြိုင်ပွဲဝင်စဉ် ခေါင်းပေါင်းကျွတ်ခြင်း၊ အင်္ကျီကြယ်သီး ပြုတ်ထွက်ခြင်း၊ ပန်းဖွားစများ တစ်ဦးနှင့်တစ်ဦး (အမျိုးသား ဖြစ်စေ၊ အမျိုးသမီးဖြစ်စေ) ချိတ်မိငြိတွယ်ခြင်း မရှိရပါ။ ထို့ပြင် ပုဆိုးကျွတ်သွားလျှင်လည်း ပြိုင်ပွဲအတွက် အလားအလာ မကောင်းနိုင်ပါ။

အမျိုးသမီးများတွင် ဆံထုံးကို သင့်တော်သော နေရာတွင် ခိုင်မြဲစွာ ထုံးဖွဲ့ထားရသည်၊ ခေါင်းပေါင်းကို ဆံထုံးပေါ် ရစ်ပတ်၍ မပေါင်းရပါ။

အမျိုးသမီးများတွင် ဆံထုံးကို ဦးခေါင်း၏ နောက်စေ့ နှင့် ငယ်ထိပ်ကြား သင့်တော်သော နေရာတွင် ခိုင်မြဲစွာ ထုံးဖွဲ့ထားရသည်။ ခေါင်းပေါင်းကို နဖူး၏ အပေါ်ဘက် ငယ်ထိပ် တည့်တည့်တွင် တင်၍ ခိုင်မြဲစွာ ပေါင်းထားရပြီး ရှေ့တွင် ချထားသော ခေါင်းပေါင်းစ နှစ်ဖက်၏ အဖျားများမှာ တစ်တန်းတည်း ညီညီတည့်တည့် ရှိရပါသည်။ ခေါင်းပေါင်းကို ဆံထုံးပေါ် ရစ်ပတ်၍ မပေါင်းရပါ။

နိုင်ငံတော်တံဆိပ်၊ ပြည်နယ်အလံတံဆိပ်၊ ကရင် အမျိုးသား အလံတံဆိပ်တို့ကို ဘယ်ဘက်တွင် တပ်ဆင်ရပြီး ရင်ကပ်ပန်းနှင့် အခြားတံဆိပ်များကို ညာဘက်တွင် တပ်ဆင် ရသည်။ အလံရင်ထိုးနှင့် ရင်ကပ်ပန်း (တံဆိပ် နှစ်ခုစလုံး) သည် တစ်တန်းတည်း ရှိရပါမည်။

အလံရင်ထိုးများ အသုံးမပြုပါက ရင်ကပ်ပန်းကို ဘယ်ဘက်တွင် တပ်ဆင်နိုင်ပြီး ညာဘက်ခေါင်းပေါင်းစကို လေတွင် လွင့်မသွားစေရန် ပင်အပ်ဖြင့် တွယ်ထားရသည်။

ကရင်ရိုးရာ ဒုံးအကပြိုင်ပွဲများတွင် အမျိုးသမီးဝတ် အင်္ကျီကို လက်ပြတ်ပုခုံးလျှောပုံစံ ချုပ်လုပ်ဝတ်ဆင်ကြသည်။ ဂျပ်ခုတ်ပုံစံဖြင့် ရက်လုပ်သော ခေါင်းစွပ်သင်တိုင်းတို၊ သင် တိုင်းရှည်တို့ကို ပြိုင်ပွဲတွင် အသုံးပြုမှု နည်းပါးကြပါသည်။ အကြောင်းမှာ ဂျပ်ခုတ်သင်တိုင်းများသည် အနည်းငယ် ပွ သရောင် ရှိသဖြင့် ခါးကို အသုံးပြု၍ ကရသော ကကြိုးများ တွင် ခါးကကြိုး ပေါ်လွင်မှုမရှိသဖြင့် ပြိုင်ပွဲတွင် အသုံးပြုမှု နည်းပါးကြသည်ဟု ယူဆပါသည်။

သတိပြုရန်မှာ ပြိုင်ပွဲဝင်အမျိုးသမီး ကရင်အင်္ကျီကို ချုပ်လုပ်ရာတွင် လက်ပြတ်ပုခုံးလျှောဖြစ်၍ ဂျိုင်းပြတ်ပုံစံ မဖြစ်ရဘဲ ခါးအောက်တင်နှင့် တည့်တည့်ခန့်သာ ရှည်ရသည်။ အင်္ကျီနှိပ်သီး၊ ကြယ်သီး၊ ချိတ်များကို ခိုင်မြဲစွာ တပ်ဆင်ထား ရသည်။

တီတွန့်များ၊ ပန်းဖွားစများ အတွင်းသို့ မြုပ်ဝင်နေခြင်း မရှိဘဲ လှပစွာ တွဲလျားကျ နေရပါသည်။ ထဘီ၏ အပွင့် အကွက်၊ အစင်းများမှာလည်း တစ်တန်းတည်း တည့်တည့် ရှိရမည့်အပြင် အမျိုးသမီး (၁၆) ဦးစလုံး တစ်ပုံစံတည်း ဖြစ်ရပါသည်။ ထဘီကို ခြေမျက်စိဖုံး ဝတ်ဆင်ရကာ ခါးကြိုး ထဘီကို ခြေမျက်စိဖုံး ဝတ်ဆင်ရပြီး ခါးကြိုးကို ခိုင်မြဲစွာ စည်းနှောင် ထားရပါသည်။ လက်ရမ်းပဝါကို ညာဘက် လက်ခလယ်တွင် တပ်ဆင်ထားရသည်။

## အဖွဲ့ဝင် အားလုံး ညီညာစွာ ပြုံးရွှင်လျက် ဖြိုင်ပွဲဝင်လျှင် အကဲဖြတ်မှုအပေါ် များစွာ အထောက်အကူ ပြုပါသည်၊

ဖြိုင်ပွဲဝင်စဉ် ခေါင်းပေါင်းကျွတ်ခြင်း၊ ဆံထုံးပြုတ်ထွက်ခြင်း၊ အင်္ကျီကြယ်သီး ပွင့်ထွက်ခြင်း၊ ထမီကျွတ်ခြင်း အပြင် ဘော်လီအင်္ကျီကြိုးစ ထွက်လာခြင်းများ မဖြစ်ရပါ။ ထို့ပြင် ရင်ကပ်ပန်း၊ ခေါင်းပန်းများနှင့် လက်ရမ်းပဝါတို့ လွင့်ထွက်သွားခြင်းလည်း မဖြစ်ရပါ။

အထူးသတိပြုရန်မှာ ဖြိုင်ပွဲဝင်ရန် စင်မြင့်ပေါ်သို့ မတက်မီ နည်းပြ (သို့မဟုတ်) အမျိုးသမီး အုပ်ချုပ်သူများမှ ဖြိုင်ပွဲဝင်အကသမား အမျိုးသမီး (၁၆) ဦး စလုံးအား တန်းစီ၍ နောက်လှည့်ကာ လစဉ်တစ်လတစ်ခါ သဘာဝတရားများ ဖြစ်ပေါ်ခြင်း ရှိ/မရှိကိုလည်း စစ်ဆေးထားသင့်ပါသည်။

စင်မြင့်၏ နောက်ခံအရောင် (Background Colour) သည် ဖြိုင်ပွဲဝင်သော ဒုံးအဖွဲ့များ၏ အဝတ်အစား အရောင်ကို သက်ရောက်မှု ရှိပါသည်။ ကရင်ပြည်နယ်နေ့ ဖြိုင်ပွဲစင်မြင့်အရောင်မှာ အစိမ်းရောင် ဖြစ်နေ၍ ဖြိုင်ပွဲဝင် ဒုံးအဖွဲ့များ အစိမ်းရောင်ကို မတွေ့ရတော့ပါ။ အမှန်တကယ် ဖြစ်သင့်သည်မှာ အဖြူရောင်နောက်ခံ (သို့မဟုတ်) အဖြူကို အခြေခံသော နို့နှစ်ရောင်၊ ဆင်စွယ်ရောင်တို့ကို နောက်ခံထားသင့်ပါသည်။ သို့မှသာ ဖြိုင်ပွဲဝင် ဒုံးအဖွဲ့များ မည်သည့် အရောင်ကို ဝတ်ဆင်သည်ဖြစ်စေ ဆိုးကျိုးများ သက်ရောက်မှု မရှိနိုင်ပါ။

စင်မြင့် နောက်ခံအရောင် ရင့်ခြင်း၊ အရောင်ပုပ်ခြင်းသည် အလင်းမပြန်သောကြောင့် မီးအား ဘယ်လောက်များများ ထွန်းထားပါစေ မှောင်နေမည်မှာ မလွဲပါ။ အဓိက နောက်ခံအရောင် ရင့်၍ အလင်းမပြန်ခြင်း ဖြစ်သည်။ စင်မြင့် နောက်ခံအရောင် နုလျှင် အလင်းပြန်၍ ကကွက်ခွင် တစ်ခုလုံး လင်းနေပါသည်။

(ဂ) ဖွဲ့စည်းပုံ မှန်ကန်ခြင်း၊ ကျား/မ ထက်ဝက်စီ ဖြစ်ခြင်း

ကရင်ရိုးရာ ဒုံးအကဖြိုင်ပွဲများတွင် အကအဖွဲ့ဝင်များ၏ ဖွဲ့စည်းပုံမှာ ရှေးယခင်က အမျိုးသား (၈) ဦး၊ အမျိုးသမီး (၈) ဦး၊ စုစုပေါင်း (၁၆) ဦးကို အသုံးပြုခဲ့ကြပြီး ထိုမှတဖန် အမျိုးသား (၁၂) ဦး၊ အမျိုးသမီး (၁၂) ဦး၊ စုစုပေါင်း (၂၄) ဦးဖြင့် ဖြိုင်ပွဲဝင်လေ့ ရှိကြရာမှ ယနေ့ မျက်မှောက်ခေတ်ကာလတွင် အကအဖွဲ့ဝင် အမျိုးသား (၁၆) ဦး၊ အမျိုးသမီး (၁၆) ဦး၊ စုစုပေါင်း (၃၂) ဦးကို စံထား၍ အများဆုံး တင်ဆက်ကပြ ဖြိုင်ပွဲဝင်ကြပါသည်။

ဆိုင်းအဖွဲ့နှင့် နောက်ထိုင်တေးသီချင်း သီဆိုသူများကိုမူ မိမိတွင် အင်အားရှိသလောက် ဖြိုင်ပွဲဝင်ကြပါသည်။

သို့ပါ၍ ဖြိုင်ပွဲဝင်ပုံစံတွင် အမျိုးသား (၁၆) ဦး၊ အမျိုးသမီး (၁၆) ဦး ဟု စာရင်းဖြည့်သွင်း ထားကြရသဖြင့် ဖြိုင်ပွဲစတင် ဝင်ရောက်ယှဉ်ပြိုင် ကပြသည်နှင့် လူဦးရေ အပြည့်အဝ ပါဝင်ကပြရပါသည်။

အကြောင်းကြောင်းကြောင့် တစ်ဦးတစ်ယောက် လျော့နည်းသွားလျှင် အကဲဖြတ် ပေးမှတ်ကို ထိခိုက်သွားနိုင်ကြောင်းလည်း သိရပါသည်။ ဤကဲ့သို့ ဖြစ်ပွားလျှင် လျော့မှတ်ကို ဖြတ်ပြီး (အမှတ်လျော့ခြင်း) မှ ကျန်ရှိသော အမှတ်ပေါင်းကိုသာ အတည်ပြု၍ အဆင့်သတ်မှတ်ကြောင်းလည်း စာရေးသူ၏ အတွေ့အကြုံများအရ လေ့လာသိရှိရပါသည်။

(ဃ) ဒုံးအဖွဲ့ဝင်များ သွင်ပြင်ဟန် အမူအယာ ယဉ်ကျေးသိမ်မွေ့ခြင်း

ကပြဖြိုင်ပွဲဝင်နေစဉ် အကအဖွဲ့ဝင် အမျိုးသား၊ အမျိုးသမီးအားလုံးအပြင် ဆိုင်းအဖွဲ့နှင့် နောက်ထိုင်သီချင်း သီဆိုသူပါမကျန် မျက်နှာထားပြုံးရွှင် နေရပါသည်။ မိမိ၏ အမူအယာသည် ပရိသတ်နှင့် အကဲဖြတ်ဒိုင်များအပေါ် ရိုင်းစိုင်းသော အမူအယာ၊ ပမာမခန့်သော မျက်နှာထား၊ ဘုကြည့်ကြည့်သည့် အသွင်ဆောင်သော မျက်လုံးအကြည့်တို့ ကင်းစင်ပြီး လန်းဆန်းတက်ကြွသော ဟန်အမူအရာမျိုး ဖြစ်သင့်သည်။ မျက်နှာထား ချိုသာရပါမည်။ အဖွဲ့ဝင်အားလုံး ညီညာစွာ ပြုံးရွှင်လျက် ဖြိုင်ပွဲဝင်လျှင် အကဲဖြတ်မှုအပေါ် များစွာ အထောက်အကူ ပြုပါသည်။ မောပိုက်နေလျှင်လည်း အားတင်း၍ ပြုံးထားရပါသည်။

အမျိုးသမီး အကများတွင်လည်း ခြေလှဲ့၊ ခြေပြောက် ကခြင်း မရှိရပါ။ ခြေဖျားကို ကြမ်းပြင်ပေါ်သို့ တို့ထိ၍ ကကြရပါသည်။ သတိပြုရန်မှာ အချို့သော အမျိုးသမီးများသည် ကကွက်ကို ပြေးရင်း ကပြကြရာတွင် ခြေကို ရှေ့သို့ထုတ်ပြီး ဒူးကိုရှေ့သို့ မြင့်မားစွာမြှောက်၍ ကကွက်ပြေးတတ်ကြပါသည်။ ဤကဲ့သို့ ကကွက်ပြေးခြင်းမျိုး မရှိသင့်ပါ။

စာရေးသူအနေဖြင့် တွေ့ကြုံခဲ့ရသော အဖြစ်အပျက်တစ်ခုမှာ ၁၉၉၇ ခုနှစ်၊ (၄၂) ကြိမ်မြောက်၊ ကရင်ပြည်နယ်နေ့တွင် ဘားအံမြို့ အမှတ် (၆) ရပ်ကွက်ကို မြို့တော် (၁) အမည်ဖြင့် ကိုယ်စားပြု ပါဝင်ယှဉ်ပြိုင်ရပါသည်။ အမျိုးသားနှင့် အမျိုးသမီး တစ်ဦးခြား "ပစောက်ပုံ" လက်မြှောက်၍ လက်ဖျား၊ လက်ဖဝါးများကို တို့ထိလျှက် သွေးစည်းညီညွတ်ခြင်းကို သရုပ်ဖော်ပြသော ကကွက်ပါဝင်ခဲ့ပါသည်။

ထိုအခါ အကဲဖြတ် ဒိုင်အချို့က ကရင်ရိုးရာ ဒုံးအကတွင် အမျိုးသားနှင့် အမျိုးသမီး လက်ခြင်းထိ၍ ကခြင်းကို ခွင့်မပြုဘဲ ကရင် ကာလသား၊ ကာလသမီးများ၏ စောင့်ထိန်းရမည့် စည်းကမ်းဘောင်ကို ကျော်လွန်သည်ဟု ဆိုကာ ဗိုလ်လုပွဲအဆင့်နှင့်ပင် ကျေနပ်ခဲ့ရပြီး ဆုစာရင်းတွင် မပါဝင်တော့ပါ။

သို့ပါသော်လည်း နောက်ပိုင်းနှစ်များဖြစ်သော ၁၉၉၈ ခုနှစ်၊ (၄၃) ကြိမ်မြောက် ကရင်ပြည်နယ်နေ့ အထိမ်းအမှတ် ကရင်ရိုးရာ ဒုံးအကပြိုင်ပွဲမှ စတင်ပြီး ယနေ့တိုင် အချို့သော ပြိုင်ပွဲဝင် ဒုံးအဖွဲ့များသည် အမျိုးသားများက အမျိုးသမီးများ၏ ပုခုံးကို လက်တင်၍ကခြင်း၊ အမျိုးသမီးများက အမျိုးသားများ၏ ပုခုံးပေါ်လက်တင်၍ ကခြင်း၊ အမျိုးသားနှင့် အမျိုးသမီး တစ်လှည့်စီ လက်များထိ၍ ကခြင်းများ ပါဝင်လာသည်။ ထူးခြားသည်မှာ ကရင်လူငယ် မောင်မယ်များ၏ စောင့်ထိန်းရမည့် ရိုးရာမှုကို အသုံးမပြုတော့ဘဲ အဆင့်မြင့်ဆုများပင် ဆွတ်ခူးသွားကြောင်း နားမလည်စွာ တွေ့ရှိရပါသည်။



## ၂။ ဒုံးအက

(က) ကကြိုးကဟန်များ ညီညာခြင်း၊ မြူးကြွခြင်း၊ ကကြိုးစုံလင်ခြင်း၊ ရိုးရာ မပျက်ဆန်းသစ်ခြင်း

အမျိုးသားဖြစ်စေ၊ အမျိုးသမီးဖြစ်စေ (၁၆) ဦးစလုံး ကကြိုးကဟန်များ တစ်ပုံစံတည်း ညီညာသပ်ရပ် လှပနေရပါသည်။ ကြည့်ရှုခံစားနေသူ ပရိသတ်များအား မိမိအဖွဲ့တွင် ပါဝင်ကပြလိုစိတ် တဖွားဖွား ပေါ်ပေါက်လာအောင် ဆွဲဆောင်ကပြနိုင်ရပါမည်။ ဦးခေါင်းကကြိုး အလှည့်အပြောင်း၊ ခါးကကြိုး အချိုးအလိမ်၊ ခြေအကြွ၊ အချ၊ အထုတ်၊ အသွင်း၊ အသိမ်းနှင့် လက်ကကြိုး ကုန်မကုန်၊ လက်ဖျားခတ် သေသပ်မှု ရှိ/မရှိ သတိပြုကာ ညီညာစွာ ကပြပြိုင်ပွဲ ဝင်ကြရပါသည်။

အချို့သော အဖွဲ့များသည် ခေါင်းခါးအပြည့် မချိုးခြင်း၊ လက်ကကြိုး အကုန်မထုတ်ခြင်းသည် ကြည့်ရှုရသည်မှာ အရသာ အနည်းငယ် လိုအပ်သလို ဖြစ်နေပါသည်။

အမျိုးသားဖြစ်စေ၊ အမျိုးသမီးဖြစ်စေ ခါးကော့၍ ရင်ဖွင့်လျက် ကကြရသည်။ ကကြိုးများမှာ ရိုးရာကို အခြေခံသော ကကြိုးများ။ ကိုယ်ပိုင်ဟန်ဖြင့် တီထွင်ဆန်းသစ်သော ကကြိုးများ စုံလင်စွာ ပါဝင်နေရပါသည်။ သီချင်းတစ်ပုဒ်နှင့်တစ်ပုဒ် ကကြိုး မထပ်ရပါ။ အခြားသော တိုင်းရင်းသားများ၏ ကကြိုးကဟန်ကို ထည့်သွင်းခြင်း၊ ပုံတူကူးချခြင်းများလည်း မဖြစ်ရပါ။ ရှေးရိုးရာ ကကြိုးကို ထည့်သွင်းအသုံးပြုရာတွင်လည်း မိမိတေးသီချင်းနှင့် လိုက်ဖက်သော ကကြိုးကိုသာ အသုံးပြုသင့်သည်။ အကြောင်းမှာ ရှေးရိုးရာ ကကြိုးများသည် ခေါင်းခါးကို အပြည့် အဝသုံးကာ ဖြေးဖြေးနှေးနှေး ကရသဖြင့် ပို၍ ပေါ်လွင် လှပသည်။ ၎င်းကို ယနေ့မျိုးကြွသွက်လက်သော ဒုံးသီချင်း များတွင် ထည့်သွင်းအသုံးပြုပါက အားလုံး အဆင်မပြေနိုင်ပါ။ ဤအချက်ကို သိထားသင့်ပါသည်။

အချို့သော ဒုံးအဖွဲ့များသည် အနေးကွက်များ ပါရှိတတ်သည်။ ဤနေရာတွင် မြူးမြူးကြွကြွ ကနေရာမှ ရုတ်တရက် အနေးကကြိုး ဝင်လိုက်လျှင် စည်းကျိုး၊ ဝါးကျိုး ဖြစ်တတ်သည်။ ထို့အတူ အနေးကကြိုး ပြီး၍ အမြန် ကကြိုး ပြောင်းကာ သွက်သွက်လက်လက် ပြန်ကူးပြောင်းချိန်တွင်လည်း ထိုကဲ့သို့ပင် စည်းထောက်၊ ဝါးထောက် ဖြစ်တတ်သည်ကို သတိပြုသင့်ပါသည်။ ယခင့်ယခင်က ဦးခေါင်းနှင့် မျက်နှာသည် လက်ဖျားသွားရာဘက်သို့ ကြည့်ကာ ခေါင်းချိုး၍ ကကြသည်။ ယနေ့ မျက်မှောက်ခေတ်တွင် ဦးခေါင်းနှင့် မျက်နှာသည် လက်ဖျားသွားရာဘက်ကို ဆန့်ကျင်ကာ ဆန်းသစ် က လာကြသည်ကိုလည်း သတိပြုမိပါသည်။



ဤနေရာတွင် ပြောစရာ ရှိသည်မှာ ကရင်ရိုးရာ ဒုံးအက၏ ကကြိုးကဟန်များသည် နည်းပြဆရာ တစ်ဦးနှင့် တစ်ဦး၊ ဒေသတစ်ခုနှင့် တစ်ခု ကိုယ်ပိုင်ဟန် မတူကြပါ။ တစ်မျိုးစီ ထူးခြားကောင်းမွန်လှပါသည်။ ဥပမာ - ဘားအံမြို့နယ် အတွင်းမှ ဒုံးကဟန်များသည်ပင်လျှင် တစ်ရွာနှင့် တစ်ရွာ အနည်းငယ် ကွာခြားတတ်ကြသည်။ ကော့ကရိတ်မြို့နယ် ဒုံးအဖွဲ့ဆိုလျှင် တေးသီချင်းက အစ၊ ကဟန် အဆုံး တစ်မျိုး တစ်ဘာသာ ထူးခြားသလို လှိုင်းဘွဲ့မြို့နယ်ဆိုလျှင်လည်း ရှေးယခင် နည်းပြများမှသည် ယနေ့တိုင် မိမိတို့၏ ကိုယ်ပိုင်ဟန်ကို ထိန်းသိမ်း၍ နှစ်စဉ်ပြိုင်ပွဲ ဝင်လာကြသည်ကို အသိအမှတ်ပြု လေ့လာတွေ့ရှိ မှတ်သားရပါသည်။ ကျန်ရှိသော မြို့နယ်များ၌မူ ဘားအံမြို့နယ်မှ နည်းပြများ သွားရောက်သင်ကြား ပြသကြသဖြင့် ဘားအံမြို့နယ်၏ က,ဟန်သာ အများဆုံး တွေ့ရသည်။

က,ဟန် မြူးကြွသလို မျက်နှာထားကိုလည်း အချိုသာဆုံး အပြုံးများ ထည့်သွင်း၍ ကပြကြရပါသည်။ မိမိ၏ ကဖော်ကဖက် တစ်စုံတစ်ဦး မှားယွင်းသွားသဖြင့် မျက်နှာထား တင်းသွားခြင်း၊ မျက်နှာ ပုပ်သိုးသွားခြင်း မဖြစ်သင့်ဘဲ ပျော်ရွှင်သော မျက်နှာထားနှင့် ဆက်လက် ပြိုင်ပွဲဝင်သင့်သည်။

ပေ (၄၀) ပတ်လည် စင်မြင့်ဖြစ်လျှင် စင်မြင့် မျက်နှာစာဘက်သို့ မျက်နှာမူပြီး (၈) ယောက်တန်း ရင်ဘောင်တန်း (၄) တန်းစီလျှင် တစ်တန်းနှင့်တစ်တန်း အကွာအဝေးသည် ပုံမှန်ခြေလှမ်း (၅) လှမ်း ရှိရပါသည်။ ထိုအခါ (၈) ယောက်တန်း၌ တစ်ဦးနှင့်တစ်ဦး အကွာအဝေးမှာလည်း ပုံမှန်ခြေလှမ်း (၂) လှမ်း ဝေးကွာရပါသည်။

ကကွက်ကစားရာတွင်လည်း ပြေးလမ်းကြောင်း ဖြောင့်တန်း ရှင်းလင်းခြင်းသည် ပို၍အားသာမှု ရှိပါသည်။ အချို့သော အဖွဲ့များသည် တေးသီချင်းတစ်ပုဒ်ဆုံးမှ သရုပ်ဖော်ကွက်တစ်ကွက် ပေါ်လွင်လာသော်လည်း ထိုကကွက်ကို ရောက်အောင်ဖော်သည့် လမ်းကြောင်းမှာ ရှုပ်ထွေးနေတတ်သည်။ ကကွက်ရှုပ်ခြင်းဟု ဆိုလိုပါသည်။

ကကွက် မဆန်းသော်လည်း ကကွက်ရိုးရိုးကို ရှင်းရှင်းလင်းလင်းဖြင့် ပြေး၍ ကကြိုးပေါ်လွင်အောင် သရုပ်ဖော် တတ်ရန်လိုပါသည်။ ကကြိုးနှင့် ကကွက် စုံလင်ပြီး ကကွက် မထပ်သော အဖွဲ့က ပို၍ အားသာမှု ရှိပါသည်။ အချို့မှာ ကကွက် အသားပေးပြီး တစ်ချိန်လုံး ပြေးနေတတ်သည်။ ဤကဲ့သို့သော Non Stop ပုံစံဖြင့် ကကွက် ကစားရာတွင် ကကြိုးအား ကြည့်ရှုခံစားချိန် မရသဖြင့် နည်းပြများ သတိပြု သင့်ပါသည်။

(ဂ) ကကြိုးများ သီချင်း၊ တီးလုံးနှင့် လိုက်ဖက်ခြင်း

အမျိုးသား ကကြိုးဖြစ်စေ၊ အမျိုးသမီး ကကြိုးဖြစ်စေ သီဆိုသော တေးသီချင်းနှင့် လိုက်ဖက်သော ကကြိုး ဖြစ်ရပါမည်။ ထို့ပြင် ထိုကကြိုးများနှင့် တေးသီချင်းကို ပို၍ ပေါ်လွင် စေရန် ဆိုင်းအဖွဲ့၏ တီးလုံး၊ တီးကွက်သည်လည်း လိုက်ဖက်မှု ရှိရပါသည်။

အချို့သော ကကြိုးများသည် တေးသီချင်း၊ ဆိုင်းချက်နှင့် မလိုက်ဖက်ပါက စည်းကျိုး၊ ဝါးကျိုး ဖြစ်သွားတတ်သည်။ သီချင်းနှင့် ဆိုင်းချက်တီးလုံး မြူးကြွနေပြီး ကကြိုးမှာ နှေးကွေးနေလျှင် ကြည့်မကောင်းသလို ကကြိုး သွက်လက်ပြီး သီချင်းနှင့် ဆိုင်းချက် နှေးကွေးနေလျှင်လည်း ကြည့်ရှုခံစားရ အရုပ်ဆိုးလှပါသည်။

သတိပြုရန်မှာ ဒုံးအက ပြိုင်ပွဲပြီးခါနီး အပြန်သီချင်းများတွင် “အိုး…” ဟု အသံဆွဲ၍ အနှေးသီချင်းများ သီဆို ကပြစဉ် ဘင်ချက် (၃) ချက် ဆက်၍ ဆင့်ခေါက်ကာ အမြန်တီးလုံး ဝင်တတ်ကြသည်။ ၎င်းတီးကွက်သည် သီချင်း ကကြိုးနှင့် လိုက်ဖက်မှု မရှိသဖြင့် အသုံးမပြုသင့်ပါ။

ဆိုင်းချက်တီးလုံး မြန်လွန်းလျှင်လည်း ကကြိုး မကုန်သဖြင့် တုတ်ထိုးရပ် ကနေသည်နှင့်တူပြီး ကကြိုးအမှားများတတ်သည်။ ဆိုင်းချက်တီးလုံး နှေးလွန်းပြန်လျှင်လည်း ယိမ်းဆန်သွားသဖြင့် မြူးကြွမှု မရှိတော့ပါ။ တီးခတ်သော ဆိုင်းချက်သည် ကပြသော ကကြိုးအား ခြေကုန်လက်ကုန် ထုတ်၍ ခေါင်းခါးအပြည့် ပါဝင်ကပြနိုင်သော မနှေးလွန်း၊ မမြန်လွန်းသော အနေအထားဖြင့် တီးခတ်ပေးရသည်။

သီချင်း အဖြတ်အတောက်၊ အမြူး အငြိမ့်၊ အနေး၊ အသွက်နှင့် လိုက်ဖက်သော ကကြိုးကို ပေါ်လွင်စေသည့် ဆိုင်းချက်မျိုးဖြင့် တီးခတ်ရသည်။

အချို့သော ကကြိုးများသည် တေးသီချင်း၊ ဆိုင်းချက် နှင့် မလိုက်ဖက်ပါက စည်းကျိုး၊ ဝါးကျိုး ဖြစ်သွားတတ်သည်။

(ဃ)ကရင်ရိုးရာ ဒုံးအက ဝိပြင်မှု ရှိခြင်း

ဤနေရာတွင် အမျိုးသားဖြစ်စေ၊ အမျိုးသမီးဖြစ်စေ ရိုးရာကို မဆန့်ကျင်သော ဆင်ယင်ထုံးဖွဲ့မှုမျိုး ဖြစ်ရပါသည်။

အထူးသဖြင့် အမျိုးသမီးများ၏ နှုတ်ခမ်းဆိုးသည် ဖြော့ဖြော့ဆင်းလာ ရပါမည်။ နားထင်တွင် ဆံစကို အကွေးအကောက်များ မလုပ်သင့်ပါ။ မိတ်ကပ် အပြင်အဆင် မလွန်ကဲ သင့်ပါ။ ကကြိုးများတွင် အေရိုးဗစ်ဟန်၊ မြန်မာဟန်၊ သကြိုန်ဟန်၊ ကဗျာလွတ် ပုံစံ မပါဝင်သင့်ပါ။ အထက်က ပြောခဲ့သည့်အတိုင်း ရိုးရာကို မဆန့်ကျင်သော ကဟန်ကြီး၊ ကဟန်လေး၊ ကဟန်ပွားခေါ် ကဟန်ခွဲ ကကြိုးများနှင့် မိမိ ကိုယ်ပိုင် တီထွင်ထားသော ကကြိုးများကို အလျဉ်းသင့်သလို ထည့်သွင်းသင့်ပါသည်။

တီးခတ်သော ဆိုင်းချက်သည်လည်း အနောက်တိုင်း တီးလုံးဟန်၊ ကာလီမာ နတ်ဆိုင်းသဏ္ဍာန်၊ ဘင်ခရာ တပ်ဖွဲ့၏ တီးဟန်မျိုး မဖြစ်သင့်ဘဲ တေးသီချင်းကကြိုးနှင့် လိုက်ဖက်သော တီးခတ်မှုမျိုးသာ ဖြစ်သင့်ပါသည်။

“မောင်ရိုး… ” သီချင်းများတွင် နှဲနှင့် ဆိုင်းသည် အရိုင်တောကို အသုံးပြု တီးမှုတ်ရပါသည်။ သံချပ်သီချင်း မှာလည်း ထိုနည်းလည်းကောင်းပင် ဖြစ်သည်။

## ၃။ တေးသီချင်း

(က) ညီညာခြင်း၊ ပီသခြင်း၊ ရှင်းလင်းပြတ်သားခြင်း၊ နားဝင်ပီယံရှိခြင်း

အမျိုးသား၊ အမျိုးသမီး အားလုံး သူ့အုပ်စုနှင့်သူ ဖိုသံ/မသံ ကွဲပြားပြီး နံ့ပေါက်ခေါ် Key မှန်အောင် သီဆိုနိုင်ရမည်။ အသံ ညီညာမှု ရှိရပါမည်။ ဘယ်သံ၊ ညာသံ မှန်ကန်အောင် သီဆိုနိုင်ရပါမည်။ အသံ အတက်အကျ မှန်ကန်ရပါမည်။ ကရင်ရိုးရာ ဒုံးအကသည် နံ့ပေါက်ကို လေးပေါက်သံနှင့် သံမှန် International Key အားဖြင့် "C" Key နှင့် " G" Key ကို အသုံးပြုသဖြင့် ၎င်းနံ့ပေါက်နှင့် ကိုက်ညီအောင် သီဆိုရပါသည်။

ဤသို့ သီဆိုရာတွင် တေးသီချင်းစာသားကို ပီပီသသ၊ ပေါ်ပေါ်လွင်လွင် သီဆိုနိုင်ရပါမည်။ ဖိုသံ၊ မသံ၊ သံပြိုင်၊ သံချပ် ကွဲပြားစွာ သီဆိုနိုင်ရပါမည်။ အသံနေ အသံထား ချိုသာ၍ နားဝင်ပီယံ ရှိရပါသည်။ အသံစူးရှခြင်း၊ အသံကြောင်ခြင်း၊ အသံအောင့်ခြင်း၊ နံ့ပေါက်နှင့် လွဲချော်ခြင်း၊ စည်းကျိုးဝါးကျိုး ဖြစ်ခြင်း၊ ဆိုင်းနှင့် မကိုက်ညီခြင်းတို့ မဖြစ်ရပါ။



နောက်ထိုင်များတွင် "မိုက်" Mic တစ်လုံးကို တစ်ဦးတည်းပိုင် သီဆိုနေလျှင် အသံတစ်သံတည်း စူးရှနေတတ်သဖြင့် "မိုက်" Mic တစ်လုံးကို အနည်းဆုံး နောက်ထိုင် (၂) ဦးမှ ခွဲ၍ အသံမျှတအောင် သီဆိုရပါမည်။ အသံသာယာညီညာ ပီသမှုသည် ပြိုင်ပွဲကို များစွာ အထောက်အကူပြုပါသည်။

"မောင်ရို့. . ." သီချင်းတွင် "မောင်ရို့လေလေ. ." ကို အမျိုးသားများက စသီဆိုရပြီး "လေလေမောင်ရို့. ." ကို အမျိုးသမီးများက အတက်သံဖြင့် သာယာစွာ ဆွဲတင် သီဆိုရသည်။ ထို့နောက် ဘယ်ညာ ပြန်လှည့်ကာ "လေလေမောင်ရို့. ." ကို အမျိုးသားများက ပြန်ဆိုရပြီး အမျိုးသမီးများက "မောင်ရို့လေလေ. ." ကို ပြန်ဝင်ရမည်။

ထို့အတူ "အေးဟော့အိုင်း" ကိုလည်း "အေးဟော့. . ." ကို အမျိုးသားများက စသီဆိုရပြီး "အိုင်း. . ." ကို အမျိုးသမီးများက အတက်သံဖြင့် ဆွဲတင် သီဆိုရသည်။

သံချပ်သီချင်းကို ပထမစာကြောင်းအား အမျိုးသားက စသီဆိုရပြီး အမျိုးသမီးက ဒုတိယစာကြောင်းဖြင့် ပြန်ဆိုရပါသည်။ ပြီးမှ ဘယ်ညာပြန်ပြောင်း လှည့်ဆိုရသည်။

(ခ) ရိုးရာသံစဉ်မပျက် သီဆိုခြင်း

ကရင်ဒုံးအကတွင် တေးသီချင်းကို ယခင်ရိုးရာသံစဉ်ဖြင့် ငြိမ့်ငြိမ့်လေး ရေးစပ်သီဆို ကပြကြရာမှ ယနေ့ကာလတွင်မူ မြူးမြူးကြွကြွ ရိုးရာသံစဉ်နှင့် ကိုယ်ပိုင်သံစဉ်များ ရောနှောရေးစပ်ကာ သီဆိုလာကြသည်။ သို့သော် သီဆိုရာ၌ ကရင်သံ မပီသမှု၊ စာသားမပေါ်လွင်မှု၊ ရိုးရာသံစဉ်အား သွေဖီသော သီဆိုမှုမျိုး မဖြစ်စေရပါ။ ထို့ပြင် ကာရန်မှန်ကန်ပြီး "အေးဟော့အိုင်း၊ မောင်ရို့လေလေ့" ညာသံပေးနှင့် သံချပ်တို့ကို ကရင်သံ ပီသစွာ သီဆိုနိုင်ရမည်။

သတိပြုရန် တစ်ခုမှာ အကအဖွဲ့ဝင်များသည် ကကြိုးကို အများနှင့်ညီအောင် ကပြရသည့်အပြင် ကကွက်ကိုလည်း မှန်ကန်သပ်ရပ်စွာ ပြေးလွှားသရုပ်ဖော် ရသဖြင့် သီချင်း (၄) ပုဒ်၊ (၅) ပုဒ် ခန့်ရောက်လျှင် အသံကို ခေတ္တအနားပေး တတ်ကြသည်။ ထိုအချိန်မျိုးတွင် နောက်ထိုင်ခေါ် နောက်ခံသီချင်း သီဆိုပေးသူများက အသံအား ကောင်းကောင်းနှင့် ပံ့ပိုးပေးရန် လွန်စွာမှ အရေးကြီးပါသည်။

ရေးစပ်သော တေးသီချင်းသည် ရိုးရာသံစဉ်မပျက် တီထွင်ဆန်းသစ်ထားသော ကိုယ်ပိုင်သံစဉ်များ ဖြစ်သင့်ပါသည်။ အချို့နှစ်များတွင် ဒုံးအဖွဲ့တစ်ချို့သည် မြန်မာကာလပေါ် သံစဉ်များ၊ မြန်မာစတီရီယို သီချင်းသံစဉ်များနှင့် (Rap) ပုံစံ ရေးစပ် သီဆိုခဲ့ဖူးကြောင်း လေ့လာတွေ့ရှိ ရပါသည်။ မိမိ၏ ရိုးရာယဉ်ကျေးမှုတစ်ရပ်ကို ထိန်းသိမ်းသောအားဖြင့် တေး ရေးစပ်သူ (သို့) နည်းပြဆရာများအနေနှင့် ရှောင်ရှားနိုင်ရန် အကြံပြု အပ်ပါသည်။

အသံမနိုင်သူ၊ အသံကြောင်သူ၊ သီချင်းမရသူများကို "မိုက်" Mic အရှေ့တွင် မထားမိရန် နည်းပြဆရာများက သတိပြုသင့်ပါသည်။



## ၄။ ဆိုင်းနှင့် တီးမှုတ်ခြင်း

(က) တူရိယာပစ္စည်း စုံလင်ခြင်း

ကရင်ရိုးရာ ဒုံးအကပြိုင်ပွဲများတွင် ရိုးရာတူရိယာ (၇) မျိုးကို မပါမဖြစ် အသုံးပြု တွဲဖက်တီးမှုတ်ရပါသည်။ ၎င်းတို့မှာ -

(၁) ကျွဲချို

(၂) ဖားစည်

(၃) ကရင်အိုးစည်နှင့် ဘင်
(ရှေးအခေါ် သားရေကြပ်ဖားစည်)

(၄) နှဲ

(၅) မောင်း

(၆) စည်းဝါး

(၇) လင်းကွင်း တို့ ဖြစ်ကြပါသည်။

ပတ္တလားနှင့် မောင်းဝိုင်းကို အသုံးမပြုကြပါ။ သို့ပါ သော်လည်း နှဲဆရာ မရှိသော အချို့ဒေသများတွင် သီချင်း တစ်ပုဒ်နှင့် တစ်ပုဒ်ကြား နှဲချည်သံကို ပတ္တလား (သို့မဟုတ်) မောင်းဝိုင်းဖြင့် နှဲချည်သံပေး၍ အသုံးပြုတတ်ကြသည်။ ကရင် ပြည်နယ်အတွင်းရှိ ကရင်ဒုံးအက ပြိုင်ပွဲများတွင် ပတ္တလားနှင့် မောင်းဝိုင်းတို့ကို လုံးဝ အသုံးမပြုကြပါ။

(ခ) ရိုးရာမပျက် တီးမှုတ်နိုင်ခြင်း

နောက်ထိုင်တေးသီသူများ (နောက်ထိုင်အဖွဲ့) နေရာယူ ဂါရဝပြု ပြီးသည်နှင့် ဦးဆောင်တူရိယာဖြစ်သော ကျွဲချိုကို ဦးစွာမှုတ်ရသည်။ ပြီးလျှင် ဖားစည်ကို တီးခတ်ရသည်။ ၎င်းနောက် မောင်း (၃) ချက် ဝင်ပြီးမှ အိုးစည်(မုံ) ကို "ပတ်ဖုံဖုံ" ဟု စခေါ်ပြီး ဘင်နှင့် စတင်တွဲဖက် တီးခတ်သည်။

ရှေ့ယခင်က အိုးစည်ကို စခေါ်၍ တီးခတ်ပြီးသည်နှင့် ဘင် (၈) ချက် ဝင်ပြီးမှ ဆက်လက်၍ သီချင်းသွား၊ နှဲပေါက်၊ အရိုင်တောတို့ကို ဆက်လက်၍ ဖြိုင်ဆိုင်စွာ တီးခတ်သည်။

ယနေ့ကာလတွင် အိုးစည်ကို စခေါ်၍ တီးခတ်ပြီး သည်နှင့် ဘင်ကို "ဘင် + ဗုံ + ဘင် + ဗုံ" ဟူ၍ (၄) ချက် ဆက်တွဲ၍ တီးခတ်ပြီးမှ ကျန်သောအပိုင်းကို ဆက်လက် တီးခတ်ကြသည်။

ဒုံးအက ပြီးဆုံးသွားလျှင်လည်း အနည်းငယ် ဆက်၍ တီးမှုတ်ကြရသည်။ ပြီးမှ ဘင်ချက်ဖြင့် ပြန်အဆုံးသတ် ရသည်။ အိုးစည်ဖြင့် အဆုံးမသတ်ရပါ။ ဆိုလိုသည်မှာ ဒုံးအကကို တီးမှုတ်ကြရာ၌ အိုးစည်ဖြင့် စတင်တီးခတ်၍ ဘင်ချက်ဖြင့် ပြန်ပြီး အဆုံးသတ် တီးခတ်သည်။

(ဂ) ကကြိုးကဟန်များ ဆိုင်းနှင့် လိုက်ဖက် ကျွမ်းဝင်ခြင်း

ရေးစပ်သော တေးသီချင်းနှင့် ကပြသော ကကြိုးတို့ အနှစ်သာရ ရှိရှိ ဆွဲဆောင်နိုင်ရန်မှာ တွဲဖက်တီးခတ်သော ဆိုင်းအဖွဲ့၏ ကျွမ်းကျင်မှုသည် များစွာ အရေးပါလှပါသည်။ ဆိုင်းအဖွဲ့အားလုံး၌ ဗုံ + ဘင် တီးသူနှင့် လင်းကွင်းတီးသူ နှစ်ဦးမှာ ပို၍ အဓိက ကျပါသည်။ သီချင်း အဖြတ်အတောက်၊ အပြောက်အခေါ်၊ အလျှော့အတင်း၊ အသွက်အငြိမ့်၊ ရပ်တန့်မှု စသည်တို့အားလုံး အတွဲညီရပါသည်။ ဘင်ချက်နှင့် လင်းကွင်း ချက် မညီမှုလျှင် ဒုံးအကကို အရသာ ပျက်စေပြီး ဘင် ချက်နှင့် လင်းကွင်းတီးခတ်မှု သဟဇာတဖြစ်လျှင် ဒုံးအကကို များစွာ အထောက်အကူ ပြုပါသည်။

(ဃ)နောက်ထိုင်များ ဝင်/ထွက် ဂါရဝပြုခြင်း

ဆိုင်းအဖွဲ့နှင့် နောက်ထိုင်သီချင်းသီဆိုသူများသည် ပြိုင်ပွဲဝင်ရန် စတင်ဝင်ရောက်လာသည်မှစ၍ တန်းစီလိုက်လျှင် အစိပ်အကျဲ ညီညာနေသင့်ပါသည်။

ပြီးလျှင် ဘင်မှ ဂါရဝပြုရန် အချက်ပေးလိုက်သည်နှင့် ခေါင်းငုံ့၍ အလေးပြုသည်ဖြစ်စေ၊ လက်အုပ်ချီ၍ ဂါရဝ ပြုသည်ဖြစ်စေ အဖွဲ့ဝင်အားလုံး တညီတညာတည်း ရှိရ ပါမည်။

ကပြပြိုင်ပွဲဝင်ပြီး၍ နှုတ်ဆက်ဂါရဝ ပြုရာတွင် လည်းကောင်း၊ ပြန်လည်ထွက်ခွာရာတွင် လည်းကောင်း၊ သပ်ရပ်မှု ရှိရပါမည်။

တစ်ယောက်တစ်ပေါက် ပုံစံမျိုး မဖြစ်ရန် နည်းပြ ဆရာများအနေဖြင့် ကြိုတင်လေ့ကျင့် ထားသင့်ပါသည်။

သို့ပါ၍ ကရင်ရိုးရာ ဒုံးအကပြိုင်ပွဲသည် လွန်စွာမှ စနစ်ကျပြီး ပြိုင်ပွဲစည်းမျဉ်းစည်းကမ်း ဘောင်အတွင်း အံဝင် ခွင်ကျဖြစ်အောင် ယှဉ်ပြိုင် ကပြကြရပါသည်။ ထို့အပြင် နည်းပြများ အနေဖြင့်လည်း အတွေ့အကြုံ ရင့်ကျက်ဖို့ လိုအပ်သလို ရှေ့မှီနောက်မှီ အတွေးအခေါ်လည်း ရှိသင့်သည်။ ပြိုင်ပွဲဝင် ဒုံးအကအဖွဲ့ဝင်များ ဘက်မှလည်း အကသမားကောင်း ဖြစ်ရန် လိုအပ်ပါသည်။ ကပြပြိုင်ပွဲ ဝင်နေစဉ် ဖြစ်ပေါ် လာသော မထင်မှတ်သည့် အခက်အခဲများကိုလည်း လျှပ် တစ်ပြက်အတွင်း အကဲဖြတ်ဒိုင်နှင့် ပရိသတ်များ မရိပ်မိ အောင် ဖြေရှင်းကျော်လွှား နိုင်ရပါမည်။

ယနေ့ကာလတွင် ဒုံးအကပြိုင်ပွဲကို ကြည့်ရှုခံ စားသော ပရိသတ်များသည် အဆင့်မြင့်မြင့် တွေးခေါ်ကြည့်ရှု ခံစားနိုင်ကြပြီ ဖြစ်၍ ပရိသတ်ကို လိမ်ညာကပြ၍ မရ တော့ပါ။ အချို့နှစ်များဆိုလျှင် ပရိသတ် ခန့်မှန်းသော ဒုံး အဖွဲ့နှင့် အကဲဖြတ်ဒိုင်များ၏ အမြင်သည် တစ်ထပ်တည်း ကျရောက် နေတတ်သည်။

ဒုံးအကပြိုင်ပွဲကို ကြည့်ရှုခံစားသူ ပရိသတ်များ၊ ကရင်ရိုးရာ ဒုံးအက နည်းပြဆရာများ၊ ဒုံးအဖွဲ့ဝင်များနှင့် အကဲဖြတ် ဒိုင်အဖြစ် ဆောင်ရွက်မည့် နောင်လာနောက်သား မျိုးဆက်သစ်များ တီးမိခေါက်မိ လေ့လာနိုင်ရန် တင်ပြအပ် ပါသည်။

စောမြင့်သူ (ဘားအံ)

■




# ရှုဝေရိုးရာမင်္ဂလာဆောင်

# PHOTO GALLERY

# PHOTO GALLERY





ဓာတ်ပုံ - စောမြင့်ဇော် (အလှဒဿန၊ ဘားအံ)



## ဟီးမူလာယောသာပေါင်းဖိုး

သို့မဟုတ်

# ရွှဲကပင်ဧါနှလုံးသားများ

စထီမန် (တွံတေး)

၁၉ ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးကား ဝိသေသထူးစွာ ကျင်းပသည့်နှစ် ဖြစ်သည်။ အကြောင်းကား ပြည်သူ့လွှတ်တော် အစည်းအဝေးဆုံးဖြတ်ချက်ဖြင့် အမည်နာမည်သည်ပင်လျှင် တစ်မူထူးခြားနေသည်မှာ မြန်မာ့ ရိုးရာအရေး၊ အတီး ပြိုင်ပွဲဟု ပြောင်းလဲခေါ်ဆိုခဲ့ခြင်းပင် ဖြစ်ပေသည်။ ထိုဝိသေသထူးသည်ပင်လျှင် ပြည်ထောင်စု အနုစ်သာရလက္ခဏာ ပြည့်စုံစွာ ဖော်ဆောင်လိုက်ခြင်းပင် မဟုတ်ပါလော။

တစ်နည်းအားဖြင့်ဆိုရသော် "ပြည်ထောင်စုအနုပညာပန်းဥယျာဉ်ကြီး" ဟူ၍ တင်စား ရမည် ဖြစ်ပါသည်။ အတိတ်ကာလကမူ တိုင်းရင်းသား လူမျိုးများအား လေ့လာရေးအသွင်ဖြင့် ဖိတ်ခေါ်ခဲ့ခြင်းသာ ဖြစ်၏။ ယခုတော့မူ တိုင်းရင်းသားလူမျိုးများ၏ ရိုးရာယဉ်ကျေးမှုဖလှယ်ရေး အပွဲ့အဖြစ် အသွင်သဏ္ဍာန်နှင့် အနှစ်သာရကို ဟန်ချက်ညီစွာ တိုးမြှင့်ပြောင်းလဲလိုက်ခြင်း ဖြစ်ပေသည်။

ထိုအခါ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များသည် ယဉ်ကျေးမှု ဖလှယ်ရေးအသွင်သဏ္ဌာန်ဖြင့် ပြည်နယ်၏လက်ရွေးစင် ဂုဏ်ထူးဆောင် ယဉ်ကျေးမှုသံတမန်များ ဖြစ်နေတော့သည်။

ထို့ကြောင့် ထိုယဉ်ကျေးမှုသံတမန်များသည် ပြည်ထောင်စု အနုပညာပန်းဥယျာဉ်ကြီးထဲမှ လှ၍မွှေးသော၊ မွှေး၍လှသည့် ပြည်ထောင်စု ကျက်သရေဆောင် နှလုံးသား များပင် မဟုတ်ပါလော။

(ခ)

လူသားအရင်းအမြစ်ဖြင့် တည်ဆောက်ထားသော ပြည်ထောင်စု အနုပညာပန်းဥယျာဉ်ကြီးကား အချိန်အခါ ကျသည်နှင့် သက်ဝင်လှုပ်ရှားနေပေ၏။ ရောင်စုံပန်းတို့ဖြင့် ဝွေးဝွေးစွင့်စွင့် ကြွားကြွားဝင့်ဝင့် ရှိနေရကား သက်တံရောင်စုံပမာ တင့်တယ်နေပေ၏။ တောင်တန်းမြေပြန့်ဟူသည် တသီးတခြား စည်းခြားမနေ၊ တစ်မြေတည်း၊ တစ်ရေတည်း၊ တစိတ်တည်း၊ တစ်ဝမ်းတည်း၊ စားအိမ်နှင့် စားသွားပမာ မကွဲမကွာ အတူတကွ ညီတူညီမျှ ကြည်ဖြူကြသည်သာ ဖြစ်သည်။ ထိုအခါ သက်တံ့ တံတား၏ ချစ်ကြည်ရင်းနှီးမှုသည်သာ အရာရာ အားလုံး ဖြတ်ကျော်နိုင်စွမ်းသည်ပင် မဟုတ်ပါလော။

ကျွန်တော်သည် ဇွဲကပင်မြေမှ နေပြည်တော်သို့ ရောက်ရှိလာကြသည့် ဆွေရင်းမျိုးများရှိရာ ကရင်တိုင်းရင်းသားရိုးရာယဉ်ကျေးမှု ဖလှယ်ရေးအဆောင်ဆီသို့ သွားရောက်ခဲ့လေသည်။

(ဂ)

ကရင်ပြည်နယ် တိုင်းရင်းသားရိုးရာယဉ်ကျေးမှု အဖွဲ့၏ အဖွဲ့ခေါင်းဆောင်မှာ ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသနအမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန၊ ကရင်ပြည်နယ် ဖားအံဌာနခွဲမှ ဦးစီးအရာရှိ ဦးစောဝင်းကျော်ကျော်နှင့် ဦးစွာ တွေ့ဆုံခွင့်ရလေသည်။

ကရင်ပြည်နယ် ယဉ်ကျေးမှုဒုံးအဖွဲ့၏ အမည်မှာ "ဟီးမူလာယောသာပေါင်းဖိုး" ယဉ်ကျေးမှုချစ်ဖွယ် တို့မောင်မယ်ဟူ၍ ဖြစ်သည်။ ယခုခရီးစဉ်တွင် အဖွဲ့ခေါင်းဆောင်မှာ ဦးစောဝင်းကျော်ကျော် ဖြစ်သည်။ အုပ်ချုပ်သူများမှာ ဦးစောအောင်ကိုလတ်၊ ဒေါ်နန်းစန်းတင်တို့ ဖြစ်သည်။

အဖွဲ့တည်ထောင်သူမှာ

ကရင်ပြည်နယ်၊ Myanmar Southun Development Co,Ltd. ဥက္ကဋ္ဌ ဦးစောဘသိန်း ဖြစ်သည်။ အဖွဲ့ဝင် စုစုပေါင်းအင်အားမှာ (၆၅) ယောက် ဖြစ်သည်။

အကနည်းပြ

ဦးစောခနောင့်ထွန်း
ဦးစောအောင်ကိုကို
ဦးစောကဗျာစိန်

တီးဝိုင်းအဖွဲ့

ဦးစောဖမိုင်း (တီးဝိုင်းခေါင်းဆောင် နဲ့ဆရာ)
စောဇော်မင်းထွန်း
စောခင်ကျော်လင်း
စောကျော်လင်း
စောကောင်းကင်စိုး
စောအောင်ကျော်ငြိမ်း
စောမျိုးဝင်းဦး
စောသန်းနိုင်စိုး

အက

အမျိုးသား = ၁၆ ယောက်၊ အရန် = ၄
အမျိုးသမီး = ၁၆ ယောက်၊ အရန် = ၁၆



## (ဃ)

၂၀၁၂ ခုနှစ်၊ အောက်တိုဘာလ ၂၆ ရက်၊ သောကြာနေ့ ဖြစ်သည်။ နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန၊ ညီလာခံခန်းမဆောင်ထဲတွင် ၁၉ ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အခမ်းအနားမှာ ပြီးမြောက်အောင်မြင်ပြီ ဖြစ်၍ ထည်ဝါခဲ့ညား နေပါ၏။

တောင်ပေါ်မြေပြန့် သုခုမအလုပနန်းများကား တက်ကြွ ရှင်လန်းနေကြသည်။ သူတို့၏အလှ သူတို့၏အက အနှ သုခုမဗေဒတို့က ရိုးရာဂီတ သံစဉ်တေးသွားများနှင့်အတူ စီးမြောနေပေ၏။

ကချင်ပြည်နယ် တိုင်းရင်းသား ရိုးရာယဉ်ကျေးမှု အဖွဲ့၏ "တာကော်ယိမ်း" အကဖြင့် ရိုးရာယဉ်ကျေးမှုများကို စွမ်းရည်ပြ ဖလှယ်ဖျော်ဖြေ ခဲ့ကြသည်။

ထို့အတူ ကယားပြည်နယ် တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့၏ "ဒီးကူယိမ်း" အကဖြင့် ယဉ်ကျေးမှု ဖလှယ် စွမ်းရည်ပြ ဖျော်ဖြေတင်ဆက်သွားသည်မှာ ချစ်စရာ ကောင်းလှသည်။

ယခုတစ်ဖန် ကျွန်တော်စောင့်မျှော်နေခဲ့ရသော ကရင်ပြည်နယ် တိုင်းရင်းသားရိုးရာယဉ်ကျေးမှု အဖွဲ့ကလည်း "ကရင်ဒုံးယိမ်း" အကဖြင့် ယဉ်ကျေးမှုဖလှယ် စွမ်းရည်ပြ ဖျော်ဖြေတင်ဆက်ရာတွင် မျိုးကြွသွက်လက်နိုးကြား ထက်မြက်သည့် ကကွက်ဆန်းများက မရိုးနိုင်စွာ တွေ့မြင်ခွင့်ကို ရရှိခဲ့လေသည်။

ထိုမည်သော ကကွက်ပယာဒတရား တို့နှင့်အတူ ပဒိုးသံနှင့် ဖားစည်သံတို့က စိတ်အားတက်ဖွယ် နိုးကြားရဲရင့် ဂုဏ်မြင့်ထည်ဝါစွာ နှလုံးသွေးများက ခန္ဓာကိုယ်အနှံ့ နွေးထွေးသွားစေ ခဲ့လေသည်။

ထိုသို့ ခံစားစေခဲ့သော ကရင်ပြည်နယ် ယဉ်ကျေးမှု ဒုံးအဖွဲ့၏ သီချင်းမှာ "ထင်းထဝ့်စီကၠာဖှံလင်ႋဍာ" အမိ ပွာယ်မှာ ဖွံ့ဖြိုးဝေစည် ကရင်ပြည်ဟူ၍ ဖြစ်သည်။

## ဖွံ့ဖြိုးဝေစည် ကရင်ပြည်

၁။ (၁၉)ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲသို့ "ဟီးမူလာဒူးသာပေါင်းဖိုး" (ယဉ်ကျေးချစ်ဖွယ် တို့မောင်မယ်) ဒုံးအဖွဲ့ ရောက်ရှိလို့လာပါပြီ။ အားပေးချီးမြှင့် ကြွရောက်လာကြသော ဂုဏ်သရေရှိ လူကြီးမင်းများနှင့် တိုင်းရင်းသား ညီအစ်ကိုမောင်နှမများအားလုံးကို ကြိုဆိုနှုတ်ခွန်း ဆက်သအပ်ပါသည်။

ကျွန်တော် ကျွန်မတို့၏ ယဉ်ကျေးမှုမောင်မယ်အဖွဲ့က ကရင်ရိုးရာယဉ်ကျေးမှုအကဖြင့် တင်ဆက်ဖျော်ဖြေရာမှာ "ငါးခုံးမတစ်ကောင်ကြောင့် တစ်လှေလုံးပုပ်" ဆိုသကဲ့သို့ တစ်ဦးတစ်ယောက်ကြောင့် တစ်မျိုးသားလုံး နာမည်ပျက်မခံနိုင်ပါ။ ရိုးရာယဉ်ကျေးမှုကို ထိန်းသိမ်းမြှင့်တင်ကြပါ။ အခြားယဉ်ကျေးမှုနှင့် ရောနှောပါက ယဉ်ကျေးမှုပျောက်မှာ စိုးကြောက်လှပါသည်။

"ဒေါင်းတို့မည်သည် အမြီးကို မြတ်နိုးသကဲ့သို့ လူမှန်လျှင် အမျိုးကို ချစ်တတ်ရမည်" ဆိုသည့် စကားပုံအတိုင်း သတိရှိရှိ တာဝန်သိသိ နေထိုင်သွားကြရပါသည်။

၂။ လူမျိုးတစ်မျိုး၏ အသက်သွေးကြောသည် စာပေဖြစ်သည်။ "ရေမြင့်လျှင် ကြာတင့်မည်"၊ "ရေခန်းလျှင် ကြာနွမ်းမည်" သာ ဖြစ်သည်။ စာပေတို့တက် မြင့်မားအောင် ထိန်းသိမ်းပေးရန် လိုသည်။ "ပညာမြင့်မှ လူမျိုးတင့်၍ ပညာဂုဏ်ရနံ့ သင်းပျံ့မွှေးထုံနေမည်သာ ဖြစ်သည်။

၃။ "ဘေးပြောတာကို မယုံ၊ သွေးပြောတာကို ယုံပါ"၊ "နွားကွဲလျှင် ကျားဆွဲမည်" စည်းလုံးညီညွတ်မှု ပြိုကွဲလျှင် တစ်ပါးသူ၏ ဝါးမျိုခြင်းကို ခံရမည်ဖြစ်သည်။ ကရင်ပြည်နယ်သည် ငြိမ်းချမ်းဖွံ့ဖြိုးလာပါပြီ။ ကရင်တစ်မျိုးသားလုံး စည်းလုံးညီညွတ်မှုကြောင့် ပြည်နယ်ဖွံ့ဖြိုး တိုးတက်ရေးအတွက် စက်မှုဇုံကိုလည်း တည်ဆောက်နေပြီ ဖြစ်ပါသည်။ လာရောက်ရင်းနှီးမြှုပ်နှံ ပူးပေါင်းဆောင်ရွက် လက်ချင်းယှက်၍ တွဲလက်နိုင်မြဲ ချီတက်ကြမည်သာ ဖြစ်သည်။

၄။ ကျွန်တော်၊ ကျွန်မတို့ ဇွဲကပင်မြေသည် သဘာဝ ရှုခင်း စုံလင်လှပါသည်။ ဒုံသမိချောင်းကိုလွန်လျှင် ဇွဲကပင် တောင်ကို မြင်တွေ့ရပါမည်။ သံလွင်တံတား၏ အလှကို မြင်တွေ့ရသကဲ့သို့ ရွှေရင်မျှော်ဘုရားကိုလည်း ဖူးမြင်နိုင် ပါသည်။ ထို့ပြင် တောင်ကလေး အေးရိပ်သာစေတီ၊ မြတ်စော ညီနောင်စေတီ၊ ဆဒ္ဒန်ဂူ၊ ကျောက်ကလပ်၊ လွန်းညစေတီတို့ ကိုလည်း အလည်အပတ် ဖူးမြင်နိုင်ပါသည်။ ပြီးလျှင် ရေတံခွန်စမ်းမှာ အပန်းဖြေနိုင်ပါသည်။ ရသေ့ပုံဂူ၊ ဘုရင်ညီဂူ သို့လည်း လည်ပတ်နိုင်ပါသေးသည်။

၅။ သံလွင်မြစ်ဝှမ်းမှ ကရင်ဖားစည်သံ၊ ပဒိုးသံ၊ ကရင် ရိုးရာဒုံးအကတေးသံတို့ဖြင့် တိုင်းရင်းသားညီအစ်ကို မောင်နှမ အားလုံးကို အစဉ်ထာဝရ ဂါရဝမေတ္တာထား၍ ကြိုလင့် နေပါမည်ဖြစ်ကြောင်း ဖိတ်မန္တက ပြုလိုက်ရပါတော့သည်။

ဟူ၍ အမိပ္ပာယ်ရှိပါသည်။

ထို့ကြောင့် ချင်းပြည်နယ် တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့၏ "ဝါးညှပ်အက" ဖြင့်လည်းကောင်း၊ မွန် ပြည်နယ် တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့၏ "မွန်ရိုးရာ ယိမ်း" အကဖြင့်လည်းကောင်း၊ ရခိုင်ပြည်နယ် ယဉ်ကျေးမှု၏ "မိုးဝါယိမ်းအက" ဖြင့်လည်းကောင်း၊ ရှမ်းပြည်နယ် တိုင်းရင်း သားရိုးရာ ယဉ်ကျေးမှုအဖွဲ့၏ "ရှမ်းရိုးရာ အကပဒေသာ" ဖြင့် လည်းကောင်း ယဉ်ကျေးမှုဖလှယ် စွမ်းရည်ပြ တင်ဆက် ဖျော်ဖြေသွားကြသည်မှာ ကြည့်မဝ ရှုမဝ ဖြစ်ရလေသည်။

(င)

ကိုယ့်ရပ်ကိုယ့်ဒေသ အပြန်ခရီး နီးချိန်တွင် ယဉ် ကျေးမှုသံတမန် လူငယ်နှစ်ဦးနှင့် စကားစမြည် လက်ဆုံကျခဲ့ ပြန်သေးသည်။ ထိုလူငယ်ကား ဒုံးအကနှင့် ပြုံးပြတတ်သူ စောရန်နိုင်စိုး ဖြစ်သည်။



နေပြည်တော်ကို ရောက်ခွင့်ကြုံသဖြင့် အရမ်းကို ဝမ်းသာပျော်ရွှင်နေမိခဲ့ပါသည်။ လေ့လာရေး ခရီးစဉ်အနေနှင့် ၂၄·၁၀·၁၂ နေ့မှာ ဥပ္ပါတသန္တိ စေတီ၊ အမျိုးသား အထိမ်းအမှတ်ဥယျာဉ် (နေပြည်တော်) နှင့် ဆာဖာရီဥယျာဉ် (နေပြည်တော်)၊ ညနေပိုင်းတွင် ဝဏ္ဏသိဒ္ဓိ အားကစားကွင်း (ဘူးကွဲ)၊ အားကစား လေ့ကျင့်ရေးစခန်း (လယ်ဝေး)၊ ရေပန်းဥယျာဉ် (နေပြည်တော်) တို့ကို လှည့်လည်ကြည့်ရှု လေ့လာကြရသည်။ အထူးသဖြင့် ပြည်သူ့လွှတ်တော် သဘင်ခန်းမတွင် ဖျော်ဖြေတင်ဆက်ခွင့် ရသည့်အတွက် အတိုင်းမသိ ဝမ်းမြောက် ဂုဏ်နေမိပါသည်။

ထို့အပြင် ၁၉ ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားတွင် အခြားညီအစ်ကိုမောင်နှမ တိုင်းရင်းသားများနှင့်အတူ ဖျော်ဖြေတင်ဆက်ခွင့် ရသဖြင့် ဝမ်းသာဂုဏ်ယူ ကျေနပ်မိပါသည်။

ဒုတိယတွေ့ဆုံခွင့်ရသူမှာ ကရင်ပြည်နယ် ယဉ်ကျေးမှု ဒုံးအဖွဲ့မှ နန်းခိုင်ဇာလီထွေး ဖြစ်သည်။


(စ)

၁၉ ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနား ပြီးမြောက်အောင်မြင်ခြင်းကို "စည်းလုံးခြင်းအတွက် သီချင်းတစ်ပုဒ်" တေးသီချင်းဖြင့် စုပေါင်းသီဆို ကခုန်ခြင်း အစီအစဉ်ဖြင့် နဂိုးကမှတ် အဆုံးသတ်ခဲ့လေသည်။

သူတို့အတွက် နေပြည်တော်ပွဲ ပြီးသော်လည်း နိုဝင်ဘာ (၇) ရက်၊ ကရင်ပြည်နယ်နေ့ပွဲက စောင့်ကြိုနေပေသည်။ ပြီးလျှင် ၂၇၅၂ ခုနှစ်၊ ကရင်နှစ်သစ်ကူးပွဲတော် ရှိသေးသည်။ ဤမျှဖြင့် မပြီးသေး၊ "နွေရာသီကရင်စာပေသင်တန်းများ" သူတို့၏ နေ့ရက်များစွာသည် သူတို့၏သမိုင်းစဉ်ကို ရေးဖွဲ့နေခြင်းသာ ဖြစ်ပေတော့သည်ဟူ၍ ဂုဏ်ပြုလိုက်ရပေတော့သတည်း။

စထီမန် (တွံတေး)

■





# နော်အယ်လေးဖော ရဲ့ ခွန်အားမျှဝေ

အယ်ဒီတာအဖွဲ့ရဲ့ တောင်းဆိုမှုကြောင့် ကျွန်မအင်တာဗျူးလို့ ခေါ်မလား၊ နှစ်သက်စရာ စကားဝိုင်းလို့ပဲ ဆိုရမလား။

ခရစ်ယာန် ပန်းချီဆရာမလေး ကစ်တီဗြူတီဆလွန်းဆိုင် 'နော်အယ်လေးဖော' နဲ့ တွေ့ဆုံ စကားဝိုင်းဖွဲ့ ဖြစ်ပါတယ်။

ကျွန်မနဲ့အတူ စာရေးဆရာ စထီမန် (တွံတေး) လည်း ပါပါတယ်။

တကယ်တော့ ...

အယ်ဒီတာအဖွဲ့က မတောင်းဆိုခင်ကတည်းက အဲဒီပန်းချီဆရာမ၊ အလှဖန်တီးရှင် နော်အယ်လေးဖောကို ကျွန်မက စိတ်ဝင်စားနေခဲ့တာပါ။

ဘာဖြစ်လို့ စိတ်ဝင်စားတာပါလဲလို့ မေးခဲ့ပါရင် စိတ်ဝင်စားစရာကောင်းလို့ပါလို့ ပြောရပါလိမ့်မည်။

အဲဒီအလှဖန်တီးရှင် ပန်းချီဆရာမလေး 'နော်အယ်လေးဖော' ဟာ ခြေနှစ်ချောင်းစလုံး မသန်စွမ်းပါဘူး။

တောင်မောင်းသောအရပ်၊ ဖြူစင်နေသော အသားရောင်၊ ချိုသောအပြုံးလေးနဲ့ သူမဟာ တကယ်တော့ မိန်းမလှလေး တစ်ယောက်ပါ။ ပိုပြီးလှပတာကတော့ သူမရဲ့ ကြံ့ခိုင်လွန်းတဲ့ စိတ်ဓာတ်ပါပဲ။

သည်ကနေ့ရဲ့ စပွန်ဆာ ခေတ်ကြီးမှာ မိဘနှစ်ပါးနဲ့ မောင်နှမတွေကို တိုက်တာအိုးအိမ် စီးပွားရေးတွေ အသီးသီး ဖန်တီး ပေးနိုင်စွမ်းတဲ့ သူမက တကယ်ဆို ခြေနှစ်ဖက် မသန်စွမ်းသူပါ။

ဒါပေမဲ့လည်း

ခြေကောင်းသူတွေထက် သူမဟာ ဘဝကိုရိုးရိုးကျင့်၊ မြင့်မြင့်ကြံ နေထိုင်နိုင်စွမ်းရဲ့ စိတ်ဓာတ်ခွန်အားကို သည်ကနေ့ရဲ့ ကရင်မလေးများကို မျှဝေချင်တာကြောင့်...

ကျွန်မနဲ့ ဆရာစထီးမန် (တွံတေး) တို့နှစ်ဦးဟာ သူမနေထိုင်ရာ တွံတေးမြို့ ကွမ်းခြံအရှေ့ပိုင်း (ကစ်တီ) အလှပြုပြင်ရေးဆိုင်အိမ်ကို သွားရောက်ဖြစ်ခဲ့ပြီး အခုလိုပဲ သူမရင်ထဲက စကားအကြောင်းအရာနဲ့ စိတ်ခွန်အားကို မျှဝေပေးလိုက်ပါတယ်။

## နော်အယ်လေးဖောဆိုတာ ...

ကျွန်မရဲ့ မိဘနှစ်ပါးကတော့ သိက္ခာတော်ရ ဆရာစောမောလေးနဲ့ နော်ဘဲဖော (ခ) နော်ဝါဝါပွင့် ဖြစ်ပါတယ်။ မွေးချင်းမောင်နှမ ငါးယောက်ထဲမှာ ကျွန်မက အကြီးဆုံးပါ။ မိန်းကလေး (၄) ယောက်နဲ့ ယောက်ျားလေး (၁) ယောက်ပါ။ ရန်ကုန်တိုင်း၊ တွံတေးမြို့ ကွမ်းခြံအရှေ့ပိုင်းမှာ နေပါတယ်။

## ဘဝပုံစံချင်း ခြားနားခဲ့ရတဲ့ ငယ်ဘဝ

ကျွန်မအသက် ၁၂ နှစ်မှာ ကျောင်းမှာကစားရင်း ချော်လဲရာကနေ ကျွန်မရဲ့ ခန္ဓာကိုယ်အောက်ပိုင်း တစ်ပိုင်းလုံး သေသွားခဲ့ပါတယ်။ အဲဒီအရွယ်မှာ (၅)တန်းအောင်ပြီး (၆) တန်းတက်ဖို့ ကျောင်းအပ်ရမယ့် အချိန်ပါ။ ကျောင်းတက်ရမယ့်အစား ဆေးရုံမှာပဲ အချိန်ကုန်ဆုံးနေရပါတယ်။ ကျန်းမာရေး အခြေအနေ တော်တော်လေး ကောင်းသွားခဲ့ပေမယ့် ကျမရဲ့ခြေနှစ်ဖက်လုံး မသန်မစွမ်းဘဝကို ရောက်ခဲ့ရပါတယ်။ အဲဒီလို စဖြစ်ပြီး (၃)နှစ် အကြာမှာတော့ ကျမရဲ့ ပြင်းပြတဲ့ဆန္ဒကြောင့် ကျွန်မရဲ့မိဘများက အလယ်တန်းကျောင်း တစ်ကျောင်းနဲ့ နားလည်မှုယူပြီး အဲဒီကျောင်းရဲ့ တွဲဖက်ကျောင်းမှာ ဆဋ္ဌမတန်းကို ပြန်စတက်ခဲ့ပါတယ်။ ကျောင်းတော့ မတက်နိုင်ပါဘူး။ စာမေးပွဲတွေ ဖြေရတဲ့အချိန်ကျမှ သွားဖြေခဲ့ပါတယ်။ အတန်းစာတွေကို သူငယ်ချင်း တစ်ယောက်ဆီက နေ့တိုင်းကူးယူပြီး ကျက်မှတ်ရပါတယ်။ ဒီလိုနဲ့ သတ္တမတန်းအောင်လို့ အဋ္ဌမတန်း (၈-တန်း) အရောက်မှာ ခုလိုပဲ စာတွေတတ်နိုင်သလောက် ဖတ်မှတ်ခဲ့ပါတယ်။ ကျွန်မရဲ့ ဆရာတစ်ယောက်ကလည်း ကျွန်မကို စာသင်ပေးခဲ့ပါတယ်။ (၈)တန်းစာမေးပွဲ ဖောင်တင်ခါနီး ကျတော့မှ တွဲဖက်ကျောင်းက တာဝန်ခံက ကျောင်းခေါ်ချိန် မရှိရင် ဖောင်တင်လို့ မရဘူး၊ စာမေးပွဲဖြေခွင့် မရှိဘူးလို့ ပြောခဲ့လို့ ကျမ (၈) တန်းဖြေမယ့်ကိစ္စ မအောင်မြင်ခဲ့ပါဘူး။ အဲဒီအချိန်တုန်းက ခုလို မသန်စွမ်းတွေ အလုပ် လုပ်နိုင်အောင် ပညာသင်ဖို့ အခွင့်အရေးရရှိအောင် ဆောင်ရွက်ချက်တွေ မရှိသေးပါဘူး။ မသန်မစွမ်းဆိုရင် လူတွေက အထင်သေးကြတယ်။ မိသားစုရဲ့ဝန်ထုပ်၊ ဆန်ကုန်မြေလေး၊ ပေးမှယူကျွေးမှစားရတဲ့သူတွေလို့ ခုချိန်ထိ လူ တော်တော်များများက သတ်မှတ်ကြတယ်။ ဒီတော့ စဉ်းစားကြည့်ပေါ့။

အကယ်၍ ကျွန်မစာမေးပွဲဖြေခွင့်ရလို့ ဖြေခဲ့ရင် စာသင်ကြားမှု အားနည်းတဲ့ ကျွန်မစာမေးပွဲ ကျခဲ့ရင် ဒီကျောင်းရဲ့အောင်ချက် တစ်ယောက် လျော့သွားမယ်။ တကယ်တော့ မသန်စွမ်းဖြစ်နေတဲ့ ကျွန်မကို ယုံကြည်မှု မရှိခဲ့ကြတာပေါ့။ အဲဒီအချိန် ကျွန်မအသက် (၁၆) နှစ်ပါ။ ကျွန်မ စာမေးပွဲဖြေခွင့် မရတော့ဘူး။ ငါ့ဘဝတော့သွားပြီ၊ ငါ ပညာတတ်တစ်ယောက် ဖြစ်ရမှာ မဟုတ်တော့ဘူး ဆိုပြီး ဝမ်းနည်းအားငယ် စိတ်ဓာတ်ကျခဲ့ရပါတယ်။

## ပညာရေး ခရီးဆက်ခွင့် မရတဲ့နောက်

ဒါနဲ့ ကျွန်မကို စာသင်ပေးတဲ့ ဆရာက ဒါဆိုရင် မင်းဝါသနာပါတဲ့ ပန်းချီပညာကို သင်ကြားလေ့ကျင့်ပါလို့ အကြံပေးခဲ့ပါတယ်။ အဲဒါနဲ့ပဲ ပုံတူပန်းချီပညာကို အဲဒီဆရာ ကိုယ်တိုင်က ကျွန်မကို သင်ကြားပေးခဲ့ပါတယ်။ အဲဒီလို လေ့ကျင့်သင်ကြားရင်း (၇) နှစ်လောက် ကြာချိန်မှာတော့ လူအများရဲ့ အားပေးလက်ခံမှုကို ရရှိခဲ့ပါတယ်။

## စုတ်ချက်ကြားက ပျားရည်စက်တွေနဲ့အတူ

နှစ်အတော်ကြာ ပုံတူလုပ်ငန်းကို လုပ်ကိုင်ရာကနေ ကျွန်မရဲ့ နောက်ထပ်ဆရာတစ်ဦးက ဒီအနေအထားနဲ့ ရပ်တန့် မထားပါနဲ့ (ပရော်ဖယ်ရှင်နယ်) တစ်ဦးဖြစ်တဲ့အထိ ကြိုးစားပါလို့ တိုက်တွန်းပါတယ်။ ကျွန်မကိုယ်တိုင်ကလည်း အရမ်းဆန္ဒရှိနေတဲ့ အချိန်ဆိုတော့ နေ့ဘက်မှာ လက်ခံထားတဲ့ပုံတူတွေ ရေးရင်း၊ ညဘက်မှာ ဆီဆေးနဲ့ ရေဆေး ပန်းချီတွေကို ညတိုင်း လေ့ကျင့်ခဲ့ပါတယ်။ အဲဒီလို လေ့ကျင့်ရာက အချိန်ကြာလာတဲ့အခါ ကျွန်မရဲ့ မျက်စေ့တွေက စတင်ပြီး ဒုက္ခပေးလာပါတယ်။ လုံးဝအညောင်း မထိုင်နိုင်ဘဲ ကျန်းမာရေးချို့တဲ့လာပြီး နောက်ဆုံးမှာ အထူးကုတွေနဲ့ ပြသပြီး ဆေးကုသမှုကို ခံယူရပါတယ်။

နောက်ပိုင်းမှာ ပန်းချီအလုပ်ကို လုပ်ဖို့၊ လေ့ကျင့်ဖို့ အားယူခဲ့ပေမယ့် လုံးဝမလုပ်နိုင်တော့ပါဘူး။ ဒါကြောင့် ပန်းချီရေးခြင်းကို ရပ်တန့်လိုက်ရပါတယ်။

## သက်မဲ့ပြီးတော့ သက်ရှိပန်းချီ

နောက် (၅) နှစ် အကြာမှာ သာသနာပြု ဆရာတစ်ယောက်ရဲ့ သတင်းပေးမှုကြောင့် မသန်စွမ်းသူများအတွက် ဖွင့်ထားတဲ့ သက်မွေး ပညာ သင်တန်းကျောင်း လူမှုဝန်ထမ်းဝင်းထဲက AAR ဂျပန်မှာ ဆံသပညာကို သင်ယူခဲ့ပါတယ်။ အဲဒီက သင်တန်းဆင်းတော့မှ အလှပြင်ဆိုင်ကို ဖွင့်ဖြစ်ခဲ့တာပါ။

ပန်းချီပညာကတော့ (ပရော်ဖယ်ရှင်နယ်) တစ်ယောက်ဖြစ်ဖို့ ကြိုးစားရာမှာ အောင်မြင်မှု၊ ကျော်ကြားမှုရရှိဖို့ ခက်ခဲပါတယ်။

ပုံတူပန်းချီပညာကလည်း ခုခေတ်မှာ ဗီနိုင်းတွေ ပေါ်လာတော့ ဗီနိုင်းတွေနဲ့ ဓာတ်ပုံတွေကို ချဲ့ ကြတယ်။ ကွန်ပျူတာတွေနဲ့ ဓာတ်ပုံဟောင်းတွေ ပြင်ကြတယ်။ ပုံတူပန်းချီရေးဆွဲခက ဈေးမြင့်ပြီး ကွန်ပျူတာတွေနဲ့ ပြန်ပြင်တာကျတော့ ဈေးသက်သာတယ်လေ။ ဒါကြောင့် လူအများစုက ကွန်ပျူတာနဲ့ ပုံပြုပြင်တာဘက် အာရုံ ပိုရောက်သွားကြတယ်။

အလှပြင်ဆိုင်ဖွင့်တာကြတော့ ခုခေတ်လူတွေက ကျား/မ မရွေး ဆံပင်ပုံစံအမျိုးမျိုး ပြုပြင်တာတို့၊ အသားအရေ ထိန်းသိမ်းတာတို့ စသည်ဖြင့် အရမ်းစိတ်ဝင်တစား လုပ်ကြတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒီလိုအလှပြင်တာဟာ လှချင်တာတစ်ခုတည်း သက်သက်မဟုတ်ပဲ အသားအရေ ကျန်းမာရေး၊ ခန္ဓာကိုယ်ကျန်းမာရေးအတွက်ပါ အထောက်အကူ ဖြစ်စေပါတယ်။ ဒါကြောင့် လူတိုင်းက လက်ခံကြတယ်။ လုပ်ကြတယ်။

ဥပမာ- ခေါင်းလျှော်တာ အိမ်မှာလျှော်တာနဲ့ အလှပြင်ဆိုင်မှာလျှော်တာ ကွာခြားမှုရှိတယ်။ ဆိုင်မှာ ခေါင်းလျှော်တာဟာ ကျန်းမာရေးအတွက် အထောက်အကူပြုစေတဲ့ လျှော်နည်းတွေနဲ့ လျှော်တာပါ။ ဒါတွေကို လူတွေက သိမြင်ခံစားလာကြရတဲ့အခါမှာ လူအတော်များများက အလှပြင်ဆိုင်သွားခြင်းကို ကြိုးစားပြီး အချိန်ပေးကြပါတယ်။ ဒါကြောင့် ခုချိန်မှာ အလှပြင်ဆိုင် ဖွင့်တဲ့အလုပ်က စီးပွားရေးအရရော၊ စားဝတ်နေရေးအတွက်ပါ အများကြီး အထောက်အကူ ဖြစ်စေပါတယ်။

## ဘဝဆိုတဲ့ အရသာ

ပန်းချီအနုပညာ ခံစားမှုကတော့ ပန်းချီကားတစ်ခုကို ရေးဆွဲရာမှာပဲဖြစ်ဖြစ်၊ ပုံတူရေးတာပဲဖြစ်ဖြစ် ကျွန်မအနေနဲ့ အင်မတန်မှ ခံစားလို့ ကောင်းပါတယ်။ ကိုယ့်ရဲ့ လုပ်ဆောင်ချက်အပေါ်မှာ နှစ်မြောနေတယ်။ ခံစားချက်တွေက လုပ်ဆောင် ချက်တွေနဲ့အတူ စီးမြောလိုက်ပါ သွားကြတယ်။ လောကကြီးကို မေ့နေတယ်။ ကိုယ်ရေးဆွဲထားတဲ့ ပန်းချီကားတစ်ချပ် ကောင်းမွန်စွာ ပြီးဆုံးသွားချိန်မှာ အဲဒီ ပန်းချီကားကို တစိမ့်စိမ့်ကြည့်ရင်း ကြည့်မဝ ရှုမဝဖြစ်ပြီး ဘာနဲ့မှ နှိုင်းလို့မရတဲ့ ပီတိတွေ၊ ကြည်နူးမှုတွေ ဒါတွေဟာ ပြောပြနိုင်တာထက် ပိုပါတယ်။ အဲဒီလိုပဲ အလှပြင်တဲ့အလုပ်ဟာလည်း အနုပညာ ခံစားမှုတစ်ခုပဲ။

# ကိုယ့်ဘဝမှာ ဘယ်လောက်ပဲ မပြည့်စုံခြင်းနဲ့ အားနည်းချက်တွေရှိနေပါစေ ကျဆုံးသွားတဲ့အင်အားတွေ ကို ပြန်ပြီး ကောက်ယူဆွဲတင်လိုက်ပါ။ တစ်နေ့မှာ ကိုယ်နဲ့ သင့်လျော်တဲ့ အကျိုးရလဒ်လေး တစ်ခုကိုတော့ မလွဲမသွေ ပိုင်ဆိုင်ရမှာပါလို့



နော်အယ်လေးဖော ရေးဆွဲခဲ့သော လက်ရာတစ်ခု

ကိုယ်ပြင်ပေးလိုက်အရာဟာ အဆင်ပြေသွားရင် တစ်ဖက်လူကလည်း ကျေနပ်မှုရှိသလို ကိုယ်ကလည်း ကိုယ့်ရဲ့ လုပ်ဆောင်ချက်အပေါ်မှာ ကြည်နူးကျေနပ်ရတာပဲ။ နောက်ပြီး မိတ်ကပ်ပြင်တာဟာလည်း သက်ရှိလူသားတစ်ဦးရဲ့ မျက်နှာပေါ်မှာ ပန်းချီကားတစ်ချပ် ရေးဆွဲနေရသလိုပါပဲ။ လိုတာတွေကို ဖြည့်မယ်၊ မလိုတာတွေကို ဖုံးကွယ်ပေးထားမယ်၊ ဝိန်နေတာတွေကို ပြည့်လာစေမယ်၊ ဖောင်းနေတာတွေကို ပြေလျော့စေမယ်။ အဲဒီလိုမျိုးဆိုတော့ ပန်းချီပညာရဲ့ ခံစားမှုနဲ့ အလှပြင်ပညာရဲ့ ခံစားမှုက ဆက်နွယ်မှုရှိနေပါတယ်။ နောက်ပြီး လက်သည်းမှာ ပန်းချီပုံဖော်ပေးခြင်းဟာလည်း အနုပညာ ခံစားမှု တစ်ခုပါပဲ။

## ဘဝဆိုတာ ကိုယ့်လက်ထဲမှာ

ကိုယ့်ဘဝမှာ ဘယ်လောက်ပဲ မပြည့်စုံခြင်းနဲ့ အားနည်းချက်တွေရှိနေပါစေ ကျဆုံးသွားတဲ့အင်အားတွေကို ပြန်ပြီး ကောက်ယူဆွဲတင်လိုက်ပါ။ တစ်နေ့မှာ ကိုယ်နဲ့ သင့်လျော်တဲ့ အကျိုးရလဒ်လေး တစ်ခုကိုတော့ မလွဲမသွေ ပိုင်ဆိုင်ရမှာပါလို့။ ။

(ကရင့်ကြေးမုံ အယ်ဒီတာအဖွဲ့ကို ကျေးဇူးတင်ပါတယ်)

နော်အယ်လေးဖော

နန့်မြတ်နိုးသွယ် ၊ စထီမန် (တွံတေး)

# ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းနှင့် တိုင်းရင်းသား လူနည်းစုအရေး

မန်းထိန်ဝင်းစိန်

မြန်မာကျပ်ငွေ ဘီလီယံချီ အကုန်အကျခံပြီး သန်းခေါင်စာရင်းကောက်ယူမှုကို ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲအကြို ၂၀၁၄ ခုနှစ် ဧပြီလတွင် ကုလသမဂ္ဂ စာရင်းအင်းကော်မရှင်၊ ကုလသမဂ္ဂ လူဦးရေဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့တို့၏ အကူအညီဖြင့် ကောက်ခံနိုင်တော့မည် ဖြစ်ပါသည်။ သန်းခေါင်စာရင်း ကောက်ယူရေးသည် နိုင်ငံတည်ဆောက်ရေးတွင် အရေးကြီးသလို လူနည်းစု တိုင်းရင်းသားတွေ အတွက်လည်း အလွန်အရေးပါလှပါသည်။

တိုင်းပြည်တစ်ပြည်၏ စီးပွားရေး လူမှုရေး မူဝါဒများကို ချမှတ်လုပ်ဆောင်ရသည့် အခါ လူဦးရေသန်းခေါင်စာရင်း ကောက်ယူမှုသည် အရေးကြီးဆုံးနှင့် အခြေခံအကျဆုံး ဖြစ်ပါသည်။ တိုင်းပြည်တစ်ပြည်တွင် အမျိုးသားအင်အား၊ အမျိုးသမီးအင်အား၊ မူကြိုသူ ကလေး၊ မူကြိုသူသက်ကြီး ကျား/မ၊ ပညာသင်အရွယ်ကလေး၊ အလုပ်လုပ်နိုင်သူ ကျား/မ စသည်နှင့် လိုအပ်သည့် စားနပ်ရိက္ခာများကို လူစွမ်းအား အရင်းအမြစ်နှင့် သယံဇာတစွမ်းအား အရင်းအမြစ်များဖြင့် တိုင်းပြည်အနာဂတ် အရေးအထိ ကြိုတင် မှန်းဆ၍ လိုက်ဖက်ညီအောင် စီမံနိုင်ရန်အတွက် သန်းခေါင်စာရင်း ကောက်ယူမှုသည် မရှိ မဖြစ် လိုအပ်သည်။ ထို့ကြောင့် သန်းခေါင်စာရင်းကောက်ယူမှုကို အမျိုးသားရေးလုပ်ငန်း (Social Frame work) ဟု ဆိုကြသည်။

ယနေ့ခေတ်တွင် သန်းခေါင်စာရင်း ကောက်ယူသည့်အခါ လူဦးရေစာရင်း သာမက နိုင်ငံ နယ်နိမိတ်အတွင်းရှိ ဒေသအသီးသီးမှ တိုင်းရင်းသား လူမျိုးပေါင်းစုံ၏ Demography ကိုပါ စာရင်းပြုစုရပါသည်။ Demography ဆိုသည်မှာ ဒေသ အသီးသီးမှ လူမျိုးအသီးသီး၏ အသက်အရွယ်၊ ပျမ်းမျှသက်တမ်း၊ နှစ်စဉ် မွေးဖွားနှုန်း၊ အရွယ်မတိုင်မီ သေဆုံးနှုန်း (Infant mortality rates)၊ သေနှုန်း (Death rates)၊ လူဦးရေ အတက်အကျ၊ လူငယ် လူဦးရေ၊ သက်ကြီးရွယ်အို ဦးရေ၊ မူကြိုသူ ဦးရေ၊

စာတတ်မြောက်သူ ဦးရေ၊ ဘွဲ့ရ ဦးရေ၊ အလုပ်လက်မဲ့ ဦးရေ၊ လက်လုပ်လက်စား ဦးရေ၊ လယ်ယာလုပ်ကိုင်သူ/လယ်ပိုင်သူ ဦးရေ၊ အိမ်ပိုင်ခြံပိုင်ရှိသူ၊ တစ်ဦးချင်းဝင်ငွေ၊ ဝင်ငွေအချိုးအစား ကွာဟမှု၊ ဒေသအလိုက် နေထိုင်သူဦးရေ အချိုးအစား၊ လူမျိုးစုများ၊ အလုပ်အကိုင် အမျိုးအစား၊ လယ်ယာစွန့်ခွာပြီး မြို့ပြ ရွှေ့ပြောင်းသူ ဦးရေ၊ နိုင်ငံရပ်ခြားထွက်ခွာသူ ဦးရေ စသည့် အချက်အလက်များကို ပါဝင်အောင် ကောက်ယူရပါသည်။

ထိုကဲ့သို့ လူဦးရေနှင့် Demography စာရင်းများ အပေါ် အခြေခံပြီး မူဝါဒရေးဆွဲသူများက မိမိတိုင်းပြည် ဒေသ၊ လူမျိုးအခြေအနေနှင့် ကိုက်ညီသော ဖြစ်နိုင်ခြေ ရှိမည့် စီမံကိန်းများကို ချမှတ်ရပါသည်။ သန်းခေါင်စာရင်း တွင် ဖော်ပြသော အချက်အလက်များကို အခြေခံ၍ သွင်းကုန် ထုတ်ကုန် လုပ်ငန်းများ၊ ကုန်သွယ်ရေး၊ စိုက်ပျိုးရေး၊ စက်မှု လုပ်ငန်း၊ စျေးကွက်၊ ဘဏ်လုပ်ငန်း၊ ပုဂ္ဂလိက ပိုင်ဆိုင်ခွင့် စသည့် အချက်အလက်များကို အသေးစိတ်မူဝါဒများ ချမှတ်၍ ဆောင်ရွက်ရပါသည်။

ထို့ပြင် သန်းခေါင်စာရင်း ကောက်ယူမှုသည် တိုင်းပြည်တစ်ပြည် အတွင်းရှိ တိုင်းရင်းသား လူနည်းစုများအတွက် အကျိုးသက်ရောက်မှုများလည်း ဖြစ်စေသည်။ လက်ရှိ ဖွဲ့စည်းပုံအခြေခံဥပဒေ အရလည်း နေရာတစ်နေရာတွင် လူဦးရေ ၅၀,၀၀၀ နှင့် အထက် ရှိပါက တိုင်းရင်းသား ကိုယ်စားလှယ်တစ်ဦး ရွေးချယ်ခွင့် ရှိသည်မှာလည်း သတိပြုစရာ ဖြစ်ပါသည်။ သန်းခေါင်စာရင်း ကောက်ယူရာတွင် တိုင်းရင်းသား လူနည်းစုများအတွက် အသေးအဖွဲ့ဖြစ်ပြီး တစ်နိုင်ငံလုံးအတွက်သာ အရေးကြီးသည်ဟု သဘောထားပါက တိုင်းရင်းသားအချင်းချင်း ယုံကြည်မှု ကင်းမဲ့စေနိုင်ပြီး စစ်မှန်သော ပြည်ထောင်စု တည်ဆောက်ရေးတွင် အဟန့်အတား ဖြစ်စေနိုင်ပါသည်။ အစုငယ်ကလေးတွေ ပေါင်းစပ်မှုကြောင့်သာ အစုကြီးတစ်ခု ဖြစ်လာသည်ကို သဘောပေါက်ဖို့ လိုပါသည်။ ထို့ကြောင့် အာရှလူ့အခွင့်အရေး သုတေသနပညာရှင် (ဒေးဗစ်ကောမက်ဒီဆဖ်) က သန်းခေါင်စာရင်း ကောက်ယူခြင်းသည်လည်း တိုင်းရင်းသား လူနည်းစုများ အတွက် အကျိုးသက်ရောက်မှု ပိုမိုရှိကြောင်းဆိုခြင်း ဖြစ်ပါသည်။

ဆယ်စုနှစ် သုံးခုကျော်မှ တစ်ကျော့ပြန် ကြုံတွေ့ရတော့မည့် သန်းခေါင်စာရင်း ကောက်ယူမှုသည် တိုင်းရင်းသား လူနည်းစုများ၏ လူဦးရေ ဘာသာစကား၊ ရိုးရာ ယဉ်ကျေးမှု၊ ပညာရေး၊ လူမှုရေး စသည့် အမျိုးသား အခွင့်အရေးများ အတွက် အထူးအရေးပါလှပါသည်။

မြန်မာနိုင်ငံ လူဦးရေစာရင်းကို သာလွန်မင်း လက်ထက်တွင် တစ်ကြိမ် ကောက်ယူခဲ့ဖူးသည်။ အင်္ဂလိပ် အစိုးရလက်ထက် ၁၈၇၂ ခုနှစ်တွင် ကောက်ယူခဲ့ရာ လူဦးရေ တစ်သန်း ရှိသည်ဟု ဆိုသည်။ ညသန်းခေါင်ချိန်တွင် ကောက်ယူခြင်းကြောင့် သန်းခေါင်စာရင်းဟု ခေါ်တွင်ခဲ့သည်။ ၎င်းနောက် ၁၈၈၁၊ ၁၈၉၁၊ ၁၉၂၁၊ ၁၉၃၁၊ ၁၉၄၁၊ ၁၉၅၃၊ ၁၉၇၃၊ ၁၉၈၃၊ သန်းခေါင်စာရင်း ကောက်ယူခဲ့ရာ နောက်ဆုံး ၁၉၈၃ ခုနှစ် ကောက်ယူမှုစာရင်းအရ လူဦးရေ (၅၃.၃) သန်းဟု ဆိုသည်။ သို့သော် လူဦးရေစာရင်း အဖြစ်နှင့်သာ ထားပြီး စီမံကိန်းများ အကောင်အထည်ဖော်ရာတွင် စနစ်တကျ အသုံးမပြုခဲ့ပါ။ ယခုအခါတွင် ယခင် စာရင်းဟောင်းကို အခြေပြု၍ မှန်းဆတွက်ချက်လာရာ တချို့ ၅၇ သန်း၊ တချို့ ၅၈ သန်း၊ တစ်ချို့ သန်း ၆၀ ဆိုကြသည်။

၂၀၀၈ ခုနှစ်၊ အခြေခံဥပဒေ ပုဒ်မ ၁၆၁ (ခ) အရ တိုင်းဒေသကြီး (သို့) ပြည်နယ်တစ်ခုခုတွင် လူဦးရေ စုစုပေါင်း၏ (၀.၁) ရာခိုင်နှုန်းရှိလျှင် ကိုယ်စားပြုတိုင်းရင်းသား ရေးရာ ဝန်ကြီးတစ်ဦး ရသည်ဖြစ်ရာ (၁) ရာခိုင်နှုန်းရှိလျှင် ကိုယ်စားပြု တိုင်းရင်းသားရေးရာ ဝန်ကြီးတစ်ဦး ရသည်ဖြစ်ရာ (၁) ရာခိုင်နှုန်းကို လူဦးရေ ငါးသောင်းဟု သတ်မှတ်ခဲ့သည်။

၂၀၁၀ ခုနှစ်၊ ရွေးကောက်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးသည် မြန်မာနိုင်ငံလူဦးရေ၏ (၁၀) ရာခိုင်နှုန်း ရှိရာ မွန်နှင့် ရှမ်းကိုယ်စားလှယ်ဝန်ကြီး တစ်ဦးမှ မရခဲ့ခြင်းမှာ လူဦးရေစာရင်း လွဲမှားမှုတစ်ခုဟု ရှမ်းနှင့် မွန် တိုင်းရင်းသား တစ်ချို့က ထင်နေကြသည်။

၂၀၁၀ ခုနှစ်၊ ရွေးကောက်ပွဲတွင် ပန်းတနော်မြို့နယ်၊ မရမ်းကုန်း ကျေးရွာအုပ်စု၊ ကြူဂရက်ကျေးရွာ (ကရင်ရွာ) တွင် ကရင်မဲဆန္ဒရှင် စာရင်းမပါသည့်အတွက် ကရင်ရေးရာဝန်ကြီးကို တစ်ရွာလုံး ဆန္ဒပေး ရွေးချယ်ခွင့် မရခဲ့ကြသည့် ဖြစ်စဉ်ရှိခဲ့ပါသည်။ တချို့ဒေသများတွင် မှတ်ပုံတင်မှာ မိမိလူမျိုးအစား အခြားလူမျိုး ဖြစ်နေသည်ကို တွေ့ရပါသည်။ မဲဆန္ဒရှင်စာရင်း ကောက်ယူရာ၌ တာဝန်ရှိသူ ကော်မရှင်များ၊ ရပ်/ကျေး

အုပ်ချုပ်ရေးမှူးများ၊ ရပ်/ကျေး စာရေးများ၏ ပေါ့လျော့မှုကြောင့် လစ်ဟာမှုများ ရှိခဲ့သလို မဲဆန္ဒရှင်တွေ ကိုယ်တိုင်ကလည်း မိမိကိုယ်ကို မဲစာရင်း ပါမပါ၊ ကိုယ့်လူမျိုးစာရင်းထဲ ကိုယ်ပါမပါ စသည့်အချက်များကို ဂရုပြုခြင်းမရှိကြသည့် အချက်များလည်း ရှိပါသည်။ ပန်းတနော်မှ လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးဆိုလျှင် နာမည် ရှေ့က (မန်း) ဆိုသည့် ကရင် အမှတ်အသားပါသော်လည်း ကိုယ်စားလှယ်လောင်း ကိုယ်ရေးရာဇဝင် တင်သည့်အခါကျမှ အိမ်ထောင်စုစာရင်းတွင် ဗမာဖြစ်ပြီး နိုင်ငံသားစိစစ်ရေးကဒ်မှာ ကရင်ဖြစ်နေသည်ကို သိရသည်။

"သန်းခေါင်စာရင်း လာကောက်တော့ ကျွန်တော်က ကရင်ဗုဒ္ဓဘာသာလို့ ပြောတော့ ကျွန်တော့်ကို ဗမာလူမျိုးစာရင်းထဲမှာ ထည့်လိုက်တယ်။ ကျွန်တော်က ကရင်လူမျိုးစာရင်းထဲ ထည့်ဖို့ပြောတော့ ခရစ်ယာန် ကရင်မှသာ ကရင်လူမျိုး စာရင်းထဲ ထည့်ရမယ်။ ကရင်ဗုဒ္ဓဘာသာဆိုရင် ဗမာလူမျိုး စာရင်းထဲ ထည့်ရမယ်လို့ ပြန်ပြောတယ်။ အဲဒီတော့မှ စာရင်းလာကောက်တဲ့ ခလေးမကို ဗုဒ္ဓဘာသာ၊ ခရစ်ယာန် ဘာသာဆိုတာ ကိုးကွယ်တဲ့ဘာသာကို ဆိုလိုတာ။ လူမျိုး မဟုတ်ဘူး၊ ကရင်ဟာ လူမျိုးဆိုတော့ ဘယ်ဘာသာကိုပဲ ကိုးကွယ် သူ့လူမျိုးနဲ့ဆိုင်တဲ့ စာတိုင်မှာ ရေးရမယ်။ နိုင်ငံသား စာတိုင်ကျတော့ မြန်မာလို ထည့်ရမယ် ဆိုပြီး ရှင်းပြ လိုက်ရတယ်။ အိမ်ထောင်စုစာရင်း ကောက်သူတွေက လူမျိုး၊ ကိုးကွယ်သည့်ဘာသာ၊ နိုင်ငံသား ဆိုတာတွေကို အဓိပ္ပာယ် နားမလည်ကြတာ တွေ့ရတယ်။ အဲဒီက စ,မှားရင် အကုန် မှားတော့တာပဲ" ဟု ပန်းတနော်မြို့နယ်၊ ကရင်စာပေနှင့် ယဉ်ကျေးမှု ကော်မတီ အတွင်းရေးမှူး မန်းဝင်းမောင်က စာ/ယဉ် အစည်းအဝေး တစ်ခုတွင် ပြောခဲ့ဖူးပါသည်။

ဧရာဝတီတိုင်း ဒေသကြီး၊ ပန်းတနော်မြို့နယ် အတွင်းရှိ ကရင်လူဦးရေမှာ ၁၉၇၈-၇၉ ခုနှစ်တွင် ၁၃၄,၉၄၃ ဦး ရှိပြီး မြို့နယ်လူဦးရေ၏ (၈၁.၂ ရာခိုင်နှုန်း) ဖြစ်ပါသည်။ ၂၀၁၁-၂၀၁၂ ခုနှစ် လူဦးရေ စာရင်းတွင် ၁၀၆,၇၇၉ ဦး ရှိပြီး မြို့နယ်လူဦးရေ၏ (၃၇.၅ ရာခိုင်နှုန်း) ဖြစ်ရာ ဆယ်စုနှစ် သုံးခုကျော် ကာလအတွင်း ပန်းတနော်မြို့နယ် အတွင်းရှိ ကရင်လူဦးရေ ၂၈,၁၆၇ ဦး လျော့နည်းသွားသည်မှာ မှားယွင်းမှု တစ်ခုခုကြောင့် ဖြစ်နိုင်သည်ဟု ပန်းတနော်မြို့နယ် စာ/ယဉ် ကော်မတီဝင်များက သံသယ ရှိနေကြသည်။

နိုင်ငံသားတစ်ဦးအတွက် စိတ်ကျန်းမာရေး ချို့ယွင်းသူ၊ သာသနာ့ဝန်ထမ်းများ ဖြစ်သူများအပ အရွယ်ရောက်လျှင် ဆန္ဒမဲ ပေးပိုင်ခွင့်၊ ရွေးချယ်ပိုင်ခွင့် ဆိုသည်မှာ အခြေခံအကျဆုံး အခွင့်အရေးများ ဖြစ်ပါသည်။ မဲထည့်ပိုင်ခွင့်၊ ရွေးချယ်ပိုင်ခွင့် မရှိသောသူများ ဆိုသည်မှာ ရောမခေတ် ကျွန်လူတန်းစားများသာ ဖြစ်ပေလိမ့်မည်။ ထိုဖြစ်စဉ်များမှာ နေရာတစ်ခုထဲတွင် မဟုတ်ဘဲ နေရာတော်တော်များများ၌ တွေ့နေကြားနေ ရပါသည်။

တိုင်းရင်းသားလူမျိုးစုများ အနေဖြင့် မိမိကိုယ်မိမိ မည်ကဲ့သို့ မှတ်ကျောက်တင်မည် ဆိုသည်မှာ သန်းခေါင်စာရင်း ကောက်ယူမှု အပေါ်တွင် တည်နေပါသည်။ ကရင်အမျိုးသားနှင့် လူမျိုးခြား အမျိုးသမီးတစ်ဦးမှ ရသောရင်သွေးကို သန်းခေါင်စာရင်းတွင် မည်သည့်လူမျိုး ထည့်မည်နည်း၊ ကရင်အမျိုးသမီးနှင့် လူမျိုးခြားအမျိုးသား၏ ရင်သွေးကို သန်းခေါင်စာရင်း၌ မည်သည့်လူမျိုး ထည့်မည်နည်း၊ မိမိလူမျိုး၏ အနာဂတ်အတွက် အမျိုးသား ရေးအမွေ မည်ကဲ့သို့ ပေးခဲ့မည် ဆိုသည်မှာ သန်းခေါင်စာရင်း အပေါ်တွင် စောင့်ကြည့်ရတော့မည့် အနေအထား ဖြစ်ပါသည်။ ဤတွင် မိမိအနာဂတ် မျိုးဆက်အတွက် မိမိကိုယ်တိုင် ရွေးချယ်ရတော့မည့် အမျိုးသားရေးတာဝန်တစ်ခု ဖြစ်လာပါသည်။ သို့မဟုတ်ပါက ဂလိုဘယ်လိုက်ဇေးရှင်း၏ ဝါးမြိုမှုကို အရင်ဆုံး လက်နက်ချရသော လူမျိုးစုတစ်ခု ဖြစ်သွားပေလိမ့်မည်။

ဧရာဝတီတိုင်းဒေသကြီးတွင် တစ်ချိန်က ယဉ်ကျေးမှု အမြင့်မားဆုံးဖြစ်ခဲ့သော မွန်လူမျိုးများသည် သူတို့၏ ယဉ်ကျေးမှု အမှတ်အသားများ ကျန်နေသေးသော်လည်း ယခုအခါ မွန်တွေ ဘယ်ရောက်ကုန်သလဲ ဆိုသည့်အချက်မှာ သင်ခန်းစာ ယူစရာ ဖြစ်နေပါသည်။

ထို့ကြောင့် ၂၀၁၄ သန်းခေါင်စာရင်းကောက်ယူမှုမှာ လူသားအရင်းအမြစ်အမှန် ရရှိရေးသာမက တိုင်းရင်းသားလူမျိုးစုများအနေဖြင့် ကိုယ့်လူမျိုးကိုယ် ပြန်ဖော်ထုတ်ဖို့ လိုအပ်ကြောင်း တင်ပြလိုက်ရပါသည်။

မန်းထိန်ဝင်းစိန်

■

# အမည်သညာခေါ်စရာကား

မန်းထီခလိန် (ထီထာကလုံး)

**ထုံး**တမ်းစဉ်လာအရ ကလေးငယ်များ မွေးဖွားပြီးနောက် သင့်တော်သည့်အချိန်တွင် မိဘများက ပေဒင်ဆရာထံ ကလေးငယ်၏ မွေးသက္ကရာဇ် ရက်၊ အချိန်၊ နေ့နံ ပြောပြပြီး ဇာတာဖွဲ့ ပေးခဲ့ကြသည်။ ယနေ့ခေတ်တွင်မူ ကွန်ပျူတာဖြင့် ဇာတာဖွဲ့ပေး နေပါပြီ။ ကလေးငယ်၏ ထန်းဖူးဖွားဇာတာတွင် ပေဒင်စာသားအရ ဖော်ပြထားပြီး စာအပိုဒ် အဆုံးတွင်မူ မာတာမိခင်ဖွားသန့်စင်သည်၊ အမည်သညာ ခေါ်စရာကားဟု ကလေးငယ်၏ အမည် မှည့်ခေါ် အဆုံးသတ်ထားကြောင်း တွေ့ရပေသည်။ ယခု ဆောင်းပါးခေါင်းစီး အမည်သညာ ခေါ်စရာကားမှာမူ တိုင်းရင်းသားလူမျိုးစု၏ အမည်ရှေ့တွင် ခေါ်ဝေါ်သုံးနှုန်းထားမှု တိကျမှန်ကန်စေပြီး သက်ဆိုင်ရာလူမျိုး၏ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်း ပေါ်လွင်စေရန် ရည်ရွယ်ရေးသားခြင်း ဖြစ်ပါသည် ။

မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်လျက် ရှိကြသော တိုင်းရင်းသား အများစုတွင် နာမည်၏ ရှေ့၌ အခေါ်အဝေါ်များ အသီးသီး ရှိကြပါသည်။ အင်္ဂလိပ် လူမျိုးများ၏ အမည် ရှေ့တွင် အမျိုးသားအား မစ္စတာ ဟုလည်းကောင်း အမျိုးသမီးအား မစ္စ-မစ္စစ် ဟုလည်းကောင်း ခေါ်ဝေါ်သုံးနှုန်းသည်ကို အားလုံးအသိပင် ဖြစ်ပါ၏။ အမှန်ဆိုရသော် ဘာသာရေး ရှုထောင့်အရ နာမည်ဆိုသည်မှာ ပညတ်သဘောသာ ဖြစ်သော်လည်း ပစ္စုပ္ပန်လောကတွင်မူ မရှိမဖြစ် သက်ဆုံးတိုင် ခေါ်ဝေါ်သုံးနှုန်း နေကြရပါသည် ။

ကျွန်တော်တို့ နိုင်ငံတွင် ဗမာလူမျိုးသည် အများစု ဖြစ်ပါ၏။ အသက်အရွယ်အလိုက် အမျိုးသားငယ်၏ အမည်ရှေ့တွင် "မောင်"၊ အမျိုးသားလတ်ကို "ကို"၊ အမျိုးသားကြီးအား "ဦး" ဟူ၍ လည်းကောင်း၊ အမျိုးသမီးငယ်၊ အမျိုးသမီးလတ် အရွယ်အား "မ"၊ အမျိုးသမီးကြီးအား "ဒေါ်" ဟု လည်းကောင်း ခေါ်ဝေါ်သုံးနှုန်း ကြပါသည်။ အလားတူ ရှမ်းလူမျိုးများက ကျား၊ မ ခွဲခြားကာ "စိုင်း၊ နန်း" ဟု လည်းကောင်း ၊ ပအိုဝ်းများသည်လည်း "ခွန်၊ နန်း" ဟု လည်းကောင်း အမည်ရှေ့တွင် ခေါ်ဝေါ်သုံးနှုန်း ကြပါသည်။ ထို့အတူပင် မွန်လူမျိုးများက အမျိုးသားငယ်အား "မင်း" အမျိုးသား (လတ်/ကြီး) အား "နိုင်" ဟု လည်းကောင်း၊ အမျိုးသမီး (ငယ်/ လတ်/ ကြီး) တို့အား "မိ" ဟု လည်းကောင်း သုံးနှုန်းလျက် ရှိကြပါသည်။ ထို့ပြင် ရခိုင်လူမျိုးများက သားဦး၏ အမည်ရှေ့တွင် "ဦး" ထည့်သွင်း မှည့်ခေါ်လေ့ ရှိကြပြီး ဦးသာမောင် ဆိုပါက အသက်ငယ်ပိုင်းတွင် "မောင်၊ ကို" တပ်ခေါ်ကာ အသက်ကြီးပိုင်းတွင်မူ "ဦးဦးသာမောင်" ဟု ခေါ်ဝေါ်လေ့ ရှိကြပါသည်။ သမီးဦးဆိုပါက အလားတူ အမည်ရှေ့တွင် "ဦး" တပ် ခေါ်ဝေါ်ရသည်ဟု ဆိုပါ၏။

# သမ္မတကြီးနှင့် တိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီးများနှင့် တွေ့ဆုံရာတွင် တိုင်းရင်းသား လူမျိုးရေးရာဝန်ကြီးများသည် သက်ဆိုင်ရာတိုင်းဒေသကြီး ၊ ပြည်နယ်များအတွင်းရှိ သက်ဆိုင်ရာလူမျိုးများ၏ ကိုယ်စားလှယ်များဖြစ်သည်နှင့် အညီ မိမိတို့ လူမျိုးစုများ၏ အရေးအရာကိစ္စများကို တာဝန်ယူ ဆောင်ရွက်ပေးရန် တာဝန်ရှိသူများဖြစ်ပါကြောင်း

ကျွန်တော်သည် ပိုးကရင်၊ ဇနီးမှာ စကောကရင် ဖြစ်ပါသည်။ ပိုးကရင် အမျိုးသားငယ်အား “စ”၊ အမျိုးသား (လတ်/ကြီး) တို့အား “မန်း” ဟု အမည်ရှေ့တွင် ခေါ်ဝေါ်ပါသည်။ “စ” ဟူသည်မှာ ဗမာလူမျိုးတို့၏ “မောင်၊ ကို” တို့နှင့် အဓိပ္ပာယ် တူညီသကဲ့သို့ “မန်း” သည်လည်း “ဦး” နှင့် အဓိပ္ပာယ် တစ်ထပ်တည်း ဖြစ်ပါ၏။ အမျိုးသမီး (ငယ်၊ လတ်) တို့အား “နန်း”၊ အမျိုးသမီးကြီးတို့အား “ဂတ်” ဟု ခေါ်ဝေါ်ကြပါသည်။ စကောကရင်တို့ကမူ အမျိုးသား (ငယ်၊ လတ်၊ ကြီး) တို့ အား “စော”၊ အမျိုးသမီး (ငယ်၊ လတ်၊ ကြီး) တို့အား “နော် ” ဟု အမည်ရှေ့တွင် ခေါ်ဝေါ်ကြသည်။ ကရင်မျိုးနွယ်စုတွင် ပိုးကရင်၊ စကောကရင် (မွတ်ထိပ်၊ ဖထိပ်)၊ မိခင်မျိုးနွယ် ဖခင်မျိုးနွယ်တို့မှ ဆင်းသက်လာကြပုံ ကွဲပြားကာ ဘာသာစကားလည်း အနည်းငယ်ကွဲပြား နေပါသည်။ စကောကရင်မှာ တစ်မျိုးတည်းသာရှိပြီး ပိုးကရင်မှာမူ ကရင်ပြည်နယ်တွင် အရှေ့ပိုးကရင် ဟူ၍လည်းကောင်း၊ မြစ်ဝကျွန်းပေါ်တွင် အနောက်ပိုးကရင် ဟူ၍လည်းကောင်း ခေါ်ဝေါ်ကာ ဘာသာစကားမှာ အသံ အတက်၊ အကျ လေယူ လေသိမ်း အနည်းငယ် ခြားနားကြပြန်ပါသည်။

ဧရာဝတီတိုင်းဒေသကြီးရှိ အချို့ မြို့နယ်များတွင် နေထိုင်ကြသည့် ပိုး။ စကော ကရင်များတွင် ကရင်စကား မပြောတတ်ကြတော့ပါ။ ဘိုးဘွားလက်ထက် ကရင်စကား ပြောဆိုခဲ့ကြပြီး မိဘများလက်ထက်တွင် ဗမာစကားသာ ပြောဆိုကြရာမှ သားသမီးများ မိခင်ဘာသာ စကားမပြောတတ်ကြတော့ခြင်း ဖြစ်ပါသည်။ နိုင်ငံသားမှတ်ပုံတင် ကတ်ပြားတွင်မူ ကရင်ဟု ဖော်ပြပေးထားသည်ကိုပင် ကျေးဇူးတင်မိပါ၏။ မင်းတို့ ကရင်စကားလည်း မတတ်ကြဘူး။ အခြားလူမျိုး ထည့်လိုက်ကြတော့မည်ဆိုက ကိုယ်ကျိုး နည်းနိုင်သည့် အခြေအနေပင် ဖြစ်တော့သည်။ ကျွန်တော့်ဇနီး၏ တူမဖြစ်သူ မှတ်ပုံတင် သွားရောက်ပြုလုပ်ရာတွင် စကောကရင် ဖြစ်၍ “နော်” ဟု အမည်မှန် ရေးပေးခဲ့သော်လည်း ဘာသာကိုမူ ကာယကံရှင်အား မမေးဘဲ ကရင်ဆိုရင် ခရစ်ယာန် ဟု ထင်မှတ်ကာ ခရစ်ယာန်ဟု ရေးပေးသည့် ဖြစ်စဉ် အကယ်ပင် ရှိခဲ့ပါသည်။ တူမဖြစ်သူမှာမူ ဗုဒ္ဓဘာသာဝင်တစ်ဦး ဖြစ်ပါသည်။ သို့ဖြစ်၍ လူမျိုးစုလူဦးရေ မှန်ကန်ရေး ဆန္ဒမဲပေးကြရာတွင် တိုင်းရင်းသား လွှတ်တော်ကိုယ်စားလှယ် ဝန်ကြီး နေရာများအတွက် နစ်နာမှု မရှိစေရန် သန်းခေါင်စာရင်း ကောက်ယူသည့်အခါ သက်ဆိုင်ရာ ကရင် အပါအဝင် လူမျိုးစုရေးရာ ဝန်ကြီးများက ကြပ်မတ်ဆောင်ရွက် ပေးသင့်ပေသည်။ ၈·၉·၂၀၁၂ ရက်နေ့က နိုင်ငံတော် သမ္မတကြီးနှင့် တိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီးများနှင့် တွေ့ဆုံရာတွင် တိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီးများသည် သက်ဆိုင်ရာ တိုင်းဒေသကြီး။ ပြည်နယ်များအတွင်းရှိ သက်ဆိုင်ရာ လူမျိုးများ၏ ကိုယ်စားလှယ်များ ဖြစ်သည်နှင့်အညီ မိမိတို့ လူမျိုးစုများ၏ အရေးအရာ ကိစ္စများကို တာဝန်ယူဆောင်ရွက်ပေးရန် တာဝန်ရှိသူများ ဖြစ်သည်ဟု အတိအလင်း မိန့်ကြားခဲ့ပါသည်။

တစ်ဖန် စာရေးသူ ကိုယ်တိုင်ကြုံတွေ့ရသည်ကို တင်ပြလိုပါသည်။ ၂၀၁၀ ခုနှစ် ရွေးကောက်ပွဲ အကြိုကာလတွင် ကျွန်တော်အား မြို့နယ်တစ်ခု၏ ရွေးကောက်ပွဲ ကော်မရှင် ဥက္ကဋ္ဌအဖြစ် တာဝန်ပေးရန် အကြောင်းဖန် လာပါသည်။ တစ်နေ့တွင် မယကဥက္ကဋ္ဌက နံနက် (၄) နာရီ အချိန်ခန့်တွင်


ကိုယ်ရေးအချက်အလက်များ အမြန်ပေးပို့ရန်ရှိ၍ လာလိုကြောင်း ဖုန်းဆက်ပါသည်။ ကျွန်တော်လည်း အသင့်စောင့်ဆိုင်းကာ မြို့နယ်ဥက္ကဋ္ဌ ယူဆောင်လာသော စာရွက်စာတမ်းများတွင် ကိုယ်ရေး အချက်အလက်များကို ကိုယ်တိုင်ဖြည့်စွက်ပေးခဲ့ပါသည်။ အမည်ရှေ့တွင် မန်း (မန်း) ဟု ရေးသားခဲ့သည်။ ၎င်းအတိုင်း တင်ပြပေးဖို့ရန် ပြောကြားခဲ့ပါသည်။ သို့ရာတွင် အကြောင်းကြားစာ ထွက်လာရာတွင်လည်းကောင်း နိုင်ငံတော်ပြန်တမ်း ထွက်လာချိန်တွင်လည်းကောင်း မိမိ၏ အမည်ရှေ့တွင် (မန်း) ပျောက်သွားပြီး (ဦး) ဖြင့် ပါလာကြောင်း တွေ့ရှိရပါသည်။ ကရင်တိုင်းရင်းသားအဖြစ် မသိနိုင်တော့ဘဲ အခြားတိုင်းရင်းသား အဖြစ်သာ အများက သိကြပေလိမ့်မည်။

ထို့ပြင် ၄-၁-၂၀၁၁ နေ့က ကျင်းပပြုလုပ်သည့် ကရင်နှစ်သစ်ကူး ဗဟိုကော်မတီ၏ နာယကကြီးများ၏ ဩဝါဒခံယူပွဲတွင် ကျွန်တော်တက်ရောက် ဆွေးနွေးခဲ့ပါသေးသည်။ ရှေးယခင်က ကရင်အာဇာနည်ခေါင်းဆောင် မန်းဘခိုင်၊ သမ္မတကြီး မန်းဝင်းမောင်၊ ကရင်အမျိုးသားခေါင်းဆောင် စောဘဦးကြီး၊ ရှမ်း အမျိုးသားသမ္မတကြီး စဝ်ရွှေသိုက် စသည်တို့၏ အမည်များကို တိုင်းရင်းသားတို့ အခေါ်အဝေါ်အတိုင်း နိုင်ငံတော်မှ သုံးနှုန်းခဲ့သည်မှာ အားလုံးအသိပင် ဖြစ်ကြောင်း ချပြခဲ့သည်။ သို့ဖြစ်၍ ကရင်နည်းတူ အခြားတိုင်းရင်းသားများ အတွက်လည်း လုပ်ဆောင်ပေးသင့်ကြောင်း တင်ပြခဲ့သည်။ ယင်းအခမ်းအနားတွင် ဧရာဝတီတိုင်း ဒေသကြီးမှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်သည်လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး၏ ကရင်ရေးရာဝန်ကြီးသည်လည်းကောင်း ပါဝင်တက်ရောက်လာရာ အဆိုပါ ပုဂ္ဂိုလ်ကြီးများအား တိုင်တည်ခဲ့ခြင်းလည်း ဖြစ်ပါ၏။ ကရင်တိုင်းရင်းသား အပါအဝင် အခြားတိုင်းရင်းသားများနှင့် လိုအပ်သလို ညှိနှိုင်းပေါင်းစည်း ဆောင်ရွက်ပေးနိုင်ရန် ဖြစ်ပါသည်။ မရှေးမနှောင်းပင် ရက်သတ္တပတ် (၁) ပတ်ခန့်အကြာ ကျွန်တော်၏အိမ်ကို လာရောက်လည်ပတ်သည့် ကရင်ပြည်နယ်မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် စကောကရင်အမျိုးသား သူငယ်ချင်း ဖြစ်သူကိုလည်း ယင်းကိစ္စရပ်အား တင်ပြဆောင်ရွက်ပေးသင့်ကြောင်း၊ ပွင့်လင်းမြင်သာသည့် အခါသမယဖြစ်၍ အခက်အခဲ မရှိတန်ရာကြောင်း အကြံပြုတိုက်တွန်း ပြောကြားခဲ့ပါသေးသည်။

အချုပ်အားဖြင့် ဆိုရသော် အမည်ခေါ်ဝေါ် သုံးနှုန်းရာတွင် သက်ဆိုင်ရာ လူမျိုးစုပေါ်လွင်စေရေးနှင့် မလေ့ထုံးတမ်း မပျောက်ပျက်စေရေးသာ ရည်ရွယ်ရင်း ဖြစ်ပါ၏။ ပြည်ထောင်စု မြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသား (၁၃၅) မျိုးတို့သည် လူမျိုးစု ကွဲပြားစေကာမူ မြန်မာနိုင်ငံသားများသာ ဖြစ်ကြပါ၏။ နိုင်ငံသား မှတ်ပုံတင်ကတ်ပြားတွင် မြန်မာနိုင်ငံသားချည်း ဖြစ်ကြပါသည် ။ အချို့ကလည်း "ဦး" တစ်ခေါ်လည်း ဘာဖြစ်သွားလို့လဲဟု စောဒကတက်ဖွယ် ရှိပါ၏။ ဗမာစကား "ဦး" သည် မန်း၊ စော၊ စိုင်း၊ ခွန်၊ နိုင် စသည့် အခြားလူမျိုးစုတို့၏ ဝေါဟာရနှင့် အဓိပ္ပာယ် တူညီနေခြင်း၊ လွတ်လပ်ရေး ရရှိပြီးကာလကတည်းက နိုင်ငံတော်မှ ခေါ်ဝေါ်သုံးစွဲသုံးနှုန်းခဲ့ခြင်းနှင့် ယနေ့အချိန်အခါတွင် ပွင့်လင်းမြင်သာမှု ရှိလာခြင်းစသည့် တို့ကြောင့် သက်ဆိုင်ရာ လူမျိုးစုများအလိုက် တာဝန်ရှိသူများ၊ ပြောရေးဆိုခွင့် ရှိသူများက လိုအပ်သလို ဆက်လက် အကောင်ထည်ဖော် ဆောင်ရွက်ပေးသင့်ပါကြောင်း အကြံပြု ရေးသားလိုက်ရပေသည်။

မန်းထီခလိန်(ထီထာကလုံး)

■



# တာဝန်သိလျှင် တာဝန်ရှိသည်

စခင်မောင်စိုး (ပန်းတနော်)

ပန်းတနော်မြို့နယ် ကရင်စာပေနှင့် ယဉ်ကျေးမှုကော်မတီက ကြီးမှူးကျင်းပတဲ့ ကရင်စာပေနှင့် ယဉ်ကျေးမှုသင်တန်းဆင်းပွဲ အခမ်းအနားတစ်ခုမှာ ပိုးကရင်နှစ်ခြင်း ခရစ်ယာန်အဖွဲ့ချုပ်၊ လူငယ်မိတ်သဟာယအဖွဲ့ ဥက္ကဋ္ဌ ဆရာကြီး မန်းသိန်းရွှေက ယနေ့ကမ္ဘာပေါ်မှာ ဘာသာစကားပေါင်း ၆၀၀၀ ကျော် ရှိတဲ့အနက် ဘာသာစကားပေါင်း ၁၀၀၀ ကျော်ဟာ ပျောက်ကွယ်သွားမည့် အန္တရာယ် ရှိနေကြောင်း၊ ယနေ့ ကမ္ဘာပေါ်မှာ ဘာသာစကားပေါင်း ၆၀၀၀ ကျော် ရှိတဲ့အနက် ထက်ဝက်ခန့်ဟာ နှစ် ၁၀၀ အတွင်း တိမ်ကော ပျောက်ကွယ်သွားမှာ ဖြစ်ကြောင်း၊ ယခုအခါ နှစ်စဉ် ဘာသာစကား ၂၅ မျိုးခန့် တိမ်ကောပျောက်ကွယ်လျက် ရှိကြောင်း၊ လာမည့် သက္ကရာဇ် ၂၀၅၀ ခုနှစ်တွင် ယခုရှိနေသော ဘာသာစကားများအနက် ထက်ဝက်ခန့်သာ ကျန်တော့မည်ဖြစ်ကြောင်း မိန့်ဆိုခဲ့ပါတယ်။

ယနေ့ ကရင်အမျိုးသားထုကြီး အတွင်းမှာ ကရင်စကားကို ပြောဆိုမှု တဖြည်းဖြည်း နည်းပါးလာကြောင်း မြင်တွေ့နေရပါတယ်။ ကရင်အမျိုးသားရေး ဆိုင်ရာ အခမ်းအနားများ၊ တွေ့ဆုံပွဲများ၊ အစည်းအဝေးများမှာ သာမက ဘာသာရေးဆိုင်ရာ အခမ်းအနားများမှာပါ ကရင်စကားကို အသုံးပြုမှု နည်းပါး လာပါတယ်။ ဒီလိုပုံစံနဲ့သာ ရှေ့ဆက်ပြီး စခန်းသွားကြမယ်ဆိုရင်တော့ လာမယ့် ၂၀၅၀ ခုနှစ်မှာ ပျောက်ကွယ်သွားမယ့် ဘာသာစကားထက်ဝက်ထဲမှာ ကရင် စကား ပါမသွားနိုင်ဘူးလို့ ဘယ်သူမှ အာမ မခံနိုင်ပါဘူး။

ကရင်စကား မပြောတဲ့ ကရင် အမျိုးသားတွေကို လေ့လာကြည့်တဲ့ အခါမှာ ကရင်စကားကို လုံးဝ (သို့) လုံးဝ နီးပါး မပြောတတ်တဲ့အတွက် ကရင်စကားကို မပြောတဲ့ သူတွေ၊ ကရင်စကားကို အနည်းအကျဉ်းမျှ ပြောတတ်သော်လည်း မပီမှာ စိုးတဲ့အတွက်၊ မပီခဲ့၍ မှားခဲ့လျှင် လူအများက ကဲ့ရဲ့မှာ စိုးတဲ့အတွက် ကရင်စကားကို မပြောတဲ့သူတွေ၊ ကရင်စကားကို ပြောတတ်ပေမယ့် ကရင်စကားကို ပြောရကောင်းမှန်း မသိဘဲ အခြားစကားနဲ့ပဲ လွယ်လွယ်ပြောလေ့ ရှိသူတွေ၊ ကရင်စကားကို ပြောတတ်ပေမယ့် လူအများ နားလည်အောင် အခြားစကားကို ဦးစားပေး ပြောလေ့ရှိသူတို့ပဲ ဖြစ်ပါတယ်။

# မြန်မာနိုင်ငံမှာ စကောနဲ့ပိုးဆိုတဲ့မျိုးနွယ်စုရဲ့ စကားတစ်မျိုးတည်း တတ်ရုံနဲ့မလုံလောက်ကြောင်း၊ နှစ်မျိုးစလုံးတတ်ရမှာဖြစ်ကြောင်း အမြဲတန်းသွန်သင်ခဲ့ပါတယ်

ကရင်လူမျိုးများ နေထိုင်တဲ့ ကျေးရွာအတော်များများမှာ အသက် ၆၀ ကျော် သက်ကြီးပိုင်းတွေမှာ ကရင်စကားကို နားလည်း နားလည်ကြတယ်။ ပြောလည်း ပြောတတ်ကြတယ်။ အသက် ၃၀ မှ ၆၀ အတွင်း သက်လတ်ပိုင်းတွေမှာတော့ ကရင်စကားကို နားလည်ကြပေမယ့် ပြန်မပြော တတ်ကြတော့ဘူး။ အသက် ၃၀ အောက် သက်ငယ်ပိုင်းတွေမှာတော့ ကရင်စကား ကို နားလည်း နားမလည်ကြတော့ဘူး။ ပြောလည်း မပြောတတ်ကြတော့ဘူး ဆိုတဲ့ အခြေအနေမျိုးတွေကို မြင်တွေ့ရလေ့ ရှိပါတယ်။

လူမျိုးတစ်မျိုးကို စကား၊ စာပေ၊ ဝတ်စားဆင်ယင်မှု၊ ဓလေ့ထုံးတမ်း၊ အနုသုခုမ စတဲ့ အင်္ဂါရပ်များနဲ့ ဖွဲ့စည်းထားတဲ့ အတွက် စကားပျောက်ခြင်းဟာ လူမျိုးပျောက်ခြင်းရဲ့ အစလို့ ဆိုရမှာ ဖြစ်ပါတယ်။

ကရင်စကား မပျောက်ရေးအတွက် တာဝန်ရှိတဲ့ မိဘတွေရဲ့ အခန်းကဏ္ဍကို အနည်းငယ်မျှ ဆွေးနွေးတင်ပြ လိုပါတယ်။ စာရေးသူတို့ မြို့မှာ စောဒယ်နီယယ်ငြိမ်းနဲ့ ဂျဲ့ရှာဖော်လို့ ခေါ်တဲ့ ဇနီးမောင်နှံနှစ်ဦး ရှိပါတယ်။ စောဒယ်နီယယ်ငြိမ်းက စကောကရင်အမျိုးသား ဖြစ်ပြီး ဂျဲ့ရှာဖော်ကတော့ ပိုးကရင် အမျိုးသမီး ဖြစ်ပါတယ်။ သူတို့ ဇနီးမောင်နှံနှစ်ဦးဟာ ကြိုတင်တိုင်ပင် ထားခဲ့ကြတဲ့အတိုင်း ဖခင်ဖြစ်သူက သူ့ရဲ့သမီးလေးကို စကောကရင်စကား သင်ပေးပါတယ်။ သူတို့ သားအဖနှစ်ယောက် စကားပြောရင် စကောကရင်လို ပြောကြပါတယ်။ မိခင်ဖြစ်သူက သူမရဲ့ သမီးလေးကို ပိုး ကရင်စကား သင်ပေးပါတယ်။ သူတို့ သားအမိနှစ်ယောက် စကားပြောရင် ပိုးကရင်လို ပြောကြပါတယ်။ ရပ်ကွက်ထဲမှာရော ကျောင်းမှာပါ မြန်မာစကားကို ပြောပေမယ့် အိမ်မှာ မိဘတွေနဲ့ စကားပြောတဲ့ အခါမှာ ကရင်လိုပြောဖို့ အမြဲသွန်သင်ပါတယ်။ ဆုံးမပါတယ်။ တိုက်တွန်းပါတယ်။ ဒီလိုနဲ့ပဲ သမီးလေး နော်အယ်နီးထာငြိမ်းဟာ မိဘနှစ်ပါးရဲ့ မှန်ကန်တဲ့ သွန်သင်မှုကြောင့် အရွယ်ရောက်လာတဲ့ အခါမှာ စကောကရင်လိုရော ပိုးကရင်လိုပါ ကောင်းမွန်စွာ ပြောတတ်သွားခဲ့ပါတယ်။

စကားမတူတဲ့ မိဘနှစ်ပါး ပါဝင်တဲ့ ကရင်မိသားစုတွေရဲ့ အိမ်မှာ အများအားဖြင့် မြန်မာလိုပဲ ပြောလေ့ရှိပါတယ်။ မိမိတို့ရဲ့ သားသမီးတွေနဲ့ ကရင်လို မပြောတဲ့ မိဘတွေရဲ့ လောင်းရိပ်အောက်မှာ ကြီးပြင်းလာခဲ့ကြရတဲ့ ကရင်လူငယ်အများစုဟာ ကရင်စကားကို မတတ်ကြပါဘူး။ မိဘများအနေနဲ့ မိမိတို့ရဲ့ သားသမီးများကို စကားတတ်စ အရွယ်ကစပြီး အရွယ်ရောက်တဲ့ အထိ ကရင်စကားပြောတတ်အောင် လေ့ကျင့်သင်ကြားပေးခြင်း၊ ကရင်စကားကို ချစ်မြတ်နိုးတတ်လာအောင် သွန်သင်ဆုံးမခြင်းတို့ဟာ ကရင်စကား မပျောက်ရေးအတွက် အဓိကကျတဲ့ အကြောင်းတစ်ရပ်ပဲ ဖြစ်ပါတယ်။

စာရေးသူဟာ လွန်ခဲ့တဲ့ သုံးနှစ်လောက်က ကျောင်းကုန်းမြို့နယ် ကရင်အမျိုးသား နှစ်သစ်ကူးပွဲတော်ကျင်းပရေးကော်မတီရဲ့ ဖိတ်ကြားချက်အရ ပွဲတော်ကျင်းပရာ ကွမ်းခြံကုန်းကျေးရွာသို့ ကရင်အမျိုးသား နှစ်သစ်ကူးပွဲတော် ဗဟိုကော်မတီရဲ့ နာယကကြီးများ ဖြစ်ကြတဲ့ ဆရာမန်းရှီးရှူထွန်းနဲ့ ဆရာမန်းသာမြင့်တို့နဲ့အတူ သွားရောက်ခဲ့ပါတယ်။ နှစ်သစ်ကူး အကြိုညမှာ ကျင်းပ

ပြုလုပ်တဲ့ ဖျော်ဖြေရေးအစီအစဉ် ပြီးတဲ့နောက် စာရေးသူတို့ဟာ ကျောင်းကုန်းမြို့နယ် ကရင်စာပေနှင့် ယဉ်ကျေးမှုကော်မတီရဲ့ နာယကကြီးတစ်ဦး ဖြစ်တဲ့ ဆရာကြီး မန်းဝင်းမောင်နဲ့ အတော်ကြာကြာ စကားပြော ဖြစ်ခဲ့ပါတယ်။

ဆရာကြီးဟာ ကရင်စာပေနှင့် ယဉ်ကျေးမှုဆိုင်ရာ အကြောင်းအရာများကို ရှင်းပြတဲ့အခါ စကောကရင်လိုရော ပိုးကရင်လိုပါ လိုအပ်လျှင် လိုအပ်သလို ရှင်းလင်းမိန့်ကြားသွားခဲ့ပါတယ်။ စာရေးသူက ဆရာကြီးကို စကောကရင်နဲ့ ပိုးကရင်စကား နှစ်မျိုးစလုံးကို ဘယ်လိုမျိုးနည်းနဲ့ တတ်ခဲ့တာလဲလို့ မေးတဲ့အခါ ဆရာကြီးက မိမိတို့ ငယ်စဉ်က ပန်းတနော်မြို့နယ်၊ ပြန့်ကြီးကျေးရွာ ပိုးကရင် ခရစ်ယာန် သာသနာပြုကျောင်းမှာ ပညာသင်ကြားခဲ့ကြောင်း၊ မိမိတို့ရဲ့ ဆရာဖြစ်တဲ့ ဆရာကြီး မန်းကြာလှိုင်က မြန်မာနိုင်ငံမှာ စကော ဒါမှမဟုတ် ပိုးဆိုတဲ့ မျိုးနွယ်စုရဲ့ စကားတစ်မျိုးတည်း တတ်ရုံနဲ့ မလုံလောက်ကြောင်း၊ နှစ်မျိုးစလုံး တတ်ရမှာ ဖြစ်ကြောင်း အမြဲတမ်း သွန်သင်ခဲ့ပါတယ်။ မိမိတို့ကိုလည်း စကောနဲ့ပိုး ကရင်စာ စကားနှစ်မျိုးစလုံးကို တတ်အောင် သင်ကြားပေးခဲ့ပါတယ်လို့ ဖြေကြားခဲ့ပါတယ်။

ဆရာကြီး မန်းကြာလှိုင်ရဲ့ သွန်သင်မှုဟာ လွန်စွာလျော်ကန် သင့်မြတ်လှပါတယ်။ စကောကရင်နဲ့ ပိုးကရင် မျိုးစု တစ်စုစီမှာ သီးခြားစကားတစ်မျိုးစီ ရှိနေခြင်း၊ စကောကရင်များက ပိုးကရင်စကားကို နားမလည်ခြင်း၊ ပိုးကရင်များက စကောကရင်စကားကို နားမလည်ခြင်း စတဲ့အကြောင်းများကြောင့် ရှေ့ပိုင်းမှာ ဖော်ပြခဲ့သလို ကရင်အမျိုးသားရေးဆိုင်ရာ အခမ်းအနားများမှာ မြန်မာစကားကိုပဲ အသုံးပြုကြရပါတယ်။ ဒါကြောင့် ဆရာများရဲ့ မှန်ကန်တဲ့ သွန်သင်လမ်းညွှန်မှုဟာလည်း ကရင်စကား မပျောက်ရေးအတွက် အဓိကကျတဲ့ အကြောင်းတစ်ရပ်ပဲ ဖြစ်ပါတယ်။

ပန်းတနော်မြို့နယ် ကရင်စာပေနှင့် ယဉ်ကျေးမှုကော်မတီမှာ အတွင်းရေးမှူးအဖြစ် နှစ်ပေါင်းသုံးဆယ်ကျော် တာဝန်ထမ်းဆောင်ခဲ့တဲ့ ဆရာကြီး မန်းဝင်းမောင်ကို သိသူများပါတယ်။ ဆရာကြီးဟာ ပန်းတနော်မြို့နယ်ရဲ့ အရှေ့ခြမ်းမှာ တည်ရှိတဲ့ သမိုင်းရွာဇာတိ ဖြစ်ပါတယ်။ ဆရာကြီးရဲ့ဇာတိ ဖြစ်တဲ့ သမိုင်းရွာမှာ သက်ကြီးပိုင်းတွေလောက်သာ ကရင်စကားကို အနည်းအကျဉ်း ပြောတတ်ကြပါတယ်။ သက်လတ်ပိုင်းနဲ့ သက်ငယ်ပိုင်းတွေကတော့ ကရင်စကားကို မတတ်ကြတော့ပါဘူး။ ဒါကြောင့် ဆရာကြီးဟာ ငယ်စဉ်က ကရင်စကားကို မပြောတတ်ပါဘူး။

ပန်းတနော်မြို့နယ် ကရင်စာပေနှင့် ယဉ်ကျေးမှုကော်မတီရဲ့ အတွင်းရေးမှူးအဖြစ် စတင်တာဝန်ယူခဲ့တဲ့ အချိန်ကစပြီး ဆရာကြီးဟာ ကရင်စကားကို စတင် သင်ယူခဲ့ပါတယ်။ ဆရာကြီးရဲ့ အိမ်သူကလည်း ဇနီးကောင်း ပီသစွာ အစွမ်းကုန် ပံ့ပိုး ဖြည့်ပေးခဲ့ပါတယ်။ ဒီလိုနဲ့ပဲ ဆရာကြီးဟာ ကရင်စကားကို ကောင်းစွာ နားလည်လာခဲ့ပါတယ်။

ကရင်စကားကို ကရင်လူမျိုးတစ်ယောက်နဲ့ မခြား ပြောနိုင်ဆိုနိုင်တဲ့ နိုင်ငံခြားသား တရုတ်၊ ကုလားတွေကို တွေ့ဖူးကြပါလိမ့်မယ်။ သူတို့တစ်တွေဟာ မိမိတို့ လုပ်ငန်းရဲ့ လိုအပ်ချက်အရ ကရင်စကားကို ပြောနိုင်ဆိုနိုင်အောင် သင်ယူခဲ့ကြသူတွေ ဖြစ်ပါတယ်။ ကရင်အမျိုးသမီးတစ်ဦးနဲ့ အကြင်လင်မယားအဖြစ် ပေါင်းသင်းခဲ့ပေမယ့်လည်း ကရင်စကားကို တတ်မြောက်လိုစိတ် မရှိတဲ့အတွက် ကရင် စကားကို မပြောတတ်တဲ့သူတွေကိုလည်း မြင်တွေ့ရတတ်ပါတယ်။ ဒါကြောင့် ကရင်လူမျိုးတိုင်း ကရင်စကားကို တတ်မြောက်ဖို့ လိုအပ်တယ်လို့ မှန်ကန်စွာ သိနားလည်ခြင်းဟာလည်း ကရင်စကား မပျောက်ရေးအတွက် အဓိကကျတဲ့ အကြောင်းတစ်ရပ်ပဲ ဖြစ်ပါတယ်။

ကိုယ့်ဝမ်းနာ ကိုယ်သာသိ ဆိုသလို ကရင်အမျိုးသားထုအတွင်း နေ့စဉ်နဲ့အမျှ ပြောင်းလဲ ဖြစ်ပျက်နေတဲ့ ပကတိအခြေအနေမှန်ကို ကရင်အမျိုးသားများကိုယ်တိုင် အသိဆုံးပဲ ဖြစ်ပါတယ်။ ဒါကြောင့် ပညာရှင်များ မိန့်ဆိုခဲ့သလို လာမယ့် သက္ကရာဇ် ၂၀၅၀ ခုနှစ်မှာ ပျောက်ဆုံးသွားမယ့် ဘာသာစကား ထက်ဝက်ထဲမှာ ကရင်စကား မပါဝင်ရေးအတွက် တာဝန်သိတဲ့ ကရင်အမျိုးသားတိုင်းမှာ တာဝန်ရှိပါကြောင်း တင်ပြအပ်ပါတယ်။

စခင်မောင်စိုး (ပန်းတနော်)

■

**နိဒါန်း**

မြန်မာနိုင်ငံ ဒီမိုကရက်တိုဇေးရှင်း (Democratization) လုပ်ငန်း၏ တိုင်းရင်းသားလူမျိုးများအရေး ဆောင်ရွက်ချက်များနှင့် ပတ်သက်၍ သုတေသနပညာရှင်များ၊ အဖွဲ့အစည်းများနှင့် လူပုဂ္ဂိုလ်တချို့တို့၏ ရေးသားချက်များမှ ကောက်နုတ်စုစည်း တင်ပြလိုပါသည်။

# ဒီ မို က ရက် တိုင် ဇေး ရှင်း (Democratization) နှင့် တိုင်းရင်းသားလူမျိုးများအရေး

ဘိုးကရင်

၁။ အမေရိကန်အလွန်ကမ္ဘာ (The Post American World by Fareed Zakaria) မှ ကောက်နုတ်တင်ပြချက်

ရှုပ်ထွေးမှုတစ်ရပ်လည်း ရှိပါသေးသည်။ "အမှတ်အသားသရုပ်" (Identity) ကိစ္စနှင့် ၎င်းအပေါ် အခြေခံပေါ်ထွက်လာသော "လူမျိုးစု အမျိုးသားရေးဝါဒ" ဖြစ်ပါသည်။ အမှန်စင်စစ် အမျိုးသားနိုင်ငံဆိုသည်မှာ နှိုင်းယှဉ်ခြင်းအားဖြင့် သိပ်မကြာလှသေးသော ဖြစ်ထွန်းမှုသာ ဖြစ်ပါသည်။ လွန်ရောကျွံရော နှစ်ပေါင်း ၁၀၀ နီးပါးမျှသာ ရှိပါလိမ့်မည်။ အမျိုးသားနိုင်ငံများထက် ပို၍ရှေးကျပြီး ပို၍နက်ရှိုင်းစွာ၊ အမြစ်တွယ်လျက် ရှိသည်မှာ၊ ဘာသာရေး၊ လူမျိုးရေးနှင့် ဘာသာစကားဆိုင်ရာ စုဖွဲ့မှုများ ဖြစ်ပါသည်။ စီးပွားရေးအရ အပြန်အလှန် အမှီသဟဲ ပြုရမှုများ ပို၍စိပ်လာသည့် ယနေ့ခေတ် အထိပင် ဆိုခဲ့ပါ စုဖွဲ့မှုများမှာ ခိုင်မာအားကောင်းနေဆဲ ဖြစ်သည်။ ပြောရလျှင် ပို၍ပင် ခိုင်မာအားကောင်းလာနေသည်ဟု ဆိုနိုင်ပါလိမ့်မည်။

ယနေ့ အမျိုးသားလွန် အဖွဲ့အစည်းတစ်ရပ်အဖြစ် ကြိုးစားပုံဖော်နေသော ဥရောပတိုက်ကိုပဲ ကြည့်လိုက်ပါ။ ဘယ်(လ)ဂျီယန်တွင် ဖလင်းမင်းနှင့် ဖရန့်တို့ သီးခြားကွဲနေကြဆဲ ဖြစ်သည်။ ဗြိတိသျှ ဆိုလျှင်လည်း စကော့လူမျိုးများက နှစ်ပေါင်း ၃၀၀ ကျော် သက်တမ်းကြာခဲ့ပြီဖြစ်သော "ယူနီယံအက်ဥပဒေ" ကို ဖျက်သိမ်းဖို့ အဆိုပြုခဲ့သည့် အထင်ကရပါတီကို ရွေးကောက် တင်မြှောက်ထားကြသည်။ (ယူနီယံ အက်ဥပဒေမှာ အင်္ဂလန်၊ စကော့တလန်နှင့် ဝေလနယ်တို့ကို "ယူကေ" အဖြစ် ပေါင်းစုခဲ့သည့် ဥပဒေ ဖြစ်ပါသည်။)



အိန္ဒိယတွင်လည်း အမျိုးသားပါတီများက ဒေသပါတီများကို နေရာဖယ်ပေးနေ ကြရသည်။ ကင်ညာမှာ ဆိုလျှင် လူမျိုးစု ပဋိပက္ခများမှာ ပို၍ပို၍ အရေးကြီးလာနေသည့် ပြဿနာကြီး ဖြစ်လာရသည်။ ကမ္ဘာ့နေရာ အများစုတွင် ဆိုခဲ့ပါ အမြဲတေ အမှတ်အသား သရုပ်များမှာ အမျိုးသားနိုင်ငံများထက်ပင် ပို၍စွဲမြဲ ပို၍ နက်ရှိုင်းလျက် ရှိနေသည်ဟု ဆိုရပါလိမ့်မည်။ ထိုစုဖွဲ့မှုကသာ သတ်မှတ်ပြဋ္ဌာန်းထားသော ဘဝ၏ အခြင်းအရာ ဖြစ်မြဲဖြစ်လျက် ရှိနေပါသည်။

ယနေ့ တံခါးဖွင့်စီးပွားရေး အားကောင်းမောင်းသန်နေသည့် ကမ္ဘာကြီးတွင် ဆိုခဲ့ပါစုဖွဲ့မှုများ၏ အထက်တွင် ရှိနေသော ဗဟိုအစိုးရများ၏ အခန်းကဏ္ဍမှာ သိသိသာ လျော့နည်း လိုက်လာလျက် ရှိနေသည်။ ဤသို့သော တူညီချက်နှစ်ခု ပေါင်းစပ်လိုက်သောအခါ အမှတ်အသားသရုပ်နှင့် အခြေခံလူမျိုးစု အမျိုးသားရေးဝါဒမှာ ခိုင်မာစွဲမြဲလုပြီဟု ထင်ရသော သာမန် အမျိုးသားရေးဝါဒထက်ပင် ပို၍ အရှိန်အဟုန် ကြီးမားလာနေတော့သည်။ "ယနေ့ ကမ္ဘာ့ဇာတ်ခုံထက်တွင် ဘာတွေ ဖြစ်နေသနည်း" ဟု အမေးရှိခဲ့လျှင် နိုင်ငံအများ စီးပွားရေး ဖွံ့ဖြိုးတိုးတက်နေစဉ်အတွင်း ဒေသဆိုင်ရာ အမှတ်အသား သရုပ်များလည်း အားကောင်းမောင်းသန် ပေါ်ထွက်လျက် ရှိနေသည်ဟု အဖြေပေးရတော့မည် ဖြစ်ပါသည်။ အကျိုးဆက်မှာ ဖြေရှင်းဖို့ မလွယ်ကူသော နောက်ထပ် ရှုပ်ထွေးမှုတစ်ခုကို မျက်မှောက်ပြုလာရခြင်း ဖြစ်တော့သည်။

၂။ Twenty Five Years, Fifteen Findings, (Philippe C. Scharitter) မှ ကောက်နုတ်ချက်

ယနေ့ နိုင်ငံအများစု၏ စုဖွဲ့မှုမှာ လူမျိုးတစ်မျိုး နိုင်ငံတစ်ခုဆိုသော အနေအထားထက် "လူမျိုးစု များစွာ နိုင်ငံတစ်ခု အဖြစ်" စုဖွဲ့နေကြသည်က များသည်။ လူမျိုးစု ဘာသာစကားဆိုင်ရာ တင်းမာမှုများမှာ ကာလတစ်ခု ဆက်လက် တည်ရှိနေသေးသည့်တိုင် (လုံလောက်သောအချိန်သာရပါက) ဒီမိုကရက်တစ် ဘောင်အတွင်းမှပင် ငြိမ်းချမ်းစွာ အဖြေရှာနိုင်စရာ ရှိပါသည်။ ဤနေရာတွင် ပြဿနာ၏ သော့ချက်မှာ "အမျိုးသား အမှတ်အသားသရုပ်" (National Identity) ဖြစ်သည်။ အထူးသဖြင့် "အမျိုးသား" (National) ဆိုသည်ကို လွှမ်းမိုးနေသော လူမျိုးစုတစ်ခုဖြင့် ကိုယ်စားမပြုမိဖို့ ဖြစ်သည်။

"သင့်တင့်လျောက်ပတ်သော ကိုယ်ပိုင်အုပ်ချုပ်ရေး ကိုယ်စီဖြင့် တစ်ခုမကသော အမှတ်အသားသရုပ် အုပ်စုများ (Multiple Identity Group With Regonable Autonomy) ကို အကျယ်အပြန့် ကိုယ်စားပြုဖို့ ဖြစ်ပါသည်။

တစ်ဖက်မှ "လူများစုဖြင့် အနိုင်ကျင့်သည့်မျိုး" (Tyranny of Majority) မဖြစ်ဖို့ လိုသလို တစ်ဖက်မှ "လူနည်းစု ရယ်ဒီကယ်လစ်းကြောင်း" (Minority Radicalism) မဖြစ်ဖို့လည်း သတိထားရမည် ဖြစ်ပါသည်။ ဤကိစ္စမှာ အထူးနက်နဲ သိမ်မွေ့လှသည်ဖြစ်၍ အထူးအလေးထား ဖြေရှင်းဖို့ လိုလိမ့်မည်ဟု သဘောရပါသည်။

ဆယ်စုနှစ်များစွာနှင့် ချီပြီး သွေးမတိတ်သေးသည့်အနာ ဟု ဆိုနိုင်သည့် လူမျိုးစု ပဋိပက္ခများ

## ၃။ Is Burrma Democratizing ? (Rhomas Carothers) မှ ကောက်နုတ်ချက်

မြန်မာနိုင်ငံ၏ အပြောင်းအလဲတွင် အခက်ခဲဆုံး အပိုင်းသည် ဘာဖြစ်မည်နည်းဟု အမေးရှိပါက အခက်အခဲများမှာ အမှန်ပင် တင်းကြမ်းပြည့်နှက်ပြီး နက်နက်ရှိုင်းရှိုင်း အမြစ်တွယ်နေသော ဒီမိုကရေစီနှင့် မနီးလှသည့် စိတ်အခံများ၊ ယင်းအခြေအနေတွင် တပ်မတော်၏ ပြုပြင်ပြောင်းလဲရေး သံန္နိဋ္ဌာန်္ဌကိုပင် ဝိရောဓိသဘော ရှိနိုင်ပြီး အတိတ်က ခါးသီးသော အစဉ်အလာများ၊ စီးပွားရေးအရ ဆင်းရဲချို့တဲ့မှုများသာမက နိုင်ငံရေးအရ စိန်ခေါ်နေတဲ့ လူမျိုးစုပြဿနာများ၊ စသဖြင့် အမှန်ပင်များပြားလှပြီး ယင်း အခက်အခဲများအတွင်းမှ အန္တရာယ်အကြီးဆုံး ဖြစ်ဖွယ်ရှိနေသည့် ယနေ့ မျက်မှောက်ပြုနေရသော ပြဿနာနှစ်ရပ်မှာ -

(၁) နှစ်ပေါင်းငါးဆယ်ကြာ ကြမ်းတမ်းခက်ထန် ပရမ်းပတာနိုင်တဲ့ အာဏာပိုင်အုပ်ချုပ်ရေးမှ ဆုတ်ခွာရာတွင် ရင်ဆိုင်နေရသော နက်ရှိုင်းသည့် စိန်ခေါ်ချက်များနှင့်

(၂) ဆယ်စုနှစ်များစွာနှင့် ချီပြီး သွေးမတိတ် သေးသည့်အနာဟု ဆိုနိုင်သည့် လူမျိုးစု ပဋိပက္ခများတို့ ဖြစ်သည်။

ယင်းနှစ်ခုမှာ အပြန်အလှန် ဆက်စပ်နေသော အာဏာခွဲဝေရေး ပြဿနာ ဖြစ်ပါသည်။ ယနေ့ မြန်မာနိုင်ငံသည် ယင်းပြဿနာနှစ်ရပ်နှင့် တစ်ပြိုင်နက်တည်း နပန်းလုံး နေရပါသည်။ နိုင်ငံရေးစနစ်၏ ဗဟိုချက်မတွင် ရှိနေသည်မှာ ဒီမိုကရက်တိုင်ဇေးရှင်းဖြစ်ပြီး တိုင်းပြည်၏ အစိတ်အပိုင်း တော်တော်များများတွင် ရှိနေသည်မှာ ပိုမိုကြီးမားသော ဒေသဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်များ ဖြစ်သည်။ ယင်းနှစ်ခုကို တစ်ချိန်တည်း တစ်ပြိုင်တည်း ကိုင်တွယ်ဖြေရှင်းရာမှာ အလွန်ပင် ခက်ခဲပြီး အနီးကပ်ဆုံး ဥပမာ ပေးရပါက

"သွားရမည့်လမ်း တစ်ဖက်တစ်ချက်စီမှာ အသူရာ ချောက်ကမ်းပါးကြီးတွေ ရှိပြီး၊ ကျဉ်းရတဲ့အထဲ ပလက်ဖောင်းတွေက ခနော်နီခနော်နဲ့ ဖြစ်နေတဲ့တံတားအိုတံတားကျဉ်း၊ မောင်းရမည့် ကားထဲမှာက၊ ထိန်းမနိုင် သိမ်းမရအောင် ဒေါသမုန်ယိုရန်စောင်နေကြသော ခရီးသည်များ၊ ယင်းကဲ့သို့ ပွည့်ပွည့်မော်တော်ကားကြီးကို ဒီလောက် အခြေအနေဆိုးတဲ့ တံတားအို တံတား ကျဉ်းလေးမှာ ဖြတ်မောင်းရမယ့် အခြေအနေမျိုး" ဖြစ်ပါသည်။

တစ်ဖက်တစ်ချက်စီမှာ
အသူရာ ချောက်ကမ်းပါးကြီးတွေ ရှိပြီး၊
ကျဉ်းရတဲ့အထဲ ပလက်ဖောင်းတွေက
ခနော်နီခနော်နဲ့ ဖြစ်နေတဲ့ တံတားအို
တံတားကျဉ်း၊
မောင်းရမည့် ကားထဲမှာ

ယင်းခရီးမှာ မဖြစ်နိုင်သည်တော့ မဟုတ်ပါ၊ ကောင်းမွန်စွာ ကိုင်တွယ်နိုင်မည် ဆိုပါက ယင်း ပြဿနာနှစ်ရပ်မှာ တစ်ခုနှင့်တစ်ခု၊ အပြန်အလှန် ကျေးဇူးပြုနိုင်မည့် ဖြည့်ဘက်သဘော ဖြစ်နိုင်ပါသည်။ ၁၉၉၀ ပြည့်လွန်နှစ်တွေအတွင်း အင်ဒိုနီးရှားနိုင်ငံ အာဏာပိုင် အုပ်ချုပ်ရေးက ရုတ်တရက် ဆုတ်ခွာလာသည့်အခါ ပြည်နယ်တချို့၏ ကိုယ်ပိုင်အုပ်ချုပ်ရေး တောင်းဆိုမှုတွေနဲ့ ရင်ဆိုင်လာရသောကြောင့် ဒီမိုကရက်တိုင်ဇေးရှင်းကို ကိုင်တွယ်နိုင်ပါ့မလားဟု စိုးရိမ်ပကင်း ဖြစ်ခဲ့ကြသေးသည်။ ထိုစဉ်က အင်ဒိုနီးရှား ရင်ဆိုင်ခဲ့ရသော ပြည်တွင်း ပြဿနာများမှာ ယနေ့ မြန်မာပြည်ထက် အများကြီး ပိုဆိုးပါသည်။ အင်ဒိုနီးရှားတွင် နယ်မြေခွဲထွက်ရေး ပြဿနာများ ရှိခဲ့သော်လည်း ယနေ့ မြန်မာတိုင်းရင်းသားလူမျိုးစုများ၏ တောင်းဆိုချက်မှာ အကန့်အသတ် ရှိပါသည်။ (ဘယ်လူမျိုးစု ဘယ်ဒေသကမှ ခွဲထွက်ဖို့ မပြောကြတော့ပါ) ထိုမျှလောက် အခက်အခဲကြီးတာတောင်မှ၊ အင်ဒိုနီးရှားက အောင်အောင်မြင်မြင် ဖောက်ထွက် နိုင်ခဲ့ပါသည်။

မြန်မာနိုင်ငံ အနာဂတ်နဲ့ ပတ်သက်လို့ မျှော်လင့်စရာအကြောင်းကော ရှိပါသလားဟု အမေးရှိပါက

မြန်မာ့ ဒီမိုကရက်တိုင်ဇေးရှင်းမှာ စိန်ခေါ်ချက်တွေ အများကြီး ဆိုသော်လည်း လုံးဝ မအောင်မြင်နိုင်တာ တော့လည်း မဟုတ်ပါ၊ ရွေးကောက်ပွဲများ မကျင်းပနိုင်မီကတည်းက တစ်မျိုးသားလုံး၏ ထောက်ခံမှုကို ရနေပြီးဖြစ်သော အားကောင်းသည့် ဒီမိုကရေစီ အတိုက်အခံလှုပ်ရှားမှုတစ်ခု ရှိပါသည်။ ဤသည်မှာ အနာဂတ်အတွက် မျှော်လင့်စရာ ဖြစ်သည်။ နိုင်ငံရေး လမ်းပွင့်မှုထဲသို့ ဝင်လာကာစ နိုင်ငံများကို ကြည့်လိုက်လျှင် ထိုကဲ့သို့ မျှော်လင့်စရာ အားသာချက်မျိုးရှိသည့် နိုင်ငံဟူ၍ မရှိသလောက် ရှားပါသည်။

ထို့အပြင် လက်ရှိအာဏာရ အသိုင်းအဝိုင်းထဲမှ ပြုပြင်ပြောင်းလဲရေး ဝါဒီများကို ကြည့်လိုက်လျှင် ယုံကြည်နိုင်လောက်သော ပုဂ္ဂိုလ်တွေ ရှိတန်သလောက် ရှိနေသည်။ သမ္မတဦးသိန်းစိန် တစ်ယောက်တည်းတော့ မဟုတ်ပါ။ ထိုအချက်မှာလည်း နောက်ထပ် မျှော်လင့်စရာတစ်ခု ဖြစ်သည်။ မြန်မာ့ အိမ်နီးချင်း နိုင်ငံတချို့ကတော့၊ ဒီမိုကရက် တိုင်ဇေးရှင်းဖြစ်စဉ် အတွက် မိတ်ဆွေဖြစ်ချင်မှ ဖြစ်ပေလိမ့်မည်။ သို့သော် အမေရိကန် ပြည်ထောင်စု၊ ဥရောပနှင့် အရှေ့ ဒီမိုကရေစီ နိုင်ငံများကဲ့သို့ ကျယ်ပြန့်ပြီး အရေးလည်းကြီးသော နိုင်ငံတကာ အင်အားစုများက မြန်မာနိုင်ငံကို ကူညီဖို့ အဆင်သင့် ရှိနေကြပါသည်။ ထိုအချက်များမှာ အနာဂတ်အတွက် မျှော်လင့်စရာ အကြောင်းများဟု ပြောရပါသည်။

# ပေါင်မုန့်ထက် ဂုဏ်သိက္ခာကို အရင်ပေးပါ

၄။ နယူးယော့တိုင်း(မ်) ဂျာနယ်လစ်သောမတ်အယ်(လ်) ဖရီးမင်း၏ "တရုတ်ပြည်သူ့ သမ္မတနိုင်ငံ သမ္မတကြီး ဟူကျင်တောင်" သို့ လိပ်မူပြီး တရင်းတနှီးရေးလိုက်သည့် အကြံပြုစာမှ ကောက်နုတ်ချက်

"ရုရှားသမိုင်းဆရာ လီယွန်အာရွန် မှတ်ချက်ပြုသလို အာရပ်အုံကြွမှုနဲ့ ရုရှားရဲ့ ၁၉၉၁ ဒီမိုကရက်တစ်တော်လှန်ရေးတို့မှာ သော့ချက်ကျတဲ့ တူညီချက်တစ်ခု ရှိပါတယ်။ ဒီ အရေးအခင်းကြီး နှစ်ခုလုံးဟာ လွတ်လပ်မှုသက်သက်နဲ့တင် ဆိုင်တာမဟုတ်ဘူး။ ရိက္ခာကိစ္စ သက်သက်လည်း မဟုတ်ဘူး၊ ပြောကြစတမ်းဆိုရင် "ဂုဏ်သိက္ခာ" ကိစ္စပါ။ ကိုယ့်ကြမ္မာကိုယ် ဖန်တီးလိုတဲ့ နိုင်ငံသားတစ်ယောက်လို အလေးထား ဆက်ဆံခံလိုတဲ့ လူထုရဲ့ နက်ရှိုင်းတဲ့ ဆန္ဒတွေက ထွက်ပေါ်လာတာ ဖြစ်တယ်၊ နိုင်ငံသား အခွင့်အရေးတို့ နိုင်ငံသား တာဝန်တို့ဆိုတာ လူတစ်စုက စိတ်ထင်သလို ပေးချင်တိုင်းပေး ယူချင်တိုင်း ယူလို့ မရတာကလား"

"တော်လှန်ရေးတွေကို ဘယ်အရာက ဆောင်ကျဉ်းပေးလိုက်တာပါလဲ၊ ဂျီဒီပီ အတက်အကျ မဟုတ်တာ သေချာတယ်" လို့ အာရွန်က ပြောပါတယ်၊ "ဂုဏ်သိက္ခာ ရာပုံတော်လို့" သူကပဲ အဖြေပေးတယ်။ ကျွန်တော်တို့ တစ်တွေကတော့ လူတွေရဲ့ ဂျီဒီပီ ရာပုံတော်ကို ပုံကြီးချဲ့လေ့ ရှိတတ်ကြတယ်။ "ဂုဏ်သိက္ခာ ရာပုံတော်ကိုတော့" လျှော့တွက်ကြတာ များတယ်။

တူနီးရှား တော်လှန်ရေးရဲ့ ကြွေးကြော်သံကိုကြည့် "ပေါင်မုန့်ထက် ဂုဏ်သိက္ခာကို အရင်ပေးပါ" တဲ့၊ အာရွန်ရဲ့ အဆိုအရ ဆိုရင် ဖျူး(စ)ကြိုးကို မီးကူးစေတဲ့ မီးပွားတွေဟာ "ဂုဏ်သိက္ခာ ရာပုံတော်သာ" အမြဲဖြစ်လေ့ ရှိပါတယ်။ ဒီနေ့ခေတ် တကမ္ဘာလုံးလိုလိုကလည်း မီးလောင်ပြီဆိုရင် ငြိမ်းဖို့ ခက်လေသကိုး၊ ကျွန်တော်တို့တစ်တွေ အလေးထား စဉ်းစားကြည့်ရမယ့် ကိစ္စတွေလို့ မြင်ပါတယ် သမ္မတကြီးခင်ဗျား။

တရုတ်တွေ လူနေမှု မြင့်လာအောင် ဆောင်ကြဉ်းပေးနိုင်ခဲ့တဲ့အတွက် ကျွန်တော်တို့ ဂုဏ်ယူသင့်တာ မှန်ပါတယ်။ တရုတ်လူထု အများစုကလည်း ဒါကို တန်ဖိုးထားကြပါတယ်။ ဒါပေမဲ့ ဒါဟာ တစ်ခုတည်းသော လိုအပ်ချက်တော့ မဟုတ်ဘူးလေ၊ တစ်ချိန်ချိန်မှာ ဒီထက် အရေး

ကြီးတာတွေ ရှိကောင်းရှိလာ နိုင်သေးတယ်။ ကျွန်တော် ဘာ ပြောချင်တယ်ဆိုတာ သမ္မတကြီး ကောင်းကောင်းသိမှာပါ။



၅။ ဘယ်(လ်)ဂျီယံနိုင်ငံ ဘရပ်ဆဲ(လ) အခြေစိုက် (International Crisis Group) ၏ ၂၀၁၂ ခုနှစ် ဧပြီလ ၁၁ ရက် နေ့စွဲဖြင့် ထုတ်ပြန်ခဲ့သော လေ့လာသုံးသပ်ချက် စာတမ်းမှ ကောက်နုတ်ချက်

လူမျိုးစု ငြိမ်းချမ်းရေးပြဿနာနှင့် ပတ်သက်လျှင် သမ္မတ၏ ရပ်တည်ချက်မှာ လွတ်လပ်ရေးရပြီး နောက်ပိုင်း အခြား မည်သည့်ခေါင်းဆောင်များနှင့် မတူ ပိုမိုကျယ်ပြန့်သည့် သဘော ရှိသည်။ ဤကိစ္စနှင့် ပတ်သက်ပြီး သူ၏ မိန့်ခွန်းတွင် ယခုလို ဖော်ထုတ် ပြောကြားခဲ့သည်။

"ကျွန်တော်တို့ နိုင်ငံဟာ ပြည်ထောင်စုကြီး ဖြစ်တာနဲ့အညီ နိုင်ငံရေးလမ်းစဉ်မှာ တိုင်းရင်းသားတွေအားလုံး တန်းတူရည်တူ ပါဝင်ခွင့်ရဖို့ မဖြစ်မနေ ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ သာတူညီမျှ အခွင့်အရေးတွေကို အားလုံး မျှဝေရရှိပြီး တန်းတူရည်တူ ဖြစ်ပေါ်လာဖို့ဆိုတဲ့ တိုင်းရင်းသားတွေရဲ့ မျှော်မှန်းချက်ဟာ ကျွန်တော်တို့ အစိုးရရဲ့ လိုလားချက်လည်း ဖြစ်ပါတယ်။ ကျွန်တော်တို့ တိုင်းရင်းသားတွေ ခံစားနေကြရတဲ့ ခါးသီးတဲ့ဒဏ်ရာတွေ စူးနစ်တဲ့ အတွေ့အကြုံတွေ၊ ပျောက်ဆုံးနေတဲ့ အိပ်မက်တွေကို ဖြည့်ဆည်းပေးဖို့ ကျွန်တော်တို့မှာ တာဝန်ရှိပါတယ်။ ဒါဟာ ကျွန်တော်တို့ အားလုံးရဲ့ သမိုင်းပေးတာဝန်လည်း ဖြစ်ပါတယ်။ ဒီတာဝန်ဟာ ကျွန်တော်တို့အတွက် ခက်ခဲကြီးလေးတဲ့ တာဝန်ဆိုတာ ကျွန်တော်တို့ နားလည်ပါတယ်။ ပင်လုံစိတ်ဓာတ်ကို အခြေခံတဲ့ ယုံကြည်မှုနဲ့ ဒီတာဝန်ကို ကျွန်တော်တို့ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

သမ္မတ ရည်ညွှန်းပြောဆိုသည်မှာ လွတ်လပ်ရေး အကြိုကာလက ဗမာလူမျိုးစု အမျိုးသားခေါင်းဆောင်များနှင့် လက်မှတ်ရေးထိုးခဲ့ကြသော ပင်လုံစာချုပ် ဖြစ်သည်။ ဤစာချုပ်မှာ အရေးကြီးသည်။ လူမျိုးစု ခေါင်းဆောင် တော်တော်များများ၏ အမြင်တွင် ၁၉၄၇ စာချုပ်ပါ "မျှဝေလက်ခံထားသော ကံကြမ္မာနှင့် တူညီသောအခွင့်အရေးဆိုသည့် ပင်လုံစိတ်ဓာတ်" မှာ နောက်ပိုင်း ဆယ်စုနှစ်များအတွင်း ပျောက်ဆုံးပျက်ပြယ် သွားခဲ့ရသည်။ လွတ်လပ်ရေးရပြီး နောက်ပိုင်း ခေါင်းဆောင်များမှာလည်း ပဒေသာစုံမှုအပေါ် တန်ဖိုးထား လေးစားလာစေရန် အားပေးမြှင့်တင်ဖို့ထက် "တစ်ခုတည်းသော အမျိုးသား အမှတ်အသားသရုပ်" ချမှတ်နိုင်ရေးကိုသာ အလေးကဲခဲ့ကြသည်။

သမ္မတက အစိုးရ ရပ်တည်ချက်ကို ယခုလို ဖွင့်ဆိုသည်။


"ကျွန်တော်တို့ နိုင်ငံဟာ တိုင်းရင်းသားလူမျိုး ပေါင်းစုံတစ်ရာကျော် မှီတင်းနေထိုင်ကြတဲ့ ပြည်ထောင်စုကြီးပါ။ ဒါကြောင့်မို့ တန်းတူညီမျှရေးနဲ့အညီ ပဒေသာစုံမှု ကြွန်အင်လက္ခဏာတွေကို ဂုဏ်ယူဝင့်ကြွားစွာ မြှင့်တင်ပေးရမှာ ဖြစ်ပါတယ်။

သမ္မတ၏ အထက်ပါမိန့်ခွန်းမှာ ခေတ်အဆက်ဆက်ခေါင်းဆောင်များ၏ ရပ်တည်ချက်နှင့် ကွဲပြားခြားနားသော ချဉ်းကပ်မှုကို ကိုယ်စားပြုပါသည်။

ဒီမိုကရက်တိုင်ဇေးရှင်း (Democratization) နှင့် တိုင်းရင်းသားအရေးကို ဆောင်ရွက်ရာတွင် အဖွဲ့အစည်းလူပုဂ္ဂိုလ် တချို့တို့၏ သုံးသပ်ရေးသားချက်များအား စုစည်းတင်ပြထားချက်အပြင် အထောက်အကူပြုရန် ဒုတိယ ဗိုလ်မှူးကြီးလှမင်း၊ စစ်မဟာဗျူဟာ လေ့လာရေးရုံး ကာကွယ်ရေးဝန်ကြီးဌာန၏ မြန်မာနိုင်ငံ၏ နိုင်ငံရေး အခြေအနေနှင့် ဒေသတွင်း မြန်မာနိုင်ငံ အခန်းကဏ္ဍစာအုပ်မှ ကောက်နုတ်ချက်ကို ပူးတွဲတင်ပြလိုပါသည်။

## ပူးတွဲ (၁)

(က) အိမ်နီးချင်းနိုင်ငံများနှင့် ဆက်စပ်နေသော ပြည်ထောင်စုမြန်မာနိုင်ငံ နယ်နိမိတ်အတိုင်းအတာပြ မြေပုံ



(ခ) ကုန်းမြေနယ်နိမိတ်နှင့် ပင်လယ်ကမ်းရိုးတန်းတို့၏ အတိုင်းအတာ


| | | | |
|---|---|---|---|
| ၁ | တရုတ် | ၂၁၉၂ ကီလို | (၁၃၆၂ - မိုင်) |
| ၂ | လာအို | ၂၂၄ ကီလို | (၁၃၉ - မိုင်) |
| ၃ | ထိုင်း | ၂၀၉၆ ကီလို | (၁၃၀၂ - မိုင်) |
| ၄ | အိန္ဒိယ | ၁၃၃၁ ကီလို | (၈၂၇ - မိုင်) |
| ၅ | ဘင်္ဂလားဒေ့(ရှ်) | ၂၅၆ ကီလို | (၁၅၇ - မိုင်) |
| ၆ | ပင်လယ်ကမ်းရိုးတန်း | ၂၂၇၆ ကီလို | (၁၄၁၄ - မိုင်) |

## ပူးတွဲ (၂)

(က) လူဦးရေ (၂၀၀၀ ပြည့်နှစ်ခန့်မှန်း) ၄၈.၇ သန်း
စုစုပေါင်းဧရိယာ = ၂၆၁၂၂၈ - စတုရန်းမိုင်

**အဓိကလူမျိုးစုများ၏ဦးရေ**

| | | |
|---|---|---|
| ၁ | ကချင် | ၆၉၃,၁၂၆ |
| ၂ | ကယား | ၂၁၆,၄၂၉ |
| ၃ | ကရင် | ၃,၀၃၆,၈၉၆ |
| ၄ | ချင်း | ၉၉၄,၆၇၁ |
| ၅ | မွန် | ၁,၂၇၃,၀၂၃ |
| ၆ | ဗမာ | ၃၂,၆၀၂,၆၂၇ |
| ၇ | ရခိုင် | ၂,၀၃၃,၀၉၉ |
| ၈ | ရှမ်း | ၅,၀၉၂,၆၈၂ |
| ၉ | အခြား | ၂,၇၆၀,၉၃၉ |
| | | |
| | စုစုပေါင်း | ၄၈,၇၀၃,၄၉၁ |



(ခ) ပြည်နယ်နှင့်တိုင်း တစ်ခုစီအလိုက် လူဦးရေစုစုပေါင်းနှင့် ဧရိယာ အကျယ်အဝန်း

| | | | | |
|---|---|---|---|---|
| ၁ | မန္တလေးတိုင်း | ၇,၀၂၁,၈၆၆ | ၁၄,၂၉၅ | စတုရန်းမိုင် |
| ၂ | စစ်ကိုင်းတိုင်း | ၅,၃၈၆,၇၂၉ | ၃၆,၅၃၄ | စတုရန်းမိုင် |
| ၃ | ပဲခူးတိုင်း | ၄,၉၇၁,၉၇၃ | ၁၅,၂၁၄ | စတုရန်းမိုင် |
| ၄ | ရန်ကုန်တိုင်း | ၅,၅၅၆,၂၂၃ | ၃,၉၂၇ | စတုရန်းမိုင် |
| ၅ | ဧရာဝတီတိုင်း | ၆,၆၆၈,၉၄၇ | ၁၃,၅၆၇ | စတုရန်းမိုင် |
| ၆ | တနင်္သာရီတိုင်း | ၁,၃၂၄,၁၂၇ | ၁၆,၇၃၆ | စတုရန်းမိုင် |
| ၇ | မကွေးတိုင်း | ၄,၄၈၃,၉၂၄ | ၁၇,၃၀၅ | စတုရန်းမိုင် |
| ၈ | ကချင်ပြည်နယ် | ၁,၂၅၄,၃၈၁ | ၃၄,၃၇၉ | စတုရန်းမိုင် |
| ၉ | ရှမ်းပြည်နယ် | ၄,၇၅၁,၇၇၃ | ၆၀,၁၅၅ | စတုရန်းမိုင် |
| ၁၀ | ချင်းပြည်နယ် | ၄၆၅,၅၃၉ | ၁၃,၉၀၇ | စတုရန်းမိုင် |
| ၁၁ | ကယားပြည်နယ် | ၂၆၁,၄၇၄ | ၄,၅၃၀ | စတုရန်းမိုင် |
| ၁၂ | ရခိုင်ပြည်နယ် | ၂,၇၁၁,၄၄၈ | ၁၄,၂၀၀ | စတုရန်းမိုင် |
| ၁၃ | မွန်ပြည်နယ် | ၂,၄၂၉,၈၆၁ | ၄,၇၄၈ | စတုရန်းမိုင် |
| ၁၄ | ကရင်ပြည်နယ် | ၁,၄၁၅,၂၂၆ | ၁၁,၇၃၁ | စတုရန်းမိုင် |
| | စုစုပေါင်းလူဦးရေ | ၄၈,၇၀၃,၄၉၁ | ၂၆၁,၂၂၈ | စတုရန်းမိုင် |

**နိဂုံး**

ဒီမိုကရက်တိုင်ဇေးရှင်း (Democratization) နှင့် တိုင်းရင်းသားအရေး ဆောင်ရွက်ရာတွင် ပူးတွဲပါများအရ-

◆ ပြည်နယ် ၇ ခု၏ ဧရိယာစတုရန်းမိုင်မှာ တိုင်း ၇ တိုင်း၏ ဧရိယာ စတုရန်းမိုင်ထက် ပိုကျယ်ဝန်းနေမှု၊

◆ ကုန်းမြေ နယ်နိမိတ်နှင့် ပင်လယ်ကမ်းရိုးတန်း နယ်နိမိတ်တို့မှာ ပြည်နယ်များတွင် အတိုင်းအတာ ပိုမိုကျယ်ဝန်းနေမှုနှင့်

◆ တိုင်းရင်းသား လူမျိုးစုကြီးများ ပျံ့နှံ့နေထိုင်မှုတွင် ကရင်အမျိုးသားများ၏ ပျံ့နှံ့နေထိုင်မှုမှာ ကရင်ပြည်နယ် ပြင်ပ (ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ် ၄ ပြည်နယ်) ဦးရေမှာ ၃၄၄,၂၂၈ ဖြစ်ပြီး မန္တလေးတိုင်း၊ စစ်ကိုင်းတိုင်း၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်းနှင့် တနင်္သာရီတိုင်း၊ တိုင်း ၆ တိုင်းရှိ ဦးရေမှာ ၁,၉၆၆,၆၅၆ ဖြစ်ပါသည်။ ကရင်ပြည်နယ်ပြင်ပရှိ ပြည်နယ် ၄ ခုနှင့် တိုင်း ၆ တိုင်းရှိ ကရင်အမျိုးသား ဦးရေမှာ ၂,၂၁၀,၈၈၄ ဖြစ်ပါသည်။ ဧရာဝတီတိုင်း ၁ ခုတည်း အတွင်းရှိ ကရင်အမျိုးသားဦးရေမှာ ကရင်ပြည်နယ်အတွင်းရှိ ကရင်အမျိုးသားဦးရေထက် ၂ ဆခန့် ပိုများနေသည်ကိုလည်း တွေ့ရှိရပါသည်။

**အထက်ပါ ပူးတွဲတင်ပြချက်များသည် မြန်မာနိုင်ငံ၏ ဒီမိုကရက်တိုင်ဇေးရှင်း (Democratization) လုပ်ငန်း ဆောင်ရွက်ရာတွင် ထည့်သွင်းစဉ်းစားရန် လိုအပ်မည်ဟု သဘောရပါသည်။**

**ဘိုးကရင်**



# တစ်ခေတ် တစ်ခါက ကရင်ရှေ့နေများ

စကျော်မျိုးအောင်

ကျွန်တော် ခုဆောင်းပါးကို ရေးဖို့စီစဉ်ခဲ့တာ မနှစ်က "မထင်မရှား ဥပဒေသမား (သို့) ရှင်ရွှေဝံ" ဆောင်းပါးကို ရေးပြီးကတည်းကပါ။ လူမသိ သူမသိ အမေ့လျော့ခံ ဖြစ်နေတဲ့ ... "မနုဓမ္မသတ်" ကို ကရင်မှု ပြုခဲ့တဲ့ ဒူဝေရှီးရာကို တည်ထောင်ခဲ့တဲ့ ကရင်ရဟန်းတော် ရှင်ရွှေဝံရဲ့ အကြောင်း ရေးသားပြီးတဲ့နောက် စစ်ကြိုခေတ်မှာ ဝတ်လုံတော်ရမင်းဆိုတဲ့ ရှေ့နေ ဘွဲ့ရခဲ့တဲ့ ကရင်ပုဂ္ဂိုလ်ကျော်တွေအကြောင်း ဆက်ရေးရင် ကောင်းမှာပဲလို့ အာသီသ ရှိခဲ့ပါတယ်။

အဲဒီအချိန်မှာ ပြဿနာတစ်ခုနဲ့ ကြုံလာရပါတယ်။ ကျွန်တော်နဲ့ အလွန်ရင်းနှီးတဲ့ သူတစ်ဦးက ကျွန်တော့်ရဲ့ ဆောင်းပါးခေါင်းစဉ်ကို `မထင်မရှား ဥပဒေသမား' လို့ ပေးရကောင်းလားဆိုပြီး မကျေမချမ်းနဲ့ ကျွန်တော့်ကို ဝေဖန်ပါတယ်။ အင်းဝခေတ်မှာ ထွန်းပေါက်ခဲ့တဲ့ ကရင်ရဟန်းတော်တွေထဲက တစ်ဦး အပါအဝင်ဖြစ်သူ၊ ဒူဝေဘာသာ ရိုးရာကိုတောင် တည်ထောင်ခဲ့သူ၊ `မနုဓမ္မသတ်' ကို ကရင်ဘာသာ ပြန်ခဲ့သူကို `မထင်မရှား' ဆိုတဲ့ စကားလုံးသုံးတာ နိမ့်ချရာရောက်ကြောင်း၊ တစ်ခြား ဂုဏ်ပုဒ်တပ်စရာ မရှိရင်တောင် ဒီစကားလုံးကို မသုံးသင့်ကြောင်း၊ ဇာတိပုည၊ ဂုဏ်မာနနဲ့ ကျွန်တော့်ကို အပြင်းအထန် နှိပ်ကွပ်ပါတော့တယ်။ သူ့ကို ကျွန်တော် ဖြေရှင်းချက် ပေးနိုင်ခဲ့ပေမယ့် အဲဒီကိစ္စကြီးက ကျွန်တော့်ကို ထမင်းလုံးတစ္ဆေ ခြောက်ပါတော့တယ်။ အနယ်နယ် အရပ်ရပ်က `ကရင့်ကြေးမုံ' ကို ဖတ်ရှုနေကြတဲ့ ကရင်တွေဟာ အများကြီးပါ။ အဲဒီ မြောက်များစွာသော `ကရင့်ကြေးမုံ' ပရိသတ်ကြီးကလည်း ကျွန်တော့်ကို ဝေဖန်ခဲ့တဲ့ပုဂ္ဂိုလ် မြင်သလို မြင်ကြရင် ဒီကိစ္စ မသေးဘူးလို့ တွက်မိပါတယ်။ ဒါကြောင့် အခုဆောင်းပါးမှာ ဒီကိစ္စကို စကားဦးတင်ပြီး ရှင်းပြရတာ ဖြစ်ပါတယ်။ ပထမဆုံး `မထင်မရှား' လို့ သုံးနှုန်းခဲ့တဲ့ စိတ်ရင်းသဘော အမှန်ဟာ အပြုသဘောသာ ဆောင်ကြောင်း ရှင်းလိုပါတယ်။ ရှင်ဓမ္မဝံလို ပုဂ္ဂိုလ်ကြီးကို နိမ့်ချလိုတဲ့ သဘောနဲ့ သုံးစွဲခဲ့ခြင်း လုံးဝမဟုတ်ခဲ့ပါ။ ဘာသာ၊ သာသနာပိုင်းဆိုင်ရာ ဆောင်ရွက်ချက်များကြောင့်သာ လူသိထင်ရှားခဲ့ပြီး ဥပဒေနယ်ပယ်ထဲက သူ့ရဲ့ အရေးပါလှတဲ့ ဆောင်ရွက်မှုက မှေးမှိန်နေခဲ့လို့ ဥပဒေနဲ့ ပတ်သက်တဲ့ သူ့ဆောင်ရွက်ချက်တွေကို လက်ရှိပစ္စက္ခ အခြေအနေမှာ လူတိုင်း မသိနိုင်လို့ မီးခဲပြာဖုံး ဖြစ်ခဲ့ရတဲ့ သူ့ဘဝရဲ့ တစ်စိတ် တစ်ဒေသလေးရဲ့ မထင်မရှားဖြစ်မှုကို ပေါ်လွင်ထင်ရှားစေဖို့ ဖော်ကျူးတဲ့ အသုံးအနှုန်းမျှသာ ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော် `မထင်မရှား' လို့ သုံးခဲ့တာဟာ ပကတိ အခြေအနေကို ထင်ဟပ်ရုံသာ ဖြစ်ပြီး နိမ့်ချလိုတဲ့သဘော မပါကြောင်း တင်ပြလိုပါတယ်။ ဒုတိယ အနေနဲ့ကတော့ ကျွန်တော် အရမ်းဝမ်းသာပါတယ်။ ကရင်အမျိုးသား ပုဂ္ဂိုလ်ကျော်တစ်ဦးကို ထိရင် နာတတ်ကြတာ၊ နိမ့်ချသယောင် ဖြစ်သွားတဲ့ စကားလုံး အသုံးအနှုန်းအပေါ် ဝေဖန်ထောက်ပြတာဟာ မျိုးချစ်စိတ် ရှိလို့ပါ။ ကျွန်တော် ရှေ့မှာ ရေးဖွဲ့ခဲ့သလိုပါပဲ။ ဒီဝေဖန်မှုလေးကို ကြားရတာ ကျွန်တော်အတွက် အနံ့ အရသာပါမက အာနိသင်ပါ ပြည့်စုံတဲ့ အားဆေးတစ်ခွက် သောက်ရသလို နှုတ်မြိန်ရုံသာမက အားဖြစ်ရလို့ ဝမ်းသာပါတယ်။

## ရှေ့နေဆိုသည်မှာ

ရှေ့နေဆိုတဲ့ စကားလုံးကို ရာဇဝတ်ကျင့်ထုံး ဥပဒေမှာ - `ရှေ့နေဆိုသော စကားရပ်ကို တရားရုံးတစ်ရုံးတွင် မှုခင်းကိစ္စ ဆောင်ရွက်ခြင်းနှင့် ပတ်သက်ပြီး ခေါ်ဝေါ် အသုံးပြုလျှင် တည်ဆဲဥပဒေတစ်ရပ်အရ အဆိုပါ တရားရုံးတွင် အမှုလိုက်ခွင့်ရသူကိုဆိုသည်' လို့ ဖော်ပြထားပါတယ်။

ရှေ့နေကို အင်္ဂလိပ်လို Advocate, Pleader, Lawyer စသဖြင့် အမျိုးမျိုး ခေါ်ဆိုကြပါတယ်။ Advocate ဆိုတဲ့ စကားဟာ Advocare ဆိုတဲ့ စကားက ဆင်းသက်လာပြီး တစ်စုံတစ်ယောက်ရဲ့ အကူအညီလိုတယ်လို့ အဓိပ္ပာယ်ရပါတယ်။ အမှုစစ်ဆေးရာမှာ အမှုသည်တစ်ယောက်ကို အကူအညီပေးဖို့ ခေါ်ယူခြင်းခံရသူကို ဆိုလိုရာရောက်ပါတယ်။

ရှေ့နေရဲ့အဓိပ္ပာယ်ကို အရိုးရှင်းဆုံးနဲ့ ပြည့်ပြည့်စုံစုံ ဖော်ပြရရင်တော့ မြန်မာအဘိဓာန်မှာ ပါတဲ့အတိုင်း "ရှေ့နေ = တရားရုံးတွင် ဥပဒေဆိုင်ရာ ကိစ္စတို့၌ ကူညီဆောင်ရွက်ပေးသူ" ပါပဲ။ ဟိုးတုန်းကတော့ ရှေ့နေကို ဝတ်လုံတော်ရလို့ ခေါ်ကြပါတယ်။ ဝတ်လုံတော်ရဆိုတာ ရှေ့နေလိုက်ခွင့်ကို အင်္ဂလန်နိုင်ငံမှ ရရှိသောသူလို့ မြန်မာအဘိဓာန်မှာ ဖော်ပြထားပါတယ်။ မြန်မာပြည် ကိုလိုနီဘဝက အင်္ဂလန်က ပေးသော ရှေ့နေဘွဲ့ကို ပေါက်မြောက်အောင်မြင်ခဲ့ကြတဲ့ ကရင် လူကျော်၊ လူတော်တွေ အများကြီး ပေါ်ထွန်းခဲ့ပါတယ်။ ဒီအထဲက တချို့ကို ကျွန်တော် မိတ်ဆက်ပေးပါမယ်။

## ဝတ်လုံတော်ရမင်း ဦးလူနီ

### (တစ်နိုင်ငံလုံး ပထမရရှေ့နေ)

ဝတ်လုံတော်ရမင်း ဦးလူနီဟာ အဖ ဦးအို၊ အမိ ဒေါ်ဖူး တို့ရဲ့သား ဖြစ်ပါတယ်။ အမျိုးသားရေးမှာ `ဒေါကလူ' အသင်းကို ထူထောင်ခဲ့သူ၊ `ဒေါကလူ' သတင်းစာကို ပုံနှိပ်သူ၊ အယ်ဒီတာအဖြစ် ထင်ရှားခဲ့ပါတယ်။ ဘာသာရေးမှာတော့ ရန်ကုန် ဟုန်းမစ်ရှင်ရဲ့ အထွေထွေ အတွင်းရေးမှူး၊ ဓမ္မသီချင်းများကို ကရင်ဘာသာပြန်ဆိုသူအဖြစ် လူသိများခဲ့ပါတယ်။ ဥပဒေနယ်ပယ်မှာသာမက  ကရင်အမျိုးသားများရဲ့ အလယ်မှာ ဝတ်လုံတော်ရမင်း ဦးလူနီနဲ့ ပတ်သက်ပြီး ဂုဏ်ယူရတဲ့ အချက်ကတော့ ရှေ့နေစာမေးပွဲမှာ တစ်နိုင်ငံလုံး ပထမ ရရှိပြီး p.c sen Gold Medal ကို ဆွတ်ခူးနိုင်ခဲ့တဲ့ အောင်မြင်မှုပါပဲ။ ဝတ်လုံတော်ရမင်း ဦးလူနီဟာ ကျော်ကြားတဲ့ ရှေ့နေတစ်ဦးဖြစ်ခဲ့ရုံမက ဝတ်လုံတော်ရမင်း အဲဘတ်လူနီ၊ ဝတ်လုံတော်ရမင်း ဆစ်ဒနီလူနီ တို့ကို မွေးထုတ်ပေးနိုင်ခဲ့ပါတယ်။ ဥပဒေပညာကို မိမိမျိုးဆက်ထဲ အောင်အောင်မြင်မြင် လက်ဆင့်ကမ်းပေးနိုင်သူလို့ ဆိုရမှာပါ။

**အင်္ဂလန်က ပေးတဲ့**
**ရှေ့နေဘွဲ့ကို**
**ပေါက်မြောက်အောင်မြင်ခဲ့ကြတဲ့**
**ကရင်လူကျော်လူတော်တွေ**
**အများကြီး**
**ပေါ်ထွန်းခဲ့ပါတယ်၊**

## ဝတ်လုံတော်ရမင်း စောပါဒွဲ

### (ကရင်ဖြစ်ရတာ ဂုဏ်ယူသူ)

ကျွန်တော်ဟာ အလုပ်သင်ရှေ့နေ ဘဝတုန်းကသာမက အထက်တန်းရှေ့နေ လိုင်စင်ရပြီးချိန်အထိ တရားခွင်ထဲမှာ ဂျူတီကုတ်နဲ့ ကရင်ပုဆိုးရောင်စုံကို မရိုးအောင် တွဲဖက်ဝတ်ဆင်ခဲ့ပါတယ်။ ကျွန်တော့်ရဲ့ ဒီဆင်ယင်ပုံကို စိတ်ကူးရမိတာက ဝတ်လုံတော်ရမင်း စောပါဒွဲကို အားကျမိရာက စခဲ့တာပါ။ ဝတ်လုံတော်ရမင်း စောပါဒွဲဟာ ကရင်စကားပြောရမှာ ဂုဏ်ယူသူ၊ ကရင်ဝတ်စုံ ဝတ်ရတာ ဂုဏ်ယူသူ၊ ကုန်ကုန်ပြောရရင် ကရင်ဖြစ်ရတာကို ဂုဏ်ယူနေသူတစ်ဦးလို့ ကျွန်တော်မြင်ပါတယ်။ ကျွန်တော် သာဓကပြပါမယ်။ ဝတ်လုံတော်ရ တစ်ဦးသာမက လွှတ်တော်အမတ်တစ်ဦးပါ ဖြစ်တဲ့ စောပါဒွဲဟာ လွှတ်တော်ထဲမှာ ကပြားအမတ်တွေက အင်္ဂလိပ်လို ပြော၊ ဗမာအမတ်တွေက ဗမာလို ပြောနေကြတာကို အကြောင်းပြုပြီး ကရင်လိုသာ ပြောခဲ့လို့ နောက်တစ်နေ့ထုတ် သတင်းစာထဲမှာ ဖော်ပြခံခဲ့ရပါတယ်။ မိခင်ဘာသာစကားကို အခွင့်အရေးရရင် ထပြီး အမောက်ထောင်ပြတတ်သလို ရိုးရာဝတ်စုံကိုလည်း ဂုဏ်ယူ ဝတ်ဆင်ရဲသူ တစ်ဦးပါ။ (၁၉၁၇) ခုနှစ်၊ ဩဂုတ်လ (၂၀) ရက်နေ့မှာ အိန္ဒိယနိုင်ငံ အတွင်းဝန် လော့ဒ်မွန်တေဂူ၊ ဘုရင်ခံချမ်း(စ)ဖို့ဒ်တို့နဲ့ တွေ့ဆုံဖို့ စောပါဒွဲ၊ ဒေါက်တာ စံစီဖိုး ဝတ်လုံတော်ရ စောဆစ်ဒနီလူနီတို့ ပါဝင်တဲ့ ကရင်ကိုယ်စားလှယ်တွေ သွားရောက်ခဲ့ပါတယ်။ အဲ့ဒီလို သွားရောက်ရာမှာ စောပါဒွဲက အောက်က ဘောင်းဘီရှည် ရှူးဖိနပ်နဲ့  အပေါ်က ကရင်သင်တိုင်းကို ဝတ်ပြီး ခေါင်းမှာ ကရင်ခေါင်းပေါင်း ပေါင်းခဲ့ပါတယ်။ ဒီနေ့ ကရင်လူငယ်တွေ ပွဲလမ်းသဘင်တွေမှာ ဝတ်နေကြတဲ့ ဝတ်စားပုံရဲ့ ရှေ့ပြေးပုံစံလို့ ဆိုလို့ရမှာပါ။

## ဝတ်လုံတော်ရမင်း စောဆစ်ဒနီလူနီ (ဘမျိုးဘိုးတူ)

ကရင်နှစ်သစ်ကူးနေ့ကို သဝဏ်လွှာ ပေးပို့ခဲ့တဲ့ ဝတ်လုံတော်ရမင်း နှစ်ဦးအနက်က တစ်ဦးဖြစ်တဲ့ စောဆစ်ဒနီလူနီဟာ တစ်နိုင်ငံလုံး ပထမရ ဝတ်လုံတော်ရမင်း လူနီရဲ့သားပါ။ မိခင်ကတော့ ဒေါ်အေး (ခ) ဒေါ်ကလယ်ရာဖြစ်ပြီး စောဆစ်ဒနီလူနီကို (၁၈၈၈) ခုနှစ် နိုဝင်ဘာ (၃) ရက် မှာ မွေးဖွား ခဲ့ပါတယ်။ဘမျိုးဘိုးတူ စောဆစ်ဒနီလူနီ ဟာ အင်္ဂလန်နိုင်ငံ Inner Temple မှာ Bar at Law ဘွဲ့ရရှိပြီး ဝတ်လုံတော်ရတစ်ဦး ဖြစ်လာခဲ့ပါတယ်။ ဒေါကလူအသင်းရဲ့ ဥက္ကဋ္ဌ (၉၁) ဌာန အုပ်ချုပ်ရေးမှာ အောက်လွှတ်တော်အမတ်၊ အောက်လွှတ်တော်ရဲ့ ဥက္ကဋ္ဌ စတဲ့ တာဝန်တွေကို ထမ်းဆောင်ခဲ့ပါတယ်။ ကရင်အမျိုးသားများအတွက် ကရင်နှစ်သစ်ကူးနေ့ ရရှိဖို့ S.S.K.B.M.S လို့ ခေါ်တဲ့ အမျိုးသားချင်း ထောက်ပံ့တဲ့ ကရင်နှစ်ခြင်း ခရစ်ယာန် အသင်း မှတ်ပုံတင်ရရှိရေးတို့ကို ဆောင်ရွက်ခဲ့ပါတယ်။





## ဝတ်လုံတော်ရမင်း စောပေသာ (လွတ်လပ်ရေးအတွက် ကြိုးပမ်းသူ)

ဝတ်လုံတော်ရမင်း စောပေသာကို (၁၉၀၄) ခုနှစ် မှာ ဘဲဂရက်ရွာမှာပဲ မွေးဖွားခဲ့ပြီး ဝတ်လုံတော်ရမင်း စောဘဦးနဲ့ ညီအစ်ကိုဝမ်းကွဲတွေ ဖြစ်ပါတယ်။ စောပေသာဟာ ရန်ကုန်မြို့မှာ BA အောင်မြင်ပြီးတော့ အင်္ဂလန်က ဝတ်လုံဘွဲ့ကို ဆက်လက်ရယူခဲ့ပါတယ်။ သူရဲ့ ထူးခြားချက်က ဥပဒေနယ်မှာ မကျင်လည်ဘဲ နိုင်ငံရေး လောကမှာ ကျော်ကြားခြင်းဖြစ်ပါတယ်။ နန်းရင်းဝန် ဒေါက်တာဘမော် လက်ထက်မှာတစ်ကြိမ်၊ နန်းရင်းဝန် ဦးစော လက်ထက်မှာတစ်ကြိမ် ဝန်ကြီး ဖြစ်ခဲ့တာလည်း ဝတ်လုံတော်ရမင်း စောပေသာ ပါပဲ။ အစိုးရအသိမှတ်ပြု ပထမဆုံး ကရင်နှစ်သစ်ကူးနေ့ကို သဝဏ်လွှာပေးပို့ခဲ့တဲ့ ကရင်ခေါင်းဆောင် ငါးဦး အနက်က ဝတ်လုံတော်ရ နှစ်ဦးဟာလည်း စောပေသာနဲ့ စောဆစ်ဒနီလူနီတို့ ပါပဲ။ ဝတ်လုံတော်ရမင်း စောပေသာရဲ့ မြန်မာနိုင်ငံ လွတ်လပ်ရေး ကြိုးပမ်းမှုသမိုင်းမှာ ပြောင်မြောက်တဲ့ ဆောင်ရွက်ချက်ကတော့ အင်္ဂလိပ်ကို တော်လှန်မယ့် ရဲဘော်သုံးကျိပ်ကို ဂျပန်မှာ စစ်ပညာသင်ကြားဖို့ စေလွှတ်ခဲ့တဲ့ `ဗမာ့ထွက်ရပ်ဂိုဏ်း' မှာ ပါဝင်ခဲ့ခြင်းပါပဲ။

# ဝတ်လုံတော်ရမင်း စောဘဦး
## (အသက်ငယ်ငယ် အဆိပ်ပြင်းပြင်း)

ဝတ်လုံတော်ရမင်း စောဘဦးကို (၁၉၀၅) ခုနှစ်မှာ ပုသိမ်မြို့ အရှေ့မြောက်ဘက်မှာရှိတဲ့ ဘဲဂရက် ရွာမှာ မွေးဖွားခဲ့ပြီး သူ့ဖခင်ဟာ လယ်ပိုင်ရှင် ဦးသာမြတ် ဖြစ်ပါတယ်။ ငယ်စဉ်က ပုသိမ်မြို့ တိုင်တစ်ရာ အထက်တန်းကျောင်း (ခေါ်) ကိုသာဖြူ ကျောင်းမှာ ပညာသင်ကြားခဲ့ပြီး (၁၀) တန်း အောင်မြင်ပြီး နောက်မှာတော့ မော်လမြိုင်မြို့ မစ္စတာ ဝက်ဘ် ဒက်စမွန် အင်္ဂလိပ်ကျောင်းမှာ ဆက်လက် ပညာသင်ကြားခဲ့ပါတယ်။ နောက်ဆုံးမှာ အင်္ဂလန်နိုင်ငံက (Bar at Law) ဘွဲ့ကို ရရှိခဲ့ပါသည်။ ဒ့ါအပြင် ဝန်ကြီးစောပေသာ၊ ဝန်ကြီးမန်းဘခိုင် တို့လိုပဲ ဝန်ကြီးရာထူးကိုလည်း ရရှိခဲ့သူပါ။ အမျိုးသားရေးဘက်မှာတော့ ဒေါက်တာအသင်းသစ်လို့ ဆိုနိုင်တဲ့ ကရင်အမျိုးသား ဗဟိုအသင်း (KCO) မှာ အမှုဆောင်တစ်ဦး အဖြစ် ပါဝင်ခဲ့ပါတယ်။ ဥပဒေရေးရာ နယ်ပယ်ထဲမှာတော့ အသက် (၃၀) ကျော် အရွယ်ထဲမှာပဲ ဝင်ရောက် အစွမ်းပြ နိုင်ခဲ့ပါတယ်။ ၁၉၃၈ ခုနှစ်မှာ ရှမ်းပြည်၊ သီပေါနယ်က စော်ဘွားမျိုးနွယ်တစ်ဦး လုပ်ကြံခံရမှုမှာ လုပ်ကြံသူအဖြစ် အစွပ်စွဲခံခဲ့ရတဲ့ စောသီဟဟာ ဝတ်လုံတော်ရမင်း စောဘဦးရဲ့ ကြိုးပမ်းမှုကြောင့် အမှုက ကွင်းလုံးကျွတ် လွတ်မြောက်ခဲ့ပါတယ်။ ဒါတွေကို ကြည့်ခြင်းအားဖြင့် စောဘဦးဟာ ဥပဒေပညာမှာ ခုခံရေးလမ်းကြောင်း (line of deffence) နဲ့ ပြန်လှန်စစ် မေးခြင်း (Cross Examination) ကို ပိုင်နိုင်တဲ့ ရှေ့နေတစ်ဦး ဖြစ်ကြောင်း သိသာပါသည်။ စောသီဟအမှုမှာ အနိုင်ရခဲ့တဲ့ ဝတ်လုံတော်ရမင်း စောဘဦးအကြောင်းကို အင်္ဂလိပ်ဘာသာနဲ့ ထုတ်ဝေတဲ့ ရန်ကုန်ဂေဇက် သတင်းစာမှာ ဖော်ပြပြီးတဲ့နောက် မြန်မာပြည်ရဲ့ ကျော်ကြားတဲ့ ရှေ့နေတစ်ဦး ဖြစ်လာခဲ့ပါတယ်။



## နိဂုံး

တစ်ခေတ်တစ်ခါက ဥပဒေနယ်ပယ်မှာ သာမက အမျိုးသားရေး နိုင်ငံရေးနယ်ပယ်များမှာပါ ထင်ရှားအောင်မြင်ခဲ့ကြတဲ့ ကရင်ရှေ့နေတချို့အကြောင်းကို ကျွန်တော် လက်လှမ်းမီသမျှ တင်ပြလိုက်ပါတယ်။ ကျွန်တော် လေ့လာလို့ မရနိုင်သေးတဲ့ ကရင်ရှေ့နေတွေအကြောင်း ကျန်ပါသေးတယ်။ အခြား လက်လှမ်းမီသူများက ဖော်ထုတ်ကြဖို့ တိုက်တွန်းပါတယ်။ ဗိုလ်မှူးကြီး (ငြိမ်း) စောထွန်းအောင်မြင့် (ယခု ရန်ကုန်တိုင်းဒေသကြီး ကရင်ရေးရာဝန်ကြီး) အနေနဲ့ ဖခင်ကြီး ဝတ်လုံတော်ရမင်း စောဘမောင် အကြောင်းကို ဖြစ်နိုင်ရင် ရေးပါဦးလို့ တိုက်တွန်းရင်း......။

စကျော်မျိုးအောင်(ဥပဒေ)

■



# လူရွှင်တော် ကိုက်ယယ် သို့မဟုတ် ကရင့်နဲ့ပညာရှင် မန်းထွန်းရွှေ (၁၉၄၇ – ၁၉၉၂)

ကျော်ထက်ခိုင် (ဖားစည်မြေ)

ကွယ်ပျောက်လုနီးပါး နဲ့ပညာရပ်နှင့် နဲ့ပညာရှင်တို့၏ အခြေအနေ၊ နဲ့ပညာ၏ ခက်ခဲနက်နဲမှု၊ နဲ့ပညာရှင် ရှားပါးမှုမှာ တစ်နှစ်ထက် တစ်နှစ် ဆိုသလို ကရင့်ကျေးရွာများတွင် ရင်ဆိုင်နေရလေသည်။ ဤစာစု၌ ဟာသပညာရှင်၊ နဲ့ပညာရှင် (၂) ထပ်ကွမ်း၊ ဂုဏ်ပြုထိုက်သူ အရှေ့ပိုးကရင် ဖလုံနဲ့ပညာရှင် (မန်းထွန်းရွှေ) လူရွှင်တော် (မာန်ကျစ်ကက်ယယ်) အကြောင်း မှတ်သားစံနမူနာပြုဖွယ် တင်ပြသွားပါမည်။

## နဲ့ပညာရှင် ကိုထွန်းရွှေ၏ ပုံရိပ်တစ်ကွက်

၁၉၇၀ ပြည်နှစ်များ၌ သံလွင်မြစ်အနောက်ခြမ်း ကရင်တို့ နေထိုင်ရာဖြစ်သော ရသေ့ပျို၊ နှစ်ခြား၊ ဖားကပ်၊ မြိုင်ကလေး၊ ပန်းကုန်း၊ ကော့ရင်း (ထက်/အောက်) တစ်ဝိုက်တွင် နဲ့ပညာရှင်များစွာ ပေါ်ထွန်းခဲ့လေသည်။ ကိုယ့်အရပ်နှင့်ကိုယ် နဲ့ပညာရှင်အသီးသီး ရှိခဲ့သော်လည်း ဆရာထွန်းရွှေလောက် လူသိမများလှပေ။ ထိုနာမည်ဖြင့် ဟာသလူရွှင်တော်အဖြစ် လူသိများလေသည်။ နဲ့ဆရာ ထွန်းရွှေသည် ဇွဲကပင်ကျော်လေး၏ ဖလုံပညာ့ရဲသို့ ဇာတ်အဖွဲ့တွင် နဲ့၊ ပလွေ၊ လူရွှင်တော်ဟူသော တာဝန်များကို (၁၉၇၆ မှ ၁၉၈၀) ပြည့်လွန်နှစ်များအထိ အခါသင့်သလို ပါဝင်ခဲ့သည်။

## ကိုရွှေထွန်း (ခ) မောင်ကျော်ကိုက်ယယ်၏ ကိုယ်ရေးအကျဉ်း

ငယ်မည် မောင်ရွှေ (ကရင်သံဝဲ၍ ထွန်းရွှေ ဖြစ်၏။) ကရင်ပြည်နယ်၊ ဘားအံမြို့နယ်၊ သံလွင်မြစ်အနောက်ဘက် ခြမ်း ရသေ့ပျံရွာတွင် ၁၃၀၉ ခု၊ တော်သလင်းလဆန်း (၉)ရက် (၂၃၊၈၊၁၉၄၇) စနေနေ့တွင် ဖွားမြင်သည်။ မိဘ များမှာ ဦးလိကူနှင့် ဒေါ်ထွန်းကြည် ဖြစ်၏။ ယခင်က ကရင့် ကျေးရွာများတွင် အရိုးကောက်ပွဲများတွင် ဩပွဲ ကျင်းပသည့် ဓလေ့ရှိသည်။ ကိုထွန်းရွှေသည် ဩပွဲ (ခလိုင်ကွေ) စကား အခြေအတင် (ထားခလိုင်) ဖွဲ့ပြောရာ၌ သူ့ကို အနိုင်ယူရန် ခဲယဉ်းကြောင်း ခေတ်ပြိုင် ဩပွဲထိုင်ဖူးသူတို့က ပြောစမှတ်ပြု ခဲ့ကြသည်။

အစ်ကိုအောင်ကြေးနှင့် ကိုထွန်းရွှေ ညီအစ်ကို နှစ်ယောက်သာ ရှိ၏။ နိုင်ငံသားစိစစ်ရေးကတ် ၃/ဘအန (နိုင်) ဝ၄၃ ၁၁၆၈၊ ကရင်၊ ဗုဒ္ဓ၊ အရပ် ၅ ပေ၊ ၃ လက်မ ဖြစ်သည်။ မူရင်း အလုပ်အကိုင်မှာ လယ်ယာ ဖြစ်ပါသည်။

ငယ်စဉ်က နွားနှစ်ကောင် ရှေ့တစ်ကောင်မောင်း နောက်တစ်ကောင်ဆွဲဖြင့် နေစဉ် မတော်တဆ ခြေချော်၍ အကြောဆစ် လွဲသည်။ ခြေတစ်ဖက်သိမ်သွားပြီး လမ်းလျှောက် လိုက်တိုင်း ထော့နင်းထော့နင်း ဖြစ်နေသည်။ သို့သော် ကို ထွန်းရွှေသည် သူဝါသနာပါသော အလုပ်ကို လုပ်ရလျှင် နောက်ဆုတ်ခြင်း မရှိ၊ ဇွဲကြီး၏။ အမျိုးသားရေးအတွက် အနစ် နာခံသူ ဖြစ်၏။ ငွဲကပင်ကျော်လေး ဇာတ်အဖွဲ့ ၌ အလွန် အားကိုးရသော လူရွှင်တော်၊ နှဲပညာရှင် ဖြစ်ခဲ့သည်။

ဘားအံမြို့နယ်၊ တရုတ်လု အလယ်တန်းကျောင်း တွင် (၇) တန်း အောင်သည်အထိ ပညာသင်ယူသည်။ ရသေ့ပျံနှင့် ပတ်ဝန်းကျင်ရွာများတွင် ကရင်ဒုံးအဖွဲ့များနှင့် အတူ လိုက်ပါပြီး နှဲမှုတ်ရသည်။ ဟာသ အလွန်ဖောက်တတ်၍ လူချစ်လူခင် ပေါသူ ဖြစ်သည်။

၁၉၆၉ ခုနှစ်တွင် ငွဲကပင်ကျော်လေး ဒုံးဆရာ ဖြစ်စဉ်ကပင် အတူလက်တွဲခဲ့သည်။ (၁၉၇၁-၁၉၇၆) ခုနှစ် နောက်ပိုင်း ဖလုံပညာ့ရဲသို့ အဖွဲ့၌ ဟာသလူရွှင်တော်အဖြစ် ပါဝင်ခဲ့ပြီး နော်သိန်းလားဆောင်နှင့် စောတကော်အွာတို့ကို အနုပညာရှင်အဖြစ် ကူညီလက်တွဲ ခေါ်ယူခဲ့သည်။

၁၉၈၁ ခုနှစ် မိုးရာသီအချိန် ဖလုံပညာ့ရဲသို့ ဇာတ်အဖွဲ့ ဇာတ်ခေါင်းကွဲစဉ် မြိုင်ကလေး ဘီလပ်မြေစက်ရုံ အမှတ် (၁) မီးသင်းဖို ဌာန၌ လခစားဝန်ထမ်း ဝင်ရောက် လုပ်ကိုင်ခဲ့သည်။

၁၉၈၉ ခုနှစ် နိုင်ငံတော်ငြိမ်ဝပ်ပိပြားရေး (နဝတ ခေတ်) လက်ထက်တွင် ဝန်ထမ်းဘဝမှ ထွက်သည်။ ယင်း နှစ်၌ ရသေ့ပျံကျေးရွာ ရ·ဝ·တ အဖွဲ့ အတွင်းရေးမှူးအဖြစ် တင်မြှောက်ခြင်း ခံခဲ့ရသည်။

(၂၈·၈·၁၉၉၂) ရ·ဝ·တ တာဝန် ထမ်းဆောင်စဉ် ရုတ်တရက် ကွယ်လွန်ခဲ့သည်။ ကိုထွန်းရွှေသည် ကွယ်လွန် ချိန်ထိ အိမ်ထောင်မပြုဘဲ လူပျိုကြီးအဖြစ်သာ နေထိုင်ခဲ့သည်။

## ကိုက်ယယ် (ခ) မန်းထွန်းရွှေ၏ အနုပညာဖြတ်သန်းမှု ပုံရိပ်များ

၁၉၇၁ ခုနှစ်၊ ဇူလိုင်လ (၃၀) ရက်နေ့တွင် ဘားအံမြို့နယ်၊ ဒုံရင်းအောက်ရေတံခွန်ရွာတွင် ဖလုံစာပေ သင်တန်းဆင်းပွဲအပြီး (ဒုံးအက သင်သူ) ဒုံးဆရာ ကျော်လေး အား ပြည်နယ်စာပေနှင့် ယဉ်ကျေးမှုကော်မတီက အရှေ့ပိုး ကရင် ကဇာတ်အဖွဲ့ကို စတင်ဦးဆောင်စေသည်။

စာပေယဉ်ကျေးမှုကော်မတီ၏ တာဝန်ပေးချက်အရ ပထမကရင့်မှု၊ ကရင့်ဟန်၊ ကရင့်ဘဝဓလေ့ကို ဖော်ကျူး သော (ကလိုးစေဝ် ကလိုးထွန့်)နှင့် ဖလုံပညာ့ရဲသို့ ကရင် အနုပညာကဇာတ် ဖြစ်ပေါ်လာခဲ့သည်။

> ငွဲကပင် ကျော်လေး၏ ဖလုံပညာ့ရဲသို့ ဇာတ်အဖွဲ့တွင် နှဲ၊ ပလွေ၊ လူရွှင်တော် ဟူသော တာဝန်များကို အခါသင့်သလို ပါဝင်ခဲ့သည်၊

ဖလုံပညာ့ရဲသို့၏ အဓိပ္ပာယ်မှာ ကရင်ရိုးရာဓလေ့ယဉ်ကျေးမှုများကို ကရင်ဘာသာဖြင့် သိမ်းဆည်းဖော်ထုတ်တင်ပြခြင်းဟု ဆိုသည်။ (တစ်နည်း) ကပြခြင်း စသည့်အလုပ်သည် လူချစ်လူခင်ပေါသဖြင့် ဝီယဆေးသဖွယ် ဖြစ်ခြင်းကို ရဲသို့ဟု ဆိုလိုပါသည်။

၁၉၆၉ ခုနှစ်မှ စ၍ ဇွဲကပင်ကျော်လေးနှင့် တွေ့ရှိခဲ့ပြီး ၁၉၇၁ မှ ၁၉၈၆ အထိ ဆရာကျော်လေး၏ ဖလုံပညာ့ရဲသို့ ကရင့်ဇာတ်တွင် နဲ့ဆရာ၊ လူရွှင်တော် (ကိုက်ယယ်) အဖြစ် ပါဝင်ခဲ့သည်။

- ဟုယ်ထိုင်နားရားလဖန့် (ငရဲပြည်မှ အပြန်လမ်း) အေဒါးလာ မိုဏီဘားသာ (လက်ကိုကြည့်ပြီး ရယ်ချင်သည်) အပါအဝင် ကရင့်ဇာတ်လမ်း ကတ်ဆက်ခွေ (၄) ခွေထက်မနည်း အသံသွင်းခဲ့သည်။

ဇွဲကပင်ကျော်လေးဇာတ်၌ အရပ်ဟာသ ပြဇာတ် "မာန်ကျစ်ကိုက်ယယ်ထောင်းသဝေါ့ (ကိုက်ယယ် နတ်ပြည် ရောက်ခြင်း) ကိုက်ယယ် ထွန်နားလျား" (ကိုက်ယယ် ငရဲပြည်ရောက်ခြင်း) တစ်ခန်းရပ်ပြဇာတ်တွင် အဓိကဇာတ်ကောင်အဖြစ် ပါဝင်ခဲ့ပြီး "ခလိုလောင်သာသို့ ယားနိုင်အွာ" (ပဝါဖြူ သက်သေ) (သစ္စာပန္နက်သက်သေ) ပထမဆုံး ကရင်ဗီဒီယိုဇာတ်ကား၌ ဇာတ်ရံအဖြစ် ပါဝင်သရုပ်ဆောင်ခဲ့သည်။ ကရင်ဗီဒီယို (၄) ကား သရုပ်ဆောင်ခဲ့ပြီး အရပ်ပွဲ၊ ပြည်နယ်ပွဲများအတွက် ရသေ့ပျံဒုံးအဖွဲ့၌ အဓိက ညွှန်ကြားသူ၊ အုပ်ချုပ်သူ နဲ့ဆရာအဖြစ် ပါဝင်ခဲ့သည်။

## နဲ့ပညာရှင် ရှားပါးမှု

၁၉၈၀-၁၉၉၀ နှစ်များတွင် နှစ်စဉ်ကျင်းပသော ကရင်ပြည်နယ်နေ့ ဒုံးအကပြိုင်ပွဲ၌ ဒုံးအဖွဲ့ပေါင်း (၁၀) ဖွဲ့ထက် မနည်းကို ဒိုင်ခံ နဲ့မှုတ်ပေးခဲ့သည်။ ထိုစဉ်ကပင် ကရင်ကျေးရွာများတွင် နဲ့ပညာရှင်များ ရှားပါးလာကြောင်း ညည်းညူကြသည်။

ယင်းကိစ္စနှင့် စပ်လျဉ်း၍ (၂၇၅၀)ခုနှစ်ထုတ် ကရင့်ကြေးမုံစာစောင်၌ ပန်းတနော်မြို့နယ်တွင် ကရင်နှစ်သစ်ကူးနေ့ ကျင်းပရာ ကရင်ဒုံးအဖွဲ့ ၃-၄ ဖွဲ့၌ နဲ့ဆရာ တစ်ဦးတည်း ဒိုင်ခံမှုတ်ပေးရကြောင်း ပါရှိနေသည်၊

အနာဂတ်တွင် ကရင်နဲ့ပညာရှင်များ ဖော်ထုတ်ရန် လိုအပ်ကြောင်း၊ ရှိနေဆဲ နဲ့ပညာရှင်များလည်း အမွေ ဆက်ခံမည့် မျိုးဆက်သစ်များအား လက်ဆင့်ကမ်း မပေးနိုင်ပါက နဲ့ပညာအတွက် ခက်ခဲမှုပြဿနာတစ်ရပ် ဖြစ်လာတော့မည် ဖြစ်ကြောင်း၊ အထက်ပါပုံစံဖြင့် ဆက်သွားနေလျှင် အနာဂတ်တွင် ကရင် နဲ့ပညာရှင်မျိုးဆက် ပြတ်သွားနိုင်ကြောင်း ထောက်ပြသွားသည်ကို ဖတ်ရှုရပါသည်၊

## နဲ့ပညာ၏ နက်နဲပုံနှင့် နဲ့ပညာရှင်ဘဝ

နဲ့ပညာသည် ဒုံမင်း၊ ပတ္တလား၊ ပတ်ဝိုင်း၊ မောင်း စသည်တို့ကဲ့သို့ပင် အသံမှတ်တမ်း ဒို ရေ မီ ဖါ ရှိသလို (၄)ပေါက်သံ၊ (၆)ပေါက်သံ၊ (၇)သံချီ စသည်ဖြင့် ဖွဲ့စည်းထားပါသည်။ ယိုးဒယား၊ ပတ်ပျိုး၊ ဗုံကြီးသံ၊ ခြေဆင်း၊ သဖြန်၊ ဇာတ်သိမ်း စသည့် အခန်းကဏ္ဍတို့ကို အထောက်အကူပြုသည်။ နတ်ဆိုင်း၊ ဘီလူးဆိုင်း၊ မသာ (အသုဘ) တို့၌လည်း နဲ့ပညာ၏ ပံ့ပိုးမှုမှာ အရေးပါလှ၏။ ကရင်ဒုံးအဖွဲ့ တစ်ဖွဲ့ ဖွဲ့စည်းတော့မည်ဆိုလျှင် ဗုံတို၊ ဘင်၊ လင်ကွင်း၊ စည်းဝါးတီးသည့် ပညာရှင်များ မရှားလှ။ နဲ့ဆရာကို (၃-၄)ရွာ ပတ်၍ ရှာဖွေရသဖြင့် မိမိနယ်တွင် နဲ့ဆရာမရှိပါက လူမျိုးခြား နဲ့ဆရာကို ခက်ခက်ခဲခဲ တောင်းပန်ခေါ်ယူကြရ၏။

စာရေးသူ၏ ဖခင် (မန်းဘရှင်သည်ပင်) သည် ကရင်နဲ့ဆရာတစ်ဦး ဖြစ်ပါသည်။ ယခုအခါ အသက်ကြီး၍ နဲ့မမှုတ်နိုင်တော့ပြီ။ စာရေးသူပင် ဖခင်ထံမှ ထိုနဲ့ပညာအမွေကို မရခဲ့ပေ။ ဝါသနာမပါလို့လည်း ဖြစ်သည်။ ၁၉၇၀-၈၀ ဝန်းကျင် စာရေးသူတို့ သိမီလိုက်သော သံလွင်အနောက်ခြမ်း၌ နဲ့ဆရာများမှာ ဦးအောင်ဖေ (မွန္တလေးကုန်း)၊ ဦးအတိုင်း (ပဲကုန်း)၊ ဦးဖိုးကူး (ရသေ့ပျံ)နှင့် ဆရာကိုထွန်းရွှေ (ကိုက်ယယ်)တို့ ဖြစ်ကြသည်။ အခြားထင်ရှားသော နဲ့ပညာရှင်များ ရှိပါသေးသည်။ နာမည် မမှတ်မိတော့ပါ။ (လက်လှမ်းမမီ၍ မတင်ပြနိုင်သည်ကို သည်းခံခွင့်လွှတ်ပါရန်)။

တောကျေးလက်ရှိ နဲ့ဆရာများသည် ဝါသနာတစ်ပိုင်း စားဝတ်နေရေးတစ်ပိုင်းကြောင့် နဲ့ပညာကို လက်ဆင့်ကမ်း အမွေ မပေးနိုင်ခဲ့ပေ။ အလွန်ဝါသနာကြီးသူ တစ်ယောက် တစ်လေမျှသာ ရှိသွားတတ်ကြပေသည်။ နဲ့ဆရာများသည် လေကို အပြင်းအထန် အပြင်ဘက်သို့ မှုတ်ထုတ်ရခြင်းကြောင့် မျက်စိအာရုံကြောကို ထိခိုက်သည်။ နားပင်းတတ်သည်။ လိပ်ခေါင်းရောဂါ ရတတ်သည်။ နှာရှီပေါင်းများစွာ ထိုင် ရခြင်းကြောင့် အူကျရောဂါ ဖြစ်တတ်သည်။ နဲ့ဆရာ အတော် များများ မျက်စိတစ်ဖက်၊ နှစ်ဖက် ကွယ်တတ်သည်။

အနုပညာရှင် များစွာတို့တွင် နဲ့ပညာရှင်ကား အနစ်နာခံဆုံးဟု ဆိုရပေမည်။ ပင်ပန်းဆင်းရဲစွာ အသက် မွေး ဝမ်းကြောင်းပြုရင်း လိုအပ်သည့်အခါမှသာ လာရောက် ခေါ်ယူကြသည်။ အိုမင်းမစွမ်းသည့်အခါ ဘာမျှ ခံစားခွင့် မရ ကြပေ။ ငယ်စဉ်က လေမှုတ်ထုတ်သည့်ဒဏ်ကြောင့် အဆုတ်နှင့် ဝမ်းဗိုက်တွင် မကြာခဏ အသက်ရှူ ကြပ်ကာ အောင့်တတ်သည်။ ရင်ကြပ်ရောဂါ ခံစားရတတ်သည်။

ကိုထွန်းရွှေသည် (၁) မောင်ကျော်ကိုက်ယယ် သည် နဲ့၊ ပလွေအပြင် ခနာ (ဗျတ်စောင်း)၊ စောင်းကောက် မယ်ဒလင်တို့ကိုလည်း တီးစွမ်းနိုင်သည်။ ရုပ်ရည် မချော သော်လည်း ပြောင်မြောက်စွာ သရုပ်ဆောင်နိုင်သူ ဖြစ်သည်။ ဟာသပညာ၌လည်း သူမတူအောင် ပြက်လုံးထုတ်နိုင်ပြီး ကရင့်ဇာတ်ပွဲများ၌ (ကိုက်ယယ်) ထွက်လာလျှင် ဘာမှ ပြက်လုံး မထုတ်ရသေးခင်ပင် ပရိသတ် "ဝါး" ကနဲ ပွဲကျ တတ်သည်အထိ ဖြစ်ရသည်။

နဲ့ဆရာများသည်
ဝါသနာတစ်ပိုင်း
စားဝတ်နေရေး တစ်ပိုင်းကြောင့်
နဲ့ပညာကို လက်ဆင့်ကမ်း
အမွေမပေးနိုင်ခဲ့ပေ၊

### နဲ့ပြုလုပ်ပုံ

ဤစာစုနှင့်ဆက်စပ်၍ နဲ့ပြုလုပ်ပုံကို ဗဟုသုတ အဖြစ် အနည်းငယ်တင်ပြချင်ပါသည်။ နဲ့ကို အရှေ့ပိုးကရင် (ဇလုံ)တို့က ပေဝ်(ဝီ)ဟု ခေါ်သည်။ ဝါးလုံး၊ သစ်သား အတို အရှည်အလိုက် အပေါက်ငယ်များ ဖောက်၍ ပြုပြင် စီမံထားသော (ဝါးပလွေ) တစ်မျိုးကိုလည်း "ဝီဘာ"ဟု ခေါ်သေးသည်။


ဝီဘာ၏ အဓိပ္ပာယ်မှာ တစ်စုံတစ်ခုကို ရှိုးသကဲ့သို့ လက်နှစ်ဖက်စုံကာဝ် (ကိုင်) ၍ မှုတ်ရသော နဲ့ဟု ခေါ်၏။


နဲ့ကို (၁၅) လက်မခန့် သစ်သားကို အခေါင်းပေါက် ပြုလုပ်၍ အပေါ်ပိုင်း အပေါက်ငယ် (၇)ပေါက် အောက်ပိုင်း (ကုတ်)နေရာ၌ (၁)ပေါက် ဖောက်ထားသည်။ နဲ့ကိုယ်ထည် အပြင် နဲ့လျှာ ခေါ် (ပေဝ်ဇော့ဝ်) ဝီဇလီတစ်ခုလည်း ပါဝင် သည်။ နှုတ်ခမ်းတော့၍ မှုတ်ရသော နေရာတွင် တပ်ထား သော နဲ့ အစိတ်အပိုင်း တစ်ခုဖြစ်ပြီး နဲ့မှုတ်ပညာ တတ် သော်လည်း နဲ့လျှာ ပြုလုပ်စီရင်ပုံ အချိုးမကျလျှင် နဲ့သံ ကောင်းကောင်း မထွက်နိုင်ဘဲ မှုတ်လိုက်လျှင် ချာလပတ် ရမ်းသွားနိုင်သည်။ အသံ မတည်ငြိမ်နိုင်။

နဲ့၏အသံကို ဟိန်းထွက်စေနိုင်ရန် ထိပ်ဖျား၌ အော်လံကဲ့သို့ အရင်းရှုံး၍ အဖျားကားသော ဒန်၊ သတ္တု တစ်မျိုးကို ကြိုးဖြင့် ချည်နှောင်ထားရသည်။ အသံ ဖြာ ထွက်အား ကောင်းစေရန် အထောက်အကူ ပြုနိုင် သော ကိရိယာတစ်မျိုး ဖြစ်သည်။ နဲ့မှုတ်သူသည် နဲ့လျှာ ညှပ်ခြင်း၊ ခုတ်ခြင်း၊ စီမံခြင်း မကျွမ်းလျှင် နဲ့သံ ကောင်းကောင်း မထွက်၊ လိုအပ်သော အင်္ဂါရပ်နှင့် မပြည့်စုံနိုင်။ ထို့ကြောင့် နဲ့လျှာ ကောင်းကောင်း ကိုင်တတ်သူ နဲ့ပညာရှင်ထံ ချဉ်းကပ် ရသည်။ ပညာယူရသည်။ ကားမောင်းသူသည် ကားနှင့် ပတ်သက်သော အချက်အလက်များအားလုံး မသိနိုင်၊ ကားပြင်ရုံ ဝပ်ရှော့ဆိုင် အပ်ရသကဲ့သို့ နဲ့မှုတ်သူကလည်း နဲ့ပညာရပ် လျှို့ဝှက်ချက် အားလုံးကို မသိနိုင်။ ဝါရင့် နဲ့ပညာရှင်ထံ ချဉ်းကပ်ရသည်။ နဲ့လျှာခုတ်ပုံ၊ စီမံပုံကို လေ့လာထားရသည်။ နဲ့ပညာအရာ၌ ကိုယ့်ထက်သာသူ ထံ နည်းခံကြရသည်၊ နဲ့လျှာကို ကောင်းစွာစီရင်တတ်သူ ကိုလည်း ဆရာတင်ရသည်။

### နဲလျှာ ပြုလုပ်ပုံ အဆင့်ဆင့်

၁။ထန်းပင်ပျိုရွက်နုကို မန်ကျည်းရွက်ချဉ် (အခြားအချဉ်လည်းရ) ထည့်၍ နူးနေအောင် ပြုတ်ပါ။ (ထန်းပင်အိုရွက် မသုံးရပါ)။
၂။ပြီးလျှင် နေပူထဲ (၃–၄)ရက်ခန့် လှမ်းပါ။
၃။ထန်းရွက် အလယ်ရိုးကို လှီးထုတ်၍ အရွက်နခြောက် သက်သက်ကို လိပ်၍ အကွင်းလိုက် ကြိုးဖြင့်ချည်နှောင်ထားပါ။
၄။ ကြိပ်ခိုးစင်၌ အနည်းဆုံး (၅–၆)လခန့် ထားပါ။
၅။နဲလျှာဖြတ်ရာတွင် ထက်သောဓားငယ်၊ ကတ်ကြေး ပါရမည်၊ တစ်ဖက်သုံးလျှာ ညီမျှအောင် ညှပ်ရမည်၊
၆။ထက်အောက်သုံးလျှာ ညီမျှသောအခါ အလယ်တွင် ဟ နေသော ကြားပေါက်မှ အသံထွက်လာမည်။ နှစ်ဖက်လျှာကြား၌ အသံကို အတင်းအလျော့ မှန်အောင် ပြုလုပ်ပါ။ စမ်းမှတ်ပါ။
၇။နဲလျှာအရွယ်အစားမှာ ပါးစပ်နှင့် မှတ်၍ အဆင်ပြေအောင် လက်မထိပ်ပိုင်းထက် မကြီးသောအရွယ်၊ လက်သန်းထိပ်မျှ မငယ်လွန်းသောအရွယ် ခန့်မှန်း၍ ထားပါ။ နဲတံနှင့် အံကိုက် စီမံထားရမည်။
၈။သံ၊ သွပ်၊ ဝါး စသည့် ပိုက်ခေါင်းတစ်ခု (ပြောင်းငယ်)နှင့် ချည်နှောင်၍ နဲပေါ်တပ်ထားပါ။
၉။နဲတွင် တပ်ပြီးလျှင် အသံပုံမှန် ဖြစ်မဖြစ် စမ်းသပ်ရမည်၊ လေဝင်လေထွက်မှန်မှ အသံကောင်းပြီး လိုအပ်သော အသံကို ရနိုင်မည်၊





**မှတ်ချက်**

**ဤနဲလျှာ ပြုလုပ်ပုံပညာကို စာရေးသူဖခင်ဆီမှပင် ရရှိပါသည်။ ယနေ့အချိန်ထိ နဲဆရာများ ဖခင်ထံသို့ မကြာခဏ နဲလျှာ လာအပ်ကြပါသေးသည်။ နဲပညာရှင် ရှားပါးမှုကို ကာကွယ်ထိန်းသိမ်းကြရင်း ကရင့်နဲပညာရှင်များများ ပေါ်ထွန်းပါစေ။**

ဤစာစုဖြင့် ဖခင်နဲပညာရှင်နှင့် ကိုထွန်းရွှေ (ကိုက်ယယ်) အပါအဝင် နဲပညာရှင်အားလုံးကို ဂုဏ်ပြုပါသည်၊

**ကျော်ထက်ခိုင်(ဖားစည်မြေ)**
**၈၊၈၊၂၀၁၂**

စာကြွင်း

- နဲကို အရှေ့ပိုးကရင်တို့က ပေဝ် (သို့မဟုတ်) ခန့်ဲပှာ ခေါ်သည်။
- ပေဝ် (ပီနှင့် ပေသံ အကြား၌ ထွက်သော အသံ) တစ်မျိုးဖြစ်သည်။

■


အစည်းဝေးဖိတ်ခေါ်ထားတယ် (၁၀) နာရီအရောက်လာပါ အခု (၁၂) နာရီထိုးပြီး ရောက်မလာကြသေးဘူး
အဲဒီ ကာရင်စံတော်ချိန်လေ ကွာ
သူခိုင်းပေးတဲ့တာဝန်က မကျေရင်နေပါစေ အိမ်ကမိန်းမပေးတဲ့ တာဝန်က ကျေအောင်တော့ လုပ်ရတယ် ကွ
ဒါဆို မိန်းမတာဝန်က ပိုအရေးကြီးတာပေါ့နော်

# တိုင်းရင်းသားစည်းလုံးညီညွတ်ရေး

စလုမောင် (ညောင်တုန်း)

ဒီဆောင်းပါးဟာ ၁၉၇၇-၇၈ ပညာသင်နှစ် ဒသနိကဗေဒ နောက်ဆုံးနှစ်စာမေးပွဲ၊ နိုင်ငံရေးသိပ္ပံဘာသာရပ် (PS) မှာ ဖြေဆိုခဲ့တဲ့ အဖြေလွှာကို အတတ်နိုင်ဆုံး နီးစပ်အောင် ပြန်လည်ရေးသားထားတာ ဖြစ်ပါတယ်။ မေးခွန်းခေါင်းစဉ်ကတော့ "မြန်မာဆိုရှယ်လစ်လမ်းစဉ်ပါတီ၏ တိုင်းရင်းသားလူမျိုးများအပေါ် သဘောထားအမြင်ကို တင်ပြဆွေးနွေးပါ" ဆိုတာပဲ ဖြစ်ပါတယ်။ ပါမောက္ခကတော့ ဒေါ်ကြည်ကြည်လှဖြစ်ပြီး ဘာသာရပ်ဆိုင်ရာ စာစစ်ဆရာကတော့ ဆရာဦးကျော်သူတို့ ဖြစ်ပါတယ်။

မြန်မာနိုင်ငံရဲ့ သမိုင်းတင်နိုင်တဲ့ ပုဂံခေတ်ကစပြီး ဆန်းစစ်ကြည့်မယ်ဆိုရင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး အပြိုကွဲဆုံးအချိန်ဟာ ယနေ့အချိန်ပါပဲ။ ပဒေသရာဇ်ခေတ်မှာ မြန်မာဘုရင်တွေဟာ သစ္စာခံမယ်၊ အခွန်ဘဏ္ဍာ ဆက်သမယ်၊ စစ်ထွက်တဲ့အခါ စစ်သည်အင်အား ပေးပို့မယ်ဆိုရင် သက်ဆိုင်ရာ တိုင်းရင်းသား ပဒေသရာဇ်တွေရဲ့ အာဏာကို မထိပါးတာ တွေ့ရမှာပါ။ ယုတ်စွအဆုံး သမီးကညာ ဆက်သမယ်ဆိုရင်တောင် လက်ခံခဲ့တာ တွေ့ရမှာပါ။



တိုင်းရင်းသား ပဒေသရာဇ်တွေ ပုန်ကန်တယ်ဆိုတာလည်း ၎င်းတို့ရဲ့ ပဒေသရာဇ်အာဏာကို ချဲ့ထွင်တာသာ ဖြစ်ပါတယ်။ တိုင်းရင်းသား လူမျိုးအချင်းချင်းပဲဖြစ်စေ၊ မြန်မာလူမျိုးများနဲ့ဖြစ်စေ၊ လူမျိုးရေးအရ မုန်းတီးသတ်ဖြတ်ကြတာ မရှိပါဘူး။ စစ်သုံ့ပန်းတွေကိုတောင် သစ္စာခံရင် အခွင့်အာဏာ ပြန်ပေးခဲ့ကြတာ ဖြစ်ပါတယ်။

မှန်နန်းရာဇဝင်၊ ရာဇာဓိရာဇ် အရေးတော်ပုံကျမ်းတွေကို လေ့လာကြည့်ရင် ပေါ်လွင်ပါတယ်။ မွန်-မြန်မာ အနှစ် (၄၀) စစ်ပွဲကို ပြန်ကြည့်မယ်ဆိုရင်တောင် မြန်မာပဒေသရာဇ်တွေနဲ့ မွန်ပဒေသရာဇ်တွေ အချင်းချင်း အာဏာပြိုင်၊ ဘုန်းတန်ခိုး ပြိုင်ခဲ့ကြတာသာ ဖြစ်ပါတယ်။ မွန်လူမျိုးနဲ့ မြန်မာလူမျိုးတို့ မုန်းတီးသတ်ဖြတ်ကြတာ မဟုတ်ပါဘူး။ ယခုအချိန်ဟာ မြန်မာနိုင်ငံ သမိုင်းမှာ တိုင်းရင်းသား စည်းလုံးညီညွတ်ရေး အပြိုကွဲဆုံးအချိန်လို့ ပြောရတဲ့ နောက်တစ်ချက် ရှိပါသေးတယ်။ ပါလီမန်ဒီမိုကရေစီခေတ်ကို ရောင်စုံသူပုန်ခေတ်လို့ ပြောဆိုရေးသားခဲ့တာ ရှိပါတယ်။ အဲ့ဒီအချိန်က တိုင်းရင်းသားလူမျိုးစုတိုင်း လက်နက်စွဲကိုင်ခဲ့တာ မရှိပါဘူး။ ယနေ့ခေတ်မှာတော့ သမိုင်းအဆက်ဆက် လက်နက်မစွဲကိုင်ခဲ့တဲ့ လူမျိုးစုငယ်ကလေးတွေပါ ပုန်ကန်နေတာ တွေ့ရမှာပါ။ လူမျိုးစုံသူပုန်ခေတ်လို့တောင် ပြောလို့ရပါတယ်။ ဒီလို အခြေအနေ တွေကြောင့် တိုင်းရင်းသားစည်းလုံးညီညွတ် ရေးကို မလွဲမသွေ ပြန်လည်တည်ဆောက်ရမယ့် အချိန်ပါ။ ဒီနေရာမှာ အမျိုး သားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းရဲ့ မိန့်ခွန်းတစ်ခုကို ကိုးကားချင်ပါတယ်။ "ညီညွတ်ရေး၊ ညီညွတ်ရေးဆိုပြီး စားဖားတွေ အချင်းချင်း ညီညွတ်တာကို ညီညွတ်ရေးလို့ မခေါ်ဘူး" ဆိုတာပါပဲ။ တိုင်းရင်းသားခေါင်းဆောင်လက်တစ်ဆုပ်စာကို အထူးအခွင့်အရေးတွေပေးပြီး တိုင်းရင်းသားစည်းလုံးညီညွတ်ရေး တည်ဆောက်နေပါတယ်ဆိုပြီး လူကြားကောင်းရုံ၊ ဟန်ပြကောင်းရုံ၊ ဝါဒဖြန့်ကောင်းရုံလောက်သာ လုပ်နေလို့ မဖြစ်ပါဘူး။ ဒါ စားဖားတွေအချင်းချင်း ညီညွတ်တာပဲ ဖြစ်နေမှာပါ။ ဘယ်တော့မှ တိုင်းရင်းသား စည်းလုံး ညီညွတ်ရေးရမှာ မဟုတ်ပါဘူးလို့ ယတိပြတ် ပြောပါရစေ။

ဒါဖြင့် တိုင်းရင်းသားစည်းလုံး ညီညွတ်ရေးကို ဘယ်လို တည်ဆောက်ကြမလဲလို့မေးရင် သံတူကြောင်းကွဲ အဖြေပေါင်းများစွာ ထွက်လာမှာပါ။ ဘဲဥ အစရှာမရအောင် ဖြစ်နေမှာပါ။ တိမ်မယောင်နဲ့နက်၊ လွယ်မယောင်နဲ့ ခက်တဲ့ ပြဿနာပါ။ ဒါပေမဲ့ အဓိကဦးစားပေး ဖြေရှင်းရမယ့် ပြဿနာကတော့ တန်းတူညီမျှရေးဆိုတာ အားလုံး သဘောပေါက်ကြပါလိမ့်မယ်။

လူ့သမိုင်းအစကနေ ယနေ့အထိ ပြန်ကြည့်ရင် အမျိုးသားရေးဝါဒ ထွန်းကားလာတာ ပြောပအောင် မကြာသေးပါဘူး။ သမိုင်းမှာ လူ့အုပ်စု တိုက်ပွဲတွေကသာ အရင်စတာပါ။ အနိုင်ရတဲ့ အုပ်စုတွေဟာ တဖြည်းဖြည်း ကြီးထွားလာကြပြီး နယ်နိမိတ်တွေ သတ်မှတ်ပြီး တိုင်းနိုင်ငံတွေ ထူထောင်လာကြတာပါ။ ဒီနောက်ပိုင်းမှ အမျိုးသားရေးဝါဒကို စွဲကိုင်လာကြပြီး အမျိုးသားနိုင်ငံတွေ ထူထောင်လာကြတာပါ။ လူ့အုပ်စု တိုက်ပွဲတွေတုန်းက စားကျက်မြေလုမှုဟာ အဓိကကျပြီး အမျိုးသားရေးနိုင်ငံတွေ အချင်းချင်း တိုက်ရာမှာလည်း အာဏာရ လူလက်တစ်ဆုပ်စာရဲ့ ဩဇာအာဏာနဲ့ ကြီးပွားချမ်းသာမှုအတွက်သာ ပဓာန ကျပါတယ်။ အနှစ်ချုပ်ရင် ဒီတိုက်ပွဲတွေအားလုံးဟာ တူညီတဲ့ အကျိုးစီးပွားပေါ် အခြေခံထားတာ ထင်ရှားပါတယ်။

အကျိုးစီးပွားတူရေး ဆိုတဲ့ အဓိကအချက်မှာ စီးပွားရေးဘဝ တန်းတူရေးဟာ နံပါတ်တစ်ပါ။ စီးပွားရေးဘဝ တန်းတူမှုမရှိဘဲ ဘယ်လူ့အုပ်စု၊ ဘယ်လူ့အဖွဲ့အစည်း၊ ဘယ်နိုင်ငံမှ ညီညွတ်ရေး မရနိုင်ပါဘူး။ မငြိမ်းချမ်းနိုင်ပါဘူး။ ရရှိလာတဲ့ ကုန်ထုတ်စွမ်းအားစုတွေကို ဘယ်လိုခွဲဝေ သုံးစွဲမလဲဆိုတဲ့ အချက်က သိပ်အရေးကြီးပါတယ်။ ခေတ်တွေပြောင်းလာတာလဲ စီးပွားရေးဘဝ မညီမျှလို့ တော်လှန်ရေးတွေဖြစ်ပြီး ပြောင်းလာရတာချည်းပါပဲ။

ဆန်ထွက်တဲ့ မြေပြန့်ဒေသမှာ ဆန်စက်၊ ကြံထွက်တဲ့ ကုန်းတန်းဒေသတွေမှာ ကြံစက် တည်။ သတ္တုထွက်တဲ့ တောင်တန်းဒေသတွေမှာ သတ္တုသန့်စင်စက်ရုံ တည်ရပါမယ်။ ထွက်ရှိတဲ့ဒေသက လူထုတွေ၊ တိုင်းရင်းသားတွေကို အကျိုးခံစားခွင့် ရအောင်လုပ်ပါ။ ပြည်နယ်တွေက ကုန်ကြမ်းယူ၊ ပြည်မမှာ ကုန်ချောထုတ်၊ ရောင်းရတဲ့နိုင်ငံခြားငွေကို ပြည်မဖွံ့ဖြိုးရေးမှာပဲ သုံးတာမျိုး မဖြစ်ဖို့ လိုပါတယ်။ တိုင်းပြည်ဝင်ငွေအများစုကို မဖွံ့ဖြိုးတဲ့ ဒေသတွေကို ဖွံ့ဖြိုးတိုးတက်အောင်



လုပ်တဲ့နေရာမှာသုံးပါ။ တောင်တန်းနဲ့ ပြည်မ ဖွံ့ဖြိုးတိုးတက်မှု ဟန်ချက်ညီဖို့ လိုပါတယ်။ တောင်တန်းဒေသတွေ ဖွံ့ဖြိုးတိုးတက်လာမှသာ တစ်နိုင်ငံလုံး ဖွံ့ဖြိုးတိုးတက်လာမှာ ဖြစ်ပါတယ်။ ဒါဟာ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးရဲ့ အခြေခံ အကျဆုံး ဖြစ်ပါတယ်။ စီးပွားရေးအရ တန်းတူရေးပါ။

ဒုတိယ အချက်ကတော့ ပညာရေးတန်းတူမှုမှု ရှိရေးပါပဲ။ ပညာရေးနဲ့ အသိပညာ တန်းတူမျှမှု မရှိဘူးဆိုရင် တစ်ဦးနဲ့တစ်ဦး အမြင်အယူအဆ ဘယ်လိုမှ ညှိယူလို့ ရမှာ မဟုတ်ပါဘူး။ ပညာသင်ကြားရေးနဲ့ အသိပညာ ဖွံ့ဖြိုးမှု လုပ်ငန်းများကို ပြည်မမှာသာ အခြေစိုက်ထားပြီး ပြည်နယ်နဲ့ တောင်တန်းဒေသတွေက နိမ့်ကျနေမယ်ဆိုရင် တူညီတဲ့ သဘောထား အမြင်အယူအဆတွေ မရနိုင်ပါဘူး။ ညှိယူ သည့်တိုင် အင်မတန် ခက်မှာပါ။ ဒါကြောင့် တောင်တန်း ဒေသတွေနဲ့ ပြည်နယ်တွေမှာ အတတ်ပညာ အသိပညာ ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ ပြည်နယ်ပြည်မ တန်းတူတဲ့ ပညာရေးစနစ် ရှိရပါမယ်။

တတိယ အချက်ကတော့ ကျန်းမာရေးအရ တန်းတူရေးပါပဲ။ လူသားတွေရဲ့ ကျန်းမာရေး စောင့်ရှောက်မှုကို ပြည်နယ်ပြည်မ တစ်သားတည်း တစ်ပြေးတည်း ဖြစ်ဖို့ပါ။ ကျန်းမာရေး စောင့်ရှောက်မှု ကွာခြားတာနဲ့အမျှ လူတွေရဲ့ ကာယ၊ ဉာဏ ကြံ့ခိုင်မှု ကွာခြားလာမှာ ဖြစ်ပါတယ်။ ဒါဟာလည်း မလိုလားအပ်တဲ့ အချက်တစ်ခုပါ။ ရေရှည်မှာ အင်မတန် သိသာလာမယ့် အချက်ပါ။

စတုတ္ထအချက်ကတော့ လမ်းပမ်းဆက်သွယ်ရေးပါ။ ပြည်မမှာသာ ရေကြောင်း၊ လေကြောင်း၊ ကားလမ်း၊ ရထား လမ်းတွေ ရှိပြီး ပြည်နယ်နဲ့ တောင်တန်းဒေသတွေမှာ ဆက်သွယ်ရေးလမ်းကြောင်းတွေ အားနည်းနေမယ်ဆိုရင် စကားတောင် မပေါက်နိုင်တော့ပါဘူး။ ကူးလူးဆက်ဆံမှု နည်းရင်၊ ရင်းနှီးချစ်ကြည်မှုတောင် မရနိုင်ပါဘူး။ ကုန် ပစ္စည်း စီးဆင်းဖို့၊ ဆက်ဆံရေးစီးဆင်းဖို့၊ အပြန်အလှန် နားလည်ချစ်ခင်နိုင်ဖို့ဆိုတာ ဆက်သွယ်ရေး လမ်းကြောင်း တွေ အင်မတန်ကောင်းမွန်ဖို့ လိုပါတယ်။ စီးပွားရေးဘဝ၊ ပညာရေးဘဝ၊ လူမှုရေးဘဝ ကွာဟချက်နည်းဖို့ ဆိုတာ လမ်းပေါက် စကားပေါက်မှုဟာ အဓိကအကျဆုံး ဖြစ်ပါ တယ်။ ဒါမရှိဘဲ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး တန်းတူဖို့ စိတ်ကူးယဉ်ခွင့်တောင် မရှိပါဘူး။

မြစ်ဝကျွန်းပေါ်ဒေသဆိုတာ မွန်နဲ့ ကရင်တွေ အများစုရှိတဲ့ဒေသတွေပါ၊ သီပေါမင်း ပါတော်မူပြီး နောက်ပိုင်းမှသာ ဗမာတွေ အိုးနဲ့ကျင်းနဲ့ ဝင်ရောက်အခြေချလာတာပါ၊

ပဉ္စမအချက်ကတော့ နိုင်ငံရေးအရ တန်းတူဖို့ပါ။ နိုင်ငံရေးအရ တန်းတူမှုကို ပဉ္စမအချက်ထဲမှာ ထည့်ရခြင်း အကြောင်းရင်းကတော့ အထက်ပါ အချက်လေးချက် မပြည့်စုံဘဲ နိုင်ငံရေးအရ တန်းတူဖို့ မဖြစ်နိုင်ပါဘူး။ ဇွတ် အတင်းကြီး တန်းတူမယ်ဆိုရင်တော့ အခက်အခဲတွေ အန္တရာယ်တွေ ရှိလာနိုင်တာပါ။ နယ်ချဲ့ ဆန့်ကျင်ရေးနဲ့ အမျိုးသားလွတ်လပ်ရေးတိုက်ပွဲ သမိုင်းမှာ အထင်ကရ ရှိခဲ့တာ ပြည်မမှာရှိတဲ့ ပညာတတ်တွေနဲ့ ကြည်း၊ ရေ တပ်တွေပါပဲ။ နိုင်ငံရေး အတွေ့အကြုံနဲ့ နိုင်ငံရေး ဩဇာ ဟာ ပြည်မပညာတတ်တွေရဲ့ လက်ထဲမှာပဲ ရှိပါတယ်။ လက်နက်ကိုင်တော်လှန်ရေး လုပ်မှသာ ပြည်နယ်နဲ့ တောင် တန်းတွေအထိ ရောက်ခဲ့တာပါ။ ဒီတော့ လွတ်လပ်ရေးရပြီး ဖွဲ့ခဲ့တဲ့ အစိုးရတွေထဲမှာ ဘယ်သူတွေ အာဏာရမလဲ။ ဒါ နီးကပ်ပြီး ထင်သာမြင်သာတဲ့ သမိုင်းပါပဲ။ တိုင်းရင်းသား ခေါင်းဆောင်အချို့ ပါဝင်ခဲ့တာဟာ ဗိုလ်ချုပ်အောင်ဆန်းရဲ့ ပင်လုံညီလာခံရဲ့ အကျိုးဆက်တွေပါ။

အချုပ်ပြောရရင် စီးပွားရေးဘဝ၊ ပညာရေးဘဝ၊ လူမှုရေးဘဝ၊ နိုင်ငံရေးဘဝ တန်းတူမှုမရှိဘဲ တိုင်းရင်းသား စည်းလုံးညီညွတ်ရေး တည်ဆောက်လို့ရမယ်လို့ စိတ်ကူး ယဉ်ခွင့်တောင် မရှိပါဘူး။ ဒီနေရာမှာ ဥပမာတစ်ခု ပြချင် ပါတယ်။ မြစ်ဝကျွန်းပေါ် ဒေသဆိုတာ မွန်နဲ့ ကရင်တွေ အများစုရှိတဲ့ဒေသတွေပါ။ သီပေါမင်း ပါတော်မူပြီး နောက် ပိုင်းမှသာ ဗမာတွေ ထုနဲ့ထည်နဲ့ ဝင်ရောက် အခြေချလာ တာပါ။ ၁၉၇၁ ခုနှစ်မှာ သန်းခေါင်စာရင်းတွေ ကောက်တော့ မွန်နဲ့ ကရင်တွေရဲ့ လူဦးရေဟာ သိသိသာသာ နည်းနေတာ တွေ့ရမှာပါ။ ဒါ ဘာကြောင့်လဲဆိုရင် မွန်နဲ့ ကရင်တွေ ကိုယ်တိုင်က သူတို့ကိုယ်သူတို့ ဗမာစာရင်း သွင်းလိုက်လို့ပါပဲ။ ဘယ်သူမှ ဗမာစာရင်း အတင်းအကြပ် သွင်းခိုင်းခဲ့တာလည်း မဟုတ်ပါဘူး။ အဓိကကျတဲ့ အချက်ကတော့ မြစ်ဝကျွန်းပေါ် ဒေသမှာ မှီတင်းနေထိုင်တဲ့ ပြည်သူလူထုတွေရဲ့ စီးပွားရေး ဘဝ၊ ပညာရေးဘဝ၊ လူမှုရေးဘဝ၊ နိုင်ငံရေး ဘဝတွေဟာ တစ်သားတည်းနီးပါး ဖြစ်လာလို့ပါ။ လမ်းပမ်းဆက်သွယ်ရေး နဲ့ လူမှုကူးလူးဆက်ဆံမှုများလာခြင်းရဲ့ အကျိုးကျေးဇူးတွေ ပါ။

တိုင်းရင်းသား စည်းလုံးညီညွတ်ရေးတွက် သဘော ထား အမြင်တွေကို စာအုပ်ထဲမှာ ထည့်ရေးထားရုံ၊ ခေါင်းဆောင် တွေရဲ့ မိန့်ခွန်းတွေထဲမှာ ထည့်ပြောနေရုံ၊ ပါလီမန် ဒီမို ကရေစီခေတ်ကလို တိုင်းရင်းသား မဲရဖို့ မစားရဝမခမ်း စည်းရုံး ရုံနဲ့ မဖြစ်နိုင်ပါဘူး။ ဒါဟာ ဗိုလ်ချုပ်အောင်ဆန်း ပြောခဲ့တဲ့ "စားဖားတွေ ညီညွတ်တဲ့အခဆင့်" ထက် ဘယ်လိုမှ မပို နိုင်ပါဘူး။ တကယ်တမ်း စစ်မှန်တဲ့၊ ရေရှည်ခိုင်မြဲတဲ့ တိုင်းရင်း သား စည်းလုံးညီညွတ်ရေး ရဖို့ဆိုတာ အထက်တင်ပြခဲ့တဲ့ အချက် (၅) ချက်စလုံး ပြည့်စုံ အောင်မြင်ပြီးမှသာ ဖြစ်နိုင် မှာပါ။ ဒီအချက်တွေ မပြည့်စုံဘဲနဲ့ စည်းလုံးညီညွတ်ရေး မရနိုင်ဘူးဆိုတာ လာမယ့်သမိုင်းဆက်တွေက ဆက်လက် သက်သေ ပြနေမှာပါ။ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို တည်ဆောက်ရာမှာလည်း အာဏာရအစိုးရနဲ့ တိုင်းရင်းသား တွေကိုယ်တိုင်က လူမျိုးကြီးဝါဒနဲ့ အမြင်ကျဉ်း မျိုးချစ် ဝါဒတွေကို လုံးဝစွန့်ပစ်ပြီး ရိုးသားဖြောင့်မတ်ပွင့်လင်းစွာ တည်ဆောက်မှသာ တကယ် ရရှိနိုင်မှာပါ။

စလုမောင် (ညောင်တုန်း)

■



# မတူကွဲပြားခြင်းမှသည် စည်းလုံးညီညွတ်ရေးဆီသို့

မန်းအောင်ပြည်စိုး

ပြည်ထောင်စုကြီး၏ တိုင်းရင်းသား လူမျိုးများထဲတွင် ကရင်လူမျိုးတို့ တစ်စုပါဝင်လျက် ရှိပါသည်။ သမိုင်း၏ လေ့လာတွေ့ရှိချက်များအရ ကရင်လူမျိုးတို့၏ မူလဘူတ မွန်ဂိုးလီးယား ကုန်းမြင့်တွင် နေထိုင်စဉ်ကတည်းက ဖခင်ဖက်အနွယ် (ဖါးထိုက်)နှင့် မိခင်ဖက်အနွယ် (မိုးထိုက်) ဟူ၍ မျိုးနွယ်စုကြီး နှစ်ခုအဖြစ် ရပ်တည်နေထိုင် လာခဲ့ကြသည်။ ယနေ့အခါ သမယတွင် စကောကရင်များထဲတွင် မျိုးနွယ်စုကွဲများဖြစ်သည့် ကယ်ခို၊ ကယ်ဘား၊ ပကူး၊ ဘွဲ၊ ပရဲ့၊ ရော်ခို၊ ပလေချီး၊ မိုနေပွာ စသည်ဖြင့် ဒေသ ရေမြေအနေအထားနှင့် ဓလေ့စရိုက်များအရ ထပ်မံကွဲပြား ခြားနားသွားကြသလို ပိုးကရင်များတွင်လည်း အရှေ့ပိုးကရင်၊ အနောက်ပိုးကရင်၊ တနင်္သာရီဒေသ ပိုးကရင် ဟူ၍ ကွဲပြားခြားနားမှုများ ရှိခဲ့ကြပါသည်။ သထုံနယ်ဘက်၌လည်း "ထွတ်ကလိဘောင်" ခေါ် ပိုးကရင် မျိုးနွယ်စုငယ်တစ်စုကို တွေ့ရှိနိုင်ပါသည်။

ထိုသို့ ကွဲပြားခြားနားကြသည့်အလျောက် ဘာသာစကားနှင့် ဒေသအခေါ်အဝေါ်များ အနည်းငယ်ကွဲပြားမှု ရှိကြပါသည်။ စကောကရင် မျိုးနွယ်စုကြီးထဲတွင် မျိုးနွယ်ခွဲများအလိုက် အပြောအဆို၊ အခေါ်အဝေါ် အသုံးအနှုန်းများ ကွဲပြားမှု ရှိကြသော်လည်း ပင်မ စကောကရင် ဘာသာစကားကိုမူ အားလုံးနီးပါး ပြောဆိုနိုင်ကြပါသည်။ ပိုးကရင်မျိုးနွယ်စုထဲ၌မူကား ဘာသာစကား အခေါ်အဝေါ် အသုံးအနှုန်း နီးစပ်တူညီသယောင် ရှိသော်လည်း အချို့အခေါ်အဝေါ်များ လုံးဝ ကွဲပြားခြားနားနေသည်ကို တွေ့ရှိရပါသည်။ တင်ပြရပါလျှင် ကရင်ပြည်နယ်၊ ဘားအံ၊ လှိုင်းဘွဲ၊ ကော့ကရိတ်၊ ကြာအင်း ဆိပ်ကြီးမြို့နယ်များရှိ ပိုးကရင် များစွာသည် နွားကို ကရင်ဘာသာဖြင့် "ဝေါ်တိန်း" "ခလော" "ဆနောင့်" စသည်ဖြင့် အမျိုးမျိုး ခေါ်ဝေါ်ကြသကဲ့သို့ မြစ်ဝကျွန်းပေါ်နေ ပိုးကရင်များက "စမိန်း" ဟူ၍ ခေါ်ဝေါ်ကြပါသည်။ စကားသံ အတက်အကျ အဆွဲအငင် အတိမ်အနက် များစွာ မခြားနားလှသော်လည်း ကရင်ပြည်နယ်အတွင်းရှိ ပိုးကရင်များ စကားမြန်မြန်ပြောပါက တနင်္သာရီပိုးကရင်များ နားမလည်နိုင်သလို မြစ်ဝကျွန်းပေါ်နေ ပိုးကရင်များ စကားကို မှန်တန်းပြောသည့်တိုင် ကရင်ပြည်နယ်မှ ပိုးကရင်များ အဓိပ္ပာယ် မဖော်နိုင်ကြပါ။

# ကာလဒေသ ရေမြေပထဝီအနေအထားကြောင့် သဘာဝတရားက ကရင်များကို ကွဲပြား ခြားနားသွားအောင် ဖန်နေလေရော့သလား

ကီမဲ (ချင်းမိုင်) မှ ကရင်တစ်ဦးနှင့် ဟသ်ာတမြို့နယ်၊ ယုံသလင်းရွာမှ ကရင်တစ်ဦးတို့၏ အနေအထိုင်၊ အသွားအလာ၊ အယူအဆ၊ ဓလေ့စရိုက်၊ ဘာသာစကားများ တူညီကြမည် မဟုတ်ပါ။ ဒေသဝေးကွာခြားနားမှုကြောင့် တနင်္သာရီတိုင်းဒေသကြီး၊ ပုလောမြို့နယ်၊ မန်းမစား (ထမင်းမစား) ရွာမှ ကရင်စကား ပြောဆိုသံသည် ဖာပွန်မြို့နယ်၊ ကတိုင်တီရွာမှ ကရင်များ၏လေသံနှင့် ကွဲပြားခြားနားနေမည်သာ ဖြစ်သည်။ ဘားအံ တစ်မြို့နယ်တည်းအတွင်းရှိ မုက္ကဒိရွာနှင့် ကော့နန်းသာရွာတို့မှာ ၁၃-မိုင် မျှလောက်သာ ဝေးကွာပြီး ပိုးကရင်များ နေထိုင်ကြပါ သည်။ ပိုျးစပါးပင်ကို မုက္ကဒိရွာသားများက "မျ" ဟု ခေါ်ပြီး ကော့နန်းသာသူများက "မ" ဟု သမုတ်ကြသည်။ ယောင်ယောင်ကလေးမျှသာ ခြားနားမှုရှိသော်လည်း ကော့နန်းသာရွာသားများက "ဝေါဘန်း"ဟု ခေါ်ဆိုခိုက် မုက္ကဒိ သူများက "ဆနော်င့်" ဟု အမည်ပေး ခေါ်ဝေါ်သည်မှာ လွန်စွာ ကွဲပြားခြားနားသွားပါသည်။ ကာလဒေသ ရေမြေပထဝီ အနေအထားကြောင့် သဘာဝတရားက ကရင်များကို ကွဲပြားခြားနားသွားအောင် ဖန်နေလေရော့သလား…

ရိုးရာ ယုံကြည်ကိုးကွယ်မှု အပိုင်းတွင် ကရင်လူမျိုးများသည် ယေဘုယျအားဖြင့် ယခင်က နတ်ကိုးကွယ်သူများဟု ဆိုကြပါသည်။ မြန်မာနိုင်ငံတွင်းသို့ ဗုဒ္ဓ သာသနာ၊ ခရစ်ယာန်သာသနာများ ရောက်ရှိလာသော အခါတွင်မှ ကရင်လူမျိုးများထဲတွင် ဗုဒ္ဓဘာသာဝင်၊ ခရစ်ယာန် ဘာသာဝင်များ ပေါ်ပေါက်လာသည်ဟု မှတ်ယူလိုပေသည်။ ထပ်မံခွဲခြမ်း စိတ်ဖြာလေ့လာကြည့်ရာ၌ ဗုဒ္ဓဘာသာနှင့် ခရစ်ယာန်ဘာသာကြီးများတွင် ဂိုဏ်းခွဲအမျိုးမျိုး ရှိနေသည့်အပြင် ယုံကြည်ချက်အမျိုးမျိုးဖြင့် ထပ်မံ၍စုဖွဲ့လာသည့် ကိုးကွယ်ယုံကြည်မှု အယူအဆများ ပေါ်ထွန်းလာသည်ကို တွေ့ရှိရပါသည်။ ဥပမာတင်ပြရလျှင် ပိုးကရင်လူမျိုးများ နေထိုင်သည့် ဘားအံမြို့နယ် တောင်ဘက်ခြမ်း ဒုံရင်းခွင်တွင် ရှိနှင့်ပြီးသား ဗုဒ္ဓဘာသာနှင့် ခရစ်ယာန်ဘာသာဝင် ကရင်များအပြင် ပဝေသဏီမှ လူကြီးများ အစုအဖွဲ့၊ လဲကယ်၊ တလာကူ၊ စသည့် ယုံကြည်ကိုးကွယ်မှု အစုအဖွဲ့များလည်း ရှိနေကြပါသည်။ အိမ်မြေ ၁၀၀ ကျော်ခန့်သာရှိသော ရွာလေးတစ်ရွာတွင် ခရစ်ယာန် ဘုရားရှိခိုးကျောင်းနှစ်ကျောင်း ဆောက်လုပ်ကိုးကွယ် နေကြသည်ကိုလည်း တွေ့ရှိရပါသည်။ ဘားအံမြို့နယ်၊ နှစ်ခြား တစ်ရွာတည်း၌ပင် ဘာသာရေးဂိုဏ်း ၄-ဂိုဏ်းရှိသည် ကိုလည်း တွေ့ရပါသည်။ စကောကရင်များထဲ၌မူ မေတ္တာပြဟွစိုရ်ဂိုဏ်းနှင့် "ဝီး" ဂိုဏ်း ဟူ၍လည်း ရှိနေပါသည်။ လွတ်လပ်စွာ ကိုးကွယ်ယုံကြည်ခွင့် ရှိနေသဖြင့် မည်သို့ မျှ ဝေဖန်သုံးသပ်ခြင်း မပြုလိုပါ။

ဆက်လက်တင်ပြပါမည် ကရင်မျိုးနွယ်စုများ မြန်မာနိုင်ငံအတွင်းသို့ ရွှေ့ပြောင်း ဝင်ရောက်လာစဉ်က မိမိနှင့်အတူ စာပေပါလာဟန် မရှိဟူ၍ သမိုင်းစာအုပ် တစ်အုပ်တွင် ဆိုပါသည်။ ကရင်အမျိုးများတွင် "ခလီဖိုး" နှင့် "လိုက်ဆန်ဝေ့" ခေါ် ကြက်ယက်စာ စာရေးနည်းများ ရှိနေခဲ့ပြီး အင်္ဂလိပ်တို့ မြန်မာနိုင်ငံကို တိုက်ခိုက်သိမ်းပိုက်လိုက်သောအခါ ထိုစာကို ယူဆောင်သွားသည်ဟူ၍ မှတ်ယူသူများလည်း ရှိပါသည်။ ဘားအံမြို့နယ်၊ တော်ဘုံရွာတွင် ဖွင့်လှစ်ထားသည့် ကမ္ဘာ့ကြက်ယက်တက္ကသိုလ် သင်တန်းကျောင်းမှ ကရင်ကြက်ယက်စာသည် ကရင်တို့၏ စာပေအစစ် ဖြစ်သည်ဟု တာဝန်ခံများက ဆိုကြသည်။

**ယနေ့ ကရင်လူမျိုးများ ရေးသားသုံးစွဲနေကြသည့် ကရင်စာပေ၏ သမိုင်းဖြစ်စဉ်များကို လေ့လာသိရှိရသရွေ့ အောက်တွင် ဖော်ပြအပ်ပါသည်။**

(၁) "လိုက်ထူလီ" ခေါ် အရှေးဟောင်းကရင်စာပေ

ဗျည်း – ၃၆ လုံးနှင့် သရ – ၁၄ လုံး ရှိပါသည်။ ခရစ်နှစ် ၁၇၅၀ ခုတွင် "ဖုးတာမိုက်" က မွန်အက္ခရာများကို အခြေခံ၍ တီထွင်ပြုစုခဲ့သည်။

(၂) ခရစ်ယာန်ဘာသာဝင် စကောကရင်စာပေ

ဗျည်း –၂၅ လုံးနှင့် သရ – ၉ လုံး ရှိပါသည်။ ခရစ်နှစ် ၁၈၃၂ခုတွင် ခရစ်ယာန် သာသနာပြုဆရာ ဒေါက်တာ ဂျိုနသန်ဝိတ် က မြန်မာအက္ခရာများကို အခြေခံ၍ တီထွင်ပြုစုခဲ့သည်။

(၃) အနောက်ပိုးကရင်စာပေ

ဗျည်း ၂၇ လုံးနှင့် သရ ၁၀ လုံး ရှိပါ သည်။ ခရစ်နှစ် ၁၈၅၂ ခုတွင် ခရစ်ယာန် သာသနာပြု ဒေါက်တာဒီအယ်လ်ဘရေတာနက မြန်မာအက္ခရာများကို အခြေခံ၍ တီထွင်ပြုစုခဲ့သည်။

(၄) ဗုဒ္ဓဘာသာဝင် စကောကရင်စာပေ

ဗျည်း ၃၈ လုံးနှင့် သရ ၂၀ လုံး ရှိပါ သည်။ ၁၉၃၁ ခုနှစ်တွင် ကော့ကရိတ်မြို့ မင်္ဂလာဓေယျ ကျောင်းမှ ဘုန်းတော်ကြီး ဦးနန္ဒမာလာ က မွန်မြန်မာ အက္ခရာများကို အခြေခံ၍ ပြုစုခဲ့သည်။

(၅) လဲကယ်ဘာသာဝင် ပိုးကရင်တို့၏ "လိုက်ဆန်ဒေ့" ကရင်စာပေ

ဗျည်း ၂၅ လုံးနှင့် သရ ၁၂ လုံး ရှိပါ သည်။ ၁၈၄၆ ခုနှစ် တွင် ဘားအံမြို့နယ် နှစ်ခြားကျေးရွာနေ ဦးမောယိုင်က မွန်မြန်မာအက္ခရာများနှင့် ကိုယ်ပိုင်တီထွင်အက္ခရာ ၃ လုံးတို့ကို အခြေခံ၍ ပြုစုခဲ့သည်။

(၆) ဖာပွန်နယ် ခရစ်ယာန်ဖရင်ဂျီဘာသာဝင် စကောကရင်စာပေ

ဗျည်း ၂၀ လုံးနှင့် သရ ၉ လုံး ရှိပါသည်။ ပြင်သစ်လူမျိုး အက်ဒဝဒ်ကဲလ်မင်း နှင့် ခရစ်ယာန်ဖရင်ဂျီဘာသာဝင် ဆရာစောကျော်စိန်တို့က ရောမအက္ခရာများကို အခြေခံ၍ ပူးပေါင်းပြုစုခဲ့သည်။

(၇) ဗုဒ္ဓဘာသာဝင် စကောကရင်စာပေ

ဘားအံမြို့နယ်၊ သံလွင်မြစ်အနောက်ခြမ်း၊ မြိုင်သာယာဆရာတော် ဦးသာဂရက မြန်မာအက္ခရာများကို အခြေခံ၍ ပြုစုခဲ့သည်။ စာပေမူဟောင်းတွင် ဗျည်း – ၂၄ လုံးနှင့် သရ– ၁၁ လုံး ပါရှိပြီး တီထွင်ခုနှစ်ကို မသိရပါ။ ၁၉၃၀ ခုနှစ်တွင် စက်တင်ပုံနှိပ်ခဲ့သည်။ ယခု ပြင်ဆင်ဖြည့်စွက်လိုက်သော မူသစ်တွင်ကား ဗျည်း– ၃၈ လုံးနှင့် သရ–၁၄ လုံး ရှိပါသည်။

(၈) ရောမအက္ခရာ စကောကရင်စာပေ

ဗျည်း ၂၆ လုံးနှင့် သရ ၉ လုံး ရှိပါသည်။ မြန်မာအက္ခရာများဖြင့် ဒေါက်တာဂျိုနသန်ဝိတ် ပြုစုခဲ့သော စကော ကရင်စာပေကို ရောမအက္ခရာ များဖြင့် ပြောင်းလဲလျက် ဆရာ စောထွန်းမြက ရေးသားပြုစုခဲ့ပြီး စောဘထွန်းတင်က ပြင်ဆင်ပြုစုရေးသားကာ ၁၉၅၁ ခုနှစ်တွင် ရိုက်နှိပ်ထုတ်ဝေခဲ့သည်။

(၉) သံတောင်မြောက်ပိုင်း ခရစ်ယာန်ဖရင်ဂျီဘာသာဝင် ကယ်ဘားစကောကရင်စာပေ

ဗျည်း ၃၀ လုံးနှင့် သရ ၂၂ လုံး ရှိပါသည်။ ၁၈၇၀ ခုနှစ်တွင် ရိုမန်ကက်သလစ်ဆရာတော် ဗိုဇရက်ဒိုကွန်တီ က ရောမအက္ခရာများကို အခြေခံ၍ တီထွင်ထားသည်ဟု သိရသည်။

**ဖော်ပြပါ စာပေများမှာ နေရာဒေသနှင့် ကရင်မျိုးနွယ်စုများအလိုက် ယနေ့အသုံးပြု သင်ကြားရေးသားသုံးစွဲနေကြသော ကရင်စာပေများ ဖြစ်ပါသည်။ စာရေးသူ မသိသေးသော အခြားကရင်စာပေများလည်း ရှိကောင်းရှိနေနိုင်ပါသေးသည်။ ကရင်စာပေများကို အဆင့်ဆင့် ပြောင်းလဲပြုစုလာခဲ့ပုံ၊ ပြုစုပုဂ္ဂိုလ်များ၊ ဗျည်းသရအတိုးအလျော့၊ ကရင်စာပေများဖြင့် ထုတ်ဝေခဲ့သောကျမ်း၊ စာစောင်၊ မဂ္ဂဇင်း၊ ဂျာနယ် စသည်တို့ကို အသေးစိတ် ရေးသားဖော်ပြခြင်း မပြုတော့ပါ။ ဤတင်ပြချက် အချို့သည်လည်း လွဲမှားမှုများ ရှိကောင်းရှိနိုင်ပါသည်။**

စာပေများကို လေ့လာလျှင် မွန်မြန်မာအက္ခရာများကို အခြေခံသော အုပ်စု၊ ရောမအင်္ဂလိပ်အက္ခရာများကို အခြေခံသော အုပ်စု၊ ဒူးဂဏန်းဖြင့် ရေးသားသော လိုက်ဆန်ဝေ့ခေါ် ကရင်ကြက်ယက်စာ၊ ကျူနီဖေါင်း စာရေးနည်း စသည်ဖြင့် ခွဲခြမ်းစိတ်ဖြာ နိုင်ပါသည်။ ထို့ပြင် ကနဦး ပေါ်ပေါက်ခဲ့သော ကရင်စာပေအများစုမှာ ဘာသာရေးဆရာများက ပြုစုသော ဘာသာရေး အတွေးအခေါ်များကို ထည့်သွင်းထားသော စာပေများ ဖြစ်ကြောင်း လက်ခံကြရမည် ဖြစ်ပါသည်။ မျက်မှောက်ကာလတွင် ကရင်တွေးခေါ်ရှင်များနှင့် ကရင်လူကြီး၊ လူလတ်၊ လူရွယ်၊ လူငယ်အချို့တို့က တစ်ခုတည်းသော ကရင်စာပေ ပေါ်ပေါက် ဖြစ်ထွန်းလာရေးကို ဆန္ဒပြုရေးရှု လာကြသည်။ စည်းလုံးညီညွတ်မှု မပျက်ပြားစေ စိမ့်သောငှာ ရှိနှင့်ပြီးသား ကရင်စာပေများကို အရှိအတိုင်း မပျောက်ပျက်အောင် ဆက်ခံထိန်းသိမ်းသင်ကြားအသုံးပြုရင်း တစ်ဘက်မှလည်း ကရင်တစ်မျိုးသားလုံး ဖတ်ရှုရေးသား လေ့လာနိုင်သည့် တစ်ခုတည်းသော ကရင် ဘုံစာပေ တီထွင်ပြုစု ဖန်တီးရေးကို တောင့်တ လိုလားလာကြပါသည်။



၁၉၄၉ ခုနှစ်တွင် ကရင် လက်နက်ကိုင်တော်လှန်ရေး စတင်ခဲ့ပြီး အစိုးရတပ်များနှင့် တိုက်ကြ၊ ခိုက်ကြ သေကြေခဲ့ကြသည်။ ၁၉၅၄ ခုနှစ်၊ ဦးနုအစိုးရလက်ထက်တွင် ကရင်ပြည်နယ် ဖြစ်တည်လာသည်။ သို့ရာတွင် ကရင့်တော်လှန်ရေးကား အဆုံးမသတ် ဆက်လက် ဆင်နွှဲဆဲဖြစ်သည်။ ၁၉၆၂ ခုနှစ်၊ ဗိုလ်ချုပ်ကြီးနေဝင်း အာဏာရလာပြီးနောက် မကြာမတင်မှာပင် KNU မှ မှဆိုးကော်ကစာ စောဟန်တာသာမွေး ခေါင်းဆောင်သော အဖွဲ့က အစိုးရနှင့် ငြိမ်းချမ်းရေး ရယူပြီး မြေပေါ်သို့ ရောက်လာခဲ့သည်။ ကရင်ပြည်နယ်ကို "ကော်သူးလေ" ပြည်နယ်ဟု ခေါ်တွင်စေသည်။ စောဟန်တာသာမွေး ခေါင်းဆောင်သောအဖွဲ့က ကရင်နှစ်သစ်ကူးနေ့ကို ပြာသိုလဆန်း (၁) ရက်နေ့ အစားတပို့တွဲလဆန်း (၁) ရက်သို့ ပြောင်းလဲသတ်မှတ်သည်။ ကရင်တော်လှန်ရေးကြောင့် ကရင်လူထုအတွင်း ပေါ်ပေါက်လာသော ပထမ အကွဲအပြဲဟု ဆိုရအံ့ထင်သည်။ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ (နောင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ) လက်ထက်တွင် တိုးတက်သော ဗုဒ္ဓဘာသာ ကရင်အမျိုးသား အစည်းအရုံး (DKBA) သည် KNU မှ ခွဲထွက်ပြီး အစိုးရနှင့် ငြိမ်းချမ်းရေး ရယူခဲ့သည်။

KNU တွင် ခရစ်ယာန် ဘာသာဝင်များ ကြီးစိုးမှုကို မခံရပ်နိုင်၍ မြိုင်ကြီးငူဆရာတော်မှ ဦးဆောင်ပြီး အစိုးရနှင့် ငြိမ်းချမ်းရေးယူခဲ့ခြင်း ဖြစ်သည်။ နှစ်ဖက် သဘောတူညီချက်အရ လက်နက် မစွန့်၊ ဆက်လက် စွဲကိုင်



မျိုးနွယ်စုကွဲပြားမှု၊ ဘာသာစကားမတူညီမှု၊ နေရာဒေသခြားနားမှု စသည်တို့မှာ သဘာဝတရားအရ ရှောင်လွှဲ၍မရသည်ကို သဘောပေါက်ကြဖို့ လိုပါသည်။

ထားမြဲ၊ ထို့နောက် ပဒိုအောင်ဆန်း ဦးစီးသောအဖွဲ့ ထပ်မံဝင်လာသည်။ အစိုးရနှင့် လက်နက်နှင့် ငြိမ်းချမ်းရေး လဲလှယ်ခဲ့သည်။ ပဒိုအောင်ဆန်းနှင့် မြိုင်ကြီးငူဆရာတော်တို့သည် ညီအစ်ကိုဝမ်းကွဲတော်သည်ဟု သိရသည်။ သို့သော် ဘာသာအယူဝါဒချင်းကား မတူညီပေ။

ဆက်လက်၍ ကြားအင်းဆိပ်ကြီး၊ ဟောင်သရော ဘက်မှ စောသမူဟဲအဖွဲ့က ငြိမ်းချမ်းရေးဆွေးနွေးပွဲမှ KPF အဖွဲ့ ဖြစ်ပေါ်လာသည်။ ဆက်တိုက်လိုပင် KNU ၌ ထင်ရှားခဲ့သော ဗိုလ်ချုပ်ကြီးထိန်မောင် (စောဌေးမောင်) နှင့် အဖွဲ့သားများ ဝင်ရောက်လာပြန်သည်။ ကော့ကရိတ်မြို့နယ်၊ ထော့ကော်ကိုး ဒေသ၌ နေထိုင်သည်။

ကရင်တော်လှန်ရေး အင်အားစုများ တဖွဲ့ဖွဲ့ ဝင်ရောက်လာကြသော်လည်း တစ်ချိန်တည်း တစ်ပြိုင်တည်း မဟုတ်ပါ။ သူ့အစီအစဉ် သူ့ရပ်တည်ချက်နှင့်သူ ဖြစ်ပါသည်။ ထို့ပြင် တကယ့် ပင်စည်အရင်းအမြစ်ဖြစ်သည့် KNU ကြီး ကျန်နေသေးသည်။ သည်အတောအတွင်း ၂၀၁၀ ခုနှစ် ရွေးကောက်ပွဲမတိုင်မီ နယ်ခြားစောင့်တပ် ဖွဲ့စည်းရေး အစီအစဉ်ကို အစိုးရက စတင် အကောင်အထည်ဖော်သည်။ ငြိမ်းချမ်းရေးရပြီး ကရင်တော်လှန်ရေး အဖွဲ့များအနက် ပဒိုအောင်ဆန်းနှင့် စောသမူဟဲအဖွဲ့များကို ထားဦး။ DKBA နှင့် ဗိုလ်ထိန်မောင်တို့ နှစ်ဖွဲ့အနက် DKBA ထဲမှ တချို့ လက်ခံပြီး တချို့လက်မခံပါ။ ဗိုလ်ထိန်မောင်တို့အဖွဲ့ လက်မခံပါ။ ထို့ကြောင့် DKBA တွင် BGF ခေါ် နယ်ခြားစောင့်တပ်ဖွဲ့နှင့် DKBA လက်ကျန်တပ်ဖွဲ့ ဟူ၍ ကွဲပြားသွားပါသည်။ သည်နောက်ပိုင်းတွင် KNU မှ အစိုးရနှင့် နှစ်ကြိမ်တရားဝင် ငြိမ်းချမ်းရေးဆွေးနွေးခဲ့ပြီး ဖြစ်ပါသည်။ ထူးခြားသည့် အကျိုးဆက် မသိရှိရသေးပါ။

တင်ပြလိုသည်မှာ ၁၉၄၉ ခုနှစ် ကရင်တော်လှန်ရေး စတင်ချိန်မှ ယခုအချိန်ထိ နှစ်ပေါင်း ၆၀ ကျော်ကြာမြင့်ခဲ့ပြီး ဖြစ်သော်လည်း ကရင်တို့၏ဘဝ မည်မျှဖွံ့ဖြိုး တိုးတက်ခဲ့ပါသနည်း။ မည်သည့်အတိုင်းအတာအထိ ငြိမ်းချမ်းမှု ရှိခဲ့ပါသနည်း။ နိုင်ငံရေး၊ စစ်ရေး၊ စီးပွားရေး၊ လူမှုရေး၊ ငြိမ်းချမ်းရေးတို့နှင့် ပတ်သက်၍ မိမိတို့ကရင်များ၏ တွေးခေါ်မြော်မြင်မှုများ ထပ်တူထပ်မျှ မရှိသည့်တိုင် အတိုင်းအတာ တစ်ခုအထိ နီးစပ်သင့်ပြီ မဟုတ်လော။



ယော- ရတက် ပွားရပြန်ပါပြီ၊ ဘာလဲ ရွှေကရင် ဘယ်လဲ ဟု အမေးတကော ပြေးမေးရပြန်သည်။ အစိုးရက ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပပေးမည် ဆိုသောအခါ ကရင်များ ပါတီထောင်ကြပြန်သည်။ ရွေးကောက်ပွဲဝင်ဖို့ ကရင်လူထု ကောင်းစားရေးအတွက် လွှတ်တော်တွင် နေရာယူတိုက်ပွဲဝင်ဖို့ဟု ဆိုပါသည်။ ပြည်မဘက်တွင် KPP ခေါ် ကရင်ပြည်သူ့ပါတီ ဖွဲ့စည်းသည်။ ကရင်ပြည်နယ်တွင် ဖလုံ-စဝေါ် ဒီမိုကရက်တစ်ပါတီ (PSDP) နှင့် ကရင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေး ဒီမိုကရက်တစ်ပါတီ (KSDDP) တို့ ထူထောင်ကြသည်။ ၂၀၁၀ ခုနှစ် ရွေးကောက်ပွဲအပြီး ကရင်ဒီမိုကရက်တစ်ပါတီ (KDP) တစ်ပါတီ ထပ်တိုးလာသည်။ ဤမျှသာမဟုတ် အာဏာရ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး ပါတီထဲ၌ ကရင်များ ပါဝင်လျက် ရှိသည်။ ဒေါ်အောင်ဆန်းစုကြည်၏ NLD ပါတီတွင်လည်း ကရင်များ ရောက်ရှိနေသည်။ မည်သို့များ ဖြစ်နေကြပါလိမ့်။ ရွေးကောက်ပွဲနိုင်ချင်ရင် ကရင်တစ်ပါတီပဲထောင်၊ ကရင်များအားလုံး ထိုပါတီဝင်ဖြစ်၊ အားလုံးစုရုံး မဲပေးကြ။ ဒီလို မဟုတ်လား။

အစိုးရနှင့် တတိယအကြိမ် ငြိမ်းချမ်းရေးစကားဆိုခဲ့ပြီးသော ကရင်အမျိုးသားအစည်းအရုံး KNU သည် ငြိမ်းချမ်းရေးဆွေးနွေးပွဲ အောင်မြင်ပါက KNU အမည်ဖြင့်ပင် ဆက်လက် ရပ်တည်မည်လော။ (သို့မဟုတ်) ပါတီနိုင်ငံရေး လုပ်မည်လော။ စဉ်းစားရကြပ်မည် ထင်ပါသည်။

စာရေးသူအနေဖြင့် ဤမျှ ရှည်လျားထွေပြားသော ကရင်တို့၏ မတူကွဲပြား ခြားနားမှုများကို ရေးသားဖော်ပြနေခြင်းမှာ အသိအမြင် ဗဟုသုတ ကရင့်သမိုင်း ဖြစ်ရပ်အမှန်များကို သိရှိစေလိုခြင်းထက် ကရင့်ဘေးကိုမြင် ကရင့်အတွေးနယ်ပယ်ကို ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ကျက်၊ ကရင့်အရေးကို အလေးအနက်ထား စဉ်းစားဆုံးဖြတ် ဆောင်ရွက်သွားကြဖို့ ရည်ရွယ်ရင်း ဖြစ်ပါသည်။ စင်စစ် ကရင်တို့ မျိုးနွယ်စုကွဲပြားမှု၊ ဘာသာစကားမတူညီမှု၊ နေရာဒေသခြားနားမှု စသည်တို့မှာ သဘာဝတရားအရ ရှောင်လွှဲ၍ မရသည်ကို




သဘောပေါက်ကြဖို့ လိုပါသည်။ ကိုးကွယ်ယုံကြည်မှု၊ အနုသုခုမနှင့် စာပေ၊ နိုင်ငံရေးအတွေးအခေါ်တို့ မတူကွဲပြားမှုရှိသည်ကိုကား နက်ရှိုင်းစွာ ချင့်ချိန်သုံးသပ် ဆင်ခြင်တုံတရားထားရှိဖို့ ဖြစ်ပါသည်။

ကရင်စကား တစ်မျိုးတည်းသာ ပြောသည်ကို ကြားလိုပါသည်။ တစ်ခုတည်းသော ကရင်စာပေကို သင်ကြားရေးသားချင်ပါသည်၊ တစ်နေရာတည်း၌ မိမိတို့ကရင်များ ပူးပေါင်းနေထိုင်လိုပါသည်၊ တစ်ပါတီ တစ်စုတစ်ဖွဲ့တည်း တည်ထောင်လိုပါသည် ဆိုလျှင်တော့ ခက်ခဲနေပေလိမ့်မည်။

သို့ရာတွင် “အရေးကြီးလျှင် သွေးနီးသည်၊ သွေးစကားပြောသည်” ဟူသည့် အဆိုအမိန့်ကို သာမန်ကာလျှံကာ ကြည့်လျှင် မည်သို့မျှ အရေးမကြီးသလို ဖြစ်နေသော်လည်း လေးလေးနက်နက် တွေးကြည့်ပါက လွန်စွာထိရောက် နက်ရှိုင်းသည့် အဓိပ္ပာယ်ကို ဖော်ဆောင်နေပါသည်။

နိဂုံးကမွတ် အဆုံးသတ်ရပါလျှင် မိမိတို့ ကရင်များသည် မတူကွဲပြား ခြားနားမှုအမျိုးမျိုးကို ဘေးချိတ်၊ အစွန်းရောက်လွန်းသည်များကို ရှောင်ရှား၊ မိမိတို့၏ အကျိုးစီးပွားများ တိုးတက်ရာတိုးတက်ကြောင်း ရှေးရှုမျှော်မှန်း သွေးနီးရောင်သန်းကြလျက် စည်းလုံးညီညွတ် ခိုင်မြဲလက်တွဲ နိုင်ကြပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပေသတည်း။

(လွှန်တာရိုက၊ ဝန္နာဗိပါ၏)

မန်းအောင်ပြည်စိုး

■

# များလူခပ်သိမ်း



'တပ်မတော်ကို မိမိကိုယ်ကို ခုခံကာကွယ်ရုံက လွဲပြီး ထိုးစစ်ဆင်တိုက်ခိုက်မှုတွေ မလုပ်ဖို့ ညွှန်ကြားထားပြီးတဲ့ အနေအထားမှာ ဘာဖြစ်လို့ ပစ်ခတ်တိုက်ခိုက်မှုတွေ မရပ်သေးတာလည်း ဆိုတဲ့မေးခွန်း ဖြစ်ပါတယ်။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်တိုင် လက်အောက်ခံ တပ်ရင်းတပ်ဖွဲ့တွေကို ဆက်လက်ညွှန်ကြားထားပြီး ဖြစ်ပါတယ်'

**နိုင်ငံတော်သမ္မတဦးသိန်းစိန်**

၁-၃-၂၀၁၂ - တိုင်းပြည်သို့ ပြောကြားသော နှစ်လည် မိန့်ခွန်း

---

'အမျိုးသားပြန်လည်သင့်မြတ်ရေး မရှာဘူးဆိုရင် ဘယ်လို ပြုပြင်ပြောင်းလဲမှုကမှ အောင်မြင်မှာ မဟုတ်ပါဘူး။ အခု အခါ ခင်ဗျားတို့မှာ အပစ်အခတ်ရပ်စဲရေးကနေ ပြေလည်ရေးအထိ သွားနိုင်တဲ့ သတိပြုစရာ အခွင့်အလမ်းတွေ ရရှိနေတဲ့ သမယ ဖြစ်ပါတယ်'



**ဘာရက်အိုဘားမား**

(အမေရိကန်သမ္မတ)

၁၉-၁၁-၂၀၁၂ ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင် ခန်းမတွင် ပြောကြားသောမိန့်ခွန်း

---



'တိုင်းရင်းသားတွေရဲ့ ဆန္ဒအတိုင်း ပင်လုံစိတ်ဓာတ်နဲ့အညီ တန်းတူညီမျှမှုကို အခြေခံတဲ့ စစ်မှန်တဲ့ပြည်ထောင်စုကြီး တည်ဆောက်နိုင်ဖို့အတွက် ကျွန်မတို့အနေနဲ့ ဘုံတူညီချက် ရှာဖွေရပါလိမ့်မယ်'

**ဒေါ်အောင်ဆန်းစုကြည်**

(ဥက္ကဋ္ဌ-အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်)

၄-၃-၂၀၁၂ - ကြားဖြတ်ရွေးကောက်ပွဲအကြို မြန်မာ့ရုပ်မြင်သံကြားတွင် ဟောပြောချက်

---

'အမျိုးသားရင်ကြားစေ့ရေး၊ စစ်မှန်သော ငြိမ်းချမ်းရေး ပေါ်ထွန်းစေရေးအတွက် တိုင်းရင်းသားများ၏ လိုအပ်ချက်များကို ဆွေးနွေးခဲ့ကြောင်း



**နော်စီဖိုးရာစိန်**

(အထွေထွေအတွင်းရေးမှူး)

KNU - ကရင်အမျိုးသား အစည်းအရုံး

၁၂-၄-၂၀၁၂ ရန်ကုန်မြို့ တက္ကသိုလ်ရိပ်သာလမ်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်နှင့် ဆွေးနွေးပွဲမှတ်တမ်း

# ငြိမ်းချမ်းရေး

■ စောဆေးတံတို

## အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ရပြီးအဖွဲ့များ
(List of Ceasefire Agreements)

| | Armed Group<br>(လက်နက်ကိုင် အဖွဲ့အစည်းများ) | Date initial agreements signed<br>သဘောတူလက်မှတ်ရေးသော ရက်စွဲ |
|---|---|---|
| 1. | United Wa State Army(UWSA)<br>ဝပြည်သွေးစည်းညီညွတ်ရေးတပ်မတော် | 6 September 2011 |
| 2. | National Democratic Alliance Army (NDAA, "Mongla Group")<br>အမျိုးသားဒီမိုကရက်တစ် မဟာမိတ်တပ်မတော် (မိုင်းလားအုပ်စု) | 7 September 2011 |
| 3. | Kloh Htoo Baw ("Golden Drum" Group;<br>ex-Democratic Kayin Buddisht Army Brigade 5)<br>ကလိုထူးဘော ဒီမိုကရက်တစ် ကရင်ဗုဒ္ဓဘာသာတပ်မဟာ | 3 November 2011 |
| 4. | Shan State Army-South (SSA-South)<br>ရှမ်းပြည်တပ်မတော် (တောင်ပိုင်း) | 2 December 2011 |
| 5. | Chin National Union (CNF)<br>ချင်းအမျိုးသားတပ်ဦး | 6 January 2012 |
| 6. | Karen National Union (KNU)<br>ကရင်အမျိုးသားအစည်းအရုံး | 12 January 2012 |
| 7. | Shan State Army-North (SSA-North)<br>ရှမ်းပြည်တပ်မတော် (မြောက်ပိုင်း) | 28 January 2012 |
| 8. | New Mon State Party (NMSP)<br>မွန်ပြည်သစ်ပါတီ | 1 February 2012 |
| 9. | Karen National Liberation Army Peace Council<br>ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် - ငြိမ်းချမ်းရေးကောင်စီ | 7 February 2012 |
| 10. | Karenni National Progressive Party (KNPP)<br>ကရင်နီတိုးတက်ရေးပါတီ | 7 March 2012 |
| 11. | Arakan Liberation (ALP)<br>ရခိုင်လွတ်မြောက်ရေးပါတီ | 6 April 2012 |

မြန်မာနိုင်ငံမှာ အစိုးရနဲ့ တိုင်းရင်းသားလက်နက်ကိုင် တပ်ဖွဲ့များဟာ တွေ့ဆုံဆွေးနွေးပွဲကတဆင့် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ကို ၂၀၁၁ စက်တင်ဘာလမှစပြီး လက်မှတ်ရေးထိုးခဲ့ပါတယ်။ တိုင်းပြည်ငြိမ်းချမ်းဖို့ လက်နက်ကိုင် တိုက်ပွဲနဲ့မရ၊ တွေ့ဆုံဆွေးနွေးပွဲနဲ့ ပြေလည်မှုကို စတင်ရပါတယ်၊ ဒါကြောင့် ကျွန်တော်တို့နိုင်ငံထက်စောပြီး တွေ့ဆုံဆွေးနွေးမှုနဲ့ ငြိမ်းချမ်းရေးအတွက် အဖြေရှာခဲ့တဲ့ တောင်အာဖရိက၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်တို့ရဲ့ အတွေ့အကြုံကို စပ်ဟပ် လေ့လာမိပါတယ်။

**တောင်အာဖရိက**

**တောင်အာဖရိက-အမျိုးသားကွန်ဂရက်**

ခေါင်းဆောင်နယ်ဆင်မင်ဒဲလား (Nelson Mandela) နဲ့ အမျိုးသားပါတီခေါင်းဆောင် ဗီလျံဒီကလပ် (Willams De Klerk) တို့သာ ငြိမ်းချမ်းရေးဆောင်ကြဉ်းနိုင်မှုအတွက် ၁၉၉၃ မှာ ငြိမ်းချမ်းရေးနိုဘယ်ဆု အပ်နှင်းခြင်းခံရပါတယ်။ တချိန်က ပြင်းထန်တဲ့နှစ်ဘက် ပဋိပက္ခကို ကိုယ်စားပြုရသူနှစ်ဦးဟာ ၁၉၉၄ ရွေးကောက်ပွဲအပြီးမှာ မင်ဒဲလားက သမ္မတ၊ ဒုသမ္မတ အဖြစ် နိုင်ငံတာဝန် ထမ်းဆောင်ခဲ့ရပါတယ်။ ဒီရလဒ်ဟာ ပဋိပက္ခ ဖြစ်နေတဲ့၊ ညှိနှိုင်းဆွေးနွေးဖို့ ကြိုးစားနေတဲ့ နိုင်ငံတွေကို အတွေ့အကြုံ ဝေငှတဲ့အနေနဲ့ ၂၀၁၂ ခုနှစ် မတ်လ ၅ ရက်နေ့ အမေရိကန်နိုင်ငံ ဝါရှင်တန်မြို့တော်မှာ တောင်အာဖရိကရဲ့ တွေ့ဆုံညှိနှိုင်းမှု သင်ခန်းစာ (၅) ရပ်ကို ဖော်ပြခဲ့ပါတယ်။

သင်ခန်းစာ(၅)ရပ်

| | |
|---|---|
| 1. Departure Point | - လမ်းခွဲအဆက်ဖြတ်ပွိုင့် |
| 2. Inclusive Negotiation | - အကျယ်အပြန့် ညှိနှိုင်းဆွေးနွေးနိုင်မှု |
| 3. Give and Take Basic | - အပေးအယူအခြေခံ |
| 4. Unity and Diversity | - ညီညွတ်မှုနှင့် ကွဲလွဲမှု |
| 5. Forgive Mistakes | - သင်ပုန်းကျေမှု |

(၁) ပထမသင်ခန်းစာ (လမ်းခွဲ အဆက်ဖြတ်ပွိုင့်)

- အကြမ်းဖက်သံသရာက ဖောက်ထွက်လိုတယ်ဆိုရင်
- ဗိုမိုချမ်းသာပျော်ရွှင်တဲ့ လူ့အဖွဲ့အစည်းဖြစ်ဖို့ဆိုရင်
- ဒီမိုကရေစီ နိုင်ငံရေးစနစ်သို့ ဆန္ဒရှိမယ်ဆိုရင်
- ခေတ်ဟောင်း စနစ်ဟောင်းနဲ့ အဆက်ဖြတ်ရပါလိမ့်မယ်။
- အင်အားစုအသီးသီးရဲ့ ခေါင်းဆောင်တွေက အခြေခံကျတဲ့ ပြောင်းလဲမှုတစ်ခု လိုအပ်နေပြီလို့ သဘောပေါက်ယူဆရင် ဒါဟာ ခေတ်ဟောင်းစနစ်ဟောင်းနဲ့ အဆက်ဖြတ်နိုင်တဲ့ ပွိုင့် (Departure Point) လို့ ဆိုနိုင်ပါတယ်။
- ခေါင်းဆောင်အသီးသီးက အပြောင်းအလဲတစ်ခု မလွဲမရှောင်သာ ဆောင်ရွက်မှုဖြစ်တော့မယ်လို့ သိမှတ်လက်ခံကြဖို့ ဖြစ်ပါတယ်။
- အင်အားသုံး အာဏာရယူရေး

ငါတစ်ကော အတွေးစွဲတွေကို စွန့်ခွာပြီး ရင်းနှီးချစ်ကြည်ပူးပေါင်းဆောင်ရွက်မှု အမြင်သစ်နဲ့ ဒီမိုကရေစီနည်းနာတွေနဲ့ အဖြေရှာကြရမှာ ဖြစ်ပါတယ်။

- ဒီနည်းနာတွေနဲ့ နှစ်ဖက်စေ့စပ် ညှိနှိုင်းရေးစားပွဲတိုင်းက ထွက်ပေါ်လာတဲ့ ရလဒ်ဖြစ်တဲ့ ကြားအဖြေ (Compromise) ကို ရရှိခဲ့ပါတယ်။

(၂) ဒုတိယသင်ခန်းစာ (အကျယ်အပြန့် ညှိနှိုင်းဆွေးနွေးနိုင်မှု)

- မတူတဲ့ စိုးရိမ်ကြောင့်ကြမှုတွေ၊ တူတဲ့ရည်မှန်းချက်တွေ၊ မတူတဲ့ အစီအစဉ်တွေရှိကြတဲ့ အင်အားစုမျိုးစုံ ပါဝင်ပတ်သက်နေတဲ့ ပဋိပက္ခမို့ ကျယ်ပြန့်တဲ့ (Inclusive) ဆွေးနွေးညှိနှိုင်းမှုတွေ ပြုရပါတယ်။ ပေါ်ထွက်လာတဲ့ သဘောတူညီချက်တွေအပေါ် အခြေခံရ ပါလိမ့်မယ်။

- Inclusive Negotiation - အကျယ်အပြန့် ညှိနှိုင်းဆွေးနွေးနိုင်မှု ပြုနိုင်လေလေ ရေရှည်အောင်မြင်မှုအတွက် အာမခံချက် ရရှိလေလေ ဖြစ်ပါတယ်။

(၃) တတိယသင်ခန်းစာ (အပေးအယူ အခြေခံ)

- ကျယ်ပြန့်တဲ့ ဆွေးနွေးမှုက ပေါ်ထွက်လာတဲ့ သဘောတူညီချက်တွေဟာ ပဋိပက္ခတွေမှာ ပါဝင်ပတ်သက်သူ အင်အားစုတိုင်းရဲ့ ကျိုးကြောင်းဆီလျော်မှုရှိတဲ့ စိုးရိမ်သောကတွေနဲ့ မျှော်လင့်ချက်တွေကို ထည့်သွင်းစဉ်းစားကြမှာ ဖြစ်ပါတယ်။
- ဆိုလိုတာက ပဋိပက္ခဖြစ်နေတဲ့ ဘက်အသီးသီးတွေအနေနဲ့ တစ်စုံတစ်ရာ စွန့်လွှတ်အနစ်နာခံမှုတွေ ရှိတန်သလောက် ရှိပါမယ်။
- ဒီနေရာမှာ ညှိနှိုင်းမှုဖြစ်စဉ်တွေဟာ "နိုင်သူ - ရှုံးသူ" ဆိုတာမျိုးထက် အဆုံးသတ် အားလုံးအနိုင်ရဖို့ ဖြစ်ပါတယ်။
- ဒါကြောင့် တောင်အာဖရိကက ပဋိပက္ခဖြေရှင်းရေး ဖြစ်စဉ်မှာ နှစ်ဖက်စလုံးမှာ နာကျင်ပင်ပန်းရတဲ့ လိုက်လျောမှုတွေရှိသလို ကျေနပ်စရာကောင်းတဲ့ အောင်မြင်မှုတွေလည်း ရရှိခဲ့ပါတယ်။ ဒါဟာ အပေးအယူ (Give and Take Basic) ဖြစ်ပါတယ်။

(၄) စတုတ္ထသင်ခန်းစာ (ညီညွတ်မှုနဲ့ ကွဲလွဲမှု)

- ဒီနေ့ ကမ္ဘာပေါ်မှာ ရင်ဆိုင်နေရတဲ့ ပဋိပက္ခတွေမှာ ၂၅ ခုဟာ ကိုယ့်ပြည်တွင်းမှာ ကိုယ့်အမျိုးသား အချင်းချင်း တိုက်နေရတဲ့ ပြည်တွင်းစစ်ဖြစ်ပြီး ကျန် ၂ ခုသာ ပြည်ပစစ်ပွဲဖြစ်ပါတယ်။
- ဒီ ပြည်တွင်းစစ်ပဋိပက္ခကို ပြေငြိမ်းအောင်မြင်စေဖို့ မတူခြားနားမှုနဲ့ စုစည်းညီညွတ်ခြင်းဆိုတဲ့ (Unity and Diversity) ပဒေသာစုံ ဖြစ်မှုကို ချိန်ခွင်လျှာမျှပေးဖို့ပါ။
- စည်းလုံးညီညွတ်မှု ဘောင်ထဲမှာ ပဒေသာစုံဖြစ်မှုကို မှန်မှန်ကန်ကန် နေရာပေးဖို့ ပဒေသာစုံကို စီမံခန့်ခွဲကြဖို့ လိုပါတယ်။
- အထူးသဖြင့် လူနည်းစုအုပ်စုတွေကို တစ်စုလုံးရဲ့ အရေးကြီးတဲ့ အစိတ်အပိုင်းအဖြစ် အသိအမှတ်ပြုလက်ခံဖို့
- လူနည်းစု အနေနဲ့လည်း မိမိကိုယ်ကို ဖယ်ထုတ်ခံရတဲ့ အုပ်စုလို မမြင်၊ မခံစားမိအောင် ဂရုစိုက်ဖို့ လိုပါတယ်။
- တစ်ခုလုံးနဲ့ တစ်ခုချင်း တစ်နည်းအားဖြင့် သဘောထားကွဲလွဲမှုနဲ့ ညီညွတ်မှုကိုသာ ချိန်ခွင်လျှာမျှနိုင်ရင် တည်ငြိမ်နိုင်မှာတဲ့ ငြိမ်းချမ်းရေးကို အသေအချာ ရနိုင်ချေရှိပါတယ်။

(၅) ပဉ္စမသင်ခန်းစာ (သင်ပုန်းချေခြင်း)

- ပဋိပက္ခတွေကြားက တိုးထွက်လာရတဲ့ နိုင်ငံတိုင်းမှာ ရင်ဆိုင်ဖြေရှင်းရတဲ့ ပြဿနာတစ်ရပ်ကတော့ ကျူးလွန်ခဲ့တဲ့ နိုင်ငံရေး ရာဇဝတ်မှုပါပဲ။
- နိုင်ငံတော်တော်များများ ပဋိပက္ခသံသရာထဲက ဖောက်မထွက်နိုင်သေးတာ အောင်မြင်တဲ့ ညှိနှိုင်းဆွေးနွေးမှုတွေ မလုပ်နိုင်ကြတာဟာ ဒီနိုင်ငံရေးရာဇဝတ်မှုတွေနဲ့ ဆက်စပ်နေလို့ပါ။
- ယုံကြည်မှုအတွက် မှန်တယ်ထင်တဲ့ အရေးတော်ပုံတစ်ခုအတွက် လုပ်ကိုင်ခဲ့တာဖြစ်ပေမယ့် တစ်ဖက်ကကြည့်ရင် ရာဇဝတ်မှုနဲ့ ငြိနေပါတယ်။ ဒီကိစ္စအပေါ် မှန်မှန်ကန်ကန် သဘောမထားနိုင်ရင် အပြောင်းအလဲအတွက် အတားအဆီး ခလုတ်ကန်သင်း ဖြစ်တတ် ပါတယ်။ အထူးသဖြင့် ပဋိပက္ခကာလကြီးကို တာဝန်ယူရသူတွေဖက်က စိုးရိမ်ပူပန်မှုတွေ သဘာဝကျစွာ ရှိနေနိုင်ပါတယ်။
- ငါတို့အာဏာစွန့်လိုက်ရင် ငါတို့ထောင်ထဲ ရောက်သွားမလား။
- ငါတို့ကို ဒဏ်ခတ်ကြမလား။ လက်စားချေကြမလား။
- ဖင်ဘာဘွေ ဗိုလ်ချုပ်ကြီးတွေအနေနဲ့ မူဂါဘီ ဘက်ကို အပြတ်ရပ်တည်ခဲ့ကြတာဟာ ဒီကြောင့်ကြစိတ်တွေနဲ့ သက်ဆိုင်နေပါတယ်။
- တောင်အာဖရိကမှာ ဆိုးဆိုးရွားရွား နိုင်ငံရေးရာဇဝတ်မှုတွေကို လျော့ပေါ့စဉ်းစား အရေးယူမလား
- အထွေထွေ လွတ်ငြိမ်းချမ်းသာခွင့် ပေးမလား၊ အကြီးအကျယ် ငြင်းခုံခဲ့ရပါတယ်။
- ယေဘုယျအားဖြင့် သင်ပုန်းချေခြင်းကို နှစ်ဖက်လုံး သဘောတူခဲ့ကြပါတယ်။

- ဒါကြောင့် လက်စားမချေဘဲ သင်ပုန်းချေကြခြင်းသာ (Forgive Mistakes) တည်ငြိမ်တဲ့ အပြောင်းအလဲအတွက် မှန်ကန်တဲ့ ရွေးချယ်မှု ဖြစ်ခဲ့ပါတယ်။

## အင်ဒိုနီးရှားနှင့် ဖိလစ်ပိုင်

ပြီးတော့ အာဆီယံအဝန်းအဝိုင်းမှ အင်ဒိုနီးရှားနဲ့ ဖိလစ်ပိုင်တို့ရဲ့ ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးပွဲ အတွေ့အကြုံကလည်း သင်ခန်းစာပါ။

“မတူညီသော ရပ်တည်မှုများမှသည် တူညီသော ငြိမ်းချမ်းရေးဆီသို့ ရည်ညွှန်းချက်” ဖြင့် အင်ဒိုနီးရှား၊ ဖိလစ်ပိုင်တို့မှ ငြိမ်းချမ်းရေးနှင့် ပဋိပက္ခ ဖြေရှင်းရေးဆိုင်ရာ ထိပ်တန်းပုဂ္ဂိုလ်များ လာရောက်အတွေ့အကြုံ ဝေငှကြပါတယ်။

အင်ဒိုနီးရှားအဖွဲ့မှာ ဒု-သမ္မတဟောင်း ဗိုဟာမက်ကာလာ၊ ဗိုလ်ချုပ်ကြီး ဆူဟာတို၊ ပြန်ကြားရေးဝန်ကြီးဟောင်း ဟာဇစ်တို့ ပါဝင်ပါတယ်။

ဖိလစ်ပိုင်အဖွဲ့မှာ လက်ရှိအစိုးရအဖွဲ့ ဝန်ကြီး တီရီစီ တာဒါလက်(စ်)၊ အငြိမ်းစားဗိုလ်ချုပ်ကြီး အလက်ဇန္ဒားယာနို၊ နိုင်ငံရေးသိပ္ပံပါမောက္ခ မာရီယန်ဖယ်ရာရာ၊ ငြိမ်းချမ်းရေး ဖော်ဆောင်မှုအဖွဲ့ ဒါရိုက်တာဟောင်း အယ်ဟာအီဝန်ဂျလစ်တာတို့ အသီးသီး ပါဝင်ပါတယ်။

## ဖိလစ်ပိုင်

(၁) ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များကို နေ့ချင်းညချင်း အောင်မြင်မှုမရနိုင်။ ရေရှည်စိတ်ရှည်သည်းခံမှုနှင့် ရေရှည်မျှော်မှန်းတဲ့ မာရသွန်စိတ်ဓာတ် (Marathon Mentality) ကိုထားရှိရန်။

(၂) ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ရှိသားဖြောင့်မတ်မှု ကတိကဝတ် စောင့်ထိန်းရန် တပ်မတော်အနေနှင့် အထူးလိုက်နာထိန်းသိမ်းရန်။

(၃) အရေးကြီးသောအချက်မှာ ငြိမ်အောင် မလုပ်ပါနှင့်၊ ငြိမ်းချမ်းအောင်ပြုလုပ်ရန်။ (Peace, not Pacific action)

(၄) ငြိမ်းချမ်းရေးဆောင်ရွက်မှုဟာ အစိုးရနှင့် လက်နက်ကိုင်တပ်ဖွဲ့တို့အကြား လုပ်ငန်းစဉ်တစ်ခုမျှသာမက နိုင်ငံသားအားလုံးနှင့် သက်ဆိုင်ပြီး လူ့အဖွဲ့အစည်းတစ်ခု ဖြစ်ပေါ်လာစေရန်။

(၅) ပိုမိုကောင်းမွန်မျှတသော အားလုံးအတူတကွ ဒွန်တွဲနေထိုင်နိုင်မည့် လူ့အဖွဲ့အစည်းဖြစ်ပေါ်လာစေရန်။

(၆) အစိုးရနှင့် လက်နက်ကိုင်တပ်များအကြား အသာအနာ မရှိစေဘဲ နိုင်ငံရေးသိက္ခာရှိရှိ ငြိမ်းချမ်းရေးရယူရန်။

(၇) အစိုးရ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို အစိုးရဌာနအသီးသီးကလည်း ပါဝင်လိုက်နာဆောင်ရွက်ရန် ချမှတ်အကောင်အထည်ဖော်ရကြောင်း တင်ပြသွားပါတယ်။

## အင်ဒိုနီးရှား

(၁) စစ်ဆင်ရေးကာလအတွင်း မိမိတို့ တပ်မတော်အနေနှင့် လူ့အခွင့်အရေးကို လုံးဝချိုးဖောက်ခြင်း မပြုဘဲ အထူး လေးစားလိုက်နာကြရန် လိုကြောင်း။

(၂) အင်ဒိုနီးရှား၏ ငြိမ်းချမ်းရေးအောင်မြင်မှုတွင် သမ္မတအနေနှင့် အဓိကအခန်းကဏ္ဍမှ ပါဝင်မှုသည် အထူး အရေးကြီးကြောင်း။

(၃) ငြိမ်းချမ်းရေးဆွေးနွေးရာတွင် ကတိစကားကို သမ္မတကိုယ်တိုင် သိရှိလက်ခံပြီးမှပေးခြင်းက အထူးအဆင်ပြေချောမွေ့စေကြောင်း။

(၄) ငြိမ်းချမ်းရေးဆောင်ရွက်သူ ပုဂ္ဂိုလ်များအနေနှင့် မိမိတို့အား မည်မျှလုပ်ပိုင်ခွင့် အပ်နှင်းထားသည်ကို သိရှိရန် လိုပါသည်။ မသိရှိပါက စေ့စပ်ညှိနှိုင်းသူမဟုတ်ဘဲ (Messenger - သတင်းပို့သမား၊ ဆက်သား) မျှသာ ဖြစ်သွားမည်ကို သတိထားသင့်ကြောင်း။

(၅) ငြိမ်းချမ်းရေး တည်ဆောက်ရာတွင် အပြန်အလှန် ယုံကြည်မှုသည် အရေးကြီးကြောင်း။

(၇) ပဋိပက္ခဖြေရှင်းရေးနှင့် ငြိမ်းချမ်းရေး တည်ဆောက်မှုတို့ဟာ နိုင်ငံရေးတည်ငြိမ်မှု စီးပွားရေးဖွံ့ဖြိုးမှုနှင့် နိုင်ငံသားများ၏ လူမှုဘဝတိုးတက်ရေးအတွက် အရေးတကြီး လိုအပ်ကြောင်း ထုတ်ဖော်ဆွေးနွေးသွားပါတယ်။

## မြန်မာနိုင်ငံ

မြန်မာနိုင်ငံနဲ့ ပတ်သက်ပြီး ဘယ်လ်ဂျီယံနိုင်ငံက "International Crisis Group" ဘရပ်ဆဲအခြေစိုက်က ၄-၁၁-၂၀၁၂ နေ့စွဲနဲ့ ထုတ်ပြန်တဲ့ကဏ္ဍကို ဖော်ပြထားပါတယ်။ ဖြစ်စဉ်မှာ ပြီးခဲ့တဲ့ တစ်နှစ်တာကာလ အတွင်းမှာ အစိုးရဟာ တိုင်းပြည်မှာရှိတဲ့ လူမျိုးစုလက်နက်ကိုင် အဖွဲ့အစည်းများနဲ့ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် လက်မှတ်ရေးထိုးနိုင်ခဲ့ပါတယ်။ KIO အဖွဲ့နဲ့တော့ သဘောတူညီချက် မရသေးလို့ လက်မှတ်ရေးထိုးနိုင်ခြင်း မရှိပါ။(အစိုးရတပ်နဲ့ ကေအိုင်အေ တပ်တို့ တိုက်ပွဲဆက်ဖြစ်နေတုန်းပါ။)

ရေရှည်ငြိမ်းချမ်းရေး အခိုင်အမာရရှိဖို့ နောက်ထပ်ခြေလှမ်းများလှမ်းဖို့ လိုလိမ့်ဦးမယ်လို့ အစိုးရဘက်က သိမှတ်လက်ခံပြီး "လုပ်ငန်းစဉ် ၃ ဆင့်" ကိုချမှတ်ထားပါတယ်။

### ၁။ ပထမအဆင့်

လက်နက်ကိုင်အဖွဲ့အစည်း အသီးသီးနှင့် သက်ဆိုင်ရာပြည်နယ်၊ တိုင်းဒေသကြီးအစိုးရများအကြား အပစ်ရပ်စဲရေး သဘောတူညီမှုရဖို့ ဖြစ်ပါတယ်။ ဒီအဆင့်မှာ နှစ်ဖက်အပြန်အလှန် ယုံကြည်မှုတည်ဆောက်ရေးကို အရေးကြီးဆုံးအဖြစ် ယူဆထားပါတယ်။

### ၂။ ဒုတိယအဆင့်

အဖွဲ့အစည်းအသီးသီးနဲ့ ပိုမိုကျယ်ပြန့်တဲ့ ဆွေးနွေးညှိနှိုင်းမှုများနဲ့ လူမှုစီးပွားရေး၊ ယဉ်ကျေးမှုရေးနဲ့ နိုင်ငံရေးပြဿနာများ အပါအဝင် အခြားဆက်စပ်နေတဲ့ ပြဿနာများကို ကိုင်တွယ်ဖြေရှင်းကြရမှာ ဖြစ်ပါတယ်။

မကြာသေးမီက KNU ကရင်အမျိုးသား အစည်းအရုံးနဲ့ အစိုးရတို့ နေပြည်တော်မှာဆွေးနွေးပြီး အပစ်အခတ်ရပ်စဲရေး လက်တွေ့အကောင်အထည်ဖော်ဖို့ လုပ်ထုံးလုပ်နည်းဆိုင်ရာတို့ကို သဘောတူချမှတ်နိုင်ခဲ့ပါတယ်။

ပြီး ၇ ရက်နေ့က KNU ကိုယ်စားလှယ်အဖွဲ့နဲ့ သမ္မတဦးသိန်းစိန်တို့ တွေ့ဆုံဆွေးနွေးခဲ့ပါတယ်။ KNU နှင့် မြန်မာအစိုးရ အကြီးအကဲတို့ကြား နှစ်ပေါင်းများစွာ အတွင်း ပထမဦးဆုံး တွေ့ဆုံမှု ဖြစ်ပါတယ်။ အဲဒီ ဆွေးနွေးပွဲမှာ သမ္မတဦးသိန်းစိန်က KNUကို မတရားအသင်း ကြေငြာထားတဲ့ စာရင်းထဲမှ ဖယ်ရှားပေးဖို့ မိမိရည်ရွယ်ထားကြောင်း ထုတ်ဖော် ပြောကြားခဲ့ပါတယ်။

KNU အဖွဲ့အနေနဲ့ အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်နဲ့လည်း ရန်ကုန်မြို့ တက္ကသိုလ်ရိပ်သာလမ်းမှာ တွေ့ဆုံခဲ့ပါတယ်။

"အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဒီလိုင်းစာစောင်က ယခုကဲ့သို့ တိုင်းရင်းသားများနှင့် တွေ့ဆုံနိုင်ခြင်းဖြင့် စစ်မှန်သော ဒီမိုကရေစီပြည်ထောင်စုကြီး ထူထောင်ရေးအတွက် ဖြစ်ရမည်ဟု ယုံကြည်ကြောင်း ယခုဆွေးနွေးပွဲကို အားရမိကြောင်းဖြင့် ဆွေးနွေးပွဲအပြီးတွင် ပြုလုပ်သော သတင်းစာဆွေးနွေးပွဲတွင် ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်က ပြောဆိုခဲ့ကြောင်း" ဖော်ပြခဲ့ပါတယ်။

### ၃။ တတိယအဆင့်

ယခုအချိန်ထိ မစတင်နိုင်သေးပါ။ ဒီအဆင့်ရဲ့ ရည်ရွယ်ချက်က လက်နက်ကိုင်အဖွဲ့အစည်းအားလုံးမှ ကိုယ်စားလှယ်တွေနဲ့ အခြားသော အကျိုးရှင် (Stakeholders) တွေစုစည်းပြီး လူမျိုးစုပြဿနာဆိုင်ရာ ရေရှည်တည်တံ့ခိုင်မြဲမယ့် နိုင်ငံရေး သဘောတူညီချက်တစ်ရပ် ပုံဖော်ရေး ဆွေးနွေးကြဖို့ ဖြစ်ပါတယ်။ ဒီလိုဆွေးနွေးညှိနှိုင်းကြရာမှာ ပိုမိုအားကြီးတဲ့ ကိုယ်ပိုင်အုပ်ချုပ်ရေးပေးရန်။

ဖွဲ့စည်းပုံ အခြေခံဥပဒေ ပြောင်းလဲရေးဆိုင်ရာကိစ္စတွေ လူမျိုးစုများနဲ့ ပိုမိုများပြားတဲ့ အရင်းအမြစ်များ ခွဲဝေ အသုံးပြုရေးဆိုင်ရာ ပြဋ္ဌာန်းချက်တွေ ပါဝင်ပါလိမ့်မယ်။ ပြီးတော့ လက်နက်ကိုင်အဖွဲ့အစည်းများမှ အဖွဲ့ဝင်များရဲ့ အနာဂတ်အတွက် ဆွေးနွေးအဖြေရှာကြမှာ ဖြစ်ပါတယ်။

အစိုးရအနေနဲ့ စတင်ဖို့ ကြိုးပမ်းနေတဲ့ စီမံချက်ထဲမှာ

- ယခင်စစ်ဖြစ်ပွားရာ ဒေသများမှ ပြည်တွင်းပြောင်းရွှေ့နေထိုင်သူများ (IDPs) ကို ပြန်လည်နေရာချထားရေး။
- ထိုင်းနယ်စပ် ဒုက္ခသည်စခန်းမှ ဒုက္ခသည်များ အဆင်ပြေစွာ အိမ်ပြန်နိုင်ရေး။
- ထိုင်းနိုင်ငံအပါအဝင် ဒေသတွင်းနိုင်ငံများသို့ ရောက်ရှိသွားသူများ ပြည်တော်ပြန်လာနိုင်ရေးတို့ ပါဝင်ပါသည်။

ဒါတွေကတော့ (International Crisis Group) အပြည်ပြည်ဆိုင်ရာ ပဋိပက္ခဖြေရှင်းရေး အင်အားစုရဲ့ ဖော်ပြသုံးသပ်ချက်တွေ ဖြစ်ပါတယ်။

ဒီသုံးသပ်ချက်ပါ အစိုးရရဲ့ လုပ်ငန်းစဉ် စီမံချက်တွေဟာ မည်မျှခရီးပေါက်မယ်၊ မည်မျှခရီးရောက်မယ် ဆိုတဲ့ ရလဒ်ကို ရင်ဆိုင်ကြုံတွေ့ရခဲ့သမျှတွေကတော့ နှစ်ပေါင်း ၆၀ ကျော်ကြာ ပြည်တွင်းစစ် ခါးစည်းခံခဲ့ရတဲ့ ပြည်သူတွေပါပဲ။ ယုံကြည်မှု တည်ဆောက်ရေး၊ အပစ်အခတ်ရပ်စဲရေး၊ ငြိမ်းချမ်းရေးဆိုတာ ရေပွက်ပမာ ခဏတာ မဟုတ်ပါ။ ငြိမ်းချမ်းရေးဟာ ထက်သန်စစ်မှန်မှ ရေရှည်တည်တံ့နိုင်မြဲမှာ ဖြစ်ပါတယ်။

အစိုးရနဲ့ KNU ကရင်အမျိုးသားအစည်းအရုံးဟာ ၁၉၄၉ မှစပြီး ဖဆပလခေတ်၊ မဆလခေတ်၊ နဝတခေတ် အသီးသီးမှာ အစိုးရနဲ့ တွေ့ဆုံဆွေးနွေးခဲ့ပါတယ်။ ပြေလည်မှု မရခဲ့ပါ။

- KNU မှ မုဆိုးကော်ကဆာ စောဟန်တာသာမွေး ခေါင်းဆောင်သော ကရင်တော်လှန်ရေးကောင်စီ
- စောသာထူးကျော် ဦးစီးသော DKBA အဖွဲ့
- စောသမူဟဲ ခေါင်းဆောင်သော ဟောင်သရော အထူးဒေသ၊ ကရင်ငြိမ်းချမ်းရေး တပ်ဖွဲ့
- ဖဒို အောင်ဆန်းဦးစီးသော လက်နက်နှင့် ငြိမ်းချမ်းရေး အဖွဲ့
- ဗိုလ်ချုပ်ထိန်မောင် ခေါင်းဆောင်သော ငြိမ်းချမ်းရေးကောင်စီ

စသည့် အဖွဲ့များ ခွဲထွက်ကြပါတယ်။

KNU ကို စွန့်ခွာပြီး အစိုးရနဲ့ မိမိတို့ အစုအဖွဲ့လိုက်သာ ညှိနှိုင်းငြိမ်းချမ်းရေး ရယူခဲ့တယ်လို့ ဆိုရပါမယ်။ အဖွဲ့တစ်ခု ပုဂ္ဂိုလ်တစ်စုနဲ့သာ ငြိမ်းချမ်းရေးမျိုး ရတယ်လို့ သာဆိုရပေမယ့် ကရင်အမျိုးသားအားလုံးကို ကိုယ်စားပြုစေတဲ့ ငြိမ်းချမ်းရေးမျိုး မရခဲ့ပါ။ ငြိမ်းချမ်းရေးဆိုတာ ကွက်ကြားမိုး မဟုတ်။ ကွက်ကြားမိုးဆိုတာ အစိုမြန်သလို အငွေ့ပြန်လွယ်ပါတယ်။ ဒါကြောင့် တိုင်းပြည်နှင့် တိုင်းရင်းသားအားလုံး ဒေသအနှံ့ထာဝရ လုံခြုံစိတ်ချရတဲ့ စစ်မှန်တဲ့ ငြိမ်းချမ်းရေးမျိုးကိုသာ တောင့်တလျက် ရှိကြပါတယ်။



၂၆-၁၁-၂၀၁၂၊ ရန်ကုန်မြို့ ရွှေဂုံတိုင် တော်ဝင်နှင်းဆီခန်းမတွင် "ငြိမ်းချမ်းရေးအတွက် ယုံကြည်မှုတည်ဆောက်ခြင်း" အလုပ်ရုံဆွေးနွေးပွဲမှာ ရှမ်းတိုင်းရင်းသား ဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးခွန်ထွန်းဦးက "တောင်ဇလပ်ပန်းတွေကလည်း ကျက်သရေရှိတယ်၊ ချယ်ရီပန်းတိုင်းလည်း လှတယ်၊ တစ်ပွင့်ကိုမှ မပျက်စီးစေချင်ဘူး။ ပန်းတိုင်း ပွင့်လန်းစေချင်တယ်" လို့ ငြိမ်းချမ်းရေးအတွက် တိုင်းရင်းသားအားလုံး ညီညွတ်စွာ အတူယှဉ်တွဲ နေထိုင်ရေးကို ရည်ရွယ်ပြောကြားသွားခဲ့ပါတယ်။ ပြီးတော့ ထာဝရ ငြိမ်းချမ်းရေးကို ရည်ရွယ်ပြီး ငြိမ်းချမ်းရေးသီချင်းတစ်ပုဒ် ရေဖွဲ့မယ်လို့ နာမည်ကျော် ရှမ်းအမျိုးသား တေးရေးဆရာ စိုင်းခမ်းလိတ်က ပြောဆိုကြောင်း တေးရေးဆရာ စိုင်းခမ်းလိတ်၏ ဇနီးဖြစ်သူ ဒေါက်တာနွဲ့တင် ထံမှ သိရှိရပါတယ်။

ပွင့်သောပန်းတိုင်းလန်း၍ လန်းသောပန်းတိုင်း မွှေးစေဖို့ များလူခပ်သိမ်း ငြိမ်းချမ်းစေဖို့ ကျွန်ုပ်တို့အားလုံး စစ်မှန်တဲ့ ငြိမ်းချမ်းရေးကို ဝိုင်းဝန်းတည်ဆောက်ကြပါစို့။

မှတ်ချက် - ဤစာသည် ဆောင်းပါးအမှတ် (၁) ဖြစ်ပါသည်။ နောင်နှစ်တွင် ဆောင်းပါးအမှတ် (၂) ကို ဆက်လက် ရေးသားပါမည်။ ဆောင်းပါးခေါင်းစဉ် ရွေးပေးသော မန်းဃီ (ဘိုကလေး) ကို ကျေးဇူးတင်ပါသည်။

စောဆေးတံတို

■




# တွေ့ဆုံဆွေးနွေး

## အပစ်အခတ်ရပ်စဲရေးနှင့်

# ငြိမ်းချမ်းရေး . . .

စောယောင့်သာအဲဆန်

၂၀၁၀ ရွေးကောက်ပွဲနောက်ပိုင်း တက်လာသော အစိုးရသစ်လက်ထက်တွင် ပြည်တွင်းစစ်ရပ်စဲရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေး ရရှိရေးအတွက် အစိုးရဘက်ကရော အတိုက်အခံအင်အားစုဘက်ကပါ လိုလိုလားလား တွေ့ဆုံဆွေးနွေးလာကြသည်ကို တွေ့ရပါသည်။ အထူးသဖြင့် သက်တမ်းရှည် တော်လှန်ရေးအင်အားစုတစ်ခု ဖြစ်သော၊ တော်လှန်ရေးနောင်တော်ကြီးဟု သမုတ်ခြင်းခံရသော ကရင်အမျိုးသားအစည်းအရုံး (KNU) နှင့် အစိုးရ (၁၂-၁-၂၀၁၂) နေ့တွင် ကရင်ပြည်နယ်၊ ဘားအံမြို့၌ ပထမ တွေ့ဆုံဆွေးနွေးနေကြပြီဟူသော သတင်းကို တွေ့မြင်ကြားသိလိုက်ရသည့်အခါ ပြည်တွင်းပြည်ပရှိ ကရင်အမျိုးသားထုတစ်ရပ်လုံးက ဝမ်းသာခြင်း ထက် စိုးရိမ်ခြင်းများစွာ ဖြစ်ရပါသည်။

အကြောင်းကား ကရင်အမျိုးသားအစည်းအရုံးနှင့် အစိုးရအဆက်ဆက် တွေ့ဆုံဆွေးနွေးခဲ့သော်လည်း အောင်မြင်မှု မရရှိခဲ့ခြင်းကြောင့်ပင် ဖြစ်သည်။ သည်တစ်ကြိမ်တွင်လည်း သေချာ အောင်မြင်မည်ဟု မည်သူတစ်ဦးတစ်ယောက်မျှ အာမခံ မပေးနိုင်သကဲ့သို့ မအောင်မြင်နိုင်ဘူး ဟူ၍လည်း မပြောနိုင်ပေ။ အဓိက နှစ်ဦးနှစ်ဖက် အပြန်အလှန် လေးစားယုံကြည်မှု ရှိရန်နှင့် အလျှော့အတင်း၊ အပေးအယူ၊ ညှိမျှမျှတ ရှိရန်သာ အရေးကြီးပေသည်။

သို့ပါ၍ ယနေ့တွေ့ဆုံဆွေးနွေးရေး၊ အပစ်အခတ်ရပ်စဲရေး၊ ငြိမ်းချမ်းရေးနှင့် စပ်လျဉ်း၍ အထူးဆိုဖွယ်ရာ မရှိသော်လည်း တစ်ချိန်က ဖဆပလအစိုးရနှင့် ကရင် အမျိုးသားအစည်းအရုံးတို့ ပဋိပက္ခဖြစ်လာရခြင်းနှင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲ မအောင်မြင်ရခြင်းအကြောင်းကို လေ့လာသုံးသပ်နိုင်ရန် အချက်အလက် တချို့ကို ပြန်လည်ဖော်ပြ သုံးသပ်သင့်မည် ထင်ပါသည်။

ကရင်အမျိုးသားအစည်းအရုံး (KNU) ကို ၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၅ ရက်နေ့တွင် ဖွဲ့စည်းခဲ့ကြသည်။ ကရင်အမျိုးသားအစည်းအရုံးသည် ကရင်အမျိုးသားအရေးအတွက် ဖဆပလအစိုးရထံ အောက်ပါအချက်များကို တောင်းဆိုခဲ့ကြဖူးသည်။

(၁) လွှတ်တော်တွင် ကရင်ကိုယ်စားလှယ်များ မရရှိသေးသည့် အင်းစိန်၊ ပဲခူး၊ ဟံသာဝတီ၊ ဖျာပုံ၊ ထားဝယ်နှင့် မြိတ်ခရိုင်များအတွက် ကရင်လွှတ်တော်ကိုယ်စားလှယ် (၁၇) ဦး တိုးပေးရန်။
(အစိုးရအဖွဲ့ထဲတွင် ကရင်ဝန်ကြီး ၂၅ ရာခိုင်နှုန်း ပါဝင်ရန်)

(၂) လွှတ်တော်သစ်တွင် ကိုယ်စားလှယ်များ ရွေးကောက်ရာတွင် ကရင်ကိုယ်စားလှယ် ၂၅ ရာခိုင်နှုန်း ပါဝင်ရန်။

(၃) ကရင်လက်နက်ကိုင်တပ်ဖွဲ့ကို ယခင်အတိုင်း သီးခြားဆက်လက် ထားရှိရန်။

(၄) ကရင်ပြည်ပေးရန် သဘောထားရှိကြောင်း သဘောတူလက်ခံရန်။

(၅) အုပ်ချုပ်ရေးဌာနများတွင် ကရင်လူဦးရေ အချိုးအစားအလိုက် ကရင်များကို ရာထူးနေရာများ ခန့်ထားပေးရန်။

(၆) လွှတ်တော်ရွေးကောက်ပွဲ ကျင်းပပြီးနောက်တွင် ကရင်လူမျိုး၏ သန်းခေါင်စာရင်းကို ကောက်ခံပေးရန်
စသည်တို့ ဖြစ်ကြသည်။



အထက်ပါ တောင်းဆိုချက် (၆) ချက်အနက် ဖဆပလ အစိုးရသည် နံပါတ် (၆) အချက်ကိုသာ ဆောင်ရွက်ပေးရန် သဘောတူခဲ့သည်ကို သိရသည်။ ထို့ကြောင့် ထင်ပါသည်။ ကရင်အမျိုးသားအစည်းအရုံးက ၁၉၄၇ တိုင်းပြုပြည်ပြု လွှတ်တော်ရွေးကောက်ပွဲကို သပိတ်မှောက်လိုက်ကြသည်။ ဤတွင် ရွေးကောက်ပွဲကို ကရင်အမျိုးသားအစည်းအရုံးက သပိတ်မှောက်ခဲ့သော်လည်း ကရင်လူငယ်အသင်းက ဝင်ရောက်ယှဉ်ပြိုင်လိုသည်ဖြစ်၍ အဖွဲ့အတွင်း ပထမဦးဆုံး သဘောထား ကွဲလွဲခဲ့သည်ဟု ဆိုရပေမည်။

ဤသို့ သဘောထားကွဲလွဲခြင်းသည် မျိုးချစ်စိတ်ဓာတ် ကင်းမဲ့သည်မဟုတ်၊ ခံယူချက်နှင့် အမြင်မတူခြင်းသာ ဖြစ်သည်။ အမျိုးသားရေးအကျိုး ဖော်ဆောင်သည့်နေရာတွင် အမြင်နှင့် ခံယူချက်ကွဲလွဲပြီး အဖွဲ့အစည်း၏ မူကို ကျော်လာလျှင် အကျိုးသက်ရောက်မှု နည်းမည်သာမက ပြိုကွဲပျက်စီးခြင်းအဆင့်သို့ ရောက်သွားနိုင်သည်။ ကရင်အမျိုးသားအစည်းအရုံးသည် အဖွဲ့တွင်း သဘောထား ကွဲလွဲသော်လည်း ကရင်အမျိုးသားအကျိုးကို ရှေးရှုလျက် မိမိတို့ တောင်းဆိုခဲ့သော အချက်များကို မရမချင်း လက်မလျှော့ခဲ့ပေ။ ထို့ကြောင့် အခြေအနေက ကြာလေတင်းမာလေ ဖြစ်သည်။

၁၉၄၉ ခုနှစ်၊ ဇန်နဝါရီ ၃၁ ရက်တွင် အင်းစိန်၌ ဖဆပလအစိုးရတပ်က ကရင့်အမျိုးသားအစည်းအရုံးတပ်ကို ဝင်ရောက်တိုက်ခိုက်ပြီး မတရားအသင်းအဖြစ် ကြေညာလိုက်သည်။ ထို့မှစ၍ ကရင်အမျိုးသား အစည်းအရုံးသည် မိမိကိုယ်ကို ကာကွယ်သည့်အနေဖြင့် ပြန်လည်ခုခံတိုက်ခိုက်ရလေတော့သည်။ တိုက်ပွဲက ၃၁-၁-၁၉၄၉ မှ ၂၂-၅-၁၉၄၉ အထိ ရက်ပေါင်း ၁၁၁ ရက် ကြာသည်။ ဤသို့ တိုက်ပွဲဖြစ်ပွားနေစဉ် ဖဆပလအစိုးရ ဝန်ကြီးချုပ်ဦးနုက ကရင့်အမျိုးသားအစည်းအရုံး ခေါင်းဆောင်များထံသို့ အပစ်အခတ်ရပ်စဲရေးကိစ္စ ဆွေးနွေးရန် ကမ်းလှမ်းလာပါသည်။

ထိုအချိန်တွင် ကရင်အမျိုးသားအစည်းအရုံးက တွေ့ဆုံဆွေးနွေးရေးအတွက် တစ်စုံတစ်ရာ ကြိုတင်ပြင်ဆင်ထားခြင်း မရှိပေ။ သို့သော် ငြိမ်းချမ်းရေးကို လိုလား၍ ၅/၆-၄-၁၉၄၉ နေ့တွင် (KNU) ခေါင်းဆောင် စောဘဦးကြီးနှင့် ခေါင်းဆောင်အချို့ ဖဆပလအစိုးရ ဝန်ကြီးချုပ် ဦးနုထံသွားရောက် တွေ့ဆုံဆွေးနွေး ခဲ့ကြသည်။ သို့သော် အပေးအယူ မမျှတ၍ မျှော်လင့်ထားသကဲ့သို့ ဖြစ်မလာခဲ့ပေ။ ကရင်အမျိုးသားအစည်းအရုံး အနေဖြင့် ရရှိလိုက်သည့် ငြိမ်းချမ်းရေး ရလဒ်ကတော့ မိမိနယ်မြေမှ ဆုတ်ခွာပေးလိုက်ရခြင်းပင် ဖြစ်သည်။

၁၉၆၀ ခုနှစ်၊ အိမ်စောင့်အစိုးရ လက်ထက်တွင် ပြည်တွင်းငြိမ်းချမ်းရေး တည်ဆောက်ရန် ဗိုလ်ချုပ်နေဝင်းက ကရင်အမျိုးသား အစည်းအရုံးထံ လျှို့ဝှက်ဆက်သွယ်လာပြန်သည်။ ထိုဆွေးနွေးပွဲကို သွားရောက်ဆွေးနွေးရန် ကရင်အမျိုးသားအစည်းအရုံးဘက်က ဗိုလ်ချုပ်ကော်ထူး (ဗိုလ်ချုပ်ကျော်မြသန်း)၊ စကောလယ်တော၊ ပဒိုဖိုးညော့နှင့် ဗိုလ်မြစိန်တို့ကို ရွေးချယ်ကြသည်။ ဗိုလ်ချုပ်နေဝင်း ဦးဆောင်သော အိမ်စောင့်အစိုးရဘက်က ဗိုလ်အောင်ကြီး၊ ဗိုလ်မောင်မောင်၊ ဗိုလ်မောင်ရွှေနှင့် အခြားလေ့လာသူများ တက်ရောက်ကြသည်။

နှစ်ဖက်ဆွေးနွေးပွဲတွင် ကရင်အမျိုးသား အစည်းအရုံးဘက်က တောင်းဆိုသောအချက်နှင့် အိမ်စောင့်အစိုးရဘက်က လိုက်လျောနိုင်သောအချက် မမျှ၍ ဆွေးနွေးပွဲပျက်သွားပြန်ပါသည်။ ထိုနည်းတူ ၁၉၆၃ ခုနှစ်၊ တော်လှန်ရေးကောင်စီ လက်ထက်တွင် ပြည်တွင်း ငြိမ်းချမ်းရေးအတွက် ဗိုလ်ချုပ်နေဝင်း ဦးဆောင်၍ တောတွင်းလက်နက်ကိုင်အဖွဲ့အစည်းအသီးသီးနှင့် တွေ့ဆုံဆွေးနွေး ပြန်ပါသည်။ ထိုဆွေးနွေးပွဲတွင် တစ်ဖက်နှင့်တစ်ဖက် ယုံကြည်မှု မတည်ဆောက်နိုင်သည့်အပြင် ကရင်အမျိုးသားအစည်းအရုံးအတွင်း သဘောထား ကွဲလွဲမှုသာ ရရှိခဲ့ပါသည်။ သာဓကတစ်ခုအနေဖြင့် စောဟန်တာသာမွေး ဦးဆောင်သော ကရင်တော်လှန်ရေးကောင်စီအဖွဲ့က ကရင်အမျိုးသား အစည်းအရုံးကို ကျောခိုင်းသွားခဲ့ပါသည်။ ဤသည်ကို တွေ့ဆုံဆွေးနွေးပွဲ၏ ရလဒ်တစ်ခုဟု ဆိုရမည်လော။ ကရင်အမျိုးသားအတွက် စဉ်းစားစရာပင် ဖြစ်သည်။



ထို့နောက် တပ်မတော်အစိုးရ လက်ထက်တွင် ၁၉၉၅ ခုနှစ်၌ ကရင်အမျိုးသားအစည်းအရုံးဘက်က ပဒိုမန်းရှာလားဖန်း ဦးဆောင်သော အဖွဲ့နှင့် တပ်မတော်အစိုးရဘက်က ဗိုလ်မှူးကြီးကျော်သိန်း ဦးဆောင်သော အဖွဲ့တို့က မော်လမြိုင်မြို့၌ တွေ့ဆုံဆွေးနွေး ခဲ့ကြသည်။ တစ်ဖန် ၂၀၀၄ ခုနှစ်တွင်လည်း ကရင်အမျိုးသားအစည်းအရုံး ဗိုလ်ချုပ် စောဘိုမြနှင့် တပ်မတော်အစိုးရ ဗိုလ်ချုပ်ခင်ညွန့်တို့ ဆွေးနွေးခဲ့ကြသေးသည်။ သို့သော် အောင်မြင်မှု တစ်စုံတစ်ရာ မတွေ့ရှိခဲ့ရပါ။ ၁၉၉၄-၉၅ မှ ၁၉၉၇ အထိ ဆွေးနွေးပွဲ၏ ကွင်းဆက်ရလဒ် တစ်ခုအဖြစ် (KNU) မှ (DKBA) နှင့် (KPF) တို့ ကွဲထွက်သွားပြီး မာနယ်ပလောဗှာနချုပ် ကျသွားသည်ကိုသာ တွေ့ရပါသည်။

ယနေ့ ဒီမိုကရေစီအစိုးရ လက်ထက်တွင် ပြည်တွင်း ငြိမ်းချမ်းရေးရရှိရန် (KNU) အထွေထွေအတွင်းရေးမှူး နော်စီဖိုးရာစိန် ဦးဆောင်သောအဖွဲ့နှင့် အစိုးရဝန်ကြီး ဦးအောင်မင်း ဦးဆောင်သော အဖွဲ့တို့က တွေ့ဆုံဆွေးနွေးနေကြသည်ကို တွေ့ရပါသည်။ သည့်အတွက် ပြည်သူလူထု တစ်ရပ်လုံးက လှိုက်လှိုက်လှဲလှဲ ကြိုဆိုကြပါသည်။ အံ့သြစရာ ဖြစ်သည်က အစိုးရတပ်နှင့် ကရင် အမျိုးသားအစည်းအရုံး တပ်တို့ အပစ်အခတ်ရပ်စဲရေး တွေ့ဆုံဆွေးနွေးနေချိန်တွင် တချို့သောဒေသ၌ ဆန္ဒပြပွဲတွေ၊ စစ်ပွဲတွေ အလီလီဖြစ်နေကြသည်။ သာဓကပြရလျှင် ကချင်ပြည်နယ်စစ်ပွဲ၊ မြစ်ဆုံ ရေကာတာစီမံကိန်း၊ ရခိုင်ပြည်နယ် အရေးနှင့် လက်ပံတောင်းတောင် ကြေးနီစီမံကိန်း ဆန္ဒပြပွဲ‥ စသည်စသည် အရေးတို့ကို နေ့စဉ်တွေမြင် ကြားသိရပါသည်။

ဘာကြောင့်များ သည်လိုဖြစ်နေရပါလိမ့်ဟု အကြိမ်ကြိမ်အခါခါ အတွေးဆန့်ထုတ်မိပါသည်။ တိကျရေရာသော အဖြေ မရခဲ့ပေ။ အကယ်၍ အခြေအနေက သည်ထက်ပိုဆိုးရွားလာလျှင် ဘာတွေ ဆက်ဖြစ်လာမည်နည်းဟု ဆက်တွေးမိပြန်သည်။ "အခြေအနေ မကောင်းလျှင် နောက်ပြန်လှည့်" ဟူသော စကားက ရှိလေတော့ မည်သို့မည်ပုံ နောက်ပြန်လှည့်မည်ကို စိုးရိမ်စိတ်နှင့် စောင့်ကြည့်နေမိသည်။

သည်လိုအခြေအနေမျိုးတွင် ကရင်အမျိုးသားအစည်းအရုံးသည် ကရင်အမျိုးသားအရေး တစ်ခုတည်းသာမက တိုင်းရင်းသားအားလုံးအရေးနှင့် ပြည်ထောင်စုအရေးကိုပါ ထည့်သွင်းစဉ်းစားရမည့်တာဝန်ကို သတိချပ်သင့်ပေသည်။

ထို့ကြောင့် တွေ့ဆုံဆွေးနွေးရေး၊ အပစ်အခတ်ရပ်စဲရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်သည့် နေရာတွင် ယခင်က ရရှိခဲ့သည့် ရလဒ်ကဲ့သို့ မဟုတ်ဘဲ ကရင်တစ်မျိုးသားလုံး၏ အနာဂတ်ရေးကို ရှေးရှု၍ ပြီးပြည့်စုံသော ရလဒ်တစ်ခုရရန် ဆောင်ရွက်သင့်ပေသည်။

စောယောင့်သာအဲဆန်
၁၀.၁၂.၂၀၁၂



# ဗန်းတွေနဲ့ဝေ

မန်းဘမြင့်

## 'ကြံဖန်တွမ်' အထည်ချုပ်ကုမ္ပဏီ

**ကြော်ငြာချက် ၁/၂၀၁၂**

၁။ လာမည့် ၂၀၁၃ ဇန်နဝါရီလ ၁၂ ရက်နေ့တွင် ကုမ္ပဏီ၏ (၇) နှစ်မြောက်အောင်ပွဲကို ကျင်းပမည်။ အစုစပ်ကုမ္ပဏီများမှ တက်ရောက်လာသော ဂုဏ်သရေရှိပုဂ္ဂိုလ်များကို ဂုဏ်ပြု လက်ဆောင်ပေးအပ်ရာတွင် အကူအဖြစ်ပါဝင်ရန် ဗန်းကိုင်လုပ်ျှပြု (၄) ဦးကို ရွေးချယ်မည်၊ ဇကာတင် အပြီးသတ်ရွေးချယ်မှုကို စက်ရုံမှူးက ကြီးကြပ်ဆုံးဖြတ်မည်။

ရွေးချယ်ရမည့်လုပ်ငန်းဌာနများ

(၁) စီမံဌာန (၁) ဦး

(၂) ဈေးကွက်ဌာန (၁) ဦး

(၃) ဓာတုဌာန (၁) ဦး

(၄) စက်ချုပ်အုပ်စု (၁) ဦး

မှတ်ချက် ။ ။ ရွေးချယ်ခံရသူများသည် အခမ်းအနားသို့ မိမိအစီအစဉ်၊ မိမိစရိတ်ဖြင့် လုပဆန်းသစ်စွာ ဖီးလိမ်းဝတ်ဆင်၍ လာရမည်။

ပုံ / ဝေဒိုင်းဝဝဝင့် (စက်ရုံမှူး)

ဤသို့ ကြော်ညာလိုက်သဖြင့် ပွက်လောညံသွားသည်က စီမံ/ ဈေးကွက်/ ဓာတုဌာနမှ ပါဝင်လိုသူများ၊ လူဦးရေ (၃၀) မျှသာရှိသော ထိုဌာန (၃) ခုတွင် အမှုထမ်းနေသူများမှာ ကုမ္ပဏီ ပိုင်ရှင်သူဌေး၊ သူဌေးကတော်၊ မန်နေဂျာ စက်ရုံမှူးတို့၏ မကင်းရာမကင်းကြောင်း ဆွေမျိုးတော်စပ်သူများ ပါဝင်ဖြစ်သော်လည်း အချင်းချင်း အဝေမတည့်၊ သူထက်ငါ အားကျမခံ ပြိုင်ဆိုင်နေသည်။ ပြင်းထန်သည်။

– နဖူးက မောက်မောက်၊ ဗိုက်ခေါက်ကလူလူ၊

– နှုတ်ခမ်းကစူစူ၊ ချေသလုံးကကောက်ညွှင်းထုတ်၊ ဗူးသီး ဖရုံသီးလို ပုံမျိုးကို ရွေး ချယ်မှာလား

– အီကြာကွေးလို မျက်နှာဖေး သွားကြား ထိုးတံလို အရိုးအဆစ် မှန် လေပွေလို ပြားချပ်ချပ် ကိုယ်လုံးမျိုးကို

ရွေးခဲ့ရင်

တို့ဌာန သိက္ခာကျမယ်ဟု အချင်းချင်း သဝန်တိုနေ ကြသည်။

ဤသို့ ငြင်းခုန်ကြသော်လည်း စက်ရုံမှူးကိုယ်တိုင် တချက်လွတ် ဩဇာသုံး၍ ရွေးချယ်လိုက်သည်။

(၁) စီမံဌာနမှ

မသာလိကာမိုနီ (သူဌေး၏ ချွေးမလောင်း)

(၂) ဈေးကွက်ဌာနမှ

မေကစ်စမီကွင့် (Kiss Me Quick) (မန်နေဂျာ၏ခယ်မ)

(၃) ဓာတုဌာနမှ

ခင်ဆိုဒီယံသဠ္ဌာလီ (စက်ရုံမှူးသား၏ ရီးစား)

အလုပ်သမ (၁၀၀) ခန့် ရှိသော အထည်ချုပ်အုပ်စုကတော့ ငြိမ်ငြိမ်သက်သက်။

လုပ်သက်ရင့် အစ်မကြီးတစ်စုက ဖျောင်းဖျညှိနှိုင်းပြီး ငပုတောသူ နော်ပန်းဝေကို အများသဘောတူ ရွေးချယ်လိုက်ကြသည်။

နော်ပန်းဝေသည် ငယ်ရွယ် ဖျတ်လပ်၍

လုပရည်မွန်သူမို့ မော်တော်ယာဉ်ဌာနမှ အကိုကာလသားများက စကြ နောက်ကြသည်။ မထိတထိ စကြ ပြောင်ကြသည်။ နော်ပန်းဝေကတော့ လုလိုက်တာ စက်စက်ယို

- နဖူးလေးက မင်္ဂလာဒုံစက်မှု လယ်ကွင်းလို ပြောင်သလင်း

- မျက်ခုံးလေးက အင်းစိန်မီးရထား ဂိုးကျော်တံတားလို မခုံးတခုံး

- မျက်လုံးလေးက မြေနီကုန်းမီးပွိုင့်လို မှိတ်တခါဖွင့်တလှည့်

- နှုတ်ခမ်းလေးက ဖရဲသီးနဲ့ ကျကွဲသလို မရဲတရဲ

- ကိုယ်လုံးလေးက - ငါးလင်းပန်း၊ ငါးမြွေထိုးလို သွယ်သွယ်လျလျ

“မြင်သူတကာ ထမင်းနင်အောင်လုပ်ပါတဲ့ အိုဗျ နော်ပန်းဝေ” ဟု လုပ်းအော်ကြသော်လဲ စိတ်မဆိုး

“ကျွန်မ ဒီလိုလှတာ ဝိုင်းအားပေးသူတို့ရဲ့ အစီအမံ ဘုရားပေးတဲ့ ကုသိုလ်ကံပါ” ဟု ပြုံးစစနဲ့ တုန့်ပြန်လေ့ရှိသည်။

ဤသို့ အမွှန်းတင်ကြစဉ် စက်ချုပ်ဖော် သူငယ်ချင်းတွေက နော်ပန်းဝေအတွက် ပွဲတက်ဝတ်စုံ အရောင်အသွေးကို ရွေးချယ်ဖို့ တိုင်ပင်ကြသည်။

ဟေ့- စကိတ်စင်မြင့်ရဲ့ ဆလိုက်မီးက အလင်းအားပြင်းတယ်၊ ကျီးအာသီး မှည့်ရောင်လို နီနီရဲရဲမှ ဆွဲဆောင်မှု ရှိမယ်ဟု ဆိုသူဆို

တချို့က

- ဝိန္နဲ့

- ဥသျှစ်ရောင် ဝင်းဝါရွှေ

တချို့က

- မင်းကွပ်

- မရမ်းစပ်ရောင်ခရမ်းပြာ

တချို့က

- သခွား

- ကြက်ဟင်းခါးရောင် ဖက်ဖူးနု

တချို့က

- ကြောင်ရှာ

- ရှန်းပတီရောင်စိမ်းလဲ့လဲ့

တချို့က

- ဝက်စုံတွင် ရွှေချည် ငွေချည်ယက်၍ ဆူးပုပ်ခက်ပုံဖော်ဘို့ အမျိုးမျိုးအဖုံဖုံ အကြံပြုကြသည်။

“နော်ပန်းဝေ သို့မဟုတ် သူငယ်ချင်းများကိုကြည့်၍ စိတ်ကူးနှင့် အူမြူးနေသော ဗန်းကိုင်ရှူးမလေး။

♦ ♦ ♦

မူလက ဇကာတင်ရွေးချယ်ခံရသူများစာရင်းကို တပတ်အတွင်း ကြေညာဖို့ရှိသော်လဲ သူဌေးက တားထားသဖြင့် ဆိုင်းငံ့ထားရသည်။ သူဌေးကတော်၏ စင်ကာပူမှ ဆွေမျိုးများ ရန်ကုန်ကို ရောက်လာတော့မှ ကြေညာနိုင်တော့သည်။ စီမံ/ဈေးကွက်/ဓာတုဌာနမှ ပထာမရွေးချယ်ထားသူများကို အတည်ပြုလိုက်သော်လည်း စက်ချုပ်အုပ်စုမှ နော်ပန်းဝေနာမည်ကား ပါမလာ၊ ပယ်ဖျက်ခံလိုက်ရသည်။ အကြောင်းက လစ်လပ်သော နော်ပန်းဝေနေရာတွင် စင်ကာပူမှ အသစ်စက်စက် အလည်ရောက်ရှိလာသော သူဌေးကတော်၏ တူမသုံးဝမ်းကွဲတော်သူ "မငီကေချယ်ရီ" ဆိုသူကို ဦးစားပေးအစားထိုး ရွေးချယ်ရကြောင်း စက်ရုံမှူးကတဆင့် စကားဖြင့် အသိပေးသည်။

ထိုသတင်းနှင့် ပတ်သက်ပြီး စက်ချုပ်အလုပ်သမများအနေနှင့် မကျေနပ်ကြသော်လည်း အလုပ်ထုတ်ခံရမည်စိုး၍ မည်သူမျှ ပြန်မပြောရဲကြ၊ သည်ထဲမှာ ချုံးပွဲချ ငိုရသူက နော်ပန်းဝေ၊ ရှက်ရှက်နဲ့ အလုပ်မှ အပြီးအပိုင် ထွက်ပြီး လမ်းမပေါ်အရောက် မန်းသံပုရာစိန်နင်းလာသော ဆိုက်ကားကြုံနှင့်တွေ့၍ တလမ်းလုံး တရှုံ့ရှုံ့ငိုရင်း လိုက်ပါလာခဲ့သည်။

စိတ်ကူးနှင့် အှူမြူးခဲ့ရသော ဗန်းရှူးမလေး နော်ပန်းဝေ. . .

ခုတော့ ရှူးမတတ် ရင်နင့်အောင် ခံစားရသည်၊ ဤသို့ ဗန်းနှင့်ဝေး၍ မျက်ရည်နှင့် ဆွေးရသမျှသည်။

◆ ◆ ◆

သုံးလေးရက် အိမ်ထဲက အိမ်ပြင်မထွက် တချိန်လုံး ငေးငိုင်နေသော နော်ပန်းဝေကိုကြည့်၍ စိတ်မကောင်း ဖြစ်ရသူက အိမ်နီးနားချင်း မန်းသံပုရာစိန်၊ မန်းသံပုရာစိန်အနေနှင့် စဉ်းစားရင်း မမျှော်လင့်ဘဲ အိမ်ကို အလည်ရောက်ရှိလာသော မန်းဆန်းလွင်၏ အကြံပေးချက်အတိုင်း စိတ်ပြေလက်ပျောက် စိတ်သက်သာရာရစေရန် အာရုံလွှဲသောအားဖြင့် နော်ပန်းဝေကို နှစ်သစ်ပွဲတော် ကျင်းပရာ အင်းစိန် အာလိန်ငါးဆင့် ကျောင်းဝင်းသို့ ခေါ်လာခဲ့ သည်။ လမ်းတလျှောက်လုံး နှစ်သစ်/ဗဟို၏ သိုက်ဝန်းပျော်ရွှင်စွာ ဆောင်ရွက်ကြပုံကို ပြောပြလာခဲ့သည်။ နဂိုက ညိုးနွမ်းသော သူမ၏ မျက်နှာပြင်သည် ပြုံးစပြုပြီး ကြိုးစားဖြေသိမ့်နေပုံရသည်။ နှစ်သစ်/ဗဟို၏ စားဖိုဆောင်အနီးသို့အရောက် တွေ့ချင်နေသော မန်းဘမြင့်နှင့် မျက်နှာချင်းဆိုင်ဆုံတော့သည်။

မန်းဘမြင့်။ ။ ငါ့ကို သံပုရာစိန်ဖုန်း ဆက်ပြီးပြောတဲ့ ငပုတောက နော်ပန်းဝေဆိုတာ နင်လား။

နော်ပန်းဝေ။ ။ ဟုတ်ပါတယ် "ကျွေးချုပ်"၊ ကျွန်မ နော်ပန်းဝေပါ။

မန်းဘမြင့်။ ။ နေပါအုံး ငါ့ကို ဘာလို့ "ကျွေးချုပ်" လို့ ခေါ်ရတာလဲ၊ ဘယ်သူက ဒီလိုခေါ်ဖို့ သင်ပေးသလဲ၊ သံပုရာစိန်လား။

နော်ပန်းဝေ။ ။ ဟုတ်ပါတယ် မန်းသံပုရာစိန်က အကြီးအကဲတွေနဲ့ တွေ့ရင် ဂုဏ်တင်ခေါ်ဝေါ်ရမယ်လို့ သင်ပေးထားလို့ပါ၊ ပြီးတော့ ကျွေးမွေးရေးလုပ်ငန်းမှာ အကြီးအကဲ အခေါင်အချုပ်မို့ "ကျွေးချုပ်" လို့ ခေါ်မိတာပါ။

မန်းဘမြင့်။ ။ "ကျွေးချုပ်" ဆိုတဲ့ အသုံးအနှုန်းကို မကြိုက်ဘူး၊ ငါက "ကျွေးချုပ်" ထက်မြင့်တယ်၊ ငါ့လက်အောက်က လူကြီးလုပ်နေတဲ့ မန်းဘောင်ဘာနဲ့ စောမင်းဒင်တို့ အားလုံးကို ငါက ကြီးမှူးအုပ်နေတာ။

နော်ပန်းဝေ။ ။ ဒါဆို "ကျွေးချုပ်" လို့ မခေါ်ဘဲ "ကျွေးချုပ်မှူးကြီး" လို့ ခေါ်လိုက်တော့မယ်နော်။

မန်းဘမြင့်။ ။ဟာ သိပ်လန်းသွားပြီ၊ အလန်းလွန် အလွန်လမ်းသွားပြီ၊ ဒီအသုံးအနှုန်းကို သိပ်ခိုက်တယ်၊ နင်တော်တော် အကင်းပါးပါလား၊ ငါနဲ့တွေ့မှ နင်ပိုတော်လာတယ်၊ ခုအချိန်ကစပြီး နင့်ကို ငါ့ရဲ့ ကိုယ်ရေးအတွင်းရေးမှူး (Secretary) ခန့်လိုက်ပြီ။

နော်ပန်းဝေ။ ။ တွေ့တွေ့ချင်းချက်ချင်း ရာထူးတိုးပေးတဲ့ "ကျွေးချုပ်မှူးကြီး" ကို ကျေးဇူးဝက်ဘာပါ။

မန်းသံပုရာစိန်တစ်ယောက် ဤသို့ နော်ပန်းဝေနှင့် မန်းဘမြင့်တို့ တွေ့ဆုံမှုအံ့ဝင်ဂွင်ကျ အဆင်ပြေပုံကို မြင်ရမှ သက်ပြင်းချနိုင်တော့သည်။

မန်းဘမြင့်။ ။ ငါတို့ ကျွေးမွေးရေးအဖွဲ့ထဲ နင်ရောက်လာပြီဆိုတော့ ဆောင် ရွက်ရမှာတွေ ပြောပြမယ်။ ဒီနှစ်က စိန်ရတုနှစ်သစ်ပွဲ၊ လူကြီးတွေ ဧည့်သည်တွေ အများကြီးလာကြမယ်၊ အရေးကြီးတယ်၊ ကျွေးမွေးရေးမှာ မလစ်ဟင်းစေနဲ့ ကြားလား။

နော်ပန်းဝေ။ ။ ကြားပါတယ် "ကျွေးချပ်မှုကြီး"

မန်းဘမြင့်။ ။ ကြားရုံနဲ့ မရဘူး၊ ငါ့ညွှန်ကြားချက်ကို စာနဲ့လိုက်မှတ်ထား

နော်ပန်းဝေ။ ။ ဟုတ်ကဲ့၊ မှတ်စုစာအုပ် ထူထူဖွင့်ပြီး စာလုံးကြီးကြီးနဲ့ လိုက်ရေးနေပါတယ်ရှင်။

မန်းဘမြင့်။ ။ မှတ်ထား

နံပါတ် (၁)

ညေ့သည်တွေ ရောက်တာနဲ့ ချက်ချင်းညေ့ခံလို့ရအောင်

- ဖန်းထဲကို လက်ဖက်၊ ဂျင်းသုတ်၊ မုန့်၊ ပုဂံတွေ ထည့်ပြီး အသင့်ပြင်ထား။

- ပြီးတော့ အရံလင်ဖန်းထဲကို ငပိချက်၊ တို့စရာ၊ အကြွင်းအကျန်ထည့်ဘို့ ပုဂံတွေ အသင့်ပြင်ထား။

- ညေ့သည်တွေ သုံးဆောင်ပြီးရင် ပုဂံတွေ လင်ဖန်းထဲထည့်ပြီး ပြန်သိမ်း၊ ပြန်သန့်စင်ပြီး ပုဂံတွေ ပြန်ဖြည့်၊ လင်ဖန်းထဲ မလွဲစေရဘူး၊ ပုဂံတွေကို မကွဲစေရဘူး ပြန်ထည့်ထား

နော်ပန်းဝေ။ ။ စိတ်ချပါ၊

အစီအစဉ်လဲ မလွဲစေရ

ပုဂံလဲ မကွဲစေရ

ဟင်းရည်လဲ မကြဲစေရ

ဟင်းဖတ်လဲ မနဲစေရ

ရေနွေးလဲ မကုန်စေရအောင်

ကြိုးစားပါ့မယ် ကျွေးချပ်မှုကြီး

မန်းဘမြင့်။ ။ ဟုတ်ပြီ နံပါတ် (၂) သတိထားရမဲ့ အချက်နှစ်ခုကို ပြောပြမယ်။

ပထမတစ်ခုက လုံခြုံရေးအဖွဲ့က ကောင်ပေါက်လေး တစ်သိုက် ဝင်လာရင် သတိထား၊ ဒီချာတိတ်တွေက လက်သယယမ်းတယ်။

ဤစကားကို ကြားရသဖြင့် အနီးတွင်ရပ်နေသော မန်းသံပုရာစိန်က ဟာ ဒါဆို ဒီလိုလက်သယယမ်းရင် ဘယ်ဖြစ်ပါ့မလဲဟု ဝင်ပြောစဉ် မန်းဘမြင့်က စူးစူးဝါးဝါး ပြန်ကြည့်သဖြင့် ခဏငြိမ်နေလိုက်ရသည်။

မန်းဘမြင့်။ ။ ဟေ့ သံပုရာစိန်၊ အသာနေ၊ မင်းဝင်မပါနဲ့ ဒီချာတိတ်တွေ လက်သရမ်းတယ်ဆိုတာက တခြားမဟုတ်ဘူး ဒီကောင်တွေက တို့ကျွေးတာ ထိုင်စားရုံနဲ့ အားမရဘူး လူလစ်ရင် မုန့်တွေနိူက်ပြီး လွယ်အိတ်ထဲ ထည့်ယူသွားတာ ညဘက် ဆာရင် စားဘို့။

နော်ပန်းဝေ။ ။ဒီလိုဆို ဘယ်လို ကာကွယ်ရမလဲ "ကျွေးချပ်မှုကြီး"

မန်းဘမြင့်။ ။ လွယ်ပါတယ် ပထမတစ်ခါ မုန့်နိူက်ထည့်သွားရင် မသိချင်ယောင်ဆောင်နေ၊ ဒုတိယ အကြိမ် နိူက်ယူရင်တော့ ခေါင်းကို နားနားခေါက် နွားရှက်ကို တင်းတင်းဆွဲလိမ်။

နော်ပန်းဝေ။ ။ ခေါင်းခေါက် နားရွက်ဆွဲရုံတင် မကဘူး ဗိုက်ခေါက်ပါ ဆွဲလိမ်ပစ်မယ်။

မန်းဘမြင့်။ ။ ကြိုက်သွားပြီ ငါက ငါ့အဖွဲ့ထဲမှာ အဲဒီလို သတ္တိခဲ "ဗန်ဒိန်းမ" "ဂျက်ကီချန်းမ" တွေ လိုချင်တာ။

ဤစကားကို ကြားရသဖြင့် မန်းသံပုရာစိန်သည် တဟားဟားနဲ့ ရယ်မိတော့သည်။

မန်းဘမြင့်။ ။ သတိထားရမဲ့ ဒုတိယတစ်ခုကို ပြောမယ်။ စားသောက်ခန်းထဲကို နှစ်သစ်/ဗဟိုက မန်းအာကုတ်၊ မန်းထွန်းမိုန်း၊ စောယာသောင့်၊ စောဖျော်ထော့ဆိုတဲ့ လူပျိုသိုး တစုဝင်လာရင် သတိထား၊ အရေမဝင်နဲ့ ကြားလား။

နော်ပန်းဝေ။ ။ စိတ်ဝင်စားစရာပဲ။

မန်းဘမြင့်။ ။ စိတ်မဝင်စားနဲ့ စိတ်ပျက်စရာတွေ၊ နင့်ကို စကားရောဖောရောနဲ့ သမာမိုး ပိုးမဲ့သူတွေ။

နော်ပန်းဝေ။ ။ ရင်ခုန်လိုက်တာ ဒါနဲ့ သမီးကို သမာမိုး ပိုးပြီး မျက်စေ့မှိတ်ပြရင် ဘယ်လို တုန့်ပြန်ရမလဲ။

မန်းဘမြင့်။ ။ မျက်လုံးပြူးပြလျှာထုတ်ပြ ပြီးတော့·····

အဟွတ် · · ·အဟွတ် · · ·အဟွတ် · · ·နော်ပန်းဝေနှင့် မန်းဘမြင့်တို့ကိုကြည့်ရင်း အားရပါးရ ကွမ်းယာတယာပြီးတယာ ဝါးမိသော မန်းသံပုရာစိန်သည် အဟွတ်··· အဟွတ်··အဟွတ်နှင့် မနားတမ်း ချောင်းဆိုးနေသဖြင့် နော်ပန်းဝေက ပြာပြာသလဲမန်းသံပုရာစိန် ကြောကို လက်ဖဝါးလေးနဲ့ ဖိပေးသည်။ မန်းဘမြင့်ကမျက်စောင်းတချက် လှည့်ထိုးကာ"ဟေ့ အချိန်မရှိဘူး စီစဉ်စရာတွေကျန်သေးတယ် စားဖိုဆောင်ထဲ လိုက်ခဲ့ကြ" ဟု ဆိုသဖြင့် မန်း သံပုရာစိန်၏ချောင်းဆိုးမှုလည်း ဘယ်ရောက်သွားသည်မသိ အလိုလို ရပ်သွားတော့သည်။

♦ ♦ ♦

ကရင်နှစ် ၂၇၅၂ ပြာသိုလဆန်း (၁) ရက် ခရစ်နှစ် ၂၀၁၂ဇန်နဝါရီလ ၁၂ ရက်နေ့ အင်းစိန်၊ဆေးဝက်ဘာကျောင်း ဝင်းတွင် ကျင်းပသော (၇၅) ကြိမ်မြောက် စိန်ရတုကရင်နှစ်သစ်ကူးပွဲတော် အခမ်းအနားခမ်းနားစည်ကား လိုက်ပါဘိခြင်း။

နံနက် အရုဏ်ပျိုးချိန်မှစ၍ကျင်းပသော ကရင်အမျိုးသား အလံတော်တင် အခမ်းအနား၊ ဟောပြောပွဲ၊ပညာရည်ချွန် ဆုပေးပွဲ၊ ညဘက်တွင်ဒုံးကပြိုင်ပွဲ ပရိသတ်များ ပြည့်လျှံသည်အထိ စည်ကားလှသည်။

မဟာရန်ကုန် နှစ်သစ်ဗဟိုကော်မတီမှ ကြီးမှူးကျင်းပရသောကြောင့်ကော်မတီအသီးသီး တာဝန်ကိုယ်စီနှင့်ကြိုးပမ်းလှုပ်ရှား နေရသည်။

နမ့်ခင်အေးဦး။ ။ ညီမလေး နော်ပန်းဝေ အလံတင်အခမ်းအနား မစသေးခင် အစ်မ "အနမ့်" တို့ အတွင်းရေးမှူး အဖွဲ့၊ ပညာ ရည်ချွန်အဖွဲ့၊ဧည့်ခံ ကြိုဆိုရေး အဖွဲ့ဝင်တို့ကို အချိန်ရတုန်း တစ်လှည့်စီ ကော်ဖီနှင့် မုန့်ကြိုတင်အားဖြည့် ထားစေချင်တယ်။ဒါကြောင့် ဗဟိုရုံးခန်းမှာ ညီမလေးအနေနဲ့ ကြိုတင်အဆင်သင့် ပြင်ထားပေးပါ။

"ဤသို့ တွဲဖက်အတွင်းရေးမှူး၏ ကြိုတင်စီစဉ်မှုတွေ"

နော်အားဆာ။ ။ ပန်းဝေရေ သံယာတော်တွေ ဆွမ်းဘုန်းပေးပြီးရင် အချို့ပွဲဆပ်ကပ်မယ်။ အဆင်သင့်ပြင်ထားနော်။

"ဤသို့ ကပ်လှူမှုတွေ"

နမ့်ခင်ရွှေဝါ။ ။ တပည့် နော်ပန်းဝေကို ဆရာမ ကြိုတင်ပြီး အကူအညီတောင်းပါရစေ။ နံနက်ပိုင်း အခမ်းအနား ပြီးတာနဲ့ နာယကကြီးတွေ၊ကျောင်းသား/ကျောင်းသူနဲ့ မိဘတွေ၊ဧည့်သည်တော်တွေကို ဆွမ်းစားဆောင်မှာ ဧည့်ခံကျွေးမွေးမယ်။

"ဤသို့ ပန်ကြား အကူအညီတောင်းမှုတွေ"

မန်းကြည်ဝင်း။ ။ ဟေ့ နော်ပန်းဝေလေး - ဖထီးတို့ ပို့ဆောင်ပေးရမယ့် ဒုံးအဖွဲ့တွေ နေ့လည် ၂ နာရီမှာ ဒီက ထွက်မယ်။ ညနေ ၅ နာရီအရောက် ပြန်ဝင်ရမယ်။ ဒီအတောအတွင်း ထမင်းသုံးဆောင်မယ့် အဖွဲ့တွေအတွက် စာရင်းပေးထားတယ်။ အချိန်မီ ကျွေးမွေးဖို့ စီစဉ်ထားအုံးနော်။

"ဤသို့ သယ်ဆောင်ပို့ဆောင်ရေးအဖွဲ့ရဲ့ ကူညီသတိပေးမှုတွေ"

မန်းအောင်မြိုင်။ ။ မာရသွန် နော်ပန်းဝေရေ နင်ကတော့ တချိန်လုံး ဗန်းတစ်ချပ်နဲ့ ပြေးလွှားနေတာပဲ။ ညဘက်အားလပ်ချိန်ကျရင် ငါတို့ တက္ကသိုလ်ရန်ပုံငွေ အရောင်းဆိုင်ကိုလည်း လာခဲ့အုံးဟာ။ ဧည့်လည်း ဧည့်ခံမယ်။ ချောချော ကောင်လေးတွေနဲ့လည်း မိတ်ဆက်ပေးမယ်။

"ဤသို့ ရယ်စရာပြော မိတ်ခေါ်မှုတွေ"

စသဖြင့် အားလုံး အဆင်ပြေ ချောမွေ့စေရန် နော်ပန်းဝေ ခင်ဗျာချွေးလေးတစိုစိုနှင့် ကြိုးပမ်းကူညီရသည်မှာ ကြည်နူးစရာပါ။

♦ ♦ ♦

နော်ပန်းဝေသည် ဤသို့ကြည်ကြည်နူးနူးနှင့် ဗဟိုကော်မတီရုံးခန်းမှာ ဗန်းလေးကိုင်ပြီး ပြန်အထွက်မြုန်းခနဲကျရောက် လာသော ဆလိုက်မီးအလင်းကြောင့် အံ့အားသင့်မိသည်။

Sky Net လုပ်ငန်းဖြူ။ ။
အစ်မရှင့် ကျွန်မတို့က ကောင်းကင်ကွန်ယက် Sky Net ရုပ်မြင်သံကြား အဖွဲ့ကပါ။ အခု ကရင်နှစ်သစ်ကူးပွဲတော် မြင်ကွင်းကို တိုက်ရိုက် ရိုက်ကူးပြီး တစ်နိုင်ငံလုံး အပြင် အာဆီယံ နိုင်ငံတွေအထိပါ တစ်ပြိုင်တည်း ပြသနေပါတယ်။ ဒါကြောင့် အစ်မကို သိချင်တာလေးတွေ မေးခွင့်ပြုပါလို့ တောင်းပန်ပါရစေ။

နော်ပန်းဝေ။ ။ကျွန်မက ဗန်းတစ်ချပ်နဲ့ ပြေးလွှားညှော်ခံနေရသူပါ။ နှစ်သစ်ကူးမှာ စိတ်ဝင်စားစရာ ပြခန်းလည်း ရှိပါတယ်။ ကျွန်မထက်စာရင် အဲဒါတွေက ပိုကြည့်ကောင်းမှာပါ။

Sky Net လုပ်ငန်းဖြူ ။ ။
မြင်ကွင်းတွေ တော်တော်စုံစုံ ရိုက်ကူးပြသ ပြီးပါပြီ။ တစ်ဦးချင်း အနေနဲ့ အလုပ်များတဲ့ အစ်မကို အမှတ်တရ ရိုက်ကူးချင်လို့ပါ။ အစ်မ နာမည်ကို သိပါရစေ။ အစ်မက တော်တော် အလုပ်များနေပုံရတယ်။

နော်ပန်းဝေ။ ။ ကျွန်မနာမည်က နော်ပန်းဝေလို့ ခေါ်ပါတယ်။ သူငယ်ချင်းတွေကတော့ ကျွန်မရဲ့ဇာတိကို ဖော်ပြီး နော်ငပုတောလို့ ခေါ်ကြပါတယ်။ ကျွန်မအနေနဲ့ နှစ်သစ်ကူးပွဲတော်မှာ ဗန်းတစ်ချက်နဲ့ ညှော်ခံကျွေးမွေးရေးမှာ ပုဂံချ၊ ပုဂံသိမ်း တာဝန်ယူရပါတယ်။

Inter Net လုပ်ငန်းဖြူ။ ။
အစ်မကလေ ခေါင်းစီးဖြူဖြူ ဖတ်ဖူးရောင်သင်တိုင်းရှည် ဆံစလေးချထားတာ ကပိုကရို ချွေးလေးစိုစိုနဲ့ ဗန်းလေးကိုင်ထားပုံက သိပ်ကြည့်လို့ကောင်းတာပဲ၊ ကိုရီးယားမင်းသမီးလေးနဲ့ တူသလိုပဲ၊ ဗီဒီယိုမင်းသမီးလိုလည်း လှတယ်၊ မဟုတ်ဘူးလား အစ်မ။

နော်ပန်းဝေ။ ။ ခုလိုချီးမွမ်းတာ ကျေးဇူးတင်ပါတယ်ရှင်။ ကျွန်မအနေနဲ့ ကိုရီးယားမင်းသမီးလို ဗီဒီယိုမင်းသမီးလို မလှနိုင်ပါဘူးရှင်။ သူတို့တွေက လှလို့ မင်းသမီးတွေ ဖြစ်နေကြတာ သိပ်ကံကောင်းတာပဲ။

Sky Net လုပ်ငန်းဖြူ ။ ။
အစ်မက ကိုယ့်ကိုယ်ကိုယ် သိပ်နှိမ့်ချတာပဲ။ ဘေးကလူတွေကို မေးကြည့်လိုက်ရမလား။
"ဘေးတွင် ရပ်ကြည့်နေသော လူများက လှတယ်၊ ကရင်မလေး သိပ်လှတယ်" ဟု ဩဘာပေးကြသည်။

နော်ပန်းဝေ။ ။ ကျွန်မကို အခုလို ဝိုင်းအားပေးကြတာကို အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။ ကျွန်မက ကရင်လူမျိုးမို့ ကရင်လို လှချင်ပါတယ်။ ကရင်ဆိုတော့ ကရင်နှစ်သစ်ကူးမှာ ဒီလိုအမှတ်တရ လှလှပပ ဝတ်ဆင်ကြပါ တယ်ရှင်။
Sky Net လုပ်ငန်းဖြူသည် နှစ်သစ်မြင်ကွင်းအားလုံး နောက်ခံထားလျက် ဆက်လက်တင်ပြ အစီရင်ခံလျက် ရှိပါတယ်"

Sky Net လုပ်ငန်းဖြူ ။ ။
ကျွန်မတို့ Sky Net ကို အားပေးကြည့်ရှုကြတဲ့ ရုပ်မြင်သံကြား ပရိသတ် အပေါင်းတို့ရှင်။ ယခု မြင်တွေ့ရတဲ့အတိုင်း ကရင်ပျိုဖြူ နော်ပန်းဝေအပါအဝင် ကျွန်မတို့ ပြည်ထောင်စုဖွား တိုင်းရင်းသား အမျိုးသမီးများဟာ ရိုးသားတဲ့သွင်ပြင် ယဉ်ကျေးတဲ့ဆင်ယင်မှုနဲ့ ဘယ်လောက်တင့်တယ်လှပသလဲဆိုတာ ရှုစားရတဲ့ အတိုင်းပါပဲရှင်။

ကရင်နှစ်သစ်အခမ်းအနားတွင် ညှော်ခံကျွေးမွေးရေးအတွက်

လက်ဖက်ရည်ဗန်း
မုန့်ဗန်း
ငပိချက်ဗန်း
တို့စရာဗန်းစတဲ့
ဗန်းအထွေထွေနဲ့
"နော်ပန်းဝေ" ကတော့

ဆောင်းလေပြေနဲ့အတူ

"ဗန်းတွေနဲ့ဝေ"

"ဗန်းတွေနဲ့ဝေ"

"ဗန်းတွေနဲ့ဝေ"


မန်းဘမြင့်

■

သတ်ပုံ ။ ။ မူရင်းစာမူအတိုင်း


တချို့ကပြောတော့ ဖက်ဒရယ်ဆိုတာ ခွဲထွက်တာဆို
Hello!
အဲဒီ ကွဲအက်ချင်တဲ့သူတွေ ပြောတဲ့စကားပါကွာ


သကြားမုန့်သားတော့ မျက်နှာနဲ့ နေရာတိုင်းမှာ တွေ့ရတယ် နော်
ပွဲစား


ငြိမ်းချမ်းရေး

# မြိုင်ကြီးငူ အလွမ်း

ဇင်လင်းထွန်း(ဓနုဖြူ)

ဒီဇင်ဘာလ ရောက်ပြီဆိုရင်၊ ကျောက်မဲ အကျဉ်းသား ဇာတ်ကားထဲမှာ ဝင်းဦး ဆိုခဲ့တဲ့ သီချင်းမျိုး ဆိုလိုက်ချင်ပါတယ်။ "ဒီအချိန်ရောက်ရင် ကျွန်တော် စိတ်ဖောက် ဖောက်လာတယ်"ဆိုပြီးတော့ပါ။ အတိအကျ ပြောရရင် ဒီဇင်ဘာ (၂၁) ရက်နေ့ကို ဗဟိုပြုပြီး ကျင်းပတဲ့ D.K.B.A Day အထိမ်းအမှတ် ရိုးရာလက်ဝှေ့ပွဲတွေကို သတိရတဲ့စိတ်တွေ ထိန်းမရအောင် ဖြစ်လာတတ်ပါတယ်။ မှတ်မှတ်ရရ မြိုင်ကြီးငူ အထူးဒေသကို ပထမဆုံး ရောက်ရှိသွားခဲ့တာက ၂၀၀၅ ခုနှစ်မှာပါ။ အဲဒီ တုန်းက 90 minutes ဂျာနယ် တာဝန်ခံအယ်ဒီတာ ကိုသက်ရဲ့ အစီအစဉ်နဲ့ အယ်ဒီတာ မောင်လှဦးနဲ့ ခွန်ဝဏ္ဏလည်း လိုက်ပါလာကြပါတယ်။ မြိုင်ကြီးငူ အထူးဒေသပွဲတွေ စည်ကားလှချည်ရဲ့ဆိုတဲ့ သတင်းအကြားနဲ့ သွားချင်ခဲ့တာ လွန်ခဲ့တဲ့ ၃ နှစ်လောက် ကတည်းက ဖြစ်ပေမယ့် ၂၀၀၅ ခုနှစ်ကျမှပဲ အထမြောက်ပါတော့တယ်။ အထူးသဖြင့်တော့ ရိုးရာလက်ဝှေ့ပွဲတွေကို လေ့လာကြည့်ရှုဖို့ ဖြစ်ပေမယ့် မြိုင်နန်းဆွေ ရေးသားပြုစုတဲ့ မြိုင်ကြီးငူဆရာတော် အထုပ္ပတ္တိကို ဖတ်ရှုကြည်ညိုခဲ့ရာက ဆရာတော်ကြီးကို ဖူးတွေ့လိုတဲ့ ဆန္ဒလည်း ပြင်းပြခဲ့တာမို့ အဲဒီခရီးစဉ်ဟာ တစ်ချက်ခုတ် နှစ်ချက်ပြတ်လို့ ဆိုရပါလိမ့်မယ်။



နာမည်ကြီးတဲ့ မြိုင်ကြီးငူအထူးဒေသမှာ ကျင်းပတဲ့ D.K.B.A Day အထိမ်းအမှတ်ပွဲတွေကတော့ များမှများ ပါပဲ။ ညဘက်မှာ မြန်မာစတိတ်ရှိုး၊ ကရင်စတိတ်စရှိုး၊ ကရင်ဇာတ်သဘင်၊ မြန်မာ့ဇာတ်သဘင် ဖျော်ဖြေမှုတွေရှိပြီး ဒုံးပြိုင်ပွဲလည်း ရှိပါတယ်။ နေ့ဘက်မှာတော့ ရိုးရာလက်ဝှေ့ပွဲတွေ ညနေခင်းမှာ ဘောလုံးပွဲတွေ ရှိပါတယ်။ ရိုးရာလက်ဝှေ့ပွဲ ကျင်းပပုံကတော့ အခြား ဘယ်ဒေသမှာမှ ကျင်းပဖို့ မလွယ်လောက်တဲ့ နည်းနဲ့လို့ ဆိုရပါလိမ့်မယ်။

မနက် ၈း၀၀ နာရီလောက်မှာ ကလေးပွဲတွေ၊ လူငယ်ပွဲတွေနဲ့ စတင်လိုက်တဲ့ ရိုးရာလက်ဝှေ့ပွဲတွေဟာ ညနေ ၆း၀၀ နာရီအထိ အရပ်အနားမရှိ တောက်လျှောက်ပါပဲ။ တစ်ရက်တည်း မဟုတ်ဘဲ ၅ ရက်ဆက် ကျင်းပတဲ့ပွဲမို့ ရိုးရာအောင်လံလုပွဲ နှစ်ပွဲထက်မနည်း ပါဝင်ပါတယ်။ ကလေးပွဲ၊ မျိုးဆက်သစ် စိန်ခေါ်ပွဲ၊ လူကြီးပွဲ ဒုတိယတန်း စိန်ခေါ်ပွဲ၊ ပထမတန်း စိန်ခေါ်ပွဲ၊ မြန်မာ-ထိုင်း စိန်ခေါ်ပွဲ စသည်ဖြင့် ပွဲအမျိုးအစားကလည်း စုံလင်ပါတယ်။ ဒီလောက်ပွဲ အရေအတွက် များတဲ့အခါ ရိုးရာလက်ဝှေ့သမား လုံလောက်ပါ့မလားလို့ မေးစရာ ရှိပါတယ်။ အဲဒီတုန်းက ရိုးရာလက်ဝှေ့သမားမှန်ရင် လာချင်တဲ့သူ လာကြလို့များ ဖိတ်ကြားထားသလား ထင်ရအောင် တွံတေးနဲ့ မန္တလေးလို ဒေသက လက်ဝှေ့သမားတွေတောင်မှ ရောက်လာကြတာ တွေ့ရပါတယ်။ လက်ဝှေ့သမား ဟောင်းကြီးတွေထဲကလည်း ဆရာကြီး ဦးဗိုလ်စိန်၊ သထုံ ဦးဘနှစ်၊ မန္တလေး ကျားသစ်ရဲအောင် တို့ ရောက်လာကြပါတယ်။

ရောက်လာကြတဲ့ ဧည့်သည် လက်ဝှေ့သမားတွေကို ထားစရာနေရာ သီးသန့်ပေးတာမျိုးတော့ မဟုတ်ဘဲ ပွဲခင်းနဲ့ မလှမ်းမကမ်းက အိမ်တွေမှာ နေရာချပေး လိုက်တာမျိုးပါ။ ဒီရက်ထဲမှာတော့ အိမ်ရှင်တွေက နောက်ဖေးချောင်ထဲဝင်နေရပြီး ဧည့်သည်တွေက အိမ်ရှေ့ခန်းမှာ နေရာယူကြပါလိမ့်မယ်။ တချို့ အိမ်ရှင်တွေကလည်း အိမ်စောင့်လောက်ပဲထားပြီး ကျန်တဲ့မိသားစုတွေက အမျိုးတွေရှိရာ သွားနေကြရပုံပေါ်ပါတယ်။ ဧည့်သည်တွေအတွက် နေရေးကတော့ အဆင်ပြေကြပြီမို့ စားရေးအတွက် အိမ်ရှင်တွေတာဝန် မရှိတော့ပါဘူး။ စတုဒိသာလို့ခေါ်တဲ့ အရပ်လေးမျက်နှာ မည်သူလာလာ တာဝန်ယူ ကျွေးမွေးတဲ့နေရာ ရှိပါတယ်။ တည်းတဲ့နေရာနဲ့ မိုင်ဝက်လောက် လမ်းလျှောက်နိုင်ဖို့တော့ လိုပါတယ်။

သစ်ပင်တွေကြားမှာ အမိုးအကာမရှိ၊ အတားအဆီးမရှိ ကြိုက်တဲ့ဘက်က ဝင်စား၊ ဝါးနှစ်ပြန်စာလောက် ခုံတန်း ၄ တန်း ပေါ်မှာ သတ်သတ်လွတ် အသီးအနှံဟင်း၊ ပဲငံပြာရည်နဲ့ တို့စရာ အမှန်းဆွဲနိုင်ပါတယ်။

မနက် ၈ နာရီလောက် ထမင်းစားပြီးရင် ရိုးရာလက်ဝှေ့ရုံထဲကို ဝင်ကြည့်နိုင်ပါပြီ။ အဲဒါလည်း မိုင်ဝက်ထက် မနည်း လျှောက်နိုင်ရပါမယ်။ လယ်ဝှေ့ရုံလို့ ဆိုပေမယ့် ဘယ်ဘက်ကမှ ကာမထားဘဲ ရိုးပြတ်မိုးထားတဲ့ မဏ္ဍပ်ကြီး တစ်ခုလိုပါပဲ။ ဆရာတော်တွေ ကြည့်ဖို့နေရာနဲ့ အကြီးအကဲတွေ ကြည့်ဖို့ နေရာတွေမှာသာ ထိုင်ခုံတွေထားပြီး ကျန်တဲ့နေရာတွေမှာတော့ ကြိုက်ရာထိုင်ကြည့် စနစ်ပါ။ ကြိုက်တဲ့ပွဲ ဝင်ကြည့်၊ ငြီးငွေ့လာရင် ပြန်ထွက်၊ လက်မှတ်စစ်တဲ့သူ မရှိပါဘူး။ ဒါပေမဲ့ပြန်ဝင်လာလို့ အဲဒီနေရာ ပြန်ထိုင်ရဖို့လည်း အစွဲအလန်း မထားဖို့တော့ လိုပါတယ်။ ခုံဒိုင်ချုပ်နဲ့ ဒိုင်အဖွဲ့တွေဟာ ထမင်းတောင် ထွက်မစားဘဲ ရှေ့က စားပွဲပေါ်မှာ ထမင်းပန်းကန် ငွန်းတပ်ပြီး နှိုက်စားရင်းက ပွဲကြီးကြပ်ကြတာ အံ့သြလောက်အောင် အလုပ်လုပ်နိုင်သူတွေပါ။



တစ်နေ့လုံး လက်ဝှေ့ပွဲတွေ အမုန်းကြည့်ရတာမို့ ညပိုင်းကျတော့ ပွဲခင်းထဲ ခဏလောက် လျှောက်လည်တာက လွဲလို့ ဘယ်ပွဲကိုမှ မကြည့်နိုင်တော့ဘဲ အိပ်ယာထဲ ဝင်ရတော့ တာပါပဲ။ မြိုင်ကြီးငူ အထူးဒေသရဲ့ စည်းကမ်းအရ သတ်မှတ် နယ်မြေထဲမှာ အရက်သေစာ ရောင်းချဖို့ မဆိုထားနဲ့ သောက် စားလို့တောင် မရသလို သတ်သတ်လွတ်သာ စားသုံးရပါ တယ်။ အစားအသောက် ရောင်းတဲ့ဆိုင် အားလုံးမှာလည်း သက်သတ်လွတ် အစားအစာတွေပဲ ရနိုင်ပါတယ်။ ဒါကြောင့် တချို့က ဖားအံကို ညပြန်အိပ်ပြီး မနက်ကျမှ မြိုင်ကြီးငူကို ပြန်လာကြသလို တချို့ကျတော့လည်း မနက်ပိုင်းကျရင် ကမ မောင်းဘက်ကူးပြီး စားချင်တာစား၊ ထန်းရည်လေး မော့ ပြီးမှ ပြန်လာကြတာမျိုးလည်း ရှိပါတယ်။ တချို့ လက်ဝှေ့ ဆရာကြီးတွေ ပုလင်းဝှက်ပြီး ညဘက် ခွက်ပုန်းကြိတ်တာ ကို အိမ်ရှင်သိသွားလို့ လုံခြုံရေး ရဲဘော်တွေကို သွားတိုင်တဲ့ အတွက် အဖမ်းခံရမလို ဖြစ်ပါသေးတယ်။ ခုံနိုင်ချုပ်က အောက်ခြေမှာပဲ ပြဿနာငြိမ်းဖို့ ရှိခိုးဦးတင် တောင်းပန်ပြီး ဖုံးဖုံးဖိဖိနဲ့ လုပ်နိုင်လို့ တော်သွားတာပါ။ ပြဿနာ အပေါ်ရောက် သွားရင် ဒဏ်ငွေအတော်များများထိပြီး ထိပ်တုံးနဲ့လည်း ညားဖို့ ရှိပါတယ်။ စိတ်လည်း ညစ်ရ၊ ပျော်လည်း ပျော်ရတဲ့ မြိုင်ကြီးငူ အထူးဒေသ ပွဲတွေကို စွဲငြိသွားတဲ့ စာရေးသူဟာ နှောင်နှစ်တွေမှာလည်း အရောက်သွား ပြန်ပါတယ်။

## အခုတော့ မြိုင်ကြီးငူ အထူးဒေသက ရိုးရာလက်ဝှေ့ပွဲတွေဟာ အတိတ်သမိုင်း ဖြစ်ခဲ့ပါပြီ၊

## လင်းအရုဏ်ပျို့လောက်မှာ ကရင်စစ်သည်တွေ တပ်ခွဲလိုက် ချီတက်ပုံကို ကြည့်ရတာ

ဦးစိုင်းဇော်ဇော်၊ နည်းပြဆရာ ကဘော်မြေကျော်စိုးနဲ့ စာရေးသူတို့အဖွဲ့ဟာ ဒီတစ်ခါတော့ D.K.B.A day စစ်ရေးပြ အခမ်းနားရဲ့ စစ်ရေးပြမှူးကြီးအိမ်မှာ တည်းခွင့် ရတယ်။ စစ်ရေးပြမှူးကြီး အိမ်ဆိုလို့ ခမ်းခမ်းနားနားကြီး မဟုတ်ပါဘူး။ ခြေတံရှည် သစ်အိမ်ကြီးတစ်လုံးသာ ဖြစ် ပါတယ်။ စစ်ရေးပြကွင်းကို အိမ်ပေါ်ကနေ လှမ်းမျှော် ကြည့်လို့ရတဲ့ နေရာမှာပါ။ အဲဒီမှာလည်း ထုံးစံအတိုင်း အိမ်ရှင်တွေခမျာ နောက်ဖေးချောင်မှာပဲ နေကြရပါတယ်။ စစ်ရေးပြ အခမ်းအနား မစခင် မီးပုံးပျံတွေ လွှတ်တင်ကြပြီး လင်းအရုဏ်ပျို့လောက်မှာ ကရင်စစ်သည်တွေ တပ်ခွဲ လိုက် ချီတက်ပုံကို ကြည့်ရတာ စိတ်တက်ကြွစရာကောင်း လှပါတယ်။ စစ်ရေးပြ အခမ်းအနားပြီးတော့ မြိုင်ကြီး ငူဆရာတော် အမှူးပြုတဲ့ သံဃာတော်တွေကို ဆွမ်းကပ် လှူ၊ သီလယူ၊ တရားနာကြပြန်တော့ ကြည်နူးပီတိ ဖြစ် ရပြန်ပါတယ်။

ရိုးရာလက်ဝှေ့ပွဲတွေကလည်း နှစ်တိုင်းလို ကျင်းပ မြဲ၊ စာရေးသူအပါအဝင် ပွဲကြိုက်မောင် အုပ်စုကလည်း နေထွက် နေဝင်အထိ အားပေးမြဲပါ။ အခုတော့ မြိုင် ကြီးငူ အထူးဒေသက ရိုးရာလက်ဝှေ့ပွဲတွေဟာ အတိတ် သမိုင်း ဖြစ်ခဲ့ပါပြီ။ ဒီလို ပွဲမျိုးတွေ ကြည့်ခွင့်ရဖို့ အားပေး ခွင့်ရဖို့လည်း ဝေးခဲ့ပါပြီ။ ဒါပေမဲ့ ဒီဇင်ဘာ ရောက်လာရင် မြိုင်ကြီးငူကို လွမ်းတဲ့ အလွမ်းတွေနှောက်လို့ စိတ်ဖောက် သလို ဖြစ်နေရဆဲပါ။

ဇင်လင်းထွန်း(နေမြို့)

■

# မြောင်းမြ

## သမိုင်းကြောင်း တ စေ့ တ စောင်း



မန်းမောင်မောင်အေး
(ယဉ်ကျေးမှု)

လွန်ခဲ့သော (၄) နှစ်ခန့်က ကျွန်တော်တို့ နှစ်သစ်ဗဟိုကော်မတီသည် မြောင်းမြမြို့သို့ ကရင်စာပေနှင့် ယဉ်ကျေးမှုခရီးတစ်ခေါက် ရောက်ခဲ့သည်။ စဉ့်ထည်ယဉ်ကျေးမှု ထွန်းကားခဲ့သော မြေပြန့်မြို့ဟောင်းက မွန်အငွေ့အသက်၊ သိလ္လာတောင်ပေါ်က ရိုးရာဓလေ့ ကရင်အငွေ့အသက်၊ မြောင်းမြမြို့နယ် ကရင်စာပေယဉ်ကျေးမှု ကော်မတီ၏ ကြိုဆိုညှော်ခံမှုတို့ဖြင့် ပေါင်းကူးမှု အငွေ့အသက်၊ ဗုဒ္ဓဘာသာ မြောင်းမြပရိယတ္တိစာသင်တိုက်နှင့် ဝိပဿနာ ကရင်ဘုန်းတော်ကြီးကျောင်းများ၊ ခရစ်ယာန် သာသနာနှစ်ခြင်းနှင့် ကက်သလစ် ကျောင်းတော်များ၊ အမျိုးသားရေးလှုပ်ရှားမှုများဖြင့် ရာဇဝင် စီးဆင်းမှုများကို တည်ခင်းထားသော မြောင်းမြကို သတိတရ ရှိနေပါ၏။

လှပသော မြောင်းမြမြို့သည် မြန်မာသက္ကရာဇ် ၇၂၆ ခုနှစ်၊ ခရစ်နှစ် ၁၃၆၅ ခုနှစ်တွင် ပဲခူးဘုရင် ဆင်ဖြူရှင် ဗညားဦးသည်၊ ညီတော်လောက်ဖျား မင်းသားအား အနောက်ဘက်တစ်လွှားရှိ ကြိုက်နှစ်သက်ရာအရပ်တွင် မြို့ပြတည်ဆောက်ရန် အပိုင်စား ပေးခဲ့သည်။ လောက်ဖျားသည် ပဲခူးမြစ်ကြောင်းတစ်လျှောက် စုံဆင်းလာပြီး ယခုမြောင်းမြမြို့ ယခင်ဆိပ်ကြီးအရပ်သို့ ရောက်သောအခါ စခန်းချသည်။ ထို့နောက် ဆည်ကြီးမှ ၇ မိုင် ကွာဝေးသော အနောက်တောင်အရပ်ချောင်းများ၊ မြောင်းများ၊ တောင်ကုန်းများ ပေါများပြီး သစ်ကြီး၊ ဝါးကြီးများ ထူထပ်သောနေရာကို မြို့တည် သတ်မှတ်ခဲ့သည်။ ထိုဒေသသည် ဆန်စပါးစိုက်ပျိုးခြင်း၊ ချောင်းငယ် မြောင်းငယ်များ ပေါများခြင်း၊ သားငါးများ ပေါများခြင်းတို့ကြောင့် မြို့တည်သည့် ထိုနေရာကို မြောင်းမြဟု အမည်သတ်မှတ်ခဲ့သည်။

ခရစ်နှစ် ၁၈၃၅ ခုနှစ်တွင် အင်္ဂလိပ်မြန်မာ ဒုတိယ စစ်ပွဲ၌ မြောင်းမြမြို့အား ဗြိတိသျှတို့က သိမ်းပိုက်လိုက်ကြပါသည်။ မြောင်းမြမြို့ကို သိမ်းပိုက်ပြီး ၉ နှစ်အကြာတွင် လောက်ဖျားတည်ထောင်ခဲ့သော မြို့သည် အကြီးအကျယ် မီးလောင်ကာ မြို့ပျက်ယွင်းခဲ့ရပါသည်။ ဗြိတိသျှတို့က တို့မြောင်းမြမြို့ပျက် နေရာသည် အခြားသော မြို့များနှင့် ဆက်သွယ်ရန် ရေကြောင်းဆိပ်ကမ်းမရှိသဖြင့် ယခင် ဆိပ်ကြီးခေါ် နေရာသို့ ပြောင်းရွှေ့ကာ ၁၈၆၂ ခုနှစ်၌ မြို့တည်သည်။ မြောင်းမြမြို့ဟု ခေါ်တွင်စေခဲ့သည်။

မြောင်းမြမြို့သည် ဧရာဝတီမြစ်ဝ ကျွန်းပေါ်ဒေသတွင် ပါဝင်သဖြင့် ဘူမိအနေအထားမှာ နန်းတင်မြေနုအမျိုးအစား ဖြစ် သည်။ မြစ်ဝကျွန်းပေါ်ဒေသသည် လွန်ခဲ့သောနှစ်ပေါင်း သုံးသန်းခန့်က ပို့ချသော မြစ်ဝကျွန်းပေါ်မြေနုဖြစ်သည်ဟု ဘူမိဗေဒပညာ ရှင်များက ဆိုသည်။ မြောင်းမြမြို့နယ်အတွင်းရှိ မြေနိမ့် မြေပြန့်နေရာ အနှံ့အပြားတွင် မြေစာတ်မြေလွှာများ မြေဆီလွှာအနေ အထားအလိုက် အထပ်လိုက်၊ အလွှာလိုက် ရှိနေသည်ကို တွေ့ရှိရသည်။ မြောင်းမြမြို့နယ်၏ အရှေ့ မြောက်ဘက်ခြမ်းသည် မြေနိမ့်မြေပြန့်များဖြစ်သည်။ အနောက် တောင်ဘက်ခြမ်း ကုန်းရိုးတန်းတွင် မြေအမျိုးအစား ကွဲပြား ခြားနားမှု ရှိသည်ကို တွေ့ရသည်။

မြောင်းမြမြို့နယ် အနောက်တောင်ဘက်ခြမ်းတွင် မျှော်စင်တောင်အထိ လွှာတောင်၊ ဝါးဖို့တောင်၊ ရေတွင်း ကုန်းတောင်၊ ပျဉ်းကတိုးတောင် စသည်တို့သည် တည်ရှိ သည်။ ၎င်းတို့မှာ များစွာမြင့်မားမတ် စောက်ခြင်း မရှိပေ။ ထိုကုန်းတန်းများ၌ နီညိုရောင်မြေနှင့် ဝါညိုသော မြေများ ရှိသကဲ့သို့ ဂဝံသက်နုကျောက်များဖြင့် ဖွဲ့စည်းဖြစ်ပေါ်နေသည်။ ထို့ကြောင့် အဆိုပါ ကုန်းရိုး၊ ကုန်းတန်းတို့သည် အနောက် ရိုးမ၏ ပေါ်ထွက်ပိုင်းများဖြစ်သည်ဟု ယူဆရသည်။

မြောင်းမြမြို့နယ်တွင် အကြမ်းအားဖြင့် ကျောက် (၅) မျိုးရှိသည်ကို တွေ့ရှိရသည်။ ၎င်းတို့တွင် ဒေသအခေါ်အရ ကျောက် ဖြူ၊ ကျောက်မာခေါ် ကျောက်ပြာစိမ်း၊ နမ်းကျောက်၊ ဂဝံကျောက်၊ ကျောက်သလင်းနှင့် သဲကျောက်များ ဖြစ်သည်။ ဖော်ပြပါ ကျောက် (၅) မျိုး၏ ပမာဏကို အတိအကျ ဖော်ပြခြင်းမပြုနိုင်သော်လည်း လိုသလောက်ထုတ်ယူနိုင်သည့် အနေအထားရှိသည်။ မြောင်းမြ မြို့နယ်တွင် ဓာတ်သတ္တုနှင့် ရေနံဖော်ထုတ်မှုမရှိသေးပါ။

မြောင်းမြမြို့နယ်သည် စီးပွားရေးဖွံ့ဖြိုး တိုးတက်ရေး အတွက် လယ်ယာနှင့် သားငါးကဏ္ဍကို ဆောင်ရွက်လျက် ရှိရာ ကမ်းနီးကမ်းဝေး ငါးဖမ်းလုပ်ငန်း၊ ပုဇွန်နှင့် ရေထွက် ပစ္စည်း မွေးမြူရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းများ ထွန်းကား လျက်ရှိသည်။ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးတွင် စပါး၊ ဝါ၊ ကြံ၊ ပဲအမျိုးမျိုးသည် ဒေသနှင့် ကိုက်ညီဖြစ်ထွန်းလျက် ရှိသည်။ ရာဇဝိရာဇ် အရေးတော်ပုံများတွင် ပါရှိသော

မြောင်းမြမြို့သည် ရာမညတိုင်း မွန်သုံးရပ်တွင် ပါဝင်သည်။ ပုသိမ် ၃၂ မြို့တွင် အပါအဝင်ဖြစ်၍ ထိုစဉ်က ကျိုက် ဇလဲတော်မြို့ဟု တွင်ခဲ့သည်။

မြောင်းမြမြို့သည် ရာမညတိုင်း မွန်သုံးရပ်တွင် ပါဝင်သည်။ ပုသိမ် ၃၂ မြို့တွင် အပါအဝင်ဖြစ်၍ ထိုစဉ်က ကျိုက် ဇလဲတော်မြို့ဟု တွင်ခဲ့သည်။

လောက်ဖျားသည် ဟံသာဝတီပြည့်ရှင် ဗညားဦး၏ ညီတော် မင်းသားဖြစ်သည်။ ထိုမြောင်းမြစားလောက်ဖျားသည် ဗညားဦး၏ အရိုက်အရာကို ဆက်ခံခဲ့သော မွန်ဘုရင် ရာဇာဓိရာဇ်ကို တော်လှန်ခဲ့သည်ကို အကြောင်းပြု၍ မြောင်းမြ မြို့သည် ရာဇဝင်သမိုင်းတို့တွင် ထင်ရှားလာခြင်း ဖြစ်လေသည်။ မြောင်းမြမြို့ဟူ၍ ခေါ်တွင်သည်မှာ ချောင်း၊ မြောင်း၊ မြစ်ချောင်းများနှင့်တကွ စိမ်းစိုပြေသောတောင်နှင့် သာယာသည်ကို အစွဲပြု၍ခေါ်သည်ဟု လည်းကောင်း၊ လောက်ဖျားမင်း မြို့တည်စက ကျုံးမြောင်းများ တူးဖော်ရာတွင် ထိုကျုံးမြောင်းထဲမှ သပိတ်ကြီးတစ်လုံးရသဖြင့် မြောင်းထဲမှ မြသပိတ်ရသည်ကို အကြောင်းပြု၍ မြောင်းမြဟု ခေါ်သည် ဟုလည်း ဆိုလေသည်။

သို့သော် မွန်ရာဇဝင် ရာဇာဓိရာဇ် အရေးတော်ပုံ ကျမ်းတွင် မြောင်းမြမြို့မှာ မံင်ဗလ (မောင်မလ) ဟု ဖော်ပြပါရှိ ရာ ထိုစကားမှ ဆင်းသက်လာသည်ဟု ယူဆဖွယ်ဖြစ်သည်။ မံင်မလ ဟူသောစကားတွင် “မံင်” - (နေသည်၊ နေရာ) “မလ” - (မြရာပင်) ဖြစ်ရာ၊ မြရာကုန်းဟု ယူသော် ရတန်ရာသည်။ မူလ မြောင်းမြမြို့ဟောင်း၌ သစ်သားပန်းပုတို့ဖြင့် ခြယ်လှယ် ထားသော ဘုန်းတော်ကြီးကျောင်းများ၊ ဇရပ်များ တည်ရှိ၍ အလွန်လှပ တင့်တယ်သည်ဟု အဆိုရှိသည်။ ခရစ်နှစ် ၁၈၆၁ ခုနှစ်တွင် ထိုမြောင်းမြမြို့ဟောင်းသည် မီးအကြီးအကျယ် လောင်လေသဖြင့် မြို့ပျက်ပမာတမျှ ဖြစ်သွားခဲ့သည်။ ထို့ နောက် ယခု မြောင်းမြမြို့ဟု ခေါ်တွင်သော(ဆိပ်ကြီး) အရပ် တွင် မြို့သစ်တည်ထောင်သည်။ ဤသို့ တည်ထောင်ရာမှာ

ရုံး၊ ဂတ်၊ ဈေး စသည်တို့ကို တည်ဆောက်ခဲ့သည်။ ယခု မြောင်းမြ မြို့ဟောင်း (ဆိပ်ကြီး) ခေါ် ဒေသသည် ကျိုက်အမာန် မြို့ဟု ခေါ်တွင်ကြောင်း ရေးစာဟောင်းများတွင် တွေ့ရသည်။ ထိုမြောင်းမြမြို့ဟောင်းသည်ကား ယခု မြောင်းမြ မြို့နှင့် ၇ မိုင်ကွာ အနောက်တောင် ထောင့်အရပ် ရွှေဘုံသာ တောင်ခြေတွင် တည်ရှိလေသည်။

မြောင်းမြမြစ်နှင့် ရပ်ကွက်တည်ပုံ

မြောင်းမြမြို့သည် ဧရာဝတီမြစ်၏ မြစ်ခွဲတစ်ခု ဖြစ်သော မြောင်းမြမြစ် (ဆိပ်ကြီး) မြစ်၏ လက်ယာဘက် ကမ်းပေါ်တွင် တည်ရှိသည်။ ထိုမြစ်သည် ခရိုင်နယ်၏ အနောက်ဘက် နယ်နိမိတ်အနီးကို ဖြတ်သန်းစီးဆင်းသွား သည်။ မြို့၏ အချို့နေရာများမှာ မြေနိမ့်ပိုင်း၌ တည်ရှိသော် လည်း များသောအားဖြင့် လူနေရပ်ကွက်များမှာ ကုန်းမြင့် ပိုင်းတွင်သာ တည်ရှိလေသည်။ မြို့၏ အကျယ်အဝန်းမှာ ၁ ဒသမ ၂၀ စတုရန်းမိုင်ခန့်ရှိသည်။ ဒုတိယကမ္ဘာစစ် ကြီးပြီးသည့် အချိန်မှစ၍ လူနေရပ်ကွက်နှင့် အိုးအိမ်များ တိုးချဲ့ဆောက်လုပ်လာခဲ့ရာ ယခုအခါ ယခင်ကထက် များစွာ စည်ကားလျက် ရှိပါသည်။

မြောင်းမြမြို့ရှိ ထင်ရှားသော စေတီပုထိုးများမှာ မြို့နှီးထိပ်ရှိ ကြောနန္ဒစေတီ၊ တာဝတိံသာဘုရား၊ ရွှေသာ လျောင်းဘုရား၊ မဟာယက်နဘုရားနှင့် ဗောဓိအောင်မြေဘုရား တို့ ဖြစ်သည်။ လောက်ဖျားမင်းတည်ခဲ့သော စေတီကို ပြန်လည်တည်ထားသည့် ရွှေဘုံသာစေတီ၊ ဥက္ကဌစေတီနှင့် မြစိမ်းရောင်စေတီတို့လည်း ရှိလေသည်။

ထို့အပြင် မြောင်းမြမြို့ပေါ်တွင် မင်းကျောင်း၊ တာဝတိံသာ ကျောင်း၊ အလယ်တောရကျောင်း၊ ဆိုတော် ဗီကျောင်း၊ ဝေဒဝန်ကျောင်း၊ သုဇာတာကျောင်း စသည် တို့အပြင် စာသင်တိုက်များနှင့်တကွ ဝိပဿနာ ကမ္မဋ္ဌာန်းကျောင်းများ လည်း ရှိသည်။ ထို့အပြင် ကရင်ဘုန်းကြီးကျောင်းများ ဖြစ်ကြသော ၅ လမ်း ၁၂ ရပ်ကွက်ရှိ စွမ်းအားကျောင်းတိုက်၊ တပ်ဦးကျောင်း (သာသနာဇောတိက) ကျောင်းတိုက်တို့သည် ထင်ရှားသောကျောင်းများ ဖြစ်သည်။ ထို့အပြင် ခရစ်ယာန် ဘာသာဝင် ထင်ရှားသောကျောင်းများလည်း မြို့တွင်း၌ ရှိလေ သည်။ ၎င်းကျောင်းတို့မှာ RC ကျောင်းနှင့် နှစ်ခြင်းကျောင်း များ ဖြစ်သည်။ RC ဘုန်းကြီးအမ်နာတိုက် မြောင်းမြသို့ ရောက်စ ၁၉၄၆ မှ ၁၉၅၁ ခုနှစ်အထိ မူလတန်းကျောင်း ဖြစ်ပြီး ကလေးများ စတုတ္ထတန်းအထိသာ သင်ကြားရပါ သည်။ ဘုန်းတော်ကြီးသည် အထက်ပါ အဆောက်အဦ ပြီး၍ ကျောင်းသုံးပရိဘောဂ ပြည့်စုံသောအခါ ရန်ကုန် ပညာ မင်းကြီးရုံးသို့ အကြိမ်ကြိမ် သွားရောက်၍ ကျောင်းဖွင့် ခွင့်တောင်းခံခဲ့ရာ ဘုန်းတော်ကြီးသည် နှိမ့်ချခြင်း၊ သည်းခံခြင်း၊ ဇွဲရှိခြင်းတို့ကြောင့် ၁၉၅၁-၁၉၅၂ ပညာ သင်ကြားနှစ်အတွင်း အလယ်တန်းကျောင်းဖွင့်ခွင့် ရရှိလာခဲ့ရပါသည်။ (ကျောင်း၏ အမည်မှာ ကရင်ဒေသဆိုင်ရာ အစိုးရ အလယ်တန်းကျောင်း ဖြစ်ပါသည်။ ကျောင်းအုပ်ဆရာကြီးမှာ ဦးစောဗီးသာ (ဘီအေ၊ ဘီအယ်လ်) ဖြစ်ပါသည်။

ဘုန်းတော်ကြီးသည် အလယ်တန်းကျောင်းအဖြစ် ဖွင့်လှစ်ခွင့်ရပြီးနောက် သူ့အစွမ်းရှိသမျှ ဆက်လက်ကြိုးစား မှုကြောင့် ၁၉၅၂-၁၉၅၃ ပညာသင်နှစ်တွင် ကရင်ဒေသ ဆိုင်ရာ အစိုးရအထက်တန်းကျောင်းသို့ တိုးမြှင့်ဖွင့်လှစ်ခွင့် ရရှိခဲ့ပြန်သည်။ ၁၉၅၂ ခုနှစ်၊ ဇွန်လ (၁) ရက်နေ့မှစ၍ ကရင်ဒေသဆိုင်ရာ အမှတ် (၃) အစိုးရအထက်တန်းကျောင်း ဖြစ်လာခဲ့ပါသည်။ ဤကျောင်းအုပ်ဆရာကြီး ဦးစောဗီးသာသည် အလယ်တန်းကျောင်းအုပ်မှ အထက်တန်းကျောင်းအုပ်သို့ ရာထူးတိုးမြှင့် ခန့်အပ်ခြင်းခံရပါသည်။ အမှတ် (၃) အစိုးရ အထက်တန်းကျောင်းသည် ကက်သလစ် သာသနာဝင်း အတွင်းရှိသော်လည်း ပြည်သူပိုင်သိမ်းစဉ်က သာသနာပြု အထက်တန်းကျောင်းမဟုတ်သဖြင့် ပြည်သူပိုင် အသိမ်း မခံရပါ။

ဘုန်းတော်ကြီး အမ်နာသိုက်သည် မိမိ၏ ဘော်ဒါ ဆောင်ကို အထက်တန်းကျောင်းနှင့်တွဲ၍ ဆက်ထားပါသည်။ ယောက်ျားလေးဘော်ဒါနှင့် မိန်းကလေးဘော်ဒါနှစ်မျိုးစလုံး ထားရှိပါသည်။

မိုင်မလ ဟူသောစကားတွင် 'မိုင်' – (နေသည်၊ နေရာ) 'မလ' – (မြရာပင်) ဖြစ်ရာ၊ မြရာကုန်းဟု ယူသော် ရတန်ရာသည်။

မျက်မှောက်ခေတ်တွင်လည်း ကက်သလစ်ကျောင်းနှင့် နှစ်ခြင်းကျောင်းများ၌ နှစ်စဉ် ကရင်စာပေသင်တန်းကြီးပမ်းဖွင့်လှစ်ခဲ့ပါသည်။ ရိုးရာယဉ်ကျေးမှု သင်တန်းများကို အစဉ် အမြဲမပြတ် ပြုလုပ်ကြပါသည်။ ကက်သလစ်ကျောင်းမှာ တမူ ထူးခြားသည်ကို တွေ့ရပါသည်။ မြောင်းမြမြို့ ကက်သလစ်သာနာဇပဟိုကျောင်းတော်ကြီးကို ၁၉၅၉ ခု မေလ (၂၆) ရက်နေ့တွင် ပန္နက်ရိုက်သည်လည်းကောင်း၊ ပန္နက်ချရာတွင် (၁၉၄၂) ခုနှစ်တွင် မီးလောင်ပျက်စီးသွားသော ဘုရားကျောင်းနေရာဟောင်းမှ တူးဖော်ရရှိသော ဌာပနာငွေဒင်္ဂါးများနှင့် အလှူရှင်တစ်ဦးထံမှ ရွှေဆွဲကြိုးတစ်ကုံးတို့ကို ဌာပနာ၍ ပန္နက်ချခဲ့သည်။ အဆောက်အဦကို ၁၉၅၉ မှ ၁၉၆၅ ခုနှစ်အထိ (၆) နှစ်တိုင်တိုင် တည်ဆောက်ရပါသည်။ ၁၉၆၉ ခုနှစ်၊ ဧပြီလ (၁၀) ရက်နေ့တွင် ပုသိမ်ဆရာတော် ဂျေဦးကျော်မှ ဘုရားရှိခိုးကျောင်းကြီးကို ရွှေနှလုံးတော်ဘုရားကျောင်းတော်ကြီးဟူ၍ နာမပေးကာ ဘုရားကျောင်းတော်အတွင်း ဘုရားရှိခိုးဝတ်ပြုကိုးကွယ်မှု ပြုခဲ့ကြပါသည်။ ရွှေနှလုံး သားကျောင်းတော်ကြီးသည် (အလျား ၁၆၈ ပေ၊ အနံ ၄၀၊ အမြင့် ၃၈ ပေ) ရှိပါသည်။ ခေါင်းလောင်းစင်မြင့်မှာ ခရူစူးတိုင် ထိပ်ဖျားထိ အမြင့် (၁၂၅) ပေရှိပါသည်။ မြောင်းမြမြို့ ရောက်ရှိက ယင်းခရူစူးတိုင်ကို အဝေးမှပင် လှမ်း၍ မြင်နိုင်ပါသည်။

ဗြိတိသျှနယ်ချဲ့တို့သည် မြောင်းမြမြို့ကို ၁၈၅၃ ခုနှစ်တွင် နောက်ဆုံးတိုက်ခိုက်၍ သိမ်းပိုက်လိုက်သည်။ ထိုတိုက်ပွဲတွင် ပါဝင် လာသော ဗြိတိသျှတစ်တပ်မှ ကွန်မင်ဒိုလင်းဘတ်နှင့် ကပ္ပိတန် ဖိုက်ချ်တို့သည် ရေတပ်သင်္ဘောများဖြင့် ရောက်ရှိလာကြခြင်းဖြစ်ရာ ထိုသင်္ဘောများသည် ယခု မြောင်းမြဆိပ်ကမ်းတွင် ဆိုက်ကပ်မည်ဟု ခန့်မှန်းရသည်။ ထိုအချိန်က စတင်၍ ယခုတည်နေရာတွင် မြောင်းမြမြို့သစ်တည်ရန် ဆုံးဖြတ်သည်ဟု ယူဆရပါသည်။

## သုံးသပ်ချက်

၁၈၆၀ ခုနှစ်တွင် မြောင်းမြမြို့ဟောင်း မီးလောင်မှုသည် သွေးရိုးသားရိုး မဟုတ်ဘဲ မြို့သစ်တည်ဆောက်လိုသောကြောင့် ဗြိတိသျှ နယ်ချဲ့တို့၏ အစီအစဉ်ဖြင့် တမင်မီးရှို့သည်ဟု ယူဆနိုင်သော အကြောင်းများစွာ ရှိခဲ့သည်။ သမိုင်းနောက်ခံအကျိုး အကြောင်းများကို ဆက်စပ်သုံးသပ်လျှင် မြောင်းမြမြို့ကို ၁၈၆၂ ခုနှစ်ခန့်က တည်ဆောက်ခဲ့သည်ဟု ခန့်မှန်းနိုင်သည်။

> မြောင်းမြမြို့ဟောင်း မီးလောင်မှုသည် သွေးရိုးသားရိုး မဟုတ်ဘဲ မြို့သစ်တည်ဆောက်လိုသောကြောင့် ဗြိတိသျှ နယ်ချဲ့တို့၏ အစီအစဉ်ဖြင့်

မြောင်းမြမြို့စားလောက်ဖျား၏ သမိုင်းကြောင်းမှာ မွန်တီ၊ မွန်စ၊ မွန်ညစသော မွန်သုံးရပ်အနက် မွန်ည ဒေသ၌ ပါဝင်သည့် မြောင်းမြမြို့သည် စစ်စွမ်းရည်ထက်မြက်သော မွန်မြို့စားကြီး လောက်ဖျားကို အကြောင်းပြု၍ လွန်ခဲ့သော နှစ်ပေါင်း ၆၀၀ ခန့်က စပြီး ထင်ရှားကျော်ကြားခဲ့သည်။

မြန်မာသက္ကရာဇ် ၇၂၆ ခုနှစ်တွင် ပဲခူးဘုရင် ဆင်ဖြူရှင် ဗညားဦးသည် ဆွေတော်မျိုးတော်များအား မြို့ရွာများကို အပိုင်စားပေးရာတွင် ညီတော်သူ လောက်ဖျားမင်းသားအား အနောက်ဘက်တစ်လွှားရှိ ကြိုက်နှစ်သက်ရာအရပ်တွင် မြို့ပြတည်ဆောက်အပိုင် စားစေခဲ့သည်။ စစ်ရေး အတွေ့အကြုံနှင့် နယ်မြေကျွမ်းကျင်သူ၊ စွမ်းရည်ရှိသူ လောက်ဖျားသည် မိမိ တပ်၊ လက်နက်၊ ဆင်၊ မြင်းများဖြင့် ဆိပ်ကြီးအရပ် (ယခုမြောင်းမြသို့ စုန်ဆင်းစခန်းချခဲ့သည်) ဘုရင်မင်းသားတို့ ပြုထုံးအရပ် စုတရင်၊ သုခမိန်များနှင့် တိုင်ပင်၍ မိန်းမကာရ၊ ကုံးစခန်း၊ လပ်စသည်ဖြင့် မိမိဇာတာအရ တန်ခိုးကြီးမည့်သီရိအရပ်သို့ ရွေးချယ်ခဲ့ခြင်း ဖြစ်သည်။

ကျိုက်အမွန်ခေါ် ဆိပ်ကြီးအရပ် (ယခု မြောင်းမြမှ (၇) မိုင်ကွာဝေးသော အနောက်တောင်အရပ်သည် ချောင်းများ၊ မြောင်းများ၊ တောင်ကုန်းများ၊ ပေါ်များပြီး၊ သစ်ကြီး၊ ဝါးကြီးများ ထူထပ်၍ ၎င်းတို့သည် သဘာဝခံတပ်နှင့် သဘာ

၀ ရေကျူးသဖွယ် တည်ရှိနေသောကြောင့် စစ်ရေးအရ ခံစစ်၊ တိုက်စစ်၊ အထူးကောင်းသောနေရာ ဖြစ်သည်။ ထိုနေရာသည် စစ်သည်ရဲမက်နှင့် ပြည်သူတို့အတွက် မြေသြ ဇာ ကောင်း၍ ရာသီဥတုမျှတသည်။ စီးပွားရေး၊ ရိက္ခာပံ့ပိုး ပစ္စည်း တောင့်တင်းသည်။ စစ်တိုက်ရင်း ရိက္ခာအတွက် စိုက်ပျိုးစုဆောင်းနိုင်သည်။ လောက်ဖျားသည် သဘာဝ အခြေအနေအရပ်ရပ်နှင့် ပြည့်စုံသော ထိုနေရာတွင် ကျိုက်ဇလိုင်တောမြို့ (ယခုမြောင်းမြမြို့ဟောင်း) ကို မြို့ရိုး၊ ကျုံး၊ လွတ်ရုံး၊ မြတိုက်စသည်ဖြင့် မြို့တော်အင်္ဂါရပ်နှင့်အညီ တည်ဆောက်ခဲ့သည်။ ၁၈၈၁ ခုနှစ်တွင် ယခုသင်္ဘောဆိပ်နေရာ၌ နယ်ရုံးအုပ်တို့အဆောက်အဦ တည်ဆောက်ခဲ့သည်။ ၁၈၉၂ ခုနှစ်၌ လေကြီးမိုးကြီး ပြင်းထန်စွာ ကျရောက်လာသောအခါ ထိုရုံးသည် ပြိုကျပျက်စီးလေသည်။ ထို့ကြောင့် ဗိုလ်တဲဟုခေါ်သော မင်းတဲကို နောက်ထပ်ပြန်လည်တည် ဆောက်ခဲ့သည်။

မော်လမြိုင်သည် မော်လမြိုင်ကျွန်း၊ အိမ်မဲ၊ လပွတ္တာ စသည်ခရိုင်အတွင်းရှိ မြို့များနှင့်လည်းကောင်း၊ ရေလမ်းအဆက်အသွယ်ရှိသည်။ ခရိုင်မြို့များနှင့်လည်း နေ့ချင်းပေါက် သင်္ဘောလမ်း အဆက်အသွယ်ရှိသည်။ မြောင်းမြမြို့နှင့် ရန်ကုန်သို့လည်း ကားလမ်း ရေလမ်းဖြင့် အချိန်မရွေး သွားလာနိုင်ပြီ ဖြစ်သည်။

လယ်ယာဆက်သွယ်ရေး

မြောင်းမြမြို့သည် မွန်လူမျိုးများသာမက ကရင်လူမျိုးများသည်လည်း မွန်လူမျိုးနည်းတူ ရှေးနှစ်ပေါင်းများစွာကပင် ရောက်ရှိ နေထိုင်ခဲ့ပြီး ဖြစ်ပါသည်။ မြောင်းမြနှင့် မြောင်းမြမြို့နယ်အတွင်း ရေတွင်းရေကန်၊ မြောင်းမြမြို့ဟောင်းတွင်လည်း အခြေချ နေထိုင်ခဲ့ကြသည်မှာ ကြာပြီဖြစ်သည်။ ယင်းနယ်နှင့် ပတ်ဝန်းကျင်တွင် နေထိုင် သောကရင်အမျိုးသားများသည် နိုင်ငံတော်အဆင့်မြင့် အရာထမ်း အများအပြား ရှိသည်။ ခေတ်သုံးခေတ်တွင် နိုင်ငံတော်အတွက် အခြားလူမျိုးများနှင့်အတူ အသက်ပေးကာကာကွယ်စောင့်ရှောက် ခဲ့ကြသည်။ ခေတ်သုံးခေတ် ဆိုသည်မှာ ပထမအင်္ဂလိပ် အုပ်စိုးသောခေတ်၊ ဂျပန်အုပ်စိုးသောခေတ်နှင့် ဂျပန်ကို တော်လှန်ပြီးနောက် ကရင်အမျိုးသားခေါင်းဆောင်များ အများအပြား ရှိသည့်အနက် ရေတွင်းရေကန်မှ မန်းစောပုသည် ထင်ရှားသော ခေါင်းဆောင်တစ်ဦး ဖြစ်သည်။ ထိုနည်းတူ ခရစ်ယာန်သက်ဝင်ယုံကြည်သော သူများနှင့် ဗုဒ္ဓဘာသာ သက်ဝင်ယုံကြည်ကြသော သာသနာခေါင်းဆောင်များလည်း အများအပြား ရှိသည်။ ယင်းတို့သည် ဘာသာ ကွဲပြားသော်လည်း အမျိုးသားအတွက် လုပ်ဆောင်ရာတွင် လက်တွဲ၍ တစ်စိတ်တစ်ဝမ်းတည်း စုပေါင်းလုပ်ဆောင် လုပ်ကြသည်ကို တွေ့ရှိနိုင်ပါသည်။ မြောင်းမြမြို့သည် ကယား၊ ချင်း၊ ရခိုင်၊ မွန်၊ ရှမ်းစသော တိုင်းရင်းသားလူမျိုးပေါင်းစုံနှင့် နိုင်ငံခြားသားများ နေထိုင်လျက်ရှိသည်။ ၎င်းတို့တွင် ဗုဒ္ဓဘာသာ၊ ခရစ်ယာန် ဘာသာ၊ ဟိန္ဒူ၊ မွတ်စလင်ဘာသာဝင်များ ဖြစ်သည်။ (စစ်ခင်းမြေ ကက်သလစ်သာသနာပိုင်မှတ်တမ်းနှင့် တောင်စွန်းရောရောင်စုံများ စာအုပ်မှ ကောက်နုတ် တင်ပြပါသည်။)

ဤသို့ဖြင့် မြေပြန့်နှင့်တောင်ပေါ်၊ မြစ်ချောင်းနှင့် တောတန်း စိမ်းလန်းသည့် မြောင်းမြ၊ ငြိမ်းချမ်းသည့် မြောင်းမြ၊ အမျိုးဘာသာ သာသနာ၊ လူမှုစီးပွားဖြင့် ခန့်ငြားသော မြောင်းမြအဖြစ် သမိုင်းကိုဆန်းစစ်ရင်း နောက်ထပ်တစ်ခေါက်တစ်ခါ ရောက်ရှိလိုပါသည်။

မန်းမောင်မောင်အေး (ယဥ်ကျေးမှု)
နှစ်ကူး/ဖဟို

■

# ကယန်း အမျိုးသားနေ့

စောဒဂူးစမ်း



**Henary Marturer** is a Historical Researcher concerning about China In his writing he discloses about inhabitant originating around Yang River are Kayang, Kanyaung and Kayaung. That natural and original name follow and call themselves as Kayang national till up to now.

Henary Marturer ပုဂ္ဂိုလ်သည် တရုတ်ပြည်နှင့် ပတ်သက်သော သမိုင်းသုတေသီ တစ်ဦးဖြစ်သည်။ သူရေးသား မှတ်တမ်းတင်ခဲ့သော ယန်မြစ်(Yang River) မြစ်ဖျားခံရာဒေသမှ တွေ့ရှိသော လူမျိုးအမည်များမှာ ကယန်း (Kayang) ကညောင်း (Kanyaung) ကယောင်း(Kayaung) ဟုခေါ်ဝေါ်ကြသည်။ ထို့ကြောင့် မူလ သဘာဝရိုးရင်းစွဲ အခေါ်အဝေါ်အတိုင်း ယနေ့တိုင် ဓိဓိ ကိုယ်ကို ဓိဓိ ကယန်း လူမျိုးဟု နေ့စဉ် ခေါ်ဝေါ်သုံးနှုန်းနေဆဲဖြစ်သည်။



၂၀၁၂ ခုနှစ်၊ ဧပြီလ (၉) ရက်၊ မွန်းတည့်ခါနီးတွင် နွေခေါင်ခေါင် နွေအရှိန်ပြင်းပြင်းအောက်၌ မိတ်ဆွေဖြစ်သူ စောဘလူးနှင့်အတူ တောင်ငူရှိ ကယန်းငြိမ်းချမ်းရေး ဆက်သွယ်ရေးရုံးသို့ ရောက်ရှိသွား၏။ ညီနောင်ရင်းချာ ကယန်းတိုင်းရင်းသားများနှင့်အတူ ပြည်ထောင်စုဖွားများက သောက်ရေခပ်ချောင်း ကျေးရွာသို့ သွားရန်အတွက် ကြိုလင့်နေကြသည်။ တိုင်းရင်းသားခေါင်းဆောင် တစ်ဦးဖြစ်သည့် ကိုရှမ်းလေးကလည်း ပွင့်လင်းဖော်ရွေသည့် အပြုံးတို့ဖြင့် နှုတ်ခွန်းဆက်ရင်း ပြည်ထောင်စုဖွား တိုင်းရင်းသား ညီအစ်ကိုများအကြား မိတ်ဆက်ပွဲကို ပြုလုပ်လိုက်ကြလေသည်။ နဂိုရှိရင်းစွဲ ချစ်ကြည်ရင်းနှီးသူများပီပီ တခဏချင်းပင် ယုံကြည်ရင်းနှီး သွားကြလေသည်။ ထို့နောက် တောင်ပေါ်သုံး လေဘီးယက် (Four wheel drive) ကားများဖြင့် ခရီးစထွက်ခဲ့ကြသည်။

တောတောင်စိမ့်စမ်း လျှိုမြောင်တို့ဖြင့် သာယာလှပပြီး အေးချမ်း တည်ငြိမ်နေသည့် ကရင်ပြည်နယ်၏ အလှကား ရှုမငြီးစရာ ဖြစ်၏။ ငေးမောစရာတွေ ပြည့်နှက်နေသည့် ဩကာသလောက၊ သတ္တလောက၊ သင်္ခါရလောကတို့ကို ကြည့်ရှုရင်း တွေး တောစရာတွေလည်း ရင်ထဲမှာ ပြည့်ကျပ်လာပါတော့သည်။ ရိုးသားဖြူစင်သည့် ဒေသခံ တိုင်းရင်းသားများကလည်း စည်းလုံးညီညွတ်စွာ တန်းစီတက်လာသော စာရေးသူတို့၏ ကားတန်းကို ပြန်လည်ကြည့်ရှု နေကြပေသည်။ ဖြူစင်ရိုးသား သည့် သူတို့တွေ၏ မျက်နှာပေါ်မှ ကြည်လင်ရွှင်ပျသော အရယ်အပြုံးတို့ဖြင့် နှုတ်ဆက်ကြိုဆို ဝမ်းသာနေကြပုံကား တစ်သက်တာ မမေ့ရက် နိုင်စရာပင်။

ငေးမောတွေးတောစရာ အလှအပတွေ တစ်ပုံတစ်ပင်ကြီးကြားမှ အကျဉ်းတန်သည်က တောင်ပေါ်ကားလမ်း ဖြစ်၏။ ကြမ်းတမ်းကွေ့ကောက်နေသော တောင်ပေါ်ကားလမ်းတစ်လျှောက် လေးဘီးယက် ကားတန်းမှ အားမာန်တပြီးပြီးဖြင့် အော်ဟစ်ရင်း တက်လာပါသည်။ ကားအင်ဂျင်သာမက ကားဘီးတွေပါ အငွေ့တထောင်းထောင်း ထနေပါတော့သည်။ အချို့ကားတွေဆိုလျှင် အင်ဂျင်ငြီးသံ ထွက်လာသည်အထိ ကုန်းရုန်းတက်လာပြီး လိုရာခရီးသို့ ဆက်ချီတက်နေသည်မှာ ဒေသခံ တိုင်းရင်းသားတို့၏ လေ့ခွက်ချည်းကျန် အလုံမလုံ စိတ်ဓာတ်ကို ထင်ဟပ်ပြနေသကဲ့သို့ပင်။ လမ်းတွင် ကားဘီးများ ရေလောင်းခြင်း၊ အင်ဂျင်ရေလဲခြင်း၊ အအေးခံ ခေတ္တအနားပေးရင်း ထမင်းစားကြလေသည်။

၁၂ ကြိမ်မြောက် ကယန်းအမျိုးသားနေ့ ကျင်းပမည့် သောက်ရေခပ်ကျေးရွာသို့ ညနေဆည်းဆာအချိန်တွင် ရောက်ရှိ သွားကြလေသည်။ သာစွဗျာနေ ကယန်းတို့ ဒေသဆီသို့ အောင်မြင်စွာ ဆိုက်ရောက်သွားကြပေပြီ။ ကြည်လင်အေးမြ ပြီး တသွင်သွင် စီးဆင်းနေသည့် ချောင်းရေပြင်ကို ကြည့်ရင်း စိမ့်နေသည့် ရာသီဥတုကို ခံစားလိုက်ရသည်။

ပြီးနောက် ကုန်းကမူပေါ်ရှိ ထမင်းစား ဆောင်တွင် သူစိမ်း သူကျက်မရွေး၊ တောင်ပေါ်မြေပြန့် မခွဲဘဲ လက်ရေတစ်ပြင်တည်း ထမင်းစားကြပါသည်။ ဒေသထွက် ဟင်းလျာကိုသာမက ဈေးကြီးသော ငါးများကိုပင် မြေပြန့်မှ မှာယူ၍ ချက်ပြုတ်ကျွေးမွေးကြခြင်း ဖြစ်သည်။ ဟင်းအမယ်စုံဖြင့် ထမင်းကျွေးရုံသာမက ရေပူရေအေး လိုလေသေး မရှိရလေအောင် သစ်သီးအချိုပွဲက အစ ထပ်မံတည်ခင်းကြပါသေးသည်။ "တစ်မူးရလို့ တစ်ပဲလှူ၊ တို့ရှမ်းတောင်သူ တူနိုင်ရိုးလား" ဟူသော တိုင်းရင်းသား စကားပုံနှင့် အညီ ကယန်းတိုင်းရင်းသားတို့၏ အလှူကို ရင်ထဲတွင် သာဓုခေါ်မိသည်။

ဧည့်သည်တော်တွေကို ကယန်းရိုးရာဝတ်စုံတစ်စုံစီ လက်ဆောင်ချီးမြှင့်ကြသေးသည်။ ဧည့်ကြိုပြန်ကြားရေးဌာနဦးရေသန့်၊ လက်ဖက်ရည်ကြမ်း၊ ခေါင်ရည် အစရှိသည်တို့ကို တည်ခင်းဧည့်ခံ ထားလေ၏။ ကယန်းရိုးရာ ဝတ်စုံဝတ်ထားသော ကိုငြိမ်းသစ်မှာလည်း ခေါင်ရည်ပူကို သုံးဆောင်ရင်း ဒေသန္တရ အကြောင်းအရာတွေကို ဟိမဝန္တာ ချီးမွမ်းခန်းဖွင့်နေပါတော့သည်။ သောက်ရေခပ်ချောင်းဟူ၍ ဖြစ်ပေါ်စေမည့် ချောင်းနှစ်ချောင်းဆုံရာ အရပ်ဒေသကား ရောဝတီမြစ်ဆုံဒေသလေးနှင့် တူလှပေသည်။ ကယန်းအမျိုးသားနေ့ပွဲတော် အောင်မြင်ငြိမ်းချမ်းစွာ ဖြစ်မြောက်ရေးအတွက် ဦးထွန်းနီက ကမကထပြုသည်ဟု သိရသည်။ ထိုပုဂ္ဂိုလ်နှစ်ဦးမှာ နှစ်ဖက်ရင်ဆိုင် တောင်ကြောများပေါ်မှ စစ်ရေးခေါင်းဆောင်များ ဖြစ်ကြလေသည်။ မိတ်ဆွေရင်းချာ ညီရင်းအစ်ကိုများကဲ့သို့ ချစ်ကြည်ရင်းနှီး ပွင့်လင်းရိုးသားစွာ စကားလက်ဆုံ ကျကြရင်း သဲပြင်ပေါ်မှသဲများကို ရေးသားဆွဲခြစ်နေကြသည်မှာ သမီးရည်းစားများ အလားပင်ဟု ဒေသခံများက ဝမ်းသာပီတိဖြင့် ဆိုကြလေသည်။

ညပိုင်း၌ကား ကယန်းအမျိုးသားနေ့ကို ကြိုဆို၍ ရောင်စုံမီးရှူးမီးပန်းတို့ကို ပစ်လွှတ်ကြသည်။ ရိုးရာအကများ၊ ပျော်ပွဲရွှင်ပွဲများဖြင့် စည်ကားသိုက်မြိုက် နေကြပေသည်။ ၁၉၇၈၊ ၁၉၉၆၊ ၂၀၀၇ ခုနှစ် မျိုးဆက်သစ်ကျောင်းသားခေါင်းဆောင်များ၊ တိုင်းရင်းသားကိုယ်စားလှယ်များ၊ ပါတီအချို့မှ ကိုယ်စားလှယ်များ၊ ရပ်မိရပ်ဖများ၊ တိုင်းရင်းသားပြည်သူများ စသည်တို့လည်း စုံလင်စွာ တက်ရောက်ကြပေသည်။

စာရေးသူတို့လည်း ပြန်ကြားရေးပြခန်း၊ ယဉ်ကျေးမှုပြခန်း စသည်တို့ကို လှည့်လည်ကြည့်ရှုရင်း မိတ်ဆွေများ ဖြစ်ကြသည့် ကိုဂျင်မီ၊ မနီလာသိန်းတို့နှင့် ပြန်လည်ဆုံဆည်းမိကြသည်။ ကိုအံ့ဘွယ်ကျော်ကို အယ်ဒီတာ

ကိုငြိမ်းသစ်နှင့် မိတ်ဆက်ပေးပြီးနောက် တည်းခိုရာအိမ်သို့ ပြန်လာခဲ့ပါသည်။ နယ်မြေတာဝန်ခံ ဦးထွန်းနီမှ စာရေးသူတို့အဖွဲ့အား လာရောက်တွေ့ဆုံပြီး တည်းခိုစားသောက်ရေးမှ အစ အဆင်ပြေ မပြေ၊ လိုအပ်သည်များကို မေးမြန်းပါသည်။

စာရေးသူတို့ တည်းသည့်အိမ်က (၂) ထပ်အိမ်ဖြစ်ပြီး ကပ်လျက်နှစ်ထပ်အိမ်တွင် ကယန်းစာပေနှင့် ယဉ်ကျေးမှုအဖွဲ့ နာယကကြီး ဦးသန်းစိုးနိုင် တည်းခိုနေပါသည်။ ညတွင် ငှက်ပျောရွက်များကို အခင်းလုပ်ပြီး မီးလှုံနေကြသော ကယန်းရဲဘော်များကိုလည်း တွေ့ရပါသည်။ စာရေးသူတို့ တည်းခိုရာဝန်းကျင်ကို လုံခြုံရေးတာဝန် ယူထားကြခြင်းဖြစ်ပါသည်။ တစ်ရေးနိုး အတွေးများဖြင့် စာရေးသူမှာ ပြန်မအိပ်နိုင်သေးဘဲ အတွေးနယ်ချဲ့ မိပါတော့သည်။

အိမ်ပတ်ဝန်းကျင် အမှောင်တော့၌မူ ကယန်းတိုင်းရင်းသားများမှာ မီးလှုံနေသည့် မီးအလင်းဖြင့် ဝိုင်းဖွဲ့တစ်ဖုံ၊ မတ်တပ်ရပ်၍တစ်မျိုး စုဖွဲ့စကားပြောနေကြသည်။ ဤရွာကြီး၏ အပေါ်တည့်တည့်၌မူ လောဝိတဓာတ်အားလိုင်းကြီးက ဖြတ်သန်းနေပါသည်။

စာရေးသူတို့၏ ရန်ကုန်မြို့ကြီးနှင့်တကွ ပြည်မကြီး၏ မြို့ကြီးတချို့တို့မှာ ဤလောဝိတ ဓာတ်အားမီးဖြင့် ထိန်ညီးပြီး စီးပွားဖြစ် ဖွံ့ဖြိုးတိုးတက်နေကြသည်။ သို့သော် လျှပ်စစ်ဓာတ်အားထွက်ရာ ပင်မဒေသကြီး၌မူ လျှပ်စစ်မီး မရှိကြပါ။ ဖောင်စီးရင်ရေငတ်၊ ချဉ်သီးပင်အောက် ချဉ်သီးပျောက် ဆိုတာထက် အဖြစ်ဆိုးသော "ဓာတ်တိုင်အောက်မှာ မီးပျောက်" နေခြင်းပင် ဖြစ်သည်။ မဟာဓာတ်အားလိုင်းကြီးအောက်ရှိ ကျေးရွာများ မီးပျောက်နေသည်မှာ ဆယ်စုနှစ်ပေါင်းများစွာ ကြာလှပေပြီကော။

သူတို့ကိုယ်တိုင်က အမှောင်ထုကို ဖယောင်းတိုင်မီးဖြင့် အန်တုနေထိုင်နေကြသော်လည်း ဧည့်သည်ဖြစ်သူ စာရေးသူတို့အား မီးစက်မောင်းပြီး လျှပ်စစ်ဓာတ်မီးထွန်းပြီး ဧည့်ဝတ် ပြုနေကြလေသည်။ ဝမ်းသာသည်က သူတို့၏ စေတနာ၊ မေတ္တာ၊ မုဒိတာ ပြည့်ဝမှုပင် ဖြစ်သည်။ ဝမ်းနည်း၍ ရှက်မိသည်က သူတို့အပေါ် တာဝန်မကျေပွန်ဟု ခံစားမိခြင်းပင် ဖြစ်သည်။

လမ်းပန်းဆက်သွယ်ရေး မကောင်းခြင်း၊ စွမ်းအင်ချို့တဲ့ခြင်း၊ ပညာရေး အားနည်းခြင်းတို့က လူသားတို့အား ဖွံ့ဖြိုးမှု နောက်ကျစေသည်ဟု တစ်ကမ္ဘာလုံးက နားလည်ထားပါသည်။ ဤဒေသ၌ ကျောင်းဆရာ တစ်ဦးတည်းသာရှိသော ကျောင်းတွေကိုလည်း အများအပြား တွေ့ရသေးသည်။

ကယန်း လူမျိုးဟူသည်မှာ ပြည်ထောင်စုတစ်လွှားရှိ အခြားတိုင်းရင်းသားများကဲ့သို့ပင် မွန်ဂိုလွိုက်အနွယ်ဝင်များ ဖြစ်ကြပါသည်။ ပျူ-ကမ်းယံ-သက် ဟူသော ရှေးဦးမြန်မာတိုင်းရင်းသားတို့၏ အကြောင်းကို မြန်မာ့သမိုင်းမှတ်တမ်းများတွင် လေ့လာနိုင်ပေသည်။ ကယန်း အပါအဝင် ကရင်အနွယ်ဝင် တိုင်းရင်းသားတို့ကို တရုတ်နှင့် ရှမ်းများက "ယန်း" လူမျိုးဟူ၍ ခေါ်ဝေါ်ကြပါသည်။ ထို့ကြောင့် ကမ်းယံ အနွယ်ဝင် ကယန်းတိုင်းရင်းသားတို့သည် ရှေးဦးပြည်ထောင်စု မြန်မာနိုင်ငံတော်ကို စတင်ဖြစ်ပေါ် ထူထောင်စဉ်ကတည်းက ပါဝင်ခဲ့သူများ ဖြစ်ကြပါသည်။ ဆင်ဖမ်းသည့် အတတ်ပညာကို တစ်ဖက်ကမ်းခတ် ကျွမ်းကျင်သော "ယန်း" တွေသည် ဆင်ထိန်းကျောင်းသည့် ပညာတွင်လည်း ထူးချွန်ထက်မြက်ကြသည်ကို ယနေ့ထက်တိုင် တွေ့နေရပေသည်။ မွန်ဂိုတွေမှ ပုဂံပြည်ကြီးကို ကျူးကျော်စဉ်က တိုက်ဆင်ထောင်ချီ ပါဝင်သော မြန်မာ့ဆင်တပ်နှင့် ရင်ဆိုင်တိုက်ခဲ့ရသည်ကို မာကိုပိုလို၏ မှတ်တမ်းတွင် တွေ့ရှိနိုင်ပေသည်။ ပျူ-မွန်-မြန်မာ-ပါဠိ လေးဘာသာဖြင့် ရေးထိုးထားခဲ့သော ရာဇကုမာရ် (မြစေတီ) ကျောက်စာသည် ဗဟုယဉ်ကျေးမှုကို တန်းတူတန်ဖိုးထားသည့် အစဉ်အလာ မြန်မာ့သမိုင်းတွင် ရှိခဲ့သည်ကို သက်သေအခိုင်အမာ ပြသနေပေသည်။



# ပြည်မကြီး၏ မြို့ကြီးတချို့တို့မှာ ဤလောပိတ မာတ်အားမီးဖြင့် ထိန်ညီးပြီး စီးပွားဖြစ် ဖွံ့ဖြိုးတိုးတက်နေကြသည်။ သို့သော် လျှပ်စစ် မာတ်အားထွက်ရာ ပင်မဒေသကြီး၌မူ . . .

ပြည်တွင်း ပဋိပက္ခများကြောင့် တပ်မတော်ဖက်မှ ထိခိုက်ကျဆုံး စာရင်းကိုကြည့်ပြီး ဗိုလ်ချုပ်ကြီးစောမောင်က သူရှက်သည်ဟု ပြောပါသည်။ နောင်လာနောက်သားတွေကို ငြိမ်းချမ်းရေးအမွေ ပေးခဲ့ချင်သည်ဟု ဗိုလ်ချုပ်ကြီး စောဘိုမြကလည်း ပြောခဲ့ပြန်သည်။ စစ်ဆိုလျှင် နားခါးသည်ဟု ဆရာလူထုစိန်ဝင်းက ဆိုပြန်သည်။

ကယန်းအမျိုးသားနေ့ အခမ်းအနားတွင် အဖိုးနိုင်ပန်းလှ၏ မြေးတော်သူ မိပန်းဉာဏ်နှင့် သူ၏မိတ်ဆွေများဖြစ်သော မိကျဲကျဲညီ၊ နော်ဖောမူစေး၊ နော်မေရီဖော၊ ကိုရှမ်းလေး၊ စောဘလူး တို့မှ ပြည်ထောင်စုသွေးရင်းတို့၏ စုစည်းရေးအတွက် ဂုဏ်ပြုသစ်သီးခြင်းကို ပေးအပ်ခဲ့ကြပေသည်။

စာရေးသူသည် ငယ်စဉ်ကတည်းက စပ်စုစူးစမ်းလိုစိတ်တို့ဖြင့် သွားလာပြောဆို လုပ်ကိုင်တတ်၏။ ကုန်းပေါ်မှာရော၊ ရေထဲမှာရော၊ လေထဲမှာပါ မကျန် ခရီးသွားရင်းသေမည့်ကိန်းများစွာ ကြုံခဲ့ဖူးသော်လည်း သေကံ မရောက်ခဲ့။ ထောင်နှုတ်ခမ်းနင်းပြီး ခြောက်အိပ်မက် ညများစွာကို ဖြတ်သန်းဖူးသော်လည်း ထောင်တော့ မကျခဲ့။ တိုင်းနှင့်ပြည်နယ်များကို ခရီးထွက်ရင်း ပင်ပင်ပန်းပန်းနှင့် လေ့လာစူးစမ်းရသည်ကိုပင် ရသစုံ၊ အသိစုံတို့ကို ရရှိခဲ့လေ၏။ တောနက်ထဲရှိ သစ်ပင်ကြီးများ၏ ခြေရင်းမှ စိမ့်ထွက်လာသော ရေတို့ဖြင့် စမ်းမြောင်းလေးများ ဖြစ်ကာ ထိုမှတစ်ဆင့် ချောင်း၊ မြစ်တို့ ဖြစ်ကုန်ကြလေ၏ ဟူသော အသိကို ကိုယ်တိုင်ကိုယ်ကျ သိခွင့် ရခဲ့လေ၏။

ပြည်ထောင်စုဖွား တိုင်းရင်းသားများအကြားတွင် မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ ဟူသော ဗြဟ္မစိုရ်တရားများ ထွန်းကားအောင် စွမ်းစွမ်းတမံ ကြိုးစားရပေမည်။ သို့မှသာလျှင် လွတ်လပ်ခြင်း၊ တရားမျှတခြင်း၊ ညီမျှခြင်းတည်းဟူသော လောကပါလတရားများ စည်ပင်ပြန့်ပွားနိုင်ပေမည်။ စာရေးသူ လေ့လာရသလောက်ဆိုလျှင် ပါရမီအထူးရင့်သန်သည့် ထူးမြတ်သော ပုဂ္ဂိုလ်ကြီးများပင်လျှင် အမျိုးသားရေး မကင်းကြသည်ကို တွေ့ရှိရပါသည်။ ကယန်းတိုင်းရင်းသားတို့၏ အမျိုးသားနေ့တွင် ဆရာတော် ဦးဇီရသူ ဟောကြားသော တရားကို ပြည်ထောင်စုတစ်ဝန်း နာယူစေချင်သည်မှာ စာရေးသူ၏ ဆန္ဒပင် ဖြစ်ပါသည်။ နှစ်ရှည်လများ ခါးသီးသော စစ်ကြောင့် နှလုံးသားခြားသွားသည့် ပြည်ထောင်စုဖွား ညီအစ်ကိုများကို ပြန်လည်စုစည်း ညီညွတ်စေချင်ပါသည်။ ကရင်ပြည်နယ်အစိုးရမှ တာဝန်ရှိ ဝန်ကြီးတစ်ဦးဖြစ်သူ ဦးစောခရစ္စတိုဖာမှ ဒေသခံတို့အတွက် ရဲရင့်သည့် မှာကြားချက်များကိုလည်း ပြောကြားသွားပါသည်။ မှန်ကန်သော ပြုပြင်ပြောင်းလဲရေးသမားများကို ထောက်ခံရမည်ဟု ကိုမြအေးက ဆိုပါသည်။ လူ့ဘောင်သစ် ဒီမိုကရက်တစ်ပါတီ (ပြည်တွင်း) မှ ကိုဇေယျကမူ တည်ငြိမ်လေးနက်စွာဖြင့် နေသွားသည်ကို သတိပြုမိပါသည်။

အစစအရာရာ အဖက်ဖက်တွင် ချို့တဲ့မှု ရှိနေကြသော်လည်း တစ်ဖက်နှင့်တစ်ဖက် ကျည်တစ်လုံးလျှင် သိန်း ၂၀/၃၀ တန်သော လက်နက်များဖြင့် သဲသဲမဲမဲပစ်ခတ်နေကြသည်မှာ ကမ္ဘာ့မြေပေါ်မှ မြန်မာ့မြေပုံအတွက် စိုးရိမ်စရာ ဖြစ်ပါသည်။ စဉ်းစားနိုင်ကြမှသာလျှင် စဉ်းပြီးစားတာကို ခံရမည့်ဘေးမှ လွတ်မြောက်နိုင်ပေမည်။ ကယန်းတိုင်းရင်းသားတို့၏ အမျိုးသားနေ့ ကမ္ဘာတည်သရွေ့ တည်တံ့ ကျင်းပနိုင်ကြပါစေ။ မီးထိန်ထိန်လင်းပြီး လမ်းကောင်း၊ ကျောင်းကောင်းတို့ဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ကယန်းဒေသကြီး အလျှင်အမြန် ဖြစ်ထွန်းအောင်မြင်နိုင်ပါစေကြောင်း . . . ။

စောရူးစမ်း

■

# ဘာသာစကားတို့၏ နေဝင်ချိန်

**စောမူး** (ရေကြောင်းတက္ကသိုလ်)

ပျောက်ကွယ်သွားသည့် ဘာသာစကား (Extinct language) ဆိုသည်မှာ ပြောဆိုသူများ မရှိတော့သော သို့မဟုတ် လက်ရှိတွင် ဆက်လက် အသုံးမပြုတော့သော ဘာသာစကားဖြစ်သည်။ ဘာသာစကားအသေ(dead language) နှင့် ခြားနားသည်။ ဘာသာစကားအသေ ဆိုသည်မှာ နေ့စဉ် ပြောဆိုဆက်သွယ်သည့် နေရာတွင် အသုံးပြု ပြောဆိုခြင်း မရှိတော့သော်လည်း အထူး (သို့) အချို့နယ်ပယ် ပညာရပ်များတွင် အရေးအသားတစ်ရပ် အနေဖြင့် နားလည်နေဆဲ၊ သုံးစွဲနေဆဲ ဘာသာစကားဖြစ်သည်။ သို့သော် တစ်ခါတစ်ရံတွင် ထိုအသုံးအနှုန်း နှစ်ခုကို အတူတူပင်ဖြစ်သည်ဟု သဘောထား သုံးနှုန်းကြပါသည်။

ယေဘုယျအားဖြင့် ဘာသာစကားတစ်ခုသည် အခြားဘာသာစကားတစ်ခုဖြင့် အစားထိုးခံလိုက်ရသောကြောင့် ဘာသာစကားအသေအဖြစ် ကူးပြောင်းသွားရာမှ တိမ်ကော ပျောက်ကွယ်သွားရခြင်း ဖြစ်သည်။ ဥပမာအားဖြင့် ကိုလိုနီ အပြုခံရခြင်း၏ အကျိုးဆက်အဖြစ် မူလနယ်ခံ အမေရိကန် ဘာသာစကားများမှာ အင်္ဂလိပ်၊ ပြင်သစ်၊ ပေါ်တူဂီ၊ စပိန် စသည့် ဘာသာစကားများဖြင့် အစားထိုးခံခဲ့ရရာမှ ပျောက်ကွယ်သွားသည်။

တိမ်ကောပျောက်ကွယ်သွားသည့် ဘာသာစကားကို အသုံးပြုသူ လုံးဝမရှိတော့သော်လည်း ဘာသာစကား အသေကိုမူ သိပ္ပံပညာ၊ ဥပဒေဆိုင်ရာနှင့် ဘာသာရေး ဆိုင်ရာများတွင် အသုံးပြုနေကြဆဲ ဖြစ်သည်။ ဟီဘရူး ကျမ်းစာများ၊ ပါဠိ၊ သင်္သကရိုက်(Sanskrit)၊ လက်တင် စသည်တို့ကို နေ့စဉ်ပြောဆိုခြင်းများ မရှိတော့သော်လည်း ဘာသာရေးဆိုင်ရာများနှင့် ဘာသာရေးစာပေများတွင် သုံးစွဲနေဆဲ၊ သင်ယူမှုများ ပြုနေကြဆဲ ဖြစ်သည်။

ကမ္ဘာပေါ်တွင် ဘာသာစကားပေါင်း မည်မျှရှိသည်ဟု အတိအကျ မသိရပါ။ အချက်အလက်များစွာပေါ် မူတည်ပြီးသာ ခန့်မှန်းထားကြပါသည်။ သုံးစွဲမှု အများဆုံး ဘာသာစကား ၂၀ တွင် သုံးစွဲသူ သန်းငါးဆယ်ခန့်စီ ရှိကြသည်။ ကမ္ဘာ့လူဦးရေ၏ ၅၀ ရာခိုင်နှုန်းခန့် ရှိသည်။ အခြားဘာသာစကားများမှာမူ အကြမ်းဖျင်းအားဖြင့် ပြောဆိုသူ တစ်သောင်းအောက်စီသာ ရှိကြသည်။

ယနေ့ကမ္ဘာတစ်ဝှမ်းတွင် နေ့စဉ်ပြောဆိုသုံးစွဲနေသော ဘာသာစကားပေါင်း ခုနစ်ထောင်ကျော် ရှိသည်ဟု ဆိုသည်။ သို့သော် ဘာသာစကား ဆက်လက်ရှင်သန်ရန် အကျပ်အတည်းများနှင့် သိသာထင်ရှားသော ပြောင်းလဲမှုများကြောင့် ၂၀၅၀ ခုနှစ်ရောက်လျှင် ဘာသာစကား ၉၀ ရာခိုင်နှုန်းခန့် တိမ်ကောပျောက်ကွယ်သွားနိုင်ဖွယ် ရှိသည်ဟု ပညာရှင်အချို့က ခန့်မှန်းထားပါသည်။ လွန်ခဲ့သော မျိုးဆက်သုံးဆက်အတွင်း ကမ္ဘာပေါ်တွင် ဘာသာစကားပေါင်း ၂၀၀ ကျော် ပျောက်ကွယ်ခဲ့သည်ဟု စစ်တမ်းတစ်ရပ်က ဆိုပါသည်။

## ဂလိုဘယ်လိုက်ဇေးရှင်း၊ ဖွံ့ဖြိုး တိုးတက်မှု နှင့် ဘာသာစကား တိမ်ကောခြင်း

ဂလိုဘယ်လိုက်ဇေးရှင်းကြောင့် ကမ္ဘာတစ်ဝှမ်းလုံး စီးပွားရေး၊ ယဉ်ကျေးမှုများ အပြန်အလှန် ကူးလူးရောနှောလာကြသည်။ ဖွံ့ဖြိုးတိုးတက်မှုများလည်း မြင့်တက်လာသည်။ စီးပွားရေးကိစ္စအပြင် အကြောင်းကြောင်းသော ဆက်နွယ်မှုများကြောင့် တစ်နယ်နှင့်တစ်နယ်၊ တစ်နိုင်ငံနှင့်တစ်နိုင်ငံ ဆက်ဆံသည့်အခါ အသုံးများလွှမ်းမိုးနေသော ဘာသာစကားကို သုံးစွဲနိုင်ခြင်းသည် ထိရောက်မြန်ဆန်သော နည်းလမ်းဖြစ်သည်။ ဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ အပြန်အလှန် ကူးလူးဆက်နွယ်မှုများ မြင့်တက်လာသည်နှင့်အမျှ ၎င်းကို ရှောင်လွှဲ၍ မရတော့ပါ။ ထိုဘာသာစကားကို လေ့လာသင်ယူမှုများ ပြုလာရသည်။

ထိုအခါ ထိုလွှမ်းမိုးဘာသာစကားကို လိုအပ်သည်ဟု သတ်မှတ်ထားသော နယ်မြေ၊ လူ့အဖွဲ့အစည်းတွင် မိမိတို့၏ ယဉ်ကျေးမှုအပေါ် မူတည်ပြီး မိခင်ဘာသာစကား သေဆုံးမှုများ ဖြစ်ပေါ်လာ နိုင်ပါသည်။ ပထမ အဖြစ်များသော ပုံစံတစ်မျိုးမှာ ယဉ်ကျေးမှု ကိုယ်စံအား နည်းသော လူမျိုးစုများတွင် လိုအပ်ချက်များအရ ထို ဘာသာစကားသို့ ရုတ်ချည်းပြောင်းလဲ ကျင့်သုံးကြပြီး မိခင်ဘာသာစကားကို လုံးဝ ချန်ရစ်ခဲ့ကြသောကြောင့် ဘာသာစကား ရုတ်တရက် သေဆုံးသွားရခြင်းဖြစ်သည်။

အခြားတစ်မျိုးမှာ နောက်ပိုင်းမျိုးဆက်များရောက်မှ ဘာသာစကား တဖြည်းဖြည်း ယုတ်လျော့သေဆုံးသွားသည့် တဖြည်းဖြည်းဖြစ်စဉ် ဖြစ်သည်။ အဖြစ်နည်းသည့် တတိယပုံစံတစ်မျိုးမှာ မိခင်ဘာသာစကားကို အတတ်နိုင်ဆုံး ထိန်းသိမ်းလိုသည့် အသိုက်အဝန်းတွင် ဖြစ်သည်။ လွှမ်းမိုးဘာသာစကား စိမ့်ဝင်လာမှု မလွဲမသွေ ကြုံလာရရာ ထိုဘာသာစကား၏ စကားလုံး၊ သဒ္ဒါ တစ်စိတ်တစ်ပိုင်း(သို့)အားလုံးကို ယူငင်သုံးစွဲလာရင်း မူလဘာသာစကားပြောင်းလဲပြီး အသစ်တစ်ခုကဲ့သို့ ဖြစ်လာသည်။

**လိုအပ်ချက်များအရ ထို ဘာသာစကားသို့ ရုတ်ချည်းပြောင်းလဲကျင့်သုံးကြပြီး မိခင်ဘာသာစကားကို လုံးဝ ချန်ရစ်ခဲ့ကြသောကြောင့်**

ဘာသာစကား သေဆုံးခြင်းအပြင် ယုတ်လျော့ခြင်းလည်းရှိသေးသည်။ အင်တာနက်၊ ရုပ်မြင်သံကြား၊ နိုင်ငံတကာစာပေ တို့ကဲ့သို့သော ကမ္ဘာလုံးဆိုင်ရာ မီဒီယာများ ထွန်းကားလာခြင်းက မိခင်ဘာသာစကား ယုတ်လျော့ခြင်း ဖြစ်စဉ်တွင် အရေးပါ ပါသည်။ မိခင်နိုင်ငံမှ နိုင်ငံ ရပ်ခြားသို့ ပြောင်းရွှေ့ အခြေချသူများတွင်လည်း ဖြစ်လေ့ရှိကြသည်။ မိမိတို့၏ သားသမီးများကို ထိုနိုင်ငံရှိ ကျောင်းများတွင် ပညာ သင်ကြား စေသောအခါ မိမိတို့ မိခင်ဘာသာစကားထက် ထိုနိုင်ငံ၏ ဘာသာစကားဖြင့်သာ သင်ယူရပေလိမ့်မည်။ ဤအခြင်းအရာကို ပြည်ပသို့ သွားရောက် အခြေချသူများသာ မဟုတ် ပြည်တွင်း၌ လာရောက်ဖွင့်လှစ်သော နိုင်ငံတကာ ကျောင်းများတွင်လည်း တွေ့ရှိနိုင်ပါသည်။ မိမိတို့၏ သားသမီးများသည် ဆိုင်ရာကျောင်း၏ ဘာသာစကားကိုသာ ပိုမိုရင်းနှီးပြီး မိခင်ဘာသာစကားကို ကျွမ်းကျင်မှု မရှိတော့ခြင်း၊ စိတ်ဝင်စားမှု နည်းသွားခြင်းကြောင့် ဘာသာစကား ယုတ်လျော့မှု ဖြစ်လာရသည်။ အတိုင်းအတာမှာ မိသားစုတစ်စုကဲ့သို့သော လူနည်းစုမှ လူများစုအထိ ကျယ်ပြန့်နိုင်ပါသည်။

ဘာသာစကား သေဆုံးသွားပုံမှာ အမျိုးမျိုး ရှိနိုင်ပါသည်။ တဖြည်းဖြည်းသေဆုံးသွားခြင်း၊ ရုတ်ချည်း သေဆုံးသွားခြင်း၊ ဘာသာစကား အရင်းအမြစ်များ ပျောက်ကွယ်သေဆုံးသွားခြင်း၊ မိသားစုကဲ့သို့သော အောက်ခြေမှ စတင်၍ အဖွဲ့အစည်းတစ်ခုလုံး အထိ အောက်မှ အထက်ပုံစံ ပျောက်ကွယ်သွားခြင်း၊ အစိုးရ အဖွဲ့အစည်းကဲ့သို့သော အထက်မှ စတင်ခဲ့ပြီး အထက်မှအောက် ပုံစံ ဘာသာစကား ပျောက်ကွယ်သေဆုံးခြင်းတို့ ဖြစ်သည်။ ဘာသာစကား သေဆုံးရာတွင် မိသားစုတစ်စု၊ နယ်တစ်နယ်နှင့် တစ်မျိုးသားလုံး အတိုင်းအတာ ဟူ၍လည်း ခွဲခြား နိုင်ပါသေးသည်။

အများဆုံး ဖြစ်စဉ်မှာ ဘာသာစကား တစ်မျိုးတည်းကိုသာ သုံးစွဲသည့် လူ့အဖွဲ့အစည်း၌ ဘာသာစကားနှစ်မျိုး သုံးစွဲလာသော အခါတွင်ဖြစ်သည်။ မိခင် ဘာသာစကားကို စွန့်ပယ်ပြီးအခြားဘာသာစကားကို အကြောင်းအမျိုးမျိုး ကြောင့် ပြောင်းလဲသုံးစွဲမှုများ ဖြစ်တတ်ပါသည်။ အလိုအလျောက် သော်လည်းကောင်း၊ ဖိအားများ၊ တွန်းအားများကြောင့် သော်လည်းကောင်း ဖြစ်နိုင်ပါသည်။ အထူးသဖြင့် စီးပွားရေး နယ်ပယ်၊ အသုံးချမှုနယ်ပယ်၊ ဆက်ဆံရေး နယ်ပယ်များတွင်

> အသုံးဝင်ခြင်းကြောင့်
> သော်လည်းကောင်း၊
> လူရာဝင်ခြင်း၊
> ဂုဏ်သိက္ခာရှိခြင်းကြောင့်
> သော်လည်းကောင်း၊
> လူမျိုးစုငယ်များသည်
> မိခင်ဘာသာစကားကို
> စွန့်ပယ်လိုက်ကြတော့သည်၊

ပို၍ အသုံးဝင်ခြင်းကြောင့် သော်လည်းကောင်း၊ လူရာဝင်ခြင်း၊ ဂုဏ်သိက္ခာရှိခြင်းကြောင့် သော်လည်းကောင်း လူမျိုးစုငယ်များ သည် မိခင်ဘာသာ စကားကို စွန့်ပယ်လိုက်ကြတော့သည်။ ဤသို့ဖြင့် ဘာသာစကား သေဆုံးခြင်းသည် ရုတ်ချည်း ဖြစ်သွားနိုင်သည်။ တဖြည်းဖြည်း၊ အထက်မှအောက်၊ အောက်မှ အထက် ပုံစံမျိုးများလည်း ဖြစ်သွား နိုင်ပါသည်။

မူလကတည်းက လူဦးရေလွန်စွာ နည်းပါးသော မိခင် ဘာသာစကားပြောသူများ သေဆုံးသွားခြင်းကြောင့်လည်း ပျောက်ဆုံးသွားနိုင်ပါသည်။ သေဆုံးရပုံမှာ ကပ်ရောဂါဘေး၊ သဘာဝဘေးအန္တရာယ်နှင့် လူမျိုးတုန်း သတ်ဖြတ်စံရခြင်းဟူ၍ အမျိုးမျိုး ဖြစ်နိုင်ပါသည်။

ကမ္ဘာ့တစ်ဝှမ်း သမိုင်းကြောင်းများကို ပြန်ကြည့်လျှင် အာဏာရ အစိုးရအဖွဲ့အစည်းက လူမျိုးစုငယ်လေးများ၏ ဘာသာစကားကို တားဆီးပိတ်ပင်ခဲ့ရာမှ တိမ်ကော ပျောက်ကွယ်ခြင်းများ ရှိခဲ့ပါသည်။

ပြောဆိုတတ်သူများ ရှိနေသေးသော်လည်း အရေ အတွက် လွန်စွာ နည်းပါးသည့်အပြင် တစ်ဦးနှင့်တစ်ဦး ဆက်သွယ်ရာ၌ လုံးဝသုံးစွဲခြင်း မပြုတော့လျှင်လည်း ဘာသာ စကား သေဆုံးခြင်း ဖြစ်နိုင်ပါသေးသည်။

အလုပ်အကိုင် အခွင့်အလမ်းနှင့် မျက်မှောက် လူ့အဖွဲ့အစည်း အခြေအနေကဲ့သို့သော အကြောင်းများကြောင့် နောက်ပိုင်းမျိုးဆက်များ အနေဖြင့် မိခင်ဘာသာစကားကို မသင်ကြား ကြတော့လျှင် ဘာသာစကား လျင်မြန်စွာ သေဆုံးနိုင်ပါသည်။ သို့သော် တစ်ခါတစ်ရံတွင် လွှမ်းမိုးမှုများကို ကြိုးစားတွန်းလှန်ရင်း လူမျိုးစုငယ်လေးများ၏ ဘာသာစကားမှာ တိမ်ကောမသွားဘဲ ပို၍ ထွန်းကားလာခြင်းများလည်း ရှိတတ်ပါသည်။

ဘာသာစကား တစ်ခုသည် ပြောဆိုသူများ သေဆုံးကြခြင်းကြောင့် အသုံးချမှု လျော့နည်းလာသည့်အခါ၊ သို့မဟုတ် အခြားဘာသာစကားသို့ ပြောင်းလဲပြောဆိုကြသည့်အခါ ဘာသာစကား မျိုးသုန်းမှု အန္တရာယ်နှင့် ကြုံလာရတော့သည်။ မိခင်ဘာသာစကား ပြောသူများ မရှိကြတော့သောအခါ ဘာသာစကားဆုတ်ယုတ်မှုမှ ဘာသာစကားအသေဖြစ်လာပြီး တဖြည်းဖြည်းနှင့် ထိုဘာသာစကားမှာ ပျောက်ကွယ်သွားတော့သည်။ လူသားတို့၏ သမိုင်းတစ်လျှောက် ဘာသာစကားများမှာ မြင့်မားသောနှုန်းဖြင့် လျင်မြန်စွာ တိမ်ကောပျောက်ကွယ် နေကြသည်။ ဂလိုဘယ်လိုက်ဇေးရှင်း၏ အကျိုးသက်ရောက် မှုကြောင့် သော်လည်းကောင်း၊ စီးပွားရေးပါဝါ ကြီးမားသော ဘာသာစကားက အခြားဘာသာစကားကို လွှမ်းမိုးလာခြင်းကဲ့သို့သော ကိုလိုနီပုံစံသစ်များကြောင့် သော်လည်းကောင်း ဖြစ်သည်။

တစ်ဦးနှင့်တစ်ဦး ဆက်သွယ်ရာ၌ လုံးဝသုံးစွဲခြင်း မပြုတော့လျှင် ဘာသာစကားသေဆုံးခြင်း ဖြစ်နိုင်ပါသေးသည်၊

## အကြပ်အတည်း အဆင့်ငါးဆင့်

ဘာသာစကား၏ အန္တရာယ်ကြုံတွေ့မှု အခြေအနေကို UNESCO မှ အဆင့်ငါးဆင့် ခွဲခြားထားပါသည်။

- ဘေးကင်းသော အခြေအနေ၊
- အားနည်းနေသော အခြေအနေ (သားသမီးများ နေအိမ်ပြင်ပတွင် ပြောဆို သုံးစွဲမှု မရှိတော့)၊
- အန္တရာယ် ရှိနေပြီဖြစ်သော အခြေအနေ (သားသမီးများက ပြောဆိုမှု မရှိတော့ (သို့) မတတ်တော့)၊
- ပို၍ဆိုးဝါးသော အန္တရာယ် ကြုံနေရသည့် အခြေအနေ (မျိုးဆက်၏ သက်ကြီးပိုင်းများသာ ပြောတော့သည်)၊
- သေရေးရှင်ရေး အန္တရာယ် ကြုံနေရသော အခြေအနေ (မျိုးဆက်၏ သက်ကြီးပိုင်းမှ လူနည်းစုသာ ပြောတော့သည် (သို့) ဘာသာစကား၏ တစ်စိတ်တစ်ပိုင်းကိုသာ ပြောတော့သည်)

ဟူ၍ ငါးဆင့်ခွဲခြားထား ပါသည်။ ဘာသာဗေဒ ပညာရှင် Michael E. Krauss ၏သတ်မှတ်ချက်အရ ဆိုလျှင် လူငယ်မျိုးဆက်က နောင်နှစ်တစ်ရာအထိ ပြောနိုင်ခြေ ရှိသေးပါက ဘေးကင်းသော အနေအထားဖြစ်သည်။ သို့မဟုတ်ပါက အန္တရာယ်ကြုံနေရသော အခြေအနေ ဖြစ်နေပါပြီ။ ဘာသာစကား ၆၀ မှ ၈၀ ရာခိုင်နှုန်းခန့်မှာ ဤ အနေအထားအတွင်း ကျရောက်နေပါသည်။ လူငယ်မျိုးဆက်များ ပြောဆိုသုံးစွဲမှု မရှိတော့လျှင် ဘာသာစကား အသက်ငင်နေသော အခြေသို့ ရောက်နေပါပြီ။

# ဘာသာစကား ကပ်ဆိုက်ရခြင်း အကြောင်းများ

အဓိကအားဖြင့် အကြောင်းရင်းလေးမျိုး ရှိပါသည်။

- ရုပ်ပိုင်းဆိုင်ရာ ဘေးအန္တရာယ်များ၏ သက်ရောက်မှု

(၁) သဘာဝဘေးဆိုးများ၊ ငတ်မွတ်ခြင်း ကပ်ဆိုးများ၊ ရောဂါဘယများ ကဲ့သို့သော ရုပ်ပိုင်းဆိုင်ရာ ဘေးအန္တရာယ်များ ပြောဆိုသူ အရေအတွက်အပေါ် သက်ရောက်သောကြောင့် ဘာသာစကား ကပ်ဆိုက်ရခြင်း။

ဥပမာအားဖြင့် ၂၀၀၄ ခုနှစ် အိန္ဒိယ သမုဒ္ဒရာ ကြမ်းပြင် မြေငလျင်နှင့် ဆူနာမီကြောင့် Andaman ကျွန်းများနေ လူများစွာ သေကြေပျက်စီးခဲ့ရသည်။ ထို့ကြောင့် ဘာသာစကားများလည်း အန္တရာယ် ကြုံလာရသည်။

(၂) စစ်ပွဲကြီးများနှင့် လူမျိုးတုန်းသတ်ဖြတ်ခြင်းများကြောင့် ကပ်ဆိုက်ရခြင်း

Tasmania မှနယ်ခံ တိုင်းရင်းသားလူမျိုးများမှာ ကိုလိုနီနယ်ချဲ့သမားများ၏ မောင်းထုတ်ခြင်းကို ခံခဲ့ရသည်။ America မှ တိုင်းရင်းသားလူမျိုးများသည် မျိုးဖြုတ်အကြမ်းဖက်မှုများကို ခံခဲ့ရသောကြောင့် ၎င်းတို့နှင့်အတူ ဘာသာစကားများစွာ ပျောက်ကွယ်ခဲ့ရသည်။ Nicaragua မှ Miskito ဘာသာစကားနှင့် Guatemala မှ Mayan ဘာသာစကားတို့မှာ ပြည်တွင်းစစ်ကြောင့် ကပ်ဆိုက်ခဲ့ရသည်။

- ပြောဆိုသုံးစွဲခြင်းကို တိုက်တွန်းအားပေးမှု မရှိခြင်း၊ တားဆီးခြင်း တို့ကြောင့် ဘာသာစကား ကပ်ဆိုက်ရခြင်း။

(၃) နိုင်ငံရေးအရ ဖိနှိပ်ခံရခြင်း

အမျိုးသားယဉ်ကျေးမှု တစ်ခုခုကိုသာ ရှေ့တန်းတင် တိုးမြှင့် လုပ်ဆောင်နေသော နိုင်ငံတစ်နိုင်ငံ၊ နယ်မြေတစ်ခုတွင် အများဆိုင်ရာ နေရာများ၊ ကျောင်းများနှင့် မီဒီယာတို့၌ လူနည်းစု ဘာသာစကားကို သုံးစွဲရန် အကန့်အသတ် ရှိပါသည်။ မသုံးစွဲရန် တားမြစ်ပိတ်ပင်မှုများပင် ရှိနိုင်ပါသည်။ တစ်ခါတစ်ရံ တိုင်းရင်းသားလူမျိုးစုများကို အတင်းအကြပ် ရွှေ့ပြောင်း အခြေချစေခြင်း (သို့) ကလေးများနှင့် လူငယ်များကို နေအိမ်မှ ဝေးရာကျောင်းများသို့ ပို့လွှတ်ခြင်းတို့ကြောင့် ယဉ်ကျေးမှု အပြောင်းအလဲနှင့် ဘာသာစကားအဆက်ပြတ်မှုတို့ကို ကြုံတွေ့ရသည်။ အထက်ပါ အဖြစ်အပျက်များနှင့် ကြုံတွေ့ခဲ့ရသော ဘာသာစကားများမှာ အမေရိကားနှင့် ဩစတေးလျ မူလနယ်ခံ ဘာသာစကားများ၊ ပြင်သစ် မှ Alsatian၊ တူရကီမှ Kurdish ဘာသာစကားများ၊ Breton ကဲ့သို့သော အာရှနှင့် ဥရောပမှ လူမျိုးစုငယ်များ၏ ဘာသာစကားတို့ ဖြစ်သည်။

(၄) ယဉ်ကျေးမှု၊ နိုင်ငံရေး၊ စီးပွားရေး နှင့် လွှမ်းမိုးခံရမှု။

အဖြစ်အများဆုံး ဖြစ်စဉ်ဟု ဆိုနိုင်သည်။ နိုင်ငံရေးနှင့် စီးပွားရေး ပါဝါများက ဘာသာစကား တစ်မျိုးမျိုးနှင့် ယှဉ်တွဲ နေခြင်းသည် အာဏာနှင့် ဂုဏ်ဒြပ်တို့အတွက် မိခင်ဘာသာ စကားကို မျက်ကွယ်ပြုရန် လူတစ်ဦးတစ်ယောက် (သားသမီးများ အပါအဝင်) အပေါ် မက်လုံးပေး ဆွဲဆောင်နေသကဲ့သို့ ဖြစ်နေပေသည်။ ကိုလိုနီပြုခြင်း (စစ်တွင်း၊ စစ်အေး)၊ စစ်နိုင်ခြင်း၊ အစုလိုက်အပြုံလိုက် ဝင်ရောက်လာခြင်းတို့ ကဲ့သို့သော နည်းများဖြင့် လွှမ်းမိုးလာသူတို့အကြား နိမ့်ကျနေရာမှ ပိုမို မြင့်မားသော အဆင့်အတန်း၊ စံတစ်ခုကို ရရန်အရေအတွက် နည်းပါးသော လူမျိုးစုငယ်များသည် မိခင်ဘာသာစကားနှင့် ယဉ်ကျေးမှုကို ပစ်ပယ်လိုက်ကြတော့သည်။ ဤနည်း အားဖြင့် ဂရိတ်ဗြိတိန်မှ Welsh ၊ ဂျပန်မှ Ainu ဘာသာစကားတို့မှာ အန္တရာယ် ကြုံခဲ့ကြသည်။

တစ်ခါတစ်ရံ တစ်ချိန်တည်းတွင် အထက်ပါ အချက် များ တစ်ချက်ထက်ပိုပြီး စုပြုံကြုံတွေ့ ရလေ့ရှိသည်။ ထို့ပြင် စစ်ရေးနှင့် ကျူးကျော်ခြင်းတို့ကြောင့် မဟုတ်ဘဲ ပိုမို ကြီးမားပြီး လွှမ်းမိုးနိုင်စွမ်းရှိသော လူ့အဖွဲ့အစည်းနှင့် ယခင် ရာစုနှစ်များစွာကထက် ပိုပြီးထိတွေ့ဆက်ဆံလာရခြင်းကြောင့် လည်း ယဉ်ကျေးမှု လွှမ်းမိုးခံရခြင်း ဖြစ်နိုင်ပါသည်။

## သက်ရောက်မှု

ဘာသာစကားတစ်ခု ဆုတ်ယုတ်လာလျှင်၊ ပျောက် ကွယ်လျှင် ယှဉ်တွဲနေသည့် ရိုးရာယဉ်ကျေးမှု တစ်စိတ် တစ်ပိုင်းလည်း ပျောက်ကုန်ပါသည်။ ဥပမာ သီချင်း၊ ကဗျာ၊ သမိုင်းနှင့် ဒဏ္ဍာရီများ ပျောက်ကုန်ခြင်း (သို့) အခြားဘာသာသို့ လွယ်လွယ်ကူကူ နားလည်ပြန်ဆိုနိုင်ခြင်း မရှိတော့ခြင်းတို့ ဖြစ်သည်။ အမျိုးသားရေး လက္ခဏာများလည်း ပျောက်ကုန် သည်။ စည်းလုံးမှု လျော့ရဲကုန်သည်။ တိုင်းရင်းသား လူမျိုးစုကို ဘာသာ စကားဖြင့် သတ်မှတ်လေ့ရှိသောကြောင့် ဘာသာ စကားပျောက်ပါက တရားဝင် သတ်မှတ်ထားသော အထူး အခွင့်အရေးများ ဆုံးရှုံးနိုင်ပါသည်။

ဘာသာစကား ဆုတ်ယုတ်လာသည့်အခါ၊ အသုံး တွင်ကျယ်မှု မရှိတော့သောအခါ ထိုဘာသာစကား ကိုယ်၌က ပြောင်းလဲမှု ရှိလာပါသည်။ မိခင်ဘာသာစကားသည် လွှမ်းမိုး ဘာသာစကားနှင့် ပိုပြီးဆင်တူလာသည်။ လွှမ်းမိုးဘာသာ စကားတွင် မရှိသော မိခင်ဘာသာစကားရှိ သဒ္ဒါပိုင်းနှင့် အသံ ထွက်တို့ တဖြည်းဖြည်းနှင့် ပျောက်ကွယ်ကုန်သည်။ ဥပမာ အားဖြင့် ကရင်သဒ္ဒါနှင့် မြန်မာသဒ္ဒါမတူ။ ဝါကျ တည်ဆောက် ပုံခြင်း မတူ။ သို့သော် အချို့နယ်များတွင် ကရင်စကားကို မြန်မာဝါကျ တည်ဆောက်ပုံနှင့် ပြောနေကြပါသည်။ ထိုသို့ သော နယ်များတွင် စကောကရင် စကား (ယံ) ကို (ဒီး) ဟု သာ အသံထွက်ကြတော့သည်။

## ပြဿနာလော

ဘာသာစကားများ ကွယ်ပျောက်သွားလျှင် ကမ္ဘာ ကြီး၏ ယဉ်ကျေးမှု အရောင်အသွေး စုံလင်ခြင်းကို ထိခိုက် သည်ဟု အများက ယူဆကြသည်။ ထို့ကြောင့် တားဆီးခြင်းများ၊ ဆုတ်ယုတ်မှု နှောင့်နှေးအောင် အားထုတ်ခြင်းများဖြင့် ဘာသာ စကား ရှင်သန်နိုင်ရန် ရည်ရွယ်ကြသည်။ လူနည်းစုသုံး ဘာသာ စကား၌ စာပေနှင့် ပညာရေးကို မြှင့်တင်ကြသည်။ တိုင်းရင်းသားဘာသာစကားများ တည်မြဲမှု ရှိစေရန်၊ ၎င်းတို့ကို ကာကွယ်ပေးနိုင်ရန် ကမ္ဘာ့တဝှမ်း နိုင်ငံအတော်များများတွင် ဥပဒေများ ထုတ်ပြန်ထားကြသည်။

သို့သော် ဘာသာဗေဒပညာရှင် အချို့ကမူ ဘာသာ စကားများ တိမ်ကောလာခြင်းသည် လူ့ယဉ်ကျေးမှု မြင့်မား လာခြင်း ဖြစ်စဉ်တွင် သဘာဝအလျောက် ကြုံတွေ့ရမည့် အစိတ်အပိုင်း သာဖြစ်၍ ထူးထူးခြားခြား တုန့်ပြန်နေရန် မလို။ နောင်လာ နောက်သားများအတွက် မှတ်တမ်းတင် ထားရုံသာ လိုသည်ဟု ယူဆကြသည်။

တိုင်းရင်းသားလူမျိုးစုကို
ဘာသာစကားဖြင့်
သတ်မှတ်လေ့ရှိသောကြောင့်
ဘာသာစကားပျောက်ပါက
တရားဝင်
သတ်မှတ်ထားသော
အထူးအခွင့်အရေးများ
ဆုံးရှုံးနိုင်ပါသည်။

## တုန့်ပြန်လုပ်ဆောင်မှုများ

ဘာသာဗေဒ ပညာရှင်များ၊ အစိုးရ အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ UNESCO နှင့် UN ကဲ့သို့သော နိုင်ငံတကာ အဖွဲ့အစည်းများသည် မျိုးသုန်း အန္တရာယ်ရှိ ဘာသာစကားများကို ထိန်းသိမ်း ကာကွယ်ရန် ကြိုးစားလုပ်ဆောင် နေကြပါသည်။ ဘာသာစကား တစ်ခု အန္တရာယ်ကြုံပြီဟု သတ်မှတ်ခံရသောအခါ ထိန်းသိမ်းကာကွယ်သည့် အနေဖြင့် လုပ်ဆောင်စရာ အဆင့်သုံးဆင့် ရှိပါသည်။ မှတ်တမ်းမှတ်ရာများ ပြုစုမှတ်တမ်းတင်ခြင်း၊ ပြန်လည် အသက်သွင်းခြင်းနှင့် ထိန်းသိမ်းခြင်းတို့ ဖြစ်ပါသည်။

မှတ်တမ်းတင် ပြုစုခြင်းဆိုရာတွင် သဒ္ဒါပိုင်း အရေးအသားနှင့် အရုပ်၊ အသံ မှတ်တမ်းတင်ခြင်း၊ ဝေါဟာရများ၊ တေးသီချင်းပုံပြင်၊ ဘာသာရေးစာပေ ကဲ့သို့သော ရိုးရာများကို မှတ်တမ်းတင်ခြင်းတို့ ပါဝင်ပါသည်။ သဒ္ဒါ သရုပ်ဖော်များ၊ စာစုများနှင့် အဘိဓာန်များကို ပြုစုရန်လည်း လိုအပ်ပါသည်။ တစ်ကြိမ်တစ်ခါ မှတ်တမ်းတင်ပြီးသည်နှင့် အနာဂတ်မျိုးဆက်များ၊ သိပ္ပံပညာရှင်များ လေ့လာနိုင်ရန် လုံခြုံစိတ်ချရသော မော်ကွန်းတိုက်များကို တည်ထောင်နိုင်ရန်လည်း လိုအပ် ပါသည်။

ပြန်လည်အသက်သွင်းခြင်း ဖြစ်စဉ်မှာ နိုင်ငံရေး၊ လူမှုရေးနှင့် ပညာရေးအားဖြင့် ပြောဆိုသုံးစွဲသူ အရေအတွက် တိုးလာစေရန် ရည်ရွယ်အားထုတ်ခြင်းဖြစ်သည်။

ပြင်ပရန်များမှ ကာကွယ်ခြင်း၊ ရှင်သန်ရန် လိုအပ်ချက်များကို ဖြည့်ဆည်းထောက်ပံ့မှုများ ပြုခြင်းတို့ဖြင့် ဘာသာစကားကို ထိန်းသိမ်းကြပါသည်။

စောမူး (ရေကြောင်းတက္ကသိုလ်)
Ref:Wikipedia, the free encyclopedia

(အယူအဆနှင့် အချက်အလက်မှားယွင်းမှုများ ရှိပါက ကျွန်တော်၏ ညံ့ဖျင်းမှုသာ ဖြစ်ပါသည်)





အ နု ဂ ၁ တ် က ရ င် လူ့ အ ဖွဲ့ အ စ ည်း

သို့မဟုတ်

# ကရင်နိုက်ဖေးရှင်း

နောင်မင်း(ထီမန်)

## ယဉ်ကျေးမှု ဟင်းပေါင်း

ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးကျောင်းများတွင် ဓလေ့တစ်ခု ရှိသည်။ ထိုဓလေ့မှာ ဆွမ်းခံ၍ရသောဟင်းများကို စုပေါင်း၍ အိုးကြီးတစ်အိုးထဲတွင် ချက်ပြုတ်လေ့ ရှိကြခြင်း ဖြစ်သည်။ ထိုဟင်းအမယ်ကို ဟင်းလေးအိုး သို့မဟုတ် ဟင်းပေါင်းဟု ခေါ်ကြသည်။ ဟင်းပေါင်းထဲတွင် ခရမ်းသီးနှပ်လည်း ပါသည်။ ဘဲဥဟင်းလည်း ပါသည်။ မျှစ်ကြော်၊ ချဉ်ပေါင်ကြော်လည်း ပါသည်။ ဆွမ်းခံ၍ ရသမျှဟင်းများကို ရောနှော ချက်ပြုတ်ထားသည့် ဟင်းပေါင်း၏ အရသာကို စားဖူးသူတိုင်း စွဲမက်ပြီး အမှတ်ရ နေလေ့ရှိသည်။ ဟင်းပေါင်း၏ အနံ့နှင့် အရသာမှာ တစ်မူထူးခြားသည်။ တစ်ရက်တစ်ရက် ဆွမ်းခံ၍ရသော ဟင်းအမယ်များမှာ တူညီလိမ့်မည် မဟုတ်သော်လည်း ဟင်းပေါင်း၏ အနံ့အရသာမှာ မည်သည့်အချိန်ဖြစ်ဖြစ် တစ်မျိုးတည်း ဖြစ်သည်။ သို့သော် ဟင်းပေါင်းထဲတွင် ခရမ်းသီးနှပ်၏ အရသာကို ရှာ၍ ရလိမ့်မည် မဟုတ်ပါ။ ဘဲဥဟင်း၏ အရသာကို မခံစားရသလို မျှစ်ကြော်၏ အရသာလည်း မပေါ်ပါ။ မူလ ပါဝင်သော ဟင်းများ၏ အရသာ လုံးဝပျောက်သွားပြီး ဟင်းပေါင်း၏ ထူးကဲပေါ်လွင်သော အရသာသစ်ကို သာတွေ့ရမည် ဖြစ်သည်။ ထို ထူးခြားသော အရသာကြောင့်ပင် စားသုံးသူများက မူလဟင်းများ၏ အရသာကို မေ့သွားမည် ဖြစ်သည်။ အကယ်၍ မူလဟင်းများ၏ အရသာကို ပြန်လည် ခံစားချင်လျှင်လည်း ခံစားခွင့် ရတော့မည် မဟုတ်ပေ။

ကမ္ဘာလုံးချီ ဘဝပုံစံ (Global Life style) ကို ဟင်းပေါင်း (melting pot) နှင့် တင်စားခိုင်း နှိုင်းကြသည်။ ကမ္ဘာ့အနှံ့မှ အမျိုးသား ယဉ်ကျေးမှုများ ပေါင်းစည်းပြီး ဂလိုဘယ်လိုက်ဇေးရှင်း ယဉ်ကျေးမှု သရုပ်အဖြစ် ပုံဖော်ကြသည်။ ကမ္ဘာလုံးချီ ဘဝပုံစံတွင် ဂျင်းဘောင်းဘီနှင့် တီရှပ် ဝတ်မည်။ ဟမ်ဘာဂါ စားပြီး ကိုကာကိုလာ သောက်မည်။ အိုင်ပက်တစ်လုံးနှင့် ဖေ့စ်ဘွတ် သုံးမည်။ ဟစ်ပ်ဟော့ပ် ဂီတနားထောင်ပြီး အွန်လိုင်းတွင် ကြင်ဖက်ရှာမည်။ ဟောလိဝုဒ် ဇာတ်ကားထဲက ဇာတ်ကောင် စရိုက်မျိုးနှင့် ဘဝကို ဖြတ်သန်းမည်။ ထိုထက် ပိုလာသည်မှာ အက်ရှင်ဂိမ်းများဆော့ပြီး လူမှုကျင့်ဝတ်များနှင့် သွေဖည်လာမည်။ ဤတွင် ဂလိုဘယ်လိုက်ဇေးရှင်း၏ သင်္ကေတဖြစ်သော ကမ္ဘာလုံးချီ ဘဝပုံစံ (Global Life Style) က မိမိတို့ လူ့အဖွဲ့အစည်းနှင့် ကိုယ်ပိုင် ယဉ်ကျေးမှုများကို စိန်ခေါ်လာသော ပါဝါအပျော့ (Soft Power) တစ်ခု အသွင်ဆောင်လာရသည်။

ယဉ်ကျေးမှုသည် အစဉ်အလာ ဆက်ခံလာသော ထုံးတမ်း ဓလေ့တစ်မျိုး ဖြစ်သည်။ ကျင့်ဝတ်သီလ အလေ့အထ ဖြစ်၍ အပြောင်းအလဲ နှေးသည်။ ဂလိုဘယ်လိုက်ဇေးရှင်းက အမြန်နှုန်း မြှင့်ခြင်းကို တောင်းဆိုသော်လည်း ယဉ်ကျေးမှုက အမြန်နှုန်းကို ငြင်းဆန်သည်။ အခြားတစ်ဖက်ကလည်း လူသားသည် မိမိအမျိုးအနွယ် ရှင်သန်ရပ်တည်ရေးအတွက် သဘာဝဇာတိစိတ် (instinct) ထက် ကိုယ်တိုင်ဖန်တီးသည့် ယဉ်ကျေးမှု အရည်အသွေးကို အားပြုသည့် သတ္တဝါ ဖြစ်သည်။ ဤသို့ဆိုလျှင် ပြီးပြည့်စုံပါသည်ဆိုသော ကမ္ဘာလုံးချီ ဘဝပုံစံအတွက် မိမိတို့ အမျိုးသားယဉ်ကျေးမှုများကို စတေးရမည့် အနေအထားမျိုး ဖြစ်လာသည်။ ယဉ်ကျေးမှုတိုင်း တန်းတူ တန်ဖိုးရှိသည်ဟူသော အဆိုနှင့်လည်း ဝိရောဓိ ဖြစ်လာရသည်။

# အမျိုးသားယဉ်ကျေးမှု

ဘုန်းတော်ကြီးကျောင်းများတွင် ဆွမ်းခံ၍ ရလာမျှ ဟင်းများ အားလုံးကို ဟင်းပေါင်းအဖြစ် ရောနှောချက်ပြုတ် တတ်သည်တော့ မဟုတ်ပါ။ တစ်ချို့ဟင်းအမယ်ကောင်းများကို ဆရာတော်နှင့် ဝါကြီးသံဃာတော်များကို ဆက်ကပ်ရန်အတွက် သီးသန့် ဖယ်ထားလေ့ရှိသည်။ သာမန် အမျိုးသား ယဉ်ကျေးမှု များမှာ ကမ္ဘာလုံးချီ ဘဝပုံစံအတွက် ဟင်းပေါင်းတစ်ခွက် ဖြစ်ဖို့ ရောနှော ချက်ပြုတ်ခြင်းခံရသည့် ဟင်းအမယ်များ ဖြစ်မည်ဆိုလျှင် အားကောင်းသော အမျိုးသားယဉ်ကျေးမှုများ အတွက်မူ ဆရာတော် ကပ်ရန် သီးသန့် ဖယ်ထားရသည့် ဟင်းအမယ်ကောင်းများ ဖြစ်ပေလိမ့်မည်။ ထို့ကြောင့် ယနေ့ လူ့အဖွဲ့အစည်းများသည် မိမိတို့၏ အမျိုးသားယဉ်ကျေးမှုကို ကမ္ဘာလုံးချီ ဘဝပုံစံ ဟင်းပေါင်းထဲတွင် နစ်မြုပ်မသွားရန် နည်းမျိုးစုံဖြင့် ကြိုးစားလာကြသည်။

ယဉ်ကျေးမှု မှန်သမျှတွင် အစိတ်အပိုင်း ၅ ခုဖြင့် ဖွဲ့စည်း ပါဝင်မြဲ ဖြစ်သည်။ ယင်းတို့မှာ -

၁။ အမှတ်သင်္ကေတများ (Symbol)

၂။ ဘာသာစကား (Language)

၃။ နှုန်းစံတန်ဖိုးများနှင့် ယုံကြည်မှုများ (Vaules & Beliefs)

၄။ ပညတ်ချက်နှင့် ပြဋ္ဌာန်းချက်များ (Norms)

၅။ နည်းပညာ အပါအဝင် ရုပ်ပိုင်းယဉ်ကျေးမှု ပစ္စည်းများတို့ ဖြစ်သည်။

တစ်ချို့ အချက်အလက်များသည် အမျိုးသား ယဉ်ကျေးမှုအတွက် မရှိမဖြစ် လိုအပ်သည်ဟု မဆိုနိုင် သော်လည်း လုံးဝ ပျောက်ကွယ်ခဲ့မည်ဆိုလျှင် အမျိုးသား ယဉ်ကျေးမှုအတွက် စိုးရိမ်စရာ ဖြစ်သည်။ တိုင်းရင်းသားလူမျိုး အချို့သည် စာပေမရှိဘဲ ဘာသာစကားသက်သက်ဖြင့် နှစ်ပေါင်းများစွာ ရှင်သန်နိုင်ခဲ့ကြသည်။ သို့သော် ထို တိုင်းရင်းသားများသည် အမျိုးသားယဉ်ကျေးမှု ကျောရိုးဖြစ် သည့် နှုန်းစံတန်ဖိုးများနှင့် ယုံကြည်မှုများကိုမူ ဆုပ်ကိုင် ထားနိုင်ကြောင်း တွေ့ရပေမည်။ အကယ်၍ ဘာသာစကား မရှိခဲ့လျှင် အမျိုးသားယဉ်ကျေးမှု ရေရှည်တည်တံ့ရေးတွင် ကြီးမားသော အားနည်းချက်တစ်ခု ဖြစ်နေပေလိမ့်မည်။ စာပေ မရှိလျှင် လူမျိုးအဖြစ် ရပ်တည်နိုင်လိမ့်မည် ဖြစ် သော်လည်း အမျိုးသားယဉ်ကျေးမှုကျောရိုး နှုန်းစံတန်ဖိုး များ မရှိခဲ့လျှင် လူမျိုးတစ်မျိုးအဖြစ် ရပ်တည်နိုင်တော့မည် မဟုတ်ပါ။ ထို့အပြင် ထုံးတမ်းဓလေ့အချို့မှာ ခေတ်နှင့် အညီ ပြောင်းလဲနိုင်ခွင့် ရှိသော်လည်း အချို့ရှိးရာ အစဉ် အလာများမှာ အထိမခံနိုင်သည့် အနေအထားမျိုး ဖြစ်သည်။ အားကောင်းသော အမျိုးသား ယဉ်ကျေးမှုတစ်ခု ဖြစ်ဖို့ဆိုလျှင် ဆိုခဲ့ပြီးသော အချက်အလက်များ ဟန်ချက်ညီ မျှတပြည့်စုံ နေဖို့ လိုသည်။

**ပါဝါ**

ပါဝါ၏ သဘောမှာ မိမိအလိုရှိသည့် ဖြစ်ရပ်များ ပေါ်လာရန် အခြားသူများ၏ အပြုအမူအပေါ် ဩဇာ သက်ရောက်နိုင်သော စွမ်းရည်ဟု အဓိပ္ပာယ် ဖွင့်ကြသည်။ ပါဝါအမာ (Hard Power) နှင့် ပါဝါအပျော့ (Soft Power) ဟူ၍ ၂ မျိုး ခွဲထားသည်။

**ပါဝါအမာ**

အမိန့်ပေးခိုင်းစေခြင်း၊ အင်အားသုံးခြင်း စသည့် သရုပ် သဏ္ဌာန် များကို ပါဝါအမာဟု သတ်မှတ်ကြသည်။ မက်လုံးပေးခြင်း၊ ခြိမ်းခြောက်ခြင်း၊ အကျပ်ကိုင်ခြင်း စသည့် လက္ခဏာများ ပါဝင်သည်။ ယေဘုယျအားဖြင့် ပါဝါအမာကို သက်ဆိုင်ရာ အစိုးရက တိုက်ရိုက်စွဲကိုင် အသုံးချလေ့ ရှိသည်။ စစ်အင်အားနှင့် စီးပွားရေးအင်အားသည် ပါဝါအမာ၏ အရင်းအမြစ်ဟု သမုတ်ကြသည်။

# ကရင်နိုက်ဇေးရှင်း

တစ်သားတည်းဖြစ်သော ကရင်လူ့အဖွဲ့အစည်း သို့မဟုတ် ကရင်လုံးဆိုင်ရာ သဘောကို ကရင်နိုက်ဇေးရှင်း (Karenization) ဟု သုံးချင်ပါသည်။ စဝေါမရှိ၊ ပိုးမရှိ၊ ခရစ်ယာန်မရှိ၊ ဗုဒ္ဓဘာသာမရှိ၊ မြေပြန့်မရှိ၊ တောင်ပေါ်မရှိ၊ ထိုင်းကရင်မရှိ၊ မြန်မာကရင်မရှိ၊ ကရင်တစ်မျိုးထဲသာ ရှိခြင်း ဟု ဆိုလိုပါသည်။ ကရင်နိုက်ဇေးရှင်းသည် အမျိုးသား ဝိသေသလက္ခဏာများ (Identity)၊ ရိုးရာထုံးတမ်း ဓလေ့များ (Cultures)၊ နှုန်းစံတန်ဖိုးများ (Vaules) တို့ စည်းရုံး ဖွဲ့စည်းထားသော ကရင်ယဉ်ကျေးမှုလူ့အဖွဲ့အစည်း (Karen Civilization)၏ သဘောတရားရေးရာ (Ideology) တစ်ခု ဖြစ်သည်။

သဘောတရားရေးရာ (Ideology) အရဆိုလျှင် ကရင်နိုက်ဇေးရှင်းကို ဇီယွန်ဝါဒနှင့် ဥပမာ ပြုလိုပါသည်။ အစ္စရေးနိုင်ငံ ဖြစ်တည်လာခြင်းမှာ ဂျူးစစ်စစ်များသာမက ဂျူးကပြားများ၏ စွမ်းဆောင်ချက်ကလည်း အဓိကနေရာတွင် ရှိပါသည်။ ကမ္ဘာအရပ်ရပ်ရှိ မတူညီ ကွဲပြားနေသော ဂျူးအနွယ်များကို ပေါင်းစည်းပေးသည့် အရာမှာ ဇီယွန်ဝါဒ ဖြစ်ပါသည်။ ကရင်တို့၏ အိပ်မက်ဖြစ်သည့် အမှောင်ကင်းသော သုခဘုံ (Land without Evil - ကော်သူးလေ/ ခန့်သူလိုင်) ကို ပုံဖော်ပေးမည့် အိုင်ဒီအိုလိုဂျီမှာလည်း ကရင်နိုက်ဇေးရှင်း ဖြစ်ပေလိမ့်မည်။

နေရာဒေသကို လိုက်၍ မျိုးနွယ်၊ ဘာသာစကားနှင့် ယုံကြည်ကိုးကွယ်မှု ကွဲပြားနေသော ကရင်တို့ကို ပေါင်းစည်းပေးနိုင်မည့် ကရင် နိုက်ဇေးရှင်းသည် ကရင်တို့၏ လူမှုအရင်း (social capital) ဖြစ်ပါသည်။ ကရင်နိုက်ဇေးရှင်းတွင် ကရင်သွေး ရာခိုင်နှုန်း မည်မျှပါသည် ဆိုသည်ထက် ကရင်စိတ် ရာခိုင်နှုန်း မည်မျှရှိသည် ဆိုသည်က ပိုအရေးပါလိမ့်မည်။ ထို့ကြောင့် ကရင်နိုက်ဇေးရှင်း၏ ယုံကြည်မှု အချင်းဝက် (radius of trust) ပမာဏက ကရင်လူ့အဖွဲ့အစည်းအတွက် အဓိက မောင်းနှင်အား သို့မဟုတ် ပါဝါ ဖြစ်လာပါမည်။

ကရင်နိုက်ဇေးရှင်း၏ သဘာဝကို ယနေ့ ကရင်အမျိုးသား နှစ်သစ်ကူးပွဲတော်များတွင် တွေ့နိုင်ပါသည်။ တစ်စုတစ်စည်းထဲ ညီညီညွတ်ညွတ်ဖြင့် အမျိုးသားရေးစိတ်ဓာတ်ကို တည်ဆောက် နိုင်ခြင်းသည် ကရင်နိုက်ဇေးရှင်း၏ သရုပ်သဏ္ဍာန် ဖြစ်ပါသည်။ ကရင်အမျိုးသား နှစ်သစ်ကူးပွဲတော်သည် ကရင်လူ့အဖွဲ့အစည်း၏ နှုန်းစံတန်ဖိုး (value) တစ်ခု ဖြစ်သည်။ အားအကောင်းဆုံး အရပ်ဘက် လူ့အဖွဲ့အစည်း (Civil Society) အသွင်လည်း ဆောင်နေလေရာ အမျိုးသား ယဉ်ကျေးမှု၏ နောက်ဆုံး ခံစစ်စည်း တစ်ခုဖြစ်နေသည်။ သို့သော် ထိုကရင်နိုက်ဇေးရှင်း၏ ကာလမှာ တစ်နှစ်မှတစ်ကြိမ်သာဖြစ်၍ တိုတောင်းလွန်းလှသည်။ ခိုင်မာသော အမျိုးသား ယဉ်ကျေးမှုကို တည်ဆောက်ဖို့ဆိုလျှင် အချိန်ပြည့် ကရင်နိုက်ဇေးရှင်း ဖြစ်နေဖို့ လိုပါသည်။ ထို့အပြင် သာမန် အစိုးရ ရုံးပိတ်ရက် ပျော်ပွဲရွှင်ပွဲပုံစံမျိုး မဟုတ်ဘဲ ကရင်အမျိုးသား နှစ်သစ်ကူးပွဲတော်၏ အနှစ်သာရကို ဓိဓိရရ ဆုပ်ကိုင်ထားနိုင်ရန် လိုပါသည်။

**ပါဝါအပျော့**

ဆွဲဆောင်သိမ်းသွင်းမှု ပုံစံတစ်ခု ဖြစ်ပြီး ယဉ်ကျေးမှု (Culture)၊ နိုင်ငံရေးဆိုင်ရာ တန်ဖိုးများ (Political Values) နှင့် နိုင်ငံခြားရေးပေါ်လစီ (Foreign Policy) တို့ဖြစ်သည်။ ပါဝါအပျော့ကို အများကြိုက်ယဉ်ကျေးမှု (Popular Culture) နှင့် အဆင့်မြင့်ယဉ်ကျေးမှု (High Culture) ဟူ၍ သရုပ်ခွဲကြသည်။ အများကြိုက် ယဉ်ကျေးမှုမှာ လူများစုနှင့် သက်ဆိုင်သော ဖျော်ဖြေရေး ပုံစံများ ဖြစ်ပြီး အဆင့်မြင့် ယဉ်ကျေးမှုမှာ တစ်စုံတစ်ရာ ရေရှိန်မြင့်သူကို ဆွဲဆောင်ရန် ရည်ရွယ်သော စာပေ၊ အနုပညာနှင့် ပညာရေးကဏ္ဍများ ဖြစ်သည်။
အရပ်ဘက် လူ့အဖွဲ့အစည်း (Civil Society) မှာ ပါဝါအပျော့ အများစု၏ သန္ဓေ တည်ရာ ဖြစ်လာသည်။ ဂလိုဘယ်ခေတ်တွင် မြန်နှုန်းမြင့် သတင်း နည်းပညာ တော်လှန်ရေးအရှိန်ကြောင့် ပါဝါအမာမှ ပါဝါအပျော့သို့ တိမ်းညွှတ်ခဲ့ရသည်။

အခြေခံအားဖြင့် အကွဲကွဲအပြားပြား ဖြစ်နေသော ကရင်လူထုသည် နေရာဒေသ ကွဲပြားမှုကြောင့် ဒေသစွဲအချို့ ရှိနေနိုင်ပါသည်။ ထို့အပြင် မျိုးနွယ်စုများ ကွဲပြားနေခြင်းကြောင့် မျိုးနွယ်အစွဲများနှင့် ကိုးကွယ်ယုံကြည်မှု ကွဲပြားခြင်းကြောင့် ဘာသာစွဲများလည်း ရှိနေနိုင်ပါသည်။ ထိုအချက်များသည် ကရင်နိုက်ဇေးရှင်းအတွက် အတားအဆီးများ ဖြစ်လာနိုင်ပါသည်။

ယဉ်ကျေးမှု အစုအဝေးတွင် ဘာသာစကားသည် ဒိုင်းနမစ် အဖြစ်ဆုံး ဖြစ်သည်။ အချိန်နှင့် နေရာကိုလိုက်၍ ပြောင်းလဲတတ်သော သဘာဝ ရှိပါသည်။ ထို့ကြောင့်ပင် မူလက ကရင်စကား တစ်မျိုးထဲ ရှိနိုင်သော်လည်း ယနေ့တွင် အဓိက ဘာသာစကားကြီး ၃ မျိုး ကွဲသွားခြင်း ဖြစ်သည်။ သို့သော် ဘာသာစကား ကွဲပြားမှုက ကရင်နိုက်ဇေးရှင်းအတွက် ကြီးမားသည့် အတားအဆီးတစ်ခု ဖြစ်မလာနိုင်ပါ။ ထို့အပြင် ဘာသာစကားသည် ရောနှောတတ်သော သဘောလည်း ရှိသဖြင့် စဝေါကရင်နှင့် ပိုးကရင်တို့ အတူရောနှောနေထိုင်လျှင် ဘုံဘာသာစကားအသစ်တစ်ခု ဖြစ်လာနိုင်စရာ ရှိပါသည်။ ယနေ့ အမေရိကန် ယဉ်ကျေးမှု ပင်မရေစီးထဲသို့ တိုးဝင်စ ပြုလာသော စပန်းဂလစ်ရှ် (Spanglish) ဘာသာစကားမှာ ဥပမာတစ်ခု ဖြစ်သည်။ စပန်းဂလစ်ရှ်သည် လက်တင် အမေရိကန်အနွယ်များ သုံးစွဲလာကြသော စပိန်စကားနှင့် အင်္ဂလိပ်စကားတို့ ရောယှက်နေသော ဘာသာစကား အသစ်တစ်ခု ဖြစ်သည်။ မူလ တော်ဝင်စပိန်စကားနှင့် အင်္ဂလိပ်စကားတို့၏ စံနှင့် များစွာကွဲပြား ခြားနားသွားပြီး ယခုအခါ သုံးစွဲသူ ၃၇ သန်းခန့် ရှိနေပြီ ဖြစ်သည်။

စာပေမှာလည်း ဘာသာစကားကဲ့သို့ပင် အဓိက ၃ မျိုး ကွဲပြားလျက် ရှိသည်။ ရှေးဟောင်း ကရင်စာပေသည် ဘာသာ ၃ မျိုးစလုံး အသုံးပြုနိုင်ခဲ့သည်ဟု ဆိုကြသော်လည်း ယခုအခါ တိမ်မြုပ်ပျောက်ကွယ် နေလေပြီ။ ထို့ကြောင့် ကရင်စာပေ တစ်မျိုးထဲ ဖြစ်ရန် ကြိုးစားနေကြသည့် ကရင်လူကြီးသူမများကို ကြိုဆိုရပါမည်။ သို့သော် ရှိပြီးသား စာပေ ပုံစံများကို ဖျောက်ဖျက်ပစ်ရန် မလိုအပ်သလို တိမ်မြုပ်စ ပြုနေသည့် ကြက်ယက်စာပေကိုလည်း ဖော်ထုတ် ထိန်းသိမ်းထားရပါလိမ့်မည်။ စာပေနှင့် ဘာသာစကားတို့ အကွဲကွဲအပြားပြား ဖြစ်နေခြင်းသည် ကရင်နိုက်ဇေးရှင်းအတွက် သိသာသည့် အနှောင့်အယှက် မဟုတ်သော်လည်း တစ်ပေါင်းတစ်စည်းထဲ ရှိနေမည်ဆိုလျှင် ပိုမိုကျစ်လစ်ပြီး အားကောင်းသည့် အမျိုးသားယဉ်ကျေးမှု ပုံစံမျိုး ဖန်တီးနိုင်မည် ဖြစ်သည်။

ကရင်နိုက်ဇေးရှင်း ဖြစ်ရန်အတွက် အဓိက အားသာသည့် အချက်မှာ ဆင်တူယိုးမှား ရှိနေသော ရိုးရာထုံးတမ်းဓလေ့များ ဖြစ်သည်။ ရိုးရာထုံးတမ်း ဓလေ့များသည် မူလပင်မ အမျိုးသား ယဉ်ကျေးမှုကြီးမှ ဖြာထွက်လာသော အကိုင်းအခက်များဖြစ်၍ ကွဲပြားမှု အနည်းငယ်မျှသာ ရှိပြီး အချိန်မရွေး ပေါင်းစည်းနိုင်သော နှုန်းစံတန်ဖိုးများ (Values) ဖြစ်သည်။ ထိုနှုန်းစံတန်ဖိုးများသည် အမျိုးသားယဉ်ကျေးမှု အသက်ဆက်ရေးအတွက် အဓိကတွန်းအား ဖြစ်သည်။ ရိုးရာယဉ်ကျေးမှု၏ အကျိုးဆက်မှာ မျိုးချစ်စိတ်ဓာတ် ဖြစ်သည်။ ကရင်တို့၏ မျိုးချစ်စိတ်ဓာတ်သည် ကရင်နိုက်ဇေးရှင်း၏ အဓိက ကျောရိုးတန်ဖိုး (Core Value) ဖြစ်ပါသည်။

**ယဉ်ကျေးမှု လူ့အဖွဲ့အစည်း**

ယဉ်ကျေးမှု လူ့အဖွဲ့အစည်း (Civilization) ဆိုသည်မှာ လူ့အဖွဲ့အစည်း တစ်ရပ်ရှိ အိုင်ဒီယာများ၊ ယုံကြည်မှုများ၊ ဓလေ့ထုံးစံများ၏ တည်ရှိမှု (Culture) ဖြင့် စည်းရုံး ဖွဲ့စည်းထားခြင်း ဖြစ်သည်။

**လူမှုအရင်း**

လူ့အဖွဲ့အစည်းဟု ဆိုရာတွင် လူတန်းစား မျိုးစုံ ရှိနိုင်သည်၊ ဘာသာမျိုးစုံ၊ ယဉ်ကျေးမှု မျိုးစုံ ဖြစ်နိုင်သည်။ အလုပ်အကိုင်မျိုးစုံနှင့် စရိုက်လက္ခဏာ ကွဲပြားသော မိသားစုများစွာ ပါဝင်နိုင်သည်၊ ထို့ကြောင့် လူမှုရေး နှုန်းစံ (Social Norms) နှင့် လူမှုရေးစည်းကမ်း (Social Order) များ အမျိုးမျိုး ကွဲပြားနေပေလိမ့်မည်။ ထိုသို့ အကွဲကွဲအပြားပြား ရှိနေနိုင်သော အစုအဝေးကို ဆွဲစုနိုင်ရန်အတွက် ကပ်အားကောင်းသော ကော်တစ်ခု သို့မဟုတ် အင်အားတစ်ခု လိုအပ်သည်ဟု ယူဆကြသည်၊ ထိုအရာမှာ လူမှုအရင်း (Social Capital) ဟု ဆိုပါသည်။ လူမှုအရင်းကို လူမှုအုပ်စုတစ်ခု သို့မဟုတ် အဖွဲ့အစည်း တစ်ခုအတွင်း အချင်းချင်း ပူးပေါင်းဆောင်ရွက်မှုကို ရှေးရှု၍ အများ သဘောတူ မျှဝေ လက်ခံထားသော နှုန်းစံ တန်ဖိုးများဟု ယေဘုယျ အဓိပ္ပာယ် ဖွင့်ဆိုကြသည်။

ကရင်နိုက်ဖေးရှင်းအတွက် အခြားအရေးကြီးသည့် အချက်တစ်ခုမှာ လူသား အရင်းအမြစ်ဖြစ်သည်။ လူဦးရေသည် လူ့အဖွဲ့အစည်းနှင့် အမျိုးသားယဉ်ကျေးမှုအတွက် အခြေခံ အကျဆုံး အစိတ်အပိုင်း ဖြစ်သည့်အပြင် အမျိုးသား ယဉ်ကျေးမှုကို ကျားကန်ပေးမည့် အရပ်ဘက် လူ့အဖွဲ့အစည်း (Civil Society) များ၏ သန္ဓေတည်ရာ ဖြစ်သည်။ ထို့အပြင် အချို့နေရာများတွင် ကြုံတွေ့ရလေ့ရှိသော မှတ်ပုံတင်တွင် ကရင်လူမျိုး ဖြစ်ခြင်း၊ မဖြစ်ခြင်း ကိစ္စနှင့် ၁၉၃၇ ခုနှစ်မှ စ၍ တရားဝင် သုံးစွဲခွင့်ရခဲ့သော မိမိ၏ အမည်ရှေ့တွင် စော၊ နော်၊ စ၊ နန့် စသည့် စာလုံးများကို အသိအမှတ်ပြု ခံရခြင်း၊ မခံရခြင်း စသည့် ကိစ္စများမှာလည်း ကရင် လူ့အဖွဲ့ အစည်းအတွက် ခြံခိုတိုက်ခိုက်ခံရသော ထိုးနှက်ချက်များ ဖြစ်သည်။

တစ်ခြားတစ်ဖက်ကလည်း ၂၁ ရာစု လူသားတိုင်း ရင်ဆိုင်နေရသော ပါဝါအပျော့များ၏ ထိုးစစ် ဆင်မှု သို့မဟုတ် ယဉ်ကျေးမှု နယ်ချဲ့ခံရခြင်းကို အချိန်နှင့် အမျှ ရင်ဆိုင်နေရသည်။ သတင်းဆက်သွယ်ရေး နည်းပညာ အားပြုသည့် ခေတ်တွင် မီဒီယာအားသည် အဓိကထိုးစစ်အသွင် ဆောင်လေ့ရှိရာ မီဒီယာ အားနည်းသော ကရင်တို့အတွက် တပန်းရှုံးနေသကဲ့သို့ ဖြစ်ခဲ့ရသည်။ ထော့မဲပါ၏ နေရာတွင် ဂျုံမုံ့တို့ ဒယ်ဂျိယောင်းတို့ အစားဝင်လာသည်။ ကရင် သင်တိုင်းများထက် ဂျင်းဘောင်းဘီနှင့် မီနီစကပ်ကို ဖက်တွယ်လာရသည်။ တစ်ခါတစ်လေမှ ကြားရသော ယာထညာ သံများထက် နေ့စဉ်ကြားနေရသော ဟစ်ပ်ဟော့ပ် ဂီတကို နားယဉ်လာရသည်။

ခေတ်ရေစီးဟူသည် တားဆီး၍ မရနိုင်ပါ။ အားကောင်းသူများက အလိုက်သင့် စီးမျောသွားနိုင်သလို အားနည်းသူများမှာ နစ်မြုပ်သွားရမည်သာ ဖြစ်သည်။ ဂလိုဘယ် ရေစီးတွင် နစ်မြုပ်မသွားဖို့ဆိုလျှင် မိမိတို့ အမျိုးသား ယဉ်ကျေးမှုကို အားကောင်းအောင် တည်ဆောက်ထားနိုင်ဖို့ လိုပါသည်။ ကရင်စကားပြောကြ၊ ကရင်လူမျိုးချင်း အိမ်ထောင်ပြုကြ ဆိုရုံမျှနှင့် မလုံလောက်တော့ပါ။ ပါဝါအပျော့ (Soft Power) များ၏ ဆွဲဆောင်မှုကို ခုခံနိုင်ဖို့ လိုပါသည်။ အရပ်ဘက် လူ့အဖွဲ့အစည်းများ (Civil Society) ၏ စွမ်းဆောင်ချက်များ လိုပါသည်။ လူမှုအရင်း (social capital) အားကောင်းမှ ဖြစ်ပါမည်။ တစ်သားတည်းဖြစ်သော သဘောတရားရေးရာ (Ideology) ရှိရပါမည်။ အားကောင်းသော အမျိုးသား ယဉ်ကျေးမှုကသာ ကမ္ဘာလုံးချီ ဘဝပုံစံကို ရင်ဆိုင်နိုင်မည် ဖြစ်သည်။ အားကောင်းသော အမျိုးသား ယဉ်ကျေးမှုကို တည်ဆောက်ပေးနိုင်သည့်အရာမှာ ကရင်နိုက်ဖေးရှင်း ဖြစ်ပါသည်။ ကရင်နိုက်ဖေးရှင်းကသာ ဒဏ္ဍာရီလာ ပေါင်းချောင်အိုးကွဲ (၇) ခြမ်း ပြန်ပေါင်းဆက်ချိန် သို့မဟုတ် ထော့မဲပါက ဖဝါး (၇) ဆုပ်၊ နံရိုး (၇) တောင် ရှိသော ဝက်ကြီးကို ပစ်ပြီး ကျွေးမွေးမည့်ကာလကို ဖန်တီးပေးနိုင်ပါလိမ့်မည်။ အနာဂတ် ကရင်လူ့အဖွဲ့အစည်းအတွက် အဖြေမှာ ကရင်နိုက်ဖေးရှင်းသာ ဖြစ်ပါသည်။

နောင်မင်း(ထီမန်)

**အရပ်ဘက် လူ့အဖွဲ့အစည်း**

အစည်အလာ လူ့အဖွဲ့အစည်းတစ်ရပ်တွင် နိုင်ငံတော် (State) ကို အမြင့်ဆုံး ဖွဲ့စည်းပုံ နှင့် မိသားစု (Family) ကို အနိမ့်ဆုံး အခြေခံယူနစ် အဖြစ် စဉ်းစားလေ့ ရှိသည်။ ယဉ်ကျေးမှု ပုံစံများ တိုးတက် လာသည်နှင့်အမျှ လူ့အဖွဲ့အစည်းအတွင်း တတိယအင်အားစု တစ်ခုမှာ အရေးပါလာသည်။ ထိုအင်အားစုမှာ အရပ်ဘက် လူ့အဖွဲ့အစည်း (Civil Society) ဖြစ်သည်။ အရပ်ဘက် လူ့အဖွဲ့အစည်း ဆိုသည်မှာ နိုင်ငံသားများ၊ ကိုယ်တိုင်က မိမိတို့ အကျိုးစီးပွားအတွက် ဆန္ဒအလျောက် စည်းရုံးဖွဲ့စည်းလာကြသော အစုအဝေးများ ဖြစ်သည်။

**ယဉ်ကျေးမှု ပဋိပက္ခ**

ယဉ်ကျေးမှု ပဋိပက္ခ (Clash of Civilization) ဆိုသည်မှာ အမြစ်တွယ် ယဉ်ကျေးမှုများ၊ ကို စိန်ခေါ် ခံလာရခြင်း၊ အကဲဆတ်နေသော ဇာတိပုညများ၊ အချင်းချင်း တိုက်ခိုက်မိလာခြင်း၊ မရှိဖလာ ဖက်တွယ်ဆုပ်ကိုင် လာခဲ့သော ဓလေ့ များ ချိန့်လာခြင်း စသည့် အကျိုးဆက်များကြောင့် ဖြစ်လာရခြင်း ဖြစ်သည်။



တသက်တကျွန်း ချလိုက်တယ်လို့ ဘယ်တရားရုံးရဲ့ စီရင်ချက်မှ မရှိဘဲ၊ တသက်တကျွန်းကို ကျနော်တို့ ရောက်ခဲ့ကြပါတယ်။

ထောင် အထူးအရာရှိကဆိုရင်
“ခင်ဗျားတို့ အနေအထိုင်ပေါ်မှာ ကြည့်ပြီး မိသားစုတွေပါ ပို့ပေးမယ်” ဆိုတဲ့သဘော ခပ်ထန်ထန်ပြောခဲ့တာကို ကျနော် မှတ်မိနေပါတယ်။

“ဗြိတိသျှ ကိုလိုနီခေတ်က တကျွန်းအပို့ခံ ရာဇဝတ်သားတွေလို မိသားစုတွေပါ ပို့ပေးပြီး ပြည်မနဲ့ အဆက်အသွယ် ဖြတ်ပစ်ခဲ့တဲ့ လုပ်ထုံးလုပ်နည်းကလေးအတိုင်း လုပ်ရင်တော့ ဒီနိုင်ငံရေး ထောင်ထောင်ထောင်ထောင်ကောင်တွေ ကျိုးသွားလိမ့်မယ်” လို့ အေဒီလမ်း အိမ်တော်က သဘောထားခဲ့ပုံပါပဲ။

အဲဒီအတိုင်းလည်း အစောက ကျနော်ပြောခဲ့တဲ့ ပအိုဝ့်ဗိုလ်ကြီး (မှူးကြီး) ထွန်းရင်လော က ဝဲတဲဝဲတဲနဲ့ ကိုးကိုးကျွန်းက သဲဖြူဖြူသောင်ဦးပေါ်မှာ “ဘရီဖင်” ပေးခဲ့ပါတယ်။

## ကျွန်တော် သိခဲ့တဲ့

# မင်းအောင်ကြည်

မြင့်ဦးသစ်

တကယ်လက်တွေ့မှာတော့ အေဒီလမ်း အိပ်တော်ရဲ့ အိပ်မက်တွေဟာ လက်တွေ့နဲ့ မကိုက်ညီခဲ့ပါဘူး။ စီအိုင်အေ လေ့ကျင့်ရေးဆင်း ဗိုလ်တင်ဦး (မျက်မှန်ကြီး) ရဲ့ မှန်းချက် တွေကလည်း နှမ်းထွက် မကိုက်ခဲ့ပါဘူး။ ဒီနေရာမှာ “များ များ ညှစ်ရင် များများ ပြန်ကန်တတ်တယ်” ဆိုတဲ့ အခြေခံရူပ ဗေဒလေး လောက်ကိုတောင် မျက်စေ့လျှံ၊ နားလျှံ ဖြစ်ခဲ့ကြ တဲ့ ပုဂ္ဂိုလ်တွေရဲ့ “သုံးချက်တွက်” တွေဟာ အံ့ဩစရာ ကောင်းသလို သင်ခန်းစာယူစရာ ကောင်းလှတယ်ဆိုတာ အနှစ် လေးဆယ်ကျော် ကြာပြီးတဲ့နောက် နှောင်းလူတွေ သိကြဖို့ လိုပါတယ်။

“အကြွင်းမဲ့အာဏာဟာ အကြွင်းမဲ့ ပျက်စီးစေတတ်ပါတယ်” ဆိုပြီး ၁၉၈၈ ခုနှစ်တုန်းက နိုင်ငံရေးသံဝေဂ ရသယောင် ရှိသွားရှာတဲ့ “ရက်တိုသမ္မတ” ဒေါက်တာမောင်မောင်ရဲ့ မှတ် ချက်ကလေးကလဲ ယူတတ်ရင် ရစရာ သင်ခန်းစာပါပဲ။ အေဒီအိပ်တော်ရဲ့ ကျဆုံးခန်း၊ အင်းစိန်ထောင် မဆလ ရုပ် ကွက်မှာ ကေစာ ကျင့်သုံးလိုက်ရတဲ့ ဗိုလ်တင်ဦးရဲ့ နောက်ဆုံး နေ့များကလဲ ဗမာ့နိုင်ငံရေးရင်ပြင်က အထင်အရှား ပုံရိပ် သင်ခန်းစာတွေပါပဲ။

နှုတ်ခမ်းမွေးဝဝနဲ့ ကရင်တော်လှန်ရေးရဲ့ ဖားစည်သံ ကဗျာကို ရွတ်ပြနေတဲ့ ဖထီးရဲဘော် မန်းအောင်ကြည်ရဲ့ ပုံလွှာဟာ ရင်ထဲမှာ နိုးလာခဲ့ပါတယ်၊



ကျွန်းပေါ်မှာ စစ်တန်းလျားဆယ့်နှစ်လုံးထဲကို သံဆူး ကြိုး နှစ်ထပ်ခပ်ပြီး “အထူးရဲဘက်” များအဖြစ် အုန်းဆံထုဖို့ ပို့လိုက်တဲ့ တစ်ကျွန်းစံ နှစ်ရာ့သုံးဆယ်ကျော်ဟာ - ၁ နှစ်တာ အတွင်းဖြစ်ခဲ့တဲ့ “ကျွန်းတိုက်ပွဲ” တွေနဲ့အတူ အများစုက “မထူး တပ်သား”တွေ၊ “နောင်ရိုးချောင်းကူး” တွေ ဖြစ်လာကြသလို သံဆူးကြိုးနှစ်ထပ်ကလဲ အပြတ်ပြတ်အတောက်တောက် မရဏတရားနဲ့ တွေ့သွားရပါတယ်။ နေဝင်မီးငြိမ်း၊ လူစစ်၊ “အားလုံး ကောင်းပါသည်ခင်ဗျား” နဲ့ ပြားပီနေစေတဲ့ ထောင် စနစ်ဟာလည်း တကျွန်းမှာ မီးကျိုးမောင်းပျက် ဖြစ်သွား ခဲ့ပါတယ်။ (ဒါတောင်မှ ၁၉၇၉ ခုနှစ်က ဘုရားစကား၊ တရား စကား အတော်ပြောတဲ့ ပုဂ္ဂိုလ်ကျော်ကြီး တစ်ယောက်က “ကျုပ်တို့ ကိုးကိုးကျွန်းကို ပြင်ထားတယ်။ ဘာမှတ်သလဲ” ဆိုပြီး မြို့တော်ခန်းမမှာ ဒမဖနဲ့ အစည်းအဝေးလုပ်တုန်း အိပ်မက်ထပ်မက် သွားဖူးပါသေးတယ်။)

အဲသလို ကိုးကိုးကျွန်း အခြေအနေမှာ ကျနော်နဲ့ သူ တွေ့ခဲ့ကြတာပါ။ သူဆိုတာက "မန်းအောင်ကြည်" (အောဘီကေအို) ။ အောဘီကေအို ဆိုတာက - ဗမာနိုင်ငံနိုင်ရာ ကရင်အမျိုးသားများ အစည်းအရုံးကို ပြောတာပါ။

သူက ကျနော့်ကို ပါမောက္ခကြီးလို့ ခေါ်လေ့ ရှိတယ်။ ကျနော်ကိုယ်တိုင်ရေး၊ ကိုယ်တိုင် ကခဲ့ဖူးတဲ့ ပါမောက္ခကြပ်ခိုးထဲက ဇာတ်ကောင်ကို စွဲပြီးခေါ်တာပါ။ ကျနော်က သူ့ကို "ဖထီး"လို့ ခေါ်တဲ့အခါခေါ်တယ်။ "မန်းပု" လို့ ခေါ်တဲ့အခါ ခေါ်တယ်။ သူက ကျနော့်ထက် အသက်ကြီးပေမယ့် အရပ်က ပုတာကိုး။ အထူးသဖြင့် ကဗျာအကြောင်း ပြောဖြစ်တဲ့အခါ "မန်းပု" လို့ ကျနော်က ခပ်ရွှတ်ရွှတ် ခေါ်တာပါ။ သူ့မျက်နှာမှာ စိတ်ဆိုးစိတ်ခုသွားတဲ့ အရိပ်အယောင်တစ်ခါမှ မတွေ့ဖူးပါဘူး။ နိုင်ငံရေး အကြောင်းတွေ ပြောဖြစ်ရင်တော့ "ဖထီး" လို့ပဲ ခေါ်တယ်။ သူကလည်း တုန့်ပြန်တဲ့အခါမှာ "ပါမောက္ခကြီး၊ ခင်ဗျား ပြန်စဉ်းစား။ ကမ္ဘ ကတ္တားတော့ ခွဲကြည့်ရမှာပေါ့ဗျ" ဆိုတဲ့ စကားမျိုး တုန့်ပြန်ဖူးတယ်။ တခါတလေ ကျတော့လည်း သူ့ကို ကရင်အမျိုးသား တစ်ယောက်ဆိုတာ မေ့ပြီး "ကိုအောင်ကြည်" လို့ ဆက်ဆံဖူးတာတွေကို ကျနော် အမှတ် ရနေပါသေးတယ်။

ကရင်တော်လှန်ရေးဆိုတာ
ထင်ဟပ်နေတာတွေ
ကျွန်တော်အကဲခတ်မိတယ်၊
အနာဂတ်ကို၊
သူမျှော်လင့်တဲ့
'ကော်သူးလေ' ကို
ခံစားကြည့်လို့ရတယ်၊

ကိုကိုးကျွန်း ပါလာတဲ့ "တကျွန်းကျ ထိန်းသိမ်း အထူးရဲဘက်" တွေထဲမှာ ရခိုင်အမျိုးသားတွေ တော်တော် များပေမယ့် ကရင်အမျိုးသားတွေကတော့ (ကျနော် အမှတ် မမှားဘူးဆိုရင်) လေးယောက်ပဲ ပါပါတယ်။ ကရင်ရဲဘော် တွေက မန်းအောင်ကြည်၊ စောမောင်မောင် (အောဘီကေအို)၊ မန်းဝင်းမြင့် (လေတပ်) နဲ့ အခုတော့ ဖဒို မန်းငြိမ်းမောင် (ကေအဲန်ယူ) (ဟိုကျွန်းမှာတုန်းကတော့ ကိုငြိမ်းမောင်) တို့ ပါပဲ။ အဲ・・ကရင်သွေးစပ်တယ်လို့ ကျနော် သိဖူးခဲ့တဲ့ တစ်ယောက်ကိုပါ ထည့်တွက်ရင်တော့ ငါးယောက်လို့ ပြောချင်တာပေါ့။ သူကတော့ ရဲဘော်အောင်ငွေ (ကျနော်က "ငွေ" အစား "ဝေ" နဲ့ မှားပြီး နှုတ်ကျိုးခဲ့တော့ ကိုအောင်ဝေ (မုန်းနယ်) ဖြစ်ပါတယ်။

မန်းအောင်ကြည်နဲ့ စကားများများ ပြောဖြစ်တာကတော့ သူ့ကဗျာတွေနဲ့ ပတ်သက်ပါတယ်။ သူဟာ သူ့ဘဝ၊ သူ့နိုင်ငံရေးတွေကို ကဗျာလေးတွေ ရေးတတ်သူ ဖြစ်ပါတယ်။ အခြား ဘယ်သူတွေကို ပေးဖတ် ဖြစ်ခဲ့သလဲ ကျနော် မသိပါဘူး။ ဒါပေမဲ့ ကျနော့်ကိုတော့ သူ့လိုပဲ ကဗျာလေးတွေ ရေးတတ်တဲ့ လူလို့ သိတတ်တဲ့ အချိန်က စပြီး သူ့ကဗျာတွေ ပေးဖတ်တာပါ။ သူ့ကဗျာတွေကို ဖတ်မိတိုင်း သူ့ကို ဖတ်နေရသလိုပါပဲ။ သူရေးတတ်သလို ရေးထားတဲ့ ကဗျာတွေမှာ သူ့ရဲ့ ယုံကြည်မှုဖြစ်တဲ့ ကရင် တော်လှန်ရေးဆိုတာ ထင်ဟပ်နေတာတွေ ကျနော် အကဲ ခတ်မိတယ်။ အနာဂတ်ကို၊ သူမျှော်လင့်တဲ့ "ကော်သူးလေ" ကို ကျနော် ခံစားကြည့်လို့ ရတယ်။ ကျနော့်ကို ဝေဖန်ခိုင်း တဲ့အခါ ကျနော်က "ကောင်းပါတယ်" လို့ပဲ ပြောဖြစ် ပါတယ်။ ဖွဲ့စည်းပုံတွေ၊ ကဗျူပဒေသတွေ စတဲ့အကြောင်း အရာတွေ မပြောဖြစ်ပါဘူး။ ရဲဘော်ရဲမြင့် (မုဆိုး) လက်ရေးနဲ့ လိုက်ရေးပေးတဲ့ ကျနော့် ကဗျာတစ်ချို့ကို သူကဖတ်ပြီးတော့ "ပါမောက္ခကြီး ကဗျာတွေက ပျော့တယ်ဗျာ" တဲ့။

အင်းစိန်ထောင် "အေပရယ်ထိုးစစ်" မှာ နံရိုးကျိုးခဲ့သူတွေအထဲမှာ "ဖထီး" လည်း ပါခဲ့တာပေါ့။ အဲဒီ နိမ့်သွားတဲ့နံရိုးက ကျွန်းရောက်တဲ့အထိ သိပ်အကောင်းကြီး မဟုတ်သေးပါဘူး။ တခါတရံ ရေနွေးပုလင်းလေးကပ်ပြီး ဂုံနီအိတ်ကို လုံခြည်ဟောင်း ကပ်ချုပ်ထားတဲ့ အိပ်ရာလေးပေါ်လှဲရင်း "မဒညတ" အကြောင်း ပြောတဲ့ သူ့ရဲ့ဟန်ကို ကျနော့်မျက်စေ့ထဲ အခုထိ စွဲနေဆဲပါ။ ကျနော် အဖမ်းခံရတဲ့ကိစ္စ ဖြစ်တဲ့ KPLA တပ်မှူး (စောလား၊ မန်းလား မသေချာတော့) လောကွားနဲ့ စစ်တပ်က တောခိုလာတဲ့ ဗိုလ်ကျော်စွာမြင့်တို့ရဲ့ ပူးတွဲကြေညာချက်အကြောင်း သူ့ကို ပြောပြတော့ လှဲနေရာက လက်ခုပ်လက်ဝါးတီးပြီး "ဒီလိုပဲ ဖြစ်ရမယ်" လို့ ပြောရင်း အထလိုက်မှာ- နံရိုးဆီက နာသွားလို့ လက်နဲ့ဖိလိုက်တဲ့ မျက်နှာပုံရိပ်ကိုလည်း ကျနော် မြင်နေဆဲပါပဲ။

နောက်ပိုင်းမှာ သူ့အဆောင် (၁၂ လို့ မှတ်မိ) မှာ သူ ရှိခဲလာတယ်။ ကိုကိုးကျွန်းကြီးရဲ့ အဆက် ကျွန်းငယ်လေးဖြစ်တဲ့ ဂျယ်ရီကျွန်းဘက်မှာ အတွေ့များလာတယ်လို့ ရဲဘော်တွေက ပြောကြတယ်။ အဲဒီတုန်းက တစ်ခုခုကို သူ "ကြံ" နေပြီဆိုတာ ကျနော်ဘယ်လိုမှ မရိပ်မိပါဘူး။ အမှန်ကတော့ သူဦးစီးပြီး ရဲဘော်အောင်ဝေရယ်၊ ရဲဘော်ငြိမ်းမောင်ရယ်၊ လှေလုပ်နေကြ၊ ရိက္ခာစုနေကြတာ။ အဲဒီကိစ္စကို ကျွန်းကနေ သူတို့ရဲ့ "ကွန်တီကီ" လှေကလေးနဲ့ မင်းသားကြီး ရေကြောင်းအတိုင်း "ခွာ" ကြတော့မှ ကျနော် အပါအဝင် တော်တော်များများ သိလိုက်ကြရပါတယ်။ သူက အဲဒီလိုလူ။ လျှို့ဝှက်တယ်၊ ကျစ်လစ်တယ်၊ ဝိရိတယ်၊ ကျနော် အသိအမှတ် ပြုလိုက်ပါတယ်။ "ကျွန်းကနေ ထွက် ခွာရေး" ကို မူအရ ကျနော် သဘောမတူပါဘူး။ ဒါပေမဲ့သူ့အပါအဝင် ရဲဘော်တွေရဲ့ လုပ်ရှားမှုကိုတော့ ကျနော် လေးစားလိုက်မိပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူတို့ဟာ ကိုယ့်တကိုယ်ရည် အကျိုးစီးပွားအတွက် "ထွက်ပြေး" ကြတာ မဟုတ်ဘဲ စစ်မျက်နှာတစ်ခုက နောက်စစ်မျက်နှာတစ်ခုကို ပြောင်းသွားကြတာလို့ ခံစားမိလို့ပါပဲ။

ကျနော်က "ငါးကြီးအံဖတ်" (ပုဒ်မငါးမှ လွတ်မြောက်ခြင်း) အဖြစ် အင်းစိန်ကနေ အိမ်ပြန်ရောက်ပြီး မကြာမီမှာ သူတို့သတင်းတွေ ဟိုတစ်စဒီတစ်စ ကြားရပါတယ်။ ရဲဘော် ငြိမ်းမောင်က မိသွားသတဲ့။ ရဲဘော်အောင်ဝေနဲ့ ရဲဘော်ဖထီးကတော့ လွတ်သွားကြတယ်တဲ့။ နောက်တော့ သတင်းတွေနဲ့ တဖြည်းဖြည်း ဝေးသွားပါတယ်။ ပြန်ကြားရတဲ့ အချိန်က "အင်တာနက်" တွေ "ဖြိုးတိုးဖြောက်တောက်" သုံးလို့ရလာတဲ့ အချိန်ပါ။ ရဲဘော် ငြိမ်းမောင်က ဖဒိုငြိမ်းမောင်ဖြစ်နေပြီ။ ကေအဲန်ယူမှာ ဗဟိုကော်မတီဝင် ဖြစ်နေတာ၊ ရဲဘော်အောင်ဝေက "မှုန်း" မှာပဲ ကျဆုံးသွားတာ၊ ရဲဘော် မန်းအောင်ကြည်လဲ ကျဆုံးသွားတာ ကြားလိုက်ရပါတယ်။

ကြားရတဲ့အချိန်က သူ "ကျ" ပြီးတာ ကြာပါပြီ။ ကျနော်ကတော့ သူ "ကျ" သွားကြောင်း သိလိုက်ရတဲ့နေ့မှာ နှုတ်ခမ်းမွေးစစနဲ့ "ကရင်တော်လှန်ရေးရဲ့ ဖားစည်သံ" ကဗျာကို ရွတ်ပြနေတဲ့ ဖထီးရဲဘော် မန်းအောင်ကြည်ရဲ့ ပုံလွှာဟာ ရင်ထဲမှာ နိုးလာခဲ့ပါတယ်။ အော်- အဖိုးတန် ကရင်သားကောင်းရတနာ တစ်ယောက် ပြည်တွင်းစစ် ယဇ်ပလ္လင်မှာ အပူဇော်ခံလိုက်ရပါပကောလို့ နှမြောလိုက်မိပါတော့တယ်။

မြင့်ဦးသစ်
sayamut.blogspot.com

မှတ်ချက် ။ ။ သတ်ပုံ - မူရင်းစာမူအတိုင်း

■

“ကျွန်မလေး စစ်ဆိုရင် သိပ်ကို မုန်းတာပဲ၊ အစက အဲသလို မဟုတ်ဘူး၊ ကြောက်တာပဲ သိတယ်၊ ဒုတိယ ကမ္ဘာစစ်ကတော့ ငယ်သေးလို့ မမှတ်မိဘူး၊ ၁၉၄၉ မှာတော့ ကျွန်မတို့ နဖူးတွေ ဒူးတွေပဲ၊ ကျွန်မတို့ နေတဲ့အိမ်က အင်းစိန်နဲ့ သမိုင်း ကြားမှာလေ။



# နော်လွီဇာ

## သို့မဟုတ်

# ဘဝသံသရာခရီးသည်

စောခင်ထွန်း

သေနတ်သံ၊ ဗုံးသံ က နေ့ည မပြတ်ဘူး၊ ကြောက်စရာ လန့်စရာ ဘယ်လောက်ကောင်းလဲ ဆိုတာ ကျွန်မကိုယ်တွေ့ပဲ၊ ပုန်းကျင်းထဲမှာ မောင်နှမတစ်တွေ တစ်ယောက်ကို တစ်ယောက် စကား မပြောနိုင်ဘူး၊ အသားတွေ ဆတ်ဆတ်တုန်တယ်၊ နှုတ်ခမ်းချင်းကလည်း တစ်ချက်ပြီး တစ်ချက် ရိုက်နေတယ်။ ပြန်စဉ်းစားရင် အခုထိ ရင်တုန်တယ်၊ ဘုရားသခင် ဂုဏ်ကျေးဇူးကြောင့် မသေမပျောက်ခဲ့တာပါ။ နောက်တော့ စစ်ဟာ ကြောက်စရာအပြင် မုန်းစရာလည်းကောင်းတယ် ဆိုတာ ပိုပြီး နားလည်လာတယ်။”

အထက်ပါ စကားကို ကျွန်တော့်အား ပြောသူမှာ နော်လွီဇာ ဖြစ်ပါသည်။ ကျွန်တော်နဲ့ ခင်မင်ရင်းနှီးတာ တစ်နှစ်လောက်ကြာမှ ဤစကားတို့ ပြောခဲ့ခြင်း ဖြစ်ပါသည်။

၁၉၆၃ ခုနှစ် ကရင် နှစ်သစ်ကူးနေ့မှာ ကျွန်တော်လည်း မော်ဘီမှ ထွက်လာပြီး အင်းစိန်ရှိ ကျွန်တော့်ညီလေးနှစ်ယောက်နဲ့ ဆေးဝက်ပါမှာ ကျင်းပတဲ့ ကရင်နှစ်သစ်ကူး ပွဲတော်ကို အသွားမှာ သူတို့ညီအစ်မတွေနှင့် တွေ့ပြီး အိမ်လည်လိုက်ရန် ဖိတ်ခေါ်သဖြင့် ကျွန်တော်တို့ လိုက်လည်ကြပါသည်။ ထိုနေ့က သူတို့အိမ်မှာပင် နေ့လည်စာ စားဖြစ်ပြီး စကားလက်ဆုံကျရာမှ ဆက်စပ်ပြီး အထက်ပါစကား ပြောပြခြင်း ဖြစ်ပါသည်။

ကျွန်တော်သည် စစ်သား တစ်ယောက် ဖြစ်နေ၍ စစ်၏ အကျိုးသက်ရောက်မှု အဆိုး/အကောင်း ဓိဓိ ဖတ်မှတ်မိသမျှ ရေးရာဇဝင် အကြောင်းခံ အနည်းအကျဉ်း သူတို့လည်း ပြန်ဆွေးနွေးပါသည်။

"စစ်ကြောင့် ငြိမ်းချမ်းမှု ကင်းမဲ့သလို၊ ငြိမ်းချမ်းချင်လို့ စစ်ဖြစ်ရတဲ့ သမိုင်းကြောင်းတွေ ရှိတယ်။ တရားတဲ့ စစ် မတရားတဲ့စစ် မတူဘူးပေါ့။ ဒါပေမဲ့ ပြည်တွင်းစစ်က အချင်းချင်း တိုက်တာဆိုတော့ မကောင်းဘူးပေါ့။ ကြီးကြီးကျယ်ကျယ် ကိုယ်လည်း မပြောတတ်ဖူး၊ တစ်ခုတော့ ရှိတယ်၊ War And Peace စာအုပ် ဖတ်ကြည့်ပေါ့၊ ကိုယ်တစ်ယောက်တည်း စစ်မကောင်းတာ သိလို့ မရဘူး ကျန်တဲ့လူတွေကို မျက်စိပွင့်အောင် လုပ်ဖို့လည်း လိုတယ် မဟုတ်ဘူးလား"

"အဲဒါလည်း မှန်ပါတယ်၊ အေးလေ ရှုပ်ပါတယ်၊ ဒီအကြောင်း ပြောရမယ့်အချိန် မဟုတ်ဘူး၊ ခဏ တွေ့ကြရတုန်း ပျော်စရာပဲ ပြောကြတာ ကောင်းပါတယ်"

သူ့စကားကြောင့် ကျွန်တော်လည်း ဆက်မပြောတော့ပါ။

"ဒါနဲ့ လက္ခဏာကို ယုံသလား၊ ကြည့်ဘူးလား"

သူ့ အမေးက ဆန်းနေလို့ ကျွန်တော်က

"ကြည့်တတ်လား၊ ကြည့်ပေးပါ"

ဟု လက်ဝါး ဖြန့်ပြလိုက်ရာ သူက

"ဟောတတ်လို့ မဟုတ်ဘူး၊ ကျွန်မကို သူငယ်ချင်း ဆရာမတစ်ယောက်က ဟောထားလို့၊ သူက ဝါသနာပါ၊ သိပ်တတ်လို့ မဟုတ်ပါဘူး"

"ဘယ်လို ဟောထားလဲ"

"အသက် ၁၅ နှစ် ကျော်ရင် နိုင်ငံခြားကို ရောက်မယ်တဲ့"

"ဒါဆို ကောင်းသားပဲ"

ဟု ကျွန်တော်က ပြောလိုက်ရာ သူက

"ဟင် ဘယ်ကောင်းမလဲ မိဘတွေနဲ့ ခွဲနေရမှာ"

ကျွန်တော်တို့ စကားကောင်းနေသော်လည်း ညီနှစ်ယောက်မှာ ပျင်းနေ၍ ဖင်တကြွကြွ လုပ်နေသဖြင့် စကားကို ရပ်လိုက်ပြီး အားလုံးကို နှုတ်ဆက်၍ ပြန်ခဲ့ပါသည်။

□ □ □

သူနဲ့ စတွေ့သည်မှာ ၁၉၆၂ ခုနှစ် ဒီဇင်ဘာလ မှာပါ။ ကျွန်တော်သည် ထိုအခါက အမှတ် (၁၉) ခြေလျင်တပ်ရင်း၊ မော်ဘီမှာ တာဝန်ထမ်းဆောင်ပါသည်။ တပ်မှာ ခရစ်ယာန် အရာရှိ ကျွန်တော် အပါအဝင် လေးဦး ရှိပါသည်။ အခြား အဆင့်များတွင် ကချင်/ ချင်းနှင့် ကရင် ခရစ်ယာန်ရဲဘော် အားလုံး ၆၀/

စစ်ကြောင့် ငြိမ်းချမ်းမှု
ကင်းမဲ့သလို၊
ငြိမ်းချမ်းချင်လို့
စစ်ဖြစ်ရတဲ့
သမိုင်းကြောင်းတွေ ရှိတယ်

၇၀ ခန့် ရှိပါသည်။ ဒု- တပ်ရင်းမှူး ဗိုလ်မှူး ထောင်ဇာခိုင် (နောင်တွင် ဗိုလ်ချုပ်) ကို တပ်ရင်းမှူးမှ တစ်တွင်းမှာ ခရစ်စမတ်ပွဲ ကျင်းပရန် ခွင့်ပြုထားသဖြင့် ဒု-တပ်ရင်းမှူးမှ ကျန် ခရစ်ယာန် အရာရှိများနှင့် တိုင်ပင်ပြီး စီစဉ်ကြပါသည်။ ကျွန်တော့်အား ကိုးကွယ်ဝတ်ပြုခြင်း အစီအစဉ်အတွက် ဆက်သွယ်ဆောင်ရွက်ရန် တာဝန်ပေးပါသည်။ ကျွန်တော်လည်း ဘောလယ် ကျွန်းမှ လာခဲ့ရ၍ မော်ဘီတွင် အသိ မရှိပါ၊ အကြံအိုက်နေစဉ် တပ်စာရင်းကိုင် ဦးကျော်ရှင်းကို သတိရလိုက်သည်။ သူသည် ကရင်လူမျိုး ဖြစ်ပြီး အပတ်စဉ် ခဲဲခြိသို့ ပြန်၍ ဘုရားရှိခိုးသည်ဟု သိရပါသည်။ သူ့ကို အစီအစဉ် ပြောပြရာ သူလည်း ဝမ်းသာအားရဖြင့် သူ့ သမိုင်းကရင် အသင်းတော်သို့ အပတ်စဉ် သွားကြောင်း သင်းအုပ်ဆရာကြီး ဦးစောထွန်းနှင့် တိုင်ပင်ပြီး သတင်းပြန်ပို့မည်ဟု ပြောသဖြင့် ကျွန်တော်ကလည်း လုပ်မနေနဲ့ တစ်ခါတည်းသာ အစီအစဉ် တိုင်ပင်ခဲ့ပါ၊ ဒီဇင်ဘာ (၂၄)

ရက် ညနေမှာ လုပ်ချင်တယ်ဟု ပြောလိုက်ပါသည်။ တနင်္လာနေ့ ရုံးတက်ချိန်တွင် ဦးကျော်ရှင်က ပြုံးရွှင်စွာနဲ့ အဆင်ပြေပြီ ဗိုလ်ကြီး။ လူ (၃၀) လောက် ပါမယ် ပြောတယ်ဟု ပြန်လည် သတင်းပို့သဖြင့် ဗိုလ်မှူး ထောင်ဇာခိုင်ထံသို့ ကျွန်တော် သတင်းပို့လိုက်ပါသည်။

ဒု-တပ်ရင်းမှူး၏ စီစဉ် ညွှန်ကြားချက်ဖြင့် လုပ်ငန်း ကော်မတီများ ဖွဲ့စည်းပြီး တာဝန်ယူကြ ရပါသည်။ ကျွန်တော်ကတော့ သဗိုင်းအဖွဲ့များ ကြိုဆိုနေရာချရေး တာဝန်ယူရပါသည်။ တပ်မှာ ရှိနေသော ကရင်ရဲဘော်များမှာ သံတောင်မှ ဦးစောလုံနှင့် ဦးအေး စိုးမြင့်တို့၏ ရဲဘော်ဟောင်းများ ဖြစ်ပြီး ၎င်းတို့ အဖွဲ့မှာ ခ ·လ ·ရ (၁၉) နာမည်ရ တီးဝိုင်း အဖွဲ့သားများ ဖြစ်ကြသည်။ တော်လှန်ရေးကောင်စီ တပ်ပြီး စည်းရုံးရေး လုပ်ငန်းများဖြစ်သော ဆိုရှယ်လစ် သီချင်းများ မြန်မာ့အသံမှ မကြာခဏ လွှင့်ထုတ် ခဲ့ပါသည်။ စစ်ရေးပြတွင် သုံးသည့် Brass Band ဖြစ်သည်။ တီးဝိုင်းခေါင်းဆောင်မှာ တပ်ကြပ်ကြီး စိုင်းကော၊ ခရစ်စမတ်နှင့် ပတ်သက်သော သီချင်းများ ကြိုတင်လေ့ကျင့် တီးမှုတ်ဖို့ သူ့ကိုပင် တာဝန် ပေးလိုက်သည်။

၁၉၆၂-ခုနှစ် ဒီဇင်ဘာ (၂၄) ရက် နေ့ခင်း တစ်နာရီမှာ မော်တော်ယာဉ်တပ်စုမှ တပ်ကြပ် ကျော်မိုးဦးစီးသည့် မော်တော်ယာဉ် နှစ်စီး၊ ယာဉ်မောင်း မဟာဒူးနှင့် လျှန်ကမ်းတို့ လိုက်ပါလျက် ကျွန်တော်ရှိရာ အရာရှိရိပ်သာသို့ လာရောက် သတင်းပို့ကြသည်။ ကျွန်တော်တို့ တပ်ရင်းမှ တစ်နာရီခွဲ ထွက်ပြီး အင်းစိန် တီရစ္စာန်ဆေးကုကျောင်း ကျွန်တော်၏ ဘကြီးထံ ခေတ္တ ဝင်ရောက် နှုတ်ဆက်ပြီး ဦးရွှေနုလမ်းရှိ သဗိုင်း ဘုရားရှိခိုးကျောင်းသို့ နှစ်နာရီခွဲ ရောက်ရှိရာ အသင့်ဖြစ်နေသော ဆရာကြီး ထူးစောနှင့် သူ့ အသင်းသားများကို တွေ့ရပါသည်။ ဆရာကြီး ထူးစောနှင့်အတူ အမျိုးသမီးကြီးတစ်စု လူငယ်အဖွဲ့ အသင်းတော် လူကြီးများနှင့် ဆရာကြီး ထူးစောက ကျွန်တော့်ကို မိတ်ဆက်ပေးပါသည်။ ထိုအထဲတွင် နော်လွီဇာ၏ မိခင်ပါ တွေ့ရသဖြင့် ကျွန်တော်လည်း အလွန် ဝမ်းသာကြောင်း မျှော်လင့်မထားသော်လည်း ကျွန်တော်တို့ ခရစ်စမတ် အစီအစဉ်အတွက် ကောင်းချီးမင်္ဂလာပဲဟု ပြောလိုက်မိပါသည်။ ဆက်ပြီး သူ၏သမီး သုံးယောက်ကိုလည်း ခေါ်လာကြောင်းနှင့် ဆက်၍ မိတ်ဆက်ပေးပါသည်။ ဤသည်မှာ နော်လွီဇာနှင့် ပထမဆုံး တွေ့ဆုံရခြင်း ဖြစ်ပါသည်။ ကျွန်တော်စီးသော ကားဦးခန်းကို ဆရာကြီး ထူးစောနှင့် နော်လွီဇာ၏ မိခင်ကို နေရာပေးပြီး နောက်ခန်းတွင် နော်လွီဇာ ညီအစ်မသုံးဦးနှင့် လူငယ် အမျိုးသမီး ခြောက်ယောက် ကို

ညီအစ်မ သုံးဦးကိုလည်း နာမည်မခေါ်ဘဲ Silver Bells ဟု အကြိမ်ကြိမ်ခေါ်၍ ဩဘာ ပေးကြပါသည်။

တင်လိုက်ပါသည်။ နောက်တစ်စီး တွင် ရှေ့ခန်းမှာ အသက်ကြီးသူနှစ်ဦး တင်ပြီး ကျန်အမျိုးသမီးနှင့် အသင်းတော်လူကြီး အပါအဝင် လူ (၂၀) တင်ပြီး တပ်ကြပ်ကျော်မိုးအား ထိုကားနှင့် လိုက်ပါပြီး ယာဉ်မောင်းကို မှန်မှန်သာမောင်းလာဖို့ မှာလိုက်ပါသည်။ ကျွန်တော်စီးသော ကားမှာ ကားသေးသဖြင့် ကျွန်တော် အပါအဝင် (၁၀) ဦးနှင့် ရှေ့ဆောင် ထွက်ခဲ့ပါသည်။ လမ်းတွင် ညီမအငယ်က ကျွန်တော် သူ့အမနားမှာ ထိုင်နေသည်ကို ပြုံးစိပြုံးစိ လုပ်နေသဖြင့် ကျွန်တော်က

"ဘာလဲ၊ နေရာလဲချင်လို့လား"

ဟု နောက်လိုက်ရာ နော်လွီဇာက ပြုံးပြီး

"အလကား။ ဒီကောင်မလေးက ထွက်ရရင် ဒီလိုပဲ အူမြူးတယ်။ ဘာမှ အားမနာတတ်ဘူး"

ကျွန်တော်က

"ဟုတ်လား။ ဒို့ဆီ လာရတာ ပျော်လား"

နော်လွီဇာ ညီမငယ်က ခေါင်းညိတ်ပြ၍

"အေး… ပျော်ရင် သီချင်းဆိုရမယ်နော်"

ထိုအခါ ညီမငယ်က မဆိုင်းမတွပင်

"ဆိုမှာပါ၊ အမကြီးက ခေါင်းဆောင်၊ သူလုပ်ရင် ကျွန်မတို့ အကုန်လိုက်လုပ်မှာ"

ဟု ပြန်ပြောသဖြင့် ကားစီးလာရသည်မှာ ပျင်းစရာ မကောင်းဘဲ မိတ်ရင်းများ ကဲ့သို့ ရယ်ရယ်မောမောဖြင့် ညနေ လေးနာရီ မထိုးမီ တပ်ရင်း အရာရှိ ရိပ်သာကို ရောက်ခဲ့ပါသည်။

ခရစ်စမတ် အခမ်းအနား နေရာမှာ ရိပ်သာရှေ့ Tennio ကွင်း ဖဟိုပြုပြီး ဘယ်ညာ နှစ်ဘက် စားပွဲ ကုလားထိုင်များ ခင်းထားပါသည်။ အစီအစဉ် ပထမပိုင်းမှာ ဝတ်ပြုကိုးကွယ် ခြင်း၊ ပြီးမှ အကျွေးအမွေးနှင့် တေးဂီတ ဖျော်ဖြေခြင်း ဖြစ်ပါသည်။ ကိုးကွယ်ခြင်းကို ညနေလေးနာရီခွဲ စပြီး ဆရာကြီးထူးစောက ခရစ်စမတ် (မွေးနေ့) တရား ဟောပါသည်။ သမိုင်းအဖွဲ့ လူငယ်များ ကွာယာ၊ အမျိုးသမီးကြီးများ ကွာယာတစ်ပုဒ်စီ သီဆိုပါသည်။ အဆိုအတီးနှင့် သာယာလှပါသည်။ ကိုးကွယ်ခြင်းပြီးမှ ဆရာကြီးစိုင်းကေ၏ တီးဝိုင်းအဖွဲ့က ထရမ်းပတ်၊ ကလဲရီနတ်၊ ထရမ်းဖုန်း၊ ကောနတ် အစရှိသည့် လေမှုတ် ကိရိယာဖြင့် ဘာသာရေး သီချင်းများအပြင်၊ နော်လွိုဇာ ညီအစ်မသုံးဦး၏ Silver Bells သီချင်း သီဆိုပါသည်။ စစ်သည်များမှာ ဤကဲ့သို့ပွဲမျိုး မကြုံခဲ့ဘူး၍ ညီအစ်မသုံးဦးကိုလည်း နာမည်မခေါ်ဘဲ Silver Bells ဟု အကြိမ်ကြိမ်အော်၍ ဩဘာ ပေးကြပါသည်။

တပ်တွင်း ခရစ်စမတ်ပွဲလေးမှာ ပျော်ပျော်ရွှင်ရွှင် အရှိန်ရနေသော်လည်း သမိုင်းသည့်သည်များ အနေနှင့် ခရစ်စမတ် သန့်ခေါင်ယံ ကိုးကွယ်မှု အစီအစဉ် ရှိနေသေး၍ ကျွေးမွေးသည့် ခံခြင်းနှင့် တစ်ပြိုင်တည်း ဗိုလ်မှူးထောင်ဇာခိုင်မှ ကျေးဇူးတင်စကား ပြောပါသည်။ အခမ်းအနားကို ည ခုနစ်နာရီခွဲ ရုတ်သိမ်းပြီး ဧည့်သည်များကို ပြန်ပို့လိုက်ပါသည်။ အပြန်လမ်း တလျှောက်လုံး အခမ်းအနားအကြောင်း ပြန်ပြောသူ သီချင်းဆိုသူဖြင့် တစ်လမ်းလုံး ပျော်ရွှင်နေကြသည်။ သမိုင်းသို့ ပြန် ရောက်သောအခါ အားလုံးက ကျွန်တော့်အား သန်းခေါင်ယံ စည်းဝေးတက်ရန် ဖိတ်ကြားကြသော်လည်း ကျွန်တော် တောင်းပန်ပြီး ပြန်လာရပါသည်။ မော်ဘီကို ညနက်မှ ပြန်ရောက်ပါသည်။

□ □ □

၁၉၆၃-ခုနှစ် သို့ ကူးပြောင်းခဲ့ပါပြီ။ ဇန်နဝါရီလ (၁) ရက်နေ့ စောစော နော်လွိုဇာတို့ အိမ်သို့ သူတို့ ပေးထားသည့် ဖုန်းနံပါတ်အတိုင်း ဆက်လိုက်ပါသည်။ ညီမငယ်စီမာနှင့် ပက်ပင်း တိုးပါသည်။ သူကပင်ဦးအောင် ကျွန်တော့်ကို

"ဟက်ပီး နယူးရီးယား"

ဟု နှုတ်ဆက်ပါသည်။ အမဖြစ်သူကို ဖုန်းလွှဲပေးသဖြင့် ကျွန်တော် နှုတ်ဆက်စကား ပြောကြ ပါသည်။ ကျွန်တော်လည်း နောက်တစ်နေ့ ကျွန်တော့် တပ်ခွဲရှိရာ အိုင်ကလောင်ကျွန်း၊ လှည်းဆိပ်ရွာသို့ ပြန်မည်ဖြစ်ကြောင်း၊ နောင် ဘယ်တော့ လာနိုင်မည် မသိသော်လည်း တပ်ရင်းကို ရောက်တဲ့အခါ ဖုန်းဆက်မည်ဟု ပြောရာ

"ဖုန်းဆက်ရုံ မလုပ်ပါနဲ့၊ အိမ်ကို ရောက်အောင် လာခဲ့ပါ။ You are welcome"

"Thank you. . . Thank you "

ဟု ပြောပြီး ဖုန်းချလိုက်ပါသည်။ တကယ်တော့ ဆက်ပြောချင်ပါသေးသည်။ ပြန်ပို့မည့် ကားအဆင့်သင့်ဖြစ်နေ၍ စကားဖြတ်လိုက်ခြင်း ဖြစ်ပါသည်။ သူနှင့် စကားပြောတိုင်း သတိပြုမိတာကတော့ ယဉ်ကျေးသိမ်မွေ့သည်၊ ပွင့်လင်းပြီး ကရုဏာသံ ပါသည်။ သူ ထင်မြင်ချက်ကို ရိုးသားစွာ ပြောတတ်သူ ဖြစ်သည်။

□ □ □

နောက်နှစ်လ အကြာမှာ ကျွန်တော်သည် တောသား စစ်ဗိုလ်ဘဝမှ မြို့သားစစ်ဗိုလ် ဖြစ်လာပါသည်။ အကြောင်းကတော့ ကျွန်တော်တို့ တပ်ခွဲ တစ်ခွဲလုံး အိုင်ကလောင်/ဘောလယ်ကျွန်းမှ မင်္ဂလာဒုံသို့ အထူးတာဝန် တစ်ခုနှင့် ရောက်လာရပါသည်။ အဲဒါကတော့ မင်္ဂလာဒုံ တပ်စခန်း တစ်နေရာမှာ ထိန်းသိမ်းထားတဲ့ နိုင်ငံတော် သမ္မတ ဦးဝင်းမောင်၊ ဝန်ကြီးချုပ် ဦးနုနဲ့ အခြားဝန်ကြီးများအတွက် လုံခြုံရေး တာဝန်ပါ။ ကျွန်တော့်တာဝန်က သမ္မတကြီးနှင့် ဝန်ကြီးချုပ် နေရာ တိုက်အိမ်မှာပါ။ ဦးနု၏ ကိုယ်ရေးအရာရှိ ဗိုလ်ကြီးလှမြင့် ဆိုသူလည်း ရှိပါသည်။ ဤတာဝန်ကြောင့် ဘယ်မှ မထွက်နိုင်ပါ။ တယ်လီဖုန်းရုံးနှင့်သာ အရပ်လေးမျက်နှာ ဆက်သွယ်နေရပါသည်။

ဤတာဝန် ယူပြီးသောအခါ ဥက္ကံဘက်သို့ သွားရပြန်သည်။ နောက် ပြည်တွင်း ငြိမ်းချမ်းရေး အစီအစဉ်မှာ ဆက်၍ ကျောက်ကြီးဘက်သို့ သွားရပြန်သည်။ ထိုမှတစ်ဆင့် ဘရိတ်လင်း (လင်းထင်) နှင့် နော်လွီဇာတို့ လက်ထပ်သည့် သတင်း သိရပါသည်။ ကျွန်တော် သိထားသော နော်လွီဇာသည် ဘယ်လို ပြောင်းလဲ သွားသလဲ အံ့သြမိပါသည်။ သူနှင့် စကားပြောရာတွင် ရည်မှန်းချက် ကြီးကြီးထားသူ ဖြစ်ကြောင်း ကျွန်တော် ခန့်မှန်းသည်။ သို့သော် ဤခန့်မှန်းချက် လွဲသွားသည် ဆိုရပေမည်။

မကြာမီ ကျွန်တော်တို့တပ် ဖာပွန်သို့ တပ်ရင်းလုံး ပြောင်းရပါသည်။ မပြောင်းမီတစ်ရက် လွီဇာမိဘနှင့် ညီမများကို သွားနှုတ်ဆက်ပြီး ဖာပွန်ပြောင်းရကြောင်း ပြောပြသည်။ ဖာပွန်ရောက်ပြီးမကြာပါ၊ ဗိုလ်လင်းထင်၏ သတင်းကို ကြားရပါသည်။ ဤအကြောင်းကို အကျယ် မချဲ့တော့ပါ။ မကြာမီ နော်လွီဇာ တစ်ယောက် သထုံမြောက်ခြမ်း လေးကေ/ဂူဝ ဘက်သို့ တောခိုလာသည့် သတင်းရပါသည်။ ကျွန်တော် သူနှင့် စကားပြောစဉ်က စစ်ကိုရွံမုန်းသူ အခုတော့ တောခိုလာရပြန်ပြီ။ သူလို တက္ကသိုလ် ဆရာမတစ်ဦး၊ စကားပြောလျှင် နူးညံ့သူ၊ အိမ်မှာ အေးအေးချမ်းချမ်း နေတတ်သူ၊ တောတွင်းဘဝကို ကြံ့ကြံ့ခံနိုင်ပါမည်လား၊ သူ့တပ်မဟာ နယ်မြေသည် ဖာပွန်နယ်နှင့် ဆက်စပ်နေ၍ ကျွန်တော်တို့ သတင်းမှန်မှန် ရနေသည်။ သို့သော် တဖြည်းဖြည်း လှုပ်ရှားမှု နည်းလာသည်။ ကျွန်တော်တို့ တပ်မှာ ထောက်လှမ်းရေးအရာရှိ ဗိုလ်သက်ဆွေလည်း နော်



လွီဇာနှင့် မက်သဒစ် ကျောင်းမှာ ကျောင်းနေဘက် ဖြစ်ခဲ့ဖူးသည်။ သူငယ်ချင်းသတင်း ပျောက်နေသဖြင့် သူ့ကို ကျေးရွာ အဆက်အသွယ်များနှင့် မပြတ်ဆက်သွယ်နေရန် သတိပေးထားသည်။ မကြာပါ။ ဖာပွန် အရှေ့တောင်ဘက် ဘွားဒိုးရွာဘက်မှ ရွာသူကြီး (၃) ဦး ကျွန်တော့်ဆီ ပေါက်လာပါသည်။ နော်လွီဇာအဖွဲ့ သူတို့ ရွာမှ ဖြတ်ပြီး၊ ထိုင်းနိုင်ငံဘက်သို့ ကူး သွားကြောင်း သတင်း လာပို့ပါသည်။ ဖြတ်သွားသည်မှာ တစ်ပတ်ခန့် ကြာပြီ၊ နောက်ကျသတင်းသာ ဖြစ်၍ အသုံးမဝင်တော့ပါ။

□ □ □

နှစ်တွေလည်း ကြာညောင်းခဲ့ပြီ၊ ကျွန်တော်လည်း သက်ပြည့်ပင်စင်ဖြင့် အနားယူ နေပါပြီ။ သို့သော် အဟောင်းသည် တစ်ဖန် သစ်လာသည်။ အမေရိကန် နိုင်ငံက ကျွန်တော့်ညီ ဒေါက်တာ ဂျူးလီးယပ်စ် (ခိုသော) တစ်မနက် ဖုန်းလှမ်းဆက်ပါသည်။

"ငါ နော်လွီဇာနဲ့ တွေ့တော့ မင်း အကြောင်း မေးလို့ လိပ်စာပေးလိုက်တယ်"

သူဖုန်းဆက်ပြီး တစ်လအကြာ ရန်ကုန် (၅၁) လမ်းက အကျိုးဆောင်လုပ်ငန်းမှ ခင်မိုးထွေး ဆိုသူ အမျိုးသမီးတစ်ဦး ကျွန်တော့်ဆီ ဖုန်းဆက်သည်။

"အန်ကယ်ကြီး၊ နိုင်ငံခြားက အထုပ်တစ်ထုပ် ရောက်နေတယ်၊ လာယူပါ"

ကျွန်တော်လည်း အိမ်နံပါတ်မေးပြီး (၅၁) လမ်းကို သွားပါသည်၊ တွေ့ပါပြီ၊ အိမ်ကို အထုပ်လည်း ယူလာပါသည်။ ပေးပို့သူ Silver Bells တဲ့၊ အော် လွီဇာ··· လွီဇာ သူ့ကို ကျွန်တော်တို့ တပ်ကရဲဘော်များ ပေးလိုက်တဲ့ နာမည် မမေ့သေးပါလား။ ကျွန်တော်လည်း ဟိုးယခင်က သူ့ကို အဲဒီနာမည်ပဲ ခေါ်ခဲ့ပါသည်။ သူ ကျွန်တော့်ကို ဗိုလ်ကြီးဟု ခေါ်သောအခါ ကျွန်တော် မကြိုက်၊ ရင်းရင်းနှီးနှီး နာမည်ပဲခေါ် ဆိုတော့ ကျွန်တော့်ကို ညီ-ညီမများက ခေါ်သကဲ့သို့ "ကိုဂိုးဂို" ဟု ခေါ်သည်ကို ကျွန်တော် ကြားယောင်နေမိပါသည်။

သူ့အထုပ်ထဲမှာ စာအုပ် တစ်အုပ် ပါသည်၊ စာရေးသူက ယခင် တပ်မတော် (ရေ) မှာ အမှုထမ်းခဲ့တဲ့ ကရင်ရေတပ်အရာရှိ ဗိုလ်ကြီး စပင်စာဇံ (Spencer Zan) ပါ။ ဒုတိယကမ္ဘာစစ်ကြီးနှင့် ပြည်တွင်းသောင်းကျန်းမှုအတွင်း ခံစားရတဲ့ ဒုက္ခတွေ နိုင်ငံရေး အခြေအနေတွေကို သမိုင်းဆန်ဆန် ရေးထားပြီး၊ မိသားစုအလိုက် ရန်းကန်ခဲ့ရတဲ့ ဘဝခရီးကို သရုပ်ဖော်ထားတဲ့ အဖြစ်မှန်ဇာတ်လမ်းကြီးပါ။ အဲဒီစာအုပ်မှာ နော်လွီဇာ အမှာစာ ရေးထားပါတယ်။ စစ်ရဲ့ အနိဋ္ဌာရုံတွေ တရားကျစရာ ဖော်ပြထားပါတယ်၊ ဒါလည်း ကျွန်တော်နဲ့ စကားပြောခဲ့စဉ်က သူပြောဖူးတဲ့ စစ်ဟာ ကြောက်စရာ၊ မုန်းစရာဆိုတဲ့ သူ့အတွေ့အကြုံ၊ ခံစားချက်ကို မမေ့သေးပါလား မှတ်ချက်ပြုလိုက်ရပါတယ်။

စာအုပ်ထဲမှာ လွီဇာရဲ့ အကြောင်း တစ်စွန်းတစ်စကိုလည်း တွေ့ရပါတယ်။ စပင်စာ (Spencer) ရဲ့ ပြောပြချက်အရ ချင်းမိုင်မှာ ရောက်နေတဲ့ နော်လွီဇာထံမှ စာအရ ဘန်ကောက် လေဆိပ်သွားကြိုရာ လေဆိပ်မှာ ထောက်လှမ်းရေး အဖွဲ့က ကြားဖြတ်ခေါ်ထုတ်ဖို့ ကြိုးစားတဲ့အတွက် လေဆိပ်မှ အမြန်လစ်ပြီး အိမ်ကိုအရောက် ပြန်ခဲ့ရတဲ့ အကြောင်း၊ ခရီးရောက်မဆိုက် သူ့ ပြဿနာ တစ်ခုကို Spencer နှင့် နန ဇနီးမောင်နှံကို တင်ပြသည်။ သူ Boston တက္ကသိုလ် တက်ခဲ့စဉ်က ချစ်သူဟောင်း Glenm နှင့် ဘန်ကောက်တွင် ချိန်းထားကြောင်း၊ Glenm က သူ့ကို U.S သို့ ခေါ်သွားလိုသည်။ သူ့မှာ သူ့တပ်မဟာက စစ်သားတွေနဲ့ Glenm တို့အကြား လွန်ဆွဲနေသည်။ နနက မိန်းမချင်း သတိပေးသည်။ တောထဲမှာနေပြီး ကိုယ့်လူမျိုးအတွက် ဘယ်လောက် လုပ်နိုင်မလဲ၊ ဟိုရောက်ရင် ဘာပဲဖြစ်ဖြစ် နှုတ်၏ စောင်မခြင်း လုပ်နိုင်တယ်။ သူတို့ ချစ်သူနှစ်ဦး အေးအေးဆေးဆေး ပြဿနာရှင်းရန် ပင်လယ်ကမ်းခြေသို့ (၃) ရက်ကြာ သွား၍ ဆွေးနွေးကြသည်။ အပြန်မှာ U.S ကိုပဲ သွားမည်ဟု ဆုံးဖြတ်ကြသည်။ ချစ်သူနှစ်ဦး လက်ထပ်ဖို့ Spencer ကပဲ စီစဉ်သည်။ သူတို့အိမ်နားက ဘုရားကျောင်း တစ်ခုမှာ လက်ထပ်ပွဲ ကျင်းပခဲ့သည်။ သတို့သမီးကို Spencer ကပဲ တွဲခေါ်ပြီး လက်ထပ်ပွဲ ကျင်းပသည်။ ဤတောတွင်း သံယောဇဉ်ကို ဦးစားပေးလျှင် တောတွင်းနိုင်ငံရေး အရှုပ်အထွေးကြား နော်လွီဇာတစ်ယောက် မည်သို့နေနိုင်မည်နည်း။

ကျွန်တော့်ထံသို့ ၂၀၀၈ ခုနှစ်က အမှတ်တရ စာအုပ်လက်ဆောင် ပို့ခဲ့သည်။ စာအုပ်ကြား၌ ညှပ်ထည့်လိုက်သော ကဒ်ပေါ်မှာ ဤသို့ ရေးထားပါသည်။

Ko Poe Po,

Life is a journey, If in a journey with defining moments along the way, Some which we plan and others come quite try surprise.

S.B.

စာဖတ်သူများ သင့်သလို အဓိပ္ပာယ် ကောက်ယူပါ။ ကျွန်တော်ကတော့ ဖတ်ရင်းနဲ့ ဆရာ ဦးသုခရဲ့ ဘဝသံသရာ သီချင်းထဲက "ဖြစ်ချင်တာလဲ မဖြစ်ရပါ၊ မဖြစ်ချင်တာလဲ ဖြစ်ရမှာ၊ ဟင်း .... သုံးဆယ့်တစ်ဘုံဝဋ်အတွင်းက လွတ်ကင်းတဲ့ တေးပုံပမာ အဲဒါ အဲဒါ အဲဒါ ဘဝသံသရာ" လို့ပဲ ဆိုလိုက်မိပါတယ်။

၂-၂-၂၀၁၂ မှာ နော်လွီဇာ ကွယ်လွန်ခဲ့ပါပြီ။ သူဟာ ခရစ်ယာန်တစ်ဦးဖြစ်တော့ ခေါင်းရင်း လက်ဝါးကပ်တိုင်မှာ ဖြစ်ဖြစ်၊ ဂူပေါ်မှာ ဖြစ်ဖြစ် R.I.P(Rest in Peace) ဆိုတာတော့ ရေးထားမှာပါ။ ဘဝတစ်လျှောက်လုံး စိတ်ပင်ပန်းခဲ့ရသမျှ ယခုတော့ အေးချမ်း ငြိမ်သက်စွာ ရှိနေပါပြီဟူ၍ သူ့အတွက် ဝမ်းသာရပါသည်။

စောခင်ထွန်း

**ဧရာဝတီမြစ်ဝကျွန်းပေါ်**

ဧရိယာစတုရန်းမိုင် ၁၃၅၆၇ ကျယ်ဝန်းသော ဧရာဝတီမြစ်ဝကျွန်းပေါ်၊ ယခုအခေါ် ဧရာဝတီတိုင်းဒေသကြီးသည် မြန်မာနိုင်ငံ၏ စားနပ်ရိက္ခာကို ဖြည့်ဆည်းပေးသော စပါးကျီတစ်ခု ဖြစ်သည်။ ဆန်စပါးကောက်ပဲသီးနှံများ အလျှံပယ်ကြွယ်ဝပြီး မွေးမြူရေး တွင်လည်း သား ငါး ပုစွန်အလွန်ပေါများသော နေရာတစ်ခုပင်ဖြစ်သည်။ ဤတိုင်းဒေသကြီးတွင် ဗမာနှင့် ကရင်တိုင်းရင်းသားများ အများစုနေထိုင်ကြသည်။ ပုသိမ်၊ မြောင်းမြ၊ ဝါးခယ်မ၊ ပန်းတနော်၊ မအူပင်၊ ညောင်တုန်းမြို့နယ်များတွင် ကရင်လူမျိုး အများစု နေထိုင်သည်ကို တွေ့ရသဖြင့် အခြားမြို့နယ်များတွင်လည်း ကရင်လူမျိုးအများအပြား နေထိုင်မည်ကို ခန့်မှန်းနိုင်သည်။ ကရင်လူမျိုး အများစုမှာ လယ်ယာကိုင်းကျွန်းအလုပ်ကိုသာ စွဲမြဲစွာ လုပ်ကိုင်ကြရင်း အသက်မွေးဝမ်းကျောင်း လာကြသည်။ ခေတ်ပညာတတ် ပုဂ္ဂိုလ်များ အနည်းစုသာ ထွန်းကားသည်ကိုလည်း သတိထားမိသည်။ ဆိုလိုသည်မှာ လယ်ယာကောက်ပဲသီးနှံကို ဆင်းရဲပင်ပန်းကြီးစွာ လုပ်ကိုင်ကြသောသူများမှာ ကရင်လူမျိုးများသာ ဖြစ်သည်။

# ကရင်နှင့်ဂျီအိုပေါ်လစ်တစ်

**မန်းမင်းရဲထွေး**



About 1,300 km (808 miles) across

မြစ်ဝကျွန်းပေါ်ဟု ခေါ်ဆိုသည့်အတိုင်း ဖျာပုံ၊ ဘိုကလေး၊ လပွတ္တာ၊ ဟိုင်းကြီးကျွန်းတို့သည် ပင်လယ်ထွက်ပေါက်များ ဖြစ်ကြသည်။ ဤနေရာ ဤဒေသတွင် ရေလုပ်သား ပေါများပြီး သား၊ ငါး၊ ပုစွန်ဖမ်းခြင်းလုပ်ငန်းများဖြင့် အသက်မွေးကြသည်။ ဧရာဝတီတိုင်းမှထွက်သော ဖျာပုံ၊ မြောင်းမြ၊ ပုသိမ်ပေါ်ဆန်းမွှေးဆန်သည် ကမ္ဘာ့အဆင့်မီ ဆန်အမျိုးအစားဖြစ်ပြီး စားမိသူတိုင်း မွှေးကြိုင်အီဆိမ့်သောအရသာကို ခံစားရသည်။

ပင်လယ်ကမ်းခြေဖြစ်သည့် ငွေဆောင်နှင့် ချောင်းသာကို ရောက်ဖူးသူတိုင်း ဧရာဝတီတိုင်း၏ အနှစ်သာရကို သိမြင်ခံစားကြရလိမ့်မည် ဖြစ်သည်။ အမှန်တော့ ဧရာဝတီတိုင်းသည် မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးနှင့် မွေးမြူရေး ဝင်ရိုးတစ်ခုပင် ဖြစ်သည်။ ဤသို့ ဖြစ်ပင်ဖြစ်ငြား သော်လည်း ဒေသခံပြည်သူများမှာ ဆင်းရဲနုံချာလှပါ၏။ ခေတ်စနစ်ဆိုး၏ သားကောင်ပမာ ဖြစ်ခဲ့ရသည်။ ခုချိန်ထိလည်း နလံမထူ နိုင်သေးပါ။

စီးပွားရေးဖွံ့ဖြိုးမှု နောက်ကျခြင်းကြောင့် ပညာရေး နိမ့်ကျသည်။ အခြေခံပညာ နိမ့်ကျမှုကြောင့် နည်းပညာ ဖွံ့ ဖြိုးတိုးတက်မှု အားနည်းကာ၊ စိုက်ပျိုးရေး၊ မွေးမြူရေးတွင် သမရိုးကျ စိုက်ပျိုးလုပ်ကိုင်ကြသဖြင့် ဖွံ့ဖြိုးမှု အားနည်းနေဆဲပင် ဖြစ်သည်။

အမေရိကန်ပြည်ထောင်စုမှ ဂျီအိုပေါ်လစ်တစ် ပညာရှင် ရေတပ်ဗိုလ်ချုပ်မဟန်း (Alfres T.Mahan) (၁၈၄၀-၁၉၁၄) က နိုင်ငံတစ်နိုင်ငံ၏ အင်အားသည် ကမ်းရိုးတန်းအလျားနှင့် ဆိပ်ကမ်းကောင်းများ၏ လက္ခဏာတစ်ရပ်ပေါ်တွင် တည်မှီသည်ဟု ဆိုသည်။

မြစ်ဝကျွန်းပေါ်ဒေသတွင် ပင်လယ်ရေနက်ဆိပ်ကမ်းကောင်းတစ်ခု တည်ဆောက်နိုင်လျှင် ထိုဒေသမှ ထွက်ကုန်ကို ပင်လယ်ရပ်ခြားသို့ ကုန်ကျစရိတ် သက်သာစွာ တင်ပို့ ရောင်းချနိုင်မည်။ ဧရာဝတီတိုင်းဒေသကြီး ဘက်စုံဖွံ့ဖြိုးရေးအတွက် အစိုးရ၊ တတ်သိပညာရှင်များနှင့် စီးပွားရေးပညာရှင်ကြီးများ ပူးပေါင်း၍ စီမံကိန်းချ အကောင်အထည်ဖော်ကြလျှင် မဝေးတော့သော ကာလတွင် ဒေသခံများ ခေတ်မီဖွံ့ဖြိုး တိုးတက်လာနိုင်မည်။ ခေတ်စနစ်ဆိုးအောက်ကို အလူးအလဲ ခံခဲ့ရသော ဒေသခံများတွင် ကရင်လူမျိုးအများစု ပါဝင်ပါသည်။ ကရင်လူငယ်များသည် ကိုယ့်မြေကိုယ့်ရွာကို စွန့်ခွာကာ မြို့ကြီးများသို့တက်၍ လက်ဖက်ရည်ဆိုင်၊ ထမင်းဆိုင်၊ စားသောက်ဆိုင်များတွင် အလုပ်လုပ်ကြသည်။ ခေတ်မီပညာရေးကို မသင်ကြားနိုင်ကြ၊ ရွာတွင် ကျန်ခဲ့သော မိဘဘိုးဘွား သက်ကြီးရွယ်အိုနှင့် ကလေးသူငယ်များလည်း မိမိတို့လယ်ယာ များကို ထိန်းသိမ်းစိုက်ပျိုး လုပ်ကိုင်နိုင်သူများမဟုတ်ဘဲ ဆယ်စုနှစ် သုံးစုစာမျှ အထိန်းမဲ့ပရမ်းပတာ ဖြစ်နေကြရသည်။

ဧရာဝတီမြစ်ဝကျွန်းပေါ်သည် ရေလမ်း၊ ကုန်းလမ်းနှစ်သွယ်ဖြင့် တစ်မြို့နှင့် တစ်မြို့ကို ဆက်သွယ်ထားသည်။ လမ်းပန်းဆက်သွယ်ရေး ညံ့ဖျင်းမှုကြောင့် ပို့ကုန်များ တင်ပို့ရာတွင် နှေးကွေးသည်။ ကျန်းမာရေး ဝန်ဆောင်မှုလည်း အားနည်းသည်။

မြစ်ဝကျွန်းပေါ်၏ ထွက်ကုန်များကို ဝယ်ယူရောင်းချစီးပွားရှာကြသူများမှာ တရုတ်၊ ကုလားနှင့် ဗမာ ခရိုနီများ ဖြစ်ကြသည်။ ကရင်လုပ်ငန်းရှင် ကရင်ကုန်သည်ဟူ၍ သိပ်မတွေ့ရလှပါ။ ရှိသော်လည်း အသေးစား သူများနောက်က ဖြစ်သည်။ လူလတ်တန်းစား ကရင်လူမျိုးများ ရှိသော်လည်း အခြေခံလူတန်းစားက အများစု ဖြစ်သည်။ မြန်မာနိုင်ငံ၏ ပထဝီအနေအထားအရ နုံးတင်မြေနု မြစ်ဝကျွန်းပေါ် အရပ်သည် ဆန်ရေစပါး ပေါများပြီး သား ငါး သီးနှံနှင့် အခြားထွက်ကုန်တို့ ပေါများသော်လည်း ကရင်လူမျိုးတို့မှာ ဝမ်းမဝခါးမလှကြ၊ ကုန်ထုတ်စွမ်းအား ပြည့်စုံပါသော်လည်း ဈေးကွက်၊ နည်းပညာ အရင်းအနှီး မဲ့မှုတို့ကြောင့် ဆင်းရဲတွင်းနွံက ရုန်းမထွက်နိုင်ကြ။

နိုင်ငံတစ်နိုင်ငံ၏ အင်အားသည်
ကမ်းရိုးတန်းအလျားနှင့်
ဆိပ်ကမ်းကောင်းများ၏
လက္ခဏာ တစ်ရပ်ပေါ်တွင်
တည်မှီသည်

မြစ်ဝကျွန်းပေါ်ကို ပြုပြင်ဖို့လိုပြီ၊ ကရင်တတ်သိပညာရှင်များနှင့် ကရင်လုပ်ငန်းရှင်များက စုပေါင်းဆွေးနွေးဦးဆောင်သင့်ပြီ။ နောင်လာမည့် ၅ နှစ် ၁၀ နှစ်တွင် ပြောင်းလဲလာမည့် နိုင်ငံရေးနှင့် စီးပွားရေးအခြေအနေများကို လေ့လာသုံးသပ်ပြီး နိုင်ငံရေးနယ်ပယ်တွင် နေရာဝင်ယူသူကယူ၊ စီးပွားရေးနယ်ပယ်တွင် နည်းပညာနှင့် ယှဉ်တွဲ၍ လုပ်ဆောင်မှသာ တခြားလူမျိုးများနှင့် ရင်ဘောင်တန်းနိုင်ပေလိမ့်မည်။

အနာဂတ် ကရင့်မျိုးဆက်လူငယ်များ အရေးသည် ယနေ့ ကရင်ခေါင်းဆောင်ကောင်းတို့၏ လက်ထဲတွင် တာဝန်တစ်ရပ်အနေနှင့် ရှိသည်။

ပင်လယ်ရပ်ခြားနှင့် ပြည်တွင်းရှိ တတ်သိပညာရှင်များ စီးပွားရေးလုပ်ငန်းရှင်များ မြစ်ဝကျွန်းပေါ်ကို ကယ်တင်ဖို့ အချိန် ရောက်နေပါပြီ။ ဒေသခံကရင်လူမျိုး၏ ဘဝရေ့ရေးကို မျှော်တွေးဆောင်ရွက်ကြပါစို့။



## ကရင်ပြည်နယ်

ရေီယာစတုရန်းမိုင် ၁၁၇၃၁ ရှိပြီး ကရင်လူမျိုး ၁၄၁၅၂၂၆ ဦး နေထိုင်ရာ ကရင်ပြည်နယ်သည် သာယာလှပသည့် ရေမြေတောတောင် ရှုခင်းများဖြင့် ကြည်နူးဖွယ်ကောင်းလှပါသည်။ မြူးကြွသည့် ဒုံးအကပဟန်သည် ကရင်လူမျိုးတို့၏ ကျက်သရေရှိလှသည့် သင်္ကေတ လက္ခဏာတစ်ရပ်ဖြစ်သည်။ ကရင်အမျိုးသားထု တစ်ရပ်လုံး၏ ယဉ်ကျေးမှု အမွေအနှစ်သည် ကရင်ပြည်နယ်တွင် ရှိသည်။ ရိုးသားမှု၊ ပွင့်လင်းမှု၊ ဟန်မဆောင်တတ်မှု၊ ညှော်ဝတ်ကျေပွန်မှုတို့နှင့် ပြည့်စုံသော ကရင်လူမျိုးတို့၏ ဘဝသည် သာယာအေးချမ်းသည့် တောတောင်ရေမြေအောက်တွင် ငြိမ်းချမ်းသာယာ ရှိသင့်လှပေသည်။

ကရင်ပြည်နယ်တွင် သယံဇာတပေါကြွယ်သည်ဟု ဘူမိဗေဒပညာရှင်များက ဆိုကြသည်။ ယခုလက်ရှိမှာတော့ ခဲမဖြူ၊ ခနောက်စိမ်းတို့ ထွက်ရှိပြီး ရွှေကိုလည်း တူးဖော်ရရှိသည်ဟု ဆိုသည်။ သာယာသော တောတောင်ရေမြေတွင် ရွှေ၊ ငွေ၊ ကျောက်သံ၊ ပတ္တမြား အဖိုးတန်တွင်းထွက်များရှိသည်မှာ ဖြစ်နိုင်ချေများသည်။ သို့အတွက် ဒေသခံ ကရင်ပြည်နယ်သားများ သယံဇာတကြောင့် ချမ်းသာကြွယ်ဝလာကြတော့မည်လား။

၁၉ ရာစု ဂျာမန်ပညာရှင်များ ဖြစ်ကြသည့် ကားလ်ရစ်တာ (Karl Rilter) (၁၇၇၉-၁၈၅၉) နှင့် ဖရက်ဒရစ်ရက်ဇယ် (Friedrich Ratzel) (၁၈၈၄-၁၉၀၄) တို့သည် အစွမ်းဆုံးသူသာ ကြာရှည်စွာ ရှင်သန်ရပ်တည်နိုင် (Survival of the Fittest) နှင့် မျိုးကောင်းမျိုးသန့်များ ရှင်သန်ကြီးထွားနိုင်ရေးအတွက် နေရာအလုံအလောက် ရှိရမည် ဟူသော အယူအဆများကို လက်ခံကြသည်။ ယဉ်ကျေးမှုတစ်ခု၊ တိုင်းပြည်တစ်ခုတွင်လည်း ထို့အတူ ဖြစ်သည်။ အပြိုင်အဆိုင် ဖြစ်နေသော ကမ္ဘာကြီးတွင် ကြာရှည်စွာ တည်တန့်နိုင်ရန် တန်ခိုးအင်အားကြီးရန် လိုသည်။ ယဉ်ကျေးမှုတစ်ခုသည် ဆက်လက်ရှင်သန် ကြီးထွားရန်အတွက် "နေရာ" လိုအပ်သည်။

အထက်ပါအဆိုအရ ကရင်ပြည်နယ်သည် ကရင်လူမျိုးတို့၏ နေရာဖြစ်ပါပြီလား။ ကိုယ့်နေရာက ထွက်သည့် သယံဇာတကို ကိုယ်ကိုယ်တိုင် အချိုးကျ စီမံခန့်ခွဲ ဝေငှနိုင်ပါပြီလား။

# ယဥ်ကျေးမှု တစ်ခုသည် ဆက်လက်ရှင်သန် ကြီးထွားရန်အတွက် 'မြေနေရာ' လိုအပ်သည်၊

သယံဇာတ ပေါကြွယ်ဝသော နိုင်ငံတွင် အာဏာရှင်စနစ်များ ထွန်းကားသည်။ သယံဇာတကို မှီခို၍ အာဏာရှင်တို့သည် ပြည်သူတို့၏အသံကို ဂရုမစိုက်တတ်ကြ။ ထို့ကြောင့် သယံဇာတကြွယ်ဝသော နိုင်ငံရှိ ပြည်သူများသည် ဆင်းရဲဒုက္ခ ရောက်ကြရသည်။

မြန်မာနိုင်ငံရှိ တိုင်းရင်းသားဒေသများကို လူမျိုးကြီးဝါဒ ကျင့်သုံး၍ ဆက်လက်အုပ်ချုပ်နေလျှင် ပြည်တွင်းစစ်မီး ဘယ်တော့မှ ငြိမ်းမည်မဟုတ်ပါ။ တိုင်းရင်းသားများအားလုံး တန်းတူအခွင့်အရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိသည့် ဖယ်ဒရယ်ပြည်ထောင်စုကို တည်ထောင်နိုင်မှသာလျှင် ကရင်လူမျိုးတို့သည် ကိုယ့်ကြမ္မာကိုယ် ဖန်တီးနိုင်ခွင့် ရကြလိမ့်မည် ဖြစ်သည်။

မြန်မာအစိုးရ ငြိမ်းချမ်းရေးဖော်ဆောင်ရေး အဖွဲ့နှင့် ကရင်အမျိုးသားအစည်းအရုံး (Karen National Union) တွေ့ဆုံ ဆွေးနွေးကြသည်မှာ (၃) ကြိမ် တိုင်ခဲ့ပြီ။ မည်မျှ ခရီးပေါက်ပြီလဲ၊ တစ်ဦးပေါ်တစ်ဦး အပြန်အလှန် ယုံကြည်လေးစားမှု ရေရှည်ဆက်ဆံရေး ၀ိ၀ိတို့၏ ကိုယ်ကျိုးစီးပွားအစရှိသော အရေးကိစ္စများတွင် မည်မျှ ညှိနှိုင်း ဆောင်ရွက်နိုင်ကြပြီလဲ၊ ၂၀၀၈ အခြေခံဥပဒေကိုရော ပြင်ဆင်ပေးရန် ဆန္ဒရှိပါသလား၊ အမှန်တကယ် တိုင်းရင်းသားအားလုံးနှင့် အေးအတူပူအမျှ ရေရှည် နေထိုင်သွားရန် ဆန္ဒရှိပါသလား၊ ငြိမ်းချမ်းရေး အကြောင်းပြ၍ စည်းရုံးရေး ပျက်ပြားခဲ့ရမှု၊ ကိုယ်ကျိုးစီးပွားရေးကိုသာ ရှေ့တန်းတင်မှု၊ မသေချာ မရိုးမသော နှုတ်ကတိအပေါ် အလွန်အကျွံ ယုံကြည်မှုတို့သည် အမျိုးသားရေးနှင့် စည်းလုံးညီညွတ်ရေး ပျက်ပြားစေနိုင်ရုံသာမက မြန်မာ့နိုင်ငံရေး၏ ရှေ့အနာဂတ်သည်လည်း သံသယပွားဖွယ် ဆက်ဆံမှုမျိုးနှင့် ဆက်လက် စခန်းသွားပေတော့မည်။

သယံဇာတမက်လုံးဖြင့် ငြိမ်းချမ်းရေးဆောင်ရွက်နေကြတာလား၊ ထိုသို့ဆိုလျှင် သယံဇာတစစ်ပွဲသည် မဝေးတော့သော ကာလတွင် ဖြစ်ပေါ်လာတော့မည်။ ယခု ရရှိနေသော အပစ်အခတ် ရပ်စဲရေးသည်လည်း ရေရှည်တည်တံ့နိုင်မြဲလိမ့်မည် မဟုတ်ပါ။ တစ်ဖက်က တိုင်းရင်းသား စည်းလုံးညီညွတ်ရေးဟု ကြွေးကြော်ပြီး တိုင်းရင်းသားနယ်မြေတွေကို နည်းအမျိုးမျိုးဖြင့် ဖုံ့ထုတ်သိမ်းယူ အပိုင်စီးနေမည်ဆိုပါက ရန်မီးကား ဘယ်တော့မျှ ငြိမ်းမည်မဟုတ်ပါ။ ငြိမ်းချမ်းရေးလား သယံဇာတ စစ်ပွဲလားဟု မေးရမလိုပင် ဖြစ်ပါသည်။

ကရင်ပြည်နယ်သည် သဘာဝသယံဇာတအပြင် ထိုင်းနိုင်ငံနှင့် ထိစပ်သော ရှည်လျားသည့်နယ်စပ် ဖြစ်သောကြောင့် မြန်မာနှင့်ထိုင်း နှစ်နိုင်ငံကုန်သွယ်ရာတွင် အရေးပါသော ပြည်နယ်တစ်ခုဖြစ်သည်။ မြဝတီနှင့် ဘုရားသုံးဆူမြို့သည် နယ်စပ်ဂိတ်မြို့များ ဖြစ်သည်။ ထိုနယ်စပ်ဂိတ်များက ရရှိသော အခွန်အကောက်များသည် ပြည်နယ်အတွက် မည်သို့ခွဲဝေ သုံးစွဲသည်ကို သိဖို့ လိုအပ်ပါသည်။ ယခင်အစိုးရအာဏာပိုင် အဖွဲ့အစည်းများနှင့် အကောက်ခွန်ဝန်ထမ်းများ၏ အလွဲသုံးစားမှု၊ လက်ရှိယခုအစိုးရ၏ ပြုပြင်ပြောင်းလဲနေဆဲကာလတွင် လေလွင့်ဆုံးပါးမှုတို့သည် ကရင်အမျိုးသားအစည်းအရုံး (KNU) နှင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲ ရလဒ်အဖြေ မထွက်ခင်အချိန်အထိ ကရင်ပြည်နယ်ရှိ ပြည်သူတို့၏ အကျိုးစီးပွားသည် မှေးမှိန်နေမည်သာ ဖြစ်သည်။

ကရင်ပြည်နယ်သည် နယ်စပ်ကုန်သွယ်ရေးဂိတ်များရှိသည့်အပြင် နောင်လာမည့် အနာဂတ်တွင် အာဆီယံ လမ်းမကြီး ဖြတ်သန်းသွားမည့် နေရာတစ်ခု ဖြစ်သဖြင့် စီးပွားရေးကဏ္ဍတွင် အရေးပါလာမည့် ပြည်နယ်တစ်ခု ဖြစ်လာပေမည်။ ပြည်နယ်တွင် ထွက်ရှိမည့် သယံဇာတ အရင်းအမြစ်၊ လူသားအရင်းအမြစ်၊ လမ်းပမ်းဆက်သွယ်ရေး၏ အချက်အချာကျမှုနှင့် နယ်စပ်ဂိတ်များ ရှိနေသည့်အတွက် ကရင်ပြည်နယ်သည် ပြည်ထောင်စု၏ ဗဟိုချက်မ ဖြစ်လာနိုင်စရာ ရှိပါသည်။

**ထားဝယ်ရေနက်ဆိပ်ကမ်း**

မဆလခေတ်တုန်းကဆိုလျှင် ထားဝယ်ရေနက်ဆိပ်ကမ်းသည် စိတ်ကူးယဉ်အိပ်မက်တစ်ခုသာ ဖြစ်ခဲ့သည်။ ယခုတော့ အိပ်မက်များ အကောင်အထည် ဖော်လာတော့မည်။ မြန်မာပြည်သူတို့၏ အကျိုးစီးပွားသည် ထားဝယ်ရေနက်ဆိပ်ကမ်း ဖြစ်ပေါ်လာလျှင် စင်ကာပူ နိုင်ငံထက်သာလွန်သွားမည်ဟု ဟောကိန်းထုတ်ခဲ့ကြသည်။ ယခုလက်တွေ့ ဆောင်ရွက်တော့မည် ဆိုသောအခါ သဘာဝပတ်ဝန်းကျင် ညစ်ညမ်းမှုနှင့် ပျက်စီးမှု၊ လူမှုဝန်းကျင် အပြောင်းအလဲနှင့် ကိုယ်ကျိုးစီးပွား အမြတ်ထွက်မှု၊ ဘယ်သူအတွက် ပို၍အကျိုးသက်ရောက်မှုရှိသလဲ ဆိုတာကို ပြန်လည်ဆန်းစစ် ကြည့်လိုက်သည့်အခါ မတွေးဝံ့စရာ၊ ကိုယ့်ဘက်ကပဲ ပါသွားသည်ကများသည်။ နိုင်ငံတော်က အထိန်းအကျောင်း မည်သို့ ပြုလုပ်မည်နည်း။ နေရာ ဖယ်ပေးလိုက်ရသည့် ဒေသခံများကို နိုင်ငံတော်က မည်သို့အာမခံဆောင်ရွက်ပေးမည်နည်း။ ဒေသခံပြည်သူများသည် အသိပညာရှင် အတတ်ပညာရှင်များ မဟုတ်ကြပါ။ ဤနေရာသို့ မည်သို့မျှ ဝင်၍ နေရာယူနိုင်မည် မဟုတ်ပါ။ အဖယ်ခံအပဲ့ထုတ်ခံဘဝနှင့် တိမ်ကောနစ်မြုပ်ရမည့်ကိန်း ဆိုက်နေသည်။ နဂိုက ကြိုတင်ပြင်ဆင်ထားခြင်း မရှိသဖြင့် ဖန်တီးသူရော ဖန်တီးသူများပါ မရဏာပျက်ကိန်းနှင့် ကြုံဖွယ်ရာရှိတော့သည်။ ဒေသခံပြည်သူများအတွက် မည်သူကတာဝန်ယူ တာဝန်ခံပေးသွားမည်လဲ၊ စီးပွားရေးနယ်ပယ်ချဲ့ထွင်မှုသည် ယခင် အရင်းရှင်နယ်ချဲ့ ကိုလိုနီခေတ်ကကဲ့သို့ မဟုတ်တော့၊ နည်းပရိယာယ် အလွန်ကြွယ်ဝလှပါသည်။

**နိုင်ငံအင်အား ကြီးမားရန် နယ်မြေချဲ့ထွင်ရန် မလို၊ ယဉ်ကျေးမှုနှင့် အတတ်ပညာအပိုင်းတွင် ခေတ်မီ တိုးတက်ရန် အဓိက**

**စီးပွားရေးနယ်ပယ် ချဲ့ထွင်မှုသည် ယခင် အရင်းရှင်နယ်ချဲ့ ကိုလိုနီခေတ်ကကဲ့သို့ မဟုတ်တော့၊ နည်းပရိယာယ် အလွန် ကြွယ်ဝလှပါသည်၊**

ထားဝယ်ရေနက်ဆိပ်ကမ်း ဝန်းကျင်ရှိ ဒေသခံများသည် ကရင်လူမျိုးများသာ ဖြစ်ကြသည်။ ထိုသူတို့အတွက် မည်သူမှာ တာဝန်ရှိသလဲ၊ အစိုးရမှာလား။ ကရင်ခေါင်းဆောင်များမှာလား၊ မည်သူမှ တာဝန်မယူဘဲ ရှေ့အနာဂတ်အတွက် မျှော်တွေးမကြည့်ဘဲ နောင်ခါလာ နောင်ခါ ချေးအတိုင်း လုပ်ကြလျှင် ထုသည့်ဥသျှစ်ရော ခံသည့်ဥသျှစ်ပါ နှစ်ဘက်စလုံး ကွဲရုံသာ ရှိတော့မည်။ ဒီမိုကရေစီမဲ့ ကိုယ်ကျိုးရှာ စီးပွားရေးသမားတို့သည် မြန်မာနိုင်ငံ၏ စပ်ကူးမတ်ကူး အကူးအပြောင်းကာလတွင် ချိုချိုမြိန်မြိန်နှင့် ပြိုင်ဘက်ကင်းစွာ အချောင်နိုက်သွား ကြပေလိမ့်မည်။

နောင်သောအခါတွင် ဒေသခံတို့၏ ဓလေ့စရိုက်ယဉ်ကျေးမှုတို့ ပျောက်ကွယ်ပြီး အပြင်လူများသာ နေရာယူဖျာခင်းသွားကြပေတော့မည်။

ရုရှား၏ ဉာဏ်အမျှော်အမြင်နည်းမှု နည်းပညာမပြည့်ဝမှုကြောင့် ၎င်းတို့ပိုင် အလက်စကား ပြည်နယ်ကို ၁၈၆၇ တွင် အမေရိကန်ပြည်ထောင်စုက ၇.၂ သန်းဖြင့် ဝယ်ယူလိုက်သည်။ နှစ်အနည်းငယ်အတွင်းမှာပင် ရွှေတူးဖော်လုပ်ငန်းတစ်ခုတည်းဖြင့် အရင်းကျေစေခဲ့သည်။

ဆွီဒင်နိုင်ငံသား ရူးဒေါ့ဖ်ရှယ်လင် (Rudolf Kjellen) (၁၈၆၄-၁၉၂၂) က နိုင်ငံသည် သာမန်သက်ရှိမဟုတ်၊ စိတ်ဓာတ်ပညာ အသိတရားရှိသော သက်ရှိတစ်ခုဖြစ်သည်။ နိုင်ငံအင်အားကြီးမားရန် နယ်မြေချဲ့ထွင်ရန်မလို၊ ယဉ်ကျေးမှုနှင့် အတတ်ပညာအပိုင်းတွင် ခေတ်မီတိုးတက်ရန် အဓိက ဖြစ်သည်။ နိုင်ငံတစ်ခု၏ အင်အားတိုးတက်ရန်မှာ ပြည်ပတွင် ကောင်းမွန်သော နယ်ခြားများရှိပြီး ပြည်တွင်း၌ စည်းလုံးညီညွတ်ရန် လိုသည်ဟု ဆိုသည်။

ထို့ကြောင့် ပြည်တွင်း၌ အမျိုးသား ပြန်လည်သင့်မြတ်ရေးမှသည် အမျိုးသား စည်းလုံးညီညွတ်မှုကို ထူထောင်ပြီး နိုင်ငံ့အင်အားကို ဖြည့်တင်းရမည်။ ထိုမှတစ်ဆင့် နည်းပညာ အတတ်ပညာဖြင့် စိုက်ပျိုးရေး မွေးမြူရေး သယံဇာတတူးဖော်ရေး စားသောက်ကုန်လုပ်ငန်း၊ စက်မှုလက်မှုလုပ်ငန်းနှင့် လျှပ်စစ်ပညာတို့ကို တိုးတက်အောင် ဆောင်ရွက်ပြီး အိမ်နီးချင်းနိုင်ငံများနှင့် ယှဉ်ပြိုင် ကြိုးပမ်းဆောင်ရွက်ရမည်။

ကရင်လူမျိုး အများစုနေထိုင်သော ဧရာဝတီတိုင်း၊ ရန်ကုန်တိုင်း၊ ပဲခူးတိုင်း၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ တနင်္သာရီတိုင်း တို့သည် မြန်မာပြည်၏ အဓိကကျသော ပြည်နယ်တိုင်းများ ဖြစ်ကြသည်။ တနင်္သာရီတိုင်းတွင် ထားဝယ်ရေနက်ဆိပ်ကမ်းတစ်ခု ပေါ်ထွန်းလာတော့မည်။ ထို့ပြင် ထိုင်းနှင့် နယ်စပ်ဂိတ်များရှိသည်။ ကရင်ပြည်နယ်သည် မြဝတီနှင့် ဘုရားသုံးဆူနယ်စပ်ဂိတ် ရှိခြင်း၊ အာဆီယံလမ်းမဖြတ်သွားရာ ပြည်နယ်ဖြစ်ခြင်း၊ ဘားအံစက်မှုဇုန်၊ ဟတ်ကြီးရေကာတာ စီမံကိန်းတို့ကြောင့် အရေးပါသော ပြည်နယ်တစ်ခု ဖြစ်လာရမည်။ ဧရာဝတီတိုင်းသည် ဆန်စပါး ကောက်ပဲသီးနှံနှင့် ရေလုပ်ငန်းတို့ ရှိပြီးသား ဖြစ်သည်။ သည်ထက် ဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်နေကြသည်။ ရန်ကုန်တိုင်းသည် မြန်မာနိုင်ငံ၏ စီးပွားရေးမြို့တော် ရန်ကုန်ရှိသည်။ ပဲခူးတိုင်းသည် ဆန်စပါး၊ ကောက်ပဲသီးနှံနှင့် သယံဇာတတို့ ထွက်ရှိသည်။ ရေခံမြေခံကောင်းပေါ်တွင် နေထိုင်ကြသော ကရင်လူမျိုးတို့သည် စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးတို့တွင် ဖွံ့ဖြိုးတိုးတက်ရမည်။

ရေရှည်ဖွံ့ဖြိုးတိုးတက်သည့် လူမျိုးကြီးသား ဖြစ်အောင် စည်းလုံးညီညွတ်ခြင်း၊ ယိုင်းပင်းကူညီ ချစ်ခင်ခြင်း၊ အသိဉာဏ်ပညာ အတတ်ပညာတို့ကို တတ်စွမ်းအောင် ကြိုးပမ်းသင်ယူခြင်း၊ ယဉ်ကျေးမှုကဏ္ဍ ခေတ်မီတိုးတက်အောင် အမျိုးသားအသွင်သဏ္ဌာန်တစ်ရပ် အနေဖြင့် ဝိုင်းဝန်းပါဝင်ဆောင်ရွက်ကြရမည်။

မြန်မာနိုင်ငံသည် အင်အားကြီးမားသည့် တရုတ်နှင့် အိန္ဒိယနှစ်နိုင်ငံကြားရှိ အရေးပါသော အင်ဒိုချိုင်းနားကျွန်းဆွယ်တွင် ရှိသည်။ ဒီမိုကရေစီ အကူးအပြောင်းကာလတွင် အင်အားကြီးနိုင်ငံဖြစ်သည့် အမေရိကန်နှင့် အီးယူတို့လည်း မြန်မာနိုင်ငံကို ဝိုင်းဝန်းကူညီ အားပေးကြသည်။ အရှေ့နယ်စပ်တွင် စီးပွားရေး ဖွံ့ဖြိုးတိုးတက်သော ထိုင်းနိုင်ငံ ရှိသည်။ အရေးပါသော ပြည်နယ်နှင့်တိုင်း ဒေသကြီး (၅) ခုတွင် အများစုနေထိုင်ကြသော ကရင်လူမျိုးတို့သည်လည်း ခေတ်မီဖွံ့ဖြိုးတိုးတက်သော မြန်မာ့နိုင်ငံရေး ရေစီးတွင် မျောပါနိုင်ရန် ခတ်ကွင်းပြင်ထားဖို့ အထူးလိုအပ်လှပါသည်။

မန်းမင်းရဲထွေး

၁၄-၁၂-၂၀၁၂

ညွှန်း –

အချိန်အခါလိုက်ပြောင်းလဲနေသောဂျီအိုပေါ်လတစ် (မကြင်ဖွေး)

ပထဝီဝင်နိုင်ငံရေး (သောင်းထိုက်)

# အဆိုအမိန့်များ

မန်းစောဥက္ကာမင်း

စုစည်းတင်ပြသည်

တွေးခေါ်မှု ရှုထောင့်မှာရော၊ အယူအဆရေးရာ ရှုထောင့်မှပါ ကြည့်လျှင် ထာဝရငြိမ်းချမ်းနေမှုကို ကျွန်ုပ် မယုံကြည်။

(မူဆိုလီနီ)

လောကကြီးကိုမယုံစားနဲ့၊ ပေးထားတဲ့ကတိအတိုင်း ဘယ်တော့မှ တည်တာမဟုတ်ဘူး။

(St. Augustine)

ကျွန်တော်တို့ ဘာကြောင့် ငြိမ်းချမ်းရေးရကြသလဲ။ ကျွန်တော်တို့ကို တိုက်ခိုက်ချင်တယ်ဆိုတိုင်း တိုက်လို့မရလို့ပဲ။

(လီကွမ်းယူ)

ခင်ဗျား လို-တ-ရ နေရင် သတိပြုနော်။ အသားတိုးမွေးဝက်လည်း အသတ်မခံရခင်မှာ လို-တ-ရ တာပဲ။

(Joel Chandler Harris)

နိုင်ငံရေးသမားများသည် ကြာလေပါးနပ်လေဖြစ်သောကြောင့် ၎င်းတို့အား ယုံပြီးပုံလိုက်ရန်မှာ မည်သို့မှ မဖြစ်နိုင်ပေ။

(ဝင်စတန်ချာချီ)

မျိုးချစ်စိတ် မှန်ကန်တယ်ဆိုရင် ပါတီစွဲဆိုတာ မရှိဘူး။

(George Tobias Smollett)

စစ်သည် ရာဇဝတ်မှုတကာတို့တွင် အကြီးမားဆုံးဖြစ်၏။ သို့တစေ မည်သည့်ကျူးကျော်တိုက်ခိုက်သူမျှ မိမိကျူးလွန်သော ရာဇဝတ်မှုကို တရားနည်းလမ်းမှန် ဖြစ်စေရေးအတွက် လုပ်ရပါသည် ဟူသောဆင်ခြေဖြင့် မဖုံးကွယ်သူ မရှိသေးပါ။

(Voltaire)

အမေရိကန်ပြည်တွင်းစစ်မှာ တစ်ဖက်နဲ့တစ်ဖက် သတ်နေကြတဲ့သူတွေဟာ အစေခံကို တစ်သက်တာ ငှားချင်သူတွေနဲ့ နာရီပိုင်း ငှားချင်တဲ့သူတွေပဲ။

(Thomas Carlyle)

ထိပ်ပိုင်းမှာ ချည့်နဲ့တဲ့လူတွေရှိနေတာနဲ့ တစ်ပြိုင်နက် စနစ်တစ်ခုလုံး တဖြည်းဖြည်း ကျဆင်းသွားလိမ့်မယ်။ ဒါဟာ ရှောင်လွှဲလို့မရဘူး။

(လီကွမ်းယူ)

နှလုံးသားရိုက်ချိုးသူတစ်ဦး၏ ခံစားမှုဖြင့်
သို့မဟုတ်

# မောင်စံပြောနှင့် စကားစမြည်

ကရင့်ကြေးမုံ အယ်ဒီတာအဖွဲ့

မွန်ဘာသာဖြင့် တလ၊ ကရင်လို တဝမ်ထု၊ ယနေ့အခေါ် တွံတေးမြို့၏ ဝါဆိုညတစ်ည။

တွံတေးတူးမြောင်းကို ဖြတ်တိုက်လာသော ညသက်သက်လေညင်း၊
တောကြီးတန်းက ရိုက်ခတ်လာသော သဘာဝ၏ အေးချမ်းမှု၊
စိုင်သရက်ပင်အိုအောက်က ကျေးလက်ဆန်သော ကွပ်ပျစ်အဟောင်းလေးတစ်ခု၊
ခါးသက်သက် လက်ဖက်ရည်ကြမ်းတစ်အိုးနှင့်
ဘဝကို စကားလုံးတွေနဲ့ သီကုံးတတ်သူတစ်ယောက် . . .

မြို့ပြဥခ္ခံထဲက ခဏတာရုန်းထွက်လာခဲ့သူတို့အတွက်တော့.

အဲဒီအရာတွေအားလုံးက ကဗျာဆန်လွန်းလှသည်။

အဲဒီညမှာ
အုန်းလက်တွေကြားက ယိုစိမ့်ကျလာသည့်
ဝါဆိုလ၏ ပြန်လင်းတန်းများအောက်တွင် ယစ်မူးရင်း၊

အဲဒီညမှာ
ကဗျာဆရာတစ်ယောက်၏ ရိုးရှင်းသည့် ရင်ခုန်သံကို စည်းချက်လိုက်ကြည့် ရင်း၊

အဲဒီညမှာ
ကြယ်ကလေးများ၏ ငြိမ်းအေးသည့် အပြုံးအောက်မှာ ဘဝကို ခဏတာ မေ့ထားရင်း

ကျွန်တော်တို့ ကရင့်ကြေးမုံ အယ်ဒီတာအဖွဲ့သည်
မောင်စံပြော ဟူသော ကဗျာတစ်ပုဒ်ကို ဖတ်ခွင့်ရခဲ့ပါသည်။
ထိုခံစားချက်များကို ကရင့်ကြေးမုံ စာဖတ်ပရိသတ်အတွက် မျှဝေခွင့် ကြုံလာသောအခါ . . .



❍ ဆရာက ရှုမဝမဂ္ဂဇင်းမှာ အဖွင့်ကဗျာတွေ ရေးခဲ့တဲ့သူဆိုတော့ ဆရာနဲ့ ကဗျာအကြောင်း ပြောရမှာ ခပ်လန့်လန့်ပဲ။ အဲဒီတော့ ဆရာရယ် ကဗျာအကြောင်း ပြောကြမယ်ဆိုရင် ဆရာက ဦးဆောင်ပြောတာ ပိုကောင်းမယ် ထင်တယ်နော်။ ကဗျာဆရာ တစ်ယောက်ရဲ့ ဘဝကောက်ကြောင်း အစပေါ့။

❑ ပြောရမယ်ဆိုတော့လည်း အစအဦး ကဗျာဖူးစကို ကောက်ရတော့မှာပေ့ါ။
ကျွန်တော်သက်ပြည့် အငြိမ်းစားယူခါနီးမှာ
"၆၀ ပြန်ကဟာပ် အလွမ်း" ဆိုတဲ့ ကဗျာတစ်ပုဒ်
"ပြုံးစရာ" မဂ္ဂဇင်းမှာ ရေးဖြစ်တယ်ဗျာ။
ကဗျာ အစချီပုံက-

ဇာတာ ၆၀
ကဗျာ ၄၆
ဆရာ ၃၆
ခရီးပေါက်ခဲ့၊ ပျော့ကခဲ့ခြေလှမ်း
အစွမ်းမမြောက်၊ လွမ်းဖောက်သည်လည်း မထင်ခဲ့ . . .။

ကဲ. . . ဒါဆိုတော့ ကျွန်တော် ဘယ်အရွယ်မှာ ကဗျာစရေးသလဲဆိုတာ သိလောက်ပါပြီ။

❍ ဟုတ်ပါပြီ ဆရာ၊ ဒါနဲ့ ဆရာ့ကဗျာတွေထဲမှာ အမေအကြောင်း ခဏခဏ ပါတယ်နော်။ ဆရာ့အတွက် အမေက ကဗျာရေးဖို့ တွန်းအားတစ်ခု ဖြစ်နေမလား မသိဘူး။

❑ ဟိုတုန်းက ကျွန်တော် အမေဖွဲ့ ကဗျာတွေ ရေးလေ့ရှိတယ်၊ "ရှုမဝ" ထဲမှာ။ မဂ္ဂဇင်းထဲ ကဗျာပါလာရင် ရတဲ့ စာမူခကို အမေ့ကို ကန်တော့တယ်။ တစ်နေ့တော့ ရှုမဝမှာ ပါလာတဲ့ "အမေ့ကွမ်းဖတ် အလွမ်း" ကဗျာ စာမူခ ၂၅ ကျပ်နဲ့ အမေ့ကို ကျွန်တော် ကန်တော့တယ်။ ဒီတော့ အမေက ထူးထူးဆန်းဆန်း စကားတစ်ခွန်း ပြောတယ်။ "အမေက တစ်ခါတစ်ခါ စဉ်းစားတယ်၊ သားဟာ ကဗျာကို ဘယ်လိုရေးပါလိမ့်" တဲ့။ မထင်မှတ်ဘဲ အမေ့ဆီက ဒီလို ကြားလိုက်ရတော့ ကျွန်တော် အံ့သြသွားတယ်။ ဒီအဖြစ်လေးကို ကျွန်တော်က "အမေ၏ ဂန္ထဝင်ထဲက လွမ်းပုံသစ်" ဆိုပြီး ရှုမဝမှာပဲ ကဗျာတစ်ပုဒ် ရေးဖြစ်ပြန်တယ်။ အဲဒီ ကဗျာထဲမှာ-

'အို . . . အမေမေလေ့
အမေ့နှုတ်နဲ့ လှုပ်နိုးသလိုပါ
သီရိမာ အမွှမ်း
ရှင်မောဂ္ဂလာန် အမွှမ်း
ဆွမ်းထအချက် ၊ အရုဏ်တက်မှာ
အိပ်ရာမှကြား ၊ အာရုံများတော့
သားရင်မှာ . . .
ကဗျာသနွှေပင် ၊ စို့ညှောက်ရှင်ထ
ဆယ်သက်ကျော်စ ၊ ကတည်းကပေ့ါ အမေ။ . . . တဲ့။

ဆိုလိုတာကတော့ နွေခါစပါးပေးနဲ့ ကျောင်းဆရာမ လုပ်ခဲ့ဖူးတဲ့ စာရည်လူးတဲ့ အမေ့နှလုံးသားကျေးဇူး၊ ပြီးတော့ "ဏ" ကို ပယ်မှ "န" နဲ့ နီးမယ် မောင်ကြီး ရေလို့ စာတွေဖတ်ပြီး ပြန်ပြောပြတတ်တဲ့ အစ်မလုပ်သူရဲ့ စာသံပေသံကျေးဇူး။

'မိုးတွေက ရွာ
သာယာတဲ့ လယ်တော။
ကောက်ပင်တွေ မြရောင်သန်းတယ်
လွမ်းတလို့ မော'

လို့ ကိုယ့်ရှေ့မှာ၊ ကျောင်းနံရံကပ်စာစောင်မှာ ကဗျာတွေ ရေးဖွဲ့ပြတဲ့ အစ်ကိုလုပ်သူကို အားကျခဲ့ရတဲ့ ကျေးဇူး။ ပြီးတော့ အလယ်တန်းကျောင်းသားဘဝ ညနေခင်းမှာ မွေ့ပျော်ခဲ့တဲ့ မွေးရွာ ကျိုက်ထော်ရှိ "လုလင် စာကြည့်တိုက်" ရဲ့ ကျေးဇူးတရားတွေက ကျွန်တော့်ရဲ့ ကဗျာဝါသနာ၊ စာဝါသနာကို ဖြစ်စေတယ်လို့ သတိထားမိလိုက်ပါတယ်။ အဲဒီ ခြောက်တန်း၊ ခုနစ်တန်းအရွယ် ညနေခင်းဆို ကျိုက်ထော်ရွာ တောင်ပိုင်း တံတားကြီး ထိပ်နားမှာ ရှိတဲ့ "လုလင်" စာကြည့်တိုက်ကို ကျွန်တော်တို့ ညီအစ်ကိုနှစ်ယောက် သွားလေ့ရှိတယ်။ ကျွန်တော့်အဖို့တော့ "သူတော်ကောင်းဓာတ်၊ တရားမြတ်၊ လွှမ်းပတ်ကမ္ဘာ တည်စေသော်" လို့ ကြွေးကြော်ထားတဲ့ "သင့်ဘဝ မဂ္ဂဇင်း" ကို ထူးထူးခြားခြား နှစ်ခြိုက်ခဲ့တယ်။ ကဗျာ စရေးတော့လည်း သင့်ဘဝ မဂ္ဂဇင်းဆီကိုပဲ အားကြိုးမာန်တက် ပို့ဖြစ်သွားတယ်။

- မိုးဝေကဗျာခေတ်ကို ကဗျာရွှေခေတ်လို့ ဆိုကြတယ်နော်ဆရာ။ ဆရာက မိုးဝေကဗျာရေစီးထဲမှာ ကျင်လည်လာခဲ့သူတစ်ယောက်ဆိုတော့ မိုးဝေကဗျာခေတ်ကို လွမ်းနေမယ် ထင်ပါ့။

- မိုးဝေမဂ္ဂဇင်း စာမျက်နှာပေါ်မှာ ကျွန်တော် ကျင်လည်တာ ၁၉၇၆ ကနေ ၁၉၈၁ ထိလို့ ကျွန်တော် မှတ်မိနေတယ်။ အင်း··· ဒါပေမဲ့ မိုးဝေမှာ စပါတဲ့ ကဗျာကတော့ ၁၉၇၆ ခုနှစ်၊ ဧပြီလထုတ်မှာ၊ အဲဒါ မိုးဝေ (၉၉)၊ အယ်ဒီတာချုပ် "အောင်ကျော်" ဆိုပြီး ထုတ်ဝေမှတ်တမ်း တွေ့ရတယ်။

အချိန်ကပင်
ပုံပြင်တစ်ပုဒ်
သရုပ်ဖော်ပြ ပါလိမ့်မည်၊
အချိန်သည်ကား
ဖားနှင့်ငါးကို၊ ခွဲခြားပြသ
ဘဝဆရာ ဖြစ်လိမ့်မည် . . .။

လို့ ဆိုထားတဲ့ "အချိန်က ပြောသောပုံပြင်" ကဗျာပေါ့ဗျာ၊ ဟိုတလောကပဲ ကဗျာရေးဖော် တစ်ယောက်က သတိတရနဲ့ ဖုန်းထဲကနေ ရွတ်ပြလိုက်သေးတယ်။

'ဖားဉမှ ဖွား
ဖားဇာတိပြ
ခုန်ဆွခုန်ဆွ သွားတော့၏'

ဆိုတဲ့ ကဗျာ အချပိုဒ်လေး။ ပြီးတော့···

တလင်းရှင်းပွဲ
လယ်တောထဲရှိ၊ အဘိဓမ္မာရုပ်
ဆွဲထုတ်ကြည့်ပါ။
မိဘပြည်သူကား
စပါးများကို ရှေ့ယူစမြဲ၊
ရှေ့စင်ပေါ်တွင်
ဆန်ခါတင်ဝံ့ မတင်ဝံ့မှာ။

ဆိုတဲ့ "တလင်းထဲက အဘိဓမ္မာ" ကဗျာရဲ့ တစ်ပိုင်းတစ်စလည်း အဲဒီကဗျာရေးဖော်က ဖုန်းထဲကနေ ရွတ်ပြသေးသဗျ။ ဩော်··· ဒီလို ကိုယ့်ကဗျာလေးတွေကို အမှတ်ရချက်လေးတွေ ကြားရတော့လည်း ပီတိဖြစ်သွားဗျ။

❍ အဲဒီတုန်းက ကဗျာကောင်းတွေ တော်တော်ထွက်ခဲ့တယ်နော် ဆရာ။

❑ အဲဒီကာလ ကဗျာရေးရတာ စေးစေးပိုင်ပိုင် ရှိတယ်။ ဘာကြောင့်လဲဆိုတော့ ကိုယ်လေ့လာတဲ့ နိုင်ငံရေး အသိအမြင်တွေက ကဗျာကို ဦးဆောင်တယ်လို့ ယူဆတယ်။ ပြီးတော့ ပင့်အား၊ တွန်းအားတွေ ဖြစ်စေတယ်။ အပြင်မှာ ရှိနေတဲ့ ဇာတ်ထုပ်တွေ၊ ဇာတ်ရုပ်တွေကို ကြည့်လိုက်၊ ကိုယ်က ကဗျာဖွဲ့လိုက်။

‘ခုလဲကြည့်ပါ
ဖတ်စာဒေါင်းထဲ မဟုတ်
ရုပ်ရှာချောင်းထဲမှသည်
ရေစုံခရီး၊ ကြံ့ရာစီးကြိုက်
မျောလိုက်သွားပြီလား . . .။
ပြည်သူ့ဝမ်းစာ၊ လယ်ယာမြေသား
ကောက်ပင်များဆီ . . .။
ဂဏန်း၏ လက်
ထွန်ယက်တတ်သလား။
ဂဏန်းလက်မျိုး
မျိုးကြဲတတ်သလား။
ဂဏန်းလက်ကောက်
ကောက်စိုက်တတ်သလား။
ဂ ဂဏန်းကောင်၊ လက်မထောင်သဟော့
ဂဏန်းအတတ်၊ ကောက်ပင်ဖြတ်မဟော့
ရုပ်သူ့ရှာသား
နီးကြားကြဟော့ ဖမ်းကြဟော့ . . .။

ဆိုတဲ့ “ဖောင်စီးဂဏန်းများ” လိုပေါ့ဗျာ။ ပြီးတော့

‘ဒလနဲ့ ပန်းဆိုးတန်း
ဘဝရဲ့ လမ်းဆိုးကြမ်းပမာ။
မြစ်လယ်ခေါင် ဖော်ယာကြီးလို
ရေစီးဒဏ် ကျောက်ချပြီး၊
ခါးစည်းလို့ မခံသာ’

ဆိုတဲ့ “စည်းညီအလု” လို ဘဝဇာတ်ရုပ်မျိုးလည်း ရေးဖွဲ့ဖြစ်ပါတယ်။

‘စပျစ်သီးကို
စပျစ်ပင်အောက်မှာ စားသည်ထက်
အချစ်ပင်အောက်မှာ စားပါလေ
ချိုမြဲထက်
ပိုကဲရသာ
ခံစားရမှာ အမှန်မသွေ’

ဆိုတဲ့ “စပျစ်သီးနှင့် သူ၏နေရာများ” လို ချစ်ခြင်း မေတ္တာဖွဲ့ကဗျာလည်း ပါတယ်။

❍ ဒါနဲ့ဆရာ၊ မိုးဝေကဗျာတွေ ရှိပြီး ကဗျာစာအုပ် ထုတ်ခဲ့သေးတယ်နော်။ ဆရာ့ကဗျာလည်း ပါခဲ့တာပဲ။ အဲဒီခေတ်ရဲ့ အခြေအနေကြောင့်လား မသိဘူး။ ကျေးလက်ဆန်နေကျ ဆရာ့ကဗျာတွေအစား နိုင်ငံရေး ဆန်တဲ့ ပုံရိပ်တွေ ခံစားရတယ်။

❑ ဆရာ “ကောက်နွယ်ကနောင်” က “မိုးဝေကဗျာ” ဆိုပြီး မိုးဝေခေတ် နှစ်ခေတ် ကဗျာတွေကို ပေါင်းချုပ်ထုတ်တယ်။

အဲဒီမှာ ကျွန်တော့်ကဗျာက “ခါတော်မီယိမ်း”

‘အရပ်သူပါ
မှတ်ယူကာ အသင်ပွားပေမယ့်
ဇာတ်မူဗလာ အမြင်ခါးတာမို့
မိတ်ကပ်ပါးနီ ထူထူလိမ်းပါတဲ့
ခါတော်မီ ကျွန်မတို့ယိမ်းကို
ပွဲသိမ်းမှာ ရယ်သွမ်းမိုး
ဖြိုးလိုက်ချေပေါ့ . . .

ဆိုတဲ့ နိုင်ငံရေးဇာတ်ရုပ်ကို ဖွဲ့ဆိုထားတာပေါ့ဗျာ။ အဲဒီတုန်းကတော့ ပါတီကောင်စီရွေးပွဲ ဇာတ်တိုက် အမူအရာတွေကို ကြည့်ပြီး ရေးဖွဲ့လိုက်တာပေါ့ဗျာ။ (ဒါက ကဗျာဆရာရဲ့ အတွင်းစကားပါ)

အဲဒီကာလ အချို့ ရဲရဲနီရာကနေ အပြာရောင် ပြောင်း သွားကြပုံကို

'သူလဲ . . .
ဝဲယာနောက်ကြည့်၊ သတိထိးဆောင်း
အကြောင်းကြောင်းထောက်၊ အကြောက်ပိုကဲ
အခဲမစွန့်၊ သတ္တိဆွံ့ပြီ။
ရိုးရိုးကျင့်၊ မြင့်မြင့်ကြံ
မှန်တာလုပ်၊ ဟုတ်တာပြော
နီရင့်သောထုံး၊ ကျောင်းသုံးထဲ၌
သဂြိုဟ်လိုက်သည်။

သူဘယ်လိုလဲ
ခွဲစိတ်ကြည့်ရှု
သုတေသန ပြုဖို့မလို။
သူဆိုသည်ကား
အစားထိုးတပ်၊ ပလတ်စတစ်ဆာဂျရီ
ရင်သည်အတု၊ နှလုံးတုနှင့်
လူဟုဆိုရုံ မျှသာတည်း။

ဆိုတဲ့ "အရိပ်ထဲက နှလုံးတု" ကဗျာမျိုးလည်း ရေးဖြစ် ပါတယ်။ ဆိုလိုတာက ခေတ်စရိုက် ခေတ်ခံစားမှုတွေ ထင်ဟပ်တဲ့ ကဗျာတွေ အားထုတ်ဖို့ ကြိုးစားကြည့်ခဲ့တယ် ပေါ့ဗျာ။

❍ ဆင်းရဲတဲ့နိုင်ငံတွေမှာ ကဗျာဆရာတွေနဲ့ ပြည့်တန်ဆာတွေ ပေါတယ် လို့ ဆိုကြတာပဲ။ ကျွန်တော်တို့ ကရင်တွေက ဆင်းရဲလို့လား မသိဘူး။ ကဗျာဆရာတွေ တော်တော်ပေါတယ်။ တစ်နှစ်တစ်နှစ် ကရင့်ကြေးမုံကို ပို့တဲ့စာမူတွေထဲမှာ ကဗျာက အများဆုံးပဲ။ တစ်ခု တော့ ရှိတာပေါ့ ဆရာရယ်။ ကဗျာကောင်းတော့ နည်းတာပေါ့။ တော်တော်များများက အကြောင်းအရာရှိပြီး ဖွဲ့စည်းပုံ ပျက်နေတာ များတယ်။ တချို့လည်း စိတ်ကူးကောင်းလေးတွေရှိတာ တွေ့ရတယ် ဆရာ။ ဒါပေမဲ့ ကိုယ့်ခံစားချက်ကို ကဗျာတစ်ပုဒ်အဖြစ် အသက် မသွင်းနိုင်ကြဘူး ဖြစ်နေတယ်။

❑ ကဗျာဆိုတာက "အလှသစ္စာ နဲ့ ဖွဲ့စည်းရာ"။ ကဗျာ ဖွဲ့စည်းပုံ၊ ကာရန် အယူအဆနဲ့ အကြောင်းအရာ ရွေးချယ်မှုကတော့ သက်ဆိုင်ရာကဗျာဖွဲ့သူ ပါရမီအခံ၊ လေ့လာအားထုတ်မှု၊ ကျင်လည်ရာ ဘဝစရိုက်အပေါ် မူတည်တယ်လို့ ကျွန်တော် ယူဆပါတယ်။ ကဗျာရဲ့ အသက်က အလှစာတ် (sense of beauty) ပဲလေ။ ဒါကို ဘယ်လို အသက်သွင်းမလဲ။ ပြောရခက်တယ်။ ကဗျာတစ်ပုဒ် မနာလိုလောက်အောင် ကောင်းတယ်လို့ သိမှတ်ပြုရတာ အလှစာတ်ကြောင့်ပဲပေါ့။

❍ "ကရင်ဆိုတာ အိုသည်ထိ ယာကိုချစ်မက်နေ
ကရင်ဆိုတာ အိုသည်ထိ ချောင်းကို ချစ်မက်နေ
ယာကိုချစ်စိတ်၊ ချောင်းချစ်စိတ်ဟာ ကရင့်ပုံရိပ်တစ်ရပ်ပါ" တဲ့။
ဆရာ့ကဗျာထဲမှာတော့ အင်တာနက်ခေတ်ကို ငြင်းပြီး "ယာအလှနဲ့ ချောင်းအလှမှာ၊ သက်ဝင်ရှင်သန်ရာ၊ ရိုးသားခြင်းကဗျာ" လို့ ဆိုထား တယ်နော်။ ကျွန်တော်တို့လည်း မြို့ပြရဲ့ ခေတ်မီမှုမှာ ပျော်မွေ့ရင်း ကျေးလက်ကို အိပ်မက် မက်နေကြရတာပဲ။ တစ်ဖက်ကလည်း ကရင့်အမျိုးသား ယဉ်ကျေးမှုကို ကမ္ဘာနဲ့ ရင်ပေါင်တန်းနိုင်အောင် ကြိုးစားနေရတာ။ အဲဒီလိုဆိုရင် မြို့ပြရဲ့ သရုပ်ကိုလည်း ကဗျာထဲမှာ ထင်ဟပ်ဖို့ လိုအပ်မလား။ ကျေးလက်ထက်စာရင် မြို့ပြရဲ့ ပုံရိပ်က လူထုခံစားမှု ပိုပြီး ဖြစ်နိုင်မလားလို့။

❑ "ခနိုမိုးအောက်မှာ
လူဖြစ်လာ၏။ ငါတို့ဇာတိ ချစ်စွာသော" ဆိုသလို

ကျွန်တော်က ရွာမှာမွေးတယ်၊ ရွာမှာ ကြီးပြင်းတယ်။ ရွာတွေမှာ ကျောင်းဆရာ လုပ်တယ်။ ဒါကြောင့် ကဗျာ ထဲမှာ ကျေးလက်ပုံရိပ်တွေ ထင်ဟပ်နေမှာ သေချာ တယ်။ သာဓကအားဖြင့်-

'ကျောင်းစာလက်ကျန်၊ သင်အံလေ့လာ
ဖတ်စာတစ်ပိုဒ်၊ နှုတ်တိုက်ရွတ်ဆို
ဘဝနွေကို အန်တုရင်း။
တောင်းကလေး မမောက်တမောက်
ကောင်လေးတစ်ယောက် ပြန်ချေပြီ။

နွားချေးလေး ဘဝမကြောက်
ကောက်ကောက်ပါအောင် လိုက်လေပြီ။
ကျောင်းပြေးနှင့် နွားချေး
လယ်ရေး ယာရေး
အလုပ်အကျွေး ပြုတော့မည်'

ဆိုတဲ့ "ရိုးပြတ်တောက မိတ်ဆွေနှစ်ဦး" လို တွေဝေနေတဲ့ နွားချေးနဲ့ ကျောင်းပြေးလေးအကြောင်း ရေးဖွဲ့ဖြစ်တာပေါ့ဗျာ။ ဒါ သဘာဝပေါ့ဗျာ။ ဒါ သဘာဝပါပဲ။ ဘဝက ကျွန်တော့်ကို မြို့သားအဖြစ် ဇာတ်ရုပ်ချထားတာမှ မဟုတ်တာ။ မြို့ပြပုံရိပ်၊ မြို့ပြအသုံးအဆောင်။ မြို့ပြဝေါဟာရတွေကို ကဗျာဆရာရဲ့ အရိပ်ဖြာရာ ကဗျာထဲမှာ တွေ့ရခဲ့တာပေါ့။ ဒါ... ကိစ္စမရှိပါဘူး။ မြို့ပြပဲဖြစ်ဖြစ်၊ ကျေးလက်ဖွဲ့ပဲဖြစ်ဖြစ်၊ လူထုခံစားမှုကို ထင်ဟပ်နိုင်စွမ်းရှိဖို့ပဲလိုတယ်။ စီးပွားလူမှု ဘဝထဲက စရိုက်တွေကို ထင်ဟပ်ဖို့ လိုတယ်လို့ ကျွန်တော် ယူဆတယ်။

❍ ဟုတ်ပါပြီ ဆရာ။ ဆရာ့ကဗျာတွေက ကျေးလက်သရုပ်ဖော် သက်သက်မဟုတ်ဘဲ လူမှုဒဿနနဲ့ အမျိုးသားရေး ပုံရိပ်တွေ ပါနေတာကိုလည်း တွေ့ရပါတယ်။ "လွမ်းတမြုံ့မြုံ့" ဆို ကဗျာ ချစ်သူတွေ ရင်ထဲ ငြိခဲ့တဲ့ ကဗျာပေါ့။ ကျွန်တော်တို့ဖြင့် လွမ်းတမြုံ့မြုံ့ထဲက အမေကို ဆရာ့အမေလို့တောင် မထင်တော့ဘူး။ ကရင် လူကြီးသူမတစ်ယောက်က ကျွန်တော်တို့ကို ဆုံးမသွန်သင်နေတယ်လို့တောင် ထင်မိပါတယ်။

❑ ကျေးဇူးတင်ပါတယ်ဗျာ။ ဆရာတို့ မြင်သလို "လွမ်းတမြုံ့မြုံ့" ကဗျာထဲက အမေဟာ ကျွန်တော့်အမေသာ မဟုတ်တော့ပါဘူး။ ကရင် တစ်မျိုးသားလုံးရဲ့ အမေပါပဲ။ အဲဒီနှစ်က ၂၀၁၀ ပြည့်နှစ်၊ ကျွန်တော် ဝန်ထမ်းဘဝကနေ သက်ပြည့်အငြိမ်းစား ယူမယ့်နှစ်။ "သားတောင် ၆၀ ပြည့်တော့မယ် အမေ...၊ အမေသာရှိရင်" ဆိုတဲ့ အတွေးဝင်လာတယ်။ အမေ့ကို လွမ်းမိတယ်။ ဟုတ်တယ်။

'အဝေးကြီးမှသာ မဟုတ်ပါ။
အနီးကလေးနှင့်လည်း လွမ်းရသည်သာ။
အရေးရှိမှသာ မဟုတ်ပါ။
အတွေးအသိ၌လည်း လွမ်းရသည်သာ။
တစ်ခဏတာမျှသာ မဟုတ်ပါ။
တစ်ဘဝစာမက လွမ်းရသည်သာ'
ဆိုတာ အမေပေါ့ဗျာ။

အမေသာရှိရင် ၉၈ နှစ်။ သားအမိနှစ်ဦး စကားနှုတ်ဆုံ ကျချင်စိတ် ဖြစ်ပေါ်လာတယ်။ အမေနဲ့ စကားပြောလိုက်ရရင် လေးလံမှုတွေ ပေါ့ပါးသွားမယ်။ အေးစက်မှုတွေ နွေးထွေးသွားမယ်။ ညှိုးငယ်ခြင်းတွေ လန်းဆန်းလာမယ်။ မလုံခြုံမှုတွေ လုံခြုံလာမယ်လို့ ခံစားမိတယ်လေ။ ဒီတော့ စိတ်အတွေးနဲ့ အမေ့ဝိညာဉ်ကို ပင့်၊ ပြီးတော့ သားအမိနှစ်ဦး စိတ်အတွေးနဲ့ စကားတွေပြောတာ "လွမ်းတမြုံ့မြုံ့" ပဲပေါ့။ အမေနဲ့ စကားလမ်းခွဲပြီး အမေ့ရဲ့ စကားခွန်အားကို၊ တို့များ ကရင်အမျိုးသားတွေဆီ ပို့ဆောင်လိုက်တာပါပဲ။

အို... ကရင်အမျိုးသားအပေါင်းတို့
- လူများ၍ ပွဲစည်ကြလော့။
- အရေးကြီး သွေးနီးကြလော့၊ စည်းညီကြလော့
- တွန့်ဆုတ်တွေဝေ နောက်ကျန်မနေနဲ့၊ နိုးကြားကြလော့
ဆိုတာပါပဲ။

အဲဒီ စကားခွန်အားကို သုံးစားနည်းက လိုသေးတယ်နော်။ တစ်ခါတည်း တစ်ကျိုက်တည်းနဲ့ မော့သောက်လိုက်ရတာမျိုး မဟုတ်ဘူး။

"ကွမ်းတမြုံ့မြုံ့ ဝါးသလို
လွမ်းတမြုံ့မြုံ့...။

❍ လောလောဆယ်မှာ ဆရာက လူငယ်တွေကို ပညာဖြန့်ဝေသူတစ်ယောက် ဖြစ်နေတယ်နော်။ ကဗျာတွေနဲ့ တွန်းအားပေးရတာ အားမရလို့လား ဆရာ။ ကျွန်တော်တို့ အချင်းချင်းကတောင် လူငယ်တွေအပေါ် ထားတဲ့ ဆရာ့စေတနာက ဆရာ့ရဲ့ ဘဝနဲ့ယှဉ်တဲ့ စေတနာမှုတွေလို့တောင် ပြောနေမိကြသေးတယ်။

❑ ဒီနှစ် စာသင်နှစ် မစပီ၊ မေလကုန်လောက်မှာ ကျွန်တော်တို့ တွံတေးက တက္ကသိုလ်ကျောင်းသားတွေ ကျင်းပတဲ့ အလှူပွဲလေးမှာ ကျွန်တော် စကားပြောခွင့် ရခဲ့တယ်။ နေရာက ရွှေဆံတော်ဘုရားခြေရင်း "ဓမ္မာလင်္ကာရကျောင်း" မှာ ဆရာတော် ဦးရေဝတက ကရင်အမျိုးသားပါပဲ။ အဲဒီမှာ နာဂစ်လွန် ပုံရိပ်တစ်ရပ်ဖြစ်တဲ့ မိဘမဲ့ကလေးတွေ (၆၀) လောက် ရှိတယ်။ ဆရာတော်က ကျွေးမွေးပြုစုပြီး ကျောင်းထားပေးတယ်။ ဒါကို တက္ကသိုလ် ကျောင်းသားလေးတွေက သူတို့ စေတနာအလျောက် လိုအပ်တဲ့ ဆန်၊ အဝတ်အစား၊ စာရေးကိရိယာ စတာတွေ လှူပေးတာ၊ သူတို့ နှစ်စဉ်လိုလို လှူပေးတယ်တဲ့။ ကျွန်တော်ကတော့ ဒီနှစ်မှ ရောက်ဖြစ်တာ။ ကျွန်တော့်အဖို့ လူငယ်တွေနဲ့ တွေ့ဆုံအားပေးပွဲလေးပေ့ါ။ အဲဒီမှာ ကျွန်တော့် ငယ်ဘဝကို ပြောပြပြီး သူတို့ရဲ့ ငယ်ဘဝကို စာနာပြခဲ့တယ်။ ကဗျာတွေ ရွတ်လိုက် စကားပြေနဲ့ ပြောလိုက်ပေ့ါဗျာ။ ဒီလိုလေ-

"၁၉၅၀
မီးစွယ်မီးလျှံ၊ သေနတ်သံမပြတ်
လွတ်လပ်စ၊ ငါ့ကို ဖွားမြင်"
ဆိုသလို ကျွန်တော့်ကို မွေးတော့ ပြည်တွင်းစစ်မီးတောက်နေပြီ။ အဲဒီဒဏ် ကျွန်တော်ခံရတယ်။ ခံရပုံက ရွာမီးရှို့ခံရတော့ မွေးရွာကို စွန့်ပြေးရတယ်။

"မီးမီးဦး ဆန်ဝတ်ပိတ်ပိတ်
နမွတ်လေးလိုက် နဖလေးလိုင်"··· တဲ့
အမေ့ရင်ခွင်
အိပ်ရာဝင်
ကရင်ပုံပြင် တေးတစ်စ
နားရည်မဝသေး
မွေးရပ်စွန့်ချန်

ဆိုသလို သမ္ဘာန်နဲ့ ထရော်ချောင်းထဲ ပြေးခဲ့ရတယ်။

'စစ်မုန်းပြေးလေ၊ စစ်မဝေးသေး
ခွေးဟောင်သံသည်၊ ညဥ့်ယံကုတ်ခြစ်
စစ်ရောင်စစ်ရိပ်၊ စစ်နိမိတ် တွေ့သလား'

ဆိုသလို ကြောက်ရွံ့စိတ်၊ စိုးထိတ်စိတ်တွေနဲ့ ကြီးပြင်းခဲ့ရတယ်။ အဲ··· စစ်က နှစ်နဲ့ချီတယ်။ ဒါပေမဲ့ ကျွန်တော် မိဘ မမဲ့ခဲ့ဘူး။ သူတို့ကျတော့ နာဂစ်မုန်တိုင်း၊ နာရီပိုင်းပဲ ကြာတယ်။ ဒါပေမဲ့ အိပ်မက်ဆိုးလား ထင်ရတယ်။ တစ်ခဏအတွင်းမှာ မိဘမဲ့ခဲ့ရတယ်။ ကျွန်တော် ကံကောင်းတာကတော့ ဖခင်ဖြစ်သူ သာသနာ့ဘောင် ဝင်သွားတာတောင် မိခင်နဲ့အစ်မ လုပ်သူက ရန်းကန်ပြီး မူလတန်းကျောင်း ရှိရာ ထရော်တမံကြီးကနေ၊ အလယ်တန်းကျောင်း ရှိရာ ကျိုက်ထော်ရွာ၊ အဲဒီကနေ အထက်တန်းကျောင်းရှိရာ တွံတေးမြို့ အဆင့်ဆင့် ကျောင်းရှိရာမှာ ပညာရာခွင့် ရခဲ့တယ်။ ပြီးတော့ မွေးရွာက "လုလင်" စာကြည့်တိုက်၊ ကျောင်းနံရံကပ် စာစောင်၊ မြို့နယ် စာကြည့်တိုက်··· စတဲ့ စာပေပတ်ဝန်းကျင်နဲ့ ထိတွေ့ခွင့် ရခဲ့တယ်။

"မကောင်းရာ မြစ်တာ၊ ကောင်းရာချစ်စေသနော့
ကျောင်းဆရာ ဖြစ်နေပြီပေါ့ အမေ···"
လို့ ဘဝလမ်းကြောင်းလေး ဖြောင့်ခဲ့ရကြောင်း ပြောပြမိတယ်။

သူတို့အဖြစ်ကတော့ ဆရာတော်က ဦးဆောင်ပြီး ပညာရာခွင့် ရနေတယ်။ ပြီးတော့ လှူကြတန်းကြနဲ့ မေတ္တာတွေ ရတယ်။ ဒီလို တစ်ဖက်တစ်လမ်းက ကံကောင်းတုန်း

(၁) ကျောင်းကို ရောက်အောင်သွားပါ။ အတန်းပညာ ယူခဲ့ပါ။ ကျောင်းမနေခဲ့ရတဲ့ ဘဝကို မခံယူပါနဲ့။ မိဘ မဲ့ခဲ့ပြီ။ ပညာမဲ့ ဘဝကို မခံယူပါနဲ့။

(၂) ဘယ်လိုအခြေအနေပဲ ဖြစ်ဖြစ် စာပေနဲ့ တွေ့ဖြစ်အောင် တွေ့ပါ။ စာငတ်ပေငတ် မဖြစ်စေနဲ့။ စာပေကို အဖော် ပြုပါလို့ ကျွန်တော့်ငယ်ဘဝနဲ့ ယှဉ်ပြီး သူတို့ကို မှာကြား ခဲ့မိတယ်။ လူတစ်လုံး သူတစ်လုံး ဖြစ်လာဖို့ပါ။

❍ ကျွန်တော်တို့ငယ်ငယ်ကတော့ လူငယ်တွေအပေါ် စာပေဩဇာ သက်ရောက်မှု ရှိတယ်ဆရာ။ အထူးသဖြင့် လက်ဝဲစာယေတွေပေါ့။ သိုင်းဝတ္ထုလို အပျော်ဖတ်စာပေမျိုးကတောင် ဓမ္မနဲ့ အဓမ္မကို ကျွန်တော်တို့ရင်ထဲ ရိုက်သွင်းပေးနိုင်ခဲ့တယ်။ သည်နေ့ခေတ်မှာတော့ လူငယ်တွေ တော်တော်စာဖတ် နည်းသွားပြီဆရာ။ အားလုံးကို ခြုံကြည့်ပြီး ပြောတာပါ။ အနုပညာသမားတစ်ယောက် ဝမ်းစာ ပြည့်မပြည့်ဆိုတာ သူဖန်တီးထားတဲ့ အနုပညာပစ္စည်းမှာ တွေ့နေ ရတာပဲ။ အခုတော့ အကြောင်းအရာ အသာထား၊ ဝါကျဖွဲ့ထုံးတောင် သောင်မဝင်ဘူး ဖြစ်နေတယ်ဆရာ။ တစ်ခါတစ်ခါတော့ ဖတ်စရာ စာကောင်းပေကောင်းတွေများ နည်းနေလို့ လူငယ်တွေ စာဖတ်အား နည်းသလားလို့တောင် ထင်မိတယ်ဆရာ။

❑ လူငယ်ဆိုတာက ခေတ်ကို တည်ဆောက်သူ၊ စာပေ ဆိုတာက ခေတ်ကို စည်းရုံး သိမ်းသွင်းသူ၊ ဒီတော့ ဒီနေ့လို အပြိုင်အဆိုင်များတဲ့ ကာလမှာ အာဆီယံ နယ်နိမိတ်နဲ့ပဲ ကြည့်ကြည့်၊ ကမ္ဘာ့ နယ်နိမိတ်နဲ့ပဲ စဉ်းစားစဉ်းစား၊ ကျွန်တော်တို့ လူငယ်တွေကို အနိဋ္ဌာရုံ စက်ကွင်းတွေကနေ လွတ်ကင်းစေရမယ်။ စာပေမှာ မွေ့စေပြီး လောကအမြင် ရှင်သန်စေရမယ်။ ဒါမှ တိုင်းပြည်လည်း တိုင်းပြည်အလျောက်၊ လူမျိုးလည်း လူမျိုးအလျောက် တိုးတက်မယ်။

❍ ဟုတ်တယ် ဆရာ။ ကျွန်တော်တို့လူမျိုးအတွက် စာပေ ဆိုတာ တကယ် လိုအပ်ချက်တစ်ခုပါပဲ၊ ဥပမာ "ပဒိုးသံ" ထဲက ကဗျာလို "လက်ယပ်မခေါ်ရပါဘဲ လက်ယပ်ခေါ်သလို ဆိုစို့ကွယ်" ဆိုတဲ့ စာသားမျိုးပေါ့။ အမျိုးသား စည်းလုံးညီညွတ်ရေး အတွက် တော်တော်ထိရောက်ခဲ့တယ်နော် ဆရာ။

❑ "ပဒိုးသံ" က ကျွန်တော့်အစ်ကို မင်းသျှင်အောင် (တွံတေး) ကြိုးပမ်းခဲ့တဲ့ စာစောင်။ အဲဒီမှာ "လက်ယပ် မခေါ်ရပါဘဲ လက်ယပ်ခေါ်သလို ဆိုစို့ကွယ်" လို့ သုံးခဲ့ တယ်။ အရပ်သုံး စကားလေးတွေပါ။ စာဖတ်သူအဖို့ ခံစားမှု ဖြစ်ထွန်းစေတယ်လို့ ကြားရတာ ဝမ်းသာပါတယ်။ ဒီစကားလုံးလေးတွေမှာ လေးနက်တာ တစ်ခုရှိတယ်။ ဒီလိုဗျာ "သွေးက စကားပြောသည်" ဆိုတဲ့စကား ရှိတယ်။ သွေးနီးနေတယ်။ နှလုံးသားချင်း နီးနေတယ်။ အရေးကြီးရင် ဘေးမတီးဘဲ သွေးစည်းတယ်။ ကိုယ့် အမျိုးသားတွေပဲဆိုတဲ့ အသိစိတ်နဲ့ လက်ယပ်ခေါ်မှ လာမယ်ဆိုတာ မရှိတော့ဘူးပေါ့။ သူစိမ်း မဆန်တဲ့ "သွေးကပြောတဲ့ ဆုံစည်းခြင်း" ကို ညွှန်းဆိုလိုက်တာ ပါပဲ။ ဒါကြောင့် အရပ်သုံးကနေ ကဗျာသုံးဖြစ်သွားတော့ စကားလုံးမှာ အာနိသင် ထက်မြက်သွားတယ်။ အသက် ဝင်သွားတယ်လို့ ကျွန်တော် ယူဆတယ်။

❍ "လေးနှင့်မြားကို၊ အင်အားတစ်ရပ်၊ မသုံးတတ်၍ ပစ်မှတ်မရှိ၊ လေး၏တန်ဖိုး၊ မြားတန်ဖိုးတို့ မဲ့နေ၏"
ဆရာရေးခဲ့တဲ့ အဘိဓမ္မာမဲ့ ကဗျာပါ။ ကျွန်တော်တို့ တစ်ကယ်ပဲ ကိုယ့်လက်ထဲက လေးကို လေးမှန်း သိရဲ့လား။ ကိုယ့်လက်ထဲက မြားကို မြားမှန်းသိရဲ့လား။ ပြန်စဉ်းစားကြည့်တော့လည်း သေသေ ချာချာ မသိသလိုပဲ။ ဒါကြောင့်လည်း ပစ်မှတ်ပျောက်နေတယ် ထင်ပါရဲ့။ ဘာပဲဖြစ်ဖြစ်ပါ ဆရာ၊ အဲဒီကဗျာကလည်း တိုတိုလေးနဲ့ ပရိသတ် ရင်ထဲမှာ ထိရှခဲ့တဲ့ ကဗျာပေါ့။

❑ "အဘိဓမ္မာမဲ့" ကဗျာက ၁၉၇၆ ခုနှစ်၊ ရှုမဝမဂ္ဂဇင်း မှာ ရေးခဲ့တဲ့ကဗျာ။ နောက်တော့ "ကရင့်ကြေးမုံ" မှာလည်း ပြန်သုံးတယ်။ ကဗျာလေးက တိုပါတယ်။ ဖတ်လွယ်မှတ်လွယ် ထိခိုက်လွယ်လို့လား မသိဘူး။ ကြိုက်နှစ်သက်ခြင်း ခံရတယ်။ အတန်းထဲမှာ စာသင်ရင်း ဒီကဗျာလေးကို ရွတ်ပြဖူးတယ်။ ကျောင်းသားတစ်ဦးက မှတ်သွားတယ်ဗျာ။ ကျွန်တော်တို့ ဆရာတပည့် ကွဲကွာပြီး အနှစ်နှစ်ဆယ်လောက်ကြာမှ ပြန်တွေ့တော့ ကျွန်တော့် တပည့်က "အဘိဓမ္မာမဲ့"ကို ပြန်ရွတ်ပြတယ်ဗျာ။ သူ့ဘဝ အတွေ့အကြုံနဲ့ တိုက်ဆိုင်မှုရှိတိုင်း ဒီကဗျာလေးကို ရွတ်တယ်ဆိုပဲ။ သူ့အတွက်တော့ ခွန်အားပါပဲတဲ့ဗျာ။

ကျွန်တော့်မှာ ပီတိတွေ ဖြာလို့။
ကဲ . . . "အဘိဓမ္မာမဲ့"က ကျွန်တော့်တပည့်အဖို့ ဘဝအဖော် ဖြစ်သွားပြီ။ သူနဲ့ကျွန်တော် မိုင်ပေါင်းများစွာ၊ ဖဝါးပေါင်းများစွာ ဝေးနေပေမယ့် ကဗျာလေးကြောင့် နီးနေတယ်။ အဘိဓမ္မာမဲ့ရင် ကိုယ့်အင် ကိုယ့်အား ဘယ်လိုသုံးစားရမလဲဆိုတာ မမြင်နိုင်စွမ်းဘူး။ ရည်မှန်းချက် ဦးတည်ချက်ပါ မဲ့နေတယ်။ စုံလုံးကန်းနေတယ်ဆိုတာ သတိပေးပြီး ကဗျာလေးက အဖော်ဖြစ်နေမှာ သေချာတယ်။ ဒီနေရာမှာ ပညာသင်ကြားရေး လုပ်ငန်းနဲ့ ကဗျာစာပေ အနု ပညာ လုပ်ငန်းဟာ တူတယ်။ အဲဒါ ဘာလဲဆို-
"နှလုံးသား စိုက်ပျိုးရေးလုပ်ငန်း" တွေချည်း ဖြစ်တယ်။ အကျိုးရလဒ်ကို ကြာဖက်နဲ့ ထုပ်ပြလို့ မရနိုင်ဘူး။ အချိန်နဲ့ယှဉ်ပြီး တန်ဖိုး ဖြစ်ထွန်းနိုင်တယ်။ အကျိုးကို လတ်တလော မြင်ချင်မှ မြင်ရမယ်။ အကျိုးကလည်း လတ်တလော တွင်ချင်မှ တွင်မယ်။ "တာရှည်ခံ ဩဇာ သက်ရောက်မှု" ရှိတယ်။ ဒီသဘောကို ကျွန်တော် တွေးရင်း Henry Wadsworth Longfellow ရဲ့ The Arrow and The Song ကို ၂၀၀၉ ခုနှစ်၊ ဇွန်လထုတ် "ပန်းအလင်္ကာ" မဂ္ဂဇင်းမှာ "မြားတစ်စင်း သီချင်းတစ်ပုဒ်နှင့် ကျွန်တော်" ဆိုတဲ့ ခေါင်းစဉ်နဲ့ အက်ဆေးတစ်ပုဒ် ရေးဖြစ်တယ် ဆိုပါစို့။

○ မော်ဒန်နဲ့ ပို့စ်မော်ဒန် ကဗျာတွေကတော့ ဒီနေ့ စာပေလောကမှာ ဆီးနှင်းနေနိုင်တုန်းပဲနော် ဆရာ။ ဒီနေ့ကဗျာ တော်တော်များများက မြို့ပြရဲ့ မွန်းကျပ်မှုကို အားပြုရေးဖွဲ့ကြတယ်။ ဆရာ့ကဗျာတွေကတော့ ကျေးလက်ဆန်နေဆဲပဲ။ "အိမ့်နောက်ကျောမှာ တောကြီးတန်း။ မျက်လုံးဆီရာ ရေ့တစ်ကြောမှာ လယ်တော . . ." ဆိုတာမျိုးပေါ့ ဆရာ။ အဲဒီတော့ ဆရာရယ်၊ ကျေးလက်ကဗျာတွေ ရွတ်ပြီး ကရင့်ကြေးမုံ ပရိသတ်အတွက် မျှဝေပေးပါဦး။

❑ ကျွန်တော်က ကဗျာသမားဆိုတော့ စကားဝိုင်းမှာ ကဗျာလေးတွေနဲ့ ဖွဲ့စပ်ရတာ ပျော်စရာပါ။ အခုလည်း မနှစ်က "ဝါးသခ်" ကရင်နှစ်သစ်ကူးစာစောင်မှာ ဖော်ပြခဲ့တဲ့ ကျွန်တော့်ရဲ့ "နွားတစ်ကောင်နဲ့ ဓားတစ်လက်" ကဗျာလေးရွတ်ပြီး ပြောလက်စကို အနားကွပ်ချင်ပါတယ်။

တို့
စပါးစိုက်တယ်။
တို့
ဝါးစိုက်တယ်
စပါးသည် အား
ဝါးသည် အား လို့
လက်ရုံးများ
နှလုံးသားများ
မျိုးဆက်များကို ထူထောင်ခဲ့တယ်။

လယ်ထွန်သွား နွားမမေ့ရာ။
တောသို့တက်
ဓားတစ်လက်တော့ ဆောင်အပ်ရာ။
မြေကို ထွန်ယက်
အသက်ပမာ . . . စကား။
ယဉ်ကျေးမှုကို စိုက်ပျိုး
မြတ်နိုးအပ်ရာ . . . စာ
နွားတစ်ကောင်နဲ့ ဓားတစ်လက်ပမာ။

တို့ 'ကရင်' လို့
ရှင်သန်ခြင်း အလှတရား
ကိုယ့်သွေးကိုယ့်သားကိစ္စ
မမေ့မလျော့ကြဖို့ပါ။ ။

"ကရင့်ကြေးမုံ" အယ်ဒီတာအဖွဲ့နဲ့ ပရိသတ်ကို ကျေးဇူးတင်ပါတယ်ဗျာ။ ဒါ . . .
ကျောင်းဆရာ တစ်ယောက်ဖြစ်တဲ့
ကဗျာဆရာတစ်ယောက်ဖြစ်တဲ့
"နှလုံးသား စိုက်ပျိုးသူတစ်ဦး၏ ခံစားမျှဝေပွဲ"
ဆိုရင်လည်း မမှားနိုင်ပါဘူး။
ပြီးတော့ "မောင်စံပြောပုံရိပ် တစ်စိတ်တစ်ပိုင်း"
လည်း ဟုတ်တယ်။
တိုက်ဆိုင်သော ခံစားမှုနဲ့ နှစ်မြို့က်ကြပါစေ။

■ ■ ■

# ပန်းခင်းလေညှင်း

(သို့မဟုတ်)

# ဆရာမ နန့်အက်စတာ နှင့် စကားဝိုင်း

A teacher can open the door but you must enter by yourself.

Chinese Proverb

The destiny of the world depends on the education of the young people.

Aristotle

Equal educational opportunities provide citizens with possible access to decision making at all levels.

( P.H.P )

ဆရာက တံခါးဖွင့်ပေး နိုင်ပါ၏။ သို့သော်အခန်းထဲသို့ သင်ကိုယ်တိုင် ဝင်ရပေလိမ့်မည်။

တရုပ်စကားပုံ

ကမ္ဘာလောကကြီး၏ ကံကြမ္မာသည် လူငယ်များ၏ ပညာရေးပေါ်၌ တည်နေသည်။

အရစ္စတိုတယ်

ညီမျှသော ပညာသင်ယူမှု အခွင့်အလမ်းတို့သည် နိုင်ငံသားတို့အား မိမိတို့အဆင့်အလိုက် ဆုံးဖြတ်ပိုင်ခွင့်ကို လမ်းဖွင့်ပေးလိုက်ခြင်း ဖြစ်သည်။

ပီအိပ်(ချ်)ပီ မဂ္ဂဇင်း



နှစ်သစ်ပြခန်းကို လာရောက်ကြည့်ရှုကြတဲ့ ကရင်လူငယ်တွေ၊ တိုင်းရင်းသားလူငယ်တွေကို ကြည့်ပြီး ကြည်နူးအားရမိပါတယ်။ တချို့က အချင်းချင်းစလိုက်နောက်လိုက် ရယ်ရယ်မောမောနဲ့ တချို့က ပြခန်းမှာပြထားတဲ့ စာတွေထဲက သိလိုရာရာကို မှတ်စုစာအုပ်လေး ကိုယ်စီနဲ့ အမှတ်တရ ရေးကူးနေကြတယ်။

ပညာရှင်များရဲ့ အဆိုအမိန့်ကို သိပ်စိတ်ဝင်စားကြတယ်။ အထူးသဖြင့် ပညာသင်ကြားခွင့် အခွင့်အရေး၊ ပညာအခွင့်အလမ်းကို သိပ်စိတ်ဝင်စားကြတယ်။ အနယ်နယ်အရပ်ရပ်က စာရေးသူများကလည်း ပညာရေးနဲ့ ပတ်သက်ပြီး သိမှတ်ဖွယ်ရာများကိုလည်း ရေးပို့ကြပါတယ်။ ဒါကြောင့် ကရင့်ကြေးမုံ အဖွဲ့သားများအနေနဲ့ နှစ်သစ်ဗဟိုရဲ့ ညီအစ်ကိုမောင်နှမ တစ်ဦးဖြစ်တဲ့ ဆရာမ နမ့်အက်စတာနဲ့ ပညာရေးအကြောင်း စကားဝိုင်းဖွဲ့မိတာကတော့ . . .

▶ ကျွန်တော်က နှစ်သစ်/ဗဟို ကရင့်ကြေးမုံစာစောင်အဖွဲ့ဝင် စနော်မင်း (ထီမန်) ပါ။ ကျွန်တော့်အနေနဲ့ ကျွန်တော့်ဇာတိ ကွမ်းခြံကုန်းမြို့နယ်၊ မန်းကလိပ်ရွာမှာ အထက်တန်းအဆင့်အထိ တည်ထောင်ဖွင့်လှစ်ထားတဲ့ ပညာဒါနကျောင်း အောင်မြင်ရေးအတွက် ဝိုင်းဝန်းကူညီရသူမို့ ကျေးလက်ပညာရေးကို အထူးစိတ်ဝင်စားမိပါတယ်။ ဒါကြောင့် ဆရာမအနေနဲ့ ကျေးလက်က ကျွန်တော်တို့ ကရင်ခလေ့တွေအပါအဝင် ကလေးများရဲ့ ပညာရေးအတွက် ဘာတွေ လိုအပ်တယ်၊ တိုးတက်အောင် ဘယ်လိုဆောင်ရွက်သင့်တယ်ဆိုတာကို သိပါရစေ ဆရာမ။

● ဟုတ်ပါတယ်၊ ကျွန်မလည်း ရောဝတီတိုင်း၊ ပန်းတနော်မြို့နယ်၊ စံကျကျေးရွာက ဆင်းသက်လာတာမို့ ဘဝတူကျေးလက်ကလေးတွေရဲ့ ပညာရေးကို စိတ်ဝင်စားရတာဟာ ဘဝပေးအသိလို့ ဆိုရမှာပါ။

(၁) ရုပ်ပိုင်းဆိုင်ရာ လိုအပ်ချက် (Physical needs) လို့ ခေါ်လို့ရတဲ့ အမိုးကမလုံ၊ အကာက ပေါက်ပြဲ၊ တစ်တန်းနဲ့ တစ်တန်း အကြားမှာ အကာအရံ မရှိ၊ ဆရာ/ဆရာမ မလုံလောက်လို့ အတန်းပေါင်းစုံကို မနိုင်မနင်းနဲ့ သင်ကြားရတဲ့ ဆရာ/ဆရာမတွေရဲ့ ဘဝ၊

(၂) ကျောင်းသုံးပုံနှိပ်စာအုပ် မလုံလောက်သလို၊ စာရေးကိရိယာ မဝယ်နိုင်တဲ့ ကျောင်းသူ၊ ကျောင်းသားရဲ့ အခြေအနေတွေနဲ့ ပြည့်နှက်နေတဲ့ ကျေးလက်ဒေသ၊

(၃) စာသင်ကျောင်းတွေမှာ ကျွမ်းကျင်မှုဆိုင်ရာ လိုအပ်ချက်ဖြစ်တဲ့ စာသင်ကြားနေတဲ့ ဆရာ၊ ဆရာမတွေ သုံးတဲ့ သင်ကြားနည်း စနစ်တွေ၊ ဆရာနဲ့ ကျောင်းသားဦးရေ မမျှတတဲ့ အတန်းတွေ၊

(၄) ထိုနည်းတူ စိတ်ပိုင်းဆိုင်ရာ လိုအပ်ချက်ဖြစ်တဲ့ ဒီကျောင်းကအောင်ရင် အရည်အသွေးက ပြည့်မီပါ့မလားဆိုတဲ့ စိုးရိမ်မှုတွေ၊

(၅) ဆရာနဲ့တပည့်ကြားက ဆက်ဆံရေးဟာ ခြိမ်းခြောက်မှုတွေ များနေလား၊ အားပေးမှုတွေများနေလားဆိုတဲ့ မေးခွန်းတွေ၊

(၆) ဒါ့ကြောင့် အဲဒီလို လိုအပ်ချက်ပေါင်းများစွာ ပြည့်နှက်နေတဲ့ ကျေးလက်ဒေသက ကျောင်းတွေမှာ ပညာမြင့်မှ လူမျိုးတင့်မယ် ဆိုတဲ့အသိမျိုး၊ ဆရာနဲ့တပည့်ကြားမှာ သာမက မိဘတွေရဲ့ အသိမှာလည်း အမြစ်စွဲသင့်တယ်။ သေစာရှင်စာ ဖတ်တတ်ရင် တော်ပြီဆိုပြီး ကျောင်းကို နေ့ကလေးထိန်းသာသာ အဆင့်မထားဖို့ အရေးကြီးတယ်လို့ ထင်မြင်မိပါတယ်။



ပြီးတော့ပညာဟာ ဆင်းရဲမှုကိုတောင် လျှော့ချနိုင်တယ်ဆိုတဲ့ အသိကိုပါ မိဘများကိုယ်တိုင်က သူတို့သားသမီးတွေကို ပညာပေးသင့်တယ်။ အဲဒီလို လိုအပ်ချက်ပေါင်းများစွာကို ဖြည့်ဆည်းနိုင်ဖို့က တာဝန်ရှိ သက်ဆိုင်ရာဌာနတို့က ဆောင်ရွက်ပေးရမယ့်အပြင် လူမှုအကျိုးပြု လုပ်ဆောင်နေတဲ့ အဖွဲ့တွေဆီက အကူအညီတောင်းခံပြီး နှစ်စဉ်မိမိကျောင်းရဲ့ အားသာချက်၊ အားနည်းချက်တွေကို သုံးသပ်ပြီး တိုးတက်အောင် ဝိုင်းဝန်းဖြည့်ဆည်းရမှာ ဖြစ်ပါတယ်။

# ကျွန်မရဲ့အတွေ့အကြုံအရ အထက်တန်းအောင် ကျောင်းသားတစ်ယောက်ရဲ့ အင်္ဂလိပ်စာအဆင့်နဲ့ ဘွဲ့ရ တစ်ယောက်ရဲ့ အင်္ဂလိပ်စာအဆင့်က သိပ်မကွာခြားလှဘူး

▶ ကျွန်တော့်နာမည်က စောယောင်သာအဲဆန်ပါ။ ဇာတိက ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ် ဖြစ်လို့ ကျေးလက်ပညာရေးနဲ့ ထိတွေ့နေရသူပါ။ ရောဝတီတိုင်းအနေနဲ့ ပညာဆည်းပူးစရာ အခွင့်အလမ်းတွေ များပြားတဲ့ ရန်ကုန်မြို့ကြီးနဲ့နီးလို့ ဝမ်းသာစရာ အခွင့်အရေးပါ။ ကျွန်တော်တို့ကတော့ ဒီလိုအခွင့်အရေးမျိုးနဲ့ အလှမ်းဝေးတာရယ်၊ နယ်မြေမငြိမ်သက်မှု ဖြစ်ခဲ့တာတွေကြောင့် ပညာရေးမှာ အခက်အခဲ ကြုံခဲ့ရပါတယ်။ တချို့ဆိုရင် ဒီအခက်အခဲကြားက ရုန်းကန် ကြိုးစားခဲ့ကြလို့ ထူးချွန်သူတွေလည်း ရှိပါတယ်။ အရေအတွက်ကတော့ နည်းပါတယ်။ အခုအချိန်မှာ အပစ်အခတ်တွေ ရပ်စဲပြီး နယ်မြေ အေးချမ်းအောင် ဆောင်ရွက်တော့မယ် ကြားရပါတယ်။ ဒါကြောင့် ကလေးတွေရဲ့ ပညာရေး ဘယ်လို အားစိုက်သင့်သလဲဆိုတာ ဆရာမထံမှ သိလိုပါတယ်။

● အခုခေတ်မှာ ပညာရေးကွန်ရက်တွေ အများကြီး ပေါ်နေပါတယ်။ ပထမမေးခွန်းကို ဖြေသလိုမျိုး စေတနာရှင် လုပ်အားပေး အဖွဲ့တွေဆီကနေ အကူအညီတွေ ရနိုင်ပါတယ်။

(၁) ဥပမာ၊ ကျွန်မတို့နဲ့ တက္ကသိုလ်အဆင့် ကရင် လူငယ်တချို့ ပူးပေါင်းပြီး (Karen Youth Internship) အဖွဲ့တစ်ခု ဖွဲ့စည်းထားတယ်။ ကျွန်မက အကြံပေးပါ။ ဒီနှစ် နွေရာသီမှာ ကရင်လူမျိုးတွေ အများစုနေထိုင်တဲ့ ကျေးလက် ဒေသတွေမှာ အင်္ဂလိပ်စာနဲ့ သင်္ချာဘာသာရပ်ကို မူလတန်းကနေ အလယ်တန်းအဆင့်အထိ ရည်ရွယ်ပြီး နှစ်လကြာ လိုက်လံသင်ကြားမှာ ဖြစ်တယ်။ ဒီလူငယ်လေးတွေကို နယ်မထွက်ခင် ပညာရှင်တွေက ဆရာဖြစ်သင်တန်း နှစ်ပတ်ကြာမျှ ပို့ချမယ်၊ အသိအမှတ်ပြုလွှာ ပေးနိုင်တဲ့ အဆင့်အထိ ပြင်ဆင်ထားတယ်။

(၂) ကလေးတွေ တစ်နှစ်ပတ်လုံး တွေ့နိုင်မယ့် အခက်အခဲတွေကို ကြိုတင်ပြီး ဖြေရှင်းပေးတဲ့သဘောပဲ ဖြစ်တယ်။ ကျောင်းစာအပြင် လူငယ်ဘဝ မြှင့်တင်ရေး ခေါင်းစဉ်တွေဖြစ်တဲ့ လူကုန်ကူးမှု ပပျောက်ရေး၊ မူးယစ်ဆေးဝါးရှောင်ကြဉ်ရေး၊ ဆယ်ကျော်သက်ရွယ် အိမ်ထောင်ကျခြင်းမှ ကင်းဝေးရေး စသည်တို့ကို ပို့ချသွားပါမယ်။

(၃) ပထမ ခြေလှမ်းအနေနဲ့ ၂၀၁၃-ခုနှစ် ဖေဖော်ဝါရီလ ကျောင်းစာမေးပွဲတွေ ပြီးတာနဲ့ ပန်းတနော်မြို့နယ်က ကရင်ကျေးရွာ တချို့တွေမှာ စတင်မှာဖြစ်တယ်။ ခရီးစရိတ်၊ စားရေးသောက်ရေး၊ စည်းရုံးရေးနဲ့ လုံခြုံရေးကိုတော့ ဒေသခံများက တာဝန်ယူရပါလိမ့်မယ်။ အကယ်၍ နောင်နှစ်တွေမှာ အဲဒီလို အစီအစဉ်မျိုး ပြုလုပ်ချင်တဲ့ ဒေသတွေက တက္ကသိုလ်အဆင့် လူငယ်တွေကို စုရုံးပြီး ဆရာဖြစ်သင်တန်း ပေးပြီးရင် ကိုယ့်ဒေသ ကိုယ်ပြန်ပြီး ပို့ချလို့ရတဲ့အထိ စီစဉ်လို့ ရပါတယ်။

▶ ကျွန်တော်က ကရင့်ကြေးမုံ စာစောင်အဖွဲ့က မန်းကြေးမုံပါ။ ကျွန်တော်လည်း ရောဝတီတိုင်း ကျိုက်လတ်မြို့နယ် ရုံးဒေါင့်ရွာ ဇာတိမို့ ကျေးလက်ပညာရေးကို စိတ်ဝင်စားမိပါတယ်။ အခုအခါ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးကဏ္ဍတွေမှာ အစိုးရက ဦးစီးလုပ်ဆောင်ရုံမက ကျေးလက်ကလည်း ကိုယ်ထူကိုယ်ထ ဆောင်ရွက်ကြတာတွေ ရှိပါတယ်။ ဒါ့အပြင် စေတနာရှင် လူမှုအဖွဲ့အစည်း (Cival Society) တွေကလည်း ဝိုင်းဝန်းကူညီကြတယ်လို့ သိရပါတယ်။ ဆရာမအနေနဲ့ နိုင်ငံခြားလည်းရောက်၊ ပြည်တွင်းမှာလည်း ဒေသအနှံ့လည်း ရောက်ရှိခဲ့သူမို့ ကျေးလက်ပညာရေးနဲ့ လူမှုအဖွဲ့အစည်းတွေရဲ့ ပါဝင်မှု အခန်းကဏ္ဍကို သိလိုပါတယ်။

● (၁) ဒါနဲ့ပတ်သက်လို့ ကျွန်မရဲ့ အတွေ့အကြုံကို ဝေငှချင်ပါတယ်။ လွန်ခဲ့တဲ့ (၁၀) နှစ်ကျော်ကာလ၊ အမေရိကန်နိုင်ငံက ဝါရှင်တန်ဒီစီ မြို့တော်မှာ တက္ကသိုလ်ကျောင်းကြီးတွေကို လေ့လာခဲ့ရတယ်။ တချို့ တက္ကသိုလ်ကျောင်းသားတွေက အချင်းချင်းစုပြီး ဆင်းရဲတဲ့ လူမဲရပ်ကွက်တွေမှာ ပညာဒါနပေးတာကို တွေ့ခဲ့ရတယ်။

(၂) မနှစ်က ၂၀၁၁ မှာ အမေရိကန်အစိုးရ အစီအစဉ်အနေနဲ့ အမေရိကန်ကို ဒုတိယအကြိမ် ရောက်ခဲ့ပါတယ်။ နှစ်ပေါင်း (၁၀) နှစ်အကြာ ကွာခြားမှု တွေ့ရတာကတော့ အလယ်တန်းနဲ့ အထက်တန်းအဆင့် ကျောင်းသားတွေလည်း ကျောင်းတွင်းမှာ သာမက ရပ်ကွက်ထဲက စာကြည့်တိုက်တွေ၊ ဆေးရုံတွေ၊ အုပ်ချုပ်ရေး ရုံးတွေမှာ တစ်ပတ်ကို အနည်းဆုံး နှစ်ကြိမ် လုပ်အားပေးကြတာ တွေ့ရတယ်။ ဒီနည်းနဲ့ ကျောင်းသားတွေဟာ ငယ်စဉ်ကတည်းက နိုင်ငံသားတစ်ယောက်ရဲ့ တာဝန်ကို သိမြင်စေပါတယ်။

(၃) အမေရိကန်လို နိုင်ငံကြီးမှာက မြို့တော်ဝန်တွေ ကိုယ်တိုင် ဦးစီးပြီး မိမိမြို့ ဖွံ့ဖြိုးတိုးတက်မှု၊ သာယာဝပြောမှုကို မိမိအသိနဲ့မိမိ လုပ်အားပေးလိုတဲ့ စိတ်ဓာတ်ကို အသုံးချပြီး လုပ်ဆောင်နေကြတယ်။ အဲဒီစိတ်ဓာတ်က အသက်အရွယ်မရွေး ရှင်သန်နေတော့ ဖွံ့ဖြိုးတိုးတက်တယ်ဆိုတာ မထူးဆန်းပါဘူး။ ဥပမာ၊ ပင်စင်စားအရွယ် အဖိုးကြီးအဖွားကြီးတွေဟာ အဖွဲ့လေးတစ်ခု စုပြီး သူတို့မြို့မှာ ရှိနေတဲ့ ဒုက္ခသည်တွေကို အင်္ဂလိပ် စာသင်ပေး၊ အတတ်ပညာတွေ သင်ပေး၊ လူမှု ပြဿနာတွေကို ဝိုင်းဝန်းဖြေရှင်း ပေးနေတာတွေကို မြင်ရတာ အလွန်အားရဖို့ ကောင်းပါတယ်။ ဒါ့ကြောင့် မိမိလူမျိုး မိမိဒေသ၊ မိမိပတ်ဝန်းကျင်ကို ဝိုင်းဝန်းကူညီ စောင့်ရှောက်ပေးရမယ် ဆိုတဲ့ အသိကို ငယ်ငယ်လေးထဲက အမြစ်စွဲအောင် လုပ်ဆောင်ထားဖို့ လိုအပ်ပါတယ်။

▶ ကျွန်တော် စနောင်မင်း အနေနဲ့ နိုင်ငံတော်က ယခုအခါ ပညာရေးကို ပြုပြင်ပြောင်းလဲမယ်။ တက္ကသိုလ်ပညာရေးအထိ အဆင့်မြှင့်မယ်လို့ ဂျာနယ်တွေမှာ ဖတ်ရပါတယ်။ ပညာရေး ပြုပြင်ပြောင်းလဲတဲ့အခါ ကျောင်းအဆောက်အအုံ စာသင်ခန်းတွေ၊ ကျောင်းပတ်ဝန်းကျင်တွေ၊ ဖတ်စာအုပ်တွေ၊ ဆရာ၊ ဆရာမတွေရဲ့ လူနေမှုဘဝ အဆင့်အတန်းတွေ၊ သင်ရိုး ညွှန်းတမ်းတွေ၊ ကျောင်းသုံးပရိဘောဂတွေ ဘယ်လို အဆင့်မြင့် ဖူလုံစေမယ်ဆိုတာကို အားလုံးက သိလိုကြပါတယ်။ တိုင်းပြည်က ဒီမိုကရေစီအသွေးအရောင် လင်းခါစပဲ ရှိသေးတော့ အခက်အခဲတွေတော့ ကြုံရမှာပါ။ ဆရာမအနေနဲ့ ပညာရေးနဲ့ ထိတွေ့နေရတဲ့သူ ဆိုတော့ ပညာရေးအဆင့်မြှင့်ဖို့အတွက် ဘယ်လို ဖူလုံပြည့်စုံဖို့ ဖြည့်ဆည်းစီစဉ်သင့်လဲဆိုတာ သိလိုပါတယ်။

● ပညာရေး အဆောက်အအုံ ပြုပြင်ပြောင်းလဲတော့မယ် ဆိုတဲ့သတင်းဟာ သတင်းကောင်းတစ်ခု ဖြစ်ပါတယ်။ ယခင်က ကျွန်မတို့နိုင်ငံရဲ့ ပညာရေးဘတ်ဂျက်ဟာ အမျိုးသားရေး ဘတ်ဂျက်တစ်ခုလုံးရဲ့ ၁.၄ ရာခိုင်နှုန်းပဲ ရှိပါတယ်။ ဒါကြောင့် ပညာရေးလိုအပ်ချက် အဖက်ဖက်မှာ ရှိတယ်ဆိုတာ သေချာပါတယ်။ ဒါပေမဲ့ အဓိကကျတဲ့ အခန်းကဏ္ဍဖြစ်တဲ့ လူသားစွမ်းအား အရင်းအမြစ်ဖြစ်တဲ့ ကျောင်းဆရာ၊ ဆရာမတွေရဲ့ ကဏ္ဍကို အထူးဆွေးနွေးလိုပါတယ်။

ဗုဒ္ဓဘာသာအရ ကြည့်မယ်ဆိုရင် ဆရာ၊ ဆရာမတွေဟာ ဘုရား၊ တရား၊ သံဃာတွေနဲ့ တန်းတူ အထွဋ်အမြတ် ထားခံရတဲ့ အနန္တဂိုဏ်းဝင် ပုဂ္ဂိုလ်တွေပါပဲ။ သင်ကြားမှု သဘောအရ ပြောရမယ်ဆိုရင်လည်း ဆရာ၊ ဆရာမ၊ သင်ကြားနည်းစနစ်၊ သင်ထောက်ကူပစ္စည်း စတဲ့ သုံးပွင့်ဆိုင်တြိဂံပုံစံမှာလည်း ထိပ်ဆုံးထောင့်က ဆရာ၊ ဆရာမတွေဟာ အဓိကကျတဲ့ လူတွေပါပဲ။ ဒါ့ကြောင့် ဒီလောက် အရေးပါတဲ့ ဆရာ၊ ဆရာမတွေရဲ့ ဘဝတွေဟာ အသိအမှတ်ပြု မခံရသလို ဖြစ်တယ်လို့ ခံစားမိပါတယ်။

(၁) အထူးသဖြင့် အခြေခံကျတဲ့ မူလတန်းအဆင့်က ဆရာ၊ ဆရာမတွေရဲ့ ဘဝတွေကိုစပြီး ကျွမ်းကျင်မှုဆိုင်ရာ အရရော၊ ဘဝဖူလုံမှု အတွက်ရော မြှင့်တင်ပေးသင့်တယ်။

(၂) ကျွန်မ ဩစတြေးလျမှာ ပညာသွားသင်တုန်းက မဲလ်ဘုန်းမြို့ပြင်က မူလတန်းကျောင်းမှာ တစ်လနီးပါးလောက် စာကူသင် ပေးခဲ့ရဖူးတယ်။ မူလတန်းဆရာ၊ ဆရာမတစ်ယောက်ဟာ ကလေးတွေကို ပညာရေးအခြေခံ အုတ်မြစ်နိုင်မြဲအောင် ပို့ချတဲ့နေရာမှာ အလွန်ပင်ပန်းတာကို တွေ့ရပါတယ်။

(၃) သူတို့ရဲ့ မူလတန်း ဆရာ၊ ဆရာမ ဘဝကို တက္ကသိုလ်ကဆရာ၊ ဆရာမတစ်ယောက်လိုပဲ တန်းတူ တန်ဖိုးထားတယ်။ လစာတို့ ခံစားခွင့်တို့ကလည်း သိပ်မကွာကြဘူး။

(၄) ပြီးတော့ အဆင့်မြင့် ဒီဂရီတွေရဖို့ ကျောင်းကရော၊ ဒေသခံ အဖွဲ့အစည်းတွေကရော ပံ့ပိုးကူညီပေးတယ်။ အဲဒီတုန်းက တွေ့ခဲ့တဲ့ မူလတန်းဆရာ၊ ဆရာမတွေ အားလုံးဟာ ပညာရေးမဟာဝိဇ္ဇာဘွဲ့ ရပြီးသားသူတွေ ဖြစ်ပါတယ်။ ဒါ့ကြောင့် အဲဒီလိုပဲ အလယ်တန်းအဆင့် အထက်တန်းအဆင့်နဲ့ တက္ကသိုလ်အဆင့်တွေမှာ သင်နေတဲ့ ဆရာ၊ ဆရာမတွေကို ကျွမ်းကျင်မှုရော၊ ဘဝဖူလုံမှုရော၊ ပံ့ပိုးကူညီမယ်ဆိုရင် ပညာရေးကဏ္ဍဟာ တိုးတက်လာမှာ သေချာပါတယ်။

ဗလငါးတန်ပြည့်စုံအောင်
ကြိုးစားဖို့အပြင်၊
ကွယ်လွန်သူ စာရေးဆရာ
ဖန်းမော်တင်အောင်ရဲ့
အုတ်ဂူပေါ်မှာ ရေးထားတဲ့
လူ့တန်ဖိုးဆိုတဲ့ စာသားလေးကို
ဖြည့်စွက် ပြောပါရစေ။
လူတစ်ယောက်ရဲ့ တန်ဖိုးကို
ဒီလူဟာ
လူသားအချင်းချင်းအတွက်
ဘယ်လောက်ကောင်းကျိုးတွေ
လုပ်ခဲ့သလဲဆိုတဲ့ ပေတံနဲ့ပဲ
တိုင်းတာပါတယ်။

▶ ကျွန်တော်တို့ နိုင်ငံက ကလေးတွေ ပညာရေးအဆင့်မြင့်ပြီး နိုင်ငံတကာနဲ့ ရင်ပေါင်တန်းနိုင်ဖို့ ဘာသာရပ်အမျိုးမျိုး ဆည်းပူး လေ့လာနိုင်ဖို့ အင်္ဂလိပ်စာ ဘာသာရပ်ဟာ အလွန်အရေးကြီးလာတယ်ဆိုတာ အားလုံးက လက်ခံလာကြပါတယ်။ ဒါကြောင့် မူလတန်းမှစပြီး တက္ကသိုလ်အထိ အင်္ဂလိပ်စာတတ်ဖို့၊ ကျွမ်းကျင်ဖို့ ဘယ်လိုကြိုးပမ်းရမလဲ ဆိုတာ သိလိုပါတယ် ဆရာမ။

● အင်္ဂလိပ်စာဟာ နိုင်ငံတကာ ဘာသာစကားဖြစ်နေတဲ့အတွက် နှစ်သက်သည် ဖြစ်စေ၊ မနှစ်သက်သည် ဖြစ်စေ၊ မဖြစ်မနေ သင်ယူရမယ့် ဘာသာတစ်ခု ဖြစ်လာပါတယ်။

(၁) အခြေခံကျတဲ့ မူလတန်းအဆင့် ကတည်းက အသံထွက်မှန်အောင် မသင်ပေးနိုင်ခဲ့ရင်၊ သဒ္ဒါခြေခံခိုင်အောင် မသင်ပေးနိုင်ခဲ့ရင် ခေါက်ရိုးကျိုးတဲ့ ပြဿနာကို ဖြေရှင်းရမှာ အတော်ခက်ခဲပါလိမ့်မယ်။

(၂) စဉ်ဆက်မပြတ် အကဲဖြတ် သင်ကြားနည်းစနစ်ကို အလွဲအသုံးချမိတဲ့အပြင် စာမေးပွဲမှာပါမယ့်အရာကို သင်ပေးတဲ့စနစ် ကျင့်သုံးမိခဲ့တဲ့အတွက် ကျွန်မတို့ ကျောင်းသား၊ ကျောင်းသူများဟာ ဘာသာပြန်ကျွမ်းကျင်မှု အားနည်းလာတဲ့အပြင် တွေးခေါ်ဆင်ခြင်မှုများလည်း အလွန်အားနည်းသွားခဲ့ကြပါတယ်။

(၃) အကျိုးဆက်ကတော့ နှုတ်တိုက်သင်ယူခြင်းနှင့် ခွံ့ကျွေးတဲ့သင်ကြားမှု နည်းစနစ်ကြားထဲမှာ ကြီးပြင်းလာကြတဲ့အတွက် ဝမ်းနည်းစရာ အလွန်ကောင်းပါတယ်။

(၄) သင်ရိုးညွှန်းတမ်း ရေးဆွဲမှုကလည်း အလွန်အရေးကြီးပါတယ်။ အလယ်တန်း အင်္ဂလိပ်စာနဲ့ အထက်တန်း အင်္ဂလိပ်စာ၊ တက္ကသိုလ် အင်္ဂလိပ်စာအဆင့် ကွာဟမှုတွေဟာ ဝိုပြီး နိမ့်သွားသလား၊ မြင့်သွားသလားဆိုတာ ပြောရမှာတောင် ခက်နေတယ်။ ကျွန်မရဲ့ အတွေ့အကြုံအရ အထက်တန်းအောင် ကျောင်းသားတစ်ယောက်ရဲ့ အင်္ဂလိပ်စာအဆင့်နဲ့ ဘွဲ့ရတစ်ယောက်ရဲ့ အင်္ဂလိပ်စာအဆင့်က သိပ်မကွာခြားလှဘူး။

(၅) ဒါကြောင့် အင်္ဂလိပ်စာ တိုးတက်ချင်ရင်၊ အတွေ့အကြုံရှိတဲ့ ဆရာ၊ ဆရာမတွေနဲ့ နည်းစနစ်မှန်မှန် သင်ယူကြပါ။ အင်္ဂလိပ် ပုံပြင်၊ ဝတ္ထုတို၊ ဝတ္ထုရှည် ဖတ်တဲ့အကျင့်ပြုလုပ်ရင်း စာဖတ်အားရော၊ စာရေးကျွမ်းကျင်မှုရော ဝိုပြီး အားကောင်းအောင် လုပ်နိုင်ပါတယ်။ အင်္ဂလိပ် သီချင်းတွေကို နားထောင်ကြပါ။ သီဆိုကြပါ။ အင်္ဂလိပ် ရုပ်ရှင်တွေကို အင်္ဂလိပ် စာတန်းထိုးတွေကို ကြည့်ကြပါ။ အင်္ဂလိပ် စကားပြောနဲ့ နားထောင်တဲ့ ကျွမ်းကျင်မှုကိုတိုးတက်အောင် ပြုလုပ်လို့ရတယ်။ နိုင်ငံခြားသား ခရီးသွားတွေကို စကားပြောခွင့်ရရင် အတွေ့အကြုံ တိုးတက်ရယူနိုင်ပါတယ်။

▶ နိုင်ငံတကာကရော ပြည်တွင်းကပါ ပညာရေးအတွက် ဝိုင်းဝန်းကူညီ လှူတန်းမှုတွေကို သာမှ ခေါ်ပါတယ်။ ဆက်လက် ကူညီဖို့လည်း နိုင်ငံတကာက ကမ်းလှမ်းတာတွေလည်း ကြားရပါတယ်။ ဒီလို အားလုံးက ပညာရေးအတွက် ကူညီရာမှာ ကျေးလက်မြို့ပြ ဘယ်လိုအချိုးချ ကူညီသင့်တယ်ဆိုတာ ဆရာမအမြင်ကို သိလိုပါတယ်။

● ကျွန်မကတော့ တန်းတူညီမျှ အခွင့်အရေးခံစားနိုင်ဖို့၊ အခွင့်ထူး မရရှိတဲ့ ကျေးလက်ဒေသကို ဝိုပြီး ခွဲဝေပေးသင့်တယ်လို့ ယူဆပါတယ်။ ဥပမာ၊ မြို့ပြ (၄၀%) ဆိုရင် ကျေးလက် (၆၀%) ပေါ့။

▶ ဂျာနယ်တွေမှာ နိုင်ငံခြား တက္ကသိုလ်တွေနဲ့ ဆက်စပ်တဲ့ ကြော်ငြာသတင်းတွေကို ဖတ်ရလို့ အံ့ဩမိပါတယ်။ နိုင်ငံခြား တက္ကသိုလ်တွေက စကောလားရှစ် ပညာသင်ဆု ပေးတာ၊ နိုင်ငံခြားတက္ကသိုလ်တွေက လာဖွင့်တဲ့ ပြည်တွင်းသင်တန်းတွေမှာ သင်ယူရုံနဲ့ နိုင်ငံခြားလို ဒီပလိုမာဘွဲ့တွေ ရနိုင်ပုံ၊ ပညာရေး အခွင့်အလမ်းတွေ ပေးထားပုံတွေပါပဲ။ ရှိစုမဲ့စုလေးနဲ့ ပညာဆက်သင်ရမယ့် ကရင်လူငယ်တွေ၊ တိုင်းရင်းသား လူငယ်တွေအတွက် ဒီသတင်းကြော်ငြာတွေဟာ လက်တွေ့ခရီးရောက်မရောက် ဒီကြော်ငြာသတင်းတွေနဲ့ ပတ်သက်ပြီး သိထားသင့်တာတွေကို ပြောပြပေးပါလို့ မေတ္တာရပ်ခံ လိုပါတယ်။

● အရည်အသွေး ပြည့်ဝတဲ့ပညာရေးကို ဆာငတ်နေကြတဲ့ ကရင်လူငယ်တွေ သတိထားရမယ့် အချက်တွေ အများကြီး ရှိပါတယ်။ အခုလို ကျောင်းပေါင်းစုံ ပေါများနေတဲ့ အချိန်မှာ

(၁) အခု လာဖွင့်တဲ့ကျောင်းက အစစ်အမှန် ဖြစ်ရဲ့လား။ ဒီကျောင်းကပြီးရင် ဘာအာမခံချက်ရှိလဲ။ ဘယ်နိုင်ငံက တက္ကသိုလ်က အသိအမှတ် ပြုထားသလဲ ဆိုတာတွေကို စုံစမ်းရပါမယ်။

(၂) ပြီးရင် အဲဒီကျောင်းက လိုအပ်တဲ့ ပညာအရည်အချင်း ( ဥပမာ၊ I.E.L.T.S Band ၆ မှာ ရှိရဲ့လား။ မရှိရင် ၆ ဘယ်လိုရှိအောင် ကြိုးစားမလဲ)။

(၃) တတိယအချက်က အဲဒီကျောင်းက ပို့ချတဲ့ဘာသာရပ်တွေကို စိတ်ဝင်စားရဲ့လား။ ၆ ရည်မှန်းချက်နဲ့ ကိုက်ညီရဲ့လား။

(၄) နောက်ဆုံးအချက်ကတော့ ကျောင်းစရိတ်ကို ၆ တတ်နိုင်ရဲ့လား။ ဘယ်သူက ဆက်ပြီး ထောက်ပံ့မှာလဲ။ ပညာသင်ဆုကို ၆ ဘယ်လောက်ရမှာလဲ။ ၆ ကိုဘယ်လောက်နှုန်း စရိတ်လျှော့ပေးမှာလဲ စသည်ဖြင့် စိတ်ကူးယဉ် မဟုတ်ဘဲ လက်တွေ့ကျကျ စဉ်းစားဆုံးဖြတ်ပြီးမှ တက်ကြပါလို့ တိုက်တွန်းချင်ပါတယ်။

▶ ဒီတစ်ခါ ကျွန်တော်တို့ ကရင့်ကြေးမုံအဖွဲ့က သိချင်တာတစ်ခု ရှိပါတယ်။ အဲဒါကတော့ ကျွန်တော်တို့ နှစ်သစ်/ဗဟို မဟာရန်ကုန်က ကြီးမှူးကျင်းပတဲ့ နှစ်သစ်ပွဲတော်စင်မြင့်မှာ တက္ကသိုလ်ဝင်တန်း စာမေးပွဲမှာ တစ်ဘာသာမှ ခြောက်ဘာသာအထိ ထူးချွန်အောင်မြင်တဲ့ ကရင်လူငယ်မောင်မယ်တွေကို နှစ်စဉ်ပညာရည်ချွန်ဆု ချီးမြှင့်ပါတယ်။ အနယ်နယ်အရပ်ရပ် ကရင်နှစ်သစ်ကူးပွဲတော်များမှာလည်း ဒီလိုပညာရည်ချွန်ဆု ချီးမြှင့်ကြတယ်လို့ သိရပါတယ်။ ဒါကြောင့် ဆုရသူများ အပါအဝင် ပညာအောင်မြင်ထူးချွန်တဲ့ ကရင်မောင်မယ်များအနေနဲ့ ကရင့်မိဘပြည်သူများ ဘဝတိုးတက်ဖွံ့ဖြိုးရေးအတွက် ဘယ်လိုတုံ့ပြန် ကျေးဇူးဆပ် အထောက်အကူ ပေးသင့်သလဲဆိုတာ ပြောပြပေးပါလား ဆရာမ။

● ကရင်လူငယ်တစ်ယောက် ငြိမ်းချမ်းရေး ဆွေးနွေးပွဲတစ်ခုမှာ ကရင်လူငယ်တွေ ဘာတွေလုပ်ထားဖို့လိုလဲ ဆိုတဲ့ မေးခွန်းကို ဝိုင်းဝန်းဖြေကြတာ သတိရမိတယ်။ ဒီမေးခွန်းနဲ့ ပတ်သက်လို့ ဗလငါးတန်ပြည့်စုံအောင် ကြိုးစားဖို့အပြင်၊ ကွယ်လွန်သူ စာရေးဆရာ ဗန်းမော်တင်အောင်ရဲ့ အုတ်ဂူပေါ်မှာ ရေးထားတဲ့ လူ့တန်ဖိုးဆိုတဲ့ စာသားလေးကို ဖြည့်စွက်ပြောပါရစေ။ လူတစ်ယောက်ရဲ့ တန်ဖိုးကို ဒီလူဟာ လူသားအချင်းချင်းအတွက် ဘယ်လောက် ကောင်းကျိုးတွေ လုပ်ခဲ့သလဲဆိုတဲ့ ပေတံနဲ့ပဲ တိုင်းတာပါတယ်။

ဒါ့ကြောင့် ပညာထူးချွန်တဲ့ ကရင်လူငယ် မောင်မယ်များအနေနဲ့ မိမိရဲ့ ပညာထူးချွန်မှုဟာ မိမိရဲ့ ကရင်သွေးချင်းတွေ အဖက်ဖက်က လိုအပ်နေတဲ့ကဏ္ဍတွေကို အထောက်အကူ ပြုနိုင်ဖို့ ကြိုးစားကြပါ။ တန်ဖိုးရှိတဲ့ လူသားဘဝကို ပိုင်ဆိုင်အောင် ဝိုင်းဝန်း လုပ်ဆောင်ကြပါလို့ တိုက်တွန်းပါရစေ။

▶ ဆရာမအနေနဲ့ ဘဝပေးအသိလူမှုရေး၊ ပညာရေး အတွေ့အကြုံတွေနဲ့အတူ ယခုလို ဖြေကြားပေးတာ ကျွန်တော်တို့ အထူး ကျေးဇူးတင်ပါတယ်။ ဆရာမရဲ့ ပညာရေး၊ လူမှုရေး ဒီလို ကြိုးပမ်းမှုတွေကို အသိအမှတ်ပြုတဲ့ အနေနဲ့ နိုင်ငံခြား တိုင်းပြည်မှာ ဆရာမကို ဆုချီးမြှင့်ခံရ တယ်လို့ သိရပါတယ်။ ဆုလက်ခံ ရရှိပုံကိုလည်း ကျွန်တော် တို့အားလုံး မျှဝေဂုဏ်ယူ ဝမ်းသာနိုင်ဖို့ ပြောပြပေးပါလို့ မေတ္တာရပ်ခံ အပ်ပါတယ်။

● ၂၀၁၁ ခုနှစ်၊ နိုင်ငံတကာ ညွှသည်တော် ခေါင်းဆောင်မြှင့်တင်မှု အစီအစဉ်အနေနဲ့ အမေရိကန် နိုင်ငံမှာ သွားရောက်လေ့လာခဲ့ပါတယ်။ အဲဒီ ခရီးစဉ်က ပြန် လာပြီးကတည်းက

(၁) အင်္ဂလိပ်စာဆရာ၊ ဆရာမ ဖွံ့ဖြိုးတိုးတက်မှု အစီအစဉ်တွေကို ယနေ့ထက်တိုင် လုပ်ဆောင်လျက် ရှိနေပါတယ်။

(၂) ဒါပေမဲ့ ကိုယ်နဲ့ ထိတွေ့နေတဲ့ တိုင်းရင်းသား ကျောင်းသားတွေရဲ့ လိုအပ်ချက်ရော၊ ခေတ်ရေစီးကြောင်း လိုအပ်ချက်ကိုပါ သတိထားမိပြီး အမေရိကန်-မြန်မာ ချစ်ကြည်ရေးအဖွဲ့က မိတ်ဆွေတွေရဲ့ အကူအညီတွေနဲ့အတူ လူငယ်များအတွက် စာနယ်ဇင်းမိတ်ဆက်၊ လူငယ်နှင့် စီးပွားရေး စိန်ခေါ်ချက်များ၊ လူငယ်နှင့် လူမှုရေး စွမ်းဆောင်မှုများ၊ လူငယ်နှင့် သတင်းတင်ဆက်မှု ပညာ၊ လူငယ်နှင့် ရုပ်ရှင်ပညာ စသည်တို့အပြင် လူငယ်ဘဝ ဖွံ့ဖြိုး တိုးတက်မှု လုပ်ငန်းများကို လုပ်ဆောင်ခဲ့ပါတယ်။

(၃) ဒါကြောင့် နိုင်ငံတကာ ခေါင်းဆောင်မြှင့်တင်ရေး အစီအစဉ် နှစ် (၅၀) ပြည့် ညီလာခံမှာ အမေရိကန်နိုင်ငံရဲ့ လူမှုအကျိုးပြု ထူးချွန်ဆု၊ ရွှေကြယ်စင်ဆုကို တစ်ကမ္ဘာလုံးက ဆုရှင် (၁၈) ယောက်ထဲက တစ်ယောက်အဖြစ် ၂၀၁၁ ခုနှစ် ဖေဖော်ဝါရီလမှာ ဆုချီးမြှင့် ခံခဲ့ရပါတယ်။ ဒါဟာ နှစ် (၅၀) မှာမှ ပထမဦးဆုံးအကြိမ် အမေရိကန်အစိုးရက ပြုလုပ်ကျင်းပတဲ့ ပွဲဖြစ်ပြီး၊ မြန်မာနိုင်ငံက အမျိုးသမီး အနေနဲ့လည်း ပထမဦးဆုံးအကြိမ် ဆုရရှိခြင်း ဖြစ်ပါတယ်။

အဲဒီ ဆုပေးပွဲ အခမ်းအနားကို အမေရိကန်နိုင်ငံရဲ့ မြို့တော် ဝါရှင်တန်ဒီစီရဲ့ အကောင်းဆုံးဟော်တယ်မှာ ကျင်းပပါတယ်။ လူတစ်ထောင်နီးပါး ရှေ့မှောက်မှာ သဘာပတိက ဆုရှင်အမည်နဲ့ နိုင်ငံအမည်ကို ပရိသတ်အားလုံးကခေါ်ပြီး စင်ပေါ်တက်လာဖို့ ပြောပါတယ်။

(၄) ကျွန်မက အမျိုးသမီး (၆) ယောက်ထဲက တစ်ယောက်အဖြစ် ဆုကို အရင်ဆုံး လက်ခံယူခဲ့ရပါတယ်။ ကျွန်မရဲ့အမည်နဲ့ နိုင်ငံကို ခေါ်လိုက်တဲ့အချိန်မှာ ကျွန်မ ကြက်သီး အရမ်းထမိပါတယ်။ အမေရိကန်နိုင်ငံခြားရေး ဝန်ကြီး ဟီလာရီကလင်တန် ( Hillary Clinton ) ကိုယ်တိုင် ကျွန်မတို့နိုင်ငံနဲ့ ကျွန်မတို့ရဲ့ လူမှုရေးစွမ်းဆောင်မှုတွေကို ချီးကျူး ဂုဏ်ပြုစကားပြောတာကို ခံခဲ့ရတဲ့အတွက် အလွန် ဝမ်းသာပီတိ ဖြစ်ခဲ့ရပါတယ်။

(၅) ဒါ့အပြင် ကရင်အမျိုးသမီးတစ်ယောက်အနေနဲ့ မြန်မာနိုင်ငံကိုယ်စား၊ အာရှ-ပစိဖိတ်ငုံ ကိုယ်စား ဆုရရှိအောင် ဝိုင်းဝန်းပံ့ပိုး ကူညီပေးခဲ့ကြတဲ့ ပုဂ္ဂိုလ်အသီးသီးကို ကျေးဇူးတင်မိပါတယ်။

(၆) ကျွန်မအနေနဲ့ တုန့်ပြန်မှု အခွင့်အရေးတွေကို မျှော်လင့်မနေဘဲ၊ မိမိပတ်ဝန်းကျင်မှာရှိတဲ့ လူတွေရဲ့ လိုအပ်ချက်တွေကို လူသားတန်ဖိုးရှိရှိ စွမ်းဆောင်ဖို့ လိုအပ်တယ်လို့ ထင်မြင်မိပါတယ်။ ဒီလိုစွမ်းဆောင်မှုအတွက် ကိုယ်နဲ့ထိုက်တန်တဲ့ အရာတစ်ခုဟာ ကိုယ့်ကို အမြဲစောင့်ကြိုနေပါလိမ့်မယ်လို့ စကားလက်ဆောင် ပါးပါရစေရှင်။

▶ ဆရာမရဲ့ ယခုလိုဆောင်ရွက်မှုတွေဟာ ပညာရေး၊ လူမှုရေးအတွက် အလွန် အထောက်အကူ ပြုတယ်လို့ ယူဆမိပါတယ်။ တကယ်လို့ ကရင်မိဘ ပြည်သူများ၊ ကရင်လူငယ်များ အနေနဲ့ ဆရာမ ဆောင်ရွက်နေသော လုပ်ငန်းစဉ်များနဲ့ ပတ်သက်ပြီး သိလိုတာရှိရင်၊ အကူအညီတောင်းလိုတာရှိရင် ဆက်သွယ်နိုင်ဖို့ ဆရာမရဲ့ လိပ်စာကလေး ပေးစေလိုပါတယ်။

●

ဆရာမ နန့်အက်စတာ
အမှတ် (၁၂) ရန်ပြီလမ်း၊ မှန့်လုပ်ဆောင်းကုန်း (မြောက်)
စမ်းချောင်း၊ ရန်ကုန်မြို့။
ဖုံး - ဝ၉-၄၅၀၀၁၄၇၃၇

ကရင်အမျိုးသား နှစ်သစ်ကူးပွဲတော် စိန်ရတု နှင့်အတူ ကရင်မိဘပြည်သူများ၊ တိုင်းရင်းသား ညီအစ်ကို မောင်နှမအားလုံး ကျန်းမာရွှင်လန်းပါစေလို့ ကျွန်မ ဆုမွန် ကောင်းများ တောင်းလိုက်ပါရစေ။ ဒီလို ဆွေးနွေးဖြေကြား ခွင့်ရအောင် စီစဉ်ပေးတဲ့ နှစ်သစ်ဖဟိုကိုလည်း အထူးကျေးဇူး တင်ပါတယ်။

▶ ကျွန်တော်တို့ ကရင့်ကြေးမုံကလည်း ဆရာမကို အထူးကျေးဇူး တင်ပါတယ်။ ဆရာမနဲ့ မိသားစုအားလုံး ကရင့်နှစ်သစ် စိန်ရတု အခါသမယမှာ ကျက်သရေအပေါင်း ခညောင်းပြီး ကောင်းချီးမင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေ ကြောင်း ဆုမွန်ကောင်းများ တောင်းလိုက်ပါတယ်။







# ဆရာမ စူဆန်နာ
# ငြိမ်းချမ်းရေး အကြောင်း နှင့် ရောက်တတ်ရာရာ

ကရင်နှစ်သစ်ကူးကျင်းပရေး ဗဟိုကော်မတီ၏ တစ်ခုသော အစည်းအဝေးတွင် ကရင့်ကြေးမုံအယ်ဒီတာအဖွဲ့သည် ဆရာမ စူဆန်နာနှင့် အမှတ်မထင် ဆုံခဲ့ရသည်။ ဆရာမသည် ကရင်အမျိုးသမီး တိုးတက်ဖွံ့ဖြိုးရေးအဖွဲ့၏ ပဲ့ကိုင်ရှင် ဖြစ်သည်။ အစိုးရနှင့် KNU အဖွဲ့တို့၏ ငြိမ်းချမ်းရေးဆွေးနွေးပွဲများ ဖြစ်မြောက်အောင်လည်း ဝိုင်းဝန်းဆောင်ရွက်နေသူ တစ်ဦးလည်း ဖြစ်သည်။ သို့နှင့် အစည်းအဝေး မစခင် အချိန်တိုလေးအတွင်း ကရင့်ကြေးမုံအယ်ဒီတာအဖွဲ့သားများသည် ဆရာမ စူဆန်နာနှင့် ငြိမ်းချမ်းရေး ဖြစ်စဉ်အကြောင်း ရောက်တတ်ရာရာ ပြောဖြစ်ခဲ့ကြပါသည်။

■ မေလတုန်းက လူမှုထူးချွန်ဆု ရခဲ့တဲ့အတွက် Congratulation ပါ ဆရာမရေ။

● ကျေးဇူးပါရှင်၊ တိတိကျကျဆိုရင် မေလ (၁) ရက်နေ့တုန်းကပေါ့။ Inter Action ဆိုတဲ့ အမေရိကန် အဖွဲ့အစည်းက ချီးမြှင့်တဲ့ လူမှုထူးချွန်ဆုပါ။ မြန်မာပြည်က ပထမဆုံး ရတာလို့ သိရတဲ့အတွက် ကရင်အမျိုးသမီး တစ်ဦး အနေနဲ့ရော မြန်မာနိုင်ငံသားတစ်ဦး အနေနဲ့ပါ ဂုဏ်ယူဝမ်းသာမိပါတယ်။

■ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်ထဲမှာ ဆရာမကို တွေ့တွေ့ နေရတယ်နော်။

● ပြီးခဲ့တဲ့ မတ်လတုန်းက ဝန်ကြီးဦးအောင်မင်းက ကရင်ရပ်မိရပ်ဖတွေနဲ့ တွေ့ပြီး ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေကို ကူညီဖို့ မေတ္တာရပ်ခံခဲ့တယ်ပေါ့နော်။ အဲဒါနဲ့ပဲ KWAG က ငြိမ်းချမ်းရေး ဆွေးနွေးပွဲတွေမှာ ပံ့ပိုးကူညီသူ အနေနဲ့ တခြား ကရင်အဖွဲ့အစည်းတွေနဲ့ ပေါင်းပြီးလှုပ်ရှားခဲ့ပါတယ်။

■ ကျွန်တော်တို့သိရတာက အစိုးရနဲ့ KNU တို့ ငြိမ်းချမ်းရေးဆွေးနွေးပွဲ ဖော်ဆောင်တဲ့ ကိစ္စတွေမှာ KWAG က ပူးပေါင်းဆောင်ရွက်နေတာ အချိန်တော်တော် ကြာသွားပြီလားလို့။

● သိပ်အကြာကြီး မဟုတ်ပါဘူး။ ဥပမာ- ၂၀၁၁ ဩဂုတ်လ ၁၈ ရက်နေ့မှာ သမ္မတကြီး အမိန့်စာနဲ့ တစ်ပြည်လုံး ငြိမ်းချမ်းရေး ဖော်ဆောင်မည့်အကြောင်း တစ်ပြည်လုံးကို ကြေညာ အပြီးမှာပေါ့။ ပြည်တွင်းပြည်ပမှာရှိတဲ့ ကရင်တွေရဲ့ သဘောထားအမြင်တွေကို စုပြီး KWAG ကမကထ လုပ်ပြီး KNU ဆီ ပို့ပေးခဲ့ပါတယ်။

■ ငြိမ်းချမ်းရေးကတော့ လူတိုင်းလိုချင်ကြတာချည်းပဲ ဆရာမရေ။ ကျွန်တော်တို့ကလည်း အရင်တုန်းက ငြိမ်းချမ်းရေး ဆွေးနွေးပွဲတွေအကြောင်း ကြားခဲ့ဖူးတော့ အရမ်းမမျှော်လင့်ရဲဘူး ဖြစ်နေတယ်။

● အရင်တုန်းက ငြိမ်းချမ်းရေးဆွေးနွေးပွဲတွေ မအောင်မြင်တာ ခိုင်မာတဲ့ ယုံကြည်မှုကို မတည်ဆောက်နိုင်လို့ပါ။ ပြီးတော့ ပြည်သူလူထု ပါဝင်တဲ့ ငြိမ်းချမ်းရေး ဖော်ဆောင်မှုကို မလုပ်နိုင်ခဲ့လို့ပါ။ အခုတော့ စစ်မှန်တဲ့ ငြိမ်းချမ်းရေးရအောင် ကျွန်မတို့အားလုံး ကြိုးစားနေကြပါတယ်။

■ လူထုတွေကတော့ အခုငြိမ်းချမ်းရေးဆွေးနွေးပွဲတွေရဲ့ အလားအလာကို အကောင်းဘက်က မျှော်လင့်နေကြတယ် ဆရာမ။

● ပြည်တွင်းငြိမ်းချမ်းရေး တွေ့ဆုံခြင်းဆိုတာ စစ်တိုက်နေတဲ့ အဖွဲ့နှစ်ဖွဲ့ စားပွဲပေါ်မှာ ထိုင်ပြီး လက်မှတ်ထိုးတာထက် ပိုပါတယ်။ ပြည်သူလူထုတွေက ပါဝင်ပြီး ဆွေးနွေးတဲ့ အချက်တွေကို အဆိုပြု နားလည်ထောက်ခံတာတင်မက ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အဆင့်ဆင့်မှာ ပါဝင်ဖို့ ဖြစ်ပါတယ်။ ဒါမှလည်း ရေရှည်ခိုင်မြဲတဲ့ ငြိမ်းချမ်းရေးကိုရမှာ ဖြစ်ပါတယ်။



■ အစိုးရရဲ့ ငြိမ်းချမ်းရေး လမ်းစဉ်ကတော့ မီဒီယာတွေထဲမှာ တွေ့တွေ့နေရတော့ တော်တော်များများ ရင်းနှီးနေပါပြီ။ KNU ရဲ့ လမ်းစဉ်ကရော ဆရာမ။

● KNU ရဲ့ ငြိမ်းချမ်းရေး လမ်းစဉ်ကတော့

၁။ ပထမ အပစ်အခတ် ရပ်စဲရေး
(Initial Cease Fire)

၂။ ခိုင်မာသည့် အပစ်အခတ် ရပ်စဲရေး
(Duable Cease Fire)

၃။ နိုင်ငံရေးညှိနှိုင်းမှု
(Political Dialogue)

၄။ နိုင်ငံရေးအရ ပူးပေါင်းဆောင်ရွက်ခြင်း
(Political Participation)

■ ဒါနဲ့ ဆရာမ။ နှစ်သစ်ကူးပွဲတော်ကျရင် KWAG အနေနဲ့ ပြခန်းတွေ လုပ်ဦးနော်။

● လုပ်ရမှာပေါ့။ စိန်ရတုအကြိုမှာ ယဉ်ကျေးမှု အဝတ်အစား ပြိုင်ပွဲတွေ လုပ်မယ်။ ပြခန်းတွေမှာ လူကုန်ကူး ပညာပေးတို့၊ သဘာဝပတ်ဝန်းကျင် ပညာပေးတို့၊ လူ့အခွင့်အရေး ပညာပေးတို့ လုပ်သွားမှာပါ။

■



KWAG Porfile

**အဖွဲ့အမည်**

ကရင်အမျိုးသမီးတိုးတက်ဖွံ့ဖြိုးရေးအဖွဲ့

**ဒါရိုက်တာ**

နော်စူဆန်နာလှလှစိုး

**ရည်ရွယ်ချက်**

ကရင်အပါအဝင် တိုင်းရင်းသားအမျိုးသမီးများ မိမိအခွင့်အရေးကို မိမိသိပြီး နိုင်ငံရေး၊ စီးပွားရေး လူမှုရေး လုပ်ငန်းများတွင် တက်တက်ကြွကြွ ပါဝင်လာရန်။

**ချိတ်ဆက်ဆောင်ရွက်နေသော အဖွဲ့များ**

ကရင်ကျောင်းသားများအဖွဲ့ (KSA)၊
ကရင်ပညာရေး ကွန်ရက်အဖွဲ့ (Karen Education Network)၊
KDC, KDN
ဖလုံစဝေါ် ဒီမိုကရက်တစ်ပါတီ
ကရင်ပြည်သူ့ပါတီ (KPP)

**လက်ရှိဆောင်ရွက်ချက်များ**

အမျိုးသမီးများအား ငွေစုငွေချေးများ ပြုလုပ်ခြင်း
လူကုန်ကူးမှု တားဆီးကာကွယ်ရေးနှင့် လူကုန်ကူးခံရသူများအား ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး
စာသင်ကျောင်းများ ဆောက်လုပ်လှူဒါန်းခြင်း
ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများ
အမျိုးသမီးခေါင်းဆောင် မြှင့်တင်ရေး၊ သင်ယူရေးစင်တာများ ဖွင့်လှစ်ခြင်း
အမျိုးသမီး ကျန်းမာရေးကဏ္ဍ (သားဆက်ခြား၊ မျိုးဆက်ပြန့်ပွား)
ပညာရေးမြှင့်တင်ရေးလုပ်ငန်းများ





တရားမသိခင်က အမှားလုပ်မိတယ်
ခု တရားသိလာတော့ အမှားမလုပ်မိအောင် ဆင်ခြင် ...
အမှန်လုပ်ဖို့ ကြိုးစားနေတယ်

လင်း ကနဲ လက်ကနဲ ရောင်စဉ်တန်းများကို ကျဲဖြန့်ပြီး ဂျွန်းအလိန်းဒိုန်း ဆိုသော အသံပေါင်းစုံကိုပေးကာ ကောင်းကင်ကြီးသည် ညနက်နက်တွင် သူ့ထီးထီးပေါက်ကွဲနေလေ၏။

သူ့ပိုင် ရာသီရောက်လာပါပြီဆိုသော သဘောနှင့် မိုးနတ်မင်းကလည်း ခပ်တင်းတင်းဖြင့် ဝုန်းဒိုင်းကျဲကာ ရွာချနေသံသည် ကျွန်မတို့၏ အိမ်ခေါင်မိုးသွပ်ပေါ်တွင် ညံနေလေတော့သည်။

ဒီကြားထဲ လေနတ်မင်းကပါ နေရာဝင်ယူလာပြန်ရာ ဝန်းကျင်တစ်ဝိုက်တွင် တဝေါဝေါ တဟဲဟဲ တသည်းသည်း မိုးသံလေသံများက တကယ့်ကို အပြင်းစား Alter Native သံစဉ်များ အလားပါပဲ။




# အိပ်မက်၏ အခြားတစ်ဖက်မှာ

သဒ္ဒါဖြူ

အသံပေါင်းစုံများထဲမှ အာရုံပြောင်းကာ ပခုံးတစ်ချက် တွန့်လိုက်ပိရင်း စာကြည့်ခန်းအတွင်းသို့ ကျွန်မဝင်ခဲ့လိုက်သည်။ ဘက်ထရီမီးရောင်နှင့် စာကြည့်ခန်းက လင်းနေပါ၏။ (ဤမြို့က မီးမမှန်ပါ)။

မိုးအေးသော်လည်း သူများတွေလို အိပ်ရာထဲ ကျွန်မ ကွေးမနေဖြစ်သေးပါ။ အမိုးနဲ့ အပါးကတော့ အိပ်နေလေပြီ။ အပါး၏ ဟောက်သံကျယ်ကြီးကို ဒီကနေပင် ကြားနေရသည်။

ကျွန်မကတော့ ကျွန်မ၏ထုံးစံအတိုင်း ဝန်းကျင်တွင် မိသားစုအတွင်း လူချောတိတ်ပြီဆိုတာနှင့် စာဖတ်ခြင်း၊ ကဗျာစပ်ခြင်း အလုပ်ကို ပြုလုပ်တတ်သည်သာ။



မည်မျှ ကြာသွားလည်းမသိပါ။ အပြင်ဘက်၌ ခပ်ပြင်းပြင်း ထွက်ပေါ်နေသော တံခါးခေါက်သံကြောင့် မနီးမဝေးရှိ စာအုပ်စီရိုပေါ်ရှိ နာရီလေးကို တစ်ချက် လှမ်းကြည့်လိုက်မိသည်။

"အယ် ... နှစ်နာရီတောင် ထိုးလုပါပကော ..."

ဝတ္ထုက မပြီးသေးပေ။ ကျွန်မအကျင့်ကလည်း ဘယ်လိုသော စာအုပ်မျိုးကိုမဆို လျှပ်လက်သလို မဖတ်တတ်ပါ။ တစ်ရွက်ချင်းရှိသော စာများကို တစ်တန်းချင်း တစ်လုံးချင်းကို ဂဃနဏ ဖတ်လေ့ရှိသူသာ ဖြစ်သည်။

ကျွန်မအကြောတစ်ချက် ဆန့်လိုက်မိသည်။ အပြင်ဘက်တွင် မိုးကလည်း သည်းပုံမရတော့။

သို့သော် ...

လုံးလုံးစဲဟန်တော့ မတူသေးပါ။ သွပ်ပေါ်၌ မိုးသံများကို ကြားနေရသေးသည်။

သည်ညမှာတော့ ...

စာလည်းဖတ်ရင်း နောက်ထပ်ကိစ္စတစ်ခုက ဘောလုံးပွဲသွားကြည့်/လောင်းသော အစ်ကိုဖြစ်သူကို တံခါးစောင့် ဖွင့်ပေးဖို့ တာဝန်ကိုလည်း ယူထားရပါသေးသည်။

အစ်ကိုပြန်လာမည့် အချိန်က အနောက်ဆောင်တွင် အိပ်မောကျနေပြီ ဖြစ်သော အိမ်ဖော်မလေး မြင့်မြင့်ကြည် နိုးမည်မဟုတ်ပါ။ စာကြည့်စားပွဲတွင် ကျွန်မဝင်ထိုင်လိုက်ပြီး စားပွဲပေါ် မှောက်လျက်သား ရှိနေသော ယခင်ညများက ဖတ်လက်စ "ဂျက်လန်ဒန်" ရဲ့ (သံဖနောင့်) Iron Heel ဝတ္ထု တွင် စိတ်အိမ်ကို နစ်ထားလိုက်သည်။

ထိုသို့ ...

ညနက်နက်နှင့် လူသံသူသံ အခြားသော အသံဗလံ ဆိတ်ငြိမ်ချိန်သည် ကျွန်မ အင်မတန် နှစ်သက်လေ့ရှိသော ကျွန်မ၏မြတ်နိုးဖွယ်ရာ အဖော်ဖြစ်သလို ကျွန်မ ဝါသနာရှိရာ ဆန္ဒရှိရာတို့ကို ဖန်တီးထုဆစ် ပုံဖော်တတ်သော အချိန်လည်း ဖြစ်ပါလေ၏။

"ဒေါက်‥ ဒေါက်··· ဒေါက်····"

တံခါးခေါက်သံက အဆက်မပြတ် ထွက်ပေါ် လာနေသည်။

"လာပြီ ···"

ကြားလား မကြားလားတော့ မသိ။ ထူးသံပြန်ပြုရင်း စားပွဲပေါ်က လက်နှိပ်မီးကို လှမ်းယူထွက်ခဲ့လိုက်သည်။

ဘော်လုံးပွဲပြီး၍ အစ်ကိုဖြစ်သူ ပြန်လာတာလား၊ ဒါမှမဟုတ်လည်း အပါး၏ လူနာတွေပဲလား မသိပါ။ အပါး၏ လူနာများကလည်း အခုလို အချိန်မရွေး (အရေးပေါ်ရင် ပေါ်သလို) လာခေါ်နိုးတတ် ပါသည်။

သည်မှာက ဝင်းတံခါးကိုသော့ခတ်စရာ မလိုတာကြောင့် လွယ်လင့်တကူ ဖွင့်ဝင်၍ ရပါသည်။ ကျွန်မ အိမ်တံခါးမကြီး၏ အပေါ်အောက် ဂျက်များကို ဆွဲတင်ဆွဲချ ပြုလုပ်လိုက်ပြီး တံခါးရွက် တစ်ချက် ဖွင့်လိုက်ကာ ‥

"အကိုး (အစ်ကို) အကိုး၊ ဘယ်အသင်းနိုင်လဲ ···"

မေးမေးပြောပြောဖြင့် လက်နှိပ်မီးကိုလည်း ကျွန်မထိုးလိုက်သည်။

"အကိုး ···"

ဟင် ···
တုံ့ပြန်သံက ထွက်ပေါ်မလာရာ ကျွန်မ မျက်ခုံး တွန့်သွားမိသည်။

"အကိုး ···"

ဘယ်လိုတုန်း···
တံခါးရွက်ကသာ ပွင့်သွားတာ၊ လူကဖြင့် ဝင်မလာ။ ကျွန်မကိုလည်း တုံ့ပြန်လာသံ မရတာကြောင့် ···

"အကိုး ··· အကိုး ····"

ဟု ထပ်ခေါ်အသံပြုရင်း အနီးနားတစ်ဝိုက်ကိုလည်း မီးဖြင့်ထိုးကြည့်လိုက်သည်။ ကြည့်သာကြည့်သော်လည်း အနီးအနားတစ်ဝိုက်ဝယ် ဘာမှ ရှိမနေပေ။ ညနက်နက်ကဖြင့် မိုးစက်ကျသံ လေတိုးသံတို့ကြား ခရစ်ယာန်သချိုင်း၏ အောက်ချောက်ဖက်ဆီမှ ဖားခုံညင်းများ၏ အော်သံကိုသာ ကြားရပြီး၊ လူသူ ကင်းမဲ့နေလေတာ။

ဘာလဲဟ ···။
ငါကပဲ နဝေတိမ်တောင်နဲ့ ကြားမိတာများလား။ စိတ်တိုတိုဖြင့် တွေးမရဖြစ်ရင်း တံခါးကို ပြန်ပိတ်လိုက်သည်။

စောစောက အပြင်ဘက်သို့ မီးထိုးကြည့်စဉ် ကိုယ်ပေါ်ဖေးတင် ထိကပ်လာသော မိုးစက်မိုးမှုန်များကို ခါထုတ်ရင်းက မကျေနပ်နိုင်ပါ။ တံခါးခေါက်သံကို ကြားလိုက်ရတာ အသေအချာကြီးပါ။ ဒီ အချိန်မျိုးကြီး ဘယ်သူက စနောက်စရာအဖြစ် ခေါက်မှာလဲ။

ဝန်းကျင်က သူစိမ်းတွေတော့ ဘယ်လိုမှ မဖြစ်နိုင်။ အကြောင်းက ထိုသူတစ်စုဟာ အပါးကို ကျေးဇူးရှင်အဖြစ် သတ်မှတ်ထားပြီး လေးစားကြသူတွေသာ ဖြစ်သည်။ အကြောင်းကြီးငယ်မရှိဘဲနှင့်တော့ ဘယ်သူမှ တံခါးလာမခေါက်ရဲတာ သေချာသည်။

ဒါဆို ···

အကိုးများလား။ စိတ်သိပ်မချရ။ အဲဒီအစ်ကိုက အစအနောက်ကလည်း ခပ်သန်သန်။ တွေ့မယ်။ ဒီလောက်ဖြစ်လုတာ တံခါးလည်း စောင့်ဖွင့်ပေး မနေတော့။ သူ့ဘာသူ အိပ်ချင်တဲ့ နေရာမှာ အိပ်ပစေ။

စိတ်တိုလာပြီး ဒေါသနဲ့အတူ စာကြည့်ခန်း အတွင်း ပြန်ဝင်ခဲ့ကာ ဘက်ထရီ မီးညှပ်များကို ဆွဲချွတ်လိုက်ပြီး လက်နှိပ်မီးထိုး၍ အိမ်ခန်းရှိရာ အပေါ်သို့ ကျွန်မ တက်ခဲ့လိုက်သည်။

ထိုစဉ် ···

အနောက်ဆောင်ဘက်၌ ထူးခြားသော အသံတစ်သံကို ကြားလိုက်ရသည်။

ဒါဟာ ဘာဖြစ်မလဲ။ ဘာသံလဲဆိုတာကိုဖြင့် ကျွန်မ နားစိုက်ထောင်လိုက်မိသည်။

> တစ်ဖုံတစ်ယောက်ရဲ့ ညည်းသံပါလား။ အသေအချာ အာရုံစိုက် နားထောင် ကြည့်လိုက်မိတော့ မိန်းမတစ်ယောက်ရဲ့ ညည်းညူနေသံ။

ဟင် . . .။

တစ်စုံတစ်ယောက်ရဲ့ ညည်းသံပါလား။ အသေအချာ အာရုံစိုက် နားထောင်ကြည့်လိုက်မိတော့ မိန်းမတစ်ယောက်ရဲ့ ညည်းညူနေသံ။

ကျွန်မ အပေါ်ကိုလည်း ဆက်မတက်ဖြစ်သေးဘဲ လှေကားတစ်ဝက်ကနေ ရပ်၍ တွေးနေမိ၏။ မြင့်မြင့်ကြည်များ ဘာဖြစ်လို့လဲ။ ညနေကတော့ မိုးရေထွက်ချိုးနေတာ သတိထားလိုက်မိသေးသည်။

အအေးမိပြီး ယခုညဘက်ကြီး အဖျားတက်ကာ ညည်းနေတာများလား။ ပြောလို့မရ။ အမိုးကိုဖြစ်ဖြစ် ခေါ်နိုးဖို့ စိတ်ကူးလိုက်မိသော်လည်း တကယ်တမ်းမှာ မနိုးဖြစ်ပါ။

အမိုးနဲ့အပါးခမျာဟာ တစ်နေ့လုံး လူနာပေါင်းစုံနှင့် လုံးထွေးပင်ပန်းနေတာကို သိနေမြင်နေတာမို့ မခေါ်နိုးချင်တာပါ။

ဟင်း . . .။

သက်မပြောတစ်ချက်နှင့်အတူ၊ ကျွန်မပဲ သွားကြည့်လိုက်ဖို့ ဆုံးဖြတ်လိုက်ပြီး လက်နှိပ်မီးကို လှေကားအောက်သို့ ပြန်ထိုးရင်း အနောက်ဆောင်ရှိရာဘက် ကူးခဲ့လိုက်သည်။

မိုးကဖြင့် တဖွဲဖွဲနှင့် လုံးဝကြီးစဲဟန်ရှိပုံ မရသေးပေ။ သွပ်များပေါ်မှ မိုးသံသဲ့သဲ့ကို ကြားနေရဆဲပါ။

ထို့အတူ . . .

ညည်းသံရှည်ကလည်း ထွက်ပေါ်နေဆဲဖြစ်သည်။ တိတ်မသွားချေ။ မိုးသံသဲ့သဲ့ကြား အိမ်ထဲအထိ ထိုးဖောက်ကြားရလောက်အောင် ထွက်ပေါ်နေသောငင်းညည်းသံက မည်သို့သော ညည်းသံဖြစ်မည်တဲ့လဲ။

ကြားလိုက်တာ အသေအချာပါပဲ။

လက်နှိပ်မီးကိုပိတ်၊ ထရပ်ရင်း၊ ကျွန်မ တွေးမရ။

ညည်းသံရှည်ကလည်း ထွက်ပေါ်နေဆဲ ဖြစ်သည်။ တိတ်မသွားချေ။ မိုးသံ သဲ့သဲ့ကြား အိမ်ထဲအထိ ထိုးဖောက် ကြားရလောက်အောင် ထွက်ပေါ်နေသော ညည်းသံက မည်သို့သော ညည်းသံ ဖြစ်မည်တဲ့လဲ။

“ဒုန်း . . . ”

ခြောက် . . . အရေးထဲမှာ . . .

လက်နှိပ်မီးက လက်ကနေ လွတ်ကျသွားလေရာ တလိမ့်လိမ့်နှင့် လိမ့်သွားသော မီးရောင် ပေါ်နေရာ စမ်းသွားရင်း ငုံ့ကောက်လိုက်သည်။

ဖြစ်ပုံများ . . .

မိမိဘာသာပြုံးမိရင်း အနောက်ဆောင်ဘက် ရောက်သွားတာနှင့် အရင်ဆုံး အိမ်ဖော်မလေး မြင့်မြင့်ကြည်၏ ခြင်ထောင်နား အသာထိုင်ရင်း နားစွင့်လိုက်၏။

ဟင် . . .။

ညည်းသံက ခြင်ထောင်ထဲကလည်း ဟုတ်မနေပါ။

ဘယ်လိုပါလိမ့်။ ကြားတော့ ကြားနေရသည်သာ။ ခြင်ထောင်ကို အသာအယာဆွဲမရင်း မီးထိုးကြည့်၍ နဖူးကိုပါ စမ်းလိုက်သည်။

မဟုတ်သေးပါဘူး။ စောစောက ညည်းသံဟာ မြင့်မြင့်ကြည် ညည်းသံ မဟုတ်ရင် ဘယ်သူ့ ညည်းသံလဲ။

ဟော . . . ညည်းသံကို ကြားနေရပြန်ရာ အမှောင်ကြား ကျွန်မအသေအချာ အာရုံစိုက် နားစွင့်လိုက်မိသည်။ သေချာတာက အိမ်ဖော်မလေးဆီက မဟုတ်တာပါပဲ။

ဒါဆို . . . ဘယ်ကလဲ။ ဘယ်နေရာကနေ ထွက်ပေါ်နေတဲ့ အသံတဲ့လဲ။

ကျွန်မတို့ခြံဝန်းထဲကလား၊ ဒါကြောင့်မို့သာ ကျွန်မ ကြားနေရတာလား။ မျက်ခုံးအစုံ ကျုံ့သထက်ကျုံ့အောင် ပြုရင်း ကျွန်မ နားစွင့်ထားလိုက်တော့ ညည်းသံက အိမ်ထဲက မဟုတ်ပဲ အပြင်ဘက်ကနေ ဖြစ်နေတာကြောင့် ကျွန်မ ပို၍ တွေးမရတော့။

ဘယ်လိုပါလိမ့် . . .

စောစောပိုင်းက တံခါးလာခေါက်သူဟာ အပါးဆီလာတဲ့ လူနာများဖြစ်နေမလား။ မဟာန်နိုင်တော့လို့ အနောက်ဆောင်ဘက် သွားပြီး မိုးခိုရင်း ချမ်းအေးလွန်း၍ ညည်းညူ နေတာများလား။

ဖြစ်နိုင်ချေ ရှိပါသည်။ ပြီးတော့၊ မကြောက်တတ်သလောက် စိတ်

လည်း မရှည်တတ်သော ကျွန်မသည် အတွေးပေကြိုးကို သည့်ထက်ပို၍ မ ရှည်ချင်တော့။

ပြတင်းတံခါးပေါက် တစ်ပေါက်ကို ဖွင့်၍ အသံထွက်ပေါ်လာရာဆီ မီးနှင့် လှမ်းထိုးကြည့်လိုက်ပါသည်။ ကျွန်မမြင်လိုက်ရသည်က မိုးရေထဲတွင် ခွေ၍ အိပ်နေသော ခွေးနက်လေး တစ်ကောင်ရယ်သာ။

ဘယ်ကနေလာ၍ ဘယ်သူ့ခွေးမှန်း မသိသော်လည်း အိပ်နေသော ခွေးနက်လေးကဖြင့် မိုးရေများ ရွှဲနစ်၍ ချမ်းနေရှာမည် ဖြစ်သော်လည်း စောစောပိုင်းက ညည်းသံဟာ ခွေးတစ်ကောင်ထံက မဟုတ်တာတော့ ကျွန်မ သိနေပါသည်။

ထိုသို့ဆိုပါလျှင် ...

ကျွန်မ၏အတွေး ဆုံးမသွားပါ။ ခရစ်ယာန်သင်္ချိုင်းဘက်ဆီမှ ခွေးအူသံ ဆွဲဆွဲငင်ငင် လွင့်ပျံ့လာခြင်းကြောင့် ဖျတ်ကနဲ ပြတင်းပေါက်ကို ဆွဲပိတ်ပစ်လိုက်ရင်း ကျွန်မ စိတ်လှုပ်ရှားသွားမိပါ၏။

ချက်ချင်းကြီး ကြက်သီးမွေးညင်းများ ထလာကာ စိတ်ထဲဦးစွာ ကြောက်စိတ်လိုလို ဘာလိုလို စိတ်ဝင်လာသည်။ ယခုညသည် အတော့်ကို ထူးဆန်းနေပါ၏။ စဉ်းစားမရတာက ကျွန်မကို သရဲများ ခြောက်နေတာလား။ ဒီလို တော့လည်း ဟုတ်မည်မထင်။

သရဲသဘက် ဆိုတာမျိုးကို ကျွန်မ အယုံအကြည် မရှိပါ။ ပြီးတော့ သည်နေရာမှာ လာနေတာ ခြောက်လ ကျော်ချေပြီ။ အရင်က ယခုလို အဖြစ်မျိုးနှင့် တစ်ကြိမ်တစ်ခါမှ မကြုံဖူးပါ။

အပါ။ အမိုး၊ အကိုး၊ ကျွန်မတို့ မိသားစုနှင့်အတူ မိဘများ တာဝန်ကျရာ လိုက်ပါပြောင်းရွှေ့ရင်း ယခု မြို့ကလေးတွင် အခြေချရန် စိတ်ကူး ပြီး ဆိတ်ငြိမ်သော ဤနေရာမှ သည် အိမ်ကြီးကို ဝယ်ဖို့ ဆုံးဖြတ်ခဲ့သူက အပါးဖြစ်ပါသည်။

သည်တုန်းက ...

အမိုးသည် မိန်းမသားပီပီ သင်္ချိုင်းနှင့် နီးလွန်းသော ဤခြံနှင့်အိမ်ကို မနှစ်သက်နိုင်ဘဲ သမီးဖြစ်သူ ကျွန်မကို စစ်ကူ တောင်းခဲ့သေးသည်။ မဝယ်ဖို့ အပါးကို ကူပြောပေးရန်။

ကျွန်မကလည်း အပါးနှင့် အတော်တူသူဖြစ်တာကြောင့် အမိုးကို

"ဘာဖြစ်လဲအမိုးရာ၊ သင်္ချိုင်းဆိုတာ သန့်ရှင်းတဲ့မြေနေရာ တစ်ခုပဲဟာ၊ ရား (ကျွန်မ) ကတော့ အယူလဲ မသည်းဘူး အစွဲလဲမရှိဘူး သိလား"

ထိုစဉ်က အမိုးသည်

"ဖိုးမှူ သဘောကျရင် ပြီးတာပဲ"
ဟု ဆိုခဲ့ပါသည်။

ငှင်းအပြင် အိမ်ရှင်ဟောင်းကလည်း အာမခံရဲပါလေသည်။

"ကျွန်တော်တို့ ဒီမှာနေလာတာ ဆယ်နှစ်ကျော်ပြီ၊ ဘာသရဲမှ မခြောက်ဘူး၊ ဒီနားက သင်္ချိုင်းနဲ့ နီးတယ်ဆိုပေမယ့် ခြောက်သံ တစ်ခါမှ မကြားရပါဘူး။ အကယ်၍ ခြောက်ခဲ့သော်ရှိရင် ချက်ချင်း အကြောင်းကြားလိုက်ပါ။ ပြောင်းသွားတဲ့ နေရာလိပ်စာ ပေးခဲ့မယ်။ ငွေပြန်အမ်းမယ်ဗျာ"

ဟု ရဲရဲကြီး အာမခံ၍လည်း သည်အိမ်ကို ဝယ်ဖြစ်ခဲ့ခြင်းပါပဲ။

ဒါဆို ...
ဒီညမှာ ဘာအတွက် ..
တံခါးလာခေါက်သံ နှင့် ညည်းသံအပြင် ဘာကိုမှ ရှာမတွေ့ခြင်းတို့က ထူးဆန်းနေရတာတဲ့လဲ။
ဆက်မတွေးချင်တော့။ ကျွန်မအိပ်ငိုက်လာပြီမို့ အိမ်မဆောင်ဘက်သို့ ပြန်ကူးခဲ့လိုက်ပြီး အိပ်ယာဝင်လိုက်တော့သည် . . . ။

□ □ □

ရွှံ့ဗွက်များလည်း ပေကျံ၍ ခိုက်ခိုက် တုန် ချမ်းနေပုံရလေသည်။ သူမ၏ မျက်ဝန်းအစုံကလည်း ရီဝေနေပြီး တစ်ကိုယ်လုံး ပြုပျော့ပျော့ ဖြစ်နေ သေးသည်။ ဆံပင်ရှည်ကြီး ကလည်း ပြေလျော့လို့

"ဒေါက် ‥ ဒေါက် … ဒေါက် "

ဘာလဲ။
ဘယ်သူလဲ။
ဘာဖြစ်လို့ တံခါးလာခေါက်နေတာလဲ။

ခပ်ပြင်းပြင်းနဲ့ အဆက်မပြတ်ထွက်ပေါ်နေသော တံခါးခေါက်သံကြောင့် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေရာမှ လန့်နိုးလာကာ အိပ်ချင်စိတ်တစ်ဝက် အိပ်မှုန်စုံမွှားဖြင့် တံခါးမကြီးရှိရာ ကျွန်မ ဆင်းခဲ့လိုက်သည်။

အိပ်ရေးမဝဘဲ အိပ်ချင်စိတ်ကလည်း ကဲနေတာမို့ စိတ်က မကြည်မလင်ဘဲ ဖြစ်နေသည်။

"ဘယ်သူလဲ"

တိုပြတ်ပြတ်လေသံနှင့်မေးရင်း တံခါးရွက်ကို ခပ်ပြင်းပြင်း တွန်းဖွင့်လိုက်သည်။ အပြင်ဘက်၌ မိန်းမငယ်လေးတစ်ဦး ရပ်နေတာ တွေ့လိုက်ရသည်။

အသက်ငယ်ပုံရသည်။ သို့ပေမယ့်လည်း သူမပုံစံလေးက ခရီးအဝေးကြီးကနေ လာသူလို မိုးရေများက သူမတစ်ကိုယ်လုံး ရွှဲနစ် နေလေသည်။

ထို့အပြင် …
ရွှံ့ဗွက်များလည်း ပေကျံ၍ ခိုက်ခိုက်တုန်ချမ်းနေပုံရလေသည်။ သူမ၏ မျက်ဝန်းအစုံကလည်း ရီဝေနေပြီး တစ်ကိုယ်လုံး ဖြူဖျော့ဖျော့ ဖြစ်နေသေးသည်။ ဆံပင်ရှည်ကြီးကလည်း ပြေလျော့လို့ …။

ဘယ်သူပဲဖြစ်ဖြစ်၊ ဘယ်လိုပဲဖြစ်ဖြစ်ပါ။ အခုအချိန်မှာတော့ အိပ်ရေးမဝလျှင် အင်မတန်စိတ်တိုတတ်သော ကျွန်မသည် ထိုမိန်းကလေးကို ခပ်ပြတ်ပြတ် မေးလိုက်သည်။

"ဘာကိစ္စလဲ"

ကျွန်မအမေးကို သူမက ကတုန်ကယင်သွင်ပြင် အသနားခံသော မျက်နှာသေလေးနှင့်

"ကျွန်မ - သိပ်ချမ်းနေလို့ ဒီမှာ တစ်ညလောက် အိပ်ပါရစေ အစ်မရယ်"

အာ …ခက်ပြီ။ စိတ်တိုနေရတဲ့အထဲ။ ဘယ်ကမှန်းမသိ။ ဘယ်သူမှန်းမသိနဲ့။

သူမကိုကြည့်၍ သနားစိတ်ဖြစ်မိသော်လည်း ဤမိန်းကလေးကို ကျွန်မ မသိပါ။ ပြီးတော့

မိဘနှစ်ပါး၏ ခွင့်ပြုချက်မပါဘဲ ကိုယ့်သဘောနှင့်ကိုယ် ဘာတစ်ခုမှ ပြုလုပ်လေ့ မရှိတာကြောင့် မျက်ခုံးကျုံ့လိုက်မိရင်း

"မင်းက ဘယ်ကနေ လာတာလဲ။"

"ကျွန်မက တောမှာနေတာပါ။ နေမကောင်းဖြစ်လို့ ဆွေမျိုးတွေဆီမှာ တည်းပြီး ဆေးလာကုတာပါ။ အခုတော့ ပြန်မလို့ဟာ လမ်းမှာ မိုးမိပြီး ပြန်လို့ မရတာနဲ့"

"ဒါဆိုလည်း အခုနင်ပြောတဲ့ အဲဒီဆွေမျိုးတွေအိမ်မှာပဲ ပြန်ပေါ့"

"ကျွန်မသွားပါသေးတယ်။ သူတို့က ကျွန်မကို လက်မခံကြဘူး။ သူတို့ဘဝနဲ့ ကျွန်မနဲ့ မတူဘူးဆိုပြီး နှင်ထုတ်လိုက်လို့ပါ အစ်မရယ်"

အာ … ဘာတွေမှန်းမသိ၊ နားလည်းမလည်၊ သနားသော်လည်း ကျွန်မှာ ဆုံးဖြတ်ပိုင်ခွင့် မရှိပါ။

ပြီးတော့ …

ယခုလောလောဆယ် ကျွန်မ၌ သနားကြင်နာစိတ်ထက် အိပ်ချင်စိတ်နှင့် ဒေါသစိတ်က ပိုများနေပါသည်။ အိပ်ယာကနေ ကမန်းကတမ်း ထထွက်လာသည့် အတွက် အိပ်ရေးမဝသော ရီဝေဝေ ခံစားမှုကသာ ကြီးစိုးနေလေသည်။

"ကူညီပါလား … အစ်မရယ်။ ဒီတစ်ညတည်းပါ ကျွန်မ ချမ်းလွန်းလို့ပါရှင်"

ကျွန်မသွားပါသေးတယ်။
သူတို့က ကျွန်မကို
လက်မခံကြဘူး။
သူတို့ဘဝနဲ့ ကျွန်မနဲ့
မတူဘူးဆိုပြီး
နှင်ထုတ်လိုက်လို့ပါ
အစ်မရယ်

ဒါတော့ ဟုတ်ပါလိမ့်မည်။ အနွေးထည် ထပ်၍ အိပ်ယာထဲ အိပ်နေခဲ့သော ကျွန်မပင် အေးစိမ့်စိမ့်ဖြစ်နေသေးတာ။ မိုးထဲရေထဲ ခရီးဝေးကနေ လာခဲ့ပုံရသော သူမ ချမ်းနေတယ်ဆိုတာ ဟုတ်ပါလိမ့်မည်။ ဒါပေမယ့် …

"ဆောရီးပါဟာ၊ ငါ့မိဘတွေကလည်း ဒီလို အချိန်မရှိလာတဲ့ ဧည့်သည်ဆို လက်မခံရဘူးလို့ ပြောထားတယ်။ နင့်အမျိုးတွေအိမ်ပဲ ပြန်သွားတော့"

ပြောပြောဆိုဆို တံခါးရွက်များကို ပြန်ပိတ်လိုက်ရာ သူမက

"အစ်မရယ် … တောင်းပန်ပါတယ်ရှင်၊ ချမ်းလွန်းလို့ပါရှင်၊ တစ်ညတည်းပါ အစ်မရယ်"

"မရပါဘူး။ မရဘူးဆိုမှ၊ နင်ကလဲ"

ကျွန်မ စွတ်အော်ပစ်လိုက်မိတော့သည်။ စိတ်က ဘယ်လိုမှ မရှည်တော့။

"ဒါဆိုလည်း အစ်မရယ်။ စောင်လေး တစ်ထည်လောက် ပေးပါလားရှင်၊ ကျွန်မ ချမ်းလွန်းလို့ပါ"

သူမကို စိတ်မရှည်စွာ ကျွန်မ ကြည့်လိုက်ရင်း ခေါင်းခါလိုက်မိသည်။

သူမပြောသလို ခြုံစောင်ကို သူမအား ငှား၍ဖြစ်မတဲ့လား။ ကြည့်လေ သူမတစ်ကိုယ်လုံးကို ရွှံ့ဗွက်တွေနဲ့ ဒီလောက် ပေကျံ ညစ်ပတ်နေတဲ့ဟာ။ ကျွန်မ ခေါင်းခါရင်း …

"သွားတော့ဟာ၊ နင်ပြန်တော့"

ဟု ခပ်မာမာပြောပြီး တံခါးကို ပိတ်ပစ်လိုက်တော့သည်။ အပြင်ဘက်၌ ငိုရှိုက်သံကို ကြားလိုက်ရသည်။
ဒါ … သူမငိုသံပဲ ဖြစ်မှာပေါ့ . . . ။

ဟင် …
မျက်လုံးက ဖျတ်ကနဲ ပွင့်သွားသည်။
ဪ …
ကျွန်မ အိပ်မက် မက်နေတာကိုး။ အိပ်မက် မက်ပြီး ကျွန်မ လန့်နိုးလာခြင်းပါပဲ။ တကယ်လည်း ကျွန်မ အိပ်မောကျနေတာပါ။ ဒါပေမယ့် …

ဟာ . . . ။ ဘယ်သူကများ လာငိုနေတာလဲ ။
ဘာဖြစ်လို့ လာငိုနေရတာတဲ့လဲ ။
ဟော့ . . . ။
ဘယ်သူလဲ ဘာဖြစ်လို့ ငိုနေတာလဲ ။
တိတ်တိတ်စမ်းပါဟာ ။ တောင်းပန်ပါတယ် ။

"အဟင့် .. ဟင့် … ဟင့် …."

ဟာ …။
ဘယ်သူကများ လာငိုနေတာလဲ။
ဘာဖြစ်လို့ လာငိုနေရတာတဲ့လဲ။
ဟော့ …။
ဘယ်သူလဲ ဘာဖြစ်လို့ ငိုနေတာလဲ။
တိတ်တိတ်စမ်းပါဟာ။
တောင်းပန်ပါတယ်။

ဒါပေမယ့်လည်း ငိုသံက တိတ်မသွားပါလား။ ခက်နေပြီ။ မေးတော့လည်း ပြန်မဖြေ။

"ဟိတ် … ဘယ်သူလဲလို့"

ဝုန်းကနဲ ကြုံးထရင်း မေးလိုက်မိသည်။

အိပ်မက်ထဲတွင် မိန်းကလေး တစ်ယောက်ရဲ့ နင့်နင့်သည်းသည်း ငိုရှိုက်နေသံကြောင့် လန့်နိုးလာခြင်းရယ်ပါပဲ။ ဟိုဟိုဒီဒီ ကျွန်မ … ကြည့်လိုက်မိသည်။ မှောင်ရိပ်သမ်းနေဆဲ ဆိုပေမယ့် ဒါဟာ ကျွန်မရဲ့ အိပ်ခန်းထဲမှာဆိုတာ ကျွန်မ သိနေပါသည်။

ဒါဆို …
ခက်ပြီပေါ့။ သေသေချာချာ တွေးကြည့်လေမှ စဉ်းစားမရတာက စောစောက အသံတွေဟာ အိပ်မက်ထဲကလား။ ဒါမှမဟုတ် အပြင်ကပဲလား။ ကြားမိသော ရှိုက်ငိုနေသံဟာလေ။ ဘာလဲ၊ ဘာဖြစ်မည်လဲ။
မျက်ခုံးကျုံ့ကျုံ့နှင့်ပင် အလင်းရောင်မရှိသေးသော ဝန်းကျင်ကို နားစွင့်လိုက်မိ၏။

စဉ်းစားရကြပ်နေစဉ် ကျွန်မ၏မျက်လုံးအစုံက ဖျတ်ကနဲ အိပ်ခန်းရဲ့ ပြတင်းဆီ ရောက်သွားသည်။ အမည်းရိပ်လို လှုပ်ရှားမှုတစ်ခုက ယိမ်းထိုးသွားသည်။ လေတိုက်လို့ပဲ ခန်းဆီးလှုပ်ခတ်သွားတာလား။ ခြေသံလို တဖျတ်ဖျတ် အသံမျိုးကို ကြားလိုက်ရပြီး ပြန်ပြီး တိတ်ဆိတ်သွားလေသည်။

မိုးကတော့ မရွာတော့ပေ။ လောလောဆယ် အိပ်မက်လိုလို ဘာလိုလို ခံစားနေရသော ဖြစ်စဉ်ကို အမိုးအား ပြောပြချင်သော်လည်း အပြင်ဘက်တွင် မိုးက ကောင်းကောင်းမလင်းသေးပါ။

ကျွန်မ၏ ယခုဖြစ်စဉ်ကို တစိမ့်စိမ့်တွေးရင်း မဖြစ်စဖူး ကြောက်စိတ်များ ဖြစ်လာမိသည်။ ထို စိတ်ခံစားချက်ကြောင့် အိပ်ယာထဲမှာပင် ဘုရားဝတ်ပြုဆုတောင်းလိုက်ပါ၏။

နံနက်အလင်းရောက်လျှင်ဖြင့် ဤဖြစ်စဉ်ကို အမိုးကိုရော၊ အပါးကိုပါ ပြောပြရဦးမည် . . . ။

□ □ □

အဲဒီမြေပုံအသစ်
မြေသား အစုအဝေးဟာ
ဘယ်သူတွေက
ဘယ်အချိန်မှာ
လာမြုပ်သွားတာတဲ့လဲ။
ပန်းခွေကျိုးတိုးကျဲတဲလေး
တွေကလည်း

ကျွန်မနှင့်တူသော အပါးက ကျွန်မ၏ အိပ်မက်နှင့် ညကဖြစ်စဉ်ကို ပြောပြလေသောအခါ ကျွန်မ စကားအဆုံးဝယ် တဟားဟားရယ်ရင်း

"ဖိုးမူရာ၊ ဒါဟာ သွေးလေခြောက်ချားတာမျိုးပါ"

ကျွန်မ ခေါင်းခါလိုက်မိသလား မသိပေ။ အပါးက ကျွန်မကို ကြည့်ပြီး ဆက်ပြောလာတာက

"ဒါမှမဟုတ်လဲ ညက အိပ်ယာ ဝင်ခါနီး ဝမ်းတင်းအောင် ဖိုးမူ တစ်ခုခုစားလိုက်လို့လဲ ဖြစ်နိုင်တယ်လေ"

အပါးကို ကျွန်မ တစ်စုံတစ်ရာ စောဒက မတက်မိပါ။ မိုးလင်းမှ အပြင်ကနေ ပြန်ဝင်လာသော အစ်ကိုဖြစ်သူကိုသာ

"အကိုး ··· ညက ပြန်လာပြီး တံခါးခေါက်သေးလားဟင်"

ကျွန်မအမေးကို အစ်ကိုဖြစ်သူက မျက်နှာကြီး ရှုံ့မဲ့သွားပြီး။ ခေါင်းခါကာ

"ဘယ်ကလာဟာ၊ ညက ဘောလုံးပွဲရှုံးတာနဲ့ပဲ ဒီစေထူးတို့အိမ်မှာပဲ အိပ်လိုက်တယ်"

ဆိုကာ အခထဲသို့ ဝင်သွားသည်။
ကျွန်မ ··· မကျေနပ်ပါ။ ကျွန်မပြောစရာ အမိုးတစ်ယောက်ပဲ ကျန်တော့သည်။ ကျွန်မ အခြားသူတွေလို ဘာဘာညာညာ အယုံအကြည် မရှိပါ။ ဖြစ်တည်လာသော မည်သို့အရာပေါ်ကိုမဆိုလည်း လွယ်လင့်တကူ လက်လျှော့ အရှုံးပေးတတ်သူ မဟုတ်ပြန်ရာ။

အမိုးကို ကျွန်မရှာလိုက်သည်။ အပေါ်ထပ်တွင် ဝတ်ပြုဆုတောင်း နေသော အမိုးကို တွေ့ရတာမို့ ကျွန်မ ဘာသာပဲ ဝရံတာဘက် ပြန်ထွက်ခဲ့လိုက်ပြီး ဘာရယ်မဟုတ် အပြင် လမ်းမတန်းဘက် လိုက်ကြည့်နေလိုက်သည်။

အမိုးဝတ်ပြုပြီးတာကိုလည်း စောင့်ရင်းပေါ့။ မျက်လုံးက ဟိုခပ်လှမ်းလှမ်းတွင် ရှိနေသော သခ်ျိုင်းဆီ အကြည့် ရောက်သွားမိသည်။

ကျွန်မတို့အိမ်၏ အပေါ်ထပ် ဝရံတာကနေ ကြည့်လျှင် ၎င်းသချိုင်းနှင့် လမ်းမကို အပေါ်စီးကနေ မြင်တွေ့နိုင်ပါသည်။

ကျွန်မသည် ဟိုဟိုဒီဒီကြည့်နေရာက မြင်လိုက်ရသော အရာတစ်ခုကြောင့် မျက်ခုံးက အလိုလို ကျုံ့သွားမိသည်။ မြင်တွေ့နေသော အရာလေးက လောလောလတ်လတ် ရှိနေလေသော မြေပုံအသစ် တစ်ခုပါပဲ။

အဲဒီမြေပုံအသစ် မြေသား အစုအဝေးဟာ ဘယ်သူတွေက ဘယ်အချိန်မှာ လာမြုပ်သွားတာတဲ့လဲ။ ပန်းခွေ ကျိုးတိုးကျဲတဲလေးတွေကလည်း အလန်းကြီး ရှိနေသေးသည်။

ထို့အတူ ···
မြေပုံအစုလေးဟာ အသစ်ဖို့ထားမှန်းကို သိသာနေစေတာ။
မနေ့ညနေက ကျွန်မ ရန်ကုန်ကနေ ပြန်လာချိန်က အဲဒီနားကပဲ ဖြတ်လျှောက်ပြီး ပြန်လာခဲ့တာပါပဲ။

ဒါပေမဲ့ ...

အဲဒီဘက်ကို မကြည့်မိသလို လမ်းဘေးနား ကပ်နေသော ထိုမြေပုံအစုကိုလည်း သတိမထားမိပါ။ ဂူလည်း မသွင်းထား၊ ခေါင်းတလားလည်း ပါပုံမရသော (သည်အတိုင်း) ဖျာလိပ်ပတ်၍များ မြုပ်ထားလေသလား မသိပါ။

မြေပုံမြေစိုင်ခဲမျှာ ညက အားကောင်းလွန်းသော မိုးသည်းသည်းကြောင့် ၎င်းမြေပုံအစုလေးအပေါ် မိုးရေများ တင်ကာ ဗွက်ထနေပုံရသည်။

"ဖိုးမူ ... ဘာကြည့်နေတာလဲ ..."

"အယ်"ကနဲ အသံထွက်ကျသွားသည့်အထိ ကျွန်မလန့်ကနဲ ခံစားလိုက်ရရင်း ပခုံးပုတ်မေးလာသော အမိုးကို ကြည့်လိုက်ရာ အမိုးက ရယ်မောရင်း

"ငါ့သမီးက ဟိုမြင်နေရတဲ့ မြေပုံကို လှမ်းကြည့်ပြီး ကြောက်သွားတာလား ဖိုးမူပြောတော့ ဒါမျိုးတွေကို မကြောက်တတ်ဘူးဆို"

အမိုးကို ကျွန်မ တစ်စုံတစ်ရာ မတုံ့ပြန်မိသေးပါ။ မြေပုံဘက် ပြန်လှည့်ကြည့်ရင်း တွေးနေမိတာပါ။

"ကြောက်စရာ မဟုတ်ပါဘူးကွယ်၊ ဖိုးမူ ပြောသလိုပါပဲ။ အဲဒီ သင်္ချိုင်းဟာ ရပ်ကွက် ထဲမှာလို ဖြစ်နေလို့လား မသိပါဘူး။ ခြောက်တာ ဘာညာ မရှိပါဘူး"

"သြော် ... အမိုးရယ် "

ကျွန်မ စိတ်ထဲက ညည်းမိရင်း အကယ်၍များ ကျွန်မပြောမည့် အကြောင်းရာကိုသာ အမိုးကြားရပါလျှင် ဘယ်သို့ရှိချေမည်လဲ။ သင်္ချိုင်းက မခြောက်တာတော့ မှန်ပါတယ်၊

ဒါပေမယ့် ...

"အမိုး၊ အဲဒီမြေပုံအသစ်လေးကို ဘယ်တုန်းက လာမြှုပ်သွားတာလဲဟင်"

"အဲဒါလား၊ မနေ့ကလေ၊ ဖိုးမူ ရန်ကုန်သွားနေတဲ့ အချိန်ပေါ့။ တောကနေ ဆေးလာကုတာ၊ အပါးဆီမှာလာပြတာပါ။ သူ့ဆွေမျိုးတွေအိမ်မှာ တည်းတာဆိုလား၊ ဒါပေမဲ့ ရောဂါက ကျွမ်းနေတော့ မရတော့ဘူးလေ။ သနားပါတယ် အသက်လေးက ငယ်ပါသေးတယ်။ ဆင်းလဲဆင်းရဲပုံရပါတယ်။ အဲဒါ မနေ့ကပဲ ဆုံးသွားလို့ မြှုပ်ထားခဲ့ကြတာပဲပေါ့"

ကျွန်မ ... ဆတ်ကနဲပင် တုန်သွားမိလေသာ။ အမိုးထံက

"ဖိုးမူ ... ဘာဖြစ်တာလဲ"

ဆိုသော အမေးကို

"ဟင့်အင်း"

ဟူသာ ခပ်လေးလေး တုံ့ပြန်မိရင်း ကျွန်မ နှုတ်ကမူ တီးတိုးရေရွတ်လိုက်မိပါ၏။

"မြေပုံလေးက ဂူမရှိ ခေါင်းလည်းမပါတော့ ညက သူချမ်းနေတယ်ဆိုတာ ဟုတ်ပါလိမ့်မယ်"

"တယ်၊ ဒီကလေးမ။ ရှာရှာကြံကြံ ပြောရော့မယ်"

ဆိုကာ အမိုးက ကျွန်မအနားကနေ အိမ်ထဲသို့ ပြန်ဝင်သွားသော ခြေသံကို ကြားလိုက်ရသည်။

ညက အိပ်မက်နှင့် ဖြစ်စဉ်ကို အမိုးအား ပြောပြဖို့ ကျွန်မ စိတ်မကူးတော့ပါ။

အကြောင်းက ...

ကျွန်မကိုယ်တိုင် ညက အိပ်မက်နှင့် တံခါးခေါက်သံဟာ တကယ်ဟုတ်မဟုတ် ဆိုတာ အသေချာ မသဲကွဲ၍ပါပဲ။

သို့ပေမယ့် ...

အဲဒါဟာ အိပ်မက်ပဲဖြစ်ဖြစ် တကယ်ပဲဖြစ်ဖြစ်ပါ။ ကျွန်မသည် လှမ်းမြင်နေရဆဲ မြေပုံလေးကိုကြည့်၍ တီးတိုးလေး ရေရွတ် တောင်းပန်လိုက်မိတာတော့ အသေအချာပါပဲ။

ခွင့်လွှတ်ပါဟာ ။
မငိုပါနဲ့ ။
ငါ တောင်းပန်ပါတယ် ။
နွေးထွေး လုံခြုံ တဲ့
နင်ရဲ့ နဂိုအိမ်ကိုသာ
နင် ပြန်သွား လိုက်
ပါတော့နော် ။

"တကယ်ပါဟယ်
မသိလို့ပါ ကောင်မလေးရယ်။ အဲဒီ အတွက် သိပ်ရက်စက်သလို ဖြစ်သွားတယ် ဆိုရင်တော့ ခွင့်လွှတ်ပါဟာ။ မငိုပါနဲ့၊ ငါ တောင်းပန်ပါတယ်။ နွေးထွေးလုံခြုံတဲ့ နင့်ရဲ့ နဂိုအိမ်ကိုသာ နင် ပြန်သွား လိုက်ပါတော့နော်။"

ဖြစ်နေဆဲအရာပေါ်မှ ကျွန်မ ကျောခိုင်းလိုက်ပါတော့သည်။
ကျွန်မ ရင်အိမ်အတွင်းမှာတော့ စကားတောင်ကြီးက တအီအီ ပဲ့ကြွေနေပါလေသည်။

တက်လာတာလား
ဆင်းသွားတာလား
တဖျပ်ဖျပ်နဲ့ ဒီခြေသံ

ငါ . . .
အသေအချာ ကြားလိုက်တာပါ။
ဟိတ် . . .
ဘယ်သူလဲ
ဘာလဲ
ငါ့ရဲ့မေးသံ
တုံ့ပြန်လာသံ နတ္ထိ။


ဟိုး . . . ခပ်ဝေးဝေးမှာ လူပ်ခပ်သွားတဲ့ အရိပ်လေး တစ်ရိပ်ဟာ နင်လား . . . အဲဒါ နင်ပဲလား . . .။
မသိ၊
တကယ့်ကို ငါမသိတော့တာပါ။

သဒ္ဒါဖြူ

■









# ရွာအပြန်

ကျော်တာပိုက် (ကော့မြတ်ကြီး)

သဲဖြူချောင်း ရွာလေးသည် ဧရာဝတီ မြစ်ဝကျွန်းပေါ်ဒေသရှိ လယ်ယာ၊ ကိုင်းကျွန်းနှင့် ငါးလုပ်ငန်းကို အဓိကထားပြီး လုပ်ကိုင်ကြသော ကရင်ရွာလေးတစ်ရွာ ဖြစ်သည်။ ဗမာလူမျိုးများလည်း စုပေါင်းနေထိုင်ကြသည်။ ဗုဒ္ဓဘာသာဘုန်းတော်ကြီးကျောင်း တစ်ကျောင်းနှင့် ခရစ်ယာန်ဘုရားရှိခိုးကျောင်း တစ်ကျောင်းရှိသည်။ မိမိတို့ကြိုက်နှစ်သက်ရာ ဘာသာကို ကိုးကွယ်ကြသော်လည်း သာရေးနာရေး ကိစ္စများတွင်မူ ဘာသာမခွဲခြားဘဲ၊ အတူတကွပူပေါင်းဆောင်ရွက်ကြသဖြင့် စည်းလုံးညီညွတ်သော ရွာလေးတစ်ရွာဟု ဆိုရမည်။

မန်းစောဥက္ကာသည် ထိုရွာကလေးသို့ ပြောင်းရွှေ့ ရောက်ရှိလာသည်မှာ မကြာသေးပေ။ ဘွဲ့ရ အင်ဂျင်နီယာတစ်ဦး ဖြစ်သော်လည်း မြို့မှာမနေ၊ ဇနီးသည်ရှိရာ သဲဖြူချောင်းရွာတွင် အတူလိုက်နေသည်။ သူတို့ ဇနီးမောင်နှံတွင် (၅)နှစ် အရွယ် သားလေးတစ်ဦးရှိသည်။ ယောက္ခမများမှာလည်း သာမန်လယ်သမားများဖြစ်ကြသည်။

သည်နှစ် ရာသီဥတု ဖောက်ပြန်မှုကြောင့် မိုးများပြီး ရေကြီးရေလျှံသဖြင့် လယ်ယာမြေများ နစ်မြုပ်ကုန်၏။ တောင်သူလယ်သမားများ စီးပွားရေး အတော် ထိခိုက် နစ်နာကြရသည်။ လယ်ယာမြေများ ပျက်စီးကုန်သဖြင့် အစိုးရမှ ချေးပေးသော အမတော်ကြေးငွေများကို မည်သို့ပြန်ဆပ်ရမှန်းမသိ ဖြစ်နေကြသည်။

မန်းစောဥက္ကာသည် ယောက္ခမလယ်များ ပျက်စီးနေသည်ကိုကြည့်ရင်း သက်ပြင်းအခါခါ ချနေသည်။



ဇနီးသည်ဖြစ်သူ နော်လေးဝါးက-

"ကို၊ ဘာဖြစ်နေတာလည်း -
နေမကောင်းဘူးလား"

"ကောင်းပါတယ်ကွာ"

"ကောင်းတယ်သာ ပြောတယ်။ ကို့ ကိုကြည့်ရတာ တစ်မျိုးပဲ"

"ဘာမှမဖြစ်ပါဘူး မိန်းမရာ၊ ဒီနှစ် အပါးတို့ စပါးတွေ ရေနစ်ကုန်လို့ စီးပွားရေး ထိခိုက်ကြမယ်လေ၊ ကိုယ် လည်း ယောက္ခမဆီမှာ ကပ်နေတဲ့ လူဆိုတော့ ဘာလုပ်ပေးရမှန်းတောင် မသိတော့ပါဘူးကွာ၊ အခုဆို ကျောင်း လည်း ဖွင့်တော့မယ်၊ ကျောင်းဖွင့်ရင် သားလေးကိုလည်း ကျောင်းအပ်ရဦး မယ်၊ ရင်မောပါတယ်ကွာ"

"ဘာမှ ရင်မောမနေနဲ့၊ အချိန်တန်ရင် ဘုရားသခင် စီစဉ်ပေးလိမ့်မယ်"

နော်လေးဝါးတို့ မိသားစုမှာ ခရစ်ယာန်ဘာသာ ကိုးကွယ်ကြပြီး၊ အလွန် ရောင့်ရဲတင်းတိမ် လွယ်ကာ ရိုးသား အေးဆေးစွာ နေတတ်ကြသည်။

ကျောင်းလည်းဖွင့်ဖို့ နီးပြီမို့ တစ်ကျောင်းတည်းရှိသော ရွာမူလတန်း ကျောင်းမှ တာဝန်ရှိသူ ဆရာ၊ ဆရာမ များက ကျောင်းသူ ကျောင်းသားများကို ကြိုတင်စာရင်းသွင်း လက်ခံနေလေပြီ။

သူတို့သားလေး စောထူးဥက္ကာ မှာ ကျောင်းတက်ရတော့မည်မို့ အလွန် ပျော်နေသည်။ ကျောင်းရောက်သည်နှင့်၊ အင်္ကျီအဖြူ။ ဘောင်းဘီစိမ်း၊ ကျောပိုး အိတ် ကိုယ်စီ လွယ်ထားကြသော ရွယ်တူ ကလေးများကို ကြည့်ပြီး အလွန် အားကျနေသည်။
ကျောင်း မဖွင့်သေးသော်လည်း ကလေး များက ကျောင်းဝတ်စုံ ကိုယ်စီနှင့် ကျောင်းသွားအဝ်ကြရင်း ပျော်ရွှင်စွာဖြင့် ဟန်ရေးပြနေကြသည်။

"အမိုး၊ သားကိုလည်း အဲဒီလို ကျောပိုး အိတ်လေးတစ်လုံး ဝယ်ပေးနော်"

"ဝယ်ပေးမှာပေါ့ သားရဲ့။ ဒီနေ့မှ ကျောင်း အပ်တာ၊ မနက်ဖြန် သားရဲ့အပါး မြို့ကို တက်ရင် သားအတွက် ကျောင်းဝတ်စုံ၊ ကျောပိုးအိတ်နဲ့ လိုအပ်တဲ့စာအုပ် ခဲတံ တွေ အားလုံး မှာလိုက်ရမယ်"

ဟေး......
စောထူးဥက္ကာ အရမ်းပျော်နေသည်။

ကျောင်းခန်း အဝင်ပေါက်ဝ တွင် ကျောင်းသားများ၊ မိဘများ ဝိုင်းအုံ နေကြသည်။ ကျောင်းအုပ် ဆရာမကြီး က ကျောင်းသားများကို ရုံးခန်း ထဲတွင် ကျောင်းသား တစ်ဦးနှင့် အုပ်ထိန်းသူ မိဘ တစ်ဦးစီကို တွေ့ဆုံပြီး ကျောင်း လက်ခံပေးနေသည်။

နော်လေးဝါး အလှည့် ရောက် တော့ သားလေးကို ဆရာမကြီးရှေ့တွင် ထိုင်စေပြီး ဆရာမကြီးကို နှုတ်ဆက် လိုက်သည်။

"မင်္ဂလာပါ ဆရာမကြီး"

"မင်္ဂလာပါရှင့်"

"ကျွန်မသားလေး ကျောင်းအပ်မလို့ပါ၊ လိမ္မာယဉ်ကျေးပြီး ပညာတတ်လေး ဖြစ်အောင် ဆရာမကြီးတို့ကို အပ်ပါတယ်၊ မကျိုးမကန်းရင် တော်ပြီ၊ အမြင်မတော်တာရှိရင် ရိုက်နှက်ပြီး ဆုံးမနိုင်ပါတယ်"

စောထူးဥက္ကာက မျက်လုံးပြူးပြီး သူ့အမေကို လှမ်းကြည့်သည်။ ပြီးနောက် ဆရာမကြီးအား မျက်နှာငယ်လေးနှင့် ကြည့်နေသည်။ စိတ်ထဲမှာတော့ "ငါ့အမိုးနှယ်၊ ဘယ်လို ပြောလိုက်ပါလိမ့်"

နော်လေးဝါးကလည်း
"လိမ်လိမ်မာမာနဲ့ စာကိုကြိုးစားနော်။ မလိမ်မာရင် ဆရာမကြီးက ရိုက်မှာသိလား၊ တကယ်တော့ ငါ့သားလေး လိမ်လိမ်မာမာနဲ့ စာတော်ပြီး ပညာတတ်ကြီး ဖြစ်စေချင်လို့ပါ သားရယ်" လို့ အဓိပ္ပာယ်ပါတဲ့ မိခင်မေတ္တာဖြင့် ကြည့်လိုက်သည်။
ဆရာမကြီးက

"ကလေးနာမည် ပြောပါ။"

"စောထူးဥက္ကာပါ။"

"အဘအမည်"

"မန်းစောဥက္ကာပါ။"

"ကလေးက (၅) နှစ် ပြည့်ပြီလား"

"ဟုတ်ကဲ့ ဆရာမကြီး၊ ၅ နှစ်နဲ့ ၂ လ ရှိပါပြီ၊ ဒီမှာ မွေးစာရင်းပါ"

ဆရာမကြီးက မွေးစာရင်းအား ကြည့်ပြီး ပုံစံထဲတွင် ဖြည့်နေသည်။ ပြီးနောက် ကျောင်းတွင် လိုက်နာရမည့် စည်းကမ်းချက်များ၊ အုပ်ထိန်းသူများ လိုက်နာရမည့် စည်းကမ်းချက်များကို ဖတ်ပြပြီး မိဘအုပ်ထိန်းသူများ သိရှိကြောင်း လက်မှတ် ထိုးစေသည်။

နော်လေးဝါးက လက်မှတ်မထိုးမီ ပုံစံကို ပြန်လည်စစ်ဆေး ဖတ်ရှုကြည့်ရာ အမည်နေရာတွင် စောထူးဥက္ကာ ဖြစ်ရမည့်အစား မောင်ထူးဥက္ကာ ဖြစ်နေသဖြင့် ပြန်ပြင်ပေးရန် ဆရာမကြီးအား ပြောရာ ဆရာမကြီးက

"ကျောင်းအပ်ရင် ကျောင်းမှာ ဘယ်သူဖြစ်ဖြစ် ယောက်ျားလေးမှန်ရင် "မောင်" နဲ့ပဲ လက်ခံတယ်၊ မိန်းကလေး မှန်ရင် "နော်" တို့ "နမ့်" တို့ "နန်း" တို့ မလိုဘူး၊ "မ" နဲ့ပဲ လက်ခံတယ်။"

"မဟုတ်ဘူး ဆရာမကြီး၊ ကျွန်မတို့ ကရင်လူမျိုးတွေအတွက်တော့ "စော" ဟာ "မောင်" ပဲ။"

ဒါပေမဲ့ ဘာကြောင့်မှန်း မသိ၊ ဆရာမကြီးက ဒီမှာ ကျောင်းစည်းကမ်းတွေ ဖတ်ကြည့်ပြီး သိရှိကြောင်း လက်မှတ်ထိုး၊ နောက်လူတွေ အများကြီး ရှိသေးတယ်။ နောက်အပတ် တနင်္လာနေ့က စပြီး ကျောင်းဖွင့်ပြီမို့ ကလေးကို လွှတ်လိုက်ဟု ဆိုပြီး အခြားတစ်ဦးအား လက်ခံနေလေပြီ။

နော်လေးဝါးမှာ ကလေး ပညာရေးမို့သာ လက်မှတ်ထိုးခဲ့ရသည်။ စိတ်ထဲမှာတော့ ဘဝင်မကျ။

အိမ် ပြန်ရောက်တော့ ယောက်ျား ဖြစ်သူအား ဖြစ်စဉ်ကိုပြောပြသည်။ မန်းစောဥက္ကာက-

"ဟာ- ဒါဘယ်ဖြစ်မလဲ၊ ငါတို့လူမျိုးမှာ "စော" ဆိုတာ "မောင်"ပဲလေ။ ဒါကို ဆရာမကြီး မသိဘူးလား"

"မပြောတတ်တော့ပါဘူး ကိုရယ်၊ ဒီလိုပဲ အပ်ခဲ့လိုက်ပြီ။ သားလေးကတော့ ဘာမှ မသိဘူး၊ ကျောင်းတက်ရရင် ပြီးရော၊ ပျော်လို့၊ မနက်ဖြန် မြို့တက်ရင် သားလေး အတွက် စာအုပ်၊ စာရေးကိရိယာနဲ့ ကျောင်းဝတ်စုံရယ် ကျောပိုးအိတ် တစ်လုံးရယ်ပါ ဝယ်ခဲ့ဦး၊ ကြားလားကို"

"အေးပါ၊ အေးပါ၊ မိန်းမရာ၊ သိပါတယ်၊"

မန်းစောဥက္ကာက မိန်းမပြောသည်ကိုသာ ဖြေလိုက်ရသည်။ စိတ်က တစ်ခြား ရောက်နေသည်။ တစ်ခါက ခရီးသွားရင်း လူငယ်တစ်ဦးနှင့် မိတ်ဆက် စကားပြောရာမှ-

"ညီလေးက ဘာလူမျိုးလဲ" လို့ မေးလိုက်ရာ လူငယ်က

"ကျွန်တော် ဗုဒ္ဓဘာသာ လူမျိုး" လို့ ပြန်ဖြေတယ်၊

"ဟ-မဟုတ်သေးပါဘူး၊ အဲဒါ ဘာသာကွ။ လူမျိုးမဟုတ်ဘူး။ ဥပမာကွာ ဒီနိုင်ငံမှာ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း စသည် ဖြင့်ပေါ့။ အဲဒါလူမျိုးလို့ ခေါ်တယ်၊ ဘာသာအားဖြင့်တော့ ဗုဒ္ဓဘာသာ၊

ဟိန္ဒူဘာသာ၊ ခရစ်ယာန် ဘာသာ၊ အစ္စလာမ် (မွတ်ဆလင်) ဘာသာ စသည်ဖြင့်ပေါ့။ အဲဒါ ကိုးကွယ်တဲ့ဘာသာလို့ခေါ်တယ်။ ငါမေးတာက လူမျိုးကို မေးတာ၊ မင်းဘာလူမျိုးလဲ"

"ကျွန်တော် မြန်မာလူမျိုးပါ"

"ဟာ-လွဲပြန်ပြီ၊ မြန်မာလူမျိုး မရှိဘူး၊ မြန်မာနိုင်ငံသားပဲ ရှိတယ်၊ ငါခုနက ပြောတဲ့ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း စသည်ဖြင့် စုပေါင်းပြီး အတူတကွ နေထိုင်တဲ့ နိုင်ငံကို ပြည်ထောင်စု မြန်မာနိုင်ငံလို့ ခေါ်တယ်။ ကဲ-ငါထပ်မေးအုံးမယ်၊ မင်းအဖေက ဘာလူမျိုးလဲ"

ကရင်ကနေ မြန်မာလို့ ပြောင်းလို့မရသလို ဗမာလူမျိုး ကလည်း မြန်မာလူမျိုးလို့ ပြောင်းလို့ မရဘူး၊ ဘာကြောင့်လဲ ဆိုတော့ မြန်မာဟာ နိုင်ငံဖြစ်တယ်၊ လူမျိုး မဟုတ်ဘူး။

"ကရင်ပါ"

"မင်းအမေကရော"

"ကရင်ပါပဲ"

"ဟာ-ဒါဆိုရင် မင်းက ကရင်လူမျိုးပေါ့၊ အေး-ငါ အဲဒါကိုမေးတာ။ မင်းက ကရင်လူမျိုး၊ နိုင်ငံသား အားဖြင့်တော့ မြန်မာနိုင်ငံသား။ ကိုးကွယ်တာက ဗုဒ္ဓဘာသာ။ မှတ်ထား၊ နားလည်ပြီလား၊ လူတစ်ယောက်က ကိုယ်ယုံကြည်ရာ၊ ကိုယ်ကြိုက်တာကို ယုံကြည်ကိုးကွယ်နိုင်တယ်။ ဗုဒ္ဓဘာသာကနေ ခရစ်ယာန်ဘာသာကို ယုံကြည်ပြောင်းလဲ ကိုးကွယ်နိုင်သလို၊ ခရစ်ယာန်ဘာသာ ကနေပြီး ဗုဒ္ဓဘာသာကို ကြိုက်နှစ်သက်လို့ ဒါမှမဟုတ်၊ အခြားဘာသာကို ပြောင်းလဲ ကိုးကွယ်နိုင်တယ်။ လူမျိုးကျတော့ ကရင်လူမျိုးကနေ ကျွန်တော်ကုလားပါ ဆိုပြီး ပြောင်းလို့မရဘူး၊ ကရင်ဟာ ကရင်ပဲ။ ကရင်ကနေ မြန်မာလို့ ပြောင်းလို့ မရသလို ဗမာလူမျိုးကလည်း မြန်မာလူမျိုးလို့ ပြောင်းလို့မရဘူး၊ ဘာကြောင့်လဲ ဆိုတော့ မြန်မာဟာ နိုင်ငံဖြစ်တယ်၊ လူမျိုးမဟုတ်ဘူး။ ဒါကြောင့်မို့ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ဗမာ၊ ရခိုင်၊ ရှမ်း အစရှိတဲ့ ပြည်ထောင်စု တိုင်းရင်းသားများဟာ မြန်မာနိုင်ငံသားများ ဖြစ်တယ်။ မင်းမရောစေနဲ့ သိပြီလား။

နောက်ပြီး "စောင့်လေမျိုးနွယ်"ဆိုတာ ရှိတယ်၊ လူမျိုးတိုင်းဟာ ကိုယ့်ရဲ့ အမျိုးအနွယ်၊ စာပေစကား၊ ယဉ်ကျေးမှုတွေကို မြတ်မြတ်နိုးနိုး ထိန်းသိမ်းစောင့်ရှောက်ရမယ့် တာဝန်ရှိတယ်၊ ကိုယ့်ရဲ့ အမျိုးအနွယ်ကို မထိန်းသိမ်းမစောင့်ရှောက်ဘဲ၊ အခြားလူမျိုးကို ယူရင် ကိုယ့်လူမျိုးကို သစ္စာဖောက်ရာကျတယ်၊ ဒီလိုနဲ့ လူမျိုးလည်း တဖြည်းဖြည်း ပျောက်ကုန်ကြလိမ့်မယ်၊ ဒါကြောင့်မို့ မင်းတို့လူငယ်တွေ၊ အိမ်ထောင်ပြုတဲ့ နေရာမှာ၊ နှလုံးသားနဲ့ မဆုံးဖြတ်ဘဲ ဦးနှောက်နဲ့ ဆုံးဖြတ်တတ်ဖို့ လိုတယ်။"

ကိုယ့်ရဲ့ အမျိုးအနွယ်ကို မထိန်းသိမ်း မစောင့်ရှောက်ဘဲ၊ အခြားလူမျိုးကို ယူရင် ကိုယ့်လူမျိုးကို သစ္စာဖောက်ရာကျတယ်။

"ကို- ဘာငေးနေတာလဲ၊ ညီမပြောတာ ကြားရဲ့လား"
လို့ နော်လေးဝါးက လှမ်းမေးတော့

"အော-အေး"

အတွေးထဲ နစ်မြောနေတာကြောင့်၊ မန်းစောဥက္ကာက အူကြောင်ကြောင်နဲ့ ဖြေလိုက်သည်။

နံနက်မိုးလင်းသည်နှင့် မန်းစောဥက္ကာ မြို့သို့ တက်သွားသည်။ သားလေးအတွက် လိုအပ်သည့်ပစ္စည်းများကို ဈေးကြီးအတွင်း ဝယ်ယူနေစဉ်-

"ဟေး-ကိုဥက္ကာကြီး မဟုတ်လား။ မတွေ့တာ အတော်ကြာပြီနော်၊ နေကောင်းလား။ အခု ဘယ်ရောက်နေလဲ၊ ဘာလုပ်နေလဲ။"

စသည်ဖြင့် ဆက်တိုက်မေးလာသည့် မေးခွန်းများကြောင့် မေးလာသူအား သေချာ ကြည့်လိုက်ရာ၊

"ဟာ- ညီလေးသိန်းရှိန် မဟုတ်လား။"

"ဟုတ်ပ ကိုဥက္ကာကြီးရာ၊ ဝမ်းသာလိုက်တာဗျာ။"

"ညီလေး အခုဘယ်မှာနေလဲ၊ ဘာလုပ်နေလဲ။"

"ကျွန်တော်က အရင်မေးတာပါ ကိုဥက္ကာကြီးရာ။"

တကယ်တော့
ကျွန်တော် တို့
ဗမာလူမျိုးဟာလည်း
တိုင်းရင်းသားထဲမှာ
ပါတယ်

"အော - ဟုတ်သားပဲ၊ ကိုယ်လည်း ဝမ်းသာလို့ပါကွာ၊ ညီလေးနဲ့ ကိုယ် ဆယ်တန်းအောင်ပြီးနောက် မတွေ့ကြတော့ဘူးလေ။ အခုမှပဲ ပြန်ဆုံရတယ်နော်။ ကိုယ် ဆယ်တန်းအောင်ပြီး စက်မှုတက္ကသိုလ် တက်ခဲ့တယ်။ ညီလေးလည်း ပညာရေးတက်နေတယ်လို့ ကြားပါတယ်ကွာ။ အခု ကိုယ် သဲဖြူချောင်းရွာမှာ နေတယ်။ အင်ဂျင်နီယာဘွဲ့ရပေမယ့် ယောက္ခမတွေရဲ့ လယ်ယာလုပ်ငန်း တိုးတက်ဖို့အတွက် ကြိုးစားပြီး လုပ်ပေးနေရတယ်။ အခုလည်း ရွာအတွက် လိုအပ်တဲ့ စက်ပစ္စည်းတွေနဲ့ သားလေးအတွက် ကျောင်းဝတ်စုံနဲ့ စာအုပ်တွေ လာတက်ဝယ်တာပါ။"

"ကိုဥက္ကာကြီးက ကလေး ဘယ်နှစ်ယောက်လဲ"

"တစ်ယောက်တည်းပါကွာ၊ မိန်းမယူတာ နောက်ကျတော့ ကလေးက ငယ်သေးတယ်၊ အခုမှ မူလတန်း စအပ်ရမှာလေ"

"ဒါဆို အိမ်လိုက်ခဲ့ဦး။ ကျွန်တော်က ဒီနားလေးတင် နေတာ။ အခု မြို့နယ်ပညာရေးမှူး ဖြစ်နေတယ်။ အကိုတို့ရွာလည်း ကျွန်တော်တို့ မြို့နယ်ထဲမှာပါတယ်။ လိုအပ်တာရှိရင် ပြောပါ။ လာ၊ အိမ်ကိုသွားမယ်"

"အေးပါကွာ၊ ထမင်းကောကျွေးမှာလား"

မန်းစောဥက္ကာက ကရင်ဝိုဝို ပွင့်လင်းရိုးသားစွာ မေးလိုက်သည်။

"ကျွေးပါတယ် ကိုဥက္ကာကြီးရယ်။ မတွေ့တာ ကြာပြီဆိုတော့ အေးအေးဆေးဆေးပေါ့"

မန်းစောဥက္ကာနှင့် သိန်းရှိန်တို့၏ မိဘများသည် အစိုးရဝန်ထမ်းများဖြစ်ကြ၍ မိဘများ ပြောင်းရွှေ့ရာသို့ လိုက်ပါကြရပြီး ပုသိမ်မြို့တွင် ဆုံတွေ့ကြသည်။ (၅) တန်းမှ (၁၀) တန်းထိ အတူတူ နေကြရသည်။ မန်းစောဥက္ကာက အသက် အနည်းငယ် ပိုကြီးသည်။ မန်းစောဥက္ကာမှာ ငယ်ငယ်ကတည်းက ခန္ဓာကိုယ် ထွားကြိုင်းသန်မာသူ ဖြစ်ပြီး သိန်းရှိန်မှာကား မောင်နှမငါးဦးတွင် အငယ်ဆုံး၊ တစ်ဦးတည်းသော ယောက်ျားလေး ဖြစ်သဖြင့် အနည်းငယ်ပျော့သည်။ ငယ်ငယ်က ကျောင်းတွင် မကြာခဏ အနိုင်ကျင့်ခံရသူ ဖြစ်သည်။ သူများတကာ စ၍ သော်လည်းကောင်း၊ အနိုင်ကျင့်ခံရ၍ သော်လည်းကောင်း၊ မျက်ရည်အဝိုင်းသားနှင့် မန်းစောဥက္ကာကို အကူအညီ တောင်းလေ့ ရှိသည်။

မန်းစောဥက္ကာက အကူအညီ တောင်းလာလျှင် မည်သူ့ကိုမဆို အတတ်နိုင်ဆုံး ကူညီတတ်သူဖြစ်သောကြောင့် အားလုံးက လေးစားကြသည်။ တစ်နေ့ ကျောင်းနားချိန်၌ ကလေးများ စိန်ပြေးတမ်း ဆော့နေရာ သိန်းရှိန်လည်း ထိုအထဲတွင်ပါသည်။ သိန်းရှိန် လိုက်သည့် အလှည့်တွင် ကစားဖော် ကလေးများက

"ဟေ့- ဂန်ဒူး၊ အချောက်သိန်းရှိန်၊ စိန်ပလိမ်တိမ် ဂွိမ်"

ဟုဆိုကာ စနောက်ကြပြီး ထွက် ပြေးကြသည်။ သိန်းရှိန်ခမျာ မိအောင် လိုက်ဖမ်းရာသည်။ သို့သော် သူ့အား

ဂန်ဒူးအခေျာက် ဟု ခေါ်သည်ကို စိတ်ဆိုး ဒေါသထွက်ပြီး အတင်း လိုက်ဖမ်းရာ ခလုတ်တိုက်လဲပြီး နဖူးကွဲဖူးသည်။ အဲဒီတုန်းက မန်းစောဥက္ကာ ရောက်လာပြီး
“ဟေ့ကောင်တွေ ဒီလို မလုပ်ပါနဲ့ကွာ။ မင်းတို့ကောင်တွေတော့ နာတော့မယ်” ဟု ဝင်ပြောလိုက်မှ ကစားဖော်များ ရှဲသွားကြသည်။ မန်းစောဥက္ကာကိုတော့ အတန်းဖော်များ ကြောက်ကြသည်။ သူငယ်ချင်းများက သိန်းရှိန် နဖူးကွဲသွားသည်ကို တွေ့လိုက်သည်နှင့် အလျှိုလျှိုပျောက် ကုန်ကြသည်။ မန်းစောဥက္ကာ တစ်ဦးတည်းသာ အတန်းပိုင် ဆရာမအား သတင်းပို့ပြီး ဆေးခန်းလိုက်ပြ ပေးရသည်။ မန်းစောဥက္ကာသည် ငယ်ငယ်က အကြောင်းတွေကို ပြန်စဉ်းစားနေမိရာ

“ရောက်ပြီ၊ ဒီအိမ်ပဲ၊ ကိုဥက္ကာကြီး ထိုင်ဦး။ အေးအေးဆေးဆေးပေါ့၊ မြရေ၊ ကိုဥက္ကာကြီး ရောက်နေတယ်။ ထွက်ကြည့်ပါဦး။ လောလောဆယ် ရေနွေးနဲ့ လက်ဖက်သုပ်လေးပါ ယူခဲ့ပါကွာ”

မြမြနှင့် သိန်းရှိန်၊ မန်းစောဥက္ကာတို့သည် တစ်တန်းတည်း အတူကျောင်းနေဖက်များ ဖြစ်ကြသည်။

“ကိုဥက္ကာကြီး နေကောင်းတယ်နော်၊ မတွေ့တာတောင် အတော်ကြာပြီ”

“ကောင်းပါတယ်ညီမလေး”

“အခု ဘာလာလုပ်တာလဲ”

> တိုင်းရင်းသားများ
> အားလုံးဟာ
> ညီအစ်ကိုအရင်းတွေလိုပါပဲ။
> မရှိ အတူ ရှိအတူ
> သာအတူ ညီအမျှ
> မျှဝေခံစားကြရမှာပဲ

“ဈေးထဲမှာ ကလေးအတွက် ကျောင်းဝတ်စုံ၊ ကျောပိုးအိတ်နဲ့ စာအုပ် ခဲတံလေးတွေ လာဝယ်ရင်း သိန်းရှိန်နဲ့ တွေ့လို့ သူခေါ်တာနဲ့ လိုက်လာတာ”

“ကလေးက ဘယ်အရွယ်လဲ။ အခု ဘယ်မှာနေလဲ”

“သဲဖြူချောင်းရွာမှာ နေတယ်။ အိမ်ထောင်ကျတာ နောက်ကျတာနဲ့ ကလေးက အခုမှ သူငယ်တန်း တက်ရမှာ”

“ဟင်- မြလည်း သဲဖြူချောင်းရွာမှာပဲလေ။ အဲဒီမှာ မူလတန်းကျောင်းအုပ်လုပ်နေတယ်။ တစ်ရွာတည်းနေပြီး မသိကြဘူး။ စနေ၊ တနင်္ဂနွေ တစ်ပတ်တစ်ကြိမ် အိမ်ပြန်တယ်လေ”

“ဟောဗျာ။ ဒါဆိုမနေ့က အိမ်က မိန်းမသားလေးကို ကျောင်းသွားအပ်တာ ဟောဒီ ဆရာမကြီးပေါ့။ ကောင်းရောကွာ။ အတော်ပဲ၊ အတော်ပဲ၊ ဒီမှာ မြို့နယ်ပညာရေးမှူးကြီး ရှိတုန်း ပြောရဦးမယ်”

မြမြက လက်ဖက်သုတ်နှင့် ရေနွေးကြမ်းအိုးကို လာချရင်း

“လက်ဖက်သုပ် စားဦး။ မြ ဟင်းချက်လိုက်ဦးမယ်။ ကိုဥက္ကာကြီး ဒီမှာ ထမင်းစားသွားနော်”

“စားတာပေါ့ ညီမလေးရယ်”

မြမြက ပြောပြောဆိုဆိုနှင့် နောက်ဖေးမီးဖိုချောင်ထဲ ဝင်သွားလေသည်။

“ပြောပါဦး ကိုကြီးဥက္ကာ။ မနေ့က ဘာဖြစ်တာလဲ”

သိန်းရှိန်က မေးလိုက်သည်။

“အော် - ဒီလိုပါ၊ မနေ့က အိမ်ကမိန်းမသားလေးကို ကျောင်းသွားအပ်တယ်။ သား နာမည်က စောထူးဥက္ကာလေ။ ဒါပေမယ့် စာရင်းသွင်းတော့ မောင်ထူးဥက္ကာ ဖြစ်သွားတယ်။ မိန်းမက ပြန်ပြင်ပေးဖို့ ပြောတော့ ဆရာမကြီးက ပြင်မပေးဘူးတဲ့။ နောက်-လူကလည်းများအားလည်းနာတာနဲ့ ဆရာမကြီးကို အချေအတင် မပြောဘဲ ဒီအတိုင်း ပြန်လာခဲ့တယ်တဲ့၊ အဲဒါ ဘယ်ဖြစ်မလဲ ညီလေး။ ညီလေးပဲ စဉ်းစားကြည့်၊ အကိုတို့ လူမျိုးဟာ ယောက်ျားလေးကို နာမည်ပေးရင် စောမျိုးချစ်၊ မန်းနေမင်း၊ စထွန်းလူ စသည်ဖြင့် ရှေ့ကနေ စ၊ မန်း၊ စော တို့နဲ့ ပေးလေ့ရှိတယ်။ အဲဒီ စ၊ မန်း၊ စော ဟာ ဗမာလိုဆိုရင်တော့ မောင် ပဲ။ မိန်းကလေးလည်း ဒီလိုပဲ။ နမ့်ခင်အေးဦး၊ နော်နှင်းနု နန်းစပယ်မြင့်

စသည်ဖြင့် ရှေ့ကနေ "နန်း၊ နော်၊ နမ့်" တို့ကိုထားပြီး အမည်ပေးကြတယ်။ ဗမာလို ဆိုရင်တော့ မခင်အေးဦး၊ မနှင်းနု မစပယ်မြင့်ပေါ့"

"ကိုဥက္ကာ ပြောတာလည်း ဟုတ်တာပဲလေ။ တကယ်တော့ ကျွန်တော်တို့ ဗမာလူမျိုးဟာလည်း တိုင်းရင်းသားထဲမှာ ပါတယ်"

"မှန်တာပေါ့ ညီလေးရာ။ ပြည်ထောင်စု မြန်မာနိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြတဲ့ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း အစရှိတဲ့ တိုင်းရင်းသားများဟာ ဒီမြေမှာ မွေးပြီး၊ ဒီမြေမှာကြီး၊ ဒီမြေမှာပဲ ခေါင်းချသွားကြရမဲ့ တစ်မြေတည်းနေ၊ တစ်ရေတည်းသောက်၊ တစ်ခရီးတည်း သွားကြရမယ့် လူတွေချည်းပါပဲ"

"လွတ်လပ်ရေးကြိုးပမ်းမှု သမိုင်းမှာပဲ ကြည့်ဦး။ နယ်ချဲ့ တော်လှန်ရေး တစ်လျှောက်လုံးမှာ တိုင်းရင်းသား ညီအစ်ကိုတွေ အားလုံး သူ့ဒေသနဲ့ သူ လက်သံပြောင်ပြောင်နဲ့ တွန်းလှန်တိုက်ခိုက်ကြတယ်။ အမိနိုင်ငံလွတ်လပ်ရေးရအောင် စုပေါင်းတော်လှန်ကြတယ်။ ဒီနေရာမှာ ဗမာ တစ်မျိုးသားတည်းလဲ မရနိုင်သလို ကရင်တစ်မျိုးသားတည်းနဲ့လည်း မရနိုင်ဘူး။ တိုင်းရင်းသားတွေ အားလုံး ပူးပေါင်း ပါဝင်ကြလို့ လွတ်လပ်ရေး ရတာပဲ မဟုတ်လား။ တကယ်တော့ ပြည်ထောင်စု မြန်မာနိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြတဲ့ တိုင်းရင်းသားတွေ အားလုံးဟာ ညီအစ်ကို အရင်းတွေလိုပါပဲ။ မရှိ အတူ၊ ရှိအတူ၊ သာအတူ ညီအမျှ မျှဝေ ခံစားကြရမှာပဲ မဟုတ်လား"

"ညီလေးပြောတာ မှန်လိုက်လေ ညီလေးရာ။ လူတိုင်းလူတိုင်း ဒီလိုအမြင် ရှိဖို့လိုတယ်။ သဘောထားကြီးဖို့ လိုတယ်"

မန်းစောဥက္ကာက ရေနွေးကြမ်းတစ်ခွက်ကို "ဂွတ်" ကနဲ မော့ချလိုက်ပြီး နောက်ရေနွေးကြမ်းခွက်ကို စားပွဲပေါ်သို့ အသာပြန်ချကာ

"နောက်တစ်ခု ရှိသေးတယ် ညီလေး"

"ပြောပါ၊ အကိုကြီးဥက္ကာ"

"ဒီစကားကို ညီလေးမို့လို့ ပြောရဦးမယ်။ လူမျိုးတစ်မျိုးဟာ ငါက လူမျိုးကြီးပဲဆိုပြီး အခြားလူမျိုး တစ်မျိုးကို အပေါ်စီးက နေပြီး အုပ်ချုပ်တာမျိုး၊ နည်းမျိုးစုံနဲ့ နှိပ်ထက်စီးနင်း ပြုတာမျိုး မလုပ်သင့်ဘူး။ ဒီမြေပေါ်မှာရှိတဲ့ မြေပေါ်၊ မြေအောက် သယံဇာတ အားလုံးဟာ ငါတို့ လူမျိုးပဲ ပိုင်တယ်။ အခြားလူမျိုးနဲ့ မဆိုင်ဘူး။ ဒါကြောင့် ရလာတဲ့ အကျိုးအမြတ် အားလုံး ငါပဲယူမယ်ဆိုတာလည်း မဖြစ်သင့်ဘူး မိသားစုတစ်ခုမှာ စီမံအုပ်ချုပ်နေတာ မိဘပဲ။ စီမံအုပ်ချုပ်သူ မိဘဟာ သားသမီးအားလုံးအပေါ် မျှမျှတတ ရှိရမယ်။ ဒီ သားသမီးကို အသာကျွေးပြီး၊ ဟို သားသမီးကို အငတ်ထားရင် အငတ်ထားခံရတဲ့ သားသမီးရဲ့ မေတ္တာကို ပြန်ရမှာ မဟုတ်ဘူး။ မေတ္တာပေးမှ မေတ္တာရမှာ မဟုတ်လား"

"ဟုတ်ပါတယ် ကိုကြီးဥက္ကာ"

> "မောင်" တို့ "မ" တို့ နဲ့ စာရင်း သွင်းလိုက်ရင် နောင် အရွယ်ရောက်လို့ မှတ်ပုံတင် လုပ်တဲ့အခါမှာ ဗုဒ္ဓဘာသာ ကိုးကွယ်တဲ့လူ ဆိုရင် အလိုလိုနေရင်း ဗမာလူမျိုး ဖြစ်သွားကြတယ်။
> အချို့ဒေသတွေမှာ တစ်ရွာလုံး ကရင်ချည်းပဲ။ ဒါပေမယ့် မှတ်ပုံတင်ထဲမှာ အားလုံးဟာ ဗမာဖြစ်နေတယ်။

မန်းစောဥက္ကာလည်း ပြောရင်းလည်း အရှိန်ရလာသဖြင့်

"နောက်တစ်ခု ရှိသေးတယ်။ ဒီ ပြည်ထောင်စု မြန်မာနိုင်ငံကို ဗမာလူမျိုးပဲ ပိုင်တယ်။ မြေပေါ်မြေအောက် ထွက်ရှိသမျှဟာ ငါ့လူမျိုးအတွက် ငါ့ဥစ္စာ ငါ့ဟာလို့ပဲ- ငါ ငါ ဖြစ်နေရင် ငါဆိုတဲ့

အတွက်ကြောင့် အများရဲ့ ကျိန်စာသင့်ခြင်း ခံရမယ်"

ထိုအချိန်တွင် မြမြ အခန်းထဲမှ ထွက်လာပြီး

"ကိုရေ- ထမင်း ပြင်ပြီးပြီ။ ကိုကြီးဥက္ကာကို ထမင်းကျွေးလိုက်ရအောင်"

"လာ၊ ကိုကြီးဥက္ကာ၊ ထမင်းစားမယ်"

ဟုသိန်းရှိန်ခေါ်လိုက်ရာ

"နေဦး ညီလေး၊ ပြောစရာနည်းနည်းကျန်သေးတယ်။ ကျောင်းအပ်တဲ့ ကိစ္စကို ပြန်ပြောမယ်။ မြမြ- ညီမလေးလည်း နားထောင်ပါဦး"

"ဟုတ်ကဲ့၊ ကိုကြီးဥက္ကာ၊ ပြောပါ"

"ဒို့များ ကရင်လူမျိုးများဟာ အင်မတန်မှ ရိုးသားကြတယ်။ ပြီးတော့ သစ္စာရှိတယ်။ အဲဒါ တို့ကရင် လူမျိုးတွေ ကရင်ဖြစ်ရတာ ဂုဏ်ယူကြတဲ့ အချက်တွေပဲ။ ကလေးတွေရဲ့ နာမည်ရှေ့မှာ ယောကျ်ားလေး ဆိုရင် စောတို့၊ စ တို့၊ မန်း တို့နဲ့ မှည့်သလို မိန်းကလေးဆိုရင်လည်း နန်း၊ နော်၊ နမ့်တို့နဲ့ မှည့်ကြတယ်။ အဲဒါ ဘာရယ်မှ မဟုတ်ဘူး။ အမည် ခေါ်လိုက်တာနဲ့ သူတို့လေးတွေဟာ ကရင်လေးတွေ ပါလားလို့ သိစေချင်တဲ့ သဘောပဲ။ အချင်းချင်းတွေ့ရင် စည်းလုံးတဲ့ သဘောပဲ။ ကရင် ဖြစ်ရတာ ဂုဏ်ယူစေလိုတဲ့ သဘောပဲ။ ဘယ်သူ့ကိုမှလည်း မထိခိုက်ဘူး။ ဒီလိုမလုပ်ဘဲ အခြေခံကျောင်းစအပ်တဲ့ နေရာမှာမှ မောင်တို့ မတို့နဲ့ စာရင်း သွင်းလိုက်ရင် နောင်အရွယ်ရောက်လို့ မှတ်ပုံတင် လုပ်တဲ့အခါမှာ ဗုဒ္ဓဘာသာ ကိုးကွယ်တဲ့လူဆိုရင် အလိုလို နေရင်း ဗမာလူမျိုး ဖြစ်သွားကြတယ်။ အချို့ဒေသတွေမှာ တစ်ရွာလုံး ကရင်ချည်းပဲ။ ဒါပေမယ့် မှတ်ပုံတင်ထဲမှာ အားလုံးဟာ ဗမာ ဖြစ်နေတယ်။ လူတွေကလည်း ရိုးလွန်းတော့ ခရီးသွားရတာ လွယ်ကူအောင် မှတ်ပုံတင်ရှိရင်ပြီးရောဆိုပြီး ဘာမှမပြောဘဲ နေကြတယ်။

> မြေပေါ်မြေအောက်
> ထွက်ရှိသမျှဟာ ငါ့လူမျိုး
> အတွက်
> ငါ့ဥစ္စာ ငါ့ဟာလို့
> ငါ – ငါ – ဖြစ်နေရင်

အဲဒါကိုလည်း မှန်မှန်ကန်ကန် ဖြစ်စေချင်တယ်။ ဒါဟာ မှတ်ပုံတင်ပြုလုပ်ပေးတဲ့ လူဝင်မှုကြီးကြပ်ရေး ဌာနမှာ တာဝန်ရှိတယ်။ အခြေခံကျတဲ့ မူလတန်းကျောင်းမှာမှ မပြင်ပေးရင် နောင် ပြင်ရခက်တယ်။ အဲဒါ ညီလေးတို့ ညီမလေးတို့က ပညာရေးဌာနက ဆိုတော့ အကိုကြီး ပြောရတာပါ။ "

"ဟုတ်ပါတယ် အကိုကြီးဥက္ကာ။ လာ-ထမင်းစားမယ်။ တော်ကြာ အေးကုန်တော့မယ်"

မန်းစောဥက္ကာတို့လည်း ထမင်းဝိုင်းသို့သွားပြီး ထမင်းစားကြသည်။ ထမင်းစားပြီးနောက်

"ကဲ-အကိုကြီးပြန်မယ်။ ကျေးဇူးတင်တယ် ညီလေး။ ညီမလေးလည်း ရွာမှာ အခက်အခဲရှိရင် အကိုကြီးကိုပြောပါ။ ညီမလေးက အိမ်နဲ့ခွဲပြီး အဝေးမှာ တာဝန်ထမ်းဆောင်နေရတာ ဆိုတော့ အကိုတို့ရွာက စောင့်ရှောက်ရမယ့် တာဝန်ရှိတယ်"

"ဟုတ်ကဲ့ပါ အကိုကြီးဥက္ကာ။ လိုအပ်တာရှိရင် ပြောပါ့မယ်။ ကျေးဇူးတင်ပါတယ်။ အကိုကြီးဥက္ကာရဲ့ သားလေးကိုလည်း နာမည်ပြင်ပေး လိုက်ပါ့မယ်"

"အကိုကြီးလည်း ကျေးဇူးတင်ပါတယ်ကွယ်။ ကဲ - အကိုကြီးသွားပြီ "

မန်းစောဥက္ကာလည်း ပြောချင်တာများကို ရင်ဖွင့်လိုက်ရသည့်အတွက် စိတ်လက်ပေါ့ပါးစွာနဲ့ ရွာသို့ ပြန်သွားလေတော့သည်။

ကျော့တာပိုက်(ကော့မြတ်ကြီး)

■

အချစ်မှာ ဘာသာမရှိဘူး။
အချစ်မှာ အရွယ်မရှိဘူး။
အချစ်မှာ အခြေအနေဆိုတာ မရှိဘူး။
အချစ်ဆိုတာ ချစ်နေဖို့ပဲလိုတာပါ။ ။

# ဗန်ကျုံးဘီး နဲ့ ဘား

အချစ်ချို




ကျွန်တော့်နာမည် 'ဆမင်းခေါင်'၊
ကျွန်တော်နေတာက မန္တလေး၊
တက်နေတဲ့ကျောင်းက ဆေးကျောင်း၊
အတန်းက 3rd MB...
ကျွန်တော်အခု
ပြောချင်တဲ့အကြောင်းက
အချစ်အကြောင်း။
ကျွန်တော်ချစ်နေတာက ဗမာမလေး။
သူမကို ချစ်နေတဲ့ ကျွန်တော့်ရဲ့
နှလုံးသားနဲ့ အချစ်တွေအကြောင်း။

အဲဒီ...

ကျွန်တော့်နှလုံးသား ဗမာမလေးရဲ့ အလုပ်က သူနာပြုနာ့စ်ပေါ့ဗျာ။ သူမကို ကျွန်တော် စတွေ့တာက (-) ဆေးရုံမှာပါ။ ကျွန်တော်တို့အဖွဲ့ လက်တွေ ဆင်းရတဲ့ဆေးရုံမှာ စတွေ့ပါတယ်။

နောက်မှ သိရတာက သူမလေးဟာ ကျွန်တော့်မိတ်ဆွေ ကိုကျော်ဇောကြီးရဲ့ ညီမ ဖြစ်နေတယ်။

အဲ့ဒီမိတ်ဆွေ ကိုကျော်ဇောကြီး ဆိုတာက ကျောင်းက မဟုတ်ပါဘူး။ အပြင်ကပါ။ ဒီထက်ရှင်းရှင်း ပြောရရင်တော့ဗျာ ကျွန်တော် ဂစ်တာသွားတီး ဖြစ်တဲ့ ဂစ်တာအရောင်းဆိုင် ဖွင့်ထားတဲ့ မိတ်ဆွေကြီးပါ။

သူ့ညီမလောက် မဟုတ်ပေမယ့် ချစ်ဖို့ အတော့်ကောင်းသူပါ။ သဘောကောင်းပြီး ဖြူစင်လို့ပါ။ သည်ခေတ်မှာက ဖြူစင်သူတွေဆိုတာ ရှားပါးပစ္စည်း ဖြစ်ကုန်ပြီလေ။

ကျွန်တော်ကတော့ အတန်းစာတွေ ဘယ်လောက်များများ လက်တွေ့တွေ ဘယ်လိုဆင်းနေရပါစေ။ ဂစ်တာတော့ သွားတီးဖြစ်ပါတယ်။ အခုဆို ပိုလို့ သွားဖြစ်တာပေါ့။ ဂစ်တာကို အကြောင်းပြုပြီး ဗမာမလေးကို မြင်ချင်တယ်လေဗျာ။ ဂစ်တာလည်း တီးရင်း ဗမာမလေးကိုလည်း ငေးရင်းပေါ့။

နှစ်ယောက်စလုံးကလည်း အချိန် နည်းကြသူတွေမို့လား မသိဘူး။ ဆုံတွေ့ကြဖို့ဆိုတာ ဆန္ဒရှိတိုင်း ဖြစ်မလာတတ်ပါဘူး။ ဒါ့အပြင် ကျွန်တော် ပြောချင်တာ ရှိနေပါသေးတယ်။ အဲဒါက ဘာလဲဆိုတော့ ကျွန်တော့်အိမ်အကြောင်းပါပဲ။

ကျွန်တော့် မိသားစုပေါ့ဗျာ။ အခု လောလောဆယ် ကော့်ကတော့ ကျွန်တော် ဗမာမလေးကို ကြွေနေပြီဆိုတာ သိပုံရတဲ့ (သိဆိုလည်း မိဘတွေက မြို့မျက်နှာဖုံး စာရင်းဝင်တွေကိုးဗျ၊ တပည့်လက်သားတွေကလည်း အများကြီးလေ)။

ကျွန်တော့် ခြေလှမ်းတွေအတွက် ဗမာမလေးကို စိတ်ဝင်စားနေတဲ့ ကိစ္စနဲ့ ပတ်သက်ပြီး နေ့တိုင်း မဟုတ်တာတောင် ဆုံမိတဲ့ ထမင်းစားဝိုင်းမှာ ညှိခန်းမှာ မိသားစုတွေ ဆုံပြီဆိုတာနဲ့ စလိုက်တိုင်း ကျွန်တော်နဲ့ ကျွန်တော် ချစ်နေပြီးဖြစ်တဲ့ ဗမာမလေး အကြောင်းပါပဲ။

သိပ် အပြင်းအထန်ကြီး မဟုတ်ဘူးဆိုပေမယ့် ပါပါနဲ့မိုမို့ အပြောကတော့-

"မင်းရဲ့အိမ်ထောင်ရေးအထိ မစွက်ဖက်ချင်ပါဘူး။ ဒါကြောင့် မင်းဘက်ကလည်း စကတည်းက ဆင်ခြင်ရမယ် လူမျိုးတူတာကို ဦးစားပေး စဉ်းစားရမယ်၊ ဒါပဲ"

အဲသည်စကားစုကို ကြားနေရတာကတော့ ကျွန်တော် ဆယ်တန်းအောင်ပြီး ဆေးကျောင်းစတက်တဲ့ အချိန်ကတည်းကပါပဲ။ အဲဒီတုန်းက ဘာကွန်ပလိန်းမှ မတက်မိပေမယ့် အခု အချိန်က ကမ္ဘာကြီးရွာဖြစ်နေတဲ့ ကျွန်တော်တို့ ခေတ်မှာတော့ အဲဒီစကားစုဟာ ခေါက်ရိုးကျိုးနေတဲ့ စကားလုံး အဟောင်းကြီးပဲ မဟုတ်ဘူးလား။ အမိုးအကာ မရှိတဲ့ ဟောဒီကောင်းကင်ကြီးရဲ့အောက်မှာ ကြီးမားတဲ့ ဖိနပ်ကြီး တစ်ရံနဲ့ တူတဲ့ သည်မြေကြီးပေါ်မှာ နင်းခွင့်နေခွင့် ရနေတဲ့ လူတိုင်းဟာ ဘယ်ဘာသာပဲ ကိုးကွယ်ကွယ်၊ ဘာလူမျိုးပဲ ဖြစ်ဖြစ်ပေါ့။

ပုခုံးနှစ်ဖက်ကြား ခေါင်းထွက်ပြီး ခြေနှစ်ချောင်း လက်နှစ်ချောင်းနဲ့ လူသားချင်း တူနေတာပဲ ဥစ္စာ။ ကျွန်တော်ကပဲ ထူးဆန်းပြီး ခြေသုံးချောင်းနဲ့ အုန်းသီးကို ဘောလုံးကန်နေတဲ့ ကမ္ဘာကလူကို ချစ်မိတာမှ မဟုတ်တာပဲ။

မိဘတွေရဲ့ နောက်ဆက်တွဲစကားက

"ကိုယ့်လူမျိုးတွေက ရိုးသားတယ်၊ ပွင့်လင်းတယ်၊ အေးဆေးပြီး မာယာဘာညာလည်း မရှိကြဘူး၊ ဗမာမလေးတွေက လှပြီး ထက်ကြတယ်ဆိုပေမယ့် မာယာ များလွန်းပါသတဲ့။ ဒါသိပ်မဟုတ်သေးဘူးနဲ့ တူပါတယ်။

ကရင်မလေးတွေထဲမှာ မာယာများပြီး မရိုးသားတာတွေ တစ်ပုံကြီး ရှိပါတယ်။ ထားပါတော့။ အဲဒါ ကျွန်တော်နဲ့ မဆိုင်ပါဘူး။ လူကြီးတွေရဲ့ အတွေးတွေဟာ နံနံတော့ ကျန်နေတာ မဟုတ်ဘူးလား။ အဟာ- ဒီစကား ပါပါသိရင် လက်သီးစာ မိနိုင်တယ်နော်။

အဲ့ဒီစကားပုံ အဟောင်းကြီးနဲ့ ပတ်သက်ပြီးတော့ ကျွန်တော်သတိရလိုက်မိတဲ့ အကြောင်းတစ်ခု ရှိလာပါတယ်။ အဲဒါက ဘာလိုဆိုတော့ ကျွန်တော် ငယ်ငယ်က အတိအကျဆိုရရင် ဆယ့်နှစ်နှစ် အရွယ်လောက်ကပေါ့။ ကျွန်တော်တို့ ရပ်ကွက်ထဲ လမ်းထိပ်က ဆေးခန်းမှာ နိုင်ငံခြား နာမည်မျိုးနဲ့ ဆရာဝန်ကြီးတစ်ဦး ရှိပါတယ်။

ရပ်ကွက်ထဲ လမ်းထဲဆရာဝန်ရှိတာ ဘာဆန်းလဲ ဆိုရင်တော့ ဟုတ်ကဲ့ မဆန်းပါဘူး။ ဒါပေမဲ့ကလေးအရွယ်

ကျွန်တော့်အတွက် ဆန်းနေတဲ့ အချက်ကတော့ ကျွန်တော်က ကိုယ်ပူလို့ နေမကောင်းလို့ သွားလည်း အဲ့ဒီပုဂ္ဂိုလ်ပေးတဲ့ဆေးက မန်ကျည်းသီးနဲ့ ဆားပါ။

နောက်ထပ် ရောက်လာတဲ့ ဗိုက်အောင့်သူရော ခေါင်းကိုက်သူရော သူ ပေးတဲ့ဆေးက ကျွန်တော့်ကိုပေးသလို မန်းကျည်းသီးနဲ့ ဆားပါပဲ။ အခုလည်း ကျွန်တော့်မိဘ အပါအဝင် လူကြီးတွေဟာ အဲသလို ဖြစ်နေပါတယ်။

နလုံးသားပဲဗျာ ပုံလောင်းကျုံးသွင်းထားလို့ ရမလား။ သူ့အလိုရှိရာ၊ ဆန္ဒရှိရာ၊ တောင့်တရာ၊ ဖူးစာပါရာ ချစ်မိ၊ ကြိုက်မိ၊ ယူမိ ယူချင်မှာပေါ့။ အဲဒီအခါမှာ ဗမာမမှ မဟုတ်ပါဘူး။ ကုလားမတို့၊ တရုတ်မတို့လည်း ဖြစ်နိုင်တာပဲ။ ရှိလည်း ရှိနေတာပဲဟာ။

ဘယ်လိုပဲပြောပြော ကျွန်တော်ကတော့ အဲသလို မန်းကျည်းသီးနဲ့ ဆားထဲက ရုန်းထွက်ချင်ပြီဗျာ။ အားလုံးဟာ တစ်မိုးအောက်ထဲမှာပဲ ရှိနေကြတာလေ။ ချစ်ခင်နေကြရင် မကောင်းဘူးလား။ ပြည်ထောင်စုသားတွေဆို တစ်သားထဲဖြစ်နေရင် ပိုမကောင်းဘူးလား။

ကျွန်တော် ဗမာမလေးကို ချစ်နေမိလို့ ဒီစကား ပြောချင်နေတာ မဟုတ်ပါဘူး။ ရင်ထဲမှာရှိတဲ့ စကားအတိုင်း ပြောမိတာပါ။ ဘယ်လိုပင် ဖြစ်ပါစေ၊ ကျွန်တော်ကတော့ ဗမာမလေးကို ချစ်တယ်ဗျာ။ အတူနေချင်တယ်။ မိုးလင်းကနေ မိုးချုပ် အလုပ်ဘယ်လောက်ပဲ ပင်ပန်းနေပါစေ၊ ဗမာမလေးရဲ့ ရင်ခွေ့ကိုသာ ခိုလှုံခွင့် ရပါစေ၊ အနာဂတ်မှာ ကြုံတွေ့ရမယ့် ဘယ်လိုသော ဒုက္ခ အမောဆိုတဲ့

> ကိုယ့်လူမျိုးတွေက
> ရိုးသားတယ်၊
> ပွင့်လင်းတယ်၊
> အေးဆေးပြီး
> မာယာဘာညာလည်း
> မရှိကြဘူး၊
> ဗမာမလေးတွေက

သောကကျောက်တုံးကို ဂွမ်းတစ်တုံးလို ကျွန်တော် လုံးချေနိုင်ပါတယ်။

ဗမာမလေးက အဲသလောက် စွမ်းသဗျ။ ချစ်တာကို၊ ကျွန်တော်ကလေ။

□ □ □

ကျွန်တော် မနေနိုင်တော့ဘူးဗျာ။ တစ်နေ့တော့ ဗမာမလေးကို ကျွန်တော်ဖွင့်ပြောဖို့ ဆုံးဖြတ်လိုက်ပါတယ်။ သူမလေးကလည်း သူ့ကို ကျွန်တော် ကြွေနေတာ သိနေမှာပါ။ ဘာဖြစ်လို့လည်း ဆိုရင် ကိုကျော်ဇောကြီးဆီ သွားတိုင်း သူမလေးကို တွေ့ရင် ကျွန်တော့်မျက်လုံးက တံခါးပေါက်လို ဖွင့်ပြီး မီးတောက်လာတာ ခေတ်ရဲ့ အပျိုမ တစ်ယောက်ဖြစ်တဲ့ ဗမာမလေး သိကို သိနေမှာ။

မနေနိုင်လို့ ကျွန်တော် ပြောဖြစ်လိုက်တဲ့အခါ အဲဒီမှာ ပြဿနာ စပါတော့တယ်။ ရုတ်တရက်ကြီး ဘယ်လိုမှ မထင်ထားတဲ့ ရှော့(ခ်) မို့ ဘာနဲ့ ဘယ်လိုကာကွယ်ရမှန်း မသိလိုက်ဘူး။

မြန်းကာနဲ့ ချွေးတွေ ပျံလာပြီး ပြုံးရတော့မလား။ ရယ်ပဲ ရယ်ရတော့မလား။ အူကြောင်ကြောင် အမူယာနဲ့ ကျွန်တော်ပုံစံက တော်တော်ကြည့်ရဆိုးနေမှာပါ။

တကယ်ဆို ဒီလိုဖြစ်စရာလားကွာ။ ဒီလိုဖြစ်သင့်လား။ ရည်းစားစကား ပြောပါတယ်ဆိုမှ၊ ကြည့်လေချစ်သူလေးရဲ့ တုံ့ပြန်လာချက်က

"ချစ်ခင်ပေးလို့ ကျေးဇူးတင်ပါတယ် ကိုဆမင်းခေါင်ရယ်။ ဒါနဲ့ ကိုဆမင်းခေါင်က ဖလုံလား၊ ဖလုံးလား ဒါမှမဟုတ် ရှောင်လား" တဲ့။

သေရောဗျာ။ ကျွန်တော်လေ မှန်တာဝန်ခံရရင် အမိနဲ့အဖက ကရင်ဆိုတာတော့ သိတယ်။ ဒါပေမဲ့ အရှေ့ပိုး ကရင်လား၊ အနောက်ပိုးကရင်လား စကောကရင် လားဆိုတာ သေသေချာချာ မသိပါဘူး။ မိဘတွေက ပြောတော့ ပြောကြပါလိမ့်မယ်။ ကျွန်တော်တို့က အာရုံ မရှိတာပါ။ ဂရုမစိုက် မိတာပါ။ အခုတော့။

အဲဒါတင် ပြီးရိုးလားဗျာ။ ချစ်သူလေးရဲ့ နောက်ဆက်တွဲစကား ဖြစ်တဲ့။

"ကျွန်မကလေ၊ ကျွန်မကို ချစ်တယ်ဆိုတဲ့ မြန်မာချစ်စကားကို ခဏခဏ ကြားနေရတာလေ။ ကိုဆမင်းခေါင်လို တိုင်းရင်းသားလေး တစ်ယောက်က သူ့ဘာသာစကားနဲ့ ပြောတဲ့ အဲဒီစကားကိုတော့ တစ်ခါမှ မကြားရသေးဘူး။ ကိုဆမင်းခေါင်တို့ စကားနဲ့ ချစ်တယ်ဆိုတာကို ဘယ်လို ပြောရတာ

လဲဟင်။ အဲဒီစကားကိုတော့ ကျွန်မ ကြားချင်ပါတယ်" တဲ့လေ။

အဲဒီနေ့က ကျွန်တော်ရှုံးပါ တယ်။ ဘာဖြစ်လို့လည်း ဆိုတော့ ဖလုံး လို ချစ်တယ်ကို၊ ဘယ်လိုပြောရမှန်း မသိတဲ့ အတွက်ပါ။ ကျွန်တော်က ဖလုံး (အနောက်ပိုး) ဆိုတာလည်း နောက်မှ သိတာပါ။ ဩော် ဗျာ- ချစ်တယ်လို့ ပြောဖို့ နေနေသာ။ ဖလုံလား၊ ဖလုံးလား ဆိုတာတောင် ကျွန်တော် မသိတာလေ။

ဒါပေမဲ့ဗျာ

ကျွန်တော် ပျော်တယ်ဗျာ။ ဆမင်းခေါင်တို့ ရှုံးသွားပြီလို့ မထင်လိုက် ပါနဲ့ဗျာ။ ကျွန်တော့်ရှေ့မှာ ချစ်စဖွယ် မျက်နှာပေးနဲ့ ထိုင်နေတဲ့ အဲဒီဗမာမလေး ကို တကယ်ဆို ကျွန်တော် ဖက်နမ်းချင် တာပါ။

ဒါပေမယ့်လေ

အရှေ့ ဂစ်တာဆိုင်ကနေ ကို ကျော်ဇောကြီးရဲ့ မကြာခဏ ချောင်းဟန့်

> ချစ်တယ်ဆိုတဲ့
> မြန်မာချစ်စကားကို
> ခဏခဏကြားနေရတာလေ။
> ကိုဆမင်းခေါင်တို့ စကားနဲ့
> ချစ်တယ်ဆိုတာကို
> ဘယ်လို ပြောရတာလဲဟင်။
> အဲဒီစကားကိုတော့
> ကျွန်မကြားချင်ပါတယ်

အချက်ပေးသံကြောင့် ကျွန်တော် မနည်း ထိန်းနေရတာ။ ဘယ်သူ သိမလဲ။

ချစ်တယ်ဗျာ၊ သူမလေးဟာ ကျွန်တော့်အတွက် တကယ့် အချစ်သံ တမန်မလေးပါပဲ။ ကျွန်တော်လည်း အိမ် ပြန်ရောက်တာနဲ့ ညမှ ညေ့ခန်းမှာ စုဝိ ကြတာနဲ့ ပါပါနဲ့ မိုမိုကို ကျွန်တော်ဟာ ဖလုံးလား၊ ဖလုံလား ရောင်လား မေးပြီး ဖလုံးမှန်းလည်းသိရော အဲဒီ ဖလုံး ဆိုတဲ့ အနောက်ပိုး ကရင်စကား သင်ပေးဖို့ ဆရာခေါ်ပေးပါလို့ တောင်းဆိုလိုက်ပါ တယ်။ ပါပါနဲ့ မိုမိုရဲ့ မျက်ခုံးတွေ ပင့်ကုန် ပြီး၊ သို့လော သို့လော သံသယတွေနဲ့ အကြည့်တွေကို

"ကျွန်တော်ချစ်သူ ဗမာမလေးက သူ့ကို ကျွန်တော်က ကျွန်တော်တို့စကား ဖလုံး လို ချစ်တယ်ပြောတာကိုပဲ သူ ကြားချင် တာပါတဲ့၊ အဲဒါကြောင့် အခုကစပြီး ဖလုံးစကားကို ကျွန်တော် သင်ချင် တယ်။ သင်တော့မယ်ဗျာ"

ဘာမှ မပြောပေမယ့် ပါပါနဲ့ မိုမိုတို့ရဲ့ မျက်နှာတွေမှာ ကျေနပ်သွား တဲ့ ကာလာရောင်ကို ကျွန်တော် တွေ့ လိုက်ရပါတယ်။ လူကြီးတွေဟာလည်း တော်တော်အတ္တ ကြီးကြတာပဲနော်။

ကဲဗျာ။ ဘယ်လိုပဲဖြစ်ပါစေ။ ကျွန်တော်ကတော့ ဖလုံးစကားကို စသင်နေပြီဗျ။ ဒါမှ ကောင်မလေးကို ကျွန်တော် ပိုင်မှာလေ။ ဗမာမလေးရယ် ချစ်တယ်ကွာ။ ပိုင်ဆိုင်ချင်တယ်။ အခု တော့ ကျွန်တော်လေ မန်ကျည်းသီးနဲ့ ဆား ဘဝကနေ လွတ်မြောက်ပြီဗျာ။ အဲဒီအတွက် ဗမာသံတမန်မလေးရယ် ကျေးဇူးဗျာ။ ပြီးတော့ မင်းလေး ကြား ချင်တဲ့ ကိုယ့်ရဲ့ ချစ်စကားကို ကိုယ် စသင် နေပါပြီ။ ဒါမှ မင်းကို ပိုင်မှာလေ၊ မင်းကို ပိုင်ဆိုင်ဖို့အတွက်ဆို လာထား၊ ဘာသာစကားရေ။

နောက်နေ့က စပြီး ဗမာသံတမန်မလေး ရေ

"ယဒိုင်နားလော" (ချစ်တယ်ဗျာ)
"နားမုတ်မုတ်" (မင်္ဂလာညပါ)

ကရင်စကားသင်ရတာ တကယ့်ကို မပင် ပန်းပါဘူး။ ကမ္ဘာကြီးကို ဂျုံတစ်တုံးလို လုံးခြေနိုင်လောက်အောင် ကျွန်တော့် ထံပါး ခွန်အားများ ဖြိုးမောက်လာပါ တယ်။

သူမဟာ ကျွန်တော့်ရဲ့ တကယ့် လယ်ယာမြေကောင်း သဖွယ်ပါပဲ။ တ ကယ်တော့ လူကြီးတွေက ဘောင်ခတ် နေကြလို့ပါ။ အင်ပါယာချဲ့တယ် ဆိုတာ အချင်းချင်းထက် ပိုကောင်း ပိုချဲ့နိုင်တဲ့ အရာဟာ ဘယ်လိုမျိုးဖြစ်တယ် ဆိုတာ ကျွန်တော်တို့ လူငယ်တွေက ပိုသိပါ တယ်။ ပိုတွေးနိုင်ပါတယ်။

ကဲဗျာ၊ ဘယ်လိုပင်ဖြစ်ပါစေ။ မန်းကျည်သီးနဲ့ဆား ဘဝကလည်း လွတ် မယ်။ အလိုရှိရာကိုလည်း ပိုင်ဆိုင်ရ မယ်။ ဆန္ဒလည်း ပြည့်ဝပြီး စစ်မဖြစ် ဘူး ငြိမ်းချမ်းမယ်။ အင်ပါယာလည်း ကျယ်ပြန့်မယ်ဆို ...

ဘာလိုသေးလည်းဗျာ။ နော်၊ အချစ်ရယ်။ ချစ်ပြီးရင်း ချစ်တယ်ဗျာ။ ကျေးဇူးလည်း တင်ရင်းပေါ့။ မောင့်ဗမာ မလေးရယ်။

အချစ်ချို

■



# ကြည်နူးမိသော်လည်း

နန့်မေဃမုံဆူး (ပန်းတနော်)

"ဟဲလို (ဇော်သလေး) ပန်းဆိုင်ကပါလား ခင်ဗျာ"

"ဟုတ်ပါတယ်ရှင်၊ ဘာများကူညီပေးရမလဲ"

"ဆိုင်ဖွင့်ပွဲအတွက် ပန်းအလှဆင်ချင်လို့ပါ"

"အော်၊ ဟုတ်ကဲ့၊ ရပါတယ်ရှင်။ အသေးစိတ် ရှင်းပြလို့ရအောင် ဆိုင်ကိုလာခဲ့ပါလား။ စိတ်ကြိုက်ပန်းများလဲ ရွေးလို့ရတာပေါ့"

"ဟုတ်ကဲ့၊ လိပ်စာလေး ပြောပေးပါ"

"ရပါတယ်ရှင်၊ အမှတ် (၂၈)၊ ချယ်ရီလမ်း၊ စိတ်ငြိမ်အေး ရပ်ကွက်ပါ။"

"ဟုတ်ကဲ့၊ ကျေးဇူးပါ"

ဆိုင်ကို ရောက်ကတည်းက ကျွန်မ တစ်ချက်ကလေးမှ မနားရသေးပါ။ ဆိုင်ထဲ သန့်ရှင်းရေးလုပ်၊ ဘုရားပန်းအိုးများ ပန်းအသစ်လဲ၊ စိုက်ခင်းမှ နံနက်စောစော (၅) နာရီကမှ ရောက်ရှိလာသည့် ပန်းများကို အမြဲတန်း လန်းဆန်းရန် အအေးခန်းထဲထည့်ပြီး ဖုန်းလာလျှင်လည်း သွားရောက် ကိုင်ရသေးသည်။ ဆိုင်မှာ အားလုံးပေါင်းမှ သုံးယောက်ပဲရှိသည်။ ကျွန်မနှင့် အတူ ညီမဝမ်းကွဲ အသီရယ်၊ ပန်းအော်ဒါများ



လိုက်ပို့ပေးရသည့် စဘွားကျရယ် ဖြစ်သည်။ အသီကတော့ မရောက်သေးပါ။ စဘွားကျကတော့ ပန်းအော်ဒါများကို စက်ဘီးဖြင့် လိုက်လံ ပို့ဆောင်နေပြီ ဖြစ်သည်။

အားလုံး ပြီးစီးသောအခါ ယနေ့ နောက်ထပ်ပို့ဆောင်ပေးရမည့် ပန်းအော်ဒါများကို လုပသေသပ်စွာ ပါဆယ်စည်းပြီး လိပ်စာနှင့် တကွ (Postcard) ကို အသေအချာညှပ်ပြီး စည်းထားလိုက်သည်။ ပြီးလျှင်တော့ လိပ်စာအတိုင်း အသေအချာ ပို့ပေးရသည်။ တချို့ကလည်း ချစ်သူရည်းစားအတွက်၊ တချို့ကလည်း ဂုဏ်ယူဝမ်းမြောက်ခြင်း အထိမ်းအမှတ်၊ တချို့ကတော့ ဆေးရုံတက်နေရသည့် နာမကျန်းသူ အသိမိတ်ဆွေများသို့ နှစ်သိမ့်အားပေးခြင်း ပန်းစည်းအဖြစ် အသီးသီး ပို့ပေးကြသည်။ တစ်ခါတလေကျလျှင်တော့ လွမ်းသူ့ပန်းခွေများလည်း ပြုပေးရလေ့ ရှိသည်။ ကျွန်မအတွက်တော့ နေ့စဉ် ပြုလုပ်နေကြဖို့ ရိုးအီပျင်းရိခြင်း မရှိဘဲ အမြဲပျော်နေရသည်။ ကျွန်မ ပြုလုပ်ပေးလိုက်သည့် ပန်းစည်းလှလှလေးများသည် လူတစ်ဦးနှင့်တစ်ဦးကြား ကြည်နူးသည့် ပေါင်းကူးတံတား ဆက်သွယ်မှုလေးတစ်ခု ဖြစ်သွားနိုင်သည် ဆိုသည့် အသိလေးက ကျွန်မရဲ့ ပင်ပန်းမှုများကို ဝေးလွင့်သွားစေသည်။

□ □ □

ပန်းစည်းများအားလုံး စည်းပြီးသောအခါ နံနက်ကတည်းက ဘာမှ မစားရသေးသဖြင့် ဗိုက်ထဲတွင် အနည်းငယ်တော့ ဆာလာသည်။ ထို့ကြောင့် ကော်ဖီသောက်ရန် ပြင်နေတုန်း ဆိုင်ထဲသို့ ဆောင်းလေညင်းများ အလုအယက် ဝင်လာမှုကြောင့် ကျောမှရင်သို့ စိမ့်တက်ခြင်း အရသာကို ခံစားလိုက်ရသည်။ ဆိုင်တွင်းသို့ မှန်တံခါးဖွင့်ပြီး တစ်ယောက်ယောက် ဝင်လာသည်ကို လှည့်မကြည့်ဘဲ အသေအချာ သိလိုက်သည်။

"ဟဲလို၊ မင်္ဂလာပါ"

"အော်၊ ဟုတ်ကဲ့၊ မင်္ဂလာပါရှင်၊ ဘာများ အလိုရှိပါသလဲ"

"စောစောက ဖုန်းဆက်ထားပါတယ်၊ ပန်း အလှဆင်ဖို့အတွက်"

"အော်၊ ဟုတ်ကဲ့၊ ဟုတ်ကဲ့၊ ကြွပါရှင်"

တည်ကြည်ခံ့ညားသော ကိုယ်ထည်မှာ အဝတ်အစားများကို သန့်ရှင်းသပ်ရပ်စွာ ဝတ်ဆင်ထားကာ ဖြတ်ခနဲ ကြည့်လိုက်သည်နှင့် နောက်ထပ်ကြည့်ချင်လောက်အောင် စမတ်ကျပြီး ဆွဲဆောင်မှုရှိသည့် ထိုလူသည် ယနေ့အဖို့တော့ ကျွန်မဆိုင်၏ ပထမဆုံး ဖောက်သည်ပဲ ဖြစ်ပါသည်။

"အခုလို ဆိုင်ကို ကိုယ်တိုင် လာလိုက်တော့ အသေးစိတ်ကလေးက အစ ရှင်းပြလို့ ရတာပေါ့။ နောက်ပြီး စိတ်ကြိုက်ပန်းလည်း ရွေးလို့ရတာပေါ့"


"ဟုတ်ကဲ့ ဒီဆိုင်ကို ကျွန်တော့် သူငယ်ချင်း တစ်ယောက်က ညွှန်လိုက်တာပါ။ ဒီဗိုင်းလေးတွေလည်း ဆန်းတယ်ဆိုလို့။ သူက ဒီဆိုင်က ဖောက်သည်လို့ ပြောတယ်၊ သိလား။ နာမည်က စထောင်စေးလေ"

"အော်၊ သိပါတယ်။ ဟုတ်တယ်ရှင့်။ သူက ဒီဆိုင်မှာ ဝယ်နေကျပါ။ နောက်ပြီး ဒီမြို့က ကရင်လူမျိုး မှန်သမျှကတော့ ကျွန်မဆိုင်မှာပဲ အားပေးကြပါတယ်"

စထောင်စေးက မိတ်ဆွေ အလွန်ပေါသူမို့ ကျွန်မဆိုင်တွင် နေ့တိုင်းလိုလို ပန်းစည်းအော်ဒါများ မှာလေ့ရှိသည်။

"ဒါနဲ့ ဆိုင်ဖွင့်ပွဲဆိုတော့ ဘာဆိုင်များလဲ မသိဘူး"

"ကော်ဖီဆိုင်ပါ။ ဒါကျွန်တော့်ရဲ့ (လိပ်စာကဒ်) ပါ။"



သူက မိုးပြာရောင် ကဒ်ကလေးတစ်ခု ထုတ်ပေးသည်။ ကဒ်ပေါ်တွင် Paradise coffee shop ကို နေဘုန်းမြင့်ဟူ၍ ငွေရောင် စာလုံးများဖြင့် ရေးထားသည်။

"သုံးမယ့်ပန်းကတော့ နှင်းဆီပန်း၊ အဖြူရောင် သီးသန့်ပဲ လုပ်ပေးပါ"

"ဟုတ်ကဲ့ ရပါတယ်။ အားလုံး စိတ်တိုင်းကျ လုပ်ပေးပါ့မယ်။ ဘောက်ချာလည်း ဖြတ်ပေးလိုက်ပါ့မယ်။ အော်၊ ဒါနဲ့ ဆိုင်ဖွင့်ပွဲက ဘယ်နေ့လဲ"

"သန်ဘက်ခါပါ"

"အင်း၊ ဒါဆို မနက်ဖြန်ညနေမှာ ကျွန်မတို့အဖွဲ့ ပန်းလာဆင်ပါ့မယ်"

ဒီလိုနှင့် ကျွန်မတို့နှစ်ယောက် နှစ်ဦးနှစ်ဖက် ဈေးပြောပြီး စရံငွေ ချေရန် ပြောသောအခါ သူက တစ်ခါတည်း ငွေအကျေချေ၍ ဆိုင်ဖွင့်ပွဲ ဖိတ်စာလေးပါ ပေးသည်။ နှင်းဆီပန်း အဖြူရောင်ချည်းသပ်သပ် သုံးပေးဖို့ကိုလည်း ထပ်လောင်း ပြောသွားသေးသည်။ သူ ပြန်ထွက် သွားတော့ သူ့ကိုယ်မှ ပျံ့လွင့်လာသည့် (Lavender) ပန်းရေမွှေးရနံ့က ကျွန်မ နှလုံးအိမ်ထဲထိ ဆွတ်ပျံ့လို့ကျန်ခဲ့ပါတယ်။ မဆီမဆိုင် အတွေးများ ခေါင်းထဲဝင်လာ၍ ကျွန်မ ရှက်ရွံ့စွာ ဖယ်ထုတ် လိုက်ရသည်။

□ □ □

နောက်တစ်နေ့ ဆိုင်ပိတ်ပြီးချိန် ကျွန်မရယ်၊ အသီရယ်၊ စဘွားကျရယ် သုံးယောက်သား ပန်းအလှပြင်ရန် (Paradise coffee shop) သို့ ထွက်လာ ခဲ့ကြသည်။ ဆိုင်လေးက အင်မတန် သပ်ရပ်၍ စိတ်ကူးယဉ်ဆန်လှသည်။ ဆိုင်တွင်းသို့ဝင်ရာ လမ်းဘေး တစ်လျှောက် ကွမ်းသီးပင်ပု ကလေးများ တန်းစီ စိုက်ထားသည်။ ဆိုင်အဝင်အဝ ဘေးတစ်ဖက်တစ်ချက်တွင် ထီးရိုးဝါးပင်ကလေး နှစ်ပင် စိုက်ထားသည်။ ဆိုင်တွင်းသို့ ထွင်းဖောက် မမြင်နိုင်သည့် မှန်များဖြင့် ဆိုင်ကို တည်ဆောက်ထားသည်။ ပိုင်ရှင်နှင့် တူ၍လားမသိ၊ တစ်ခါကြည့်လိုက်ရုံဖြင့် နောက်တစ်ခါ ထပ်ကြည့်ချင်စရာ ကောင်းလှအောင် ဆွဲဆောင်မှု ရှိနေသည်။

ကျွန်မတို့ လာတော့ သူက ဆီးကြိုနေသည်။ ဆိုင်၏ ဖွဲ့စည်းပုံတွေ၊ ပန်းအလှ ဆင်ချင်သည့် နေရာတွေကို သူက လိုက်ပြသည်။ ကျွန်မတို့လည်း ကားပေါ်တွင် ပါလာသော နှင်းဆီပန်း အဖြူရောင် သီးသန့်ကို သယ်ယူပြီး ဆိုင်တွင်းသို့ ရောက်ရောက်ချင်း လုပ်ငန်း စလိုက်ကြသည်။ စဘွားကျကတော့ အဝင်ဝ မုခ်ဦးနှင့် အမြင့်နေရာများတွင် ကျွန်မ ညွှန်ကြားသည့်အတိုင်း ပန်းများကို သေသပ်လှပစွာ ပြင်ဆင်သည်။ အသီကတော့ ကျွန်မ ပန်းဆင်ရာတွင် မလိုအပ်သည့် အရိုးအရွက်များကို ကတ်ကြေးဖြင့် သေသပ်စွာ ညှပ်ထုတ်ထားပေးသည်။ ပန်းတစ်မျိုးတည်း ဖြင့် တစ်ဆိုင်လုံးကို လှပစွာ ပြင်ရသည့်အတွက် ကျွန်မအဖို့ အနည်းငယ်တော့ အခက်အခဲရှိသည်။ သို့ပေမယ့် (၁) နာရီ အတွင်းမှာပဲ (Paradse coffee shop) လေးဟာ နာမည်နှင့်လိုက်အောင် သုခဘုံကလေးသဖွယ် နှင်းဆီဖြူများနှင့် လှပနေပါ တော့သည်။ ကျွန်မ သိထားမိတာက ကျွန်မတို့ ပန်းဆင်နေတုန်း သူ တစ်ချိန်လုံး ကျွန်မကို ကြည့်နေသည်။ တစ်ခါတစ်ခါ ကျွန်မတို့ အကြည့်ချင်း ဆုံသွားလျှင် သူက ပြုံးပြပါသည်။ သူ ပြုံးလိုက်တိုင်းလည်း ကျွန်မရင်ထဲမှာ အမည်မဖော်နိုင်တဲ့ လှိုင်းတွေ ရိုက်ခတ်သွားသည်။

"အရမ်းတော်တယ်ဗျာ။ ပန်းတစ်မျိုးတည်းကို ဒီလောက်လှအောင် ပြင်နိုင်တာ။ တကယ်ပါ အရမ်း ချီးကျူးတယ်။ ဒါကြောင့်လည်း ဒီကညီမရဲ့ဆိုင်က နာမည် ကြီးနေတာ"

"ဟင်း ဟင်း။ ကျေးဇူးတင်ပါတယ်ရှင်။ ဒီလောက်လည်း မဟုတ်ပါဘူး။ ပိုင်ရှင်က ကျေနပ်တယ်ဆိုရင်ပဲ တော်ပါပြီ"

"ကျေနပ်ပါတယ်ဗျာ။ ဒါနဲ့ ကျွန်တော်က ကော်ဖီတစ်ခွက်လောက် တိုက်ချင်ပါတယ်။ စကားလည်း ပြောရင်းပေါ့"

အသီနှင့် စဘွားကျတို့ ပစ္စည်းများ သိမ်းဆည်းနေချိန်မို့ သူနှင့် အတူ ကော်ဖီသောက်ဖို့ ကျွန်မ လက်ခံလိုက်သည်။

"ညီမက ကရင်လူမျိုးနော်"

"ဟုတ်ပါတယ်"

"အင်း၊ အလုပ်လုပ်တာ အရမ်း သေသပ်တယ်၊ စနစ်လည်း ရှိတယ်။ အရမ်း လေးစားတယ်"

သူက သူ့ဆိုင်ကို ဝေ့ဝဲကြည့်ပြီး ချီးကျူးစကားဆိုသည်။ ဆက်လက်ပြီး

"ဒါနဲ့ ညီမနာမည် အကို မသိသေးဘူး"

"အော်၊ ဟုတ်ကဲ့။ နန့်ဖော်သလေးပါ အကို။ ဆိုင်နာမည်နဲ့ အတူတူပဲလေ။ အဓိပ္ပာယ်ကတော့ ချယ်ရီလို့ အမည်ရပါတယ်"

"ဒါဆို အကိုတို့ မိတ်ဆွေဖြစ်ပြီနော်"

> နန့်ဖော်သလေးပါ အကို၊ ဆိုင်နာမည်နဲ့ အတူတူပဲလေ၊ အဓိပ္ပာယ်ကတော့ ချယ်ရီလို့ အမည်ရပါတယ်

ကျွန်မတို့ ကော်ဖီသောက်ရင်း စကားတော်တော် ပြောမိကြသည်။ တစ်ယောက်နှင့် တစ်ယောက်လည်း ဘာကြောင့်မှန်းမသိ နားလည်နေသလိုလို ခံစားမိသည်။ သူပြုံးလိုက်တိုင်းလည်း ခွက်ဝင်သွားသည့် သူ့ပါးနှစ်ဖက်မှ ပါးချိုင့်နှစ်ခုက ကျွန်မရင်ကို လှုပ်ရှားစေသည်။ ဘုရား ဘုရား ကျွန်မ သူ့ကို ချစ်မိနေပြီလား။ အို မဖြစ်နိုင်ဘူး၊ သူနှင့်ကျွန်မ လူမျိုးချင်း မတူဘူး။ သို့သော်လည်း ကျွန်မ သူ့ကိုချစ်မိနေပြီ ဆိုတာကိုတော့ မငြင်းချင်တော့ပါ။

နောက်နေ့တွေက စ၍ သူသည် ကျွန်မဆိုင်၏ နေ့စဉ်ဖောက်သည် ဖြစ်နေပါတော့သည်။ သူ ဝယ်လိုက်တိုင်းလည်း နှင်းဆီအဖြူချည်း သပ်သပ်ဖြစ်သည်။ သူ ဆိုင်သို့လာတိုင်း ကျွန်မနှင့် မျက်လုံးချင်းဆုံအောင် အမြဲကြည့်သည်။ အကြည့်ချင်း ဆုံတိုင်းလည်း ရင်ခုန်ခဲ့ရတာ မရေတွက်နိုင်တော့ပါ။

□ □ □



ဒီနေ့တော့ အသီက နေမကောင်း၍ ဆိုင်မလာနိုင်ပါ။ ထို့ကြောင့် ကျွန်မဆိုင်သို့ စောစောထွက်ခဲ့သည်။ စဘွားကျကတော့ ဆိုင်ရှေ့တွင် ငုတ်တုတ်ကလေး။ နှင်းတွေကလည်း မကွဲသေး၊ ချမ်းလွန်း၍ တုန်တောင်တုန်နေသည်။

“စဘွားကျ၊ စောလှချည်လား”

“အနန့်က နောက်ကျနေတာ။ ဒီမှာ ၆ နာရီတောင် ခွဲပြီ”

“အို၊ ဟုတ်လား။ အနန့်က နှင်း မကွဲသေးတော့ စောသေးတယ်ထင်တာ။ အဲဒါဆို လာမြန်မြန်၊ ပန်းပို့ရဦးမယ်”

ဆိုင်ထဲရောက်တော့ ပို့ရမည့် ပန်းစည်းများကို စနစ်တကျ ထုပ်ပိုးပြီး ဘောက်ချာအတိုင်း ပန်းများပို့ရန် စဘွားကျ တစ်ယောက် စက်ဘီးတစ်စီးဖြင့် ထွက်သွားတော့သည်။ ဆက်လက်၍ ယနေ့ ပို့ပေးရမည့် ပန်းစည်းအပြင် လွမ်းသူ့ပန်းခွေ ငါးခုပါ ပြုလုပ်ရန် ပန်းများပြင်နေရင်း နောက်ကျောသို့ ဆောင်းလေညင်းများ၏ ထိရိုက်မှုကြောင့် ကျောထဲ စိမ့်ဝင်သွားသည်။ စဘွားကျ တစ်ယောက် မသွားသေးဘဲ ဘာလို့ ပြန်ဝင်လာသလဲမသိဟု လှည့်အကြည့်

“ဟော့၊ ညီမ၊ ကြိုးစားလှချည်လား”

“အော်၊ အကို၊ စောလှချည်လား”

“ဟာ၊ မစောတော့ပါဘူး။ နှင်းတွေ မကွဲသေးလို့ပါ။ ၇း၀၀ တောင်ထိုးနေပြီ”

“ဟုတ်သားပဲ။ ဒီနေ့မှ နှင်းတွေက မိုးရွာသလို ကျနေတာ။ ဒါနဲ့ ပန်းစည်း ဝယ်မလို့လား”

“အင်း၊ ဟုတ်တယ်ညီမ၊ ဒီနေ့တော့ အကို့ကို အထူးရှယ် လုပ်ပေးပါ”

“နှင်းဆီပန်း အဖြူပဲလား”

“မဟုတ်ဘူး။ ဒီနေ့တော့ ဒေစီပန်းကို များများလေးနဲ့ ဖဲကြိုး လှလှလေးပါ စည်းပေးပါ။ အကို့ ချစ်သူအတွက် လက်ဆောင်ပေးမလို့”

သူ၏ စကားကြောင့် ကျွန်မခေါင်းထဲတွင် မိုက်ခနဲ ဖြစ်သွားသည်။ ဘုရားရေ၊ သူ့မှာ ချစ်သူရှိနေပြီကိုး၊ ငါကသာ တစ်ဖက်သတ် ရင်ခုန်နေတာ၊ စိတ်ထဲတွင် အလွန် ဝမ်းနည်းသွားသည်။ ဝေ့တက်လာသော မျက်ရည်များကို အပြင်သို့ ထွက်မလာစေရန် မျက်ဝန်းထဲတွင်သာ ပုတ်ခတ်ပစ်လိုက်သည်။ သူလိုချင်သည့် ဒေစီပန်းများကို လှပသေသပ်စွာ ထုပ်ပိုးပြီး ဖဲကြိုး အစိမ်းဖျော့ရောင်လေးနှင့် တွဲချည်ပေးလိုက်သည်။

“ဘယ်လောက်လဲ၊ ညီမ”

“(၁၂၀၀၀) ပါ အကို”

ကျသင့်ငွေကို ရှင်းပေးပြီး ရုတ်တရက် ပြောချလိုက်တဲ့ စကားကြောင့် ကျွန်မ ကိုယ့်နားကိုပင် မယုံနိုင်အောင် ဖြစ်သွားရသည်။

“ဒါ - ညီမအတွက်ပါ၊ ညီမကို အကို အရမ်းချစ်တယ်၊ ကိုယ့်ကိုယ် လက်ထပ်ခွင့် ပြုပါ”

ကျွန်မ ဘာမှ ပြန်မပြောနိုင်အောင် မှင်သက်သွားမိသည်။ နှလုံးခုန်သံများလည်း ပုံမှန် မဟုတ်တော့။ သူ့ရော ကျွန်မပါ တစ်ယောက်မျက်နှာ

ခေါင်းထဲတွင်မိုက်ခနဲ ဖြစ်သွားသည်၊ ဘုရားရေ၊ သူ့မှာ ချစ်သူရှိနေပြီကိုး၊ ဝေ့တက်လာသည့် မျက်ရည်များကို အပြင်သို့ ထွက်မလာစေရန် မျက်ဝန်းထဲတွင်သာ

တစ်ယောက် ကြည့်ရင်း အတန်ငယ် ငြိမ်သက် မိကြသည်။ အပြင်မှ တစ်ယောက်ယောက် မြင်လျှင် ကျွန်မတို့ကို ကျောက်ရုပ် ဖြစ်သွားပြီ ဟုတောင် ထင်နိုင်သည်။ သို့သော် ဆိုင်မျက်နှာစာ မှန်သွပ်များ အားလုံးမှာ အပြင်မှ ထွင်းဖောက် မမြင်နိုင်အောင် နှင်းငွေ့များက ကာရံပေးထားသည်။ အပြင်တွင် နှင်းများက စောစောကထက် ပိုကျနေသည်။

သူ ပြန်ထွက်သွားတော့ ကျွန်မ လက်ထဲ ပန်းစည်းရောက်နေသည်။ စဘွားကျလည်း ဆိုင်သို့ ပြန်ရောက်နေသည်။

"အနန်."

"ဟင်း"

"ဘာလုပ်နေတာလဲ။ ဟိုအကို ပန်းစည်းကျန်ခဲ့ပြီ"

"အင်း အင်း။ ဟို… နောက်မှ လာယူမယ်ထင်တယ်။ ဝင်စရာ ရှိသေးလို့တဲ့၊ ဟိုမှာ နှင်းဆီပန်းကားတောင် လာနေပြီ"

ကျွန်မကို ကြည့်ပြီး စဘွားကျ နားမလည်ပါ။ သို့သော် ဘာမျှ ဆက်မမေးဘဲ စက်ဘီး ချိန်းကြိုးပျက်၍ နောက်တစ်စီးနှင့် လဲယူကာ သူ့အလုပ် သူဆက်လုပ်ရန် ထွက်သွားတော့သည်။ ကျွန်မလည်း စိုက်ခင်းမှ လာပို့သည့် နှင်းဆီပန်းကား ရောက်လာ၍ ပန်းများ ဆိုင်တွင်းသို့ အလုပ်သမားများ သယ်ယူနေသည်ကို စာရင်း မှတ်ထားလိုက်သည်။ နားထဲတွင်တော့ ကိုနေဘုန်းမြင့်၏ ပြတ်သားလှတဲ့ ချစ်ရေးဆိုသံကို ကြားယောင်နေဆဲ။ ရင်ထဲမှာတော့ ရထား (၁၀) စင်းလောက် ခုတ်မောင်း နေပါတော့သည်။

နောက်နေ့တွေက စလို့ ညစဉ် ညတိုင်း သူကျွန်မကို ဖုန်းဆက်ပြီး အဖြေ တောင်းသည်။ ကျွန်မသူ့ကို အရမ်း ချစ်သည်။ သို့ပေမယ့် ဘာကြောင့်မှန်း မသိ၊ ကျွန်မ အဖြေ မပေးနိုင်ပါ။ တစ်ခုခုက ဟန့်တားနေသလို ခံစား ရသည်။ သူ့ကို ကျွန်မ ချစ်တယ်လို့ ပြောမယ်ပြုတိုင်း နှုတ်က မထွက်ပါ။

□ □ □



ဒီနေ့ ကျွန်မစိတ်တွေလုံးဝ မငြိမ်ပါ။ ထိုင်လို့လည်း မရ ထလို့လည်း မရ ဖြစ်နေသည်။ ဘာကြောင့်လည်း ဆိုတော့ သူ့ကို ကျွန်မ အဖြေပေးမည်ဟု ပြောထားခြင်းကြောင့် ဖြစ်သည်။ ရင်ထဲလည်း တလှပ်လှပ် ခုန်နေသည်။ ပန်းများ ပါဆယ် စည်းရာတွင်လည်း ခဏခဏ ပြန်ဖြုတ် နေရသည်။ အသီကတော့ ကျွန်မကို ကြည့်ပြီး နားမလည်ပါ။

"အနန်၊ ဘာဖြစ်နေတာလဲ။ ကတုန်ကယင်နဲ့ ၊ နေမကောင်းဘူးလား"

"အင်း၊ ကောင်းပါတယ်။ ညက ကော်ဖီ သောက်တာ များသွားလို့ ရင်ထဲခုထိ တုန်နေတာ"

အသီ့ကို လိမ်ပြောမိ၍ စိတ်ထဲမှာလည်း မသန့်၊ ရင်ထဲမှာလည်း ပျော်သလို၊ ဝမ်းနည်းသလို ခံစားနေရသည်။ တစ်ခါမျှ မချစ်ဖူး၍ ရူးနေပြီလားဟုပင် ကိုယ့်ကိုကိုယ်တောင် ထင်မိသည်။ ထိုစဉ်

"ဖောင်သလေး၊ နေကောင်းလား"

"ဟာ၊ အနန့်ဘွားစိန်။ ဘယ်က လှည့်လာတာလဲ"

"ဒီကိုပဲလာတာ၊ သားလေးတို့ကျောင်းက ဆရာမအတွက် ပန်းစည်းလက်ဆောင် ပေးဖို့ ပန်းစည်းလာဝယ်တာ"

ဆိုင်တွင် အားပေးနေကြ ဖောက်သည်တစ်ယောက် ဖြစ်သည့် နန့်ဘွားစိန်က သားဖြစ်သူကို လက်ဆွဲပြီး ရယ်ရယ်မောမောနှင့် နှုတ်ဆက်ကာ ဝင်လာသည်။ နန့်ဘွားစိန်၏ သားလေး က လည်လည်း လည်သည်။

"အနန့်သားက ကရင်လိုပဲ ပြောတယ် နော်"

"ဟင်း ဟင်း ။ ဟုတ်တယ်"

"အင်း၊ ဟုတ်တယ်နော် အနန့် အခု အချိန်ကတည်းက ကလေးတွေ ကရင်လိုပြောမှ နောင် ကြီးလာတဲ့အချိန်ထိ ကရင်စကား ပြောတတ်မှာ တချို့ဆို ကရင်ဖြစ်ပြီး ကရင်လိုလည်း မပြောတတ်၊ ကရင်စာလည်း မတတ်နဲ့ လူဖြစ်ရှုံးလိုက်တာ"

"ဟုတ်တယ် ဖော်သလေးရေ။ နောက်ပြီး တချို့ ကရင်မလေးဆို လူမျိုးခြားတွေနဲ့ယူပြီး မွေးလာတဲ့ ကလေးတွေက ဟိုမရောက် ဒီမရောက်နဲ့ နောက်ပြီး အမျိုးပါ ပျောက်ရော။ အနန့်တောင်မှ တောင်အိုင်ခလိန်နဲ့ ယူလို့ပေါ့။ ရည်းစားဦးဖြစ်တဲ့ လူမျိုးခြားနဲ့သာ ညားရင် အနန့်သားလေး ကရင်ဆိုတာ ဘာမှန်းတောင် သိမှာ မဟုတ်ဘူး။ ဟိုတုန်းက အဖိုးအဖွားတွေ ပြောခဲ့တာ မြေမျိုလို့ လူမျိုး မပျောက်ဘူး။ လူမျိုးမှ လူမျိုးပျောက်တယ် ဆိုတာ သိပ်မှန်တာပဲ။"



နန့်ဘွားစိန်ပြောသည့် စကားများသည် ကျွန်မရင်ထဲမှာ ကိန်းအောင်းနေသော အရာတွေကို ပုံဖော်ပေးလိုက်သလို ဖြစ်သွားသည်။ ကျေးဇူးလည်း အရမ်းတင်မိသည်။ ကျွန်မအတွက် သတိပေးလိုက်သလို ဖြစ်သွားသည်။ ဝယ်ယူသည့် နှင်းဆီပန်းစည်းအပြင် သစ်ခွပန်း အချို့ကိုပါ လက်ဆောင်အဖြစ် ပေးလိုက်သည်။ နန့်ဘွားစိန်၏

ရထား(၁၀)စင်းလို
ခုတ်မောင်းနေတဲ့
ကျွန်မ ရင်ဟာ
တယောတစ်လက်
ညင်သာစွာ
တီးခတ်နေသလို
တည်ငြိမ်အေးချမ်းတဲ့
အရသာကို
ကျွန်မခံစားတတ်ခဲ့ပြီ။

သားလေး စအိုင်စေးလေးကလည်း ကျွန်မကို သူ့အမေ သင်ပေးသည့်အတိုင်း ကျေးဇူးတင်ပါသည်။ နောက်လည်း လာအားပေးပါ့မည်ဟု ကရင်လို မွတ်တွတ်နေအောင် ပြောသွားသေးသည်။ အရမ်းချစ်ဖို့ကောင်း၍ အရမ်းယဉ်ကျေးသည့် ကရင်လေးပင် ဖြစ်ပါသည်။

□ □ □

ကျွန်မ ရင်ထဲမှာ ရှိနေသော အမှန်တရားကို ယခုတော့ ကျွန်မ သိလိုက်ရပြီ။ ကျွန်မ ခံစားတတ်ခဲ့ပြီ။ ကိုနေဘုန်းမြင့် လာလျှင် ယဉ်ကျေးစွာ ငြင်းပယ်မည်သာ…။

နန့်မေယမုံဆုး (ပန်းတနော်)
၁၁၊ ၇၊ ၂၀၁၂

■

# ဝင်းရော်ဒေသတွင် အလယ်တန်းအဆင့် ကရင်ဖတ်စာသင်တန်း တက်ရောက် သင်ကြားနိုင်ပြီ




ပြီးခဲ့သည့် ၂၀၁၁-၂၀၁၂ ခုနှစ်တုန်းက အလယ်တန်းအဆင့် ကရင်ဖတ်စာ (ဖလုံလိုက်ထုလီဘာသာ) ကို ကရင်ပြည်နယ်၊ ကြာအင်းဆိပ်ကြီးမြို့နယ်၊ ဝင်းရော်ဒေသ၊ ဒိုင်လွတ်တမိုဝေါ်င်းကျောင်းတွင် ဖွင့်လှစ်သင်ကြားခဲ့သည်ဟု သိရသည်။ ၎င်းသင်တန်းတွင် ပထမအကြိမ်၌ သင်တန်းသား (၈၀) ကျော် တက်ရောက်ပြီး ဒုတိယအကြိမ်တွင် သင်တန်းသား (၁၀၀) ကျော် တက်ရောက်သည်ဟု သင်တန်းမှူး၏ ပြောပြချက်အရ သိရသည်။

တတိယအကြိမ် သင်တန်းကို ယခု လာမည့် ၂၀၁၃ ခုနှစ်၊ ဧပြီ နောက်ဆုံးအပတ်တွင် ဆက်လက်ဖွင့်လှစ်သွားမည်ဟု အလယ်တန်းအဆင့် ကရင်ဖတ်စာပြုစုရေးတာဝန်ခံတစ်ဦးထံမှ သိရပြန်ပါသည်။ သင်ကြားမည့်ဘာသာရပ်များမှာ အလယ်တန်းအဆင့် ကရင်ဖတ်စာ သင်ပုံသင်နည်း (ကရင်ဘာသာဖြင့်) အပြင် အခြား ဗဟုသုတအဖြစ် စီးပွားရေး (ကရင်ဘာသာဖြင့်)၊ လူမှုရေး (ကရင်ဘာသာဖြင့်)၊ ဘာသာရေး (ကရင်ဘာသာဖြင့်)၊ အမျိုးသားရေး (ကရင်ဘာသာဖြင့်)၊ အခြေခံစာရေးနည်း အနုပညာ (ကရင်ဘာသာဖြင့်) စသည်တို့ကို နှီးနှောဖလှယ်ကြမည်ဖြစ်ပြီး သင်တန်းကာလ ၁၅ ရက်ကြာမည်ဟု စုံစမ်းသိရှိရသည်။

သင်တန်း တက်ရောက်လိုပါက အောက်ပါ ဖုန်းနံပါတ်များတွင် ဆက်သွယ်မေးမြန်းနိုင်ပါသည်။

၀၉ ၇၃၂၅ ၇၇၉၆

၀၉ ၄၉၅ ၇၇၀၈၀



## ဇွဲကပင်တောင်ခြေတွင် စုပေါင်းကျင်းပကြမည်

ပြီးခဲ့သည့် ၂၀၁၂ ခုနှစ်၊ မေတွင် (၆၂) ကြိမ်မြောက်၊ ပြည်နယ်ကရင်စာပေနှင့် ယဉ်ကျေးမှု စုပေါင်းသင်တန်းဆင်းပွဲကို မြဝတီမြို့နယ်၊ ရွှေကုက္ကိုဒေသတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်ဟု သိရသည်။ (၆၃) ကြိမ်မြောက် ပြည်နယ်ကရင်စာပေနှင့် ယဉ်ကျေးမှုသင်တန်း ဆင်းပွဲကို လာမည့် ၂၀၁၃ ခုနှစ်၊ မေတွင် ဇွဲကပင် တောင်ခြေ ဘားအံမြို့နယ်၊ ခလောက်နို့ကျေးရွာအုပ်စု၌ ပြုလုပ်ကျင်းပသွားမည်ဟု ကြိုတင်သိရှိရပါသည်။



## နှစ်စဉ်ဆင်နွဲ ပန်းတနော်စာပေသင်တန်းဆင်းပွဲ

နှစ်စဉ်ကျင်းပမြဲဖြစ်သည့် ပန်းတနော်မြို့နယ် ကရင်စာပေသင်တန်းဆင်းပွဲကို ၂၀၁၂ ခုနှစ်၊ ဧပြီလ ၂၈ ရက်နေ့က ကျင်းပခဲ့သည်။ ယခုနှစ် အလှည့်ကျ ကျင်းပသည့်ကျေးရွာမှာ တောကျောင်းကျေးရွာ ဖြစ်ပြီး စာပေသင်တန်းဆင်းပွဲနှင့်အတူ ဒုံးအက ပြိုင်ပွဲကိုလည်း အစဉ်အလာမပျက် ဆင်နွှဲခဲ့ကြသည်။ ရန်ကုန်တိုင်းဒေသကြီး ကရင်ရေးရာဝန်ကြီး၊ ဧရာဝတီတိုင်းဒေသကြီး ကရင်ရေးရာဝန်ကြီး၊ ကရင်နှစ်သစ်ကူးကျင်းပရေး ဗဟိုကော်မတီ (မဟာရန်ကုန်) မှ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ ပန်းတနော်စာပေယဉ်ကျေးမှုအသင်းမှ လူကြီးများ၊ သင်တန်းဆရာ၊ ဆရာမများနှင့် ပရိသတ် အများအပြား တက်ရောက်ခဲ့ကြသည်။ ဒုံးပြိုင်ပွဲတွင် တောကျောင်းကျေးရွာ ဒုံးအဖွဲ့က ပထမဆု ဆွတ်ခူးရရှိခဲ့သည်။

## မယ်တော်မိခင်ကြီး ဒေါက်တာစင်သီယာမောင် အတွက် ၆ ခုမြောက်ဆု

မယ်တော်ဆေးခန်းကို ထူထောင်ခဲ့သူ ဒေါက်တာစင်သီယာမောင်သည် အခြားထင်ရှားသူ ၄ ဦးနှင့်အတူ အမေရိကန် အခြေစိုက် National Endowment For Democracy - NED မှ ချီးမြှင့်သော ၂၀၁၂ ခုနှစ် ဒီမိုကရေစီဆု (The 2012 Democracy Award) ကို စက်တင်ဘာလ ၂၀ ရက်နေ့တွင် ရရှိခဲ့ပါသည်။ ဒေါက်တာစင်သီယာမောင်အတွက် ယခုရရှိသောဆုမှာ နိုင်ငံတကာရှိ အဖွဲ့အစည်းများက ပေးသော ၆ ခုမြောက် ဆုလည်းဖြစ်သည်။ ဒေါက်တာစင်သီယာမောင်နှင့်အတူ ဒီမိုကရေစီဆုကို ရရှိခဲ့သူများမှာ ရှမ်းတိုင်းရင်းသားခေါင်းဆောင် ဦးခွန်ထွန်းဦး (SNLD ဥက္ကဋ္ဌ)၊ ဦးကျော်သူ (နာရေးကူညီမှုအသင်း ဥက္ကဋ္ဌ)၊ ကိုမင်းကိုနိုင် (၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင်) နှင့် ဦးအောင်ဒင် (US Campaign for Burma) တို့ဖြစ်သည်။ ဆုချီးမြှင့်သော NED အဖွဲ့သည် ၁၉၈၃ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး ကမ္ဘာတစ်ဝန်းရှိ ဒီမိုကရေစီအရေးနှင့် လူမှု



Photo: Internet

အဖွဲ့အစည်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစဉ်တစိုက် ဆောင်ရွက်နေသူများကို ရွေးချယ်ချီးမြှင့်ပေးနေသော အဖွဲ့ဖြစ်သည်။ ဒေါက်တာစင်သီယာမောင်သည် ထိုင်း-မြန်မာနယ်စပ်ရှိ မယ်တော်ဆေးခန်းတွင် လူမှုအကျိုးပြုလုပ်ငန်းများကို ဆောင်ရွက်ခဲ့သောကြောင့် ဆုချီးမြှင့်ခံရခြင်းဖြစ်သည်။

## ထိုင်းမှာ ကျင်းပတဲ့ ကရင့်ရိုးရာပွဲ

ထိုင်းနိုင်ငံ ဘန်ကောက်မြို့တွင် ထိုင်းယဉ်ကျေးမှု ဝန်ကြီးဌာနနှင့် ထိုင်းအသံလွှင့်ဌာန (THAI PBS) တို့က ဦးစီး၍ ကရင့်ရိုးရာဓလေ့နှင့် ယဉ်ကျေးမှုပွဲတော်ကို စက်တင်ဘာလ ၂၁ ရက်မှ ၂၃ ရက်နေ့အထိ ကျင်းပခဲ့သည်။ ထိုင်းနိုင်ငံ ချင်းမိုင်၊ စွန်ပု၊ ရပ်ချ်ဘူရီ အပါအဝင် မြို့နယ် ၁၆ မြို့နယ်မှ ကရင်လူမျိုးများ တက်ရောက်ဆင်နွှဲခဲ့ကြပြီး ကရင့်ရိုးရာချည်ဖြူပွဲမင်္ဂလာပွဲ သရုပ်ဖော်မှုအပါအဝင် ကရင့်ရိုးရာ တူရိယာများ တီးမှုတ်ပြီး ဒုံးအကများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။ ထိုပွဲတော်ကို ထိုင်းနိုင်ငံမှ စိုက်ပျိုးရေး ဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေး ဝန်ကြီးဌာန၊ ပြည်ထဲရေး ဝန်ကြီးဌာန၊ သဘာဝနှင့် သစ်တောထိန်းသိမ်းရေး ဝန်ကြီးဌာန စသည့် ဝန်ကြီးဌာနအသီးသီးမှ ဝန်ကြီးများ တက်ရောက် အားပေးခဲ့ကြသည်။ ထိုင်းနိုင်ငံ၏ ကရင့်ရိုးရာ ယဉ်ကျေးမှုပွဲတော်သည် ပထမအကြိမ် ကျင်းပခြင်းဖြစ်ပြီး ထိုင်းနိုင်ငံအတွင်းရှိ ပအိုဝ်လူမျိုးများလည်း အတူတကွ ပါဝင်ဆင်နွှဲခဲ့ကြသည်။




## အမေရိကန်ရောက် ကရင်ဆယ်ကျော်သက်များ လက်စွမ်းပြ

အမေရိကန်နိုင်ငံ ဆန်ဒေဂိုမြို့တွင် မြို့ခံ City Heights လမ်းသရဲတို့ကို ဆယ်ကျော်သက် ကရင်လူငယ်များက တွန်းလှန်နိုင်ခဲ့ရာ အားလုံးအံ့အားသင့်စရာ ဖြစ်ခဲ့ရသည်။ ကရင်ဆယ်ကျော်သက်များမှာ ၁၅ နှစ်၊ ၁၆ နှစ် အရွယ် ကလေးများဖြစ်ပြီး တိုက်ခိုက်ရေးပညာများကို မသုံးရတော့ဟု ထင်ရသောနေရာမျိုးတွင် မိမိကိုယ်ကို ကာကွယ်သည့် အနေဖြင့် တိုက်ခိုက်ရခြင်းဖြစ်ကြောင်း လူငယ်တစ်ဦးက ပြောကြားခဲ့သည်။ ဒေသခံ မှုခင်းအရာရှိ Kevin Lachapella က City Heights လမ်းသရဲတို့ နောက်တစ်ခါ အနိုင်ကျင့်ရန်စလျှင် ရဲစခန်းသို့ အကြောင်းကြားရန်နှင့် တုံ့ပြန်မှု မပြင်းထန်ရန် သတိပေးခဲ့ရသည်။ ဆန်ဒေဂိုတွင် ကရင်ဒုက္ခသည် ၃၀၀ ခန့် ရောက်ရှိနေသည်။

## လက်ပံတောင်းတောင်အရေး ကလိုထူးဘောတို့ လက်မနှေး

လက်ပံတောင်းတောင် ဆန္ဒပြပွဲ အကြမ်းဖက်နှိမ်နင်းမှုကို ဆန့်ကျင်ခြင်းနှင့် ကချင်ပြည်နယ်စစ်ပွဲများ ရပ်တန့်ရေးကို ရည်ရွယ်၍ ကလိုထူးဘောအဖွဲ့က မြဝတီမြို့တွင် ၁၄ ရက် ဒီဇင်ဘာလတွင် ဆန္ဒဖော်ထုတ်ခဲ့သည်။ ဗိုလ်မှူးကြီး စောဆန်းအောင် ဦးဆောင်သော အဖွဲ့သည် နံနက် ၇း၃၀ နာရီခန့်မှ စတင်ပြီး မြဝတီမြို့တွင်း၌ လှည့်လည်၍ ဆန္ဒဖော် ထုတ်ခဲ့သည်။ ကလိုထူးဘောအဖွဲ့နှင့်အတူ ငြိမ်းချမ်းရေးကောင်စီ အဖွဲ့ကလည်း ပူးပေါင်းပါဝင်ခဲ့ကြသည်။


Photo: Internet

# (၅၇)နှစ်မြောက်ကရင်ပြည်နယ်နေ့ ကရင့်ရိုးရာယဉ်ကျေးမှုဒုံးအကပြိုင်ပွဲ

(၇-၁၁-၁၂) ကရင်ပြည်နယ်မြို့တော်၊ ဘားအံမြို့ သီရိကွင်းပြင်တွင် ကျင်းပသော နိဝင်ဘာလ (၇) ရက်၊ (၅၇) နှစ်မြောက် ကရင်ပြည်နယ်နေ့ ကရင့်ရိုးရာယဉ်ကျေးမှုဒုံးအကပြိုင်ပွဲ

ကော့ကရိတ်မြို့နယ်ဒုံးအဖွဲ့ ဆွတ်ခူးရရှိသောဆုများ

(က) ပထမဆု - ရာထညာဆုတောင်းတေးသီချင်း

(ခ) ပထမဆု - ဒုံးတေးသီချင်း

(ဂ) ဒုတိယဆု - ဒုံးအက အဖွဲ့

၎င်းသတင်းကို ကြားသိရသဖြင့် ထူးချွန်ဆု (၃) ဆု ရရှိသော ကော့ကရိတ်မြို့နယ်ဒုံးအဖွဲ့ကို ဂုဏ်ပြုချီးကျူးမိသည့်နှင့် အမျှ ကရင်ပြည်နယ်သူ ပြည်နယ်သားများ၊ ကရင်ရိုးရာဒုံးအဖွဲ့ဝင်များအားလုံး၏ ကရင်ရိုးရာ ယဉ်ကျေးမှု ထိန်းသိမ်းရှင်သန် ဖြတ်နိုးမှုအပေါ် လေးစားစွာ ဂုဏ်ယူမိပါသည်။

၎င်းသို့ ကော့ကရိတ်မြို့နယ်၊ ဒုံးအဖွဲ့အနေနှင့် ရာထညာဆုတောင်းတေး ပထမဆု၊ ဒုံးတေးသီချင်း ပထမဆု ထိုက်ထိုက်တန်တန် ဆွတ်ခူးရရှိခြင်းမှာ တေးသီချင်း စာသားအရ---

(က) လမ်းညွှန်စကားပုံများဖြင့် တင်စားမှု

(ခ) ရူပက၊ ဝက်ဝုတ္တိ၊ ဥပမာ အလင်္ကာများဖြင့် တန်ဆာဆင်မှု

(ဂ) ရိုးရာအငွေ့အသက်နှင့် မျက်မှောက်ငြိမ်းချမ်းရေး ဒီမိုကရေစီ အခင်းအကျင်း

(ဃ) ဝန်းကျင်ဂေဟာ ပသာဒနဲ့သဏ္ဌာ ဝီရ၊ သိင်္ဂါရ ရသမြောက်မှု

(င) သီချင်းပုဒ်များ ယှက်နွယ်သွယ်တန်းမှု

တို့ဖြင့် စေ့စပ်လင်စွာ သီကုံးဖွဲ့နွဲ့နိုင်စွမ်းရှိမှုတို့ကြောင့်ဟု ခံစားထင်မြင်မိပါသည်။

ထို့ပြင် ၁၈၈၁ ခေါကလူ ကရင်အမျိုးသားအဖွဲ့ချုပ်ကြီးမှ စီးဆင်းသော ကရင်အမျိုးသား ခေါင်းဆောင်ကြီးများ စိုက်ထူခဲ့သော သူရိယနေခြည်ရွှေဖားစည် ကရင်အမျိုးသားအလံတော်အောက်တွင် ကရင်အမျိုးသားထုတစ်ရပ်လုံး တန်းတူ ညီမျှရေးနှင့် ကြိုးပမ်းချီတက်ရန် နှိုးဆော်သံကိုလည်း နောင်နှစ်တွင် ထည့်သွင်းစပ်ဆိုပါရန် အကြံပြုအပ်ပါသည်။

ကျွန်ုပ်တို့ ကရင်အမျိုးသားနှစ်သစ်ကူးပွဲတော် ကျင်းပရေးဗဟိုကော်မတီ မဟာရန်ကုန်သည် ကရင့်ဘဝဓလေ့နှင့် ကိုက်ညီစစ်မှန်သည့် ကရင်ယဉ်ကျေးမှု အမွေအနှစ်များကို ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ရန် အခြေခံမူဖြင့် နှစ်သစ်ပွဲတော်တွင် ကရင့်ရိုးရာ ဒုံးအကပြိုင်ပွဲကို နှစ်စဉ် ထက်သန်ဖြတ်နိုးစွာ တင်ဆက်ကျင်းပလျက် ရှိပါသည်။

နှစ်သစ်/ဗဟို၏ ဝမ်းမြောက်မှုနှင့်အတူ မျှဝေရူစား ဖတ်ရှုနိုင်ရန် (၅၇)နှစ်မြောက် ကရင်ပြည်နယ်နေ့ ဒုံးအကပြိုင်ပွဲဝင် ကော့ကရိတ်မြို့နယ် ဒုံးအဖွဲ့၏ ပထမဆုရ "ရာထညာဆုတောင်းတေးသီချင်း" ကို မှတ်တမ်းနှင့်တကွ အမှတ်တရ ဖော်ပြ အပ်ပါသည်။

# ကော်တြာ်ချံကွင့် ဆိုယှိ့လာတုံ့ကုံရွာဲ ရာနော့ထာခေါဟ်

ကျောဟ်လူ့မုက်မျ ခိုအ်ုလူ့ခိုင်း --- ထမံင်သဝ့်ထင်းဟိုင့်စိုဝ်ဃိုင်ဃိုင် ထါကျာ်ကျေဝ့်သုဂ်ထဝ့် ခိုနို့လူ့ယူ့ယိင် ---- ကံင်သိုဝ်ထုံင်ဏီးဖုံဆာင့်ယှိ့လာဖါနိစာစိင်း --- ထုင်းလီ့တုံ့ယောဝ်ယှိ့ဒုးလိုမိင် --- မိုအဝ်ထာခေါဟ် လေးလေး (မင်းယိုဝ်း)[၂] လေးလေး ဒြေဏီ့အိင် --- မုက်သာဒြေဏီ့အိင် ကောဝ်တြာ်မူးချူ၊သာစင်း --- ဟုယ့်ထံင်ဖဝ်ႉ မိုအ်ုယုံင်လင် ဖုံခါနိ့မူ့ဏီ ---- ယာဲဆိုနို့ဏိင်း ---

၁။ လီအုးထုဂ်ဆံင့်ဟုံင့် ဆင်လင်ခိုင်း--- ခါနိ့မူဏီယာဲဆီဒြေနို့ဏိင်း--- ထီခါနိ့ဖေါဟ်ကုံကံင်း ဟုယ့်ဃိုင်ခိုင် ---- ဟုယ့်ဒုးခံင် ပါမုက်အ်ုယုံင်ဒိုင် ---။

၂။ နိုဝ်ဝေနိဘာနို့သင့်ဓးအ်ုခါ --- ခါနိ့မူ့ဏီစုံး အင်းတာင်ထင်းပြာပြာ ---။

၃။ ထီခါနိ့ဥုယ်အေက်ုလုဂ်ကိုမိုင့် --- ခါနိ့ဖေါဟ်သယ် သာလိုယှူးဏင်ဖိုင့် --- ထီသာ်ယး မူ့လာ့ဆိုဟုယ့်ဆိုင် --- ဆိုယှူးမိုကအေဏဝ်ႉဏိုလိုဖိုင့် --- ထီခါနိ့မိုထင်းထဝ့် လိုင့်ယှိုယိုင်။

၄။ ခါနိ့မျေနိမာထီခိုင်းကွာ့ဖိုင် --- ဒီမိုကရေစီသိုဝ၊ဖဝ့်နိုင့်မိုင့် - ခါနိ့ဖေါဟ်ကိုဏောဝ့်ဟုယ့်ကုံအင်းဓေါဝ်ဆိုင်။

၅။ ယုးလိုဖုံးဖေါဟ်ဖါနိဃိုင်အေး --- ဓေယှဲထီလိုဖုံး နံင်းလိုဃှိ --- ဖဝ့်လိုမူ့နိုင်မိုင်ဟုးဃိုင်အေး --- သိင်းလိုထုင်း ယှူးဃိုင်ဃိုင်လေံ --- ဒိုင်းလိုဖုံးဟိုက်သောဟ်မွာဲလိုဏောဝ်ႉ --- ဖုံလိုဟုာ လိုဟုံင်ကိုဝ်မိင် ဒြေရူးတိုတွယ် ယှူ့ယုင်လာ့ဖွေးဖွေး။

၆။ လိက်လိုသေ့် မွာဲဝေ့မိုဟ်မိင် --- ဂမှိုင့်ကွာလင်ဖိုဟ်မေံမိုအင်း ပွာ့ဏါင်ယုံင်ဒုယ်လာ့ဏင့်ဏာ့ဒိုင် လိုကို့ခွင့် လိုသေ့်ယာ့ဏင်မိင် --- ကောဝ်ကြင်ဖိုင် ဒုးစိုဝ်ဓေမိုဃိုင် --- လိက်လာဲယိုဝ် ဓးမာလောဟ်ကိုဝ်မိင်။

၇။ ဖုံဆိုဒ်ယိုဝ် ထုရူ့အ်ုအးတယ် --- ထင်းမူဝေ အင်းစုံးအင်းဒြေယှယ် --- တွာအယ်မုဂ်လင်သိင်းခင်းထာ်သယ် --- အုဂ်တျင့်စုံးဥုံထင်းမေ့်ဖါနိခယ် --- လာခုဂ်ဖိုင် ခါင့်ရူးယောတ်လာသယ် အင်းဓးသင့်ခေါဟ် ယိက်ယုဂ်အ်ုထဝယ် --- လာထာင့်ခုက်ဖေါဟ် ဏိင်းထင်းသင့်အင်းလယ် ----

၈။ အေမွာဲယုံင်ခေါဟ်စိင်မိုဓးဖုဟ် --- အေမွာဲကုံင် ထိုင်ဓးအ်ုလို --- အေမွာဲဖုံ ဖုံသုဲးဓးဝဝ်စုံ။ လဝ်လင်သာ ဖုံဖေါဟ် ဓးစုံးလို။ အေကျာ်ဒိုင်သုဲး ဒြေယှာင့်ယုံင်ဏို --- ဏိုဖုံဆိုဒ် ဆိုမိုအင်းယူ့ပှဝ်။ ဖုံဖေါဟ်ဟေး သေ့်ယာ့လင်သာဟုဟ် --- ဓးပွင် ဒြေသာအဲဆိုဒ်လို။

၉။ ဖုံထီခါနိ့ကွင့် ဟုယ့်အေထံင် --- လေဝ်ထင်းဓါ လာင့်ခွါကွင်ကုံင် --- ယှိုယေနိမျဝ် ကွဝ့်ယောတ်ဏာင်ယုံင် ---- ကုံင်မူဝေ ဒြေထီလေင့်ထီယုံင် ---- ထိုင့်မာခွါလံင့်ညာကောဝ်ကိုသံင့် ---- တွာသ်ကိုလာင့် ဒြေလာင့်ထိုင့်ကောဝ်ခံင့် --- ကောဝ်တြာ်ကွင့် ပိုယာ့ယှိ့ --- ဒြေခုဂ်အေဒုာ ဟုယ့်စာင်းကို - လှိင့်ဓးဖုံ ကိုဝ်ဟုာဒြေ---ဒြေ သုင်းဒြေသာ ဒြေဏီ့အိင်ဆိုင့် --- မိုအင်းဟုလင်ဏေး။



သက်သေ
ရှိလေရဲ့။
ဘာတွေ
လည်းဟ။



တောင်ယာသားများအဖို့ ဓါးကောင်းရှိ
မျှင်ကုတ်ယူကြသောကြောင့်
တာလပါဓါးအား တာလပါအဖို့
ဟာ..တာလပါ ဓါးပဲ့သွားပြီ ဦးကွာဘဲ
ဝက်ယူမဆုံးဖြစ်နေချိန် ၌တော့ကြောင့် ဓါးပဲ့သွားလေရာ လှတော လည်းအရာ ရှာရလေတော့သည်
ဟယ်ပါတယ်ကွဲ
ပေါက်ပြီ ပေါက်ပြီ
တာလပါ..ငါဝက်ကြာလှီးတာ နင့်ဓါးပဲ့သွားပြီကွာ
ငါ့ကိုမဆူရဘူး
အေးပါကွ
နင်ပြောတာ ရှုံကပင်တောင် သက်သေရှိတယ်ကွာ
အေးပါကွ ကဲ..ကဲ
ဖိုးလင်းတော့ တာလပါ ဓါးကိုယူလိုက်ရာ ..ကားသချိုင်းဓါး ပဲ့နေလေတော့သည်ဖို့..
ဟား ငါ့ဓါးပဲ့နေပြီ- လှတော- မင်းလက်ချက် ပေါ့-
ငါဝက်ကြာလှီးရင်း ပဲ့သွားတယ်လို့ ညက..ပြောတယ် လေ.
၂



အဲဒါ.. ပင်းနိုးဖရိမ်ကို ဝရဆော့ လုပ်ထားတဲ့.. ကားသချိုင်းသံခါး ကွ.. တန်ဖိုးဖြတ်လို့ မရဘူး
သူက ပြော တော့ ရွာကပင် သက်သေဆို
ထုရယ်ရိုက်ရယ်နဲ့.. ကာလပါနဲ့လှ တော သူကြီးအိမ် ရောက်ပါလေရော..
ကျုပ်ရဲ့ ကားသချိုင်း သံခါးကို ယူမကိုင် ပါနဲ့ ပြောထားရက်နဲ့ ခုတော့ ပဲ့သွားပြီ
ဟင်း.. သူကတော့ ပဲ့ချင်ပဲ့ ပလေ့ဗီ.. ကျုပ်ကို မဆူပါဘူး လို့ ရွာကပင်ကို သက်သေ တည်ပြီး ကတိပေးတယ်.. ခု ကြတော့ ကျုပ်ကို ထုတယ် ရိုက်တယ် တော့.. ဟင်း
ဟ.. ကာလပါ ရ သူက တော့ မဆူဘူး လို့ ရွာကပင်ကို သက်သေတည်ပြီး.. ဆို..
အဲဒီတုန်းက.. အရှောင့် ကပဲ့တယ် ထင်လို့ သူကြီးရ.
ဟင်း
ဟင့်

# ကရင်အမျိုးသား လှေသူကြီးတစ်ဦး၏

## သန့်ပြန့်ဝ့်ထည် ရိုးတိုးရိုပ်တိတ် ရုပ်ပုံလွှာ

ဇော်ချစ်လေး ဇော်ဝင်းမြင့်

နိဒါန်း
စိတ်ထားမြင့်မြတ်သူရှေ့တွင်
ကျွန်ုပ်ဦးညွတ်၍
နှလုံးသားမြင့်မြတ်သူရှေ့တွင်
ကျွန်ုပ်ဒူးထောက်ပါ၏။
ဂျည်ထယ် (၁၇၄၉–၁၈၃၂ ဂျာမန်)

၁။ သန္တာန်လိပ်ပြာရုပ်၏ အဖွဲ့အနွဲ့
အရုပ်အမောင်းရှည်မြင့်မြင့်
ကလန်ကလား ထည်ဝါဝါ

ကိုယ်လုံးကိုယ်ပေါက် ပိန်ပါးပါး
ကြံ့လိုခိုင်ကျည် မာကျစ်ကျစ်

မျက်နှာပုံပိုင်း နာခေါင်းပြား
လက်ချောင်းသွယ်ပျောင်း ပျားဖယောင်းတိုင်ပမာ

စကားမြွက် နှုတ်ခွန်းမိန့်လျှင်
မည်သူမည်ဝါကိုမျှ မထောက်မညှာ
ဒိုးခနဲ အက်ခနဲ ဒေါက်ခနဲ ဒေါင်ခနဲ
လက်ဖြောင့်တပ် ဒုံးကျည်လေချွန်သလို
တည့်တည့်လင်းလင်း ဟက်ဟက်ပက်ပက်
ဟောဟောဒိုင်းဒိုင်း။

တစ်ကြောင်းတည်း တစ်ကြောတည်း တစ်ကျုံ့တည်း
တစ်စိတ်တစ်ဝမ်းတည်း တစ်စပ်တည်း တစ်ထပ်တည်း
တစ်ကျိုပ်တည်း တစ်ကြံ့တည်း တစ်ဥာဏ်တည်း
ပြိုင်းပြိုင်းပျစ်ပျစ်၊ တစ်တစ်ခွခွ
အစုအပြုံလိုက် တစ်ဆုပ်တစ်ခဲ –
သဲကြီးမဲကြီး ချင်းနင်းခွင်း၊ ထွင်းချ
လိုက်လှဲပျူငှာ ရယ်ရွှန်းပတ်ရွှန်း
အို . . .
လွမ်းမြေ့စရာ . . . . .
ကမ္ဘည်းမော်ကွန်း တင်ထားလောက်တယ်။

၂။ အနှစ်အဆီ ရသရုပ်၏ အဖွဲ့အနွဲ့
တစ်ခါတစ်ခါ ဆွမ်းသုံးဆောင်ချိန်ကိုမေ့
တစ်ခါတစ်ခါ နေ့လည်ညခင်း တစ်မှေးတစ်မှိတ်
ခဏတစ်ဖြုတ် အနားယူကျိန်းစက်ဖို့တောင် သတိမရနိုင်
လှေ့လှေ့ရမ်းရမ်း စကားနက် စီးဆင်းမြစ်ကြောမှာ
နှိုက်နှိုက်နဲ့နဲ့ ငြိမ်ငြိမ်ညင်ညင် စုန်မျော . . မျော . . မျော
ချိုမြိန်ရသ အလှတရားနဲ့ မြူးကွန့်ကွန့်
ညွန့်ညွန့်ညက်ညက် ငြိမ့်ရှမွှေ့လျော့ ပျော်မြိုက်တယ်
ဒါ – မျှော်လင့်ခြင်း အပြုံးရဲ့ဂန္ဓဝင်
မင်္ဂလာခညောင်း တောက်ပတဲ့ ချိုမြမြ မနက်ဖြန်တွေပေါ့ဧ။

သုံးရာသီ နေ့နေ့ညည အေးပူပြင်းဖွန်း မိုးလေဝသကို
လျစ်လျူရှု ဖွေလေ့စုစည်းသကာလ
အနီးအကာမ်းမှာ
အိုမင်းဟောင်းနွမ်း ကွမ်းအစ်တစ်လုံး
ချွန်ထက်စာရေးတံနဲ့ ပါဝါမျက်မှန်တစ်လက် ပေစာဟောင်းတစ်ထုပ်
စာရွက်ဖြူ ၃.၄.၅ လွှာက
အမြဲတမ်း ခုံညားပြားဝပ် ခယကျိုးစွာ
ရိုးရိုးကျုံ့ကျုံ့ စောင့်နေလေရဲ့။

ကြုံကြိုက်လို့ ဝင်နော်အလည်အပတ်
ရောက်ဆိုက်သည်နှင့် လိုရာမေးပါလျှင်
ကရင်ရေးရာ စာယဉ်ဘာဝလေ့များ
တူးဖော်တွေ့ရှိသမျှ သိမှတ်သိမ်းဆည်းထားသမျှ
ဖြစ်တည်ရုပ်ကြွင်း သွင်ပြင်လက္ခဏာ
စုစုရုံများဖြင့် ဗဟုဗေဒလေးတွေကို
ရွှန်းရွှန်းရွှင်းရွှင်း မီးရှူးမီးပန်းပွင့်
ငွားငွားစွင့်စွင့် ဝင့်ဖြာဖြန့်ကြဲကာ
ရှိန်းခနဲ ဖိန်းခနဲ တုန်ခါလှုပ်လှုပ်
မထိန်မချန် အမှန်အကန် ဒလဟောသွန်ပြကာ
ကုန်စင်ဖွင့်အံ တွတ်တွတ်မွတ်မွတ်
စွပ်ကာယ်စွပ်ကာယ် ပြောပေလိမ့်။

'ကြုံဖူးပါသလား' – ဝေ့
'မယုံဘူးလား' – ဝေ့
သို့ဖြစ်လျှင် . . . . .
မြန်းကြလှည့်
လာ . . . လာ . . . လာပါလှည့်
မြန်မြန် အလျင်အမြန်
ကျောင်းပေါ်ကျောင်းအောက် နီးနီးဝေးဝေး ဟိုမှာသည်မှာ
ကျောင်းဝင်းပတ်ဝန်း အကြိုအကြားတစ်ခွင်တစ်ပြင်လုံး
ထဲထဲဝင်ဝင် သေချာစေ့စုံကြည့်လိုက် – လိုက် . . . လိုက် . . . လိုက်
ဖစ်ဖစ်မြစ်မြစ်၊ စစ်စစ်ပေါက်ပေါက်

'စိတ်ချ'
ဘဝေဘဝါ ဆယ်ကမ္ဘာမကပေါင်
လုံးလုံးလျားလျား ယုံဝံ့တယ်ဝေ့။

သိမ့်ပိုင်းဝန်းမှည်းနဲ့ အရောင်ကို
ဟာလာဟင်းလင်း ကျယ်ကျယ်ဖွင့်ထား
အလျားအနံထုမဲ့ နံရံပြားချပ်ချပ်မှာ
ကရင်စာချည်း တွေ့ရမယ်
ကရင်အရောင်ချည်း မြင်ရမယ်
ကရင်အသံချည်း ကြားရမယ်
ကရင်ရနံ့ချည်း ရှူရမယ်

၃၊ အတွေးအမြင် ဝိညာဉ်ရုပ်၏ အဖွဲ့အနွဲ့
ခရမ်းရောင် အလွမ်းစကြဝဠာထဲက
ကျည်ကျည်ကျာကျာ အော်မြည် အိပ်မက်လိပ်ပြာကို
ဝုန်းဝုန်းဒိုင်းဒိုင်း ဖျပ်ဖျပ်ပျာပျာ လိုက်ဖမ်းတယ်။

နီ ဖြူ ပြာ အရိပ်အေးအောက်မှာ
မားမားမတ်မတ်ရပ်
မြို့ကျက်သရေ ဝေဆာဆာ
သွားလာစားသောက် ပြုဆောင်အပ်စက်လည်း
– – – – – – 'ကရင်'
အချိန်ပါးပြင်ထက်
သွေးရှေ့မှ ပြောင်းသစ်မှု အနုစက္ကန့်တိုင်း . . . တိုင်း
– – – – – – 'ကရင်'
ထွက်သက်ဝင်သက်၊ နဂိုတို့ရှည်လုံးပြားတိုင်း . . . တိုင်း
– – – – – – 'ကရင်'

ခဏဘဝ ရယူပိုင်စိုး ကောင်းဆိုးအလုံးစုံကို
တယုတယမွေ့ဖက် အသည်းလိုက်အူလိုက်
မက်မက်စက်စက် ဖက်ဖက်မော နှမ်းဝံ့တယ်လေ။
သူ . . . ကရင်ကို တွယ်မက်ချစ်တယ်
သူ . . . ကရင်ကို လေးမြတ်ကြင်တယ်
သူ . . . ကရင်ကို စောင့်ရှောက်မြှင့်တင်တယ်
သူ . . . ကရင်မျိုးနွယ်ဝင်စစ်စစ်
သူ . . . ၁၂၈၂ ခုနှစ်ဖွားမြင်၊ ငယ်မည် စောအာစီ
သူ . . . ကရင်ဘာသာ ကျမ်းစာအုပ် (၇၀) ကျော် ပြုစု၊
ခေတ်ပေါ်ကရင်စာပေကို သန့်ပြန့်ထွန်းယက် စိုက်ပျိုးသူ
သူ . . . 'ဖလုံဆိုဗိုးမေးခလိ' ကို တစ်ကိုယ်တော် ထွန်းညှိဖြန့်ဝေခဲ့
သူ . . . ၁၃၄၆ ခုနှစ်မှာ ပျံလွန်
သူ . . . နိုးနေတဲ့အိပ်မက်နဲ့ စကားလုံးဆေးစက်ဖွဲ့သီ စီကုံး
ဘဒ္ဒန္တ ဥတ္တမ' ဖြစ်ပါတယ်။

လုံးနွေးစွေးမြ လုပလွန်ကဲ
မိုက်မဲမှုန်ရည် သူ့ရဲ့ဇာတိ ဖားအံမြို့နယ် မုက္ကဒိရွာကြီးဟာ
သူ့ရဲ့ထာဝရ လဲလျောင်းစံရာစံခင်း
ငြိမ်ငြိမ်းရိမ်းသ ဆွတ်ပျံ့မောဖွယ်ရာ
ပြုံးပြက်ပြက် တောကျေးလက်ကလေးပေါ့ဝေ့။

၄၊ အမှန်တရား အလှရုပ်၏ အဖွဲ့အနွဲ့
အမျိုးဂုဏ်မြှင့်တိုး
ဇာတိဂုဏ် တင့်ဖြိုးလင်းလက်စေဖို့
ကံ (၃) ပါး ယဉ်ကျေးမှုနဲ့ တဖွဲ့တနွဲ့
အုံအုံသောင်းသောင်း သွေးနှိုးဆွ
အုန်းအုန်းဟုန်းဟုန်း တွေးနိုးထရင်း
ကိုယ်တိုင်ကိုယ်ကျ ကြိုးပမ်းတွန်းပို့ခဲ့ဖူးကာ
မည်သူမည်ဝါ 'ဟင့်အင်း' လို့
ဘယ်လိုဘယ်ပုံ တင်းချေငြင်းဝံ့မှာလဲဝေ့။

သူ့ရဲ့ဝေဒနာ၊ သူ့ရဲ့စေတနာ၊ သူ့ရဲ့ဒေသနာ အထူးအပါးနဲ့
ရှင်သန်ကူးခတ် ဘဝကြမ်းနှ ခရီးတစ်လျှောက်လုံးမှာ
'ထွေထူး' တစိုးတစိမျှ ယူခြင်း မရှိခဲ့
'ချင်ခြင်း' တစ်လုံးတစ်ပါဒ မတာဖူးလေပါ
ရိုးရိုးကျင့် မြင့်မြင့်ကြံ အေးဆေး
တန်ရာလေးနဲ့ ရောင့်ရဲကျေနပ်
အရှိ အရှိအတိုင်း . . .

မည်သို့ပင်ဖြစ်စေ
မဟာစကြဝဠာနဲ့ အနုစကြဝဠာတို့
ဟန်ချက်ညီ ပြန့်ပြူး ပြန့်ပြောမှုအကြား
'သက်နီးဝါဝါတစ်စုံ'
စည်းလုံးညီညွတ် ကရင်လူမျိုး တစ်စုတစ်ဖွဲ့'
'ဖွံ့ဖြိုးလန်းဆန်း ငြိမ်းချမ်းလှပ လွတ်လပ်တိုင်းပြည်တစ်ပြည်'
ကြိုင်အေးမွှေးရီ တည်ခုံလှုံ့ကျော် ရှိနေလျှင်သာ
အလိုပြည့်စုံ အလိုလုံလောက်
အလိုပြီးမြောက် ကုန်လေပြီ၊
ထိုအခါ
နေထိထိုင်သာ စားဝင်အိပ်ပျော်
လောကကြီးမှာ ရာသီဥတု သာယာလို့
ဓာတ်ကြီး (၄) ပါး ချစ်ခြင်းပေး
သူမှုညီလေတော့တယ်

၅၊ အလှတရားဒဿနရုပ်၏ အဖွဲ့အနွဲ့
ဂုဏ်သိမ်ရှိ၊ သိက္ခာရှိ
အနှစ်ရှုန်းအိ တန်ဖိုးရှိ . . ရှိ . . ရှိ . . ရှိ
'မုက္ကဒိ' ရဲ့ သားရတနာ၊ သံယာဇလုံ
ကရင်ဂုဏ်ကို ဆောင်နှင်းပေးခဲ့
'စဝ်အဲဆိုဒ်' နာမည်မှည့်တွင်
'မာန်ကျော် ဥတ္တမ' လည်း ခေါ်ပါသေးရဲ့
ပြုအမူ မာယာချုပ်သိမ်း
အဆုံးကို ရှာဖို့ ခရီးရှည် ထွက်ခွာသွားပေမယ့်
ကရင်ဂန္ထဝင်သမိုင်း စာမျက်နှာထဲမှာတော့
ထင်းခနဲ လင်းခနဲ ဝင်းခနဲ သင်းမြဲဆဲ
စွေ့စွေ့စွေးစွေး ဖွေးဖွေးမွှေးမွှေး တင်းတင်းရင်းရင်းပေါ့ တေ့။

မုက္ကဒိရေတံခွန်၊ ဖားအံအိမ်ပြာ
ကော့ဒန်၊ ကမော့ကစင်၊ ရန်ကုန်၊ အလုံ
ဗုဒ္ဓဘာသာ ပိုးကရင် ပေစာသမိုင်း လွမ်းပြီ
နေ့နဲ့ညကို လွမ်းဆွတ်ပြီ
နွေ မိုး ဆောင်း လွမ်းဆွတ်နေပြီ
တရရ တသသ တဖွဖွ လွမ်းဆွတ်နေကြပါပြီ။

ဒါ—
စိတ်ရုပ်ထွန်းနှံ့ ခေတ်လွန်ပွဲမှာ
သဲသဲကွဲကွဲ ရဲရဲတောက်ပြောင်
အရောင်ကြိုးကြွ၊ အလှလှိုင်ပျံ့
ရန့်သင်းပေါ်၊ ဟိုးဟိုးကျော်ခဲ့၊ ပညာကျော်
ဆရာတော် အရှင်မြတ်တစ်ပါး။

နေ့ညရင်ထဲ၊ ကြည်ညိုမြဲသာ
ဖွဲ့ကပင်ဝိညာဉ်၊ သံလွင်နှလုံးသား
တင်စားဦးညွှတ် ကန်တော့လျက်ပါ ဘုရား။

နိဂုံး
စ— နမ့်— နော်— နန်း— မန်း— စော တို့ရေ
သေသည့်တိုင် ကူးခတ်တာ
'ငါး'
သေသည့်တိုင် ပျံသန်းတာ
'ငှက်'
သေသည့်တိုင် ကြံစည်တာ
'လူ' . . . . . ပါပဲတေ့။

ထို့ကြောင့်—
လူဆိုတဲ့သတ္တဝါရဲ့ အနက်အဓိပ္ပာယ်ဟာ
ပေါ့ရွှတ်ရွှတ် ပေါ့ပြက်ပြက်
ပျော့ညက်ပျော့အိ၊ လျော့ရိလျော့ရဲ
ဖြစ်စပ်စပ် ယောင်နန ဖြတ်သန်း ရှုံးနိမ့်သူ မဟုတ်ရလေပါ။

တင်းပြည့်ကျပ်ပြည့် ထိမိငြိရှ
မြမြမောင်းမောင်း၊ သောင်းသောင်းဖြဖြ
တက်ကြွကြွ တည်ဆောက်အောင်နိုင်သူသာ ဖြစ်အပ်ပါတယ်။

'ကိုင်း' . . . ထ— ထ၊ လှပ . . .
ချိုမြမြ မနက်ဖြန်ကို ကြိုဆိုကြမယ်တေ့။ ။

ဓာက်သူးလေ ကျော်စန်းမွှင့်

ရည်ညွှန်းဂါရဝ ပူဇာ
နာမည်ကျော် ကရင်မျိုးချစ်စာဆိုတော်၊ ကရင်ဘာသာ (၁၂) လ ရာသီဘွဲ့ကဗျာ ဖန်တီးရှင် မာန်ကျော်ဥတ္တမ၊ စဝ်အဲဆိုဒ် (ခုံးကံ့တိက်) အားကျအရေးတိုင်း ရန့်သင်း ခေတ်ပေါ်ဂန္ထဝင် စကားလုံးကီတဖြင့် ပျပ်ဝပ်ရိုကျိုးစွာ ဆက်ကပ်ပူဇော် ကန်တော့ ပါသည်။
ဆရာတော်၏ နှစ် (၉၀) ပြည့် အထိမ်းအမှတ်ကို ရှယ်မှန်းရည်လျက်။

# စာဖတ်ခြင်း၌မွေ့လျော်ပါ

**အက်(စ်)ဘရောင်း(သာယာဝတီ)**

လူတိုင်းမှာပညာရေးနှစ်ခုရှိသည်။ တစ်ခုမှာ သူတစ်ပါးထံမှရသော ပညာရေးဖြစ်၍ ပိုအရေးပါသော နောက်တစ်ခုကား ကိုယ်တိုင်ရှာပညာရေး ဖြစ်သည်။

ဂစ်ဘွန်

စာပေကို မြတ်နိုး၍ စာဖတ်ခြင်းသည် ဦးနှောက်တွင် ရင်းနှီးမြုပ်နှံခြင်း ဖြစ်သည်ဟု အဆိုအမိန့် ရှိသောကြောင့် ကျွန်ုပ်တို့ စာများများဖတ်ရန် လိုအပ်ပါသည်။ ရင်းနှီးမြုပ်နှံခြင်း ဆိုသည်မှာ ဦးနှောက်၌ အတွေးအခေါ် အသိပညာ ဗဟုသုတများ ရှင်သန်တိုးပွား လာစေခြင်းကို ဆိုလိုရင်း ဖြစ်သည်။ ယနေ့ (IT ခေတ်) သတင်းနှင့်နည်းပညာ တိုးတက်လာခြင်းသည်လည်း ကမ္ဘာကြီးကို များစွာပြောင်းလဲ တိုးတက်လာ စေခဲ့သည်။ လူတို့၏ တီထွင်ကြံဆမှုကြောင့် ဖြစ်သည်။ ထိုသို့ တီထွင်ကြံဆလာနိုင်ရန် လူတို့သည် စာပေမှ ရရှိသော အကျိုးကျေးဇူး အပေါ်တွင် အခြေခံလျက် ရှိသည်။ စာပေနှင့် ပတ်သက်၍ မြန်မာနယ်ပယ်၌ အလိမ္မာစာမှာ ရှိသည်၊ စာအုပ်စာပေ လူ့မိတ်ဆွေ၊ စာပေမြင့်မှ လူမျိုးတင့်မည် စသော ဆိုရိုးစကားများ ရှိခဲ့ပါသည်။ လူတစ်ဦး တစ်ယောက်၊ လူမျိုးတစ်မျိုး၊ နိုင်ငံတစ် နိုင်ငံဖွံ့ဖြိုးတိုးတက်မှု၌လည်း စာပေဆိုသည့် အခန်း ကဏ္ဍသည် အရေးပါသော အချက်တစ်ခု ဖြစ်သည်။ လူတိုင်း စာပေကို ချစ်မြတ်နိုးလျက် တန်ဖိုး ထားပြီး အစဉ်တစ်စိုက် ဖတ်ရှုသင့်ပေသည်။

စာဖတ်ခြင်းအမှု၌ လူတစ်ဦးချင်းအနေဖြင့် စာကောင်းပေကောင်းများကို စနစ်တကျ ဖတ်ရှုခြင်းအားဖြင့် နိမ့်ကျသော ဘဝတစ်သက်တာမှ မြင့်မားသော ဘဝတစ်သက်တာ (အနိမ့်မှ အမြင့်) သို့ တက်လှမ်းနိုင်သည်။ တက်ရောက်ခွင့်လည်း ရှိသည်။ အမေရိကန် သမ္မတကြီး အီဗရာဟမ်လင်ကွန်း၏ ဘဝတစ်သက်တာက သက်သေထူခဲ့သည်။ တစ်သက်တာပတ်လုံး အချိန်စုစုပေါင်း (၁၂) လခန့်သာ ကျောင်းနေခဲ့ရသူ ဖြစ်သည်။ ကျောင်းတံခါးကို ဖွင့်မထား နိုင်ခဲ့သော်လည်း ပညာတံခါးကို ပိတ်မသွားရန် ကြိုးစားခဲ့သူ ဖြစ်သည်။ စာဖတ်ဝါသနာ ထုံခဲ့သူ ဖြစ်ပြီး ကိုယ်ပိုင်ရှာပညာ (Self education) ကို အပတ်တကုတ် လေ့လာသင်ယူခဲ့သူ ဖြစ်သည်။ စာကောင်းပေကောင်းများကို စနစ်တကျ ရွေးချယ်လေ့လာ ဖတ်ရှုခဲ့သူ ဖြစ်သောကြောင့် ဥပဒေ ပညာနှင့် အထွေထွေစာပေ ဗဟုသုတ ကြွယ်ဝမှု၌ သူ့ခေတ်သူ့အခါတွင် တက္ကသိုလ်မှ ပါရဂူ ဘွဲ့ရ ပုဂ္ဂိုလ်များနှင့် ယှဉ်နိုင်ခဲ့သူ ဖြစ်သည်။ သစ်ခုတ်သမား၊ ယာကူလီ ဘဝနှင့် မီးပုံနဘေးတွင် စာဖတ်ခဲ့ရသူ ဖြစ်သော်လည်း အမေရိကန်သမ္မတကြီးအဖြစ် သမိုင်း၌ တွင်ကျန်ရစ်သူ ဖြစ်သည်။ မြန်မာ့သမိုင်းတွင်လည်း စာဆိုညိုသည် စာဖတ်ခြင်းဖြင့် လယ်ထွန်သား ဆင်းရဲသား ဘဝမှ ဝန်ဇင်းမင်းရာဇာဆိုသော ပညာရှိ အမတ်ကြီး အဖြစ်သို့ တက်လှမ်းနိုင်ခဲ့ကြောင်း ရာဇဝင်၌ မှတ်တမ်း တင်နိုင်ခဲ့သည်။

စာမဖတ်ခြင်း၊ စာပေကို လျစ်လျူရှုခြင်းသည် ဘဝ၌ အတွေးအခေါ် အသိပညာနိမ့်ပါး၍ ဗဟုသုတ နည်းပါးရပြီး လူညွန့်တုံးသော ဘဝမျိုးကို ရောက်စေ သည်။ အတွေးအခေါ် အသိပညာ ဗဟုသုတ မရှိသော ကြောင့်လည်း အမှန်တရားကို မြင်နိုင်စွမ်းမရှိ၊ အဆိုး အကောင်းကိုလည်း ဝေဖန်ပိုင်းခြားတတ်ခြင်း မရှိသော ကြောင့် ဘဝအမှောင်မှာ စမ်းတဝါးဝါးနှင့် လိမ်လည် လှည့်ဖြားခြင်းကို ခံကြရသည်။ အကြောင်းစပ်လျှင်း ၍ (၁၉) ရာစု အချိန်ကာလက လူအရောက်အပေါက် နည်းသော ပဲခူးရိုးမတောင်ပေါ်တွင် နေထိုင်သော တောင်ပေါ်ကရင်ကြီးတစ်ဦး၏ အကြောင်းကို ဖော်ပြ လိုပါသည်။ တောင်ပေါ်မှ မြေပြန့်ဒေသ မြို့ပေါ်သို့ ပထမဆုံး အလည်အပတ် ရောက်ရှိလာရာ အပြန်ခရီး၌ ဈေးသည်တစ်ယောက်က ဆင်ဥအဖြစ် လိမ်လည်ရောင်း လိုက်သော အုန်းသီးသုံးလုံးကို အိမ်ပြန်လက်ဆောင် အဖြစ် ဝယ်ယူသွားသည်။ အိမ်ရောက်သော် ခေါင်းချိုလျက် လနှင့်ချီ၍ ဝပ်ခဲ့သော်လည်း ဆင်ကောင် မပေါက်သော ကြောင့် လူလိမ်ခံရကြောင်း နောင်မှသိရပြီး အရှက် ရခဲ့သည်။ မိမိကိုယ်တိုင် စာမတတ်ခြင်း၊ မိမိဒေသသို့ စာပေ မရောက်ခြင်းကြောင့် ဦးနောက်၌ ဗလာနတ္ထိ ဖြစ်၍ အသိပညာ ဗဟုသုတ ခေါင်းပါးခဲ့ရပြီး လူလိမ်ခံခဲ့ရသည်။ ကျွန်ုပ်တို့ ကရင်လူမျိုးများ စာပေကို လျစ်လျူရှုခဲ့ပါလျှင် ဗဟုသုတ နည်းပါး၍ အသိပညာ နိမ့်ပါးပြီး ယနေ့ထိတိုင် အုန်းသီးကို ဆင်ဥအထင်နှင့် ဝပ်နေကြရပေဦးမည်။ စာပေကို တန်ဖိုးထား၍ စနစ်တစ်ကျ လေ့လာဖတ်ရှု

စုတ်ပြဲနေတဲ့ အဝတ်ကို ဝတ်ပါ၊
အဖာ ဗလပွနဲ့ ဖိနပ်ကို စီးပါ၊
ဖြစ်သလို ရသမျှနဲ့ စားပါ၊
စာအုပ်ဝယ်ဖို့ မမေ့ပါနဲ့၊
မနှမြောပါနဲ့၊

ကြမည်ဆိုလျှင် လူတစ်ဦးအတွက်သာမက လူအဖွဲ့အစည်း တစ်ရပ်လုံးနှင့် တိုင်းပြည်ကိုပါ ခေတ်နှင့်အညီ ဖွံ့ဖြိုး တိုးတက်စေသည်။

လူ့ သဘောသဘာဝအရ စာကိုဖတ်ရှု၍ ဦးနှောက်၌ ရင်းနှီးမြှုပ်နှံရမည် ဆိုပါလျှင် အသုံးပြုရမည့် ဝန်ဆောင်စရိတ်အတွက် လွန်စွာမှ နှမြောတွန့်တိုတတ် ကြသည်။ မိမိ၌ အသုံးဆောင်ပစ္စည်းများ ပြည့်ပြည့်စုံစုံ ရှိနေပါလျက် ထပ်မံဝယ်ယူ ဖြည့်ဆည်းတတ်ကြသည်။ အသစ်အဆန်းများ ပေါ်လာသလို မလွတ်တမ်း ဝယ်ယူ တတ်ကြသည်။ ရုပ်ပိုင်းဆိုင်ရာကို အဓိကထား၍ ထိုသို့ ငွေကုန်ကြေးကျ ခံကြသော အကျင့်ကို ဖျောက်ပစ်ရန် ဆရာကြီး ဒေါက်တာမာတင်က " စုတ်ပြဲနေတဲ့ အဝတ် ကို ဝတ်ပါ၊ အဖာ ဗလပွနဲ့ ဖိနပ်ကိုစီးပါ။ ဖြစ်သလို ရသမျှနဲ့ စားပါ၊ စာအုပ်ဝယ်ဖို့ မမေ့ပါနဲ့၊ မနှမြောပါနဲ့" ဟု တိုက်တွန်းထားပါသည်။ သို့ဖြစ်ပါ၍ ဝယ်နိုင်သည့် စာအုပ်ကို ဝယ်ရမည်။ မဝယ်နိုင်သော စာအုပ်ကို ငှားရ မည်။ ဖြစ်သည့်နည်းနှင့် ရှာဖွေ၍ ဖတ်ရပါလိမ့်မည်။ ငယ်စဉ်ဘဝကပင် စာဖတ်အားသန်သော နိုင်ငံကျော် စာရေးဆရာကြီး မြသန်းတင့်သည် စာရေး ဆရာကြီး မင်းဆွေ၏ " တေး" ဆို သော ဝတ္ထုကို (၂၅) မိုင် ဝေးသော ရွာသို့ သွား၍ ဖတ်ခဲ့ကြောင်း ဆရာကြီး ဦးအောင်သင်းက ဂုဏ်ယူ မှတ်တမ်းတင်ခဲ့သည်။ စာပေကိုမြတ်နိုး၍ ဖတ်လို သော စာအုပ်ကို ရှာဖွေဖတ်ခဲ့သော ဆရာကြီး မြသန်း တင့်သည် နိုင်ငံကျော် စာရေးဆရာကြီးတစ်ဦး အနေနှင့် နိုင်ငံကို အကျိုးပြုနိုင်ခဲ့သည်။

စာကောင်းပေကောင်းကို ရှာဖွေရွေးချယ် ဖတ်ရှု နိုင်မည့်အကောင်းဆုံးနည်းမှာ စာကြည့်တိုက် ထူထောင် ရန် ဖြစ်သည်။ မိမိ ကြိုက်နှစ်သက်သောစာအုပ်၊ ဝါသနာပါသည့် ကဏ္ဍအသီးသီးကို ရွေးချယ်၍ ဖတ်ရှုနိုင်သည်။ စာကြည့် တိုက်သည်ပညာရွှေအိုးများကို အသင့်စုဆောင်းထားရာ ဌာနဖြစ်သည်။ လူမျိုးတစ်မျိုး၊ တိုင်းပြည်တစ်ပြည် တိုးတက်ရေးတွင် စာကြည့်တိုက်သည် အရေးပါသော အဓိက အခြေခံ အုတ်မြစ် တစ်ခုလည်းဖြစ်သည်။ ကမ္ဘာ့ ထိပ်တန်း နိုင်ငံ တစ်ခုဖြစ်သော အမေရိကန် ပြည်ထောင်စု မက်ဆက်ချူးဆက် ပြည်နယ် ဘော်စတွန်မြို့သား



# “ရေမရှိလျှင် ငါး အသက် မရှင်နိုင်သလို စာအုပ်မရှိလျှင် ဒို့ကရင်တွေ အသက်မရှင်နိုင်ဘူး” ဆိုသည့် ဘဝမျိုးကို တည်ဆောက်



ဘင်ဂျမင် ဖရန်ကလင်သည် (၁၇၃၁) ခုနှစ်တွင် ဖိလဒဲလ်ဖီးယားမြို့တွင် ကမ္ဘာ့ပထမဦးဆုံးသော စာကြည့်တိုက်ကို ထူထောင်ခဲ့သည်။ နှစ်ပေါင်း (၃၀၀) ကျော်ကတည်းက တည်ထောင်ခဲ့သော စာကြည့်တိုက် အကျိုးကျေးဇူးကြောင့် အမေရိကန် နိုင်ငံသားတို့ ဦးနှောက်၌ ရင်းနှီးမြုပ်နှံ နိုင်ကြသည်။ ၁၇၆၄ ခုနှစ်တွင် တွေးခေါ်မြော်မြင်ရေးအသင်းကြီးကို ထူထောင်နိုင်ခဲ့သည်။ (American Philosophical Socicly) ကမ္ဘာ့ဦးဆုံး စာကြည့်တိုက်ကို ထူထောင်နိုင်ခဲ့သော အမေရိကန်နိုင်ငံကြီးသည် ဘက်ပေါင်းစုံ၊ ကဏ္ဍပေါင်းစုံမှာ တိုးတက်၍ ကမ္ဘာ့ထိပ်တန်း အင်အားကြီးနိုင်ငံအဖြစ် ယခုပစ္စုပ္ပန် အချိန်တိုင် ရပ်တည်လျက်ရှိသည်။

စာကြည့်တိုက်၏တန်ဖိုးကို နားလည်၍ အလေးအနက် ထားလျက် နိုင်ငံတော် အစိုးရကလည်း အမျိုးသားစာကြည့်တိုက်များကို ဌာနဆိုင်ရာအလျောက် နေရာဒေသ မြို့ရွာအနှံ့ တည်ထောင်ပေးသည်။ လူမှု အဖွဲ့အစည်းများနှင့် ဘာသာရေးအဖွဲ့ အစည်းများကလည်း စာကြည့်တိုက်များကို တည်ထောင်ကြသည်။ စာပေကို တန်ဖိုးထား၍ နိုင်ငံတစ်ဝှမ်း စာကြည့်တိုက် တည်ထောင်ကြသော်လည်း စိတ်ဝင်စားသူ လေ့လာဖတ်ရှုသူ လွန်စွာမှနည်းပါး ကြသည်။ လက်ဖက်ရည်ဆိုင်များ၌ လူစည်ကားသော်လည်း စာကြည့်တိုက်၌ လူမရှိသလောက် နည်း ပါး၍ သရဲခြောက်မည်ကိုပင် စိုးရိမ်ရသည်။ ပညာ့တန်ဖိုးကို မသိ၍ ဆိုးသည်ကား ပျော်ပွဲစားရုံနှင့် အရက်ဆိုင်များ၌သာ လူစည်ကားကြသည်။ ပျော်ပွဲစားရုံနှင့် အရက်ဆိုင်များက ဒေသတိုင်း၊ မြို့/ရွာတိုင်းလိုလို မှိုလို ပေါက်အောင် များပြားကြသည်။ သောက်သုံးသူ လူဦးရေထဲ၌ ကျွန်ုပ်တို့ ကရင်မျိုးနွယ်စုများ များပြားစွာ ပါဝင်နေကြသည်။ “ ရေ မရှိလျှင် ငါး အသက်မရှင်နိုင်သလို အရက် မရှိလျှင် ဒို့ကရင်တွေ အသက်မရှင်နိုင်ဘူး” ဆိုသည့် စကားမျိုးပင် ဖြစ်ခဲ့ရသည်။ သေရည်သေရက် ဟူသည် ကျန်းမာရေးကို ထိခိုက်လျက် ဦးနှောက်ကို ထုံထိုင်းစေပြီး ဉာဏ်ရည်၊ ဉာဏ်သွေးကို ပျက်ပြားစေသည်။ နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေးနှင့် လူမှုရေးကဏ္ဍ အသီးသီး၌လည်း ထိခိုက် နစ်နာမှုကို ဖြစ်စေပါသည်။

အချုပ်အားဖြင့် ဆိုရပါမူ “ရေမရှိလျှင် ငါး အသက် မရှင်နိုင်သလို စာအုပ်မရှိလျှင် ဒို့ကရင်တွေ အသက် မရှင်နိုင်ဘူး” ဆိုသည့် ဘဝမျိုးကို တည်ဆောက်ရမည်။ ရေထဲမှ ငါးများကို မျှားယူရာ၌ ဝါသနာပါလှသော ကရင်လူမျိုးများ စာကြည့်တိုက်ထဲမှ ပညာရွှေအိုးများကိုလည်း အရယူနိုင်အောင် ကြိုးစား အားထုတ်ကြပါစို့ ဟု မေတ္တာဖြင့် တိုက်တွန်းလိုက်ရပါသည်။

အက်(စ်)ဘရောင်း (သာယာဝတီ)

■

# ထိန်းသိမ်းကြလေ စကားစာပေ

**မန်းနီအရှင်နန္ဒာစာရ (တောကျောင်း)**

ကမ္ဘာပေါ်ရှိ စာပေများအနက် ဘာသာရေးကို အခြေခံပြီး ဖြစ်ပေါ်လာသည့် စာပေရှိသလို အခြေမခံဘဲ ဖြစ်ပေါ်လာသည့် စာပေလည်း ရှိလေသည်။ မည်သည့်အကြောင်းကို အခြေခံသည်ဖြစ်စေ၊ မိမိလူမျိုးနှင့် ဆီလျော်ပြီး အကျိုးဖြစ်ထွန်းမှုရှိသော စာပေကို မဖြစ်မနေ သင်ယူအသုံးပြုရပါမည်။

မိမိတို့လူမျိုးသည် ယေဘုယျအားဖြင့် စကောကရင်၊ ပိုးကရင်စာပေ (အရှေ့+အနောက်) ဟူ၍ စာပေသုံးမျိုးကို နိုင်ငံတော်က အသိအမှတ်ပြုထားသည်။ ယင်းစာပေများသည် မည်သည့်နေရာ မည်သည့်တိုင်းပြည် အစွန်အဖျားဒေသ ဖြစ်ပါစေ သင်ယူရေးသား အသုံးပြုနိုင်ပါသည်။ ဤကရင်စာပေများသည် ဘာသာရေးကို အခြေခံပြီး ဖြစ်ပေါ်လာသည့် စာပေဟုဆိုပါလျှင် မြန်မာစာပေသည်လည်း ဘာသာရေးကို အခြေခံပြီး ဖြစ်ပေါ်လာသည်ဟု ဆိုပါက ရနိုင်ပါသည်။ မြန်မာစာပေ စတင်ဖြစ်ပေါ်လာသော ပုဂံခေတ်သည် အလျှအတန်း၊ ဆုတောင်းစာ၊ ပိဋကတ်စာပေ၊ ဇာတ်ဝတ္ထုများ ပြည့်နှက်စွာဖြင့် မြန်မာစာပေများကို ဖတ်ရှုတွေ့မြင်နိုင်ပါသည်။ ထို့ကြောင့် စာရေးဆရာတစ်ဦးက ဗုဒ္ဓစာပေပိဋကတ်ရှိလို့ မြန်မာစာပေ တိုးတက်ကြီးပွားလာသည်ဟု ပြောဖူးသည်။

ကရင်လူမျိုးနွယ် ဘိုးဘွားစဉ်ဆက်က ပြောဆိုလာသော လိတ်ဆန်ဖေ့စာပေ ရှိသည်ဟု ကြားဖူးသည်။ ၂၇၄၇-ခုနှစ်ထုတ် ကရင့်ကြေးမုံ စာစောင်၌ စာရေးဆရာ ဝါးနေမူးခိုဖောက လိတ်ဆန်ဖေ့စာပေကို တင်ပြထားသည်။ သို့သော် ယနေ့ထိ ဖော်ထုတ်သင်ပြမှု မရှိသေးသဖြင့် လက်ရှိ မိမိတို့ပိုင်ဆိုင်ထားသော စာပေဖြင့်သာ အသုံးပြုရမည်ဖြစ်သည်။ မိမိလူမျိုးကို ထိန်းသိမ်းကာကွယ်လို့ ရနိုင်သောကြောင့် မဖြစ်မနေ စာပေကို တတ်မြောက်ရန် ကြိုးစားရမည်။ စာပေကွဲပြားမှု အနည်းငယ် ရှိ၍ မြန်မာစာပေကို အသုံးပြုနိုင်သည်။ မည်သို့ပင်ဖြစ်စေ မိမိနှင့်ဆီလျော်သော ကရင်စာပေတစ်မျိုးမျိုးကို တတ်မြောက်အသုံးပြုနိုင်မှသာလျှင် လူမျိုးတစ်မျိုးအဖြစ် ရပ်တည်နေနိုင်ပါလိမ့်မည် ဖြစ်သည်။ စာပေသည် သင်္ကေတသာဖြစ်၍ မည်သည့် (ဘာသာရေး) အယူသီးမှုကိုမှ စွဲယူစရာ အကြောင်းမရှိချေ။ ဘာသာရေးစာပေအဖြစ် စွဲယူနေသမျှ ကာလပတ်လုံး အမြင်ကျဉ်းမြောင်းသော ဘဝကနေ ရုန်းမထွက်နိုင်ဘဲ ရှိနေပါလိမ့်မည်။ တိုးတက်ပြောင်းလဲလာသော (၂၁) ရာစုခေတ်တွင် မျက်မှန်စိမ်းတွေချွတ်ပြီး အမျိုးသားရေး အမြင်ကျယ်ကျယ်ရှိဖို့ လိုအပ်ပါသည်။

အမှန်စင်စစ် ကရင်တစ်မျိုးသားလုံး ကိုယ်စားပြုသော အမျိုးသားစာပေ မပေါ်ပေါက်ခင်မှာတော့ လက်ရှိအသုံးပြုလျက်ရှိသော ကရင်စာပေ တစ်မျိုးမျိုးကို သင်ယူအသုံးပြုရပါဦးမည်။ စင်စစ် ကရင်စာပေသည် သင်ယူရလွယ်ကူသော စာပေဖြစ်သည်။ ကရင်စကား တတ်ပြီးမှ သင်ယူလျှင် (၇) ရက်အတွင်း တတ်မြောက်ပါသည်။ မည်သည့် အခက်အခဲမျှ မရှိချေ။ စကားမတတ်ဘဲ စာပေသင်လျှင် မိမိ၏ကြိုးစားမှုအပေါ်တွင် မူတည်ကာ တဖြည်းဖြည်း တတ်လာပါလိမ့်မည်။ ယနေ့ အင်္ဂလိပ်စာပေကို ကမ္ဘာသုံးဖြစ်၍ သင်ယူလေ့လာကြသည်။ သူတစ်ပါး

စာပေကို အမြတ်တနိုး သင်ယူကြပါသေးလျှင် မိမိ၏ ကိုယ်ပိုင်ဘိုးဘွားအမွေအနှစ် စကားစာပေတွေကို အဘယ်ကြောင့် မမြတ်နိုး၊ မသင်ယူ နိုင်ကြပါသနည်း။ မပျင်းမရိ စိတ်ဝင်စားမှု အပြည့်ဖြင့် သင်ယူဖို့တော့ လိုအပ်သည်။ ကရင်ဘိုးဘွားတို့၏ ကျေးဇူးတရား တန်ဖိုးကို သိသူတိုင်းသည် မွန်မြတ်သော ဘိုးဘွားအမွေအနှစ် စကားစာပေတွေကို သင်ယူတတ်မြောက်ရပါမည်။ သို့မှသာ ကျေးဇူးသိလျက် တန်ဖိုးထားသော လူမျိုးအဖြစ် မှတ်ယူနိုင်ပါသည်။ အများကလည်း မိမိလူမျိုးအား မျိုးချစ်လူသားအဖြစ် ဂုဏ်ပြုပါလိမ့်မည်။

စင်စစ် မိမိ၏စာပေကို သင်ယူအသုံးပြုခြင်းသည် မိမိလူမျိုးမပျောက်ရန်ပင် ဖြစ်သည်။ မိမိလူမျိုး မပျောက်ဘဲ တည်ရှိခြင်းသည် လူသား၏ သစ္စာတရားကို မြတ်နိုးစောင့်ထိန်းခြင်းပင် ဖြစ်သည်။ သစ္စာတရားကို မစောင့်ထိန်းသူသည် သစ္စာပျက်သူအဖြစ် ကဲ့ရဲ့ခံရမှာ ဖြစ်သလို တန်ဖိုးနှင့် ကျေးဇူးတရား မသိသူအဖြစ်လည်း မှတ်ယူနိုင်ပါသည်။ ဤလူမျိုး၌ လူဖြစ်လာလျှင် ဤလူမျိုး၏ ကျေးဇူးသစ္စာတရားသည် မိမိအပေါ်၌ တည်ရှိပါသည်။ ယင်း ကျေးဇူးသစ္စာတရားတွေကို စောင့်ထိန်းခြင်းဖြင့် မိမိလူမျိုး တိုးတက်ကြီးပွားအောင် ကြိုးပမ်းရပါမည်။

တကယ်တော့ မိမိတို့သည် မိမိတို့၏ ကိုယ်ပိုင်ဘာသာစကားစာပေ ရှိပါသည်။ ကိုယ်ပိုင်ဘာသာစကား စာပေဝေါဟာရ များသည် ယခုမှ ပေါ်ပေါက်လာသော ဝေါဟာရများ မဟုတ်ချေ။ ရေးနှစ်ပေါင်း အချိန်ကြာမြင့်စွာက ကျေးဇူးကြီးမားသော မိမိတို့၏သွေးသား ကရင်အမျိုးသား ဘိုးဘွားများက တီထွင်ဖော်ထုတ် ပြောဆို ထိမ်းသိမ်းလာခဲ့သော စကားစာပေ ဝေါဟာရများ ဖြစ်ကြသည်။ အလဟဿ ပျောက်ကွယ် မသွားရန် ထိန်းသိမ်းရမည့် တာဝန်ရှိပါသည်။ မွန်မြတ်သော ကိုယ်ပိုင် ဘိုးဘွားအမွေအနှစ်များပင် ဖြစ်သည်။ အကျိုးရှိသော ဘာသာစကားတစ်ရပ်သည် မည်သည့် လူမျိုးမဆို တန်ဖိုးထား ထိမ်းသိမ်းကာ အသုံးပြုလေ့ ရှိကြသည်။ အကျိုးမရှိပါက ထိမ်းသိမ်းစရာ မလိုအပ်ပေ။ ယခု ကရင်တို့၏ ကိုယ်ပိုင် စကားစာပေသည် မိမိလူမျိုးအတွင်း၌ အချိန်မရွေး ရေးသားပြောဆို အသုံးပြုနိုင်ပါသည်။ သို့ဖြစ်၍ မိမိတို့၏ ကိုယ်ပိုင် စကားစာပေအပေါ်၌ ကျဉ်းမြောင်းသော အမြင်မရှိစေဘဲ ခေတ်မီသော အမြင်များရှိရန် လိုအပ်ပါသည်။ သို့မှသာ မိမိလူမျိုးနှင့်အတူ မိမိတိုင်းပြည်သည်လည်း တိုးတက်မည် ဖြစ်သည်။

ဤတွင် သတိပေးချင် ပါသေးသည်။ လူမျိုးတစ်မျိုး တိမ်ကောပပျောက်ရခြင်း အကြောင်းများမှာ အောက်ပါအတိုင်း တွေ့ရလေသည်။

(က) မတရားအုပ်ချုပ် နှိပ်စက်ခံရခြင်း။

(ခ) ယဉ်ကျေးမှု ပျက်စီးယိုယွင်းစေခြင်း။

(ဂ) ဇာတိဌာနေများရှိ သယံဇာတများ သဘာဝပစ္စည်းများ ပျက်စီးစေခြင်း။

(ဃ) တိုင်းရင်းသား ဘာသာစာပေနှင့် ဘာသာစကား သင်ကြားခွင့် ဟန့်တားပိတ်ပင်ခြင်း၊ လူမျိုးပြုန်းအောင် နည်းလမ်းအမျိုးမျိုးနှင့် သွေးဆောင်ဖျက်ဆီးခြင်း။

(င) လူမျိုးခွဲခြားခြင်း (Racial discrimination) နှင့် ဘာသာခွဲခြားခြင်း။

(စ) မိမိလူမျိုး၏ ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးစံများကို မိမိကိုယ်တိုင် မထိမ်းသိမ်း မစောင့်ရှောက်ခြင်း။

(ဥပမာ- ပျူလူမျိုး ပျောက်ကွယ်ပုံ)

စသည်တို့ဖြစ်ပါသည်။



ထို့ပြင် (၁၂-၈-၂၀၀၂) ခုနှစ်ထုတ် နယူးစ်ဝိခ် စာစောင်တွင်-

(၁) ကမ္ဘာပေါ်ရှိတွင် ယခုလက်ရှိ ဘာသာစကားပေါင်း (၆၀၀၀) ရှိသည့်အနက် ထက်ဝက်ခန့်သည် နှစ် (၁၀၀) အတွင်း တိမ်ကောပျောက်ကွယ်သွားကြမည်။

(၂) ယခုအခါတွင် နှစ်စဉ်ဘာသာစကားပေါင်း (၂၅) ခု တိမ်ကောပပျောက်နေသည်။

(၃) (၂၄-၆-၂၀၀၁) ခုနှစ်၊ တိုင်းမ်မဂ္ဂဇင်း ဖော်ပြချက်တွင် ခရစ်နှစ် (၂၀၅၀)တွင် ယခုရှိနေသော ဘာသာစကားများအနက် ထက်ဝက်သာ ကျန်တော့မည်။

ထို့ကြောင့် ဆရာကြီး ဖဒိုမန်းသိန်းရွှေက မိမိ စာပေနှင့် ယဉ်ကျေးမှုဓလေ့များ တည်တံ့တိုးတက်စေရန် ဆောင်ရွက်ရမည့် လုပ်ငန်း (၄) မျိုးကို ထုတ်ပြထားပါသည်။ ၎င်းတို့မှာ (က) ဖော်ထုတ်၊ (ခ) ထိန်းသိမ်း၊ (ဂ) မြှင့်တင်၊ (ဃ) ဖြန့်ဝေခြင်းတို့ပင် ဖြစ်သည်။ သို့ဖြစ်၍ မိမိတို့ ကရင်လူမျိုးသည် စကားစာပေယဉ်ကျေးမှုတွေကို ဖော်ထုတ် ထိန်းသိမ်းကြရန် တိုက်တွန်းလိုက်ရပါသည်။

(၂၇၄၈-ခု ကရင့်ကြေးမုံပါ မန်းသိန်းရွှေ၏ ဆောင်းပါးကို မှီငြမ်းသည်။)

မန်းနဲအရှင်နန္ဒာစာရ (တောကျောင်း)

■



# က – ခ – ဂ – ဃ – င

● စနစ်မှောင် လမိုက်ည
လွှန့်လူးရတဲ့ ပုရစ်ဖူး
ပန်းစား ဘီလူး
ခူးရွေ့မှ
မဆိုရ–မရေးရ–မရွတ်ရ ဆိပ်သုဉ်း
ကျောက်သင်ပုန်းလေး ဆွေးရောမယ်။

● စကားပေါင်းကူး တူးဖော်အက္ခရာ
ကျမ်းခန့်သာမှ
စာပေ ရှူခင်း
ပညာ လင်းလက်
ထက်မြက်မည်။

● ယာသစ် ရွာသစ်
ကျောင်းသစ် ရောက်မှ
လှလှ ပပ
မြူးမြူး ကြွကြွ
အားရပါးရ
တကြော်ကြော်
အော်အော် ဖတ်ရပါတဲ့
က – ခ – ဂ – ဃ – င
က – ခ – ဂ – ဃ – င
က – ခ – ဂ – ဃ – င

စလားမေ့ (ကော့မှူး)

# အင်းတာရော်

သို့

# အလည်သွားခြင်း

၂၀၁၁ ခုနှစ်၊ ဇန်နဝါရီလ (၁၉) ရက်နေ့တွင် စာရေးသူ အင်းတာရော်ရွာသို့ ရောက်ခဲ့သည်၊ အကြောင်းကား ဖားတီးမန်းထွန်းသင်နှင့် မိသားစုများက အခါအခွင့်သင့်သော် အလည်လာရန် ဖိတ်ခေါ်ခြင်းကြောင့် ဖြစ်သည်၊ အင်းတာရော်ရွာကား ဇရောဝတီတိုင်း၊ ကျုံပျော်မြို့နယ်၊ အထောင်မြို့ အနောက်မြောက်ဘက် (၃) မိုင်ခန့်အကွာ ရှားခဲမြို့ အနောက်ဘက် (၄) မိုင်ခန့်အကွာ ကရင်တိုင်းရင်းသားများ (ပိုးထိပ်များ) နေသော ရွာကြီးတစ်ရွာ ဖြစ်ပေသည်၊

အင်းတာရော်ရွာသို့အလည်လာရခြင်း၏ အခြေခံအကြောင်းအရင်းကား ဤသို့တည်း။ စာရေးသူ၏ ဖခင်သည် ကရင်စကား၊ ကရင်စာပေ၊ ကရင့်ရိုးရာ ဓလေ့ထုံးစံများကို မြတ်နိုးလေ့လာ ထိန်းသိမ်းစောင့်ရှောက် ဝေငှသော မျိုးချစ်ပုဂ္ဂိုလ်တစ်ဦး ဖြစ်သည်။ ကရင်ပြည်နယ်၊ ဘားအံမြို့ ယခင်ကော်သူးလေ ဦးစီးဌာနမှ ကြီးမှူး ကျင်းပသော စာပေပြိုင်ပွဲတွင် စာပေဆု (၃) ကြိမ်မက ရရှိခဲ့သည်။ မြန်မာ့အသံလွှင့်ဌာန စကောကရင် အစီအစဉ်မှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ကာ အငြိမ်းစားယူသည့်အထိပင်ဖြစ်သည်။ ကရင့်စကား၊ ကရင် ဝေါဟာရများကို လေ့လာမှတ်သား ကျွမ်းကျင်ပိုင်နိုင်စွာ ရေးနိုင်ပြောနိုင်သည်သာမက ကရင့်နှစ်သစ်ကူးနေ့နှင့် ပတ်သက်၍ သုတေသန ပြုစာအုပ် ထုတ်ဝေနိုင်ခဲ့၏။ ကရင်နှစ်သစ်ကူးနေ့ ရောက်တိုင်း သူတတ်ကျွမ်းသော ပီးဘားခေါ် ကရင့်သံစုံပုလွေဖြင့် ဖျော်ဖြေတင်ဆက်ခဲ့သည်။ ၁၉၉၂ ခုနှစ်၊ ဇွန်လ (၁၀) ရက်နေ့ အသက် (၆၉) နှစ်တွင် ဘုန်းတော်ဝင်စားသွားခဲ့သည်။ တစ်နည်းပြောရသော် ကွယ်လွန်သွားခဲ့လေပြီ။ ကျေးဇူးရှင်ဖခင်ကြီး ဘုန်းတော်ဝင်စားခြင်း၏ နှစ်ပတ်လည်ဝတ်ပြုခြင်း (Memorial Service) ကို သားသမီးများက နှစ်စဉ် ကျင်းပပြုလုပ်ရာ ယခုအခါ (၁၉) နှစ်ပင် ပြည့်မီလာခဲ့ပြီ။ အထူးသဖြင့် ဤ ၂၀၁၁ ခုနှစ်တွင် စာရေးသူအနေနှင့်

ကျေးဇူးရှင်ဖခင်ကြီးအား အောက်မေ့သတိရရင်း ဖခင်ကြီး ပေးခဲ့သော ကရင်စာပေ ချစ်မြတ်နိုးသော အမွေကို တစ်နည်း နည်းနှင့် အကောင်အထည်ဖော်လိုသော စိတ်ခံစားမှု ပေါ်ပေါက်လာခဲ့၏။ ဖခင်ကြီးကဲ့သို့ ကရင်ယဉ်ကျေးမှုဆိုင်ရာ စာအုပ်ရေးသားထုတ်ဝေရန် မစွမ်းဆောင်နိုင်သော်လည်း၊ ညီအစ်ကို အောင်ဆောင် အောင်ခလိုင်များနှင့် တွေ့ဆုံ သောအခါ အောင်ဆောင်အောင်ခလိုင်နှင့်သာ ပြောဆို နှုတ် ခွန်းဆက်လိုသောစိတ် တဖွားဖွားပေါ်လာသဖြင့် ယခုကဲ့သို့ ပထမ ခြေလှမ်းအနေနှင့် အင်းတရော်ရွာသို့ အလည် လာရခြင်း ဖြစ်ပေသည်။

၂၀-၁-၂၀၁၁ နေ့တွင် ဖားထီးမန်းထွန်းသင်၏ မိတ်ဆက်ပေးမှုဖြင့် သင်းအုပ်ဆရာတော် မန်းထိပ်တင်ထွေး မိသားစုနှင့် မိတ်သဟာရဖွဲ့ ပြောဆိုအမြင်ချင်း ဖလှယ်ခွင့် ရရှိခဲ့သည်။ ထိုမှ ဆရာကတော်၏ လမ်းညွှန်ကူညီမှုဖြင့် ကရင့် မျိုးချစ်ပုဂ္ဂိုလ်တစ်ဦး ဖြစ်သော ဆရာကြီး မန်းဖောင်ထောင် (အငြိမ်းစားကျောင်းအုပ်) နှင့်မိတ်သဟာရ ဖွဲ့ခွင့်ရခဲ့သည်။ ရည်မှန်းချက်အတွက် အမြတ်ထွက်ခဲ့သည်။ ယင်းကား ဆရာ ကြီးထံမှ ပိုးကရင်သင်ပုန်းကြီး ပထမတန်းနှင့် ဒုတိယတန်း ဖတ်စာများကို လက်ဆောင်ရခဲ့ခြင်းပင်။ အတိုင်းမသိ ဝမ်းသာမိ၏။ ထိုနေ့ညနေ (၇) နာရီတွင် သင်းအုပ်ဆရာ တော် မန်းထိပ်တင်ထွေး၏ လိုက်လံစွာ ကြိုဆိုခြင်းဖြင့် ဝတ်ပြုစည်းပွဲတွင် တရားဒေသနာ ဝေငှနိုင်ခြင်းက စာရေး သူကို ဝမ်းနည်းစေမိသည်။ သို့သော်လည်း ရည်မှန်းချက်အစ ပေမို့သာဟု မိမိကိုယ်ကို ပြန်လည်အားပေးမိခဲ့သည်။ ၂၁-၁-၂၀၁၁ နေ့တွင် အင်းတရော်မှ ပြန်လည် ထွက်ခွာခဲ့သည်။

၁၉-၄-၂၀၁၁ နေ့တွင် တဖန် အင်းတရော်သို့ ရောက်ခဲ့ပြန်၏။ ဤအကြိမ်တွင်လည်း စာရေးသူ ပိုမိုဝမ်း သာမိ၏။ အကြောင်းကား အင်းတရော်ဒုံးအဖွဲ့တွင် ပါဝင် သောကြောင့် ဖြစ်သည်။ သရာမူ၏ ဖြူစင်သန့်ရှင်းသော၊ ညှို့ဝတ်ကျေပွန်သော စိတ်ကောင်းစေတနာကောင်းတို့ကို စာရေးသူ မမေ့နိုင်ပါ။ ကရင့်ကြေးမုံမဂ္ဂဇင်း ကြာမြင့်စွာ မရရှိခဲ့ကြောင်း သိရသဖြင့် စာရေးသူအနေနှင့် ၂၇၄၉ နှင့် ၂၇၅၀ ခုနှစ် ကရင့်ကြေးမုံ မဂ္ဂဇင်းကို လိုက်လံဝမ်း မြောက်စွာ လက်ဆောင် ပို့ပေးခဲ့သည်။ ထိုသို့ ပေးပို့ခဲ့ရခြင်း ကိုလည်း ပီတိ ဖြစ်ခဲ့မိပါသည်။ ထိုမှုမကသေး၊ ဆရာမလေး နန့်နှင်းနွယ်အေးနှင့်လည်း သိကျွမ်းခဲ့ရသည်။ ဝမ်းသာပီတိ ဖြစ်ရသည်။ ဆရာမလေး၏ နွေရာသီ ပိုးကရင်စာ သင်ကြား ခြင်းကို ၂၀-၄-၂၀၁၁ နှင့် ၂၁-၄-၂၀၁၁ နေ့များ၌ လေ့လာ သင်ကြားခွင့် ရခြင်းကြောင့် ဖြစ်သည်။ ၂၂-၄-၂၀၁၁ (သော ကြာနေ့)တွင် အင်းတရော်မှ ပြန်ထွက်လာခဲ့သည်။

စာရေးသူအနေဖြင့် ယခုအခါ ပိုးကရင်စကားကို အတိုင်းအတာတစ်ရပ်အထိ ပြောတတ်လေပြီ။ အင်းစိန်မှ ဆရာမလေးတစ်ဦးကလည်း တစ်ပတ် (၂) ကြိမ် အိမ်မှာပင် လာရောက်ပညာပေးလှူခဲ့၊ ပေးလှူဆဲ ဖြစ်ပါသည်။ မှိုထိပ်စာကို ကောင်းစွာပြောတတ်မှ အင်းတရော်သို့ တဖန် အလည် သွားမည်ဟု ဆုံးဖြတ်ထားခဲ့သည်။

ဆရာတော်မန်းထိပ်တင်ထွေး၊ ဆရာကြီး မန်းဖောင် ထောင်၊ ဖားထီးမန်းထွန်းသင်၊ သရာမူနန့်မြင့်အေး၊ သရာမူ နန့်နှင်းနွယ်အေးနှင့်တကွ အင်းတရော်ရွာရှိ သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာအပေါင်းတို့အား"အောင်ဆောင် အောင် ခလိုင်ကို့ဂါးအေ"ဟု ဂါရဝပြု နှုတ်ဆက်ရင်း---

စောအယ်ဘိုး(အင်းစိန်)

■



# သမိုင်းက ပြောသည့်

# ကရင်စာနယ်ဇင်းများ

■ စထွန်းမြင့်အေး (ပန်းတနော်)

မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားလူမျိုး အသီးသီးတို့သည် မိမိတို့၏ ကိုယ်ပိုင်စကား၊ စာပေ၊ ယဉ်ကျေးမှုတို့ဖြင့် အသီးသီး ရပ်တည်နေထိုင်လျက် ရှိကြသည်။ ကိုယ်ပိုင်စကား၊ စာပေ၊ ရိုးရာယဉ်ကျေးမှုများ ကို ဂုဏ်ယူကြသည်။ အလေးအနက် ထားကြသည်။ ကိုယ်ပိုင်စကား၊ စာပေ၊ ရိုးရာယဉ်ကျေးမှု မရှိလျှင် လူမျိုး မရှိဟု သတ်မှတ်ကြသည်။ ထို့ကြောင့် မိမိတို့၏ စာပေ၊ ရိုးရာယဉ်ကျေးမှုကို မတိမ်ကော မပျောက်ပျက်စေရန် နည်းမျိုးစုံဖြင့် ကြိုးပမ်းကြသည်။ တချို့က ရိုးရာ အခမ်းအနားများဖြင့် လည်းကောင်း၊ တချို့က ဂီတ၊ သဘင်တို့ဖြင့် လည်းကောင်း၊ တချို့က စကားစာပေတို့ဖြင့် လည်းကောင်း မိမိတို့ ယဉ်ကျေးမှု တည်တံ့အောင် ကျားကန်ကြသည်။ ကရင်လူမျိုးများသည် လည်း မိမိတို့၏ ရိုးရာပွဲများ၊ ဒုံးအကများ၊ ထားလကံ့ သီချင်းများ စသည်ဖြင့် မိမိတို့ယဉ်ကျေးမှု အမွေကို လက်ဆင့်ကမ်းကြသည်။ စာပေဘက်တွင်လည်း စာပေစကားသင်တန်းများ ဖွင့်လှစ်ခြင်းဖြင့် လည်းကောင်း၊ မိမိတို့ ဒေသဆိုင်ရာ မဂ္ဂဇင်း၊ ဂျာနယ်များ ဖြန့်ချိခြင်းဖြင့် လည်းကောင်း အမျိုးသား ယဉ်ကျေးမှုကို အားဖြည့်ပေးလျက် ရှိသည်။ ဒေသဆိုင်ရာ မဂ္ဂဇင်း၊ ဂျာနယ်များ ထွက်ပေါ်နေသော်လည်း ဒေသတွင်း ပျံ့နှံ့မှုသာရှိပြီး တစ်ပြည်လုံး အတိုင်းအတာအထိ ပျံ့နှံ့မှု အားနည်းပါသည်။ မျက်မှောက်ခေတ်တွင် တစ်ပြည်လုံး အတိုင်းအတာထိ ပျံ့နှံ့နိုင်သည်မှာ နှစ်သစ်ကူး ဗဟိုကော်မတီမှ တစ်နှစ်တစ်ကြိမ် ထုတ်ဝေသည့် ကရင့်ကြေးမုံ မဂ္ဂဇင်း တစ်ခုသာ ရှိပါသည်။ ထို့ကြောင့် အမျိုးသားယဉ်ကျေးမှုကို ထိန်းသိမ်းရာတွင် စာနယ်ဇင်းအပိုင်း၌ အားနည်းသည်ဟု ဆိုရမည် ဖြစ်သည်။ သမိုင်းအစဉ်အဆက် ပေါ်ထွက်လာခဲ့သော ကရင်စာနယ်ဇင်းများနှင့် ပတ်သက်၍ အနည်းငယ် ဖော်ထုတ် တင်ပြလိုပါသည်။

၁၈၄၁ ခုနှစ်တွင် စကောကရင်ဘာသာ၊ အင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေခဲ့သော "မိုးသောက်ကြယ်" သတင်းစာသည် ဒုတိယကမ္ဘာစစ်ကြီး ဖြစ်လာသည့် အချိန်တွင် ရပ်တန့်ပျောက်ကွယ် သွားခဲ့ရလေသည်။ "မိုးသောက် ကြယ်" သတင်းစာသည် တစ်လတစ်ကြိမ်ထုတ် ဖြစ်သည်။ ထုတ်ဝေသူများမှာ ဒေါက်တာမေဆင် ကြီးမှူးသော အမေရိကန်နှစ်ခြင်းသာသနာပြု အဖွဲ့မှ ဖြစ်သည်။ အယ်ဒီတာမှာ ကရင်အမျိုးသား ဆရာအယ်ဝါတူးတီ ဖြစ်ကာ ကရင်လို အခေါ် "ဆာတူဝေါ်"၊ အင်္ဂလိပ်အခေါ် "မောနင်းစတား" (Morning Star)၊ မြန်မာအခေါ် "မိုးသောက်ကြယ်" ဖြစ်သည်။ ယင်းဘာသာ စာလုံးများကို ၁၈၃၆ ခုနှစ်က တနင်္သာရီမင်းကြီးမစ္စတာ ဘလယ်ဒဲလ် ဆိုသူက ပထမဆုံး တီထွင်ကာ ခဲစာလုံးများအဖြစ် ဆောင်ရွက်ပေးသွားခဲ့သည်။

၁၈၇၇ ခုနှစ်တွင် ကရင်ဘာသာဖြင့် စာအုပ်လေးအုပ်ကို ပုံနှိပ်ထုတ်ဝေခဲ့သည်။ ပိုးကရင်စာဖြင့် နှစ်အုပ်၊ စကောကရင်စာဖြင့် တစ်အုပ်၊ ကရင်ဘာသာဖြင့်ဟု သာမန်အားဖြင့် ဖော်ပြထားသည့် စာအုပ်တစ်အုပ်တို့ ဖြစ်ကြသည်။ ကရင်ဘာသာဖြင့် ဂဏန်းသင်္ချာစာအုပ်ကို အီးဘီကရေ့(E.B Crass) က ရေးသား၍ ရန်ကုန်မြို့ (အမေရိကန်) သာသနာပြုပုံနှိပ်တိုက်၌ စတုတ္ထအကြိမ် အုပ်ရေ (၅၀၀၀) ရိုက်နှိပ်ပြီး ရောင်းဈေး ၁ ကျပ် ဂ ပဲဟု သတ်မှတ်ခဲ့သည်။ ပိုးကရင်စာဖြင့် ဂဏန်းသင်္ချာ စာအုပ်ကို သာသနာပြုဆရာ ဂူဒယ်က ရေး၍ ထိုပုံနှိပ်တိုက်မှပင် အုပ်ရေ (၁၀၀၀) ရိုက်ခဲ့သည်။ ရောင်းဈေးမှာ နှစ်ကြိမ်ဖြစ်ကြောင်း သိရှိရပါသည်။

၁၈၈၁ ခုနှစ်လောက်က ဒေါက်တာတီသံပြာ ခေါင်းဆောင်သော "ဒေါကလု" အမည်နှင့် ကရင်အမျိုးသားအသင်းက "ဖဲယားပလေး" (Fair Play) ကရင်သတင်းစာတစ်စောင်ကိုလည်း ထုတ်ဝေခဲ့သည်။ စာရေးဆရာ တက္ကသိုလ်မြတ်သူ၏ သတင်းစာမှတ်စုများ ထဲတွင်လည်း "ဒေါကာလီ" (ကရင်ဘာသာ) နှင့် ကရင်တိုင်း(မ်) တို့ကိုလည်း ထုတ်ဝေခဲ့ကြောင်း ဖော်ပြခဲ့သည်။

ပိုးကရင်ဘာသာဖြင့် ထုတ်ဝေခဲ့သော သတင်းစာမှာ ၁၉၁၂ ခုနှစ်တွင် ထုတ်ဝေရန် အယ်ဒီတာမှာ ဆရာ ထွန်းအောင် (မောင်) ဖြစ်သည်။ သတင်းစာအမည်မှာ ကရင်လို "ထန်လေ့ရာ" အင်္ဂလိပ်လို (Forward)၊ မြန်မာလို "ရှေ့သို့" ဖြစ်သည်။ ၁၉၁၅-၁၆ ခုနှစ်တွင် ရပ်စဲသွားသည်။ ယင်းသတင်းစာကိုပင် ဒုတိယအကြိမ် ပြုပြင်ပြောင်းလဲ၍ ဆက်လက် ထုတ်ဝေခဲ့သည်။ မူလက ကရင်အမည် "ထန်လေ့ရာ" အစား "လေးလေ့ရာ"၊ မြန်မာလို "ရှေ့သို့သွား" ဟု ပြောင်းလဲခဲ့သည်။ အင်္ဂလိပ်အမည်ကိုမူ မပြောင်းလဲခဲ့ပေ။ အယ်ဒီတာများမှာ ပထမ ဆရာထွန်းအောင်(မောင်) နှင့် ဆရာမန်းရွှေသာတို့ ဖြစ်ကြသည်။ ယင်းသတင်းစာ အားလုံးကို နိုင်ငံခြားသာသနာပြုများက ထုတ်ဝေခဲ့သည့်အတွက် "ကရင်အမျိုးသားများ၏ တိုးတက်ကြီးပွားရေး" အတွက်ဟု အဆိုရှိခဲ့သော်လည်း ၎င်းတို့ သာသနာပြုရန် အဓိက ထားခဲ့ကြသည်။

သမိုင်းအစဉ်အဆက် ထုတ်ဝေခဲ့သော ကရင် စာနယ်ဇင်းများသည် ကရင်လူမျိုးတို့၏ ဂုဏ်ယူစရာ မှတ်တိုင်များ ဖြစ်သည်။ မိုးသောက်ကြယ် သတင်းစာမှာ ၁၈၄၁ ခုနှစ်တွင် ထုတ်ဝေခဲ့ခြင်း ဖြစ်၍ မြန်မာနိုင်ငံတွင် အစောဆုံးထုတ်ဝေခဲ့သော သတင်းစာများထဲတွင် တစ်ခုအပါအဝင် ဖြစ်သည်။ အကြောင်းအမျိုးမျိုးကြောင့် တိမ်မြုပ်ခဲ့သော ကရင် စာနယ်ဇင်းများကို အစားထိုးနိုင်ရန် အထူးလိုအပ်လှပေသည်။ လက်ရှိ တစ်နှစ်တစ်ကြိမ် ထုတ်ဝေနေသော ကရင့်ကြေးမုံ မဂ္ဂဇင်းကိုလည်း လစဉ်ထုတ် မဂ္ဂဇင်းဖြစ်အောင် ဝိုင်းဝန်းကြိုးပမ်းသင့်ပါသည်။ ထို့အတူ အခြားအခြားသော မဂ္ဂဇင်း၊ ဂျာနယ်၊ သတင်းစာများ ထုတ်ဝေဖြန့်ချိခြင်းဖြင့် အမျိုးသားရေးတာဝန် ထမ်းသင့်ပါကြောင်း တိုက်တွန်းလိုက်ရပါသည်။

စထွန်းမြင့်အေး
(ပန်းတနော်)

■



# ဘယ်သူ ပြိုင်လို့ နိုင်မည်နည်း

ဇင်နောင်

"ဟေ့၊ အေးမြသီတာ ဒီနှစ်ကရင်စာ လာမသင်တော့ဘူးလား"

"မသင်တော့ပါဘူးဟယ်။ ငါ မလေးရှားမှာ အလုပ်သွားလုပ်မလို့၊ နင့် ကရင်စာ သင်လို့ ငါ့မှာ ဘာမှ အကျိုးမရှိဘူး။ အခုငါ အင်္ဂလိပ်စာကို ကြိုးစားပြီး သင်နေတာ နင်အသိပဲလေ"

"ဟုတ်ပါတယ်ဟာ၊ ဒါပေမယ့် နင့်ကိုငါ နည်းနည်းတော့ ပြောပါရစေ၊ နင် အချိန်ရတယ် မဟုတ်လား"

"ရပါတယ်၊ ဒီနေ့ အင်္ဂလိပ်စာသင်တန်း နားရက်လေ"

"နင် ကရင့်ကြေးမုံကို နှစ်စဉ်ဝယ်စုတယ် မဟုတ်လား"

"အေးလေ ဝယ်စုတာပေါ့"

"နင် ဘာတွေဖတ်လဲ"

"ဘာမှ မဖတ်ဘူး"

"ဒါဆို ဘာလို့ ဝယ်စုတာလဲ"

"သြော်၊ ငါက ကရင့်ကြေးမုံမျက်နှာဖုံးက အရုပ်တွေကို ကြိုက်လို့လေ"

"ဟာကွာ"

"နင်ကလည်းဟာ၊ ဘာတွေပြောမှန်း မသိဘူး။
နင့်အတွက် ငါ့စာအုပ်တစ်အုပ် ပေးဖတ်မလို့
ရော့၊ ငါခေါက်ထားတဲ့ စာရွက်ထဲက စာတွေကို နည်းနည်းလောက် ဖတ်ကြည့်"

"ပေး၊ နင့်ကို အားနာတဲ့အနေနဲ့ ဖတ်ကြည့်မယ်"

ကျွန်တော် ခေါက်ထားသည့် စာရွက်ပေါ်က စာလုံးတိုင်းဟာ သူ့နှလုံးသားကို ထိရှသွားသည်ကို ဖတ်ကြည့်နေသော သူ့မျက်ဝန်းတွေက အဖြေ ပေးနေပါသည်။ အားလုံးကို ဖတ်ပြီးသည့် အချိန်မှာ စာအုပ်ကို အသေအချာပိတ်ပြီး ဝမ်းနည်းသောအသံလေးနှင့်

"ငါမှားသွားတယ် အထွန်းရယ်။
ငါ့လူမျိုးအပေါ် ထားရှိတဲ့ ငါ့ရဲ့ စိတ်ဓာတ်တွေ အရမ်းသေးသိမ် ညံ့ဖျင်းတယ်ဆိုတာ ငါသိလိုက်ရပြီ။
ငါ အရမ်းရှက်တယ်ဟာ။
ငါအခု နင်နဲ့ ကရင်စာ လိုက်သင်ပေးချင်တယ်"

"နင် မလေးရှား မသွားတော့ဘူးလား"
"ငါ့လူမျိုးအတွက်နဲ့ ငါ့ရဲ့အတ္တလွှန်ဆွဲပွဲ ဘယ်သူနိုင်မလဲဆိုတာ ငါစဉ်းစားရမှာပေါ့ဟာ"

ကျွန်တော်သည် သူငယ်ချင်းဖြစ်သူ အေးမြသီတာ၏ ကျောပြင်ကို ကြည့်လျက် မိမိစာပေကို တန်ဖိုးထားတတ်အောင် မပြောပြတတ်သည့် ကျွန်တော့်ကိုယ်ကျွန်တော် ခံပြင်း ဝမ်းနည်းလျက် ကျန်ခဲ့ရသည်။ ဘာမှ မပြောသာလို့ နှုတ်ဆိတ်နေရပေမယ့် ကရင့်ကြေးမုံထဲက မျိုးချစ်စိတ် ရှင်သန်အောင် ထုတ်ဖော်ပေးသော ရတနာတွေ ရှိတာပဲ ဆိုသည့် အသိနှင့် ကျွန်တော်၏ စာအုပ်စင်က ကရင့်ကြေးမုံ မဂ္ဂဇင်းတွေကို တစ်ထပ်ကြီးယူပြီး လှန်လှောရှာဖွေ ဖတ်ကြည့်လိုက်ပါသည်။ စာကောင်းတွေ အများကြီးတွေ့ရသည်။ ထိုအထဲတွင် ရင်ထဲကို ထိရှသွားစေသည့် အရေးအသား စေတနာများနှင့် ပြည့်ဝနေသည့် မန်းနဲ့အရှင်စန္ဒဝရ (တောကျောင်း) ၏ "စကားစာပေ၊ ထိန်းသိမ်းလေ" ဆိုသည့် ဆောင်းပါးကို ကြိုက်သွားသည်။ မဂ္ဂဇင်းထဲမှာ ပါသည့် စာမျက်နှာကို အသေအချာ ခေါက်၍ သူငယ်ချင်းဖြစ်သူ အေးမြသီတာထံ သွားခဲ့သည်။

"ဟေ့၊ ဘာလာလုပ်တာလဲ"

"နင့်ကို ငါ ပြစရာရှိလို့"

"မပြနဲ့၊ မကြည့်ရဲဘူး"

သူငယ်ချင်း၏ ရှတ်နောက်နောက် စကားကြောင့် ကျွန်တော် ပြုံးလိုက်မိသည်။ သူကတော့ ဖြူစင်သော အပြုံးနှင့် သူ့စကားကိုသူ သဘောကျနေသည်။

ကျွန်တော်နှုတ်မှ အံ့ဩဝမ်းနည်းမှု အသံတွေ ရောပြွန်း ထွက်ပေါ်လာခဲ့သည်။

"နင်ဟာ၊ လုပ်ရက်လိုက်တာ၊ နင်က ကရင်မဟုတ်ဘူးလား"

"ဟုတ်တော့ ဟုတ်တယ်၊ ဒါပေမဲ့ ငါ့မိသားစု တိုးတက်ဖို့အတွက် ဘာမဟုတ်တဲ့ အလုပ်တွေနဲ့ ငါ အချိန်ကုန်မခံနိုင်ဘူး"

"ဘာမဟုတ်တဲ့ အလုပ် ဟုတ်လား၊ စာပေပျောက်ရင် လူမျိုးပျောက်မယ်ဆိုတာ နင်မသိဘူးလား"

"ဟေ့ဒီမှာ အထွန်း နင်ငါ့ကို ဆရာလာမလုပ်နဲ့။
နင်က ဘာအတန်းပညာတတ်လို့ ငါ့ကို ဆရာ လာလုပ်နေတာလဲ၊
ရွာထဲမှာ ကရင်စာသင်တန်း ဖွင့်မယ်ဆိုတာနဲ့ ထမင်းမေ့ ဟင်းမေ့နဲ့၊
နင့်ကို ဘယ်သူက ထမင်းလာကျွေးလို့လဲ၊ ဘယ်သူမှ ကျွေးတာမဟုတ်ဘူး"

"အဲဒီလိုတော့ မပြောပါနဲ့ဟာ၊
ငါဟာ ငါ့လူမျိုး၊ ငါတို့ တိုင်းရင်းသားတွေအတွက် နယ်ဝေးကနေ စာလာသင်ပေးတဲ့ ဆရာတွေကို တတ်စွမ်းသမျှ ကူညီပေးနေတာပါဟာ"

"တော်ပါတော့ နင့်ရဲ့ ခေတ်နောက်ပြန်ဆွဲ အသိတွေကို မောင်းထုတ်ပစ်လိုက်စမ်းပါ။
ငါသွားတော့မယ်"

□ □ □

"သိပ်မစဉ်းစားနဲ့ သူငယ်ချင်း၊ သန်ဘက်ခါ ငါ ကရင်စာသင်မယ့် ဆရာမနာမည်ကို ဖြုန့်ယ် တင်ရမှာ၊ နက်ဖြန်မနက်ကျရင် ငါလာမေးမယ်။ ဒီည စဉ်းစားထားပေါ့။ ကဲ ငါသွားမယ်"

ညရောက်ပြီး အိပ်ရာဝင်သည့်အခါမှာတော့ စိတ်တွေ ဂနာမငြိမ်ဖြစ်နေသည်။ မနက် မိုးလင်းမည့် အချိန်ကို မျှော်ရနိုး၊ မမျှော်ရနိုးနှင့် ပင်ပန်းလှသည်။ သို့သော် ရာသီစက်ဝန်းကို ဆွဲထားခွင့် မရှိ၊ မနက်မိုးလင်း၍ ကိုယ်လက်သန့်စင်ပြီး သူငယ်ချင်းဆီ သွားခဲ့သည်။ သူ့အိမ် ရောက်သည့်အခါ ပြုံးရွှင်ဖော်ရွေစွာဖြင့် ဆီးကြိုနေသည်။

"အံမယ် တယ်စောပါလား"

"စောရမယ် သူငယ်ချင်းရေ။ နင့်အဖြေကို ငါစောင့်ရတာ စိတ်မောတယ်။ နင့်ကို ဘယ်လိုဆုံးမရမလဲလို့ တွေးနေရတာ။
နင် ဆရာကြီးကိုယ်တော်မှိုင်းရဲ့ ထမင်းတစ်လုပ်အတွက် ထင်းခုတ်စားလည်း ရပါတယ်ဆိုတာ နင်ကြားဖူးမှာပေါ့နော်"

"ကြားဖူးပါတယ် ကိုတတ်ကြီးရယ်။ အခု ငါက ထမင်းတစ်လုပ်အတွက် ထင်းခုတ်မစားဘူး။
ငါ့ရဲ့တတ်ကျွမ်းတဲ့ပညာနဲ့ ငါ့ရဲ့ မောင်လေး ညီမလေးတွေကို ကရင်စာ သင်တန်းပေးရင်းနဲ့ ဝီတီကိုစားမှာ သိရဲ့လား"

"နင် တကယ်ပြောတာလား"

"တကယ်ပြောတာပေါ့ဟာ"

ကျွန်တော်သည် သူ၏ နှုတ်ဖျားက ကျလာသော စမ်းရေစီးသံ အားမာန်အပြည့် စကားတွေကို နားထောင်ရင်း ထွက်သစ်စ နေဝန်းကြီး၏ အားမာန်အပြည့် ထွန်းလင်းနေပုံနှင့် နှိုင်းယှဉ်လျက် ဘယ်သူပြိုင်လို့ နိုင်ပါမည်နည်းလို့ တွေးရင်း . . .။

ဇင်နောင်

■





# သက်သေမပြနိုင်၍

သရစော (ဝါးခယ်မ)

"ဘော် ... ဘော်။

သဘော်ကြီးသည် မြောင်းမြမြို့မှ စတင်ထွက်ခွာလာခဲ့ပြီ ဖြစ်သည်။ နံနက်ခင်းကလည်း တိုက်ခတ်လာသော လေပြေလေညင်းနှင့်အတူ အေးစိမ့်မှုကပါ လိုက်ဖက်စွာ ပါဝင်၍ ဆောင်းဦးနံနက်ကို သရုပ်ဖော်နေပေပြီ။

သင်္ဘောကြီးထဲတွင် ဦးတည်ချက်၊ ရည်ရွယ်ချက် အမျိုးမျိုးဖြင့် လိုက်ပါလာသော ခရီးသည်များလည်း သူမိတ်ဆွေ ကိုယ့်မိတ်ဆွေ ဝိုင်းဖွဲ့စကား ပြောနေကြသည်။ သင်္ဘောကြီးမှာ အရှိန်ရလာပြီ ဖြစ်သဖြင့် လေအေးများကလည်း မြူနှင်းတွေနှင့်အတူ ဝင်ရောက်လာကြသည်။

ကျွန်တော်သည် သင်္ဘော အပေါ်ထပ်သို့ သွားရောက် လေ့လာကြည့်မိသည်။ ထိုအခါ နိုင်ငံခြား ခရီးသွားအမျိုးသမီး ၂ ဦးကို တွေ့ရှိရသည်။ အသက်အရွယ်အားဖြင့် ၄၀ ကျော်ကျော် ပတ်ဝန်းကျင် ဖြစ်မည် ထင်သည်။ ကျွန်တော်သည် အင်္ဂလိပ်မေဂျာကို ယူထားသူပီပီ အင်္ဂလိပ်ဘာသာစကားကို အလွန်ဝါသနာ ထုံသည်။ နိုင်ငံခြားသားများနှင့်မူ စကားပြောခွင့် မကြုံခဲ့ပါ။ ကျွန်တော်၏ Speaking skill မှာ လည်း အလွန်ညံ့ပါသည်။ သို့သော် ပြောချင်စိတ်ကို ထိန်းမရ။ မှန်မှန်မှားမှား ပြောကြည့်ချင်သည်။ သို့နှင့် ကျွန်တော်သိသမျှ၊ မှတ်သားမိသမျှကို ဖျစ်ညှစ်ထုတ်ကာ ထို အမျိုးသမီး နှစ်ဦးကို သွားရောက် မိတ်ဆက်မိပါတော့သည်။

“ကျွန်တော့်နာမည်က ဇွဲကို ပါ။ တွေ့ရတာ ဝမ်းသာပါတယ်”

“အိုး၊ ထပ်တူထပ်မျှပါပဲ”

ဟု သူတို့က ပြန်ဖြေတော့ ကျွန်တော် အတော်အသင့် ကြည်နူးမိသည်။ သူတို့ ကျွန်တော့်ကို ကြည့်ကာ ပြုံးနေကြသည်။ ကောဍ္ဍ ကျွန်တော့်ပြောပုံဆိုပုံ မှားနေလိမ့်မည် ထင်သည်။

## မေးခွန်းမှာ အခြားသူများ အတွက် လွယ်နိုင်ပေမယ့် ကျွန်တော့် အတွက်တော့ ကျရှုံးမှုပါပဲ

“ကျေးဇူးပြုပြီး သည်းခံပါနော်။ ကျွန်တော်က အင်္ဂလိပ်စာ ညံ့တယ်ဗျ။ အသံထွက်လည်း အမှားမှားအယွင်းယွင်းတွေ များတယ်”

ဟု ကျွန်တော်အယူခံဝင်လိုက်သည်။ ထိုအခါ သူတို့က

“အိုး . . . ပြဿနာမရှိပါဘူး။ မင်း အင်္ဂလိပ်စာ မဆိုးပါဘူး”

ဟု ပြုံးရွှင်စွာ ပြန်ပြောသည်။ သူတို့ နှစ်ဦးထဲမှ အသက်ပိုကြီးပုံရသော ခင်စရာမျက်နှာထားနှင့် အမျိုးသမီးက ကျွန်တော့်ကို ပြုံးပြ၍

“မင်းက ဘာလူမျိုးလဲ”

ဟု ကျွန်တော့်ကို မေးသည်။

“ကျွန်တော် ကရင်လူမျိုးပါ”

“အိုး . . .ကရင်”

သူတို့ အံ့အား သင့်ပုံ ရသည်။ ပြီးတော့ “ကရင်” ဟူသော စကားနှင့် အတော်ရင်းနှီးပုံ ရသည်။ သူတို့က ရယ်မောရင်းနှင့် ကျွန်တော့်ကို လက်ဆွဲနှုတ်ဆက်သည်။ ကျွန်တော်လည်း ဝမ်းသာအားရ ဖြစ်မိသည်။ သို့သော် သူတို့ နောက်ထပ်မေးလိုက်သော စကားတစ်ခွန်းကြောင့် ကျွန်တော် ဝမ်းမသာနိုင်တော့ပါ။ ရယ်လည်း မရယ်နိုင်တော့ပါ။ မျက်နှာတစ်ပြင်လုံး မီးပူတိုက် ခံရသကဲ့သို့ ဖြစ်သွားသည်။ ထိုမေးခွန်းမှာ အခြားသူများ အတွက် လွယ်နိုင်ပေမယ့် ကျွန်တော့် အတွက်တော့ ကျရှုံးမှုပါပဲ။ အဲဒီ မေးခွန်းကတော့

“မင်းရဲ့နာမည်ကို ကရင်လို ရေးပြနိုင်မလား” တဲ့။

ကျွန်တော် နှုတ်ဆိတ်နေမိပါသည်။ ဘာပြောရမှန်း မသိတော့ပါ။ ရှက်ရွံ့ဝမ်းနည်းမှုတွေ ကျွန်တော်ထံ ခုန်ဝင်လာပါသည်။

“ကျွန်တော် မရေးတတ်ပါဘူး သည်းခံပါနော်”

ဟု ရိုးစင်းစွာ ပြန်ပြောရင်း အဲသည်နေ့ကစ၍ ကျွန်တော် ကရင်စကားနှင့် ကရင်စာကို . . .

သရစော (ဝါးခယ်မ)

■

# ကရင်တို့၏ ကဗျာလင်္ကာများ

ဝါးနေမူးခိုဖော (ညောင်တုန်း)

ဝေါး ကဗျာတို့ကို လွန်စွာမြတ်နိုးပြီး နှစ်ထောင်ပေါင်းများစွာကတည်းက ဖန်တီးထုတ်လုပ် အသုံးပြုခဲ့ကြသော ကရင်တို့တွင် ကဗျာ ဥပဒေသအရ လင်္ကာများ၊ ရသများ၊ ဂုဏ်များ၊ နဘောကာရန်များဖြင့် အလွန်ခမ်းနား တင့်တယ်သော ကဗျာဥယျာဉ်နန်းကြီး ရှိခဲ့ပါသည်။

ထိုကဗျာဥယျာဉ်နန်းကြီးကို ကရင်သမိုင်း သုတေသီများသည် သုတစ်စွန်း ငါတစ်စဖြင့် ဖော်ထုတ် မှတ်တမ်းတင်ခဲ့ကြရာ ကရင်သုတေသီ ပညာရှင် ဆရာထူးလှအေး (ကော်ပသီ–မြောင်းမြ) ဘဲလော် အသင်းအုပ်ဆရာသည် ၁၉၅၄ ခုနှိုဝင်ဘာလ (၁၂) ရက်နေ့တွင် ရန်ကုန်၊ အလုံ ကရင်နှစ်ခြင်းပုံနှိပ်တိုက်၌ စကောကရင် ဘာသာဖြင့် ပုံနှိပ်သော လီပါယွား (လော်ဟ်ယွာ) စာအုပ်တွင် ကရင်တို့၏ ကဗျာလင်္ကာ (၂၅) မျိုးကို ထည့်သွင်း ဖော်ပြနိုင်ခဲ့သည်။ ယင်း ကဗျာလင်္ကာ (၂၅) မျိုးကို တောင်ပေါ်မြေပြန့် ကရင်အမျိုးသားများထံတွင် ဆယ်နှစ်ဆယ်မိုးလေ့လာပြီး စုစည်း တင်ပြထားချက်များ ဖြစ်သည်။

**ကဗျာဖွဲ့ ဥပဒေသများ**

ကရင် ကဗျာဖွဲ့ ဥပဒေသနှင့် အပုဒ်နှင့် အပိုဒ် ဟူ၍ ရှိပါသည်။

**ကရင် ဘာသာဖြင့်**

ထာတယုန် (ထားတယူ) = ကဗျာတစ်ပုဒ်

ထာတဖျာဉ် (ထားတဖလယ်) = ကဗျာတစ်ပိုဒ်

ကဗျာတစ်ပိုဒ်တွင် စာကြောင်းရေ လေးကြောင်း၊ ခြောက်ကြောင်း၊ ရှစ်ကြောင်း စသည်ဖြင့် စာကြောင်းရေ ဆယ့်ရှစ်ကြောင်း အထိ ရှိတတ်သည်။ ကဗျာ တစ်ပိုဒ်လျှင် အခံနှင့် အအုပ်ရှိပြီး စာကြောင်း နှစ်ကြောင်းစီ ရှိရသည်။ စာတစ်ကြောင်းလျှင် စာလုံးရေ (၇) လုံး ရှိရသည်။

[illegible]
[illegible]
[illegible]
[illegible]



ပထမစာ နှစ်ကြောင်းတွဲတွင် အဆုံး၌ "ပူး" နှင့် "ဟူး" ကာရန် ချိတ်ထားပြီး ဒုတိယ စာနှစ်ကြောင်းတွဲတွင် "လား" နှင့် "ညား" ကာရန် ချိတ်ထားသည်။

ကဗျာပိုဒ်ရေ များစွာဖြင့် ဖွဲ့သီသော ပြီးပြည့်စုံသည့် ကဗျာကို ကဗျာတစ်ပုဒ်ဟု သတ်မှတ်ထားပါသည်။

## ကရင်တို့၏ ကဗျာ (၂၅) မျိုး

အကြောင်းအရာနှင့် အချိန်အခါကို လိုက်ပြီး ကဗျာ (၂၅) မျိုး ခွဲခြားထားသည်ကို တွေ့ရပါသည်။

**၁။ ထားတူးထားယွား (ထာတူထာယွာ)**

ဘုရားဝတ်ပြု ကိုးကွယ်ရာတွင် အသုံးပြုသော ကဗျာအမျိုးအစား ဖြစ်သည်။ တစ်ပိုဒ်ခြင်း ဖြစ်စေ၊ အပုဒ်ကြီးဖြင့် ဖြစ်စေ တွေ့ရတတ်သည်။

**၂။ ထားပမွီးပဟွာ (ထာပမှ---- )**

ဗိစဉ်ဖဆက်အကြောင်း ဖွဲ့ဆိုထားသော ကဗျာ ဖြစ်သည်။ သားစဉ်မြေးဆက် သိရမည့် မျိုးရိုးစဉ်ဆက်တို့ကို ဖော်ပြသည်။ အပုဒ်တိုဖြင့် ဖြစ်စေ အပုဒ်ကြီးဖြင့် ဖြစ်စေ ဖွဲ့ဆိုလေ့ ရှိကြသည်။

**၃။ ထားပလူးထားစဲ**

တမလွန်လောက၊ ပရဝိညာဉ်၊ သေခြင်းတရားတို့နှင့် စပ်ဆိုင်သော ကဗျာအမျိုးအစား ဖြစ်သည်။ အသုဘကိစ္စရှိမှသာ ရွတ်ဆိုရသော ကဗျာမျိုး ဖြစ်သည်။

**၄။ ထားသီးကွာစီဆဲ**

အမေးအဖြေ လင်္ကာများဖြစ်သည်။ အခံကာရန်၊ အအုပ်ကာရန်တို့ဖြင့် လှပစွာ ဖွဲ့ဆိုထားသည်။ အဓိပ္ပာယ် အဖြောင့် (ဝင်္ကဝုတ္တိ မဟုတ်) ဖွဲ့ဆိုထားသည်။

**၅။ ထားသီးကွာအောစ**

နက်နဲသော အမေးအဖြေ လင်္ကာမျိုး ဖြစ်သည်။ ဝင်္ကဝုတ္တိ အလင်္ကာဖြင့် အမေးအဖြေ ပြုလုပ်ရသည်။ နဘေကာရန်များဖြင့် လှပစွာ ဖွဲ့ဆိုရသည်။

**၆။ ထားကူတာ**

တီထွင်ကြံဆ မေးဖြေ လင်္ကာမျိုးဖြစ်သည်။ ခက်ခဲနက်နဲစွာ တွေးဆ ဖြေကြားရသဖြင့် သာမန်လူတို့ ဖွဲ့ဆိုနိုင်ရန် ခက်ခဲသည်။

**၇။ ထားပိုပဝေါ်**

အမေးအဖြေ လင်္ကာတစ်မျိုး ဖြစ်သည်။ သို့သော ကြီးကျယ်ခန့်ထည်သော အမေးအဖြေများကိုသာ ပြုလုပ်ရသည်။ မကွေ့မဝိုက် အဓိပ္ပာယ် အဖြောင့်ကိုသာ ဖော်ပြ ဖွဲ့ဆိုရသည်။ ခိုင်မာသော သမိုင်းကြောင်း (ဥပမာ - ကမ္ဘာတည်ပုံ) တို့ကိုသာ ဖွဲ့ဆိုရသည်။

**၈။ ထားသိုတာ**

ဆုံးမစာ လင်္ကာအမျိုးအစား ဖြစ်သည်။ ကာရန်ချိတ်၊ နဘေထပ်၊ အခံအအုပ်တို့ဖြင့် လှပစွာ ဖွဲ့ဆိုထားသည်။

**၉။ ထားစီပါ**

ရှေ့ ဖြစ်ဟော ဗျာဒိတ်လင်္ကာ အမျိုးအစား ဖြစ်သည်။ အဓိပ္ပာယ် အဖြောင့် ဖြစ်စေ၊ ဝင်္ကဝုတ္တိ အလင်္ကာဖြင့် သွယ်ဝိုက် ဖွဲ့ဆိုလေ့ရှိသည်။

### ၁၀။ ထားသာ့ဝီ
သီချင်းလင်္ကာ ဖြစ်သည်။။ သာယာ နာပျော်ဘွယ် သံစဉ်အနိမ့်အမြင့်တို့ဖြင့် တူရိယာနှင့် တွဲဖက်သီဆိုကြသည်။

### ၁၁။ ထားဖိုးသာ
ကလေးကဗျာ အမျိုးအစား ဖြစ်သည်။ ကြက်ဖခွပ်တမ်း၊ ညောင်ပင်တစ္ဆေ တို့ကဲ့သို့ ကစားနည်းများကို ဖွဲ့သီ ထားပြီး ကစားခုန်စားရင်း သီဆိုရသော ကဗျာ ဖြစ်သည်။

### ၁၂။ ထားယော်လဲ
လက်တန်းစပ်ဆို သီဆိုသော ကဗျာ ဖြစ်သည်။ အချိန်မရွေး၊ နေရာ မရွေး၊ မင်္ဂလာကိစ္စဖြစ်စေ၊ နာရေးကိစ္စ ဖြစ်စေ၊ လမ်းလျှောက်ရင်း အလုပ်လုပ်ရင်း ဖြစ်စေ သီဆို၍ ရသော ကဗျာမျိုး ဖြစ်သည်။

### ၁၃။ ထားဟောဝါး
မင်္ဂလာဆောင် သတို့သား ပျော်ပွဲစား လင်္ကာများ ဖြစ်သည်။ သတို့သား ပျော်ပွဲ စားစဉ်တွင်သာ သီဆိုပြီး အခြားအချိန် များတွင် သီဆိုခြင်း မပြုကြချေ။

### ၁၄။ ထားတောထော်
လင်္ကာ အမျိုးအစား ခေါင်းစဉ် ဖြစ်သည်။ ပွဲလမ်းများတွင် လင်္ကာအမျိုးမျိုး စပေါင်း သီဆိုလေ့ ရှိကြရာ တစ်ဦးက အခြား အမျိုးအစား တစ်ခုသို့ ပြောင်းလဲသီဆို စေလိုလျှင် ထိုအမျိုးအစားခေါင်းစဉ်ကို လူအများကြားသာအောင် အော်ဟစ် တိုင်တည် ပေးလိုက်ရသည်။

### ၁၅။ ထားတောထော်တလီး
လင်္ကာအမျိုးအစား ပြောင်းလဲရန် အချက်ပေးသော လင်္ကာဖြစ်သည်။ ထားတောထော်ကဲ့သို့ လင်္ကာ အမျိုး အစား သတ်မှတ်ပေးခြင်း မရှိသဖြင့် ကြိုက်ရာလင်္ကာကို ပြောင်းလဲသီဆို နိုင်သည်။ တစ်ယောက်က စသမျှ အားလုံး လိုက်ဆိုကြသည်။

### ၁၆။ ထားဂီထိခဲလာ
သမိုင်းလင်္ကာ အမျိုးအစား ဖြစ်သည်။ အမျိုးသား၏ နောက်ခံသမိုင်းနှင့် သမိုင်း စဉ် အဆင့်ဆင့်ကို ဖွဲ့ဆိုထားသည်။

### ၁၇။ ထားဘုထားစဲ
အပျို လူပျို ဖူးစာဖက်ရန် စောင်းမြောင်း ကမ်းလှမ်း လင်္ကာအမျိုးအစား ဖြစ်သည်။

### ၁၈။ ထားဒိုးဖဒို
ဂန္ထဝင်ပုံပြင်ရှည် တစ်ပုဒ်လုံး အစမှ အဆုံးတိုင် ဖွဲ့စည်းထားသော လင်္ကာရှည် ဖြစ်သည်။

### ၁၉။ ထားဒိုးဖိုး
ဥပမာ အကြောင်းအရာ အတိုအထွာ များကို ဖွဲ့ဆိုထားသော လင်္ကာတိုများ ဖြစ်သည်

### ၂၀။ ထားဒိုးလောဇွီ
ဥပမာများ၊ ဆုံးမစကားများကို တစ်ပိုဒ် ချင်း ဖွဲ့ဆိုထားသော လင်္ကာတို အမျိုး အစား ဖြစ်သည်။

### ၂၁။ ထားဒိုးဘု
မောင်ဖွဲ့မယ်ဖွဲ့ မေတ္တာဖွဲ့ အပြန်အလှန် သီဆိုရသော လင်္ကာအမျိုးအစား ဖြစ် သည်။

### ၂၂။ ထားဒိုးဘလတ်
ဂန္ထဝင်ဇာတ်လမ်းများမှ အကြောင်းအရာ တူများကို စုစည်းဖက်စပ် ဖွဲ့ဆိုတင်ပြ ထားသော လင်္ကာမျိုး ဖြစ်သည်။

### ၂၃။ ထားဒိုးဘလော
သူတစ်ပါး ဖွဲ့ဆိုထားသည့် လင်္ကာကို ပြောင်းပြန်ဖြစ်အောင် ကန့်ကွက် ဖွဲ့ဆိုထားသော လင်္ကာမျိုး ဖြစ်သည်။

### ၂၄။ ထားလောလီ
သူတစ်ပါး ဖွဲ့ဆိုထားသည့် လင်္ကာကို ချေပငြင်းဆိုထားသော လင်္ကာ အမျိုး အစား ဖြစ်သည်။

### ၂၅။ ထားမူကနော့ဖိုသာဘွား
အပျို လူပျို မောင်ဖွဲ့မယ်ဖွဲ့ အမျိုးအစား ဖြစ်သည်။ ချစ်ခြင်းမေတ္တာ၊ လက်ထပ် ထိမ်းမြား၊ မေတ္တာလက်ခံ ကြိုဆိုခြင်း၊ ချော့မြှူခြင်း၊ ကျေအေးခြင်း၊ မျှော်သိပ်ခြင်း၊ ရင်ဖွင့်ခြင်း၊ ရန်တွေ့ခါးသီးခြင်း စကား တို့ဖြင့် အမျိုးအစား စုံလင်သည်။


ဝါးနေမူးခိုဖော (ညောင်တုန်း)


■

## ကရင့်ရိုးရာ

# “ဒွာ” (ဒေါ်) ဖျတ်စောင်းတူရိယာ

စောကျော်ညွန့် (ယဉ်ကျေးမှု)




ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သည် တိုင်းရင်းသားမျိုးနွယ်စုများ စုပေါင်းမှီတင်းနေထိုင်ကြသော နိုင်ငံတစ်နိုင်ငံ ဖြစ်ပါသည်။ တိုင်းရင်းသားမျိုးနွယ်စုများသည် ရိုးရာဓလေ့၊ ယဉ်ကျေးမှုအမွေအနှစ် အနုသုခုမပညာရပ်များ ကိုယ်စီရှိခဲ့ကြပါသည်။ ထို့ကြောင့် ကရင်လူမျိုးများသည်လည်း ထား၊ ကဗျာ၊ လင်္ကာတေးသီချင်းများ ဖွဲ့ဆိုခြင်း၊ သီဆိုတီးမှုတ် ကခုန်ခြင်းများ ရှိခဲ့သည်။ ထိုသို့ သီဆိုတီးမှုတ် ကခုန်ရာတွင် အသုံးပြုသော တူရိယာပစ္စည်းများကိုလည်း မိမိတို့၏ စိတ်ကူးရှိသလို တီထွင်ကြံဆမှုနှင့် ရှိသမျှ လက်သုံးဝတ္ထုပစ္စည်းတို့ဖြင့် အားထုတ်ကြိုးစား ပြုလုပ်ခဲ့ကြပါသည်။

ကရင်လူမျိုးတို့သည် မူလသဘာဝအားဖြင့် ဝေးလံခေါင်ဖျား တောတောင်ဒေသများ၌သာ နှစ်ခြိုက်အခြေချ နေထိုင်ခဲ့ကြသည်ဖြစ်ရာ လယ်ယာလုပ်ငန်း စိုက်ပျိုးခြင်း၊ အမဲလိုက်ခြင်း၊ သစ်ခုတ်ခြင်းနှင့် တံငါလုပ်ငန်း လုပ်ကိုင်ခြင်းတို့ဖြင့် အသက်မွေးဝမ်းကျောင်း ပြုကြပါသည်။ တစ်နေ့တာ လုပ်ငန်းခွင်များ အနားယူအပန်းဖြေရန် မိမိတို့၏ ကိုယ်ပိုင်ယဉ်ကျေးမှု တူရိယာပစ္စည်းများကို တီးခတ်လျက် တေးသီချင်းလင်္ကာ ဖွဲ့နွဲ့ကာ အပန်းဖြေလေ့ ရှိပါသည်။ အပန်းဖြေရာတွင် အသုံးပြုသော တူရိယာများအနက် ခေတ်ကာလအဆက်ဆက်က မိဘဘိုးဘွားများ ထားရှိခဲ့သော ရိုးရာတူရိယာ အမွေအနှစ်ဖြစ်သည့် “ဒွာ” (ဒေါ်) ဖျတ်စောင်း တူရိယာကို တရံရောအခါက အုန်းမှုတ်ခွက်ဖြင့် အုန်းသီးတစ်လုံးကို သုံးချိုးတစ်ချိုးမှ ညီညာစွာဖြတ်ယူပြီး အဝကို သစ်သားပြား၊ ဝါးပြား တစ်ခုခုနှင့်ပိတ်၍ တယောဆန်ဆန် ပြုလုပ်လေ့ ရှိသည်။ နောင်းခေတ်အချိန်တွင် သစ်မာသားဖြစ်သော ပျဉ်းကတိုးသား၊ ယင်းတိုက်အနှစ်သား၊

ဝိတောက်သားတို့ဖြင့် ပြုလုပ်တီးခတ်ကြသည်ကို လေ့လာတွေ့ရှိရပါသည်။

"ခွာ" (ခေါ်) ဗျတ်စောင်း တူရိယာတွင် ရှေးအခါက ကြိုးသုံးချောင်း ရှိးရိုးတပ်ဆင်သော်လည်း မျက်မှောက်ခေတ်ကာလတွင် နှစ်ချောင်းတွဲ (၂) စုံနှင့် သီးခြားတစ်ချောင်းကြိုးအဖြစ် ငါးချောင်းတပ်ဆင် တီးခတ်ကြသည်။ ယခင်က အသုံးပြုသည့် ကြိုးများကို ပိုးချည်မျှင်၊ သစ်ခေါက်မျှင်၊ ဝါးမျှင်၊ နွယ်မျှင်တို့ကို ကြိုးအဖြစ် အသုံးပြုလေ့ရှိသော်လည်း ယခုအခါ နိုင်လွန်ကြိုး၊ သံမဏိကြိုးများဖြင့် တပ်ဆင် အသုံးပြုလာကြသည်ကို တွေ့မြင်ရသည်။ "ခွာ" (ခေါ်) ဗျတ်စောင်း တူရိယာကို အချို့က ကိုယ်တိုင်တီး၊ ကိုယ်တိုင်သီဆိုကာ အချို့မှာ အမျိုးသားများက တီး၍ အမျိုးသမီးများက စုံတွဲသီဆိုလေ့ရှိသည်။ နားဆင်ရသည်မှာ သာယာနာပျော်ဖွယ်ကောင်းသော "ခွာ" (ခေါ်) ဗျတ်စောင်း အသံကို ကရင်လူမျိုးများနှင့် တစ်ခြားသော တောင်ပေါ်သားများ တစ်ချို့မှ ကြိုက်နှစ်သက်ကြသည်။

ကရင်ရိုးရာ "ခွာ" (ခေါ်) ဗျတ်စောင်း တူရိယာကို တစ်ရံတစ်ခါက ကရင်ဇာတ်သဘင်၊ ဖျော်ဖြေရေး အခမ်းအနားများ လိုလိုတွင် အခြားသော တူရိယာပစ္စည်းများဖြင့် တွဲဖက် တီးခတ်၍ တစ်ချိန်က အလွန်အရေးပါသော တူရိယာတစ်မျိုး ဟု ဆိုနိုင်ပေသည်။

"ခွာ" (ခေါ်) ဗျတ်စောင်း တူရိယာပစ္စည်း ပြုလုပ်ခြင်းဆိုသည်မှာ ဦးစွာပထမ လိုအပ်သော အုန်းသီးခွံလုလု (သို့မဟုတ်) ပျဉ်းကတိုး၊ ယင်းတိုက်အနှစ်သား၊ ဝိတောက်သစ်သားများကို အရှည် (၃၆)လက်မ၊ လုံးပတ် (၁၆) လက်မရှိ သစ်သားများ ခုတ်ယူရသည်။ ခုတ်ယူပြီး ကိုယ်ထည်ပိုင်းကို (၁၁) လက်မ ထားရှိရသည်။ အဖျားပိုင်း (သို့မဟုတ်) ခေါင်းရင်းပိုင်းကို (၆)လက်မ (သို့မဟုတ်) (၅)လက်မ တိုင်းထွာရသည်။ တိုင်းထွာပြီးသည်နှင့် အောက်တွင် ဖော်ပြထားသည့် "ခွာ" (ခေါ်) ဗျတ်စောင်းပုံစံကို ခုတ်ရပါသည်။ ခုတ်ယူအချောသပ်ပြီး ခေါင်းရင်းပိုင်းနှင့် ကိုယ်ထည်ပိုင်းကို ထွင်းဖောက်ရသည်။ ထွင်းဖောက်ပြီးသည်နှင့် ခေါင်းရင်းပိုင်းကို ကြိုးတင်း/ကြိုးလျှော့ လှည့်တံပေါက် (၅) ပေါက်နှင့် ကြိုးသွင်းပေါက် (၃) ပေါက် ဖောက်ရသည်။ ထွင်းဖောက်ထားသော ကိုယ်ထည် သစ်သားဗဟိုတွင် အပေါက်တစ်ပေါက် ဖောက်ရသည်။ ထိုအပေါက်ကို နတ်သမီးပေါက်ဟု ရှေးလူကြီးများက အဆိုရှိခဲ့ပါသည်။

သို့ရာတွင် ထွင်းဖောက်ထားသော ကိုယ်ထည်အပေါက်ကို သစ်သားပြား၊ သွပ်ပြား၊ ဝါးခြမ်းပြားများနှင့် ကပ်ပိတ်ရသည်။ အကောင်းဆုံးမှာ သားရေကြွတ်ရနိုင်လျှင် ပိုကောင်းပါသည်။ အထက်ဖော်ပြသည့် ပိုးချည်မျှင်၊ နွယ်မျှင်များ တပ်ဆင်နိုင်လျှင် အသံသာယာဖွယ် ကောင်းသော "ခွာ" (ခေါ်) ဗျတ်စောင်းတစ်လက် ဖြစ်လာသည်။

ကရင်လူမျိုး ကာလသား၊ ကာလသမီးများသည် တစ်ရံတစ်ခါက "ခွာ" (ခေါ်) ဗျတ်စောင်း တူရိယာကို ရှေးခေတ် လူပျိုကာလသားများမှ မိမိနှစ်သက်ကြိုက်နေသော အပျိုများကို တိုက်ရိုက်ချစ်ရေး မဆိုဝံ့ကြပေ။ သွယ်ဝိုက်သောနည်းဖြင့် တေးသီချင်းလင်္ကာဖွဲ့နွဲ့ကာ "ခွာ" (ခေါ်) ဗျတ်စောင်း တူရိယာသံစဉ်လေးဖြင့် ရင်တွင်းကစကားကို စောင်းချိတ်တင်စား ဖွင့်ဟကြလေ့ရှိသည်။ ချစ်ခင်မြတ်နိုးစရာ ကောင်းသော ကရင့်ရိုးရာ ဓလေ့စရိုက်များကို နောင်လာနောက်သားများ လေ့လာသိရှိနိုင်ရန်အတွက် တင်ပြလိုက်ပါသည်။

တစ်ချိန်က ကရင်လူမျိုးများသည် ယိုးဒယားပြည်၊ ယိုးဒယားနယ်စပ်၊ ဒွာနဲ့ဝအရပ်သို့ ပြောင်းရွှေ့တိမ်းရှောင်နေထိုင်စဉ် ကာလအတွင်း မိမိတို့၏ ဇာတိချက်ကြွေး မွေးရပ်မြေကို လွမ်းဆွတ်သတိရ တမ်းတလျက် ထား၊ ကဗျာ လင်္ကာ

ရှေးအခါက ကြိုးသုံးချောင်း
ရိုးရိုး တပ်ဆင်သော်လည်း
မျက်မှောက်ခေတ် ကာလတွင်
နှစ်ချောင်းတွဲ (၂)စုံနှင့်
သီးခြား တစ်ချောင်းကြိုးအဖြစ်
ငါးချောင်း တပ်ဆင်တီးခတ်ကြသည်။

### စာပိုဒ် အလျဉ်းသင့်သလို တင်ပြရမည်ဆိုလျှင်

| ကရင်ဘာသာဖြင့် | မြန်မာအသံထွက် |
|---|---|
| ကၤလၤလဲ ယော်ဖါဟ်ပိုၣ်ခါန့ၣ် | ကာလာလေ ယူဖိုးပုန့်ခေါ်င် |
| ဟ့ၢထၣ်း လံၥ်သၢဝ်ခါန့ၣ်လံၥ်ထၣ် | ဂါထောင်လေ သိုင့်ခေါ်င်လနောင် |
| မ့ၢ်ကော်မူးဏါ ခဲထိၣ်လၣ် | မို့ကေမူးနာ မေးထိုလောင် |
| ထၣ်းထၣ်းထၢၣ် ကွံၣ်ခွါကွၢ် | နောင်းထောင်းထိုင်ကလွန့်ခွယ်ကဘောင် |

### အဓိပ္ပာယ်ဖွင့်ဆိုချက်

မွန်ဘုရင်အုပ်စိုးသည့်ခေတ် တစ်ချိန်တစ်ခါက ခါးသီးသော စစ်ဘေးဒဏ်ကြောင့် ကရင်လူမျိုးများသည် စိတ်ဆန္ဒမပါဘဲ ယိုးဒယားနယ်စပ်သို့ ထွက်ပြေး တိမ်းရှောင်ရသည်၊ ရွှေ့ပြောင်းခြားသို့ ရောက်သော်လည်း ဇာတိချက်ကြွေ ဖွားကပင်မြေနှင့် ဖွားကပင် စေတီတော်ကို တမ်းတလွမ်းဆွတ် သတိရလျက် ညစဉ်ညတိုင်း မျက်ရည်ဝဲခဲ့ရပါသည် ဟူ၍ပင် ဖြစ်ပါသည်။



## ကရင် ချည်ဖြူမွေ့ မင်္ဂလာ

ဧတ္တာပွင့်ကြ ဝါခေါင်လလျှင်
ဖွဲ့ကြ ချည်ဖြူ လေ့မူဟောင်း
ရိုးရာကောင်းပေ၊ ထိန်းသိမ်းလေကြ
မြတ်နိုးအပ်သည် ကျင်းပပျော်နွဲ လက်ချည်ပွဲ။

ချည်ဖြူပန်းခင်း၊ ကြံကောက်ညှင်းနှင့်
ထမင်းငှက်ပျော၊ အုန်းရေနှောသည့်
ခေါ်လင်ပန်းမှာ၊ လွှင့်လိပ်ပြာခေါ်
မျိုးဆွေတော်များ၊ စုစည်းအားညီ
တွဲလက်ချည်ကြ၊ ဆို ဆုံးမသံ နာယူစံ။

ပန်းစတ္တာနှင့် ခိုင်ညှာပွင့်အား
တိုင်းရင်းသားချင်း ဆွေမျိုးရင်းခြာ
သွေးစည်းကာပင် ညီညာလက်တွဲ
လက်ချည်ပွဲမှာ ဆင်နွှဲပါဝင်
မြဲချစ်ခင်၍ ကြည်လင်မေတ္တာ
ပိုသပါကြောင်း ဆုမွန်တောင်း။ ။

မန်းလှံထီး (လှိုင်းဘွဲ့)

"ခွာ" (ခေါ်) ဗျတ်စောင်း တူရိယာသည် ယခုမျက်မှောက်ခေတ်တွင် ကျွမ်းကျင်ပိုင်နိုင်စွာ တီးနိုင်သူ အလွန်ရှားပါးသွားပြီဖြစ်ကြောင်း ကရင်လူမျိုးအားလုံးအသိပင် ဖြစ်ပါသည်။ ခေတ်အဆက်ဆက် ရှေးလူကြီးသူမများ ထိန်းသိမ်းလာခဲ့သော ယဉ်ကျေးမှု အနုသုခုမ ပညာရပ်များကို မပျောက်မပျက်ရလေအောင် ကရင်အမျိုးသား၊ အမျိုးသမီးတိုင်း ဆက်လက်ထိန်းသိမ်းကြရန် အားထုတ်ကြပါဦးစို့ ---

စောကျော်ညွှန့် (ယဉ်ကျေးမှု)

# သွေးကြောထဲက မြစ်တစ်စင်း

■ မန်းနဲ့ပိ (အိမ်မဲ)

အိုသွေးချင်းတို့
ဒို့ ယဉ်ကျေးမှု
အမွေစုကို
စေ့ငုံမြဲခိုင်
မဆုပ်ကိုင်မူ
ယိမ်းယိုင်သမိုင်း
မဆိုင်းတွယ်ရာ
မဲ့ မည်သာတည်း။

ရောမြစ်ရေ
စီးရစ်လေတိုင်း
လေပြေအတွေ့
လေအငွေ့မှာ
ပျော်မွေ့ရာသည့်
ဗေဒါပန်းသို့
လန်းဆန်းနေပြား
အခြေသော်ရှိ
အမြစ်မဲ့
မသွေဝဲရန်
ကြုံတွေ့ရမြန်
ပန်းလှဗေဒါ
နွမ်းရရှာတည်း။

ထို့ကြောင့်ပင်လျှင်
ဒို့ ယဉ်ကျေးမွေ
ထိန်းမြှင့်လေမှ
အခြေခိုင်ခံ့
အရှည်ခံ့သည့်
မည့်သမိုင်း
ခေတ်တိုင်းမီဖို့
ဒို့ရဲ့ရင်ထဲ
သွေးကြောထဲတွင်
လွှန်ကဲမျိုးချစ်
စီးဆင်းမြစ်သို့
မလစ်ချိန်ခါ
စီးဆင်းရာတည်း။ ။

---

# နှလုံးသားအမာရွတ်

အိုင်စလော (ကကထိုက်)

❩ အတိတ်တွေကို
အတိတ်မှာပဲ ထားခဲ့ပါတော့လို့
မိုက်မဲတဲ့ "ကိုယ့်" နှလုံးသား
ရိုက်နှက်ကာ ဆုံးမလိုက်ချင်ရဲ့ . . .

❩ ဝေဒနာ ပန်းချီကား
ပြီးဆုံးခဲ့တာ ကြာခဲ့ပြီပေါ့. . .

❩ ရာသီတွေပြောင်း နှစ်တွေဟောင်းလည်း
မကျက်သေးတဲ့ ဒဏ်ရာ
ဓာတ်မှန် ဘယ်လိုရိုက်ရပါ့မလဲ . . .

❩ မြူနှင်းတွေ ဝေ
ဆောင်းလေပြေနဲ့
ဒိုးကတဲ့ ညလေးရယ်
အမှတ်မရှိတဲ့ ကိုယ့်အသည်း
မေ့ဆေးပေးလည်း အပိုပဲပေါ့။ ။

# ပန်းဆိုး

မြတ်နိုးသွယ်

သည်ဖြစ်စဉ်ရဲ့ အစက ဤကနေ စပါသည်။

တစ်နေ့

ကျွန်မတပည့်လေး နှစ်ယောက်က ဦးဆောင်ပြီး လူရွယ်တစ်ယောက် ရောက်လာပါတယ်။

"ဆရာမ"



သူက ကျွန်မကိုတွေ့တာနဲ့ အဲသလိုချိုတဲ့ စကားသံနဲ့ ဆရာမလို့ခေါ်ပြီး သိမ်မွေ့တဲ့ အပြုံးတွေနဲ့ ရောက်လာပါတယ်။

"ဘုရားရေ"

ကျွန်မကဖြင့် သူ့ကို တွေ့လိုက်ရတဲ့အတွက် ရင်ထဲကသိုလ် ဖြစ်သွားပါတယ်။ ဘုရားတ လိုက်မိလို့ပါ။ ကိုယ့်ဆီ ရောက်လာပြီဆိုမှတော့ ဧည့်ခံ ရတော့မှာပေါ့။ ဒါလည်း ကျွန်မအတွက် ဆန်းမနေပါ။

ဒါပေမယ့်

ရင်ထဲမှာတော့ စကားလုံးပေါင်းများစွာက မြွေအကောင်ပေါင်းများစွာ တွန့်ကျူးနေသလိုပါ။

ဒီလူကိုလေ သိနေမှာပါ။ တွေ့ဖြစ်ကြတယ်ဆိုတဲ့နေရာမှာလည်း သူများကိစ္စတွေနဲ့ ပတ်သက်ပြီး တွေ့ကြပြောကြတာမျိုးပါ။

စကားပြောချိန် ဟာလည်း ဘယ်လောက်မှ မကြာပါဘူး။ ဒါနဲ့များတောင် ဒီလူကလေ ကျွန်မရှိရာကို ရောက်လာရတာလဲ။ လိပ်စာကဒ်ကတော့ သူ့ကို ကျွန်မ ပေးထားခဲ့ဖူးပါတယ်။ ဒါကလည်း ဘာမှမဆန်း။ သူမှ မဟုတ်ပါဘူး။ လိုပဲ လိုအပ်မယ်ထင်ရင် ပေးနေကြပါ။ ကျွန်မအတွက်က အပန်းကြီးတဲ့ ကိစ္စလည်း မဟုတ်လို့ပါ။

ဒါပေမဲ့ . . . ဒါနဲ့ပဲ . . .

အချိန်တိုအတွင်းမှာ ဒီလူဒီလို ကျွန်မအိမ်ကို ရောက်လာစရာ အကြောင်းမရှိဘူးလို့ ထင်ပါတယ်။ ကျွန်မဘက်က မရှိပေမယ့် သူ့ဘက်က ရှိနေရင်တော့ မသိဘူးပေါ့။

"ဆရာမ"

"ရှင် . . .ဟုတ်ကဲ့။ ထိုင်ပါရှင့်"

ရင်အိမ်အတွင်းက စကားစစ်ပွဲ ဘယ်လောက်ပဲ ခင်ခင်းပါ။ အပြင်ဘက်မှာတော့ ကျင်သားရနေတဲ့အတိုင်း ယဉ်ယဉ်ကျေးကျေးပဲ ပြောဆိုဖြစ်ပါတယ်။

ကျွန်မရဲ့ တစ်ဦးတည်းသော အစ်ကိုကတော့ ညှော်သည်ရောက်လာရင် သူလုပ်နေကျအတိုင်း အအေးချိန်အအေး အပူချိန်အပူလား ချပေးနေကြအတိုင်း ယခုလည်း ဤသူရောက်လာတဲ့အချိန်က မိုးအုပ်နေပေရာ ကော်ဖီတစ်ပွဲ လာချပေးသွားပါသည်။

အစေကတည်းက ရောက်နှင့်နေကြသော မိန်းကလေးသုံးယောက်ကိုလည်း လက်ဖက်ပန်းကန်ကို မေးဆတ်ပြရင်း စားကြလေဟု ညှော်ဝတ်စကားဆိုပြီး အနောက်ဘက် အဆောင်ကို ပြန်ဝင်သွားတာလည်း ကျွန်မ သိနေကြားနေတာပါပဲ။

နောက်တစ်ခု ကျွန်မ သတိထားလိုက်မိတာ ရှိပါသေးသည်။ ဒါကတော့ ကျွန်မဆီ ကြိုရောက်နေသော မိန်းကလေး သုံးယောက်ပါပဲ။

သူတို့ကလည်း သူတို့ ကိုယ်ရေးကိုယ်တာ ကိစ္စနဲ့ ရောက်လာကြတာပါပဲ။ ပြောချင်တာက အဲဒီ မိန်းကလေးသုံးယောက်ကိုပါ။

နောက်ထပ် ရောက်လာတဲ့ လူရွယ်ကို မြင်လိုက်တယ်ဆိုရင်ပဲ ဘာကြောင့်များ သူမတို့ဟာ လူပ်လူပ်ရွရွ ဖြစ်ကုန်ပြီး တီးတိုးတီးတိုး အသံထွက် နေရတာလဲ။ ဂနာမငြိမ် ဖြစ်နေကြရတာလဲ။ ခက်လိုက်တာ။ ဟို ပုဂ္ဂိုလ်လေးကတော့ ခပ်တည်တည်ပါပဲ။ တော်တော် ငြိမ်ပါတယ်။

အတွေးကိုဖြတ်ပြီး တလက်စ တည်း

"ကိုသုတရေ ဘာကိစ္စရှိလို့လဲရှင့် ။"

ဟု ပြောဖြစ်လိုက်သည်။ ကျွန်မထက်ငယ်ပုံရသော်လည်း ကျွန်မကတော့ ယဉ်ယဉ်ကျေးကျေးပဲ ဆိုဖြစ်ပါသည်။ တကယ်ဆိုရင်တော့ ဒီလူဟာ သူလာမယ့်အကြောင်းကို ဖုန်းတစ်ချက်တော့ တင်ကြို ဆက်သင့်ပါတယ်။

အကယ်၍ပေါ့ . . .

သူလာချိန်မှာ ကျွန်မက ရှိမနေရင် ဘယ်လိုလုပ်မလဲ။

"ဆရာမ . . . စိတ်အနှောက်အယှက် ဖြစ်သွားလားဗျာ"

ကျွန်မ ပြုံးသာပြလိုက်ပါသည်။ ဘာဖြစ်လို့လည်း ဆိုရင် ကျွန်မထံကို ဒီလိုပဲ ညှော်သည်ပေါင်းစုံ အရွယ်သုံးပါးဟာ နေ့တိုင်း တစ်ယောက်မဟုတ်၊ နှစ်ယောက် သုံးယောက်ဟာ ရောက်နေကြ ဖြစ်နေလို့ပါပဲ။ ကျွန်မအတွက်က ဆန်းကို မဆန်းတော့တာ။

ယုတ်စွအဆုံး လူ ရောက်မလာရင်တောင် ဖုန်းနဲ့ ဒါမှမဟုတ်လည်း Message လှမ်းပို့တတ်ကြပါတယ်။ အဲသလို ပြုလုပ်နေကြတဲ့သူတွေဟာ တကယ်တော့ ကျွန်မနဲ့ပတ်သက်သူတွေ မဟုတ်ပါဘူး။ နိုင်ငံခြားရောက်နေတဲ့ ကျွန်မ ညီမငယ်ဆရာမနဲ့ ပတ်သက်သူတွေပါ။

ဒါပေမယ့်လည်း လောလောဆယ် သူတို့ဆရာမ မရှိနေတော့

သည်ကနေ့ခေတ်ဟာ စပွန်ဆာခေတ်ဗျာ။ ကရင်မလေးတွေ တော်တော်များများဟာ KTV နဲ့ စပွန်ဆာကြားမှာ ကင်းသူ တော်တော်နည်းပါတယ်။ ကျွန်တော်သိထားရသလောက်ကတော့လေ

ကျွန်မကနေ တဆင့် ညီမဆရာမဆီ ဆက်သွယ်နေကြတာပါ။

ဟိုတစ်ဘက်က ဆရာမက လည်း ဖုန်းနဲ့လုပ်းပြီး ဒွန်သမျှကို ကျွန်မ မှာ ရုံးက လက်ရေးတိုစာရေးမလို လိုက် မှတ်သားပြီး လာကြသမျှလူတွေကို ဖြေ ရှင်းပေးရတာပါ။

ဘယ်လို ကုသိုလ်ကံမျိုးလည်း မသိတော့ပါဘူး။ ကျွန်မရဲ့ ပင်ကိုယ် အမူအကျင့်အတိုင်းဆို ဒီလိုပြုလုပ်ဖို့ အနည်းငယ်တောင် စိတ်ကူးမရှိပါဘူး။ ကျွန်မဟာ စိတ်မရှည်တတ်သလို အုပ်စု ဖွဲ့ နေထိုင်တာမျိုးကိုလည်း မနှစ်သက် တတ်သူမျိုးပါ။

"ဆရာမ"

"ရှင် ၊ ဟုတ်ကဲ့ ။ ပြောပါ ကိုသုတ"

"ကြိုတင် ဖုန်းမဆက်ဘဲ လာခဲ့တဲ့ အတွက်တော့ ခွင့်လွှတ်ပါဗျာ"

"သြော် ... ရပါတယ်ရှင့်"

ထိုသူက ကျွန်မကိုပြောပြီး သူ့ထက် အရင် ရောက်ရှိနေသော အုပ်စုထံ အကြည့်တစ်ချက်ပို့လိုက်ပြီး ကျွန်မကို ပြန်အကြည့် ဆုံလာပြီး

"ကျွန်တော် ဆရာမနဲ့ စကားပြော ချင်ပါတယ်။ ကျွန်တော့်ကို အချိန်နည်း နည်း ပေးနိုင်မလားခင်ဗျာ"

အပြောကတော့ အင်မတန် နပ်ပါပေ တယ်။ ဒါကြောင့်လည်း သည်ကနေ့ စီးပွားရေး လောကမှာ အောင်မြင်နေတာ ဖြစ်ပါလိမ့်မည်။

"ဟုတ်ကဲ့၊ ရပါတယ်။ ပြောပါရှင်"

ကျွန်မက မိန်းကလေးတစ်စုဆီ ခေါင်းငဲ့ ကြည့်လိုက်ရင်း

"ဖြစ်မလား၊ အချိန်ရကြလား"

"ရတယ်ဆရာမ"

ဟု သုံးယောက်သားက ပြိုင်တူခေါင်းညိတ် လာကြပြီး မျက်လုံး အကြည့်တွေက ကျွန်မရှေ့က လူရွယ်ဆီရောက်နေသည်။ မျက်နှာပေးတွေကလည်း သံပုရာသီး တစ်ဘက် ထန်းညက်တစ်ဘက်နဲ့ မချို မချဉ် ခက်လိုက်တာ။ ဒီကရင်မတွေတော့ ပြဿနာ ရှာနေပြန်ပါပြီ။

ဤ မိန်းကလေးတစ်စုဟာ ဘယ်လောက်ပဲ ခေတ်ပေါ်တံဆိပ် ပစ္စည်း တွေ ဝတ်ထားပြီး ကားအကောင်းစား စီးနေကြပေလည်း သူမတို့ရဲ့ အမူ အကျင့်တွေကတော့ သူမတို့ လက်ရှိ ကျင်လည်နေကြရတဲ့အတိုင်းပါပဲ။ စိတ် ပျက်ဖို့တော့ ကောင်းပါသည်။

ထားပါ။

အဲ့ဒါ ကျွန်မနဲ့မဆိုင်ပါ။ သူတို့ ကိုယ်ရေး ကိုယ်တာပဲလေ။ ကျွန်မ ကိုသုတကို ကြည့်လိုက်ရာ ထိုပုဂ္ဂိုလ်လေးကဖြင့် ဒါမျိုးတွေကို ရိုးနေသည့်အလား ၎င်း မိန်းကလေးတစ်စုကို ဖုတ်လေသည့် ငါးပိ ရှိသည်ဟုပင် ထင်ပုံမရပါ။

"ကဲ၊ ကိုသုတရေ ပြောပါဦးရှင်"

"ကျွန်တော် ဦးဆုံးပြောချင်တဲ့စကား ရှိပါတယ်"

"ဟုတ်ကဲ့"

"ဆရာမကို ကျွန်တော်လေးစားတယ်ဗျာ"

သြော်၊ ကိုယ့်လူရေ ကျွန်မဟာ ဘော လုံး တစ်လုံး မဟုတ်ဘူးနော်။ အဲလိုပဲ ရှင်ဟာလည်း ဘောလီဘောဆလိုက်ရင် သေလိုမှုား ဝင်စားထားရော့သလား။ ရှင်လိုလူက အဲဒီစကားပြောဖို့ ကျွန်မဆီ ရောက်လာတော့ မဖြစ်နိုင်ပါဘူး။

"နောက်ထပ် အားမနာစတမ်း ပြောချင် တဲ့ စကားက ကျွန်တော်သိထားရ သလောက်ကလေ ဆရာမက ကရင် လူမျိုးတစ်ယောက်နော် ရိုင်းသွားမယ် ဆိုရင်တော့ ခွင့်လွှတ်ပေးဗျ။ ကျွန်တော် သိချင်တာက သည်ကနေ့ခေတ်ဟာ စပွန် ဆာခေတ်ဗျာ။ ပြီးတော့ အများအားဖြင့် ကရင်မလေးတွေ တော်တော်များများ ဟာ KTV နဲ့ စပွန်ဆာကြားမှာ ကင်းသူ တော်တော်နည်းပါတယ်။ ကျွန်တော် သိထားရသလောက်ကတော့လေ"

ပြင်းထန်လှချည်လား။ အ နောက်က မိန်းကလေးအုပ်စု ငြိမ်ဆင်း သွားတာ အသက်မှ ရှိကြသေးရဲ့လား။ မှန်တာပြောရရင် ကျွန်မ အားလည်းနာ သွားမိသလို အားရသွားတဲ့အပိုင်းလည်း ရှိပါတယ်။

ဘာကြောင့် အားရသွားပါ သလဲဆိုရင် ခပ်စောစောပိုင်း အချိန်တုန်း က အရင်ရောက်နှင့်တဲ့ အဲဒီ မိန်းကလေး အုပ်စုတွေက ကျွန်မကို မေးခွန်းထုတ် ထားတာ ရှိပါတယ်။ ဉာဏ်နည်းစွာ နဲ့လေ။

ဒီကမ္ဘာမြေကြီးပေါ်မှာ ရှင်မတ်မတ်ရပ်ပြီး လတ်ဆတ်တဲ့လေကို ရဲရဲဝံ့ဝံ့ ရှုရှိုက်နိုင်ဖို့အတွက် အလိုအပ်ဆုံးအရာဟာ သိက္ခာတရားပဲ

ကျွန်မက စာရေးဆရာမ လုပ်နေပြီးတော့ ဘာဖြစ်လို့ ကားပိုင် မစီးနိုင်သေးတာလဲ။

တိုက်ကလည်း ရေ့တစ်ပိုင်းကို အခုမှ ဆောက်မယ်လုပ်တုန်း ရှိသေးတယ်။ ဆရာမ ဘာခွန်အားနဲ့ ဒီလိုနေနေတာလဲ - တဲ့ရှင်။

သူတို့ရောက်လာတဲ့ အကြောင်းနဲ့ မသက်ဆိုင်ပဲ ကိုယ်ရေးကိုယ်တာကို စပ်စုနယ်ကျော် မေးခွန်းတွေ။

အင်း။ သက်မောတစ်ရှိုက်နှင့်ပင် ကိုသုတကို ကျွန်မက ဆက်ပြောလေဆိုသည့်သဘောနှင့် ခေါင်းဆက်ပြလိုက်ရ

"ကျွန်တော် သိထားတဲ့ ဆရာမကတောင် မိဘတွေ ရှိချိန်ကတည်းကနေ ယခု မိဘတွေကွယ်လွန်ကုန်ချိန်ထိ တစ်အိမ်လုံး တစ်မိသားစုလုံးရဲ့ တာဝန်တွေကိုယူရင်း ဆရာမ ဝါသနာပါရာ အလုပ်ကို လုပ်ဖြစ်အောင် အကောင်အထည်ဖော်တဲ့ နေရာမှာ ဘာအကူညီ၊ ဘယ်လိုကာလာမှ အဆိုးမခံပဲ လမ်းမှားကိုလည်း တစ်ချက်လေးတောင် မတိမ်းစောင်းသွားပဲ လမ်းမှန်မှန် လျှောက်နိုင်တဲ့ တည့်မတ်မှုရဲ့ အဓိကအရာဟာ ဘာများလဲဗျာ။ ကျွန်တော် အဲဒါကို အင်မတန်သိချင်နေတာပါ။ ဒါကြောင့်လည်း ဒီအထိ ကျွန်တော် ရောက်လာရတာပါပဲ"

"ဩော်"

ဤသူဟာလေ အချိန်တို အတွင်းမှာ ကျွန်မ အကြောင်းကို ဘယ်လောက်အထိများ ရှုဒိုးလိုက်ထားခဲ့ပါလိမ့်။

အဲဒီ အချက်ကိုတော့ စိတ်ထဲနဲ့နဲ့မျက်ပါတယ်။ ကျွန်မဟာ ဂိုဏ်းတွေထောင်ထားတဲ့ ဂိုဏ်းစတား တစ်ယောက်လည်း ဟုတ်မနေပါ။ ထို့အတူပဲ လူသတ်ပြီး ဝရမ်းပြေး ဖြစ်နေတဲ့သူလည်း မဟုတ်နေပဲနဲ့။ ခက်ရချည်ရဲ့။

စိတ်ထဲက ဘယ်သို့ရှိစေကာမူ အပြင်ဘက်မှာတော့ ကျောက်တုံးတစ်လုံးလို အသွင်နဲ့ပဲ ကျွန်မ တုံ့ပြန်လိုက်ပါတယ်။

"ခုနက ကိုသုတစကားကို ပြန်ကောက်ပြောရရင် ကရင်မလေးတွေ စပွန်ဆာလုပ်တယ်ဆိုတာ ကျွန်မ မတွေ့ဖူးသေးပါဘူး ကိုသုတရယ်။ ကိုသုတရဲ့ ပတ်ဝန်းကျင်မှာပဲ ကြုံတွေ့ရတဲ့ အဖြစ်မျိုးနေမှာပါ။ ပြီးတော့ ကရင်မလေးတွေမှ စပွန်ဆာလုပ်တာ မဟုတ်ပါဘူးရှင်။ တစ်ခြားမိန်းကလေးတွေလည်း စပွန်ဆာနဲ့ မကင်းကြပါဘူး။ အထူးသဖြင့် အဆိုတော်တွေ မော်ဒယ်နဲ့ မင်းသမီးတွေလောကမှာလည်း ကျယ်ပြန့်နေတာပါရှင်၊ တလောက အင်တာနက်သတင်းမှာ အဆိုကျော်တစ်ယောက်ရဲ့ သတင်းပါလာတာ ကိုသုတလည်း သိမှာ၊ ကြားမှာ၊ မြင်မှာပဲလေ"

"အဲဒါကဗျာ၊ အနုပညာသမားတွေအတွက်ကတော့ ဆန်းတာမှ မဟုတ်ဘဲဗျာ၊ သူတို့အတွက်က အဲသလိုလုပ်ကြမှ အဆင်ပြေကြမှာလေ။ သူတို့မှာက ရပ်ပြလုပ်ကြရတော့ လိုအပ်တာတွေရှိတယ်လေ။ ကျွန်တော် အခုသိချင်တာက အဲဒီလူတွေအကြောင်း မဟုတ်ဘူးလေ။ ဆရာမရဲ့ အကြောင်းကိုပဲ သိချင်တာ။ ကင်ဆာပိုးလို ပြန့်နှံ့လွှယ်နေတဲ့ စပွန်ဆာကနေ လုံးဝမသက်ဆိုင်ပဲ တွန်းကန်နိုင်တဲ့အရာ အဲဒါဘာလဲဆိုတာ သိချင်တာ"

နောက်ဆုံးတော့ အဲဒီကြိုးက ကျွန်မကိုပဲ ပြန်ပြန်ချည်နေတာကြောင့်။

အမေးရှိလာမှာတော့ ဖြေရတော့မှာပေါ့။ နံဘေးက မိန်းကလေးတွေကိုတော့ အားနာပါတယ်။
ဒါပေမယ့်
ကျွန်မရဲ့ အခုစကားဟာ အားလုံးအတွက် အဖြေ ဖြစ်သွားပါလိမ့်မယ်။ အရှိအရှိတိုင်း ပြောရမှာပေါ့။ အင်း။

မချောမွေ့တဲ့ဘဝကို ခံနိုင်ရည်ရှိဖို့နဲ့ စိတ်ဓာတ်ကြံ့ခိုင်ကျန်းမာဖို့အတွက် အလိုအပ်ဆုံး အရာကတော့

"ပထမတစ်ပိုင်းကို စပြောရရင်တော့ လောဘသတ်နိုင်ဖို့ပဲ။ နောက်ထပ်တစ်ပိုင်းကို ပြောရမယ်ဆိုရင် ကိုယ့်အကြောင်း ကိုယ်သိဖို့လိုပါတယ်။
ကိုယ့် အကြောင်းကိုယ် သိဖို့ဆိုတဲ့ နေရာမှာ မိမိဟာ ဆိုင်ကယ်ပဲစီးနိုင်တဲ့ အနေထားမှာ Mark II ကားကို လုပ်းမမျှော်နဲ့. မတန်မရာလုပ်းမျှော်ရင် အရင်ဆုံး ရင်းရမှာက မိမိဘဝပဲလေ။ ကိုယ်က မစရင်းဘဲနဲ့ ဘာမှရမလာတာဟာ လောကနိယာမပဲလေ"

အသံတွေ တိတ်ကျနေပုံက အသက်မှ ရှုနေကြသေးရဲ့လားလို့ ထင်မှားစရာရယ်ပါ။

ဘယ်လိုပဲ ရှိစေဦးတော့။ ကျွန်မကတော့ ပြောလက်စကို ဆက်ရပါလိမ့်မယ်။

"ဘယ်တော့မှ မချောမွေ့တဲ့ ဘဝကို ခံနိုင်ရည်ရှိဖို့နဲ့ စိတ်စေတ်ကြံ့ခိုင်ကျန်းမာဖို့အတွက် အလိုအပ်ဆုံးအရာကတော့ ဘာသာရေးနဲ့ စာအုပ်မျိုးစုံပါပဲ။ ဘာသာတရားကိုလည်း အလေးထားမယ်၊ စာမျိုးစုံကိုလည်း ဖတ်ထားမယ် မှတ်ထားမယ်ဆိုရင် လောကဓံရဲ့ ဒုက္ခနဲ့ သောကမုန်သမျှကို ဂုံ့ဏ်တစ်တုံးလို လက်ဖဝါးထဲ လုံးခြေပစ်နိုင်ပါတယ်။ စမူဆာလား၊ ပလာတာလား၊ အီကြာကွေးလားပေါ့"

ကျွန်မနောက်နားကနေ

"မိုက်တယ် ဆရာမရယ်"

ဆိုသည့် အသံတိုးတိုး ထွက်ပေါ်လာသည်။ ကိုသုတကတော့ ကျွန်မစကားအပေါ်မှာသာ အာရုံစိုက်နေလေသည်။

"တကယ်တော့ လူတွေကို အုပ်ချုပ်နေတာ စိတ်ပဲလေ။ အဲဒီစိတ်ကို အုပ်ချုပ်တာက ပညာ၊ တဖန် ပညာကို အုပ်ချုပ်တာက ဗဟုသုတလေ ဒါဆို ဗဟုသုတရှိအောင် ဘာလုပ်မလဲ။ စာကိုသာ များများဖတ်ပါ။ ပြီးတော့ နောက်တစ်ပိုင်းကတော့ ကိုယ်ကျင့်တရားနဲ့ သိက္ခာပဲ။ ဒီကမ္ဘာ မြေကြီးပေါ်မှာ ရှင်မတ်မတ်ရပ်ပြီး လက်ဆတ်တဲ့လေကို ရဲရဲဝံ့ဝံ့ ရှူရှိုက်နိုင်ဖို့အတွက် အလိုအပ်ဆုံးအရာဟာ သိက္ခာတရားပဲလို့ ကျွန်မကတော့ ခံယူထားတယ်လေ။
မိမိရဲ့ အရည်အချင်းနဲ့ မဟုတ်တဲ့ တိုက်တာကားဆိုတာကို ဘယ်တုန်းကမှ အတွေးထဲမှာတောင် ထည့်မတွေးဖူးဘူး။ မိမိမှာ အရည်အချင်း ဘယ်လောက်ရှိမလဲ။ ကိုယ်ရှိသလောက်လေးနဲ့ပဲ နေထိုင်ခြင်းဟာ ခေါင်းမော့ရဲဝံ့ နေထိုင်ခြင်း ဖြစ်သလို သိပ်အရသာရှိတဲ့ နေထိုင်ခြင်းမျိုးပဲပေါ့။
ဘယ်သူ့မျက်နှာမှ ကြည့်ပြီး မနေရလေရဲရင့်လေ။ အသက်ရှုလို့ ဝလေပါပဲ"

ကိုသုတသည်လည်းကောင်း၊ မိန်းကလေးသုံးယောက်သည် လည်းကောင်း ဘယ်လို ခံစားတွေးတောနေမည် မသိပါ။ ကိုသုတ၏ နောက်ဆက်တွဲ အကြောင်းအရာ ရှိခဲ့ပါရင်လည်း ကျွန်မ အခုစကားကြောင့် နောက်ဆုတ် သွားပါလိမ့်မည်။ စဉ်းစားလိမ့်ဦးမည်ပေါ့။

အဲဒါထက် သူမ ပြောချင်တာကတော့ ကရင်မလေးတွေဆိုသော မိန်းကလေးများကိုပါပဲ။ တိုက်နဲ့နေချင်လို့ ကားစီးချင်လို့ နိုင်ငံခြားကို အိပ်ဦးနဲ့ ကြမ်းပြင်ကူးနေချင်လို့ (အရည်အချင်းကလည်း မရှိ) ရပ်ရင်းမှ ဘဝရင်းမယ်။

အဲသလိုကနေ စပွန်ဆာဆိုတဲ့ ဖက်ရှင်ကနေ ရုန်းမထွက်နိုင်ဘဲ အဆုံးမှာ လူ့အထင်သေးခံရမဲ့ အေကိုက်ခံနိုင်ရမယ့် ကွန်ယက်ကနေ ရုန်းထွက်နိုင်ဖို့ရာ ဦးစွာ စိတ်ခွန်အားကို ဖြည့်ရပါလိမ့်မည်။

ဘာနဲ့ ဖြည့်ရမည်လည်းဆိုရင်တော့ မိမိယုံကြည် သက်ဝင်သော ဘာသာတရားနှင့်အတူ စာအုပ်များများ ဖတ်ကြဖို့တော့ လိုပါလိမ့်မည်ဟု ကျွန်မကတော့ ပြောချင်ပါသည်။

စောသီရိသဒ္ဒါ ဆိုသော ကျွန်မသည် ထိုသို့ ကျင့်သုံး ကျော်ဖြတ်နေ၍ပါပဲ။

မြတ်နိုးသွယ်

■




ရွှေလက်ရာ - ဘားအံ

# ကိုယ်ပိုင်တဲ့ ကိုယ့်နေရာ

■ နော်သင်းသင်းအေး
ရန်ကုန်ပညာရေးတက္ကသိုလ်

ယခု (၂၀၁၃) ခုနှစ် ဆိုလျှင် ကရင်နှစ်သစ်ကူးနေ့သည် (၂၇၅၂) ခုနှစ် တိုင်ခဲ့ပါပြီ။ စာရေးသူသည် ကရင်လူမျိုးတို့၏ ဆောင်ရန်၊ ရှောင်ရန်များကို ကရင့်ကြေးမုံစာအုပ်၌ နှစ်စဉ်နှစ်တိုင်း ဗဟုသုတရဖွယ်များကို ဖတ်ရှုလေ့လာလေ့ ရှိပါသည်။ ကရင်လူမျိုးတို့၏ ရိုးရာ ဝတ်စားဆင်ယင်မှု၊ ဘာသာစကားနှင့်စာပေ၊ ယဉ်ကျေးမှု ထုံးတမ်းဓလေ့နှင့် အနုသုခုမ ပညာရပ်များကို စိတ်ဝင်စားဖွယ် သိရှိရပါသည်။ ဘန်တန်သင်တိုင်း စိုက်ထူလိုက်သည့် အချိန်မှစ၍ ယနေ့တိုင်အောင် စာရေးသူတို့ ကရင်မျိုးနွယ်စုကြီးသည် နိုင်မာစွာ ရပ်တည် အခြေချ နေထိုင်ခဲ့ကြပါသည်။ ထိုသို့ နိုင်မာစွာ ရပ်တည်နိုင်ခဲ့ခြင်းမှာလည်း ကရင်တစ်မျိုးသားလုံးသည် မိမိတို့၏ ရိုးရာယဉ်ကျေးမှုနှင့် စကား စာပေတို့ကို မြတ်နိုးစွာ ထိန်းသိမ်းနိုင်ခဲ့၍ ဖြစ်မည်ဟု ထင်မြင်မိပါသည်။ နှစ်ပေါင်း (၂၀၀၀) ကျော် ခိုင်မာမြဲမြံအောင် ထိန်းသိမ်းနိုင်ခဲ့ကြသည့် လူကြီးသူမများကဲ့သို့ပင် စာရေးသူတို့ မျိုးဆက်သစ် လူငယ်များမှာလည်း ဆက်လက်၍ လက်ဆင့်ကမ်း ထိန်းသိမ်းနိုင်မှသာလျှင် သမိုင်းပေးတာဝန်ကို ကျေပွန်လိမ့်မည် ဖြစ်ပါသည်။  မည်မျှ ခက်ခဲကြမ်းတမ်းမည်ကိုလည်း မှန်းဆမိပါသည်။ ထို့ကြောင့် မျိုးဆက်သစ် ကရင်အမျိုးသားထု တစ်ရပ်လုံးသည် သမိုင်းပေး အမျိုးသားရေးတာဝန်ကို စည်းလုံး ညီညွတ်စွာ ကာကွယ်ထိန်းသိမ်းကြရန် လိုပါသည်။ ထိုသို့ ကာကွယ်ထိန်းသိမ်းရာ၌လည်း မိမိတို့ကိုယ်တိုင်က ရရှိပြီးဖြစ်သည့် ကရင်နှစ်သစ်ကူးနေ့၊ အမျိုးသားအလံ၊ အမျိုးသားသီချင်း၊ ဘာသာစကား၊ စာပေ၊ ရိုးရာယဉ်ကျေးမှုတို့ကို ကောင်းစွာ သိရှိနားလည်၍ မြတ်နိုးရည်သန်နေမှသာ ဖြစ်ပါသည်။

ကရင်သက္ကရာဇ် (၂၇၅၂) ခုနှစ် သလေးထိုင်ခုတ်ဖို၊ ပြာသိုလဆန်း (၁) ရက်နေ့သည် ကရင်တစ်မျိုးသားလုံး၏ ကြီးကျယ်ခန်းနားသော နှစ်သစ်ကူးပွဲ နေ့ကြီး တစ်နေ့ဖြစ်ပါသည်။ မြန်မာနိုင်ငံ တနံတလျား၌ နေထိုင် နေကြသည့် ကရင်တိုင်းရင်းသား ညီအစ်ကို မောင်နှမများသာမက နိုင်ငံရပ်ခြား ရေခြားမြေခြား၌ ရောက်ရှိနေသည့် ကရင်များသည် ပင်လျှင် ထိုနေ့ထိုရက်၌ စုပေါင်းကျင်းပကြသည့် မြတ်နိုးဖွယ်ရာ ရိုးရာနှစ်သစ်ကူးပွဲတော် ဖြစ်ပါသည်။ မြောက်ဥက္ကလာ၊ ရွှေပြည်သာ စသည့် မြို့နယ်များ၌လည်း မြို့နယ်အလိုက် ကျင်းပလေ့ ရှိကြပါသည်။ ငယ်စဉ်က မိမိတို့၏ သာကေတမြို့နယ်အတွင်း၌ ကျင်းပလေ့ရှိသည့် နှစ်သစ်ကူးပွဲတော်သို့ စာရေးသူတို့ မြေးတစ်သိုက်သည် အဘိုးနှင့်အတူ သွားရောက်ဆင်နွှဲလေ့ ရှိခဲ့ကြပါသည်။ သို့ရာတွင် နောက်ပိုင်းကာလများ၌ မြို့နယ်အတွင်း နေထိုင်ကြသည့် ကရင်လူမျိုးများ နည်းပါးသွား၍လား၊ ဦးဆောင်မည့် ပုဂ္ဂိုလ်များ မရှိတော့၍လား မသိပါ။ နှစ်သစ်ကူးပွဲတော်ကို မကျင်းပတော့၍ အင်းစိန်အာလိန် ငါးဆင့် (ဗဟို) သို့ သွားရောက်ဆင်နွှဲရပါသည်။ တိုင်းရင်းသား ကျေးရွာကို ဖွင့်လှစ်ပြီး

## ■ ရင်သွေးငယ်လေးများအား ကရင့်အလံ၏ လေးနက်သည့် အဓိပ္ပာယ်ကို သိရှိရန် ရိုသေမြတ်နိုးတတ်စေရန်

နောက်ပိုင်းမှသာ ကရင်အိမ်၌ နှစ်သစ်ကူးပွဲတော် ဆင်နွှဲခွင့်ရရှိခဲ့ ပါသည်။ ထို့ကြောင့် နှစ်သစ်ကူးပွဲ ဆင်နွှဲခွင့်ရအောင် ဖွဲနပဲကြီးစွာ ကြိုးစားခဲ့ကြသည့် ကရင်ခေါင်းဆောင်ကြီးများ၏ ကျေးဇူးကို တုံ့ပြန်သောအားဖြင့် ရရှိပြီးဖြစ်သည့် နှစ်သစ်ကူးနေ့ကို ဆက်လက်ထိန်းသိမ်းမှသာလျှင် တာဝန်ကျေမည် ဖြစ်ပါသည်။

ကရင်အမျိုးသားအလံအား ကရင်တစ်မျိုးသားလုံး၏ အထွတ်အမြတ်ပွဲဖြစ်သည့် ကရင်နှစ်သစ်ကူးနေ့ အခမ်းအနားတွင်သာမက ကရင်လူမျိုးအားလုံးနှင့် ပတ်သက်သည့် ဝါခေါင်လချည်ဖြူဖွဲ့ပွဲ၊ စာပေသင်တန်း ဆင်းပွဲ၊ ကရင်ပြည်နယ်နေ့ အခမ်းအနား စသည့် ပွဲတော်များ၌ လေးစားမြတ်နိုးစွာ လွှင့်ထူလေ့ ရှိကြပါသည်။ ထို့ကြောင့် မိဘများသည် မိမိတို့၏ ရင်သွေးငယ်လေးများအား ကရင့်အလံ၏ လေးနက်သည့် အဓိပ္ပာယ်ကို သိရှိရန်၊ ရိုသေမြတ်နိုးတတ်စေရန်အတွက် သင်ကြားပေးရန် အထူးလိုအပ်ပေသည်။ ယနေ့ကာလများ၌ လူငယ်လူရွယ်လေးများသည် ကရင့်အလံအား စတစ်ကာများ ခေါင်းစည်းများအဖြစ် တွင်ကျယ်စွာ ဆင်ယင်လာကြသည်ကိုလည်း ဝမ်းမြောက်ဖွယ် တွေ့ရှိလာရပါသည်။ သို့သော် ထိုသို့ဆင်ယင်ရာ၌ အပျော်တမ်းသဘောမျိုး မဟုတ်ဘဲ ရိုသေစွာ၊ စည်းစနစ်ရှိစွာ၊ လေးစားမြတ်နိုးစွာဖြင့် ဆင်ယင်သင့်သည်ကိုလည်း အထူးပင် သိရှိသင့်ပါသည်။ သို့မှသာ နောင်အနာဂတ် လူငယ်လူရွယ်လေးများသည် မိမိတို့လူမျိုး၏ အလံအား ဆက်လက်၍ ကောင်းမွန်စွာ ကာကွယ်စောင့်ရှောက်နိုင်မည် ဖြစ်ပါသည်။

ကရင်အမျိုးသား အလံကဲ့သို့ပင် ကရင်အမျိုးသား တစ်ရပ်လုံးအား ကိုယ်စားပြုသည့် ကရင်အမျိုးသား သီချင်းမှာလည်း အရေးပါလှပါသည်။ အမျိုးသားသီချင်းကို စောစံဘနှင့် စောသာအေးကြီး တို့က စိတ်ရင်းခံစားချက် အပြည့်ဖြင့် သီကုံးရေးစပ်ခဲ့ခြင်း ဖြစ်ပါသည်။ ကရင့် အရေးအရာနှင့် ပတ်သက်သည့် အခမ်းအနားများ၌ အမျိုးသားသီချင်းကို သီဆို၍ ကရင့် အလံတော်အား အလေးပြုကြသည်မှာလည်း ကြည်နူးဖွယ် မြင်ကွင်းပင် ဖြစ်ပါသည်။ မည်သည့်ဘာသာဖြင့်ပင် ဆိုဆို ကရင်အမျိုးသားသီချင်း၏ အဓိပ္ပာယ်မှာ တစ်ခုတည်းဖြစ်၍ စစ်မှန်လေးနက်လှသည့် သီချင်းစာသား အဓိပ္ပာယ်များကိုလည်း ကောင်းစွာနားလည် သဘောပေါက်ရန် လိုအပ်လှပါသည်။ ထို့ကြောင့် အမျိုးသားသီချင်းအား ရေးစပ်သီကုံး၍ အတည်ပြုနိုင်အောင် ကြိုးစားခဲ့သည့် ခေါင်းဆောင်ကြီးများအား ဂုဏ်ပြုသောအနေဖြင့် အနာဂတ် လူငယ်လူရွယ်လေးများသည် အမျိုးသားသီချင်းအား သီဆိုသည့်အခါတိုင်း မိမိတို့၏ နှလုံးသည်းပွတ်မှ ထွက်လာသည့် ခံယူချက်သဘောထားများဖြင့် ကျူးရင့်သင့်လှပေသည်။

ဘာသာစကားအနေဖြင့်လည်း ယနေ့ခေတ် ကာလ၌ အထူးရေပန်းစားနေသည့် ကိုရီးယား၊ တရုတ်၊ အင်္ဂလိပ် စသည့် နိုင်ငံတကာသုံး ဘာသာစကားများကိုသာ အားကြိုးမာန်တက် သင်ယူနေကြသည်ကိုသာ တွေ့ရှိရပါသည်။ ခေတ်ရေစီးကြောင်း အရ ယင်းဘာသာရပ်များကို သင်ယူရန် လိုအပ်လှသလို မိမိတို့လူမျိုး၏ မိခင်ဘာသာစကားကိုလည်း သင်ယူရန် လိုအပ်လှပါသည်။ လူငယ်လူရွယ်လေးများသည် နွေရာသီ အားလပ်ရက်များ၌ နိုင်ငံတကာသုံး ဘာသာစကားများ ကိုသာမက မိမိတို့လူမျိုး ဘာသာစကားကိုလည်း အား စိုက် သင်ယူသင့်လှပေသည်။ စာရေးသူကိုယ်တိုင်ပင် တိုင်းရင်း သားကျေးရွာမှ ကိုစတင်၏ အကူအညီဖြင့် ကရင်စာကို သင်ယူ ခဲ့ဖူးပါသည်။ ထိုသို့ သင်ယူရန်အတွက် သင်တန်း ဖွင့်ခြင်းများမှာလည်း ကျေးရွာများနှင့်ယှဉ်လျှင် မြို့ပြများ၌ အင်အားနည်းနေသေးသည်။ ကရင်စာ လေ့လာရန် အားနည်းနေသည်များကို ပြုပြင်ရန်အတွက် နွေရာသီ အားလပ်ရက်၌ သင်တန်းများကို ပိုမိုတိုးချဲ့ ဖွင့်လှစ်ပေးသင့်ပါသည်။ အတူနေ မိဘများ လူကြီးသူမများမှလည်း ဦးဆောင်ပြောဆိုပေးမှသာလျှင် ဘာသာစကား ပျောက်ကွယ်မှု အန္တရာယ်မှ ကင်းလွတ်မည် ဖြစ်ပါသည်။

ယခုခေတ် လူငယ်လေးများသည် ထိုးထွင်းသိမှုဉာဏ် ပိုမိုကောင်းလာပြီး အရာရာကို စူးစမ်းအတုယူလာသည်နှင့်အမျှ ယနေ့ ဖက်ရှင်ဒီဇိုင်းများကို တုပဆင်ယင် လာကြပေသည်။ ခေတ်နှင့်လျော်ညီစွာ ဝတ်ဆင်ရသကဲ့သို့ မိမိတို့နိုင်ငံ၏ ရာသီဥတု အခြေအနေ၊ ရိုးရာယဉ်ကျေးမှုတို့နှင့် ကိုက်ညီစွာ ဝတ်ဆင်ရန် လိုအပ်လှပေသည်။ ထိုနည်းတူ မိမိတို့ ကရင်လူမျိုးများ၌လည်း ရှေးပဝေသဏီထဲကပင် မြတ်နိုးစွာ ဆင်ယင်လာခဲ့သော ရိုးရာဝတ်စုံများ ရှိပေသည်။ ရိုးရာ ဆင်ပိတ်စများဖြင့် ကုတ်အင်္ကျီများ၊ ရှပ်အင်္ကျီများ မိန်းကလေးသုံး ဘေးလွယ်အိပ်များ စသည်တို့ဖြင့် တွင်ကျယ် စွာ ချုပ်လုပ် သုံးစွဲလာကြပါသည်။ အရှင် ဉာဏဇောတိ (အတောင် -ပြာမလော့) ၏ "ကရင်မြတ်တို့ အစဉ်မှတ်ဖို့" ဆောင်းပါး၌လည်း ကရင့်ရိုးရာဝတ်စုံ၏ လေးစားလိုက်နာဖွယ် အချက်လေးများကြောင့် ပိုမိုဂုဏ်ယူစွာ ဝတ်ဆင်ဖွယ် ကောင်းလှပါသည်။ သို့သော် အချို့သော လူငယ်လူရွယ်လေးများသည် အဓိပ္ပာယ် လေးနက်လှသည့် ရိုးရာဝတ်စုံများကို အပယ်အဆ လွဲမှားစွာ ဆင်ယင်လာသည်ကို စိတ်မကောင်းဖွယ် မြင်တွေ့ နေရပါသည်။ ကရင့်ရိုးရာအင်္ကျီနှင့် ဘောင်းဘီတို့ကို တွဲဖက်ကာ ရိုးရာပွဲကို ဆင်နွှဲနေသည့် ကရင့်သမီးပျိုလေးများကို မြင်တွေ့သည့်အခါ အနာဂတ်အတွက် စိတ်ပူမိပါသည်။ ကရင့်သမီးပျိုလေးများသည် ပင်ကိုယ်သဘာဝ အေးချမ်းသည့် မျက်နှာ၊ ဖြူစင်သည့် စိတ်ထားလေးများကြောင့် ရိုးရိုးရှင်းရှင်း လှပတင့်တယ်ပြီးသား ဖြစ်ပါသည်။ ထို့ကြောင့် အထူးအထွေ ပြင်ဆင်စရာ မလိုဘဲ မိမိတို့လူမျိုး၏ ရိုးရာယဉ်ကျေးမှုဂုဏ်ကို မြှင့်တင် ဂုဏ်တင့်စေမည့် ရိုးရာထဘီ၊ ရိုးရာအင်္ကျီလေးများဖြင့် နှစ်သစ်ကူးပွဲတော်ကို ယဉ်ကျေးစွာ ဆင်နွှဲသင့်ပေသည်။

ယဉ်ကျေးမှုဆိုသည်မှာ လူမျိုးတစ်မျိုး၏ အဓိက သွေးကြောပင် ဖြစ်ပါသည်။ ပင်မရေသောက်မြစ် ပြတ်တောက်သွားခဲ့လျှင် အပင် သေနိုင်သကဲ့သို့ ယဉ်ကျေးမှု ထုံးတမ်းစဉ်လာများ တိမ်ကောလာခဲ့လျှင် လူမျိုး ပျောက်ကွယ်သွားနိုင်ပါသည်။ စာရေးသူတို့ ကရင်လူမျိုးများ၌ အထင်ကရ နှစ်သစ်ကူးနေ့သာမက ထင်ရှားလှသည့် ကရင်ရိုးရာ အရိုးကောက်ပွဲတော်၊ ဝါခေါင်လ ချည်ဖြူဖွဲ့ပွဲတော်၊ အော်ပွဲ (ခေါ်) ထား လက်ဘ်ရွတ်ဆိုပွဲ၊ အောင်းခယ် (ခေါ်) မိသားစု ရိုးရာ မိတ်ဆုံစားပွဲ စသည့် ရိုးရာယဉ်ကျေးမှုကို ဖော်ထုတ်သည့် ပွဲများမှာ ပေါများလှပါသည်။ ဖော်ပြပါ ရိုးရာပွဲများကို ယနေ့ ခေတ်ကာလ၌ သိရှိသူ နည်းလာခဲ့ပြီ ဖြစ်ပါသည်။ ကရင်ရိုးရာ အရိုးကောက်ပွဲတော်ကို ပန်းတနော်မြို့နယ်၌ ကျင်းပလေ့ ရှိပါသည်။ ချည်ဖြူ ဖွဲ့ပွဲကိုလည်း ကျေးလက် မြို့ပြတွေ သာမက ပြည်ပရှိ ကရင်တိုင်းရင်းသားများပင် ရိုးရာမပျက် ဆင်နွှဲ နေကြပါသည်။ လူသိနည်းလာပြီဖြစ်သည့် ထားလက်ဘ် ရွတ်ဆိုပွဲများကို တက္ကသိုလ်ရောက် ကရင်တိုင်းရင်းသားများ၏ သစ်လွင်ကြိုဆိုပွဲများ၌ တင်ဆက်လာကြသည်မှာလည်း ကြည်နူးဖွယ်ပင် ဖြစ်ပါသည်။ လက်ရည်တပြင်တည်းစား၍ ကရင်လူမျိုးတို့၏ စည်းလုံးမှု ချစ်ကြည်ရင်းနှီးမှု ဘိုးဘွားတို့အား ရိုသေမှုတို့ကို ပြသည့် အောင်းခယ် (ခေါ်) မိသားစု ရိုးရာ မိတ်ဆုံစားပွဲကိုလည်း အချို့ ကရင်လူမျိုးများ ကျင်းပဆဲပင် ဖြစ်ပါသည်။ ထို့ကြောင့် နောင်လာနောက်သား ကရင်လူငယ်များအား ရိုးရာယဉ်ကျေးမှုနှင့် အဆက်ပြတ် မသွားစေရန်အတွက် သိရှိနားလည်သူ လူကြီးမိဘများက လူမျိုး

ရေး၊ ဘာသာရေး မရောနှောဘဲ (မိသားစုအရေး) ကဲ့သို့ သဘောထားကာ အခါအခွင့်သင့်တိုင်း နီးကပ် ဆက်စပ်စေသင့်သည်ဟု ထင်မြင်မိ ပါသည်။

"တွင်းပေါက်ရေကြည် အေးမြသည် " ဆိုသည့် စကားအတိုင်း မျိုးချစ်ခေါင်းဆောင် ဘိုးဘွားမိဘများ၏ အားထုတ်မှုကြောင့် စာရေးသူတို့ မျိုးဆက်သစ်များသည် ရေကြည် သောက်သုံးခွင့် ရရှိခဲ့ပါသည်။ ရေသောက် မြစ်နှင့်တူသော မျိုးချစ်စိတ်ဓာတ် မြေသြဇာ၊ ရေ၊ မြေနှင့်တူသော စကားစာပေ၊ ဝတ်စားဆင်ယင် ထုံးဖွဲ့ မှုနှင့် နေရောင်ခြည်နှင့်တူသော ကိုယ်ပိုင်ယဉ်ကျေးမှု အလင်းရောင် ရှိမှသာလျှင် ကရင်လူမျိုးများ ဆက်လက် ရှင်သန်မည်ဆိုသည့် နာယကကြီး မန်းသက်စိုး၏ ဩဝါဒအတိုင်း ကရင်လူမျိုးများအားလုံး ကာကွယ် လိုက်နာကျင့်သုံးရန် လိုအပ်ပါကြောင်း နောင်လာနောက်သား လူငယ်များအား စေတနာအရင်းခံဖြင့် တိုက်တွန်း တင်ပြ လိုက်ရပါတော့သည်။

နော်သင်းသင်းအေး
(ရန်ကုန်ပညာရေးတက္ကသိုလ်)

■



# တူတူလှမ်းစို့

အကာဗလာ ... အနှစ်သာပြည့်
ဘယ်လောက်ကြီးသည့်
သစ်ပင်ဖြစ်စေ ... မြစ်ရာ မပါ
လယ်ပြင်မှာ တစ်ပင်တည်း ...
လေမုန်တိုင်းကြီး ရိုက်ခတ်
လုံကျရတဲ့ သာဓကတွေ
လက်ရေချိုးလို့
မရေနိုင်တဲ့ အဖြစ် ...
အချင်းချင်း ရောယှက်
တောနက်ထဲက ...
အားနွဲ့ကြတဲ့ သစ်ပင်
ဆယ်ပြန်မက
မုန်တိုင်းကြီး ရိုက်ခတ်သော်လည်း
ထာဝရတည်ဆဲ စည်ပင်မြဲပေါ့ ...
ဘိုးဘွားတွေ ထားရစ်ကြ
သာယာလှသည့်
အမျိုးသားရေးတောမှာ
အားနွဲ့သူကို ကူညီ
တုံ့ပြန်မှု မေတ္တာ
အကြင်နာတေးများ ... သီကျူးလျက်
မပြတ်သုဉ်းသော စေတနာ
ညီညွတ်စွာ ခရီးဆက်
တွဲသောလက် မဖြုတ်စတမ်း
တို့မှန်းထားသည့်
ပန်းတိုင်သို့ ...
ညီနောင်တို့ရေ ...
လာ ...
အတူတူ ... လှမ်းကြပါစို့ ...။

စောလှမ်းဝေ (လှာကမြင်)

# မည်သူတွင် တာဝန်ရှိသနည်း

မော်ဘီစောမောင်တုတ်

ပြီးခဲ့သော ၂၀၁၁ ခုနှစ်အတွင်း စာရေးသူ အလုပ်ရုံ ဆွေးနွေးပွဲ တစ်ခုကို တက်ရောက်ခဲ့ပါသည်။ ထိုဆွေးနွေးပွဲတွင် အမေရိကန် ပြည်ထောင်စုမှ ပါရဂူဘွဲ့ရလာခဲ့သူ ကရင်လူငယ်တစ်ဦးက ဦးဆောင် ဆွေးနွေးခဲ့သည်။ ခေါင်းစဉ်ကတော့ "ကရင်လူမျိုးများ စည်းလုံးညီညွတ် ကြပါရဲ့လား" ဟူသော အဆိုကို အခြေအတင် ဆွေးနွေးကြပါသည်။ စာရေးသူက ကရင်လူမျိုးများ မစည်းလုံးကြပါ၊ အကြောင်းမှာ လွန်ခဲ့သော နှစ်ပေါင်းများစွာ ကတည်းကပင် နည်းအမျိုးမျိုးနဲ့ ခွဲခြားခြင်း ခံခဲ့ကြရလို့ပဲ ဟု စာရေးသူက တင်ပြခဲ့ပါသည်။

ကရင်လူမျိုးတို့၏ ဒဏ္ဍာရီလား ပုံပြင်လားဟု ဆိုရမလို့ပင်။ ကနဦးက ပါးစကောနှင့် နန့်ပအိုတို့ ဇနီးမောင်နှံမှာ သားသမီး ခုနစ်ယောက် ထွန်းကားခဲ့သည်။ သူတို့ အိမ်ထောင်ရေး အဆင်မပြေမှုကြောင့် အိမ်ထောင်ကွဲသွားကြပြီး သားသမီး ခုနစ်ယောက်မှ သုံးယောက်မှာ အမေနှင့်လိုက်သွားပြီး လေးယောက်မှာ ဖခင်နှင့် လိုက်သွားကြသည်။ နောင် ၎င်းမောင်နှမများမှ ပေါက်ဖွားလာကြသော သားသမီး များမှာ အမေဘက် လိုက်သွားကြသော သားသမီးများကို မွတ်ထိတ်(မိုထိ)၊ အဖေ ဘက် လိုက်သွားကြသော သားသမီးများကို ဖထိတ် (ပါထိ) ဟု ခေါ်ဆိုကြရာ ယခုတိုင်ပင် ဖြစ်ပါသည်။ ထိုပုံပြင် မည်မျှမှန်ကန်သည်ကိုတော့ စာရေးသူလည်း မသိပါ။ သေချာတာ တစ်ခုကတော့ မွတ်ထိ၊ ဖထိတ် မောင်နှမများမှာ ရှေးယခင်က တစ်အူတုံဆင်း ညီအစ်ကိုရင်းများ ဖြစ်ကြပါသည်။ အချိန်ကာလ ကြာမြင့်ခြင်းကြောင့် ရွှေ့ပြောင်းနေထိုင်ရာတို့ ဝေးကွာလာခြင်းကြောင့် ပြောဆိုသော ဘာသာစကားများ အနည်းငယ် ကွဲလွဲခြင်းဖြစ်နိုင်ပြီး ပြန်လှန်ဆန်းစစ်က မူရင်းတခုတည်းဖြစ်ကြောင်း မငြင်းနိုင်ပေ။ မည်သို့ဆိုစေ ထိုအစွဲလေးများကြောင့် ကရင်လူမျိုးများ ယခင်က စိတ်ဝမ်း ကွဲကြသလိုလိုပင်။ ခေတ်စနစ် ရေစီးကြောင်းအမျိုးမျိုးကို ရင်ဆိုင်ဖြတ်သန်း လာကြရာမှ နောင်တွင် ကိုးကွယ်ယုံကြည်မှုများ ကွဲပြားသွား ကြပြန်သည်။ ထို ကိုးကွယ်မှုများကြောင့်ပင် ကရင်များ အချင်းချင်း နားလည်မှု လျော့ပါးလာပြီး ကွဲပြားသွားသယောင်ယောင် ဖြစ်ခဲ့သည်။

ရှေးကရင် မိဘိုးဘွားများက ထိုအကွဲအပြားကို စည်းလုံးအောင်ဆိုပြီး "မွတ်ထိတ်၊ ဖထိတ်၊ အံဟုလေိတ် အံဂါ ဆိတ် ဂါဆိတ်" ဆိုသောစကားကို ပြောဆိုဆုံးမခဲ့ပါသည်။ စာရေးသူသည် လူငယ်အသင်း အတွင်းရေးမှူး လုပ်ခဲ့စဉ်က လူငယ်သင်တန်းများ ဖွင့်ပြီး ကရင်လူငယ်များ အချင်းချင်း နားလည်မှု ရှိရေး မျိုးချစ်စိတ် ရှိရေးကို ဆွေးနွေး ပို့ချခဲ့ပါသည်။ ကရင်များ စည်းလုံးမှ အင်အားရှိသော လူမျိုးအဖြစ် ရပ်တည်နိုင်မည် ဖြစ်ကြောင်း တင်ပြခဲ့ပါသည်။ ဘာသာအမျိုး ခွဲမထားဘဲ နားလည်မှုရှိကြရန် တိုက်တွန်းခဲ့ ဖူးပါသည်။ သို့သော် အောင်မြင်သင့်သလောက် မအောင်မြင်ခဲ့ပါ။ ထို့ကြောင့် စာရေးသူသည် ကရင်များ မစည်းလုံးကြပါဟု ယူဆခဲ့ရသလိုပင် ဖြစ်ခဲ့ပါသည်။

သို့ရာတွင် ပြီးခဲ့သော ၂၀၁၁ ခု ကရင်သက္ကရာဇ် ၂၇၅၁ ခု နှစ်သစ်ကူးပွဲတော်နေ့တွင် ဧရာဝတီတိုင်း ဝါးခယ်မ မြို့နယ်၊ အူကျွန်းကျေးရွာတွင် ကျင်းပသော မြို့နယ်လုံးဆိုင်ရာ ကရင်နှစ်သစ်ကူးပွဲတော်ကို ဖိတ်ကြားခြင်း ခံရသဖြင့် တက်ရောက် ခဲ့ပါသည်။ စာရေးသူအတွေး အနည်းငယ် ပြောင်းလာသလိုပင်။ ကရင်ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးများ ကမကထ ပြုပြီး ဘာသာပေါင်းစုံဖြင့် နှစ်သစ်ကူးပွဲတော်ကို စည်ကား သိုက်မြိုက်စွာ ကျင်းပသည်ကို မြင်ရသောအခါ အလွန် ကြည်နူးဝမ်းမြောက်ခဲ့သည်။ ဤကား ကရင်လူမျိုး စည်းလုံးရေးအတွက် ဝမ်းမြောက်ဖွယ်ရာ ဆောင်ရွက်ချက် အဖြစ် သဘောပေါက်လာပါသည်။ ကရင်လူမျိုးတို့သည် မူလကပင် မျိုးချစ်စိတ်ဓါတ် ကိုယ်စီကိုယ်င ရှိကြပါသည်။ ဤမျိုးချစ် စိတ်ဓာတ်ကို စုစည်းပေးနိုင်ပါက အမျိုးအတွက် ကြီးမြတ်သောရလဒ် ရလာမည် အမှန်ပေ။

ထို့ကြောင့် ကရင်လူမျိုးများ စည်းလုံးညီညွတ်မှု ရှိရန် မည်သူ့မှာ တာဝန်ရှိသနည်း။ စာရေးသူအမြင်မှာ တစ်ဦး ဆောင်သော်မရ၊ တစ်သောင်းဆောင်သော် ရ၏။ ကိုယ်စီကိုယ်င မျိုးချစ်စိတ်အရင်းခံပြီး လူတိုင်း လက်လှမ်းမီသမျှ စည်းလုံးမှုကိုခံယူပြီး လုပ်ဆောင်လျှင် မအောင်မြင်စရာ အကြောင်းမရှိပါ။ ထို့ကြောင့် ကျွန်ုပ်တို့တစ်ဦးစီ အမြင်ကျယ်ကျယ်ဖြင့် ပုဂ္ဂိုလ်စွဲ၊ ဘာသာစွဲ၊ အမျိုးစွဲ၊ မာနစွဲများကို ဖြုတ်ပြီး ကမ္ဘာတည်သရွေ့ ကျွန်ုပ်တို့လူမျိုး တည်ရှိနိုင်ရေးအတွက် တာဝန် ကိုယ်စီ ထမ်းကြရအောင်ပါ။

ကျွန်ုပ်တို့လူမျိုး ကမ္ဘာတည်သရွေ့ရှင်သန် ရပ်တည်နိုင်ရန်အတွက် မျိုးဆက်သစ်များ၏ တာဝန်မှာ အရေးကြီးဆုံးဖြစ်ပါသည်ဟု စာရေးသူမြင်ပါသည်။ လူမျိုးတစ်မျိုး အနေဖြင့် ရှင်သန်နိုင်ရန် ဘာသာစကား၊ စာပေ၊ ဓလေ့ထုံးစံ၊ ယဉ်ကျေးမှုများ အရေးကြီး ထိန်းသိမ်းရန် လိုသကဲ့သို့ စောင့်လေမျိုးနွယ်ဟူသော အမျိုးကို စောင့်ထိန်းခြင်းဟု ခေါ်ရသော အိမ်ထောင်ပြုခြင်းသည် အရေးကြီးဆုံးဟု ဆိုချင်ပါသည်။ နိုင်ငံတကာ ဥပဒေအရ လည်းကောင်း မိရိုးဖလာ အစဉ်အလာ အရသော်လည်းကောင်း၊ ဖခင်မှမျိုးဆက်ကို ပေးနိုင်ပါသည်။ ဥပမာ- ကရင်ဖခင် အခြားလူမျိုးမိခင်မှ မွေးဖွားလာသူသည် ကရင်မျိုးဆက် ဖြစ်၏။ ကရင်မိခင်နှင့် အခြားလူမျိုး ဖခင်မှ မွေးဖွားလာသူများမှာ ကရင်လူမျိုးအဖြစ် ယူဆ မသတ်မှတ်ကြပါ။ ထို့ကြောင့် မျိုးနွယ်ထိန်းသိမ်းရေးတွင် အမျိုးသမီးများသည် ပို၍ အရေးကြီးကြောင်း သိသာပါသည်။ မိဘနှစ်ပါးလုံး ကရင်ဖြစ်လျှင်တော့ အကောင်းဆုံးပေ၊ ကရင်ဟု ဆိုရာ၌ စကော၊ ပိုး၊ ပအို့ ၊ဘွဲ့ပကူး၊ ပဒေါင်၊ ကယန်း အားလုံးသည် ကရင်မျိုးနွယ်များ ဖြစ်ပါသည်။ ဤကရင် မျိုးနွယ်များ အိမ်ထောင်ပြုပါက ကရင်မျိုးနွယ်ပင် ပေါက်ဖွားလာပေမည်။

ကျွန်ုပ်တို့ တော်တော်များများက ပြောဆိုပြစ်တင်လေ့ရှိသည့် အရာတစ်ခုမှာ ကရင်အမျိုးသားများသည် ကရင်အမျိုးသမီးများထက် မျိုးချစ်စိတ် ရှိသည်ဟု ဆိုကြပါသည်။ အဘယ်ကြောင့်ဆိုသော် ကရင်အမျိုးသမီးများသည် အမျိုးသားထက်ပို၍ အခြားလူများနှင့် အိမ်ထောင်ပြုကြခြင်းကြောင့်ဟု ဆိုပါသည်။ မှန်သင့်သလောက် မှန်ပါသည်။ အားလုံးတော့ မဟုတ်ပါ။ အိမ်ထောင်ပြုသူ အမျိုးသမီးများမှာ မိမိချစ်မြတ်နိုးသည့်အပြင် အရည်အချင်းရှိသည့် အမျိုးသားယောကျ်ားကို ရွေးချယ်ရသည်မှာ ဓမ္မတာပင် ဖြစ်သည်။

စာရေးသူ ကိုယ်တွေ့ဖြစ်ရပ် တစ်ခုကို ပြောလိုပါသည်။ စာရေးသူက သမီးများကို အိမ်ထောင်ပြုလျှင် နံပါတ် (၁) ကရင်ကိုပဲ ယူရမည်။ တစ်ခြားဖိုးမှ မလျှော့ဘူးဟု အမိန့်ထုတ်ထားပါသည်။ သမီးကြီးက ကရင်ယောကျ်ားတွေကို ရွေးဖို့ ကြည့်လိုက်တော့ ကရင်ယောကျ်ားတွေဟာ လမ်းဘေးမှာ လဲနေတာတွေချည်းဘဲ တွေ့ရတော့ ဘယ်လိုလုပ်မလဲဟု မေးပါသည်။ သူ ကံကောင်းပါသည်။ သူရတဲ့ ယောကျ်ားက ကရင်၊ ငွေမရှိသော်လည်း ဘွဲ့ရ အသောက်အစား ဘာမှမရှိသဖြင့် ဝမ်းသာရပါသည်။

နောက်တစ်ခု နိုင်ငံခြားရောက် ရခိုင်အမျိုးသမီးတစ်ဦးက ပြောပါသည်။ "ကရင်အမျိုးသမီးတွေဟာ ကုလားတွေနဲ့ ယူကြတယ်၊ ရှင်တို့ ကရင်တွေ ဒါကို မပြောဘူးလား မထိန်းသိမ်းဘူးလား" ဟု မေးပါသည်။ ကုလားနှင့်ယူတဲ့ ကရင်အမျိုးသမီး တစ်ယောက်က ပြောပါသည်။ ကရင်တွေက မူးယစ်သောက်စားပြီး ဘာစီးပွားရေးမှ မလုပ်တော့ ဘယ်လို အားကိုးရမလဲ ဟုမေးပါသည်။ မှန်သင့်သလောက်တော့ မှန်နေတာပဲလေ ဒါဆို မည်သူ့မှာ တာဝန်ရှိသနည်း။ ကျွန်ုပ်တို့သည် အမျိုးသမီးတွေကိုပဲ အပြစ်တင်နေကြသည်။ ကျွန်ုပ်တို့ ယောကျ်ားတွေကကော ဘယ်လောက်ကောင်းသလဲ အားကိုးလောက်တဲ့ အရည်အချင်းရှိရဲ့လား ကျွန်ုပ်တို့ ယောကျ်ားတွေ အရည်အချင်းရှိရင် ကရင် အမျိုးသမီးများက ကြင်ဖော်အဖြစ် ရွေးချယ်ကြမှာပါ။

ဒါကြောင့် စာရေးသူအနေဖြင့် မည်သူ့ကိုမျှ အပြစ်မတင်လိုပါ။ ပထမဦးစွာ မိမိကိုယ်တိုင်က မျိုးချစ်စိတ်ရှိရန် လိုသည်။ ကရင်လူမျိုးတွေ ဖြတ်သန်းလာရတဲ့ ကြမ်းတမ်းလှတဲ့ သမိုင်းကြောင်းကို ပြန်လည်ဆန်းစစ် ဆင်ခြင်ပါ။ အရည်အချင်းရှိအောင် ကြိုးစားပြီး နေထိုင်ခြင်းအားဖြင့် ရှင်သန်ထက်မြက်သော တိုးတက်သော လူမျိုးအဖြစ် ရပ်တည်နိုင်အောင် တစ်ဦးစီ တစ်ဦးချင်းမှ စပြီး တာဝန်ယူကြပါစို့ဟု တိုက်တွန်းလိုက်ရပါသည်။

မော်ဘီစောမောင်တုတ်

■

# နိုင်ငံတော်သစ်ဆီ

■ မိုးသောက်ရင်
မြင်ရမယ့် မနက်ဖြန်
အမှန်အကန် ရှိပါတယ်။

■ ဟော ... မိုးသောက်ပြီ
ရောင်နီမျှင် ကျိုးတိုးကျဲတဲ
အလင်းများ မကဲနိုင်သေး။

■ ထုထဲတဲ့ တိမ်သလ္လာ
ဝဋ္ဋာမှာ မရှင်းသေးလို့
ဒွိန္နာလေးအတွင်း
ဖြည်းဖြည်းချင်းတော့ လင်းလိမ့်မယ်
လွယ်လွယ်လေး တွေးမေ့နေရင်
တစ်ရေးအိပ်သွားရဦးမယ်နော ....။

■ လောဘ၊ ဒေါသ၊ မောဟ၊ မာန
ဝိဇ္ဇိသာ ဆိုတဲ့ အတ္တနဲ့ ပေးခဲ့ကြ ယူခဲ့ကြ
ကြီးပွားခဲ့ကြသူတွေ
မြေခွေးလို ပုဂ္ဂိုလ်များ
ပြည်သူကြား ညှပ်နေတုန်း။

■ တစ်ကိုယ်ကောင်းဆန် ဉာဉ်တွေနဲ့
ခေါက်ရိုးကျိုးနေသူ ဟူသမျှ
ထုထု ... ပါးပါး
ပိုပြီး ပြားချပ်သွားဖို့ လိုအပ်မယ်။

■ မနေ့ကရဲ့ မနက်ဖြန်
အမှန်မှာ ... ယနေ့ ဖြစ်ပြီ
သည်ခရီး မဝေးပေမဲ့
နေးလို့ မဖြစ် ...
အားသစ်ညီညွတ်ခြင်းများနဲ့
သွားကြမယ် ပန်းတိုင်ဆီ
လာ ... ချီတက်စို့ သူငယ်ချင်း ...။ ။

နေဘုန်းထက် (ရွှေပြည်သာ)

# ကရင်အမျိုးသား
# မျိုးချစ်ရဟန်းတော်တစ်ပါး

စရှုခလိန် (ယဉ်/ပြ၊ ပန်းတနော်)

အင်္ဂလိပ်နယ်ချဲ့လက်အောက် ကျရောက်ခဲ့သော မြန်မာတိုင်းရင်းသားတို့သည် အမျိုးသား လွတ်မြောက်ရေးအတွက် အင်္ဂလိပ်တို့အား ခေတ်အဆက်ဆက် တော်လှန်ခဲ့ကြသည်။ ယင်းသို့ တော်လှန်ကြရာတွင် ရဟန်းတော်များလည်း ပါဝင်ခဲ့ကြသည်။ အထင်ရှားဆုံးမှာ ရခိုင်အမျိုးသားဆရာတော် ဦးဥတ္တမပင် ဖြစ်သည်။ အလားတူ မြန်မာဆရာတော် ဦးဝိစာရသည်လည်း ထင်ရှားသည့် အရှင်တစ်ပါးပင် ဖြစ်သည်။

ထို့အတူ မိမိအမျိုးသားလွတ်မြောက်ရေးအတွက် ကြိုးပမ်းရာတွင် မေ့ထား၍ မရသော ကရင်အမျိုးသား ဆရာတော် တစ်ပါးရှိခဲ့ပါသည်။ ထိုဆရာတော်ကား ဦးပဏ္ဍုဝံသပင် ဖြစ်သည်။ ဆရာတော်သည် ခေတ်ပညာတတ် ကရင်အမျိုးသား နိုင်ငံရေးခေါင်းဆောင်ကြီးများနှင့်အတူ ရင်ဘောင်တန်း၍ အမျိုးသားလွတ်မြောက်ရေးကို ကြိုးပမ်းခဲ့သည်။ ထိုခေတ်အခါက ကရင်အမျိုးသားလှုပ်ရှားမှု အဖွဲ့အစည်းမျိုးစုံ ပေါ်ပေါက်ခဲ့သည်ကို တွေ့ရသည်။ အမျိုးသားနိုင်ငံရေး အသိနိုးကြားဆုံးအချိန်ဟု ဆိုနိုင်ပါသည်။

သာဓကအားဖြင့် ဒေါကလုအစည်းအရုံး။ ခရစ် ၁၈၈၁-ခု၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ကရင်အမျိုးသားအဖွဲ့ချုပ် Burma Karen National Association (B.K.N.A) ၁၄၊ ဒီဇင်ဘာ၊ ၁၉၂၉ ခု၊ (စာအုပ်တစ်အုပ်တွင် Burma အစား buddhist ဗုဒ္ဓဘာသာဟု တွေ့ရသည်။ ကရင်ဆိုရှယ်ဆားဗစ်ကလပ် Karen Social Services Club) ကရင်ပေါင်းသင်းဆက်ဆံရေးအသင်း။ (ခုနှစ်မသိ)။/(၃၁၊ အောက်တို ဘာ၊ ၁၉၄၅) မြန်မာနိုင်ငံ ကရင်လူငယ်များအစည်းအရုံး Karen Youth Orgarization (K.Y.O)။/ကရင်ဗဟိုအဖွဲ့ချုပ် Karen Central Orgarization (K.C.O) (ခုမသိ)။/ (၄-၆၊ ဖေဖော်ဝါရီ၊ ၁၉၄၆) ကရင်ပြည်နယ်အမြဲတမ်းကောင်စီ (Karen State Standing Caramittec) ။/ (ဖေဖော်ဝါရီလ၊ ၁၉၄၆) ကရင်အမျိုးသားအစည်းအရုံး Karen National Association (K.N.A)။/(၅၊ ဖေဖော်ဝါရီလ၊ ၁၉၄၇-ခု) ကရင်အမျိုးသားအဖွဲ့ချုပ် Karen National Union (K.N.U) တို့ ဖြစ်ကြသည်။/ ထူးခြားသည်မှာ (K.N.U) အဖွဲ့သည် ဒေါကလုအဖွဲ့ (B.K.N.A) အဖွဲ့၊ (K.C.O) အဖွဲ့၊ (K.Y.O) အဖွဲ့တို့ဖြင့် ဖွဲ့စည်းခဲ့ခြင်း ဖြစ်သည်။ (မြန်မာ့ရက်စဥ် သမိုင်းစာအုပ်မှာရှု။)

ထိုအထဲတွင် အစောဆုံး အမျိုးသားအဖွဲ့အစည်းမှာ လူတိုင်းသိသည့် ဒေါကလုအဖွဲ့ပင် ဖြစ်သည်။ ဒေါကလုအဖွဲ့သည် ခရစ် (၁၈၈၁)ခုတွင် ပေါ်ပေါက်ခဲ့ပြီး အင်္ဂလိပ်လက်အောက်တွင် ကျရောက်နေသော ကရင်အမျိုးသားတို့၏ ရပိုင်ခွင့်တွေကို ရရှိအောင် ဆောင်ရွက်ခဲ့သည်။ အထင်ရှားဆုံးမှာ ကရင်အမျိုးသားနှစ်သစ်ကူးနေ့ပင် ဖြစ်သည်။ ယင်းအဖွဲ့ပြီးလျှင် (၁၄၊ ဒီဇင်ဘာ၊ ၂၉၂၉) ခုတွင် ဖွဲ့စည်းသော မြန်မာနိုင်ငံလုံးဆိုင်ရာ ကရင်အမျိုးသားအဖွဲ့ချုပ် (B.K.N.A) သည် ဒုတိယအစောဆုံး အဖွဲ့ဟု ဆိုနိုင်ပါသည်။ ဤအဖွဲ့တွင် ကရင်အမျိုးသား ဗုဒ္ဓဘာသာဆရာတော် ဦးပဏ္ဍာဝံသသည် ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့သည်။ စောဘသက်ရွှေနှင့် စောဖေသာတို့သည်လည်း ယင်းအဖွဲ့၌ ဦးဆောင်တည်ထောင်သူ အဖြစ်လည်း ပါဝင်ခဲ့ကြသည်။ (မြန်မာ့ရက်စဉ်သမိုင်း ပထမတွဲ)။

ဆရာတော်သည် အမျိုးသားလှုပ်ရှားမှုများကို အဖွဲ့အစည်းအသွင်ဖြင့် မနေမနား ပါဝင်ဆောင်ရွက်ခဲ့သည်ကို တွေ့ရသည်။ ရန်ကုန်၌ အမျိုးသား အစည်းအဝေး ကျင်းပတိုင်း ဆရာတော် ပါဝင်ခဲ့သည်။ ဖက်ဆစ်ဂျပန် တော်လှန်ရေးခေတ်ရောက်လာသည့်အခါ ဂျပန်ကို တော်လှန်ရန် လွန်စွာစိတ်ဓာတ် ပြင်းပြခဲ့သည်။ သို့ဖြစ်၍ ဂျပန်ကို တော်လှန်သော ကရင်အမျိုးသားတို့အား ပို့ဆောင်ဆက်သွယ်ရေးအဖြစ် ပါဝင်လှုပ်ရှားခဲ့သည်။ ဖက်ဆစ်တော်လှန်ရေး ပြီးဆုံးသည့်အခါ မြန်မာနိုင်ငံ လွတ်လပ်ရေးကိစ္စနှင့် ပတ်သက်၍ မြန်မာနိုင်ငံသို့ ရောက်ရှိလာသော ဗြိတိသျှ (ဘိလပ်) အတွင်းဝန် "လောဒ်လစ္စတိုဝဲလ်" နှင့် တွေ့ပြီး ကရင်အမျိုးသားရေး ကိစ္စများကို ပါဝင်ဆွေးနွေးခဲ့သော မျိုးချစ်ဆရာတော် တစ်ပါးလည်း ဖြစ်သည်။

ဤသို့ မိမိအမျိုးသား အကျိုးကို ကြိုးပမ်းဆောင်ရွက်သော ဆရာတော်သည် ပျံလွန်တော်မူသောအခါ မိမိကျောင်း၌ပင် မပျံလွန်နိုင်ရှာဘဲ အမျိုးသားအကျိုး ဆောင်ရွက်ရာ အဖွဲ့ချုပ်ရုံး၌ ပျံလွန်တော် မူသွားရှာသည်ကို တွေ့ရလေသည်။ ဆရာတော် ပျံလွန်တော်မူကြောင်း သတင်းကို မြန်မာ့အလင်း သတင်းစာ၌ ဖော်ပြခဲ့သည်။

(၂၅၊ စက်တင်ဘာ၊ ၁၉၄၆) ခုတွင် မြန်မာနိုင်ငံလုံးဆိုင်ရာ ကရင်အမျိုးသားအဖွဲ့ချုပ် ဥက္ကဋ္ဌ ကရင်အမျိုးသားဘုန်းတော်ကြီး ဦးပဏ္ဍာဝံသသည် နံနက် ၁၀း၃၀ တွင် ရန်ကုန်မြို့ အဆိုပါ အဖွဲ့ချုပ်ရုံး တည်ရာဌာနတွင် လေဖြတ်သဖြင့် ပျံလွန်တော်မူလေသည်ဟု အကျဉ်းချုပ်အားဖြင့် သိရလေသည်။ ဤရက်စွဲကို ကြည့်ခြင်းဖြင့် လွတ်လပ်ရေး မရခင် ဆရာတော် ပျံလွန်တော်မူသွားခဲ့သည်ကို တွေ့ရသည်။ ဆရာတော်သည် ဘယ်ဇာတိ၊ ဘယ်ကျောင်းတိုက်၌ သီတင်းသုံးခဲ့သည်ကို မသိရချေ။ ယခု ဆရာတော်အကြောင်းမှာ နိုင်ငံရေးစာအုပ် ဖတ်ရှုရင်းဖြင့် အနည်းငယ်သိရခြင်းသာ ဖြစ်သည်။

မည်သို့ပင်ဖြစ်စေ ယခုအကျဉ်းချုပ်အဖြစ် ဆရာတော်၏ အကြောင်းကို သိရခြင်းကား ဆရာတော်သည် သာမည ပုဂ္ဂိုလ် မဟုတ်ချေ။ မိမိ၏ အမျိုးသား လွတ်မြောက်မှုတွင် ခေါင်းဆောင်တစ်ဦး အနေဖြင့် ကိုယ်စွမ်းဉာဏ်စွမ်းရှိသလောက် ပါဝင်ကြိုးပမ်းခဲ့သည်ကိုတော့ မည်သူမှ ငြင်းလို့မရချေ။ မေ့ထား၍ မဖြစ်ဘဲ ဂုဏ်ပြုချီးကျူး မှတ်တမ်းတင်ရမည်ဟု ယူဆမိပါသည်။

စရူခလိန် (ယဉ်/ပြ) ပန်းတနော်

■

# ဦးဝိဇ္ဇာနှင့် တွေ့ဆုံခြင်း

စမြသောင်း (ထုံးမြေ)

ဦးဝိဇ္ဇာဆိုလို့ ဇော်ဂျီ၊ တပသီ၊ ဝိဇ္ဇာမိုရ်များကဲ့သို့ မြေလျှိုးမိုးပျံနိုင်စွမ်း ရှိသော ဝိဇ္ဇာမျိုးတော့ မဟုတ်ပါချေ။ အတတ် ပညာတစ်ခုမှာ သူမတူ လှအောင် သိရှိနားလည် တတ်ကျွမ်းလောက်အောင် အများက အသိအမှတ်ပြု ခံထားရသောသူ တစ်ဦးသာ ဖြစ်ပေသည်။ အဆိုပါ ဦးဝိဇ္ဇာဆိုသော ပုဂ္ဂိုလ်သည် သစ်ပင်လှဲခြင်း၊ သစ်ကိုင်းများခုတ်ခြင်း၊ သစ်လုံးသစ်ပင်များကို ခွဲစိတ်ခြင်း စတဲ့ အတတ်ပညာတွင် သူမတူအောင် ကျွမ်းကျင်တတ်မြောက်တဲ့အတွက် ဒေသတွင်း နယ်ပယ်မှာ ဦးဝိဇ္ဇာကို လူသိများခဲ့ပေသည်။

တစ်နေ့ စာရေးသူသည် တောကြီးတန်းအတွင်း မိတ်ဆွေတစ်ဦးထံအသွား တောလမ်း တစ်နေရာအရောက်တွင် သူ၏ဆိုင်ကယ် ရှေ့ဆက်မသွားရန် လာရောက်တားမြစ်သော ဓားကိုင်သူတစ်ဦးကို တွေ့လိုက်တဲ့အခါမှာ လွန်စွာ ထိတ်လန့်မိပြီး သတိကြီးစွာထားပြီး ဆိုင်ကယ်ကိုရပ်ရင်း ဘာအကြောင်းများလဲလို့ မေးလိုက်တဲ့အခါမှာ ရှေ့မှလမ်းမကမ်းတွင် သစ်ပင် လှဲနေတဲ့အတွက် အန္တရာယ်ရှိလို့ ခေတ္တရပ်ပေးပါရန် ပြောပြတော့မှပဲ စာရေးသူလည်း ထိတ်လန့်မှုတွေ ပြေပျောက်သွားရပါတော့တယ်။ စာရေးသူလည်း ဆိုင်ကယ်ကိုရပ်ပြီး သစ်ပင် လှဲနေတဲ့နေရာကို စူးစမ်းလို၍ ရှေ့အနည်းငယ်လျှောက်သွားတဲ့အခါမှာတော့ ဘွားကနဲ ဦးဝိဇ္ဇာဆိုသူနဲ့ တန်းပြီးတိုးတော့တာပါဘဲ။

ဟေး ••• ကိုမြသောင်း ဘယ်သွားမလို့လဲလို့ ဦးဝိဇ္ဇာမှ လှမ်းပြီး နှုတ်ဆက်လိုက်တဲ့အခါမှာ စာရေးသူသိတဲ့ သစ်ပင်လှဲဝိဇ္ဇာဖြစ်တဲ့ ဦးဝိဇ္ဇာ ဖြစ်နေပါတော့တယ်။ ဒီတော့ ဦးဝိဇ္ဇာနဲ့ စကား စမြည်ပြောရင်း သစ်ပင်လှဲတာကို စူးစမ်းလိုတာနဲ့ ခပ်လှမ်းလှမ်းမှနေပြီး ကြည့်နေမိပါတယ်။ ဦးဝိဇ္ဇာကတော့ သစ်ပင်ကို ဆိုင်းထားတဲ့ကြိုးတွေကို တင်းလိုတင်း လျော့တဲ့နေရာကို လျှော့ပေါ့ နောက်ပြီး လှူဖြတ်တဲ့သူတွေကိုလဲ ညွှန်ကြားမှုတွေပေးနေရင်း ဦးဝိဇ္ဇာကိုယ်တိုင်ကလည်း လက်ထဲမှာ ပုဆိန်ကတစ်ဖက် "သပ်" ဆိုသော ကိရိယာလေးကတစ်ဖက်နဲ့ အလုပ်ရှုပ်နေပါတယ်။ သစ်ပင်ကိုလည်း ၎င်းတို့လှဲချလိုသည့်နေရာကို တိတိကျကျ လှဲကျသွားအောင် ဆောင်ရွက်လျက် ရှိပါတယ်။

စာရေးသူလည်း ကြည့်ကောင်းကောင်းနဲ့ ကြည့်နေရင်းမှာပင် ဦးဝိဇ္ဇာသည် ၎င်းလက်အတွင်းမှ “သပ်” ဆိုသော ကရိယာကလေးကို သစ်ပင်အရင်းပိုင်း လွှကြောင်းအတွင်းသို့ထည့်ပြီး ပေါက်ဆိန်ဖြင့် ရိုက်သွင်းလိုက်တဲ့အခါမှာ နာရီစက်မှန်တိုင်းကို အန်တုပြီး မပြိုလဲခဲ့တဲ့ ကြီးမားလှသော သစ်ပင်ကြီးသည် တုန်ခါလှုပ်ရမ်းပြီး ဦးဝိဇ္ဇာတို့ လှဲချလိုက်သည့် ဘက်ဆီသို့ အနည်းငယ် ယိမ်းယိုင်စ ပြုလာတာကို တွေ့ရပါတော့တယ်။ အဲဒီနောက် လွှသမားတွေကို အနည်းငယ်ဘေးသို့ဖယ်ခိုင်းပြီး ဦးဝိဇ္ဇာတစ်ဦးတည်းသာ ၎င်း၏ “သပ်” ကို စနစ်တကျ ပုဆိန်ဖြင့် အားသွင်းပြီး ရိုက်လိုက်တဲ့ အခါမှာ အင်မတန်ကြီးမားလှတဲ့ သစ်ပင်ကြီးလည်း မြည်ဟည်းတုန်ခါပြီး ဦးဝိဇ္ဇာ သတ်မှတ်ထားတဲ့နေရာသို့ တိတိကျကျ လှဲကျသွားပါတော့သည်။ သစ်ပင်ကြီးလှဲကျသွားပြီးတဲ့နောက် ဦးဝိဇ္ဇာသည် ဝင့်ကြွားသောမျက်နှာနှင့် သစ်ပင်ကို မိမိလိုချင်သလို လှဲသွားအောင် ဘယ်ပုံဘယ်နည်းလှဲရတဲ့အကြောင်း စာရေးသူအား ပြောပြလာတဲ့အခါမှာ “သပ်” ဆိုသော ကိရိယာလေးရဲ့ စွမ်းအားထိရောက်မှု အားကြီးမားပုံ ကြီးမားကြောင်းကို စဉ်းစားခန်းဝင်ရင်း ဦးဝိဇ္ဇာတို့ သစ်ပင်လှဲတဲ့ အဖွဲ့ကို နှုတ်ဆက်ပြီး မိတ်ဆွေနေတဲ့ရွာဆီကို ဆက်လက်ထွက်ခွာ သွားပါတော့တယ်။

သပ်သျှို သွေးခွဲမှုစနစ်ရဲ့
နည်းဗျူဟာများဖြစ်သော
ငွေကြေး၊ အခွင့် အရေး၊
ပစ္စည်းလက်ဆောင်၊
ဂုဏ်ထူး၊ ရာထူးတွေအပြင်
သွေးထိုးမြှောက်ပင့်
ကုန်းချောတဲ့ နည်းမျိုးစုံကို . . .

ဒီလိုနဲ့ပဲ မေ့မေ့ပျောက်နေလာရင်း၊ တစ်နေ့မှာတော့ ဦးဝိဇ္ဇာနှင့် သိုက်သိုက်မြိုက်မြိုက် ထပ်မံပြီး တွေ့ဆုံခဲ့ရပြန်ပါတယ်။ ဒီတစ်ကြိမ် တွေ့တာကတော့ စာရေးသူ၏ အိမ်ရှေ့တွင် ထန်းပင်ကို လာရောက်လှဲတဲ့အခါ ဖြစ်ပါတယ်။ လမ်းနှစ်ဖက်မှာကလည်း အိမ်တွေရယ်၊ လျှပ်စစ်မီးကြိုးတွေရဲ့ အကြားမှာ အန္တရာယ်မဖြစ်ရအောင် လှဲရမှာဖြစ်ပါတယ်။ ဒီတစ်ကြိမ် ထန်းပင်လှဲတဲ့အခါမှာလဲ ၎င်း၏ “သပ်” ဆိုသော ကိရိယာသည် အဓိကအခန်းမှာ ပါဝင်တာကိုလဲ တွေ့ရတဲ့ အပြင် လှဲသွားတဲ့ထန်းပင်ကြီးကို ၎င်း၏ “သပ်” နဲ့ ထက်ခြမ်းခွဲပြသွားတာကိုပါ တွေ့ရပါတယ်။ ထန်းပင်သည် အပေါ်ယံ အကြောပိုင်းသည် လွန်စွာမှ မာကြောတဲ့ အတွက် သံရိုက်လို့ အင်မတန်မှ ခက်ခဲလှပါတယ်။ ဒီလောက် မာကြောလှတဲ့ အတွက် ထန်းသားပင်ဖြစ်စေကာမူ “သပ်” ဆိုသော ကိရိယာကြောင့် အစိတ်စိတ်အမွှာမွှာ ကွဲရပါတော့တယ်။

ဒီတော့ စာရေးသူလည်း “သပ်” ဆိုသော ဝေါဟာရ၏ နှီးနွှယ်မှုများကို အတွေးနယ်ချဲ့လိုက်တာ အချိန် ဘယ်လောက်ကြာသွားမှန်းပင် မသိမိစဉ် လမ်းထိပ်ဘက်က မီးဘေးအန္တရာယ် သတိပေးတဲ့အဖွဲ့ရဲ့ သီချင်းသံ ထွက်ပေါ်လာတဲ့အခါ “ရန်သူငါးပါးထဲမှာ အင်မတန် ဆိုးဝါးလှတဲ့ သူခိုး၊ ဓားပြထက်ဆိုးတဲ့ ရန်သူဟာ ဒီဇမ္ဗူတခွင်မှာ ရန်သူမီး” ဆိုတဲ့ အသံချဲ့စက်အသံ ကြားလိုက်မှ အမှတ်တရ ဖြစ်စဉ်ရဲ့ နယ်ပယ်ဆီကို အတွေးနယ် ပျံ့လွင့်ခဲ့ရပါတော့တယ်။

စာရေးသူ အထက်တန်းကျောင်းသားတုန်းက သင်ကြားခဲ့ရတဲ့ မြန်မာ့သမိုင်းထဲက နယ်ချဲ့ကိုလိုနီတွေ သပ်သျှိုသွေးခွဲပုံ အကြောင်းနဲ့ ဆက်စပ်မိပါတော့တယ်။ ဒီတော့ “သပ်” ဆိုတဲ့ ဝေါဟာရကို ငြိကာချဲ့လိုက်တဲ့အခါမှာ။ နယ်ချဲ့ အင်္ဂလိပ်များနဲ့ “သပ်သျှိုသွေးခွဲခြင်း” နည်းစနစ်ရဲ့ အောင်မြင်ထိရောက်မှုကို တွေးမိတဲ့အခါမှာ မြန်မာလူမျိုးများရဲ့ စည်းလုံးညီညွတ်မှုရဲ့ စွမ်းသတ္တိရှိမှုတွေကို ဒီသပ်သျှိုသွေးခွဲခြင်း နည်းစနစ်နှင့် အောင်မြင်စွာ ချေမှုန်းနိုင်ခဲ့တဲ့ဖြစ်စဉ်များ သမိုင်းစာမျက်နှာတွေမှာ တွေ့ရမှာဖြစ်ပါတယ်။ ဒီလို သပ်သျှိုသွေးခွဲမှုစနစ်ရဲ့ နည်းဗျူဟာများဖြစ်သော ငွေကြေး၊ အခွင့်အရေး၊ ပစ္စည်းလက်ဆောင်၊ ဂုဏ်ထူး၊ ရာထူးတွေအပြင် သွေးထိုးမြှောက်ပင့် ဂုဏ်းချောတဲ့ နည်းမျိုးစုံကို နယ်ချဲ့တို့ အသုံးပြုတဲ့အခါမှာ ဘကြီးတော် ကနောင်မင်းသားအား တူတော်မောင်မြင်ကွန်းနှင့် မြင်းခုံတိုင်ညီနောင်နှစ်ဦးက ပြန်

သတ်တဲ့ ဖြစ်ရပ်တွေကို မြန်မာ့သမိုင်း စာမျက်နှာတွေမှာ ဝမ်းနည်းကြေကွဲမှုတွေနဲ့ တွေ့ရမှာဖြစ်ပါတယ်။

ဒါကြောင့်မို့ "သပ်" သည် လွှန်စွာမှ အန္တရာယ်ပေးစွမ်းနိုင်မှု၊ ကြီးမားတဲ့ ရန်သူတစ်ပါး ဖြစ်တာကြောင့် ရှေးလူကြီးများဆိုရိုးရှိခဲ့တဲ့ "ရန်သူမျိုးငါးပါး" အစား ရန်သူတစ်ပါးဖြစ်တဲ့ "သပ်" ကို ထည့်လိုက်ရင် "ရန်သူမျိုး ခြောက်ပါး" လို့ပဲ ဆိုလိုက်ပါရစေ။

ဒီတော့ စာရေးသူတို့တစ်တွေဟာ သပ်သျှိသွေးခွဲမှု အမျိုးမျိုးကို အမျိုးသားအသိစိတ်ဓာတ် သတိရှိရှိ ကာကွယ်ရမယ့်အချိန် ရောက်နေတဲ့အတွက် ဒို့အရေးသုံးပါး ဖြစ်တဲ့

(၁) ပြည်ထောင်စု မပြိုကွဲရေး
(၂) တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး
(၃) အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို ဦးထိပ်ပန်ဆင်ပြီး စည်းလုံးညီညွတ်မှုကို အစွမ်းကုန် တည်ဆောက်ကြပါလို့ ဆန္ဒပြုလိုက်ရပါတော့သည်။

စမြသောင်း(ထုံးမြေ)

■



## လှုပ်လှုပ်ရွရွ ကွဲလွဲခွင့် ရှိပါသည်

စီးပွားရေးပျက်ကပ်
သဇော်တကကော့
ဈေးသည် ပိုများလာမယ် …။

နိုင်ငံရေးချုပ်ခြုံကျ
သဇော်တကကော့
နိုင်ငံထက် ပါတီ
နိုင်ငံရေးပါတီတွေ ပိုများလာမယ် …။

အမျိုးသားရေးစိတ်ဓာတ်
နိမ့်ကျတဲ့ လက္ခဏာ
ကိုယ်ကျိုးစီးပွားပေါ် အခြေခံ
စီးပွားရေးဖန်တဲ့
အဖွဲ့ငယ်လေးများစွာ
ကွဲထွက်လာကြမယ် …။

အမျိုးချစ်တဲ့ ကရင်တွေ
ဘယ်အဆင့် ရှိနေသလဲ၊
ရဲရဲဆန်းစစ်
ပြုပြင်ကြပါ …။

စလှမောင် (ညောင်တုန်း)

## တစ်ချိန်က ကရင်လူငယ်တစ်ဦး၏

# “အနာဂတ်ရေးနှင့် ယနေ့ကရင်လူငယ်”

## ဆောင်းပါးနှင့် ပတ်သက်၍

မန်းကျော် (မြစ်ဝကျွန်းပေါ်)




စလုငွေ | စကျော်ညွန့် | မန်းစိုးဟန် | စောလုထွန်း

လွန်ခဲ့သော အနှစ် (၄၀) ကျော် ကာလတုန်းက ရန်ကုန်-အင်းစိန်လမ်းမပေါ်တွင် တည်ရှိသော သမိုင်းခဝဲခြံတွင် ယခုကဲ့သို့ပင် ကရင်ယဉ်ကျေးမှုပြခန်း၊ သတင်းနှင့် ပြန်ကြားရေးပြခန်းများ ဖွင့်လှစ်၍ ကရင်အမျိုးသားများ စုဝေးလျက် မိဘဘိုးဘွားများ အပ်နှင်းပေးထားခဲ့သော ကရင်ရိုးရာယဉ်ကျေးမှုအမွေအနှစ် မပျောက်ပျက်ရအောင် ကရင်အမျိုးသားများ နှစ်သစ်ကူးပွဲတော်ကို နှစ်စဉ် စည်ကားသိုက်မြိုက်စွာ ကျင်းပလာခဲ့ပါသည်။

ထိုအချိန်အခါက ရန်ကုန်ဝိဇ္ဇာနှင့်သိပ္ပံ တက္ကသိုလ်တွင် သင်္ချာဘာသာဖြင့် သိပ္ပံဘွဲ့ ရထားသော မြစ်ဝကျွန်းပေါ် ကျေးလက်ဒေသမှ ကရင်အမျိုးသား လူငယ်တစ်ဦးသည် ဘွဲ့ရခါစဖြစ်၍ အစိုးရဌာနဆိုင်ရာ လုပ်ငန်းခွင်သို့ ဝင်ရောက်အလုပ်လုပ်ရန် အခွင့်အလမ်းကို စောင့်မျှော်ရင်း မိမိနေထိုင်သည့် အရပ်ဒေသအနီးတွင် ဖွင့်လှစ်ထားသည့် တွဲဖက်အစိုးရ အထက်တန်းကျောင်း၌ တွဲဖက်အထက်တန်းပြဆရာအဖြစ် ကျေးလက်ဒေသမှ ညီငယ်၊ ညီမငယ် ကျောင်းသား လူငယ်များအား မိမိဆည်းပူးခဲ့သည့် ပညာကို ပြန်လည်ပို့ချ ဝေငှပေးသည့်အချိန် ဖြစ်ပါသည်။

မျိုးချစ်စိတ်ဓာတ် အခံရှိသူ ထိုလူငယ်သည် မိမိနှင့်ဘဝတူ ကရင်လူငယ်များ၏ဘဝ ဖွံ့ဖြိုးတိုးတက် အောင်မြင်စေရန်အတွက် ခေတ်ပညာကို သင်ကြား တတ်မြောက်စေလိုသည့် စေတနာအရင်းခံဖြင့် မိမိတတ်သမျှကို သင်ကြားပို့ချပေးနေခဲ့ပါသည်။ သို့ရာတွင် ဘွဲ့ရပြီးသော်လည်း အစိုးရဌာနများတွင် အလုပ်လုပ်ရန် စောင့်မျှော်နေရသည့် ထိုလူငယ်၏ အခြေအနေကို သိကြသည့် ကျောင်းသားမိဘအချို့က စီးပွားရေး အခက်အခဲကြားမှ ၎င်းတို့၏ သားသမီးများကို ပညာသင်ကြား ပေးနေကြရသော်လည်း ဘွဲ့ရသည့်တိုင် အလုပ်အကိုင် အခွင့်အလမ်းအတွက် မရေရာသည့် သားသမီးများ၏ အနာဂတ်အရေး စိတ်မအေးဖြစ်နေကြရပုံကို ကိုယ်တိုင်သိရှိ ခံစားခဲ့ရပါသည်။

ထို့ကြောင့် ထိုလူငယ်၏ရင်တွင်းမှ ထိုအချိန်၊ ထိုအခါက ဖြစ်ပေါ်လာသော ခံစားချက်၊ အမြင်နှင့် သန္နိဋ္ဌာန်ကို ထင်ဟပ်ဖော်ပြသည့် "အနာဂတ်ရေးနှင့် ယနေ့ ကရင်လူငယ်" ဟူသော ဆောင်းပါးတစ်ပုဒ်ကို ၂၇၁၃ ခုနှစ်၊ (၁၉၇၄-ခုနှစ်) ၌ ရန်ကုန်အင်းစိန်ခရိုင်တွင် ကျင်းပသော ကရင်အမျိုးသားနှစ်သစ်ကူးပွဲတော် ကျင်းပရေး ဗဟိုကော်မတီ (မဟာရန်ကုန်) ၏ ပြန်ကြားရေး ပြခန်းသို့ ရေးသားတင်ပြခဲ့ပါသည်။

အနှစ် (၄၀) ခန့် ကြာမြင့်ခဲ့ပြီးဖြစ်သော ထိုဆောင်းပါးကို (၇၀)နှစ်မြောက် ယခု ၂၇၅၂ ခုနှစ် စိန်ရတုကရင်အမျိုးသားနှစ်သစ်ကူး ပွဲတော်ကို ဂုဏ်ပြုသောအားဖြင့် ကာယကံရှင်၏ဆန္ဒဖြင့် မူရင်းအတိုင်း တစ်ဖန်ပြန်လည်တင်ပြအပ်ပါသည်။



## သွေး

အနေဝေးလည်း
သွေးက အတူတူ
အရေးကြီး
သွေးစည်းတဲ့မူ
အရေးကြုံ
သက်လုံ ကောင်းသူ။

ဖိုဖုတို့ စိုက်ထူ
မွေ့ခံယူ ကြိုးစား
မိုးပါးတို့ ဖေးကူ
စိတ်ထားဖြူ ရိုးသား
တစ်မိုးအောက်မှာနေ
တို့တတွေ မြေးမြစ်သား
'ထား' အလက်နဲ့
စကား စာပေနဲ့
ရိုးရာ ထုံးဓလေ့နဲ့
ကရင့်အလံတော်ကို ဦးလည်ညွတ်
တို့မိဌာန် ခိုင်ညီညွတ်
ချူးဆွတ် ဆင့်ပွား။

ပိုပိုဇော်(ပညာရေး)

# အနာဂတ်ရေးနှင့် ယနေ့ကရင်လူငယ်

မန်းစိုးဟန်

ကမ္ဘာပေါ်ရှိ မည်သည့်တိုင်းပြည် မည်သည့်လူမျိုးမဆို မိမိတိုင်းပြည်နှင့်လူမျိုး ကမ္ဘာတည်သရွေ့ အဓွန့်ရှည်စွာ တည်တံ့သွားနိုင်ရေးအတွက် သော်လည်းကောင်း၊ ဘဝတိုးတက်မြင့်မားရေးအတွက် သော်လည်းကောင်း လိုလားကြပေသည်သာတည်။ ယနေ့ ကျွန်ုပ်တို့ကရင် အမျိုးသားထုအနေနှင့်လည်း ကျွန်ုပ်တို့လူမျိုး ဘဝတိုးတက်မြင့်မားရေးနှင့် ကမ္ဘာတည်သရွေ့ အဓွန့်ရှည်စွာ တည်တံ့သွားနိုင်ရေးတို့ကို လိုလားကြသည်သာတည်။ သို့ လိုလားကြသည်နှင့်အညီ ကျွန်ုပ်တို့လူမျိုး ဘဝတိုးတက်မြင့်မား တည်တံ့သွားနိုင်ရေးအတွက် မည်သို့ကြံဆောင်၍ မည်ကဲ့သို့နည်းလမ်းရှာကြမည်ဟူသော ပြဿနာသည် ကျွန်ုပ်တို့အတွင်း အခြေခံကျ၍ အရေးကြီး လိုအပ်လှပေသည်။

အကြင် ရုပ်ဝတ္ထုကျ ပစ္စည်းတစ်ခု၊ ရုပ်ဝတ္ထုကျ တိုးတက် မြင့်မားရေးသို့ တွန်းလှန်ရုန်းကန်ရာတွင် အကြင် ရုပ်ဝတ္ထုပစ္စည်း၏ နောက်ကြောင်း အတိတ်ဖြစ်စဉ် သမိုင်းကို မမေ့စကောင်းသလို ယနေ့ပစ္စက္ခ မျက်မှောက်ကာလ အခြေအနေကိုလည်း လစ်လျူရှု၍ မရနိုင်ကောင်းပေ။ အတိတ်ဟူသည် လူငယ်ထု၏ ဆရာ၊ ပစ္စုပ္ပန်ဟူသည် လူငယ်ထု၏ လေ့လာရာ၊ အနာဂတ်ဟူသည် လူငယ်ထု၏ နေရာဟူသော စကားရပ်အတိုင်း ကျွန်ုပ်တို့တစ်တွေ အတိတ်၏ အကျိုးအမြတ်တွေကို ဝေဖန်ဆန်းစစ်ပြီး ပစ္စုပ္ပန် မျက်မှောက်ကာလ အခြေအနေနှင့် စံထိုးကာ ကျိုးကြောင်း ဆက်စပ်ပြီး လာမည့်အနာဂတ်ရေးအတွက် တစ်ဆင့်တက် ခရီးဆက်ကြရမည်သာ ဖြစ်ပေသည်။

အနာဂတ်ရေးအတွက် ခရီးဆက်ရာတွင် ယနေ့ လူငယ်တို့၏ အခန်းကဏ္ဍသည် ရှေ့တန်းမှ ပါလာပေသည်။ ယနေ့လူငယ်သည် မနက်ဖြန် လူကြီးဟူသော စကားရပ်အတိုင်း လူငယ်တို့သည် အနာဂတ်ကို စိုးမိုးပိုင်ဆိုင်ရမည့် သူများသာ ဖြစ်ပေသည်။ သို့ဖြစ်သည်နှင့်အညီ ယနေ့ ကျွန်ုပ်တို့ ကရင်လူငယ်ထု၏ အသိဝယ် အမျိုးသားရေးအသွင်ဆန်သော အမျိုးသားရေးအသွင် လက္ခဏာရပ်များကို စွဲကိုင်လျက် အမျိုးသားရေး ခံယူချက်၊ ယုံကြည်ချက်တို့သည် ကြည်လင်ခိုင်မာ ပြတ်သားဖို့ လိုအပ်ပေသည်။ ကျွန်ုပ်တို့ ကရင်လူငယ်ထု၏အသိ ကြည်လင်ခိုင်မာ ပြတ်သားမှသာလျှင် ကျွန်ုပ်တို့ ကရင်အမျိုးသားထု၏ ရေရာသော အနာဂတ်ဆီသို့ တက်လှမ်းနိုင်မည်သာ ဖြစ်ပေသည်။

ကျွန်ုပ်တို့၏ အနာဂတ်ရေးသည် ယနေ့ ကျွန်ုပ်တို့ လူငယ်ထု၏ လက်ထဲတွင် ရှိနေသဖြင့် ကျွန်ုပ်တို့ ကရင် လူငယ်ထုအနေနှင့် အဟောင်းကို စွန့်လွှတ်၍ အသစ်ကို ဖန်တီးယူရာတွင် အဟောင်းကို မစွန့်လွှတ်မီ အကြင် အဟောင်းကို ယထာဘူတ နည်းကျကျ ဆန်းစစ်တတ်ဖို့ လိုပေသည်။ အကြင်ဟောင်းသည် ကျွန်ုပ်တို့ အမျိုးသားထု ဘဝ၏ မျက်မှောက်ကာလ အကျိုးစီးပွားနှင့် အနာဂတ်ကာလ အကျိုးစီးပွားအတွက် တစ်စုံတစ်ရာ ပေးစွမ်းနိုင်ခြင်း ရှိ မရှိကို ဆန်းစစ်ရပေမည်။ ဆန်းစစ်ပြီးမှသာလျှင် စွန့်သင့် စွန့်ထိုက်သင့်သည်တို့ ကိုစွန့်၍ ယူသင့်ယူထိုက်သင့်သည်တို့ကို အခြေခံယူပြီး အသစ်အသစ်တို့ကို ဖန်တီးယူရမည်သာ ဖြစ်ပေသည်။ တော်လှန်ရေးတစ်ရပ်ကို ဆင်နွှဲရာတွင် တော်လှန်သော သဘောတရား တွေ့ရှိမှသာလျှင် တော်လှန်ရေးတစ်ရပ်ကို အောင်အောင်မြင်မြင် ဆင်နွှဲနိုင်မည်ဖြစ်သည် ဟူသော စကားရပ်အတိုင်း ကျွန်ုပ်တို့ ကရင်လူငယ်ထုအနေနှင့် အဟောင်း ကိုစွန့်၍ အသစ်ကို ဖန်တီးယူရာတွင် တော်လှန်သော သဘောတရား တွေ့ရှိဖို့ လိုအပ်ပေသည်။

(တော်လှန်သော သဘောတရားဆိုသည်မှာ ကျွန်ုပ်တို့၏ နောက်ကြောင်း အတိတ်ဖြစ်စဉ်သမိုင်း ဖြစ်ရပ်များမှ ယနေ့ ပစ္စက္ခ မျက်မှောက်ကာလနှင့် အနာဂတ်ရေးက လက်မခံနိုင်တော့သည့် အတွေးအခေါ် အယူအဆမျိုးကို ရဲရဲဝံ့ဝံ့ ပြတ်ပြတ်သားသား စွန့်လွှတ်နိုင်ရဲရမည် ဖြစ်သလို ယနေ့ပစ္စက္ခ မျက်မှောက်ကာလနှင့် အနာဂတ်ရေးက တောင်းဆိုနေသည့် အချက်အလက်များကိုလည်း လက်တွေ့ကျကျ ကျင့်သုံးခံယူ

နိုင်ရဲရပေမည်။ ဤကဲ့သို့သော လမ်းညွှန်မှုများသည်ပင် တော်လှန်သော သဘောတရားများ ဖြစ်ပေသည်။

သို့အတွက် ကျွန်ုပ်တို့ ကရင်လူငယ်ထုအတွင်း အမျိုးသားရေး အသိစိတ်ဓာတ်ကို ပထမဦးဆုံး အခြေခံကျကျ ခံယူတတ်ဖို့ လိုပေသည်။ ခံယူချက်ကိုလည်း ခိုင်ခိုင်မာမာ ပြတ်ပြတ်သားသား ရှိရပေမည်။ ခံယူချက် ခိုင်မာပြတ်သားမှသာ လျှင် တစ်နည်းအားဖြင့် အမျိုးသားရေး အသိစိတ်ဓာတ်ဖြင့် ကျွန်ုပ်တို့၏ ဦးနှောက်ကို သန့်စင်အောင် ဆေးကြောပြီးမှသာလျှင် အန္တရာယ်ဟူသမျှကို ရင်ဆိုင်ဖြေရှင်းရင်းကပင် ဝေဖန်ရေးနှင့် မိမိကိုယ်ကို ဝေဖန်ရေးအမြင်ဖြင့် ကျွန်ုပ်တို့၏ အသိကို အမြတမ်းတိုးတက်သစ်လွင်အောင် ကြိုးစားနေရပေမည်။

အမျိုးသားရေးအသိအမြင် အမြဲတမ်း တိုးတက်သစ်လွင်နေဖို့ရာ ပြဿနာရပ်တိုင်း ပြဿနာရပ်တိုင်း၏ ဖြစ်ပေါ်လာရမှု မူလဇစ်မြစ်ကို သဘာဝကျကျ ပြန်လည်ဆန်းစစ်တတ်ဖို့ လိုပေသည်။ ထို့ကြောင့် ကျွန်ုပ်တို့ ကရင်လူငယ်ထုအနေနှင့် ကျွန်ုပ်တို့၏ ရပ်တည်လာခဲ့ရမှု နောက်ကြောင်းသမိုင်းကို ပြန်လည်၍ တစေ့တစောင်းကြည့်ပြီး အကျိုးအမြတ်များကို ပြန်လည်၍ ဆန်းစစ်တတ်ဘို့ လိုအပ်ပေသည်။ ယထာဘူတနည်းကျကျ ကျွန်ုပ်တို့၏ နောက်ကြောင်းသမိုင်းကို လေ့လာတတ်မှုသည် ကျွန်ုပ်တို့၏ အနာဂတ်ရေးကို ရပ်လုံးဖော်ရာတွင် သဘောတရားအဖြစ် လက်တွေ့ဘဝကို လမ်းညွှန်မှုပေးနိုင်မည် ဖြစ်ပေသည်။

မန်းစိုးဟန်

■

မှတ်ချက်

ဤဆောင်းပါးသည် ၁၉၇၄-ခုနှစ်၊ ၂၇၁၃-ခုနှစ် ကရင်နှစ်သစ်ကူးကျင်းပရေး ဗဟိုကော်မတီ (မဟာရန်ကုန်) သတင်းနှင့် ပြန်ကြားရေးဆပ်ကော်မတီမှ ကြီးမှူးပြုလုပ်သည့် ဆောင်းပါးပြိုင်ပွဲတွင် "ပထမဆုရ" ဆောင်းပါး ဖြစ်ပါသည်။ ဆောင်းပါးရေးသူ "မန်းစိုးဟန်" သည် ထိုစဉ်က တွဲဖက်အထက်တန်းကျောင်းဆရာ အလုပ်ကို လုပ်ကိုင်ခဲ့ပြီး ယခုအခါ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနတွင် "ညွှန်ကြားရေးမှူးချုပ်" တာဝန်ကို ထမ်းဆောင်ခဲ့ပြီးနောက် သက်ပြည့်အငြိမ်းစား ယူခဲ့ပြီးဖြစ်ပါသည်။



# မရိုးနိုင်

တချို့ပြောနေတာက
'ဝိုင်းစု' သီချင်းက ကောင်းတယ်တဲ့
ဒါပေမဲ့ . . . .
တို့ကို ရင်ခုန်မြူးကြွစေတဲ့
ဖားစည်သံကပဲ
ပိုပြီး ချိမြိန်မှု ရှိမှာပါ။

တချို့က အားကျမခံ
'အေသင်ချိုဆွေ' ကမှ ပိုကောင်းတာတဲ့
ဒါပေမဲ့ . . . .
နှစ်သစ်ကူးသည့် ရင်ခုန်သံကိုတော့
ဘယ်မှီ နိုင်မလဲ။

တချို့ တချို့လည်း
ပြောတာပေါ့
ဘယ်သူ ဘယ်ဝါကမှ ' . . . . . . . ' တဲ့
ဒါပေမဲ့
ဒါတွေက အသစ်တို့ရဲ့ ကွယ်ရာ
ရိုးသွားစမြဲပါ။

ဘယ်တော့မှ မရိုးနိုင်တဲ့
ဖွဲကပင်မြေက ဖားစည်သံကိုသာ
ပြေးသတိရလိုက်ပါ။

ဝါးရယ်ဦး (လှိုင်ကော်)

# မူဒါးအို ဒေါ့ပွါကို့ဂါး

# တာဝန်ကိုယ်စီ ရှိကြသည်

စောသောင်းကြီး (မင်းလှ)

၂၀၁၂၊ အောက်တိုဘာလ၊ ၁၃ ရက်နေ့ နံနက် ၉း၀၀ နာရီအချိန်၊ အင်းစိန်မြို့နယ်၊ ဟိုင်းဆတ်၊ သာယာရေး (၂)လမ်း အမှတ် (၄)၌ အစိုးရအဖွဲ့ ကရင်ရေးရာဝန်ကြီး ဦးစောထွန်းအောင်မြင့်၊ ဝန်ကြီးဦးစောဂျူးလီစံလှတို့နှင့် ကရင်တိုင်းရင်းသားများ၏ တွေ့ဆုံပွဲသည် ကရင်လူမျိုးတို့၏ သမိုင်းဝင်မှတ်တမ်းတင်ရမည့်နေ့ တစ်နေ့ဟု ဆိုရပါမည်။ အဘယ်ကြောင့်ဆိုသော် အဆိုပါတွေ့ဆုံပွဲသို့ ကရင်လူမျိုးများ၏ ဘာသာရေးဆိုင်ရာ ဘုန်းတော်ကြီးများ၊ သာသနာဆိုင်ရာ ဝန်ထမ်းများ၊ နိုင်ငံရေးအဖွဲ့ကအစည်းများမှ ကရင်အမျိုးသား အမျိုးသမီးများ၊ ငြိမ်းချမ်းရေးဖော်ဆောင်ရာတွင် ဦးဆောင်ဦးရွက်ပြုသူများ၊ ကရင်တိုင်းရင်းသားစစ်မှုထမ်းဟောင်းများနှင့် အငြိမ်းစားဝန်ထမ်းများ၊ တိုင်းဒေသများ၌ရှိကြသော ကရင်တိုင်းရင်းသားများသည် တက်တက်ကြွကြွ၊ အင်တိုက်အားတိုက် တွေ့ဆုံကြရခြင်းဖြစ်၍ ငြိမ်းချမ်းရေးကို မည်မျှဆာလောင်မွတ်သိပ်နေကြသည်ကို ဖော်ပြနေခြင်းပင် ဖြစ်ပါသည်။

"တစ်ယောက်တည်းနေပါက တရား၊ နှစ်ယောက်ဆိုပါက စကား၊ သုံးယောက်ဆိုပါက အလကား" ဟု တရားဓမ္မကျင့်ကြံအားထုတ်သည့် ရိပ်သာတရားစခန်းများတွင် တရားဓမ္မဟောကြားတော်မူသော ပုဂ္ဂိုလ်များက ယောဂီအပေါင်းတို့အား အသိပေး ပြောကြားလေ့ ရှိပါသည်။ ဤသည်မှာ တရားရှာ ကိုယ်မှာတွေ့ရန် အလို့ငှာ၊ ချမ်းသာအေးချမ်းမှုကို ရှာဖွေလိုသည့် ယောဂီအပေါင်း သူတော်ကောင်းတို့အတွက် ဖြစ်ပါသည်။

ကျွန်တော်သည် အမိုးနှင့်အပါးတို့၏ ပေါင်းစပ်မှုကြောင့် လူဖြစ်လာသည်ဖြစ်ရာ၊ ကျွန်တော်အပါအဝင် မိသားစု (၃) ဦး ရှိပြီ ဖြစ်ပါသည်။ သို့ဖြစ်၍ ကျွန်တော်တို့ မိသားစု (၃) ဦးသည် အထက်ဖော်ပြခဲ့ပါအရ အလကား ဖြစ်နေပြီလားဟု ပြန်လည် ဆန်းစစ်ကြည့်မိပါသည်။ (၁) ယောက်ဆိုပါက တရား၊ (၂) ယောက်ဆိုပါက တန်ဖိုးရှိသောစကား ပြောဖို့ရန်နှင့် (၃)ယောက်ဆိုပါက ညီညွတ်မှုတ၍ အေးချမ်းဖို့ တာဝန်ရှိကြောင်း အတွေးပေါက်မိပါသည်။

ယခုအခါ ရွာကြီးတစ်ရွာဖြစ်သည့် ဤကမ္ဘာကြီးတွင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအရ စစ်ပွဲများဖြစ်၍ မငြိမ်မသက် ဖြစ်နေသည်မှာ ကျွန်တော်တို့နိုင်ငံတွင်လည်း ဖြစ်နေပါသည်။ စစ်ဆိုသည်မှာ နိုင်သူဟူ၍ မရှိ၊ နိုင်သူလည်း ရှုံး၍၊ ရှုံးသူလည်း ရှုံးသည်ပင်။ စစ်ကြောင့် ဒုက္ခိတဖြစ်၊ မိဘမဲ့၊ မုဆိုးဖို၊ မုဆိုးမ မိသားစုအခြေပျက်၊ အိုးအိမ်မဲ့ပြီး ရင်သွေးငယ်များ၊ မိထွေးနှင့်ပထွေးများသာ ရကြမည် ဖြစ်ပါသည်။

ထို့ကြောင့် သတင်းစာဆရာတစ်ဦးက ရှေ့တန်းပြန်စစ်သားကို "What is the most beautiful of the world?" ကမ္ဘာမှာ အလှအပဆုံးဟာ ဘာလဲလို့ မေးတယ်။ ရှေ့တန်းပြန်စစ်သားက "Peace is the most beautiful of the world" ငြိမ်းချမ်းခြင်းသည်သာ ကမ္ဘာမှာ အလှအပဆုံးဟု ဖြေကြားတယ်။ အဲဒီလိုပဲ အဆိုပါသတင်းစာဆရာက ချစ်သူနှစ်ဦးဆုံတွေ့နေစဉ် "What is the most beautiful of the world? ချစ်ခြင်းမေတ္တာသည်သာ ကမ္ဘာမှာ အလှအပဆုံးဟု

ဖြေကြသည်။ ထို့ကြောင့် အဖြေနှစ်ခုကို ပေါင်းစပ်ပါက ချစ်ခြင်းမေတ္တာနှင့် ငြိမ်းချမ်းရေးသည်ပင် ထပ်တူထပ်မျှ လိုလားကြသည်မှာ ထင်ရှားပါသည်။

ကျွန်တော်ငယ်စဉ်က ကျွန်တော်နှစ်သက် မြတ်နိုး နေသူ အမျိုးသမီးကို "Zero after fifty, add V and E which relative between you and me." မင်းနဲ့ငါနဲ့ ဘယ်လိုအမျိုးတော်လဲဆိုတာကို ဖော်ပြရန် မေးခဲ့တယ်။ သူမက မသိတော့ ကျွန်တော်ဖြေပြတယ်။ အဲဒါက Zero= သုည (၀)၊ after fifty= ရှေ့ကငါးဆယ် (ရောမဂဏန်း) (L)၊ add= V နှင့် E ကို ပေါင်း- အဲဒီတော့ LOVE လို့ ပြောပြလိုက်ရသူကတော့ ကျွန်တော်ဒီနေ့အထိ ပေါင်းသင်း နေတဲ့ ကျွန်တော့်ရဲ့ (အယ်ပို) ချစ်ဇနီး နော်ကျင်လှရယ်ပါ။

သို့ဖြစ်၍ ရှေ့တန်းပြန်စစ်သားသည် လည်း ကောင်း၊ ချစ်သူနှစ်ဦးတို့သည် လည်းကောင်း ကျွန်တော်တို့ ဇနီးမောင်နှံတို့သည်လည်းကောင်း တူညီသော ခံစားချက် ဖြစ်သည့် ချစ်ခြင်းမေတ္တာနှင့် ငြိမ်းချမ်းရေးဖြစ်သည်မို့ ငြိမ်းချမ်း ရေးသည် အဓိက၊ ငြိမ်းချမ်းရေးသည် ပထမ၊ ငြိမ်းချမ်းရေးသည် ဒုတိယ၊ ငြိမ်းချမ်းရေးသည် တတိယဟု အဓိဋ္ဌာန်ပြုရင်း ကရင်တစ်မျိုးသားလုံးသည် ပြည်တွင်းငြိမ်းချမ်းရေး ရစေဖို့ (မူဒါးအိုဒေါ်ပွါကိုဂ့ါး) တာဝန်ကိုယ်စီရှိကြသည်ဟု တိုက်တွန်း လိုက်ရပါတော့သည်။

စောသောင်းကြီး (မင်းလှ)

■



# လူငယ်၊ နိုင်ငံနှင့် အနာဂတ်

- အနာဂတ်တွက်
တက်ကြွလူငယ် ဂုဏ်ဝင့်ထည်တော့
နိုင်ငံလည်းမော့ ရင်ကိုကော့

- ကျောင်းမှာဆရာ မျက်နှာမလိုက်
အားစိုက်သွန်သင် သူ ကျွမ်းကျင်တော့
နိုင်ငံလည်းမော့ ရင်ကိုကော့

- အိမ်မှာမိဘ ပြည့်ဝချမ်းသာ
ပညာရှာရေး သူအားပေးတော့
နိုင်ငံလည်းမော့ ရင်ကိုကော့

- တက်ကြွလူငယ် ဝင့်ထည်စည်းကမ်း
ကြိုးပမ်းလုံ့လ ကိုယ်ကျင့်မြတ်တော့
နိုင်ငံလည်းမော့ ရင်ကိုကော့

- ကျောင်းမှာ "ဆရာ"
အိမ်မှာ "မိဘ"
တက်ကြွ "လူငယ်"
သုံးသွယ်စိန်စီ ဟန်ချက်ညီတော့
နိုင်ငံလည်းမော့ ရင်ကိုကော့

- သို့သော် . . .

- သိက္ခာမရှိ ပျင်းရိပေါ့လေ ဆရာတွေနှင့်
ဝမ်းနေမဝ သောကတွေပြား မိဘများတို့
ပေါက်ဖွားစုံဖက် ကျင့်ပျက်လူငယ်
စည်းပြယ်အိမ်ကျောင်း သုံးသွယ်ပေါင်းတော့

- လူငယ်ဆိုတာ "မြှောင်း" ထဲမှာ
နိုင်ငံဆိုတာ "ချောင်း" ထဲမှာ
အနာဂတ်ဆိုတာ "ခေါင်း" ထဲမှာ

စမောင်မောင်ကြည်(ကရင်ပြည်နယ်)



# ခြေကပ့ရင်ခွင်

“နင် တကယ်ပြောတာလားဟင်”
“ဆယ်ကယ်”

ဟေး… ခနဲ ဝမ်းသာအားရ အော်ဟစ်လိုက်ပြီး နွားသူငယ်လေးလို ခုန်ပေါက်ပျော်ရွှင်နေတဲ့ သူမပုံစံကို ငေးကြည့်ရင်း သူ့ရင်ထဲ အလိုလို ပျော်ရွှင်ကြည်နူး နေမိပါရဲ့။

“ကဆန် - မွတ်မွတ် (အမေက) ငါ့ကို လွှတ်ပါ့မလား”
“ဘာလဲဟ၊ ဟိုရောက်ရင် ငါ့စကားကို နားထောင်ပါ့မယ်လို့ ကတိပေး”
“ပေးတယ်ဟ၊ ပေးတယ်၊ ကတိ”

ဒီလိုနဲ့ သူတို့နှစ်ယောက် ရန်ကုန်မြို့တော်ကြီး ကို ရောက်ခဲ့ကြပါတယ်။

ဆန်ဖာထိ (ကွင်းဘော)

အရာအားလုံးကို ကျော်ခိုင်း ထွက်ခွာသွားချိန်မှာတော့ ရင်ဘတ်တစ်ခုလုံးပေါ့ပါးလန်းဆန်းလျက်ခြေလှမ်းများ တက်ကြွလို့နေပါတယ်။
လှောင်အိမ်ထဲက လွတ်မြောက်သွားတဲ့ငှက်တစ်ကောင် လို သူ့စိတ်တောင်ပံတွေတဖျတ်ဖျတ်ခတ်လို့ အဆုံး အစမဲ့ မိုးကောင်းကင်ကြီး ထဲ ပျံသန်းလို့နေပါ တယ်။
လူတွေရဲ့စိတ်အာရုံတွေ ကို
တအံ့ပျော်ရွှင် ကြည်နူးစေခဲ့တဲ့၊ ညှို့ဝင်ဖမ်းစားစေခဲ့တဲ့ ရွှေဝါရောင်စကားလုံး လှလှလေးနဲ့ ရေးထိုးချိတ်ဆွဲထားတဲ့ ဆိုင်းပုဒ်ကြီးကတော့ နောက်မှာ ဝေးသထက် ဝေးကွာစွာ ကျန်ရစ်ခဲ့လေပြီ…

တကယ်တော့ ဒီနေရာမှာ သူမကို မလုပ်စေချင်ဘူး ခေါ်မလာသင့်ဘူးလေ။ ဒါပေမဲ့ လွှမ်းရေးထက် ဝမ်းရေးခက်နေတော့ သူမကို သူ ခေါ်ဆောင်လာခဲ့ရခြင်း ဖြစ်ပါတယ်။ သူမ မှာ မောင်နှမ (၃) ယောက် ရှိပါတယ်။ သူမက အကြီးဆုံး၊ သူ့အောက်က မောင်နှမ နှစ်ယောက်ကတော့ ကလေးအရွယ်တွေမို့ ကျောင်းတက်နေပါတယ်။ သူမ ဖဖ (ဖေဖေ) ကတော့ ယစ်ထုပ်သမားကြီး တစ်ယောက်။ ဘာ အလုပ်အကိုင်မှ မရှိဘူး။ မိုးလင်းမိုးချုပ် ယစ်ရွှေ ရည်နဲ့ပဲ။ အိမ်ကိုတော့ ဆူလားငေါက်လား ဘယ်တော့မှ မလုပ်ဘူး။ သူ့စည်းစိမ်နဲ့ သူပါပဲ။ သူမ မွတ်မွတ် (အမေ) ကတော့ အလွန် တော်ရှာ ပါတယ်။ သမာအာဇီဝ အလုပ်မှန်သမျှ တစ်ယောက်တည်း သိမ်းကျုံးပြီး လုပ်တယ်။ သူတို့ မိသားစုက တစ်နေ့လုပ်တစ်နေ့စား အလွန် ဆင်းရဲနွမ်းပါး ကြပါတယ်။

သူကတော့ သူမ မိသားစုထက် စာရင် အများကြီး ချောင်လည်ပါတယ်။ တစ်ဦးတည်းသောသားမို့ မိသားစု ကုန်ကျစရိတ် နည်းတယ်။ တတ်နိုင်သလောက်တော့ သူမတို့ မိသားစုကို သူထောက်ပံ့ကူညီ ပေးခဲ့ပါတယ်။ သူနဲ့ သူမကလည်း ငယ်ပေါင်းတွေ မဟုတ်လား။ တစ်ရွာတည်းနေ တစ်ရေထဲသောက် ကလေးဘဝကတည်းက အတူတူ ကြီးပြင်းလာခဲ့ကြတဲ့ ကရင်လူမျိုးတွေပေါ့။ အမျိုးသားရေးမှာလည်း နှစ်ယောက်သား တက်တက်ကြွကြွ ပါဝင်ခဲ့ကြပါတယ်။ အထူးသဖြင့် ကရင်အမျိုးသားနှစ်သစ်ကူး ပွဲတော်နေ့မှာပေါ့။ နှစ်ယောက်စလုံးက ဒုံးယိမ်းကတာ အရမ်းတော်ကြပါရဲ့ ........

သူတို့ဘဝ တိုးတက်ရာ တိုးတက်ကြောင်း မြို့တက်ပြီး အလုပ်တွေ လုပ်လာခဲ့တာ နှစ်တွေ မနည်းတော့ဘူး။ ဒီက အကြောင်းတွေကိုလည်း တော်တော်များများ ပြောပြထားပြီးပါပြီ။

"ဦးထော်ဟာ ငါတို့ညှော်သည်ဆိုပေမဲ့ သူနဲ့ ကင်းကင်းရှင်းရှင်း နေပါ၊ လုံးဝမပတ်သက်ပါနဲ့လို့ အတန်တန် မှာထားရက်နဲ့ဟာ။"

"ဦးထော်က ငါ့အပေါ် အရမ်းကောင်းတယ်။"

"ဦးထော် နင့်အပေါ်မှာ အရမ်းကောင်းတယ်ဆိုတာ သွေးရိုးသားရိုး ဟုတ်မဟုတ် ငါ့ထက် နင်က ပိုသိမှာပါ။ တော်ပြီဟာ၊ ငါ ပြန်တော့မယ်။"

"ဘာ "

နားထဲ ငြိကျလာတဲ့ စကားတစ်ခွန်းက တိုးသက် ညင်သာပေမယ့် သံရေပူ လောင်းထည့် လိုက်သလို နာကျင်ပြင်းထန်စွာ သူ ခံစားလိုက်ရပါရဲ့ ....

"ထောင်ကလိန် မင်းဘယ်လိုပြောလိုက်တာလဲကွာ..."

"ငါ အခုပြောနေတာတွေက အကုန်လုံး အမှန်တွေကြီးပဲ သူငယ်ချင်း...."

"လန်းအိုင် ရွာကိုပြန်ဖို့ ခွင့် (၅) ရက် ယူထားတာ မဟုတ်ဘူးလား"

"ကဆန် မင်းဒီလောက် တုံးအလိမ့်မယ်မှန်း ငါလုံးဝ မထင်ခဲ့မိဘူး။ ငါ့မျက်စိနဲ့ တပ်အပ် မြင်ခဲ့တယ်။ ဒီဆိုင်က လူတွေကလည်း အကုန်သိနေကြတယ်ကွ "

"တောက်"

ကျယ်လောင်ခံပြင်းစွာ တက်တစ်ချက် ခေါက်လိုက်မိပါတယ်။ ရင်ဘတ်ထဲ တောက်လောင်နေတဲ့ ဒေါသမီးတွေကြောင့် လူတစ်ကိုယ်လုံး ခြစ်ခြစ်တောက်ပူလောင် နာကျင်နေခဲ့ပါရဲ့။

"လန်းအိုင်၊ နင် သိပ်မိုက်တာပဲဟာ .... "

လန်ခရူဆာ ကားကြီးက ဆိုင်ရှေ့မှာ ထိုးရပ်သွားပါတယ်။ ကားပေါ်မှ ဆင်းလာသူကတော့ ခေတ်အမီဆုံး စမတ်ကျကျ ဖက်ရှင်စတိုင်လ်လေးနဲ့ အရမ်းလန်းနေတဲ့ နန့်လန်းအိုင်။

နှစ်ယောက်သား အပြန်အလှန် ဘိုင့်ဘိုင်လက်ပြ နှုတ်ဆက်ပြီး ကားကြီးက ပြန်လှည့်ထွက် သွားပါတယ်။ အဲဒီတော့မှ သူမ ခပ်သုတ်သုတ်လေး ဆိုင်ထဲသို့အဝင် တစ်စုံတစ်ခုနဲ့ ဝင်တိုက်လိုက်မိတာမို့...

"ဆောရီး .....ဟင်"

သူမမျက်နှာတစ်ခုလုံးသွေးမရှိတော့ ......

"ကိုယ့်ကရင်လူမျိုးကို တကယ်ချစ်တယ် ကိုယ့်ကရင် လူမျိုးတွေရဲ့ ဘဝကို ကယ်တင် ပေးချင်တယ် ဆိုရင် ပထမဦးဆုံး ကိုယ်က အပေါ် ရောက်သွားတော့မှ အောက် က လူတွေကို ဆွဲခေါ်လို့ ရမှာ"

"ချောင်းသာမှာ မိုးမမြင် လေမမြင် အရမ်းပျော်ခဲ့ကြတယ်ပေါ့ လန်းအိုင်၊ နင် ဒီလိုမိန်းမစားမျိုး ဖြစ်လိမ့်မယ်လို့ ငါ ဘယ်တော့မှ ထင်မထားမိခဲ့ဘူး .... ကိုယ့်အဖေလောက်ရှိတဲ့ သူနဲ့များ"

"တော်တော့ ကဆန်... ဒါ ငါ့ ကိုယ်ရေးကိုယ်တာကိစ္စပါ။ နင်ပါဝင် ပတ်သက်စရာ အကြောင်း မရှိဘူး"

"နင် ရူးနေပြီးလား လန်းအိုင်။ နင့်နဲ့ငါက ငယ်ပေါင်းတွေပါဟာ။ နင့်ကို ဒီကိုခေါ်လာတာ ငါပါ။ နင်တစ်ခုခု ဖြစ်သွားရင် ငါဘယ်လို ဖြေရှင်းရမှာလဲ။ ငါမှာ တာဝန်ရှိတယ် လန်းအိုင်။"

"ငါ့ဘာမှ မကြားချင်တော့ဘူး။ ငါအိပ်ချင်ပြီ။"

"လန်းအိုင် နင်အရမ်း ပြောင်းလဲသွားတယ်။ မယုံကြည်နိုင်လောက်အောင် နင် လုံးဝ ပြောင်းလဲသွားပြီပဲ။ ဦးထော်က လူပို့ လူလွှတ် မဟုတ်ဘူး။ ပြီးတော့ သူက လူမျိုးခြား တစ်ယောက်။"

"ဒီမှာ ကဆန် နင့်စိတ်ကို ငါနားလည်ပါတယ်။ နင်မျိုးချစ်စိတ်ဓာတ် အပြည့်

ရှိသလို ငါလည်း ရှိပါတယ်။ ဒါပေမယ့် ကိုယ့်မျိုးချစ်စိတ်ဓာတ်က ငါတို့ကို ဘာလုပ်ပေးနိုင်ခဲ့လို့လဲ။ ငါ့မိသားစုအတွက် လုံခြုံမှု ဘာအကာအကွယ် ပေးနိုင်ခဲ့လို့လဲ ပြီးတော့ ငါတို့ ကရင်လူမျိုးတွေကလည်း အကုန်လုံး အရက်သမားတွေချည်းပဲ။ ဝါးလုံးရှည်ကြီးနဲ့ ယမ်းနေတာမဟုတ်ဘူး။ နင်ဝေးဝေး မကြည့်နဲ့၊ ဒီဆိုင်ထဲမှာပဲ ကြည့်။ လွယ်လွယ်ရတဲ့ ပိုက်ဆံတွေကို မူးယစ်သောက်စားပြီး သုံးဖြုန်းကြတယ်။ သူတို့မှာ အနာဂတ်ဆိုတာ မရှိဘူး၊ သူတစ်ပါးဆီက ပိုက်ဆံ တစ်ပြားတစ်ချပ်လေးရဖို့ အမျိုးမျိုးအောက်ကျခံ၊ မျက်နှာချိုသွေးပြီး ကိုယ့်ကရင်ပျိုတွေကို သူတို့လက်ထဲ ထိုးအပ်ပေးခဲ့ကြတယ်။ တွေးကြည့်ရင် တကယ် အသည်းနာဖို့ ကောင်းတယ်။ ဘယ်လိုလုပ်ပြီး ကိုယ့်ကရင် လူမျိုးတွေကို အားကိုးအားထား ရတော့မှာလဲ။ ဦးထော်ဟာ ငါ့ကို တဒင်္ဂသာယာမှုအတွက် အသုံးချခဲ့ရင်တောင် ငါ့ဘဝ၊ ငါ့မိသားစုအတွက် တစ်သက်စာ ဖူလုံတယ်ဟ"

သူမရဲ့ စကားလုံးမြားချက်တွေက လေကိုခွင်းပြီး သူ့နှလုံးသားတည့်တည့်ကို အချက်ပေါင်းများစွာ စိုက်ဝင်လာပါတယ်။ ပြန်လည်ခွန်းတုန့်ပြန်ဖို့ သူ့မှာ စကားလုံးနှုတ်ခမ်းတွေက ဆွံ့ အ သွားစေခဲ့ပါတယ်။ ရင်ဘတ်ထဲမှာတော့ ဝမ်းနည်းကြေကွဲမှုနဲ့ အတူ နာကျင်ပြင်းထန်လှတဲ့ ခံစားမှုဝေဒနာတွေကြောင့် တစ်ကိုယ်လုံး အားအင်မဲ့သွားကာ နေရာမှာပင် ပြိုလဲကျသွားခဲ့ပါရဲ့။

"မင်းတို့ ကရင်လူမျိုးတွေက ရိုးသားတယ်၊ ပွင့်လင်းတယ်၊ သစ္စာရှိတယ်။ ဒီဆိုင်မှာ မင်းတို့ ကရင်လူမျိုးချည်းပဲ ခေါ်တယ်။"

ဆိုင်ပိုင်ရှင်သူဌေးကြီး ပြောခဲ့ဖူးသော စကားတစ်ခွန်းကို နားထဲ ပြန်လည်ကြားယောင်မိချိန်မှာတော့ သူ့ရင်ထဲမှာ ပိုပြီး နာကျင်ထိခိုက်လျက် ကြေကွဲနေမိပါတယ်။ အခံရ ခက်စေပါတယ်။ တကယ်တော့ ဒီလိုအချိုသတ်မှုမျိုးနဲ့ ကိုယ့်ကရင်လူမျိုးတွေ အသုံးချ ခံခဲ့ရတယ်ဆိုတာ မသိခဲ့၊ သိအောင် ဒီဘဝက လွတ်မြောက်အောင် ဘယ်သောအခါမှ မကြိုးစားခဲ့။

"ကိုယ့်ကရင်လူမျိုးကို တကယ်ချစ်တယ် ကိုယ့်ကရင်လူမျိုးတွေရဲ့ ဘဝကို ကယ်တင်ပေးချင်တယ်ဆိုရင် ပထမဦးဆုံး ကိုယ်က အပေါ်ရောက်သွားတော့မှ အောက်ကလူတွေကို ဆွဲခေါ်လို့ရမှာ" ကရင်လူမျိုးနှစ်သစ်ကူးနေ့တုန်း က ဥက္ကဋ္ဌကြီးဖြစ်သူရဲ့ မိန့်ခွန်းစကားသံ။ အိမ်မက်ထဲက လန့်နိုးသွားတဲ့ သူတစ်ယောက်လို သူခံစားလိုက်ရပါတယ်။

"ကဆန်၊ ငါတို့ရွာမှာ ကရင်စာပေ သင်ကြားပေးမယ့် မင်းတို့လူငယ်တွေ အများကြီးလိုအပ်တယ်။ မျိုးဆက်သစ်ရင်သွေးတွေကို ပြုစုပျိုးထောင်ခြင်းဟာ တိုင်းပြည်နဲ့ လူမျိုးရဲ့ အနာဂတ်ကို ပြုစုပျိုးထောင်ခြင်းပါပဲ။ ဖြစ်နိုင်ရင် ရွာမှာပဲနေပြီး ကရင်စာပေကို သင်ကြားပေးစေချင်တယ်"

ရွာသူကြီး မန်းစံအေးရဲ့ စကားတစ်ခွန်းကို သတိရ ကြားယောင်မိပြန်တော့ တစ်ကိုယ်ကောင်းဆန်တဲ့ သူ့လုပ်ရပ်တွေအတွက် အရမ်း နောင်တ ရနေမိပါတယ်။ ကိုယ့်ကိုယ်ကို ရှက်ရွံ့နေမိပါတယ်။ နောက်ဆုံး ခိုင်မာပြတ်သားတဲ့ ဆုံးဖြတ်ချက်တစ်ခုကို သူချနိုင်ခဲ့ပါရဲ့။ အရာအားလုံးကို ကျောခိုင်းထွက်ခွာသွားချိန်မှာတော့ ရင်ဘတ်တစ်ခုလုံး ပေါ့ပါးလန်းဆန်းလျက်
ခြေလှမ်းများ တက်ကြွသွက်လက်လို့ နေပါတယ်။

လှောင်အိမ်ထဲမှ လွတ်မြောက်သွားတဲ့ ငှက်တစ်ကောင်လို သူ့စိတ်အတောင်ပံတွေ တဖျပ်ဖျပ်ခတ်လို့ အဆုံးအစမဲ့ မိုးကောင်းကင်ကြီးထဲ ပျံသန်းလို့နေပါတယ်။ လူတွေရဲ့ စိတ်အာရုံတွေကို တဒင်္ဂ ပျော်ရွှင်ကြည်နူးစေခဲ့ ညှို့ငင် ဖမ်းစားစေခဲ့သော ရွှေဝါရောင်စကားလုံးလှလှလေးဖြင့် ရေးထိုးချိတ်ဆွဲထားတဲ့ ဆိုင်းပုဒ်ကြီးကတော့ နောက်မှာ ဝေးသထက် ဝေးကွာစွာ ကျန်ရစ်စေခဲ့ပြီ

· · · · · ·

ဆိုင်ကြီးရဲ့ နာမည်ကတော့ Violet KTV တဲ့ · · · · ·

ကရင်လူငယ်များ အတောက်ပြောင်ဆုံးသော ဘဝတစ်ခု တည်ဆောက်နိုင်ကြပါစေ။

ဆန်ဖာထိ (ကွင်းဘော)

■

# နှလုံးသားရဲ့ အရှင်သခင်

မီးမီးပိုး

ကရင်နှစ်သစ်ကူး ပွဲတော်ရောက်တိုင်း ကျွန်မအလွန်ပျော်ပါသည်။ အဘယ့်ကြောင့်ဆိုသော် ကရင်မိဘက မွေးဖွားလာပြီး ကရင်စစ်စစ်တစ်ယောက်ဖြစ်တဲ့ ကျွန်မ မပျော်ဘဲနေနိုင်ရိုးလား။

တစ်နှစ်မှတစ်ခါ၊ တစ်ခါမှတစ်ရက်သာ ကျင်းပတဲ့ ကရင်နေ့ထူးနေ့မြတ်မှာ ကျွန်မတို့ရဲ့ ကရင်ရိုးရာ မြူးမြူးကြွကြွ ဒုံးအကကို ကပြဖြေဖျော်ရတာ ကျွန်မအတွက် အပျော်ဆုံးအချိန်ပါ ကျွန်မရင်ခုန်ရတဲ့ အချိန်လည်း ရှိပါသေးတယ်။

အဲဒီအချိန်ကတော့ ပြာသိုလဆန်း တစ်ရက်နေ့ နံနက်ဝေလီဝေလင်း ရောင်နီပျိုးတဲ့ အချိန်မှာ ကရင်နှစ်သစ်ကူး ကျင်းပရာနေရာမှာ ကရင်လူမျိုးများအားလုံး စီတန်းပြီး ကရင်အလံတော်ကို အလေးပြုတဲ့ အချိန်ဟာ ကျွန်မအတွက် ဘယ်အရာနဲ့မှ မတူတဲ့ ရင်ခုန်တဲ့ အချိန်လေးပါ။ ကရင်အလံအလေးပြုပြီး ကရင်အမျိုးသား သီချင်းကို သီဆိုချိန်မှာ ကျွန်မအဖို့ ကြက်သီးများ တဖြန်းဖြန်းထကာ ဘယ်အရာနဲ့ နှိုင်းနှိုင်းပြီး မပြောတတ်တဲ့ ခံစားမှုလေးတစ်ခုကို ကျွန်မသာမက ကရင်အလံတော်ကို အလေးပြုတဲ့ ကရင်လူမျိုးများ အားလုံးရဲ့ စိတ်ထဲမှာ ပီတိမျက်ရည် ကျမိပြီး အားလုံး ကျွန်မနည်းတူ ခံစားရလိမ့်မယ်လို့ ထင်ပါတယ်။ တစ်နှစ်မှာ တစ်ခါ၊ တစ်ခါမှာတစ်ရက်သာ ကျင်းပသော ကရင်နှစ်သစ်ကူးပွဲတော်ကို ကြည်နူးမိနိုက် အကြည့်ချင်းဆုံတဲ့ မျက်ဝန်းလေးတစ်စုံကို ရင်ဆိုင်မိချိန်မှာတော့ ကျွန်မ ရင်ထဲမှာ အပျော်လှိုင်းလေး ဖြစ်သွားမှန်း ကျွန်မသိလိုက်ပါတယ်။



တီရှပ်အင်္ကျီနဲ့ စတိုင်ဘောင်းဘီ ဝတ်ဆင်ကာ ကျွန်မအနားကို တည့်တည့်လျှောက်လာတဲ့ ကောင်လေးကို မြင်ရတော့ ကျွန်မ ကိုယ့်ကိုယ်ကို အံ့သြသွား မိတယ်။ ကျွန်မရဲ့ ရင်ခုန်သံနွေးနွေးမျက်ဝန်းပိုင်ရှင်လေးကတော့ ကျွန်မတို့ကျောင်းက သူငယ်ချင်းမို့ သိခဲ့ကြတာကြာပါပြီ။ ကျွန်မနဲ့ ရွယ်တူဖြစ်တဲ့ကောင်လေးကို တွေ့လိုက်ရလို့ ရင်ခုန်ရတာ မဟုတ်ဘဲ ကျွန်မထံ ချစ်ခွင့်ပန်ထားသူမို့ ရင်ခုန်နေရခြင်းပါ။ ကျွန်မဘက်က ချစ်မေတ္တာ အထိမ်းအမှတ်အဖြစ် ကရင်နှစ်သစ်ကူးနေ့မှာ အဖြေပေးမယ်လို့ ကတိပေးထားတာကြောင့်ကျွန်မ ပိုပြီးရင်တုန်နေရခြင်းပါ။ နှစ်သစ်ကူးပွဲတော်မှာ ကျွန်မက ယဉ်ကျေးမှုပြခန်း ကော်မတီဝင်အဖြစ် တာဝန်ထမ်းရသူပါ။ ကျွန်မရှိတဲ့ နေရာကို သူ့ကိုပြောမပြမိပါဘူး။ ကျွန်မရှိတဲ့ နေရာကိုစုံစမ်းပြီး ကျွန်မဆီကို တည့်တည့်လျှောက်လာတဲ့ ကောင်လေးကိုမြင်တော့

"ဟယ် စောအယ်မူး၊ နင်တစ်ယောက်တည်းလား‥‥ အဖော်မပါဘူးလား"
လို့ လှမ်းနှုတ်ဆက်တော့‥‥

"ဝေ့လည်ကြောင်ပတ်နဲ့ စကားမလွှဲနဲ့ လာပုံးအွာ၊ နင်ငါ့ကိုဒီနေ့ အဖြေပေးမယ်လို့ ပြောထားတယ်မလား ‥‥ ငါမစောင့်နိုင် တော့ဘူး၊ နင့်ကို ငါချစ်လို့အချိန် ပေးထားတာ ကြာနေပြီ၊ ခု အဖြေပေးတော့"

"နင့်ကိုငါ ဝေ့လည်းကြောင်ပတ် မလုပ်ပါဘူးဟယ်‥ လူအများကြီးရှေ့မှာ ငါက ဘယ်လိုပုံစံမျိုးနဲ့ အဖြေပေးရမှာလဲဟ"

"အေး‥ နင်သိထားဖို့က စောအယ်မူးဆိုတဲ့ ငါက လိုချင်တာ ပေးမယ်လို့ ပြောရင် အခုချက်ချင်းရမှ ကျေနပ်တာနော်၊ ငါဘယ်တုန်းကမှ စိတ်ရှည်ခဲ့တာ မဟုတ်ဘူး။ နင့်ဆီက အဖြေရဖို့ကို ငါ့မှာ တော်တော်သည်းခံပြီး စောင့်နေရတာ နော် လာပုံးအွာ၊ နင်ငါ့ကို အဖြေပေးမယ်လို့ ပြောပြီး မပေးလို့ကတော့ နင် လူရှေ့သူရှေ့မှာ ဘာဖြစ်သွားမယ်ထင်လဲ"
လို့ ခြိမ်းခြောက်တော့ စိတ်ထဲ အောင့်သက်သက် ခိုင်လှသည်။ ဒါကြောင့် လာပုံးအွာ က ချက်ချင်းနုတ်လုန် တုန့်ပြန်မိသည်။
"အောင်မာ နင်ကငါ့ကို ဘာလုပ်ချင်လို့လဲ။ နင် ငါ့ကို အရှက်တကွဲ အကျိုးနည်းအောင် လုပ်မိလို့ကတော့ နင့်ကိုငါ တစ်သက်လုံး မုန်းမိမှာနော်"
သည်အခါတော့ စောအယ်မူးခမြာ ပျာပျာသလဲဖြစ်ကာ

"ငါကနင့်ကို ချစ်လို့ စတာပါဟာ၊ နင့်စိတ်ထိခိုက်အောင် ငါက လုပ်ရက်ပါ့မလားဟာ၊ သေချာစဉ်းစားကြည့်ပါဦး တော်းမရဲ့ ကဲ ငါ့ကို အဖြေပေးတော့ဟာ - နော်"

လာပုံးအွာရဲ့ ရင်ထဲမှာ ပုဇွန်ဆိတ်ကလေးတစ်ကောင် ထခုန်သလို ရှိန်းရှိန်းလေးဖြစ်ကာ ပါးမို့မို့သည် ပန်းနုရောင်သန်း၍ ရှက်သွေး ဖြာမိသော်လည်း လှည့် မထွက်ရက်

"ကဲ နင့်ကိုငါ သနားလို့ အဖြေပေးလိုက်မယ်။ နင်ကျေနပ်တော့ နင် စိတ်ချမ်းသာအောင် နင်တောင်းဆိုတာကို ငါလက်ခံတယ်"

လို့ပြောလိုက်တော့ စောအယ်မူးက

"ဟွန့် လာပုံးအွာရယ်- နင်ကလည်း ကပ်စေး နှဲနေပြန်ပြီ။ ချစ်တယ်လို့ တစ်ခွန်းတည်း ပြောလိုက်ရင် ရရဲ့သားနဲ့"

"ဘာပြောတယ် စောအယ်မူး။ ငါနင့်ကို ပေးတဲ့အဖြေကို နင်မကျေနပ်ဘူးလား။ နင်မကျေနပ်ရင် ငါပြန်ရုပ်သိမ်းရမလား၊ ပြော"
လာပုံးအွာက ရန်တွေ့သံလေးနဲ့ ပြောတော့

"ကျေနပ်ပါတယ် လာပုံးအွာရယ်"
"ကဲ ဒါဆို နင်လိုချင်တဲ့ အဖြေကို ငါပေးပြီးပြီနော်။ နင် ပြန်တော့၊ နောက်နေ့မှ တွေ့မယ်"

စောအယ်မူး က အထွန့်တက်ကာ

"ဟမ်- ခုမှ နင့်ဆီက ငါအဖြေရတာလေ။ ချစ်သူပူပူနွေးနွေးရဲ့ မျက်နှာကို ငါတစ်ဝကြီး ကြည့်ပါရစေလား လာပုံးအွာရယ် ။ မတွန်းတိုစမ်းပါနဲ့"

"ငါတွန်းတိုတာ မဟုတ်ပါဘူး စောအယ်မူးရယ်။ ငါ ရှက်နေလို့ပါဟာ။ နောက်နေ့မှ နင့်နဲ့ငါ အေးအေးဆေးဆေးတွေ့မယ်နော်။ နင်ငါ့နားမှာ မရှိနေရင် ပြီးတာပဲ၊ နင်သွားတော့"
လို့ အတင်းနှင်ထုတ်မှ

နှစ်သစ်ကူးပွဲတော်ကြီးပြီးဆုံးသွားတော့ ပျင်းရိငြီးငွေ့ဖွယ် ကောင်းလောက်အောင် တိတ်ဆိတ် သွားပါတော့တယ်။ သူငယ်ချင်း အားလုံးလည်း အသီးသီး တာဝန်ကျရာ လုပ်ငန်းခွင် ပြန်ဝင်ကုန်တော့ အရင်ကလိုပဲ ပုံမှန် ပြန်ဖြစ် သွားပါတော့တယ်။ စောအယ်မူးနဲ့လည်း တွေ့ဖြစ်လိုက်၊ မတွေ့ဖြစ် လိုက်နဲ့။ သူ့အလုပ်သူလုပ် ကိုယ့်အလုပ် ကိုယ်လုပ်နဲ့ မတွေ့ဖြစ်တာ များပါတယ်။ စောအယ်မူးက ကျောင်းပြီးလို့ ကိုယ်ပိုင်လုပ်ငန်း လုပ်ကိုင်နေပါပြီ။ ကျွန်မ လာပုံးအွာကတော့ မဟာသိပ္ပံ ဆက်တက်လို့ ကျောင်းမပြီးသေး။ ကျောင်းစာ တစ်ဖက်၊ ကရင်စာပေ ယဉ်ကျေးမှု ခရီးလည်း ထွက်ရတာမို့ ချစ်သူဖြစ်တဲ့ စောအယ်မူးကို သိပ်အချိန် မပေးနိုင်သလိုပါပဲ၊ သူအားရင် ကိုယ်က မအားလပ်၊ ကိုယ်အားရင် သူက အလုပ်များ၊ ချစ်သူနှစ်ဦးရဲ့ ခေတ္တခဏ ဆုံချိန်လေးမှာ

“အယ်ဒို ငါနင့်ကိုလွမ်းလှပြီ။ ငါတို့ တစ်နေရာရာကို သွားပြီး လျှောက်လည်ကြမယ်၊ ငါတို့နှစ်ယောက် အေးအေးဆေးဆေး စကားပြောချင်လို့ တွေ့ရအောင်”

“အယ်ဒိုရယ် ငါလည်းနင့်ကို လွမ်းပါတယ်၊ ဒါပေမယ့် ငါ စာမေးပွဲဖြေဖို့ နီးနေပြီ။ စာကျက်ရဦးမယ်။ တက္ကသိုလ် ကရင်မောင်မယ်သစ်လွင် အစည်းအဝေးတောင် ငါမတက်နိုင်ဘူး။ အယ်ဒို ငါ့ကို နားလည်ပေးပါနော်”

လို့ တောင်းပန်တော့

“အင်းပါ ချစ်တော့လည်း နားလည်ပေးရမှာပေါ့”

အားမတန် မာန်လျှော့ရတဲ့ လေသံနဲ့ နှုတ်ဆက် ထွက်ခွာသွားတော့ ရင်ထဲမှာ ဝမ်းနည်းမိတယ်။

တစ်နေ့မှာတော့ စောအယ်မူး ဆီက ရုတ်တရက် ဖုန်းဝင်လာတော့

“ဟဲလို အယ်ဒိုလား။ အယ်ဒို ငါအခု ပြည်ပကို ထွက်တော့မယ်။ ပြည်ပက ဦးလေးက အလုပ်လုပ်ဖို့ လှမ်းမှာတော့ ငါလည်း ငါ့ဘဝ တိုးတက်ဖို့အတွက် စွန့်စား ရတော့မယ်။ အယ်ဒို မသိအောင် သွားတာ မဟုတ်ပါဘူးနော်။ အယ်ဒိုကို နှုတ်ဆက် တွေ့ဆုံချင်လို့ပါ။ အယ်ဒိုကို ပြောပြဖို့ အစီအစဉ်ရှိပေမယ့် အယ်ဒိုက ကျောင်းတစ်ဖက် ကရင်ယဉ်ကျေးမှု ကိစ္စတစ်ဖက်နဲ့ သိပ်မအားဘူး ဆိုတာ သိနေတယ်လေ၊ ဒါကြောင့် မပြောပြတော့တာပါ၊ အယ်ဒို သိရင်လည်း စိတ်မကောင်း ဖြစ်နေမှာ စိုးလို့ပါ။ အယ်ဒို မနက်ဖြန် ငါ့ကို လေယာဉ်ကွင်း လိုက်ပို့နော်၊ ချစ်သူဖြစ်တာ သိပ်မကြာသေးပေမယ့် သူငယ်ချင်း သက်တမ်းမှာ ကြာခဲ့တယ်လေ၊ ဒါကြောင့် နင့်စိတ်က ငါ့အပေါ် ဘယ်လိုရှိလဲ ဆိုတာ ငါသိနေတယ် အယ်ဒိုရယ်၊ သူငယ်ချင်းဆိုတဲ့ သံယောဇဉ်နဲ့ နင် ငါ့ကို လက်ခံခဲ့တာလား။ ငါကတော့ နင့်ကို အရမ်းချစ်ပါတယ် အယ်ဒို၊ ငါ နင့်ကို မမေ့ပါဘူး။ ငါ့ကို မနက်ဖြန် လေယာဉ်ကွင်းကို လိုက်ပို့ပေးဖို့ ငါ တောင်းဆိုပါရစေနော်”

“အေးအေး ဒါဆို ငါသွားမယ်နော်၊ နင့်နဲ့ငါနဲ့ ချစ်သူတွေ ဖြစ်သွားကြပြီ ဆိုတော့ နောက်နေ့ကစပြီး အခေါ်အဝေါ် လေးတွေ ပြောင်းပြီး ခေါ်ရမယ်။ နင်နဲ့ ငါ တစ်ယောက်ကို တစ်ယောက် (အယ်ဒို) လို့ ခေါ်ရမယ်နော်။ နင်ငါ့ကို မနက်ဖြန် ကစပြီး ခေါ်ဖို့ အဆင်သင့် ပြင်ထားလိုက်၊ ငါသွားမယ် လာပုံးအွာ”

ပြောပြီး ချာကနဲ လှည့်ထွက်သွားတဲ့ စောအယ်မူးကို ကြည့်ကာ လာပုံးအွာ ရင်ထဲ သက်ပြင်းမောလေး ချမိသွားပါတော့တယ်။ စောအယ်မူးက တစ်ဇွတ်ထိုးနိုင်တဲ့ လူငယ်ကောင်လေး ပုံစံပါ။ ခရစ်ယာန် အိမ်ထောင်က မွေးဖွားလာတဲ့ ကရင်ကောင်လေးဖြစ်တဲ့ စောအယ်မူးကို ကျွန်မ ခင်မင်ရင်းနှီးခဲ့တာ ကြာပါပြီ။ ကျွန်မကိုလဲ ဖွဲ့ကောင်းကောင်းနဲ့ ချစ်ခွင့်တောင်းတာ ကြာပါပြီ၊ ခုမှ အဖြေပေးလိုက်မိတာ၊ ကျွန်မသူ့အပေါ် သူငယ်ချင်း သံယောဇဉ် ရှိပါတယ်။ ချစ်သူ တစ်ယောက်လိုရော သူ့ကို ချစ်နိုင်မလား၊ သူငယ်ချင်းတစ်ယောက်လို ချစ်တာလား၊ အနေနီးလို့ သံယောဇဉ် တွယ်တာလား ဆိုပြီး ကျွန်မဝေခွဲရ ခက်နေပါသေးတယ်၊ သေချာတာကတော့ ကျွန်မ သူ့ကို အဖြေပေးချိန်မှာ ကျွန်မလုံးဝ ရင်ခုန်စိတ် လှုပ်ရှားမှု မဖြစ်တာကို ကျွန်မ ကိုယ့်ကိုယ်ကို အံ့သြမိပါရဲ့။ ကျွန်မ အတွက် တစ်နှစ်မှတစ်ခါ တန်ဖိုးကြီး လှတဲ့ နှစ်သစ်ကူးနေ့မှာ ချစ်သူ တစ်ယောက်ကို ရလိုက်ပါတော့တယ်။

□ □ □



တတွတ်တွတ် တောင်းဆိုနေတဲ့ စောအယ်မူးရဲ့ စကားကို ဘယ်လို တုန့်ပြန်ရမလဲ၊ ရင်ထဲမှာ ဝမ်းနည်းလှိုက်ဖိုမိတာနဲ့အမျှ အားတင်းပြီး ရှင်းပြမိတယ်။

"စောအယ်မူးရယ်၊ နိုင်ငံခြားသွားဖို့ အဆင်သင့်ဖြစ်ကုန်မှ ချစ်သူ တစ်ယောက်လုံး ဖြစ်တဲ့ ငါ့ကို နင်ပြောပြတော့ ငါဘယ်လို ပြန်ပြောရမှာလဲ၊ သေချာတာကတော့ ငါနင့်ကို သူငယ်ချင်းထက်ပိုတဲ့ သံယောဇဉ် ငါ့ရင်မှာ ငြိတွယ်လာတော့မှ နင် ငါ့ကို ထားခဲ့တော့မယ်ပေါ့လေ၊ ငါ နင့်အပေါ် သစ္စာရှိနေမှာပါ"

လို့ ပြောပြီး ဖုန်းချလိုက်မိ လေတော့တယ်။ လာပုံးအွာရဲ့ ရင်ထဲမှာတော့ သူငယ်ချင်း တစ်ယောက် ခွဲခွာသွားတဲ့ ခံစားမှုလား၊ ချစ်သူတစ်ယောက်နဲ့ ဝေးကွာရတဲ့ သောကလားဆိုတာ ဝေခွဲမရ။ တစ်ခုခု ဆုံးရှုံးရသလို ခံစားလိုက်ရသည်။ တွေးမိတိုင်း ရင်ထဲမှာ အောင့်အောင့် သွားတာပါပဲ။

□ □ □

နောက်တစ်နေ့မှာတော့ လာပုံးအွာတစ်ယောက် ချစ်သူ စောအယ်မူးကို လေဆိပ်အထိ လိုက်ပို့လိုက်ပါတယ်။ စိတ်မကောင်း ဖြစ်မိပေမယ့် ဘယ်လိုမှ မတတ်နိုင်တော့တာမို့ ချစ်သူအတွက် ကျန်းမာရေး ဂရုစိုက်ဖို့ အလုပ်ကြိုးစားဖို့ပဲ မှာလိုက်ရတော့တယ်။ စောအယ်မူးက

"အယ်ဒို လာပုံးအွာရယ်၊ ငါ သွားခါနီးလေးမှာတောင် နင်ငါ့ကို ချစ်တယ်လို့ တစ်ခွန်းမှ မပြောဘူးနော်။ နင်ငါ့ကို ချစ်တယ်ဆိုတာကို ငါအရမ်း ကြားချင်နေတယ် လာပုံးအွာရယ်။ ငါ့ကိုတစ်ခွန်းလောက် နှုတ်ဆက်စကားလေးအဖြစ် ပြောပေးပါလား လာပုံးအွာ။ ငါနင့်ကို အရမ်းချစ်လို့ပါ။ နင်ငါ့ကို သစ္စာရှိရှိ စောင့်မျှော်နေပါနော်။ ငါနိုင်ငံခြားမှာ ငါးနှစ်လောက် စီးပွားရှာပြီးရင် နင့်ဆီကို ငါ ပြန်လာပြီး တင်တောင်းမယ်နော်။ ငါ့ကို ငါးနှစ်ပဲ စောင့်ပေးပါနော်။လာပုံးအွာ၊ အခုငါ့ကိုချစ်တယ်လို့ တစ်ခွန်းလောက် ပြောပေးပါလားဟင်"
လို့ဆိုတော့ လာပုံးအွာလည်း ချစ်သူရဲ့ နောက်ဆုံးတောင်းဆိုချက်ကို လိုက်လျောကာ နင့်ကိုငါ အရမ်းချစ်ပါတယ် အယ်ဒိုရယ်၊ နင်ပြောတဲ့ ငါးနှစ်ဆိုတဲ့ ကာလကို ငါသစ္စာရှိရှိ စောင့်နေပါ့မယ် အယ်ဒိုရယ်၊ စိတ်ချပါ"
လို့ ကတိပေးလိုက်တယ်

"ကျေးဇူးတင်လိုက်တာ လာပုံးအွာရယ်၊ နင့်ဆီက ချစ်တယ်ဆိုတဲ့စကားနဲ့ ငါ့ကို သစ္စာရှိရှိ စောင့်နေမယ်လို့ ကြားရတော့ ငါ အရမ်း ဝမ်းသာလိုက်တာ၊ နင်လည်း ကျန်းမာရေး ဂရုစိုက်နော်၊ မြန်မာပြည်မှာ

ငါ့ကို နေ့တိုင်းလွမ်းနေရမယ်နော် အယ်ဒို လာပုံးအွာ၊ လာပုံးအွာ နင့်ကိုငါ အရမ်း ချစ်တယ်နော်"

ချစ်သူနှစ်ဦး ကြည်နူးမှု တစ်ဝက် ဆွတ်ပျံ့ဝမ်းနည်းမှု တစ်ဖက် နှင့် ဤသို့နှုတ်ဆက် ခွဲခွာခဲ့ရပါ၏။

□ □ □

ဒီလိုနဲ့ ရက်ကိုလစား၊ လကို နှစ်ပြောင်းသွားတဲ့အချိန် ကရင်နှစ်ကူးနေ့သည်လည်း နီးကပ်လို့ လာပါတော့တယ်။ ဒီအထိ စောအယ်မူးဆီမှ စာလေးတစ်စောင်တောင် သတင်း မကြားရ၊ တစ်နှစ်ကျော်သွားတဲ့ အချိန်မှာ သူ့ကို သတိတရ နှုတ်ဆက်အားပေးချင် ပေမယ့် သူ့ကို ဆက်သွယ်ဖို့လိပ်စာ မရ၊ သူကလည်း ပေးပို့မထား။ ဆက်သွယ်ရန် လိပ်စာ မရှိသောကြောင့် လာပုံးအွာ ရင်ထဲမှာ ကျိတ်မှိတ် ခံစားခဲ့ရတာ အကြိမ်ကြိမ်ပါ။ တစ်နေ့ မမျှော်လင့်ဘဲ နိုင်ငံရပ်ခြားမှ ဖုန်းခေါ်တယ်ကြားလို့ သွားကိုင်မိတဲ့အခါ လာပုံးအွာ အံ့အားသင့်သွားမိတယ်။

"ဟယ်လို၊ အယ်ဒိုနေကောင်းလား၊ လွမ်းလိုက်တာ၊ လွမ်းလိုက်ရတာ လာပုံးအွာရယ်၊ အလုပ်သာ လုပ်နေရတာ ငါနင့်ကို အရမ်းသတိရတယ်"

"ငါလည်း နင့်ကို သတိရပါတယ် အယ်ဒိုရယ်၊ နင့်ကို ဘယ်လို ဆက်သွယ်ရမှန်း ငါမသိလို့ နင့်ငါ့ဆီ ဆက်သွယ်လာမယ့် အချိန်ကိုပဲ စောင့်မျှော်နေရတာပေါ့၊ စောအယ်မူး- နင်နေကောင်းလား၊ နင် အလုပ်အကိုင်ကော အဆင်ပြေလား၊ ငါ့ကိုရော နင်မမေ့နေပြီလား ပြောပါဦး"

"လာပုံးအွာရယ် ငါလည်း နင့်ကို သတိရတာပေါ့၊ နင့်ကိုငါမမေ့ပါဘူး နင်ငါ့ကို သစ္စာရှိရှိ စောင့်နေနော်။ နေကောင်းအောင်နေပြီး ငါ့ကို လွမ်းနေပေးပါနော်"

စောအယ်မူးက ဖုန်းထဲကနေ တတွတ်တွတ် မှာနေပြန်တယ်၊ ဒီတော့ လာပုံးအွာရဲ့ ဟာနေတဲ့ ရင်ထဲကို သာယာတဲ့ ငှက်ကလေးတစ်ကောင် နားသလို အားရကြည်နူး နေမိတယ်။ ဒီကြည်နူးမှုက တစ်နှစ်သာ ခံသည်။ နောက်ထပ် နှစ်ကူးဖို့ နီးလာတဲ့အထိ ချစ်သူဆီမှ စာမလာ၊ ဖုန်း မဆက်၊ သတင်း မသိရ၊ တစ်နေ့မှာ မမျှော်လင့်ဘဲ ချစ်သူစောအယ်ဒိုရဲ့ သူငယ်ချင်း၊ စောအယ်ဒို ညီမလေးရဲ့ ချစ်သူကောင်လေး စောဖိုးခွားနဲ့ လမ်းမှာ ဆုံတော့ ချစ်သူ စောအယ်ဒိုရဲ့ သတင်းကို မေးတော့မှ ကြားရတဲ့အဖြစ်က ရင်ထဲမှာ နစ်နေအောင် ခံစားရတော့တယ်။

> ငါ့ကိုချစ်တယ်၊ သစ္စာရှိပါမယ်လို့တဖွဖွ ပြောပြီး နှုတ်မဆက်ဘဲ ထားခဲ့ရက်တယ်

"လာပုံးအွာ နင့်ကိုငါ အမအရင်း တစ်ယောက်လို လေးစား စာနာပါတယ်ဟာ၊ ခင်လည်း ခင်မင်ပါတယ်၊ နင် စောအယ်မူး အကြောင်းကို သိချင်လို့ ငါပြောပြမယ်နော်၊ စောအယ်မူးလေ၊ နိုင်ငံခြားအလုပ်ခွင်မှာ အတူဆုံတဲ့ ကောင်မလေးတစ်ယောက်နဲ့ အရင်နှစ်ကတည်းက အိမ်ထောင်ပြု သွားပြီလေ၊ သူ့ညီမက နင့်ကို အရမ်းအားနာလို့ ငါ့ကို ပြောခိုင်းပေမယ့် နင့်ကိုငါ သနားလို့ ပြောမပြ ဖြစ်ခဲ့တာပါ။ အခု နင်ငါ့ကိုမေးမှ ငါလည်း မပြောပြရင် နင့်အတွက် တာဝန်မကျေ မစာနာရာ ကျွန်မှာ စိုးလို့ ငါပြောပြတာပါ လာပုံးအွာရယ်၊ ငါ သွားတော့မယ်နော်"

နှုတ်ဆက်ထွက်ခွာသွားတဲ့ သူငယ်ချင်း စောဖိုးခွားကို ငေးကြည့်ရင်း ရင်ထဲမှာ အလိုလို လှိုင်းထလာတယ်။

သူ ငါ့ကိုချစ်တယ်၊ သစ္စာရှိပါမယ်လို့ တဖွဖွ ပြောပြီး နှုတ်မဆက်ဘဲ ထားခဲ့ရက်တယ် စောဖိုးခွာရယ် ဟု ပြည်တမ်းနေမိတယ်။ ချစ်သူကို အယုံကြီး ယုံကြည်ထားတဲ့ငါ အခု ဘာဆက်လုပ်ရမလဲ၊ ဘုမသိဘမသိ အညာခံလိုက် ရတာပါလား၊ ရက်စက်လိုက်တာ၊ ငါ့ကို တစ်နှစ်တောင် ဝိုင်းလိမ်ထားကြတယ်၊ ပြီးတော့ နင်ဟာ ငါ့သူငယ်ချင်း၊ ငါနဲ့မျိုးနွယ်တူ ကရင်လူမျိုး၊ ဒါကြောင့် နင့်အချစ်ကို ငါလက်ခံခဲ့တယ်ဆိုတာ နင်အလေးထားဖို့ ကောင်းတယ်၊ ငါသည်လို ပြောလဲမောရုံသာ အဖတ်တင်မှာမို့ သည်လိုပဲ ရှိပါစေတော့လေ ဟု အားတင်း ဖြေသိမ့် နေရတော့သည်။

"ဟဲလို လာပုံးအွာ နင်ငါ့အသံကို မမှတ်မိတော့ဘူးလား ငါစောအယ်ဒိုလေ"

မထင်မှတ်ထားသော သူ၏ စကားသံကို ဖုန်းထဲတွင်ကြားလိုက်ရသဖြင့်

"မမှတ်မိတာက နင်၊ မမှတ်မိတာပဲ ကောင်းပါတယ်"

စောအယ်မူးရဲ့ ဖြေဖြေညင်ညင် ရှင်းပြသံကို ကြားရသည်။

"ဟုတ်ပါတယ်၊ ငါနင့်ကို ရှင်းပြချင်လို့ပါ။ အခု ငါနင့်ကို ဖုန်းဆက်တာက ငါ့ညီမလေးက ငါ့အကြောင်း နင်အကုန်သိပြီးပြီလို့ လှမ်းပြောလို့ ငါဖြေရှင်းဖို့အတွက် ဖုန်းခေါ်လိုက်တာပါ။ ငါရှင်းပြတာကို နားထောင်ပြီးမှ ငါ့ကို ကြိုက်သလို အပြစ်တင်ပါ လာပုံးအွာ။ ငါ့ရဲ့အဖြစ်က ငါပြည်ပကို ရောက်တော့ တစ်ယောက်တည်း ယောင်လည်လည်ဖြစ်နေတယ်။ အလုပ်အကိုင် အဆင်မပြေတဲ့ အချိန်မှာ ငါ့ကို အားပေးပြီး နားလည်ပေးမယ့် သူနဲ့ မထင်မှတ်ဘဲ ဆုံရတယ်။ ငါ့မိသားစုနဲ့ ချစ်သူ လာပုံးအွာရဲ့ စကားသံတွေကို ငါတောင့်တမိတာ အမှန်ပါ။ ဒီမှာ ငါပုန်းလျှိုကွယ်လျှိုနေရတဲ့ အခက်အခဲကြောင့် ပြင်ပကို လုံးဝဆက်သွယ်ခွင့် မရခဲ့ဘူး။ ငါ စိတ်ညစ်ချိန်မှာ ဘယ်သူမှ ငါ့ကို အနားကနေ ပိုင်းပြီး ဖေးမဖော် အားပေးဖော် မရှိခဲ့ဘူးလေ၊ အဲဒီအချိန်မှာ ငါနဲ့ လုပ်ငန်းတူပြီး စက်ရုံအလုပ် အတူလုပ်တဲ့ ငါတို့ မြန်မာပြည်က ရောက်လာတဲ့ ကရင်မလေး တစ်ယောက်နဲ့ မမျှော်လင့်ဘဲ ဆုံခဲ့

**နင်ရွေးလိုက်တဲ့ သူက နင့်ကိုအရမ်းချစ်ပြီး တန်ဖိုးထားတဲ့ ကရင်မလေးဖြစ်နေလို့ ငါနင့်ကို**

ရတယ်။ ယုံကြည်ကိုးကွယ်မှုခြင်းလည်းတူ၊ ဒုက္ခရောက်နေပုံလည်း အတူတူမို့ အပြန်အလှန် ကူညီကြတယ်။ အယူအဆ သဘောထားတွေ အားလုံး ငါနဲ့ ထပ်တူကျတော့ ငါ့ရဲ့ ရင်ဖွင့်ဖော်အဖြစ် ငါ့အနားမှာ သူရှိလာလို့ ငါသူ့ကို အနေနီးလို့ ရင်းနှီးသွားတာပါ။ ငါ နင့်အပေါ် မတရားမှုန်း သိပေမယ့် နင့်နဲ့ငါက အနေဝေးနေ ကြတယ်လေ။ ပြီးတော့ သူငယ်ချင်း အဖြစ်နဲ့ စခဲ့တယ်။ အချစ်ဟာ ဘဝထူထောင်ဖို့ အယူ အဆချင်း၊ သဘောထားချင်း မတူဘူးလေ။ နင်က နင့်ဘဝအတွက် အမြင်မှန်တဲ့ သူလေ။ ငါ့ကို နင် ဘယ်တုန်းကမှ အရေးတယူ မဆက်ဆံဖူးဘူး။ နင့်အမျိုးသားရေးနဲ့ ငါနဲ့ဆိုရင် နင်ငါ့ကို အမြဲ ဘေးချိတ်ထားတယ်။ ဒါဟာ ငါ့အလွန်ပဲလို့ ငါဝန်ခံပါတယ်။ ငါတောင်းပန်ပါတယ်။ ဒါကြောင့် အခုငါ နင့်ကို အမှန်အတိုင်း ရှင်းပြတာ အကုန်ပဲ၊ နင် ကြိုက်သလို ဆုံးဖြတ်ပြီး ငါ့ကို ကြိုက်သလိုပြောပြီး မုန်းပစ်လိုက်ပါ။ ငါ့ကိုနားလည်မှု တစ်ခုပဲ ပေးပါလို့ တောင်းပန်ချင်ပါတယ် လာပုံးအွာ"

စောအယ်မူးရဲ့ ရှင်းပြ တောင်းပန်မှုကြောင့် နော်ပုံးအွာ ဘာမှ ပြန်မပြောလိုတော့ ဖုန်းကို အသာချလိုက်မိတော့သည်။

စောအယ်မူး သူ တစ်ပါးတိုင်းပြည်မှာ ဒုက္ခရောက်နေချိန်မှာ နင့်ကို ကူညီပေးခဲ့တဲ့ နော်စေးစေးကို ငါ ကျေးဇူးတင်ပါတယ်။ နင့်ရဲ့ ထမ်းပိုးညီတဲ့ အိမ်ထောင်အတွက်လည်း ငါ ဂုဏ်ယူပါတယ်။ နင့်ကိုငါ စိတ်မဆိုးပါဘူး။ စိတ်လည်း မနာပါဘူး။ ငါကျေနပ်ပါတယ်၊ ဘာဖြစ်လို့လဲ ဆိုတော့ နင်ရွေးလိုက်တဲ့သူက နင့်ကို အရမ်းချစ်ပြီး တန်ဖိုးထားတဲ့ ကရင်မလေးဖြစ်လို့ ငါနင့်ကို ခွင့်လွှတ်လိုက်တယ်မှတ်၊ အခြားလူမျိုးသာ ဆို ငါနင့်ကို အရမ်း ဒေါသထွက်မိမှာ မုန်းမိမှာ အမှန်ပါပဲ၊ အခု ငါ နားလည်သွားပြီ၊ နင် ရွေးချယ်တာ မှန်ကန်ပါတယ်။ နင့်ကိုငါ လေးစားပါတယ်။ နင်ပြောသလိုပါပဲ။ ငါ့မှာ နင့်ကို ဂရုမစိုက်မိတဲ့ လိုအပ်ချက်တွေ အများကြီး ရှိနေသေးတော့ ငါ့ဘက်က ဂရုမစိုက်မှုကြောင့် နင့်ကို စိတ်အနှောင့်အယှက် ဖြစ်ခဲ့မယ်ဆိုရင် ငါ့ကိုလည်း နားလည်ပေးပြီး ခွင့်လွှတ်ပေးပါလို့ ငါပြောခဲ့ ပါရစေ။ ကဲ အခု နင်ရော ငါရော သူငယ်ချင်းအဖြစ်နဲ့ ပြန်ပြီး ခင်မင်လို့ ရပါသေးတယ်။ နင်က ငါ့ရဲ့ နှစ်သစ် ချစ်ဦးပေါ့။ အခုတော့ အားလုံး ပြီးဆုံးသွားပါပြီ။

မီးမီးပိုး

# အဆိုအမိန့်များ

မန်းစောဥက္ကာမင်း

စုစည်းတင်ပြသည်

ကျွန်ုပ်တို့နှင့် ယှဉ်ပြိုင်ပြီးရင်ဆိုင်တိုက်ခိုက်နေသော သူသည် ကျွန်ုပ်တို့အား သန်စွမ်းအောင်နှင့် အရည်အချင်းများကို ပိုမိုတိုးတက်လာအောင် ပြုလုပ်ပေးသူဖြစ်သည်။

(Edmund Burke)

ကျူညီတဲ့လက်နဲ့ တောင်းခံတဲ့လက် (၂) ခုအကြား ခြားနားချက်က လက်ကောက်ဝတ် တစ်လှည့်ပဲရှိတယ်။

(Laurence Leamer)

ခါးသီးမှုနဲ့ ချိုမြိန်မှုဆိုတာ အပြင်ကလာတာ၊ မာကြောကြံ့ခိုင်မှုဆိုတာကတော့ လူတစ်ဦးရဲ့ ကိုယ်ပိုင်အတွင်း အားထုတ်မှုကသာ လာတာဖြစ်တယ်။

(Elbert Einstein)

ကုထုံးလွန်ကုထုံးများဟာ ဆိုးဝါးသောရောဂါဝေဒနာများနှင့် အလွန်သင့်လျော်ပါသည်။

(ဟစ်ပိုကရေးတီး)

မိမိ၏ရန်သူကို ချီးမြောက်သူကောင်းပြုသူသည် မြည်းတစ်ကောင်နှင့် တူသည်။

(ဟီဘရူးစကားပုံ)

နည်းပညာဟာ ဘယ်သူ့ကိုမှ ထောက်ထားစာနာ ကြင်နာသနားနေမှာ မဟုတ်ပါဘူး။ ဘယ်တော့မှလည်း ဆိုင်းငံ့နေမှာ မဟုတ်သလို ဘာကြောင့်မှလည်း ယဉ်ကျေးဖွယ်ရာ ခွင့်ပန်ကြားတာမျိုးကို လုပ်မှာမဟုတ်ဘူး။ လက်ရှိစနစ်ထဲကို ဇွတ်အတင်းတိုးဝင်လာမှာပဲ။ စနစ်သစ်တစ်ရပ်ကို ဖန်တီးရင်းနဲ့ လက်ရှိစနစ်ရောကို ဖျက်ဆီးပစ်လိမ့်မယ်။

(Juan Enriqinz)

အသိပညာထက် ပိုမိုစွမ်းအားထက်တဲ့လက်နက်မရှိနိုင်။

(Gorky)

မင်းကို ပါးစပ်ပိတ်ထားဖို့ အမိန့်ပေးသူ (သို့မဟုတ်) မင်းရဲ့ တိုးတက်ကြီးပွားရေးကို ငြင်းပယ် ပိတ်ပင်တဲ့လူဟာ မင်းရဲ့ မိတ်ဆွေ မဟုတ်ဘူး။

(Alice Walker)

အမှားကို ကြောက်ခြင်း၊ မှားမှာကို ကြောက်နေခြင်းဟာ အောင်မြင်မှု သေဆုံးရပ်ဆိုင်းသွားခြင်းပဲ။

(ဟေဟယ်)

အရိပ်ကို လှမ်းဆွဲနေတာနဲ့ တကယ့်အကောင်အထည် လက်လွတ် ဆုံးရှုံးသွားရမှာကို သတိပြုပါ။

(Aesop)

# နှစ်သစ်ပန်း

နှင်းရည်ကစို
တိမ်ညိုကြပေါ်
နှစ်သစ်မှာ အလွန်ရှင်လို့
ခင်မင်သူ မောင်မယ်များရယ်
ပျော်ပါးသာမော။

နှစ်သစ်ကိုမင်
ကြင်သူနှင့် နော
သည့်ချိန်ခါ သမယကိုလ
တူတာကွ လက်ကိုတွဲပါလို့
ယှဉ်ခဲ့ကာ နှစ်သစ်ပန်းကိုကွယ်
တမ်းတစိတ်မော။

နန်းကိုကို (လှိုင်းဘွဲ)





# (၇၅)နှစ်ပြည့် "စိန်ရတု" နှစ်သစ်မင်္ဂလာပွဲတော်

နိုက် (စကားလွန်းအောက်ပိုင်း)

အကြောက်တရားမှ လွတ်မြောက်အောင် အလင်းရောင် ရှာဖွေရန်အတွက် အကောင်းဆုံးနည်းလမ်းသည်ကား အမျိုးသားခေါင်းဆောင်ကြီးများ၏ ပေးအပ်ခဲ့သော အမွေအနှစ်ကြီးကို ကောင်းစွာ ထိန်းသိမ်းရန်ပင် ဖြစ်၏။

မန်းဘာဝင်း (အောက်ကျောင်း)

မြန်မာနိုင်ငံသည် ၁၈၂၆-ခုနှစ်၌ ဗြိတိသျှတို့၏ လက်အောက်ခံနယ် ဖြစ်လာချိန်မှစပြီး ကိုလိုနီအုပ်ချုပ်ရေး စနစ်ကို ရရှိခဲ့ပါသည်။ အုပ်ချုပ်ရေး ပြုပြင်မှုများ အကြိမ်ကြိမ် ပြုပြင်ခဲ့သော်လည်း အနှစ်သာရအားဖြင့် ကိုလိုနီအုပ်ချုပ်ရေးသာ ဖြစ်၍ ယင်းအုပ်ချုပ်ရေးသည် တောင်ပေါ်နှင့် မြေပြန့် ဒေသများကို နှစ်မျိုးခွဲပြီး အုပ်ချုပ်ခဲ့ရာ ၁၈၂၆-ခုနှစ်၊ ပထမ အင်္ဂလိပ်-မြန်မာစစ်ပြီးချိန်မှ၊ ၁၉၄၈ -ခုနှစ် လွတ်လပ်ရေးရသည့်နှစ်အထိ၊ နှစ်ပေါင်း ၁၂၂-နှစ်တိတိ

ယနေ့ အားထုတ်မှုပမာဏကို အမျိုးသားရေးအမြင် ကျဉ်းမြောင်းသူတို့မှတစ်ပါး အခြားသော စာဖတ်ပရိသတ်များ နှိုင်းဆအကဲဖြတ်ပေးနိုင်လိမ့်မည်ဟု ယူဆမိပါသည်။

ထို့အပြင် အလွန်အရေးပါသော (ဗဟို)၏ စာမျက်နှာများတို့သည်လည်း ယဉ်ကျေးမှုအစုစုတို့၏ မှတ်တမ်းမှတ်ရာ မှတ်သားစရာများဖြစ်ကြ၍ ဆုံသွယ်ဆက်စရာ ပေါင်းကူးတံတားများသဖွယ် တည်ဆောက်ပေးနေခြင်း ဖြစ်သည်ဟု ကောင်းစွာ ယုံကြည်မိပါသည်။ အဘယ်ကြောင့်ဆိုသော်

ကြာ ဗြိတိသျှတို့၏ သွေးခွဲအုပ်ချုပ်မှု ဝါဒကြောင့် ညီအစ်ကို တိုင်းရင်းသားအချင်းချင်း ဆက်သွယ်မှု နည်းပါးလာခဲ့ပါသည်။ အချင်းချင်းလည်း တစ်ဦးနှင့်တစ်ဦး နားမလည် တတ်အောင်၊ အထင်မှားအမြင်မှားဖြင့် ပြုပြင်ရန် အခက်ကြုံရပေသည်။

ထို့ကြောင့် ယနေ့ပြောင်းလဲလာမှုသည် တစ်ဟုန်ထိုး တိုးတက်လာနေပြီးဖြစ်၍ ကရင်တို့ မျိုးချစ်စိတ်တို့ ရှင်သန်ဖို့ မျိုးချစ်စိတ်ဓာတ်များ အခိုင်အမာ ရှိကြဖို့လိုပါသည်။

စာရေးသူတို့ ကော့မှူးမြို့နယ်သည် စတုရန်းမိုင် (၂၄၁.၀၉) ရှိပြီး၊ ဧကအကျယ်အဝန်းမှာ (၁၅၄၃၀၁) ရှိကာ၊ အုပ်စုပေါင်း (၆၂) အုပ်စုနှင့် ကျေးရွာပေါင်း (၁၂၆)ရွာ ရှိပါသည်။ တိုင်းရင်းသားများတို့ စုပေါင်းနေထိုင်ကြသည့်အနက် ကရင်လူမျိုးစုဝင် အများဆုံးနေထိုင်ကြသည့် မြို့တစ်ခု ဖြစ်ပါသည်။ ထို့ကြောင့်လည်း ကရင်အမျိုးသား "နှစ်သစ်ကူးပွဲတော်" ကို အစဉ်အလာမပျက် ကောင်းစွာကျင်းပ ပြုလုပ်နိုင်မြဲ ဖြစ်ပါသည်။ ကရင်သက္ကရာဇ် (၂၇၅၁) ခုနှစ်တွင် ကျရောက်သော (၇၅)နှစ်ပြည့် "စိန်ရတု" နှစ်သစ်မင်္ဂလာ ပွဲတော်ကြီးအား တစ်ဖန်ပြန်လည်၍ စုပေါင်းကျင်းပနိုင်ရန် တာဝန်သိကြသူ အမျိုးသားခေါင်းဆောင်ကြီးများက ညှိနှိုင်း တိုင်ပင်ကြပြီး၊ ထိုနှစ်သစ်ကူး ဖြစ်မြောက်ရေး အလုပ်အမှုဆောင်ကော်မတီ ရွေးချယ်တင်မြှောက်ပွဲကို ၂၀.၁၀.၂၀၁၁၊ ကြာသာပတေးနေ့ နံနက် ၁၀း၀၀ နာရီ အချိန်တွင် "ဝါးသခံ" ကျေးရွာ မင်္ဂလာသိမ်ကုန်း ဘုန်းတော်ကြီး ကျောင်းရှိ မင်္ဂလာ မဏ္ဍပ်ကြီးထဲတွင် အစည်းအဝေးတစ်ရပ်ကို စတင်ခေါ်ယူ ကျင်းပခဲ့ပါသည်။ အဆိုပါ အခမ်းအနားသို့ အလွှာစုံမှ တိုင်းရင်းသားညီအစ်ကို မောင်နှမများ လူဦးရေ တစ်ရာကျော် တက်ရောက်ကြပါသည်။ ယင်းနောက် အလုပ်အမှုဆောင် ကော်မတီတစ်ရပ်ကို ဖွဲ့စည်းဖြစ်ကြရာ "အောက်ကျောင်း" ကျေးရွာနေ "မန်းတင်ဝင်း" အား ဥက္ကဋ္ဌအဖြစ် ရွေးချယ်တင်မြှောက်ကြပြီး နှစ်သစ်ကူးပွဲတော်ကို ဝါးသခံ ကျေးရွာတွင် စုပေါင်းကျင်းပရန် အများသဘောတူခဲ့ကြပါသည်။

ဒုတိယအကြိမ် အစည်းအဝေးကို ၈-၁၁-၂၀၁၁ နေ့တွင် ကျင်းပပြီး တတိယအကြိမ်မြောက် အစည်းအဝေးကို ၂၀-၁၁-၂၀၁၁ နေ့တွင် ၎င်းနေရာတွင် ထပ်မံ၍ ကျင်းပပါသည်။ ကျေးရွာများက တက်ရောက်နိုင်ရန် စာရေးသူနှင့် မန်းကျော်ဝင်းစိန်၊ မန်းသန်းဇော် (ညောင်တုန်း) တို့က ဖိတ်ကြား ပေးရပါသည်။

ထို့နောက် ၁၀-၁၂-၂၀၁၁ နေ့ နောက်ဆုံး စတုတ္ထ အစည်းအဝေးတွင် လုပ်ငန်းစီမံချက်များကို ဒုဥက္ကဋ္ဌဖြစ်သော မန်းမြင့်စိန် (ကျိုက်ထော်) မှ အသေးစိတ်အားဖြင့် ရေးဆွဲ တင်ပြရာ ထိုလျာထားမှုများနှင့် စပ်လျဉ်းပြီး ဤ (၇၅) နှစ်မြောက် "စိန်ရတု" ပွဲတော်ကြီးသည် ကုန်ကျမည့် ငွေ ပမာဏသည် သိန်းတစ်ရာကျော်မည်ဖြစ်ကြောင်း ဥက္ကဋ္ဌကြီး မန်းတင်ဝင်းမိသားစုမှ "ငါးမြစ်ချင်း" ပိဿာချိန် "နှစ်ထောင်" နှင့် စားသုံးဆီကို လုံလောက်စွာ လှူဒါန်းမည်ဟု ပြောကြားထားပြီးဖြစ်ကြောင်း၊ တစ်ခါ "ဘီခိုကျေးရွာ" နေ မန်းအောင်ချစ်သိန်းမှလည်း ငွေကျပ်ဆယ်သိန်းကို ကော်မတီသို့ လှူဒါန်းထားပြီးဖြစ်ကြောင်း၊ တစ်ခါ "မန်းမြင့်ဇော်" မိသားစုမှလည်း (ပထမ၊ ဒုတိယ၊ တတိယ) ဆုများ ရရှိသော (ဒုံးအက) အဖွဲ့များကို ငွေကျပ် ခြောက်သိန်းနှင့် ဆန်အိတ် "နှစ်ဆယ်" ကိုလည်း ကော်မတီသို့ လှူဒါန်းထားပြီးဖြစ်ကြောင်း စသည်ဖြင့် လုပ်ငန်းစီမံချက်များပါ ရရှိထားသော အလှူရှင်များ၏ စာရင်းကို ဖတ်ပြပြီး နှစ်သစ်ကူးကျင်းပရေး ကော်မတီ အထွေထွေအတွင်းရေးမှူး မန်းညီညီလွန် (ဝါးသခံ) မှလည်း ဝါးသခံကျေးရွာအတွက် ငွေကျပ် "သိန်းနှစ်ဆယ်" ကို တာဝန်ယူပါမည်ဖြစ်ကြောင်း ထပ်မံ၍ ပြောကြားပါသည်။

ထို့နောက် တစ်ဆက်တည်းမှာပင် ကျရောက်သော ရန်ကုန်တိုင်းဒေသကြီးရှိ ကော့မှူးမြို့နယ်၊ ဝါးသခံ





ကျေးရွာ (၇၅)နှစ်ပြည့် "စိန်ရတု" သဘင် နှစ်သစ်မင်္ဂလာ အခမ်းအနားသို့ (နိုင်ငံရေးပါတီများ တက်ရောက်ကြမည်ဟု သတင်းများ ရရှိထားပါသည်။) အဆိုပါ အခမ်းအနားတွင် အမျိုးသားရေးဆိုင်ရာ ကရင်ရေးရာ ဝန်ကြီး နှင့် အဖွဲ့များက ၂၅.၁၂.၂၀၁၁ ညနေ ၅း၀၀ နာရီ အချိန်တွင် လာရောက်ကြမည်ဖြစ်ပြီး မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာ အကြီးအကဲများ "အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်" မှ ဒေါ်အောင်ဆန်းစုကြည်နှင့် အဖွဲ့များ၊ တစ်ခါ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ နိုင်ငံရေး ခေါင်းဆောင်များလည်း တက်ရောက်ကြမည်ဖြစ်ကြောင်း သို့အတွက်ကြောင့် ကရင်နှစ်သစ်ကူးကျင်းပရေး ကော်မတီ အဖွဲ့များကလည်း ယင်းသို့ဆိုင်ရာ နိုင်ငံရေးပါတီ အဖွဲ့အစည်းများကို ဝမ်းပမ်းတသာနှင့် လိုက်လိုက်လှဲလှဲ ကြိုဆိုဧည့်ခံသွားမည်ဖြစ်ကြောင်း စသည်ဖြင့် ပြောကြားပြီး ထိုအခါ အစည်းအဝေးပွဲသည် ခေတ္တမျှ ငြိမ်သက်သွားပါသည်။

ဆက်လက်၍ ဥက္ကဋ္ဌကြီးက ကျန်ကျေးရွာ အသီးသီးမှ စုပေါင်းရုံပုံငွေ ထည့်သွင်းရန်ကိစ္စကို ရှာစဉ်ခွဲတမ်းအလိုက် ဦးစွာ ချမပြဘဲ ရှင်သန်ဖူးပွင့်လာမည့် ကရင်မျိုးဆက်သစ်လူငယ်များ ပေါ်ပေါက်လာရေး ကိစ္စကိုသာပင် အလေးထားအားပေးကာ လေးအိမ်စုကျေးရွာ "ကျောက်ဆင်းတု" ကိုယ်တော်မြတ်ကြီး ရှာန်နှင့် ကြွလာသလို ညီညွတ်ရေးတရားများ ဟောပါလေရောလားဟု စာရေးသူ အံ့သြမိပါသည်။ သို့သော် စာရေးသူ ထင်သလိုမျိုး မဟုတ်ဘဲ "ပညာဉာဏ်ကျယ်၊ ပရိယာယ်၊ ဝိုက်သွယ် ပြောအပ်၏" ဟူသော စကားရပ်အတိုင်း ခေါင်းဆောင်တို့မည်သည် ကိုယ်ပိုင်လျှို့ဝှက်ချက်များ ရှိတတ်ကြစမြဲမို့ "တွဲဘက်ဥက္ကဋ္ဌ မန်းကျော်ဆန်း" ၏ လက်နှင့် အမှုမဲ့ မွေ့ဖမ်းပြသည့် ပညာနှင့် အသုံးချသွားသည်ကို တွေ့ရလေတော့သည်။ အကြောင်းကား ပရိသတ်၏ အလယ်တွင်မှ ရှိသမျှ အကောင်းဆုံးစွမ်းရည်ကို ပရိယာယ်ကြွယ်ဝစွာနှင့် လှုပ်ရှားတက်ကြွစေသော ဥက္ကဋ္ဌကြီး၏ မော်ဝင်မျက်လုံးများ ချိုမြိန်လေးစားလောက်သော စကားလုံးအတတ်ပညာများသည် ဂီတ၏ ဆွဲအားသံလိုက်တစ်ခုမျိုးလို၊ ဝိုက်ဆံစကား ဘာတစ်ခုမျှ မပြောဆိုရသေးဘဲ တစ်ရွာလျှင် သုံးသိန်း၊ နှစ်သိန်း၊ တစ်သိန်း စသည်ဖြင့် သူ့အလိုလိုနှင့် ဒုံးအကမျိုးလို ညီညာစွာ ထွက်လာပါတော့သည်။ ဤသည်ကား ဥက္ကဋ္ဌကြီး၏ စွမ်းဆောင်ခြင်း နည်းပရိယာယ်တစ်မျိုးပင် ဖြစ်သည်။

အမှန်တကယ် ဥက္ကဋ္ဌကြီး မန်းတင်ဝင်းသည် "အမတ်ကြီးဟောင်း ဦးပေါ်ဦး" လို (ဇဝန) ဉာဏ်ထက်မြက်သော ပုဂ္ဂိုလ်ကျော်တစ်ဦး ဖြစ်ပါသည်။ သူသည် အမျိုးသားရေးစိတ်ဓာတ်များ အပြည့်အဝရှိမှုနှင့် လူငယ်အပေါ် အလေးထားမှု စေတနာပါမှုတို့ကို တွေ့ရပြီး တစ်ရွာချင်းအနေဖြင့်လည်းကောင်း စုပေါင်းလုပ်ခြင်းဖြင့်လည်းကောင်း ခေါင်းဆောင် ကောင်းတစ်ယောက်အဖြစ် အများက ယုံကြည်စိတ်ချရပေသည်။ မိမိတစ်ဦးတည်း အယူအဆ အမျိုးမျိုးနှင့် အများ တင်မြှောက်ထားသည့် ခေါင်းဆောင်တစ်ဦး၏ နည်းလမ်းများကို ကောင်းစွာမသိ၍ အလိုလို ဆွေးနွေးငြင်းခုံစိတ်ရှိသူက တစ်မြို့နယ်လုံးဆိုင်ရာ နှစ်သစ်ကူး ကျင်းပရေး ကော်မတီ ဥက္ကဋ္ဌတစ်ဦး၏ စေတနာမှန်ကို လျှော့တွက်မိသလိုမျိုး ပြီးမှ စာရေးသူ စိတ်မကောင်းခြင်း ဖြစ်မိပါသည်။

အမှန်မှာ ထိုနောက်ဆုံး စည်းဝေးပွဲနေ့အထိ နှစ်သစ်ကူး ကိစ္စသည် ရာခိုင်နှုန်း (၇၀) မျှ အောင်မြင်မှုများ ရရှိသော်လည်း ဤပွဲတော်ကြီးသည် ထိုရငွေများနှင့် မည်သို့မျှ မလုံလောက်နိုင်ပေ။ သို့သော် လူအများ၏အကျိုးကို

ကြည့်ရာတွင် လူနည်းစု၏အကျိုးကိုပါ မထိခိုက်ရလေအောင် တရားသောစိတ်ဓာတ်ဖြင့် ဖြစ်မြောက်အောင် ကြိုးစားသွားမည်ဟု ဥက္ကဋ္ဌကြီးကိုယ်တိုင် ထည့်သွင်းပြောကြား သွားပါသည်။

မှန်ပါသည်။ အမျိုးသာရေး အကျိုးအတွက် ဦးတည်ရည်ရွယ် ပြောဆိုနေသည်ကို အများအားဖြင့် နားလည်ကြပါသည်။ သို့သော် အမျိုးသားရေးသည် လူပုဂ္ဂိုလ်အရေးထက် အရေးကြီးပါသဖြင့် ထိုနှစ်သစ်ကူးကိစ္စကို အချိန်တန်ဆွေးနွေးကြသည့် အခါမှာ ထုံးစံအတိုင်း အတွေ့အကြုံနည်းပါးပြီး အခြောက်တိုက် ခေါင်းဆောင်လုပ်ကြသည့် အချောင်သမားဝါဒဆရာများ ရှိကြသလို ရိုးတွင်းချဉ်ဆီအထိ တိုက်တွန်းအားပေးကြသူများလည်း ရှိကြပါသည်။ တစ်ခါ ရှေ့လဲမသွား၊ နောက်လဲမနေ၊ ယောင်ချာချာ လူ့ငွစာများလည်း ဝတ်ကျေတန်းကျေ စည်းဝေးပွဲသို့ တက်ရောက်လာကြသည်ကိုလည်း တွေ့ရပေသည်။

ထို့အပြင် "နှစ်သစ်ကူးပွဲတော်ကြီးကို စပေါင်းကာ စည်စည်းကားကား ကျင်းပကြမယ်ဟေ့" လို့ ပြောလိုက်တာနှင့် (ဖုံး) ကွဲမှာတို့ (အဖမ်းခံ) ရမှာတို့ (ကရင်အလံ) ဟာ နိုင်ငံတော်အလံနှင့် ယှဉ်တွဲပြီး ထူပိုင်ခွင့် မရတော့တာတို့ စသည်ဖြင့် အဖျက်အမှောင့်ခြောက်လုံးတွေက ပွဲတော်ကြီးအား ပျက်အောင်လုပ်ကြံကြိုးစားကြသည်မှာ ကြားရသည်ကလည်း ဝမ်းနည်းဖိပါသည်။

ထို့ကြောင့် "မြွေပူရာ ကင်းမှောင့်" ဆိုလိုသလို စိတ်ညစ်စရာတစ်ခုမဟုတ် တစ်ခုနှင့် ကြုံရပါသည်။ အချို့ကရင်တို့ မလေးစားသည်ကလည်း "အစည်းအဝေးပွဲသို့ မဖြစ်မနေ တက်ရောက်ပေးပါရန်" ရှိသေစွာနှင့် ဖိတ်ကြားသည့် အခါမှာလည်း ထိုအစည်းအဝေးပွဲကို တက်ချင်တက်မည်၊ မတက်ချင်နေမည်၊ သို့မဟုတ် ဖိတ်ကြားထားသည့် အချိန်နှင့် မကြာခဏ လွဲပြီး နောက်ကျနေခြင်းပင် ဖြစ်သည်။

သည်တော့ နောက်လိုက်များက နေရာကို အတည်တကျယူတတ်ကြပြီး ရှေ့သွားခေါင်းဆောင် လုပ်နိုင်ကြသူအချို့က နေရာမသိကြသေးသည်က အလွန်စိတ်ပျက်စရာပင်ကောင်းလှပေ၏။

အမှန်တကယ်ဆိုလျှင် စာရေးသူတို့ ကရင်လူမျိုးသည် ရှေးအတီတေ ကာလကတည်းက မျက်ကမ်းမျိုးချစ်များ မဟုတ်၊ ခေတ်အဆက်ဆက် တာဝန်ကျေပွန်ခဲ့သူများစွာ ရှိခဲ့ပါသည်။ ထည်ဝါဝင့်ကြွားသည့် သူရဲကောင်းများစွာလည်း ပေါ်ထွက်ခဲ့ပါသည်။ ဇာတိသွေး ဇာတိမာန်အပြည့်အဝနှင့် မျိုးချစ် အာဇာနည်သူရဲကောင်းများလည်း ပေါ်ပေါက်ခဲ့ပါသည်။ ထိုအကြောင်းများကို စာပေရေစီးကြောင်းတွင် အားရကျေနပ်စွာ ဖော်ပြခံရခြင်း နည်းခဲ့သော်ငြားလည်း သမိုင်း၏ အထုပ္ပတ္တိအတွင်းအပြင်၌ များစွာသိထားကြပါသည်။ သို့အတွက်ကြောင့်လည်း အမှန်တရားမျှား များစွာလိုလားခဲ့ကြသော ခေါင်းဆောင်ကြီးများ၏ ကျေးဇူးကြောင့် တစ်နေ့နေ့ ပြောင်းလဲလာမှုအပေါ်တွင် ဆင်ခြင် သတိပြုမိကြပြီ ဖြစ်သည်။

ထို့ကြောင့် သမိုင်းဟူသည် အမျိုးသားတစ်ရပ်လုံး၏ အကျိုးကို ရင်အုပ်မကွာ ရှင်သန်နေပြီးဖြစ်၍ ယဉ်ကျေးမှုကို လိုလားကြသော တိုင်းပြည်တိုင်း၊ လူမျိုးတိုင်း မိမိတို့၏ ယဉ်ကျေးမှုများကို မဆုတ်ယုတ်စေဘဲ တိုးတက်စေဖို့သာ ကြိုးပမ်းနေရခြင်းပင်ဖြစ်သည်။

ထို့ကြောင့် ယနေ့

အသစ်အသစ်တို့ ပြောင်းလဲလာကြပြီဖြစ်၍ ကုန်ဆုံးသွားသော သက္ကရာဇ်တို့သည် ရွက်ကြွေများသဖွယ် လွင့်မြောကျန်ရစ်ခဲ့ကြ၏။ နောက်ပြန်ဆုတ်၍ ရေတွက်ရသော (BC) သက္ကရာဇ်များကို ဖယ်ခွာ၍ ရှေ့သို့တိုးကာ ရေတွက်ရသော (AD) သက္ကရာဇ်များနှင့် "စိန်ရတု" ၏ ပန်းတိုင်ဆီသို့ အတူချီတက်ကာ သွားကြပါစို့ "ကော့မူး၏သမိုင်း မရိုင်းစေရ" ဟု သမိုင်းမှတ်တိုင် ခိုင်မြဲစွာ စိုက်ထူကြရပေမည်။ မည်သည့်အဖွဲ့အစည်း၊ မည်သည့် ဩဇာအာဏာနှင့် မဟုတ်ဘဲ ငါတို့အမျိုးသားရေး အသိစိတ်ဓာတ်နှင့် ငါတို့ ခေါင်းဆောင်ကြီးများ၏ ကျေးဇူးတရားများကို "စိန်ရတု၏ နှင်းထုပြာသို" မှာ ဂုဏ်ပြုကြမည်ဟု မင်္ဂလာရှိသော စကားများကို နွေးထွေးလိုက်လှဲစွာဖြင့် ဥက္ကဋ္ဌကြီးကိုယ်တိုင် နှုတ်ခွန်းခြွေလိုက်ပါသည်။ ယင်းနောက် နှစ်သစ်ကူးပွဲတော်ကို ၂၄-၁၂-၂၀၁၁ မှ ၂၆ အထိ ကျင်းပခွင့်ပြုလိုက်ပါသည်။ ထို့နောက် နောက်ဆုံးစည်းဝေးပွဲနေ့တွင် တက်ရောက်လာကြသော ကိုယ်စားလှယ်များသည် မျှော်လင့်တောင့်တကြသည့် (၇၅) နှစ်ပြည့် စိန်ရတုနှစ်သစ်ပွဲတော်ကြီးအား ကျင်းပနိုင်ခြင်းအကျိုးဟာ ကျေနပ်အားရစွာနှင့် လက်ခုပ်သံများက ကျောင်းဝင်း တစ်ခုလုံး ဆူညံသွားလေတော့သည်။

၂၄-၁၂-၂၀၁၁

နံနက်ခင်း၏ နေခြည်နုသည် ဝင်းပစွာနှင့် နှစ်သစ်ကူးကျင်းပသည့် ကွင်းပြင်ထဲသို့ ဖြာကျလျက်ပင်ရှိ၏။ ကားလမ်းမကြီး၏ဝန်းကျင် တစ်လျှောက်တွင်လည်း ဆိုင်ကယ်များ၊ ကားများ၊ ဈေးသည်များ၊ လူများစွာတို့ ပြားပန်းခတ်မျှ လှုပ်ရှားနေကြ၏။ ဝါးသခ်ရွာသည်လည်း ဆင်းရဲချမ်းသာမကျန်၊ အိမ်တိုင်းအိမ်တိုင်းမှာတွင် ကရင်အလံများကို ဝေဝေဆာဆာနှင့် လွှင့်ထူထားကြပေ၏။

နှစ်သစ်ကူးပွဲတော် ကျင်းပသည့် ကွင်းပြင်တစ်ခုလုံးသည်လည်း ကရင်အလံများ ဝေဆာစွာနှင့် စိုက်ထူထားကြပြီး ညရောင်စုံမီးအလှများက ကွင်းပြင်တစ်ခုလုံးလို ဆေးရောင်ခြယ်ထားသည့် ကရင်စာလုံးကြီးများကို ထမ်းဆောင်ထားရသည့် ငါးထပ်သား မုခ်ဦးကြီးကိုလည်း ကရင်အလံများနှင့် အဝေးသို့လှမ်းမြင်ရသည်က ခန့်ညားလှပေ၏။ ထိုမုခ်ဦး၏ ဝဲယာနှစ်ဘက်တွင် ဈေးတန်းများနှင့် ပြိုင်ပွဲတက်ရောက်လာကြသည့် ဖျော်ဖြေရေး စင်မြင့်နှင့် ရှည်လျားစည်ကားလှသည့် ရိုးရာပြခန်း၏ ပန်းချီကားကြီးများသည် ပရိသတ်တို့ စိတ်အဝင်စားဆုံး ဖြစ်သည်။

အခမ်းအနား ဖွင့်လှစ်မည့်အချိန်သည် ညနေ ၆း၀၀ နာရီပင်ဖြစ်၍ ၃း၀၀ နာရီမိထိုးဗီကတည်းက ကျေးရွာအသီးသီးရှိ ဒုံးအကအဖွဲ့များ၊ အလံများနှင့် ဆိုင်းဘုတ်များကို ကိုင်ကာ ချီတက်လာနေကြပြီဖြစ်သည်။ ကွမ်းခြံကုန်းမြို့နယ်၊ မန်းကလိပ်ကျေးရွာ မြောက်ပိုင်း အမှတ် (၁) ဒုံးအကအဖွဲ့မှ လူငယ်များသည် (ဘင်ခရာ) နှင့် ကရင်တီရုပ် အကျီအဖြူရောင်များ ဝတ်ဆင်ကာ မုခ်ဦးဝဆီသို့ ညီညာစွာ ကရင်အလံများနှင့် ချီတက်လာကြပြီး၊ ကရင်နှစ်သစ်ကူးကို တရားဝင် တောင်းဆိုပေးခဲ့ကြသည့် လွတ်တော်အမတ်များ၏ပုံ ရှိရာ ယဉ်ကျေးမှုကျောက်စာတိုင်ရှေ့သို့ သွားရောက် ဂါရဝ ပြုပြီးမှ မိမိတို့၏ အဆောင်ရှိရာသို့ ပြန်လည် ချီတက်သွားကြပေသည်။ အလားတူ ကျေးရွာအသီးသီးမှလည်း အလံနှင့် ဆိုင်းဘုတ်များကိုင်ကာ အဆက်မပြတ် ချီတက်လာကြပေသည်။ အဆောင်တိုင်းတွင် ကျေးရွာနာမည် အသီးသီး ရှိကြပေသည်။ ကွမ်းခြံကုန်း၊ မအူပင်၊ ကော့မှူး၊ တွံတေး စသည့်မြို့နယ်မှ ပြိုင်ပွဲဝင်ကြမည့် ဒုံးအကအဖွဲ့များနှင့် ဧည့်သည်တော်များကို ဧည့်ခံကျွေးမွေးရေး ကော်မတီအဖွဲ့များက ထမင်းရုံကို နှစ်ရုံခွဲပြီး ဧည့်ခံကျွေးမွေးကြပါသည်။

ညနေ ၆း၀၀ နာရီသို့ရောက်ကာ ပရိသတ်များ နေရာယူကြပြီး အခမ်းအနားဖွင့်လှစ်ခြင်း အစီအစဉ်ကို စတင်ပါသည်။ ထို့ကြောင့် ဖျော်ဖြေရေးစင်မြင့်ပေါ်တွင် မိုးပျံပူဖောင်းများကို ကိုင်ဆောင်ထားကြသည့် ကရင်အမျိုးသမီးငယ်လေးများ ၆-ဦးနှင့် ကရင်နှစ်သစ်ကူးကျင်းပရေး ကော်မတီဥက္ကဋ္ဌ မန်းတင်ဝင်းတို့က ဖဲကြိုးဖြတ်ပေးပါသည်။ ထို့နောက် ဘဏ္ဍာရေးမှူး မန်းမြင့်ဇော်ကလည်း (၇၅)နှစ်ပြည့် အထိမ်းအမှတ်အဖြစ် ငွေကျပ်ခုနှစ်သောင်းကို မိုးပျံပူဖောင်းအောက်တွင် သီတွယ်ကာ အခမ်းအနား ဖွင့်လှစ်ခြင်း အထိမ်းအမှတ် ပြုလိုက်ပါသည်။

မိုးပျံပူဖောင်းများ ကောင်းကင်သို့ တက်သွားချိန် ဗွီဒီယိုကင်မရာများက တစ်ဖျတ်ဖျတ်နှင့် မှတ်တမ်းတင်ကြကာ ဒေါက်တာဖေသိန်း၏ (အောပုအောပောင်) သီချင်းနှင့် လက်ခုပ်သံများက အုတ်အော်သောင်းတင်း၊ ကောင်းခြင်းဖြာစေ၊ ကျက်သရေမင်္ဂလာအပေါင်း ခညောင်းလျက် ရှိနေပါတော့သည်။

နိုက် (စကားလွန်းအောက်ပိုင်း)

■

# နယူးဇီလန်နိုင်ငံ၏ ပထမဦးဆုံး ကရင်နှစ်သစ်ကူးပွဲ

မန်းမင်းမောင် (နယူးဇီလန်)

ကျွန်တော်သည် နယူးဇီလန်နိုင်ငံသို့ ၂၀၀-ခုနှစ်၊ စက်တင်ဘာလမှ စ၍ အခြေချနေခွင့်ဖြင့် ရောက်ရှိခဲ့သည်။ ရောက်ရောက်ခြင်း အောက်လာလန်မြို့တွင် ၆-ပတ်ခန့် စခန်းသွင်းကာ နယူးဇီလန်နိုင်ငံ၌ မည်သို့မည်ပုံ နေထိုင်ရမည်။ မည်သို့ ပေါင်းသင်းဆက်ဆံရမည် မှအစ ဗဒန ပေါင်းစုံတို့၏ လုပ်ထုံးလုပ်နည်းပေါင်းစုံကို ၆-ပတ်အထိ လေ့လာပြီးမှ အပြင်ထွက်နေခွင့်ရသည်။

တစ်ဆက်တည်း နယူးဇီလန် နိုင်ငံအကြောင်း အနည်းငယ် တင်ပြလိုပါသည်။ နယူးဇီလန်နိုင်ငံသည် ပစ္စဖိတ်သမုဒ္ဒရာထဲမှ ကျွန်းငယ်လေးနှစ်ကျွန်းသာ ဖြစ်ပြီး လူဦးရေကား ၄-သန်းခန့်သာ ရှိသည်။ သို့သော်လည်း သိုးကောင်၏ အရေအတွက်ကား သန်း ၆၀-ခန့် ရှိသည်။ မြွေ မရှိ၊ ကင်း မရှိ၊ မြို့ပြဒေသတွင် ခြင်မရှိ။ လူ့အခွင့်အရေး အပြည့်ရှိသည်။

မန်းအောင်နေ့သည်လည်း ၂၀၀၀-ခုနှစ်၊ ပထမအသုတ်အဖြစ် အခြေခံနေထိုင်ခွင့် ရသူဖြစ်ပြီး ကျွန်တော်သည် ဒုတိယအသုတ် ရောက်ရှိလာသူ ဖြစ်သည်။ သူနှင့် ကျွန်တော်သည် ကရင်အဖွဲ့အစည်းတစ်ခုတွင် နှစ်ပေါင်းများစွာ အတူတကွ လုပ်ကိုင်ခဲ့ကြ၍ ၂၀၀၀- ခုနှစ်၊ ကရင်နှစ်သစ်ကူးကို နယူးဇီလန်နိုင်ငံတွင် ပထမဦးဆုံး ကျင်းပလိုသူနှင့် ကျွန်တော် ဦးဆောင်စည်းရုံးတော့သည်။ ကျွန်တော် နယူးဇီလန်ရောက်ပြီး အပြင်နေထိုင်ခွင့်ရရာ မကြာခင် သူနှင့် ကျွန်တော် ကရင်နှစ်သစ်ကူးအတွက် စတင် လူစည်းရုံးတော့သည်။ ထိုမတိုင်ခင်က ကိုယ့်ကရင်လူမျိုး၌ ယဉ်ကျေးမှု ရှိကြောင်း၊ ကိုယ့်အက၊ ကိုယ့်သီချင်း ရှိကြောင်း အခမ်းအနားများစွာတွင် ကျွန်တော်ကိုယ်တိုင် တီးပေး ဆိုပေးရသည်။ ကျွန်တော့်သမီးကြီးနှင့် သမီးလတ်က ဆို၊ ကျွန်တော်က မယ်ဒလင်တီး၊ စဖေသိန်း၏ အောဟုအော်ဟောင် အပါအဝင်၊ ကရင်သီချင်းများစွာ သီဆိုပြသခွင့် ရသဖြင့် နယူးဇီလန်နိုင်ငံသားများ အံ့သြချီးမွမ်းကြသည်။ ကိုယ့်ရိုးရာဝတ်စုံ၊ ကိုယ့်အသံ၊ ကိုယ်သီချင်းဖြင့်၊ နယူးဇီလန်နိုင်ငံသားများရှေ့ ပြသပေးခဲ့ပါသည်။

ကရင်နှစ်သစ်ကူးပွဲ- ဒုံး သော်လည်းကောင်း၊ ဝါးညှပ် သော်လည်းကောင်း ကျွန်တော်နှင့် မန်းအောင်နေ့ နေ့မအား ညမအားဖြင့် ဒုံးကရန် ဘင်မရှိ၍ ၁၀-ဂါလံပုံးကို ဘင်အဖြစ် ကျွန်တော် တီးရသည်။ ကရင်နှစ်သစ်ကူး အခမ်းအနားအတွက် ကျွန်တော်တို့ ဘုရားကျောင်း စင်မြင့်ကြီး တစ်ခု အသုံးပြုခွင့်ရသည်။ နယူးဇီလန်ရောက် မြန်မာပြည်သားအားလုံးကို ဖိတ်မန္တက ပြုသည်။ သူတို့လည်း ဖျော်ဖြေရေးအပိုင်းတွင် ပါဝင်ကူညီကြသည်။ ထိုနှစ်မှစ၍ ကျွန်တော်တို့ ကရင်နှစ်သစ်ကူးပွဲ နှစ်တိုင်းကျင်းပခဲ့ပါသည်။ မကျင်းပနိုင်သည့် နှစ်လည်း ရှိခဲ့ပါသည်။ ကျွန်တော်နှင့်



မန်းအောင်နေးသည် ထိုနှစ်မှပင် ဦးဆောင်ကျင်းပခဲ့ပြီး နောင်နှစ်များတွင် အသစ်ရောက်လာသော ဒုက္ခသည် အသစ်များသာ ဦးဆောင်ပြီး ကရင်နှစ်သစ်ကူးကို ကျင်းပကြပါသည်။

ကမ္ဘာအရပ်ရပ်ရှိ ကရင်အမျိုးသားတို့သည် နှစ်စဉ်နှစ်တိုင်း ကရင်နှစ်သစ်ကူးနေ့၊ လက်ချည်ပွဲနေ့ အစရှိသဖြင့် ကရင်လူမျိုးနှင့် စပ်လျဉ်းသော နေ့ထူးနေ့မြတ်များတွင် အားတက်သရော ကျင်းပကြသည်မှာ ယခုထိ ဖြစ်ပါသည်။ ကမ္ဘာအရပ်ရပ် နိုင်ငံအသီးသီးရှိ ကရင်များ စုဝေးနေထိုင်ရာ နိုင်ငံများထဲမှ မလေးရှားနိုင်ငံမှ ကရင်လူမှုအဖွဲ့အစည်းမှ ကရင်နှစ်သစ်ကူးပွဲ၊ ကရင်လက်ချည်မင်္ဂလာပွဲ အခမ်းအနားမှာ မည်မျှ ကြီးကျယ်ခမ်းနားသည်ကို အင်တာနက်စာမျက်နှာတွင် ကြည့်ရှု လေ့လာနိုင်ပါသည်။ တတိယနိုင်ငံရှိ ကရင်လူမျိုးများအတွက် ဂုဏ်ယူရမည် ဖြစ်ပါသည်။ ဦးဆောင်သူ မောင်ကျော်ဒုံရန်း ခေါ် မန်းမြသွင်နှင့် ၎င်း၏အပေါင်းပါ ကရင်ခေါင်းဆောင်များ၊ မလေးရှားနိုင်ငံရောက် ကရင်လူငယ်လူရွယ်များ အားလုံးကို ဤဆောင်းပါးဖြင့် ဂုဏ်ပြုအပ်ပါသည်။

ကျွန်တော်တို့ နယူးဇီလန်နိုင်ငံ၌ ကရင်နှစ်သစ်ကူးပွဲ၊ လက်ချည်မင်္ဂလာပွဲ ကြီးကျယ်ခမ်းနားစွာ မကျင်းပနိုင်ခဲ့ပြားသော်လည်း ကျွန်တော်တို့နိုင်ငံရှိ အောက်ကလန်မြို့တွင် ကရင်ယဉ်ကျေးမှုပြတိုက်တစ်ခု ရှိခြင်းအတွက် ကျွန်တော့်အနေဖြင့် ဂုဏ်ယူ ဝမ်းသာမိပါသည်။ မည်သည့် တတိယနိုင်ငံမှ မရှိနိုင်ဟု အတိအကျ ပြော၍ရသည်။

အောက်ကလန်မြို့ အိုနီတန်ကာ ရပ်ကွက်၊ မောင့်စမတ် လမ်းတွင် ထို ကရင်ယဉ်ကျေးမှုပြတိုက် ရှိသည်ဟု ကျွန်တော်ရေးလျှင် လွန်မည် မထင်လေနှင့်။ အိမ်သည် ကရင်ရိုးရာယဉ်ကျေးမှု အသုံးအဆောင်များ၊ ကရင်ရိုးရာ တူရိယာများဖြင့် ပြည့်နှက်နေအောင် တန်ဆာဆင်ထား၍ ဖြစ်ပါသည်။ အိမ်ရှင်ကား မန်းကျော်အေးပင်တည်း။ သူ မိသားစုနှင့် သူနေထိုင်ပြီး ကရင့်ရိုးရာ ယဉ်ကျေးမှုပစ္စည်းများကို ကိုယ်တိုင်ထုတ်လုပ် ထိန်းသိမ်းပြီး ပြသထားပါသည်။ အလွန်တရာ လက်ရာဝင်လှသည့် ဖားစည်ပင်လျှင် အချိန်ကုန်၊ ငွေကုန်ခံပြီး ထုတ်လုပ်နိုင်သူ ဖြစ်သည်။ အိမ်ရှေ့မှ သူ့အိမ်ထဲကို ဝင်သည်နှင့် ကရင် အမျိုးသားအလံက ကြိုဆိုပြီး ဧည့်ခန်းတွင် အလွန်တရာ ကြီးမားသည့် မိမိကိုယ်တိုင် ထုတ်လုပ်သော ဖားစည်၊ ကရင့်စောင်း အပါအဝင် တူရိယာပေါင်းစုံ ချိတ်ဆွဲပြသထားပါသည်။ ကရင့်အမျိုးသား ယဉ်ကျေးမှု ပြတိုက်ဟု ခေါ်ဆို၍ ရသည်။

သူသည် ကရင်ပြည်နယ်ဇာတိဖြစ်ပြီး ဘားအံမြို့နယ်၊ လောင်ပလိန်ရွာသား ဖြစ်ပါသည်။ ကရင်အဖွဲ့အစည်းတစ်ခုတွင် လူငယ်တာဝန်ခံအဖြစ် သော်လည်းကောင်း၊ ယဉ်ကျေးမှုတာဝန်ခံအဖြစ် သော်လည်းကောင်း နှစ်ပေါင်းများစွာ လုပ်ကိုင်ခဲ့သူလည်း ဖြစ်ပါသည်။ တစ်ခေတ်တစ်ခါက ကရင်ပြည်နယ်တွင် အလွန်တရာ နာမည်ကြီးခဲ့သော ကရင့်လက်ဝှေ့သမားကြီး ဝမ်းဒေါ်လာ၏ တူအရင်း ဖြစ်ပါသည်။ ကရင်လက်ဝှေ့သမားကြီး ဝမ်းဒေါ်လာကို ကရင်ပြည်နယ်သားတိုင်း သိကြပါသည်။ မည်မျှအထိ ထင်ပေါ်ကျော်ကြားခဲ့သည်ကို သူ မထိုးသတ်နိုင်တော့သည့် ကာလအထိပင် အသက်အရွယ်အိုမင်းလာသည့်တိုင် ကရင်ပြည်နယ်ပွဲ လက်ဝှေ့ကျင်းပရေး

အောက်ကလန်မြို့ အိုနီတန်ကာရပ်ကွက်၊
မောင့်စမတ်လမ်းတွင်
ထိုကရင်ယဉ်ကျေးမှုပြတိုက် ရှိသည်ဟု
ကျွန်တော်ရေးလျှင် လွန်မည် မထင်လေနှင့်။

လူကြီးများက အလှူပွဲ ထိုးပြပေးပါရန် မေတ္တာရပ်ခံ၍ အလှုပြ ထိုးသတ်ကာ ပွဲကြည့် ပရိသတ်များ သူ၏ လက်ရေပညာ အစွမ်းကို ထုတ်ဖော်ပြသခွင့် ပေးခဲ့သည်ကို ကြုံဖူးပါသည်။

မန်းကျော်အေး မိသားစုသည် ကရင်စကားသာလျှင် မိသားစုအားလုံး အမြတ်တနိုး တန်ဖိုးထား ပြောဆိုကြသည်။ ကိုယ့်စကား ကိုယ်မမေ့ ကိုယ့်ယဉ်ကျေးမှု ကိုယ်မမေ့ အစဉ် တစိုက် ထိမ်းသိမ်းလျက် ရှိပါသည်။ ၂၇၅၀-ခုနှစ် ကရင် နှစ်သစ်ကူးပွဲကို ကိုယ်တိုင်ကြီးကြပ်ကာ ပြာသိုလဆန်း ၁-ရက် ကျရောက်သည့်နေ့မှာပင် သူနှင့် သူ့အဖွဲ့သားများ အောက် ကလန်မြို့ ရတနာဒီပကျောင်းတွင် အထူးစည်ကားစွာ ကျင်းပ ပေးခဲ့ပါသည်။ ကရင်လက်ချည်ပွဲ ကျရောက်သည့် နှစ်တိုင်း လိုလို မိမိနေအိမ်တွင် ကျင်းပခဲ့သည်ကိုလည်း ကြုံတွေ့ ဖူးပါသည်။ တစ်မြို့လုံးရှိ ကရင်လူမျိုးများအပြင် အခြား တိုင်းရင်းသားများကိုလည်း ဖိတ်မန္တကပြု၍ ကရင်ရိုးရာ အစား အသောက်များဖြင့် တည်ခင်း ဧည့်ခံပေးခဲ့သည်။

မန်းကျော်အေးကဲ့သို့ ကိုယ့်ကရင်ရိုးရာ ယဉ်ကျေးမှု အမွေအနှစ်ကို ထိမ်းသိမ်းခြင်း၊ တန်ဖိုးထားခြင်းတို့သည် ကရင်အမျိုးသားများ အနေနှင့် ရှိသင့်ရှိထိုက်သည့် တာဝန် တစ်ရပ်ဟု ပြောချင်ပါသည်။ တတိယနိုင်ငံ၌ ရှားပါးလှသည်။ ကရင်ရိုးရာ တူရိယာပစ္စည်းများ၊ အဓိကအားဖြင့် ကရင် ဖားစည်များ (ရွှေဖားစည်၊ ငွေဖားစည်) မှအစ ကိုယ်တိုင် ထုတ်လုပ်သည့်အပြင် အခြားနိုင်ငံရှိ ကရင်အမျိုးသားများ လိုအပ်လျှင် လိုအပ်သလို ထုတ်လုပ်ဖြန့်ဖြူး ပေးနိုင်သူ ဖြစ်ပါသည်။ အဖိုးအခသည် အဓိကမဟုတ်။ ကိုယ့်ရိုးရာ အမွေအနှစ် ထိမ်းသိမ်းထားလိုသည့်စိတ်သည် အဓိက ဖြစ် ကြောင်း စာရေးသူကို ပြောပြပါသည်။ သူထုတ်လုပ်သည့် ကရင် အသုံးအဆောင်ပစ္စည်းများနှင့် စပ်လျဉ်း၍ လေ့လာ သိရှိလိုပါလျှင် ကိုးဒီသွေး အင်တာနက် စာမျက်နှာတွင် လေ့လာနိုင်ပါကြောင်း ရေးသားလိုက်ရပါသည်။

မန်းမင်းမောင် (နယူးဇီလန်)
၁၅ ၊ ၂ ၊ ၁၂

■

# ဖိတ်ခေါ်ခြင်း

မိတ်ဆွေတစ်ဦး
ထူးထူးခြားခြား
သူ့နှုတ်ဖျားမှ
လှစ်ဟ ခွန်းချို
"အိုဆူဟာ" ။

အံ့သြလှစွာ
ငါမှာ ပျော်ရွှင်
သင်ကရင်လား
စကားအမေး
ကရင်သွေးမှာ
နည်းငယ် ပါလည်း
ဘာပဲဖြစ်ဖြစ်
ကရင်ဖြစ်၍
ပျော်မွေ့သည်သာ
သစ္စာရှိခြင်း
တည်ကြည်ခြင်းနှင့်
ရိုးသားခြင်းများ
ကရင့်အားမို့
ဂုဏ်ယူလို့သာ
ပျော်ပါပေ၏
ပြန်ဖြေ၏။

ကိုယ့်ရင်းချာပဲ
ခွဲခွဲခြားခြား
တို့ မထားပါ
ပျူငှာလက်ကမ်း
ဝမ်းပန်းတသာ
ကြိုဆိုပါသည်။
နီထော်သော မှာ
ဆုံကြမည်။ ။

စောချိုသာ

# ခြိမ့်ခြိမ့်သဲသဲ

# ကပိုင်ရွာ နှစ်သစ်ကူးအောင်ပွဲ

စောဝင်းနိုင် (ဥပဒေ)

ပန်းတနော်မြို့နယ်၊ ကပိုင်အုပ်စု၊ ကပိုင်ရွာတွင် ကျင်းပသည့် ကရင်နှစ် ၂၇၅၁ ခုနှစ်၊ ကရင်အမျိုးသားနှစ်သစ်ကူးနေ့ အခမ်းအနားသို့ တက်ရောက်ရန် ကရင်နှစ်သစ်ကူးကျင်းပရေး ဗဟိုကော်မတီမှ ဒုဥက္ကဋ္ဌ မန်းစံမြတင်နှင့် အဖွဲ့ဝင် စောဝင်းနိုင်၊ စောမြဦး သုံးဦးတို့သည် ၂၄.၁၂.၂၀၁၁ နေ့ နံနက် ၆း၃၀ တွင် ရန်ကုန်မှ ဟိုင်းလတ်ကားဖြင့် ထွက်ခွာလာခဲ့ကြပါသည် ကပိုင်ရွာ နှစ်သစ်ကူးပွဲတော်ကို ဦးစီးကျင်းပမည့် ဆရာတော် ဦးသုရိယမှ ဖိတ်ကြား၍ အားရဂုဏ်ယူစွာ သွားရောက်ခြင်း ဖြစ်ပါသည်။

ပထမဦးဆုံး ကျွန်တော်တို့အဖွဲ့သည် မန်းစံမြတင်၏ဇနီး ရွာဖြစ်သော ညောင်တုန်းမြို့နယ်အပိုင် ချောင်းကြီးရွာသို့ ရောက်ရှိပြီး ပိုးကရင်သာသနာဝန်းရှိ သင်းအုပ်ဆရာ မန်းစန်းနိုင်ဦး ဇနီး နန့်မြင့်မြင့်ကြည်တို့ အိမ်တွင် ခေတ္တအနား ယူကြပါသည်။ ထိုရွာသည် အိမ်ခြေ (၁၅၀၀) ကျော်ရှိပြီး ရဲစခန်း၊ တိုက်နယ်ဆေးရုံ၊ ညောင်တုန်း အ.ထ.က(၁) ကျောင်းခွဲလည်း ရှိသည်။ ခရစ်ယာန်ဘာသာဝင် စကောကရင်၊ ပိုးကရင်၊ ချင်းနှင့် ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးများ နေထိုင်သည်။ ဘုန်းတော်ကြီးကျောင်း စကောကရင်၊ ပိုးကရင် ဘုရားရှိခိုးကျောင်းတို့ ရှိကြပါသည်။ ကျွန်တော်တို့ အဖွဲ့သည် ချောင်းကြီးရွာ ပိုးကရင်သင်းအုပ်ဆရာကြီး မန်းစန်းနိုင်ဦးတို့ အိမ်တွင် နံနက်စာစား အနားယူကြပြီး မွန်းလွဲ (၂) နာရီတွင် ဆက်လက် ခရီးထွက်ခဲ့ကြပါသည်။ ကပိုင်ရွာသို့ ညနေ (၄) နာရီခန့်တွင် ရောက်ရှိကြပါသည်။ ရွာထဲသို့ စတင်ဝင်ရောက်စဉ် အိမ်တိုင်းအိမ်ရှေ့တွင် စက္ကူ ကရင်အလံလေးများ ကပ်ထားသည်ကို တွေ့ရသဖြင့် အထူး ဝမ်းသာပီတိ ဖြစ်ရပါသည်။ ဤကဲ့သို့ ကရင်အလံလေးများကို အိမ်တိုင်း ကပ်ထားခြင်းသည် ငါတို့ဟာ ကရင်အမျိုးသားတွေဖြစ်တယ် ငါတို့အမျိုးကို ငါတို့ချစ်တယ် ကရင့်သင်္ကေတ ကရင်ဘိုးဘွားတို့၏ လုံ့လ၊ ညီညွတ်မှု ဝီသေသ၊ ခိုင်မာသော အမျိုးသားစိတ်ဓာတ် မလေ့ရိုးရာ ယဉ်ကျေးမှုထိမ်းသည့် အစဉ်အလာကို ဂုဏ်ယူ မြတ်နိုးမိပါသည်။ အရင်က ငါ့တို့ ကရင်ခေါင်းဆောင်ကြီးတွေ ခက်ခက်ခဲခဲ ရယူခဲ့ရတဲ့ ငါတို့ ကရင် အလံတော်ကို ဦးညွှတ်လေးစားတယ် ငါတို့ရဲ့ ကရင်အလံတော်နဲ့ ကရင့်ယဉ်ကျေးမှုကို ဆက်လက် ထိန်သိမ်းမယ်။ ငါတို့ ကရင်အမျိုးသားတွေအားလုံး စည်းလုံးညီညွတ်ကြမယ် ငါတို့ရဲ့ ကရင်ရိုးရာ ယဉ်ကျေးမှု နှစ်သစ်ကူးပွဲတော်ကြီးကို စည်းစည်းလုံးလုံး ညီ ညီညွတ်ညွတ်နဲ့ ပျော်ရွှင်စွာ စုပေါင်းဆင်နွဲပြီး ဆက်လက် ထိန်းသိမ်းသွားမယ် ဆိုတဲ့သဘော သက်ရောက်တဲ့အတွက် ကပိုင် ရွာသူရွာသားများ၏ နှစ်သစ်အတွက် တက်တက်ကြွကြွ စုပေါင်းဆောင်ရွက်မှုကို ဂုဏ်ယူဝမ်းမြောက်မိပါသည်။

ကျွန်တော်တို့ ကပိုင်ရွာလယ်ရှိ မန်းအောင်ချော၊ နန့်စမ်းရီ (ခေါ်) ခေါ်ကွဲတို့ နှစ်ထပ်တိုက်မှာ တည်းခိုကြပါသည်။ နာရီဝက်ခန့် နားနေ ရေသန့်စင်ပြီးနောက် နှစ်ကူးပွဲတော် ကျင်းပမည့် သီရိမင်္ဂလာကျောင်းတိုက်သို့ သွားရောက်ကြပါသည်။ ကပိုင်ရွာသည် အိမ်ခြေငါးရာခန့် ရှိသော ရွာတန်းရှည်ကြီး ဖြစ်ပါ သည်။ ကျောင်းအဝင်ဝတွင် ကရင်နှစ် ၂၇၅၁ ခုနှစ် ကရင် အမျိုးသားနှစ်သစ်ကူးပွဲတော်ဟု ပိုးကရင်လို ရေးထားသော ဆိုင်းဘုတ်ကို ခံ့ညားထည်ဝါလှပစွာ တွေ့လိုက်ရပါသည်။ ကျောင်းဝင်းထဲရှိ ဘယ်ညာနှစ်ဖက် နှစ်ထပ် ကျောင်းဆောင်ကြီးနှစ်ခု ကြားတွင် အလျားပေ ၂၀၀ ကျော်၊ အနံပေ ၁၀၀ ကျော်ခန့် စတုဂံပုံ မြေကွက်လပ်ကြီး၌ နှစ်သစ်ကူးပွဲတော်ကိုကျင်းပမည် ဖြစ်ပါသည်။ ကျောင်းအဝင်အဝက လှမ်းကြည့်လျှင် တစ်ဖက်ထိပ်၌ ခိုင်မာတင့်တယ် လှပစွာ တည်ဆောက်ထားသော အခမ်းအနားစင်မြင့်ကို တွေ့ရပါသည်။ စင်မြင့်မှာ ကရင်အလံများကို ထောင်ထားပြီး ကွင်းပတ်ပတ်လည်မှာတော့ စက္ကူ ကရင်အလံလေးများနှင့် သာသနာ့အလံငယ်လေးများကို အစီအရီ သေသပ်စွာ ဆွဲထားပါသည်။ စင်မြင့်၏ ဘေးထောင့်မှာတော့ ကြည်ညိုဖွယ်ရာ စေတီတစ်ဆူကိုလည်း ဖူးတွေ့ရပါသည်။ ကျောင်းအဝင် ဘယ်ဘက်ကျောင်းဆောင်ဘေးမှာ ဖိုးဖွား သက်ကြီးပူဇော်ပွဲအတွက် တန်းစီထားသော ပက်လက်ကုလားထိုင် ၂၅ လုံး ကိုလည်း အသင့်တွေ့ရပါသည်။ ကုလားထိုင်၏ ထောင့်လေးထောင့်တွင် ကရင်အလံနှင့် သာသနာ့အလံ လေးခုစီ ထောင်ထားတာကိုလည်း တွေ့ရပါသည်။

ကျွန်တော်တို့လည်း ဘယ်ဘက် ကျောင်းဆောင်အောက်ထပ်တွင် သီတင်းသုံးနေသော ဆရာတော် ဦးသူရိယကို သွားရောက်နှုတ်ဆက် ဂါဝရ ပြုပါသည်။ ဆရာတော်ကလည်း ကျွန်တော်တို့ကို လှိုက်လှိုက်လှဲလှဲ ကြိုဆိုပြီး "အခုလို လာရောက်တဲ့အတွက် အလွန်ဝမ်းသာ ကျေးဇူးတင်ပါတယ်" ဟု မိန့်ကြားပါသည်။

ထို့နောက် ညနေ ၃ နာရီမှ စ၍ ဖိတ်ကြားထားသော လက်ခုပ်စု၊ ဆုတောင်းပြည့်၊ အရှေ့စု၊ ယင်းဖာ၊ တာလန်ကုန်း၊ အရှေ့ကုန်း၊ အနောက်ကုန်း၊ ထော်ကလော့၊ ဘုရားလေးဆူ၊ ပတ်တော်၊ ဘနစ်၊ ကျောင်းဆိပ်၊ တလုပ်ထော်၊ အညာစု၊ ရေကန်စု စသည့် ကျေးရွာများမှ ဒုံးအဖွဲ့များအား စတင်ကြိုဆို နေရာချထားပေးကြောင်း၊ ဗီဒီယိုမှတ်တမ်းကိုလည်း စတင် ရိုက်ကူးကြောင်း၊ ညနေ ၅ နာရီခွဲ လောက်မှာ ချည်ဖြူဖွဲ့ မင်္ဂလာ အခမ်းအနားကို ကျင်းပကြောင်း၊ ည ၇ နာရီခွဲမှာ ရောက်ရှိလာသော ဒုံးအဖွဲ့များဖြင့် အခမ်းအနား ဖွင့်လှစ်ပြီး ဖျော်ဖြေကပြမည် ဖြစ်ကြောင်း၊ ဒုံးအဖွဲ့များ ဖြေဖျော်ပြီးနောက် အဆိုတော် ညောင်တုန်းဌေးဝင်းအဖွဲ့က သီဆိုဖျော်ဖြေမည် ဖြစ်ကြောင်း၊ ခိုင်ဝင်းဗိုလ် အငြိမ့်ခန်းတင်ဆက်မှု အပြီး ကျဗန်းစကားပြောပွဲ၊ စကားရည်လု ပြိုင်ပွဲ၊ ပုံပြောပြိုင်ပွဲတို့ကို ပြုလုပ်မှာဖြစ်ကြောင်း ရှင်းလင်းမိန့်ကြားပါသည်။ ကျွန်တော်တို့လည်း ဆရာတော်ရဲ့ ရှင်းလင်းမိန့်ကြားမှုကို တစ်နာရီခွဲလောက် နားထောင်ပြီး တည်းခိုအိမ်သို့ ပြန်ခဲ့ကြပါသည် အိမ်ရောက်ပြီး ညစာစားကြကာ ညကိုးနာရီလောက် အိပ်ရာဝင်ခဲ့ကြပါသည်။

ကျွန်တော်တို့သည် နှစ်သစ်နံနက် (၅) နာရီခွဲလောက်မှ နှစ်သစ်ကူး ကျင်းပမည့် ကျောင်းတိုက်သို့ ရောက်ရှိပါသည်။ ဒုံးအဖွဲ့များနှင့် ပရိသတ်များ အတော်ရောက်ရှိ နေကြပါသည်။ နံနက် (၆) နာရီ ရောင်နီပေါ်ထွန်းချိန်တွင် ကျွဲချို ပဒိုးမှုတ်ကာ ကရင်အမျိုးသားအလံကို လွှင့်တင်ကြပါသည်။ အလံတော် တင်ပြီးနောက် အလေးပြုကြပါသည်။ ပြီးနောက် ပတ်တော်ဒုံး၊ ဘနစ်ဒုံး၊ ကပိုင်ဒုံး၊ ယင်းဖားဒုံး၊ အရှေ့စုဒုံး၊ လက်ခုပ်စုဒုံးတို့က အတူတကွ စုပေါင်း ဒုံးကကြပါသည်။ စုပေါင်း ဒုံးအဖွဲ့သားများ၏ တီးမှုတ်သံ သီဆိုသံတို့သည် နံနက်ခင်း၏ လင်းရောင်ခြည်နှင့်အတူ နှစ်သစ်ကူးပွဲတော် ကျင်းပသည့် သီရိမင်္ဂလာကျောင်းဝင်းနှင့် ပတ်ဝန်းကျင်တစ်ခုလုံးကိုပါ ကျက်သရေ မင်္ဂလာအဖြာဖြာနှင့် ပြည့်စုံလွှမ်းခြုံသွားစေပါသည်။ မြင်ရသူ ကြားရသူ အားလုံးတို့၏ စိတ်နှလုံးကိုလည်း ကြည်နူးအားရ စေပါသည်။ တက်တက်ကြွကြွ ညီညီညာညာနဲ့ အားပါးတရ အားမာန်အပြည့် ညီညာတက်ကြွစွာ ဖျော်ဖြေ ကပြနေကြသော ဒုံးအဖွဲ့သားများကို ကြည့်ခြင်းအားဖြင့် ကရင် အမျိုးသားများသည် စည်းလုံးညီညွတ်မှု၊ ပျော်ရွှင်ကြည်နူးမှု၊ ရိုးရာ ယဉ်ကျေးမှုကို ထိန်းသိမ်းမြတ်နိုးမှု၊ အနှစ်သာရကို ပေါ်လွင်စေပါ သည်။ ထိုအနှစ်သာရကို ပေါ်ပေါက်လာအောင် ဆောင်ကြဉ်းပေးခဲ့သော ကပိုင်ရွာ သီရိမင်္ဂလာ ကျောင်းတိုက် ဆရာတော် ဦးသူရိယကိုလည်း အထူးလေးစား ကြည်ညိုမိပါသည်၊ စုပေါင်းဒုံးကအပြီးမှာ ပရိသတ် လက်ခုပ်သံသည် ပတ်ဝန်းကျင်တစ်ခုလုံးကို လွှမ်းမိုး သွားပါတော့သည်။

ဆက်လက်ကျင်းပသည့် အသက် (၇၅) နှစ် အထက် သက်ကြီး ဖိုးဖွား ကြိုဆိုရေး အစီအစဉ်ကို နေရာထိုင်ခင်းနှင့်အတူ ကြိုဆိုပြင်ဆင် ထားပါသည်။ တက်ရောက်လာနိုင်သော ဖိုးဖွားများ၊ မလာရောက်နိုင်သော ဖိုးဖွားများကို လူငယ်များ သွားရောက်ပင့်ဆောင် ခေါ်ခဲ့ကြပါသည်။ ဖိုးဖွား (၂၅) ဦး ကုလားထိုင် တစ်လုံးစီကို ကရင်ဝတ်စုံ ဝတ်ထားသော လူငယ် (၄) ဦးက ထမ်းပြီး သယ်ယူ ရပါသည်။ ရှေ့ဆုံးက ကရင်အလံ ကိုင်ထားသော ကရင် ဝတ်စုံပြည့် လူငယ်တစ်ဦးက ဦးဆောင်ကာ ကွင်းအဝင်ဝမှ တစ်ဆင့် အခမ်းအနား ကျင်းပမည့် စင်မြင့်ပေါ်သို့ ထမ်းသွားပြီး စင်မြင့်ပေါ်က အသင့်ချထားသော ကုလားထိုင်များပေါ်သို့ ဆောင်

ကြဦး ပေးကြပါသည်၊ ဖိုးဖွားအားလုံး စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူ ကြပါသည်။ အခမ်းအနား ကျင်းပမည့် ကွင်းထဲတွင် ကျေးရွာ အုပ်စုအလိုက် သတ်မှတ်ထားသော ဆိုင်းဘုတ်နေရာ နောက်တွင် ပရိသတ်များ ထောင်နှင့်ချီ အဆင့်သင့် နေရာယူထားကြပြီး ဖြစ်ပါသည်။ ကွင်းထဲရှိ သတ်မှတ်နေရာအလိုက် ထောင်ထားသော ဆိုင်းဘုတ် (၁၀) ခုမှာ ၁၊ တာလန်းကုန်းကျေးရွာ၊ ၂၊ ဆုတောင်းပြည့် ကျေးရွာ၊ ၃၊ ဘနစ်ကျေးရွာ၊ ၄၊ ယင်းဖာကျေးရွာ၊ ၅၊ လက်ခုပ်စုကျေးရွာ၊ ၆၊ အနောက်ကုန်း ကျေးရွာ၊ ၇၊ ကပိုင်အရှေ့ ကျေးရွာ၊ ၈၊ ထော်ကလော့ ကျေးရွာ၊ ၉၊ အိုးကို ကျေးရွာ၊ ၁၀၊ ဆပ်သေကျေးရွာ အုပ်စုတို့ ဖြစ်ကြပါသည်။

နံနက် ၇ နာရီခွဲတွင် ဟောပြောပွဲ အခမ်းအနားကို စတင် ကျင်းပပါသည်။ အခမ်းအနားကို အစီအစဉ်အတိုင်း ၁၊ အခမ်းအနား ဖွင့်လှစ်ကြောင်း ကြေငြာခြင်း ၂၊ သဘာပတိ မန်းမြအေးမှ နှုတ်ခွန်းဆက် အမှာစကား ပြောကြားခြင်း၊ ၃၊ ကရင်နှစ်သစ်ကူး ကျင်းပရေး ဗဟိုကော်မတီ (မဟာရန်ကုန်) မှ စောဝင်းနိုင်က နှုတ်ခွန်းဆက် အမှာစကား ပြောကြားခြင်း၊ ၄၊ ဧရာဝတီတိုင်းဒေသကြီး ကရင်တိုင်းရင်းသားရေးရာဝန်ကြီး မန်းသန်းဇွေ၏ သဝဏ်လွှာကို စသူရိန်သန့်ဇင်ဒေးက ဖတ်ကြားခြင်း၊ ၅၊ ကရင်နှစ်သစ်ကူးကျင်းပရေး ဗဟိုကော်မတီ (မဟာရန်ကုန်) ၏ သဝဏ်လွှာကို နန်းကြည်ကြည်ခိုင်မှ ဖတ်ကြားခြင်း၊ အစီအစဉ် ၆၊ အနောက်ပိုး ကရင်ဘာသာဖြင့် နန့်ဖြူနှင်းဒေးမှ ဖတ်ကြားခြင်း၊ ၇၊ မြန်မာဘာသာဖြင့် နန့်ထူးသဉ္ဇာဦးမှ ဖတ်ကြားခြင်း ၈၊ အင်္ဂလိပ် ဘာသာဖြင့် နန့်သန္တာအေး တို့မှ အသီးသီး ဖတ်ကြားပါသည်။ အစီအစဉ် (၉) အရ သက်ကြီး ဖိုးဖွားများကို ကန်တော့ပစ္စည်း ပေးအပ်လှူဒါန်းခြင်း၊ ၁၀၊ ကရင်နှစ်သစ်ကူး ကျင်းပရေးဗဟိုကော်မတီ (မဟာရန်ကုန်) မှ ဒု-ဥက္ကဋ္ဌ မန်းစံမြတင်မှ နိဂုံးချုပ် အမှာစကား ပြောကြားပြီး အစီအစဉ် (၁၁)အရ ကရင်အမျိုးသား သီချင်းကို စုပေါင်းသီဆိုခြင်းများ ဆောင်ရွက်ပြီး အခမ်းအနားကို အောင်မြင်စွာ ရုပ်သိမ်းလိုက်ပါသည်။

ဟောပြောပွဲ အခမ်းအနား အပြီး၌ ဆရာတော် ဦးသုရိယ မှ နှစ်သစ်အနမောဒနာတရား ဟောကြားပါသည်။ တရားနာပြီး နောက် ဆွမ်းကပ်ခြင်း၊ ထမင်းရုံတွင် ပရိသတ်များကို ထမင်း ဖြင့် ဧည့်ခံကျွေးမွေးပါသည်။ ကျွန်တော်တို့အဖွဲ့နှင့် အထူးဖိတ်ကြားထားသော လူကြီးများကို ဆရာတော် သီတင်းသုံးရာ ကျောင်းအောက်ထပ်တွင် ဧည့်ခံကျွေးမွေးပါသည်။ ကြက်သား၊ ဝက်သား၊ ငါး၊ ဟင်းချို တို့အပြင် ငါးပိ၊ တို့စရာ အစုံအလင်ဖြင့် အလွန် မြိန်ရှက်စွာ စားသောက်ကြပါသည်။ နှစ်သစ်ကူးပွဲ ကွင်းပြင်တွင်လည်း အားကစားပေါင်းစုံ ဖွင့်လှစ်ကျင်းပနေကြပါသည်။ ထမင်းစားသုံးပြီးနောက် ဆရာတော်နှင့်တကွ အခြားရွာများမှ ကြွရောက်လာသော ဧည့်သည်တော်များနှင့် စကားပြောကြပြီး ညနေ ၅ နာရီခွဲ ခန့်တွင် ကညာပျို့နဲ့ ဇရာအိုဘောလုံးပွဲ ကျင်းပပြုလုပ်မယ်လို့ သိရပါသည်။ ညနေ ခြောက်နာရီတွင် အလံတော်ကို ရုပ်သိမ်းပြီး ညဘက်၌ ဆုပေးပွဲ အစီအစဉ်ကို ပြုလုပ်ပြီးနောက် နှစ်သစ်ကူးပွဲတော် အခမ်းအနားကို ရုပ်သိမ်း လိုက်ပါသည်။

နေ့လည် ဆယ့်နှစ်နာရီခန့်တွင် ဆရာတော်ကို နှုတ်ဆက်ကန်တော့ပြီး ကျွန်တော်တို့ တည်းခိုအိမ်ကို ပြန်ခဲ့ကြပါသည်။ တည်းခိုအိမ်မှာ အနားယူ စကားပြောကြပြီး မွန်းလွဲ (၁) နာရီခန့်တွင် ကျွန်တော်တို့လည်း ရန်ကုန်သို့ ပြန်လည်ထွက်ခွာလာကြပါတော့သည်။

ကပိုင်ရွာမှာ စုပေါင်းပြီး ပထမဆုံးအကြိမ် ကျင်းပခဲ့တဲ့ နှစ်သစ်ကူးပွဲတော်ဟာ အင်မတန်မှ လေးစားဂုဏ်ယူစရာကောင်းပြီး အနှစ်သာရရှိတဲ့ ကရင်ရိုးရာ နှစ်သစ်ကူးပွဲတစ်ပွဲ ဖြစ်ခဲ့ပါသည်။ ထိုကဲ့သို့ အနှစ်သာရရှိသော ရိုးရာနှစ်သစ်ကူးပွဲတော်ကို ဖြစ်မြောက် အောင်မြင်အောင် ဦးဆောင်ကျင်းပခဲ့သော ကပိုင်ဆရာတော် ဦးသုရိယသည် တရားဟောကောင်းသလို ဗဟုသုတပြည့်ဝသူ၊ အဖက်ဖက်မှ အတွေ့အကြုံ အရည်အချင်း ပေါင်းစုံရှိသူ၊ စိတ်ဓာတ်တက်ကြွပြီး အားမာန်အပြည့်ရှိသည့် ဆရာတော်တစ်ပါးဖြစ်ကာ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက် ပြည့်ဝသော ဆရာတော်တစ်ပါး ဖြစ်ပါသည်။ ဤကဲ့သို့ အမြော်အမြင်ရှိသော ဆရာတော်၏ ဦးဆောင်မှုအောက်တွင် တပည့်၊ တကာ၊ တကာမ၊ ကပိုင်နယ်သူနယ်သားတွေဟာ ခိုင်မာတဲ့ မျိုးချစ်စိတ်ဓာတ်အပြည့်နှင့် စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် တက်ညီလက်ညီ ဆောင်ရွက်ခဲ့မှုသည် အားလုံးအတွက် အတုယူစရာ၊ နမူနာယူစရာ၊ အားကျစရာ ဖြစ်သည့်အတွက် ချစ်သော ကရင်မိဘညီအစ်ကို မောင်နှမအားလုံး သိရှိနိုင်ရန် ရေးသားတင်ပြလိုက်ရခြင်း ဖြစ်ပါသည်။ လာမည့်နှစ်တွင်လည်း ဒုတိယအကြိမ်မှသည် နောင် နှစ်စဉ်နှစ်တိုင်း ဆရာတော်၏ ဦးဆောင်မှုဖြင့် ကပိုင်နယ်သူနယ်သား တကာ၊ တကာမများ အနေဖြင့် ကရင့်ရိုးရာ နှစ်သစ်ကူးပွဲတော်ကြီးနှင့် ကရင့်ရိုးရာ ယဉ်ကျေးမှုတွေကို ကမ္ဘာတည်သရွေ့ ဆက်လက်ထိန်းသိမ်း သွားလိမ့်မည်ဟု လုံးဝ အကြွင်းမဲ့ ယုံကြည်ပါကြောင်း ဝမ်းမြောက်ဝမ်းသာ ဂုဏ်ပြုရေးသား တင်ပြလိုက်ရပါသည် ခင်ဗျား။ ။

စောဝင်းနိုင်(ဥပဒေ)

■

# လူနေခြံကြား

မန်းအေးဆိုင်(ခဝဲခြံ)



ထိုတစ်နေ့က သူ့ကို ယနေ့ထက်တိုင် မမေ့နိုင်ပါ၊ နှစ်တွေလတွေ အလီလီ ပြောင်းသော်လည်း နှစ်သစ်ကူးနေ့ ရောက်တိုင်း အလိုလို သတိရမိပါသည်။

၁၉၇၄ ခုနှစ်လောက်တွင် ကရင်နှစ်သစ်ကူးကျင်းပရေး ဗဟိုကော်မတီတွင် ကျွေးမွေး (ချက်ပြုတ်ရေး) တာဝန်ကျ သည့် အချိန် ဖြစ်ပါသည်။

နှင်းတွေကဝေသည့် ချမ်းခိုက်ခိုက် တုန်နေသည်။ ကရင်နှစ်သစ်ကူးနေ့ မိုးမလင်းတလင်း အချိန်တွင် ချက်ပြုတ်ဆောင် မီးဖိုနားသို့ လူရွယ်တယောက် ယောင်လယ်လယ်နှင့် ဟိုကြည့်ဒီကြည့်နေသည်ကို တွေ့ရ၍ ကျွန်တော်က လှမ်းပြီး တခွါး (ညီကို) ဘယ်သူ့ကိုတွေ့ချင်လဲ မေးရာ၊ ထိုလူရွယ်က ဘယ်သူ့ကိုမှ မရှာပါဘူး။ ဝိုင်းကူညီ ချက်ပြုတ်ပေးလို့ မရဘူးလားလို့ပြောရာ ကျွန်တော်က သိပ်ရတာပေါ့ဗျာဟု ဖိတ်ခေါ်ပါသည်။ ထိုစဉ်က ကျွန်တော်တို့ ချက်ပြုတ်ရေးအဖွဲ့တွင် လူအင်အား နည်းပါးပါသည်။ နှစ်သစ်အကြိုညတွင် ဒုံးအကများ ပြခန်းများ ဈေးသည်များဖြင့် စည်ကားသိုက်မြိုက်နေ၏။ လုပ်အားပေး လူငယ်များသည် အိပ်ရေးပျက်ကြသဖြင့် ကျွန်တော်တို့ကို လာမကူညီနိုင်ကြ၊ တာဝန်ကြသည့် လူနှင့်သာ တစ်ညလုံး လုံးပန်းချက်ပြုတ်နေရပါသည်။ ထိုလူရွယ် တခွါး (ညီကို) သည်လည်း ရေခပ်၊ ထင်းသယ်၊ မီးထိုး လိုအပ်သမျှကို အကုန်ဝိုင်းကူ လုပ်ပေးပါသည်။ ထို တခွား (ညီကို) ကို တစ်ချက်စိုက်ကြည့်မိပြီး ကျွန်တော်ပီတိပြုံးနှင့် ပြုံးမိပြီး ကျွန်တော် သဘောပေါက်သွားပါသည်။ ချက်ပြုတ်ပြီး အနားယူကြသောအခါ ထိုတခွား (ညီကို) နှင့် စကားပြောဆို မိတ်ဖွဲ့ပါသည်။ တခွါးရဲ့ ခေါင်းပေါ်တွင် ကရင်ပုဆိုးစကို ချည်နှောင်ထားပြီး လက်မောင်းတွင်လည်း ကရင်ပုဆိုး အစနှင့် ချည်နှောင်ထားသည်ကို တွေ့၍မေးမြန်းသောအခါ တခွါးက ကျွန်တော်က လက်လုပ်လက်စား ဆင်းရဲသားပါ၊ ရေထမ်းရောင်းပြီး ဝမ်းစာရှာရပါတယ်၊ ကရင်ပုဆိုး ဝယ်မဝတ်နိုင်လို့ ကရင်နှစ်သစ်ကူးနေ့မှာ ယခုလို ကရင်ပုဆိုးစနဲ့ အမှတ်အသား သင်္ကေတအဖြစ် ပြုလုပ်ခဲ့ခြင်း ဖြစ်ပါတယ်လို့ ရှင်းပြတယ်။ သူ့အနေနဲ့ တစ်ချိန်မှာ ကရင်နှစ်သစ်နဲ့ ကရင်အလံကို တောင်ပေါ်မြေပြန့်အနှံ့ တင့်တယ်စွာ စည်ကားစွာ တွေ့မြင်လိုသော ဆန္ဒပြင်းပြကြောင်း ထုတ်ဖော်ပြောဆိုတယ်။ ချက်ချင်းပင် ကျွန်တော်သည် နှစ်သစ်ကူးနေ့တွင် ဝတ်ဖို့ အပိုတစ်စုံ (အဟောင်း) ပါသဖြင့် ထိုတခွါး (ညီကို) ကို လက်ဆောင်အဖြစ် ပေးလိုက်၍ သူအလွန်ဝမ်းသာစွာဖြင့် ဝတ်ဆင်ပြီး ကျေးဇူးတင်ကြောင်း ပြောလာသည် ကျွန်တော်က တခွါး (ညီကို) ဘယ်မှာနေထိုင်သလဲ မေးရာ ထိုလူက ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့ မက်ကတောရွာဇာတိ ဖြစ်ပြီး ယခု ကမာရွတ်သံလမ်းမှာ မိသားစုနဲ့အတူ နေထိုင်ကြောင်း ပြောပြပါသည် နာမည်ကတော့ အယ်ကော်ပါ ကျွန်တော် သည် သူ့ကိုစေ့စေ့ကြည့်ရင် "ရိုးရိုးကျင့် မြင့်မြင့်ကြံ" တဲ့။ သူ့ရဲ့ မြင့်မြတ်တဲ့ ကရင်စိတ် ထားမိတာနဲ့အမျှ သူ့ကို နှစ်ကူးနေ့ရောက်တိုင်း သူ့ကိုမျှော်နေမိပါတယ်။ ဝေးကွာသော ကရင်ပြည်နယ်များ ပြန်သွား၍များလား သူနှင့် ယနေ့တိုင် ပြန်ဆုံတွေ့ခြင်း မရှိတော့ပါ။ နောင်နှစ်များသည် လည်း ကျွန်တော်တို့သည် ကျရာဆပ်ကော်မတီ အလိုက် ကျွေးမွေးရေး မဖြစ်တော့ဘဲ ဖျော်ဖြေရေးတွင် တာဝန်ကျသဖြင့် နှစ်သစ်ကူးရောက်တိုင် ချက်ပြုတ်ဆောင်ကို သွားကြည့်မိသော်လည်း ထိုတခွား (ညီကို) ကို မတွေ့ရတော့ပါ။ လူစည်ကားလွန်းလို့ မတွေ့တော့တာလည်း ဖြစ်နိုင်ပါသည်။ နှစ်တွေလတွေ အလီလီပြောင်းခဲ့သော်လည်း မေ့မရသည့် ထိုတခွါး (ညီကို) စောကော်ပါ ကျွန်တော်နှစ်သစ်ကူးရောက်တိုင်း သတိရ၍ လူနေတော့ ခြံကြား စိတ်နေတော့ ဘုံဖျား မြင့်မြတ်တဲ့ ကရင်အမျိုးသားပါလားဟု

"သို့သော် မြင့်မြတ်သော ကရင်စိတ်ထားဖြင့်
ဝိုင်းဝန်းကူညီတတ်သော ရိုးသားသော သူ့ကို
ရိုးရိုးကျင့် မြင့်မြင့်ကြံ သူအဖြစ်
လေးစားဂုဏ်ယူမိသည်နှင့်အမျှ · · · · ·

မန်းအေးဆိုင်
(ခဝဲခြံ)

■

# နှစ်သစ်ကူးရဲ့ ရောင်နီဦး

သရဖေ (ပါးဆယ်မ)

၁။ အလင်းတစ်စက်အတွက် တောင်တစ်ချက်ခတ်
အပျင်းဖက်ပြီး ရေစီးထဲ မျောပါမနေနဲ့၊
မဝေးလှတဲ့ရောင်နီ ဒါတော်မို သမ်းပြီမို့
နာရီသံဆန်းသစ် ကဗျာလာလို ရဲသစ်စေဖို့
လှမ်းလိုက်စမ်း ရောင်းရင်းတို့။

၂။ ဖုံးနေတဲ့ပြာမှုန့် လွှမ်းနေတဲ့ အာရုံတွေကို
သမ်းလာတဲ့ ရောင်နီတွေကြားမှာ
အလွမ်းကဗျာတွေ သီမနေလေနဲ့ . . .
အားသစ်လောင်း အနာဂတ်မှာကောင်းဖို့
မင်းရဲ့သနစ် အတွေးသစ်မှဖြစ်မယ် . . .
လှမ်းလိုက်စမ်း အမျိုးသားတို့။

၃။ သစ္စာတည်မြဲ ရိုးဂုဏ်ကြွယ်တဲ့ဓာတ်
မင်းကိုယ်တိုင် ဝင်ကမှတော့ စင်ပေါ် ကပြကွက်
အများအတွက်တော့ ဘားပလက်ထက် အားသန်ပေါ့၊
ငေးနေရုံနဲ့ မပြီးဘူး စိတ်တွေကို တင်ကူးလို့
နှစ်သစ်ရဲ့ပန်း နမ်းရှိုက်စမ်း ရောင်းရင်းတို့။

၄။ မင်းကြည်ဖြူသဒ္ဒါ မင်းကြည်ညိုမှ ဖြစ်မယ်
ရက်ရောမှုရဲ့သမိုင်းကို ဘယ်လိုတံတိုင်းတွေနဲ့
ခြားနားဖို့ စိတ်ကူးသလဲ . . .
သွေးမှန်ရင်စကားပြောပေမပေါ့
အရေးကြုံရင် အစည်းမပြေသင့်တာမို့
အမျိုးဂုဏ်အင် တိုးကာတင့်စေ
ညီအစ်ကိုရင်း ကရင်သွေးချင်းတို့။

၅။ စာတစ်လုံးနဲ့ ကဗျာသီကုံးလို့ မပြီးနိုင်ဘူး
လာဦးမယ့် ဒီနှစ်ကူးမှာ ဘာတုန်းကွဲ့လို့ မေ့မနေသင့်ဘူးပေါ့ . . .
လှမ်းချီအုံးအနာဂတ်ဆီ လမ်းမသွေဖို့ တို့ညီနောင်များ . . .
ပန်းမြိုင်မှာ အနမ်းကြိုင်တင့်စေဖို့
စွမ်းသလောက် ပါဝင်ကြပေါ့
အဒါမလင့်တဲ့ ကရင်ညီနောင် အစစ်များ။

# နှစ်သစ် . . . အစီအစဉ်

■ စိုင်မိုး (ဒုတိယ)

နေခြည်ထွေးမြ နှစ်သစ်လမှာ
ကြင်နာယိုဖိတ် မေတ္တာစိတ်ဖြင့်
ဝိုင်းဝန်းဖေးမ ကူညီကြနှင့်
စုပေါင်းညီညာ အောင်ကြောင်းဖြာဖို့
ကရင်မျိုးသား စုပေါင်းအားဖြင့်
ယဉ်ကျေးမှုဘာသာ စကားစာနှင့်
အနုသုခုမ ဒုံးယိမ်းလှကို
ဖော်ထုတ်မြှင့်တင် ကြိုးပမ်းအစဉ်
ဖွဲ့ကာပင်ကို သက်သေတည်လို့
ဒို့တွေ ကြိုးစား ကြပါစို့။





# ဆုတောင်း

■ စမိုင်းလျှင်း (ပန်းတနော်)

ခွာညိုပွင့်ဖူး . . . . . . ဒီနှစ်ဦးမှာ
ရှင်မြူးနိုင်ပါစေ

နှင်းရည်ဆွတ်ဖျန်း . . . . . . တစ်နှစ်ဆန်း
ရှင်လန်းနိုင်ပါစေ

ငွေရောင်ဖြူလွှ . . . . . . နှစ်သစ်လှ
ချမ်းမြသာယာ ရှိပါစေ

ငါတို့အက . . . . . . ဒုံးအလှ
ကမ္ဘာကျော်ကာ တည်ပါစေ

ရိုးရာနှစ်ဦး . . . . . . နှစ်သစ်ကူးမှာ
ကြည်နူးနိုင်ပါစေ

ကရင်ရိုးရာ . . . . . . လူ့အပေါင်းတို့
ကံကောင်းမှုတွေ ပြည့်ပါစေ။



# နှစ်သစ်ဆုတောင်း

မင်းသအောင် (ပန်းတနော်)

လေပြင်းမုန်တိုင်း
တိုက်ခတ်တိုင်းလျှင်
သစ်ပင်တောရိုင်း
အမြိုင်းမြိုင်းတွေ
ပိုင်းပိုင်းပြတ်ကျေ နိုင်တကား။

ရှုနာမိအား
ရေလှိုင်းများက
မြို့နေရွာများ
ပျောက်ကွယ်သွားအောင်
တိုက်စားဝါးမြို နိုင်တကား။

မျိုးချစ်စိတ်
နှိမ့်မှ ရင်ခွင်
စိတ်အစဉ်သည်
ပင်လယ်ပြင်ကြား
ကျောက်ဆောင်သားလို
ခိုင်မာပို၏။
နာဂစ်မုန်တိုင်း၊ တိုက်စမ်းပါစေ
ရေလှိုင်းတွေလဲ၊ ရိုက်စမ်းပါစေ

မျိုးချစ်မဏ္ဍိုင် မယိုင်မလဲ တည်ခိုင်မြဲမည်၊
မတုန်မလှုပ် မရွေ့မလျား ကျောက်ဆောင်သားလို၊
ကမ္ဘာတည်သရွေ့ မြဲစေသတည်း။ ။

# ဝိဇ္ဇာဘွဲ့ (ကရင်ဘာသာ)
## B.A(Karen) ရရှိမှုကိုဂုဏ်ယူခြင်း

နော်ဝင်းဝင်းမေ B.A(Karen)

ကရင်လူမျိုးများသည် ရိုးသား သည်၊ သစ္စာရှိသည်၊ စည်းလုံးသည်၊ ယိုင်းပင်း ကူညီတတ်သောစိတ် အပြည့် ရှိသည်။ ထို အရည်အချင်းများသည် ကရင် လူမျိုးများ၏ နှလုံးသားထဲတွင် အမြဲ သိမ်းသွင်း တည်ရှိပါသည်။ မိမိတို့၏ ယဉ်ကျေးမှု၊ စာပေဓလေ့နှင့် ရိုးရာဆင်ယင် ထုံးဖွဲ့မှုများကိုလည်း တန်ဖိုးထား လေးစား သော တိုင်းရင်းသားမျိုး ဖြစ်သည်။ ကရင် လူမျိုးတိုင်း ကရင်စာပေကို ဖတ်တတ် ရေးတတ် သင့်သည်။ မြန်မာနိုင်ငံတွင် ယခင်က ဆိုလျှင် ကရင်စာနှင့် တွဲဖက်သင် သော စာသင်ကျောင်းများ ရှိသည်။ သို့သော် ခေတ်ကာလ ပြောင်းလဲမှုကြောင့် ကရင် စာပေ သင်ကြားခွင့် မှေးမှိန်ခဲ့ရသည်။ သို့သော် ကရင်လူမျိုးတို့၏ ရိုးသားသော စိတ်နှင့် စည်းလုံးသော စိတ်တို့ကြောင့် ယခုအခါ ကရင်စာပေများကို တစ်ခေတ် ပြန်လည် သင်ကြားနိုင်ပါသည်။ ကရင် ခရစ်ယာန် ဘုရားကျောင်းများတွင် နွေ ရာသီ ကာလရက်တို သင်တန်းအဖြစ် ဘုရားကျောင်းတိုင်းတွင် သင်ပေးနေပါသည်။ ယခုအခါ ကရင်နှစ်ခြင်း ဓမ္မတက္ကသိုလ် တွင်လည်း နွေရာသီတစ်လ ကရင်စာပေ သင်ကြားခြင်းကို ပြုလုပ်နေသည်မှာ ယခုအခါ ဆိုလျှင် ငါးကြိမ်မြောက် တိုင် အောင် ရှိနေပါပြီ။ ယခုအခါ လူကြီးများ အတွက် ကရင်ခရစ်ယာန် ဓမ္မတက္ကသိုလ် တွင် ကရင် အထူးပြုဘာသာရပ် တစ်ခု အနေဖြင့် သင်ကြားနေပါသည်။

ကရင်အထူးပြု ဘာသာရပ်ထဲတွင်သင်ကြားပို့ချသော ဘာသာခွဲများမှာ-

(၁) ကရင်သဒ္ဒါ
(၂) ကရင်သမိုင်းရာဇဝင်
(၃) စကောကရင်အခြေခံစာပေ
(၄) ပိုးကရင်အခြေခံစာပေ
(၅) ကရင်ကဗျာ
(၆) ကရင်စကားပုံ
(၇) ကရင်ရိုးရာယဉ်ကျေးမှုစာပေ
(၈) ကရင်ရိုးရာယဉ်ကျေးမှုလက်တွေ့
(၉) ကရင်စကားလုံးသစ်နှင့် တိမ်မြုပ်နေသော စကားလုံးများ
(၁၀) ကရင်ဘာသာပြန်ခြင်း အစရှိသည့်များကို ကရင်ဝါရင့် ဆရာ၊ ဆရာမကြီးများကိုယ်တိုင် သင်ကြားပေးနေပါသည်။ သင်ကြားပေးသော ဆရာ၊ ဆရာမများသည်လည်း အမျိုးသားစိတ်ဓာတ်အပြည့်နှင့် စေတနာပါပါ သင်ကြားပေးနေ ကြပါသည်။ သူတို့၏ လက်တွေ့ရရှိထားသော ပညာနှင့် ကရင် လူငယ်တွေကိုသင်ကြားပို့ချနေပါသည်။ ကရင်ယဉ်ကျေးမှုဆိုင်ရာ ဆင်ယင်ထုံးဖွဲ့ မှု များကိုလည်း လှည့်လှည်၍ စုဆောင်းရှာဖွေ လေ့လာသင်ယူ ရပါသည်။ မိမိ တို့ရဲ့ ရိုးရာဓလေ့ ဝတ်စားဆင်ယင် ထုံးဖွဲ့မှုများကို ပြန်လည်၍ လေ့လာရှာဖွေ စုဆောင်းရသဖြင့် ရင်ထဲမှာ ကြည်နူးပီတိဖြစ်မိပါသည်။ ကရင် အဝတ်အစားများ သည်လည်း မြန်မာနိုင်ငံတွင်သာမက နိုင်ငံခြားသားများပင်လျှင် စိတ်ဝင်စား၍ နှစ်သက်မြတ်နိုးကြသည်။ ယခုအခါ ကရင်အဝတ်အစားများသည် လူအများကို ဆွဲဆောင်မှုတစ်ရပ် အဖြစ်လည်း ခေတ်စားနေပါသည်။ကရင်အမျိုးသား ဝတ်စား ဆင်ယင်မှုကို တွေ့လိုက်ခြင်းဖြင့် ကရင်တွေရဲ့ မြင့်မြတ်သော ရိုးဂုဏ်ကိုပါ တွဲဖက်ပေါ်လွင်စေပါသည်။ ထို့ပြင်ကရင်အဝတ် အစားများတွင် အနီရောင် များခြင်းသည် ကရင်တို့၏ ရဲရင့်သော စိတ်ဓာတ်အပြည့်နှင့် ရပ်တည်နေနိုင် ခြင်းကို ပြသပါသည်။ အဖြူရောင်သည် ရိုးသားဖြူစင်သော စိတ်ထားကို ပေါ်လွင် စေပါသည်။ အပြာရောင်သည် သစ္စာတည်ကြည်ခြင်းကို ရည်ညွှန်း ပါသည်။

မိမိတို့၏ ရရှိထားသော အမွေအနှစ်ဖြစ်သည့် ကရင်တို့၏ ရိုးသား ဖြူစင်သော စိတ်ထားနှင့် ရဲရင့်ပြတ်သားသည့် စိတ်ဓာတ်များကို ပူးပေါင်းပြီး ကရင်စာပေ မပျောက်ကွယ်အောင် ကရင်စာပေကို လေ့လာကြပါစို့။

ကရင်တိုင်းရင်းသားများသည်လည်း နိုင်ငံတော်ကပေးသော ဘွဲ့ထူး ဂုဏ်ထူးတို့ကို ရယူနိုင်ကြသကဲ့သို့ မိမိတို့၏ ကရင်အမျိုးသားဂုဏ်ဆောင် ကရင်ဘာသာ အထူးပြုကိုလည်း ကြိုးစားသင်ယူ နိုင်ကြပါစေသော်။

# လက်ဆောင်

မန်းကြည်ဝင်း (နှစ်သစ်/ဗဟို-မဟာရန်ကုန်)

'ကရင်နှစ်သစ်ကူးနေ့ ရောက်တော့မယ်။
မန်းကြည်ကို စင်ကာပူရောက် နော်စင်သီယာက အထူးသတိရ
ကြောင်း ပြောပြပေးပါလားရှင်'

ကိုယ်အပြင်က ပြန်ရောက် လာလာချင်း စက်ပြင် အကူတပည့်လေးက သူလိုက်ကူးပေးထားတဲ့ စာရွက်လေးကို လာပေးလို့ စင်သီယာ့ဆီက ဖုန်းလာမှန်း သိရတယ်။ နိုင်ငံရပ်ခြားက ခုလို တကူးတက ဖုန်းဆက်တဲ့အတွက် စင်သီယာ့ကို ကျေးဇူးတင်ပါတယ်။ ကျေးဇူးတင်တာနဲ့ တပြိုင်နက် မနှစ်ကနှစ်သစ်ကူးနေ့မှာ မမျှော်လင့်ဘဲ ဆုံတွေ့ရပေမယ့် ရှင်းမပြလိုက်ရတာလေးတွေ ကျန်နေလို့ ခုလို တကူးတက စာရေးလိုက်ရတာပါ စင်သီယာ -

'တကယ်တော့ ကိုယ်တို့ရဲ့
နှောင်းခဲ့တဲ့ အရိပ်သဏ္ဍာန်ဟာ
အတိတ်မှာ ကျန်ခဲ့ပြီဆိုပေမယ့်'

လွန်ခဲ့တဲ့ ၁၅ နှစ်က နှစ်သစ်အကြိုညကို စင်သီယာမှတ်မိနေမှာပါ။
ကိုယ်လဲ မှတ်မိနေပါတယ်။
စင်သီယာတို့ ခြံထောင့် ကံ့ကော်ပင် ကြီးအောက်က ခုံတန်းလျားလေးမှာ နှစ်ဦးအတူ ထိုင်ရင်း ဘဝရေ့ရေးကို ဆွေးနွေးဖြစ်ကြတယ်။ သည်တုံးက တိုးဝေ့လာတဲ့ လေနုအေးဟာ ရင်ထဲမှာ နွေးနေသလိုဘဲ။

စင်သီယာက ဘွဲ့နှင်းသဘင် တက်ပြီးရင် စင်ကာပူ ကိုသွားပြီး အလုပ် ဝင်တော့မယ်၊ ဟိုမှာရှိနေတဲ့ စင်သီယာရဲ့အဒေါ် အကူအညီနဲ့ အဆင်ပြေမယ်။

ကိုယ့်ကိုလဲ စင်ကာပူမှာ အလုပ် လုပ်စေချင်တယ်။ ကိုယ်က စက်မှုသိပ္ပံ ပထမနှစ်တက်ခါစ၊ ကိုယ့်ရဲ့ အမိုးနဲ့အပါး (အဖေ နဲ့အမေ)က သက်ကြီးရွယ်အို၊ အပါးကလဲ ကျန်းမာရေးမကောင်း။ ဒါကြောင့် စင်သီယာ ပေးတဲ့ အကြံဉာဏ်ကို ဘယ်လို လက်ခံရမလဲဆိုတာ ဝေခွဲမရဖြစ်နေတယ်။ ကိုယ်တို့နှစ်ယောက်ရဲ့ ဆန္ဒကွာဟမှုဟာ အဲဒီက စတင်ခဲ့တယ်ဆိုတာ သတိမပြုမိရိုး အမှန်ပါ။

ဒါကြောင့် ကိုယ်ပြန်ခါနီး စင်သီယာရဲ့ နဖူးလေးကို ဖွဖွလေးနမ်းတော့ စင်သီယာ့မျက်ဝန်းမှာ မျက်ရည်လေးစို့လို့။

◆ ◆ ◆

ဒီလိုနဲ့ ကိုယ်နဲ့စင်သီယာ အလှမ်းဝေးခဲ့ကြတယ်၊ မနှစ်ကမှ စင်ကာပူက ခေတ္တပြန်လာတဲ့ မိတ်ဆွေ တစ်ယောက် ရဲ့ တဆင့်စကားအရ စင်သီယာ စင်ကာပူမှာ အလုပ်အဆင် ပြေနေတယ်။ စင်သီယာရဲ့ မိဘတွေက ငွေကြေး ပြည့်စုံသူတွေမို့ တကူးတက ထောက်ပံ့ဖို့ မပူရပေမယ့် သူတို့ လှူဖို့ တန်းဖို့ ငွေပို့ပေးတယ်ကြားလို့ ဝမ်းသာ ဂုဏ်ယူမိပါတယ်။ လူကြုံမိတ်ဆွေက သူ တဆင့်ကြားမိသမျှ ကိုယ့်ကို ပြောပြခဲ့ပေမယ့် ကိုယ်ကတော့ ကိုယ့် အခြေအနေကို ပြောမပြမိခဲ့ဘူး။ ဒါပေမယ့် ဘယ်လောက်ဘဲ ဖြေသိမ့် ဖြေသိမ့်၊ သမုဒယ ဆိုတာ ခဏသာ သိုသိပ်လို့ရတဲ့ အိပ်မက်မဟုတ်လား စင်သီယာ။

ကိုယ်လဲ ကျောင်းပြီးသွားပေမယ့် (၃) နှစ်လောက် လိမ်ဖယ်လိမ်ဖယ်နဲ့ အတော်ကြိုးစားရန်းကန်ရတယ်၊ အပါးကတော့ နာတာရှည်ရောဂါနဲ့ တစ်နှစ်က ဆုံးသွားတယ်။ နယ်မှာသာအလုပ်သွားလုပ်ရတယ် အမိုးကို စိတ်မချလို့ စိတ်က မဖြောင့်ဘူး။ ကုသိုလ်ကံကောင်းချင်တော့ ငယ်သူငယ်ချင်းတစ်ယောက်ရဲ့ဖခင် တည်ထောင်တဲ့ ရန်ကုန်က ကုမ္ပဏီမှာ စက်ပြင်မန်နေဂျာအလုပ်ရတော့မှ အသက်ရှူ ချောင်သွားတော့တယ်။ အလုပ်ကလဲ အရေးကြီးရင် ကြီးသလို ဆက်တိုက် လုပ်ပေးရတယ်။ ဒါပေမယ့် ကရင်နှစ်သစ်ကူး ရောက်ရင်တော့ တစ်ပတ်ခွင့်ရပါတယ်။ နားနားနေနေ မနေပါဘူး။ မဟာရန်ကုန် နှစ်သစ်ပွဲတော်မှာ ကိုယ်တတ်နိုင်တဲ့ဘက်က ဝိုင်းကူပေးပါတယ်။

နှစ်သစ်ကူးရောက်ရင် စင်သီ ယာကို သိပ်သတိရတယ်၊
တမ်းတခြင်းဆိုတာ ပျောက်ကွယ်ရိုးမရှိတဲ့ မြတ်နိုးမှုတစ်ခုလို့ ဆိုရမလား စင်သီယာ . . .

◆ ◆ ◆

မနှစ်က ကရင်နှစ်သစ်ကူးနေ့ နေ့လည်ခင်း နှစ်သစ်အခမ်းအနား ကျင်းပတဲ့ ထောက်ကြံ့ဘုန်းကြီးကျောင်း လမ်းသွယ်မှ လမ်းမကြီးသို့အတွက် တိုယိုတာဆလွန်းကားတစ်စီးက လမ်းဝမှာ ရပ်ထားတယ်။ ကိုယ်တို့ ဒုံးအဖွဲ့တင်ဆောင်လာတဲ့ကားက ဟွန်းတီး အချက်ပေးပေမယ့် ကားက တုတ်တုတ်မျှ မလှုပ်ဘူး။ ကားဘေးနားမှာ ရပ်နေတဲ့ အဒေါ်ကြီးက "ကားပျက်နေတယ်။ ဝိုင်းကူပေးပါဦး" ဆိုပြီး အကူအညီ တောင်းတာနဲ့ ကိုယ်ဆင်းပြီး သူတို့ကားအဖုံးကို ဖွင့်ကြည့် စစ်ဆေးတော့မှ ဆီပိတ်နေမှန်းသိရတယ်။ ကိုယ်လဲ ကိုယ့်တပည့်လေးကို ဝက်အူလှည့်လှမ်းတောင်းပြီး ဂရုတစိုက်ပြင်ပေးမိတယ်။ သိပ်မကြာပါဘူး။ ကိုယ်တိုင် စက်နှိုးပေးပြီး စိတ်ချရမှ အဒေါ်ကြီးကို ကားမောင်းလို့ရပြီလို့ ပြောလိုက်စဉ် အဒေါ်ကြီး နောက်နားကထွက်ပေါ်လာတဲ့ စကားသံကြောင့် ကိုယ်အံ့အားသင့်ရတယ်။

"ခုလိုကူညီတာ သိပ်ကျေးဇူး တင်ပါတယ်ရှင်။ ဟင် မန်းကြည်ပါလား။ ကျွန်မက နော် စင်သီယာ၊ ဘုရားဖူးဘို့ စင်ကာပူက ရန်ကုန်ကို ခဏပြန်လာတာပါ။"

စင်သီယာကို မမျှော်လင့်ဘဲ တွေ့ရလို့ ရင်ထဲမှာ ဗီတိဖြာမိစဉ်မှာ ကိုယ်တို့ ဒုံးအဖွဲ့ကားက စက်နှိုးနေပြီ၊ သင်္ကန်းကျွန်း၊ မဥ္ဇူ ဘုန်းတော်ကြီးကျောင်းကို အချိန်မီမောင်းဖို့ဘို့ပါ။ စင်သီယာတို့ ဆွေမျိုးတစ်စုကလည်း ပြည်မြို့ကို ခရီးဆက်ဖို့ရှိနေတယ်။ စင်သီယာတို့ ကားက အရှေ့ဘက်ကို မောင်းအထွက်- ကိုယ်တို့ ကားကလဲ အနောက်ဘက်ကို စတင် ရွေ့လျား လက်ပြနှုတ်ဆက်ရင်း ကားနှစ်စီး ဟာ နီးရာမှ လှမ်း၊ လှမ်းရာမှ ဝေးသထက်ဝေး သွားကြတော့တယ်၊

◆ ◆ ◆

မနက်စောစော ကုမ္ပဏီပိုင်ရှင်ရဲ့ မိတ်ဆွေရင်းချာ တစ်ယောက် ကားနဲ့ရောက်ချလာပြီး တောင်ကြီးမြို့ကို သွားဖို့ရှိတယ်။ ကားက ခဏခဏထိုးရပ်လို့ အမြန်ပြင်ပေးပါဆိုတာနဲ့ ကားကိုဖွင့်ပြီး စစ်ဆေးစဉ်မှာ အလိုက်သိတဲ့ တပည့်လေးက ဝက်အူလှည့် လာပေးတယ်။ သည်လိုပေးရင်း. . .

ကိုယ့်အနားကို ကပ်ပြီး ခပ်တိုးတိုး ပြောပြပုံက ကျွန်တော် တောင်းပန်ပါတယ် ဆရာ၊ ဆရာဆူရင် လည်း ကျွန်တော် ခံရမှာပါ၊ မနေ့က မနက် နော်စင်သီယာဆိုတဲ့ အစ်မကြီး ဖုန်းဆက်မှာတာကို ကျွန်တော်စာနဲ့ လိုက်ရေးတာ နောက်ဆုံးတခု မေ့ကျန်သွားတယ် ဆရာ အဲဒါက. . .
"သူတို့ကားကို ဆရာပြင်ပေးတုံး ဆရာ မေ့ကျန်ခဲ့တဲ့ ဝက်အူလှည့်လေးကို အမှတ်တရ သိမ်းထားပါရစေတဲ့"
စင်သီယာရေ. . .
ဟိုတုန်းက နှစ်သစ်ကူးနေ့ နီးလာရင်
စင်သီယာနဲ့ ကိုယ်တို့ အမှတ်တရ နှစ်သစ်လက်ဆောင် အပြန်အလှန် ပေးခဲ့တာကို ပြန်လည်လို့ မြင်ယောင်မိပါတယ် စင်သီယာ။ တကယ်လို့များ ဝက်အူလှည့်လေးဟာ နှစ်သစ်လက် ဆောင် ဖြစ်ခဲ့မယ်ဆိုရင် အမှတ်တရ သိမ်းထားပါရစေဆိုတဲ့ စင်သီယာ့ထံက စကားသံလေးကို လည်း ကိုယ့်ရင်ထဲမှာ အစဉ်ထာဝရ သိမ်းထားပါ့မယ်လို့ မျှော်မှန်းရင်း

* * * * * *

နှစ်သစ်မှာ စင်သီယာကျန်းမာ ရွှင်လန်းပါစေ. . .

မြတ်နိုးရတဲ့

မန်းကြည်ဝင်း
နှစ်သစ်/ဗဟို(မဟာရန်ကုန်)

# ငြိမ်းချမ်းရေးပုံပြင်

ဆရာမောင် (ပန်းတာနော်)

၂၀၁၂-ခုနှစ်၊ ဧပြီလ (၅) ရက်နေ့၊ ဘားအံမြို့ သုမေဓါရာမ ကြားတောရကျောင်းတိုက်၊ တန်ဆောင်းတော်ကြီး အတွင်းမှာ ကရင်အမျိုးသား ဝတ်စုံများဖြင့် ကရင်အမျိုးသား၊ အမျိုးသမီးများ၊ လူကြီး၊ လူလတ်၊ လူငယ် ပိုင်းများသည် တန်ဆောင်းပြည့်နီးပါး စနစ်တကျ နေရာယူထားသည်မှာ ပန်းပေါင်းစုံ ဖူးပွင့်နေသော ဉယျာဉ်တော်ကြီးအတွင်း ရောက်နေဘိအလား။ အဆိုပါ ကရင်အမျိုးသားအပေါင်းတို့သည် ကရင်ပြည်နယ်ရှိ မြို့နယ် ၇ မြို့နယ်မှ ကရင်လူထု ကိုယ်စားလှယ်များ၊ မွန်ပြည်နယ်၊ ရောဝတီတိုင်း၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်း၊ တနင်္သာရီတိုင်းမှ ကိုယ်စားလှယ်များ၊ နိုင်ငံရေး အဖွဲ့အစည်း၊ လူမှုရေး အဖွဲ့အစည်း၊ ဘာသာရေး အဖွဲ့အစည်းအသီးသီးမှ ကရင်အမျိုးသားများ ဖြစ်ကြပါသည်။ အလွှာစုံ ဘာသာစုံမှ သွေးသားရင်းခြာများ ဆုံစည်းခွင့်ရတဲ့ ပွဲဖြစ်၍ ပွဲစီစဉ်သူများနှင့် မိမိတို့ကို ဖိတ်ကြားသူများကို ကျေးဇူးတင်မိပါသည်။

တန်ဆောင်းကြီးအတွင်း ခေါင်းရင်းဘက်တွင် တက်သစ်စနေဝန်းနောက်ခံ ပိတ်ကားချပ်ကြီးပေါ်တွင် "ကရင်ပြည်သူ လူထုနှင့် KNU ငြိမ်းချမ်းရေး ကိုယ်စားလှယ်များတွေ့ဆုံပွဲ" ဟူသော စာတမ်းကြီးက မင်္ဂလာ ကျက်သရေ ရှိလိုက်ပါဘိ။ နောက်ခံကားချပ်နှင့် စာတမ်း၏ အနုစ်သာရတို့မှာ လိုက်ဖက်လှပါဘိ။ စာတမ်း၏ အောက်တွင် သဘာပတိဆရာတော် အရှင်စန္ဒာဝရနှင့် ဘာသာပေါင်းစုံမှ ခေါင်းဆောင်များ၊ KNU ငြိမ်းချမ်းရေး ကိုယ်စားလှယ် အဖွဲ့ခေါင်းဆောင် နော်စီဖိုးရာစိန်နှင့် အဖွဲ့ဝင်များ နေရာယူထားကြပြီး မျက်နှာချင်းဆိုင် ကရင်လူထု ပရိသတ် နေရာများတွင် ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ ကရင်လူထုကိုယ်စားလှယ်များ စုံစုံညီညီ တက်ရောက်ကြသည်ကို တွေ့ရလျှင် ကရင်လူထု၏ စည်းလုံးညီညွတ်မှုနှင့် ငြိမ်းချမ်းရေး လိုလားမှုသရုပ်ကို ဖော်ထုတ်ပြသလို ခံစားမိပါသည်။

အဆိုပါဆွေးနွေးပွဲကို မိမိတို့ ကိုးကွယ်ရာ ဘာသာတရားများအလိုက် ၂ မိနစ်ခန့် ငြိမ်သက်လျက် ဆုတောင်းမေတ္တာ ပို့သ၍ ဖွင့်လိုက်ပါသည်။ သဘာပတိနှင့် ဘာသာရေးခေါင်းဆောင်များက ငြိမ်းချမ်းရေးနှင့် ပတ်သက်၍ ဩဝါဒ အမှာစကားများ အသီးသီး ပြောကြပါသည်။ ၎င်းနောက် KNU ငြိမ်းချမ်းရေး ကိုယ်စားလှယ်များ ခေါင်းဆောင်က နိုင်ငံတော်အစိုးရနှင့် KNU တို့၏ ငြိမ်းချမ်းရေး ဆွေးနွေးပွဲ ဖြစ်စဉ်နှင့် အခြေအနေများကို ရှင်းလင်း တင်ပြပါသည်။ တက်ရောက်ကြသော ကရင်လူထု ကိုယ်စားလှယ်များက ကရင်လူထု၏ ခံစားချက်များ၊ မေးမြန်းချက်များနှင့် အကြံပြုချက်များကို ဆွေးနွေးတင်ပြကြသည်မှာ ရင်းနှီး ပွင့်လင်းသော မိသားစုစကားဝိုင်းအသွင် ဆောင်နေပါသည်။

ဆွေးနွေးပွဲ ပြီးဆုံးချိန်ရောက်၍ သဘာပတိ နိဂုံးချုပ် စကားကို ထိုဆွေးနွေးပွဲကို ဦးဆောင်တာဝန်ယူ

ကျင်းပပေးသော သုမေဓါရာမ ကြားတောရကျောင်းတိုက် ဆရာတော် အရှင်စန္ဒာဝရက ပြောကြားသည်ကို အထူး စိတ်ဝင်စားစွာ နားထောင်ခံယူမိပါသည်။ ဆရာတော်က ဆွေးနွေးပွဲတွင် KNU ငြိမ်းချမ်းရေး ကိုယ်စားလှယ်အဖွဲ့နှင့် ကရင်လူထု၏ ဆန္ဒကို ထင်ဟပ်နိုင်သော ယုန်နှင့်လိပ် အပြေးပြိုင်ပွဲ ပုံပြင်လေးနှင့် သတိပေး မှာကြားသွားသည်မှာ မှတ်သားစရာ ကောင်းပါသည်။ ကရင်သံဝဲဝဲ ဟန်အပြည့် မာန်အပြည့်နှင့် ရိုးသားပွင့်လင်းစွာ ပြောသည်ကိုပင် မျက်စိ ထဲမှာ မထွက်နိုင်အောင် အမှတ်ရနေပါသည်။ အကြောင်း မူကား ဆရာတော်ပြောသော ယုန်နှင့်လိပ် ပုံပြင်သည် ကျွန်တော်တို့ကြားနေကျ ပုံပြင်မဟုတ်ဘဲ ထူးခြား နေသော ကြောင့်ပင် ဖြစ်ပါသည်။ ဆရာတော်ပြောသော ပုံပြင်ကတော့ . . .

တစ်နေ့တွင် ယုန်နှင့်လိပ်တို့ အပြေးပြိုင်ပွဲ ကျင်းပ ပြန်သတဲ့။ ၎င်းပြိုင်ပွဲကို စိတ်ဝင်တစား အားပေးကြည့်ရှု သူ များသတဲ့။ ဒီပြိုင်ပွဲဟာ ဟိုတစ်ခါ ပြိုင်ပွဲနှင့်မတူ တမူ ထူးခြားသတဲ့။ ဟိုတစ်ခါ ပြိုင်ပွဲတုန်းက အပြေးသန်တဲ့ ယုန်ဟာ အပြေးနှေးလွန်းတဲ့ လိပ်ကို အထင်သေးပြီး တစ်မှေးအိပ်လိုက်လို့ အပြေးနှေးသော်လည်း ဝိရိယ မသေးတဲ့ လိပ်ကို အရှုံးပေးလိုက်ရတဲ့ပုံပြင် အားလုံး သိထားကြ တယ်။ ဒီတစ်ခါ ပြိုင်ပွဲတွင်တော့ ယုန်သူငယ်ရဲ့ မကျေပွဲကို ကိုရွှေလိပ်က ဘယ်လိုယှဉ်ပြိုင်မလဲဆိုတာ စိတ်ဝင်စားစရာ တွေးတောစရာ ဖြစ်နေကြတာပေါ့။ ပွဲစီစဉ်သူတွေကလည်း ဉာဏ်ကြီးရှင်တွေပဲ၊ တစ်ဖက်သတ် အသာစီးယူနိုင်တဲ့ ပွဲမျိုးကို ဘယ်စီစဉ်ပေးပါ့မလဲ။ မျှတတဲ့ ပွဲမျိုးဖြစ်အောင် စီစဉ်ကြတာပေါ့။ စီစဉ်ပုံက ဒီလို - တာလွှတ်တဲ့နေရာမှ ပန်းတိုင်အထိ ပြေးလမ်းတစ်လျှောက်မှာ တောင်ကုန်းတွေ၊ ချောင်းမြောင်းတွေရှိတဲ့ လမ်းကို ရွေးချယ် စီစဉ်ထားသတဲ့။ ဒီအပြင် ပွဲချိန်ကိုလည်း တစ်နာရီလို့ သတ်မှတ်ထားသတဲ့။ တစ်နာရီအတွင်း ပန်းဝင်သူကိုသာ နိုင်သူလို့ သတ်မှတ်မယ်လို့ ဆိုတယ်။ ဒါမှလည်း ကုန်းပေါ်မှာ အပြေးသန်တဲ့ ယုန် အတွက်ရော၊ ရေကူးကျွမ်းတဲ့ လိပ်အတွက်ရော မျှတသလို သဘာဝလည်း ကျပါတယ်။

ဒီတော့ ယုန်နဲ့လိပ်တို့ဟာ သူနိုင်ကိုယ်နိုင် အပြိုင်နွှဲ လို့ကတော့ ပန်းတိုင်နဲ့ လွဲမယ်ဆိုတာ သဘောပေါက်လာ ကြတယ်။ ဟိုတစ်ခါတုံးကလို သူတစ်ပါးကို အထင်သေး၊ ကိုယ့်ကိုယ်ကိုယ်တော့ အထင်ကြီး၊ မာန်တက်နေတဲ့ စိတ်ဓာတ်မျိုးနဲ့ကတော့ ပန်းတိုင် မရောက်တော့ဘူးဆိုတာ ပြေးလမ်းက တောင်ကုန်းတွေ၊ ချောင်းမြောင်းတွေက သတိပေးနေတယ်လေ။ ဒါကြောင့် ယုန်နဲ့လိပ်တို့ဟာ ကိုယ့်မာနတွေကို ခဝါချ၍ အကျိုးတူ ပူးပေါင်းပြီး ပြိုင်ပွဲ ဝင်ကြတော့တယ်။ ပြိုင်ပွဲဝင်ပုံက ကုန်းလမ်းခရီးမှာ အပြေးသန်တဲ့ ယုန်က လိပ်ကို ကျောပိုးပြီး ပြေးသတဲ့။ ချောင်းမြောင်းတွေကျတော့ ရေကူးကျွမ်းကျင်တဲ့လိပ်က ယုန်ကို ကျောပိုးပြီး ကူးပြေးသတဲ့။ ဒီလိုနဲ့ သတ်မှတ်ချိန် တစ်နာရီအတွင်း ယုန်နှင့်လိပ်တို့ဟာ ပြိုင်တူပန်းဝင်ကြပြီး ပထမဆုကြီးကို ပူးတွဲ ရရှိကြတော့တယ်။

ဒီပြိုင်ပွဲ စီစဉ်ထားပုံကို သိထားကြလို့ စိတ်ဝင်စား ကြတဲ့ ပွဲကြည့်ပရိသတ်တို့ဟာ အစက ရင်တမမနဲ့ စောင့်ကြည့်ရာက သူနိုင်ကိုယ်နိုင် အပြိုင်ကျဲတဲ့ ပွဲမျိုး မဟုတ်ဘဲ တစ်ကောင်နဲ့တစ်ကောင် အပေးအယူမျှမျှ ဖေးကူ မလျက် အတူလက်တွဲ ပြိုင်ပွဲဝင်ကြလို့ တန်းတူရည်တူ ပထမဆုကြီးကို ပူးတွဲယူသွားတာ တွေ့ရတော့ ဝမ်းမြောက် ဝမ်းသာ လက်ခုပ်သြဘာ ပေးကြသတဲ့။ လူသာမှုခေါ်၊ နတ်သာမှုခေါ်တဲ့ ပွဲမျိုးဟု ဆိုပြီး ဆရာတော်ကြီးက နိဂုံး ကမ္ပတ် အဆုံးသတ်စကား ပြောကြားခဲ့ပါသည်။

ထိုပုံပြင်သည် ယနေ့ကာလ၌ တစ်တိုင်းပြည်လုံး၊ တစ်ကမ္ဘာလုံးက လိုလားတောင့်တ မျှော်လင့်နေကြသော ငြိမ်းချမ်းရေး စကားဝိုင်းအတွက် နမူနာယူစရာ၊ သင်ခန်းစာ ယူစရာ၊ အထောက်အကူ ပြုနိုင်သော ပုံပြင် ဖြစ်သောကြောင့် "ငြိမ်းချမ်းရေး ပုံပြင်" ဟု ဆိုလိုက်ရပါသည်။

'တန်းတူရည်တူ ဖေးမကူ
အတူ ငြိမ်းချမ်းကြပါစေ'

ဆရာမောင် (ပန်းတာနော်)

■

# မည်သူမဆို
# ကာကွယ်ခုခံပိုင်ခွင့်ရှိပါတယ်

နေဘုန်းထက်

ကမ္ဘာလောကတွင် လူသည် အမြင့်မြတ်ဆုံး၊ ပဓာန အကျဆုံး ဖြစ်ပါသည်။ ကျွန်တော်တို့နိုင်ငံ၏ လူ့အဖွဲ့ အစည်းမှာ မိသားစုတစ်စု (သို့) အိမ်တစ်အိမ် အဆင့်မှ ဆယ်အိမ်စု၊ ရာအိမ်စု၊ ရပ်ကွက်/ကျေးရွာအုပ်စု၊ မြို့နယ်၊ ခရိုင်၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများဖြင့် ဖွဲ့စည်းထားပါသည်။ ပြည်ထောင်စုအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသား အားလုံး တစ်ဦးချင်းစီ၏ လုံခြုံမှုမှ စတင်၍ နိုင်ငံသားအားလုံး နိုင်ငံတော် တစ်ခုလုံး လုံခြုံမှု ရှိနေရန် လိုအပ်ပါသည်။ လူတိုင်းလူတိုင်း၏ လူနေမှုဘဝ လုံခြုံပါမှ လူတိုင်းသည် မိမိတို့ တစ်ဦးစီ၏ အလုပ်တာဝန်များကို တစ်စိုက်မတ်မတ် လုပ်ဆောင်နိုင်ကြမည် ဖြစ်ပြီး တစ်ဦးချင်းမှသည် တစ်နိုင်ငံလုံး တိုးတက်ဖွံ့ဖြိုးမှုများ ရရှိကာ သာယာငြိမ်းချမ်းသော လူမှု ဘဝများကို တည်ဆောက် ခံစား ကြရမည် ဖြစ်ပါသည်။ တရားဥပဒေ မစိုးမိုးနိုင်သရွေ့ လူ့ဘောင်အဖွဲ့အစည်း ဖရိုဖရဲ ဖြစ်နေဦးမည်သာ ဖြစ်ပါသည်။

တရားဥပဒေသည် ခေတ်စနစ် အခြေအနေနှင့် အချိန်အခါကို လိုက်၍ သာယာသော လူ့အဖွဲ့အစည်း ဖြစ်ပေါ်စေရန် ထိန်းမတ်ပေးထားသည့် အထိန်းအကွပ်တစ်ခုလည်း ဖြစ်ပါသည်။ တရားဥပဒေကို လေးစားလိုက်နာခြင်း၊ တရားဥပဒေ စိုးမိုးခြင်းတို့သည် အလွန်အရေးကြီးသည့်အတွက် လူတိုင်းကို လိုက်နာရန် တရားဥပဒေ၏ ရှေ့မှောက်တွင် လူတိုင်း အတူတူဖြစ်ရန် “မည်သူမျှ တရားဥပဒေ၏အထက်တွင် မရှိရန်” (No Body is Above the Law) ဟုပင် ဆိုထားပါသည်။ တရားဥပဒေကို မသိနားမလည်သဖြင့် ပြစ်မှုကျူးလွန်မိ၍ မရပါ။ (Ignorance of Law is no Excrice) ဟု အဆို ရှိပါသည်။ သို့ဆိုလျှင် နိုင်ငံသားတိုင်းသည် တရားဥပဒေ၏ အခြေခံမူ၊ တရားစီရင်ရေးမူများကို တီးမိခေါက်မိ သိထားသင့်ပါသည်။

ကျွန်တော်တို့နိုင်ငံသည် ယခု အစိုးရသစ်လက်ထက်တွင် နိုင်ငံတော်သမ္မတကြီး၏ လမ်းညွှန်ဦးဆောင်မှုဖြင့် တရားဥပဒေ စိုးမိုးရေးကို အလေးပေး ဆောင်ရွက်နေသည့် အချိန်ဖြစ်ပါသည်။ တရားဥပဒေ၏ အခြေခံ "မူ" များမှာ တရားမျှတမှု (Justie)၊ သာတူညီမျှမှု (Equity)၊ စိတ်ကောင်းစေတနာရှိမှု (Good Concience) တို့ ပေါင်းစပ်ထားခြင်း ဖြစ်ကြောင်း ဥပဒေပညာရှင်များနှင့် နိုင်ငံသားအားလုံး လက်ခံထားကြပါသည်။ အလားတူ တရားစီရင်ရေး "မူ" သည် ပြည်သူအချင်းချင်း ပဋိပက္ခကို ဖြေရှင်းပေးခြင်း၊ တည်ငြိမ်လေးနက်ခြင်း၊ ပြည်သူ့အကျိုးကို ကာကွယ်ခြင်း ဖြစ်ကြောင်း လက်ခံ ထားကြပါသည်။ ထို့ကြောင့်ပင် ပြည်သူ့ဝန်ထမ်းများ အနေဖြင့် "ပြည်သူကို ကာကွယ်ရန်" "ပြည်သူကို အလုပ်အကျွေးပြုရန်" (To Protect the People) (To Serve the People) ဆိုသည်ကို လက်ခံနားလည် လိုက်နာကြရန် လိုအပ်ပါသည်။

စာရေးသူမှာ တရားဥပဒေနှင့်ပတ်သက်၍ ကျွမ်းကျင်သူတစ်ဦး မဟုတ်သော်လည်း မိမိလေ့လာ မှတ်သားထားမှုများ အတွေ့အကြုံများထဲမှ ဥပဒေနှင့်ဆိုင်သော အချက်များထဲမှ တစ်ဦးချင်းစီ၏ ဘဝလုံခြုံရေးအတွက် ကာကွယ်ခံပိုင်ခွင့်အကြောင်း အကျဉ်းကို ဥပဒေနှင့် အလုပ်းကွာဝေးနေသေးသည့် တိုင်းရင်းသားအချို့ သတိပြုမိကြစေရန် ဆန္ဒဖြစ်မိသည့်အတွက် ပထမပိုင်းတွင် ကာကွယ်ခံပိုင်ခွင့်အကြောင်းကို အကျဉ်း တင်ပြသွားပါမည်။

ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၉၆ အရ ကာကွယ်ခံပိုင်ခွင့်အရပြုသော ပြုလုပ်မှုသည် ပြစ်မှုမမြောက်ကြောင်း ဖော်ပြပါ ဥပဒေ ပုဒ်မ ၉၇ အရ ပုဒ်မ ၉၉ ပါ ကန့်သတ်ချက်များကို မဆန့်ကျင်ဘဲ မည်သူမဆို လူကိုယ်နှင့် ပစ္စည်းကို ကာကွယ်ခံပိုင်ခွင့် ရှိကြောင်းနှင့် ခိုးမှု၊ လုယက်မှု၊ အကျိုးဖျက်ဆီးမှု၊ ရာဇဝတ် ပြစ်ဒဏ်ထိုက်သော ကျော်နင်းသူများကို သော်လည်းကောင်း ထိုပြစ်မှုများ ကျူးလွန်ရန် အားထုတ်ခြင်းကို သော်လည်းကောင်း တားဆီးရန် မိမိပိုင်ဖြစ်စေ၊ သူတစ်ပါးပိုင် ဖြစ်စေ ရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို (သို့မဟုတ်) မရွှေ့ပြောင်းနိုင်သည့် ပစ္စည်းများကို ကာကွယ်ခံပိုင်ခွင့် ရှိသည်ဟု ဖော်ပြထားပါသည်။ (ပုဒ်မ ၉၉ တွင် ဖော်ပြချက်များမှာ ကာကွယ်ခံပိုင်ခွင့် မရှိသည့် ပြုလုပ်မှုများ ဖြစ်ပါသည်)။

အဓိကထား၍ တင်ပြလိုသည်မှာ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၁၀၀ တွင် လူ့ကိုယ်ကို ကာကွယ်ခံပိုင်ခွင့်သည် မည်သည့်အခါတွင် လူကို သေသည်အထိ ပြုနိုင်ခြင်းအကြောင်း ဖော်ပြထားပါသည်။ ဆိုလိုသည်မှာ ဆက်လက်ဖော်ပြမည့် အချက် (၆) ချက်နှင့် အကျုံးဝင်သည့် အခြေအနေမျိုးတွင် တစ်ဖက်သားကို သေသည်အထိ ပြန်လည်၍ ကာကွယ်ခံပိုင်ခွင့် ရှိကြောင်း ရှင်းပြခြင်း ဖြစ်ပါသည်။

(၁) မကာကွယ် မခုခံလျှင် သေဘေးသို့ ရောက်စေခြင်းအတွက် စိုးရိမ်ဖွယ်ရာ ဖြစ်လောက်အောင် အကြောင်းရှိသည့် လက်ရောက်မှု၊

(၂) မကာကွယ် မခုခံလျှင် အပြင်းအထန် နာကျင်စေခြင်းအတွက် စိုးရိမ်ဖွယ်ရာ ဖြစ်လောက်အောင် အကြောင်းရှိသည့် လက်ရောက်မှု၊

(၃) မုဒိမ်းကျင့်ရန် အကြံအစည်နှင့် ကျူးလွန်သည့် လက်ရောက်မှု၊

(၄) ကာမရာဂစိတ်ကို ဓမ္မတာအတိုင်း မဟုတ်ဘဲ ရောင့်ရဲအောင် ပြုလုပ်ရန်အကြံနှင့် ကျူးလွန်သည့် လက်ရောက်မှု၊

(၅) လူကိုခိုးယူရန် အကြံနှင့် သော်လည်းကောင်း၊ သွေးဆောင်ခေါ်ငင်ရန် အကြံနှင့် သော်လည်းကောင်း ကျူးလွန်သည့် လက်ရောက်မှု၊

(၆) လွတ်မြောက်ရေးအတွက် ပြည်သူ့ဝန်ထမ်း အာဏာပိုင်တို့ထံ တိုင်တန်းနိုင်ခွင့် မရနိုင်ဟု စိုးရိမ်ဖွယ်ရာ ဖြစ်လောက်အောင် အကြောင်းကို ဖြစ်စေပြီးလျှင် တစ်ဦးတစ်ယောက်သောသူအား ချုပ်နှောင်ထားရန် အကြံနှင့် ကျူးလွန်သည့် လက်ရောက်မှု၊

ဤနေရာတွင် သတိပြုရမည့်အချက်မှာ တစ်ဖက်သား၏ ကိုယ်/နှုတ် အမူအယာများသည် မလွဲမသွေ ပြစ်မှုကျူးလွန်မည်ဟု အကြောင်းရှိသည့် လက်ရောက်မှုများဆိုသည့် အချက်ဖြစ်ပါသည်။ တစ်ဆက်တည်းမှာပင် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၉၉ ဖော်ပြချက်တစ်ရပ် ဖြစ်သည့် "ကာကွယ်ခုခံရာတွင် ကာကွယ်ခုခံသော သဘောဖြင့် ဘေးအန္တရာယ် ပြုရန် လိုအပ်သည်ထက် ပို၍ ပြုခွင့်မရှိ" ဆိုသည့် အချက်ကိုလည်း သိရှိ သတိပြုရမည် ဖြစ်ပါသည်။ ပုဒ်မ ၁၀၀ တွင် ဖော်ပြထားသော လက်ရောက်မှုများနှင့်သာ သက်ဆိုင်ရပါမည်။ ဖော်ပြထားသော ပြစ်မှုများအလိုက် အန္တရာယ်ပြုသူက တစ်ခုခုကို ကျူးလွန်ခဲ့သည် မဟုတ်လျှင် ထိုအန္တရာယ်ပြုသူကို သေအောင် မည်သူမဆို ကာကွယ်ခုခံပိုင်ခွင့် မရှိပါ။ ပုဒ်မ ၉၉ တွင် ဖော်ပြသည့် ကန့်သတ်ချက်များကို အထောက်အထားပြုကာ အန္တရာယ်ပြုသူကို သေစေခြင်းမှ တစ်ပါး အခြားဘေးအန္တရာယ် ဖြစ်စေရန် မည်သူမဆို ကာကွယ်ခုခံပိုင်ခွင့် ရှိပါသည်။ ပုဒ်မ ၁၀၀ နှင့် ပတ်သက်၍ အတိုကောက်အနေဖြင့် သေ-နာ-မု-မေ၊ ခိုး-ချုပ် လေဟု မှတ်သားနိုင်ပါသည်။

> တရား ဥပဒေ ၏ အခြေခံ 'မှု' များ မှာ တရားမျှတမှု (Justic)၊ သာတူညီမျှမှု (Equity)၊ စိတ်ကောင်းစေတနာရှိမှု (Good Concience) တို့ ပေါင်းစပ်ထားခြင်း ဖြစ်ကြောင်း

အလားတူပင် ဆက်လက်ဖော်ပြမည့် အချက် (၄) ချက်နှင့်ပတ်သက်၍လည်း ပုဒ်မ ၉၉ ပါ ကန့်သတ်ချက်များကို အထောက်အထားပြုကာ မတော်မမှန် ပြုသူကို သေစေရန်သော်လည်းကောင်း၊ အခြားဘေးအန္တရာယ်ဖြစ်ရန်သော်လည်းကောင်း၊ မည်သူမဆို မိမိအလိုအလျောက်ပြု၍ ပစ္စည်းကို ကာကွယ်ခုခံပိုင်ခွင့် ရှိကြောင်း ပြစ်မှုဆိုင်ရာ ဥပဒေ ပုဒ်မ ၁၀၃ က ဖော်ပြထားပါသည်။

(၁) လုယက်မှု၊

(၂) ညဉ့်အခါ အိမ်ဖောက်ထွင်းမှု၊

(၃) လူနေရန် ဖြစ်စေ၊ ဥစ္စာပစ္စည်း ထားသိုရန်ဖြစ်စေ အသုံးပြုသည့် တိုက်အိမ်စသည့် အဆောက်အအုံ၊ တဲ၊ ရေယာဉ် တစ်ခုခုတွင် ကျူးလွန်သည့်မီးဖြင့် အကျိုးဖျက်ဆီးမှု၊

(၄) မကာကွယ် မခုခံပဲနေပါက သေဘေးကို သို့တည်းမဟုတ် အပြင်းအထန် နာကျင်ခြင်း ခံရမည်ကို စိုးရိမ်ရန် အကြောင်းရှိကြောင်း ကျူးလွန်သည့် ခိုးမှု၊ သို့တည်းမဟုတ် အကျိုးဖျက်ဆီးမှု သို့တည်းမဟုတ် အိမ်ကျော်နင်းမှုတို့ ဖြစ်ပါသည်။

ဤနေရာတွင်လည်း ပုဒ်မ ၉၉ ပါ ဖော်ပြသည့် ကန့်သတ်ချက်များကို အထောက်အထားပြုကာ ထိုမတော်မမှန် ပြုလုပ်သူကို သေစေခြင်းမှတစ်ပါး အခြား ဘေးအန္တရာယ်ဖြစ်စေရန် မည်သူမဆို မိမိ အလိုအလျောက်ပြု၍ ပစ္စည်းကို ကာကွယ်ခုခံပိုင်ခွင့် ရှိကြောင်း ပုဒ်မ ၁၀၄ တွင် ဖော်ပြထားပါသည်။

ဒုတိယပိုင်း အနေဖြင့် ကာကွယ်ခုခံပိုင်ခွင့်နှင့် ဆက်စပ်ပြီး ကင်းလွတ်ရမြဲ အချက်များကို ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၇၆ မှ ၉၅ အထိ ပြဋ္ဌာန်းထားကြောင်း တင်ပြသွားပါမည်။ တရားဥပဒေနှင့် ယဉ်ပါးမှု နည်းနေသေးသော တိုင်းရင်းသားများအတွက် မည်သည့် ပြုမူမှုများသည် အပြစ်ဒဏ် မခံရကြောင်းကို အကျဉ်းမျှသာ တင်ပြခြင်း ဖြစ်ပါသည်။ မြင်သာထင်သာသော အချက်များဖြင့်သာ ဤနေရာအတွက် ဖော်ပြသွားပါမည်။ ဥပမာအားဖြင့် အသက် ၇ နှစ်အောက် ကလေးတစ်ဦး၏ ပြုလုပ်မှုသည် ပြစ်မှု မမြောက်ပါ။ (၇) နှစ်ပြည့်ပြီး (၁၂) နှစ်အောက် ကလေးတစ်ဦးသည် အမြော်အမြင် အဆင်အခြင် မပြည့်စုံသေးလျှင်လည်း ပြစ်မှု မမြောက်ပါ။ အရူးတစ်ယောက်၏ ပြုလုပ်မှု၊ မိမိက အလိုမတူပဲ သူတစ်ပါးက မူးယစ်အောင် တိုက်ကျွေးသဖြင့် မသိနိုင်ဟု ပြုလုပ်မှုသည် ပြစ်မှု မမြောက်ပါ။ (အလွယ်ကူဆုံး အချက်များကိုသာ တင်ပြခြင်း ဖြစ်ပါသည်။ အကျယ်ကိုမူ ဖော်ပြထားသော ဥပဒေ ပုဒ်မများအား ဖတ်ရှုလေ့လာခြင်းဖြင့် တစ်ဦးချင်း သိရှိ နားလည်ကြမည် ဖြစ်ပါသည်။)

စာရေးသူကိုယ်တွေ့ ကြုံခဲ့ရသော မှုခင်းဖြစ်စဉ် တစ်ခုမှာ ၁၉၉၄ ခုနှစ် နှစ်ဆန်းပိုင်းက မိမိသည် လွိုင်ကော်ဒေသတွင် ငွေစက္ကူတုများ ပြည်တွင်းသို့ ဝင်ရောက်လာခြင်းကို ဟန့်တားတိုက်ဖျက်နိုင်ရန် အခြားအရာရှိတစ်ဦးနှင့် အတူ တာဝန်ပေးခြင်း ခံခဲ့ရစဉ်က နေ့တစ်နေ့ နံနက် ၁၀ နာရီခန့်တွင် မိမိနှင့်အတူ တာဝန်ထမ်းဆောင်သူ အရာရှိ သေနတ်ဖြင့် ပစ်ခြင်း ခံရပါသည်။ ထိုအရာရှိ၏ (.၃၂) ခြောက်လုံးပြူးကို အသက် ၄ နှစ်မျှသာ ရှိသေးသည့် ယောက်ျားကလေးတစ်ဦးက ကိုင်ဆောင်ပစ်ခတ်ခဲ့ရာ ကျည်ထိပ်ဖူးမှာ အဆိုပါအရာရှိ၏ ဝဲဘက်ခါး အထက်မှ ဖောက်ဝင်သွားပြီ ဝဲဘက်ရင် ဝမ်းဗိုက် အထက်ပိုင်းကို ဖောက်ထွက်သွားခဲ့ပါသည်။ ဆေးရုံတင် ကုသမှုခံယူပြီး အသက် ချမ်းသာခွင့် ရရှိခဲ့ပါသည်။ ပြုလုပ်သူကလေးကို မြို့နယ် တရားရုံးမှ ကင်းလွတ်ရမြဲ အချက်များအရ ပြစ်ဒဏ် မချမှတ်ခဲ့ပါ။

စာရေးသူ ရဲအရာရှိပေါက်စ ဘဝကလည်း နယ်မြို့တစ်မြို့တွင် ရူးသွပ်နေသည့် ယောက်ျားတစ်ဦးက သူ၏ဖခင်ကို ကိုက် (အဖျားကွေးနေသော လုံကဲ့သို့ လက်နက်) ဖြင့် ထိုးခဲ့ရာ သူ၏ဖခင် သေဆုံးသွားသည့် အမှုတစ်မှုကို ကြုံခဲ့ပါသည်။ အခင်းဖြစ်ကာလ မတိုင်မီကတည်းက ပြုလုပ်သူမှာ ရူးသွပ်ကြောင်း စိတ်ရောဂါကုဆေးရုံ၏ မှတ်တမ်းကို မြို့နယ် တရားရုံးတွင် တင်ပြနိုင်ခြင်းအပြင် အခင်းဖြစ်စဉ်အချိန်တွင် ထိုသူ၏ ကိုယ်အမူအယာ နှုတ်အမူအယာများအရ ရူးသွပ်နေကြောင်း ယုံကြည်လောက်အောင် သက်သေခံချက်များ ထင်ရှားအောင် တင်ပြနိုင်သဖြင့် ထိုသူသည် ကင်းလွတ်ရမြဲ အချက်များအရ ပြစ်ဒဏ်ကျခံရခြင်းမှ လွတ်ကင်းခဲ့ပါသည်။

နိုင်ငံသားအားလုံး တရားဥပဒေကို လေ့လာကြစေလိုပါသည်။ ဥပဒေဘောင်အတွင်း နေထိုင်ခြင်းသည် ဘေးရန်ကင်းကွာပါသည်။ ကျွန်တော်တို့အားလုံး တရားဥပဒေကို လေးစား လိုက်နာကြပါစို့။ ပြည်သူ့ဝန်ထမ်း အားလုံး အဂတိတရား ၄ ပါးကို ရှောင်ရှား၍ မှန်ကန်မှု၊ မျှတမှုများ အတွက် ကြိုးပမ်းကြပါစို့။ စည်းကမ်းကျနသော ဒီမိုကရေစီ နိုင်ငံတော်သစ်ဆီသို့ ပန်းတိုင်အရောက် စည်းလုံးညီညွတ်စွာ ချီတက်ကြပါစို့။

နေဘုန်းထက်


■

၂၇၅၁ ခုနှစ် ကရင်အမျိုးသားနှစ်သစ်ကူးပွဲတော်ကျင်းပရေးဗဟိုကော်မတီ
(မဟာရန်ကုန်)

# နှစ်သစ်ဆုမွန် ပညာရည်ချွန်



**နော်အယ်ဝါး**
၅ ဘာသာ ဂုဏ်ထူး
ဆစခ-၂၂၆၆၊ စမ်းချောင်း



**နော်လေးဝါးဆရိုးနီ**
၅ ဘာသာ ဂုဏ်ထူး
ဆဒအစ-၂၁၆၆၊ အင်းစိန်



**နန်းနိုင်ဖူးဝေ**
၅ ဘာသာ ဂုဏ်ထူး
ဆမက ၄၆၇၊ မရမ်းကုန်း



**နော်ပုလဲသွယ်ထွန်း**
၅ ဘာသာ ဂုဏ်ထူး
ဆဒအဝ-၂၁၂၊ အင်းစိန်



**နော်စုစန္ဒီကျော်**
၅ ဘာသာ ဂုဏ်ထူး
ဆဒအလ-၂၆၂၊ အင်းစိန်

## ပညာရည်ချွန်ဆု ချီးမြှင့်ရေးလုပ်ငန်းအဖွဲ့

ဤလုပ်ငန်းအဖွဲ့သည် ကရင်အမျိုးသား နှစ်သစ်ကူးပွဲတော်ကျင်းပရေး ဗဟိုကော်မတီ (မဟာရန်ကုန်) ၏ ၂၀၁၀-၁၁ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် (ရန်ကုန်တိုင်းဒေသကြီး) အတွင်း ဂုဏ်ထူးရရှိသည့် ကရင် ကျောင်းသား/သူများအား ပညာရည်ချွန်ဆု ချီးမြှင့်ပေးရန် ဆောင်ရွက်ပါသည်။

### ရည်ရွယ်ချက်

၁။ ထူးချွန်ထက်မြက် ကရင်မျိုးဆက်သစ်လူငယ်များအား ပညာရည်ချွန်ဆု ချီးမြှင့်ပေးခြင်းဖြင့် ဂုဏ်ပြုမှတ်တမ်းတင်ရန်။

၂။ ကရင်လူမှုဘဝ တိုးတက်ဖွံ့ဖြိုးရေးကို ပြန်လည် အလုပ်အကျွေးပြုမည့် ကရင့်သားကောင်းရတနာများ ပေါ်ထွန်းစေရန်။



**နော်မော်ယယ်လ်**
၆ ဘာသာ ဂုဏ်ထူး
ဆ၀ခ-၁ဂ၁၊ စမ်းချောင်း

## ဆုချီးမြှင့်ခြင်း

၂၀၁၀-၁၁ ပညာသင်နှစ်တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်း တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးများဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့ကြသော ကရင်ကျောင်းသား/သူ (၁၂၅) ဦးတို့ကို ဆုချီးမြှင့်နိုင်ခဲ့သည်။

ဂုဏ်ထူးအလိုက် ဆုချီးမြှင့်သည့် အခြေအနေမှာ အောက်ပါအတိုင်း ဖြစ်သည်။

| | | | |
|---|---|---|---|
| ၆ ဘာသာ | - | ၁ | ဦး |
| ၅ ဘာသာ | - | ၈ | ဦး |
| ၄ ဘာသာ | - | ၂၅ | ဦး |
| ၃ ဘာသာ | - | ၂၀ | ဦး |
| ၂ ဘာသာ | - | ၂၀ | ဦး |
| ၁ ဘာသာ | - | ၄၉ | ဦး |
| | | ၁၂၅ | ဦး |

## လုပ်ငန်းဆောင်ရွက်ချက်

တက္ကသိုလ်ဝင်တန်း စာမေးပွဲအောင်စာရင်း ထုတ်ပြန် ပြီး ၂၀၁၁ ခုနှစ် ဇူလိုင်လ ဒုတိယပတ်မှစ၍ ဆုချီးမြှင့်ရေးလုပ်ငန်း စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်။

ဤအဖွဲ့အနေဖြင့်

၁။ ဆုချီးမြှင့်နိုင်ရေးအတွက် အလှူရှင်များအား ဖိတ်ခေါ်အပ်ပါသည်။
၂။ မြန်မာတစ်နိုင်ငံလုံး၌ Top Ten စာရင်းဝင် ကရင်ကျောင်းသား/သူများနှင့် မသန်စွမ်း မျက်မမြင် တက္ကသိုလ်ဝင်တန်းအောင် ကရင် ကျောင်းသား/သူများကိုလည်း ဂုဏ်ပြုဆု ချီးမြှင့်ရန် ဆန္ဒရှိပါသည်။

ပညာရည်ချွန်ဆု ချီးမြှင့်နိုင်ရေးအတွက် လှူဒါန်းခဲ့ကြသော အလှူရှင်များ၊ ဆုရကျောင်းသား တစ်ဦးလျှင် ကြာအင်းဆိပ်ကြီးမြို့နယ် စာယဉ်ကော်မတီ (၂၇၅၀ နှင့် ၂၇၅၁) နှစ်သစ်အမြုတေ စာအုပ် (၂) အုပ်စီ လှူဒါန်းသော စောယောင့်သာအဲဆန် အားလည်းကောင်း၊ ဝိုင်းဝန်းကူညီလှူဒါန်းပံ့ပိုးပေးကြသော ကရင်မိဘပြည်သူများ၊ ဆပ်ကော်မတီဝင်များအားလည်းကောင်း အထူးကျေးဇူးတင်ရှိပါကြောင်း ပညာရည်ချွန်ဆု ချီးမြှင့်ရေးလုပ်ငန်းအဖွဲ့မှ ဂုဏ်ပြုမှတ်တမ်းတင် အစီရင်ခံအပ်ပါသည်။

လေးစားစွာဖြင့်

နမ့်ခင်ရွှေဝါ
အဖွဲ့ခေါင်းဆောင်
ပညာရည်ချွန်ဆုချီးမြှင့်ရေး လုပ်ငန်းအဖွဲ့

ရက်စွဲ။ ။၂၀၁၂ ခုနှစ်၊ အောက်တိုဘာ လ၊ (၁၄) ရက်




နီးနီးဝေးဝေး

စာရေးမေး

ဖထီးကြေးမုံဖြေကြားသည်။

# ကာရင့်ကြေးမုံစာတိုက်

မေး။ ။ဖထီးမန်းကြေးမုံရှင့်

ရသရောင်ပြန်ကြေးမုံမှန်ကို နံရံမှာ ချိတ်ဆွဲထားမလား။ စာကြည့်စားပွဲပေါ်တင်ထားမလား။ အပျိုဆောင်မှာ ထောင်ထားမလား။ ကြာရင် ဖုံတက်၊ ပင့်ကူအိမ်စွဲ အအေး အပူလွန်ကဲ၊ အက်ကွဲမှာစိုးလို့ မေးမိတာ ခွင့်လွှတ်ပါနော်။

ဖိုးမူနော်ငယ်ငယ် နှင့် နော်ရွှယ်ရွှယ်
ဘောလယ်ကျွန်း

ဖြေ။ ။ခွင့်လွှတ်နားလည်၊ ကျေးဇူးတင်ပါတယ် ငယ်ငယ်နဲ့ ရွှယ်ရွှယ်၊ ရသရောင်စုံကရင့်ကြေးမုံဟာ ကရင်မိဘပြည်သူတို့ရဲ့ ရင်ခွင်မှာ ခိုလှုံမေတ္တာခြံ့လို့ လုံလျက်ပါ။
- ကရင်ပြည်သူတို့ရဲ့ ရုပ်ပုံအဆင်းကို ဖြည့်တင်းဖို့ နှစ်စဉ်နှစ်ဆက် လင်းလက်လျက် ရှိတာမို့·····

မေး။ ။အဘိုးမန်းကြေးမုံတို့ နှစ်သစ်ဗဟို အနေနဲ့ နှစ်သစ်လက်ဆောင်ဒိုင်ယာရီ နေ့စဉ်မှတ်တမ်းစာအုပ် ထုတ်ဝေဖို့ အစီ အစဉ်ရှိလား အဘိုး။ သူငယ်ချင်းတွေက ဖိုးမူကို ဒိုင်ယာရီ ရေးဖို့ တိုက်တွန်းကြတယ်၊ ဒိုင်ယာရီရေးတာနဲ့ ပတ်သက်ပြီး အမှတ်တရ တခုလောက်ပြောပြပေးဖို့ တောင်းပန်ပါတယ်။

နန့်ဖုံလုံနု
တွံတေး

ဖြေ။ ။

ဒိုင်ယာရီ

ကာရစ်ဘီယံ ကမ်းရိုးတန်းသွား၊ အပျော်စီးသင်္ဘောပေါ်၌ အီတလီမိန်းကလေးတစ်ဦး၏ ဒိုင်ယာရီထဲ၌ ဤသို့တွေ့ရသည်။
တနင်္လာ။ ။ သင်္ဘောကပ္ပတိန်၏ စားပွဲတွင် ညစာစားရန် ဖိတ်ကြားခံရ။

အင်္ဂါ။ ။ ကပ္ပတိန်က တစ်နေကုန် သဘော်အနံ့ လိုက်ပြ။
ဗုဒ္ဓဟူး။ ။ ကပ္ပတိန်က ဗွတ်အတင်း ချစ်ခွင့်တွေတောင်း။
ကြာသပတေး။ ။ သူ့အချစ်ကို လက်မခံလျှင် သဘော်ကို နှစ်မြှုပ်ပစ်မတဲ့။
သောကြာ။ ။ လူငါးရာရဲ့ အသက်တွေကို ကယ်တင်လိုက်ရပြီ။

မေး။ ။ ဖထီးမန်းကြေးမုံခင်ဗျား။ ကျွန်တော်က မြစ်ဝကျွန်းပေါ်ကပါ ပြီးတော့ တိုင်းရင်းဆေးကို နှစ်သက်ပါတယ်။ နွယ်မြက်သစ်ပင်ဆေးဘက်ဝင်ဆိုတဲ့အတိုင်း ကျွန်တော်တို့ ရွာရေမှာ ရေစီးနဲ့ အမြဲမျောနေတဲ့ ဗေဒါပွင့်လေးတွေဟာ ဆေးဖက် ဝင်/မဝင် ကို သိပါရစေ။

စောဒီဒီဖိုး
ကြံခင်း

ဖြေ။ ။ ဖိုးခွားရဲ့ အမေးကိုကြားရတော့ ဖထီးအနေနဲ့ "ဆီးချိုသွေးချိုကာကွယ်ရေး လူငယ်များကိုပညာပေး Diabetes; Protect Our Future" ဆိုတဲ့ ဆောင်ပုဒ်လေးကို တွေးသတိရမိပါတယ်။

"ဆီးချိုသွေးချို ရောဂါအတွက် အစွမ်းထက်အပင်တစ်မျိုးမှာ မြစ်၊ ချောင်း၊ အင်း၊ အိုင်နှင့် ရွံ့ ညွန်များပေါ်တွင် ပေါက်ရောက်ရှင်သန်လေ့ရှိသည့် ဗေဒါပင်ဖြစ်သည်။ ဗေဒါပင်အား ရုက္ခဗေဒအားဖြင့် Eichharnia crassipes solims ဟု ခေါ်သည်။

ဗေဒါပွင့်များအား ပြုတ်၍ သော်လည်းကောင်း၊ အခြောက်ခံ၍ သော်လည်းကောင်း ဆီးချိုသွေးချိုရောဂါအား ထိန်းချုပ်နိုင်ပါသည်။

တိုင်းရင်းဆေးပညာဦးစီးဌာန သုတေသနခွဲမှ ဗေဒါပွင့်၏ ဆီးချိုသွေးချိုအပေါ် အာနိသင် သက်ရောက်မှုအား သုတေသနပြုရာတွင် ဗေဒါပွင့်ပြုတ်ရည် 20 ml/kg သည် ဂလူးကို့စ် 2g/kg တိုက်ထားသောယုန်၏ သွေးထဲရှိ သကြားပမာဏကို ကျဆင်းစေနိုင်ကြောင်း တွေ့ရှိရသည်။ ဗေဒါပွင့်ပြုတ်ရည် ၂၀ မီလီကိုသာမန်ကျန်းမာသူအား တိုက်ကျွေးခြင်းဖြင့် စမ်းသပ်ရာ တိုက်ကျွေးပြီး ၁ နာရီခွဲအကြာတွင် ဆီးချိုသွေးချိုကျ အာနိသင်ကို စတင်တွေ့ရှိရပြီး ၂ နာရီခွဲ ကြာသည့်တိုင် ဆက်လက်တွေ့ရှိရကြောင်း စမ်းသပ်ခံသူ၏ ကိုယ်တွင်းအင်္ဂါများ တစ်စုံတစ်ရာ ထိခိုက်ပျက်စီးမှုများ မတွေ့ရကြောင်းသိရသည်။ ဗေဒါပင်တွင် ပါဝင်သော ဒြပ်ပေါင်းများမှာ Triterpinoid, alkaloid နှင့် လတ်ဆတ်သော အရွက်များတွင် Caroteme ပါဝင်ပြီး Eichharnin နှင့် Steriod တို့ ပါဝင်ကြောင်း သိရသည်" လို့ ဖြေကြားလိုက်ပါရစေ။

မေး။ ။ ဖထီးခင်ဗျား မြန်မာနိုင်ငံမှာ ပထမဆုံးကျင်းပတဲ့ မြန်မာလူငယ်များ တွေ့ဆုံဆွေးနွေးပွဲ (MYF Myanmar Youth Forum) ကို မော်ဘီမြို့နယ်၊ ဓမ္မဒူတ ဘုန်းတော်ကြီးကျောင်းမှာ ၂၀၁၂-ဒီဇင်ဘာ ၁၀ရက်နေ့ထိ ကျင်းပခဲ့ပါတယ်။ ဒီဆွေးနွေးပွဲက တိုင်းရင်းသားတို့၏ တန်ဖိုးစံနှုန်း ဓလေ့ထုံးတမ်း ပါဝင်မှုကို ချဉ်းကပ်ထားသော ငြိမ်းချမ်းရေး မူဝါဒ (Peace Policy) များပြဋ္ဌာန်းပေးရန်၊ စစ်မှန်သော ဖက်ဒရယ်စနစ် (Federalism) ကို ဖော်ဆောင်ပေးရန် အပါ အဝင် (၈၅) ချက်ကို အစီရင်ခံ ထောင်းဆိုခဲ့ပါတယ်။ ဒါကြောင့် ဖက်ဒရယ်ရဲ့ အခြေခံအနက် အဓိပ္ပာယ်နဲ့ အခြေခံအားဖြင့် သိသင့်သိထိုက်တာကို ပြောပြပေးပါ လားဖထီး

ကိုရင် ရှင်တေဇော
ကန္တာရဝတီ

ဖြေ။ ။ - Federal [ Fed'er-al ] adj. ဖက်ဒရယ်ဆိုတာ နိုင်ငံခြားရေး ကာကွယ်ရေးမှလွဲပြီး သီးခြားလွတ်လပ်သည့်၊ ပြည်နယ်စနစ်နှင့်ဆိုင်သောလို့ အဓိပ္ပာယ် ရပါတယ်။
Federalism-n ဖက်ဒရယ်လစ်ဇင် ကတော့
(၁) ကိုယ်ပိုင်လွတ်လပ်ခွင့်ရှိသော ပြည်နယ်များပေါင်း၍ ပြည်ထောင်စုဖွဲ့သောစနစ် ဖြစ်ပါတယ်။
(၂) ထို စနစ်အရ လွတ်လပ်ခွင့်ရှိသော ပြည်နယ်များပေါင်းစပ်ဖွဲ့စည်းထားသည့် ပြည်ထောင်စုကို ခေါ်ဝေါ်ခြင်းဖြစ်ပါတယ်။

ပြည်ထောင်စုနိုင်ငံတော် လို့ခေါ်တဲ့ ဖက်ဒရယ်စတိတ် Federal State ရဲ့ ရည်ရွယ်ချက်ကတော့

နိုင်ငံအတွင်း လူမျိုးများ စုပေါင်းနေထိုင်ခြင်းကြောင့် ၎င်းတို့၏ မွေးရာပါ အခွင့်အရေးများနှင့် ရသင့်ထိုက်သောအခွင့်အရေးများကို ဖော်ဆောင်ခွင့်ပေးရန်အတွက်

ဖြစ်စေ အဖွဲ့ဝင်များ၏ အကျိုးစီးပွားကို အမှန်တကယ် ဖော်ဆောင်ပေးနိုင်မည့်၊ စနစ်တကျ အာဏာခွဲဝေ အုပ်ချုပ်သော အဖွဲ့ဝင်များဖြင့် စုပေါင်းထားသည့် နိုင်ငံတော် တည်ဆောက်ရန်အတွက် ဖြစ်စေ၊ နှစ်မျိုးလုံး ရည်ရွယ်ချက်ဖြင့် ဖြစ်စေ ပြည်ထောင်စုနိုင်ငံကို ဖွဲ့စည်းကြလို့ ရည်ညွှန်းပါတယ်။

ဒါနဲ့ပတ်သက်လို့ ၁ ·၇ · ၂၀၁၂ သံတော်ဆင့် ဂျာနယ်မှာပါတဲ့ သတင်းတစ်ပုဒ်ကို မှတ်မိနေပါတယ်။ အဲဒီသတင်းက

"သမိုင်းတစ်လျှောက်လုံး နားလည်မှု လွဲခဲ့သော ဖက်ဒရယ်ကိစ္စများကို မိမိတို့အဖွဲ့အစည်း အသီးသီး နားလည်လက်ခံသော အဓိပ္ပာယ်ဖွင့်ဆိုမှု ရရှိအောင် ကြိုးပမ်းကြမယ်လို့ ယုံကြည် ကြောင်း ၁ ·၁၁ · ၂၀၁၂ ပြည်မြန်မာဂျာနယ်မှာ ဖက်ဒရယ်ဆိုသည်မှာ ခွဲထွက်ရေးမဟုတ်ဘဲ အာဏာမျှဝေသုံးစွဲခြင်း သာဖြစ်ပြီး ထိုစနစ်ကို သုံးစွဲသွားမည်ဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းက ၂၁·၁၀· ၂၀၁၂ မှာ ပြောကြားတာကို ဖတ်ရပါတယ်။

"ငြိမ်းချမ်းရေးအတွက် ယုံကြည်မှုတည်ဆောက်ခြင်း"

ဆွေးနွေးပွဲမှ ဒုတိယဗိုလ်ချုပ်ကြီး ဆလိုင်းတင်က "တိုင်းရင်းသားများအရေး မဖြေရှင်းဘဲနဲ့တော့ ဒီမိုကရေစီရေး၊ တန်းတူအခွင့်အရေး၊ ညီမျှရေးဆိုတာ မဖြစ်နိုင်ပါဘူး ဒါကြောင့် ကျွန်တော်တို့ တိုင်းရင်းသားတွေရဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်နဲ့ တန်းတူညီမျှရေးကို အခြေခံတဲ့ ဖက်ဒရယ်ပြည်ထောင်စုကို လိုလားပါတယ်"

ဒါကြောင့် ကရင် လူငယ်များအပါအဝင် တိုင်းရင်းသား မျိုးဆက်သစ်များအနေနဲ့ ဖက်ဒရယ်ရဲ့ အဓိပ္ပာယ်၊ ရည်ရွယ်ချက်၊ ရပိုင်ခွင့် ပြဌာန်းခွင့်တွေကို ငြိမ်းချမ်းရေးနဲ့ ဆက်စပ်ပြီး လေ့လာဖို့ အကြံပြုလိုပါတယ်။

မေး။ ။မြို့ကဘွဲ့ရပြီးပြန်လာတဲ့ သူငယ်ချင်းတွေက တစ်ည မှာ စကားဝိုင်းဖွဲ့ရင်း

တစ်ဦးက - ကမ္ဘာဟာ တသီတခြား ကျွန်းနိုင်ငံတွေ ကုန်းမြေနိုင်ငံတွေကနေ ဂလိုဘယ်လိုက်ဇေးရှင်း လို့ခေါ်တဲ့ ကမ္ဘာ့ရွာကြီးဖြစ်လာပြီ ကမ္ဘာကြီး ပြားသွားပြီလို့ ဆိုတယ်။

နောက်တစ်ဦးက - ကမ္ဘာကြီးလုံးနေတုံးပဲလို့ ပြောပြန်တယ်။ ' မုန့်လုံးကို စက္ကူကပ်' သလို ကျွန်တော်လည်း စဉ်းစားရ ကြပ်နေလို့ ဦးနှောက်အရည်ပျော်လုမတတ်ပါဘဲ။ ဖထီးလည်း ဝိုင်းစဉ်းစားပေးပါအုံး ကမ္ဘာကြီးဟာ မုန့်လေပွေလို ပြားချပ် ချပ်လား ကမ္ဘာကြီးဟာ မုန့်လုံးရေပေါ်လို လုံးလုံးပဲလားဆိုတာ ဖြေကြားပေးပါလား ဖထီး။

စောကြွယ်လင်း(အလုံ)

ဖြေ။ ။နယူးယော့တိုင်း ဂျာနယ်လစ် သောမတ်-အယ်-ဖရီးမင်း Tnomas L. Friedman ရေးသားတဲ့ Brife History of Twenty-first Centurey နှစ်ဆယ်တစ်ရာစု သမိုင်းအကျဉ်းကို စာရေးဆရာ ကျော်ဝင်းက ကမ္ဘာပြားပြီး " The World is Flat" လို့ ဘာသာပြန်ထားပါတယ်။

ထိုစာအုပ်ကို နယူးစ်(ခ်) မဂ္ဂဇင်းဟင်တိုင်ဆောင်းပါးရှင် ရောဘတ်ဂျေဆယ်မှုရယ် Robert.Samulson က The World is still round ကမ္ဘာလုံးနေတုံးပဲလို့ တုန့်ပြန်ရေးထားတယ်။

ဖိုးတိုခွားရေ

တုံးအောက်ကဖား၊ ပြားတဲ့ဖားကပြား ဖောင်းတဲ့ဖားကဖောင်းလို့ ကြားရတာနဲ့အမျှ ယနေ့မျက်မှောက်မှာ ဒေသန္တရ စစ်ပွဲတွေ နယ်မြေအငြင်းပွားမှုတွေ စစ်ပြေးဒုက္ခသည်တွေက တဖုံ။

အေအိုင်ဒီအက်စ်ရောဂါ၊ ကူးစက်ရောဂါ၊ အစာရေစာ ပြတ်လပ်မှု၊ မီးတောင်ပေါက်ကွဲ၊ မြေငလျင်လှုပ်၊ မြေပြို၊ မုန်တိုင်း၊ ရေလှိုင်း၊ ရေကြီးမှုဒဏ်တွေကို ခါးစီးခံနေကြရတာက ကမ္ဘာ့ပြည်သူ တွေပါ။

ဒါကြောင့်ကမ္ဘာကြီးဟာ- ပြားသလို ဖောင်းသလိုနဲ့ လုံးလယ်လိုက်နေတဲ့ အနေအထားမှာရှိကြောင်း ဖြေကြားလိုက်ပါရစေ။

မေး။ ။ဖယ်ရီမန်းကြေးပုံရှင့် ရှေးရှေးက သမီးတို့တောင်သူ လယ်သမားတွေဟာ သင်တင့်တဲ့ ကုန်ဈေးနှုန်းနဲ့ ဆီကိုရေချိုး သောက်ပြီးလို့ စပါးတောင်လိုပုံတယ် ကြားရလို့ သိပ်ရင်ခုန်ရတယ်။ ဒါပေမယ့် ဒီနေ့မလောက်မငနဲ့ ထယ်စားရတဲ့ ဈေးနှုန်းထယားက ရင်တုန်စရာ မြင်တဲ့အတိုင်းပါ ရှေးကနဲ့ ဘယ်လိုခြားနားတယ်ဆိုတာ လေ့လာပါရစေဗျာ။

## Voice - Monday, Decenber 17-23,2012

စားသောက်ကုန်ဈေးနှုန်း - ၂၀၁၂ ခု၊ ဒီဇင်ဘာလ

| စဉ် | အမည် | ၆-၁၂-၂၀၁၂ | ၁၃-၁၂-၂၀၁၂ | +/- |
|---|---|---|---|---|
| ၁။ | ပဲဆီ | ၄၅၀၀ | ၄၅၀၀ | |
| ၂။ | စားအုန်းဆီ | ၁၃၂၀ | ၁၂၉၀ | - |
| ၃။ | အာလူး | ၄၅၀-၆၃၀ | ၄၇၀-၆၅၀ | - |
| ၄။ | ရှမ်းကြက်သွန်ဖြူ | ၅၀၀-၆၀၀ | ၅၀၀-၆၀၀ | |
| ၅။ | ကြူကုတ်ကြက်သွန်ဖြူ | ၁၇၅၀ | ၁၇၅၀ | |
| ၆။ | ကြက်သွန်နီ (ဆိတ်ဖြူ) | ၁၁၅၀-၁၅၅၀ | ၈၅၀-၁၂၅၀ | - |
| ၇။ | ဝါးခယ်မငရုတ်ရှည် | ၂၄၅၀ | ၂၃၀၀ | - |
| ၈။ | သကြား | ၁၁၀၀ | ၁၀၅၀ | - |
| ၉။ | ညောင်ဦး (ဆေးထန်း) | ၈၇၀ | ၈၄၀ | - |
| ၁၀။ | မန်ကျည်း (အသား) | ၉၀၀ | ၈၅၀ | - |
| ၁၁။ | ＊ ဇီယာဆန် | ၁၃၀၀၀ | ၁၂၅၀၀ | - |
| ၁၂။ | ＊ တောင်ပျံဆန် | ၂၃၀၀၀ | ၂၃၀၀၀ | |
| ၁၃။ | ＊ ပေါ်ဆန်းဆန် | ၂၂၅၀၀ | ၂၄၀၀၀ | + |
| ၁၄။ | ＊ ရွှေဘိုပေါ်ဆန်း | ၃၄၀၀၀ | ၃၅၀၀၀ | + |

နော်သုတေသီ
သပိုင်းအဓိက၊ တာတတ္တသိုလ်

မြေ။ ။ နယ်ခွဲအင်္ဂလိပ်လက်အောက် မကျရောက်ခင် မြန်မာသက္ကရာဇ် ၁၈၈၄ခရစ်နှစ် ၁၈၈၄ ကုန်ဈေးနှုန်းကို ဖော်ပြ လိုက်ပါတယ်

CHAPTER VII,15, page 179.

Letter from the Maunlemyo Wun, dated the 1st waning Tazaungmaon, 1246 (19th October, 1884), presented by Myogan Nga Po Tu.

By virtue of His Majesty's power and glory, there is peace and prosperity throughout my jurisdiction. The price of paddy is Rs. 110 per hundred baskets, rice Rs. 250 per hundred baskets, Pgt`ya beans Rs. 130 per hundred baskets, oi 70 per hundred viss, cutch Rs.30 per hundred viss, crude cotton Rs.10 hundred viss, prepared cotton Rs,50 per Hundred viss, wheat Rs. 160 per hundred baskets, pegyi beans Rs, 150 per hundred baskets, sessamun Rs, 280 per hundred baskets, gram Rs, 130 per hundred baskets, jaggery Rs,17 per hungerd viss, pounded ngapi (fish-paste) Rs.13 per hundred viss, salt Rs, 6 per hundred viss, and dried murrel or snakehead (fish) Rs, 60 per hundred viss. A list of irrigation works within my jurisdiction is being prepared and will be submitted when ready.

ဒီတုန်းက နိုင်ငံခြားက ဆူဇကာ ကုမ္ပဏီတွေက လည်း သတ္တုတွေ အရမ်းမတူးသေး၊ ဓာတ်ငွေ့ပိုက်လိုင်းတွေ အတင်းမသွယ်သေး ငွေကြေးရှင်တွေကလည်း အထူးစက်မှု ဇုံဆိုပြီး မြေနေရာတွေကိုလည်း အရမ်းမသိမ်းသေး လက်ဝါး ကြီးမအုပ်သေးလို့ ရှေးအခါက တိုင်းရင်းသား လယ်သမား တွေအနေနဲ့ ထိုက်တန်တဲ့ လျော်ကြေး၊ နစ်နာကြေးရဖို့ သဘာဝဝန်းကျင် မပျက်စီးစေဖို့ ထွက်ပြီး ဆန္ဒမပြ၊ ကိုယ့် လယ်ကိုယ်သာ စိတ်အေးလက်အေး ထွန်ယက်စိုက်ပျိုးရလို့ သီးနှံကုန်ဈေးနှုန်းက မျှတခဲ့တယ်လို့ ဆိုလေမလား။ ဒါနဲ့ ပတ်သက် ပြီး ၁၂၄၆ မလွန်(၄)၊ မြို့ဝန် လျှောက်လွှာက လေ့လာစရာ သက်သေသာဓကပါ။

သတ္တမခန်း ၂၅ မှတ်။ မျက်နှာနံပါတ် ၁၇၉။

သက္ကရာဇ် ၁၂၄၆ခု။ တန်းဆောင်မုန်းလပြည့်ကျော် ၁ ရက် နေ့။ မလွန် ၄ မြို့ခ

ဘိုးတူတင်။ မလွန်

၄ မြို့ဝန်လျှောက်လွှာ။

ဘုရားရှင်ဘုန်းတော်မြတ်ကြောင့်။ သာယာငြိမ်ဝပ်။ မိုယ်းလေပြောင့်မှန်။ လယ်ယာသီးနှံဖြစ်ထွန်း၍။ ဆင်းရဲသား ကျွန်တော်မျိုးတို့ ကိုယ်စိတ် ၂ ပါး ချမ်းသာသဖြင့် အားရ ဝမ်းသာ သွားလာရောင်းဝယ် စားသောက်ကြပါကြောင်း၊ စား သောက်ကြသည့် ကုန်စည်ဈေးနှုန်းများမှာ စပါးတင်း ၁၀၀ လျှင် ၁၁၀၊ ဆန်တင်း ၁၀၀ လျှင် ၂၅၀၊ ပဲကျားတင်း ၁၀၀ လျှင် ၁၃၀၊ ဆီ ၁၀၀ လျှင် ၇၀၊ ရှား ၁၀၀ လျှင် ၃၀၊ ဝါ ၁၀၀ လျှင် ၁၀၊ ဂွမ်း ၁၀၀ လျှင် ၅၀၊ ဂျုံ ၁၀၀ လျှင် ၁၆၀၊ ပဲကြီး ၁၀၀ လျှင် ၁၅၀၊ နှံးတင်း ၁၀၀ လျှင် ၂၈၀၊ ကုလားပဲတင်း ၁၀၀ လျှင် ၁၃၀၊ ထန်းလျက် ၁၀၀ လျှင် ၁၇၊ ငါးပိထောင်းသား ၁၀၀ လျှင် ၁၃၊ ဆား ၁၀၀ လျှင် ၆၊ ငါးရန့်ခြောက် ၁၀၀ လျှင် ၆၀၊ အဘိုးဈေးနှုန်းများနှင့် ကူးသန်းရောင်းဝယ် စားသောက်ကြပါကြောင်း။ ကန်ချောင်း ဆည်မြောင်းအကြောင်းမှာ။ မြို့ ရွာနယ်ရှင်တို့ကို။ ရှိ/မရှိ စာရင်း တောင်းယူ၍။ အသေအချာ စာရင်းတောင်းယူ ရေးသားတင်ပို့ လျှောက်ထားပါမည့်အကြောင်း ရှိခိုးအစီရင်တော် ခံပါသည် ဘုရား။

မေး။ ။ဆရာဖထီးမန်းကြေးမုံ

ဖထီးတို့ နှစ်သစ်/ဗဟိုရဲ့ အခြေခံမူ (၅) ချက်မှာ ပထမဆုံး နံပါတ် (၁) မှာ ကရင်အမျိုးသားအားလုံး စီးလုံးညီညွတ်ရေးနှင့် တိုင်းရင်းသားလူမျိုးစုံ စည်းလုံးညီညွတ်ရေးကို ရှေးရှုကျင်းပရန်လို့ ဆိုထားပါတယ်။ ညီညွတ်ရေးကို ဘာကြောင့် အလေးထားနေရတာလဲ။

စောစုးစမ်းအောင်

(သံတောင်)

ဖြေ။ ။ တစ်ဦးနဲ့တစ်ဦး၊ တစ်စုနဲ့တစ်စု တနွယ်နဲ့တနွယ် ကောက်သစ်စားပွဲမှာ အေးအတူပူအမျှ တွေ့မြင်ဖို့ ပေါင်းဆုံလို့ စုဝေး၊ စုဝေးလို့ သွေးစည်း၊ သွေးစည်းလို့ ညီညွတ်၊ ညီညွတ်လို့ ရှင်သန်ပြီး ကရင့်အလံတော် လွှင့်ထူ နိုင်ခြင်းပါ။ အမြော်အမြင်ကြီးမားတဲ့ ကရင်အမျိုးသား ခေါင်းဆောင်ကြီးများကိုယ်တိုင် အနာဂတ်ကိုရည်မျှော်ပြီး

United ourselves, we could help to make, Burma in nation.

"ကျွန်ုပ်တို့သည် ကရင်တစ်မျိုးသားလုံး၏ စည်းလုံးညီညွတ်မှုကို တည်ဆောက်ရင်းညီညွတ်သော မြန်မာနိုင်ငံ အဖြစ်သလို့ ပါဝင်ဆောင်ရွက်ကြမည်လို့" နှစ်သစ်ကူးနေ့ အသံလွှင့်မိန့်ခွန်းနဲ့ ညီညွတ်ရေးကို အလေးထား ရည်ညွှန်းခဲ့ကြောင်း သာဓကထား ဖြေကြားလိုက်ပါတယ်။

သမဂ္ဂါဒုံ - ညီညွတ်သောသူတို့၏

တပေါ - အကျင့်သည်

သုခေါ - ချမ်းသာ၏။

မေး။ ။နှစ်သစ်ကူးမှာ ဘိုးဘွားမိဘတွေနဲ့အတူ သားမြေးမြစ်များ သိုက်သိုက်ဝန်းဝန်း ချစ်သူစုံတွဲတွေ ပျော်ပျော်ရွှင်ရွှင် လာရောက်ဆင်နွှဲကြတာကိုတွေ့ရတော့ ဝေ့ဝဲနေတဲ့ အတွေးတွေဟာ ဆောင်းလေနဲ့အတူ ချမ်းမြေ့သလိုပါပဲ။ တူနှစ်ဖြာ ဂဃောဆက် ထိမ်းမြားလက်ထပ်လို့ ချိုချို ခြံခြံ နေချင်ပေမယ့် 'တူနှစ်ကိုယ်တဲအိုပျက် ကျူးကျော်ရပ်ကွက်' ဆိုပြီး လာပြီးဖျက်ရင် ဘယ်ကိုပြေးရပ့ါမလဲ။ တစ်ဦးတည်း နေရတာ၊ အလုပ်သွားရတာ ညရေးညတာ မလုံခြုံလို့ နှစ်သစ်ကူးအမီ အိမ်ထောင်ပြုရရင် ကောင်းမလား အိမ်ထောင်ပြုရင် ဘယ်လိုများ ထူးခြားလာနိုင်ပါမှလဲ သိပါရစေရှင်။ သိလိုတဲ့ အတွက် မေးမြန်းရခြင်း ဖြစ်ပါတယ်။

လေးစားစွာဖြင့်

နန့်တွယ်တာသဲ

လှိုင်သာယာ

ဖြေ။ ။ မကြာမီကမှ သံယောဇဉ် ကြင်နာသမှုနဲ့ အိမ်ထောင်ပြုသွားတဲ့ ဖထီး သူငယ်ချင်း မန်းကျော်စိုးမိုးခေါ် စောဘုန်းမောင်ရဲ့ သမုဒယရနံ့မွှေးတဲ့ မင်္ဂလာဖိတ်စာလေးကို ဖတ်ရှုရင်း ဆောင်းနှင်း"ချမ်းချမ်း-ဖွေးဖွေး" နဲ့အတူ အဖြေပေးလိုက်ပါတယ်။

အိမ်ထောင်ကျမှ ဘဝလှမယ်

ဂျာမဏီနိုင်ငံ (ULM) တက္ကသိုလ်က သုတေသနတွေ့ရှိချက်တစ်ခုက ဒီလိုဆိုပါတယ်။ "ယောကျ်ားနဲ့ မိန်းမဟာ ဦးနှောက် အသုံးပြုပုံမှာ မတူကြဘူး" တဲ့။ ယောကျ်ားက ဦးနှောက်ရဲ့ ဘယ်ဘက်ခြမ်းမှာရှိတဲ့ (HIPPOTHAMPUS) ဆိုတဲ့အပိုင်းကို အသုံးပြုများတယ်။ ဒါကြောင့် ဂဲဩမေတြီလို ပညာမျိုးကိုသုံးပြီး လမ်းထွင်သွားတတ်တယ်လို့ ဆိုပါတယ်။ မိန်းမကတော့ ဦးနှောက်ရဲ့ညာဘက်ရှေ့ခြမ်းက (CORTEX) ပိုင်းကို အသုံးများတယ်။ဒါကြောင့် မှတ်သားဉာဏ်ကောင်းတယ်၊ အစွဲအလမ်း ကြီးတတ်ကြတယ်။

ဒီတွေ့ရှိချက်အရ ယောကျ်ားနဲ့မိန်းမ နှစ်ယောက်ပေါင်းလိုက်ရင် အရည်အချင်းနှစ်မျိုးလုံး စုံသွားစရာရှိမယ်။ ဒါဆိုရင် ဘဝပြဿနာတွေကို ဖြေရှင်းရာမှာ ပိုအားကောင်းလာနိုင်စရာ ရှိပါတယ်။ လူပျိုကြီး မီးသွေးခဲ၊ အပျိုကြီး မြေဖြူခဲတွေလို တစ်ကြောင်းစွဲ တယူသန်မျိုး မဖြစ်စေဖို့ အကောင်းဆုံးနည်းက "အိမ်ထောင်ပြုပါ"

နလုံးသား ဝင်ကမ္ဘာလမ်းဆုံမှ

နှင်းဆီခိုင် - ဖထီးမန်းကြေးမုံ

ကရင့်ကြေးမုံစာတိုက်



# အထူးမေတ္တာရပ်ခံချက်

ကရင်အမျိုးသားနှစ်သစ်ကူးပွဲတော်ကျင်းပရေးဗဟိုကော်မတီ (မဟာရန်ကုန်) မှ ကြီးမှူးသော ကရင်အမျိုးသား နှစ်သစ်ကူးပွဲတော် ယဉ်ကျေးမှုပြခန်းနှင့် သတင်းနှင့်ပြန်ကြားရေးပြခန်း၌ ကရင့်ရိုးရာဓလေ့ကို ဖော်ညွှန်းသည့်...

(က) ဝတ်စုံ၊ အသုံးအဆောင်၊ တူရိယာနှင့် အမှတ်တရပစ္စည်းများ

(ခ) ကရင့်ရေးရာ စာအုပ်စာတမ်းများနှင့်

(ဂ) သမိုင်းဝင်ဓာတ်ပုံမှတ်တမ်းများကို နှစ်စဉ် ကြိုးပမ်းစုဆောင်း တင်ဆက်ပြသထားပါသည်။

၂။ ထိုသို့ တင်ဆက်ပြသမှုကို ကရင်မိဘပြည်သူများမှလည်း စိတ်ဝင်စားစွာ အားပေးကြည့်ရှုသည့်အပြင် ယဉ်ကျေးမှု ပစ္စည်းများနှင့် မှတ်တမ်းဓာတ်ပုံများကို လိုက်လှဲစွာ လှူဒါန်းကူညီလျက်ရှိပါသည်။

သို့ပါ၍...

၃။ ယခုထက် ပိုမိုပြည့်စုံစွာ စုဆောင်းပြသနိုင်ရန်... ကရင်မိဘပြည်သူများအနေနှင့် အထက်ဖော်ပြပါ ကရင်ယဉ်ကျေးမှုပစ္စည်းများနှင့် သမိုင်းဝင်မှတ်တမ်းဓာတ်ပုံများကို နှစ်သစ်ဗဟိုသို့...

(က) လှူဒါန်းခြင်း

(ခ) ခေတ္တငှားရမ်းခြင်း

(ဂ) သင့်လျော်သောနှုန်းထားဖြင့် ရောင်းချခြင်း

(ဃ) မိတ္တူကူးယူခွင့်ပြုခြင်းတို့ဖြင့် ပံ့ပိုးကူညီပါရန် အထူးမေတ္တာရပ်ခံအပ်ပါသည်။

## ဆက်သွယ်ရန်လိပ်စာ


**စောလုထွန်း**

**အထွေထွေအတွင်းရေးမှူး (နှစ်သစ်/ဗဟို)**

အမှတ် (၂၀)၊ ဝိဇ္ဇာလမ်း၊ လမ်းသွယ် (၁)၊ အမှတ် (၅) ရပ်ကွက်၊ (၉) မိုင်

မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း - ၀၁ - ၆၆၃၅၁၂၊ ၀၉ ၇၃၀ ၇၉၃၅၆

# အလေးပြု



တို့စိတ်အရောင်
အကြောင်အကျား မဟုတ်။

ရိုးသားဖြူစင်ခြင်း
ရဲရင့်တည်ကြည်ခြင်း
သစ္စာလွှမ်းတဲ့ ငြိမ်းချမ်းခြင်းနဲ့ သုံးရောင်ခြယ် . . .။

တို့စိတ်အရောင်
အမှောင်ပယ်ခွင်း၊ အလင်းထွန်းယက်
တက်နေခြည်ကို ချစ်မြတ်တယ်။

ပြီးတော့
မင်္ဂလာဖားစည်နဲ့
အားညီမှုကို မြတ်နိုးတယ်။

တို့အလံကို
သက်နှံ့စွာ အလေးပြုခြင်းသည် . . .
တို့စိတ်သန္တာန်ကို
မြဲမြံစွာ အလေးပြုခြင်း မည်ပါ၏။ ။

စစံပြော

